တပ်မတော်သမိုင်း

ဆဋ္ဌမတဲ့

၁၉၇၄ - ၁၉၈၈

စစ်သမိုင်းပြတိုက်နှင့်တပ်မတော်မော်ကွန်းတိုက်မှုးရုံး

တပ်မတော်သမိုင်း

ဆဋ္ဌမတွဲ

၁၉၃၄-၁၉၈၈

မာတိကာ

နိဒါန်း — စာမျက်နှာ

အခန်း (၁)

သောင်းကျန်းသူအဖွဲ့အစည်းများအခြေအနေ ၁

- ဗမာပြည်ကွန်မြူနစ်ပါတီ ၁
  - ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီအား ပြန်လည်ဖွဲ့စည်းခြင်း၊ ဗကပ ဗဟိုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များရွေးချယ်ခြင်း ၂
  - အရှေ့မြောက်စစ်ဒေသ တည်ဆောက်ပြီးနောက် တပ်များဖွဲ့စည်းခြင်း၊ သံလွင်အနောက်ခြမ်းနယ်မြေသို့ ထိုးဖောက်ဝင်ရောက်ခြင်း ၄
  - ဗကပတို့၏ ရေရှည်စစ်ရေးစီမံကိန်းများနှင့် အကောင်အထည်ဖော် လှုပ်ရှားမှုများ ၅
    - (က) ဗကပတပ်မဟာ (၅) ၅
    - (ခ) ဗကပတပ်မဟာ(၆၈၃)နှင့် (၆၈၅) ၅
    - (ဂ) ဗကပတပ်မဟာ (၈) နှင့် (၁၂) ၆
    - (ဃ) မင်းရန်အောင်စစ်ဆင်ရေးနှင့် ဗကပတို့စုဖွဲ့ပုံ ၆
    - (င) မင်းရန်အောင်စစ်ဆင်ရေးအခြေအနေ ၈
  - ဗကပတပ်မများဖွဲ့စည်းခြင်း ၈
  - ဗကပအလယ်ပိုင်းဗျူရိုနှင့် မြောက်ပိုင်းဗျူရိုဖွဲ့စည်းလုပ်ဆောင်မှု ၉
    - (က) ဗကပအလယ်ပိုင်းဗျူရို (ခ) အလယ်ပိုင်းဗဟိုဌာနခွဲ ၉
    - (ခ) ဗကပမြောက်ပိုင်းဗျူရို (ခ) မြောက်ပိုင်းဗဟိုဌာနခွဲ ၉
  - မြစ်ဖျားဒေသစီမံကိန်း ၁၀
  - ဗကပမြစ်ဖျားဒေသတိုင်းစီမံကိန်း အထူးတပ်ဖွဲ့တပ်ရင်း(၁၈၀) လှုပ်ရှားမှု ၁၀
  - ဗကပတပ်မများလှုပ်ရှားလာခြင်း ၁၁
    - (က) ဗကပတပ်မ (၄၈) ၁၁
    - (ခ) ဗကပတပ်မ (၆၈) ၁၁
    - (ဂ) တပ်ပေါင်းစုစစ်ဒေသဖွဲ့စည်းခြင်း ၁၁
  - မြစ်ဖျားဒေသထိုးဖောက်ရန်ပြန်လည်ကြိုးပမ်းခြင်း ၁၂

စာမျက်နှာ

- ဒေသခံသောင်းကျန်းသူများအားစည်းရုံးသိမ်းသွင်းခြင်း ၁၂
  - ကေအိုင်အေနှင့် ဆက်ဆံရေးအခြေအနေ ၁၂
    (က) ဗကပနှင့်ကေအိုင်အေ စတင်အဆက်အသွယ်ရရှိခြင်း ၁၂
    (ခ) ကေအိုင်အေမှ ခေါင်းဆောင်အချို့ခွဲကွက်ခြင်း ၁၂
    (ဂ) ဗကပမှ ကေအိုင်အေအားစည်းရုံးသိမ်းသွင်းခြင်း ၁၂
    (ဃ) ဗကပနှင့် ကေအိုင်အေစစ်ရေးအရပူးတွဲလှုပ်ရှားခြင်း ၁၃
  - ရှမ်းသောင်းကျန်းသူများနှင့်ဆက်ဆံရေးအခြေအနေ ၁၃
    (က) ဗကပနှင့် ရှမ်းသောင်းကျန်းသူများ ပူးတွဲလှုပ်ရှားခြင်း ၁၃
    (ခ) ရှမ်းသောင်းကျန်းသူခေါင်းဆောင်ပိုင်း စိတ်ဝမ်းကွဲပြားခြင်း ၁၄
  - ပအို့ဝ်သောင်းကျန်းသူများအားသိမ်းသွင်းခြင်း ၁၄
  - ကယန်းသောင်းကျန်းသူများအားသိမ်းသွင်းခြင်း ၁၅
  - ကရင်နီသောင်းကျန်းသူများအားသိမ်းသွင်းခြင်း ၁၅
- ဗကပတို့၏ မူးယစ်ဆေးဝါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ ၁၅
- ဗကပသစ်လုပ်ငန်း ၁၇
- ဗကပ စက်ချုပ်လုပ်ငန်း ၁၇
- ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းချခြင်းနှင့် အခွန်ကောက်လုပ်ငန်း ၁၇
- ဗကပတို့၏ ပါတီတွင်းအုပ်စုကွဲပြားမှုများ ၁၇
- ဗကပတို့၏ စစ်ရေးအခြေအနေ ၁၈
- ဗမာပြည်ကွန်မြူနစ်ပါတီနှင့် နိုင်ငံခြားကွန်မြူနစ်ပါတီများဆက်သွယ်မှု ၁၉
- တတိယအကြိမ်မြောက်ပါတီကွန်ဂရက်မှထွက်ပေါ် ချက်များ ၁၉

- ကရင်သောင်းကျန်းသူများ (ကေအင်ယူ) အခြေအနေ ၂၁
  - သံလွင်မြစ်အရှေ့နှင့်အနောက်ဘက်ရှိကေအင်ယူအခြေအနေ ၂၁
    (က) ကေအင်ယူအဖွဲ့(၉)ကြိမ်မြောက်ညီလာခံ ၂၁
    (ခ) ကေအင်ယူ ဗဟိုအလုပ်အမှုဆောင်ကော်မတီ ၂၆
  - ကေအင်ယူအား ဗိုလ်မြမှ အာဏာသိမ်းယူခြင်း ၂၇
  - ကေအင်ယူနှင့်အခြားသောင်းကျန်းများဆက်ဆံရေး ၂၉
    - ပြည်ပြေးအဖွဲ့နှင့်ဆက်ဆံမှု ၃၀
    - ရခိုင်သောင်းကျန်းသူများနှင့်ဆက်ဆံမှု ၃၁
    - ပအို့ဝ်သောင်းကျန်းသူများနှင့်ဆက်ဆံမှု ၃၂

စာမျက်နှာ

- မွန်ပြည်သစ်ပါတီနှင့်ဆက်ဆံမှု ၃၂
- ဗမာပြည်ကွန်မြူနစ်ပါတီနှင့်ဆက်ဆံမှု ၃၃
- ကေအင်ယူ တပ်ပေါင်းစုတည်ဆောက်ရေးအခြေအနေ ၃၃
- မူဆလင်သောင်းကျန်းသူအဖွဲ့နှင့် ဆက်ဆံမှု ၃၇
- မြန်မာဆန့်ကျင်ရေး ညီညွတ်ရေးတပ်ပေါင်းစုဖွဲ့စည်းရန်ကြိုးပမ်းမှု ၃၈

- ကေအင်ယူ၏ စီးပွါးရေးလုပ်ငန်းများ ၃၈
- ကရင်သောင်းကျန်းသူများ၏ လူပ်ရှားမှုများနှင့်တပ်မတော်မှ ထိုးစစ်ဆင် တိုက်ခိုက်ခြင်း ၃၉
  (က) ကေအင်ယူတပ်မဟာ(၁) စခန်းအားတိုက်ခိုက်ခြင်း ၃၉
  (ခ) မဲသဝေါစခန်းအား ပထမအကြိမ်တိုက်ခိုက်သိမ်းပိုက်ခြင်း ၄၀
  (ဂ) မော်ဖိုးကေစခန်းအား တိုက်ခိုက်ခြင်း ၄၀
- ကေအင်ယူသောင်းကျန်းသူအဖွဲ့ ပဲခူးရိုးမသို့ ထိုးဖောက်ဝင်ရောက်ခြင်း ၄၀
- ရန်ကုန်မြို့တွင်းသို့ အဖွဲ့ငယ်ဖြင့်ဝင်ရောက်၍ အဖျက်လုပ်ငန်းများ လုပ်ဆောင်ခြင်း ၄၀
- မြို့ငကလေး ဘိလပ်မြေစက်ရုံအား ကရင်သောင်းကျန်းသူ (ကေအင်ယူ)များ မှ ဝင်ရောက်ဖျက်ဆီးခြင်း ၄၁
- ၁၉၈၄ ခုနှစ်အတွင်း ကေအင်ယူတပ်မ(၁)ဌာနချုပ်၊ မဲသဝေါစခန်းအား မိမိတပ်မှ တိုက်ခိုက်ချေမှုန်းခြင်း ၄၁

- ကချင်သောင်းကျန်းသူ (ကေအိုင်အေ)များ အခြေအနေ ၄၃
  - ကေအိုင်အေနှင့် မဒတ ၅၀
- ရှမ်းသောင်းကျန်းသူများအခြေအနေ ၅၃
  - ကိုးကန့်၊ ဝိန်ငင်း၊ မန်မန်ဆိုင်ကာကွယ်ရေးတို့နှင့်ပူးပေါင်းခြင်း ၅၃
  - ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်ခြင်း ၅၄
  - မဒတ (National Democratic Front) (NDF) နှင့်ဆက်သွယ်ခြင်း ၅၄
  - အက်စ်အက်စ်အေအတွင်း သဘောထားကွဲပြားခြင်း ၅၄
    - ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဆက်ဆံမှုကြောင့် အက်စ်အက်စ်အေ အတွင်းသဘောကွဲလွဲခြင်း ၅၅
  - ဗကပ၏ ဝါမျိုးမှုခံရခြင်း ၅၈
  - မဒတ၊ ရှမ်းသောင်းကျန်းသူ (မိုးဟိန်း)အဖွဲ့တို့နှင့်ဆက်သွယ်ခြင်း ၆၁

စာမျက်နှာ

- အဖျက်လုပ်ငန်းများလုပ်ဆောင်ခြင်း ၆၂
- ပါလီမန်ဒီမိုကရေစီပါတီ အမည်ခံပြည်ပြေးအဖွဲ့၏ အခြေအနေ ၆၂
- ပြည်ပြေးအဖွဲ့ဖွဲ့စည်းခြင်း ၆၆
- ပြည်ပြေးအဖွဲ့အတွင်းပဋိပက္ခနှင့်ပြဿနာများ ၆၇
- ပြည်တွင်းသို့ ထိုးဖောက်ရန်ကြိုးပမ်းမှု ၆၈
- တိုင်းသစ်များဖွဲ့စည်းခြင်း ၆၉
- ပြည်ပြေးအဖွဲ့ပြိုကွဲခြင်း ၇၀

အခန်း (၂)

၁၉၇၅ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း တပ်မတော်၏စစ်ဆင်ရေးများ ၇၄
- အရှေ့မြောက်ဒေသ ဗကပလှုပ်ရှားမှု ၇၄
- ကေအိုင်အေလှုပ်ရှားမှု ၇၇
- ၁၉၇၅ ခုနှစ်အတွင်း သောင်ကျန်းသူများနှင့် တပ်မတော်၏ စစ်ဆင်ရေး ၇၉
  - မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၇၉
  - အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၈၄
  - အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၈၈
  - အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၉၁
  - ရန်ကုန်တိုင်းစစ်ဌာနချုပ် ၉၆
  - အနောက်တောင်တိုင်းစစ်ဌာနချုပ် ၉၆
  - အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၉၇
  - အနောက်မြောက်တိုင်းစစ်ဌာနချုပ် ၉၈
  - အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၁၀၀
- ၁၉၇၆ ခုနှစ်အတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး ၁၀၁
  - မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၁၀၁
  - အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၁၀၄
  - အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၁၀၅
  - အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၁၀၈
  - ရန်ကုန်တိုင်းစစ်ဌာနချုပ် ၁၁၀
  - အနောက်တောင်တိုင်းစစ်ဌာနချုပ် ၁၁၁

စာမျက်နှာ

- အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၁၁၂
- အနောက်မြောက်တိုင်းစစ်ဌာနချုပ် ၁၁၃
- အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၁၁၄
- ၁၉၇၇ ခုနှစ်အတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး ၁၁၄
- မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၁၁၄
- အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၁၁၆
- အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၁၂၁
- အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၁၂၃
- ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၁၂၅
- အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၁၂၇
- အနောက်မြောက်တိုင်းစစ်ဌာနချုပ် ၁၂၈
- ၁၉၇၈ ခုနှစ်အတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး ၁၃၀
- မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၁၃၀
- အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၁၃၂
- အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၁၃၈
- အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၁၄၀
- ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၁၄၃
- အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၁၄၆
- ၁၉၇၉ ခုနှစ်အတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး ၁၄၆
- မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၁၄၆
- အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၁၄၈
- အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၁၅၂
- အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၁၅၃
- ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၁၆၀
- အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၁၆၁

စာမျက်နှာ

- အနောက်မြောက်တိုင်းစစ်ဌာနချုပ် ၁၆၃
- ၁၉၈၀ ခုနှစ်အတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး ၁၆၅
  - မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၁၆၅
  - အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၁၆၈
  - အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၁၇၁
  - အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၁၇၄
  - ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၁၈၀
- ၁၉၈၁ ခုနှစ်အတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး ၁၈၃
  - မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၁၈၃
  - အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၁၈၅
  - အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၁၈၈
  - အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၁၉၀
  - ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၁၉၂
- ၁၉၈၂ ခုနှစ်အတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး ၁၉၆
  - မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၁၉၆
  - အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၁၉၉
  - အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၃
  - အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၀၇
  - ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၉
- ၁၉၈၃ ခုနှစ်အတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး ၂၁၃
  - မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၁၃
  - အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၂၁၄
  - အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၁၆

စာမျက်နှာ

- အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၁၉
- ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၂၁
- ၁၉၈၄ ခုနှစ်အတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး ၂၂၃
- မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၂၃
- အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၂၂၅
- အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၂၆
- အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၂၉
- ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၃၂
- ၁၉၈၅ ခုနှစ်အတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး ၂၃၄
- မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၃၄
- အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၂၃၇
- အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၃၈
- အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၄၀
- ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၄၃
- ၁၉၈၆ ခုနှစ်အတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး ၂၄၇
- မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၄၇
- အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၂၅၀
- အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၅၂
- အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၅၈
- ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၆၀

စာမျက်နှာ

- ၁၉၈၇ ခုနှစ်အတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး ၂၆၁
  - မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၆၁
  - အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၂၆၅
  - အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၆၇
  - အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၇၀
  - ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၇၂
- ၁၉၈၈ ခုနှစ် စက်တင်ဘာလ (၁၈) ရက်နေ့အထိ သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး ၂၇၃
  - မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၇၃
  - အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၂၇၄
  - အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၇၅
  - အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၂၇၇
  - ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၇၈
- လက်ဝဲလက်ယာအင်အားစုများ၏ထိုးနှက်ချက်များ ၂၈၀

အခန်း (၃)

တပ်မတော်အင်အားတိုးချဲ့ဖွဲ့စည်းခြင်း ၂၈၃

- ကာကွယ်ရေးဝန်ကြီးဌာနတိုးချဲ့ဖွဲ့စည်းခြင်း ၂၈၃
- တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်း ၂၈၉
- တပ်မတော်(ကြည်း ၊ ရေ ၊ လေ)စစ်မှုထမ်းများ၏လစာနှုန်းပြောင်းလဲခြင်း ၂၉၉
- တပ်မတော်(ကြည်း ၊ ရေ ၊ လေ) စစ်မှုထမ်းများ၏ ရာထူးအဆင့်တံဆိပ် ပြောင်းလဲတပ်ဆင်ခြင်း ၃၀၁

စာမျက်နှာ

အခန်း (၄)

တပ်မတော်(ရေ)တိုးချဲ့.ဖွဲ့.စည်းခြင်း ၃၀၂

- တပ်မတော်(ရေ) ပြင်ဆင်ဖွဲ့စည်းခြင်း ၃၀၂
- တပ်မတော်(ရေ) အလံနှင့်အဆင့်တံဆိပ်ပြောင်းလဲသတ်မှတ်ခြင်း ၃၀၆
- ကာကွယ်ရေးဦးစီးချုပ်(ရေ)များ ၃၀၆
- တပ်မတော်(ရေ)မှဆောင်ရွက်ခဲ့သောစစ်ဆင်ရေးများ ၃၀၇
- တပ်မတော်(ရေ)လေ့ကျင့်ရေး ၃၀၈
- တပ်မတော်(ရေ)စစ်ရေယာဉ်များတိုးချဲ့ခြင်း ၃၀၈
- တပ်မတော်(ရေ)မှဆောင်ရွက်ခဲ့သောအခြားလုပ်ငန်းများ ၃၀၈

အခန်း (၅)

တပ်မတော်(လေ) တိုးချဲ့.ဖွဲ့.စည်းခြင်း ၃၁၀

- လေယာဉ်များဝယ်ယူခြင်း ၃၁၀
- အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေစစ်ဆင်ရေးများ ၃၁၂
- မိုင်းယန်းဒေသတိုက်ပွဲ ၃၁၅
- အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းစစ်ဆင်ရေးများ ၃၁၆
- မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေစစ်ဆင်ရေးများ ၃၁၉
- အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေစစ်ဆင်ရေးများ ၃၂၀
- တပ်မတော်(လေ)၏တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက်များ ၃၂၂

အခန်း (၆)

နိုင်ငံတော်တွင်စီးပွားရေးအကျပ်အတည်းဖြစ်ပေါ်လာခြင်း ၃၂၄

- စတုတ္ထလေးနှစ်စီမံကိန်းနှင့်ပဉ္စမလေးနှစ်စီမံကိန်းသုံးသပ်ချက် ၃၃၀
- ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ ၃၃၇
- နိုင်ငံတော်စီးပွားရေးနှင့်တပ်မတော်၏အခန်းကဏ္ဍ ၃၃၉
- မှောင်ခိုလုပ်ငန်းနှင့်ငွေစက္ကူ ၃၃၉
- ကုန်စျေးနှုန်းနှင့်ပြည်သူ ၃၄၁
- အကျင့်ပျက်ဝန်ထမ်းများ ၃၄၂

စာမျက်နှာ

အခန်း(၇)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ပေါ်ပေါက်လာရခြင်း ၃၄၄

- ဗိုလ်မှူးချုပ်အောင်ကြီးစတင်ခဲ့သည့်သွေးထိုးလှုံ့ဆော်မှုများ ၃၄၄
- မတ်လအတွင်းဆူပူမှုနှင့်အချုပ်မော်တော်ယာဉ်တွင်းသေဆုံးမှုကိစ္စ ၃၄၆
- ကျောင်းသားသမဂ္ဂနှင့်ပတ်သက်၍ဦးအောင်ကြီး၏ထပ်မံလှုံ့ဆော်သွေးထိုးမှု ၃၄၈
- ၎င်းမြေနီကုန်းအဓိကရုဏ်း ၃၅၀
- အကြမ်းဖက်ဆူပူမှုများ၊ တောင်ကြီးနှင့်အခြားနေရာများသို့ကူးစက်ခြင်း ၃၅၁
- ပါတီအရေးပေါ်ညီလာခံ၏အကျိုးဆက် ၃၅၁
- ယိုယွင်းလာသောအခြေအနေနှင့်စစ်အုပ်ချုပ်ရေးကြေညာချက် ၃၅၃
- (၈-၈-၈၈)ရက်နေ့မြို့တော်ခန်းမအရေးအခင်း ၃၅၆
- ကျယ်ပြန့်သောအကြမ်းဖက်သတ်ဖြတ်မှုများဖြစ်ပေါ်လာခြင်း ၃၅၈
- သံဃာ့မဟာနာယကဆရာတော်ကြီးများ၏မေတ္တာရပ်ခံချက် ၃၆၁
- ရန်ကုန်မြို့၏ကြောက်မက်ဖွယ်ရာအခြေအနေ ၃၆၁
- ကာကွယ်ရေးဦးစီးချုပ်၏မေတ္တာရပ်ခံချက် ၃၆၂
- ပြည်သူ့လွှတ်တော်အရေးပေါ်အစည်းအဝေး ၃၆၄
- မြန်မာ့သမိုင်း၏အမှောင်မိုက်ဆုံးနေ့ရက်များ ၃၇၀
- တိုင်းပြည်ပြိုကွဲတော့မည့်အခြေအနေ ၃၇၄
- အမေရိကန်လေယာဉ်တင်သင်္ဘောအုပ်စုရောက်ရှိလာခြင်း ၃၇၅
- ဝန်ထမ်းများလမ်းစဉ်ပါတီဝင်အဖြစ်မှရုပ်သိမ်းစေခြင်း ၃၇၇
- ၁၇-၉-၈၈ရက်နေ့အခြေအနေ ၃၇၈
- နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ နိုင်ငံတော်အာဏာအရပ်ရပ်ကိုတာဝန်ယူခြင်း ၃၇၉
- အကြမ်းဖက်ဆူပူမှုများဆက်လက်ဖြစ်ပွားခြင်း ၃၈၃
- လမ်းမှားရောက်ကျောင်းသားများအားပြန်လည်ခေါ်ယူခြင်း ၃၈၅
- ဗကပ၊ ကေအင်န်ယူ၊ ကေအိုင်အေတို့၏အခွင့်ကောင်းယူတိုက်ခိုက်မှုများ ၃၈၆

ကိုးကားသောစာအုပ်စာတမ်းများ ၃၈၉

နိဒါန်း

၁၉၇၄ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ (၁၄)နှစ်မျှသောကာလသည် မြန်မာနိုင်ငံတွင် ဆိုရှယ်လစ် ဒီမိုကရေစီစနစ်ကို စမ်းသပ်ကျင့်သုံးခဲ့သော ကာလပင်ဖြစ်သည်။ တစ်နည်းဖြင့်ဆိုပါလျှင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံတွင် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဖော်ဆောင်ရင်း တစ်ဘက်မှလည်း တိုင်းရင်းသားလူမျိုးစုများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး လိုအင်ဆန္ဒများကို ဖြည့်ဆည်းပေးခဲ့သည့် အချိန်ကာလပင်ဖြစ်သည်။

လွတ်လပ်သောမြန်မာနိုင်ငံ၏ ဒုတိယမြောက်အခြေခံဥပဒေသည် နိုင်ငံတော်အား ပြည်သူပိုင် ပုံစံဆိုရှယ်လစ်စီးပွားရေးစနစ် နှင့် ထူထောင်ရင်း ဒေသန္တရအုပ်ချုပ်ရေး၊ တရားစီရင်ရေး နှင့် လုပ်ငန်းစစ်ဆေးရေးအာဏာအဆင့်ဆင့်ကို ဒီမိုကရေစီကျသောနည်းလမ်းဖြင့် ဖော်ဆောင်နိုင်ရန် ဦးတည်ထားခဲ့သည်။ ထိုစဉ်က နိုင်ငံတော်အတွက် အဓိကကျလှသည့် အထက်ပါစီးပွားရေး၊ အုပ်ချုပ်ရေး ကိစ္စရပ်ကြီးနှစ်ရပ်နှင့်ပတ်သက်၍ ပြည်သူလူထု၏ထောက်ခံမှုအပြည့်အဝရရှိခဲ့သည်။ ထို့ကြောင့် အမျိုးသားရေးဦးဆောင်မှုအခန်းကဏ္ဍကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကရယူလျက် နိုင်ငံတော်၏ ပင်မရည်မှန်းချက်များကို အကောင်အထည်ဖော်ခဲ့ပြီး တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုသာ ပင်မတာဝန်အဖြစ်ထမ်းဆောင်ခဲ့သည်။

၁၉၇၄ခုနှစ်တွင် ပေါ်ထွန်းခဲ့သည့် လူမှုနိုင်ငံရေးပုံစံသည် အလယ်အလတ်ကျသောပုံသဏ္ဌာန်ပင်ဖြစ်သည်။ အနှစ်သာရအားဖြင့်လည်း အစွန်းတရားများကို ဖယ်ရှားခဲ့သည်။ သို့ဖြစ်၍ လက်ဝဲအစွန်း နှင့် လက်ယာအစွန်းသမားများ၏ပူးပေါင်း ထိုးနှက်တိုက်ခိုက်မှုကို ခံခဲ့ရသည်။ မြေပေါ်မြေအောက်အဖျက်သမားများသည် နိုင်ငံရေး၊ စစ်ရေးအရ အပြင်းထန်ဆုံးထိုးနှက်တိုက်ခိုက်လာခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို စတင်အကောင်အထည်ဖော်သည်နှင့် ပေါ်ပေါက်လာခဲ့သည့် အလုပ်သမားအရေးအခင်း၊ ဦးသန့်အရေးအခင်းတို့သည် ထိုစဉ်က မြေပေါ်အကြမ်းဖက်ဆူပူလှုပ်ရှားမှုများ၏ ရလာဒ်ပင်ဖြစ်သည်။ မြေအောက်သောင်းကျန်းသူလောကတွင်လည်း လက်ဝဲ၊ လက်ယာသောင်းကျန်းသူများသည် နိုင်ငံတော်အပေါ်တွင် ထိုးနှက်တိုက်ခိုက်မှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ခဲ့ကြသည်။ အချို့သောသောင်းကျန်းသူအဖွဲ့များ ပြင်ပအကူအညီများ ရရှိခြင်းကြောင့် လက်နက်အင်အား၊ လူအင်အားများ ကျယ်ပြန့်စွာ တိုးချဲ့လာနိုင်ခဲ့သည့် အခြေအနေရှိလာခဲ့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီသောင်းကျန်းသူများသာမက အချို့သောသောင်းကျန်းသူများအနေနှင့် ၎င်းတို့လှုပ်ရှားနေသော နယ်မြေများကို တိုးချဲ့စိုးမိုးရေးနှင့် ယခင်က စွန့်လွှတ်ခဲ့ရသည့် နယ်မြေများသို့ပင် ပြန်လည်ထိုးဖောက်ဝင်ရောက်နိုင်ရေးများကိုကြိုးပမ်းဆောင်ရွက်လာခဲ့ကြသည်။ ဗကပသောင်းကျန်းသူများဆိုလျှင် မြစ်ဖျားဒေသ(ချင်းတွင်းမြစ်ဖျားဒေသ)၊ အထက်ဗမာပြည်နှင့် ပဲခူးရိုးမဒေသသို့ ပြန်လည်ထိုးဖောက် အခြေတည်နိုင်ရေးကို စီမံချက်များချမှတ် အကောင်အထည်ဖော်လာခဲ့ကြသည်။

ကေအင်န်ယူကရင်သောင်းကျန်းသူများအနေနှင့်လည်း မြစ်ဝကျွန်းပေါ်ဒေသ၊ ပဲခူးရိုးမဒေသ၊ တနင်္သာရီဒေသသို့ ထိုးဖောက်လှုပ်ရှားနိုင်ရန် ကြိုးပမ်းလာခဲ့သည်။

နိုင်ငံတော်တွင် ထိုစဉ်က စတင်အကောင်အထည်ဖော်ခဲ့သော လူမှုနိုင်ငံရေးစနစ်သည် စပ်းသပ်ကျင့်သုံးခြင်းအဆင့်သာဖြစ်သည်။ စီးပွားရေးနယ်ပယ်တွင်လည်း များစွာသောစက်ရုံ၊ အလုပ်ရုံနှင့် စီးပွားရေးလုပ်ငန်းများကို နိုင်ငံပိုင်ပြုလုပ်ထားခဲ့ပြီး နိုင်ငံတော်က ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဖြန့်ချိမှု၊ ကူးသန်းရောင်းဝယ်ရေး စီမံခန့်ခွဲမှုစသည်များကို နိုင်နိုင်နင်းနင်းကိုင်တွယ်ဆောင်ရွက်နိုင်ခြင်း မရှိသည့် အတွက် ၁၉၇၀ပြည့်လွန်နှစ်လယ်ပိုင်းမှစတင်လာသော အထွေထွေစီးပွားရေးဆုတ်ယုတ်ကျဆင်းမှုများသည် ၁၉၈၀ပြည့်လွန်နှစ်လယ်ပိုင်းသို့ရောက်ရှိချိန်တွင် ထိန်းမနိုင်သိမ်းမရအောင် ကိုးကွယ်ရာမဲ့အခြေအနေများဖြစ်ပေါ်လာခဲ့ရလေသည်။ နှစ်ရှည်လများစီးပွားရေးချွတ်ချုံကျမှုဒဏ်ကို ခံစားလာခဲ့ရသော ပြည်သူများ၏မကျေနပ်မှုများမှာလည်း ပေါက်ကွဲတော့မည့် မီးတောင်ကြီးကဲ့သို့ရှိလာခဲ့ရပေသည်။ အချုပ်အားဖြင့်နိုင်ငံရေးပိုင်းတွင်ထို(၁၄)နှစ်သောကာလအတွင်း ဘိုင်းရင်းသားလူမျိုးစုများ၏ နိုင်ငံရေးလိုအင်ဆန္ဒများကို ဖြေရှင်းနိုင်ခြင်းမရှိသည်သာမက ဆိုရှယ်လစ်ဒီမိုကရေစီအနှစ်သာရများကိုလည်း ပီပြင်စွာ အကောင်အထည်ဖော်နိုင်သော အဆင့်သို့မရောက်ရှိခဲ့၍ ဒေသန္တရအာဏာပိုင်အဖွဲ့အစည်းများကို ပြည်သူတို့၏ဆန္ဒနှင့် လျော်ညီစွာ ရွေးချယ်တင်မြှောက်နိုင်မှုမရှိခဲ့ပေ။ ထို့ကြောင့် စီးပွားရေးနယ်ပယ်တွင်သာမက နိုင်ငံရေးနယ်ပယ်ကွင်လည်း ကျယ်ပြန့်သော မကျေမနပ်ချက်များရှိခဲ့ပေသည်။ ထိုမကျေမနပ်မှုများကို သက်ဆိုင်ရာကာဝန်ရှိသူများက အသိအမှတ်မပြုခဲ့ခြင်းသည်လည်း ထိုခေတ်ကာလ၏ အကြီးမားဆုံးသော ကြမ္မာဆိုးပင်ဖြစ်ခဲ့သည်။

၁၉၇၀ပြည့်လွန်နှစ်များတွင် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူများ၏ အင်အားမှာ တရိပ်ရိပ်တိုးတက်လာခဲ့သည်။ အထူးသဖြင့် ဗကပလက်ဝသောင်းကျန်းသူများ၊ ကေအိုင်ကေကချင်သောင်းကျန်းသူများနှင့် ကေအင်န်ယူကရင်သောင်းကျန်းသူများ၏အင်အားမှာ တိုးတက်များပြားလာခဲ့ရုံမျှမက ၄င်းတို့ကိုင်ဆောင်အသုံးပြုသော စစ်လက်နက်ပစ္စည်းများမှာလည်း တပ်မတော်တွင် တပ်ဆင်ထားသော လက်နက်ပစ္စည်းများထက်ပင်ပိုမိုခေတ်မီအစွမ်းထက်လာခဲ့သည်။ ဤကဲ့သို့ဖြစ်လာရခြင်းမှာလည်း သောင်းကျန်းသူအဖွဲ့အစည်းများသည် ထိုခေတ်ကာလကအထူးများပြားကျယ်ပြန့်လာသော လူသုံးကုန်ပစ္စည်းများနယ်စပ်ဖြတ်ကျော်မှောင်ခိုကူးသန်းရောင်းသယ်မှုလုပ်ငန်းကြီးကြောင့်ပင်ဖြစ်သည်။ သောင်းကျန်းသူများသည် ဤမှောင်ခိုကူးသန်းရောင်းဝယ်ရေးလုပ်ငန်းကြောင့် အခွန်၊ အကောက်၊ ဆက်ကြေးများ အထူးတိုးတက်ရရှိခဲ့သည်။ ထိုဘဏ္ဍာငွေများနှင့် လက်နက်အသစ်အဆန်းများကို ဝယ်ယူတပ်ဆင်လာနိုင်ခဲ့သည်။ တပ်မတော်အနေနှင့်မူ ထိုခေတ်ကာလတွင် အဘက်ဘက်မှ ခြိုးခြံချွေတာခဲ့ရသည်။ အဘက်ဘက်၌ ခေတ်နောက်ကျသော အသုံးအဆောင်ပစ္စည်းများကိုသာ ထိန်းထိန်းသိမ်းသိမ်းမွမ်းမံ သုံးစွဲခဲ့ရသည်။ လက်နက်ပစ္စည်းကိရိယာယဉ်ယန္တရားများကို ချို့ချို့တဲ့တဲ့ သုံးစွဲခဲ့

ရသည်။ တင့်တင့်တယ်တယ်၊ သင့်သင့်တော်တော်ဝတ်စားဆင်ယင်နိုင်မှုမရှိပဲ နွမ်းနွမ်းပါးပါး ဆင်းဆင်းရဲရဲဝတ်စား နေထိုင်ခဲ့ရသည်။

တပ်မတော်သည် လွတ်လပ်ရေးရရှိခြိန်မှစ၍ အထွေထွေသောင်းကျန်းပုန်ကန်မှုများကို ရရာလက်နက်စွဲကိုင်တိုက်ခိုက်ခဲ့ရသည်။ တစ်ဆက်တည်းပင် မြန်မာ့မြေပေါ်သို့ကျူးကျော်စော်ကားလာခဲ့သောတရုတ်ဖြူအင်အားစုများကိုလည်း ဒုတိယကမ္ဘာစစ်လက်ကျန်လက်နက်များဖြင့် တိုက်ခိုက်ခဲ့ရသည်။ ၁၉၆၀ပြည့်နှစ် တပ်မတော်ကရှမ်းပြည်တောင်ပိုင်းနှင့် အရှေ့ပိုင်းတွင် ခြေကုပ်ယူထားကြသောတရုတ်ဖြူများကို မဲခေါင်စစ်ဆင်ရေးဆင်နွှဲ၍ ကျယ်ကျယ်ပြန့်ပြန့် ထိုးစစ်ဆင်ခဲ့သည်။ ထိုစဉ်ကတရုတ်ဖြူများသည် ခေတ်ပေါ်လက်နက်များကို ကိုင်တွယ်သုံးစွဲနေပြီဖြစ်သော်လည်း တပ်မတော်သည် ဒုတိယကမ္ဘာစစ်လက်ကျန်လက်နက်အဟောင်းအနွမ်းများဖြင့်သာ တိုက်ပွဲဝင်ခဲ့ရသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးခေါင်းဆောင်အချို့သည် တပ်မတော်ကို အပြည့်အဝယုံကြည်မှုမရှိကြ၍ အစိုးရသည် တပ်မတော်ကိုစစ်သည်အင်အား၊ လက်နက်အင်အား တိုးချဲ့တပ်ဆင်ပေးရန် အထူးပင်ဝန်လေးခဲ့သည်။ ၎င်းတို့၏ ခါးပိုက်ဆောင်အင်အားစုများဖြစ်ကြသော ယူအမ်ပီပြည်စောင့်ရဲတပ်၊ လက်နက်ကိုင်ပုလိပ်တပ်၊ ပြုစောထီးဟပ်၊ ကာကွယ်ရေးတပ်စသည်များကိုသာ အင်အားတိုးချဲ့ခြင်း၊ လက်နက်တပ်ဆင်ခြင်းပြုခဲ့ကြသည်။ သို့သော် အရေးအကြောင်းပေါ်လာပြီး တိုင်းပြည်လုံခြုံရေးကို ထိခိုက်တော့မည်ဆိုပါက တပ်မတော်ကသာလျှင် ရှေ့ဆုံးမှရပ်တည်ကာကွယ်တိုက်ပွဲဝင်ခဲ့ရသည်ချည်းဖြစ်ခဲ့သည်။ ၁၉၆၀ပြည့်လွန်နှစ်များတွင် တပ်မတော်အားပြောင်းလဲတပ်ဆင်ပေးခဲ့သည့် ကျိ(၃)အမျိုးအစားမောင်းပြန်ရိုင်ဖယ်များသည်ပင်လျှင် (၁၀)နှစ်ခန့်ကြာသောအခါ ခေတ်နောက်ကျနေပြီဖြစ်သည်။ သို့ဖြစ်၍ ၁၉၇၀ ပြည့်လွန်နှစ်များတွင် အဓိကသောင်းကျန်းသူများသည် စွမ်းရည်မြင့်ခေတ်ပေါ်လက်နက်များကို ကိုင်ဆောင်သုံးစွဲလျက်ရှိခြိန်ကွင် တပ်မတော်သည် ခေတ်နောက်ကျနေသည့်လက်နက်များကိုသာ ကိုင်တွယ်ရလျက်ရှိသည်။

၁၉၇၀ ပြည့်လွန်နှစ်များတွင် လူအင်အား၊ လက်နက်အင်အား တောင့်တင်းလာကြသည့်သောင်းကျန်းသူအဖွဲ့များသည် ပြန်လည်အတင့်ရဲလာပြီး အချက်အချာနေရာများအား စိုးမိုးနိုင်ရန် မဟာဗျူဟာမြောက်လှုပ်ရှားမှုများပင် ပြုလုပ်လာခဲ့သည်။ ဗကပများဆိုလျှင် လွတ်မြောက်သောဒေသထူထောင်တည်ဆောက်ရေးနှင့် ပြည်မထိုးဖောက်ရေးများကိုရည်မှန်းချက်ချမှတ် အကောင်အထည်ဖော်လာခဲ့သည်။ တပ်မတော်သည် ထိုစဉ်ကနည်းနည်းနှင့် ကျဲကျဲပိုင်းဟူသောအသွင်သဏ္ဌာန်ဖြင့် ရပ်တည်ခဲ့ရသည်။ အင်အားကို တစ်နိုင်ငံလုံးဖြန့်ထားရသည့်အတွက် အချို့နေရာများတွင်သောင်းကျန်းသူများကသာလွန်များပြားကြီးမားသော အင်အားများစုစည်းတိုက်ခိုက်လာခဲ့ကြကြောင်းတွေ့ရှိရမည်ဖြစ်သည်။ သို့သော်တပ်မတော်သည် သတ္တိနှင့်ဇွဲအပေါ်တွင် အရင်းပြု၍နေ့မအားညမနားပြည်သူ့အကျိုးသယ်ပိုးခဲ့ရသည်။ ဤ(၁၄)နှစ်ကာလတွင်တပ်မတော်သည်ကြီးမားသော တိုက်ပွဲကြီးများစွာကိုအောင်မြင်စွာဆင်နွှဲနိုင်ခဲ့သည်။ သောင်းကျန်းသူများကို နိုင်ငံနယ်နိမိတ်မျဉ်းကြောင်းတစ်လျှောက်တွင် ထိန်းချုပ်ထား

နိုင်ခဲ့သည်။ သောင်းကျန်းသူများအတွင်းပိုင်းသို့ မဝင်ရောက်နိုင်စေရန်လည်း ထိထိရောက်ရောက် ကာကွယ်ထားနိုင်ခဲ့သည်။ ဤခေတ်ကာလသည် တပ်မတော်၏ အစဉ်အလာကောင်းများကို စံနမူနာပြ ထိန်းသိမ်းနိုင်ခဲ့သောကာလ ဖြစ်ပေသည်။

ထိုခေတ်ကာလတွင် တပ်မတော်၏စစ်သည်အင်အားနှင့် တမ်းဆောင်နေရသော တာဝန်၏ အချိုးအစားအခြေအနေကို ထောက်ချင့်မည်ဆိုပါက မျှတမှုမရှိဘဲအထူးပင်နည်းပါးနေသည်ကိုတွေ့ရှိရ ပေမည်။ ဒေသအလိုက်စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တိုင်းစစ်ဌာနချုပ် အသီးသီး၏ တပ်အင်အားများသည်သာ နည်းပါးနေခြင်းမဟုတ်ဘဲ မဟာဗျူဟာမြောက် အရန် အင်အားစုအဖြစ် နိုင်ငံ၏နေရာအနှံ့အပြားသို့ ပြောင်းရွှေ့စစ်ဆင် တိုက်ခိုက်နိုင်သော အင်အားပမာဏ သည်ပင်လျှင် တပ်မ(၃)ခုမျှသာရှိသည့်အတွက် မြန်မာနိုင်ငံ၏ ရှည်လျားကျယ်ဝန်းလှသော နယ်နိမိတ် အတွင်း ထိရောက်စွာတာဝန်ထမ်းဆောင်နိုင်ရန် အရန်အင်အားစုနှင့် ဒေသခံတပ်ရင်းတပ်ဖွဲ့များ အမြောက်အမြားလိုအပ်လျက်ရှိလေသည်။ ထို့ကြောင့် (ကြည်းရေလေ) အင်အားများကို တိုးချဲ့ခဲ့ ရသည်။ ယင်းသို့တိုးချဲ့ရာတွင်လည်း လုံလောက်သောအခြေအနေအထိမဟုတ်ပေ။ နေရာဒေသ အလိုက် ရန်သူအားထိန်းချုပ်ထားရန် လိုအပ်သမျှသော အင်အားများအထိရရှိအောင် တိုးချဲ့နိုင်ခြင်း မဟုတ်ပေ။ လိုအပ်ချက်၏ သေးငယ်သောအစိတ်အပိုင်းမျှကိုသာ တိုးချဲ့နိုင်သည်။ ဤသို့ဖြစ်ရခြင်းမှာ လည်း ရန်ပုံငွေအသုံးစရိတ်များလောက်ငမှုမရှိခြင်းကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် ၁၉၇၀ ပြည့်လွန် နှစ်ကုန်ပိုင်းနှင့် ၁၉၈၀ ပြည့်လွန်နှစ်ဦးပိုင်းများတွင် တပ်မတော်သည် အမှတ်(၃၃)၊ (၄၄)၊ (၅၅)နှင့် (၆၆)ခြေမြန်တပ်မဌာနချုပ်များကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ၎င်းတပ်မများကိုလည်း ရှမ်းပြည်နယ်၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်များတွင် ရန်သူများအား တိုးချဲ့ထိန်းချုပ်ထားနိုင်ရန် တာဝန်ပေးခဲ့ရသည်။

တပ်မတော်ရေတပ် နှင့် တပ်မတော်လေတပ်များသည်လည်း အလွန်ပင်ချို့တဲ့ အင်အား သေးငယ်သောတပ်ဖွဲ့များအဆင့်တွင်သာရှိခဲ့သည်။ ထိုခေတ်ကာလက အိမ်နီးချင်းနိုင်ငံများ၏ ရေတပ်၊ လေတပ်အခြေအနေများနှင့် နှိုင်းယှဉ်ကြမည်ဆိုပါက အဆင့်အတန်းအားဖြင့်လည်းကောင်း၊ အရေ အတွက်အားဖြင့်လည်းကောင်း အလွန်တရာကွာခြားလှသည်ကို တွေ့ရှိရလေသည်။ "အမျိုးအစား" အားဖြင့်သာလျှင် ပိုမိုကောင်းမွန်ပြီး စိတ်ဓါတ်နှင့်စည်းကမ်းအပေါ်တွင်သာ အားပြုလျက်ထိရောက် သော အဖွဲ့အစည်းအသွင်ဖြင့် ရပ်တည်နေခဲ့ရသည်။ မြန်မာနိုင်ငံ၏ကာကွယ်ရေးနှင့် လုံခြုံရေးအခြေ အနေမှာလည်း တစ်နိုင်ငံလုံး၏နယ်နိမိတ်တစ်လျှောက်ဒေသများတွင် အချိန်အခါမရွေးစစ်ဆင်ရေးများ ပြုလုပ်နေရပြီး အလွန်ရှည်လျားသောကမ်းရိုးတန်းဒေသ၊ အလွန်ကြွယ်ဝသော နိုင်ငံပိုင်ပင်လယ်ပြင် နယ်နိမိတ်နှင့် စီးပွါးရေးဇုံနယ်အတွင်းမှ သယံဇာတများကို စောင့်ကြပ်ထိန်းသိမ်းရန် လိုအပ်လျက် ရှိသောကြောင့် ရေတပ်မတော် နှင့် လေတပ်မတော်များကို မဖြစ်မနေတိုးချဲ့တည်ဆောက်ရန်လိုအပ် လျက်ရှိသောအခါသမယပင်ဖြစ်ပေသည်။ သို့သော် ထိုခေတ်ထိုကာလ တိုင်းပြည်၏အခြေအနေမှာ စီးပွါးရေးကျဆင်းခြင်း၊ ပြင်ပမှအကူအညီများရယူနိုင်ခြင်းမရှိဘဲ ကိုယ့်စွမ်းအား အပေါ်တွင်သာ

ကိုယ်အားကိုယ်ကိုး ရပ်တည်ရခြင်းကြောင့် မိမိ၏တတ်နိုင်သမျှသော ရန်ပုံငွေများအပေါ်တွင်သာ တိုးချဲ့ထူထောင်နိုင်ခဲ့လေသည်။

ဤအခြေအနေများကို ပြည်တွင်းပြည်ပအဖျက်သမားများက ထိထိရောက်ရောက်အပြည့်အဝ အမြတ်ထုတ်ပြီး ၄င်းတို့၏ရည်မှန်းချက်များကို ဖြစ်မြောက်စေသည့် အခြေအနေများ ဖန်တီးနိုင်ရန် ကြိုးပမ်းလာခဲ့ကြသည်။ ထို့ကြောင့် ဤခေတ်ကာလတွင် ဆိုရှယ်လစ်ဒီမိုကရေစီအကောင်အထည် ဖော်ပြီး ဆိုရှယ်လစ်အရင်းအနှီးများထူထောင်နိုင်ရေး၊ နိုင်ငံတော်၏ လယ်ယာကဏ္ဍအတွက် လိုအပ်မည့် ဆည်မြောင်းတာတမံများနှင့် စက်ရုံအလုပ်ရုံများတည်ဆောက်နိုင်ရေးအတွက် တပ်မတော်သည် ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရုံမျှမက နိုင်ငံထူထောင်ရေးတွင် တစ်တပ်တစ်အား ပါဝင်နိုင်ခဲ့ပုံကိုလည်း မျက်ဝါးထင်ထင်တွေ့ရှိရပေမည်။ ပြည်တွင်းသောင်းကျန်းသူများ၏ လုပ်ရပ်များနှင့်ရည်မှန်းချက်များ၊ ပြည်တွင်းသောင်းကျန်းသူများ အမျိုးအစားအလိုက် နှစ်အလိုက်၊ ဒေသအလိုက်လှုပ်ရှားခဲ့မှုများနှင့် တပ်မတော်က ထိုအဖျက်သမားအင်အားစုများကို မည်ကဲ့သို့ရင်ဆိုင်တွန်းလှန်တိုက်ပွဲဝင်ခဲ့ရသည်ကို ဤသမိုင်းစာအုပ်တွင် ဖြစ်စဉ်ဖြစ်ရပ်များအလိုက် အကျဉ်းချုပ်အားဖြင့် ဖော်ပြထားလေသည်။ ဤသို့ဖြစ်စဉ်များကို အကျဉ်းချုပ်ဖော်ပြနိုင်ရန်လည်း များစွာသောမှတ်တမ်းအထောက်အထားများကို ပြန်လည်ရှာဖွေစိစစ်သုတေသနပြုပြီးမှသာ ဖော်ပြနိုင်ခြင်းဖြစ်ပေသည်။ ဤကာလအပိုင်းအခြားအတွင်းသောင်းကျန်းသူများ၏ နှစ်အလိုက်လှုပ်ရှားထိုးနှက်မှုများကို ဖတ်ရှုသိမြင်နိုင်ခြင်းဖြင့် ထိုခေတ်ထိုကာလတွင် တပ်မတော်သည်မည်သည့်အတိုင်းအတာအထိ အကြိမ်အရေအတွက်အားဖြင့် မည်ရွေ့မည်မျှအထိ စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်ခဲ့ရသည်ကို ထောက်ချင့်နိုင်ပေလိမ့်မည်။ နိုင်ငံတော်အတွက် မည်မျှအန္တရာယ်ကြီးမားသော ခေတ်ကာလဖြစ်ခဲ့သည်ကိုလည်း ချင့်ချိန်မှန်းဆနိုင်မည်ဖြစ်ပေသည်။

ထိုခေတ်ကာလအတွင်း နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးကဏ္ဍအလိုက်ဖြစ်ပေါ်လာခဲ့သည့် အကြောင်းတရားများကြောင့် ပေါ်ပေါက်ခဲ့ရသောအကျိုးတရားများ၏ ပေါင်းဆုံမှုသည် ၁၉၈၈ ခုနှစ်သို့ ရောက်ရှိချိန်တွင် တိုင်းပြည်ပြိုကွဲတော့မည့် အခြေအနေသို့ပင် ဆိုက်ရောက်စေခဲ့လေသည်။ မြန်မာနိုင်ငံအတွင်းမှ အမျိုးစုံလင်လှသော နိုင်ငံရေးအင်အားစုများသည် ထိုစဉ်က ပြန်လည်ခေါင်းထောင်လာကြပြီး ၄င်းတို့၏ နိုင်ငံရေးရည်မှန်းချက်များကို ပြန်လည်အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းလာခဲ့ကြသည်။ အမှန်တကယ်ပင် ထိုနိုင်ငံရေးအင်အားစုများသည် ၄င်းတို့၏ရည်မှန်းချက်များကိုမစွန့်လွှတ်နိုင်ကြသေးပါ။ ၄င်းတို့သည် ဝါဒအစွဲ၊ မာန်မာနအစွဲ၊ ဂိုဏ်းဂနအစွဲ၊ ပုဂ္ဂိုလ်အစွဲအလမ်း၊ လူမျိုးရေးအစွဲအလမ်းစသည်တို့အပေါ်တွင်သာ အခြေခံရပ်တည်ကြဆဲဖြစ်ပေသည်။ လက်ဝဲသမားများသည် ဒီမိုကရေစီဟုဟစ်ကြွေးလာကြသော်လည်း တကယ်တမ်းတွင် ၄င်းတို့၏အစွဲများကို မချွတ်နိုင်ကြပါ။ အလားတူပင် လူမျိုးရေးဝါဒီများ၊ ပဒေသရာဇ်ဝါဒီများ၊ အနောက်မျော်လက်ယာဝါဒီများ၊ ပုဂ္ဂိုလ်ရေးမာန်မာနအစွဲအပေါ်တွင် အခြေခံကြသူများသည် ၄င်းတို့၏မူလရည်မှန်းချက်များ ပြန်လည်

အကောင်အထည်ဖော်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးစားလာကြသည်။ တိုင်းပြည်၏စီးပွားရေးကျဆင်းမှုကြောင့် စည်းလုံးညီညွတ်ရေးပျက်ပြားလာသော အခြေအနေကို အခွင့်ကောင်းယူကာ သွေးထိုးလှုံ့ဆော်လာကြသည်။ မြေပေါ်မြေအောက်ဟန်ချက်ညီစွာပေါင်းစပ်လှုပ်ရှားလာကြသည်။ စစ်ရေးနည်း၊ အကြမ်းဖက်ခြိမ်းခြောက်အကြပ်ကိုင်နည်း၊ ဆူပူအုံကြွဆန္ဒပြနည်းစသည့် အဖျက်အမှောင့်နည်းလမ်းမှန်သမျှကို အသုံးပြုလျက် တည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှုကို ဆန့်ကျင်တိုက်ဖျက်လာကြသည်။ အကြမ်းဖက်နည်း၊ မင်းမဲ့လူစုလူဝေးအကြပ်ကိုင်နည်းစသည်တို့ဖြင့် အာဏာသိမ်းယူရန် ကြိုးပမ်းကြံဆောင်လာကြသည်။

၁၉၈၀ပြည့်လွန်နှစ်များတွင် ပြည်သူများ၏မကျေနပ်မှုများမှာ အထင်အရှားပင်ဖြစ်လာသည်။ အခြေခံလူတန်းစားဖြစ်သော တောင်သူလယ်သမားများသည်ပင်လျှင် မကျေမချမ်းဖြစ်နေကြသည်ကို သိသိသာသာတွေ့နိုင်သည်။ မြို့နေလူတန်းစားများသည် စီးပွားရေးအကြပ်အတည်း၊ စားဝတ်နေရေးအခက်အခဲများကြောင့်မကျေနပ်ကြပေ။ ဤအခြေအနေနှင့် အာဏာရအဖွဲ့အစည်းများက လိုအပ်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်ပေးရန်တုံ့ဆိုင်းနေခြင်းသည် နိုင်ငံရေးဆန့်ကျင်သူများအတွက် အခွင့်ကောင်းဖြစ်လာခဲ့သည်။ ၄င်းတို့သည် ဆူပူမှုများဖြစ်ပေါ်လာစေရန်နည်းမျိုးစုံနှင့် လှုံ့ဆော်ကြသလိုပြင်ဆင်မှုများလည်း ပြုလုပ်လာကြသည်။ ဗကပတို့သည် ၁၉၈၆ခုနှစ်တွင် စီစီဝမ်တာပန်တောင်ကြောကြီးကို သိမ်းပိုက်စိုးမိုးထားနိုင်ရန် ထိုးစစ်ကြိုးတစ်ရပ်ဆင်နွှဲလာခဲ့သည်။ နိုင်ငံတွင်း ဆူပူမှုများဖြစ်လာလျှင် ရှမ်းပြည်ကို သိမ်းနိုင်ရန်၊ အခြေအနေပေးလာလျှင် မန္တလေးအထိဆင်းသိမ်း၍ အထက်ဗမာပြည်ကိုသိမ်းပိုက်နိုင်ရန် ရည်ရွယ်ကြသည်။ မြေပေါ်တွင်လည်း ၁၉၈၆ ခုနှစ်မှစ၍ပြင်ဆင်သူများကပြင်ဆင်ကြသည်။ အခြေအနေပေးလျှင်အာဏာရယူနိုင်ရန် ဝိုလ်မှူးချုပ်ဟောင်းအောင်ကြီးက ၁၉၈၆ ခုနှစ်မှစ၍ သိသိသာသာလူသိရှင်ကြားပြင်ဆင်လာသည်။ ဝန်ကြီးချုပ်ဟောင်း ဦးနုကလည်း ပြည်တော်ပြန်ပြီး ပြင်ဆင်မှုများပြုလုပ်လာသည်။ ကေအင်န်ယူကရင်သောင်းကျန်းသူများပင်လျှင် အခြေအနေပေးလာလျှင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့ကို တိုက်ခိုက်သိမ်းပိုက်ခွဲထုတ်ပြီး ကေအင်န်ယူအာဏာနည်ဦးစောဘဦးကြီး ရည်မှန်းထားခဲ့သော လွတ်လပ်သည့်ကရင်နိုင်ငံထူထောင်နိုင်ရန် ရည်ရွယ်မျှော်မှန်းစိုင်းပြင်းလာကြသည်။ အခြေအနေသည် မြန်မာပြည်ကြီးပြိုကွဲရေးနှင့်မင်းမဲ့ဝါဒစိုးမိုးရေးသို့ ဦးတည်လာခြင်းပင်ဖြစ်သည်။

၁၉၈၈ခုနှစ် အရေးအခင်းသည် အကြောင်းတရားများဆုံဆည်းလာခြင်း၏ အကျိုးဆက်ပင်ဖြစ်သည်။ လောင်စာလည်းရှိ၊ ရွှံ့မြိုက်သူလည်းရှိ၍ လောင်ကျွမ်းခဲ့သည့်မီးကြီးပင်ဖြစ်သည်။ အာဏာရအဖွဲ့အစည်းများကိုလည်း အပြစ်ဖို့ရန် ခက်ပေသည်။ အမှန်အားဖြင့် အာဏာရအဖွဲ့အစည်းက ဖေါက်ပြန်ခြင်းကြောင့်လည်းဖြစ်ပေါ်ခဲ့ခြင်းမဟုတ်၊ အခွင့်အခါပေါ်လာချိန်တွင် အာဏာလုယူလိုသူများနှင့် နိုင်ငံရေးရည်မှန်းချက်ရှိသော နိုင်ငံရေးအင်အားစုအဖွဲ့အစည်းများ အကြမ်းဖက်အာဏာလုယူရန် ကြိုးပမ်းချက်ကြောင့် ဖြစ်ပေါ်ခဲ့ရပေသည်။ ဤသမိုင်းမှတ်တမ်းစာအုပ်တွင် မြန်မာ့သမိုင်း၏အမှောင်

ဆုံးသောနေ့ရက်များအကြောင်းကို ဖက်ရှင်နိုင်ပါလိမ့်မည်။ ဤနေ့ရက်များအတွင်း ဖြစ်ပွားခဲ့သော သမိုင်းဝင်ဖြစ်ရပ်များတွင် တပ်မတော်ပါဝင်ခဲ့သောအခန်းကဏ္ဍကိုလည်း ရှင်းရှင်းလင်းလင်းတွေ့ ရမည် ဖြစ်ပါသည်။ တပ်မတော်သည် အမျိုးသားနိုင်ငံရေးအစဉ်အလာရှိခဲ့သည့် အဖွဲ့အစည်းဖြစ် သည်။ ထို့ကြောင့်သာ တိုင်းပြည်ပျက်စီးတော့မည့်အခြေအနေကို ဟန့်တားကာကွယ်နိုင်ခဲ့ခြင်းဖြစ် သည်။ ထိုစဉ်က တပ်မတော်ကလွဲလျှင် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်ကမျှ မြန်မာနိုင်ငံအား ကယ်ဆယ်နိုင်သည့်အခြေအနေမရှိသည်ကို မည်သူကမှ မငြင်းဆန်နိုင်ပါ။

ဤတစ်ကြိမ်ပါဆိုလျှင် တပ်မတော်က တိုင်းပြည်ကို မလွှဲမရှောင်သာ တာဝန်ယူထိန်းသိမ်း စောင့်ရှောက်ခဲ့ရသည်မှာ(၄)ကြိမ်ပင်ရှိခဲ့ပြီ။ ၁၉၄၈ ခုနှစ်လွတ်လပ်ရေးရရှိခြင်းက နိုင်ငံရေးအင်အားစု များထင်ရှားစိုင်း အာဏာလုခဲ့ကြသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် သဘောတရားအပေါ်တွင် အခြေခံသော ခွဲထွက်ရေးဝါဒီများ ဆူပူသောင်းကျန်းအကြပ်ကိုင်လာခဲ့ကြသည်။ ထိုစဉ်ကလည်း တပ်မတော်က တိုင်းပြည်ကို ချောက်ထဲကျလုဆဲ လက်တစ်လုံးအလိုမှ ကယ်တင်ခဲ့ရသည်။

၁၉၅၈ခုနှစ်၊ လွတ်လပ်ရေးရပြီးနောက် (၁၀)နှစ်အကြာကာလ အာဏာရပါတီအတွင်း အာဏာလုပွဲကြောင့် နိုင်ငံတော်အတွင်း သွေးချောင်းစီးတော့မည့် အခြေအနေပေါ်ပေါက်ခဲ့ရသည်။ တပ်မတော်သည် ဒုတိယအကြိမ်ဦးဆောင်မှုအခန်းကဏ္ဍကို ရယူခဲ့ရသည်။

ဗမာမျိုးအချင်းချင်း စည်းလုံးမှုပြိုကွဲခြင်းသည် ခွဲထွက်ရေးဝါဒီများကို အခွင့်ကောင်းရစေ့ စေသည်။ ၁၉၆၂ခုနှစ်တွင် တိုင်းရင်းသားလူမျိုးပေါင်းစုံက ဖယ်ဒရယ်မူကို ဝိုင်းဝန်းအကြပ်ကိုင်တောင်း ဆိုကြသည်။ ဤသို့ဖြင့် တိုင်းပြည်ပြိုကွဲတော့မည့် အခြေအနေဆိုက်ရောက်လာပြန်သည်။ တစ်နည်း အားဖြင့်ဆိုသော် မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရန်မဖြစ်တော့သည့်အခြေအနေ ပင်ဖြစ်သည်။ တစ်ဘက်တွင်လည်း နိုင်ငံတော်၏စီးပွားရေးဘဝတစ်ခုလုံးမှာ နိုင်ငံခြားသားများ လက်တွင်းသို့ကျရောက်လျက်ရှိသည်။ သို့ဖြစ်၍ မြန်မာ့နိုင်ငံရေး၊ စီးပွားရေး၊ စည်းလုံးရေးနှင့် လူမှုရေး ပြဿနာများကို ဖြေရှင်းရန်အကောင်းဆုံးသောနည်းလမ်းမှာ ဆိုရှယ်လစ်စီးပွားရေးစနစ်အပေါ်တွင် အခြေခံသောဆိုရှယ်လစ်ဒီမိုကရေစီနိုင်ငံရေးပုံစံပင်ဖြစ်သည်။ သို့ဖြစ်၍ ၁၉၆၂ခုနှစ်တွင် တပ်မတော်က တိုင်းပြည်ကိုထိန်းသိမ်းပြီးနောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ခေတ်ပြောင်းတော်လှန်ရေးကို ဆက်လက်ဆင်နွှဲခဲ့သည်။ သို့သော် ဆိုရှယ်လစ်စီးပွားရေးစနစ်အခြေမတည်နိုင်မီ၌ပင် ဆိုရှယ်လစ် ဒီမိုကရေစီလူမှုနိုင်ငံရေးစနစ်မှာ ဇီဝိန်ချုပ်ခဲ့ရသည်။

၁၉၈၈ခုနှစ် ဆိုရှယ်လစ်စနစ်ပြိုလဲချိန်တွင် ဗမာလူမျိုးများအကြားနိုင်ငံရေးအတွေးအခေါ်ပိုင်း ကွဲပြားခြားနားမှုများရှိနေဆဲဖြစ်သည်။ တိုင်းရင်းသားများအကြား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် လိုအင်ဆန္ဒများ လည်း ခိုင်ခိုင်မာမာစွဲကပ်နေဆဲဖြစ်သည်။ ဤသို့ဖြင့် တပ်မတော်သည် သမိုင်းပေးတာဝန်အရ ခေတ်ပြောင်းတော်လှန်ရေးတစ်ရပ်ကို ထပ်မံဆင်နွှဲရန်ရှိလာခဲ့ပြန်သည်။ ဈေးကွက်စီးပွားရေးစနစ် အပေါ်တွင် အခြေခံသောလူမှုနိုင်ငံရေးစနစ်၊ တစ်နည်းအားဖြင့် စည်းကမ်းရှိသော ပါတီစုံဒီမိုကရေစီ

စနစ်ကိုရှင်သန်စေနိုင်သည့် နိုင်ငံတော်ဖွဲ့စည်းပုံစံအသစ်တစ်ခုကို ဖော်ဆောင်ရန်ပင်ဖြစ်သည်။ ဤလူမှုနိုင်ငံရေးပုံစံသစ် အောင်မြင်ရန်မှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ စည်းလုံးညီညွတ်မှုနှင့် အေးချမ်းသာယာခေတ်မီတိုးတက်သောနိုင်ငံထူထောင်နိုင်မှုအပေါ်တွင် မူတည်နေသည်။ ဤသည်မှာ ကြီးမားခက်ခဲလှသည့် တာဝန်ကြီးပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေ တပ်မတော်သည် သမိုင်း၏ တောင်းဆိုချက်အရ ဤတာဝန်ကို မလွဲသာမရှောင်သာ ထမ်းရွက်ရပြီဖြစ်ပေသည်။

ဗိုလ်မှူးကြီးရဲထွဋ်
စစ်သမိုင်းပြတိုက်နှင့်တပ်မတော်မော်ကွန်းတိုက်မှူး
ကာကွယ်ရေးဝန်ကြီးဌာန

ရက်စွဲ၊ ၁၉၉၈ခုနှစ်၊ မေလ ၂၇ ရက်။

အခန်း(၁)

သောင်းကျန်းသူအဖွဲ့အစည်းများအခြေအနေ

ဗမာပြည်ကွန်မြူနစ်ပါတီ

ဗကပအရှေ့မြောက်စစ်ဒေသကို ၁၉၆၇ခုနှစ်တွင် ပန်ဆန်း၌ ဖွဲ့စည်းပြီး မြန်မာနိုင်ငံအရှေ့မြောက်ဒေသများတွင် ဗကပတို့အရှိန်အဟုန်မြင့် လှုပ်ရှားရန်စတင်ကြိုးပမ်းခဲ့ပါသည်။ အရှေ့မြောက်စစ်ဒေသတွင် ဗကပဒုတိယဥက္ကဋ္ဌဗသိန်းတင်မှနိုင်ငံရေးခေါင်းဆောင်အဖြစ်ဆောင်ရွက်ပြီး အမှတ်(၁) ကချင်ဃေနတ်ကိုင်တပ်ရင်းမှတောခိုသွားသောနော်ဆိုင်းက စစ်ရေးခေါင်းဆောင်အဖြစ်ဆောင်ရွက်ခဲ့သည်။ ထို့နောက်ဗကပတပ်ရင်းကြီး (၃၀၃)ကို အင်အား ၄၀၀ ဖြင့် ဖွဲ့စည်းခဲ့သည်။ ၁၉၆၈ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် မုံးကိုးစခန်းကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ မုံးကိုးမှစပြီးဖေါင်းဆိုင်၊ ပန်ဆုတိုင်၊ ဖေါ်ကျူး၊ ကြူကုတ်(ပန်ဆိုင်း)၊ ကောင်းလုံ၊ လုံထန်နှင့်နမ့်ပေါ်တံတားတို့ကို တိုက်ခိုက်ပြီး ရွှေလီချိုင့်ဂူမ်းတွင် မိုးမိတ်ဒေသကို စိုးမိုးကာ ရှမ်းပြည်နယ်ဗဟိုခွဲနှင့် ဗကပမြစ်ဖျားဒေသတိုင်းနယ်မြေဆက်စပ်ရေးကိုအပြင်းအထန်ကြိုးစားခဲ့သည်။ ၁၉၆၇ ခုနှစ်နောက်ပိုင်းတွင် ဗကပများသည်တစ်ဖက်နိုင်ငံ၏ လက်နက်ခဲယမ်းနှင့် စိတ်ဓါတ်ရေးရာကူညီမှုများရရှိခဲ့ရာမှ အင်အားကြီးထွားလာခဲ့သည်။ ၁၉၇၁ခုနှစ်တွင် အရှေ့မြောက်စစ်ဒေသဗကပများသည် ကိုးကန့်နှင့် "ဝ" နယ်များကိုအခြေခံ၍ အရှေ့မြောက်ဒေသမှ ကိုးကန့်၊ "ဝ"၊ ကချင်အစရှိသော နယ်ခံတိုင်းရင်းသားများအား မြေမ်းခြောက်ခြင်း၊ မြှုဆွယ်ခြင်း စသည့်နည်းမျိုးစုံနှင့် ဆွဲဆောင်သိမ်းသွင်း၍ အရှိန်မြှင့်တိုးချဲ့လှုပ်ရှားခဲ့သည်။ အရှေ့မြောက်စစ်ဒေသဗကပများသည် ရွှေလီချိုင့်ဂူမ်းကိုစိမ့်ဝင်ထိုးဖောက်ပြီး ရှမ်းပြည်နယ်ဗဟိုဌာနခွဲမှတစ်ဆင့် ပဲခူးရိုးမ ဗဟိုဌာနချုပ်နှင့် ဆက်စပ်မိရေးကိုဦးတည်လုပ်ဆောင်ခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပါ။ ၁၉၇၃ခုနှစ်တွင် ဗကပများသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းယန်း၊ မိုင်းလား၊ မိုင်းလွေဒေသသို့ထိုးဖောက်ဝင်ရောက်ခဲ့သည်။ တပ်ပတော်သည် အောင်စိုးမိုးစစ်ဆင်ရေးဖြင့် ပဲခူးရိုးမတွင် အောင်ပြင်မှုရရှိခဲ့ရာ ၁၉၇၅ခုနှစ်၊ မတ်လ(၁၅)ရက်နေ့တွင် တပ်မတော်စစ်ကြောင်းမှသခင်ဇင်နှင့် သခင်ချစ်တို့ကို အသေဖမ်းဆီးရမိခဲ့ပြီးဗကပများကို ပဲခူးရိုးမမှနိုဂုံးချုပ်စေခဲ့သည်။ ဗကပများပဲခူးရိုးမတွင် ပြိုကွဲစပြုနေသည့် ၁၉၇၄ ခုနှစ်တွင် အရှေ့ မြောက်စစ်ဒေသဌာနချုပ်ကို မိုင်းဖေမှ ပန်ဆန်းသို့ရွှေ့ပြောင်းခဲ့သည်။ ၁၉၇၅ခုနှစ်တွင် မုံးကိုး၌ အရှေ့မြောက်စစ်ဒေသဗဟိုခွဲကို ဖွင့်လှစ်ခဲ့သည်။[၁]

ဗကပများသည် ၁၉၇၁ ခုနှစ်တွင် သံလွင်မြစ်အရှေ့ခြမ်းစိုးမိုးရေးနှင့် လွတ်မြောက်ဒေသဖန်တီးရေးအတွက် ကွမ်းလုံမြို့ရက်ပေါင်း(၄၀)တိုက်ပွဲကိုလည်းကောင်း၊ ၁၉၇၇ခုနှစ်တွင် ဟိုပန်နယ်ပြေ၊ ခြွင်္သေ့ပန်းကာက်တိုက်ပွဲများကိုလည်းကောင်း၊ ၁၉၇၈ခုနှစ်တွင် ဖျင်ကော်တိုက်ပွဲ၊ ဆဟား

---

[၁] အရှေ့မြောက်ဟိုင်းစစ်ဌာနချုပ်၊စစ်ဦးစီးဌာန **အရှေ့မြောက်ဟိုင်းစစ်ဌာနချုပ်သမိုင်း** ၊ မျက် ၂၅

ဦးခင်တိုက်ပွဲ၊ လွယ်ကုန်းဆာ၊ ရှိကလာ၊ တာတိလင်၊ လွယ်ပင်းရဲတိုက်ပွဲ၊ မတ်လ(၆)ရက်နေ့တွင် နောင်လိုင်တိုက်ပွဲနှင့် ပွိုင့်၆၀၄၁ တိုက်ပွဲ၊ လွယ်ပန်လုံတိုက်ပွဲ၊ ရန်အောင်ကုန်းတိုက်ပွဲများကို ဟာလွန်အင်အားများသုံး၍ တိုက်ခိုက်ခဲ့သော်လည်းအောင်မြင်မှုမရရှိဘဲ အထိနာပြီးဆုတ်ခွာထွက်ပြေးသွားခဲ့ရသည်။ ၁၉၈၆ခုနှစ်တွင် စီစီဝမ်၊ တာပန်တိုက်ပွဲများဖြင့် မူဆယ်၊ နမ့်ခမ်းကို သိမ်းပိုက်ပြီး ရွှေလီချိုင့်ဝှမ်းစိုးမိုးရေးကို ဆောင်ရွက်ရာတွင်လည်း ဗကပများသာ စစ်ရေး၊ နိုင်ငံရေးအရ မရှုမလှအရေးနိမ့်ပြီး ဆုတ်ခွာသွားခဲ့ရသည်။ စီစီဝမ်၊ တာပန်တိုက်ပွဲ၏နောက်ပိုင်းတွင် ဗကပများကို ၁၉၈၉ခု၊ မတ်လ၌ ကိုးကန့်တိုင်းရင်းသားများကလည်းကောင်း၊ ဧပြီလတွင် "ဝ" တိုင်းရင်းသားများကလည်းကောင်း တော်လှန်မောင်းထုတ်ခဲ့ရာ ဗကပဗဟိုကော်မတီဝင်များအနေဖြင့် မိမိနိုင်ငံအတွင်း အခြေချနေထိုင်နိုင်ခြင်းမရှိတော့ဘဲ တစ်ဖက်နိုင်ငံအတွင်းတွင်သာ နိုင်ငံရေးမပြုလုပ်ပါဟူသည့် ဝန်ခံချက် ဖြင့် နေထိုင်လျက်ရှိသည်။

ဗမာပြည်ကွန်မြူနစ်ပါတီဗဟိုကော်မတီအား ပြန်လည်ဖွဲ့စည်းခြင်း၊ ဗကပဗဟိုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များရွေးချယ်ခြင်း

ဗကပပေါ်လစ်ဗျူရိုအဖွဲ့ဝင်များဖြစ်သော ဥက္ကဋ္ဌ သခင်ဇင်နှင့် အတွင်းရေးမှူး သခင်ချစ်တို့နှစ်ဦးအား ၁၉၇၅ခု၊ မတ်လ(၁၅) ရက်နေ့တွင် တပ်မတော်မှ အသေရမိပြီးနောက် ၁၉၇၅ခုနှစ်၊ မေလ(၁၆)ရက်မှ (၂၉)ရက်ထိ တစ်ဖက်နိုင်ငံ၌ ဗကပဗဟိုကော်မတီအစည်းအဝေးကျင်းပခဲ့သည်။ အစည်းအဝေးမှ ဗကပဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် သခင်ဗသိန်းတင်အားရွေးချယ်ပြီး ဗဟိုကော်မတီဝင်(၁၈)ဦးနှင့် ဗဟိုကော်မတီနိုင်ငံရေးဦးဆောင်အဖွဲ့ဝင်(၈)ဦးတို့ကို ရွေးချယ်ခဲ့သည်။

(က) **ဗဟိုကော်မတီနိုင်ငံရေးဦးဆောင်အဖွဲ့ဝင်များ(ပေါ်လစ်ဗျူရို)**

(၁)	ဗသိန်းတင်	ဗဟိုဥက္ကဋ္ဌ
(၂)	ဖေတင့်	ပထမဒုဥက္ကဋ္ဌ
(၃)	ခင်မောင်ကြီး(ခ)ကူဖန်	ဒုတိယဒုဥက္ကဋ္ဌ
(၄)	ကျော်မြ(ပန်ဆန်း)	အဖွဲ့ဝင်
(၅)	အသားမဲမျိုးမြင့်	〃
(၆)	ယန်ကွမ်း(ခ)တင်ရီ	〃
(၇)	ကျင်မောင်	〃
(၈)	ရဲထွန်း	〃

(ခ) **ဗကပဗဟိုကော်မတီဝင်များ**

(၁)	ဗသိန်းတင်(ခ)ခေါ်ဆင်	ဥက္ကဋ္ဌ
(၂)	ဖေတင့်(ခ)ခေမင်	ပထမဒုဥက္ကဋ္ဌ

(၃) ခင်မောင်ကြီး(ခ)ကူဖန် ဒုတိယဒုဥက္ကဋ္ဌ
(၄) ယန်ကွမ်း(ခ)တင်ရီ အတွင်းရေးမှူး၊အရှေ့မြောက်စစ်ဒေသ
(၅) ဇော်မိုင်(ခ)ကျောက်မြင့် အတွင်းရေးမှူး၊အရှေ့မြောက်စစ်ဒေသ
(၆) တိုက်အောင်(ခ)ဝမ်ယင် အလယ်ပိုင်းဗျူရို
(၇) အသားပဲမျိုးမြင့် မြောက်ပိုင်းဗျူရို
(၈) ကျော်မြ တပ်ပေါင်းစုတာဝန်ခံ
(၉) ကျင်ဟောင် အရှေ့မြောက်စစ်ဒေသ
(၁၀) ဖေသောင်း မြောက်ပိုင်းဗျူရို
(၁၁) ဖရန်ဂန်ဒီး(ခ)ဖုံဆွေမြင့် အရှေ့မြောက်စစ်ဒေသ
(၁၂) သန်းရွှေ(ခ)ဟော်ကောင် အရှေ့မြောက်စစ်ဒေသ
(၁၃) ဘသန်း မြောက်ပိုင်းဗျူရို
(၁၄) စောဟန် တနင်္သာရီတိုင်း
(၁၅) ရဲထွန်း (ပီကင်း)အဝေးရောက်သံကိုယ်စားလှယ်
(၁၆) ရန်ဝေး(ခ)ရဲဘော်ထွန်း ဗဟိုဌာနချုပ်ရုံးအုပ်
(၁၇) ရဲဘော်သက်ထွန်း (၁၆. ၇. ၈၀ အလင်းဝင်)
(၁၈) ရဲဘော်စိုးကြည် (၁၁. ၁၀. ၇၅ ကျဆုံး)

(၈) **အရန်ဗဟိုကော်မတီဝင်များ**

(၁) ကြည်ပြိုင်(ခ)တိန်ကျိဖင့် အရှေ့မြောက်စစ်ဒေသ
(၂) စိုးသိန်း(ခ)လင်းထင် အရှေ့မြောက်စစ်ဒေသ
(၃) စိုးလွင် တနင်္သာရီ
(၄) စံသူ(ခ)လင်စံ တပ်မ(၆၈)
(၅) မြမင်း(ခ)ထွန်းမြင့် အလယ်ပိုင်းဗျူရို
(၆) မောင်မောင်စိန် အရှေ့မြောက်စစ်ဒေသ
(၇) ရဲဒင်(ခ)ရီကျင့်(ခ)ထွန်းလွင် တပ်မ(၆၈)
(၈) သိန်းအောင် အရှေ့မြောက်စစ်ဒေသ
(၉) အေးငွေ(ခ)ဝူမင် အရှေ့မြောက်စစ်ဒေသ
(၁၀) အေးလွင် တပ်မဟာ(၇၆၈)
(၁၁) ကြိုချင်(ခ)ကျော်စိန် တပ်မ(၄၈)
(၁၂) စိုင်းအောင်ဝင်း မြောက်ပိုင်းဗျူရို
(၁၃) ဟုံကြည်ဖင့်(ခ)စမ်ပြန့်

(၁၄) ဖုံကြားရှင် စစ်အကြပ်ပေးအရာရှိ
(၁၅) အုန်းကြည်(ခ)ဝမ်ဖူးမြင့် တပ်မ(၄၈)ကုန်သွယ်ရေးအရာရှိ
(၁၆) ဇော်လီ တပ်မ(၄၈)

(ဃ) ဗဟိုစစ်ကော်မရှင်(၈)ဦး

(၁) ဗသိန်းတင် ဥက္ကဋ္ဌ
(၂) ကျော်ဇော ပထမဒုဥက္ကဋ္ဌ
(၃) အသားမဲမျိုးမြင့် ဒုတိယဒုဥက္ကဋ္ဌ
(၄) တိုက်အောင် အဖွဲ့ဝင်
(၅) ကျောက်လင် ″
(၆) ဇော်မိုင်(ခ)ကျောက်မြင့် ″
(၇) ရဲဒင်(ခ)ရီကျင့်(ခ)ထွန်းလင် ″
(၈) ဖုံကြားရှင် ″

အရှေ့မြောက်စစ်ဒေသတည်ဆောက်ပြီးနောက်တပ်များဖွဲ့စည်းခြင်း၊ သံလွင်အနောက်ခြမ်းနယ်မြေသို့ ထိုးဖောက်ဝင်ရောက်ခြင်း

ဗကပတို့သည် ၁၉၆၈ခုနှစ်မှစတင်၍ နယ်စပ်ဒေသအခြေခံလှုပ်ရှားမှုများပြုလုပ်ပြီးနောက် ၁၉၆၉ခုနှစ်တွင် အခြေခံနယ်မြေနှင့် လှုပ်ရှားနယ်မြေများကို တိုးချဲ့လာခဲ့ကြသည်။ ၁၉၆၉ခုနှစ်၊ မေလတွင် ကချင်သောင်းကျန်းသူအဖွဲ့မှ ခွဲထွက်လာသော စခုန်တိန်ယိန်းနှင့် ဇေလွန်းအပါအဝင် အင်အား(၂၅၀)ခန့်အား တစ်ဖက်နိုင်ငံတွင် သင်တန်းပေးပြီး ဗကပတပ်ရင်းကြီး(၁၀၁)အဖြစ်ဖွဲ့စည်းကာ ကချင်ပြည်နယ်၊ မြစ်ကြီးနားအရှေ့ခြမ်းသို့စေလွှတ်ခဲ့သည်။ ထို့နောက်တပ်ရင်းကြီး(၂၀၂)ကိုထပ်မံဖွဲ့စည်းကာ ရွှေလီချိုင့်ဝှမ်းစိုးမိုးရေးအတွက်လည်းကောင်း၊ တပ်ရင်းကြီး(၄၀၄)ကို ကိုးကန့်ဒေသတွင်ဖွဲ့စည်းကာ ကိုးကန့်ဒေသနှင့်(၀)နယ်မြောက်ပိုင်းတွင်လည်းကောင်းထားရှိလှုပ်ရှားစေသည်။ ၁၉၇၂ခုနှစ်တွင်ဗကပတပ်များအားတပ်မဟာ(၂)၊ တပ်မဟာ(၅)၊ တပ်မဟာ(၈)၊ သီးခြားတပ်ရင်းများအဖြစ် တပ်ရင်း(၁၀၁)၊ (၂၀၂)၊ (၁၀၆)၊ (၁၀၈)နှင့် (၈၀၁)တို့ကို ဖွဲ့စည်းကာ တပ်မဟာ(၅)နှင့် တပ်မဟာ(၈)တို့ကို မိုင်းယန်း၊ မိုင်းလား၊ မိုင်းယောင်းဒေသများသို့ ၁၉၇၃ခုနှစ်ဦးပိုင်းတွင် တိုးချဲ့ဝင်ရောက်လှုပ်ရှားစေသည်။

ဗကပတို့သည် မိုင်းယန်း၊ မိုင်းလွေနယ်မြေတွင် လှုပ်ရှားနေသော အိုက်မြင့်ဦးစီးသည့် ရှမ်းပြည်နယ်လွတ်မြောက်ရေးတပ်မတော်(အက်စ်အက်စ်အိုင်အေ)ကိုစည်းရုံးသိမ်းသွင်းကာ ဗကပတပ်မဟာ(၇၆၈)အဖြစ်ဖွဲ့စည်းခဲ့သည်။ တပ်မဟာ(၈)သည် ကော်ဆိုးများ၊ ကော်ကာကွယ်ရေးအဖွဲ့များအား ထပ်မံစုစည်းကာ ဗကပ(၈၁၅)စစ်ဒေသအဖြစ်ဖွဲ့စည်းနိုင်ခဲ့သည်။ ၁၉၇၄ခုနှစ်တွင် တောခို

လွယ်မော်အင်အားစုများ၊ လွယ်လလူမျိုးများနှင့် ဖွဲ့စည်းထားသောတပ်ရင်းများကို ကွပ်ကဲရန် တပ်မဟာ(၁၂)အား ပိုင်းဖောတွင်ဖွင့်လှစ်ခဲ့သည်။

ဗကပတို့၏ရေရှည်စစ်ရေးစိမ်ကိန်းများနှင့် အကောင်အထည်ဖော်လှုပ်ရှားမှုများ

ဗကပတို့သည် ယင်းတို့၏ရေရှည်မဟာဗျူဟာ၊ နည်းဗျူဟာများအတွက် စိမ်ကိန်းများချမှတ်လုပ်ဆောင်ခဲ့ကြသည်။ ယင်းစိမ်ကိန်းများမှာ မိုးလုံးဟိန်း(၅)နှစ်စီမံကိန်း၊ ၁၉၇၅ခုနှစ် အောက်တိုဘာလတွင် ရေဆွဲခဲ့သည့် ၇၅၁၀ စီမံကိန်းနှင့်မြစ်ဖျားဒေသစီမံကိန်းတို့ဖြစ်သည်။

ဗကပတို့၏ ရေရှည်မဟာဗျူဟာစီမံကိန်းဖြစ်သော ၇၅၁၀ စီမံကိန်း၏ရည်ရွယ်ချက်မှာ သံလွင်မြစ်အနောက်ခြမ်းနယ်မြေစိုးမိုးရေး၊ ဒေသခံသောင်းကျန်းသူများအား စည်းရုံးသိမ်းသွင်းရေး၊ ပြည်ထောင်စုကာလမ်းတောင်ခြမ်းထိုးဖောက်ရေး၊ ရှမ်း၊ ကယားနယ်စပ်တွင်အခြေချ၍ ကရင်နီအားသိမ်းသွင်းရေးနှင့် သစ်ကြိတ်ဂွင်မှ တစ်ဆင့် ပဲခူးရိုးမပြန်လည်ထိုးဖောက်ရေးနှင့် အသက်သွင်းရေးတို့ဖြစ်သည်။

ဗကပတပ်မဟာ(၅)

ဗကပတပ်မဟာ(၅)သည် သံလွင်အနောက်ခြမ်းနယ်မြေခဲ့ထွင်စိုးမိုးရေးအတွက် ပထမဦးစွာ သံလွင်အနောက်ခြမ်းသို့မော်ဖဒေသမှတစ်ဆင့် ၁၉၇၅ခုနှစ်တွင် ဝင်ရောက်ခဲ့ရာ တပ်မတော်မှ တိုင်းရန်ဖြိုစစ်ဆင်ရေးဖြင့် ချေမှုန်းခဲ့သဖြင့် မိုင်းရူးအရှေ့ခြမ်းဂွင်တွင် တိုက်ပွဲကြီးများဖြစ်ပွားခဲ့သည်။ တိုက်ပွဲများတွင် ဗကပတို့အထိနာခဲ့ပြီး သံလွင်အရှေ့ခြမ်းသို့ပြန်လည်ဝင်ရောက်သွားကာ ဗကပတပ်မဟာ(၅)ကို ဖျက်သိမ်းပြီး တပ်မဟာ(၆၈၃)နှင့်(၆၈၅)တို့ကို ဖွဲ့စည်းခဲ့သည်။

ဗကပတပ်မဟာ(၆၈၃)နှင့်(၆၈၅)

ဗကပတပ်မဟာ(၆၈၃)တွင် တပ်ရင်း(၅၀၂)၊ (၄၀၄၅)နှင့် (၄၀၄၇) တို့ပါဝင်ပြီး ဗကပတပ်မဟာ(၆၈၅)တွင် တပ်ရင်း(၆၈၅၅)၊ (၀၇၂) နှင့် တပ်ရင်း(၆၈၅၈) တို့ပါဝင်သည်။ ၁၉၇၆ခုနှစ် တွင် ဗကပတပ်မဟာ(၆၈၃)သည် လက်အောက်ခံတပ်ရင်း(၃)ရင်းနှင့်အတူ သံလွင်အနောက်ခြမ်းသို့ကူးဝင်ကာ ဗကပ(၁၀၈)စစ်ဒေသအကူအညီဖြင့် နောင်လုံ၊ နောင်ဝိုး၊ မိုင်းရူး၊ မိုင်းနောင်၊ ဂဲ့ျိုးလွန်း၊ ဝမ်ဆင်းဒေသများတွင် ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှားလာခဲ့သည်။ ထိုနှစ်မှာပင် ဗကပတပ်မဟာ(၂)နှင့် တပ်မဟာ(၈)ပူးပေါင်းအင်အားစုများသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ၊ ခြူးလွှဲပန်ကောက်ဒေသကို ထိုးစစ်ဆင်နွှဲခဲ့သဖြင့် တပ်မတော်မှ ရွှမ်းရွှမ်းချွဲချွဲ ပြန်လည်တိုက်ခိုက်ခဲ့ရသည်။ သံလွင်အနောက်ခြမ်းသို့ ရောက်ရှိနေသော ဗကပတပ်မဟာ(၆၈၃)အား ၁၉၇၇ခုနှစ်တွင် တပ်မတော်မှ စစ်ဆင်ရေးများပြုလုပ်ချေမှုန်းခဲ့သဖြင့် အထိနာနေသောကြောင့် တပ်မဟာ(၆၈၃)ကို အထောက်ကူပြုနိုင်ရန် ဗကပတပ်မဟာ(၆၈၅)မှ အင်အားစုအချို့သည် ၁၉၇၇ခုနှစ်အတွင်း သံလွင်အနောက်ခြမ်း မိုင်းရူးဒေသသို့ အင်အားဖြည့်တင်းဝင်ရောက်ခဲ့ပြန်သည်။ သို့သော် တပ်မတော်၏ထိုးစစ်ကိုမခံနိုင်ဘဲ

ဗကပတပ်မဟာ(၆၈၅)သည်သံလွင်အရှေ့ခြမ်းသို့ ပြန်လည်ဝင်ကျောက်သွားကာ ဗကပတပ်မဟာ(၆၈၃) သည် လုံးဝပြိုကွဲသွားခဲ့သည်။ [၁]

ဗကပတပ်မဟာ(၈)နှင့်(၁၂)

၁၉၇၈ခုနှစ်တွင် ဗကပတပ်မဟာ(၈)နှင့် တပ်မဟာ(၁၂) တို့ပူးပေါင်း၍ သံလွင်အနောက် ခြမ်းသို့ ကူးဝင်ကာ တပ်မတော်တပ်စခန်းများဖြစ်သော နောင်လိုင်၊ ပါဖန်၊ ပွိုင့် ၆၀၄၁ စခန်းများကို တိုက်ခိုက်ခဲ့ပြီးနောက် တန့်ယန်းအားခြိမ်းခြောက်ခဲ့သည်။ တပ်မတော်မှ တန်ပြန်တိုက်ခိုက်ခဲ့သဖြင့် သံလွင်အရှေ့ခြမ်းသို့ ပြန်လည်ဝင်ရောက်သွားခဲ့သည်။

မင်းရန်အောင်စစ်ဆင်ရေးနှင့် ဗကပတို့၏စုဖွဲ့ပုံ

၁၉၇၉ခုနှစ်၊ နိုဝင်ဘာလ(၁၉)ရက်နေ့မှစ၍ တပ်မတော်မှ မင်းရန်အောင်စစ်ဆင်ရေး တစ်ရပ်ဆင်နွှဲခဲ့သည်။ ထိုစစ်ဆင်ရေးကာလအတွင်း ဗကပတပ်စုဖွဲ့မှုအခြေအနေမှာ အောက်ပါအ တိုင်းဖြစ်သည်-

(က) ဗကပအရှေ့မြောက်စစ်ဒေသဌာနချုပ် ပန်ဆန်း
(ခ) ဗကပအရှေ့မြောက်စစ်ဒေသခွဲ မုန်းကိုး
(ဂ) **တပ်မဟာ(၂)** မန်ကျန်း
(၁) တပ်ရင်း(၁၀၇)
(၂) တပ်ရင်း(၂၀၂)
(၃) တပ်ရင်း(၆၀၁)
(၄) တပ်ရင်း(၈၀၁)
(၅) တပ်ရင်း(၃၀၃၁)
(၆) တပ်ရင်း(၃၀၃၃)
(၇) တပ်ရင်း(၃၀၃၇)

(ဃ) **တပ်မဟာ(၁၂)** မန်ခွန်ကြီး
(၁) တပ်ရင်း(၁)
(၂) တပ်ရင်း(၉)
(၃) တပ်ရင်း(၂၂)
(၄) တပ်ရင်း(၀၁၆)

---

[၁] (က) **တာကွယ်ရေဦးစီးချုပ်ရုံး(တြည်း) သုတေသနဌာနစု** ဗမာပြည်ကွန်မြူနစ်ပါတီ၊အရှေ့မြောက်စစ်ဒေသ သမိုင်းအကျဉ်းနှင့်အလားအလာသုံးသပ်ချက် မျက် ၃-၄

(ခ) **ကာကွယ်ရေဦးစီးချုပ်ရုံး(တြည်း)** ဗမာပြည်ကွန်မြူနစ်ပါတီသမိုင်းအကျဉ်းချုပ် မျက် ၅၆-၅၇

(၅) တပ်ရင်း(၀၁၈)
(၆) မိုင်းမောခရိုင်တပ်
(၇) ကိုးကန့်ခရိုင်တပ်
(၈) ဝိန်းကောင်ခရိုင်တပ်

(၄) **တပ်မဟာ(၈)** မိုင်းလား

(၁) တပ်ရင်း(၅၀၁)
(၂) တပ်ရင်း(၅၀၃)
(၃) တပ်ရင်း(၇၀၁)
(၄) တပ်ရင်း(၃၀၃၅)
(၅) တပ်ရင်း(၄၀၄၈)

(၅) **တပ်မဟာ(၆၈၅)**

(၁) တပ်ရင်း(၀၄၂)
(၂) တပ်ရင်း(၀၇၂)
(၃) တပ်ရင်း(၆၈၅၅)
(၄) တပ်ရင်း(၆၈၅၈)
(၅) မော်ဖဒေသတပ်

(၆) **တပ်မဟာ(၇၆၈)** နမ့်လစ်

(၁) တပ်ရင်း(၃)
(၂) တပ်ရင်း(၆)
(၃) တပ်ရင်း(၉)

(၇) **တပ်မဟာ(၆၈၃)** ပန်ဆန်း/ပန်ပွဲ

(၁) တပ်ရင်း(၅၀၂)
(၂) တပ်ရင်း(၄၀၄၅)
(၃) တပ်ရင်း(၄၀၄၆)
(၄) တပ်ရင်း(၄၀၄၇)

(၈) **(၈၁၅)စစ်ဒေသ** ဝမ်ဆော/ဝမ်ဖိုင်

(၁) တပ်ရင်း(၁၂)
(၂) တပ်ရင်း(၁၄)
(၃) တပ်ရင်း(၁၆)
(၄) တပ်ရင်း(၁၈)

(၅) ကွန်တီပြောက်ကျားတပ်ဖွဲ့

(ည) (၁၀၈)စစ်ဒေသ နောင်လုံ/နောင်ဝိုး

(ဍ) (၁၀၁)စစ်ဒေသ ကံဘိုက်တီး

မင်းရန်အောင်စစ်ဆင်ရေးအခြေအနေ

မင်းရန်အောင်စစ်ဆင်ရေးကာလတွင် ကျိုင်းတုံနယ်မြေ မိုင်းခတ်ဒေသရှိလွယ်ယုတ်၊ ဝမ်နောင်လေးဗကပစခန်းများအား တိုက်ခိုက်သိမ်းပိုက်၍ ကျိုင်းတုံပြန့်အားခြိမ်းခြောက်ရန် ရည်ရွယ်နေသည့် ဗကပတပ်မဟာ(၈)အင်အားစုများအား အထိနာအောင်ဆောင်ရွက်နိုင်ခဲ့သည်။ ဝေါခြုံဒေသရှိ ဗကပတပ်ရင်း(၉)နှင့် ကျိုင်းတုံဒေသရှိ ဗကပကော်(စ၁၅)အင်အားစုများအား အထိနာအောင်တိုက်ခိုက်နိုင်ခဲ့သည်။ မော်ဖဒေသ၊ ပန်မကောက်၊ ရောင်ကောက်ဒေသများအား မိမိထိုးစစ်များမှ သိမ်းပိုက်ခဲ့ပြီး ပန်ဆန်းအား တိုက်ခိုက်ရင်ဆိုင်ထိန်းချုပ်ထားနိုင်ခဲ့သဖြင့် ရန်သူများအကြပ်အတည်းတွေ့ကာ ပန်ဆန်းလုံခြုံရေးကို ဦးစားပေးဆောင်ရွက်နေသည့်အခြေအနေဖြစ်စေခဲ့သည်။ ၁၉၈၂ခု၊ နိုဝင်ဘာလတွင် ဗကပလွတ်မြောက်နယ်မြေအဖြစ်သတ်မှတ်ခဲ့သည့် ဝမ်ကျင်း၊ ဆန်တောက်ဒေသအား မင်းရန်အောင်စစ်ဆင်ရေးအဆင့်(၂)ဖြင့် ထိုးစစ်ဆင်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ သည်။ ၁၉၈၃ခုနှစ်ဦးပိုင်းတွင် မင်းရန်အောင်စစ်ဆင်ရေးအဆင့်(၃)ဖြင့် တပ်မတော်မှ ထိုးစစ်ဆင် ခဲ့ရာ မော်ဖဒေသ လွယ်ဟိုလာရန်သူ့စခန်းအားလည်းကောင်း၊ မန်မန်ဆိုင်ဒေသ၊ လွယ်ပန်လုံအားလည်းကောင်း တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။[၁]

ဗကပတပ်မများဖွဲ့စည်းခြင်း

တပ်မ(၄၈)။ ဗကပတပ်မဟာ(၈)အား အမာခံထားကာ ၁၉၈၁ခု၊ နှစ်ဦးပိုင်းမှစ၍ ပန်ဆန်းတွင် ဖွဲ့စည်းခဲ့သည်။ တပ်မနိုင်ငံရေးမှူးအဖြစ် စိုးသိန်း(ခ) လင်းထင်ကလည်းကောင်း၊ တပ်မမှူးအဖြစ် ဇော်မိုင်(ခ)ကျောက်မြင့်ကလည်းကောင်း၊ ဒုတိယတပ်မမှူးအဖြစ်ကျော်စိန်ကလည်းကောင်း တာဝန်ယူသည်။ ယခင်တပ်မဟာ(၈)မှ ဗကပတပ်ရင်း(၅၀၁)၊ (၅၀၃)၊ (၅၀၁)၊ (၃၀၃၅)နှင့် (၄၀၄၈)တပ် ရင်း ၅ ရင်း၊ တပ်မဟာ(၁၂)မှ တပ်ရင်း(၀၁၆)၊ (၀၁၈)၊ တပ်ရင်း ၂ ရင်း၊ အရှေ့မြောက်စစ်ဒေသ ဌာနချုပ်လုံခြုံရေးတပ်ရင်းမှ ထုတ်နှုတ်တစ်ရင်း၊ လက်နက်ကြီးတပ်ရင်း(၁၇၇)မှ ထုတ်နှုတ်တစ်ရင်း၊ စုစုပေါင်းတပ်ရင်း ၉ ရင်းဖြင့် ဖွဲ့စည်းခဲ့သည်။

တပ်မ(၆၈)။ ဗကပတပ်မဟာ(၆၈၅)အား ၁၉၈၀ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ဖျက်သိမ်း၍ ၁၉၈၁ခုနှစ်၊ ဇန်နဝါရီလတွင် ဗကပတပ်မ(၆၈)ကို ဖွဲ့စည်းခဲ့သည်။ တပ်မနိုင်ငံရေးမှူးအဖြစ် လင်စံ(ခ) စံသူမှလည်းကောင်း၊ တပ်မမှူးအဖြစ် ရဲဒင်(ခ)ရီကျင့်မှလည်းကောင်း တာဝန်ယူသည်။ ယခင်တပ်မဟာ

---

၁ တာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဗမာပြည်ကွန်မြူနစ်ပါတီသမိုင်းအကျဉ်းချုပ် မျက် ၅၉

(၆၈၅)မှ တပ်ရင်း(၀၄၂)၊(၀၇၂)၊(၆၈၅၅)နှင့်(၆၈၅၈)တပ်ရင်း ၄ ရင်း၊ တပ်မဟာ(၁၂)မှ တပ်ရင်း(၉)နှင့် (၀၁၈)တပ်ရင်း ၂ ရင်း၊ အရှေ့မြောက်စစ်ဒေသဌာနချုပ်လုံခြုံရေးတပ်ရင်း(၁၄၄)မှ ထုတ်နှုတ်တစ်ရင်း၊ လက်နက်ကြီးတပ်ရင်း(၁၇၇)မှ ထုတ်နှုတ်တစ်ရင်း၊ ယခင်အလုပ်အဖွဲ့(၉၂၇)ထုတ်နှုတ်တစ်ရင်း စုစုပေါင်း ၉ ရင်းဖြင့်ဖွဲ့စည်းခဲ့သည်။ ယခင်တပ်မဟာ(၆၈၅)လက်အောက်ခံတပ်ရင်း(၀၄၂)အား ယခု တပ်ရင်း(၀၈၂)ဟူ၍လည်းကောင်း၊ တပ်ရင်း(၆၈၅၅)အား တပ်ရင်း(၀၈၅)ဟူ၍ လည်းကောင်း၊ (၉၂၇)အလုပ်အဖွဲ့အား တပ်ရင်း(၀၈၉)ဟူ၍လည်းကောင်း တပ်ရင်း ၉ အား တပ်ရင်း(၀၈၃)ဟူ၍ လည်းကောင်း အသီးသီးတပ်မအမှတ်များပြောင်းလဲခဲ့သည်။

ဗကပအလယ်ပိုင်းဗျူရိုနှင့် မြောက်ပိုင်းဗျူရိုဖွဲ့စည်းလုပ်ဆောင်မှု

ဗကပအလယ်ပိုင်းဗျူရို(ခ)အလယ်ပိုင်းဗဟိုဌာနခွဲ

၁၉၈၀ပြည့်နှစ်၊ မေလတွင် ဗကပ(၁၀၈)စစ်ဒေသနှင့် တပ်မဟာ(၆၈၃)တို့ကို ပယ်ဖျက်၍ ဗကပ(၈၀၅)တပ်ဖွဲ့အဖြစ်ဖွဲ့စည်းခဲ့သည်။ အဆိုပါ(၈၀၅)တပ်ဖွဲ့အား အလယ်ပိုင်းဗျူရိုလက်အောက်တွင် ထားရှိပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် လှုပ်ရှားရန်ဖြစ်သည်။ (၈၀၅)တပ်ဖွဲ့၏လက်အောက်တွင် ဗကပ(၁၀၈)စစ်ဒေသ၊ ဗကပတပ်မဟာ(၆၈၃)နှင့် ယင်းလက်အောက်ခံတပ်ရင်း (၅၀၂)၊ (၄၀၄၅)၊ (၄၀၄၆) နှင့် (၄၀၄၇)တို့ပါဝင်သည်။ ဗကပ(၁၀၈)စစ်ဒေသအင်အားစုများဖြင့် ဖွဲ့စည်းထားသည့် တပ်ရင်း(၁)၊ ရလလဖ(အနီ)အင်အားစုများဖြင့်ဖွဲ့စည်းထားသည့်(၇၆၁၀)တပ်ရင်းအပြင် ကယန်းအဖွဲ့မှ တပ်ရင်းတစ်ရင်းတို့ပါဝင်ဖွဲ့စည်းထားသည်။ အလယ်ပိုင်းဗျူရိုတွင်ပါဝင်သူများမှာ-

(က) နိုင်ငံရေးမှူး	ခင်မောင်ကြီး	ဒုတိယဥက္ကဋ္ဌ၊ဗဟိုကော်မတီ
(ခ) ဒုနိုင်ငံရေးမှူး	ထွန်းမြင့်	ယခင်(၁၀၈)စစ်ဒေသ
(ဂ) တပ်မှူး	တိုက်အောင်	ဗဟိုကော်မတီဝင်
(ဃ) စစ်ဦးစီးဌာနကြီးမှူး	လီကျုံချမ်း	ယခင် ၆၈၃ နိုင်ငံရေးမှူး
(င) ဒုတိယစစ်ဦးစီးဌာနမှူး	ဘောက်ယုံချမ်း	ယခင် ၆၈၃ ဒုတိယတပ်မဟာမှူး
(စ) ဒုတိယစစ်ဦးစီးဌာနမှူး	ကျောက်ချိုယွင်း	ယခင် ၆၈၃ ဒုတိယတပ်မဟာမှူး
(ဆ) နိုင်ငံရေးဌာနကြီးမှူး	ခင်ညို	ယခင် ၁၀၈ စစ်ဒေသ
(ဇ) ထောက်ပံ့ရေးဌာနကြီးမှူး	သောင်းတင်	ယခင် ၁၀၈ စစ်ဒေသ

ဗကပမြောက်ပိုင်းဗျူရို(ခေါ်)မြောက်ပိုင်းဗဟိုဌာနခွဲ

၁၉၇၈ခုနှစ်၊ ဩဂုတ်လအတွင်း ဗကပမြောက်ပိုင်းဗျူရို(ခေါ်)မြောက်ပိုင်းဗဟိုဌာနခွဲကို မုန်းကိုးအနီး၊ နောင်ခမ်းရွာတွင်ဖွဲ့စည်းခဲ့သည်။ မြောက်ပိုင်းဗျူရိုသည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ဆက်စပ်လှုပ်ရှားရန်ဖြစ်သည်။ မြောက်ပိုင်းဗဟိုဌာနခွဲလက်အောက်တွင် ဗကပတပ်မဟာ(၂)၊ (၂၀၂)စစ်ဒေသ၊ ကွတ်ခိုင်ခရိုင်တပ်၊ နမ့်ခမ်းခရိုင်

တပ်တို့ပါဝင်သည့်အပြင် တပ်ရင်း(၁၈၀)နှင့် ကွတ်ခိုင်ခရိုင်တပ်၊ ၁၉၈၀ပြည့်နှစ်အတွင်း ပူးပေါင်းဖွဲ့စည်းခဲ့သည့် အထူးတပ်ဖွဲ့တို့ ပါဝင်သည်။ မြောက်ပိုင်းဗဟိုဌာနခွဲတွင် ဦးဆောင်နေသူများမှာ -

(က) နိုင်ငံရေးမှူး	အသားမဲမျိုးမြင့်(ခ) ရဲဘော်အောင်
(ခ) တပ်မှူး	လေထီးဖေသောင်း(ခ)ဘသန်း
(ဂ) စစ်ဦးစီးဌာနကြီးမှူး	ထွန်းတင် [ယခင်တပ်မဟာ (၂) မှူး]
(ဃ) ထောက်ပံ့ရေးဌာနကြီးမှူး	စိုင်းအောင်ဝင်း(အရန်ဗဟိုကော်မတီ)

မြစ်ဖျားဒေသစီမံကိန်း

ဗကပမြစ်ဖျားဒေသစီမံကိန်းဆိုသည်မှာ ဗကပအထူးတပ်ဖွဲ့တပ်ရင်း(၁၈၀)ကိုအခြေခံလျက် မူလဒေသဟောင်းများဖြစ်သော မြစ်ဖျားဒေသတိုင်းနှင့် ကချင်ပြည်နယ်အခြေခံနယ်မြေဟောင်းများအား ပြန်လည်ထိုးဖောက်ဝင်ရောက်၍ အခြေခံစခန်းများတည်ဆောက်ရန်နှင့် ပြောက်ကျားဒေသများတိုးချဲ့ဖွင့်လှစ်ရန် မဟာဗျူဟာဖြစ်သည်။ အထူးသဖြင့် ဟုမ္မလင်းမြို့နယ်၊ ဖေါင်းပြင်မြို့နယ်၊ ဗန်းမောက်မြို့နယ်နှင့် ပင်လယ်ဘူးမြို့နယ်များအတွင်း အဓိကထားလှုပ်ရှားရန်ဖြစ်သည်။ ယင်းဒေသများမှ တစ်ဆင့် အင်းတော်မြို့နယ်၊ ဝန်းသိုမြို့နယ်၊ ကောလင်းမြို့နယ်၊ ကျွန်းလှမြို့နယ်၊ မော်လိုက်မြို့နယ်တို့အား ပြောက်ကျားဒေသအဖြစ် ဆက်လက်တိုးချဲ့သွားရန်ဖြစ်သည်။

ဗကပမြစ်ဖျားဒေသတိုင်းစီမံကိန်းအထူးတပ်ဖွဲ့တပ်ရင်း(၁၈၀)လှုပ်ရှားမှု

၁၉၈၀ပြည့်နှစ်၊ ဇန်နဝါရီလတွင် ဗကပဗဟိုခွဲ မှန်းကိုးဌ ဗကပတပ်ရင်း(၁၈၀)ကို ဖွဲ့စည်းခဲ့သည်။ ဗကပတပ်ရင်း(၁၈၀)တွင် နိုင်ငံရေးမှူး အောင်မြင့်(ခ)ကျော်မိုး ကလည်းကောင်း၊ တပ်မှူး အောင်ခိုင်(ခ)ယုအောင်ကလည်းကောင်း တာဝန်ယူကာ ၁၉၈၁ခု၊ ဖေဖော်ဝါရီလ(၂၅)ရက်နေ့တွင် မှန်းကိုးမှစတင်ထွက်ခွါခဲ့သည်။ စထွက်စဉ် လက်ရွေးစင်အင်အား(၁၇၀)ခန့်ပါဝင်သည်။ ဗကပတပ်ရင်း(၁၈၀)သည် ဗကပတပ်မဟာ(၂)နယ်မြေ၊ ကေအိုင်အေတပ်ရင်း(၁)နယ်မြေ၊ ကေအိုင်အေတပ်မဟာ(၃)နယ်မြေမှတစ်ဆင့် ကေအိုင်အေတပ်မဟာ(၂)နယ်မြေအထိအဆင့်ဆင့်လိုက်ပါပို့ ဆောင်ကာ ပင်လယ်ဘူးနယ်မြေသို့ ဝင်ရောက်ခဲ့သည်။ တပ်မတော်မှ စစ်ဆင်ရေးများဖြင့် ချေမှုန်းတိုက်ခိုက်ရာ ၄ လခန့်အတွင်းတိုက်ပွဲအကြိမ်ကြိမ်ဖြစ်ကာ ဗကပများအနေဖြင့် ဆက်လက်ရပ်တည်နိုင်ခြင်းမရှိတော့ဘဲ အဆုံးအရှုံးများစွာဖြင့် မြစ်ဖျားဒေသစီမံကိန်းအကောင်အထည်ဖော်မှုအား လက်လွှတ်ခဲ့ရသည်။

ဗကပတပ်မများလူပ်ရှားလာခြင်း

ဗကပတပ်မ(၄၈)

၁၉၈၁ခုနှစ်အတွင်း တပ်မတော်၏စစ်ဆင်ရေးများကြောင့် ဗကပများအထိနာလျက်ရှိပြီး နိုင်ငံရေးသိကွာကျဆင်းနေမှုအား ထိန်းသိမ်းရန် ၁၉၈၁ခုနှစ်၊ နိုဝင်ဘာလတွင် ဗကပတပ်မ(၄၈) နိုင်ငံရေးမှူးစိုးသိန်းမှ ဦးဆောင်၍ တပ်ရင်း(၃)ရင်းဖြင့်ရွှေလီချိုင့်ဝှမ်းအခြေချစိုးမိုးရန် ထပ်မံကြိုးပမ်း ဆောင်ရွက်လာခဲ့သည်။ တပ်မတော်မှ စစ်ဆင်ရေးဖြင့် တန်ပြန်ချေမှုန်းခဲ့ရာ တိုက်ပွဲကြိုး(၇)ကြိမ် ဖြစ်ပွားပြီး အထိနာသဖြင့် လူပ်ရှားစစ်ကစားရန်နယ်မြေကျဉ်းပြီး ရိက္ခာခက်ခဲမှုရှိသည်ကို အကြောင်း ပြကာတပ်မ(၄၈)နှင့် တပ်ရင်း ၂ ရင်းပြန်လည်ထွက်ခွာခဲ့သည်။ ကျန်ခဲ့သည့် တပ်ရင်း(၀၁၆)မှာ လည်း ထင်ထင်ပေါ်ပေါ်လူပ်ရှားရဲခြင်းမရှိသည့်အပြင် ဒေသခံတပ်ရင်း(၂၀၂)နှင့် အဆင်မပြေသဖြင့် အခက်အခဲများစွာနှင့် ရင်ဆိုင်လျက်ရှိသည်။

ဗကပတပ်မ(၆၈)

ဗကပတပ်မ(၆၈)မှ လိတက်ခိုင်ဦးစီးသည့်ဗကပတပ်ရင်း(၀၈၂)၊ (၀၈၃)၊ (၀၈၄)တို့သည် ပအို့ဝ်သောင်းကျန်းသူ၊ ကယန်းသောင်းကျန်းသူတို့၏အကူအညီဖြင့် သံလွင်အနောက်ခြမ်းသို့ ကူးဝင် ကာ ဆီဆိုင်၊ မောက်မယ်၊ ပင်လောင်းဒေသများသို့ ထိုးဖောက်ဝင်ရောက်ခဲ့သည်။ ယင်းတို့၏ရည်ရွယ် ချက်မှာ ပြည်မထိုးဖေါက်ရေးအတွက် အခြေခံနယ်မြေတည်ဆောက်ရန်နှင့် ပြောက်ကျားစစ်ဆင်နွဲရန် ဖြစ်သည်။ သို့သော်လည်း ဆက်သွယ်ရေးလမ်းကြောင်း ရှည်လျားခြင်း၊ တပ်မတော်မှ စစ်ဆင်ရေးများ ဖြင့် ထိရောက်စွာခြေမှုန်းခဲ့ခြင်းများကြောင့် ရည်မှန်းချက်အောင်မြင်မှု မရှိဖြစ်ခဲ့သည်။ ထပ်မံ၍ ၁၉၈၂ ခုနှစ်ဦးပိုင်းတွင် ဗကပ တပ်မ(၆၈)မှ တပ်ရင်း(၀၈၉) အင်အား ၁၀၀ ခန့်သည် သံလွင်မြစ် အနောက်ခြမ်းသို့ကူးပြီး ပအို့သောင်းကျန်းသူ၊ ကယန်းသောင်းကျန်းသူများနှင့်ပူးတွဲ လူပ်ရှားမှုများ ပြုလုပ်လာခဲ့သည်။

တပ်ပေါင်းစုစစ်ဒေသဖွဲ့စည်းခြင်း

သံလွင်အနောက်ခြမ်းသို့ရောက်ရှိနေသောဗကပတပ်မ(၆၈)မှတပ်များ၊ ပအို့သောင်းကျန်းသူ၊ ကယန်းသောင်းကျန်းသူ၊ ကရင်နီခွဲထွက်များ ပူးပေါင်း၍တပ်ပေါင်းစု စစ်ဒေသအား ၁၉၈၂ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွဲ့စည်းခဲ့သည်။ တပ်ပေါင်းစုစစ်ဒေသမှ စစ်နယ်(၄)ခု အဖြစ် ပျဉ်းမနားစစ်နယ်၊ တောင်ကြီးစစ်နယ်၊ မိုးနဲစစ်နယ်နှင့် လွိုင်ကော်စစ်နယ်တို့အား ခွဲခြား၍ စစ်ရေးနိုင်ငံရေးများဖြင့် လူပ်ရှားအကောင်အထည်ဖော်ရန် စီမံခဲ့သည်။ တပ်မတော်မှစစ်ဆင်ရေးများပြုလုပ်ပြီး ဖိအားပေး ဆောင်ရွက်ခဲ့သဖြင့် ဗကပ တပ်မ(၆၈)စစ်ဦးစီးမှူး ညွှန့်မောင်ကျဆုံးခဲ့သည်။ ထို့ကြောင့် အလယ်ပိုင်း ဗျူရိုတပ်မှူး တိုက်အောင်ကိုယ်တိုင်ဆင်း၍ တပ်ပေါင်းစုစစ်ဒေသအားကွပ်ကဲရသည်။

မြစ်ဖျားဒေသထိုးဖောက်ရန်ပြန်လည်ကြိုးပမ်းခြင်း

၁၉၈၃ ခု၊ မတ်လတွင် ဗကပ(၁၀၁)စစ်ဒေသမှ စခုန်တိန်ယိန်းဦးစီး၍ ဗကပတပ်ရင်း(၈၂) နှင့် ကချင်သောင်းကျန်းသူ ပူးပေါင်းအင်အား ၁၅၀ ခန့်ဖြင့် ဧရာဝတီအနောက်ခြမ်းသို့ ကူးဝင်ကာ အင်အား ၈၀ ခန့်သည် ကောက်ကွေ့ချောင်းဖျားဒေသ၌အခြေခံ၍ ကျန်အင်အား ၇၀ ခန့်ဖြင့် မြစ်ဖျားဒေသ ပြန်လည်အခြေချနိုင်စေရန် ထပ်မံကြိုးပမ်းလာခဲ့သည်။ တပ်မတော်မှလည်း စစ်ဆင်ရေးများဆင်နွှဲပြီး ချေမှုန်းတိုက်ခိုက်ခဲ့ရသည်။

ဒေသခံသောင်းကျန်းသူများအားစည်းရုံးသိမ်းသွင်းခြင်း

ကေအိုင်အေနှင့်ဆက်ဆံရေးအခြေအနေ

(က) **ဗကပနှင့်ကေအိုင်အေစတင်အဆက်အသွယ်ရရှိခြင်း။** ၁၉၆၇ခုနှစ်၊ ဇူလိုင်လတွင် တရုတ်မြန်မာအရေးအခင်းဖြစ်ပွါးပြီးနောက် ကေအိုင်အေခေါင်းဆောင် ဇော်တူးသည် တစ်ဖက်နိုင်ငံဘက်မှထောက်ခံကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ထို့နောက် တစ်ဖက်နိုင်ငံနှင့် ဆက်သွယ်ရန် ဘရန်ဆိုင်းခေါင်းဆောင်သောအင်အားအချို့ကို ရှေ့ပြေးအဖြစ်စေလွှတ်ခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ဇော်တူးခေါင်းဆောင်သောအင်အား ၄၀၀ ကျော်ခန့်သည် တစ်ဖက်နိုင်ငံသို့သွားရောက်၍ တစ်ဖက်နိုင်ငံမှ ကိုယ်စားလှယ်၊ ဗကပမှ ဗသိန်းတင်၊ နော်ဆိုင်းတို့နှင့်ဆွေးနွေးခဲ့သည်။ ၁၉၆၈ ခုနှစ် ဇန်နဝါရီလတွင် တစ်ဖက်နိုင်ငံမှ လက်နက်ခဲယမ်းများယူဆောင်၍ ပြန်ခဲ့ကြပြီး တပ်သစ်များကို ဖွင့်လှစ်ခဲ့သည်။

(ခ) **ကေအိုင်အေမှခေါင်းဆောင်အချို့ခွဲထွက်ခြင်း။** ဇော်တူးသည်တစ်ဖက်နိုင်ငံတွင်ဆွေးနွေးစဉ်က ကေအိုင်အေရှိ ကျင်ဖေါလူမျိုးတစ်မျိုးတည်းအတွက်ကိုသာဦးစားပေးဆောင်ရွက်ခဲ့ပြီး လက်နက်တပ်ဆင်ရာတွင် ကျင်းဖေါမျိုးနွယ်များကိုဦးစားပေးသဖြင့် မရူအမျိုးသားဖြစ်ကြသော စခုံတိန်ယိန်းနှင့် လယောက်ဇေလွန်းတို့သည် ကေအိုင်အေတပ်ရင်း (၄)အင်အားစုများဖြင့် ကေအိုင်အေမှခွဲထွက်ကာ ၁၉၆၈ ခုနှစ် မတ်လတွင်တစ်ဖက်နိုင်ငံသို့ ဝင်သွားခဲ့ကြသည်။ ၁၉၆၈ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ကေအိုင်အေသည် ဗကပအားရန်သူအဖြစ်ကြေညာ၍ မဟာမိတ်စာချုပ်ကိုဖျက်သိမ်းခဲ့ပြီး ဆက်ဆံရေးတင်းမာလာကာ တစ်ဖက်နှင့်တစ်ဖက် တိုက်ပွဲများဖြစ်ပွါးခဲ့သည်။

(ဂ) **ဗကပမှကေအိုင်အေအားစည်းရုံးသိမ်းသွင်းခြင်း။** ကေအိုင်အေမှား အတွင်းကေအိုင်အေခေါင်းဆောင်များဖြစ်သော ဇော်ဆိုင်း၊ ဇော်တူးနှင့် ပုံရွှေဇော်ဆိုင်းတို့အား ၁၉၇၅ ခုနှစ်၊ ဩဂုတ်လ(၁၀)ရက်နေ့တွင် အချင်းချင်းလုပ်ကြံသတ်ဖြတ်ခဲ့ပြီး

ခေါင်းဆောင်အဖြစ် ဘရန်ဆိုင်းအားလွှဲချယ်ခဲ့ကြသည်။ ထိုအခြေအနေများအား အခွင့်ကောင်းယူ၍ဗသိန်းတင်မှ ဗကပနှင့်ကေအိုင်အေညီညွတ်ရေးတပ်ဦးဖွဲ့စည်းရန် ကမ်းလှမ်းခဲ့သည်။ ၁၉၇၆ ခုနှစ် ဇန်နဝါရီလ (၂၁)ရက်နေ့တွင် ဗကပ၏ကမ်းလှမ်းချက်ကို ကေအိုင်အေဗဟိုကော်မတီမှ လက်ခံခဲ့သည်။ ယင်းနောက်ပိုင်းတွင် ကေအိုင်အေမှခေါင်းဆောင်များသည် တစ်ဖက်နိုင်ငံနှင့်လည်းကောင်း ဗကပနှင့်လည်းကောင်း ဆက်ဆံရေးပုံမှန်ဖြစ်သွားပြီး လက်နက်ခဲယမ်းအကူအညီများ ယခင်ကကဲ့သို့ရရှိခဲ့သည်။

(ယ) **ဗကပနှင့်ကေအိုင်အေစစ်ရေးအရပူးတွဲလှုပ်ရှားခြင်း။** ၁၉၈၁ ခု ပထမ ၄ လပတ်ကာလတွင် ကေအိုင်အေအနေဖြင့် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးခဲ့သည်။ ငြိမ်းချမ်းရေးကာလကို အခွင့်ကောင်းယူ၍ ဗကပတပ်ရင်း(၀၈၀)သည်ကေအိုင်အေတို့၏ လမ်းပြအကူအညီဖြင့် အတွင်းပိုင်းသို့ထိုးဖောက်ခဲ့သည်။ ၁၉၈၁ ခု၊ တတိယ ၄ လပတ်တွင် ကေအိုင်အေနှင့်ဗကပစစ်ရေးအရ ပူးပေါင်း၍ ဗန်းမော်နယ်မြေရှိ တပ်မတော်တပ်စခန်းများအားတိုက်ခိုက်ခဲ့သည်။ ၁၉၈၂ ခုနှစ်၊ ဧပြီလတွင် ဗကပ(၁၀၁)စစ်ဒေသနှင့်ကေအိုင်အေတပ်ရင်း(၃)တို့ပူးပေါင်း၍ ဝိုင်းမော်နယ်မြေ၊ ဆိုင်လော်၊ နောင်စီပေါ၊ အင်ဂန်းစခန်းများအားတိုက်ခိုက်ခဲ့သည်။ ၁၉၈၃ ခုနှစ်၊ ပထမ ၄ လပတ်တွင် တပ်မဟာ(၂)တပ်ရင်း(၁၀၇) အင်အားစုသည် ကေအိုင်အေ တပ်ရင်း(၁၂)နှင့်ပူးပေါင်း၍ ကသာအရှေ့ခြမ်း၊ လွှေဂူတောင်ခြမ်းထိုးဖောက်ရေး ဆောင်ရွက်ခဲ့သည်။ ဗကပ(၁၀၁)စစ်ဒေသ တပ်ရင်း(၈၂)သည် ကေအိုင်အေတပ်ရင်း(၅)နှင့်ပူးပေါင်း၍ ကောက်ကွေ့၊ ဥရုချောင်းဒေသအခြေချနိုင်ရေးကြိုးပမ်းကြသည်။

ရှမ်းသောင်းကျန်းသူများနှင့်ဆက်ဆံရေးအခြေအနေ

(က) **ဗကပ နှင့် ရှမ်းသောင်းကျန်းသူများပူးတွဲလှုပ်ရှားခြင်း** ။ ၁၉၇၃ခုနှစ်၊ နိုဝင်ဘာလတွင် ဆေးထင်နှင့်အဖွဲ့သည် ဗကပဗဟိုရှိရာ ပန်ဆန်း၌ ရှမ်းသောင်းကျန်းသူများက ဗကပနှင့်စစ်ရေးအရ ပူးပေါင်းကြောင်း လက်မှတ်ရေး ထိုးခဲ့သည်။ ၁၉၇၅ခု၊ နိုဝင်ဘာလတွင် ရှမ်းသောင်းကျန်းသူ အုန်းမောင်နှင့်အဖွဲ့သည် ပန်ဆန်းသို့ထပ်မံသွားရောက် အတည်ပြုလက်မှတ်ရေးထိုးပြီး ဗကပထံမှ လက်နက်ခဲယမ်းများတောင်းခံခဲ့သည်။ အုန်းမောင်နှင့်အဖွဲ့ အပြန်တွင် လက်နက် ခဲယမ်းများနှင့် ဗကပတပ်ရင်း(၄၀၄၅)ကို တစ်ပါတည်းထည့်ပေးလိုက်ကာ ရှမ်းသောင်းကျန်းသူများအား ဗကပဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းခဲ့သည်။ ၁၉၇၅ခု၊ ဧပြီလတွင် ရှမ်းတပ်ရင်း

(၂၀၂၁)အားလည်းကောင်း၊ ၁၉၇၇ခုနှစ်တွင်ရှမ်းတပ်ရင်း(၂၀၂၄)အားလည်းကောင်း ပန်ဆန်းသို့စေလွှတ်၍ သင်တန်းတက်ရောက်စေခဲ့သည်။ ၁၉၇၇ခုနှစ်တွင် ဗကပတို့သည် ရှမ်းသောင်းကျန်းသူများအား " ဗကပ၏ အကြွင်းမဲ့ဦးဆောင်မှုအောက်တွင် ဝင်ရောက်ပူးပေါင်းတည်ရှိရေး"ကို တောင်းဆိုခဲ့သည်။

(ခ) **ရှမ်းသောင်းကျန်းသူခေါင်းဆောင်ပိုင်းစိတ်ဝမ်းကွဲပြားခြင်း** ။ ၁၉၇၇ခုနှစ်တွင် ဗကပတို့၏တောင်းဆိုချက်အပေါ်မူတည်၍ ရှမ်းသောင်းကျန်းသူ ခေါင်းဆောင်ပိုင်းအတွင်း စိတ်ဝမ်းကွဲပြားခဲ့ပြီး စိုင်းလှအောင် ဦးဆောင်သောအဖွဲ့မှ လက်မခံဘဲ "အမျိုးသားဒီမိုကရေစီတော်လှန်ရေးလမ်းစဉ်"ကိုသာ ရွေးချယ်ခဲ့သည်။ ဆေးနွံ ဦးစီးသောအဖွဲ့မှ ဗကပတို့၏ တောင်းဆိုချက် အတိုင်း "ပြည်သူ့ဒီမိုကရေစီလမ်းစဉ်" ကို လက်ခံကာ ဗကပတို့နှင့် ပူးတွဲလှုပ်ရှားရေး လုပ်ဆောင်ခဲ့သည်။ ၁၉၈၃ခုနှစ်၊ မေလတွင် ဗကပမှ ခင်မောင်ကြီးနှင့် တိုက်အောင်တို့ကိုယ်တိုင် လွယ်ခေးသို့ လာရောက်၍ ဦးဆောင်မှု ပေးလျက်ရှိသည်။ စိုင်းလှအောင် အလင်းဝင်ပြီးနောက် ၁၉၈၃ခုနှစ်၊ နိုဝင်ဘာလတွင် ဆေးနွံသည် ရောဂါဖြင့်သေဆုံးခဲ့ရာ ရှမ်းသောင်းကျန်းသူများသည် ဗကပတို့၏ အကြွင်းမဲ့ဦးဆောင်မှုအောက်တွင် ဆက်လက်လှုပ်ရှားခဲ့ရသည်။

ပအို့သောင်းကျန်းသူများအား သိမ်းသွင်းခြင်း

၁၉၇၆ခုနှစ်တွင် ဗကပတို့သည် ပအို့(နို) အတွင်းရေးမှူးစိန်ရွှေနှင့် နောင်လုံနယ်မြေ၌ ဆွေးနွေးပြီး တာကလယ်နှင့် အင်အား ၂၀၀ ခန့်အား ပန်ဆန်း၌ သင်တန်းတက်ရောက်စေခဲ့သည်။ တာကလယ်ဦးစီးသောအဖွဲ့သည် ၁၉၇၇ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပျက်ကန့်ဒေသမှတစ်ဆင့် ကဒူးကြီးနယ်မြေသို့ လက်နက်ခဲယမ်းများ တပ်ဆင်ဝင်ရောက်ခဲ့သည်။ ယင်းအဖွဲ့နှင့်အတူ ဗကပတပ်ရင်း(၄၀၄၅)ပါ တစ်ပါတည်းလိုက်ပါလာခဲ့ပြီး ပအို့တပ်ရင်း(၇၆၁၀)ကို ဖွဲ့စည်းခဲ့သည်။ ၁၉၇၉ခုနှစ်၊ ဧပြီလတွင် ပအို့(နို) အောင်မြင့်အဖွဲ့သည် ဗကပတပ်ရင်း (၄၀၄၅)မှ တပ်ခွဲတစ်ခွဲနှင့်အတူ ပန်ဆန်းမှ ကဒူးကြီးနယ်မြေသို့ ဝင်ရောက်ခဲ့ပြီး ပူးပေါင်းလှုပ်ရှားသည်။ ၁၉၈၁ ခုနှစ်တွင် ဗကပတပ်မ(၆၈)မှ တပ်ရင်း(၃)ရင်းထပ်မံဝင်ရောက်လှုပ်ရှားလာသည်။ ဗကပနှင့်ပအို့(နို)ပူးပေါင်းအဖွဲ့သည် ပြည်ထောင်စုကားလမ်း၏ တောင်ခြမ်းနယ်မြေဖြစ်သော ဟိုပုန်း၊ မိုးနဲ့၊ လင်းခေး၊ မောက်မယ်၊ ဆီဆိုင်၊ ဖယ်ခုံ၊ ပင်လောင်းမြို့နယ်များတွင် လှုပ်ရှားလျက်ရှိပြီး ဗကပ၏ ပြည်မထိုးဖောက်ရေး မဟာဗျူဟာဒေသကောင် အထည်ဖော်ဆောင်ရွက်မှုတွင် အဓိကအချက်အခြာနေရာဖြစ်သည်။ [၁]

---

[၁] ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ဗမာပြည်ကွန်မြူနစ်ပါတီသမိုင်းအကျဉ်းချုပ် မျက်-၆၇

ကယန်းသောင်းကျန်းသူများအား သိမ်းသွင်းခြင်း

ကယန်းသောင်းကျန်းသူများအား ဗကပမှ သိမ်းသွင်းပြီးနောက် ရွှေအေးနှင့် အိုက်ကဖြူ ခေါင်းဆောင်သော အင်အား ၁၃၀၀ခန့်အား ၁၉၇၈ခုနှစ်၊ မတ်လတွင် ပန်ဆန်းသို့ ခေါ်ယူသင်တန်း ပေးကာ လက်နက်ခဲယမ်းများ တပ်ဆင်ပေးခဲ့သည်။ ရွှေအေးနှင့်အဖွဲ့ ပန်ဆန်းမှ ၁၉၇၉ခုနှစ်၊ မေလ (၆) ရက်နေ့တွင် ပြန်လည်ထွက်ခွါလာခဲ့ပြီး သစ်ကျိတ်တိုက်နယ်အား အခြေခံ၍ ပြည်မထိုးဖောက်ရေး၊ ပဲခူးရိုးမ ပြန်လည်အခြေချရေး၊ ကရင်နီသောင်းကျန်းသူများအား စည်းရုံးရေးတာဝန်ပေးအပ်ခြင်း ခံရသည်။ ထို့နောက် ပင်လောင်းဒေသရှိ ပအို့သောင်းကျန်းသူနှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့ကို အထောက်အကူပြု ပူးပေါင်းလှုပ်ရှားခဲ့သည်။ ၁၉၈၂ခုနှစ်၊ နိုဝင်ဘာလတွင် ဗမာပြည်ကွန်မြူနစ်ပါတီ တပ်မ(၆၈)တပ်များ၊ ပအို့သောင်းကျန်းသူများ၊ ကယန်းသောင်းကျန်းသူများ ပူးပေါင်း၍ တပ်ပေါင်းစု စစ်ဒေသဖွဲ့စည်းရာတွင် ပါဝင်ပြီး စစ်နယ်(၄)ခုခွဲ၍ စစ်ရေး၊ နိုင်ငံရေးဆောင်ရွက်ရာ၌ ကယန်း သောင်းကျန်းသူများသည် ယင်းတို့၏ စစ်နယ်မြေတစ်ခုဖြစ်သော ဖျဉ်းမနားစစ်နယ်မြေ အတွက် ဖယ်ခုံမြို့နယ်မှ မော်ချီးမြို့နယ်အထိ တာဝန်ယူလှုပ်ရှားဆောင်ရွက်ခဲ့သည်။

ကရင်နီသောင်းကျန်းသူများအား သိမ်းသွင်းခြင်း

ကရင်နီသောင်းကျန်းသူများထဲမှဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပူးပေါင်းရန်ခွဲထွက်ခဲ့ကြသော သန်းညွှန့်၊ ရွှေဝါ၊ ညာမောင်မဲတို့ဦးစီးသည့် ကရင်နီခွဲထွက်အဖွဲ့အားပန်ဆန်းသို့ခေါ်ယူသင် တန်းပေး ပြီး ၁၉၈၀ပြည့်နှစ်၊ မေလတွင် "ကရင်နီလူမျိုးပေါင်းစုံလွတ်မြောက်ရေးတပ်ဖွဲ့"(ကလလတ) ဂုံဖွဲ့စည်း ပေးခဲ့သည်။ ထို့နောက်ပန်ဆန်းမှ ပြန်လည်ထွက်ခွာခဲ့ပြီး ကရင်နီနယ်မြေသို့ ဝင်ရောက်ခဲ့သည်။ ညာ မောင်မဲဦးစီးသည့်ကရင်နီခွဲထွက်များသည် ၁၉၈၃ခုနှစ်၊ ဩဂုတ်လမှစ၍ ကွန်မြူနစ်ပါတီ တပ်ရင်း (၀၈၉)၏အကူအညီဖြင့်ဟိုယာ၊ ကေကောဒေသသို့ဝင်ရောက်လှုပ်ရှားပြီး ဗမာပြည်ကွန်မြူနစ် ပါတီ၏ အစီအမံအတိုင်းလွှိုင်ကော်စစ်နယ်အား တိုးချဲ့အကောင်အထည်ဖော်ရန် လှုပ်ရှားလာခဲ့သည်။ [၁]

ဗကပတို့၏မူးယစ်ဆေးဝါးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေ

ဗကပများသည် ၁၉၇၈ ခုနှစ်နောက်ပိုင်းတွင် တစ်ဖက်နိုင်ငံမှ ထောက်ပံ့မှုသိသိသာသာ လျော့နည်းဖြတ်တောက်လာသောအခါ စီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာကြသည်။ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဓိကလုပ်ငန်းအဖြစ် ဘိန်း၊ မူးယစ်ဆေးဝါးလုပ်ငန်းများကို အဓိကထား၍ လုပ်ဆောင်လာခဲ့သည်။ ယခင်က ဗကပဘိန်းလုပ်ငန်းများရှိခဲ့သော်လည်း ဗကပ ခေါင်းဆောင်ပိုင်းအချို့မှ ကိုယ်ကျိုးစီးပွားအတွက် လုပ်ကိုင်ခြင်း၊ ဗဟိုမှဘဏ္ဍာရေးအတွက် ဘိန်း ရောင်းဝယ်ခြင်းအဆင့်သာရှိခဲ့သည်။ ယခုအခါ ဗကပဗဟိုသည် ဘိန်းရောင်းဝယ်ရေးလုပ်ငန်းကို

---

[၁] ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဗဟပြည်ကွန်မြူနစ်ပါတီသပိုင်းအကျဉ်းချုပ် မျက် ၆၈

အောက်ခြေတပ်ရင်းများအဆင့်အထိ ကိုယ်ပိုင်တစ်ဦးခြင်း၊ စီးပွားရေးလုပ်ငန်းမဟုတ်ဘဲ တပ်ရင်း၊ တပ်ဖွဲ့ အလိုက်ဘိန်းလုပ်ငန်းဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။ ဗကပတို့သည် ဘိန်းလုပ်ငန်းအပြင် အခြားစီးပွားရေးလုပ်ငန်းများဖြစ်သော သစ်လုပ်ငန်း၊ စက်ချုပ်လုပ်ငန်း၊ ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းချခြင်း၊ အခွန်ကောက်ခြင်းလုပ်ငန်းများကိုလည်း လုပ်ဆောင်လာခဲ့သည်။ ဘိန်းလုပ်ငန်းကို ရေရှည်လုပ်ကိုင်ရေးနှင့်ပတ်သက်၍လည်း ပါတီတွင်းအငြင်းပွားမှုများရှိနေသည်။

ဗကပတို့သည် ဘိန်းရာသီတွင် ဘိန်းများစုဆောင်းဝယ်ယူပြီး ဘိန်းကုန်သည်များအား ရောင်းချခြင်း၊ ထိုင်းနယ်စပ်သို့သွားရောက်ရောင်းချခြင်းများပြုလုပ်ခဲ့သည်။ ၁၉၈၁ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဗကပတပ်မ(၄၈)သည် ပန်ပွဲ၌ဘိန်းဝါချက်စက်ရုံတစ်ရုံတည်ဆောက်ခဲ့သည်။ တပ်မ(၄၈)မှ ဘိန်းဝါချက်လုပ်ပြီး ၂ လအကြာတွင် တပ်မ(၆၈)သည်လည်း ပန်ကြူလုံးဘက်တွင် ချက်လုပ်ရုန်ပြင်ဆင်ခဲ့သည်။ ယင်းသတင်းများအရ ဗဟိုမှအစည်းအဝေးပြုလုပ်ပြီး စက်ရုံ(၂)ခုစလုံးကို သိမ်းယူကာ ၁၉၈၁ ခုနှစ်မှစ၍ ဗဟိုမှဦးစီးကာ ဘိန်းဝါကို အကြီးအကျယ်ချက်လုပ်ခဲ့သည်။ ဘိန်းချက်ရာတွင်အဓိကလိုအပ်သော အက်စစ်နှင့် အခြားဓာတုဆေးဝါးပစ္စည်းများကို ကချင်သောင်းကျန်းသူများထံမှလည်းကောင်း၊ တစ်ဖက်နိုင်ငံမှလည်းကောင်း ဝယ်ယူရရှိခဲ့သည်။ အဓိကလိုအပ်ချက်ဖြစ်သော Acetic Anhydride များကို တမူး၊ မိုးရေဘက်မှတစ်ဆင့် ကချင်သောင်းကျန်းသူများထံမှ ရရှိပြီး ပန်ဆိုင်း၊ မုံးကိုးသို့ရောက်ရှိခဲ့သည်။ ပန်ဆိုင်းတွင်လည်း ဘိန်းချက်စက်ရုံတစ်ရုံတည်ဆောက်ထားပြီး လက်အောက်ခံတပ်များမှ ဘိန်းများကို ဘိန်းဝါအဖြစ်ချက်လုပ်ရာတွင် ဗဟိုမှ ချက်လုပ်ခ တစ်ကီလိုလျှင် ၅၀၀ ကျပ်နှုန်းပေးခဲ့သည်။

ပန်ဆိုင်းရှိ ဘိန်းချက်စက်ရုံအား ပန်ဆန်းအနီး နမ့်ငချောင်းဖျား၊ ပန်ဖိန်းအနီး၌ထားရှိပြီး ဘိန်းဖြူအဆင့်အထိ ချက်လုပ်နိုင်သော်လည်း ဘိန်းညိုအဆင့်(၃)အထိသာချက်လုပ်ပြီး ထိုင်း/မြန်မာနယ်စပ်မိုင်းပန်နယ်မြေသို့ ရောင်းချခဲ့သည်။ ဘိန်းတန်းပို့ဆောင်မှုကို (၉၂၇)အလုပ်အဖွဲ့နှင့်လည်းကောင်း၊ တပ်မ(၆၈)တပ်များနှင့်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ယခင်ကအသုံးပြုခဲ့သည့် ဘိန်းလမ်းကြောင်းမှာ ပန်ဆန်း၊ မိုင်းပေါက်၊ မိုင်းညှင်းဂွင်မှတစ်ဆင့် ပြည်ထောင်စုကားလမ်းတောင်ခြမ်းဖြတ်ကူးပြီး မိုင်းအင်း၊ မိုင်းရှန့်ဂွင်၊ ယင်းမှတစ်ဆင့် မိုင်းတုံ၊ မိုင်းဆတ်ဂွင်၊ ထိုမှ တစ်ဆင့် ထိုင်း/မြန်မာနယ်စပ်သို့ ပို့ဆောင်ခဲ့သည်။ ယင်းလမ်းကြောင်းအား တပ်မတော်မှ ပိတ်ဆို့သောအခါ ယင်းလမ်းကြောင်းအားအသုံးမပြုတော့ဘဲ ပန်ဆန်းမှ မိုင်းပေါက်၊ ဟိုတောင်း၊ ဆီလူး၊ မိုင်းမ၊ မိုင်းလား၊ ဝမ်ဖိုင်၊ ကျိုင်းကုန်းနယ်စပ်လမ်းကြောင်းကို အသုံးပြုခဲ့သည်။

ဗကပသစ်လုပ်ငန်း

ဗကပတို့သည် ဘိန်းလုပ်ငန်းအပြင် အခြားစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော သစ်လုပ်ငန်းကိုလည်းလုပ်ဆောင်ခဲ့သည်။ ပန်ဆန်းအနီးရှိ ကားလမ်းဘေးသစ်တောများမှ သစ်များကို ခုတ်၍ ကားဖြင့် သယ်ဆောင်ပြီး နမ့်ခတဲတားသို့ပို့ကာ နမ့်ခတဲတားသို့ တစ်ဖက်နိုင်ငံမှ ကားဖြင့်လာယူခဲ့သည်။ သစ်နှင့်ပိတ်စများလဲလှယ်ကြခြင်းဖြစ်သည်။

ဗကပစက်ချုပ်လုပ်ငန်း

အလားတူပင် ဗကပတို့သည် ၁၉၈၃ခုနှစ်မှစ၍ စက်ချုပ်လုပ်ငန်းကို တည်ထောင်ပြီး ပန်ဆန်းတွင် အပ်ချုပ်စက်(၇၀)၊ ဆေးရုံအနီးတွင် အပ်ချုပ်စက်(၁၀၅)လုံးဖြင့် စက်ချုပ်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ တစ်ဖက်နိုင်ငံမှ ချုပ်လုပ်မှုနည်းပညာများသင်ကြားပြသပေးပြီး ဆေးအဆင့်နိမ့်သူများ၊ ဗကပများ၏မှီခိုသူအမျိုးသမီးများက ချုပ်လုပ်ခဲ့ကြသည်။

ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းချခြင်းနှင့်အခွန်ကောက်လုပ်ငန်း

ဗကပတို့သည် စီးပွားရေးအကြပ်အတည်းကြောင့် တပ်မ၊ တပ်မဟာ၊ စစ်ဒေသအလိုက် ကုန်စုံဆိုင်များဖွင့်လှစ်ရောင်းချခဲ့သည်။ နယ်မြေအလိုက်တစ်ဖက်နိုင်ငံထွက်ကုန်ပစ္စည်းများ၊ ထိုင်းနိုင်ငံလုပ်မှောင်ခိုပစ္စည်းများတင်သွင်းခြင်း၊ ခရီးသွားကုန်သည်များထံမှ အခွန်ကောက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ စီးပွားရေးအကြပ်အတည်းကြောင့် (၈၁၅)စစ်ဒေသသည် ၁၉၈၄ခု၊ ဒီဇင်ဘာလ ပထမပတ်တွင် ခေါင်းဆောင်ပိုင်းများစုစည်း၍ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန်စည်းဝေးခဲ့ပြီးနောက် အောက်ပါအချက်များကို ဆွေးနွေးခဲ့သည်-

(က) စီးပွားရေးအကြပ်အတည်းကြောင့် နယ်မြေမှူးများမှ ကျေးရွာတစ်ရွာလျှင် အမျိုးသား၊ အမျိုးသမီး ၁၂ နှစ်အထက်များကို အခွန်ကောက်ခံရန်နှင့် စျေးကောက်လစဉ် ကောက်ခံရန်။

(ခ) ဗကပသက်သာချောင်ချိရေးဆိုင်(၁၁)ဆိုင်ဖွင့်လှစ်ရန်၊ ယင်းအတွက် တပ်ရင်းအလိုက် မတည်ငွေထည့်ဝင်ရန်။

(ဂ) တစ်ဖက်နိုင်ငံနှင့် စျေးအရောင်းအဝယ်သွားလမ်းဖွင့်လှစ်ပေးပြီး အခွန်ကောက်ခံရန်။

ဗကပတို့၏ ပါတီတွင်းအုပ်စုကွဲပြားမှုများ

ဗကပတို့သည် ကွန်မြူနစ်လမ်းစဉ်ကို ကျင့်သုံးနေသော်လည်း ခေါင်းဆောင်ပိုင်းတွင်ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းကြောင့် ဘိန်းသာနေသူများနှင့် ဆင်းရဲနေသူများဟူ၍ ကွဲပြားနေသည်။ ပဒေသ(၆၈) နိုင်ငံရေးမှူး လင်စံ(ခေါ်)စံသူသည် ငွေကြေးမချမ်းသာဘဲ တပ်မ(၆၈)စစ်ဦးစီးမှူး လီတက်ခိုင်

နိုင်ငံရေးဌာနကြီးမှူး ရှောက်ဖီလျန်တို့သည် ဘိန်းလုပ်ငန်းဖြင့် ချမ်းသာနေကြောင်းသိရှိ ရသည်။ သို့ဖြစ်၍ ဗကပအဖွဲ့အစည်းအတွင်းတွင် လူမှုရေးမညီမျှမှုများ၊ စိတ်ဝမ်းကွဲပြားနေမှုများ ဖြစ်ပေါ်နေပြီး မြန်မာ၊ ကချင်၊ ကိုးကန့်၊ တရုတ်၊ တရုတ်ပြည်ပေါက်တရုတ်၊ တိုင်းရင်းသားအုပ်စု စသည်ဖြင့် အုပ်စုများကွဲပြားနေသည်။ မြန်မာအုပ်စုအတွင်းမှာပင် တင်ရီ(ခေါ်)ယမ်ကွမ်းကို လိုလားသောအုပ်စုနှင့် မလိုလားသောအုပ်စုဟူ၍ ကွဲပြားနေသည်။

ဗကပတို့၏စစ်ရေးအခြေအနေ

ဗကပတို့သည် ဗဟိုကော်မတီဥက္ကဋ္ဌ ဗသိန်းတင်မှ ဦးဆောင်၍ ဗဟိုကော်မတီဝင်၊ အရန် ဗဟိုကော်မတီဝင်များဖွဲ့စည်း၍ နိုင်ငံရေး၊ စစ်ရေး ဦးဆောင်မှုများပေးခဲ့သည်။ နယ်စပ်ဒေသအခြေ ခံလှုပ်ရှားမှုစတင်စဉ် တစ်ဖက်နိုင်ငံမှ ကူညီထောက်ပံ့မှုများရရှိနေချိန်တွင် ဦးဆောင်သည့် ခေါင်းဆောင်များမှာ အသက်အရွယ်မကြီးလှသေးသောကြောင့် ဦးဆောင်မှုပေးနိုင်သေးသဖြင့် အင်အားစုများ စုဖွဲ့၍စစ်ရေးလုပ်ရှားမှုများ ပြုလုပ်နိုင်ခဲ့သည်။ လက်ရှိအခြေအနေတွင် ဦးဆောင် သူခေါင်းဆောင်များမှာ အသက်အရွယ်ကြီးမြင့်လာသည့်အလျောက် ထက်မြက်သည့်ဦးဆောင်မှု မပေးနိုင်တော့ဘဲ စစ်ရေး၊ နိုင်ငံရေးလုပ်ဆောင်မှုများ သိသာစွာကျဆင်းလာသည်။ တစ်ဖက်နိုင်ငံမှ ထောက်ပံ့ကူညီမှုသိသာစွာလျော့နည်းလာသဖြင့် ခဲယမ်း၊ လက်နက်ချွေတာရခြင်း၊ ခေါင်းဆောင်ပိုင်း တွင် တိုက်ပွဲဝင်လိုသူ၊ ဦးဆောင်သူနည်းပါးလာခြင်း၊ လက်အောက်ငယ်သားများ စိတ်ဓါတ်ကျခြင်း တို့ကြောင့် တိုက်စွမ်းရည်ကျဆင်းလာခဲ့သည်။

၁၉၈၄ခုနှစ်၊ ဧပြီလ(၁၁)ရက်နေ့တွင် ပန်ဆန်းဗဟို၌ပြုလုပ်ခဲ့သော အစည်းအဝေးတွင် စစ်ရေးနှင့်ပတ်သက်၍ ယမ်ကွမ်း(ခေါ်)တင်ရီက ဗကပတို့သည် ၁၉၇၃ ခုနှစ် မတိုင်မီက တိုက်စွမ်း ရည်ကိုမမီတော့ကြောင်းပြောကြားခဲ့သည်။ ဗကပတို့သည် နောက်ပိုင်းတွင်အဘက်ဘက်မှ အကြပ် အတည်းများကြောင့် ခေါင်းဆောင်ပိုင်းသည် ကိုယ်ကျိုးစီးပွားရေးကို ရှာဖွေလုပ်ဆောင်လာခဲ့ကြ သည်။ ထို့ကြောင့် အထက်အောက် အထင်အမြင်လွဲမှားခြင်း၊ အဖွဲ့အစည်းအတွင်း အချင်းချင်း စည်းလုံးညီညွတ်မှုမရှိခြင်းများ ဖြစ်ပေါ်လာခဲ့သည်။ ဗကပတို့သည် ယင်းတို့၏စစ်ရေး၊ နိုင်ငံရေး စွမ်းရည်များ မည်သို့ပင်ကျဆင်းနေစေကာမူ အဖတ်ဆယ်သည့်အနေဖြင့် ယင်းတို့၏စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရန် ကြိုးစားခဲ့သည်။ (၇၅၁၀)စီမံကိန်းအားအကောင်အထည်ဖော် ရန် ဆက်လက်လုပ်ဆောင်ရာတွင် တပ်မတော်၏ ဖိအားပေးတိုက်ခိုက်မှုကြောင့် ယင်းတို့ဝင်ရောက် လှုပ်ရှားနေပြီးဖြစ်သည့် အင်းအား၏အနောက်ခြမ်းဒေသအား တပ်မ(၆၈)တပ်များ လက်လွတ်ခဲ့ရခြင်း၊ မိုင်းပုကြိုးဂွင် ထိုးဖောက်ရေးကိုလည်းတပ်မတော်မှဟန့်တားကာကွယ်နိုင်ခဲ့ခြင်းတို့ကြောင့် စီမံကိန်းများ အောင်မြင်ရန် အခွင့်အလမ်းနည်းပါးခဲ့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီနှင့် နိုင်ငံခြားကွန်မြူနစ်ပါတီများဆက်သွယ်မှု

ဗမာပြည်ကွန်မြူနစ်ပါတီတွင် ၁၉၇၆ခုနှစ်မှ ၁၉၈၄ခုနှစ်အတွင်းတွင် မလေးရှားကွန်မြူနစ်ပါတီ၊ အင်ဒိုနီးရှားကွန်မြူနစ်ပါတီ၊ ထိုင်းကွန်မြူနစ်ပါတီ၊ လောကွန်မြူနစ်ပါတီ၊ အရှေ့တောင်အာရှကွန်မြူနစ်ဗျူရိုနှင့် ကြယ်ဝါ၊ ကြယ်စိမ်းအဖွဲ့[၁] များနှင့်ဆက်သွယ်မှုရှိခဲ့သည်။

တတိယအကြိမ်မြောက်ပါတီကွန်ဂရက်မှထွက်ပေါ်ခဲ့ချက်များ

ဗမာပြည်ကွန်မြူနစ်ပါတီက ၁၉၈၅ခုနှစ်၊ စက်တင်ဘာလ(၉)ရက်နေ့မှ (၃၀)ရက်နေ့အထိ ပန်ဆန်းတွင် ကျင်းပခဲ့သော တတိယအကြိမ်မြောက်ပါတီကွန်ဂရက်၌ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးနှင့် သဘောတရားရေးအရ ချွတ်ချွဲကျမှုများအား ထိပ်သီးခေါင်းဆောင်ပိုင်းမှ သွယ်ဝိုက်ပန်ခံသကဲ့သို့ ဒုတိယအဆင့်မှ ခေါင်းဆောင်များကလည်း တိုက်ရိုက်ဝန်ခံခဲ့ကြသည်။ ၁၉၈၅ခု၊ တတိယအကြိမ်မြောက်ပါတီကွန်ဂရက်မှ ရွေးချယ်လိုက်သော နိုင်ငံရေးဦးဆောင်အဖွဲ့၊ ဗဟိုကော်မတီဝင်၊ အရန်ဗဟိုကော်မတီဝင်များမှာ -

(က) **နိုင်ငံရေးဦးဆောင်အဖွဲ့**

(၁)	ဗသိန်းတင်	ဥက္ကဋ္ဌ၊ စစ်ကော်မရှင်ဥက္ကဋ္ဌ
(၂)	ဖေတင့်	ဒုတိယဥက္ကဋ္ဌ၊ ကုန်သွယ်ရေး
(၃)	ခင်မောင်ကြီး	အတွင်းရေးမှူး၊ အဖွဲ့ခေါင်းဆောင်
(၄)	တင်ရီ	စစ်ကော်မရှင်အတွင်းရေးမှူး
(၅)	မျိုးမြင့်	ဗဟိုရုံး
(၆)	ကျော်မြ	ပြန်ကြားရေးဌာန
(၇)	ကျင်မောင်	မြောက်ပိုင်းမြေပေါ်လုပ်ငန်းတာဝန်ခံ

(ခ) **ဗဟိုကော်မတီဝင်**

(၁)	ကျော်ဇော	ဗဟိုစစ်ဦးစီးဌာန
(၂)	စိုးသိန်း	ပန်ဆန်းစစ်ဒေသအတွင်းရေးမှူး
(၃)	ထွန်းလွင်	ပန်ဆန်းစစ်ဒေသအဖွဲ့ဝင်
(၄)	ဇော်မိုင်း	ပန်ဆန်းစစ်ဒေသအဖွဲ့ဝင်

---

[၁] ၁၉၈၃ခုနှစ်၊ နှစ်လည်ပိုင်းတွင် လောနိုင်ငံ၊ ဆဝမ်နာစေမြို့၌ အရှေ့တောင်အာရှကွန်မြူနစ်ဗျူရိုကို ထိုင်းနှင့်မလေးရှားကွန်မြူနစ်ပါတီတို့ပူးပေါင်းဖွဲ့စည်းခဲ့သည်။ ရည်ရွယ်ချက်မှာ လောနိုင်ငံအတွင်းအခြေစိုက်၍ လော၊ မြန်မာ၊ ထိုင်းနယ်စပ် ရွှေတြိဂံဒေသအတွင်းအခြေစိုက်လှုပ်ရှားရန်နှင့် ဗမာပြည် ကွန်မြူနစ် ပါတီနှင့် ဆက်သွယ် ပူးပေါင်းနိုင်ခြင်းဖြင့် ကွန်မြူနစ်အုပ်စုကြီးထွားလာစေရန်၊ အရှေ့တောင် အာရှနိုင်ငံ များရှိ ကွန်မြူနစ်အဖွဲ့အစည်းများကို ဆိုဗီယက်လိုလားသော အဖွဲ့အဖြစ်စည်းရုံး သွားရန်ဖြစ်သည်။ ယင်းအဖွဲ့တွင်လော၊ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ တရုတ်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်များပါဝင်လာပြီး ဆိုဗီယက်လိုလားသော ကြယ်ဝါအုပ်စုနှင့် တရုတ် လိုလားသော ကြယ်စိမ်းအုပ်စုဟူ၍ ဖြစ်ပေါ်ခဲ့သည်။

(၅) စံသူ အတွင်းရေးမှူး၊ အဖွဲ့ဝင်
(၆) စိုင်းအောင်ဝင်း မြောက်ပိုင်းဗျူရို
(၇) ဖေသောင်း မြောက်ပိုင်းဗျူရို
(၈) မြသောင်း ပန်ဆန်းစစ်ဒေသအဖွဲ့ဝင်
(၉) ဝူမင်း ဗဟိုရုံး
(၁၀) ဖရန်ဂန်ဒီး စည်းကမ်းထိန်းသိမ်းရေး
(၁၁) ရဲထွန်း နိုင်ငံခြားဆက်သွယ်ရေး
(၁၂) စောဟန် တနော်ရီ
(၁၃) တင်လှိုင် (၈၁၅)စစ်ဒေသ
(၁၄) မြမင်း အလယ်ပိုင်း

(၈) **အရန်ဗဟိုကော်မတီဝင်**

(၁) ကျောက်ညီလှိုင် ပန်ဆန်းစစ်ဒေသအဖွဲ့ဝင်
(၂) လီစစ်ယူ
(၃) ပေါက်ယုခွမ်း
(၄) စောဘမိုး
(၅) ကျော်မြင့် ဗဟိုကုန်သွယ်ရေး

တို့ဖြစ်ကြသည်။[၁]

ဗကပတို့၏ ခေါင်းဆောင်ပိုင်းအဖွဲ့အစည်းတွင် ပါဝင်သူများမှာပြည်ပအားကိုး တစ်ယူသန် ဝါဒီများက အများစုဖြစ်နေသည်ကို တွေ့ရသည်။ ဗကပအောက်ခြေထုတွင် လွယ်လ(ခေါ်) "ဝ" လူမျိုးများက အများဆုံးဖြစ်ပြီး တိုင်းရင်းသားလူမျိုးစုများက မြန်မာတို့ထက်များပြားသည်။ တိုင်းရင်း သားအုပ်စုများက ဗမာလူမျိုးကြီးဝါဒကျင့်သုံးသည်ဟု ဝေဖန်နေကြသောကြောင့် တိုင်းရင်းသား ခေါင်းဆောင်များကိုလည်း နေရာပေးထားရသည်။ ယမ်ကွမ်း(ခေါ်)တင်ရီသ ည်သန်းနှင့်ချီပြီးခွမ်းသာ သူဖြစ်သည်။ မကျေနပ်သူများပြားသော်လည်း ဩဇာထက်မြက်လျက်ရှိသည်။ ရဲဒင်(ခေါ်)တွန်းလွင် မှာလည်း သန်းကြွယ်သူဌေးကြီးတစ်ဦးဖြစ်သည်။ သခင်သန်းတင်၊ သခင်ဖေတင့်တို့မှာ အသက်(၈၀) နားနီးနေပြီး ရဲဘော်ကျော်မြသည် အသက်(၈၀)ကျော်နေပြီဖြစ်သည်။ ရဲထွန်းမှာ အသက်(၇၀)ကျော် ပြီး ဗကပထိပ်တန်းခေါင်းဆောင်မှုတွင် တက်ကြွစွာခေါင်းဆောင်မှုပေးနေကြသည့် ခင်မောင်ကြီး၊ ယန်ကွမ်း(ခေါ်)တင်ရီနှင့်မျိုးမြင့်တို့သုံးဦးမှာလည်း အသက်(၆၀)ကျော်ပြီဖြစ်သည်။ ဗကပအဖွဲ့အစည်း အတွင်းတွင် လွယ်လ၊ ကိုးကန့်၊ ကချင်လူမျိုးအလိုက် အုပ်စုဖွဲ့ပြီး ပဋိပက္ခ ဖြစ်ပွားလျက်ရှိရာ

ကာတွယ်ရေဦးစီးချုပ်ခုံး(တြည်း) ဗမာပြည်ကွန်မြူနစ်ပါတီအရှေ့မြောက်စစ်ဒေသသမိုင်းအကျဉ်း
သုတေသနဌာနစု နှင့်အလားအလာသုံးသပ်ချက် မျက် ၂၂-၂၄

ဗကပခေါင်းဆောင်အိုကြီးများသည် ရာထူးပေးခြင်းဖြင့် ဖြေရှင်းလေ့ရှိသည်။ ရာထူးကြီးသူများမှာ ဘိန်းလုပ်ငန်းတွင် ပိုမို၍ဩဇာရှိလာပြီး ပိုမို၍ဝင်ငွေကောင်းလာမည်ဖြစ်သည်။[၁]

တတိယအကြိမ်ပါတီကွန်ဂရက်တွင် သခင်ဗသိန်းတင်က ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံမည်ဟုမိန့်ခွန်းပြောကြားသောအခါ ပြည်တွင်းပြည်ပလေ့လာသူများမှာ တအံ့တသြဖြစ်ကြရသည်။ ၁၉၇၉ခုနှစ်တွင် စစ်ရေးအရ ယိမ်းယိုင်လာပြီး စေ့စပ်ဆွေးနွေးရန် ကမ်းလှမ်းရသည်အထိ အခြေအနေဆိုးခဲ့စဉ်ကလည်း ဆိုရှယ်နယ်ခဲ့များ (ဆိုဗီယက်ဗီယက်နမ်အုပ်စု) ၏ အန္တရာယ်ကြောင့် မြန်မာအစိုးရနှင့် ပူးပေါင်းရန်လိုသည်ဟုမဆိမဆိုင်အကြောင်းပြခဲ့သည်။ ထိုအချိန်မှစ၍ ထိုးစစ်ဆင်မတိုက်ခိုက်ရေးနှင့် မဟာဗျူဟာမြောက်ခံစစ်ရှင် ဆင်နွှဲရေး၊ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ ကိုကြွေးကြော်လာခဲ့ရာ (၅၅)လမ်းစဉ်အတိုင်းပင်ဖြစ်သည်ကို တွေ့ရှိရသည်။ သို့သော် ၁၉၆၃ခုနှစ် မှ ၁၉၇၅ခုနှစ်အတွင်း (၅၅)လမ်းစဉ်သမားများမှာ မြောက်မြားစွာ ဖြုတ်၊ ထုတ်၊ သတ်ခြင်းခံခဲ့ကြရပြီးဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ၁၉၈၀ပြည့်နှစ်မှစ၍ ကျင့်သုံးလာသောနိုင်ငံရေးလမ်းစဉ်များကို တတိယအကြိမ်ပါတီကွန်ဂရက်တွင် နိုင်ငံခြားသတင်းထောက်များ၊ မဒတကိုယ်စားလှယ်များ၊ ကေအိုင်အေ၊ကချင်သောင်းကျန်းသူ ကိုယ်စားလှယ်များရှေ့မှောက်တွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။ ဗကပတို့၏ နိုင်ငံရေးလမ်းစဉ်များမှာ-

(၁) ပါလီမန်ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးနှင့် နိုင်ငံအတွင်းဆူပူမှု၊ အုံကြွမှုများကို ဖန်တီး၍ အာဏာအရသိမ်းပိုက်ရေး။

(၂) လူမျိုးစုတော်လှန်ရေးအင်အားစုများ၏ ထောက်ခံမှုရရှိရေး။

(၃) ပါတီအားမဖျက်သိမ်းရသည့်မူဝါဒကိုစွဲကိုင်ရေး။

(၄) တပ်အားမဖျက်သိမ်းရရေး။

(၅) အခြေခံနယ်မြေများဆက်လက်တည်တံ့ရေး။

ဗကပတို့၏ နိုင်ငံရေးလမ်းစဉ်မှာတစ်ကမ္ဘာလုံးကနားလည်လက်ခံထားသည့် ကွန်မြူနစ်ဝါဒနှင့်ပင် ကိုက်ညီမှုမရှိတော့ပေ။ သို့သော် ဗကပတို့အနေဖြင့် ယင်းနိုင်ငံရေးလမ်းစဉ်ကို ချမှတ်ရသည့်အကြောင်းမှာ ၁၉၇၅ခုနှစ်မှစ၍ ပြည်ပကွန်မြူနစ်ပါတီနှင့် ချုပ်ဆိုခဲ့သောစာချုပ်မှာ(၁၀)နှစ်သက်တမ်းရှိပြီဖြစ်သဖြင့် ကုန်ဆုံးသွားပြီဖြစ်သည်။ နိုင်ငံတကာကွန်မြူနစ်များထဲမှ အကူအညီမရနိုင်သည့်အပြင်ကွန်မြူနစ်နိုင်ငံအများအပြားမှာလည်း အပြောင်းအလဲများဖြစ်နေကြသည်။ တောင်ပေါ်တိုင်းရင်းသားလူထုသည်လည်း ကွန်မြူနစ်ဝါဒအကြောင်းနားမလည်ကြသည့်တိုင်အောင် ဗကပများကြောင့် ကွန်မြူနစ်ဆိုလျှင်ရွံမုန်းနေကြသည်။ အထူးသဖြင့် ဗကပတို့အနေဖြင့် ကေအိုင်အေခေါင်း

---

၁ ရဲဘော်သစ်ဟောင်း "ဗမာပြည်ကွန်မြူနစ်ပါတီ၏သွေးစွန်းသောသမိုင်းကြောင်း(၇)" လှုပ်သားပြည်သူ့နေ့စဉ်သတင်းဆောင်းပါးပေါင်းချုပ် အတွဲ(၂)၊ မျက် ၁၆၄

ဆောင်ပိုင်းကို သိမ်းသွင်းထားနိုင်သော်လည်းယေဘုယျပိုင်းကမူ ဗကပများကို " ဘာသာမဲ့ " များ အဖြစ်မြင်နေကြရာ ကချင်လူမျိုးများအား ကွန်မြူနစ်ဝါဒကိုဗန်းပြ၍ စည်းရုံးရန်ခက်ခဲနေသည်။

ဗကပတို့၏ ၁၉၈၅ခုနှစ် တတိယအကြိမ်ပါတီကွန်ဂရက်ကို စစ်တမ်းထုတ်ကြည့်လျှင် နိုင်ငံရေးရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်ကို တွေ့ရှိရသည်-

(က) ပါတီစုံပါလီမန်ဒီမိုကရေစီစနစ်ဖော်ဆောင်ရန် သွေးထိုးလှုံ့ဆော်၍ ဆူပူအုံကြွမှုများ အပေါ် အခွင့်ကောင်းယူ အမြတ်ထုတ်ကာ နိုင်ငံရေးအာဏာရယူရန်။

(ခ) ကေအိုင်အေမှတစ်ဆင့် မဒတကိုဝါးမျိုပြီး အင်အားတိုးချဲ့ရန်။

(ဂ) အနိမ့်ဆုံးအဆင့်တွင် ပါတီ၊ တပ်နှင့်နယ်မြေများသီးသန့်တည်ရှိရေးကို ကျားကန်ထားပြီး ဘိန်းနယ်ပယ်လေးတစ်ခုတည်ဆောက်ရန်။

တတိယအကြိမ်ပါတီကွန်ဂရက်သည် ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရန်သွေးထိုးလှုံ့ဆော်၍ ဆူပူအုံကြွမှုများဖန်တီးရေးကို ရေရှည်စီမံကိန်းအဖြစ် သတ်မှတ်ခဲ့သည်။ လက်တွေ့တွင်ကား ဘိန်းစိုက်ပျိုးရေး၊ ဘိန်းဖြူ၊ ဘိန်းညှိများချက်လုပ်ရေး၊ သတ္တုခိုးထုတ်ရောင်းချရေး၊ မှောင်ခိုကုန်ကူးရေးလုပ်ငန်းများကို တိုးချဲ့လာခဲ့သည်။ မဒတမြောက်ပိုင်းစစ်ကြောင်းကို ကေအိုင်အေမှတစ်ဆင့် ဝါးမျိုရန် ကြိုစည်ခဲ့သည်။ ထို့နောက် နိုင်ငံရေး၊ စစ်ရေးအဖတ်ဆယ်နိုင်ရေးအတွက် ဗကပတပ်မဟာ (၁)၊ (၂)၊ (၃)၊ ကချင်သောင်းကျန်းသူ၊ ရှမ်းသောင်းကျန်းသူ၊ ပလောင်သောင်းကျန်းသူများ ပူးပေါင်းအင်အား(၈၀၀၀)ခန့်သည် ၁၉၈၆ခုနှစ်၊ နိုဝင်ဘာလ(၁၆)ရက်နေ့မှစ၍ မူဆယ်မြို့နယ်အတွင်းရှိ စီစီဝမ်၊ တာပန်တောင်ကြောများအား လက်နက်ကြီးပစ်ကူများဖြင့် တိုက်ခိုက်ခဲ့သည်။ တပ်မတော်၏ တပ်စိတ်၊ တပ်စု၊ တပ်ခွဲအဆင့်စခန်းများသည် ရန်သူကို ရွပ်ရွပ်ခွံခွံခုခံတိုက်ခိုက်ကြပြီး စီစီဝမ်၊ တာပန်ကို အခိုက်အတန့်လက်လွတ်ပေးလိုက်ရသည်။ သို့သော် တပ်မတော်မှ ချက်ချင်းပင်တန်ပြန် တိုက်စစ်ကိုဆင်နွှဲရာ စီစီဝမ်၊ တာပန်တောင်ကြောများသာမက ဗကပများကာလအတန်ကြာ ခြေကုတ် ယူထားသည့် လွယ်ဝိန်းတောင်ကြော၊ လုံခမ်တောင်ကြော၊ နမ့်တောင်း၊ မုန်းပေါ်နှင့် မြင်တန်တောင်ကြောများကိုပါ ဆက်လက်သိမ်းပိုက်နိုင်ခဲ့သည်။

၁၉၈၇ခုနှစ်၊ ဇန်နဝါရီလ(၆)ရက်နေ့တွင် တပ်မတော်က ပန်ဆိုင်း(ကြူကုတ်)ကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ဗကပများသည် ၁၉၇၀ပြည့်နှစ်၊ မတ်လ(၂၁)ရက်နေ့တွင် မုန်းပေါ်ကိုလည်းကောင်း၊ မတ်လ(၂၈)ရက်နေ့တွင် ပန်ဆိုင်း(ကြူကုတ်)ကိုလည်းကောင်း သိမ်းပိုက်ထားခဲ့ပြီး (၁၆)နှစ်ကျော် ကြီးစိုးနေရာမှ လုံးဝလက်လွတ်လိုက်ရခြင်းဖြစ်သည်။ တပ်မတော်သည် ထိုးစစ်ကို မရပ်တန့်ဘဲဆက်လက်ဆင်နွှဲရာ မန်ဟီးရိုး၊ ကွန်ဟိုင်းနှင့် နောင်မနယ်မြေများကို ၁၉၈၇ခုနှစ်၊ ဇန်နဝါရီလ(၁၃)ရက်နေ့တွင် ထပ်မံသိမ်းပိုက်ရရှိသည်။ ဗကပမဟာမိတ်ကေအိုင်အေများ၏ တပ်မဟာ(၄) ဆမားဒဘန်နယ်မြေနှင့် ပါကျိုနားဖေါ် ဗဟိုဌာနချုပ်ပါ ဆက်တိုက်သိမ်းပိုက်ရရှိသည်။ ၁၉၈၇ခုနှစ် နှစ်ဦးပိုင်းတွင် ဗကပ၊ ကေအိုင်အေနှင့် မဒတမြောက်ပိုင်းစစ်ကြောင်းတို့သည် ထိုးစစ်ဆင်နွှဲရန် ကြံ

စည်စဉ်မှာပင် တပ်မတော်၏ထိုးစစ်များကို ရင်ဆိုင်ခဲ့ရလေရာ များစွာအထိနာသွားရသည်။ စိစိဝမ်၊ တာပန်နှင့် ပန်ဆိုင်း(ကြူကုတ်)ကို သိမ်းပိုက်သည်အထိ တိုက်ပွဲများတွင် ဗကပ (၁၀၀၀)ကျော် သေကြေပျက်စီးခဲ့ရသည်။ တိုက်ပွဲဖြစ်ပွားစဉ်ကာလမှာ ဘိန်းရာသီဖြစ်ရာ ဗကပခေါင်းဆောင်များ အတွင်းဘိန်းလုပ်ငန်းဖြင့် စီးပွားရေးကို မဆောင်ရွက်ဘဲ စိစိဝမ်၊ တာပန်ကိုသွားရောက်တိုက်ခိုက်သောကြောင့် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ ကက္ကာသုံးရပ်စလုံးတွင် ဆုံးရှုံးရသည်ဟု ဝေဖန်လာကြသည်။ ထိုသို့ဝေဖန်သူများမှာ စစ်ဘုရင်ဝါဒသမားများနှင့် ဘိန်းမှောင်ခိုအုပ်စုသမားများဖြစ်သည်။ စစ်ဘုရင်ဝါဒသမားများမှာ နိုင်မည်မထင်လျှင် မတိုက်ပေ။ သေချာမှသာတိုက်လိုသည်။ ဘိန်းမှောင်ခိုသမားအုပ်စုကမူ တပ်မတော်ကိုရှောင်ရှားပြီး ငွေရအောင်သာရှာလိုကြသည်။ နိုင်ငံရေးအဖတ်ဆယ်လိုသူများကမူ ဘိန်းစိုက်ပျိုးမှုကြောင့် တစ်ဖက်နိုင်ငံ၏ကယ်တင်မှုကို မရရှိခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ကြသည်။ မြောက်ပိုင်းဗဟိုခွဲ(မြောက်ပိုင်းဗျူရို)သည် လက်လွတ်ခဲ့ရသော နယ်မြေများကို ပြန်လည်သိမ်းပိုက်ရန် အပြင်းအထန်ကြိုးစားသော်လည်း မအောင်မြင်ခဲ့ပေ။ ဗကပတို့အတွင်း ရိက္ခာအကျပ်အတည်းကြောင့် လူ(၁၀၀၀)ကို စိစိဝမ်၊ တာပန်တွင် စတေးပစ်ခဲ့သည်ဟူ၍ပင် ဝေဖန်ချက်များပေါ်ထွက်လာသည်။[၁]

ဗကပများသည် အရှေ့မြောက်ဒေသတွင်အခြေမလှသဖြင့် အရှေ့ဖျားဒေသကိုလည်း ခြေကုတ်ယူလာကြသည်။ တရုတ်ဖြူများ၊ "ဝ"သောင်းကျန်းသူ (WNA) များနှင့်ပူးပေါင်းကာ ခွန်ဆာ၏လွယ်မော်အဖွဲ့နှင့် တရုတ်ဖြူ "ဝ" သောင်းကျန်းသူတို့၏ ပဋိပက္ခတွင် တရုတ်ဖြူ "ဝ" သောင်းကျန်းသူများဘက်မှ လိုက်ခဲ့သည်။ သို့သော် မိုးဟိန်းအဆင့်(၁၂)စစ်ဆင်ရေးကြီးတွင် တပ်မတော်၏တိုက်ခိုက်မှုကြောင့် အထိနာသွားပြန်သည်။[၂]

အမှန်မှာ ဗမာပြည်ကွန်မြူနစ်ပါတီသည် ၁၉၈၆ခုနှစ်တွင် ဖြစ်ပွားခဲ့သော အရှေ့မြောက်ဒေသရှိ စိစိဝမ်၊ တာပန်တိုက်ပွဲအပြီးတွင် အရှုံးကြီးရှုံးခဲ့ရသော ယင်းတို့၏စစ်ရေးနှင့် နိုင်ငံရေးအခြေအနေများကို ပြန်လည်အဖတ်ဆယ်နိုင်ရန်အတွက် လက်နက်ကိုင်အင်အားများကိုစုစည်း အားမွေးရင်းဆင်ကြေကြေနေခဲ့ကြသည်။ တစ်ဖက်တွင်လည်း ယင်းတို့၏ ကျဆင်းကုန်ဆုံးခဲ့ကြသော စစ်ရေးနှင့် နိုင်ငံရေးသိက္ခာများကို ပြန်လည်ဆယ်တင်နိုင်ရန်အတွက် မြေအောက် "ယူဂျီ" လုပ်ငန်းများကို အားဖြည့်တိုးချဲ့ကာ တစ်ယောက်ကအစ တစ်ရာဆိုသကဲ့သို့ လူထုကြီးတစ်ရပ်လုံးအုံကြွလာစေရန်ကိုလည်း ဖန်တီးခဲ့ကြသည်။ ယင်းတို့၏ ယူဂျီအဖွဲ့များသည်မြေပေါ်တွင် (၄၈၂၈)ဒေသပါတီကော်မတီကို ဖွဲ့စည်းခဲ့ကြပြီး ကျောင်းသားထုအတွင်းနှင့် လူထုလူတန်းစားအလွှာအသီးသီးအတွင်း၌ပါ စိမ့်ဝင်ထိုးဖောက်ကာ လှုံ့ဆော်စည်းရုံးခဲ့ကြသည်။ တိုင်းပြည်၏ကျဆင်းနေသော စီးပွားရေးအခြေအနေများ

---

၁ ရဲဘော်သစ်မောင် "ဗမာပြည်ကွန်မြူနစ်ပါတီ၏သွေးစွန်းသောသမိုင်းကြောင်း(၇)" လုပ်သားပြည်သူ့နေ့စဉ်ဆောင်းပါးပေါင်းချုပ်၊ အတွဲ(၂) မျက် ၁၆၇-၁၆၈

၂ ရဲဘော်သစ်မောင် "ဗမာပြည်ကွန်မြူနစ်ပါတီ၏သွေးစွန်းသောသမိုင်းကြောင်း(၇)" လုပ်သားပြည်သူ့နေ့စဉ်ဆောင်းပါးပေါင်းချုပ်၊ အတွဲ(၂) မျက် ၁၆၈-၁၆၉

အပေါ်တွင် အမြတ်ထုတ်အခွင့်ကောင်းယူကာ နိုင်ငံရေးအရ ဆူပူအုံကြွမှုကြီးများဖြစ်ပေါ်လာစေရန် ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားလာခဲ့ကြသည်။ ဤသို့ဖြင့် အစီအမံရှိရှိဖြင့် ပူးကပ်ဆောင်ရွက်လာမှုတို့ကြောင့်လည်း နောက်ဆုံးအခြေအနေတွင် ထိန်းမနိုင်သိမ်းမရ နှင့် အုပ်ချုပ်ရေးယန္တရားများပျက်ပြားခဲ့ရသည်အထိ ဖော်ဆောင်လာနိုင်ခဲ့ကြသည်။[၁]

ဤကဲ့သို့ နိုင်ငံရေးအရ ပြည်တွင်းတွင် ဆူပူအုံကြွမှုကြီးများကို ဖေါ်ဆောင်ဖန်တီးပေး ခဲ့ပြီးသည်နှင့်တစ်ပြိုင်နက်စစ်ရေးလှုပ်ရှားမှုများကိုပါထည့်သွင်းပေါင်းစပ်ကာမြေပေါ်မြေအောက် နှစ်ဖက်ညှပ်၍ အာဏာသိမ်ပိုက်ရေးခြေလှမ်းကိုတက်လှမ်းလာခဲ့ကြသည်။ ယင်းကဲ့သို့ ပေါင်းစပ်ဖေါ်ထုတ်လိုက်သောခြေလှမ်းသည်ကား မိုင်းယန်းဒေသတိုက်ပွဲပင်ဖြစ်သည်။ ဗကပတို့၏အကြံအစည်မှာ မိုင်းယမ်းဒေသအားရရှိပါက မူဆယ်၊ နမ့်ခမ်း၊ ကြူကုတ်(ပန်ဆိုင်း) တို့ကိုဆက်လက်သိမ်းယူမည်။ ထို့နောက် ရှမ်းပြည်နယ်တစ်ခုလုံးကို ပြည်ထောင်စုအတွင်းမှဖဲထုတ်ကာ ယင်းဒေသများအားလက်ကိုင်ပြု၍အစိုးရကိုအကြပ်ကိုင်မည်ဟုလည်းအစီအမံများထားရှိခဲ့ကြသည်။ ထို့ကြောင့် မိုင်းယန်းဒေသတိုက်ပွဲသည် နိုင်ငံတော်အတွက်သော်လည်းကောင်း၊ ဗကပများအတွက်သော်လည်းကောင်း၊ အဆုံးအဖြတ်ပေးမည့် သမိုင်းဝင်တိုက်ပွဲတစ်ပွဲဖြစ်လာခဲ့သည်။ မိုင်းယန်းဒေသတိုက်ပွဲသည် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ(၂၃)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ(၈)ရက်တိုင်တိုင်ဗကပအင်အား (၂၀၀၀) ကျော်အား ပြင်းပြင်းထန်ထန်တိုက်ခိုက်ရသည့်တိုက်ပွဲဖြစ်သည်။

ဗကပတို့အနေဖြင့် မြေပေါ်တွင်နိုင်ငံရေးအရ ဆူပူလှုပ်ရှားမှုများနှင့်အတူ မြေအောက်လက်နက်ကိုင်အဖွဲ့အစည်းများကလည်း စစ်ရေးအရလှုပ်ရှားမှုများဖြင့် ဟန်ချက်ညီညီအကွက်စေ့စေ့စီမံလုပ်ကိုင် ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဗကပတို့သည် ယင်းတို့၏မြေပေါ်မြေအောက်အဖွဲ့ အစည်းများဖြင့် မဟာဗျူဟာအရအစီအစဉ်ရှိရှိဖြင့် ဖြစ်ပေါ်နေသည့် နိုင်ငံတော်၏အခြေအနေပေါ်တွင် အခွင့်ကောင်းယူကာ လက်မလွတ်တမ်းအမြတ်ထုတ်အသုံးချခဲ့ကြခြင်းဖြစ်သည်။[၂] မိုင်းယန်းဒေသတိုက်ပွဲတွင် ဗကပတို့သည် အရှုံးကြီးရှုံး၍ အထိအနာကြီးနာကာ ဆုတ်ခွာထွက်ပြေးခဲ့ရပြီး ယင်းတို့၏အကြံအစည်မျှော်မှန်းချက်ကြီးကိုလည်း လက်လွှတ်ဆုံးရှုံးခဲ့ရပေသည်။

၁၉၄၈ခုနှစ်မှ ယနေ့အထိနှစ်ပေါင်း ၄၀ ကျော်လက်နက်ကိုင်လမ်းစဉ်ဖြင့် ဆူပူသောင်းကျန်းခဲ့ကြသောဗကပများသည် လမ်းစဉ်အမျိုးမျိုး၊ ကြွေးကြော်သံအမျိုးမျိုးကို ကြွေးကြော်ဟစ်အော်လာခဲ့ကြသော်လည်း လက်တွေ့လုပ်ငန်းများမှာမူ အဖျက်လုပ်ရပ်များသာဖြစ်သည်။ အမျိုးသားရေးကိုအကြိမ်ကြိမ်သစ္စာဖောက်ခဲ့ပြီး လူသတ်ပွဲများကိုလည်း အကြိမ်ကြိမ်ကျင်းပခဲ့သည်။ တစ်ချိန်က

---

၁ **တပ်မတော်သားသုတေသီတစ်ဦး** ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်းဖြတ်သန်းလာသော မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်သားကဏ္ဍ၊ တတိယတွဲ မျက် ၂၁၇

၂ **တပ်မတော်သားသုတေသီတစ်ဦး** ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်းဖြတ်သန်းလာသော မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်သားကဏ္ဍ၊ တတိယတွဲ မျက် ၂၁၇

မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မားဆုံး နိုင်ငံရေးအင်အားစုနှင့် အင်အားအကောင်းဆုံးသော်ကျန်းသူအဖွဲ့အစည်းဘဝတွင် ရပ်တည်ခဲ့သော ဗကပများသည် ယခုအခါတွင်မည်သည့်လမ်းစဉ်ကို ချမှတ်ထားသည်ဆိုစေကာမူ မှောင်ခိုဘိန်းဂိုဏ်းကြီးတစ်ခုသာဖြစ်နေပေသည်။[၁]

ကရင်သောင်းကျန်းသူများ(ကေအင်ယူ)အခြေအနေ
သံလွင်မြစ်အရှေ့နှင့် အနောက်ဘက်ရှိကေအင်ယူအခြေအနေ
ကေအင်ယူအဖွဲ့(၉)ကြိမ်မြောက်ညီလာခံ

၁၉၇၄ခုနှစ်၊ စက်တင်ဘာလ(၉)ရက်နေ့တွင် ကေအင်ယူဗဟိုဌာနချုပ်၌ ကျင်းပသော ကေအင်ယူ(ကရင်အမျိုးသားအစည်းအရုံး)၏ (၉)ကြိမ်မြောက်ညီလာခံတွင် ကေအင်ယူဗဟိုအမြဲတမ်းကော်မတီကို ကော်မတီဝင် (၂၅)ဦးဖြင့် သတ်မှတ်ဖွဲ့စည်းခဲ့သည်။ ယင်းတို့မှာ-

(က) ဗိုလ်မြ
(ခ) မန်းဘဇံ
(ဂ) ဗိုလ်သန်းအောင်
(ဃ) ဗိုလ်မောင်မောင်
(င) ဖဒိုဖူးလယ်ဝါး
(စ) ရွှေဆိုင်း
(ဆ) ဖဒိုဘော်ယူဖေါ
(ဇ) ကစဲဒို
(စျ) ထိန်မောင်
(ည) ဖဒိုဂေဒွဲဘွား
(ဋ) ဖဒိုချားလေ
(ဌ) ဖဒို သာပြခန့်
(ဍ) ဖဒိုဖူးမြ
(ဎ) ဖဒိုဘသင်
(ဏ) ဘောနေ
(တ) ဖဒိုဖူးလယ်မူး
(ထ) လှထူး
(ဒ) ဗိုလ်ဘလုံ

---

၁ ရဲဘော်သစ်မောင် "ဗမာပြည်ကွန်မြူနစ်ပါတီ၏သွေးစွန်းသောသမိုင်းကြောင်း(၇)" <u>လုပ်သားပြည်သူ့နေ့စဉ်ဆောင်းပါးပေါင်းချုပ် အတွဲ(၂)</u> <u>လုပ်သားပြည်သူ့နေ့</u> ဖျော် ၁၆၉

(ခ) တာမလာဘော
(န) ဖဒိုစောသိန်း
(ပ) ဖဒိုတာကိုဘော
(ဖ) ဖဒိုကလိုပါ
(ဗ) ဖဒိုစကောလူး
(ဘ) ဖဒိုမြန္မော
(မ) ဝိုလ်မူတူး

ညီလာခံတွင် မန်းဘဇံခေါင်းဆောင်သော ကေအင်ယူပါတီနှင့် ဝိုလ်မြခေါင်းဆောင်သော ကေအင်ယူတို့ အင်အား ပြိုင်ခြင်းဖြစ်သည်။ ကေအင်ယူဗဟိုအမြဲတမ်းကော်မတီ ဥက္ကဋ္ဌနေရာအတွက် ပထမအကြိမ်လျှို့ဝှက်မဲဖြင့် ရွေးချယ်ရာတွင် ဝိုလ်မြ(၂၆)မဲ၊ မန်းဘဇံ(၂၂)မဲ၊ ဝိုလ်သန်းအောင် (၅)မဲနှင့် ရွေဆိုင်း(၂)မဲ အသီးသီးရရှိခဲ့သည်။ ဝိုလ်မြနှင့် မန်းဘဇံကို ဥက္ကဋ္ဌနေရာအတွက် လျှို့ဝှက်မဲဖြင့် ထပ်မံရွေးချယ်ရာတွင် မန်းဘဇံ(၃၁မဲ)၊ ဝိုလ်မြ(၂၄မဲ)အသီးသီးရရှိသဖြင့် မန်းဘဇံကို အမြဲတမ်းကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဝိုလ်မြကိုဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ အမြဲတမ်းကော်မတီအထွေထွေအတွင်းရေးမှူးနှင့် တွဲဘက်အထွေထွေအတွင်းရေးမှူးအဖြစ် ဝိုလ် သန်းအောင်နှင့် ဝိုလ်မောင်မောင်တို့အားရွေးချယ်ခဲ့ကြသည်။ [၁]

ကေအင်ယူဗဟိုအလုပ်အမှုဆောင်ကော်မတီ

၁၉၇၄ခုနှစ်မှ ၁၉၇၈ခုနှစ်အထိ(၄)နှစ်တာကာလအတွင်း တာဝန်ထမ်းဆောင်ရမည့် ဗဟို အလုပ်အမှုဆောင် ကော်မတီစာရင်းနှင့် တာဝန်ယူထမ်းဆောင်ရမည့် ဌာနအသီးသီးကို ညီလာခံမှ အောက်ပါအတိုင်း ရွေးချယ်ခဲ့သည်-

(က)	မန်းဘဇံ	ဥက္ကဋ္ဌ	နိုင်ငံခြားရေးဌာန
(ခ)	ဝိုလ်မြ	ဒုတိယဥက္ကဋ္ဌ	ကာကွယ်ရေးဌာန၊ သတ္တုတွင်းဌာန
(ဂ)	ဝိုလ်သန်းအောင်	အထွေထွေအတွင်းရေးမှူး	
(ဃ)	ဝိုလ်မောင်မောင်	တွဲဘက်အထွေထွေအတွင်းရေးမှူး	စည်းရုံးရေးဌာန
(င)	ဖဒိုသာပြည့်		သစ်တော၊ လယ်ယာစိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်း
(စ)	ဖဒိုဖူးလယ်ဝါး		ဘဏ္ဍာရေးနှင့်အခွန်ဌာန

---

[၁] ကာကွယ်ရေးဦးစီးချုပ်ရုံး၊ ပြည်တွင်းသောင်းကျန်းသူများ ကရင်သောင်းကျန်းသူများသမိုင်း သမိုင်း၊ စာစောင်ပြုစုရေးတော်မတီ အကျဉ်းချုပ် မျက် ၄၄

(ဆ) ဖဒိုဘော်ယူဖေါ် ပညာရေး၊ ယဉ်ကျေးမှုနှင့် တရားရေးဌာန

(ဇ) ဖဒိုကခွဲဘွား ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာန၊ သယ်ယူပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးဌာန

ကေအင်ယူအား ဗိုလ်မြမှ အာဏာသိမ်းယူခြင်း

မြစ်ဝကျွန်းပေါ်ဒေသနှင့် ပဲခူးရိုးမရှိကရင်သောင်းကျန်းသူအဖွဲ့အစည်းများကို တပ်မတော်နှင့် ပြည်သူပူးပေါင်းပြီး ချေမှုန်းနိုင်ခဲ့သည်။ ကရင်အရှေ့တိုင်းဟုခေါ်သော စစ်တောင်းမြစ်အရှေ့ခြမ်းဒေသတွင်လည်း တပ်မတော်မှ အဆက်မပြတ် ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ရာ ကေအင်ယူပါတီသည် သီးခြားရပ်တည် နိုင်စွမ်းမရှိတော့သောကြောင့် ဗိုလ်မြနှင့် ပူးပေါင်းခဲ့ရသည်။ မြစ်ဝကျွန်းပေါ်နှင့် ပဲခူးရိုးမရှိကရင်လက်နက်ကိုင်တပ်အားလုံး လုံးဝချေမှုန်းခံရပြီး အရှေ့တိုင်းဒေသတွင် ကရင်သောင်းကျန်းသူ အင်အားစုများ ဦးနှိမ်ခံနေရစဉ်ကာလအတွင်း ဗိုလ်မြ၏ ကေအင်ယူအဖွဲ့ လက်နက်ကိုင်တပ်များသည် ပြည်ပြေးအဖွဲ့အကူအညီဖြင့် ပိုမိုခိုင်မာအောင် တည်ထောင်နိုင်ခွင့်ရရှိခဲ့သည်။ ဗိုလ်မြသည် တပ်မဟာ(၁)၊ တပ်မဟာ(၆)၊ တပ်မဟာ(၇)တို့ကို လူအင်အား၊ လက်နက်အင်အား အပြည့်အဝ တပ်ဆင်ပေးနိုင်ခဲ့သည်။ တပ်မဟာ(၁)၊ (၆)၊ (၇)တို့ကို စိတ်ချယုံကြည်ရသော တပ်မဟာမှူး၊ တပ်ရင်းမှူးများဖြင့် ဖွဲ့စည်း၍ လူအင်အား၊ လက်နက်အင်အားများ အများဆုံးဖြင့် ဖွဲ့စည်းပြီး လက်နက်ကိုင်တပ်အဖြစ် အသင့်ဖွဲ့စည်းထားပြီးဖြစ်သည်။ ၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလ(၁၃)ရက်နေ့မှစ၍ (၂၉)ရက်နေ့အထိ ဘိန်းတစ်ဖက်ကမ်း၊ ထိုင်းနိုင်ငံအတွင်း အောင်မြင်ခြင်းကွင်းရှိ ကေအင်ယူ ဗဟိုတွင် အလုပ်အမှုဆောင်အစည်းဝေးကို ကျင်းပသည်။ ယင်းအစည်းအဝေးတွင် ကေအင်ယူပိမှ ကေအင်ယူသို့ လာရောက်ပူးပေါင်းခြင်းကို တရားဝင်လက်ခံကြောင်းနှင့် ကေအင်ယူပီတပ်များ ဖျက်သိမ်းပြီး ကေအင်ယူတပ်များသို့ သိမ်းသွင်းကြောင်းဆွေးနွေးခဲ့သည်။

ဗိုလ်မြသည် အခြေအနေအရ အစဉ်အလာရှိသော မန်းဘဲအား ကေအင်ယူတပ်ဦးဥက္ကဋ္ဌ အဖြစ် တင်မြှောက်ထားရသော်လည်း မန်းဘဲတို့၏ အဖွဲ့အခြေအနေအား စောင့်ကြည့်ခဲ့သည်။ ကေအင်ယူဗဟိုတွင် မန်းဘဲ၊ ဗိုလ်ချုပ်မြမောင်နှင့်စကောလယ်တောတို့(၃)ဦးတို့သည် ကေအင်ယူတပ်ဦးအတွင်း ဗမာပြည်ကွန်မြူနစ်ပါတီ အရိပ်အယောင်များသမ်းရန် ကြိုးပမ်းခဲ့ကြသည်။ မန်းဘဲမှလည်းကေအင်ယူဗဟိုတွင် စစ်ရေး၊ နိုင်ငံရေးသင်တန်းများဖွင့်လှစ်ပို့ချပေးခဲ့သည်။ မန်းဘဲအုပ်စုသည် ယင်းသင်တန်းကို ခုတုံးလုပ်၍ကေအင်ယူဗဟိုကိုဗမာပြည်ကွန်မြူနစ်ပါတီ ဝါဒသွတ်သွင်းနေခြင်းအား ဗိုလ်မြက ကြိုက်နှစ်သက်ခြင်းမရှိပေ။ သို့ဖြစ်၍ ဗိုလ်မြက ထိုသင်တန်းများ မဖွင့်ရန်ပိတ်

ပင်တားမြစ်ခဲ့သည်။ မန်းဘဇံအုပ်စုသည် ဗိုလ်မြ၏ ပိတ်ပင်မှုကြား မှပင် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပေါင်းစည်းရန်ကြိုးပမ်းခဲ့ကြသည်။ ၃၀-၇-၇၆မှ ၁၁-၈-၇၆အထိ ကေအင်ယူဗဟို၌ ဗဟိုကော်မတီ ဝင်များ အရေးပေါ်အစည်းအဝေးပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးတွင် မန်းဘဇံက ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ပူးပေါင်းရေးကို တင်ပြသဖြင့် ဗိုလ်မြနှင့် သဘောထားကွဲလွဲကာ ဗိုလ်မြက မန်းဘဇံအပါအဝင်(၁၀)ဦးကိုထိန်းသိမ်းခဲ့သည်။ ဖမ်းဆီးထိန်းသိမ်းခံရသူများတွင်မန်းဘဇံ(ကေအင်ယူ ဥက္ကဋ္ဌ)၊ ဂျက်ကော့ ဒန်းဟေး(ဗဟိုနိုင်ငံရေးမှူး)၊ တင်ဦးခေါ်တာအဲ(စစ်ဆင်ရေးမှူး)၊ ဗိုလ်မောင်မောင် (တွဲဘက်အတွင်းရေးမှူး)၊ စကောလယ်တောနှင့် စိုးအောင်တို့ပါဝင်ခဲ့သည်။ ဗိုလ်မြ သည် ၁၉၇၄ခုနှစ် ညီလာခံမှလွှေးကောက် တင်မြောက်ခဲ့သော အမြဲတမ်းကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီကို လျစ်လျူပြု၍ ညီလာခံကျင်းပခြင်း၊ ဗဟိုကော်မတီခေါ်ယူခြင်းမပြုပဲ ကေအင်ယူဗဟို အလုပ် အမှုဆောင်အဖွဲ့ကို ယင်း၏စိတ်ကြိုက်ဖွဲ့စည်းခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ အမြဲတမ်းကော်မတီ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌမန်းဘဇံကို အသက်အရွယ်ကြီးရင့်သည်ဟု အကြောင်းပြ ကာ နာယကအဖြစ်ထားရှိပြီး ကေအင်ယူဗဟိုအမြဲတမ်းကော်မတီဥက္ကဋ္ဌအဖြစ် ဗိုလ်မြမှ ဝင်ရောက် နေရာယူခဲ့သည်။ ကေအင်ယူဗဟိုအမြဲတမ်းကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီကို အောက်ပါအတိုင်းပြန်လည်ဖွဲ့ စည်းခဲ့သည်-

(က) **ကေအင်ယူဗဟိုအမြဲတမ်းကော်မတီ**

(၁)	မန်းဘဇံ	နာယကကြီး
(၂)	ဗိုလ်မြ	ဥက္ကဋ္ဌ
(၃)	စောသန်းအောင်	အထွေထွေအတွင်းရေးမှူး
(၄)	ဖဒိုဖူးလယ်ဝါး	အဖွဲ့ဝင်
(၅)	ဖဒိုဘသင်	အဖွဲ့ဝင်
(၆)	မာဘယ်	အဖွဲ့ဝင်
(၇)	မြမောင် (ခ) မန်းသုခနုတ်	အဖွဲ့ဝင်
(၈)	စကောလယ်တော	အဖွဲ့ဝင်
(၉)	ဦးစိုးအောင်	အဖွဲ့ဝင်
(၁၀)	ဖဒိုချားလေ	အဖွဲ့ဝင်
(၁၁)	ဗိုလ်တင်ဦး	အဖွဲ့ဝင်
(၁၂)	ရွှေဆိုင်း	အဖွဲ့ဝင်
(၁၃)	မူတူး	အဖွဲ့ဝင်
(၁၄)	မန်းသိန်း	အဖွဲ့ဝင်
(၁၅)	ထိန်မောင်	အဖွဲ့ဝင်

(၁၆) ဖဒိုဘာသီ အဖွဲ့ဝင်
(၁၇) ဘောနေ အဖွဲ့ဝင်
(၁၈) ကျော်ဟိုး အဖွဲ့ဝင်
(၁၉) စံလင်း အဖွဲ့ဝင်
(၂၀) ကစဲဒိုး အဖွဲ့ဝင်
(၂၁) တပ်မဟာ(၁)ခရိုင်ဥက္ကဋ္ဌ အဖွဲ့ဝင်
(၂၂) တပ်မဟာ(၃)ခရိုင်ဥက္ကဋ္ဌ အဖွဲ့ဝင်
(၂၃) ဖဒိုသာပြည့် အဖွဲ့ဝင်
(၂၄) ထောလှ အဖွဲ့ဝင်
(၂၅) ဝါဝိန်း(ခ)တာမလာဘော အဖွဲ့ဝင်
(၂၆) လှထူး အဖွဲ့ဝင်
(၂၇) တာရု အဖွဲ့ဝင်
(၂၈) ကျော်သောင်း အဖွဲ့ဝင်
(၂၉) စောထော အဖွဲ့ဝင်

(ခ) ကေအင်ယူဗဟိုအလုပ်အမှုဆောင်ကော်မတီ

(၁) ဗိုလ်မြ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဌာန
(၂) စောသာပြည့် ဒုတိယဥက္ကဋ္ဌ၊
သစ်တောဌာန
(၃) စောသန်းအောင် အထွေထွေအတွင်းရေးမှူးချုပ်၊
ဝန်ကြီးချုပ်
(၄) ဂလက်စတုံး ပြည်ထဲရေးဌာန
(၅) ဖဒိုဖူးလယ်ဝါး ဘဏ္ဍာရေး/အခွန်တော်ဌာန
(၆) ဖဒိုဘော်ယူဖေါ တရားရေးဌာန
(၇) စောမြမောင် သတ္တုတွင်းဌာန
(၈) ဖဒိုစောဘသင် ပညာရေး/ယဉ်ကျေးမှုဌာန
(၉) ဖဒိုချားလေ လူမှုရေးနှင့် ကျန်းမာရေးဌာန

ကေအင်ယူနှင့် အခြားသောင်းကျန်းသူများဆက်ဆံရေး

ကရင်အမျိုးသား အစည်းအရုံး(ကေအင်ယူ)သည် လက်နက်ကိုင်တော်လှန်ရေးမစမီ ၁၉၄၇ ခုနှစ် မော်လမြိုင်ညီလာခံ၌ လူမျိုးစုတပ်ဦးဖွဲ့စည်းရန် ဆုံးဖြတ်ချမှတ်ခဲ့သည်။ မွန်၊ ကရင်နီ၊ ကချင် တို့နှင့်မဟာမိတ်ဖွဲ့ခဲ့ သည်။ ၁၉၅၆ခုနှစ်တွင် မွန်၊ ကရင်နီ၊ ပအို၊ ကရင်လူမျိုးစု(၄)စုဖြင့် ဒီမိုကရက်

တစ်လူမျိုးစုများ ညီညွတ်ရေးတပ်ဦး (ဒလညတ)ကို ဖွဲ့စည်းခဲ့သည်။ ၁၉၅၈ခုနှစ်တွင် မွန်ပြည်သူ့တပ်ဦးနှင့် ပအိုလက်နက်ချသဖြင့် တပ်ဦးပျက်ခဲ့ရသည်။ ၁၉၅၉ခုနှစ်၊ မေလ(၂၅)ရက်နေ့တွင် ရွှေကျင်မြို့နယ်ကေအင်ယူ ပါတီသည် ဗမာပြည်ကွန်မြူနစ်ပါတီ၊ မွန်ပြည်သစ် ပါတီ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ချင်းအမျိုးသားဦးစီးအဖွဲ့တို့ပါဝင်သော အမျိုးသားဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစု(မဒညတ)ကို ထပ်မံဖွဲ့စည်းခဲ့သည်။ မဒညတသည် ၁၉၆၃ခုနှစ်အထိ ရပ်တည်နေနိုင်ခဲ့သည်။ ၁၉၆၀ပြည့်နှစ်တွင် ကရင်၊ မွန်၊ ရှမ်း၊ ကရင်နီတို့ပါဝင်သော လူမျိုးစုများလွတ်ငြိမ်းရေးမဟာမိတ်အဖွဲ့(လလမဖ)ကို ဖွဲ့စည်းခဲ့သော်လည်း ၁၉၆၃ခုနှစ်တွင် လလမဖ ပျက်ခဲ့သည်။ ၁၉၆၇ခုနှစ်ကေအင်ယူပါတီ၊ မွန်ပြည်သစ်ပါတီ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ချင်းအမျိုးသားများအဖွဲ့(ဆိုမိ)တို့ပါဝင်သော တိုင်းရင်းသားလူမျိုးပေါင်းစုံညီညွတ်ရေးတပ်ဦး(တလညတ)ကို ဖွဲ့စည်းခဲ့သည်။

ပြည်ပြေးအဖွဲ့နှင့်ဆက်ဆံမှု

ကေအင်ယူတပ်ဦးသည် ၁၉၇၀ပြည့်နှစ်၊ မေလ(၂၅)ရက်နေ့တွင် ထိုင်းမြန်မာနယ်စပ်ဖါပွန်အရှေ့ဘက် သော်လဲထစခန်း၌ မွန်ပြည်သစ်ပါတီနှင့် ပါလီမန်ဒီမိုကရေစီပါတီ(ပီဒီပီ) တို့နှင့်ပူးပေါင်း၍ တိုင်းရင်းသားညီညွတ်ရေးလူမျိုးပေါင်းစုံအဖွဲ့(တညလ)ကို အောက်ပါအမှုဆောင်များဖြင့် ဖွဲ့စည်းခဲ့သည်-

(က) ဦးနု	နာယက
(ခ) မန်းဘဇံ	ဥက္ကဋ္ဌ
(ဂ) နိုင်ရွှေကျင်	အထွေထွေအတွင်းရေးမှူး
(ဃ) ဝိုလ်လက်ဘာ	နိုင်ငံရေးနှင့်စည်းရုံးရေးဆပ်ကော်မတီအတွင်းဒေါမှူး
(င) ဝိုလ်မြ	စစ်ရေးဆပ်ကော်မတီအတွင်းရေးမှူး
(စ) တီကလစ်	ဘဏ္ဍာရေးဆပ်ကော်မတီအတွင်း ရေးမှူး

ကေအင်ယူတပ်ဦးသည်ပြည်ပြေးအဖွဲ့နှင့်ဆက်ဆံခြင်းမှာလက်နက်ခဲယမ်း၊ ငွေကြေးအကူအညီရယူမှုအတွက်အဓိကထားခြင်းဖြစ်ပြီးနိုင်ငံရေးခံယူချက်ဟာမူ လုံးဝတူညီခြင်းမရှိပေ။ တပ်မတော်အားဘုံရန်သူအဖြစ် ထားပြီး ပူးပေါင်းတိုက်ခိုက်ရန် မဟာမိတ်အသွင်ဆောင်ထားခြင်းဖြစ်သော်လည်း ပြည်ပြေးအဖွဲ့ကို ယုံကြည်ကိုးစားခြင်းမရှိပေ။ ကေအင်ယူသည် (တညလ)အဖွဲ့၌ ပါဝင်ပူးပေါင်းပြီး ပြည်ပြေးအဖွဲ့ထံမှ ငွေနှင့်လက်နက်ခဲယမ်း အကူအညီများ များစွာရရှိခဲ့သည်။ နောက်ပိုင်းတွင် (တညလ)အတွင်း အချင်းချင်းမညီညွတ်မှုများ၊ သက်မကင်းမှုများ ရှိလာပြီး ၁၄-၁-၇၅ရက်နေ့တွင် ကေအင်ယူတပ်ဦးသည် (တညလ)မှ နှုတ်ထွက်ခဲ့သည်။ ထိုသို့ နှုတ်ထွက်သော်လည်း ပြည်ပြေးနှင့် မွန်ပြည်သစ်ပါတီတို့သည် စစ်ရေးအရပူးတွဲဆောင်ရွက်ရန် သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။ ကေအင်ယူတပ်ဦးသည်(တညလ)မှ နှုတ်ထွက်ပြီးနောက် ဝိုလ်ရန်နိုင်နှင့် တင်ငွေဦးစီးသည့် ပြည်ပြေး

တောင်ပိုင်းတိုင်းသည် နယ်ခြားဒေသ နတ်အိမ်ထောင်နယ်မြေတွင် ဂိတ်ကြေးအပြိုင်ကောက်ခံခြင်း၊ မိုင်းလုပ်ငန်း(သတ္တုတူးဖော်ရေး လုပ်ငန်း)များကို ကေအင်ယူများထံမှ အပိုင်စီးလိုခြင်းများကြောင့် ၁၉၇၅ခုနှစ် နှစ်ဦးပိုင်းမှစ၍ ကေအင်ယူနှင့် ပြန်ပြေးတောင်ပိုင်းတိုင်းတို့ ပဋိပက္ခစတင်ဖြစ်ပေါ်ခဲ့သည်။ ပြည်ပြေးတောင်ပိုင်းတိုင်း တပ်ခွဲမှူး ဓါးပလယ် လက်နက်ချသဖြင့် ကျန်ရစ်သော တပ်ဖွဲ့ဝင်များ၏ လက်နက်ခဲယမ်းများကို ကေအင်ယူမှသိမ်းယူရာ ပြည်ပြေးတောင်ပိုင်းတိုင်း နှင့် ကေအင်ယူအဖွဲ့တို့သည် ၁၁-၅-၇၅နေ့မှစ၍ ပစ်ခတ်မှုများ ဖြစ်ပွါးခဲ့သည်။ ပြည်ပြေးတောင်ပိုင်းတိုင်းအား ကေအင်ယူများနှင့် မဟာမိတ်ပျက်ပြားစေခြင်းအတွက် ပြည်ပြေးစစ်ကောင်စီမှ ဗိုလ်လက်ာက ဗိုလ်ရန်နိုင်နှင့် တင်ငွေတို့ကို ကေအင်ယူများနှင့် ဆက်ဆံရေးတင်းမာမှုမှ နောက်ဆုတ်ပေးရန် အကြိမ်ကြိမ်ညွှန်ကြားသော်လည်းလိုက်နာခြင်းမရှိသောကြောင့် ပြည်ပြေးစစ်ကောင်စီမှဗိုလ်ရန်နိုင်ဦးစီးသည့် ပြည်ပြေးတောင်ပိုင်းတိုင်းအား (၁၈-၇-၇၅)ရက်နေ့မှစ၍ ထုတ်ပစ်လိုက်သည်။

ထိုသို့ ကေအင်ယူနှင့် ပြည်ပြေးတောင်ပိုင်းတို့ ပဋိပက္ခဖြစ်ပွါးပြီးနောက် ကေအင်ယူနှင့် ပြည်ပြေးအဖွဲ့သည် ဆက်ဆံရေးမပြေမလည် ဖြစ်လာခဲ့သည်။ ၁၉၇၇ ခုနှစ်နောက်ပိုင်းခန့်တွင် ပြည်ပြေးအလယ်ပိုင်းတိုင်းမှ တိုင်းမှူး ကျိုက်မရောဦးသွင်သည် ကေအင်ယူများနှင့် မဟာမိတ်မပျက်ရေး၊ ကေအင်ယူများထံမှ နယ်မြေဖြတ်သန်းခွင့်ရရှိရေးကို ကြိုးပမ်းခဲ့သော်လည်း ကေအင်ယူဗိုလ်မြကဦးသွင်အား မဟာမိတ်အဖြစ် အသိအမှတ်မပြုခဲ့ပေ။ ၁၉၇၈ခုနှစ်၊ ဇွန်လ(၂၆)ရက်နေ့တွင် ပြည်ပြေးရဲသိဟ စခန်းရှိပေါက်ကျိုင်းကွန်မင်ဒိုတပ်ခွဲမှူးစိန်မြင့်အား ကေအင်ယူ တပ်မဟာ(၆)မှ ရှေ့ဆိုင်းဦးစီးသည့် အဖွဲ့ကဖမ်းဆီး၍ လက်နက်မျိုးစုံ(၅၀)ခန့်ကိုသိမ်းဆည်းပြီး စိန်မြင့်အားဖလူးစခန်းကွင် ချုပ်ထားခဲ့သည်။ ၁၉၇၈ခုနှစ်နိုဝင်ဘာလ(၂၆)ရက်နေ့တွင် ကေအင်ယူမာဘယ်နှင့် အော်လီဗါ ဦးစီးသည့် အင်အား(၂၀၀)ခန့်သည် ပြည်ပြေးကြယ်ဝါစခန်းအား ဝိုင်းဝန်းတိုက်ခိုက်ရာ ဗိုလ်လက်ာအပါအဝင် (၄)ဦးကျဆုံးပြီးကျန်ပြည်ပြေးအဖွဲ့ဝင်များကစဉ်ကလျားလက်လွတ်ထွက်ပြေးသွားခဲ့ရသည်။ ဤသို့ဖြင့် ကေအင်ယူသည် ယင်းနှင့် မဟာမိတ်ဖြစ်ခဲ့သော ပြည်ပြေးအဖွဲ့ကို တိုက်ခိုက်ချေမှုန်းခဲ့ပြီး ပြည်ပြေးအဖွဲ့၏ လက်နက်ခဲယမ်း၊ စစ်ပစ္စည်း မြောက်အမြားကို အပိုင်စီးနိုင်ခဲ့သည်။

ရခိုင်သောင်းကျန်းသူများနှင့်ဆက်ဆံမှု

၁၉၇၄ခုနှစ်တွင် ကေအင်ယူသည် မှောင်ခိုကုန်ကူးသန်းနေကြသည့် ရခိုင်အမျိုးသားများကို စည်းရုံးကာ ခိုင်မိုးလင်းကို ခေါင်းဆောင်စေပြီး ရခိုင်လွတ်မြောက်ရေးအဖွဲ့(အေအယ်လ်ပီ)နှင့် ရခိုင်လွတ်မြောက်ရေးတပ်မတော် (အေအယ်လ်အေ)ကို ဖွဲ့စည်းပေးခဲ့သည်။ ကေအင်ယူသည် အေအယ်လ်အေကို စစ်ရေး၊ နိုင်ငံရေးပညာရပ်များ သင်ကြားပေးခဲ့ပြီး လိုအပ်သည့်လက်နက်ခဲယမ်းမီးကျောက်နှင့် စစ်ပစ္စည်းများကိုထောက်ပံ့ခဲ့သည်။ ၁၉၇၄ခုနှစ် ဇွန်လမှစ၍ ၁၉၇၆ခုနှစ်ဇွန်လအထိ (၂)နှစ်တိုင်တိုင် ကေအင်ယူနှင့် တွဲဖက်လှုပ်ရှားစေပြီး အေအယ်လ်အေအဖွဲ့ ကို လေ့ကျင့်မှု

များပေးခဲ့သည်။ ၁၉၇၆ခုနှစ်၊ ဇွန်လ(၂၁)ရက်နေ့တွင် ခိုင်မိုးလင်းဦးစီးသည့် အေအယ်လ်အေအဖွဲ့သည် ရခိုင်ပြည်နယ်အတွင်းသို့ ဝင်ရောက်ရန် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ သော်လဲထ စခန်းမှ စတင်ကာ တစ်ဖက်နိုင်ငံမှ တစ်ဆင့် ရှမ်းပြည်နယ်အတွင်းသို့ ခရီးထွက်သွားခဲ့သည်။ ထိုမှတစ်ဆင့် ကချင်ပြည်နယ်သို့ ဝင်ရောက်ပြီး ကချင်ပြည်နယ်မှ တစ်ဆင့် ချင်းပြည်နယ်အကွင်းသို့ ဝင်ရောက်ခဲ့ရာ ၁၉၇၇ ခုနှစ်မေလအတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် မြရတနာစစ်ဆင်ရေးမှ စစ်ကြောင်းများ၏ အဆင့်ဆင့်ထိတွေ့ ချေမှုန်းတိုက်ခိုက် ခြင်းခံရသည်။ ရခိုင်သောင်းကျန်းသူ ခိုင်မိုးလင်းအပါအဝင် ရန်သူ(၅၀)ခန့်သေဆုံးပြီး အင်အား(၅၀)ခန့် လက်နက်ချ အလင်းဝင်ရောက်ကာ ကျန်အင်အားအချို့ကို ဖမ်းဆီးရမိခဲ့သည်။ အေအယ်လ်မဲ့အဖွဲ့၏ နိုင်ငံရေးမှူးခိုင်စိုးအောင် နှင့် (၁၀)ဦးခန့်သည် ကေအင်ယူဝါးခသစ်စခန်းတွင် ခိုလှုံခဲ့သည်။

ပအို့သောင်းကျန်းသူများနှင့်ဆက်ဆံမှု

၁၉၇၄ခုနှစ်တွင် ပြည်ပြေးအလယ်ပိုင်းတိုင်း၊ တိုင်းမှူးဦးသွင်နှင့် သဘောထားကွဲလွဲ ကြပြီး ပြည်ပြေးအဖွဲ့မှ ခွဲထွက်လာသည့် ပအို့လူမျိုးစု တပ်ရင်းမှူးဖြစ်သူခွန်ရဲနောင်ကို ကေအင်ယူမှ လက်ခံသိမ်းသွင်းခဲ့သည်။ ကေအင်ယူသည် ခွန်ရဲနောင်ကို ခေါင်းဆောင်စေကာ လက်နက်ခဲယမ်း ထောက်ပံ့မှုပေးပြီးပအို့လွတ်မြောက်ရေးအဖွဲ့ကိုဖွဲ့စည်းစေသည်။ ကေအင်ယူနှင့် ပအို့လွတ်မြောက်ရေးအဖွဲ့ ပူးတွဲလှုပ်ရှား နေရာမှ ၁၉၇၇ခုနှစ်စက်တင်ဘာလ(၁၇)ရက်နေ့တွင် ဒုတိုင်းမှူးအဆင့်ရှိ ဖိုးတိုနှင့် အဖွဲ့ဝင်(၈)ဦး တို့သည် အမှတ်(၉၇)ခြေလျင်တပ်ရင်း မြဝတီစခန်းသို့ လက်နက်ခဲယမ်းများနှင့်အတူ လက်နက်ချ အလင်းဝင်ခဲ့သည်။ ၁၉၇၇ခုနှစ်၊ အောက်တိုဘာလ(၂၈)ရက်နေ့တွင် ပအို့နယ်မြေသို့ ပြန်လည် ဝင်ရောက်လာခဲ့သည့် ပအို့အမျိုးသားအဖွဲ့မှ တိုင်းမှူး၊ ဗိုလ်မှူးကြီးအဆင့်ရှိ ခွန်ရဲနောင်သည် နောက်လိုက်(၆၆)ယောက်နှင့်အတူ ဆီဆိုင်၊ လွိုင်ကော်ကားလမ်းမိုင်တိုင်(၄၉)ရှိ အမှတ်(၉၄)ခြေလျင်တပ်ရင်း ဆီဆိုင်စခန်းသို့ လက်နက်ချ အလင်းဝင်ရောက်ခဲ့သည်။ ဤသို့ဖြင့်ကေအင်ယူမှ ထောက်ပံ့မှုပေး၍ ဖွဲ့စည်းစေခဲ့ သော ပအို့လွတ်မြောက်ရေးအဖွဲ့သည် ချုပ်ငြိမ်းသွားခဲ့ရသည်။[၁]

မွန်ပြည်သစ်ပါတီနှင့်ဆက်ဆံမှု

ကေအင်ယူပါတီသည် နိုင်ငွေကျင်ခေါင်းဆောင်သော မွန်ပြည်သစ်ပါတီနှင့် ၁၉၅၆ ခုနှစ်၌ (၁လည်တ)[၂] အဖြစ်လည်းကောင်း၊ ၁၉၅၉ခုနှစ်တွင် (မ၁ည်တ)[၃]အဖြစ်လည်းကောင်း၊ ၁၉၆၀ပြည့်နှစ်

---

၁ ကာတွယ်ရေဦးစီးချုပ်ရုံး ကရင်သောင်းကျန်းသူများသမိုင်းအကျဉ်းချုပ် မျက် ၅၁ - ၅၂

၂ ၁လည်တ ဒီမိုကရက်တစ်လူမျိုးစုများညီညွတ်ရေးတပ်ဦး Democratic Nationalities United Front (DNUF)

၃ မ၁ည်တ အမျိုးသားဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစု

တွင်(လလမဖ)[၃]ဖွဲ့စည်းရာ၌လည်းကောင်း၊ ၁၉၆၇ခုနှစ်တွင်(တလညတ)[၂]ဖွဲ့စည်းရာ၌လည်းကောင်း၊ ကေအင်ယူတပ်ဦးမှားအနေနှင့်၁၉၇၀ပြည့်နှစ်တွင်(တညလ)[၃]ဖွဲ့စည်းရာ၌လည်းကောင်း၊ ပါဝင်ဖွဲ့စည်းပြီး ဆက်ဆံခဲ့သည်။ ၁၉၇၅ခုနှစ်တွင် ကေအင်ယူတပ်ဦး (တညလ)မှ ထွက်ပြီးနောက်ပိုင်းတွင်လည်း မွန်ပြည်သစ်ပါတီနှင့် စစ်ရေးအရ ပူးတွဲဆောင်ရွက်ရန် သဘောတူစာချုပ် ချုပ်ဆိုထားခဲ့သည်။ မွန်ပြည်သစ်ပါတီသည် ၂၈-၃-၈၁ရက်နေ့တွင် နိုင်ရွှေကျင် (မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ) ခေါင်းဆောင်သော အင်အား(၈၀)ခန့်ရှိအဖွဲ့နှင့် နိုင်ဆိတ်နို့(မွန်ပြည်သစ်ပါတီ အတွင်းရေး မှူး)ခေါင်းဆောင်သော (၁၀၀)ကျော်ခန့်ရှိ အဖွဲ့တို့ နိုင်ငံရေး၊ စီးပွါးရေးအရ သဘောထားကွဲသွားခဲ့သည်။ ယင်းတို့ အဖွဲ့အား ကေအင်ယူမှ ပြည်ပြေးအဖွဲ့နည်းတူ ဝါးမြိုရန် အစီအစဉ်ရှိသော်လည်း မွန်ပြည်သစ်ပါတီ၏ ပင်ကိုယ် သဘောအရ နှစ်ဖွဲ့ကွဲနေခြင်း၊ အင်အားဆုတ်ယုတ်နေခြင်းတို့ကြောင့် မွန်ပြည်သစ်ပါတီကို ချေမှုန်းလိုက်ပါက မွန်လူမျိုးစုများ၏ ဆန့်ကျင်ခြင်းကို ခံရမည်ဖြစ်သောကြောင့် ကေအင်ယူသည် မွန်ပြည်သစ်ပါတီကို ယာယီမဟာ မိတ် အဖြစ်ဆက်လက်အသိအမှတ်ပြုထားခဲ့သည်။

ဗမာပြည်ကွန်မြူနစ်ပါတီနှင့်ဆက်ဆံမှု

ကေအင်ယူတပ်ဦးဗိုလ်မြသည် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပူးပေါင်းရေးကို လုံးဝလိုလားခြင်းမရှိပေ။ သို့သော်လည်းကေအင်ယူတပ်မဟာ(၆) ရွှေဆိုင်းအနေနှင့် မြိတ်၊ ထားဝယ်ဒေသရှိ တနင်္သာရီစစ်ဒေသ၊ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ယာယီမဟာမိတ်ပြုလုပ်ခဲ့သည်။ ထိုသို့ပြုလုပ်ခြင်းမှာ မြိတ်ထားဝယ်ဒေသရှိ တနင်္သာရီစစ်ဒေသ ဗမာပြည်ကွန်မြူနစ်ပါတီသည် နှစ်ပေါင်းများစွာ အခြေချထားသောဒေသခံဖြစ်ခြင်း၊ ကရင်သောင်းကျန်းသူများသည် မြိတ်၊ ထားဝယ်ဒေသသို့ မကြာသေးမီကမှ ခိုအောင်းဝင်ရောက်လျက် အမာခံဒေသတည်ဆောက်လျက်ရှိခြင်းတို့ကြောင့် ထိုဒေသရှိဗကပကို ဆန့်ကျင်၍ မရနိုင်သေးသဖြင့် ယာယီမဟာမိတ်ပြုလုပ်ထားခြင်းဖြစ်သည်။ ကေအင်ယူသည် တနင်္သာရီတိုင်းအတွင်း နိုင်ငံရေး၊ စစ်ရေးအမာခံတည်ဆောက်ပြီးပါက ထိုဒေသရှိ တနင်္သာရီ စခ်ဒေသ ဗမာပြည်ကွန်မြူနစ်ပါတီလက်ကျန်များအား ချေမှုန်းဝါးမြိုပစ်ရန် အစီအစဉ်ရှိခဲ့သည်။

ကေအင်ယူတပ်ပေါင်းစုတည်ဆောက်ရေးအခြေအနေ

ကရင်အမျိုးသားအစည်းအရုံး(ကေအင်ယူ)သည် ၁၉၄၇ခုနှစ်၊ မော်လမြိုင်ညီလာခံ၌ လူမျိုးစုတပ်ဦးဖွဲ့စည်းရန် ဆုံးဖြတ်ချက်အရ ၁၉၅၆ခုနှစ်တွင် ကရင်၊ ကရင်နီ၊ မွန်၊ ပအို့ဝ်တို့ပါဝင်သော ဒီမိုကရက်တစ်လူမျိုးစုများညီညွတ်ရေးတပ်ဦး(ဒလညတ)(DNUF) ကိုလည်းကောင်း၊ ၁၉၅၉ခုနှစ်တွင်

---

၃ လလမဖ — လူမျိုးစုများလွတ်မြောက်ရေးမဟာမိတ်အဖွဲ့ (NLA)
၂ တလညတ — တိုင်းရင်းသားလူမျိုးပေါင်းစုံညီညွတ်ရေးတပ်ဦး
၃ တညလ — တိုင်းရင်းသားညီညွတ်ရေးလူမျိုးပေါင်းစုံအဖွဲ့

ဗမာပြည်ကွန်မြူနစ်ပါတီ၊ မွန်ပြည်သစ်ပါတီ၊ ချင်းအမျိုးသားဦးစီးအဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့ပါဝင်သော အမျိုးသားဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစု (မဒညတ)ကိုလည်းကောင်း၊ ၁၉၆၀ပြည့်နှစ်တွင် ကရင်၊ ကရင်နီ၊ ရှမ်းတို့ပါဝင်သောလူမျိုးစုများ လွတ်မြောက်ရေးမဟာမိတ် (NLA) ကိုလည်းကောင်း၊ ၁၉၆၇ခုနှစ်တွင် ကရင်၊ မွန်၊ ချင်းအမျိုးသားအဖွဲ့၊ ကရင်နီတို့ပါဝင်သော လူမျိုးစုများလွတ်လပ်ရေးမဟာမိတ်အဖွဲ့(လလမဖ)ကိုလည်းကောင်း၊ ၁၉၇၀ပြည့်နှစ်တွင် ကေအင်ယူ၊ ပီဒီပီ၊ ချင်းဒီမိုကရေစီပါတီ၊ ကွင်မိယန်းဇ၏ ရှမ်းမျိုးချစ်ပါတီ၊ မွန်ပြည်သစ်ပါတီတို့ပါဝင်သော တိုင်းရင်းသားညီညွတ်ရေးလူမျိုးပေါင်းစုံအဖွဲ့တပ်ပေါင်းစုကိုလည်းကောင်း၊ ၁၉၇၃ ခုနှစ်တွင် ကရင်နီဌာနချုပ်၌ ကရင်နီ၊ အက်စ်အက်စ်ပီပီ၊ ကယန်း၊ ချင်းနှင့် ကေအင်ယူတို့ပါဝင်သောတော်လှန်သော လူမျိုးပေါင်းစုံမဟာမိတ်အဖွဲ့ (တလမဖ) (RNA) ကိုလည်းကောင်း ဖွဲ့စည်းခဲ့သည်။ သို့သော် ယင်းမဟာမိတ်တပ်ပေါင်းစုအဖွဲ့များသည် အောင်မြင်မှုမရှိဘဲ ပျက်ပြယ်သွားခဲ့ရသည်။[၁]

၁၉၇၅ခုနှစ်မေလတွင် ပြည်နယ်ပေါင်းစုံ ပြည်ထောင်စုအမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (ပမဒတ)ကိုကရင်အမျိုးသားအစည်းအရုံး(ကေအင်ယူ)၊ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(အေအယ်လ်ပီ)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ကယန်းပြည်သစ်ပါတီ၊ ရှမ်းပြည်တိုးတက်ရေးပါတီတို့ဖြင့် ဖွဲ့စည်းခဲ့သည်။ ၁၉၇၅ခုနှစ်၊ နိုဝင်ဘာလ(၁၁)ရက်နေ့တွင် ကေအင်ယူဗဟို၊ မာနယ်ပလောဌ် ပထမအကြိမ်မြောက် ဗဟိုသဘာပတိစည်းဝေးပွဲကို ပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးမှ နိုင်ငံရေး၊စစ်ရေး၊ စည်းရုံးရေး၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ(၄)ရပ်ကို အခြေခံ၍ စည်းကမ်းတကျ ရှိသည့် နည်းဥပဒေရပ်များ၊ တပ်ပေါင်းစု၏ ရှေ့လုပ်ငန်းစဉ်များ ချမှတ်အတည်ပြုခဲ့သည်။ ၁၉၇၆ခုနှစ်၊ ဧပြီလ(၂၆)မှ မေလ(၈)ရက်နေ့အထိ ကေအင်ယူဗဟိုမာနယ်ပလောဌ် ဒုတိယအကြိမ်မြောက်(ပမဒတ) ဗဟိုသဘာပတိ အစည်းအဝေးကို ကျင်းပခဲ့ပြီး အောက်ပါအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်-

(၁) **ရခိုင်ပြည်လွတ်မြောက်ရေးပါတီ**
- (က) ဥက္ကဋ္ဌ ခိုင်မိုးလင်း
- (ခ) ခိုင်စိုးနိုင်အောင်
- (ဂ) ခိုင်နိုလင်း

(၂) **ကေအင်ယူကရင်အမျိုးသားအစည်းအရုံး**
- (က) ဖဒိုဘော်ယူဖေါ
- (ခ) ဒုတိယဗိုလ်ချုပ် တာမလာဘော
- (ဂ) ဖဒိုစံလင်း
- (ဃ) ဖဒိုစိုးအောင်

(၃) ကရင်နီအမျိုးသားတိုးတက်ရေးပါတီ
(က) ရဲဘော်သီဟ
(ခ) ရဲဘော်အယ်ဘော
(၄) ကယန်းပြည်သစ်ပါတီ
(က) ရဲဘော်အိုက်ကဖြူ
(၅) ရှမ်းပြည်တိုးတက်ရေးပါတီ
(က) ဝိုလ်မှူးဆိုင်ဟန်
(၆) မွန်ပြည်သစ်ပါတီ
(က) နိုင်နွဲလွှာ
(ခ) နိုင်ဟံသာ

ယင်းအစည်းအဝေးတွင်(ပမဒတ)အဖွဲ့ဝင်များအဖြစ် ကချင်လွတ်လပ်ရေးအဖွဲ့(ကေအိုင်အို)၊ ပလောင်လွတ်မြောက်ရေးအဖွဲ့ (ပီအက်အယ်လ်အို)၊ ပြည်ထောင်စုပအို့အမျိုးသားအဖွဲ့ချုပ် (ယူပီအင်အို)၊ လားဟူအမျိုးသားတိုးတက်ရေးပါတီ(အယ်လ်အင်ပီပီ)တို့ ထပ်မံပါဝင်လာခဲ့သည်။ ယင်းတို့၏(ပမဒတ)ကိုယ်စားလှယ်များမှာ-

(၁) ကချင်လွတ်မြောက်ရေးအဖွဲ့(KIO)
(က) ဝိုလ်မှူးခွန်ချို
(ခ) ဝိုလ်မှူးလဒွဲ
(၂) ပြည်ထောင်စုပအို့ အမျိုးသားအဖွဲ့ချုပ်(U.P.N.O)
(က) ဝိုလ်မှူးကြီးခွန်ရဲနောင်
(၃) လားဟူအမျိုးသားတိုးတက်ရေးပါတီ(L.N.P.P)
(က) ဦးခန်းပို
(၄) ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(A.L.P)
(က) ခိုင်မိုးလင်း
(ခ) ခိုင်စိုးနိုင်အောင်
(ဂ) ခိုင်နိလင်း
(ဃ) ခိုင်သီဟ
(၅) ရှမ်းပြည်တိုးတက်ရေးပါတီ(S.S.P.P)
(က) ဝိုလ်မှူးဆိုင်ဟန်
(၆) ကရင်အမျိုးသားအစည်းအရုံး (K.N.U)
(က) ဖဒိုဘော်ယူဖေါ

(ခ) ဒုဗိုလ်ချုပ် တာမလာဘော
(ဂ) ဖဒိုစံလင်း
(ဃ) ဖဒိုစိုးအောင်

(၇) ပလောင်ပြည်လွတ်လပ်ရေးအဖွဲ့ (P.S.L.O)
(က) ဦးကျော်လှ

(၈) ကရင်နီအမျိုးသားတော်လှန်ရေးကောင်စီ(K.N.R.C)
(က) ရဲဘော်သီဟ
(ခ) ဗိုလ်မှူး အယ်ဘော

(၉) တယန်းပြည်သစ်ပါတီ(K.N.L.P)
(က) ရဲဘော်အိုက်ကဖြူ

အကဲခတ်များ

(၁) တော်လှန်သောခမ်းပြည်နယ်ညီညွတ်ရေးတပ်မတော် (S.U.R.A)
(က) စိုင်းသီဟ
(ခ) ဗိုလ်မှူးချစ်ဆွေ

(၂) မွန်ပြည်သစ်ပါတီ(M.N.L.P)
(က) နိုင်နွယ်လွှာ
(ခ) နိုင်ဟံသာ

(၃) ခမ်းပြည်ညီညွတ်ရေးတပ်မတော်(S.U.A)
(က) ယန်ကျင်ဆွေ

(၄) ကရင်အမျိုးသားအစည်းအရုံး(K.N.U)
(က) ဥက္ကဋ္ဌ မန်းဘဇံ
(ခ) ဗိုလ်ချုပ်မြ
(ဂ) ဗိုလ်သန်းအောင်
(ဃ) ဗိုလ်ချုပ်မြမောင်
(င) ဗိုလ်မှူးကြီးတင်ဦး
(စ) ဗိုလ်မှူးကြီးလှထူး
(ဆ) ဖဒိုကခွဲဘွား
(ဇ) ဖဒိုသာပြည့်

ယင်းဒုတိယအကြိမ်(ပမဒတ) အစည်းအဝေးမှ တပ်ပေါင်းစုအမည်ကို ပြည်နယ်ပေါင်းစုံ ပြည်ထောင်စုအမျိုးသားဒီမိုကရက်စီတပ်ပေါင်းစု အစား အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ)ဟု ပြင်ဆင်သတ်မှတ်ခဲ့သည်။ အဆိုပါ(မဒတ) အဖွဲ့၏ရည်မှန်းချက်မှာ-

(၁) ရန်သူကိုထိရောက်စွာ တိုက်ခိုက်ခြေမှုန်းနိုင်ရန် တော်လှန်ရေးအင်အားစု အားလုံးပါဝင်သည့်ခိုင်မာတောင့်တင်းသော ညီညွတ်ရေးတပ်ဦးဖွဲ့စည်းတည်ထောင်၍ လက်တွေ့လုပ်ကိုင်ဆောင်ရွက်ရန်။

(၂) ကမ္ဘာ့နိုင်ငံရေးတွင်ရပ်တည်နိုင်ရန်အမျိုးသားတော်လှန်ရေးအဖွဲ့အစည်းတိုင်းပါဝင်သော အမျိုးသားအစိုးရများ ဖွဲ့စည်းရန်။

(၃) လွတ်လပ်သော၊ တန်းတူသော၊ ဘဝတိုးတက်မှုဖြစ်ပေါ်သော ဘဝသစ်တည်ဆောက်ရန် အတွက်ကိုယ်ပိုင်ပြဌာန်းခွင့်ကို အခြေခံသည့် အမျိုးသားဒီမိုကရေစီပြည်နယ်ပေါင်းစုဖက်ဒရယ်ပြည်ထောင်စုသမ္မတနိုင်ငံတော်သစ်တည်ဆောက်ရန်။

(၄) အထက်ပါ ရည်မှန်းချက်များအောင်မြင်ရန် စည်းရုံးရေးကို အထောက်အကူပြုသော စစ်ဆင်ရေးကို အကောင်အထည်ဖော်လုပ်ဆောင်သွားရန်။[၁]

တို့ဖြစ်သည်။

မူဆလင်သောင်းကျန်းသူအဖွဲ့နှင့်ဆက်ဆံမှု

ဗမာမူဆလင်ပဋိပက္ခနှင့် ပတ်သက်ပြီး မူဆလင်အချို့သည် ကေအင်ယူသောင်းကျန်းသူများ၏ဌာနချုပ်စခန်းများဖွင့်လှစ်ထားရာ ထိုင်း-မြန်မာနယ်စပ်သို့ ရောက်ရှိသွားခဲ့သည်။ ၁၉၈၃ခုနှစ်၊ စက်တင်ဘာလအတွင်း ဝိုလ်မြမှ မူဆလင်ခေါင်းဆောင်(၅)ဦးဖြစ်သော အာဇင်(ခ)မောင်မောင်လွင်၊ ကျော်လှ၊ တင်မောင်၊ အာလီနှင့် ဆန်းနုတို့အား ကေအင်ယူဗဟိုဌာနချုပ်သို့ခေါ်ယူပြီး တွေ့ဆုံဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲ၌ မူဆလင်ခေါင်းဆောင်များက ယင်းတို့အနေဖြင့် ပြည်ပမူဆလင်နိုင်ငံများမှ အကူအညီတောင်းခံကာမူဆလင်တပ် ဖွဲ့စည်းလိုကြောင်းတင်ပြခဲ့သည်။ ဝိုလ်မြကမူဆလင်တပ်ဖွဲ့စည်းလျှင် ကေအင်ယူတို့၏လက်အောက်ခံသာဖြစ်ရမည်ဖြစ်ပြီး လက်ရှိမူဆလင်တပ်ကိုလည်း လက်နက်၊ ရိက္ခာအကူအညီများပေးမည်ဟု ပြောကြားခဲ့သည်။ ထိုသို့သဘောတူညီမှုဖြင့် ကေအင်ယူမဲသဝေါစခန်းတွင် အာဇင်ဦးစီးမူဆလင်တပ်သား(၅၀)ခန့်အား အခြေခံစစ်ပညာသင်တန်းများပေးခဲ့သည်။[၂]

---

၁ ကာကွယ်ရေးဦးစီးချုပ်ရုံး ကရင်သောင်းကျန်းသူများသိုင်းအကျဉ်းချုပ် မှတ် ၅၈ - ၅၉

၂ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကရင်သောင်းကျန်းသူများသိုင်းအကျဉ်းချုပ် မှတ် ၁၉

မြန်မာဆန့်ကျင်ရေးညီညွတ်ရေးတပ်ပေါင်းစုဖွဲ့စည်းရန်ကြိုးပမ်းမှု

ထိုင်းနိုင်ငံ၊ ဇင်းမယ်မြို့တွင်အခြေပြုနေထိုင်သော ထိုင်ဝမ်ထောက်လှမ်းရေးတာဝန်ခံ လီလီမြင့်သည် စိအိုင်အေ၏ ကျောထောက်နောက်ခံအားပေးကူညီမှု၊ ကြိုးကိုင်မှုဖြင့် ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက်တွင် လှုပ်ရှားနေသော လက်နက်ကိုင်တပ်ဖွဲ့များအား လက်နက်၊ ခဲယမ်းမီးကျောက်၊ စစ်သုံးပစ္စည်း၊ ရိက္ခာ၊ ငွေကြေးများပြည့်စုံစွာ ထောက်ပံ့ကူညီပြီး မြန်မာဆန့်ကျင်ရေးညီညွတ်ရေးတပ်ပေါင်းစု(မဆညတ) ဖွဲ့စည်းရန်စီစဉ်ဆောင်ရွက်ခဲ့သည်။ ယင်းအဖွဲ့တွင် ကရင်သောင်းကျန်းသူ၊ မွန်သောင်းကျန်းသူ၊ ကချင်သောင်းကျန်းသူ၊ ရှမ်းသောင်းကျန်းသူ(မိုးဟိန်းအဖွဲ့)၊ အိုက်ရှောက်စေ "ဝ" အဖွဲ့၊ ထင်စီးယုန် "ဝ" အဖွဲ့၊ မဟာဆန်း "ဝ" အဖွဲ့၊ ပအို့ဝ်သောင်းကျန်းသူ(ခွန်ဥက္ကာ)၊ ပအို့ဝ်သောင်းကျန်းသူ(အောင်ခမ်းထီ)အဖွဲ့၊ လီဝင်ဟောင်[တရုတ်ဖြူနံပါတ်(၃)အဖွဲ့]တို့မှ ကိုယ်စားလှယ်များသည် ၁၉၈၃ခုနှစ်၊ မေလတတိယပတ်အတွင်း၌ ဇင်းမယ်မြို့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကျင်းပခဲ့ကြောင်းသိရှိရသည်။ မဒတဥက္ကဋ္ဌအနေဖြင့်ဗိုလ်မြမှတာဝန်ယူထားပြီးအတွင်းရေးမှူးအဖြစ်ကေအင်ယူဗဟိုကော်မတီဝင် ဦးစိုးအောင်ကို တာဝန်ပေးအပ်သည်။ မဒတအဖွဲ့ဌာနချုပ်ကို ကေအင်ယူနယ်မြေ၌ ပင်ထားရှိရန်သဘောတူလက်ခံ ထားခဲ့ကြသည်။

ကေအင်ယူ၏စီးပွားရေးလုပ်ငန်းများ

ကေအင်ယူသည် ထိုင်း-မြန်မာနယ်စပ်တွင် စခန်းများအခြေစိုက်ထားရှိပြီးစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြသည်။ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံအတွင်းသွားလာရောင်းဝယ်လျက်ရှိကြသော မှောင်ခိုကုန်သည်များထံမှ အခွန်ကောက်ယူခြင်း၊ မြန်မာနိုင်ငံမှ ထွက်သောသတ္တုများ၊ ကျွန်းသစ်များကို ထိုင်းနိုင်ငံသို့ရောင်းချခြင်းဖြင့်လည်း စီးပွားရေးကောင်းမွန်လျက်ရှိသည်။ ဘုရားသုံးဆူ ဒေသသပြုမိုင်းနှင့် ထားဝယ်နယ်မြေနတ်အိမ်ထောင်မိုင်းမှ ထွက်သော ဓါတ်သတ္တုများကို ထိုင်းနိုင်ငံသို့ရောင်းချသည်။ မဲသဝေ၊ ဝါးခနှင့်ဝေါလေတို့တွင် သစ်စက်များတည်ဆောက်၍ မြန်မာနိုင်ငံမှ ကျွန်းသစ်များကို ခွဲစိတ်၍လည်းကောင်း၊ အလုံးလိုက်လည်းကောင်း ထိုင်းနိုင်ငံသို့ရောင်းချလေ့ရှိသည်။ ထို့ပြင်မှောင်ခိုကုန်သည်များထံမှ အကောက်ခွန်တစ်နှစ်လျှင် ကျပ်သိန်း(၇၀၀)ကျော်ခန့်ရရှိသည်။ ကေအင်ယူတို့၏အကောက်ခွန်ဂိတ်များမှာ တပ်မဟာ(၇)၏ စောထာဂိတ်၊ သော်လဲထာဂိတ်၊ မဲသဝေဂိတ်၊ မဲထရိဂိတ်၊ မော်ဖိုးကေဂိတ်၊ တပ်ရင်း(၁၀၁)၏ ဝါးခဂိတ်၊ တပ်မဟာ(၆)၏ဖလူးဂိတ်နှင့် ဝေါလေဂိတ်၊ ဘုရားသုံးဆူဂိတ်၊ နတ်အိမ်ထောင်ဂိတ်၊ တပ်ရင်း(၁၀)၏မောတောင်ဂိတ်တို့ဖြစ်သည်။[၁]

---

၁ ကာကွယ်ရေးဦးစီးချုပ်မှုး(ကြည်း) <u>ကရင်သောင်းကျန်းသူများသမိုင်းအကျဉ်းချုပ်</u> မျက် ၆၀ - ၆၂

ကရင်သောင်းကျန်းသူများ၏လူပ်ရှားမှုများနှင့်တပ်မတော်မှ ထိုးစစ်ဆင်တိုက်ခိုက်ခြင်း

ကရင်သောင်းကျန်းသူများ၏ လူပ်ရှားဆောင်ရွက်ချက်များကို လေ့လာပါက ကေအင်ယူသည် ၁၉၇၄ခုနှစ်မှစ၍ ရခိုင်သောင်းကျန်းသူအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ ပအို့ဝ်သောင်းကျန်းသူ ခွန်ရဲနောင်အဖွဲ့ကို မွေးမြူခဲ့သေးသော်လည်း ၁၉၇၇ခုနှစ်တွင် အဖွဲ့လိုက်လက်နက်ချခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ကေအင်ယူပါတီကို ဖျက်သိမ်းပြီး လက်ကျန်အင်အားကို သိမ်းသွင်းနိုင်ခဲ့သည်။ မွန်ပြည်သစ်ပါတီသည် ၁၉၈၁ခုနှစ်၊ မတ်လ(၂၈)ရက်နေ့တွင် နှစ်ခြမ်းကွဲခဲ့ရာ အတွင်းရေးမှူး နိုင်ဆိတ်နိုနှင့်အဖွဲ့ကို သိမ်းသွင်းနိုင်ခဲ့သည်။ နိုင်ရွှေကျင်အုပ်စုကိုမူ ယာယီမဟာမိတ်အဖြစ်သဘောထားပြီး ဝါးမျိုရန်စီစဉ်သည်။ တနင်္သာရီဒေသတွင် ကျန်ရှိနေသေးသည့် ဗကပအကြွင်းအကျန်များကိုသုတ်သင်၍ နယ်မြေချဲ့ထွင်ရန်ကြိုစည်ခဲ့သည်။ မှောင်ခိုလုပ်ငန်းမှရရှိသည့်ငွေကြေးနှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများမှ ရရှိသည့်ငွေကြေးများဖြင့် ဒီယက်နမ်စစ်ကျန် စစ်လက်နက်ပစ္စည်းအမြောက်အများကိုလည်း ဝယ်ယူရရှိခဲ့သည်။ ၁၉၇၅ခုနှစ်၊ မေလတွင်ပြည်နယ်ပေါင်းစုံပြည်ထောင်စုအမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (ပမဒတ) ဖွဲ့စည်း၍လည်းလူမျိုးစုသောင်းကျန်းသူများကို စုစည်းခဲ့သည်။[၁]

မန်းဘဇံသေဆုံးသွားသောအခါ ဝိုလ်မြသည် ကေအင်ယူအဖွဲ့ကို အကြွင်းမဲ့ ခေါင်းဆောင်မှုပေးတော့သည်။ ၁၉၈၃ခုနှစ်၊ စက်တင်ဘာလတွင် ဘရာသာဇိုက်ကိုစည်းရုံး၍ ကော်သူးလေ့ူဆလင်လွတ်မြောက်ရေးတပ်ဦးကို ဖွဲ့စည်းပေးခဲ့သည်။ မူဆလင်နိုင်ငံများမှ ရရှိသည့်အကူအညီကို ဝိုလ်မြ၏ကေအင်ယူအဖွဲ့က အပိုင်စီးပြီး မူဆလင်များကိုမူ မဆိုစလောက်လက်နက်များတပ်ဆင်၍ ရှေ့တန်းတင်ကာ အသေခံတိုက်ခိုင်းသောကြောင့် ယင်းအဖွဲ့မှာ လုံးပါးပါးခဲ့ရသည်။ လက်နက်ချသူများလည်း အတောမသတ်နိုင်အောင် ပေါ်ပေါက်ခဲ့သည်။ ကေအင်ယူများသည် ၁၉၈၃ခုနှစ်မှာပင် မွန်သောင်းကျန်းသူ၊ ကေအိုင်အေ၊ မိုးဟိန်းအဖွဲ့၊ အိုက်ရှောက်ဆေ၏ "ဝ" သောင်းကျန်းသူအဖွဲ့၊ ထင်စီးယုန်၏ "ဝ" အဖွဲ့၊ မဟာဆန်း၏"ဝ" အဖွဲ့၊ ခွန်ဥက္ကာ၏ပအို့ဝ်အဖွဲ့၊ အောင်ခမ်းထီ၏ပအို့ဝ်အဖွဲ့၊ တရုတ်ဖြူလီဝင်ဟောင်အဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့်ဆွေးနွေး၍ ဗမာလူမျိုးကြီးဝါဒဆန့်ကျင်ရေးအတွက် ညီညွတ်ရေးတပ်ပေါင်းစုဖွဲ့စည်းရန်ကြိုးပမ်းခဲ့သည်။

ကေအင်ယူတပ်မဟာ(၁)စခန်းအားတိုက်ခိုက်ခြင်း

တပ်မတော်က ကေအင်ယူတပ်မဟာ(၁)မှူးကော်ဟိုးနှင့် အင်အားစုများသည် ဌာနေဒီအို ကာကွယ်ရေးများနှင့် ပူးပေါင်း၍ တာဦးဒေသတွင် ခိုအောင်းနေကြောင်းသတင်းအရ ၁၉၈၀ပြည့်နှစ် ဩဂုတ်လ(၅)ရက်နေ့မှစတင်၍ ဝင်ရောက်ရှင်းလင်းရာ ဩဂုတ်လ(၉)ရက်နေ့တွင် တပ်မဟာ(၁)

---

၁ ရဲဘော်သစ်မောင် "ကေအင်ယူသောင်းကျန်းသူဆိုသည်မှာ(၅)" လုပ်သားပြည်သူ့နေစဉ်ဆောင်းပါးပေါင်းချုပ်၊ အတွဲ(၂) မှက် ၁၁၈

မှုကျော်ဟိုးအဖွဲ့နှင့် ထိတွေ့မှုဖြစ်ပွားပြီး တိုက်ပွဲတွင် ကျော်ဟိုးအပါအဝင် ရန်သူအလောင်း(၄) လောင်းနှင့် လက်နက်များသိမ်းဆည်းရရှိခဲ့သည်။[၁]

မဲသဝေါစခန်းအားပထမအကြိမ်တိုက်ခိုက်သိမ်းပိုက်ခြင်း

ကေအင်ယူတပ်မ(၁)ဌာနချုပ် မဲသဝေါစခန်းအားတပ်မတော်မှ ၁၉၈၀ပြည့်နှစ်၊ စက်တင်ဘာလ(၂၈)ရက်နေ့တွင် ချဉ်းကပ်တိုက်ခိုက်ရာ အောက်တိုဘာလ(၁၀)ရက်နေ့တွင် သိမ်းပိုက်ရရှိခဲ့သည်။ မဲသဝေါတိုက်ပွဲတွင် ရန်သူအလောင်း(၃၆)လောင်းနှင့် လက်နက်(၂၈)လက်သိမ်းဆည်းရရှိခဲ့သည်။[၂]

မော်ဖိုးကေစခန်းအားတိုက်ခိုက်ခြင်း

ကေအင်ယူအသံလွှင့်ရုံနှင့် တပ်ရင်း(၂၂)ဌာနချုပ်အခြေတည်ထားသည့် မော်ဖိုးကေစခန်းကို တပ်မတော်မှ ၁၉၈၃ခုနှစ်၊ ဇွန်လ(၅)ရက်နေ့မှစ၍ ထိုးဖောက်တိုက်ခိုက်ခဲ့သည်။ မော်ဖိုးကေတိုက်ပွဲတွင်ရန်သူအလောင်း(၂၇)လောင်းနှင့် လက်နက်(၅)လက်သိမ်းဆည်းရရှိကာ အသံလွှင့်ရုံအဆောက်အဦဘာစ်စိတ်တစ်ပိုင်းအား ဖျက်ဆီးချေမှုန်းနိုင်ခဲ့သည်။

ကေအင်ယူသောင်းကျန်းသူအဖွဲ့ ပဲခူးရိုးမသို့ထိုးဖောက်ဝင်ရောက်ခြင်း

ကေအင်ယူပဲခူးရိုးမအထူးတပ်ဖွဲ့(၁)မှ စစ်ကြောင်းမှူး ဗိုလ်မှူးမင်းသိန်းအပါအဝင် အင်အား(၆၆)ယောက်သည် ၁၉၈၃ခုနှစ်၊ ဖေဖော်ဝါရီလ(၁၇)ရက်နေ့တွင် ကျောက်တံခါးမြို့နယ်၊ ဒိုးတန်းနှင့် လက်ခံအကြားမှ စစ်တောင်းမြစ်ကိုဖြတ်ကူး၍ပဲခူးရိုးမသို့ ဦးတည်ဝင်ရောက်လာခဲ့သည်။ ထိုသို့ထိုးဖောက်ဝင်ရောက်လာသော ကေအင်ယူများအား တပ်မတော်မှ ရှင်းလင်းတိုက်ခိုက်ရာ ၁၉၈၃ခုနှစ်၊ ဧပြီလ(၃၀)ရက်နေ့အထိ မင်းသိန်းအပါအဝင် ရန်သူ(၆)ယောက်အသေရမိပြီး (၂၄)ယောက်ဖမ်းဆီးရရှိကာ (၃၅)ယောက်လက်နက်ချအပ်ခဲ့သည်။ ရန်သူထံမှလက်နက်(၇၁)လက်သိမ်းဆည်းရမိပြီး ကေအင်ယူသောင်းကျန်းသူတို့၏ ပဲခူးရိုးမထိုးဖောက်ဝင်ရောက်တိုက်ခိုက်ရေးအစီအစဉ်မှာလည်းပျက်ပြားခဲ့ရသည်။

ရန်ကုန်မြို့တွင်းသို့အဖွဲ့ငယ်ဖြင့်ဝင်ရောက်၍ အဖျက်လုပ်ငန်းများလုပ်ဆောင်ခြင်း

ကေအင်ယူသောင်းကျန်းသူတပ်ရင်း(၂၀)မှ ဗိုလ်မှူးအဆင့်ရှိ သောသီ (ခ) မန်းငွေအောင်ခေါင်းဆောင်သည့် အင်အား(၆)ယောက်ပါအဖွဲ့ငယ်တစ်ဖွဲ့သည် အဖျက်လုပ်ငန်းများလုပ်ဆောင်ရန်

---

၁ တာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကရင်သောင်းကျန်းသူများသမိုင်းအကျဉ်းချုပ် ဖျက် ၆၆

၂ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကရင်သောင်းကျန်းသူများသမိုင်းအကျဉ်းချုပ် ဖျက် ၆၇

၁၉၈၂ခုနှစ်၊ မတ်လအတွင်း ရန်ကုန်မြို့သို့ရောက်ရှိလာခဲ့ကြသည်။ ယင်းအဖွဲ့သည် ၁၉၈၂ခုနှစ်၊ စက်တင်ဘာလ(၂၈)ရက်နေ့တွင် မြန်မာ့အသံအဆောက်အဦနှင့် ကမာရွတ်ရဲစခန်းအား ပစ်ခတ်ခဲ့သည်။ ယင်းတို့အား ပါတီ၊ ကောင်စီ၊ တပ်နှင့် လုပ်သားပြည်သူများ၏ လိုက်လံဖော်ထုတ်ချေမှုန်းမှုကြောင့် စက်တင်ဘာလ(၂၉)ရက်နေ့တွင် ကေအင်ယူသောင်းကျန်းသူ ဝိုလ်မှူးသောသီအပါအဝင် (၃)ယောက်သေဆုံးပြီး (၃)ယောက်ဖမ်းဆီးရမိကာ လက်နက်(၁၄)လက်၊ ခဲယမ်းများနှင့် ဖောက်ခွဲဖျက်ဆီးရေးကိရိယာများအား သိမ်းဆည်းရမိခဲ့သည်။[၁]

မြိုင်က်လေးဘီလပ်မြေစက်ရုံအား ကရင်သောင်းကျန်းသူ(ကေအင်ယူ)များမှ ဝင်ရောက်ဖျက်ဆီးခြင်း

ကေအင်ယူဗဟိုမှ ဘတင်နှင့် ဒီအိုမြင့်သိန်းဦးဆောင်သော ကွန်မန်ဒို(၇၇၇)တပ်ဖွဲ့သည် ၁၉၈၃ခုနှစ်၊ အောက်တိုဘာလ(၁၈)ရက်နေ့တွင် လှာကာ(မြိုင်ကလေး)ဘီလပ်မြေစက်ရုံအား ဖောက်ခွဲဖျက်ဆီး၍ ဘီလပ်မြေစက်ရုံမှ ပြင်သစ်လူမျိုးပညာရှင် မစွတာဘိုဇို နှင့် ဇနီးအားဖမ်းဆီးကာ ကေအင်ယူဗဟိုသို့ ပြန်လည်ထွက်ခွါသွားခဲ့သည်။

၁၉၈၄ခုနှစ်အတွင်း ကေအင်ယူတပ်မ(၁)ဌာနချုပ်မဲသဝေါစခန်းအား မိမိတပ်မှ တိုက်ခိုက် ချေမှုန်းခြင်း

ကေအင်ယူသောင်းကျန်းသူ တပ်မ(၁)ဌာနချုပ် အခြေပြုထားသည့် မဲသဝေါစခန်းအား ၁၉၈၄ခုနှစ်၊ ဇန်နဝါရီလ(၁၆)ရက်နေ့မှစ၍ တပ်မတော်မှ ချေမှုန်းတိုက်ခိုက်ခဲ့ရာ ၁၉၈၄ခုနှစ်၊ ဇန်နဝါရီလ(၂၈)ရက်နေ့တွင် မဲသဝေါစခန်းအား သိမ်းပိုက်ရရှိခဲ့သည်။ မဲသဝေါစခန်းမှ ရန်သူအလောင်းများ၊ လက်နက်မျိုးစုံ၊ ကျည်မျိုးစုံအပါအဝင် ဗုံးသီးများ၊ မိုင်းများ၊ မော်တော်ယာဉ်များနှင့် အင်ဂျင်စက်မျိုးစုံသိမ်းပိုက်ရရှိခဲ့သည်။

တပ်မတော်မှ ကရင်သောင်းကျန်းသူတပ်မ(၁)၏ မဲသဝေါစခန်းကို တိုက်ခိုက်သိမ်းပိုက်သော အခါ မဒတ အဖွဲ့ဥက္ကဋ္ဌ ကေအင်ယူဗိုလ်မြသည် မဒတအဖွဲ့ဝင်သောင်းကျန်းသူများအား ကရင်သောင်းကျန်းသူနယ်မြေသို့ တပ်မတော်မှ ဖိအားတိုက်ခိုက်နေခြင်းကို လျော့နည်းသွားစေရန် သက်ဆိုင်ရာနယ်မြေအလိုက် အဖက်ဖက်မှ နှောင့်ယှက်တိုက်ခိုက်သွားကြရန် အကူအညီတောင်းခံခဲ့သည်။

မဒတသဘာပတိအဖွဲ့အစည်းအဝေးကို ၁၉၈၅ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် ကေအိုင်အေ ကချင်သောင်းကျန်းသူဌာနချုပ်၊ ပါကျိုတွင် ကျင်းပပြီးနောက် မဒတအဖွဲ့ဝင်သောင်းကျန်းသူများကို တိုင်း(၃)တိုင်းဖွဲ့စည်းခဲ့သည်။ မြောက်ပိုင်းတိုင်းတွင် ကေအိုင်အေ၊ ပလောင်နှင့် အက်စ်အက်စ်အေ တို့ပါဝင်ပြီး အလယ်ပိုင်းတိုင်းတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ကရင်နီအမျိုးသားတော်

---

[၁] ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) <u>ကရင်သောင်းကျန်းသူများသပိုင်းအကျဉ်းချုပ်</u> ၌ က် ၆၈

လှန်ရေးကောင်စီ၊ ပအိုဝ်သောင်းကျန်းသူနှစ်ဖွဲ့နှင့် ဒဗလျူအင်အေ(WNA)မှ "ဝ" အဖွဲ့များပါဝင်သည်။ တောင်ပိုင်းတိုင်းတွင် ကေအင်ယူ၊ မွန်ပြည်သစ်ပါတီနှင့် ရခိုင်သောင်းကျန်းသူအဖွဲ့များပါဝင်ပြီး ကေအင်ယူက လုံးဝချုပ်ကိုင်ထားသည်။

၁၉၈၄ခုနှစ် မဒတ သဘာပတိအဖွဲ့ အစည်းအဝေးတွင် ကေအင်ယူဗိုလ်မြက မြန်မာပြည်နယ်အပါအဝင် ပြည်နယ်အလိုက် သမ္မတနိုင်ငံများ ထူထောင်ပြီး ဖက်ဒရယ်ပြည်ထောင်စု အဖြစ်ဖွဲ့စည်းမည့် အမျိုးသားဒီမိုကရေစီသမ္မတနိုင်ငံများ ဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်ရန်မူချမှတ်ခဲ့သည်။ ကေအိုင်အေများကမူ ဗကပများနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးမူကို သဘောတူညီထားသောကြောင့် ကေအင်ယူမှ ချမှတ်သည့်မူနှင့် ကိုက်ညီခြင်းမရှိပေ။ ၁၉၈၅ခုနှစ်တွင် မဒတသည် သောင်းကျန်းသူအဖွဲ့များ၏ တပ်ပေါင်းစုဖြစ်ပြီး အစိုးရကိုတိုက်ခိုက်နေခြင်းသာဖြစ်ကြောင်း၊ ကေအင်ယူများက ခေါင်းဆောင်နေခြင်းမဟုတ်ကြောင်း၊ ကျဉ်းမြောင်းသောအမျိုးသားရေးဝါဒနှင့် လူမျိုးကြီးဝါဒကိုဆန့်ကျင်ပြီး သီးခြားခွဲထွက်ခွင့်ကိုလည်း ဆန့်ကျင်ကြောင်းကြေညာရာ မဒတနှင့် ကေအင်ယူမှာ ရည်ရွယ်ချက်ချင်း လုံးဝဆန့်ကျင်သွားခဲ့သည်။ ၁၉၈၆ခုနှစ်၊ ဇန်နဝါရီလတွင် ဗိုလ်မြကလည်း ကေအင်ယူတို့ လက်ကိုင်ပြုထားသည့် မူဝါဒအားလုံးကို လုံးဝမပြင်ဆင်နိုင်ကြောင်း ထပ်မံအတည်ပြု ပြောကြားခဲ့သည်။[၁]

၁၉၈၆ခုနှစ် နှင့် ၁၉၈၇ခုနှစ်အတွင်းတွင် တပ်မတော်က အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိကေအင်ယူစခန်းများကို တိုက်ခိုက်ချေမှုန်းခဲ့ရာ တိုက်ပွဲကြီး၊ တိုက်ပွဲငယ်များ အကြိမ်ကြိမ်ဖြစ်ပွားခဲ့ရသည်။ ၁၉၈၈ခုနှစ်တွင် ဗကပများက နိုင်ငံရေးအရ ပြည်တွင်းတွင် ဆူပူအုံကြွမှုကြီးများကို ဖော်ဆောင်ဖန်တီးပြီး စစ်ရေးလှုပ်ရှားမှုကိုပါ ပေါင်းစပ်ကာ မြေပေါ်မြေအောက်နှစ်ဖက်ညှပ်၍ အာဏာသိမ်းပိုက်ရေးကို တက်လှမ်းသည့်အနေဖြင့် မိုင်းယန်းဒေသတိုက်ပွဲကို ဖော်ဆောင်သကဲ့သို့ ကေအင်ယူများကလည်း မဲသဝေါဒေသတိုက်ပွဲကို ဖော်ဆောင်ခဲ့သည်။ ကေအင်ယူ ဘို့သည် ၁၉၈၉ခုနှစ်အတွင်း နိုင်ငံတော်တွင် ဖြစ်ပေါ်နေသောအခြေအနေများကို အမြတ်ထုတ်အခွင့်ကောင်းယူကာ စစ်ရေးအရ တပ်မတော်ကို အံတုဖက်ပြိုင်လာခဲ့ကြသည်။ ရှမ်းပြည်နယ်တွင် ဖြစ်ပွားသော မိုင်းယန်းဒေသတိုက်ပွဲသည်တိုင်းပြည်၏ကံကြမ္မာကိုအဆုံးအဖြတ်ပေးနိုင်သည့်တိုက်ပွဲတစ်ပွဲဖြစ်သကဲ့သို့ ကရင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သော မဲသဝေါဒေသတိုက်ပွဲသည်လည်း တိုင်းပြည်၏ကံကြမ္မာကို အလှည့်အပြောင်းဖြစ်သွားစေနိုင်သော တိုက်ပွဲတစ်ပွဲဖြစ်ခဲ့သည်။

ကေအင်ယူတို့သည် လူမျိုးစုသောင်းကျန်းသူများနှင့်ဖွဲ့စည်းထားသော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု(မဒတ)အတွင်း ဩဇာအရှိန်အဝါပြန်လည်တက်လာရေးသာမက မဟာဗျူဟာမြောက်စစ်ရေး၊ နိုင်ငံရေးရည်မှန်းချက်များဖြင့် ရှိရှိသမျှသော လူသူလက်နက်အင်အားများဖြင့် အကောင်

---

၁ ရဲဘော်သစ်မောင် "ဗကပ၊ကေအင်ယူ၊ကေအိုင်အေနှင့်မဒတ" ပေါင်းချုပ်၊ အတွဲ(၂) လုပ်သားပြည်သူ့နေစဉ့်ဆောင်းပါး မျက် ၁၈၆-၁၈၇

အထည်ဖော်လိုက်သော တိုက်ပွဲသည်ကား မဲသဝေါတိုက်ပွဲဖြစ်သည်။ ကေအင်ယူတို့သည် မဲသဝေါဒေသကို သိမ်းပိုက်ရရှိပြီးပါက ဘားအံ၊ မော်လမြိုင်စသည့် မြို့ကြီးများအပါအဝင် တနင်္သာရီ၊ မြစ်ဝကျွန်းပေါ်ဒေသတို့အား စိုးမိုးရေး၊ ကရင်ပြည်နယ်အားသီးခြားပြည်နယ်ထူထောင်ရေး၊ နိုင်ငံတော်အစိုးရအားအကျပ်ကိုင်နိုင်ရေး၊ နိုင်ငံတော်အာဏာရရှိနိုင်ရန် ပြည်ပအကူအညီများဖြင့် လူပ်ရှားဆောင်ရွက်ရေးစသည့် ကြီးမားသောရည်မှန်းချက်များထားရှိခဲ့ကြသည်။ ကေအင်ယူတို့သည် မဲသဝေါဒေသတွင် လူအင်အား၊ လက်နက်အင်အားများကို ဖြန်းတီး၍တိုက်ပွဲဝင်ခဲ့ကြသော အကြောင်းတစ်ချက်မှာ အခြားသောလူမျိုးစုသောင်းကျန်းသူများ၊ ၁၉၈၈ခုနှစ်အရေးအခင်းကာလအတွင်း အမျိုးမျိုးသောနိုင်ငံရေးပယောဂများကြောင့် လမ်းမှားသို့ရောက်ရှိသွားကြသော ကျောင်းသားလူငယ်များကို အခြေခံကာ ပြည်ပြေးတစ်ဖြစ်လဲ စီအာရ်ဒီဘီ[၁] အဖွဲ့မှတစ်ဆင့် နိုင်ငံခြားအကူအညီအထောက်အပံ့များရယူခဲ့ကြသောကြောင့်ဖြစ်သည်။[၂]

ကေအင်ယူများသည် ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ(၂၆)ရက်နေ့တွင် မဲသဝေါဒေသတိုက်ပွဲကို စတင်ခဲ့သည်။ မဲသဝေါဒေသတိုက်ပွဲသည် စက်တင်ဘာလ(၂၆)ရက်နေ့မှ ဒီဇင်ဘာလ(၂၄)ရက်နေ့အထိကြာညောင်းခဲ့ပြီး ကေအင်ယူတို့အကြီးအကျယ်အထိနာခဲ့သော တိုက်ပွဲကြီးဖြစ်သကဲ့သို့ ယင်းတို့၏စစ်ရေး၊ နိုင်ငံရေးမျှော်မှန်းချက်များ လုံးဝပြိုကွဲသွားခဲ့ရသည့် တိုက်ပွဲကြီးပင်ဖြစ်သည်။

ကချင်သောင်းကျန်းသူ(ကေအိုင်အေ)များအခြေအနေ

ကေအိုင်အေအမည်ခံ ကချင်သောင်းကျန်းသူများ၏ ဆူပူထကြွမှုသည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကချင်တိုင်းရင်းသားများနေထိုင်ရာ ဒေသများတွင်စတင် အခြေခံခဲ့သော်လည်း အဓိကအင်အားစုများမှာမူ ကချင်ပြည်နယ်အတွင်းမှာပင် ကြီးထွားလာခြင်းဖြစ်သည်။ ၁၉၆၀ပြည့်နှစ် ဖေဖော်ဝါရီလ(၅)ရက်နေ့တွင် အင်အား(၂၈)ယောက်ဖြင့် လားရှိုးဒွေတိုက်ကို ဝင်ရောက်လုယက်ရာမှ စတင်ခဲ့သောဆူပူသောင်းကျန်းမှုသည် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ်ကြေညာလိုက်သော အခါရုတ်တရက် အင်အားကြီးထွားလာရသည်။[၃]

ကေအိုင်အေများသည် ဖက်ဒရယ်မူကို တောင်းဆိုသောပဒေသရာဇ်များနှင့် ကောအမ်တီတရုတ်ဖြူကျူးကျော်ရေးသမားများထံမှ ထောက်ပံ့ကူညီသည့် လက်နက်ခဲယမ်းများ၊ ဘိန်းနှင့်ကျောက်စိမ်းများကို ခိုးထုတ်ရောင်းချငွေများဖြင့် ဝယ်ယူရရှိသည့်လက်နက်ခဲယမ်းများဖြင့် ဆူပူသောင်းကျန်းခဲ့ကြရာ ၁၉၆၅ခုနှစ်တွင် အင်အား၅၀၀၀ခန့်အထိတိုးတက်လာကြသော်လည်း အင်အား

---

၁ CRDB

၂ တပ်မတော်သုတေသီတစ်ဦး <u>၁၉၄၈ခုနှစ်မှ၁၉၈၈ခုနှစ်အတွင်းဖြတ်သန်းလာသောမြန်မာ့သမိုင်းအကျဉ်း နှင့်တပ်မတော်ကဏ္ဍ၊ တတိယတွဲ</u> မျက် ၂၂၅ - ၂၂၆

၃ ရဲဘော်သစ်မောင် -"ကေအိုင်အေသောင်းကျန်းသူ(သို့မဟုတ်) ကချင်ပြည်နယ်၏အလှကို ဖျက်ပိုးနေကြသူများ-၃" **လုပ်သားပြည်သူနေ့စဉ်၊ ဆောင်းပါးပေါင်းချုပ်** အတွဲ(၂)-မျက်-၂၂၇

၄၅၀၀ခန့်သည် တပ်မတော်က ထိုးစစ်များဖြင့် ချေမှုန်းတိုက်ခိုက်သောကြောင့် ပြိုကွဲပျက်စီးခဲ့ရသည်။ ကေအိုင်အေခေါင်းဆောင်မှုမှာ ဇော်ဆိုင်း၊ ဇော်တူး၊ ဇော်ဒန်ဟူသော ညီအကိုသုံးဦး၏ လက်ထဲတွင် ရှိနေခဲ့ရာမှ ဇော်ဆိုင်းသည် ၁၉၆၆ခုနှစ်မှစ၍ ထိုင်းနိုင်ငံ ထန်ဝိုးတွင်သာနေထိုင်ခဲ့သည်။ ကေအိုင်အေ ဗဟိုဌာနချုပ်သည်လည်း ထန်ဝိုးတွင်သာ အခြေစိုက်သည်။

၁၉၆၃ခုနှစ်၊ ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကို အခွင့်ကောင်းယူအမြတ်ထုတ် နိုင်ခဲ့သောကြောင့် ကေအိုင်အေများသည် ကာမိုင်းမြို့နယ်အထိကျောက်စိမ်းတွင်းများကို ချုပ်ကိုင်လာနိုင်ကြသည်။ သို့သော် ၁၉၆၅ခုနှစ်တွင် နိုင်ငံရေး၊ စစ်ရေးအကျပ်အတည်းကြောင့် ရရှိနိုင်သမျှသော ပြည်ပအကူအညီမှန်သမျှကို ရှာဖွေခဲ့ကြရသည်။ ၁၉၆၇ခုနှစ်တွင် တစ်ဖက်နိုင်ငံနှင့် ဆက်သွယ်မိရာမှ ကွန်မြူနစ်ဝါဒကို ကြွေးကြော်လာကြသည်။ သို့သော်အရှေ့မြောက်ဒေသဗကပများက ရှမ်းပြည်နယ်မြောက်ပိုင်းကိုထိုးဖောက်လာသောအခါ ဇော်ဒန်ခေါင်းဆောင်သော ကေအိုင်အေတပ်မဟာ(၄)နှင့် တိုက်ခိုက်ကြရပြန်သည်။ ကေအိုင်အေများသည် တပ်မတော်၏ ထိုးစစ်များနှင့်ဗကပတို့၏ နယ်မြေလုယူမှုများကြားတွင် စစ်နှစ်ဖက်ညှပ်လာသောအခါ ၁၉၇၃ခုနှစ်တွင် တပ်မတော်နှင့်စေ့စပ်ဆွေးနွေးရန် ကြိုးစားကြပြန်သည်။ သို့သော် ယင်းတို့၏အခွင့်ကောင်းယူ အမြတ်ထုတ်မှုကြောင့်ပင် မအောင်မြင်ခဲ့ပေ။ ထိုအခါ မရန်ဘရန်ဆိုင်းအုပ်စုသည် ဗကပတို့ဘက်သို့ ချဉ်းကပ်ကြပြန်သည်။

ဗကပကို ဆန့်ကျင်သောကေအိုင်အေ တပ်မဟာ(၄)မှူး ဇော်ဒန်သည် ၁၉၇၅ခု၊ မတ်တွင် ဗကပ တို့နှင့်ဖြစ်ပွားသော တိုက်ပွဲ၌သေဆုံးခဲ့သည်။ ထိုင်းနိုင်ငံ ထန်ဝိုးတွင် စည်းစိမ်ယစ်မူးနေသော ဇော်ဆိုင်း၊ ဇော်တူးနှင့် ပုံရွှေဇော်ဆိုင်းတို့သည် ၁၉၇၅ခုနှစ်၊ ဩဂုတ်လတွင် ဆိုင်းတူ၏လုပ်ကြံသတ်ဖြတ်ခြင်းကိုခံခဲ့ကြရသည်။ သို့ဖြင့် ကေအိုင်အေခေါင်းဆောင်ပိုင်းတွင် ဗကပဆန့်ကျင်ရေးသမားများကျဆုံးကုန်ကြရသည်။ ထို့နောက် ကေအိုင်အေစစ်ဦးစီးဌာနချုပ်ကို တြိဂံဒေသအတွင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် တောတောင်လှိုမြောင်များ ထူထပ်လှသော လကန်အင်ဘောက်တူတွင်အခြေပြုသည်။ ထန်ဝိုးသည် ကေအိုင်အေဗဟိုဌာနချုပ်ဖြစ်သော်လည်း ပြည်တွင်းရှိ ကေအိုင်အေအားလုံးကို ကေအိုင်အေစစ်ဦးစီးဌာနချုပ်ကသာ ချုပ်ကိုင်ထားခြင်းဖြစ်သည်။ ကေအိုင်အေစစ်ဦးစီးဌာနချုပ်တွင် လမုံတူးကျိုင်က စစ်ရေးခေါင်းဆောင်အဖြစ်တာဝန်ယူပြီး ရှေ့တန်းစစ်ဦးစီးဌာနချုပ်ကို မဂျိဇော်အိမ်က တာဝန်ယူကာ မဂျိဘွမ်ဒေသ ကော့လွန် ရွာတွင် အခြေစိုက်သည်။[၁]

ပြည်တွင်းရှိ ကေအိုင်အေများကို နိုင်ငံရေးအရ ဦးဆောင်မှုပေးနေသူများမှာ မရန်ဘရန်ဆိုင်း၊ လမာလရိန်းနှင့် ဇောင်းဟရားတို့ဖြစ်သည်။ ဇော်ဆိုင်း၊ဇော်တူးတို့သည် ထိုင်းနိုင်ငံ သို့ရောက်ရှိနေချိန်တွင် ကွန်မြူနစ်လိုလားသော မရန်ဘရန်ဆိုင်းအုပ်စုသည် လမုံတူးကျိုင်၊ မဂျိဇော်အိမ်နှင့် ဇော်မိုင်စသည့်စစ်ရေးခေါင်းဆောင်များကို စည်းရုံးသိမ်းသွင်းရန် အခွင့်အရေးများရရှိခဲ့သည်။ စစ်ဦးစီးဌာနချုပ်

---

၁ ရဲဘော်သစ်မောင် -"ကေအိုင်အေသောင်းကျန်းသူ(သို့မဟုတ်) ကချင်ပြည်နယ်၏အလှကို ဖျက်စီးသူများ-၃" လုပ်သားပြည်သူနေ့စဉ်၊ ဆောင်းပါးပေါင်းချုပ် အတွဲ(၂)-မျက်-၂၂၉

သည် ကေအိုင်အေတပ်မဟာ(၁)ကို အနီးကပ်ကွပ်ကဲပြီး တြိဂံဒေသတွင် အခြေစိုက်သည်။ မရှမ်းတန်း စစ်ဦးစီးဌာနချုပ်သည် တပ်မဟာ(၂)ကိုအနီးကပ်ကွပ်ကဲပြီး ကျောက်စိမ်းနယ်မြေတွင် အခြေစိုက်သည်၊ တပ်မဟာ(၃)သည် ဝန်းမော်နယ်မြေတွင် အခြေစိုက်ပြီး၊ တပ်မဟာ(၂) မှပေးပို့သည့် ကျောက်စိမ်းများကို မြည်ပသို့ ဆက်လက်ပို့ဆောင်ရေးကိုတာဝန်ယူရသည်။ တပ်မဟာ(၄)မှာမူ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အခြေစိုက်ရာမှ ဗကပများနှင့်ထိတွေ့နေရသည်၊

ဇော်ဆိုင်းနှင့်ဇော်တူးတို့ လုပ်ကြံခံရသောအခါ မရန်ဘရန်ဆိုင်းက ဥက္ကဋ္ဌဖြစ်လာပြီး လမုံတူးကျိုင်က စစ်ဦးစီးချုပ်ဖြစ်လာသည်။ ယင်းတို့သည် တပ်မဟာ(၃)တွင် စုဝေးရန်စီစဉ်သည်၊ တပ်မဟာ(၂)တွင်ရောက်ရှိနေသော လမုံတူးကျိုင်သည် ၁၉၇၅ခုနှစ်၊ နိုဝင်ဘာလကုန်ပိုင်းတွင် လည်းကောင်း၊ တပ်မဟာ(၁)တွင်ရောက်ရှိနေသော မရန်ဘရန်ဆိုင်းနှင့် ဇောင်းဟရားတို့သည် ဒီဇင်ဘာလတွင်လည်းကောင်း၊ တပ်မဟာ(၄)တပ်မဟာမှူးဇော်မိုင်သည် ၁၉၇၆ခုနှစ်၊ ဇန်နဝါရီလ ဆန်းတွင်လည်းကောင်း၊ တပ်မဟာ(၃)နယ်မြေသို့ ရောက်ရှိလာကြသည်။ ကေအိုင်အေတတိယ အကြိမ်ဗဟိုကော်မတီအစည်းအဝေးကို ၁၉၇၆ခုနှစ်၊ ဇန်နဝါရီလ(၁၄)ရက်နေ့တွင် ကျင်းပပြီး ကချင်လွတ်လပ်ရေးအဖွဲ့ဗဟိုကော်မတီနှင့် ကချင်လွတ်လပ်ရေးကောင်စီ (KIC)[၃]ကိုအသစ်ပြန်လည် ဖွဲ့စည်းသည်၊ ထိုအစည်းအဝေးတွင် နိုင်ငံရေး၊ စစ်ရေး အခြေအနေများကို ပြန်လည်သုံးသပ်ပြီး နိုင်ငံခြားဆက်သွယ်မှုကို အရှိန်အဟုန်မပျက်ဆက်လက်လုပ်ဆောင်ရန်နှင့် စစ်ရေးအရဆက်လက် တိုက်ပွဲဝင်ရန် ဆုံးဖြတ်သည်။ [၂]

ကေအိုင်အေဗဟိုကော်မတီနှင့် ကေအိုင်စီတွင် ဥက္ကဋ္ဌအဖြစ် ဘရန်ဆိုင်းက တာဝန်ယူပြီး ဗဟိုကော်မတီဆုံးဖြတ်ချက်တွင် အောက်ပါမူဝါဒများ ပါဝင်သည်-

(၁) **ဗမာနက်များ** ။ ဗမာနက်များ ဆိုသည်မှာ အစိုးရဖြစ်ပြီး နိုင်ငံရေးကို အဓိကထား၍ နိုင်ငံရေး၊ စစ်ရေးအဘက်ဘက်မှတိုက်ခိုက်ရန် ဆုံးဖြတ်သည်။

(၂) **ဗမာနီများ** ။ ဗကပများသည် နိုင်ငံခြားလူမျိုးနှင့် နိုင်ငံခြားသြဇာခံများ ဖြစ်၍ ကေအိုင်အေ၏သြဇာကို မခံယူမချင်း ဆန့်ကျင်တိုက်ခိုက်ရမည်၊

(၃) **တစ်ဖက်နိုင်ငံအပေါ်သဘောထား** ။ တစ်ဖက်နိုင်ငံနှင့် ချစ်ကြည်ရေးရရှိရန် ဆောင်ရွက်သွားမည်။[၄]

---

၃ KIC - (Kachin Independence Council)

၂ ရဲဘော်သစ်ဟောင် -"ကေအိုင်အေသောင်းကျန်းသူ(သို့မဟုတ်) ကချင်ပြည်နယ်၏အလှကို ဖျက်စီးနေကြသူများ-၃" လုပ်သားပြည်သူနေ့စဉ်၊ ဆောင်းပါးပေါင်းချုပ် အတွဲ(၂)-မျက်-၂၃၁

၃ ရဲဘော်သစ်ဟောင် -"ကေအိုင်အေသောင်းကျန်းသူ(သို့မဟုတ်) ကချင်ပြည်နယ်၏အလှကို ဖျက်စီးနေကြသူများ-၃" လုပ်သားပြည်သူနေ့စဉ်၊ ဆောင်းပါးပေါင်းချုပ် အတွဲ(၂)-မျက်-၂၃၁

ဘရန်ဆိုင်းသည် တစ်ဖက်နိုင်ငံနှင့် ပိုမိုနီးစပ်စေရေးအတွက် တြိဂံဒေသအတွင်းရှိ ကေအိုင်အေစစ်ဦးစီးဌာနချုပ်ကို တစ်ဖက်နိုင်ငံနယ်စပ်သို့ ရွှေ့ပြောင်းရန်စီစဉ်သည်။ အစည်းအဝေးပြီးသောအခါ ဘရန်ဆိုင်း၊ ဇော်ငြိမ်းဟရားနှင့် လမာလရိန်းတို့သည် တပ်မဟာ(၃)တွင် ကျန်ရစ်ခဲ့ပြီး တပ်မဟာ(၃)မှာ ဗဟိုဌာနချုပ် အစစ်ဖြစ်လာသည်။

၁၉၇၆ခုနှစ်၊ ဇွန်လ(၃)ရက်နေ့တွင် ဘရန်ဆိုင်းနှင့် ဇော်မိုင်သည် ကေအိုင်အေ အရှေ့ပိုင်းနိုင်ငံခြားဆက်သွယ်ရေးစခန်းမှ တစ်ဆင့် တဖက်နိုင်ငံသို့သွားရောက်သည်။ လမုံတူးကျိုင်၏ကေအိုင်အေစစ်ဦးစီးဌာနချုပ်ကိုလည်း ၁၉၇၆ခုနှစ်၊ ဇွန်လမှ စတင်၍တြိဂံနယ်မြေမှ ပါကျိုဒေသသို့ပြောင်းရွှေ့စေရာ ၁၉၇၇ခုနှစ်တွင် ပြောင်းရွှေ့ပြီးဆုံးသည်။ ဗဟိုဌာနချုပ်ပြောင်းရွှေ့ခြင်းမှာ တစ်ဘက်နိုင်ငံနှင့် ပိုမိုနီးစပ်စေရန်သာမက တပ်မတော်(လေ)၏လေကြောင်းမှ တိုက်ခိုက်မှုကို ရှောင်လွဲရန်ဖြစ်သည်။ နယ်နိမိတ်မျဉ်းကြောင်းတစ်လျှောက်တွင် လေကြောင်းမှတိုက်ခိုက်ရန်မှာ လွယ်ကူသောကိစ္စမဟုတ်ပေ။ ဘရန်ဆိုင်းနှင့် ဇော်မိုင်တို့သည် တစ်ဖက်နိုင်ငံတွင် ဆွေးနွေးပွဲများပြုလုပ်ပြီး ၁၉၇၆ခုနှစ်၊ စက်တင်ဘာလ(၁၂)ရက်နေ့တွင် အရှေ့ပိုင်းနိုင်ငံခြားဆက်သွယ်ရေးစခန်းသို့ပြန်လည်ရောက်ရှိလာသည်။

အေအိုင်အေနှင့် ဗကပတို့၏ ဆက်ဆံရေးမှာချက်ချင်းအဆင်ပြေသည်မဟုတ်ပေ။ ၁၉၇၅ခုနှစ် မတ်လတွင် တပ်မဟာ(၄)တပ်မမှူး ဇော်ဒန်ကျဆုံးသွားသောအခါ ဇော်မိုင်သည် တပ်မဟာ(၄)ကို ခေါင်းဆောင်၍ ၁၉၇၅ခုနှစ်၊ နိုဝင်ဘာလ(၂၀)ရက်နေ့မှ ၁၉၇၆ခုနှစ်၊ မတ်လ (၂၆)ရက်နေ့အထိ ကြောင်နက်စစ်ဆင်ရေးဖြင့် ဗကပတပ်ရင်း(၂၀၂)ကို ဦးတည်တိုက်ခိုက်ရာနှစ်ဖက်စလုံး အထိနာခဲ့ရသည်။ သို့သော် ထိုင်းနိုင်ငံထန်ပိုးသည် ကေအိုင်အေနယ်မြေများနှင့် များစွာအလှမ်းဝေးခြင်း၊ တစ်ဖက်နိုင်ငံမှအကူအညီရယူမှုက ပိုမိုလွယ်ကူ၍အဆင်ပြေခြင်းတို့ကြောင့် ကေအိုင်အေနှင့် ဗကပမှာ မပတ်သက်ချင်၍မရတော့ပေ။ တစ်ဖက်နိုင်ငံကလည်း ကေအိုင်အေများကို ဗကပမှတစ်ဆင့်သာ အကူအညီရယူရန် ဖိအားပေးလာသည်။ သခင်ဗသိန်းတင်ကလည်း ၁၉၇၅ခုနှစ်၊ ဩဂုတ်လ(၂၁)ရက်နေ့ကတည်းက ညီညွတ်ရေးအတွက် စာဖြင့်ကမ်းလှမ်းခဲ့သည်။ ၁၉၇၆ခုနှစ်၊ ဇန်နဝါရီလ(၁၂)ရက်နေ့တွင် ကေအိုင်စီဗဟိုကော်မတီအစည်းအဝေးက ဗကပတို့၏ ကမ်းလှမ်းချက်ကို လက်ခံခဲ့သည်။ ထို့နောက် ဘရန်ဆိုင်းတို့သည် တစ်ဖက်နိုင်ငံသို့ သွားကြခြင်းမှာဗကပများနှင့် ဆွေးနွေးရန်လည်းပါဝင်သည်။

၁၉၇၆ခုနှစ်၊ဖေဖော်ဝါရီလ(၂၉)ရက်နေ့တွင် ဗကပနှင့် ကေအိုင်အေတို့ မဟာမိတ် အဖြစ်သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ကြပြီး ၁၉၇၆ခုနှစ်၊ မတ်လ(၂၈)ရက်နေ့မှစ၍ အပစ်အခတ်ရပ်စဲခဲ့ကြသည်။ ထို့နောက်ဗကပနိုင်ငံရေးသင်တန်းများသို့ ကေအိုင်စီအဖွဲ့ဝင်များဖြစ်သော အထွေထွေအတွင်းရေးမှူးဇော်ငြိမ်းဟရားနှင့်အဖွဲ့ဝင် လမာလရိန်းတို့အပါအဝင် တပ်မဟာမှူး၊ တပ်ရင်းမှူးနှင့် အုပ်ချုပ်ရေးမှူးအဆင့်ရှိသူများပါဝင်တက်ရောက်ကြသည်။ ပထမပတ်သင်တန်းသို့အင်အား၄၀၀ကျော်၊

ဒုတိယပတ်သင်တန်းသို့ အင်အား ၃၅၀ ကျော်တက်ရောက်ခဲ့ကြပြီး အထွေထွေအတွင်းရေးမှူး ဇော်ဦးဟရားနှင့် အဖွဲ့သည် တစ်ဖက်နိုင်ငံမှပို့ချလိုက်သော မာကွစ်- လီနင်ဝါဒသဘောတရားရေးရာများကို ကချင်ဘာသာဖြင့်ပြန်ဆို၍ ယင်းတို့၏တပ်ဖွဲ့များအား ဆင့်ပွားပို့ချရန်စီစဉ်သည်။ [၁]

၁၉၇၇ခုနှစ်၊ ဇန်နဝါရီလလယ်ခန့်တွင်ဇော်မိုင်ခေါင်းဆောင်သောအဖွဲ့သည် တစ်ဖက်နိုင်ငံတွင် ဗကပများနှင့်ဆွေးနွေးကြသည်။ ကေအိုင်အေခေါင်းဆောင်ပိုင်းသည် ဗကပနှင့်အဆင်ပြေသည်ထက် ပြေလာသော်လည်း အောက်ခြေတွင်မူ ဆက်ဆံရေးမပြေပြစ်ခဲ့ကြပေ။ ဗကပနှင့် ကေအိုင်အေတို့ပူးပေါင်းပြီးစစ်ဆင်ရေးပြုလုပ်ရန် အကောင်အထည်ဖော်သော်လည်း အောင်မြင်မှုမရ ရှိခဲ့ကြပေ။

အေအိုင်အေများသည် ဗကပများနှင့်မဟာမိတ်ဖွဲ့လိုက်ခြင်းကြောင့် စစ်နှစ်ဖက်ညှပ်နေသည့် ဘေးမှ လွတ်ကင်းသွားခဲ့သည်။ ထို့ကြောင့် ကေအိုင်အေတို့သည် အင်အားသုံးရသည့်တိုက်ပွဲကြီးများကိုဖော်ထုတ်လာနိုင်သည်။ ၁၉၇၈ခုနှစ်တွင်ဗကပတပ်ရင်း(၁၀၁)က မေခမြစ်အရှေ့ခြမ်း ထောကော ဒေသကို တိုက်ခိုက်နိုင်ရန်အတွက် ကေအိုင်အေတပ်ရင်း(၃)က ဝိုင်းမော်ဒေသကို ခြိမ်းခြောက်ပေးခဲ့သည်။

၁၉၇၉ခုနှစ်တွင် ကေအိုင်အေတို့၏ စစ်ရေးလှုပ်ရှားမှာပိုမိုမြင့်တက်လာသည်။ တပ်မတော် ကို အင်အားအလုံးအရင်းဖြင့်တိုက်ခိုက်ရသည့် တိုက်ပွဲကြီးများဆင်နွှဲလာသည်။ ဘရန်ဆိုင်းသည် ၁၉၇၉ခုနှစ်၊ ဖေဖော်ဝါရီလတွင် တစ်ဖက်နိုင်ငံသို့ ဆေးကုသမှုခံယူရန်ထွက်ခွာသွားပြီး ဗြိတိသျှ ခန့်တွင် ပြန်လည်ရောက်ရှိခဲ့သည်။ တပ်မတော်ကလည်း ကေအိုင်အေတို့၏ တပ်ရင်းဌာနချုပ်၊ တပ်မဟာဌာနချုပ်စခန်းများကို နှစ်စဉ်ပင် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ သို့သော် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် တပ်မတော်စစ်ကြောင်းများမှာ ကေအိုင်အေစခန်းများ တွင်တပ်စွဲထားနိုင်ခြင်းမရှိပေ။ ထို့ကြောင့်တပ်မတော်စစ်ကြောင်းများ ပြန်လည်ရုပ်သိမ်းသွားလျှင် ကေအိုင်အေစခန်းများပြန်လည်ပေါ်ပေါက်လာမြဲဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် ကေအိုင်အေတပ်မဟာ(၃)၊ တပ်မဟာမှူးမကျိဇော်အိမ်သည် ဗကပများနှင့် ဆွေးနွေးခဲ့သည်။ လမုံတူးကျိုင်ကလည်း ပလောင်သောင်းကျန်းသူ ဥက္ကဋ္ဌ သန်းဝင်းနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ကေအိုင်အေများအနေနှင့် ဗကပများ ထံမှလက်နက် ခဲယမ်းရရှိလာမှုကြောင့် ထိုင်းနိုင်ငံ ထန်ဝိုးစခန်းမှ လဒွခေါင်းဆောင်သော အင်အား ၃၀၀ ကိုပြန်လည် ရုပ်သိမ်းခဲ့သည်။

ကေအိုင်အေဗဟိုဌာနချုပ်သည် ၁၉၇၇ခုနှစ်မှစ၍ ပါကျိုတွင်အခြေစိုက်ရာမှ ၁၉၇၉ ခုနှစ်တွင်ပါကျိုမြောက်ဘက်ရှစ်မိုင်အကွာရှိ ဖလပ်သို့ပြောင်းရွှေ့ခဲ့သည်။ ၁၉၈၀ပြည့်နှစ်တွင် ဘရန်ဆိုင်း၊ ဇော်မိုင်၊ ဆိုင်ဖုံတို့ဦးစီးသော ကိုယ်စားလှယ်အဖွဲ့သည် တစ်ဖက်နိုင်ငံသို့ထွက်ခွာသွားပြီး ဇွန်လ ဆန်းတွင် ပြန်လည်ရောက်ရှိလာသည်။ ထို့နောက် ၁၉၈၀ပြည့်နှစ်၊ ဇွန်လ(၇)ရက်မှ(၃၀)ရက်နေ့ အထိ ဗဟိုစစ်ဦးစီးဌာနချုပ်အခြေစိုက်ရာ ဖလပ်၌ ကချင်ပြည်နယ်လွတ်လပ်ရေးအဖွဲ့(ခေါ်)ကေအိုင်အို၏

---

[၁] ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)- **ကချင်သောင်းကျန်းသူများ၏သမိုင်းအကျဉ်းချုပ်**

ဆဌမအကြိမ်မြောက် ဗဟိုကော်မတီအစည်းအဝေး ကျင်းပခဲ့သည်။ အစည်းအဝေးမှအောက်ပါ ဆုံးဖြတ်ချက်များကို ဆုံးဖြတ်ခဲ့သည်-

(၁) ကေအိုင်အေသည် နင်ထောန်မုံးဆာ (Ning Htawng Mungsa) (ခေါ်) ကချင် ပြည်လွတ်လပ်ရေးလမ်းစဉ်ကို စွန့်လွှတ်ပြီး မာက္ခစ် - လီနင်ဝါဒကိုအခြေခံ သော ပစ္စည်းမဲ့လမ်းစဉ်ကိုကျင့်သုံးရေးအတွက် အောက်ခြေတွင် ဝါဒဖြန့်ရန်။

(၂) ၂၃-၆-၈၀ ရက်နေ့မှစ၍ လမုံတူးကျိုင်အား စစ်ဦးစီးချုပ်အဖြစ်မှ အထွေထွေ အုပ်ချုပ်ရေးတာဝန်ခံ အဖြစ်ပြောင်းရွှေ့ရန်။

(၃) ဇော်မိုင်ကို ဗိုလ်မှူးချုပ်အဆင့်တိုးပေးပြီး စစ်ဦးစီးချုပ်ခန့်ရန်။

(၄) ဗိုလ်မှူးဂေါ်ရီဇော်ဆိုင်းကို ကုန်သွယ်ရေးညွှန်ကြားရေးမှူးခန့်ရန်။

(၅) ဗဟိုကော်မတီဝင်လမာလရိန်းကို နှုတ်ထွက်ခွင့်ပြုရန်။

(၆) ဗိုလ်ကြီးအင်ဘွန်ဆင်ဝါးကို ဗိုလ်မှူးအဆင့်တိုး၍ ဥက္ကဋ္ဌ၏ကိုယ်ရေးအရာရှိ အဖြစ် ခန့်အပ်ရန်။

(၇) ဆဒုံခရိုင်အုပ်ချုပ်ရေးအရာရှိတောင်ဘီးကို အရှေ့ပိုင်းအုပ်ချုပ်ရေးမှူးခန့်ရန်။

(၈) ဆလန်ကဘာကွယ်အား ဗဟိုဌာနချုပ် အတွင်းရေးမှူးခန့်ရန်။

(၉) တပ်ရင်း(၁၀၁)၊ (၁၀၂)၊ (၁၀၃) တို့ကိုတပ်ရင်း (၂၅၁)၊ (၂၅၂)၊ (၂၅၃) ဟုပြောင်း ရန်။

(၁၀) တပ်ခွဲတစ်ခွဲတွင် ကပ်ခွဲမှူးက နိုင်ငံရေး၊ စစ်ရေးတာဝန်ယူ၍ ဒုတိယတပ်ခွဲမှူးက စစ်ရေး၊ အုပ်ချုပ်ရေးတာဝန်ယူရန်။

(၁၁) ကချင်ကွန်မြူနစ်ပါတီဖွဲ့စည်းရေးကို ကေအိုင်အိုက တာဝန်ယူရန်။

(၁၂) ဗကပနှင့် ပူးပေါင်းကြောင်း အောက်တိုဘာလတွင် ကြေညာရန်။

(၁၃) တိုက်ပွဲကြီးများကို ဗကပနှင့် ပူးပေါင်း၍သော်လည်းကောင်း၊ ဆက်စပ်၍သော် လည်းကောင်း ဆင်နွှဲရန်[၁]

နိုင်ငံတော်ကောင်စီ၏ အမိန့်အမှတ်(၂/၈၀)ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီးနောက် ၁၉၈၀ ပြည့်နှစ်၊ အောက်တိုဘာလ(၉)ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ နှင့် ကေအိုင်အေ ခေါင်းဆောင်များညှိနှိုင်းဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့သည်။ ထို့နောက် အောက်တိုဘာလ(၁၀)ရက်နေ့ တွင် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ကချင်ပြည်နယ်လွတ်လပ်ရေးအဖွဲ့တို့က တိုင်းပြည်သို့ထုတ်ပြန်ချက် စာစောင်တစ်ခုကို ထုတ်ပြန်ကြေညာသည်။ ယင်းထုတ်ပြန်ကြေညာချက်အကျဉ်းချုပ်မှာ လူမျိုးပေါင်းစုံ ပြည်သူလူထုတစ်ရပ်လုံး၏ လုံးဝလွတ်မြောက်ရေးအတွက် နယ်ချဲ့စနစ်၊ ပဒေသရာဇ်စနစ်၊ မြေရှင်စနစ်

---

၁ ရဲဘော်သစ်မောင် -"ကေအိုင်အေသောင်းကျန်းသူ(သို့မဟုတ်) ကချင်ပြည်နယ်၏အလှကို ဖျက်စီးနေကြ သူများ-၃"လုပ်သားပြည်သူနှစ်ဉ်ဆောင်းပါးပေါင်းချုပ်အတွဲ(၂) မျက်-၂၀၆-၂၃၇

နှင့် ဗျူရိုကရက်အရင်းရှင်စနစ်တို့ကို ပြတ်ပြတ်သားသား ဆန့်ကျင်ပြီးတော်လှန်ရေးအင်အားစုများ တစ်စည်းတစ်လုံးတည်း သွေးစည်းညီညွတ်ကာ စစ်အစိုးရကို ကျဆုံးသည်အထိ တိုက်ခိုက်ချေမှုန်းသွားကြရန်နှင့် ကချင်ပြည်နယ်လွတ်လပ်ရေးအဖွဲ့ တစ်သီးတစ်ခြား ကချင်ပြည်နယ်ထူထောင်ရေးဟူသော နိုင်ငံရေးရည်မှန်းချက်အစား ကိုယ်ပိုင်အုပ်ချုပ်ရေးမူကို လက်ခံကျင့်သုံးသွားရန် မူအရ သဘောတူကြောင်းပါရှိသည်။ [၁]

၁၉၈၀ပြည့်နှစ်၊ ဩဂုတ်လ(၂၅)ရက်နေ့တွင် လွတ်ငြိမ်းချမ်းသာခွင့်ကာလ ကုန်ဆုံးသော်လည်း နိုင်ငံတော်အစိုးရက သဘောထားကြီးစွာဖြင့် ၁၉၈၁ခုနှစ်၊ မေလ(၂၅)ရက်နေ့အထိ ကချင်သောင်းကျန်းသူခေါင်းဆောင်များနှင့် (၅)ကြိမ်တိုင်တိုင်တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ သို့သော် ကချင်သောင်းကျန်းသူများ၏ မရိုးဖြောင့်သော ရည်ရွယ်ချက်နှင့်လုပ်ရပ်များကြောင့် နိုင်ငံတော်အစိုးရမှ အထူးလိုလားသောပြည်တွင်းငြိမ်းချမ်းသာယာရေး ရည်မှန်းချက်မှာပျက်ပြားခဲ့ရသည်။

ကချင်သောင်းကျန်းသူများသည် နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးနေစဉ်ကာလအတွင်း လူငယ်(၅၀၀)ကျော်ကိုပြန်ပေးဆွဲသက်သို့ ဖမ်းဆီးပြီး တပ်သားသစ်သင်တန်းပေးကာအင်အားဖြည့်တင်းခြင်း၊ ဆွေးနွေးပွဲကာလအတွင်း ပြည်သူများထံမှ ဆက်ကြေးငွေအဆမတန်ကောက်ခံခြင်း၊ ၁၉၈၁ခုနှစ်၊ မတ်လ(၁၄)ရက်နေ့တွင် ရွှေလီမြစ်ကမ်းမြောက်ဘက်သို့ ဗကပတပ်ရင်း(၁၈၀)တပ်ဖွဲ့အင်အား(၁၂၀)ခန့် ကိုကေအိုင်အေ စစ်ဝတ်စုံများဝတ်ဆင်စေပြီး အယောင်ဆောင်ဝင်ရောက်ခွင့်ပြုခြင်း၊ ယင်းဗကပတပ်ရင်း(၁၈၀)ကို ကေအိုင်အေ၊ တပ်ရင်း(၁) ဒုတိယတပ်ရင်းမှူးလဇိန်ဘောက်မှ ဧည့်ခံကြိုဆိုခဲ့ခြင်း၊ မတ်လ(၂၅)ရက်နေ့တွင် ယင်းအဖွဲ့ကို ကေအိုင်အေတပ်မဟာ(၃) တပ်မဟာမှူးကကြိုဆိုခဲ့ပြီး မတ်လ(၂၉)ရက်နေ့တွင် ကေအိုင်အေများမှလမ်းပြ၍ ဧရာဝတီပထမမြစ်ကျဉ်း ဗန်းမော်အထက်နားမှ ဖြတ်၍ကူးဝင်သွားခြင်း၊ ဧပြီလ(၈)ရက်နေ့တွင် ကေအိုင်အေတပ်ရင်း(၅)၏ အကူအညီဖြင့် မီးရထားလမ်းကိုဖြတ်၍ မိုးညှင်းအနီးမှအနောက်ဘက်သို့ခေါ်သွင်းလာခြင်း၊ ဧပြီလတတိယပတ်အတွင်း ကာမိုင်းမြို့နယ်အထိ ဗကပများကိုသွင်းလာပြီး ဟုမ္မလင်းမြို့နယ်သို့ဝင်ရန် ကူညီခဲ့ခြင်းများကို ပြုလုပ်ခဲ့သည်။ [၂]

ထို့ပြင်ကချင်သောင်းကျန်းသူ စစ်ဦးစီးချုပ်ဇော်မိုင်သည် ၁၉၈၁ခုနှစ်၊ မေလ(၁၄)ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးမှ ဗကပနှင့်ဆွေးနွေးပွဲရပ်စဲကြောင်းကြေညာစဉ် ဗကပထံမှလက်နက်ခဲယမ်းများကို ယူဆောင်၍ ကချင်သောင်းကျန်းသူတပ်မဟာ(၁)၊ တပ်မဟာ(၂)၊ တပ်မဟာ(၃)နှင့် တပ်မဟာ(၄)တို့ကို ခွဲဝေပေးခဲ့သည်။ [၃]

---

၁ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)- **ကချင်သောင်းကျန်းသူများ၏သမိုင်းအကျဉ်းချုပ်**
၂ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)- **ကချင်သောင်းကျန်းသူများ၏သမိုင်းအကျဉ်းချုပ်**
၃ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)- **ကချင်သောင်းကျန်းသူများ၏သမိုင်းအကျဉ်းချုပ်**

ကေအိုင်အေနှင့် မဒတ[၁]

ပြည်ထောင်စုအမျိုးသားဒီမိုကရေစီတပ်ပေါင်းစု(ပမဒတ)၏ ဒုတိယအကြိမ်မြောက် ဗဟို သဘာပတိအစည်းအဝေးကို ၁၉၇၆ ခုနှစ်၊ ဧပြီလ(၂၆)ရက်နေ့မှမေလ(၈)ရက်နေ့အထိ ကေအင်ယူ ဗဟိုဌာနချုပ်တွင်ပြုလုပ်သည်။ ထိုအစည်းအဝေးတွင် သောင်းကျန်းသူအဖွဲ့(၁၃)ဖွဲ့မှကိုယ်စားလှယ်များ တက်ရောက်ပြီး ကေအိုင်အေ၏နိုင်ငံရေး အဖွဲ့ဖြစ်သော ကချင်ပြည်လွတ်လပ်ရေးအဖွဲ့(အေအိုင်အို)၊ ပလောင်ပြည်လွတ်မြောက်ရေးအဖွဲ့ (ပီအက်စ်အယ်အို)၊ ပြည်ထောင်စုပအို့အမျိုးသားအဖွဲ့ချုပ် (ယူပီအင်အို)၊ လားဟူအမျိုးသားတိုးတက်ရေးပါတီ(အယ်လ်အင်ပီပီ)တို့ကို အဖွဲ့ဝင်များအဖြစ်ထပ်မံ လက်ခံခဲ့သည်။ "ပြည်ထောင်စုအမျိုးသားဒီမိုကရေစီတပ်ပေါင်းစု(ပမဒတ)"အမည်ကိုလည်း "အမျိုးသား ဒီမိုကရေစီတပ်ပေါင်းစု(မဒတ)" ဟုပြောင်းလဲခဲ့သည်။

ယင်းဒုတိယအကြိမ်မြောက် ဗဟိုသဘာပတိအစည်းအဝေးသို့ သောင်းကျန်းသူကိုယ်စားလှယ် အဖွဲ့ပေါင်း(၁၃)ဖွဲ့တက်ရောက်ရာမှ (၉)ဖွဲ့သာအဖွဲ့ဝင်ဖြစ်ခဲ့သည်။ ရခိုင်အဖွဲ့မှာရခိုင်ပြည်လွတ်မြောက် ရေးပါတီ(အေအယ်လ်ပီ)နှင့် ရခိုင်ပြည်အမျိုးသားလွတ်မြောက်ရေးပါတီ(အေအင်န်အယ်လ်ပီ) ဟူ၍ နှစ်ဖွဲ့ဖြစ်နေရာ တစ်ဖွဲ့သာပါဝင်ခွင့်ရခဲ့သည်။ တော်လှန်သောရှမ်းပြည်နယ်ညီညွတ်ရေး တပ်မတော် (အက်စ်ယူအာရ်အေ)(ခေါ်)မိုးဟိန်းအဖွဲ့နှင့်ခွန်ဆာ၏ရှမ်းပြည်ညီညွတ်ရေးတပ်မတော်(အက်စ်ယူအေ) တို့သည်မဒတတွင်ပါဝင်ခြင်းမရှိခဲ့ကြပေ။ ၁၉၇၈ခုနှစ်တွင်ကယန်းပြည်သစ်ပါတီနှင့် ပြည်ထောင်စုပအို့ အမျိုးသားအဖွဲ့ချုပ်တို့က မဒတမှနှုတ်ထွက်ကြပြန်သည်။ ၁၉၈၀ပြည့်နှစ်၊ အောက်တိုဘာလတွင် ကေအင်ယူဌာနချုပ်၌ပြုလုပ်သော မဒတအစည်းအဝေးတွင် ကေအိုင်အေထံ မှ မဒတအပေါ် သဘောထားအတိအကျ မပေးနိုင်သောကြောင့် အဖွဲ့ဝင်အဖြစ်မှရပ်စဲပြီး မဟာမိတ်အဆင့်အဖြစ် သတ်မှတ်ခဲ့သည်။

မဒတ၏ ပထမအကြိမ်သဘာပတိအဖွဲ့အစည်းအဝေးကို ၁၉၈၂ခုနှစ်၊ ဇွန်လ(၂၃)ရက်နေ့မှ ဇူလိုင်လ(၁၃)ရက်နေ့အထိလည်းကောင်း၊ ဒုတိယအကြိမ်အစည်းအဝေးကို ၁၉၈၃ခုနှစ်၊ စက်တင်ဘာ လ(၁၂)ရက်နေ့မှ (၂၀)ရက်နေ့အထိလည်းကောင်း၊ တတိယအကြိမ်အစည်းအဝေးကို၁၉၈၄ခုနှစ်၊ အောက်တိုဘာလတွင်လည်းကောင်း ကေအင်ယူဌာနချုပ် မယ်နယ်ပလောဌ် ကျင်းပခဲ့သည်။ ၁၉၈၃ ခုနှစ်၊ မဒတ၏ဒုတိယအကြိမ် သဘာပတိအဖွဲ့အစည်းအဝေးသို့ ကေအိုင်အေကချင်သောင်းကျန်းသူ အဖွဲ့မှ ဂေါ်ရီဇော်ဆိုင်းခေါင်းဆောင်သောအဖွဲ့တက်ရောက်ခဲ့သည်။ ၁၉၈၃ခုနှစ်၊ စက်တင်ဘာလ(၂၈) ရက်နေ့တွင် အစည်းအဝေးမှ ကေအိုင်အေကချင်သောင်းကျန်းသူအဖွဲ့ကို မဒတတွင်တင်းပြည့်အဖွဲ့ဝင် အဖြစ်ပြန်လည်လက်ခံလိုက်ပြီး အဖွဲ့၏ဒုတိယဥက္ကဋ္ဌတာဝန်ကို ကချင်သောင်းကျန်းသူကိုယ်စားလှယ် အဖွဲ့မှ တာဝန်ယူရန်သတ်မှတ်ခဲ့သည်။

---

[၁] အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ)

ကေအင်ယူကရင်သောင်းကျန်းသူများ၏ နယ်မြေဖြစ်သော နော်တရာကုန်းအား တပ်မတော်မှ စိုးပိုးထားပြီးနောက် ၁၉၈၃ခုနှစ်၊ နိုဝင်ဘာလနှင့် ၁၉၈၄ခုနှစ်၊ ဇန်နဝါရီလတွင်နော်တရာကုန်းအား ကရင်သောင်းကျန်းသူများမှ ပြန်လည်တိုက်ခိုက်ခဲ့သည်။ ထို့နောက်တပ်မတော်မှ စစ်ဆင်ရေးတပ်များဖြင့်ကရင်သောင်းကျန်းသူ၊ တပ်မ(၁)၏မဲသဝေါစခန်းကို ၁၉၈၄ခုနှစ်၊ ဇန်နဝါရီလတွင်တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ထိုအချိန်တွင် မဒတအဖွဲ့ဥက္ကဋ္ဌဗိုလ်မြမှ မဒတအဖွဲ့ဝင်သောင်းကျန်းသူများအား ကရင်သောင်းကျန်းသူနယ်မြေသို့တပ်မတော်မှ ဖိအားပေးတိုက်ခိုက်နေခြင်းကို လျော့နည်းသွားစေရန် သက်ဆိုင်ရာနယ်မြေအလိုက်အဘက်ဘက်မှ နှောင့်ယှက်တိုက်ခိုက်သွားရန် အကူအညီတောင်းခံခဲ့သည်။ ထို့ကြောင့် ကချင်သောင်းကျန်းသူများသည် ဗကပများနှင့်ပူးပေါင်း၍ တပ်မတော်စခန်းများနှင့် စစ်ကြောင်းများကို အကြိမ်ကြိမ်တိုက်ခိုက်ခဲ့သည်။ [၁]

၁၉၈၅ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် မဒတသဘာပတိအဖွဲ့အစည်းအဝေးကို ကေဒိုင်အော်ဂနာနုချုပ်စခန်းဖြစ်သည့် ပါကို့တွင်ကျင်းပသည်။ မဒတအဖွဲ့ကို ၁၉၈၄ခုနှစ်အထိကေအင်ယူကချုပ်ကိုင်ထားနိုင်ခဲ့သော်လည်း ၁၉၈၅ခုနှစ်မှစ၍ ကေအိုင်အေကလွှမ်းမိုးလာပြီး တိုင်းသုံးတိုင်းဖွဲ့စည်းခဲ့ကြသည်။ မြောက်ပိုင်းတိုင်းတွင် ကေအိုင်အေ၊ ပလောင်နှင့် အက်စ်အက်စ်အေတို့ပါဝင်ပြီး ကေအိုင်အေမှဇော်မိုင်က ခေါင်းဆောင်သည်။ စီစီဝမ်တာပန်တိုက်ပွဲတွင် ဗကပများဘက်မှ ပါဝင်တိုက်ခိုက် ခဲ့သည်။

အလယ်ပိုင်းတိုင်းတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ကရင်နီအမျိုးသားတော်လှန်ရေးကောင်စီ၊ ပအိုဝ်းသောင်းကျန်းသူနှစ်ဖွဲ့နှင့်ဒဗလျူအင်အေ (WNA) မှ "ဝ"အမျိုးသားများ ပါဝင်သည်။ တောင်ပိုင်းတိုင်းတွင် ကေအင်ယူ၊ မွန်ပြည်သစ်ပါတီနှင့် ရခိုင်သောင်းကျန်းသူအဖွဲ့များ ပါဝင်သည်။ တောင်ပိုင်းတိုင်းမှာ ကေအင်ယူက လုံးဝချုပ်ကိုင်ထားနိုင်သောအဖွဲ့ဖြစ်သည်။ မဒတအဖွဲ့ကို ကေအိုင်အေနှင့် ကေအင်ယူတို့အပြိုင်သိမ်းသွင်းကြရာတွင် မဒတမြောက်ပိုင်းတိုင်းသည် ကေအိုင်အေများ၏ လက်အောက်ခံဖြစ်သွားပြီးဗကပနှင့် ပူးပေါင်းသည်။ အလယ်ပိုင်းတိုင်းမှ အများစုမှာလည်း ဗကပနှင့်ပူးပေါင်းနေသည်။ တောင်ပိုင်းတိုင်းကိုသာလျှင် ကေအင်ယူကထိန်းချုပ်ထားနိုင်သည်။ ၁၉၈၄ခုနှစ်၊ အောက်တိုဘာလ မဒတသဘာပတိအစည်းအဝေးတွင် မဒတ၏ နိုင်ငံရေးရည်မှန်းချက်မှာ အမျိုးသားဒီမိုကရေစီသမ္မတနိုင်ငံများဖက်ဒရယ်ပြည်ထောင်စုဖြစ်သည်။

ယင်းဖက်ဒရယ်ပြည်ထောင်စုအဓိပ္ပါယ်မှာ မြန်မာပြည်နယ်အပါအဝင် ပြည်နယ်အလိုက် သမ္မတနိုင်ငံများထူထောင်ပြီး ဖက်ဒရယ်ပြည်ထောင်စုအဖြစ်ဖွဲ့စည်းရမည်ဖြစ်သည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိပြီး အချိန်မရွေးခွဲထွက်ခွင့်လည်းရှိရမည်ဟု ဗိုလ်မြကမူဝါဒချမှတ်ပေးသည်။ ကေအိုင်အေများကပင်လုံစာချုပ်ပါဖက်ဒရယ်မူမျိုးတောင်းဆိုရာ ဗိုလ်မြကလက်မခံခဲ့ပေ။ ဗိုလ်မြ၏ သဘောထားမှာ တစ်နိုင်ငံလုံးအစိတ်စိတ်အမြွာမြွာခွဲထွက်ကြရန်ဖြစ်ပြီး အင်အားနည်းပါးသူများကိုဝါးမျိုသိမ်းသွင်းရန်

---

[၁] ကာကွယ်ရေးဦးစီးချုပ်ဗုံး(ကြည်း)- ကချင်သောင်းကျန်းသူများ၏သမိုင်းဆက်ကျဉ်းချုပ်

ပင်ဖြစ်သည်။ ကေအိုင်အေများကမူ ဗကပများနှင့်ကိုယ်ပိုင်အုပ်ချုပ်ရေးမူကို သဘောတူညီထားလေရာ ကေအင်ယူနှင့် မူဝါဒမတူနိုင်သည့်အပြင် ကေအင်ယူ၏ခေါင်းဆောင်မှုကိုလည်း လက်မခံနိုင်ပေ။ ၁၉၈၅ခုနှစ်တွင် မဒတသည် သောင်းကျန်းသူအဖွဲ့များ၏ တပ်ပေါင်းစုဖြစ်ပြီး အစိုးရကိုတိုက်ခိုက်နေခြင်းသာဖြစ်ကြောင်း၊ ကေအင်ယူများကခေါင်ဆောင်နေခြင်းမဟုတ်ကြောင်းကြေညာခဲ့ရာ ဗိုလ်မြအားစိန်ခေါ်သကဲ့သို့ဖြစ်သွားသည်။ မဒတဥက္ကဋ္ဌမှာလည်းကရင်နီအဖွဲ့မှ စောမောရယ်ဖြစ်လာခဲ့သည်။ [၁]

မဒတအဖွဲ့ဝင်များဖြစ်သော ကရင်နီနှင့်ရှမ်းသောင်းကျန်းသူများကတစ်ဖက်၊ ခွန်ဆာ၏ လွယ်မော်နှင့် မိုးဟိန်းအဖွဲ့များက တစ်ဖက်၊ ဘိန်းစားကျက်လုပြီးတိုက်ပွဲဖြစ်ပွားကြသောအခါ ကေအင်ယူများက လွယ်မော်နှင့် မိုးဟိန်းအဖွဲ့များဘက်မှ ပါဝင်ကူညီခဲ့သည်။ မဒတအဖွဲ့ဝင်များဘက်မှ ဗကပကကူညီခဲ့သည်။ ၁၉၈၅ခုနှစ်၊ ဗကပတို့၏ တတိယအကြိမ်ပါတီကွန်ဂရက်တွင်ပါလီမန်ဒီမိုကရေစီစနစ်ကို လက်ခံမည်ဟုဆုံးဖြတ်ရာ မဒတအဖွဲ့ဝင်တော်တော်များများကသဘောကျလာသည့်အပြင် ကေအိုင်အေကကြားဝင်၍ သိမ်းသွင်းလာသောကြောင့် မဒတသည်ဗကပ၏ ဩဇာလွှမ်းမိုးမှုအောက်သို့ရောက်ရှိလာသည်။ ၁၉၈၅ခုနှစ်၊ အောက်တိုဘာလအစည်းအဝေးတွင် မဒတကကျဉ်းမြောင်းသည့်အမျိုးသားရေးဝါဒနှင့် လူမျိုးကြီးဝါဒတို့ကိုဆန့်ကျင်ပြီးသီးခြားခွဲထွက်ခွင့်ကိုလည်းဆန့်ကျင်ကြောင်း ကြေညာချက်ထုတ်ပြန်သောအခါ ကေအင်ယူတို့၏ရည်ရွယ်ချက်နှင့်လုံးဝဆန့်ကျင်သွားခဲ့သည်။ ဗိုလ်မြကလည်း ၁၉၈၆ခုနှစ်၊ ဇန်နဝါရီလတွင် ကေအင်ယူတို့လက်ကိုင်ပြုထားသည့် မူဝါဒအားလုံးကို လုံးဝမပြင်ဆင်နိုင်ကြောင်းထပ်မံ အတည်ပြုပြောကြားခဲ့သည်။ [၂]

မဒတသဘာပတိအဖွဲ့အစည်းအဝေးကို ကေအိုင်အေ ကချင်သောင်းကျန်းသူများ၏ ဗဟိုဌာနချုပ်ဖြစ်သော ပါကျိုစခန်း၌ ၁၉၈၅ခုနှစ်၊ ဒီဇင်ဘာလ(၁၆)ရက်နေ့မှ၁၉၈၆ခုနှစ်၊ ဇန်နဝါရီလ(၁၆)ရက်နေ့အထိ တစ်လကြာပြုလုပ်ခဲ့သည်။ ယင်းအစည်းအဝေးမှ အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့သည်-

(၁) မဒတအဖွဲ့ဝင် တော်လှန်ရေးအင်အားစုချင်း သွေးစည်းညီညွတ်စေရန် ပူးပေါင်းဆောင်ရွက်ရေး။

(၂) ပြည်သူများအား တိုးချဲ့စည်းရုံးရေး။

(၃) အစိုရအားသုံးနှစ်အတွင်း နိုင်ငံရေး၊ စစ်ရေးအရ တိုးချဲ့တိုက်ခိုက်ရေး။

(၄) ခေါင်းဆောင်များ၏ သားသမီးများအား နိုင်ငံခြားပညာတော်သင်စေလွှတ်ရေး။

(၅) မဒတအဖွဲ့မှ လေယာဉ်မောင်းနှင့် စက်မှုပညာသင်ရန်ရွေးချယ်၍ နိုင်ငံခြားသို့စေလွှတ်ရေး။

---

[၁] ရဲဘော်သစ်မောင် -"ကေအိုင်အေသောင်းကျန်းသူ(သို့မဟုတ်) ကချင်ပြည်နယ်၏အလှကို ဖျက်စီးနေကြသူများ-၃" **လုပ်သားပြည်သူနေ့စဉ်၊ ဆောင်းပါးပေါင်းချုပ်** အတွဲ(၂)-မျက်-၁၈၆

[၂] ရဲဘော်သစ်မောင် -"ကေအိုင်အေသောင်းကျန်းသူ(သို့မဟုတ်) ကချင်ပြည်နယ်၏အလှကို ဖျက်စီးနေကြသူများ-၃"**လုပ်သားပြည်သူနေ့စဉ်၊ဆောင်းပါးပေါင်းချုပ်**အတွဲ(၂) မျက်-၁၈၆-၁၈၇

(၆) နားဖေါ်နှင့် သုံးမိုင်အကွာတွင် အသံလွှင့်ရုံတည်ဆောက်ရန်။

(၇) မဒတအဖွဲဝင်များအား စစ်သင်တန်းပေးရေးအတွက် နိုင်ငံခြားသားများအားခေါ်ယူရန်။

(၈) ထိုင်းနိုင်ငံနှင့်(၁၀)နှစ်စာချုပ်ချုပ်ဆို၍ ဦးလှဒွင့်၊ ဖြတ်သန်းသွားလာခွင့်များတောင်းရန်။

တပ်မတော်မှလည်း ကေအိုင်အေကချင်သောင်းကျန်းသူများအား မြောက်ပိုင်းဘိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းတွင် ငွဲရဲမာန်စစ်ဆင်ရေး၊ သူရိန်ထွန်းစစ်ဆင်ရေးများဖြင့် အစဉ်တစိုက်တိုက်ခိုက်နှိမ်နင်းလျက်ရှိရာ ကချင်သောင်းကျန်းသူများအနေဖြင့် အထိနာခဲ့သည်။ ထင်ရှားသောတိုက်ပွဲများမှာ၁၉၇၈ခုနှစ်၊စက်တင်ဘာလ(၁၉)ရက်နေ့မှအောက်တိုဘာလ(၂၄)ရက်နေ့အထိတိုက်ခိုက်ခဲ့သောငွဲရဲမာန်စစ်ဆင်ရေးမှ ထောဂေါနယ်မြေပြန်လည်တိုက်ခိုက်သည့်တိုက်ပွဲများ၊ ၁၉၈၀ပြည့်နှစ်၊ မေလအတွင်းတိုက်ခိုက်သည့်ကျာထုကောင်းစခန်းတိုက်ပွဲ၊ ၁၉၈၂ခုနှစ်၊ ဩဂုတ်လအတွင်းတိုက်ခိုက်ခဲ့သည့် နားလုံစခန်းတိုက်ပွဲ၊ ၁၉၈၃ခုနှစ်၊ ဇွန်လအတွင်းတိုက်ခိုက်ခဲ့သည့်ထိန်နန်းစခန်းတိုက်ပွဲ၊ ၁၉၈၃ခုနှစ်၊ ဩဂုတ်လအတွင်းတိုက်ခိုက်ခဲ့သည့်နှီးဆွယ်စခန်းတိုက်ပွဲ၊ ၁၉၈၅ခုနှစ်၊ မတ်လအတွင်းတိုက်ခိုက်ခဲ့သည့် ယောယုံစခန်းတိုက်ပွဲ၊ ၁၉၈၅ခုနှစ်၊ ဇွန်လအတွင်းတိုက်ခိုက်ခဲ့သည့်မိုင်းမူရွာတိုက်ပွဲ၊ ၁၉၈၆ခုနှစ်၊ ဧပြီလအတွင်းတိုက်ခိုက်ခဲ့သည့် တနိုင်းယန်စခန်းတိုက်ပွဲ၊ ကချင်သောင်းကျန်းသူ၊ တပ်မဟာ(၂) ဌာနချုပ်စခန်းသိမ်းတိုက်ပွဲ၊ ၁၉၈၇ခုနှစ်၊ မေလတွင်တိုက်ခိုက်ခဲ့သည့် ကေအိုင်အေကချင်သောင်းကျန်းသူဗဟိုဌာနချုပ် ပါကျိစခန်းနှင့် ကချင်သောင်းကျန်းသူစစ်ဦးစီးဌာနချုပ် နားဖေါ်စခန်းတိုက်ပွဲများပင်ဖြစ်သည်။ကချင်သောင်းကျန်းသူများသည်၁၉၈၇ခုနှစ်တွင်ယင်းတို့၏ဗဟိုဌာနချုပ်စခန်း နှင့် စစ်ဦးစီးဌာနချုပ်စခန်းများဖြစ်သော ပါကျိနှင့်နားဖေါ်ကို တပ်မတော်မှ အောင်မြင်စွာတိုက်ခိုက်သိမ်းပိုက်ပြီးနောက်ပိုင်းတွင် အထိနာကာ အင်အားချိနဲ့သွားခဲ့ရသည်။

ရှမ်းသောင်းကျန်းသူများအခြေအနေ
ကိုးကန့်၊ ဗိန်ငင်း၊ မန်မန်ဆိုင်ကာကွယ်ရေးတို့နှင့်ပူးပေါင်းခြင်း

ထိုင်းနိုင်ငံ အက်စ်အက်စ်အေဌာနချုပ်တွင် ဥက္ကဋ္ဌခွန်ကြာနု၊ အတွင်းရေးမှူး ဆေးပိုင်တို့မှ ခေါင်းဆောင်ပြီး ရှမ်းပြည်မြောက်ပိုင်းလွယ်ခေးဒေသတွင် ဒုတိယဥက္ကဋ္ဌအုံးပေါင်ပွန်တိုင်း၊ တွဲဖက်အတွင်းရေးမှူး ဆေးထင်၊ စစ်ဦးစီးချုပ် စိုင်းလှအောင်တို့မှ ခေါင်းဆောင်ခဲ့ကြသည်။ ၁၉၇၃ခုနှစ်၊ မတ်လတွင် ကော်မတီအစည်းအဝေးကျင်းပကာ မဟာဒေဝီကို နာယကအဖြစ်မှ ဖြုတ်ချခဲ့သည်။ ထို့နောက် ၂၄-၅-၇၃ ရက်နေ့တွင် အက်စ်အက်စ်အေအဖွဲ့သည် ကာကွယ်ရေးတောခိုများဖြစ်သော ကိုးကန့်အဖွဲ့မှ လော်စစ်ဟန်၊ ဗိန်ငင်းအဖွဲ့မှ မဟာစန်း၊ မန်မန်ဆိုင်အဖွဲ့မှ လိုင်းအူတို့နှင့် ပူးပေါင်းရန်မန်ပလောင်၊ လွယ်ဆေးဒေသတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ဗမာပြည်ကွန်မြူနစ်ပါတီနှင့်ဆက်သွယ်ခြင်း

၁၉၇၃ခုနှစ်၊ လူလိုင်လအတွင်းအက်စ်အက်စ်ပီပီဗဟိုဌာနချုပ် မန်ရိုး/မန်နောင်း ဒေသ၌ရှိ နေစဉ်ကေအင်နယူပီမှစကောလယ်တောဦးဆောင်သော ကရင်သောင်းကျန်းသူ(၃)ဦး ကိုယ်စားလှယ် အဖွဲ့ရောက်ရှိလာပြီး ဗကပအရှေ့မြောက်စစ်ဒေသဌာနချုပ်ရှိရာ ပန်ဆန်းသို့ သွားရောက်နိုင်ရေး အတွက်အကူအညီတောင်းခံခဲ့သည်။ ထိုစဉ်က အက်စ်အက်စ်ပီပီတွင်လည်း အလားတူအစီ အစဉ် ရှိနေ၍ကရင်သောင်းကျန်းသူများအား ခေတ္တစောင့်ဆိုင်းစေပြီးပန်ဆန်းသို့စေလွှတ်မည့် အက်စ်အက်စ် ပီပီ ကိုယ်စားလှယ်လွှေးချယ်ရန်စီစဉ်ခဲ့သည်။ တွဲဘက်အတွင်းရေးမှူးနှင့် နိုင်ငံရေးမှူးဖြစ်သူ ဆေးထင် ခေါင်းဆောင်သော အင်အား(၂၀၀)ခန့်သည် ကေအင်ယူပီမှ စကောလယ်တော ခေါင်းဆောင်သော အဖွဲ့နှင့်အတူ လွယ်ခေးဒေသမှပန်ဆန်းသို့ ထွက်ခွာသွားရာ ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလတွင် ရောက်ရှိသွားခဲ့သည်။ ၁၈-၁၁-၇၃ ရက်နေ့တွင် ပန်ဆန်း၌ ဗမာပြည် ကွန်မြူနစ်ပါတီအရှေ့မြောက် စစ်ဒေသခေါင်းဆောင်များ နှင့် တွေ့ဆုံပြီး ဗမာပြည်ကွန်မြူနစ်ပါတီနှင့် အက်စ်အက်စ်အေတို့ စစ်ရေးအရ ပူးပေါင်းရန် သဘောတူလက်မှတ်ထိုးခဲ့သည်။ ၂၇-၁၁-၇၃ ရက်နေ့ တွင်ဆေးထင်နှင့်အဖွဲ့သည် ဗမာပြည်ကွန်မြူနစ်ပါတီမှပေးလိုက်သော လက်နက်များကို ယူဆောင်၍ ပြန်လည်ထွက်ခွာလာရာ ၁၇-၄-၇၄ ရက်နေ့တွင် မိုင်းတုံမြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

မဒတ (National Democratic Front) (NDF) နှင့်ဆက်သွယ်ခြင်း

ရှမ်းသောင်းကျန်းသူအဖွဲ့သည် ကေအင်ယူဝိုလ်မြမှ ဦးဆောင်၍ ကရင်သောင်းကျန်းသူ (Karen National Union)၊ ပအို့ဝ်ဖြူ (Pao National Organization)၊ ရခိုင်သောင်းကျန်းသူ(Arakan Liberation Party)၊ ပလောင်သောင်းကျန်းသူ (Palaung State Liberation Army)၊ ကရင်နီသောင်းကျန်းသူ၊ လားဟူသောင်းကျန်းသူ၊ မွန်သောင်းကျန်းသူ နှင့် ကချင်သောင်းကျန်း သူအဖွဲ့တို့ပါဝင်သည့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု(မဒတ)(NDF) အဖွဲ့နှင့် ဆက်သွယ်ခဲ့ပြီး မဒတအဖွဲ့ဝင်အဖြစ်လည်းပါဝင်ခဲ့သည်။

အက်စ်အက်စ်အေအတွင်းသဘောထားကွဲပြားခြင်း

ထိုင်း-မြန်မာနယ်စပ်မိုင်းမောတွင် ဖွင့်လှစ်ထားသည့်တိုင်း(၂)သည် အက်စ်အက်စ်အေ၊ ကိုးကန့်၊ ဗိန်ငင်းအဖွဲ့သားများပူးပေါင်းထားသောအဖွဲ့ဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦးညီညွတ်မှုမရှိကြ ချေ။ အထူးသဖြင့် စီးပွားရေးနှင့်အခွန်ငွေကိစ္စများတွင် စိတ်သဘောထားကွဲလွဲခဲ့ကြသည်။ ကိုးကန့် အဖွဲ့မှ ကျန်ကျိုးခိုန်(ခေါ်)ဝဏ္ဏကို အက်စ်အက်စ်အေအဖွဲ့မှားမှ တိုင်း(၂)တိုင်းမှူးအဖြစ်တင်မြှောက် ထားကြသော်လည်း အက်စ်အက်စ်အေအဖွဲ့မှ အဓိန့်နာခံခြင်းမရှိခဲ့ချေ။ ၁၉၇၄ခု၊ နိုဝင်ဘာလ(၁၀) ရက်နေ့တွင် တိုင်း(၂)တပ်အားလုံး၏ ဦးစီးဆိုသူစိုင်းအောင်(ဗိန်ငင်းအဖွဲ့ဝင်)ကို ကိုးကန့်အဖွဲ့က

ထိုင်းနိုင်ငံမယ်ဆုသုတွင် လုပ်ကြံသတ်ဖြတ်ခဲ့သည်။ ယခင်ကပင် တစ်ဦးအပေါ် တစ်ဦးမကျေနပ်ခဲ့ကြသောအက်စ်အက်စ်အေအဖွဲ့နှင့် ဗိန်ငင်းအဖွဲ့သည် ၁၉-၁၂-၇၄ ရက်နေ့တွင် စတင်တိုက်ခိုက်ကြရာမှ ကိုးကန့်အဖွဲ့နှင့်ကွဲသွားခဲ့ကြသည်။ ယင်းအခြေအနေကြောင့် ၁-၁-၇၅ ရက်နေ့မှစ၍ တိုင်း(၂)၏ကွပ်ကဲမှုကို လွယ်ခေးဒေသရှိ တိုင်း(၁)မှူး စိုင်းစံမိန်း၏ကွပ်ကဲမှုအောက်သို့လွှဲပြောင်းပေးခဲ့ရသည်။ ၂၈-၅-၇၅ ရက်နေ့တွင် တိုင်း(၁)မှ ရောက်လာသောအက်စ်အက်စ်အေ ဒုတိယဥက္ကဋ္ဌ ပွန်ဘိုင်းသည် ဗိန်ငင်းမှ မဟာစန်း၊ စပ်ဟိန်းစင်တို့နှင့် ပူးတွဲအုပ်ချုပ်ခဲ့ကြသည်။

ဗမာပြည်ကွန်မြူနစ်ပါတီနှင့်ဆက်ဆံမှုကြောင့် အက်စ်အက်စ်အေ အတွင်းသဘောကွဲလွဲခြင်း

၁၉၇၅ခုနှစ်၊ ဇန်နဝါရီလ(၂၅)ရက်နေ့မှ ဖေဖော်ဝါရီလ(၅)ရက်နေ့အထိ မိုင်းခေးဒေသ၊ ပန်ဟုန်းတွင်အက်စ်အက်စ်ပီပီအစည်းအဝေးကို အောက်ပါပုဂ္ဂိုလ်များတက်ရောက်ပြီး ပြုလုပ်ခဲ့သည်-

(က)	ခွန်ကြာနု	ဥက္ကဋ္ဌ
(ခ)	စောက်ပင်းတိုင်း(ခ)စိုင်းပန်	ဒုတိယဥက္ကဋ္ဌ
(ဂ)	ဆေးခမ်(ခ)အုန်းပေါင်(ခ)စိုင်းမြင့်အောင်	ဒုတိယဥက္ကဋ္ဌ
(ဃ)	ဆေးထင်	တွဲဖက်အတွင်းရေးမှူး
(င)	စောဝင်းမိန်း(ခ)ဆိုင်ဟိန်း	ဗဟိုအဖွဲ့ဝင်
(စ)	စောဝအူမိန်း(ခ)စောဝထောက်	〃
(ဆ)	ဆေးလင်း(ခ)စိုင်းလှအောင်	〃
(ဇ)	စံမိန်း(ခ)ကျော်ခင်	〃
(ဈ)	ဆေစိန်(ခ)စိုင်းသာထွန်း	ဗဟိုအဖွဲ့ဝင်
(ည)	ဆေန္ဒ	〃
(ဋ)	စံမိုင်	〃
(ဌ)	စိုင်းလိတ်	〃
(ဍ)	ခွန်ဖုန်း	〃
(ဎ)	အောင်ခမ်း	〃
(ဏ)	အုံမိန်း	〃
(တ)	နော်မိန်း(လဲချား)	〃
(ထ)	စံလိတ်	〃

အထက်ပါအစည်းအဝေးတွင် အောက်ပါအချက်များကို ဆွေးနွေးခဲ့ကြသည်-

(က) ထိုင်းနိုင်ငံမှ ရောက်ရှိလာသော ဥက္ကဋ္ဌခွန်ကြာနုကို ကွပ်ကဲဦးဆောင်မှုအတွက် တာဝန်ပေးအပ်ခြင်း။

(ခ) ရှမ်းပြည်တိုးတက်ရေးပါတီ(အက်စ်အက်စ်ပီပီ)မှပဏာမကိုယ်စားလှယ် အဖြစ်သွားရောက်ချပြန်လာသည့်ဆေးထင်မှ ဗကပအရှေ့မြောက်စစ်ဒေသဌာနချုပ် ပန်ဆန်း(စခန်း)သို့သွားရောက်ခဲ့သည့်အတွေ့အကြုံနှင့် ဗကပနှင့်ဆက်သွယ်လိုပါက အက်စ်အက်စ်ပီပီမှတရားဝင်ကိုယ်စားလှယ်အဖွဲ့စေလွှတ်နိုင်ရေးကို တင်ပြခြင်း။

(ဂ) ရှမ်းပြည်တိုးတက်ရေးပါတီ(အက်စ်အက်စ်ပီပီ)ဗဟိုကော်မတီမှ ဗကပနှင့်ဆက်သွယ်ရန်အတွက် ဗကပအရှေ့မြောက်စစ်ဒေသဌာနချုပ်၊ ပန်ဆန်း(စခန်း)သို့စေလွှတ်ရန် ကိုယ်စားလှယ်ရွေးချယ်ခြင်း။

အထက်ပါအချက်အလက်များကို ဆွေးနွေးကြရာတွင် ဆေခမ်(ခ)ဦးအုန်းပေါင်(ခ)စိုင်းမြင့်အောင်၊ ဆေလင်း(ခ)စိုင်းလှအောင်၊ စံမိန်း(ခ)ကျော်ခင်၊ ဆေးထင်တို့က ဗကပနှင့်ဆက်သွယ်နိုင်ရေး ဗကပအရှေ့မြောက်စစ်ဒေသဌာနချုပ်ပန်ဆန်း(စခန်း)သို့တရားဝင်ကိုယ်စားလှယ်အဖွဲ့ ထပ်မံစေလွှတ်ရေးကို တက်ကြွစွာဆွေးနွေးခဲ့ကြသည်။ ထိုကဲ့သို့ ဗကပနှင့်ဆက်သွယ်ရေး၊ ဗကပအရှေ့မြောက်စစ်ဒေသဌာနချုပ် ပန်ဆန်း(စခန်း)သို့တရားဝင်ကိုယ်စားလှယ်ထပ်မံစေလွှတ်ရေးတို့ကို ဒေ့.နွေးကြရာတွင် ဥက္ကဋ္ဌခွန်ကြာနု၊ ဗဟိုအဖွဲ့ဝင်၊ တိုင်း(ခ) ဒုတိယတိုင်းမှူးဆေစိန်(ခ)စိုင်းသာထွန်း၊ ဗဟိုအဖွဲ့ဝင်၊ တိုင်း(ခ)၊ တပ်မဟာ(၂)မှူးစံမိုင်နှင့် ဗဟိုအဖွဲ့ဝင်၊ တိုင်း(ခ)၊ လေ့ကျင့်ရေးမှူး စံလိတ်တို့က ဗကပနှင့်ဖအဆက်အသွယ်မပြုလုပ်လိုကြောင်းကန့်ကွက်ခဲ့ကြသည်။[၁]

၁၉၇၅ခုနှစ်၊ မတ်လတွင် အုန်းပေါင်၊ ဆေးထင်၊ စံမိန်း၊ ဆေနွံစသည့် အက်စ်အက်စ်အေခေါင်းဆောင်များ ဦးဆောင်သောအင်အား (၆၅၆)ခန့်ရှိအဖွဲ့သည် ပန်ဆန်းတွင် အက်စ်အက်စ်ပီပီဗဟိုဌာနချုပ်အခြေစိုက်နိုင်ရေးနှင့် ဗကပခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးနိုင်ရေးတို့အတွက် လွယ်ခေးဒေသမှ သဲလွင်အရှေ့ခြမ်းသို့ ထွက်ခွာသွားခဲ့ကြသည်။ ထိုကဲ့သို့ဆောင်ရွက်ခြင်းကို စောဝပင်တိုင်း(ခ)စိုင်းပန်၊ ဆေစိန်၊ စံမိုင်၊ စံလိတ်နှင့် ခွန်ကြာနုတို့ခေါင်းဆောင်သောအဖွဲ့က မကျေနပ်သဖြင့် လွယ်ခေးဒေသတွင် ဗကပနှင့် အက်စ်အက်စ်အေပူးပေါင်းခြင်း ဆန့်ကျင်ကြောင်း ရှုံ့ချပွဲနှင့် လူထုရှင်းလင်းပွဲများပြုလုပ်ပြီး ၁၉၇၅ခုနှစ်၊ ဇွန်လဒုတိယပတ်တွင် တောင်ပိုင်းသို့ဆင်းသွားခဲ့ကြသည်။ ဤသို့ဖြင့် အက်စ်အက်စ်အေမှ (၂)ပိုင်းကွဲသွားခဲ့ရသည်။

---

၁ ကာကွယ်ရေးဦးစီးချုပ်ရုံး ရှမ်းသောင်းကျန်းသူများသမိုင်းအကျဉ်းချုပ် မျက် ၁၇-၁၉

အက်စ်အက်စ်အေများပန်ဆန်းသို့ရောက်ရှိပြီးနောက် ၁၉၇၅ခုနှစ်၊ ဧပြီလတွင်အက်စ်အက်စ်အခေါင်းဆောင်များအားတစ်ဖက်နိုင်ငံသို့ခေါ်ဆောင်သွားခဲ့သည်။ တစ်ဖက်နိုင်ငံကူမင်းမြို့ တွင်ဗကပခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့ရာ(၂)ဘက် ကိုယ်စားလှယ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)အဖွဲ့.**

(၁) ဗသိန်းတင် ဗမာပြည်ကွန်မြူနစ်ပါတီ
(၂) သခင်ဖေတင့် ကိုယ်စားလှယ်အဖွဲ့ဝင်
(၃) ခင်မောင်ကြီး "
(၄) မျိုးမြင့် "
(၅) ဇော်မိုင်း "
(၆) တိုက်အောင် "
(၇) ဖရန့်ဂန်ဒီး "
(၈) ဗိုလ်ကျင်မောင် "
(၉) စိုင်းအောင်ဝင်း "

(ခ) **ရှမ်းပြည်တိုးတက်ရေးပါတီ(အက်စ်အက်စ်ပီပီ)အဖွဲ့.**

(၁) ဆေခမ်(ခ)ဦးအုန်းပေါင်(ခ)စိုင်းမြင့်အောင် ဥက္ကဋ္ဌ
(၂) ဆေးထင် တွဲဖက်အတွင်းရေးမှူး
(၃) စံမိန်း(ခ)ကျော်ခင် တိုင်း(၁)တိုင်းမှူး
(၄) နော်မိန်း(လဲချား) တိုင်း(၁)ထောက်လှမ်း/ဆက်သွယ်ရေးတာဝန်ခံ
(၅) အောင်ခမ်း တိုင်း(၁)တပ်မဟာ(၁)မှူး
(၆) လွမ့်မိန်း(ခ)ဆန်လှ တပ်မဟာ(၁)တပ်ရင်း(၁၁)တပ်ရင်းမှူး
(၇) ခွန်ဖုံး တပ်မဟာ(၁)တပ်ရင်း(၂၅)တပ်ရင်းမှူး
(၈) အောင်ဘ ဗဟိုဝါဒဖြန့်ချိရေး/ပညာပေးရေးဌာန

ယင်းအစည်းအဝေးတွင် နှစ်ဘက်ကိုယ်စားလှယ်များမှ အောက်ပါအချက်များကို ဆွေးနွေးခဲ့သည်-

(က) **နိုင်ငံရေး။** ရှမ်းပြည်တိုးတက်ရေးပါတီ(အက်စ်အက်စ်ပီပီ)အဖွဲ့မှ ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)အား တစ်ခုတည်းသော ပစ္စည်းမဲ့ပါတီအဖြစ်သတ်မှတ်၍ ဗမာပြည်ကွန်မြူနစ်ပါတီမှ ရှမ်းပြည်တိုးတက်ရေးပါတီ(အက်စ်အက်စ်ပီပီ)ကို မာ့က္ခလီနင်ဝါဒ၊ မော်စီတုံးအတွေးအခေါ်လက်ခံသည့် တိုးတက်သောအမျိုးသားပါတီအဖြစ်ပြန်လည်အသိအမှတ်ပြုကြောင်း၊ အပြန်အလှန်ဆက်သွယ်အသိအမှတ်ပြုမကြောင်း ဆွေးနွေးဆုံးဖြတ်ကြသည်။ ရှမ်းပြည်တိုးတက်ရေးပါတီ(အက်စ်အက်စ်ပီပီ)ကိုယ်စား

လှယ်အဖွဲ့မှ ဗမာပြည်လွတ်မြောက်ပါက ရှမ်းပြည်နယ်ကို တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပြုနိုင်၊ မပြုနိုင်ကိုဆွေးနွေးရာ၊ ဗမာပြည်ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်အဖွဲ့မှ တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တောင်းဆိုခြင်းမှာ လူမျိုးရေးခွဲထွက်ရေးသဘောသက်ရောက်နိုင်သဖြင့် တန်းတူရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးကိုသာတောင်းခံစေလိုကြောင်းပြန်လည်ဆွေးနွေးခဲ့သည်။

(ခ) **စစ်ရေး။** ရှမ်းပြည်တိုးတက်ရေးပါတီ(အက်စ်အက်စ်ပီပီ)အဖွဲ့မှ စစ်ရေးသေနင်္ဂဗျူဟာအရ လှုပ်ရှားစစ်သည် အဓိကဖြစ်ပြီး ပြောက်ကျားစစ်သည် ဒုတိယဖြစ်သည်ဟု ခံယူကြောင်းဆွေးနွေးရာတွင် ဗမာပြည်ကွန်မြူနစ်ပါတီအဖွဲ့မှ ပြောက်ကျားစစ်သည် အဓိကဖြစ်ပြီး လှုပ်ရှားစစ်သည်ဒုတိယဖြစ်ကြောင်း ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကာလတွင် ပြောက်ကျားစစ်သည်အဓိကဖြစ်ကြောင်း သတ်မှတ်ရန်လိုအပ်သည်ဟု ပြန်လည်ဆွေးနွေးသည်။

(ဂ) **လက်နက်တပ်ဆင်ရေး။** လက်နက်တပ်ဆင်ရေးကိစ္စနှင့် ပတ်သက်၍ဗမာပြည်ကွန်မြူနစ်ပါတီကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဗသိန်းတင်က ရှမ်းပြည်တိုးတက်ရေးပါတီ(အက်စ်အက်စ်ပီပီ)ကို-

(၁) ၁၉၇၅ခုနှစ်တွင် တပ်ခွဲ(၅)ခွဲစာခန့်။

(၂) ၁၉၇၆ခုနှစ်တွင်တပ်ခွဲ(၆)ခွဲစာခန့်။

(၃) ၁၉၇၇ခုနှစ်တွင် အကန့်အသတ်မရှိလက်နက်တပ်ဆင်ပေးရန်၊ သို့ရာတွင် လူအင်အားခေါ်ဆောင်လာပြီး နိုင်ငံရေး၊ စစ်ရေးသင်တန်းများပေးပြီးမှ လက်နက်တပ်ဆင်ပေးမည်ဖြစ်ကြောင်းဆွေးနွေးကြသည်။

အက်စ်အက်စ်အေများသည် ပန်ဆန်းတွင် နိုင်ငံရေး၊ စစ်ရေးသင်တန်းများတက်ရောက်ပြီးနောက် ၁၉၇၅ခုနှစ်၊ နိုဝင်ဘာလတွင် သံလွင်အနောက်ခြမ်းသို့ ပြန်လည်ကူးဝင်ခဲ့သည်။ ဗကပထဲမှ အမ်(၁၄)၊ အမ်(၂၀)၊ အမ်(၂၁)၊ အမ်(၂၂) စုစုပေါင်း(၇၂၀)လက်၊ အမ်(၇)လောင်ချာ(၅)လက်၊ ၆၀မမ စိန်ပြောင်း(၁၀)လက်နှင့် ကျည်ဆံမျိုးစုံကို လက်ဆောင်အဖြစ်ရရှိခဲ့ကြသည်။ ထိုသို့သံလွင်အနောက်ခြမ်းသို့ကူးဝင်စဉ် ဗကပတပ်ရင်း(၄၀၄၅)အင်အား(၄၀၀)ခန့်သည်လည်း တပ်ပေါင်းစုမှ အရပူးတွဲလှုပ်ရှားရန် တစ်ပါတည်းလိုက်ပါလာခဲ့သည်။

ဗကပ၏ဝါးမျိုမှုခံရခြင်း

၁၉၇၆ခုနှစ်၊ ဇန်နဝါရီလအတွင်းတွင် ဗကပတို့၏ ဖွဲ့စည်းမှုကို အတုယူကာ အက်စ်အက်စ်ပီပီ စစ်ဒေသကော်မတီကို စစ်ဒေသနိုင်ငံရေးမှူးအဖြစ် စိုင်းလှအောင်(ခ)ဆေးလင်း၊ စစ်ဒေသပါတီအတွင်းရေးမှူးအဖြစ်ဆေးထင်၊ စစ်ဒေသတပ်မှူးကြီးအဖြစ်စံမိန်း(ခ)ကျော်ခင်၊ စစ်ဒေသတွဲဖက်

နိုင်ငံရေးမှူးအဖြစ်စောဝဏ်အူမိန်း(ခ)စောဝဏ်ထောက်၊ စစ်ဒေသဒုတိယတပ်မှူးကြီးအဖြစ် ဒေးန်နှင့် ပန်းအောင်တို့ကိုတာဝန်ပေး၍ဖွဲ့စည်းခဲ့သည်။ ထို့နောက် ၁၉၇၇ခုနှစ်၊ မတ်လတွင် အက်စ်အက်စ်ပီပီ ဥက္ကဋ္ဌ ခွန်အုန်းပေါင်နှင့် စိုင်းလှအောင်တို့ ခေါင်းဆောင်သောအဖွဲ့သည် ဗကပမှ ဖေတင့်၊ ယမ်ကွမ်း(ခ)တင်ရီ၊ ခင်မောင်ကြီး၊ ဇော်မိုင်၊ စိုးသိန်း၊ မျိုးမြင့်တို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ပန်ဆန်းတွင် ဆွေးနွေးခဲ့ကြသည်။ ဗကပမျာ်းက ရှမ်းသောင်းကျန်းသူမျာ်းကို ဗကပ၏အကြွင်းမဲ့ ဦးဆောင်မှု အောက်တွင် ဝင်ရောက်ပူးပေါင်းရေးကိုဆွေးနွေးတောင်းခံခဲ့ပြီး ရှမ်းသောင်းကျန်းသူတပ်ရင်း၊ (၂၀၂၄)ကိုလက်နက်တပ်ဆင်ပေးခဲ့ကာ ရှမ်းသောင်းကျန်းသူမျာ်း ၁၉၇၈ခုနှစ်၊ဇန်နဝါရီလအတွင်းတွင် ပန်ဆန်းမှပြန်လည်ထွက်ခွါခဲ့ကြသည်။ ၁၉၇၈ခုနှစ်၊ မတ်လအတွင်းတွင်ကျေးသီးနယ်မြေ၌ရှမ်းသောင်းကျန်းသူ၊ ဗဟိုကော်မတီအစည်းအဝေးပြုလုပ်ပြီးဗကပမျာ်း၏အကြွင်းမဲ့ဦးဆောင်မှုကိုခံယူရေး၊ မခံယူရေးကိစ္စမျာ်းဆွေးနွေးခဲ့ကြသည်။ ခွန်အုန်းပေါင်ခေါင်းဆောင်သောအဖွဲ့ကဗကပမျာ်း၏ အကြွင်းမဲ့ဦးဆောင်မှုကိုလက်ခံလိုကြပြီး၊ စိုင်းလှအောင်ခေါင်းဆောင်သောအဖွဲ့က လက်မခံလိုကြောင်း ကန့်ကွက်ခဲ့ကြသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ စစ်ဒေသပါတီအတွင်းရေးမှူး ဆေးထင်နှင့် စစ်ဒေသတပ်မှူးကြီး စံမိန်းတို့ သဘောထားကွဲလွဲပြီး ဆေးထင်သည် ဗကပထံသို့ ဝင်ရောက်သွားကာ စံမိန်းသည်လည်း ရှမ်းပြည်တောင်ပိုင်း၊ ထိုင်း-မြန်မာနယ်စပ်တွင် အခြေခံနိုင်ရေးအတွက် ၁၉၈၃ ခုနှစ်၊ ဇူလိုင်လတွင် ထွက်ခွာသွားခဲ့သည်။ စံမိန်းသည် ၁၉၈၃ ခုနှစ်၊ ဩဂုတ်လတွင် ထိုင်းနိုင်ငံအတွင်းသို့ ထွက်ခွာသွားရာမှ သတင်းအမျိုးမျိုး ထွက်ပြီးပျောက်ကွယ်သွားခဲ့သည်။

၁၉၇၈ ခုနှစ်၊ စက်တင်ဘာလ(၇) ရက်နေ့တွင် ဗကပနှင့်ရှမ်းသောင်းကျန်းသူ ခေါင်းဆောင်မျာ်း ပန်ဆန်းတွင် ထပ်မံဆွေးနွေးမှုပြုလုပ်ခဲ့ရာ ဗကပဘက်မှ ဗသိန်းတင်၊ ခင်မောင်ကြီး တို့ ဦးဆောင်၍ ရှမ်းသောင်းကျန်းသူမျာ်းဘက်မှ စောဝဏ်အူမိန်း၊ ဆေးထင်၊ စိုင်းနော်မိန်း နှင့် ဖိုးလုံတို့ ဦဆောင်ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲတွင် ဗကပမှ ယင်းတို့၏ အကြွင်းမဲ့ဦးဆောင်မှု အောက်တွင် ဝင်ရောက်ပူးပေါင်းရေးကို ထပ်မံဆွေးနွေး တောင်းခံခြင်းမပြုပဲ ရှမ်းသောင်းကျန်းသူမှ ဟဆင့်မြင့် ခေါင်းဆောင်မျာ်းနှင့် ထပ်မံဆွေးနွေးရန်၊ ၁၉၇၅ ခုနှစ်စိတ်ဓာတ်ကို ပြန်လည်မွေးမြူရန် အချို့သတ်ချေ့မော့ ပြောဆိုခဲ့သည်။ ၁၉၇၈ ခု၊ ဒီဇင်ဘာလတွင် တပ်မတော်မှချေမှုန်းတိုက်ခိုက်မှုကြောင့် အက်စ်အက်စ်ပီပီ ဥက္ကဋ္ဌ ခွန်အုန်းပေါင် သေဆုံးခဲ့သည်။

၁၉၇၉ ခုနှစ်မှစ၍ စိုင်းလှအောင်သည် အက်စ်အက်စ်အေ နှင့် အက်စ်အက်စ်ပီပီ ကိုဦးဆောင်မှု ပေးခဲ့သည်။ ဗကပနှင့်ပူးပေါင်းသွားသော ဆေးထင်အား ၁၉၈၀ ပြည့်နှစ်၊ ဇန်နဝါရီလ(၁၀)ရက်နေ့တွင် အတွင်းရေးမှူး ရာထူးမှထုတ်ပယ်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ရှမ်းသောင်းကျန်းသူဌာနချုပ်ကို မိုင်းမောနယ်မြေသို့ ပြောင်းရွှေ့ သွားခဲ့သည်။ ၁၉၈၁ ခုနှစ် ဩဂုတ်လ အတွင်းတွင် မိုင်းမောနယ်မြေ၊ ကျူဟုတ်စခန်း၌ အက်စ်အက်စ်ပီပီ၊ ဒုတိယအကြိမ်မြောက် အမျိုးသားကွန်ဂရက်အစည်းအဝေးကို ပြုလုပ်ခဲ့ရာ ဥက္ကဋ္ဌစိုင်းလှအောင်၊ ဒုတိယဥက္ကဋ္ဌခွန်သော်ဒါ၊

စောင်ပွန်တိုင်း၊ ဆေးနှံ၊ အတွင်းရေးမှူး ဆိုင်ဟန်၊ တွဲဖက်အတွင်းရေးမှူး ခမ်းဝမ်းတို့ပါဝင်သော ဗဟိုကော်မတီနှင့် အရန်ဗဟိုကော်မတီဝင်များကို ရွေးချယ်ခဲ့သည်။ အဆိုပါအစည်းအဝေးတွင် အောက်ပါအချက်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်-

(က) လောလောဆယ်အားဖြင့် ပြည်သူ့ဒီမိုကရေစီကို လက်မခံဘဲ အမျိုးသားဒီမိုကရေစီကိုလက်ခံရန်။

(ခ) နိုင်ငံရေးအရ တော်လှန်ရေးကာလတွင် အမျိုးသားဒီမိုကရေစီကို ကျင့်သုံးပြီး တော်လှန်ရေးပြီးဆုံးချိန်တွင် သင့်တင့်သောပြည်သူ့ဒီမိုကရေစီဝါဒကိုကျင့်သုံးရန်။

(ဂ) လွတ်မြောက်မှုရရှိက ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတည်ထောင်ရန်။

(ဃ) လွတ်လပ်သောနိုင်ငံခြားရေးဝါဒကိုကျင့်သုံးရန်။

(င) ဗကပအားဆက်သွယ်ခြင်းနှင့် ပတ်သက်၍ ၇၅ခုနှစ်စိတ်ဓါတ်ကို လုံးဝဖယ်ရှားရန်။

၁၉၈၂ ခုနှစ်၊ မတ်လတွင် ယခင်ကဖွဲ့စည်းခဲ့သော တိုင်း(၁)ကို ဖျက်သိမ်းပြီး တပ်မ(၁)၊ တပ်မ(၂)အဖြစ်ပြန်လည်ဖွဲ့စည်းခဲ့သည်။ တပ်မ(၁)တွင် နိုင်ငံရေးမှူးဆေးနှံ၊ တပ်မမှူး စိုင်းလိတ်တို့ ဦးစီး၍ မန်ရှိ၊ မန်နောင်ဂွင်တွင် ဖွဲ့စည်းပြီး တပ်မ(၂)တွင် နိုင်ငံရေးမှူးစံမိုင်၊ တပ်မမှူး စိုင်းနော်မိန်းတို့မှ ဦးဆောင်၍ရှမ်းပြည်တောင်ပိုင်းတွင် ဖွဲ့စည်းခဲ့သည်။ တပ်မ(၁)တွင် တပ်မဟာ(၁) နှင့်တပ်မဟာ(၃)တို့ပါဝင်ပြီး တပ်မ(၂)တွင် တပ်မဟာ(၂)နှင့် တပ်မဟာ(၇)တို့ပါဝင်သည်။ ၁၉၈၂ ခုနှစ်၊ ဇွန်လတွင် မန်ပုံ၌ တပ်မ(၁)နှင့်တပ်မ(၂)မှခေါင်းဆောင်များ အစည်းအဝေးပြုလုပ်ခဲ့ကြသည်။ အစည်းအဝေးတွင် ဆေးနှံ၊ စိုင်းလိတ်၊ စံမိုင်၊ နော်မိန်း၊ ဖိုးလုံ၊ ကိုင်ဖ၊ ကောလိန္ဒ၊ စိုင်းဟုမ်း၊ ကောင့်တိုင်းတို့တက်ရောက်ခဲ့ကြသည်။ ယင်းတို့မှ စိုင်းလှအောင်ထံသို့ ခဲယမ်းမီးကျောက်အခက်အခဲကြောင့် ဗကပထံမှ ထောက်ပံ့မှုရယူရေးကို ပြန်လည်ကြိုးပမ်းရန်လိုအပ်ကြောင်း၊ ဗကပနှင့်ဆက်သွယ်မှုအတွက် ပြည်သူ့ဒီမိုကရေစီကို လက်ခံလိုက်ပြီဖြစ်ကြောင်း သဘောတူ၊ မတူနှင့် တောင်ပိုင်းရှိ ဗဟိုကော်မတီဝင်များ လက်ခံ/လက်မခံကို ပြန်ကြားစေလိုကြောင်း အကြောင်းကြားခဲ့သည်။ စိုင်းလှအောင်မှ ဗဟိုကော်မတီ၏သဘောတူညီမှုကို ရယူရန်လိုအပ်ကြောင်း ပြန်ကြားခဲ့သည်။ ထိုအစည်းအဝေးတွင် အမျိုးသားဒီမိုကရေစီကို ဖျက်သိမ်း၍ပြည်သူ့ဒီမိုကရေစီဖွဲ့စည်းရေး၊ ဗဟိုကော်မတီဝင်များရွေးချယ်တင်မြှောက်ရေး၊ ဗကပဌာနချုပ်သို့ဆွေးနွေးမည့်ကိုယ်စားလှယ်များရွေးချယ်ခြင်း၊ ဗကပနှင့် ဆွေးနွေးမည့်အချက်များကို ဆွေးနွေးကြပြီး ဥက္ကဋ္ဌနေရာချန်လှပ်၍ အတွင်းရေးမှူးအဖြစ်ဆေးနှံ၊ ဒုတိယအတွင်းရေးမှူးအဖြစ်စံမိုင်၊ အဖွဲ့ဝင်များအဖြစ် စိုင်းလိတ်၊ ဖိုးလုံ၊ ကောလိန္ဒ၊ ကန်ခေးနှင့် လိန်မောင်း တို့ပါဝင်သည့် ကော်မတီဝင်(၂၁)ဦးကို ဖွဲ့စည်းခဲ့သည်။

၁၉၈၂ခုနှစ်၊ စက်တင်ဘာလတွင် စိုင်းလိတ်ခေါင်းဆောင်၍ နော်မိန်း၊ လိန်မောင်း၊ ကိုင်ဖ၊ ဖိုးလုံ၊ ကော်မိန်း၊ကောင်တိုင်းတို့ပါဝင်သောအဖွဲ့သည်ပန်ဆန်းသို့သွားရောက်၍ ကျော်မြခေါင်းဆောင်သောတိုက်အောင်၊ ကြည်မြိုင်၊ ရဲထွန်း၊ စိုးနိုင်၊ ထွန်းအောင်၊ ချစ်ညွန့်တို့ပါဝင်သည့်ဗကပကိုယ်စားလှယ်

အဖွဲ့နှင့်ဆွေးနွေးခဲ့သည်။ အစည်းအဝေးတွင် ၁၉၇၅ခုနှစ်က သဘောတူညီပြီးဖြစ်သော ၇၅ စိတ်ခါတ် ကိုပြန်လည်အသိအမှတ်ပြုရန်၊ တပ်ပေါင်းစုအင်အားတိုးချဲ့ရေး၊ နီးစပ်သောတပ်များကို ယာယီ ကော်မတီဖွဲ့စည်းပြီး ပူးတွဲလှုပ်ရှားတိုက်ခိုက်ရေး၊ နယ်မြေအသိအမှတ်ပြုရေး၊ အက်စ်အက်စ်ပီပီ အတွက်လက်နက်၊ ခဲယမ်းထောက်ပံ့ရေး၊ အက်စ်အက်စ်ပီပီဌာနချုပ်ကို ပန်ဆန်းတွင်ထားရှိရေး၊ အက်စ်အက်စ်ပီပီတပ်ဖွဲ့ဝင်များအား သင်တန်းပေးရေးစသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ၁၉၈၃ခုနှစ်၊ ဖေဖော်ဝါရီလတွင် စိုင်းလိတ်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လက်နက် ၁၀၀ ခန့်နှင့် ခဲယမ်းအချို့ကိုရယူပြီး ပန်ဆန်းမှ ထွက်ခွာခဲ့ရာ ဗကပအလယ်ပိုင်းဗျူရိုမှ ခင်မောင်ကြီး နှင့် တိုက်အောင်တို့လိုက်ပါခဲ့ကြသည်။

၁၉၈၃ခုနှစ်၊ ဇန်နဝါရီလအတွင်းတွင် မိုင်းမောနယ်မြေအက်စ်အက်စ်ပီပီဌာနချုပ်၌ စိုင်းလှ အောင်ဦးစီး၍ ဌာနချုပ်အားမိုင်းမောမှတပ်မဟာ(၂)နယ်မြေသို့ ပြောင်းရွှေ့ရန်ဆွေးနွေးဆုံးဖြတ်ကြသည်။ စိုင်းလှအောင်နှင့်အဖွဲ့သည် တပ်မဟာ(၂)နယ်မြေသို့ ပြောင်းရွှေ့ရန် ဧပြီလ(၆)ရက်နေ့တွင် သံလွင်မြစ်ကို ဖြတ်ကူး၍ ဧပြီလ(၁၃)ရက်နေ့တွင် မိုင်းပန်ကားလမ်းအားဖြတ်ပြီး ဧပြီလ(၂၀)ရက်နေ့တွင်လင်းခေး၊ နမ့်တိန်ချောင်းအနီးသို့ရောက်ရှိစဉ် ရှမ်းသောင်းကျန်းသူတပ်မဟာ(၂)မှ စံမိုင်၏ အဖွဲ့ မှလက်နက်သိမ်းယူခြင်းခံခဲ့ရပြီး စိုင်းလှအောင်သည် ဇွန်လ(၂၁)ရက်နေ့တွင် အလင်းဝင်ရောက်ခဲ့သည်။ တပ်မဟာ(၃)နိုင်ငံရေးမှူးဖြစ်သူ လိန်မောင်းသည်လည်း ဗကပ၏အကြွင်းမဲ့သြဇာခံမှုကိုဆန့်ကျင်၍ ဧပြီလ(၂၇)ရက်နေ့တွင် ကျောက်မဲမြို့၌လက်နက်ချအလင်းဝင်ရောက်ခဲ့သည်။ ထို့နောက်မိုင်းမောရှိ အက်စ်အက်စ်ပီပီဌာနချုပ်သည် မေးမှိန်သွားပြီး ဆေးနှံဦးစီးသည့် မြောက်ပိုင်း ဗဟိုကော်မတီမှသာ အစစအရာရာချယ်လှယ်လုပ်ဆောင်ခဲ့သည်။ ၁၉၈၃ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက်နေ့တွင် ဗကပ၏အသံလွှင့်ချက်အရ အက်စ်အက်စ်ပီပီအစည်းအဝေးကိုကျင်းပပြီး ဗဟို ကော်မတီအသစ်ကိုဖွဲ့စည်းခဲ့ရာ ဆေးနှံ၊ စံမိုင်၊ စိုင်းလိတ်၊ စိုင်းနော်မိန်း၊ ဆေးထင်တို့အား နိုင်ငံရေး ဦးဆောင်အဖွဲ့အဖြစ် ဖွဲ့စည်းခဲ့ကြောင်းသိရှိခဲ့ရသည်။ ဆေးနှံသည် ၁၉၈၃ခုနှစ်၊ နိုဝင်ဘာလ(၁၂) ရက်နေ့တွင် ရောဂါဖြင့်သေဆုံးသွားခဲ့သည်။

မဒတရှမ်းသောင်းကျန်းသူ(မိုးဟိန်း)အဖွဲ့တို့နှင့်ဆက်သွယ်ခြင်း

၁၉၈၂ခုနှစ်၊ ဇွန်၊ လူလိုင်လတွင် ကရင်သောင်းကျန်းသူနယ်မြေ၌ ပြုလုပ်သည့် အမျိုးသား ဒီမိုကရေစီတပ်ပေါင်းစု (မဒတ)အစည်းအဝေးသို့ မိုင်းမောရှိစိုင်းလှအောင်ဦးဆောင်သော အက်စ်အက်စ်ပီပီဌာနချုပ်မှ ဆိုင်ဟန်ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကိုစေလွှတ်ခဲ့သည်။ ယင်းအစည်းအဝေးတွင် ဆိုင်ဟန်အားဒုတိယဥက္ကဋ္ဌအဖြစ်တင်မြှောက်ခဲ့သည်။ ၁၉၈၃ခုနှစ်၊ စက်တင်ဘာလတွင် ကရင်သောင်းကျန်းသူ ဗဟိုဌာနချုပ်မယ်နယ်ပလောဒ်ပြုလုပ်သည့် မဒတဒုတိယ အကြိမ်သဘာပတိအစည်းအဝေးသို့ တက်ရောက်ရန်ဖိတ်ကြားခဲ့သော်လည်း အက်စ်အက်စ်ပီပီအဖွဲ့မှ

တက်ရောက် ခဲ့ခြင်းမရှိပေ။ တပ်မဟာ(၂)မှ စံမိုင်သည်လည်း ၁၉၈၃ခုနှစ်၊ ဒီဇင်ဘာလတွင် ရှမ်းသောင်းကျန်းသူ (မိုးဟိန်း)အဖွဲ့နှင့် သွားရောက်ဆွေးနွေးခဲ့သည်။

အဖျက်လုပ်ငန်းများလုပ်ဆောင်ခြင်း

ရှမ်းသောင်းကျန်းသူများသည် လက်နက်ကိုင်ပုန်ကန်မှုစတင်သည့်အချိန်မှ ယနေ့အချိန် အထိဆင်းရဲ၍ ရိုးသားသောရှမ်းလူထုအပေါ် ရိက္ခာ၊ ဆက်ကြေးမတန်တဆကောက်ခံခြင်း၊ အတင်းအကျပ် လူသူစုဆောင်းခြင်း၊ ပြည်သူလူထုအား အကြောင်းမဲ့သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း ပြည်သူများ၏အိုးအိမ်နှင့် ပစ္စည်းများကို လုယက်ဖျက်ဆီးခြင်း၊ စာသင်ကျောင်းများ၊ ဆေးပေးခန်း များ၊ လမ်းများ၊ တံတားများစသည့်အများပြည်သူနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို ဖျက်ဆီးခြင်း စသည်တို့ကို ပြုလုပ်လျက်ရှိသည်။ ထိုပြင်ယင်းတို့၏ဘဝရှင်သန်ရပ်တည်ရေးအတွက် နိုင်ငံနှင့် လူမျိုးများအားလူညွှန့်တုံးစေမည့် ဘိန်းစိုက်ပျိုးစေခြင်း၊ ဘိန်းကုန်ကူးသန်းရောင်းဝယ်ခြင်း၊ မှောင်ခိုလုပ်ငန်းများလုပ်ဆောင်ခြင်း စသည်တို့ကိုလည်းပြုလုပ်လျက်ရှိသည်။

အချို့သော ရှမ်းစော်ဘွားများ၏ ပဒေသရာဇ်အာဏာတည်မြဲရေးအတွက် ကြိုးပမ်းရာမှ ပေါ်ပေါက်ခဲ့သည့် ရှမ်းသောင်းကျန်းသူများသည် ကျဉ်းမြောင်းသော လူမျိုးရေးအစွဲကို ရှေ့ပန်းတင်လျက် ရိုးသားပြီး မသိနားမလည်သော ရှမ်းလူထုအား "ရှမ်းပြည်လွတ်မြောက်ရေး" ကြွေးကြော်သံဖြင့် နားယောင်အောင်လှည့်စားစည်းရုံး၍ လက်တွေ့တွင်မူ ယင်းတို့၏လက်တစ်ဆုပ်စာ ခေါင်းဆောင်ပိုင်းက စည်းစိမ်ယစ်မူးခြင်း၊ ကိုယ်ကျိုးသက်သက်ကိုသာ လုပ်ဆောင်နေခြင်းများကို တွေ့ရှိရသည်။

ပါလီမန်ဒီမိုကရေစီပါတီအမည်ခံပြည်ပြေးအဖွဲ့၏အခြေအနေ

၁၉၆၈ခုနှစ်၊ နိုဝင်ဘာလ(၂၉)ရက်နေ့တွင် တော်လှန်ရေးကောင်စီက နိုင်ငံရေးခေါင်းဆောင်အချို့အားဖိတ်ကြားပြီး အမျိုးသားညီညွတ်ရေးအတွက် ကြိုးပမ်းကြရန် ပန်ကြားခဲ့သည်။ ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ(၄)ရက်နေ့တွင် တော်လှန်ရေးကောင်စီက ကြေညာချက်အမှတ်(၇၂)ကို ထုတ်ပြန်ပြီး "ပြည်ထောင်စုမြန်မာနိုင်ငံပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့" (ခေါ်) "၃၃ ဦးကော်မတီ" ကိုဖွဲ့စည်းပေးခဲ့သည်။ ယင်းအဖွဲ့၏လုပ်ငန်းများကို ၁၉၆၉ခုနှစ်၊ မေလ(၃၁)ရက်နေ့အထိ သတ်မှတ်ပေးခဲ့ပြီး တစ်ချိန်တည်းမှာပင် ၁၉၆၈ခုနှစ်၊ ဒီဇင်ဘာလ(၅)ရက်နေ့၌ ကြေညာချက်အမှတ်(၇၄) ဖြင့်တစ်ပြည်လုံးရှိ လုပ်သားပြည်သူများအား ပြည်တွင်းညီညွတ်ရေးအတွက် အကြံပြုကြရန် အကြံဉာဏ်များတောင်းခံခဲ့သည်။[၁]

---

၁ မောင်ပြည်သူ စီ၊ ဘာ၊ ဒီ၊ ဘီ သို့မဟုတ် မြန်မြေးတစ်ကျော့မြန် မျက် ၁၀ - ၁၁

ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့ကိုလည်း အကြံပေးစာတမ်းများကို ယင်းတို့အနေဖြင့် တင်သွင်းခြင်းမပြုမီအခြေအနေများ ရှုတ်ထွေးမှုမရှိစေရန်အတွက် ပြင်ပသို့မပေါက်ကြား ရအောင် အထူးဂရုစိုက်ကြပါရန် တော်လှန်ရေးကောင်စီကမေတ္တာရပ်ခံခဲ့သည်။

သို့သော် ဝန်ကြီးချုပ်ဟောင်းဦးနုသည် နေ့စဉ်ဆွေးနွေးချက်မှတ်တမ်းများကို စာကူးစက် ဖြင့်ကူးယူပြီး ဝေငှခဲ့သောကြောင့် ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့အတွင်း နေ့စဉ်ဆွေးနွေးချက် များမှာ ပြင်ပတွင် ဖေါင်းပွပေါက်ကြားလျက်ရှိသည်။ ထို့ပြင်တော်လှန်ရေးကောင်စီသို့ တင်သွင်းမည့် အကြံပြုချက်စာတမ်းများကို အနောက်အုပ်စုသံရုံးများသို့ ကြိုတင်ပေးပို့ထားခဲ့သည့်အတွက် ပြည်ပ စွက်ဖက်မှုများကို ဖိတ်ခေါ်သကဲ့သို့ ဖြစ်စေခဲ့သည်။

ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့သည် ၁၉၆၉ခုနှစ်၊ မေလ(၃၁)ရက်နေ့တွင် အကြံပေး စာတမ်းများကို တရားဝင် တင်သွင်းခဲ့သည်။ ဦးနု၏ အကြံပြုချက်စာတမ်းကို ဗိုလ်မှူးအောင်မှ တစ်ဆင့်ပေးပို့ခဲ့သည်။ ဦးနု၏အကြံပြုချက်မှာအချုပ်အားဖြင့် ယင်းအားအာဏာပြန်လည်အပ်နှင်းရေး၊ ပါလီမန်ဒီမိုကရေစီစနစ်ကို ပြန်လည်ဖေါ်ထုတ်ရေးကို အဓိကထားပြီး တောင်းဆိုထားကြောင်းတွေ့ရှိရ သည်။

ဦးနုသည် ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့သက်တမ်းမကုန်မီ ၁၉၆၉ခုနှစ်၊ ဧပြီလ (၁၁)ရက်နေ့တွင် မိသားစုနှင့်အတူ အိန္ဒိယနိုင်ငံသို့ ဝုဒ္ဓဂါယာဘုရားဖူးနှင့် ဆေးကုသမှုခံယူရန် အကြောင်းပြချက်ဖြင့် ရန်ကုန်မှ ထွက်ခွါသွားခဲ့သည်။ အိန္ဒိယနိုင်ငံ၊ ကာလကတ္တားလေဆိပ်သို့ ရောက်ရှိချိန်တွင် သတင်းထောက်များနှင့်တွေ့ဆုံရာ၌ ဦးနုက"မြန်မာနိုင်ငံသည် လွန်လအတွင်း ပါလီမန်ဒီမိုကရေစီစနစ်သို့ ဦးတည်ပြောင်းလဲမည်ဟု မျှော်လင့်နိုင်ကြောင်း၊ နိုင်ငံကိုခေါင်းဆောင်ရန် အစီအစဉ်မရှိဘဲ ဘာသာရေးကိုသာ အလေးထားကြောင်း၊ ပါလီမန်ဒီမိုကရေစီစနစ်ကိုသာ ယုံကြည် ကြောင်း ပြောကြားခဲ့သည်။[၁]

ဦးနုသည် အိန္ဒိယနိုင်ငံတွင် ရှိနေစဉ် စီအိုင်အေနှင့် ပတ်သက်နေသော ကမ္ဘာ့စာရိတ္တမြှင့် တင်ရေးအဖွဲ့(MRA)(MORAL REARMAMENT ASSOCIATION)နှင့် လည်းကောင်း၊ ထိုင်းနိုင်ငံသို့ ရောက်ရှိနေသော ယခင်နေးရှင်းသတင်း စာအယ်ဒီတာ ဦးလောရုံနှင့်လည်းကောင်း ဆက်သွယ်ခဲ့ သည်။ ဦးလောရုံသည် ထိုစဉ်ကပြည်ပသို့ထွက်ပြေးလာသူနိုင်ငံရေးသမားများကို နိုင်ငံခြားအကူအညီ ဖြင့် ထိုင်းနိုင်ငံ၌ စုစည်းပေးထားသူ ဖြစ်သည်။ ထို့ပြင်၁၉၆၅ခုနှစ်ကတည်းက ဝမ်က[၂] သို့ရောက်ရှိ အခြေပြုပြီး စစ်သင်တန်းဖွင့်လှစ် လေ့ကျင့်နေသော ဗိုလ်ရန်နိုင်၊ ဗိုလ်မှူးချုပ်ဟောင်းစောကြာဝိုး၊ ဇာလိမော်တို့ဦးစီးသည့် "အမျိုးသားလွတ်မြောက်ရေးတပ်မတော်" နှင့် လည်းအဆက်အသွယ်ရှိသူ ဖြစ်သည်။

---

၁ မောင်ပြည်သူ စီအာဒီဘီ(သို့မဟုတ်) ပြန်ပြေးတစ်ကျော့ပြန် မျက် ၁၂-၁၃

၂ ဝမ်က ထိုင်းနိုင်ငံအတွင်းရှိ ဆန်ခရာဘူရီဖြစ်ပါသည်။

ဗိုလ်ရန်နိုင်၊ ဗိုလ်မှူးချုပ်ဟောင်းစောကြာဒိုး၊ ဇာလီမော်၊ နေရှင်းသတင်းစာအယ်ဒီတာ ဟောင်းမစွတာပက်တို့ပါဝင်သည့် အဖွဲ့ဝင် ၁၄ ဦးသည် ၁၉၆၅ခုနှစ်၊ မတ်လ(၁၂)ရက်နေ့တွင် ရန်ကုန်မှ မုဒုံသို့ တိတ်တဆိတ်ထွက်ခွါပြီး မုဒုံမှတစ်ဆင့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဗိုကတော်ရွာ၊ သာယာကုန်းရွာ၊ အပလုံရွာများမှတစ်ဆင့် ထိုင်း-မြန်မာနယ်စပ် ဝမ်ကသို့ရောက်ရှိခဲ့သည်။ ဝမ်ကတွင်ဗိုလ်ရန်နိုင်တို့လူစုသည် မွန်သောင်းကျန်းသူ ဗိုလ်ကွန်ပါ၏အကူအညီဖြင့် ဝမ်ကရှိသာသနာပြုကျောင်းတွင် အခြေချခဲ့ကြသည်။ ၁၉၆၆ခုနှစ်၊ ဇန်နဝါရီလအထိ စစ်သင်တန်းများဖွင့်လှစ်လေ့ကျင့်ကြပြီး ၁၉၆၆ခုနှစ်၊ မတ်လတွင် ဗိုလ်မှူးချုပ်စောကြာဒိုး၊ ဗိုလ်မှူးကြီးရန်နိုင်တို့လက်မှတ်ရေးထိုးထားသည့် အမျိုးသားလွတ်မြောက်ရေးတပ်မတော်အမည်ဖြင့် ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။[၁]

၁၉၆၆ခုနှစ်၊ အောက်တိုဘာလအတွင်းတွင် ဗိုလ်ရန်နိုင်တို့လူစုသည် ကေအင်ယူသောင်းကျန်းသူများနှင့် ပူးပေါင်း၍ ဆီးတိုး[၂] ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဗိုလ်ရန်နိုင်တို့လူစုတွင် ဗိုလ်ရန်နိုင်၊ ဗိုလ်မှူးချုပ်စောကြာဒိုး၊ ဇာလီမော်၊ ဗိုလ်မြကော်သူးလေတပ်မ(၁)တပ်မမှူး] ဗိုလ်မှူးကြီးကျော်လီ၊ ဗိုလ်မှူး စောဘယ်နီထူး၊ မွန်ဘုန်းကြီး ဦးဉာဏရံသီတို့ပါဝင်ပြီး ဘန်ကောက်မြို့၌တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ထိုဆွေးနွေးပွဲတွင် ဆီးတိုးကိုယ်စားလှယ်နှင့် ထိုင်းအရာရှိကြီးများ၏ အကြံပြုချက်အရ "အမျိုးသားလွတ်မြောက်ရေးကောင်စီ" ကိုအောက်ပါအတိုင်းဖွဲ့စည်းခဲ့ကြသည်-[၃]

(၁) စောကြာဒိုး
(၂) ဗိုလ်ရန်နိုင်
(၃) ဗိုလ်မြ
(၄) ဗိုလ်ရွှေဆိုင်း
(၅) စောဘယ်နီထူး
(၆) ဇာလီမော်
(၇) ဦးဉာဏရံသီ
(၈) မဟာဒေဝီ
(၉) ရန်ကြီးစိန်(ကိုးကန့်အဖွဲ့)
(၁၀) ဦးလှိုင်
(၁၁) ဘုန်းကြီးဦးချစ်စိန်
(၁၂) ဇော်ဆိုင်း
(၁၃) ဇော်တူး
(၁၄) ဗိုလ်စကြာ

ကေအိုင်အေခေါင်းဆောင်နှစ်ဦးအားလျာထား၍ဆက်သွယ်မှုပြုရန်ဆုံးဖြတ်သည်။

---

၁ ရဲဘော်သစ်မောင် ပြည်တွင်းသောင်းကျန်းသူသမိုင်း၊ အပိုင်း-၄ မျက် ၉
၂ SEATO South East Asia Treaty Organization
၃ ရဲဘော်သစ်မောင် ပြည်တွင်းသောင်းကျန်းသူသမိုင်း၊ အပိုင်း-၄ မျက် ၉

အမျိုးသားလွတ်မြောက်ရေးကောင်စီတွင် ဗိုလ်ရန်နိုင်မှာ စစ်ဦးစီးမှူးဖြစ်ပြီး တပ်ရင်းတစ်ရင်းလျှင်လူအင်အား ၅၀၀ ကျော်ပါဝင်သော တပ်ရင်း(၉)ရင်းနှင့် တပ်မဟာ(၁၇)၊ တပ်မဟာ(၂၇)၊ တပ်မဟာ(၃၆)တို့ကို စနစ်တကျဖွဲ့စည်း၍ တပ်မဟာ(၁၇)ကိုထားဝယ်ခရိုင်၊ တပ်မဟာ(၂၇)ကို မြိတ်ခရိုင်၊ တပ်မဟာ(၃၆)ကို မော်လမြိုင်ခရိုင်တို့တွင် တာဝန်ယူလှုပ်ရှားရန်သတ်မှတ်ခဲ့သည်။ ပြည်သိမ်းစစ်ဆင်ရေးစီမံချက်ကိုလည်း စနစ်တကျရေးဆွဲထားပြီးဖြစ်သည်။

ဤသို့ အစစအရာရာပြင်ဆင်ပြီးဖြစ်သော ပြည်ပြေးအင်အားစုကြီးတွင် ဩဇာတိက္ကမအစဉ်အလာကြီးမားသော ခေါင်းဆောင်တစ်ဦးတင်ထားရန် လိုအပ်လျက်ရှိသည်။ အစဉ်အလာရှိသော ခေါင်းဆောင်တစ်ဦးကို ဦးဆောင်မှုပေးစေခြင်းဖြင့် တော်လှန်ရေးကောင်စီအစိုးရကို ဖြုတ်ချအနိုင်ယူနိုင်လိမ့်မည်ဟု ဦးလောရုံနှင့် ယင်း၏အသိုင်းအဝိုင်းများက ယုံကြည်ခဲ့ကြသည်။ ထို့ကြောင့် ဦးလောရုံသည် ၁၉၆၉ခုနှစ်၊ ဩဂုတ်လ(၆)ရက်နေ့တွင် အိန္ဒိယရှိ ဦးနုထံသွားရောက်တွေ့ဆုံပြီး အစီအစဉ်အသေးစိတ်အား ချပြဆွေးနွေးခဲ့သည်။ ညှိနှိုင်းသဘောတူညီချက်ရရှိပြီးနောက် ဦးလောရုံသည် ဦးနုနှင့်အတူ ယင်း၏မိသားစု၊ ဗိုလ်လက်ှာတို့ကို ထိုင်းနိုင်ငံသို့ ခေါ်ဆောင်သွားခဲ့သည်။

ဝန်ကြီးချုပ်ဟောင်းဦးနုသည် ထိုင်းနိုင်ငံသို့ရောက်သောအခါ ဦးလောရုံကြို့တင်စုစည်းထားသောစောကြာဒိုး၊ဗိုလ်ရန်နိုင်၊ ဗိုလ်စကြာ၊ ညောင်ရွှေမဟာဒေဝီစဝ်ဟိန်းခမ်း၊ လေတပ်ဦးစီးချုပ်ဟောင်း တီကလစ်တို့လူစုနှင့်ပူးပေါင်းမိသည်။ ရှေ့လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးကြပြီး အာဏာပြန်လည်ရရှိရေး၊ ပါလီမန်ဒီမိုကရေစီပြန်လည်ထူထောင်နိုင်ရေးတို့အတွက် အနောက်အုပ်စုများမှ အကူအညီရရန် စီမံဆုံးဖြတ်ခဲ့ကြသည်။

၁၉၆၉ခုနှစ်၊ ဩဂုတ်လ(၂၂)ရက်နေ့တွင် ဦးနုသည် ထိုင်းနိုင်ငံမှ လန်ဒန်မြို့သို့ ရောက်ရှိသွားပြီး သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပကာ "ပါလီမန်ဒီမိုကရေစီပါတီ" ကိုဖွဲ့စည်းကြောင်းကြေညာသည်။ ဦးနုက ဥက္ကဋ္ဌအဖြစ်တာဝန်ယူကြောင်းပြောကြားပြီး ဦးလောရုံကို ပါလီမန်ဒီမိုကရေစီပါတီ၏ အထွေထွေအတွင်းရေးမှူးအဖြစ်ကြေညာသွားခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် ဦးနုက နယူးယောက်၊ တိုကျို၊ ဟောင်ကောင်မြို့များသို့ လှည့်လည်မည်ဟုလည်းကြေညာခဲ့သည်။ ပါလီမန်ဒီမိုကရေစီပါတီကို ထူထောင်ကြောင်းနှင့် အမေရိကန်နှင့် အခြားနိုင်ငံများ၏အကူအညီဖြင့် ဗိုလ်ချုပ်ကြီးနေဝင်းအစိုးရကို အကြမ်းဖက်၍ဖြုတ်ချမည်။ ဌာနချုပ်ကို ဘန်ကောက်တွင် ဖွင့်လှစ်မည်ဟူ၍လည်း အတိအလင်းကြေညာသည်။[၁] ထိုသို့ပြောကြားသည့်အတိုင်းပါလီမန်ဒီမိုကရေစီဌာနချုပ်ကို ဘန်ကောက်မြို့၊ ဆွိုင်(၁၈)၊ အမှတ်(၃၂)တွင်ဖွင့်လှစ်ခဲ့သည်။

၁၉၆၉ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့တွင် ဦးနုနှင့် အဖွဲ့သည် နယူးယောက်မြို့သို့ရောက်ရှိသွားခဲ့သည်။ ယင်းတို့သည် အမေရိကန်အစိုးရ၏အကူအညီများရရှိရေး၊ စာနယ်ဇင်းများမှ တစ်ဆင့် နိုင်ငံတကာဝါဒဖြန့်ချိရေးကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်ခဲ့သည်။ အမေရိကန်အမျိုးသား

---

၁ ရဲဘော်သစ်မောင် ပြည်တွင်းသောင်းကျန်းသူသမိုင်း၊ အပိုင်း-၄ မျက် ၁၁

အသံလွှင့်ဌာန(အင်နာဘီစီ)နှင့်တွေ့ဆုံရာတွင် အမေရိကန်အစိုးရမှ တော်လှန်ရေးကောင်စီအစိုးရသို့ ထောက်ပံ့ကူညီမှုရပ်ဆိုင်းရန် တောင်းဆိုခဲ့ပြီး တော်လှန်ရေးကောင်စီကိုလည်း ဖြုတ်ချမည်ဟု ကြိမ်းဝါးခဲ့သည်။ စက်တင်ဘာလ(၁၁)ရက်နေ့တွင် ဦးနုက တော်လှန်ရေးကောင်စီအစိုးရကို ဖြုတ်ခွင့်ပိုင်ရေးအတွက် အမေရိကန်အမျိုးသားများထံမှ အကူအညီတောင်းခဲ့သည်။ တရုတ်နှင့် ဆိုဗီယက်တို့ထံမှလည်း အကူအညီတောင်းခံမည်ဖြစ်ကြောင်း၊ သို့သော် ပါလီမန်ဒီမိုကရေစီစနစ်ကိုသာ ကျင့်သုံးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။[၁]

ဦးနုနှင့်အဖွဲ့သည် အမေရိကန်ပြည်ထောင်စုမှ ကမ္ဘာတစ်ပတ်လှည့်၍ နိုင်ငံတကာမှ အကူအညီများရရှိရေးအတွက် ကြိုးပမ်းခဲ့ကြပြီးနောက် ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။ သို့ရာတွင် ထိုင်းနိုင်ငံအစိုးရကိုမူ " ထိုင်း-မြန်မာ နှစ်နိုင်ငံအကြား၊ ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေးကို မထိခိုက်စေရန် နိုင်ငံရေးလှုပ်ရှားမှုများ မပြုလုပ်ပါ " ဟူသောအာမခံချက်ကိုပေးခဲ့ရသည်။ ထို့နောက်ဦးနုသည်၁၉၆၉ခုနှစ်၊ အောက်တိုဘာလ(၂၇)ရက်နေ့တွင် ထိုင်းအစိုးရထံမှ နိုင်ငံရေးခိုလှုံခွင့်ရရှိပြီးနောက် ၁၉၆၉ခုနှစ်၊ နိုဝင်ဘာလ(၄)ရက်နေ့တွင် ဖန်မ်းပင်မှတစ်ဆင့် ဘန်ကောက်သို့ရောက်ရှိလာသည်။ ထိုအချိန်တွင် ဝန်ကြီးဟောင်းဦးသွင်(ကျိုက်မရော ဦးသွင်) ခေါင်းဆောင်သောပြည်ပြေးအဖွဲ့တစ်ဖွဲ့လည်းဘန်ကောက်သို့ရောက်ရှိနေပြီဖြစ်သည်။

ပြည်ပြေးအဖွဲ့ဖွဲ့စည်းခြင်း

ဦးနုခေါင်းဆောင်သော ပါလီမန်ဒီမိုကရေစီပါတီသည် ၁၉၆၉ခုနှစ်၊ ဩဂုတ်လ(၂၉)ရက်နေ့တွင် ဗဟိုကော်မတီအလုပ်အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌဦးနု၊ ဒုဥက္ကဋ္ဌဗိုလ်ချုပ်ကြီးလက်ှာ၊ အထွေထွေအတွင်းရေးမှူးချုပ် ဦးလောရံု၊ တွဲဖက်အထွေထွေအတွင်းရေးမှူးချုပ် ဗိုလ်ချုပ်သွင်၊ ဘဏ္ဍာရေးမှူးဗိုလ်ချုပ်တီကလစ်၊ စာရင်းစစ်ဗိုလ်မှူးကြီးမိုးကျော်၊ အလုပ်အမှုဆောင်ဗိုလ်ချုပ်စောကြာဒိုး၊ အလုပ်အမှုဆောင် ဗိုလ်ချုပ်ရန်နိုင်၊ ဥပဒေအကြံပေးဗိုလ်မှူးကြီးဇာလီမော်နှင့် ဗဟိုကော်မတီဝင်(၂၆)ဦးစုစုပေါင်း(၃၅)ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

၁၉၇၀ပြည့်နှစ်တွင် ဦးနုနှင့် ဦးလောရံုတို့သည် ပြည်ချစ်လူငယ်တပ်ပေါင်းစုကို ပဒိုတီးပြီး "ပြည်ချစ်လူငယ်အသံလွှင့်ဌာန" ကိုထိုင်းနိုင်ငံအရင်းရှင်ကြီးများ၏အကူအညီဖြင့် တည်ဆောက်ခဲ့သည်။ ၁၉၇၀ပြည့်နှစ်၊ ဧပြီလ(၁၇)ရက်နေ့တွင် စတင်အသံလွှင့်ခဲ့သည်။ ပါလီမန်ဒီမိုကရေစီပါတီသည် တစ်ဖက်မှနိုင်ငံတကာထောက်ခံမှုရရှိရန် ဆောင်ရွက်ရင်းကရင်နှင့် မွန်သောင်းကျန်းသူများ၏အားပေးကူညီမှု၊ ပူးပေါင်းဆောင်ရွက်မှုရရှိရန်ကြိုးစားခဲ့ကြသည်။ ၁၉၇၀ပြည့်နှစ်၊ မေလ(၁၅)ရက်နေ့ မှ မေလ(၂၅)ရက်နေ့အထိ ဘန်ကောက်ရှိပါလီမန်ဒီမိုကရေစီပါတီဌာနချုပ်တွင် ပါလီမန်ဒီမိုကရေစီ ပါတီ၊

---

၁ မောင်မြည့်သူ စီအာဒီဘီ(သို့မဟုတ်) ပြန်ပြေးတစ်ကျော့ပြန် မှက် ၁၈

၂ ၁၉၇၁ခုနှစ်၊ ဇူလိုင်လတွင် ပြည်ပြေးအဖွဲ့မှနှုတ်ထွက်သွားသည်။

ကေအင်ယူပါတီနှင့် မွန်ပြည်သစ်ပါတီတို့၏သုံးပါတီအစည်းအဝေး ကျင်းပသည်။ သုံးပါတီခေါင်းဆောင်များသည် နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေး၊ ဘက္ကာရေးဆိုင်ရာများကို ဆွေးနွေးပြီး လက်မှတ်ရေးထိုးကြကာ " တိုင်းရင်းသားလူမျိုးပေါင်းစုံလွတ်မြောက်ရေးတပ်ပေါင်းစု " (တညလ)ကို ဖွဲ့စည်းလိုက်ကြသည်။ တပ်ပေါင်းစုနာယကမှာ ဦးနုဖြစ်ပြီး ဥက္ကဋ္ဌမှာ မန်းဘဇံဖြစ်သည်။ နိုင်ရွှေကျင်(ခေါ်) နိုင်ဘလွင်သည် အထွေထွေအတွင်းရေးမှူးဖြစ်သည်။ နိုင်ငံရေးနှင့် စည်းရုံးရေးဆပ်ကော်မတီအတွင်းရေးမှူးမှာ ဝိုလ်လက်ျာဖြစ်ပြီး ဝိုလ်မြက စစ်ရေးဆပ်ကော်မတီအတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ဘက္ကာရေးဆပ်ကော်မတီအတွင်းရေးမှူးမှာ တီကလစ်ဖြစ်သည်။[၁]

တစ်ချိန်တည်းမှာပင် " ပြည်ချစ်လွတ်မြောက်ရေးတပ်မတော် " ကိုဖွဲ့စည်းပြီး စစ်ဦးစီးချုပ်အဖြစ် ဝိုလ်ချုပ်စောကြာဒိုးကို ခန့်အပ်ကာ အမှတ်(၁)တိုင်း၊ တောင်ပိုင်းတိုင်းနှင့် အမှတ်(၂)တိုင်း၊ အလယ်ပိုင်းတိုင်းကို ဖွဲ့စည်းခဲ့သည်။ အမှတ်(၁)တိုင်း၊ တောင်ပိုင်းတိုင်းမှူးမှာ ဝိုလ်ချုပ်ရန်နိုင်ဖြစ်ပြီး အမှတ်(၂)တိုင်း၊ အလယ်ပိုင်းတိုင်းမှူးမှာ ဝိုလ်ချုပ်သွင်ဖြစ်သည်။ ထိုင်းနိုင်ငံအတွင်း၌အခြေစိုက်စခန်းများတည်ဆောက်ပြီး လက်နက်တပ်ဆင်လေ့ကျင့်ခြင်းများပြုလုပ်ခဲ့သည်။ နောက်ပိုင်းတွင် ရန်ကြီးစိန်(ခေါ်) ကျင်မိုယန်း၏မြောက်ပိုင်းတိုင်း၊ ဝိုလ်မှူးအောင်၏အနောက်မြောက်တိုင်း၊ တင်မောင်ဝင်း၏သီးခြားတိုင်း(၁)၊ ဇော်ထွန်း၏အထူးတိုင်း(၁)တို့ကိုလည်း ဖွဲ့စည်းခဲ့သည်။

ပြည်ပြေးအဖွဲ့အတွင်းပဋိပက္ခနှင့်ပြဿနာများ

ဦးနု၊ ဦးလောရုံနှင့် ဝိုလ်ရန်နိုင်တို့ဦးစီးသော ပြည်ပြေးအဖွဲ့သည် နိုင်ငံရေးအရ ဝါဒဖြန့်ခြင်း၊ ကြေညာခြင်း၊ စစ်ရေးအရလေ့ကျင့်ခြင်း၊ လက်နက်တပ်ဆင်ပြင်ဆင်ခြင်း၊ နိုင်ငံတကာအကူအညီများရရှိစေရန်အားထုတ်ခြင်းများကို ပြုလုပ်နေစဉ်မှာပင် အခြားတစ်ဖက်၌ အခက်အခဲအကျပ်အတည်းများနှင့်လည်း ရင်ဆိုင်နေကြရသည်။ အဖျားရောဂါထူထပ်ခြင်း၊ အထက်အောက်မပြေမလည်ဖြစ်ခြင်း၊ မကျေနပ်မှုများကို ထုတ်ဖော်ဝေဖန်သူများအား ဖြုတ်၊ ထုတ်၊ သတ်[၂] လမ်းစဉ်အတိုင်း ဆောင်ရွက်ခြင်း၊ လူမှုရေးဖောက်ပြန်မှုများဖြစ်ပွားခြင်းတို့ကြောင့် အတွင်းပြဿနာများ နက်ရှိုင်း စွာကြီးထွားနေခဲ့သည်။

ထိုစဉ် ဝိုလ်ရန်နိုင်သည် တောင်ပိုင်းတိုင်းအတွက် ဦးနုတို့ဗဟိုအဖွဲ့မှ ထောက်ပံ့ပေးသောငွေကြေးများကို ကိုယ်ကျိုးအတွက်သုံးစွဲနေသည်ဟုကြားသိရ၍ ၁၉၇၀ပြည့်နှစ်၊ ဧပြီလအတွင်း၌ဘန်ချုပ်မှလူလွှတ်ပြီး ငွေစာရင်းများကိုစစ်ဆေးစေခဲ့သည်။ ဝိုလ်ရန်နိုင်မှာ ငွေစာရင်းများ မရှင်းပင်းနိုင်သည့်အပြင် ရိက္ခာနှင့်အခြားစရိတ်များအတွက် ထောက်ပံ့ကြေးထပ်မံပေးပို့ရန် တောင်းခံခဲ့သည်။ တစ်ဖန်ဖြုတ်၊ ထုတ်၊ သတ်ကိစ္စများအတွက် စုံစမ်းစစ်ဆေးရန် ဦးနု၏တာဝန်ပေးခြင်းခံရသော ဝိုလ်လက်ျာသည် အသေအချာစိစစ်ကာ ဝိုလ်ရန်နိုင်အပေါ်အပြစ်ပုံကျမည်ကို မျော်တွေးမိသော

---

၁ ရဲဘော်သစ်မောင် ပြည်တွင်းသောင်းကျန်းသူသမိုင်း၊ အပိုင်း-၄ မျက် ၂၃-၂၄

၂ ၁၉၇၀ပြည့်နှစ်အတွင်းဖြုတ်၊ထုတ်၊သတ်လမ်းစဉ်အရသိန်းလွင်၊ထွန်းရှိန်၊မင်းညီတို့အပါအဝင်(၁၀)ဦးထက်မနည်းအသတ်ခံခဲ့ကြရသည်။

ကြောင့် ပုံးကွယ်တင်ပြခဲ့သည်။ ထို့အပြင်တာဝန်ရှိသူဗိုလ်ရန်နိုင်လက်အောက်မှ တင်ငွေကိုလည်း ပြည်သိမ်းတပ်၏ တပ်မှူးအဖြစ်ခန့်အပ်၍ စစ်ဆင်ရေးတာဝန်ဖြင့် နတ်အိမ်ထောင်သို့စေလွှတ်လိုက်သည်။

ထိုကာလအတွင်း ဖြစ်ပေါ်နေသောအခြေအနေများမှာ ရှုတ်ထွေးလျက်ရှိပြီး ဗိုလ်ရန်နိုင် သည် ဦးနုက ဦးသွင်ကိုမြှောက်စား၍ ယင်းအားဖယ်ထုတ်ပစ်မည်ဟုယူဆသောကြောင့် ဗ.ဒ.ငွေကို ပြည်သိမ်းတပ်မှူးအဖြစ်ခန့်အပ်ကာ စစ်ဆင်ရေးတာဝန်ဘမ်းပြလျက် နတ်အိမ်တောင်တွင် လက်နက်လူသူစုဆောင်းထားရန် လျှို့ဝှက်ညွှန်ကြားခဲ့သည်။ ဗိုလ်ရန်နိုင်၏ယောက်ဖတော်သူ ဇာလီမော်ကလည်း ဦးလောရုံထံချဉ်းကပ်၍ လက်နက်ခဲယမ်းများရရှိရေးကို ကြိုးပမ်းခဲ့သည်။ ဦးနုကလည်း ဗိုလ်ရန်နိုင်တွေးထင်သည့်အတိုင်း ဗိုလ်ရန်နိုင်အုပ်စုအပေါ်တွင်ယုံကြည်မှုမရှိဘဲ ဗိုလ်ရန်နိုင်၏လူယုံများအား သိမ်းသွင်း၍ ထောက်လှမ်းခြင်း၊ အပြန်အလှန်လူယုံမွေးခြင်း၊ အုပ်စုများဖွဲ့ခြင်းတို့ဖြင့် အခြေအနေများရှုတ်ထွေးနေခဲ့သည်။[၁] သို့နှင့်ပြည်ပြေးအဖွဲ့သည်တိုက်ပွဲ တစ်ပွဲမျှမတိုက်ရသေးမီမှာပင် ဦးလောရုံ၊ ဗိုလ်ရန်နိုင်၊ ဇာလီမော်၊ တင်ငွေ၊ ဗိုလ်လက်ျာတို့ကတစ်ဖက်၊ ဦးနု၊ တီကလစ်၊ ဦးသွင်တို့ကတစ်ဖက် ဂိုဏ်းကွဲခဲ့သည်။

ပြည်တွင်းသို့ထိုးဖောက်ရန်ကြိုးပမ်းမှု

၁၉၇၀ပြည့်နှစ်၊ ဩဂုတ်လတွင် ဦးလောရုံသည် အမေရိကန်ပြည်ထောင်စုမှ ဘန်ကောက်မြို့သို့ပြန်လည်ရောက်ရှိလာပြီး ဆီးတိုးအုပ်စု၏တိုက်ရိုက်ညွှန်ကြားချက်နှင့်အမိန့်အရ ပြည်ပြေးများကို စစ်ဆင်ရေးအစီအစဉ်သစ်များချမှတ်ပေးသည်။ ၁၉၇၀ပြည့်နှစ်၊ စက်တင်ဘာလတွင် ဦးလောရုံ၊ ဗိုလ်လက်ျာ၊ နိုင်ရွှေကျင်၊ စောကြာဦးနှင့်ဇာလီမော်တို့သည် သောင်ရင်းမြစ်ကမ်းရှိ မန်းဘဇံ၏ ဌာနချုပ်သို့ လျှို့ဝှက်စွာရောက်ရှိလာခဲ့သည်။ သို့သော်ရောက်ရောက်ချင်းပင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ပတ္တမြားစစ်ဆင်ရေးနှင့်ရင်ဆိုင်တိုးသောကြောင့် တစ်ဖက်ကမ်းသို့ဆုတ်ခွါထွက်ပြေးကြရသည်။

၁၉၇၀ပြည့်နှစ်၊ အောက်တိုဘာလ(၁၀)ရက်နေ့တွင် ပြည်ပြေးနှင့် ကေအင်ယူတပ်ဦးအင်အား ၁၀၀ခန့်သည် ပိုင်ကျိုရှိတပ်မတော်စခန်းကို လာရောက်တိုက်ခိုက်ကြသည်။ ကေအင်ယူတပ်ရင်း(၁၉) တပ်ရင်းမှူးဖေထူးနှင့် ဒုတိယတပ်ရင်းမှူးအပါအဝင် (၁၁)ယောက်ကျဆုံးပြီး ဆုတ်ခွါရသည်။ တပ်မတော်မှထက်ကြပ်လိုက်လံခြေမှုန်းရာ သုံးပါတီခေါင်းဆောင်များ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးခဲ့ရပြီး "ပြည်ချစ်လူငယ်အသံလွှင့်ဌာန" မှာလည်း အစပျောက်ခဲ့ရသည်။

ဦးလောရုံသည် ဦးနု၊ ဦးသွင်နှင့် နိုင်ရွှေကျင်တို့အား ယုံကြည်ကိုးစားခြင်းမရှိတော့သဖြင့် ၁၉၇၀ပြည့်နှစ်၊ အောက်တိုဘာလ (၁၆)ရက်နေ့မှစ၍ ဆီးတိုးအုပ်စု၏ ညွှန်ကြားချက်အရ ဦးနုတို့

---

၁ မောင်ရင်မန်း ကျွန်တော်ပြည်ပြေး၊

အုပ်စုအား အဆက်အသွယ်မလုပ်ဘဲ ခြေရာဖျောက်၍မြေလျှိုးလိုက်ရသည်။ ဦးလောရုံသည် ဆီးတိုး အဖွဲ့နှင့်စိုးဦးအေတို့၏ ညွှန်ကြားချက်အရ ပြည်ပြေးများအားမည်သို့ပင် ကူညီပံ့ပိုးသော်လည်း အချင်းချင်းဂိုဏ်းကွဲကာ ပြဿနာများရှုတ်ထွေးနေခြင်း၊ ပွဲဦးထွက်မှာပင်အရှုံးနှင့်ရင်ဆိုင်နေရခြင်းတို့ ကြောင့်ပြည်ပြေးများအပေါ် စိတ်ကုန်လာသည်။ ဦးနုတို့လူစုနှင့်လည်းမပြေမလည်ဖြစ်လာသည်။ ထို့ကြောင့် ဦးလောရုံသည် ၁၉၇၁ခုနှစ်၊ ဇူလိုင်လတွင် ပြည်ပြေးအဖွဲ့မှန္တလတ်ထွက်ကာ အေရိကန် ပြည်ထောင်စုသို့ အပြီးအပိုင်ထွက်ခွါသွားခဲ့သည်။ ဦးလောရုံ၏အထွေထွေအတွင်းရေးမှူးချုပ် တာဝန်ကို ဦးသွင်ကပူးတွဲတာဝန်ယူလက်ခံဆောင်ရွက်သည်။[၁]

တိုင်းသစ်များဖွဲ့စည်းခြင်း

ကျင်မိယန်းသည် တရုတ်ဖြူနှင့်ဘိန်းကုန်သည် သောင်းကျန်းသူလက်နက်ကိုင်အင်အား ၂၀၀ ခန့်ကိုစုစည်း၍ တာချီလိတ်မြို့တောင်ဘက် ၁၂ မိုင်ကွာ ထိုင်းနိုင်ငံတွင်းရှိ ဟွေနမ့်ခွန်တွင် ဌာနချုပ် ဖွင့်လှစ်ခဲ့သည်။ ဦးနုတို့က ကျင်မိယန်းအဖွဲ့အား မြောက်ပိုင်းတိုင်းအဖြစ်ဖွဲ့စည်းပေးခဲ့ပြီး တိုင်းမှူးမှာ ကျင်မိယန်းပင်ဖြစ်သည်။ ကျင်မိယန်းသည် ၁၉၇၁ခုနှစ်၊ အောက်တိုဘာလတွင် လွိုင်လင်ခရိုင်၊ ဝမ်ဆင်းဒေသရှိ ရှမ်းသောင်းကျန်းသူများထံသို့ ကိုယ်စားလှယ်စေလွှတ်၍ ပြည်ပြေးများနှင့်ပူးပေါင်းရန် အစည်းအဝေးကျင်းပခဲ့ကြသည်။ သို့သော် ကျင်မိယန်းသည် လွတ်လပ်သောရှမ်းပြည်နယ်သီးခြားရရှိရေးကို ပြည်ပြေးများအနေနှင့် မဆောင်ရွက်နိုင်ဟုယုံကြည်သောကြောင့် အောက်တိုဘာလအတွင်းမှာပင် ပြည်ပြေးအဖွဲ့မှခွဲထွက်ပြီး မဟာမိတ်အဖြစ်သာ ပြောင်းလဲဆက်ဆံတော့သည်။ သို့နှင့် ပြည်ပြေးမြောက်ပိုင်းတိုင်းမှာ မည်သို့မျှမဆောင်ရွက်နိုင်ဘဲ ဖျောက်ကွယ်သွားရသည်။

ပြည်ပြေးအနောက်မြောက်တိုင်း စစ်ဌာနချုပ်ကို ထိုင်းနိုင်ငံခုံရုံးကျေးရွာတွင် စတင်ဖွင့်လှစ်ခဲ့ပြီး တိုင်းမှူးမှာ ဗိုလ်ချုပ်အဆင့်ရှိသူ ဗိုလ်မှူးအောင်ဖြစ်သည်။ လူပ်ရှားတပ်ရင်းကို ထိန်လင်းက ဦးစီးပြီး အင်အား ၂၀၀ခန့်ရှိသည်။ ကရင်နီတိုးတက်ရေးပါတီနှင့်ပူးပေါင်းပြီး မော်ခိုးမိုင်းနယ်မြေ အတွင်းသို့ ဝင်ရောက်လှုပ်ရှားခဲ့သည်။ ဦးသွင်၏အလယ်ပိုင်းတိုင်းသည်လည်း တပ်ရင်း၎င်းရင်း၊ အင်အား ၆၃၃ ယောက်အထိ တိုးတက်လာရာ ကေအင်ယူ တပ်မဟာ(၆)၊ တပ်ရင်း (၁၆)တို့နှင့် ပူးတွဲ၍ ကရင်ပြည်နယ်၊ မွန်ပြည်နယ်များကို ထိုးဖောက်ပြီး ပဲခူးရိုးမတွင်အခြေချနိုင်ရန်လှုပ်ရှားကြိုးပမ်းခဲ့သည်။ ၁၉၇၂ခုနှစ်၊ အောက်တိုဘာလမှစ၍ ပဲခူးရိုးမထိုးဖောက်ရေးကို ဆောင်ရွက်လာသည်။ ဗိုလ်ရန်နိုင်၏ တောင်ပိုင်းတိုင်းသည်လည်း ၁၉၇၂ခုနှစ်၊ ဩဂုတ်လမှစ၍ တင်ငွေခေါင်းဆောင်ပြီး တပ်မ(၂၇)အမည်ခံတပ်ခွဲခုနှစ်ခွဲဖြင့် ထိုးဖောက်ဝင်ရောက်လာသည်။ သီးခြားတိုင်း(၁)ကိုလည်း တင်မောင်ဝင်းခေါင်းဆောင်ပြီး ထိုင်းနိုင်ငံ၊ ရနောင်းမြို့အနီးတွင် ဖွင့်လှစ်၍ ထိန်လင်းစခန်းဟုခေါ်သည်။ စီးပွားရေးလုပ်ငန်းသာလုပ်သည်။

---

၁ ခဲအော်သစ်မောင် ပြည်တွင်းသောင်းကျန်းမှုသမိုင်း၊ အပိုင်း-၅ မျက် ၂၉-၃၀

၁၉၇၂ခုနှစ်၊ မေလ(၅)ရက်နေ့တွင် တောခိုဇော်ထွန်း၏ပြည်တွင်းညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအဖွဲ့(ပညင)ကို အထူးတိုင်းအဖြစ်သတ်မှတ်ခဲ့ပြန်သည်။ သို့သော် ဇော်ထွန်းသည် ပြည်ပြေးအဖွဲ့မှလုံးဝနှုတ်ထွက်သွားခဲ့သည်။

ပြည်ပြေးအဖွဲ့၏ "ရှေ့တန်းစစ်ဆင်ရေးဌာနချုပ်" ကို တောခိုစာရေးဆရာ ရန်ကုန်ဘဆွေက ဦးစီးသည်။ ရန်ကုန်ဘဆွေသည် ထားဝယ်၊ မြိတ်ဒေသများအား " နောင်ရိုးစစ်ဆင်ရေး " ဖြင့် ၁၉၇၃ ခုနှစ်လယ်တွင် တိုက်ခိုက်ရန်စီစဉ်ခဲ့သည်။ ရှေ့တန်းစစ်ဆင်ရေးဌာနချုပ်လက်အောက်တွင် အသံလွှင့်ရုံ၊ သတင်းစာအဖွဲ့နှင့် ဆေးအဖွဲ့များဖွဲ့စည်းပြီး တင်မောင်ဝင်းနှင့် အောင်လက်ျာတို့ခေါင်းဆောင်သည်။ သီးခြားတိုင်း(၁)ကို အမာခံထား၍ တိုက်ခိုက်ရန်စီစဉ်ခဲ့သည်။ သို့သော်ဦးသွင်နှင့် ပိုလရန်နိုင်တို့က တပ်များမပို့သည့်ပြင် တင်မောင်ဝင်းသည် ရနောင်းမြို့မှ၁၉၇၃ခုနှစ်၊ စက်တင်ဘာလ(၂၉)ရက်နေ့တွင် ကြယ်ဝါစခန်းသို့ဌာနချုပ်ပြောင်းရွှေ့ကာ ခွဲထွက်သွားသောကြောင့် နောင်ရိုးစစ်ဆင်ရေး လည်းပျက်သွားခဲ့ရသည်။ နောင်ရိုးစစ်ဆင်ရေးစီမံကိန်းလျှို့ဝှက်ကော်မတီတွင် ရန်ကုန်ဘဆွေ၊ စောကြာဦးနှင့် ထိုင်းအာဏာပိုင်များပါဝင်သည်။ နောင်ရိုးစစ်ဆင်ရေးပျက်ရခြင်းအတွက် ထိုင်း အာဏာပိုင်များက ရန်ကုန်ဘဆွေကို သေဒဏ်ပေးရန်တောင်းဆိုခဲ့ကြသော်လည်း ရက်ပိုင်းအတွင်း မှာပင် ထိုင်းအစိုးရပြုတ်ကျသွားခဲ့ရသည်။ ရှေ့တန်းစစ်ဆင်ရေးဌာနချုပ်သည် ထိုင်းနိုင်ငံ၊ ပရာ ကျွတ်ဂီရိဂန်တွင် အခြေပြုရာမှဗိုလ်ရန်နိုင်၏ မွေးစခန်းသို့ပြောင်းရွှေ့ခဲ့သည်။ ရန်ကုန်ဘဆွေမှာကားဗိုလ်ရန်နိုင်နှင့် မပြေမလည်ဖြစ်သဖြင့် ဘန်ကောက်သို့ပြောင်းရွှေ့ပြီးဌာနချုပ်လည်း ပျက်သွားခဲ့ရသည်။[၁]

ပြည်ပြေးအဖွဲ့ပြိုကွဲခြင်း

ဦးနုသည် ၁၉၇၂ခုနှစ်တွင် ဘန်ကောက်မြို့၌ကျင်းပသော ပြည်ပြေးအမှုဆောင်အစည်းအဝေး၌ ဗိုလ်မြတင်သွင်းသော ပြည်နယ်ခွဲထွက်ရေးကိစ္စနှင့် ပတ်သက်၍သဘောထားမတိုက်ဆိုင်သဖြင့် အမှုဆောင်အဖွဲ့အတွင်း မဲခွဲဆုံးဖြတ်ရာ ဦးနုရှုံးနိမ့်သွားခဲ့သည်။ ဦးနုက ပြည်နယ်ခွဲထွက်ရေးကိစ္စကို ပြတ်ပြတ်သားသားဆန့်ကျင်သော်လည်း ဦးသွင်နှင့် ဗိုလ်လက်ျာက ထောက်ခံနေကြသဖြင့် သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့ရသည်။ သို့ဖြစ်၍ ပါလီမန်ဒီမိုကရေစီပါတီဥက္ကဋ္ဌအဖြစ်မှ ဦးနုနှုတ်ထွက်ခဲ့ရပြီး ဗိုလ်လက်ျာက ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ပါလီမန်ဒီမိုကရေစီပါတီကိုလည်း ပြည်သူ့ပြည်ချစ်ပါတီဟု အမည်ပြောင်းလဲခဲ့သည်။ ဦးနုသည် ၁၉၇၃ခုနှစ်၊ ဇူလိုင်လ(၂၄)ရက်နေ့တွင် ဘန်ကောက်မှထွက်ခွါကာ အိန္ဒိယနိုင်ငံ၌ ခိုလှုံခဲ့သည်။[၂]

ဗိုလ်မှူးအောင်ခေါင်းဆောင်သည့် ပြည်ပြေးအနောက်မြောက်တိုင်းသည်လည်း ၁၉၇၄ခုနှစ်၊ ဒီဇင်ဘာလ(၁၇)ရက်နေ့တွင် ဗဟိုစစ်ကောင်စီမှ ခွဲထွက်သွားပြန်သည်။ အနောက်မြောက်တိုင်းသည်

---

၁ ခဲကော်သစ်မောင် ပြည်တွင်းသောင်းကျန်းသူသမိုင်း၊ အပိုင်း-၅ မျက် ၃၀-၃၁

၂ မောင်ပြည်သူ စီအာဒီဘီ(သို့မဟုတ်) ပြန်ပြေးတစ်ကျော့ပြန် မျက် ၂၆

မခွဲထွက်ခင် ကရင်နီတိုးတက်ရေးပါတီနှင့် ပူးပေါင်း၍မော်ခိုးဒေသနှင့် ပဲခူးတိုင်းတွင် လှုပ်ရှားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ဝိုလ်မှူးအောင်သည် ၁၉၇၅ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့ညီညွတ်ရေးပါတီ(ဖဆပည)ကို သီးခြားထူထောင်ပြန်သည်။ ဝိုလ်မှူးအောင်အဖွဲ့တွင် ဦးသွင်၏လူယုံများဖြစ်ခဲ့သော ဝိုလ်ကျော်ဒင်၊ ချာလီဝန် နှင့် ကျော်ရှိန်တို့လည်း ပါဝင်ခဲ့ကြသည်။ ဝိုလ်မှူးအောင်၏အဖွဲ့သည် ကေအင်ယူ၏အထောက်အပံ့ကို ရရှိခဲ့သည်။ သော်လဲထတွင်အခြေခံ၍ ရွှေကျင်အရှေ့ခြမ်းနယ်မြေတွင် ကေအင်ယူတပ်မဟာ(၃)နှင့် ပူးပေါင်းလှုပ်ရှားခဲ့သည်။ ၁၉၇၅ခုနှစ်၊အောက်တိုဘာလ(၁၀)ရက်နေ့တွင် ဝိုလ်မှူးအောင်က ထိုင်းမြို့ပြအရာရှိဖူးကောင်နှင့် တွေ့ဆုံပြီး ယခင်ထိုင်းနိုင်ငံနယ်ခြားတပ်မှ သိမ်းဆည်းထားသည့်လက်နက်များပြန်လည်ရရှိရေး၊ (ဖဆပည)များထိုင်းနိုင်ငံတွင်နေထိုင်ခွင့်ရရှိရေးတို့ကို ဆွေးနွေးခဲ့သည်။ ဝိုလ်ချုပ်အဆင့်ရှိ ဦးသွင်၏အလယ်ပိုင်းတိုင်းသည် ကေအင်ယူတပ်မဟာ(၆)၊ တပ်ရင်း(၁၆)တို့၏ အကူအညီဖြင့် ၁၉၇၂ခုနှစ်၊ အောက်တိုဘာလမှစ၍ ပဲခူးရိုးမသို့ ထိုးဖောက်ဝင်ရောက်ရေးကို ကြိုးစားခဲ့သည်။ ကွန်မန်ဒိုတပ်ဖွဲ့များ ဖွဲ့စည်းသော်လည်း ၁၉၇၄ခုနှစ်တွင် ပြန်လည်ဖျက်သိမ်းရပြန်သည်။

တိုင်းမှူးဝိုလ်ချုပ်ရန်နိုင်၏ တောင်ပိုင်းတိုင်းသည်လည်း ၁၉၇၂ခုနှစ်၊ ဩဂုတ်လတွင် တင်ငွေခေါင်းဆောင်၍ တပ်မ(၂၇)ကို တပ်ခွဲခုနှစ်ခွဲဖြင့် ဖွဲ့စည်းခဲ့သည်။ ပြည်သိမ်းတပ်ရင်း၊ ရန်နှိမ်တပ်ရင်း၊ ကျားနက်တပ်ရင်း၊ နဂါးမောက်တပ်ရင်းဟူ၍ တပ်ရင်းလေးရင်းကိုလည်းဖွဲ့စည်းခဲ့သည်။ သို့သော် ရန်နှိမ်တပ်ရင်းမှ တပ်ခွဲမှူး ဒါးပလက်လက်နက်ချသောကိစ္စနှင့် ပတ်သက်၍ ကေအင်ယူဗဟိုရင်း(၁၀)က ကျန်တပ်ဖွဲ့ဝင်များထံမှ လက်နက်များသိမ်းယူခဲ့သည်။ ထို့ကြောင့် ၁၉၇၅ခုနှစ်၊ မေလ(၁၁)ရက်နေ့တွင် ပြည်ပြေးတောင်ပိုင်းတိုင်းနှင့် ကေအင်ယူတို့ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ ပြည်ပြေးဗဟို စစ်ဌာနချုပ်က တောင်ပိုင်းတိုင်းအား မဟာမိတ်ကေအင်ယူနှင့် တိုက်ခိုက်ခြင်းမပြုရန် အကြိမ်ကြိမ် တားမြစ်ခဲ့သည်။ သို့သော် နာခံခြင်းမရှိသောကြောင့် တောင်ပိုင်းတိုင်းကို ပြည်သူ့ပြည်ချစ်ပါတီမှလည်းကောင်း၊ ပြည်ချစ်လွတ်မြောက်ရေးတပ်မတော်မှလည်းကောင်း၊ ၁၉၇၅ခုနှစ်၊ ဇူလိုင်လ(၁၈)ရက်နေ့တွင် ထုတ်ပစ်လိုက်လေသည်။

ဝိုလ်မှူးကြီးအဆင့်ရှိ တင်မောင်ဝင်းခေါင်းဆောင်သော သီးခြားတိုင်း(၁)သည်လည်း ပြည်ပြေးညီမိုင်းခေါင်းဆောင်သော အင်အား(၃၄)ယောက်ကို ရေကြောင်းခရီးဖြင့် မြစ်ဝကျွန်းပေါ် သို့ စေလွှတ်ခဲ့ရာ ၁၉၇၂ခုနှစ်၊ အောက်တိုဘာလ(၁၆)ရက်နေ့တွင် ထော်ပိုင်ချောင်း၌ တပ်မတော်က လုံးဝချေမှုန်းပစ်လိုက်သည်။ ထို့နောက် တင်မောင်ဝင်းနှင့်အင်အား(၆၉)ယောက်သည် ၁၉၇၄ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့တွင်ပြည်ပြေးအဖွဲ့မှ ခွဲထွက်၍ပြည်ထောင်စုလွတ်မြောက်ရေးတပ်မတော်ကို သီးခြားထူထောင်ပြန်သည်။ ထို့နောက် ထိုင်းနိုင်ငံမြောက်ပိုင်းမှတစ်ဆင့် လားဟူများကို စည်းရုံးခဲ့သည်။ ထို့နောက် သီးခြားတိုင်း(၁)တွင် မောင်ယုံခေါင်းဆောင်သော အင်အား(၈၃)ယောက်ပါဝင်သည့်ပြောက်ကျားတပ်ရင်း(၁)နှင့် မင်းစိုးအောင်ခေါင်းဆောင်သော အင်အား(၁၅)ယောက်ပါဝင်သည့်

ပြောက်ကျားတပ်ရင်း(၂)တို့သာ ကျန်ရစ်ခဲ့သည်။ ၁၉၇၅ခုနှစ်၊ ဇွန်လတွင်ပြည်ပြေး အောင်လက်ျာအဖွဲ့သည် ထိုင်းရဲတပ်ဖွဲ့ဇ၏အကူအညီဖြင့် ပြည်ထောင်စုလွတ်မြောက်ရေးတပ်စခန်းများကို သိမ်းယူခဲ့သည်။ ပြောက်ကျားတပ်ရင်း(၁)မှူး မောင်ယုံကို ထိုင်းရဲအဖွဲ့က လူသတ်မှုဖြင့် ဖမ်းဆီးထားရာ အောင်လက်ျာက ထိုင်းရဲများကို လာဘ်ထိုး၍ အဆိပ်ကျွေးပြီးသတ်စေခဲ့သည်။ ပြောက်ကျားတပ်ရင်း(၂)မှူး မင်းစိုးအောင်ကိုလည်း ဖမ်းဆီး၍ကြယ်ဝါစခန်းတွင် ချုပ်နှောင်ထားခဲ့သည်။ သို့နှင့် သီးခြားတိုင်း(၁)သည် အချင်းချင်းပဋိပက္ခဖြစ်ပွားပြီး ခွဲထွက်မှုပေါ်ပေါက်ရာမှ ဝိုလ်လက်ျာ၏သား အောင်လက်ျာ၏ချေမှုန်းဝါးမျိုခြင်းကို ခံလိုက်ရသည်။

ပြည်တွင်းညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးအဖွဲ့မှ ဇော်ထွန်းသည်လည်း ပြည်ပြေးအဖွဲ့မှ နှုတ်ထွက်သွားခဲ့သည်။ ပြည်ပြေးအဖွဲ့သည် တစ်လုံးတစ်စည်းတည်းမရှိတော့ဘဲအဖွဲ့ငယ်များခွဲထွက်ခြင်း၊ အချင်းချင်းတိုက်ခိုက်ခြင်း၊ အခြားသောင်းကျန်းသူအဖွဲ့အစည်းများနှင့် တိုက်ခိုက်ခြင်း တို့ဖြင့်ရှုတ်ထွေးပြီးဝါးအစည်းပြေသကဲ့သို့ဖြစ်နေသည်။ ပြည်ပြေးဗဟိုကိုမူ ဦးနုမရှိတော့သည့်နောက် ဦးသွင်ကချုပ်ကိုင်ထားခဲ့သည်။ ဦးနုနှုတ်ထွက်သွားပြီးနောက် ပါလီမန်ဒီမိုကရေစီပါတီကို ပြည်သူ့ပြည်ချစ်ပါတီ(ပီပီပီ)ဟုဖွဲ့စည်းကာ ဗဟိုအလုပ်အမှုဆောင်ကော်မတီတွင် ဝိုလ်လက်ျာကဥက္ကဋ္ဌ၊ စောကြာဦးကဒုဥက္ကဋ္ဌ၊ ဦးသွင်ကအတွင်းရေးမှူးနှင့် ဇာလိမော်က ဘဏ္ဍာရေးမှူး နှင့် တွဲဖက်အတွင်း ရေးမှူးတာဝန်ယူပြီး ဘန်ကောက်တွင် အခြေစိုက်သည်။ အလယ်ပိုင်းတိုင်းကို ဦးသွင်ကခေါင်းဆောင်ပြီး ဟိုဖိုင်တွင် အခြေစိုက်သည်။ဝိုလ်ရန်နိုင်၏တောင်ပိုင်းတိုင်းကလည်းသီးခြားလှုပ်ရှားနေသည်။ ပြည်ပြေးတို့သည်ဇော်ထွန်းခေါင်းဆောင်သော ပြည်တွင်းညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးအဖွဲ့(ပညင) အားပြည်ပြေးအထူးတိုင်း(၁) အဖြစ်သတ်မှတ်ကာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့်ပူးပေါင်း၍ ၁၉၇၃ခုနှစ်၊ ဇန်နဝါရီလတွင် မော်ချီးမိုင်းအား တိုက်ခိုက်ရန်စီစဉ်ခဲ့သည်။ ကယားပြည်နယ်ကို ဖြတ်သန်းနိုင်ရန်ကရင်နီနှင့် ကယန်းပြည်သစ်ပါတီတို့ကို ငွေနှင့် လက်နက်များထုတ်ပေးခဲ့သည်။ သို့ သော်မအောင်မြင်ခဲ့ပေ။

၁၉၇၂ခုနှစ်၊ ဇူလိုင်လ(၁၇)ရက်နေ့တွင် မန်တလင်းခေါင်းဆောင်သော ချင်းအမျိုးသားအင်အား(၆၀)ခန့်သည် ပြည်ပြေးတို့နှင့် ဆက်သွယ်ပူးပေါင်းခဲ့သည်။ ထိုချင်းအဖွဲ့သည် ဝိုလ်မှူးအောင်အဖွဲ့နှင့် ပူးပေါင်းနေခဲ့သည်။ ခွန်ရဲနောင်နှင့် ပအိုဝ်အဖွဲ့ကလည်း ပြည်ပြေး အလယ်ပိုင်းတိုင်းမှ ခွဲထွက်ပြီးအင်အား(၁၈၇)ယောက်ဖြင့် ၁၉၇၄ခုနှစ်၊ ဒီဇင်ဘာလမှစ၍ သထုံနယ်မြေတွင် လှုပ်ရှားခဲ့သည်။ ယင်းအဖွဲ့သည် ကေအင်ယူနှင့် ဆက်သွယ်၍ ကေအင်ယူထံမှ သိမ်ဆိပ်နှင့် ကျောက်ရေတွင်းအကြားပအိုဝ်နယ်မြေရရှိရန်တောင်းခံလျက်ရှိသည်။

ကေအင်ယူ၊ မွန်ပြည်သစ်ပါတီနှင့် ပြည်ပြေးတို့ပူးပေါင်းထားသည့် " တည်လ " အနေဖြင့် အကြိုးဆုံးတိုက်ကွက်ဖေါ်မှုမှာ ၁၉၇၄ခုနှစ်၊ မတ်လ(၁၇)ရက်နေ့တွင် ဖြစ်ပွားသည့် "မြဝတီ၊ သယ်နီးညီနောင်၊ မဲပလဲ(၅)ရက်တိုက်ပွဲ" ပင်ဖြစ်သည်။ ယင်းတိုက်ပွဲတွင် ကေအင်ယူ(၂၃)ယောက်၊ ပြည်ပြေး(၄၂)ယောက်၊ စုစုပေါင်း"တည်လ" (၆၅)ယောက်သေဆုံးပြီး(၅၅)ယောက်ဒဏ်ရာရရှိခဲ့သည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံညီညွတ်ရေး နှင့် လွတ်မြောက်ရေးတပ်ပေါင်းစု(တညလ) တည်ထောင်ခဲ့သည့် ၁၉၇၀ပြည့်နှစ်၊ မေလ(၂၅)ရက်နေ့မှ ကေအင်ယူန္နတ်ထွက်သွားသည့် ၁၉၇၅ ခုနှစ်၊ ဇန်နဝါရီလ(၁၅)ရက်နေ့အထိ (၅)နှစ်ကာလအတွင်း တပ်မတော်နှင့် ပြည်ပြေးမဟာမိတ်အဖွဲ့ အစည်းများ၊ (တညလ)တို့ထိတွေ့တိုက်ပွဲပေါင်း(၁၀၃)ကြိမ်ဖြစ်ပွားခဲ့သည်။ သောင်းကျန်းသူ(၅၇၄) ဦးသေဆုံးပြီး တပ်မတော်မှစစ်သည် (၃၄၄)ဦးနှိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရသည်။ လက် နက်မျိုးစုံ(၆၃၇)လက်သိမ်းဆည်းရမိခဲ့ပြီး၊ လက်နက်ချအလင်းဝင်(၇၀၄)ဦးအထိရှိခဲ့သည်။ တပ်မတော် နှင့် ပြည်ပြေးတို့၏သီးသန့်တိုက်ပွဲစုစုပေါင်းမှာ (၁၈၅)ကြိမ်ရှိခဲ့ပြီး ၁၉၇၄ခုနှစ်၊ မတ်လ(၁၉)ရက်နေ့မှ ၁၉၇၅ခုနှစ်၊ ဇွန်လ(၁၆)ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း ပြည်ပြေးအဖွဲ့ဝင် (၃၄၃)ဦးအလင်း ဝင်လာခဲ့သည်။

ပြည်ပြေးများ ဝါးအစည်းပြေသကဲ့သို့ပြိုကွဲပြီးနောက် ပြည်ပြေးပြည်သူ့ပြည်ချစ်ပါတီမှ အလယ်ပိုင်းတိုင်းမှူး ဦးသွင်သည် ကေအင်ယူများနှင့် မဟာမိတ်မဖျက်ရေး၊ ကေအင်ယူများထံမှ နယ်မြေဖြတ်သန်းခွင့်ရရှိရေးကို ကြိုးပမ်းခဲ့သော်လည်း ကေအင်ယူဗိုလ်မြက ဦးသွင်အား မဟာမိတ် အဖြစ်အသိအမှတ်မပြုခဲ့ပေ။ ၁၉၇၈ခုနှစ်၊ ဇွန်လ(၁၆)ရက်နေ့တွင် ပြည်ပြေးရဲသီဟစခန်းရှိ ပေါက်ကျိုင်းကွန်မန်ဒိုတပ်ခွဲမှူး စိန်မြင့်အား ကေအင်ယူတပ်မဟာ(၆)မှ ရွှေဆိုင်ဦးစီးသည့်အဖွဲ့က ဖမ်းဆီး၍ လက်နက်များကိုသိမ်းဆည်းကာ ဖလူးစခန်းတွင် ချုပ်နှောင်ထားခဲ့သည်။ ၁၉၇၈ခုနှစ်၊ နိုဝင်ဘာလ(၂၆)ရက်နေ့တွင် ကေအင်ယူ မာဘယ်လ်နှင့် အော်လီဗာဦးစီးသည့် ကေအင်ယူအင်အား (၂၀၀)ခန့်သည် ပြည်ပြေးကြယ်ဝါစခန်းအား ဝိုင်းဝန်းတိုက်ခိုက်ရာ ဗိုလ်လက်ှာအပါအဝင် (၄)ဦးကျ ဆုံးပြီး၊ ကျန်ပြည်ပြေးအဖွဲ့ဝင်များ ကစင်ကလျားလက်လွတ်ထွက်ပြေးခဲ့ရသည်။ ဤသို့ဖြင့် ပြည်ပြေး အဖွဲ့သည် ကေအင်ယူ၏ တိုက်ခိုက်ချေမှုန်းခြင်းကို ခံရပြီးပြည်ပြေးတို့၏ လက်နက်၊ ခဲယမ်း၊ စစ်ပစ္စည်းအမြောက်အများကို ကေအင်ယူက အပိုင်စီးခံခဲ့ရသည်။

၁၉၈၀ပြည့်နှစ်၊ ဇူလိုင်လ(၁၅)ရက်နေ့တွင်နိုင်ငံတော်ကောင်စီမှ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် အမှတ်စဉ်(၂/၈၀)ကို ထုတ်ပြန်ကြေညာရာ ပြည်ပြေးအဖွဲ့မှ ဦးနုနှင့် ဇနီးဒေါ်မြရီ၊ ဗိုလ်မှူးချုပ် ဟောင်းစောကြာဝိုး၊ ဗိုလ်ရန်နိုင်၊ ဇာလီမော်၊ စခန်းမှူးဦးလှိုင်နှင့် မိသားစုဝင်(၁၁)ဦး၊ သခင်သင်းကြည်၊ ဒေါက်တာမန်းမြင့်ဆိုင်၊ ရန်ကုန်ဘဆွေနှင့် မိသားစု၊ ကျားနက်တပ်ရင်းမှူး ထွန်းမြိုင် နှင့်(၁၀)ဦး၊ တောင်ပိုင်းတိုင်းမှ ပြည်သိမ်းတပ်ရင်းမှူး ဖေတင်၊ တပ်မမှူး တင်ငွေ၊ ဒုတိယ တပ်ရင်းမှူးအောင်နိုင်၊ တပ်ရင်းမှူးဖေသိန်းနှင့် (၁၄)ဦး၊ အလယ်ပိုင်းတိုင်း၊ ဒုတိယတိုင်းမှူး ဗိုလ် ကျော်ဒင်၊ လူငယ်ဥက္ကဋ္ဌ မြဝတီရဲခေါင်၊ တွဲဖက်အတွင်းရေးမှူးဦးသုဝေနှင့် ဇနီးအပါအဝင် ပြည်ပြေး အဖွဲ့မှ (၄၅၈)ယောက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ရောက်ရှိခဲ့ကြပြီး ပြည်ပြေးသောင်းကျန်းသူအဖွဲ့ လုပ်ရှားမှုမှာလည်း ချုပ်ငြိမ်းသွားခဲ့ရသည်။[၀]

---

၀ မောင်ပြည်သူ **စီအာဒီဘီ(သို့မဟုတ်)ပြည်ပြေးတစ်ကျော့ပြန်**

အခန်း(၂)

၁၉၇၅ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း တပ်မတော်၏ စစ်ဆင်ရေးများ

တပ်မတော်သည်အနောက်တောင်တိုင်းမြစ်ဝကျွန်းပေါ်ဒေသ၌ ရန်သူများကို ချေမှုန်းနိုင်ခဲ့ပြီး ၁၉၇၅ခုနှစ်တွင်လည်း အလယ်ပိုင်းတိုင်းပဲခူးရိုးမဒေသ၌ ဗကပနှင့် ကေအင်ယူသောင်းကျန်းသူများကို အမြစ်ဖြတ်ခဲ့ပြီးမြောက်ပိုင်းနှင့် အရှေ့ပိုင်းရှိ အဓိကရန်သူ ဗကပ၊ ကေအိုင်အေနှင့် ကေအင်ယူသောင်းကျန်းသူများကိုထိန်းချုပ်နိုင်ခဲ့သည်။ ၁၉၈၀ပြည့်နှစ်၏ကျဆုံးမှာဘက်ပိုင်းတွင် အလယ်ပိုင်းတိုင်း၌ ကေအင်ယူသောင်းကျန်းမှုများ ပြန်လည်ခေါင်းထောင်လာခဲ့၍ စစ်ဆင်ရေးကြီးများ ပြုလုပ်ခဲ့မှန်းရပြန်သည်။

အရှေ့မြောက်ဒေသ ဗကပလှုပ်ရှားမှု

အရှေ့မြောက်ဒေသဗကပများသည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေများတွင် လှုပ်ရှားသောင်းကျန်းလျက်ရှိနေကြသည်။ တစ်ဘက်နိုင်ငံတွင်ဖြစ်ပွားခဲ့သော မဟာယဉ်ကျေးမှုတော်လှန်ရေးကြီးအပြီးတွင် ယင်းနိုင်ငံအာဏာရ ပါတီ၏ နိုင်ငံတကာဆက်ဆံရေးဌာနကြီးအား သဘောထားတင်းမာပြင်းထန်သူ လေးဦးဂိုဏ်းကချုပ်ကိုင်နိုင်ခဲ့ရာနိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှုများကိုထောက်ခံကူညီသော လမ်းစဉ်ကျင့်သုံးလာခဲ့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီမှ သခင်ဗသိန်းတင်၊ သခင်ဖေတင့် စသူတို့ကို မဟာမိတ်မိသားစု ပါတီခေါင်းဆောင်များအဖြစ် လူသိထင်ရှားဆက်ဆံပြီး ကူညီပံ့ပိုးမှုများပေးခဲ့သည်။ ၁၉၆၈ခုနှစ် မှ ၁၉၇၈ ခုနှစ်များအတွင်း အရှေ့မြောက်ဒေသ ဗကပများကို ပံ့မှန်စစ်ရေးအကူအညီများပေးခဲ့ရာ စုစုပေါင်း ကျပ်သိန်း ၄၀၀ ဖိုးခန့် ရှိမည်ဟု ခန့်မှန်းရသည်။[၀] ထိုမျှမကဘဲ အမှတ်(၈၀၈)စစ်အကြံ ပေးအဖွဲ့ကို တစ်ဘက်နိုင်ငံ အမှတ်(၁၄)တပ်တော်မှ ဒုတိယတပ်မမှူးအဆင့်ရှိသူက ဦးဆောင်ကာ အကြံပေးဌာနကို မုံးကိုး၌ အခြေစိုက်ခဲ့ရာ ၁၉၇၂ခုနှစ် ဇွန်လတွင် ထိုစစ်အကြံပေးအဖွဲ့သည် မိုင်းမောနယ်မြေအထိ ရောက်လာသည်။ ဇူလိုင်လတွင် စစ်အကြံပေးအဖွဲ့ကို ရုပ်သိမ်းခဲ့သော်လည်း စစ်လက်နက်ပစ္စည်း

---

၀ ရဲဘော်သစ်မောင် "ဗမာပြည်ကွန်မြူနစ်ပါတီ၏ သွေးစွန်းသောသမိုင်းကြောင်း" **ဆောင်းပါးပေါင်းချုပ်** အတွဲ(၂) မှက် ၁၄၆

အကူအညီများကိုမူ ၁၉၇၈ခုနှစ်အထိ ဆက်လက်ပံ့ပိုးပေးခဲ့သည်။[၁]

ဗကပအဝေးရောက်ဗဟိုသည် ၁၉၆၇ခုနှစ်တွင် အရှေ့မြောက်စစ်ဒေသဌာနချုပ်ကို ဖွင့်လှစ်၍ တစ်ဘက်နိုင်ငံ၌ ခိုလှုံနေသော တပ်ပြေးနော်ဆိုင်းနှင့် နော်ဆိုင်း၏ အဆက်အသွယ်များကို ရှာဖွေစုစည်းပြီး၊ ဗကပတပ်ရင်းကြီး(၃၀၃)ကိုဖွဲ့စည်းကာ ၁၉၆၈ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ မြောက်ဘက်အစပ်ရှိ မုံးကိုးစခန်းကို တိုက်ခိုက်သိမ်းပိုက်သည်။ ထိုစဉ်က တပ်မတော်သည် ပဲခူးရိုးမနှင့် မြစ်ဝကျွန်းပေါ်ဒေသရှိ သောင်းကျန်းသူများကို ဦးစားပေး နှိမ်နင်းလျက်ရှိ၍ အရှေ့မြောက်ဒေသတွင် တပ်စခန်းငယ်များကိုသာ ထားရှိခဲ့ပေသည်။ အရှေ့မြောက်ဒေသ ဗကပတို့သည် ၁၉၆၈ခုနှစ်အတွင်း ဖေါင်းဆိုင်၊ ပန်စုတိုင်၊ ဖော်ကျူး၊ ကြူကုတ် (ပန်ဆိုင်း)၊ ကောင်းလုံ၊ လုံထန်နှင့် နမ့်ပေါ်တံတားများကိုတိုက်ခိုက်၍ ရွှေလီချိုင့်ဝှမ်း၊ မိုးမိတ်ဒေသ ကို စိုးမိုးနိုင်ရန် ရှမ်းပြည်နယ်ဗဟိုခွဲနှင့် ဆက်စပ်ရန် အားထုတ်သည်။[၂] ဗကပတို့၏ ရွှေလီချိုင့်ဝှမ်း စိုးမိုးရေး အားထုတ်မှု မအောင်မြင်သော်လည်း ၁၉၆၉ခုနှစ်တွင် ဗကပတပ်ရင်းကြီး(၂၀၂)သည် မိုးကုတ်အရှေ့ခြမ်းရှိ ဗကပ အကြွင်းအကျန်များနှင့် ဆက်စပ်မိသည်။ သို့ရာတွင် ရှမ်းပြည်နယ် ဗဟိုခွဲမှ ခေါင်းဆောင်များကျဆုံး၍ ပြိုကွဲခဲ့သည်။[၃] အရှေ့မြောက်ဗကပများသည် မုံးကိုး၊ ဖေါင်းဆိုင် နယ်မြေများအပြင် မန်ကန်း၊ ရီခူး၊ ကပ္ပနားနယ်များသို့ပါ တိုးချဲ့လာသည်။ ပန်ဆန်းနှင့်မုံးပေါ်ကို သိမ်း၍ ဖန်ကျူး၊ လွယ်မွန်၊ မန်ဟိုင်း၊ ဆွတ်မွန်း၊ ကောင်ဝိုင်း၊ ဆမ်ဝမ်း၊ ပွိုင့် ၄၀၇၇နှင့် မိုင်းမောတို့ကိုတိုက်ခိုက်လျက် တိုက်ပွဲကြီးများ ဖြစ်ပွားကာ အင်အားနည်းမိမိတပ်စခန်းများ ခွါစစ်ဆင်ခဲ့ရသည်။ ၁၉၇၁ခုနှစ်တွင် ဗကပတို့ "ဝ"နယ်ကို သိမ်းသွင်းပြီး၊ တပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းသည်။ ရွှေလီချိုင့်ဝှမ်းကို ထိုးဖေါက်၍မရသဖြင့် သဲလွင်မြစ်အရှေ့ဘက်ကမ်း နယ်နိမိတ်မျဉ်းတစ်လျောက် ကိုးကန့်ကုန်းကြမ်းနယ်၊ "ဝ"လူမျိုးတို့၏ မိုင်းမောနယ်များကို အခြေခံနယ်မြေများတည်ဆောက်လျက် ခြေကုတ်ယူသည်။[၄] ၁၉၇၃ခုနှစ်တွင် ဗကပအရှေ့မြောက်ဒေသစစ်ဌာနချုပ်သည် မိုင်းမောမှ ပန်ဆန်းသို့ရွှေ့ပြောင်းပြီး၊ ၁၉၇၅ခုနှစ်တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သော မုံးကိုး၌စစ်ဒေသ ခွဲဖွင့်လှစ်၍ ရွှေလီချိုင့်ဝှမ်းကို စိုးမိုး နိုင်ရေး အားထုတ်လုံးပမ်းသည်။[၅]

အရှေ့မြောက်ဒေသ ဗကပတို့၏ အင်အားတိုးချဲ့နည်းတစ်ရပ်မှာ ဒေသခံသောင်းကျန်းသူ အဖွဲ့ငယ်များကို သိမ်းသွင်းဝါးမျိုသောနည်းဖြစ်သည်။ ရွှေလီဒေသ၌ တပ်မတော်၏ထိုးစစ်နှင့် ရှမ်းသောင်းကျန်းသူချင်း ပဋိပက္ခအကြား၌ညပ်မိနေသော ရှမ်းသောင်းကျန်းသူ ကံရွှဲအဖွဲ့ကို ဝါးမျိုး၍

---

၁ ဗမာပြည်ကွန်မြူနစ်ပါတီ၏ သွေးစွန်းနေသောသမိုင်းကြောင်း ၆၊ ဆောင်းပါးပေါင်းချုပ်အတွဲ ၂ မျက် ၁၄၈-၁၄၉

၂ "ဗမာပြည်ကွန်မြူနစ်ပါတီ၏ သွေးစွန်းသောသမိုင်းကြောင်း၊ ၅" မျက် ၁၃၈-၁၃၉

၃ "ဗမာပြည်ကွန်မြူနစ်ပါတီ၏ သွေးစွန်းသောသမိုင်းကြောင်း၊ ၅" မျက် ၁၄၀-၁၄၁

၄ "ဗမာပြည်ကွန်မြူနစ်ပါတီ၏ သွေးစွန်းသောသမိုင်းကြောင်း၊ ၅" မျက် ၁၄၁

၅ "ဗမာပြည်ကွန်မြူနစ်ပါတီ၏ သွေးစွန်းသောသမိုင်းကြောင်း၊ ၆" မျက် ၁၅၃

တပ်ရင်း(၁၀၇)အဖြစ် ဖွဲ့စည်းသည်။ ကေအိုင်အေသောင်းကျန်းသူများကို ကိုင်တွယ်ရန် တပ်ရင်းကြီး (၃၀၃)ကို တိုးချဲ့ဖွဲ့စည်းသည်။ ကေအိုင်အေသောင်းကျန်းသူများနှင့် ဗကပတို့မှာ ၁၉၇၁ ခုနှစ်တွင် သဘောတူညီချက်အချို့ ရခဲ့သော်လည်း ၁၉၇၂ခုနှစ် နှစ်ဦးပိုင်းမှာပင် ပြန်လည်တိုက်ခိုက်ကြပြီး၊ ကေအိုင်အေနှင့်ပတ်သက်၍ ကချင်လူမျိုး ဗကပနော်ဆိုင်းသည် မပြတ်သားဟုဆိုကာ ၁၉၇၂ခုနှစ်၊ မတ်လ(၈)ရက်နေ့တွင် ဖြူတ်-ထုတ်-သတ်ခြင်း ခံခဲ့ရသည်။[၁] ကေအိုင်အေအဖွဲ့အစည်း အတွင်း၌ လည်း ခေါင်းဆောင်များသည် ဂိုန်းဖောလူမျိုးကြီးဝါဒကျင့်သုံးသည်ဟု မရှု(ခေါ်) လောင်ဝေါ် ယောယင် (ခေါ်)လီဆူး၊ လရှီ (ခေါ်)လာချစ်ဝေါ်လူမျိုးစုများက မကျေမနပ်ဖြစ်ကာ ၁၉၆၈ခု၊ မတ်လ တွင် ကေအိုင်အေတပ်ရင်း(၄)မှ မရှုလူမျိုး ဇလွမ်း၊ လရှီလူမျိုး စခုံတိမ်ယိမ်းတို့ဦးဆောင်သော အင်အား ၁၂၀ခန့်ခွဲထွက်၍ တစ်ဘက်နိုင်ငံသို့ထွက်ခွါသည်။ ထိုအဖွဲ့ကို ဗကပတို့က သင်တန်းပေး လက်နက်တပ်ဆင်ကာ ၁၉၆၉ခုနှစ်၊ မေလတွင် တပ်ရင်း(၁၀၁)အဖြစ် ဖွဲ့စည်းသည်။ ထိုတပ်ရင်း သည် ၁၉၆၉ခုနှစ်တွင် မေခအရှေ့ခြမ်းမှ တြိဂံဒေသကို ထိုးဖောက်ရန် ကြိုးပမ်းသည်။[၂] ၁၉၇၃ ခုနှစ် တွင်လည်း ဗကပတပ်မဟာ (၅)၊ (၈) တို့သည် မိုင်းယမ်း၊ မိုင်းလား၊ မိုင်းယောင်းဒေသများကို ထိုးဖောက်၍ မိုင်းယမ်း-မိုင်းလွေဒေသ၌ လှုပ်ရှားလျက်ရှိသော အိုက်မြင့်၏ ရှမ်းပြည်နယ်လွတ် မြောက်ရေးတပ်မတော်[၃] ကို သိမ်းသွင်းပြီး၊ တပ်မဟာ(၇၆၈)ဖွဲ့သည်။ ၁၉၇၄ခုနှစ်တွင်လည်း ကော်ကာကွယ်ရေးအဖွဲ့များကို သိမ်းသွင်းကာ ဗကပစစ်ဒေသ(၈၁၅)ဖွဲ့သည်။ သိမ်းသွင်း၍ရသမျှ တောခို လွယ်မော်အင်အားစု၊ လွယ်လတပ်ရင်းများကိုလည်း မိုင်းမောင်၌ တပ်မဟာ(၁၂)ဖွဲ့စည်းပေးသည်။ ဤသို့ဖြင့် အရှေ့မြောက်ဒေသ ဗကပအင်အားမှာ ၁၉၆၈ခုနှစ်တွင် ၅၀၀ခန့်ရှိရာမှ ၁၉၆၉ခုနှစ်တွင် အင်အား ၂၁၀၀ ကျော်၊ ၁၉၇၀ပြည့်နှစ်တွင် အင်အား ၂၄၀၀ ကျော်၊ ၁၉၇၁ခုနှစ်တွင် အင်အား ၃၅၀၀ ကျော် စသည်ဖြင့် တိုးတက်များပြားလာသည်။[၄] ၁၉၇၅ခုနှစ်သို့ ရောက်ရှိချိန်တွင် အင်အား သောင်းကျော်အထိ တိုးတက်ခဲ့သည်။

၁၉၇၅ခုနှစ်၊ မတ်လ(၁၅)ရက်နေ့တွင် ဗကပဗဟိုကော်မတီဥက္ကဋ္ဌ သခင်ဇင်၊ အတွင်းရေးမှူး သခင်ချစ်တို့ ကျဆုံး၍ ပဲခူးရိုးမ၌ ဗကပသောင်းကျန်းမှုပြိုလဲသွားပြီး၊[၅] ထိုနှစ် မေလ(၁၆)ရက်မှ (၂၉) ရက်နေ့အထိ တစ်ဘက်နိုင်ငံတွင် ဗကပခေါင်းဆောင်များ အစည်းအဝေးပြုလုပ်ကာ ဗဟိုကော်မတီ နှင့် နိုင်ငံရေးဦးဆောင်အဖွဲ့ဥက္ကဋ္ဌ သခင်ဗသိန်းတင်၊ ပထမ ဒုတိယဥက္ကဋ္ဌ သခင်ဖေတင့်၊ ဒုတိယ

---

၁ "ဗမာပြည်ကွန်မြူနစ်ပါတီ၏ သွေးစွန်းသောသမိုင်းကြောင်း၊ ၅" မျက် ၁၄၀-၁၄၄

၂ (က) "ဗမာပြည်ကွန်မြူနစ်ပါတီ၏ သွေးစွန်းသောသမိုင်းကြောင်း၊ ၅" မျက် ၁၃၉

(ခ) ရဲဘော်သစ်မောင် "ကေအိုင်အေသောင်းကျန်းသူ (သို့မဟုတ်)ကချင်ပြည်နယ်အလှကို ဖျက်ဆီးနေကြသူများ ၂" ဆောင်းပါးပေါင်းချုပ်အတွဲ ၂ မျက် ၂၂၀

၃ SSIA

၄ "ဗမာပြည်ကွန်မြူနစ်ပါတီ၏ သွေးစွန်းသောသမိုင်းကြောင်း ၅" မျက် ၁၄၀-၁၄၄

၅ ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း ဖြတ်သန်းလာသော မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ၊ တတိယတွဲ မျက် ၁၅၅

ဒုတိယ ဥက္ကဋ္ဌခင်မောင်ကြီးတို့ပါဝင်သော ကော်မတီဝင်(၁၈)ဦးပါ ဗဟိုကော်မတီ၊ နိုင်ငံရေးဦးဆောင်အဖွဲ့နှင့် အရဲဗဟိုကော်မတီတို့ကို ဖွဲ့စည်းသည်။ တစ်နည်းဆိုရလျှင် အဝေးရောက်ဗဟိုနှင့် အရှေ့မြောက်ဒေသ ဗကပသည် ဗဟိုဖြစ်လာပေသည်။[၁] ထိုနှစ် အောက်တိုဘာလတွင် ဗကပတို့သည် ၇၅၀၀ စီမံကိန်း (၁၉၇၅ခုနှစ် အောက်တိုဘာလ)စီမံကိန်းတွင် သံလွင်မြစ်အနောက်ခြမ်းကို စိုးမိုးရေး၊ ရှမ်းပြည်နှင့် ကယားပြည်နယ်စပ်၌ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ကယမ်းပြည်သစ်ပါတီတို့ကို ဝါးမျိုခြေကုတ် ယူကာ ပဲခူးရိုးမသို့ ပြန်လည်ထိုးဖောက်ရေးလုပ်ငန်းရပ်များ ချမှတ်ထားခဲ့သည်။[၂]

ကေအိုင်အေလှုပ်ရှားမှု

၁၉၆၁ခုနှစ်မှစတင်၍ခေါင်းထောင်လာခဲ့သော ကေအိုင်အေသောင်းကျန်းသူများသည်လည်း မြောက်ပိုင်းတိုင်း၊ အရှေ့မြောက်တိုင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေများတွင် ဆူပူလှုပ်ရှားလျက်ရှိသည်။ နော်ဆိုင်းမှတစ်ဆင့် ကေအင်ဒီအိုသောင်းကျန်းသူများနှင့် ဆက်သွယ်ခဲ့သော လာရှိုးမြို့မှအထက်တန်းကျောင်းသားဇော်ဆိုင်းသည် ကေအင်ဒီအိုတို့ညွှန်ကြားမှုဖြင့် ၁၉၅၉ခုနှစ်ကပင် ရှမ်းပြည်မြောက်ပိုင်း၊ ဟိုကုန်တိုက်နယ်၊ နန့်အန်ရွာတွင် အခြေစိုက်ကာ မြေအောက်လှုပ်ရှားမှုများလုပ်ဆောင်ပြီး၊ ၁၉၆၀ပြည့်နှစ်တွင် ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို)[၃]၊ ၁၉၆၁ခုနှစ်တွင် ကေအိုင်အေ[၄] နှင့် ကေအိုင်စီ[၅]တို့ကို ဖွဲ့စည်းခဲ့သည်။ ၁၉၆၂ခုနှစ်တွင် လက်နက်ကိုင်လှုပ်ရှားမှုများကို အထင်အရှားလုပ်ဆောင်လာသည်။ ၁၉၆၃ခုနှစ်၊ နှစ်ဦးတွင် အင်အား ၁၀၀၀ ကျော်ဖြင့် တပ်မဟာ(၁) နှင့် တပ်ရင်း (၆)ရင်းဖွဲ့စည်းနိုင်လာသည်။[၆] သို့ရာတွင် ၁၉၆၄ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ တပ်မတော်၏ ဂန့်ဂေါ်၊ အောင်မြေ၊ ကောင်ရာဘွန်၊ ခရမ်စစ်ဆင်ရေးများကြောင့်၁၉၆၅ခုနှစ်တွင် ကေအိုင်အေသောင်းကျန်းမှုမှာအမြစ်ပြတ်လုနီးပါးအခြေသို့ရောက်ခဲ့သည်။ သို့ဖြစ်၍ ကေအိုင်စီနှင့်ကေအိုင်အိုဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကေအိုင်အေစစ်ဦးစီးချုပ်အဖြစ်လည်းကောင်း တာဝန်ယူထားသော ဇော်ဆိုင်းသည်ထိုင်းနိုင်ငံ သို့ထွက်ခွါလျက်နယ်စပ်ရှိ ထန်ဝိုးစခန်းတွင်အခြေချကာ ပြည်ပအကူအညီရှာခြင်း၊ ကျောက်စိမ်းနှင့်ဘိန်းများ ရောင်းဝယ်ခြင်းတို့ပြုလုပ်သည်။ ကေအိုင်အေများသည် အရှေ့တောင်အာရှ

---

၀ (က) ၁၉၄၈ခုနှစ်မှ၁၉၈၈ခုနှစ်အတွင်းဖြတ်သန်းလာသော မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ၊ တတိယတွဲ မျက် ၁၅၆-၁၅၇
(ခ) ဗမာပြည်ကွန်မြူနစ်ပါတီ၏ သွေးစွန်းသောသမိုင်းကြောင်း ၅" မျက် ၁၄၅-၁၄၆

၂ ဗမာပြည်ကွန်မြူနစ်ပါတီ၏ သွေးစွန်းသောသမိုင်းကြောင်း ၅" မျက် ၁၄၆

၃ K.I.O - Kachin Independence Organization

၄ K.I.A - Kachin Independence Army

၅ K.I.C - Kachin Independence Council

၆ "ကချင်သောင်းကျန်းသူ (သို့မဟုတ်) ကချင်ပြည်နယ်၏အလှကို ဖျက်ဆီးနေကြသူများ ၁"
မျက် ၂၀၃-၂၁၁

စစ်စာချုပ်အဖွဲ့ ဆီတိုး[၁]၊ အိန္ဒိယနိုင်ငံတို့မှ အကူအညီရရေး ကြိုးပမ်းသည်။ ၁၉၆၇ ခုနှစ်၊ ဇွန်လတွင် မြန်မာနိုင်ငံ၌ တရုတ်ကျောင်းသားများအရေးအခင်းဖြစ်ပွားပြီး၊ တစ်ဘက်နိုင်ငံနှင့် ဆက်ဆံရေးအဆင်မပြေဖြစ်လာ ချိန်တွင် ကေအိုင်အေများက အခွင့်ကောင်းယူကာ ဗမာလူမျိုးကြီးဝါဒဆန့်ကျင်ရေးကြွေးကြော်သံဖြင့်တစ်ဘက်နိုင်ငံဘက်မှရပ်တည်လျက် ၁၉၆၇ခုနှစ်၊ ဇူလိုင်လ၊အောက်တိုဘာလများတွင် တစ်ဘက်နိုင်ငံ သို့သွားရောက်ပြီး၊ လက်နက်ပစ္စည်းအကူအညီများယူခဲ့သည်။ မြန်မာနိုင်ငံတွင်း၌ ဇော်ဆိုင်း၏ညီ ဇော်တူးက မော်စီတုံးဝါဒအတွေးအခေါ်များကိုင်စွဲလျက်ရှိစဉ် ဇော်ဆိုင်းကမူထန်ဝိုးစခန်း၌ ဆက်လက်နေထိုင်၍ အနောက်အုပ်စုထံမှ အကူအညီရရေးကို ဆက်လက်ကြိုးပမ်းသည်။

၁၉၆၈ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ဗကပအရှေ့မြောက်စစ်ဒေသမှ တပ်များက ရှမ်းပြည်နယ်မြောက်ပိုင်းကိုထိုးဖောက်လာချိန်တွင်ကွတ်ခိုင်ဒေသရှိ ကေအိုင်အေများသည် တပ်မတော်နှင့် လာရောက်ဆက်သွယ်၍ ဗကပများကိုသာ ရန်သူအဖြစ်သတ်မှတ် တိုက်ခိုက်မည်ဖြစ်ကြောင်း ကတိပြုခဲ့သော်လည်း ၁၉၆၉ခုနှစ်၊ ဖေဖော်ဝါရီလတွင်မူ ဇော်ဆိုင်း၊ ဇော်တူးတို့၏ညီ ဇော်ဒန်အဖွဲ့က တပ်မတော်စစ်ကြောင်းတစ်ခုကို တိုက်ခိုက်သည်။ သို့ဖြင့် ကေအိုင်အေများသည် ဗကပများနှင့် နားလည်မှုရခဲ့ပြီး၊ ၁၉၇၁ခုနှစ်၊ နိုဝင်ဘာလတွင် နှစ်ဖက်ခေါင်းဆောင်များ မုံပေါ်တွင် ဆွေးနွေးခဲ့ကြသည်။ သို့ရာတွင်လူမျိုးရေးစိတ်ဓါတ်ပြင်းထန်နေသူ ကေအိုင်အေနှင့် ဗကပတို့၏ မဟာမိတ်အဖြစ်မှာ ကြာရှည်တည်တန့်ခြင်းမရှိဘဲ ၁၉၇၂ခုနှစ် နှစ်ဦးတွင် တိုက်ပွဲများဖြစ်ပွားပြန်သည်။ ဤတွင် ကေအိုင်အေတို့သည် ၁၉၇၂ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့မှစ၍ တပ်မတော်နှင့် အပစ်အခတ်ရပ်စဲကာ စေ့စပ်ဆွေးနွေးလာကြသော်လည်းကေအိုင်အေတို့၏မရိုးသားမှုများကြောင့် ယင်းနှစ်အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ဆွေးနွေးပွဲရပ်ဆိုင်းလိုက်ရသည်။ ကေအိုင်အေတို့သည် ဆွေးနွေးပွဲကာလအတွင်း အမြတ်ထုတ်ရယူခဲ့သောလူငွေကြေးအင်အားများဖြင့် ၁၉၇၂ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် တပ်မဟာ(၂)ခုကို တိုးချဲ့ဖွဲ့စည်းသည်။

ဇော်ဆိုင်းသည် ဥက္ကဋ္ဌနှင့် စစ်ဦးစီးချုပ်ရာထူးတွင် ဗိုလ်ချုပ်အဆင့်ဖြင့်ရှိနေသော်လည်း ထိုင်းနိုင်ငံ ထန်ဝိုးစခန်းတွင် ဆက်လက်နေထိုင်လျက်ရှိ၍ ကေအိုင်အေအဖွဲ့အစည်းဖြင့် အဆက်ပြတ်သကဲ့သို့ရှိနေပြီး၊ ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယစစ်ဦးစီးချုပ် ဗိုလ်မှူးချုပ်ဇော်တူးကသာ လက်တွေ့ကွပ်ကဲအုပ်ချုပ်လျက်ရှိပေသည်။ ၁၉၇၄ခုနှစ်တွင်မူ ဇော်တူးသည်လည်း ထန်ဝိုးစခန်းသို့ရောက်ရှိသွားသည်။ ဇော်ဆိုင်း၊ ဇော်တူးတို့သည် ဗကပများနှင့်အစေးမကပ်သကဲ့သို့ပင် တပ်မတော်နှင့်စေ့စပ်ဆွေးနွေးခြင်းမှာလည်း မအောင်မြင်ခဲ့၍ အနောက်အုပ်စုကို အားကိုးရန်သာစိတ်သန်လျက်ရှိသည်။ ထိုအချိန်တွင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကေအိုင်အေနယ်မြေများအား ဗကပတို့က ဝင်ရောက်ထိုးဖောက်လျက်ရှိနေပြီဖြစ်သည်။[၂] ၁၉၇၅ခုနှစ် ဖေဖော်ဝါရီလ(၂၈)ရက်နေ့တွင် ဗကပအင်အား(၂၀၀)ခန့်သည်

---

၁ SEATO - Southeast Asia Treaty Organization

၂ "ကေအိုင်အေသောင်းကျန်းသူ သို့မဟုတ် ကချင်ပြည်နယ်၏ အလှကို ဖျက်ဆီးနေကြသူများ ၂" မျက် ၂၁၇-၂၂၄

ကွတ်ခိုင်နယ်မြေ နမ့်ဟိုင်းသို့ ရောက်ရှိအခြေချလျက်ရှိရာ ကေအိုင်အေတပ်မဟာ(၄)တပ်မှူး ဇော်ဒန်အမွဲ့.ကဝင်ရောက်တိုက်ခိုက်၍ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားပြီး ကေအိုင်အေမှဇော်ဒန် အပါအဝင် ၅ ဦးကျဆုံးကာ ဗကပတို့လည်း မြောက်ဘက်သို့ ပြန်တက်သွားခဲ့သည်။[၃] ဤသို့ ဇော်ဒန် ကျဆုံးခြင်းမဖြစ်မီ တစ်လအလိုခန့်တွင်ကေအိုင်အေအတွင်းရေးမှူးဖြစ်သောဆလန်ကဘာပုံရွှေဇော်ဆိုင်းသည် ထိုင်းနိုင်ငံထန်ဝိုးစခန်းသို့.ထွက်ခွာသည်။ ဤသို့ဖြင့် ကေအိုင်အေထိပ်တန်း ခေါင်းဆောင် သုံးဦးသည် ပြည်ပသို့ရောက်ရှိနေပြီးကျောက်စိမ်း၊ ဘိန်းရောင်းရငွေများဖြင့်စည်းစိမ်ယစ်မူးလျက်ရှိခြင်းကို ကေအိုင်အေအဖွဲ့.မှလက်အောက်ငယ်သားများကကျေနပ်ခြင်းမရှိခဲ့။ ကျောက်စိမ်းနှင့်ဘိန်းရောင်းရငွေ သိန်း၁၀၀ကျော်မှာလည်း စာရင်းပျောက်သွားသည်။ ထို့ပြင်ဇော်တူးသည် မိန်းမမယူရဟုအမိန့်ထုတ်ပြန်ခဲ့သော်လည်း သူကိုယ်တိုင်ကမူ မိန်းမနှစ်ယောက်ယူခြင်း၊ ပုံရွှေဇော်ဆိုင်းကလည်း မိန်းမမှုရှုတ်ထွေးခြင်းများလည်း ရှိနေ၍ ၁၉၇၅ခုနှစ်၊ ဩဂုတ်လ(၁၀)ရက်နေ့တွင် ထန်ဝိုးစခန်း၌ဇော်ဆိုင်း၊ ဇော်တူးနှင့် ပုံရွှေဇော်ဆိုင်းတို့.ကို ကေအိုင်အေဗိုလ် ဆိုင်းတူက လုပ်ကြံသတ်ဖြတ်ခဲ့လေသည်။[၄]

၁၉၇၅ခုနှစ်အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏ စစ်ဆင်ရေး

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌ တပ်မှူး စခုန်တိမ်ယိမ်းနှင့် စစ်ဆင်ရေးမှူး ထွန်းမောင်တို့ဦးစီးသော ဗကပတပ်ရင်း(၁၀၁)သည် အင်အား(၆၀၀)ဖြင့် ချီဖွေ၊ ဆော့လော်တောင်ကြိုဂံနယ်တွင် လှုပ်ရှားလျက်ရှိသည်။ တပ်ရင်းဌာနချုပ်ကို ချီဖွေမြို့.နယ်နယ်စပ်အနီး စင်ခေါင်တွင် အခြေပြုထားရာ တပ်ရင်းဌာနချုပ်နယ်မြေတွင် တပ်ခွဲ(၁)ရှိ၍ တပ်ရင်းမှူး စခုန်တိမ်ယိမ်းဦးစီးသော တပ်ခွဲ(၅)ခွဲသည် ကန်ဘိုကိတီး၊ ဝေါခြုံဒေသ၌ ဖြန့်ခွဲထားရှိသည်။ စစ်ဆင်ရေးမှူး ထွန်းမောင်သည် တစ်ဖက်နိုင်ငံ တာဟိုဝမ်မှ ၁၉၇၅ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ပြန်လည်ရောက်ရှိလာသည်။ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ဗကပတို့သည် တပ်မတော် ဘွန်ဆင်ခံစစ်စခန်းနှင့် ပွိုင့် ၇၃၀၂ စခန်းများအား ၇၅မမ၊ ၈၂မမတို့ဖြင့် လာရောက်ပစ်ခတ်ခြင်း၊ ယင်းလ ၂၉ ရက်နေ့တွင် ဝါရှောင်ဆည်သို့ လာရောက်ဖျက်ဆီးခြင်း၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဆိုင်လော်နှင့်ဆဲဒုံးအကြား နမ္မလီခချောင်းကူးတံတားကို မိုင်းခွဲဖျက်ဆီးခြင်းများပြုလုပ်သည်။[၅] ယင်းနှစ် အေပြိုလကုန်ပိုင်းတွင် စစ်ဆင်ရေးမှူး

---

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၊ တိုင်းစစ်ဌာနချုပ်နှင့် ခြေမြန်တပ်မဌာနချုပ်များ ၁-၁-၇၅ မှ ၃၀-၄-၇၅ အတွင်း စစ်ဆင်ရေးသုံးသပ်ချက် မျက် ၃၀

၄ "ကေအိုင်အေသောင်းကျန်းသူ(သို့မဟုတ်)ကချင်ပြည်နယ်၏အလှကိုဖျက်ဆီးနေကြသူများ ၂" မျက် ၂၂၅

၅ (က) ကက(ကြည်း)စစ်ဆင်ရေးဌာန၏ ၁၉၇၂ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အထိ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

(ခ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ တိုင်းစစ်ဌာနချုပ်နှင့် ခြေမြန်တပ်မဌာနချုပ်များ ၁-၁-၇၅မှ ၃၀-၄-၇၅အထိ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁

ထွန်းမောင်သည် အစာအိမ်ရောဂါကုရန် တစ်ဖက်နိုင်ငံသို့ ထွက်ခွါသွားပြီး၊ မေလ ၁၈ ရက်နေ့တွင် စခုန်တိမ်ယိမ်းသည် သင်တန်းတက်ရောက်ရန် တစ်ဖက်နိုင်ငံသို့ ထွက်ခွါခဲ့သည်။ တစ်ဖက်နိုင်ငံ တာဟိုဝမ်မှ လားအကောင်ရေ ၂၀ ဖြင့် ကန်ဘိုက်တီးသို့ ရိက္ခာများပေးပို့ပြီး၊ ဆမားအရှေ့ဘက် ၁၀ မိုင်အကွာ တစ်ဖက်နိုင်ငံအတွင်းရှိ ဆမားယန်ရွာ၌ ဂိုဒေါင်ကြီး(၈)လုံးပါ စခန်းတည်ဆောက်၍ လက်နက်ခဲယမ်း ရိက္ခာများသိုလှောင်ကာ တစ်ဖက်နိုင်ငံမှ တပ်သား(၁၀၀)ကျော် စောင့်ရှောက်ထား သည်။ ဗကပတို့သည် မိုးရာသီဖြစ်၍ စစ်ရေးလှုပ်ရှားမှုများစွာ မပြုလုပ်နိုင်ဘဲ ပြောက်ကျားအဖွဲ့ငယ် များဖြင့်သာ တပ်မတော်နှင့်ပြည်သူ့စစ် စစ်ကြောင်းငယ်များကိုတိုက်ခိုက်ပြီး၊ ရိက္ခာစုဆောင်းခြင်း၊ လူသစ်များစုဆောင်းလေ့ကျင့်ပေးခြင်းများကိုသာအဓိကလုပ်ဆောင်သည်။[၁] အပြီလနှင့်မေလအတွင်း တွင် နယ်စပ်ဒေသတိုင်းရင်းသား အရွယ်ရှိသူယောကျ်ား၊ မိန်းမအားလုံး ပြည်သူ့စစ်သင်တန်းပေးပြီး ဖြစ်သည်။ တစ်ဖက်နိုင်ငံ၊ မွန်ဒမ်းမြို့တွင်လည်း ယခင်နှစ်ကထက် ရိက္ခာပိုမိုစုဆောင်းသည်။[၂]

ဇော်ဆိုင်း၊ ဇော်တူးနှင့် ပုံရွှေဇော်ဆိုင်းတို့ ပြည်ပသို့ရောက်နေချိန်တွင် ကေအိုင်အိုနှင့် ကေအိုင်အေအဖွဲ့အစည်းများအား နိုင်ငံရေးအရ မရန်ဘရန်ဆိုင်း၊ လမာလရိန်းနှင့် ဇောင်ဟရား တို့က ဦးဆောင်နေပြီး၊ စစ်ရေးအပိုင်းတွင်ခေတ္တာစစ်ဦးစီးချုပ်အဖြစ်ဇော်မိုင်က တာဝန်ယူလျက်ရှိသည်။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအိုင်အေစစ်ဦးစီးဌာနချုပ်[၃]၊ ရှေ့တန်းစစ်ဦးစီးဌာနချုပ်[၄]၊ တပ်မဟာ(၁)၊ တပ်မဟာ(၂)နှင့် တပ်မဟာ(၃)တို့သည် စုပေါင်းအင်အား(၆၀၀)ခန့်ဖြင့် ရှိနေကြသည်။ စစ်ဦးစီးဌာနချုပ်တွင် ဒုတိယဗိုလ်မှူးကြီး လမုန်တူးကျိုင်ကဦးစီးလျက် တြိဂံနယ်မြေအတွင်း လမ်းပန်း ဆက်သွယ်မှုခက်ခဲ၍ တောတောင်လျှိုမြောင်ထူထပ်သည့် လကန်အင်ဘောက်တူဒ္ဒအင်အား(၅၀)ဖြင့် ရှိနေသည်။ တပ်မဟာ(၁)ဌာနချုပ်သည် ကြိဂံနယ်မြေနှင်ရော်ကောင်းတွင် အခြေချလျက်ရှိပြီး၊ ၁၉၇၅ ခုနှစ်၊ မတ်လအထိ တပ်မဟာဗိုလ်မှူးကမ်တွဲက ခေတ္တာတပ်မဟာမှူး တာဝန်ယူထားပြီးနောက်ပိုင်းတွင် လမုန်တူးကျိုင်က ပြောင်းလဲတာဝန်ယူသည်။ တပ်မဟာ(၁)လက်အောက်ခံတပ်ရင်း(၄)၊ တပ်ရင်း(၇)နှင့် တပ်ရင်း(၁၀)တို့သည် မြစ်ကြီးနား၊ ပူတာအို၊ ဆွမ်ပရာဘွမ်နှင့် အင်ဂျင်းယန်ဒေသများ၌ ဖြန့်ခွဲလှုပ်ရှား လျက်ရှိသည်။ ဗကပတို့၏ဗဟိုခွဲသဘောမျိုးဖြစ်သည့် ရှေ့တန်းစစ်ဦးစီးဌာနချုပ်သည် မကျိဘွန်နယ်မြေ တနိုင်းယန်၌ထားရှိ၍မကျိဇော်အိမ်ကဦးစီးလျက်ရှိသည်။ ရှေ့တန်းစစ်ဦးစီးဌာနချုပ်သည် တပ်မဟာ(၂) ကိုကွပ်ကဲလျက်ရှိရာတပ်မဟာ(၂)သည်ကျောက်စိမ်းနယ်မြေဖြစ်သောကာမိုင်းမြို့နယ်၊ တင်ကောက်ဘွန် ၌အခြေပြု၍ကျောက်စိမ်းများကိုတပ်မဟာ(၃)သို့ပေးပို့သည်။ တပ်မဟာဌာနချုပ်တွင်တပ်မဟာဗိုလ်မှူး

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၅မှ ၃၁-၈-၇၅အတွင်း တိုင်းစစ်ဌာနချုပ်နှင့် ခြေမြန်တပ်မ ဌာနချုပ်များ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၊ ၂

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၇၅မှ ၃၁-၁၂-၇၅အတွင်း တိုင်းစစ်ဌာနချုပ်များနှင့် ခြေမြန်တပ်မ ဌာနချုပ်များ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၄

၃ GHQ

၄ FGHQ

ကဒေါ်ဇော်ဆိုင်းက ဦးစီးလျက်ရှိ၍လက်အောက်ခံတပ်ရင်း(၅)၊ တပ်ရင်း(၆)နှင့် တပ်ရင်း(၁၁)တို့သည် မိုးညှင်း၊ မိုးကောင်းနယ်များ၌ဖြန့်ခွဲလှုပ်ရှားလျက်ရှိသည်။ တပ်မဟာ(၂)မှပေးပို့သော ကျောက်စိမ်းများကို ပြည်ပသို့ဆက်လက်ပို့ဆောင်ပေးရသော တပ်မဟာ(၃)သည် နယ်စပ်နှင့်အနီးဆုံးဖြစ်၍ လိုင်ဇာနယ်မြေ၊ ကဒေါ်ကုန်း၌ အခြေပြုကာ ၁၉၇၅ခုနှစ်၊ အေပြီလအထိ ဇော်မိုင်က တပ်မဟာမှူးတာဝန်ယူလျက် ဇော်မိုင်တပ်မဟာ(၄)သို့ ပြောင်းရွှေ့ရသောအခါ ကန်တွဲက တပ်မဟာ(၃)တပ်မှူး တာဝန်ယူရသည်။ လက်အောက်ခံတပ်ရင်း(၁)နှင့်(၃)တို့သည် မြစ်ကြီးနား၊ ဗန်းမော်၊ ဝိုင်းမော်ဒေသများ၌ ဖြန့်ခွဲလှုပ်ရှားလျက်ရှိသည်။[၁]

၁၉၇၅ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် ကေအိုင်အေစစ်ဦးစီးဌာနချုပ်၊ တပ်မဟာ(၁) လက်အောက်ခံတပ်ရင်း(၄)နှင့် တပ်ရင်း(၇)တို့မှစုပေါင်းအင်အား ၃၀၀ ခန့်သည် တပ်မတော်ခင်ဒေါင်စခန်းကိုတိုက်ခိုက်ရာ မအောင်မြင်၍ ဇူလိုင်လ ၂၀ ရက်နေ့တွင် ဆုတ်ခွါသွားသည်။ ထိုလ ၁၄ ရက်နေ့တွင်ပင် ကေအိုင်အေတပ်ရင်း(၇)မှ တပ်ရင်းမှူး ထန်လှိုင်ဦးစီးသော အင်အား ၇၀ ခန့်သည် အမှတ်(၄၆)ခြေလျင်တပ်ရင်းမှ တပ်စိပ်(၂)စိပ်တပ်စွဲထားသော ဖော်ဝမ်ဒဏ်ခုစခန်းကိုတိုက်ခိုက်ပြီး၊ ထိုနေ့တွင်ပင် ပြန်လည်ဆုတ်ခွါသွားသည်။ ကေအိုင်အေတို့သည် တပ်မတော်စစ်ကြောင်းများကို ခြိုခိုတိုက်ခိုက်ခြင်းများလည်း ပြုလုပ်ကြသည်။[၂] ဇော်ဆိုင်းတို့ ထန်ဝိုးစခန်းတွင် လုပ်ကြံခံရပြီးနောက် ဩဂုတ်လ ၁၈ ရက်နေ့တွင် တပ်မဟာ (၄)တပ်မှူး ဇော်မိုင်ကို ဗိုလ်ချုပ်အဆင့်ဖြင့် စစ်ဦးစီးချုပ်၊ တပ်မဟာ(၁)မှူး၊လမုန်တူးဂျိုင်ကိုဗိုလ်မှူးချုပ်အဆင့်ဖြင့် ဒုတိယစစ်ဦးစီးချုပ်ခန့်သော်လည်းအချင်းချင်းညှိနှိုင်းဆွေးနွေးပြီး၊ ဗဟိုကော်မတီအစည်းအဝေးမပြုလုပ်မီ ယင်းရာထူးများကို လက်ခံခြင်းမပြုဘဲ၊ လက်ရှိရာထူးအဆင့်ဖြင့်ပင် လိုအပ်သောတာဝန်များကို ဆောင်ရွက်ရန်စီစဉ်သည်။[၃] ထိုအချိန်တွင် ကေအိုင်အိုဥက္ကဋ္ဌအဖြစ် မရန်ဘရန်ဆိုင်း၊ အထွေထွေအတွင်းရေးမှူးအဖြစ် ဇောင်းဟရားတို့က ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။[၄] ဗကပတို့သည်အနောက်အုပ်စုလိုလားသူကေအိုင်အေခေါင်းဆောင်များ သတ်ဖြတ်ခံရခြင်းကို အခွင့်ကောင်းယူကာ ၂၁-၈-၇၅နေ့တွင် ညီညွတ်ရေးတပ်ဦးဖွဲ့စည်းရေး

---

၁ (က) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၅မှ ၃၀-၄-၇၅အတွင်း တိုင်းစစ်ဌာနချုပ်နှင့် ခြေမြန်တပ်မ ဌာနချုပ်များ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၄-၁၂
(ခ) မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း
(ဂ) "ကေအိုင်အေသောင်းကျန်းသူ သို့မဟုတ် ကချင်ပြည်နယ်၏အလှကို ဖျက်ဆီးနေကြသူများ ၃" အတွဲ ၂ မျက် ၂၂၉

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၇၅မှ ၃၁-၈-၇၅နေ့အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၄-၆

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၇၅မှ ၃၁-၈-၇၅နေ့အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၅

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၇၅မှ ၃၁-၈-၇၅နေ့အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၄

ကမ်းလှမ်းရာ ဘရန်ဆိုင်း၊ ဇော်မိုင်၊ လမုန်တူးကျိုင်၊ ကန်တွဲနှင့် လမာလရိန်းတို့ ဆွေးနွေးညှိနှိုင်းလျက် ကမ်းလှမ်းချက်ကို မူအားဖြင့်လက်ခံကြောင်း၊ သို့သော် ကေအိုင်အေဗဟိုကော်မတီဝင်အားလုံး စုစည်း ဆွေးနွေးပြီးမှ သဘောထားပြန်ကြားမည်ဟု အကြောင်းပြန်သည်။[၁] ထိုင်းနိုင်ငံ၊ ထန်ဝိုးရှိနိုင်ငံခြား ဆက်သွယ်ရေးစခန်း[၂] တွင် ဇော်ဆိုင်းတို့ကို သတ်ဖြတ်ပြီး၊ စခန်းမှူး တာဝန်ယူလျက်ရှိသော ဗိုလ်မရန်ဆိုင်းတူကို ဇော်မိုင်က စခန်းကော်မတီအတွင်းရေးမှူးအဖြစ် အသိအမှတ်ပြုထားသော် လည်း ၂၉-၉-၇၅ရက် နေ့တွင် ထိုင်းနိုင်ငံရဲအဖွဲ့မှ ဖမ်းဆီးခဲ့၍ ယင်းစခန်းကို ဇော်မိုင်ကစစ်ဆေးပြီး ကေအိုင်အေတပ်ရင်း(၈) တပ်ရင်းမှူး ခွန်ချိုကို ထိုင်းနိုင်ငံသို့စေလွှတ်သည်။ ခွန်ချိုသည် ၁၂-၁၁-၇၅ ရက်နေ့တွင်ထန်ဝိုးစခန်းသို့ရောက်ရှိပြီး၊စခန်းမှူးတာဝန်ယူသည်။[၃] မဂ္ဂိဘွမ်နယ်တွင် ဖွင့်လှစ်ထားသော ရှေ့တန်းစစ်ဦးစီး ဌာနချုပ်ကို ၁၉၇၅ခုနှစ်၊ စက်တင်ဘာလတွင် ဖျက်သိမ်းခဲ့သည်။[၄]

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် အိန္ဒိယနိုင်ငံမှ မိဆိုနာဂသောင်းကျန်းသူတို့ ဖြတ်သန်းသွားခြင်းလည်း ရှိနေသည်။ ထိုဖြတ်သန်းသွားလာမှုသည် ကေအိုင်အေသောင်းကျန်းသူများ နှင့်လည်း ဆက်စပ်ပတ်သက်လျက်ရှိသည်။ အိန္ဒိယနိုင်ငံမှ မိဆိုနာဂ မူဇါနှင့် ဗီနူးတို့ဦးဆောင်လျက် အမျိုးသမီး(၁၀)ဦးအပါအဝင် အင်အား(၁၂၉)ယောက်သည် ၁၉၇၄ခုနှစ်၊ နိုဝင်ဘာလအတွင်း အိန္ဒိယ နိုင်ငံမှ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း ဝင်ရောက်ကာ လဟယ်မြို့နယ်မြောက်ခြမ်းမှ ဖြတ်သန်း၍ ၂၃-၁၁-၇၄ ရက်နေ့တွင် လချမ်းခအနီးမှ တနိုင်းချောင်းအရှေ့ဖက်ကမ်းသို့ ပြန်ကူးသည်။ ၁၇-၁-၇၅ ရက်နေ့တွင် ကာမိုင်းမြို့နယ်၊ မဂ္ဂိဘွမ်ဒေသရှိ ကေအိုင်အေတပ်မဟာ(၂) ဌာနချုပ်သို့ ရောက်ရှိသည်။ ထိုအဖွဲ့သည် တစ်ဖက်နိုင်ငံသို့ သင်တန်းတက်ရန်သွားရောက်မည်ဖြစ်၍ တပ်မဟာ(၂)ဌာနချုပ်၌ ကေအိုင်အေတို့နှင့် ဆွေးနွေးညှိနှိုင်းရာ မိဆိုနာဂများ တစ်ဖက်နိုင်ငံမှ သင်တန်းတက်ရောက်ပြီး၊ ပြန်လာက ပါရှိလာသောလက်နက်ခဲယမ်း၏ ထက်ဝက်ကို ကေအိုင်အေ တို့ကတောင်းဆိုပြီး၊ မိဆိုတို့ကသုံးပုံတစ်ပုံပေးမည်ဟုပြန်ကြားသည်။၁၃-၂-၇၅ရက်နေ့တွင် ကေအိုင်အေအစောင့်အရှောက် အင်အား ၅၀ဖြင့် မိဆိုနာဂများ တပ်မဟာ(၂)မှထွက်ခွါပြီး၊ ၂၃ ရက်နေ့တွင် ဆွမ်ပရာဘွမ်တောင်ဖက် ခတ်ခရားယန်နယ်မြေကားလမ်းကိုဖြတ်ကာ တြိဂံနယ်မြေရှိ ကေအိုင်အေစစ်ဦးစီးဌာနချုပ်သို့ ဦးတည် သွားကြသည်။ ထိုမှတစ်ဆင့် ပါကျိုဒေသသို့ ၁၄-၃-၇၅ ရက်နေ့တွင်ရောက်ရှိပြီး၊ တစ်ဖက်နိုင်ငံအတွင်း ဝင်ရေး ဆက်သွယ်လျက်ရှိသည်။ ၁-၁-၇၅ ရက်နေ့က ယင်းအဖွဲ့ဝင်(၅၀)ခန့် တနိုင်းချောင်းကို ဖြတ်ကူးစဉ် ကင်းပုန်းဝပ်လျက်ရှိသည့် အမှတ်(၅၂)ခြေလျင်တပ်ရင်းမှ တပ်စိတ်တစ်စိတ်နှင့် တွေ့ဆုံ

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၉-၇၅မှ ၃၁-၁၂-၇၅နေ့အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ မျက် ၆

၂ OKFA

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၉-၇၅မှ ၃၁-၁၂-၇၅နေ့အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ မျက် ၆-၇

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၉-၇၅မှ ၃၁-၁၂-၇၅နေ့အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ မျက် ၅

တိုက်ပွဲဖြစ်ပြီး မိဆို ၃ ဦးကျဆုံးသည်။[၁] ထိုအဖွဲ့သည် ၃၀-၄-၇၅ ရက်နေ့တွင် တစ်ဖက်နိုင်ငံသို့ ထွက်ခွါသွားကြသည်။ တစ်ဖန် မိဆိုနာဂ ဒုတိယအသုတ်အဖြစ် အိုက်ဆပ်ဆူးအဖွဲ့ရောက်ရှိလာပြီး၊ ၂၆-၅-၇၅ရက်နေ့တွင် လတန်းဘွန်းငါးနှင့် လဒင်းငါးဦးဆောင်သော မိဆိုနာဂအင်အား(၁၀၀)ခန့် ရောက်ရှိလာပြန်သည်။[၂] ၁၉၇၅ခုနှစ်၊ နိုဝင်ဘာလတွင်မိဆိုနာဂများ တစ်ဖက်နိုင်ငံမှပြန်လည်ရောက်ရှိလာကြသည်။[၃] ခပ်ပလန်ဦးဆောင်သော ပြည်တွင်းနာဂသောင်းကျန်းသူများလည်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌ရှိရာ ထိုအဖွဲ့နှင့်ပတ်သက်၍မူ ၁၉၇၅ခုနှစ်အတွင်း သတင်းမရရှိခဲ့ချေ။[၄]

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လူပ်ရှားဆူပူလျက်ရှိသော သောင်းကျန်းသူများအား ၁၉၇၅ခုနှစ်အတွင်း **ရန်မျိုးအောင်စစ်ဆင်ရေး**[၁] ဖြင့် တပ်မတော်က ဆင်နွှဲတိုက်ခိုက်သည်။ ယင်းစစ်ဆင်ရေးတွင် တိုင်းစစ်ဌာနချုပ်မှ တိုက်ရိုက်ကွပ်ကဲသောနယ်မြေ၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့စစ်ဆင်ရေးနယ်မြေနှင့် အမှတ်(၂)စစ်ဗျူဟာအဖွဲ့ စစ်ဆင်ရေးနယ်မြေဟူ၍ ခွဲခြားထားသည်။ စစ်ဆင်ရေးစတင်သောကာလမှာ ၁၉၇၅ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ဖြစ်သည်။ တိုင်းစစ်ဌာနချုပ်မှ တိုက်ရိုက်ကွပ်ကဲသော စစ်ဆင်ရေးနယ်မြေမှာ မိုးညှင်း၊ မိုးကောင်း၊ ကာမိုင်း၊ အင်ဂျန်းယန်၊ မြစ်ကြီးနား၊ ဆွမ်ပရာဘွမ်၊ ပူတာအို၊ မချမ်းဘော၊ ခန္ဓီး၊ ဟုမ္မလင်း၊ တနိုင်း၊ မိုးကောင်းနယ်မြေများဖြစ်၍ ဦးတည်ရန်သူမှာ ကေအိုင်အေတပ်မဟာ(၁)၊ တပ်မဟာ(၂)နှင့် တပ်ရင်း ၄၊ တပ်ရင်း ၅၊ တပ်ရင်း ၆၊ တပ်ရင်း ၇၊ တပ်ရင်း ၁၀၊ တပ်ရင်း ၁၁များ ဖြစ်ပေသည်။ တပ်မတော်အင်အားမှာ အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်းမှတပ်ခွဲ(၅)ခွဲ၊ အမှတ်(၂)ဗမာ့သေနတ်ကိုင်တပ်ရင်းမှ တပ်ခွဲ(၅)ခွဲ၊ အမှတ်(၁၅)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၅)ခွဲ၊ အမှတ်(၄၆)၊ (၅၂)၊ (၅၈)နှင့် (၈၆)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၄)ခွဲစီပါဝင်ခဲ့သည်။ အမှတ်(၂)သေနတ်ကိုင်တပ်ရင်းမှာ အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်လက်အောက်ခံတပ်ဖြစ်သည်။

အမှတ်(၁)စစ်ဗျူဟာအဖွဲ့၏ စစ်ဆင်ရေးနယ်မြေမှာ မြို့သစ်၊ ဒေါ်ဖုံးယန်၊ ဗန်းမော်၊ မိုးမောက်၊ မန်စီ၊ မိုင်းခေါင်စသောနယ်မြေများဖြစ်၍ ဦးတည်ရန်သူမှာ ဗကပတပ်ရင်း(၁၀၇)၊ ကေအိုင်အေတပ်မဟာ(၃)နှင့် တပ်မဟာ(၅)၊ တပ်ရင်း ၁၊ တပ်ရင်း ၃ နှင့် တပ်ရင်း ၅ တို့ဖြစ်သည်။ တပ်မတော်အင်အားမှာ အမှတ်(၄၀)၊ (၄၇)၊ (၅၆)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ ၄ ခွဲစီနှင့် မတ်လ၊

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၁-၇၅မှ ၃၀-၄-၇၅နေ့အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ မှတ် ၁၂-၁၃

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၅-၇၅မှ ၃၁-၈-၇၅နေ့အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ မှတ် ၁၄-၁၅

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၉-၇၅မှ ၃၁-၁၂-၇၅နေ့အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ မှတ် ၁၆

၄ ယင်း ၁၉၇၅ခုနှစ်စစ်ဆင်ရေးသုံးသပ်ချက် ၃တွဲ မှတ် ၁၃၊ ၁၅၊ ၁၇

၁ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၁၉၇၂ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အတွင်း စစ်ဆင်ရေးမှတ်တမ်းတွင်မူ ၁-၉-၇၂မှ စတင်ခဲ့သော **ရန်မျိုးနိုင်**စစ်ဆင်ရေးအမည်ကိုပင် ဆက်လက်သုံးစွဲထားပါသည်။

အေပြီလများတွင် အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်းမှ တပ်ခွဲ ၃ခွဲ အင်အားထပ်ဖြည့်သည်။[၁]

အမှတ်(၂)စစ်ဗျူဟာအဖွဲ့၏ စစ်ဆင်ရေးနယ်မြေမှာ ချီဖွေ၊ လောခေါင်၊ ဝိုင်းမော်ဒေသများ ဖြစ်၍ ဦးတည်ရန်သူမှာ ဗကပတပ်ရင်း(၁၀၁)နှင့် လက်အောက်ခံတပ်ခွဲများ၊ ဒေသခံတပ်ဖွဲ့များ၊ ကေအိုင်အေတပ်ရင်း(၃)နှင့်တပ်ရင်း(၁၀)တို့ဖြစ်သည်။တပ်မတော်အင်အားမှာအမှတ်(၁၅)၊(၂၁)၊(၃၇) ခြေလျင်တပ်ရင်းများမှ တပ်ခွဲ၅ခွဲစီ၊ အမှတ်(၂၉)ခြေလျင်တပ်ရင်းမှ တပ်ခွဲ၄ခွဲနှင့် အမှတ်(၅၈)ခြေလျင်တပ်ရင်းမှ တပ်ခွဲ ၁ ခွဲတို့ဖြစ်သည်။ ၁-၁-၇၅ရက်နေ့တွင် ဘွန်ဆင်နှင့် ဝထန်ကောင်း တောင်ကြောရှိ အချက်အခြာနေရာများကို တပ်မတော်ကပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ဗကပတပ်ရင်း(၁၀၁)သည် ကန်ဘိုက်တီးနှင့်ကဇန်းနယ်မြေတွင်ပြန်လည်စုဖွဲ့ပြီး၊ ပြောက်ကျားနည်းဖြင့်တပ်မတော်၏နောက်တန်းနှင့် ဆက်သွယ်ရေးလမ်းကြောင်းများကိုဖြတ်တောက်ရန်ကြိုးပမ်းသည်။[၂] ၁၉၇၅ ခုနှစ်၏ နောက်ပိုင်းလေးလတာကာလတွင် ကေအိုင်အေသောင်းကျန်းသူတို့သည် ပိုမိုလှုပ်ရှားလာပြီး၊ ကေအိုင်အေတပ်မဟာ(၃)သည် ဧရာဝတီမြစ်အရှေ့ခြမ်း၊ ဗန်းမော်၊ မိုးမောက်ဒေသ၌ အင်အားစုစည်းကာ အမြတ်ထုတ်တိုက်ပွဲများ ဖော်ထုတ်လာနိုင်ခဲ့သည်။[၃]

၁၉၇၅ခုနှစ်အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ၌ သောင်းကျန်းသူများနှင့် တပ်မတော်စစ်ဆင်ရေး

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌ အရှေ့မြောက်စစ်ဒေသ ဗကပများ၊ ကေအိုင်အေများ၊ ရှမ်းသောင်းကျန်းအက်စ်အက်စ်အေ၊ တောခိုလွယ်မော်၊ ပလောင်သောင်းကျန်းပီအင်အက်ဖ်နှင့် တရုတ်ဖြူများ လှုပ်ရှားလျက်ရှိသည်။ အရှေ့မြောက်စစ်ဒေသ ဗကပများအနက် နိုင်ငံရေးမှူးယမ်ကွမ်း(ခ)နေဝင်းဦးစီးသောအင်အား ၂၀၀ခန့်သည် မိုင်းမောတွင် အခြေပြုလျက်ရှိပြီး ရှေ့တန်းဌာနချုပ်မှ နယ်စပ်ဒေသပန်ဆန်း၌ရှိနေသည်။ ဗကပများသည် ၁၉၇၄ခုနှစ်၌ နယ်မြေခံလူထုကို သိမ်းသွင်းခြင်း၊ တပ်ပြန်လည်ဖွဲ့စည်း၍ လက်နက်ခဲယမ်းအင်အား ဖြည့်တင်းခြင်းများ ပြုလုပ်ခဲ့ပြီး ၁၉၇၅ခုနှစ်၊ ဇန်နဝါရီလ ၂၁ရက်နေ့မှစ၍ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေမူဆယ်၊ မုန်းယုဒေသ နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေ မိုင်းညှင်း၊ မိုင်းကိုင်ဒေသများ၌ တပ်မတော်တပ်ဖွဲ့များကို အလုံးအရင်းနှင့်တိုက်ခိုက်သည်။ ရှမ်းသောင်းကျန်းအက်စ်အက်စ်အေ တိုင်း(၁) လက်အောက်ခံအဖွဲ့များကို ပန်ဆန်းသို့ ခေါ်ယူသင်တန်းပေးပြီး၊ ဗကပတို့သည် သံလွင်အရှေ့ခြမ်း

ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက်	၁-၁-၇၅မှ	၃၀-၄-၇၅နေ့အတွင်း	မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ မှတ် ၁၃-၂၁
ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက်	၁-၁-၇၅မှ	၃၀-၄-၇၅နေ့အတွင်း	မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ မှတ် ၂၂-၂၅
ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက်	၁-၉-၇၅မှ	၃၁-၁၂-၇၅နေ့အတွင်း	မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ မှတ် ၃၄

မော်ဖဒေသမှ အနောက်ခြမ်း မိုင်းရူး၊ မိုင်းနောင်ဒေသ၊ အင်တောကျောက်ဂူဒေသများသို့ အက်စ်အက်စ်အေ အခြေခံကာ ထိုးဖောက်ရန်ကြိုးစားနေကြသည်။[၁] မြောက်ပိုင်း "ဝ"နယ်၊ မိုင်းမောရှိ နိုင်ငံရေးမှူးနေဝင်းဦးဆောင်သောအဖွဲ့သည် မြောက်ပိုင်း"ဝ"နယ်ရှိ တပ်မဟာ(၁၂)နှင့် ကိုးကန့်ဒေသရှိတပ်များကို ကွပ်ကဲလျက်ရှိသည်။[၂] ဗကပတပ်မဟာ(၁၂)ကို တပ်မဟာမှူးဘသိန်း၊ ဒုတိယတပ်မဟာမှူး စိုးတင့်တို့က ဦစီးလျက် တပ်မဟာဌာနချုပ်ကို ကျင်ချမ်းနှင့် တာလယ်အကြီးဌာနရှိပြီး အင်အား(၂၀၀)ခန့်ရှိ တပ်ရင်း (၀၁၆)ကို နားဝီး၊ ကုန်းဆာကောင်းခမ်းဌာလည်းကောင်း၊ အင်အား(၂၀၀)ခန့်ရှိ တပ်ရင်း(၀၁၈)ကို ကျင်ချမ်းဌာလည်းကောင်း၊ တပ်ရင်း(၉)ကို ဗင်ဟင်း၊ မီထန်ဟော်ဒေသဌာလည်းကောင်းထားရှိပြီး၊ ကိုးကန့်ဒေသတွင်မူ ကိုးကန့်ပြည်သူ့စစ် ၂၀၀ ကျော်ခန့်သည် တပ်ရင်း(၉)မှ အင်အားစုများနှင့်ပေါင်းစည်း၍ ရှိနေသည်။ ယင်းတပ်မဟာတပ်ဖွဲ့များသည် 'ဝ'နယ်၊ ကိုးကန့်နယ်များတွင် ရပ်တည်လျက် ကွမ်းလုံ၊ ဟိုပန်၊ ပန်လုံတို့ရှိ တပ်မတော်တပ်ဖွဲ့များအား ရင်ဆိုင်ထားပြီး၊ သံလွင်အနောက်ခြမ်းထိုးဖောက်ရေး ကြိုးပမ်းလျက်ရှိသည်။[၃]

တောင်ပိုင်း'ဝ'နယ်၊ ပန်ဆန်းတွင်ရှိသော အရှေ့မြောက်ဒေသ ဗကပရှေ့တန်းကွပ်ကဲမှုဌာနချုပ်၌ ဗဟိုကော်မတီဝင် ကျောက်မြင့်ခေါ် ဇော်မိုင်းကဦးဆောင်၍ ဗကပတပ်မဟာ(၅)၊ တပ်မဟာ(၈)တို့ကို ကွပ်ကဲလျက်ရှိသည်။[၄] တပ်မဟာ(၅)နှင့် တပ်မဟာ(၈)တို့သည် သံလွင်အရှေ့ခြမ်း ချမ်း၊ မိုင်းပေါက်နှင့် ကျိုင်းတုံဒေသတွင်အခြေပြုထားပြီး[၅] တပ်မဟာ(၅)ကွပ်ကဲမှုအဖွဲ့သည် ၁၉၇၅ ခုနှစ်၊ ဇွန်လပထမပတ်မှစ၍ သံလွင်အနောက်ခြမ်းသို့ ရောက်ရှိလာသည်။ တပ်မဟာ(၅)နှင့် လက်အောက်ခံတပ်ရင်းများသည် သံလွင်အနောက်ခြမ်း၌ လှုပ်ရှားနေရာ တပ်မတော်ကရင်းလင်းတိုက်ခိုက်သဖြင့် သံလွင်မြစ်အရှေ့ခြမ်းသို့ ဇူလိုင်လအတွင်း၌ ပြန်လည်ဆုတ်ခွါသွားသည်။[၆] သံလွင်အနောက်ခြမ်းမုံးကိုး၌ ဖွင့်လှစ်ထားသော စစ်ဒေသခွဲတွင် အရှေ့မြောက်စစ်ဒေသ ဒုတိယနိုင်ငံရေးမှူးနှင့် အရံဗဟို ကော်မတီဝင် လင်းထင်ခေါ် စိုးသိန်းကဦးစီး၍ မုံးရား၊ မုံးပေါ်၊ စီစီဝမ်၊ တာပန်ဒေသရှိ

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၅မှ ၃၀-၄-၇၅အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၂၈

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၇၅မှ ၃၁-၈-၇၅အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၃၈

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၇၅မှ ၃၁-၈-၇၅အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၄၆

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၇၅မှ ၃၁-၈-၇၅အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၃၈

၅ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၇၅မှ ၃၁-၁၂-၇၅အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၃၃

၆ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၇၅မှ ၃၁-၈-၇၅အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၄၂-၄၃

တပ်မဟာ ၂ကို အနီးကပ်ကွပ်ကဲသည်။[၁]

၁၉၇၅ခုနှစ်၊ နိုဝင်ဘာလပထမပတ်မှစ၍ တပ်မဟာအလိုက် လှုပ်ရှားလာရာ သမဂ္ဂီးကျ စစ်ဆင်မှုမှ ပြောက်ကျားစစ်နည်းဗျူဟာသို့ ပြောင်းလဲကာ ဗကပတို့သည် နယ်စပ်ဒေသရှိ အခြေခံ စခန်းများမှ သဲလွင်မြစ်အနောက်ခြမ်းအတွင်းပိုင်းသို့ ထိုးဖောက်ဝင်ရောက်သည်။ ဗကပတပ်မဟာ(၂) သည် အခြေခံဒေသဖြစ်သော မုံးပေါ်ဒေသ၌ အမာခံတပ်အနည်းငယ်ချန်လှပ်၍ တပ်မဟာဌာနချုပ်သည် တပ်ရင်း ၃ ရင်းအင်အားဖြင့် သိန္နီ၊ ကွမ်းလုံကားလမ်းမြောက်ခြမ်း မန်ယုံမော်၊ နားခိုင်ဒေသသို့ ဝင်ရောက်ပြီး၊ ကွတ်ခိုင်အရှေ့ခြမ်းသို့လည်း ထိုးဖောက်သည်။ တစ်ချိန်တည်းမှာပင် ဗကပတပ်မဟာ (၁၂)မှ တပ်ရင်း(၉)၊ တပ်ရင်း(၀၁၆)အင်အားစုများသည် လွယ်တောက်၊ မုံးကျက်ဒေသနှင့် နောင်လိုင် အရှေ့ခြမ်းသို့ ထိုးဖေါက်လာသည်။ အလားတူပင် ဗကပတပ်မဟာ(၅)မှ တပ်ရင်း(၂)ရင်းခန့်အင်အား သည်သဲလွင်မြစ်ကိုဖြတ်၍ မုံးခန်းသို့ဦးတည်ဝင်လာသည်။ ပန်ဆန်း၌သင်တန်းတက်ပြီး၊ ပြန်လာသော ရှမ်းသောင်းကျန်းဆေးနွဲ့၏အင်အား(၅၀၀)ခန့်အဖွဲ့သည်လည်း သဲလွင်မြစ်အနောက်ခြမ်းသို့ ပြန်လည် ဝင်လာ၍ ဒေသခံသောင်းကျန်းသူတို့နှင့် စုဝေးဖွဲ့စည်းလျက်ရှိသည်။ ဗကပ တပ်မဟာ(၈)သည်လည်း အမာခံတပ်ရင်း(၃)ရင်း၊ ကော်တပ်ရင်း(၂)ရင်း ပူးပေါင်းအင်အားဖြင့် မိုင်းပါလျှိုး၊ ကျိုင်းလတ်ဒေသသို့ ဝင်ရောက်လာသည်။ ဗကပတို့သည် နိုင်ငံအတွင်းပိုင်းရှိ ရှမ်း၊ လားဟူ၊ ကော်သောင်းကျန်းသူနယ်များ သို့ထိုးဖေါက်၍ပြောက်ကျားလှုပ်ရှားလာခြင်းဖြစ်ပေသည်။[၂] ၁၉၇၄ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပန်ဆန်း ဌာနချုပ်မှသင်တန်းတက်ပြီး၊ ပြန်လည်ရောက်ရှိလာသော ဗကပသောင်းတင်ဦးဆောင်သည့် အင်အား (၁၃၀)ခန့်သည် ဗထူးမြို့နယ်အတွင်းသို့ ရောက်ရှိကာဒေသခံအဖွဲ့များနှင့် ပူးပေါင်းလျက်အင်အား (၃၀၀) ခန့်ဖြင့် နောင်ဝိုးနောင်လုံနယ်မြေနှင့် မိုင်းကိုင်အနောက်ခြမ်းဒေသ၌ လှုပ်ရှားလျက်ရှိသည်။[၃]

၁၉၇၅ခုနှစ်တွင် ဇော်ဒန်ဦးစီးလျက်ရှိသည့် ကေအိုင်အေတပ်မဟာ(၄)သည် တပ်ရင်း(၂)၊ တပ်ရင်း(၈)၊ တပ်ရင်း(၉) စုစုပေါင်းအင်အား(၁၄၅၀)ခန့်ဖြင့် သိန္နီအနောက်ခြမ်း၊ နမ့်ဟိုင်း၊ နမ့်ဆောင်ကြ၊ မန်လုံ၊ မန်ထုံ၊ ကောင်းမူ၊ ဟိုခို၊ မုံးဟောင်၊ တင်ပုတ်ဒေသများ၌ လှုပ်ရှားလျက် ရှိသည်။[၄] ကေအိုင်အေတို့သည် ၁၉၇၅ခုနှစ်၊ ဇန်နဝါရီလအတွင်း ကေအိုင်အေ တပ်ရင်း(၂)နယ်မြေ လွယ်လင်၊ မန်တုံဒေသရှိ တောခိုနမ့်ကျန်းအဖွဲ့နှင့် ထိုင်ဝမ်ထောက်လှမ်းရေး အဖွဲ့တို့ထံမှ လက်နက် ခဲယမ်းများ၊ ဆက်သွယ်ရေးစက်များ သိမ်းယူသည်။ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် တပ်စိတ်တစ် စိတ်ကို နမ့်ဟိုင်းဈေးသို့ ဗကပသတင်းထောက်လှမ်းရန် စေလွှတ်ရာ ဗကပများနှင့်တိုက်ပွဲဖြစ်ပွားပြီး၊

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၅-၇၅မှ ၃၁-၈-၇၅အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ မှတ် ၃၈-၃၉

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၉-၇၅မှ ၃၁-၁၂-၇၅အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ မှတ် ၃၇

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၁-၇၅မှ ၃၀-၄-၇၅အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ မှတ် ၅၁

၄ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

ဗကပအမျိုးသမီး(၂)ဦးကျဆုံးသည်။ တိုက်ပွဲဖြစ်သံကြား၍ ဇော်ဒန်ဦးဆောင်လျက်ကေအိုင်အေ(၂၈)ဦး စစ်ကူလိုက်ရာ နမ့်ဟိုင်းဈေးတွင် တစ်နာရီခန့်တိုက်ပွဲ ပြင်းထန်စွာဖြစ်ပွားပြီး၊ ကေအိုင်အေဘက် မှ ဇော်ဒန်အပါအဝင်(၅)ဦးကျဆုံးသည်။ ဤသို့ ဇော်ဒန်ကျဆုံးပြီးနောက် တပ်မဟာ(၄)ကို ဇော်မိုင်က တပ်မဟာမှူးတာဝန်ယူသည်။ မတ်လ ၄ ရက်နေ့တွင် ကေအိုင်အေတို့သည် နမ္မတူဘော်တွင်း၌ တာဝန်ထမ်းဆောင်လျက်ရှိသော ကွာမန်ပါရဂူ မစ္စတာဝင်းဟိုင်းကို ဖမ်းဆီးခေါ်ဆောင်ပြီး၊ ထိုင်းနိုင်ငံရှိ အနောက်ကွာမကီသံရုံးနှင့်ဆက်သွယ်ရန်ကြိုးပမ်းလျက်ရှိသည်။[၁] ၁၉၇၅ခုနှစ်၊နိုဝင်ဘာလ ၂၀ ရက်နေ့ တွင် ဇော်မိုင်ဦးဆောင်သော ကေအိုင်အေ တပ်မဟာ(၄)သည် ဗကပတို့၏ စိမ့်ဝင်ထိုးဖောက်မှုကို ဟန့်တားရန် ကြောင်နက်စစ်ဆင်ရေးဖြင့် ဗကပများကိုတိုက်ခိုက်ရာ ၁၉၇၆ခုနှစ်၊ မတ်လ ၂၆ ရက်နေ့ အထိကြာမြင့်ပြီး တိုက်ပွဲပေါင်း(၁၆)ကြိမ်ဖြစ်ပွားသည်။[၂] ဗကပတို့သည် ၁၉၇၅ခုနှစ်၊ ဩဂုတ်လကပင် ညီညွတ်ရေးကမ်းလှမ်းခဲ့သော်လည်းကေအိုင်အေတို့သည် ဗကပနှင့်ပူးပေါင်းရန်ထက် အနောက်အုပ်စု အကူအညီရယူရေးကိုသာ ပိုမိုထက်သန်လျက်ရှိကြောင်း အထက်ပါအချက်များက ဖော်ပြလျက်ရှိပေ သည်။ လွယ်ယား၊ မြို့သစ်၊ မိုင်းငေါ့ဒေသတွင် အင်အား(၂၄၀)ခန့်ရှိ ပီအင်နအက်ဖ်၊ ပလောင် သောင်းကျန်းသူတပ်ရင်း(၂)သည် ကေအိုင်အေတို့နှင့်ပူးပေါင်းလျက်ရှိသည်။[၃]

ခွန်ကြာနဦးဆောင်လျက်ရှိသော အက်စ်အက်စ်အေရှမ်းသောင်းကျန်းသူတိုင်း(၁) သည် မိုင်းတုံ၊ မိုင်းလားဒေသ၌ လှုပ်ရှားလျက်ရှိသည်။[၄] တိုင်း(၁)တိုင်းမှူးမှာ စိုင်းလှအောင် ဖြစ်၍၊ တပ်ရင်း(၁၆)၊ တပ်ရင်း(၂၁)၊ တပ်ရင်း(၂၄) စုစုပေါင်းအင်အား(၅၀၀)ဖြင့်လှုပ်ရှားနေခြင်း ဖြစ်သည်။[၅] ခွန်ကြာနဦးဆောင်သောအဖွဲ့သည်စိုင်းလှအောင်နှင့်သဘောကွဲလွဲလျက် ထိုင်းနိုင်ငံတွင် အခြေစိုက်ရန် ထွက်ခွါသွားသည်။ အက်စ်အက်စ်အေအဖွဲ့ဝင်အချို့သည် ပန်ဆန်းဗကပဗဟို၌ သင်တန်းတက်လျက် ရှိသည်။[၆] ၁၉၇၅ခုနှစ်၊နိုဝင်ဘာလ(၄)ရက်နေ့တွင်ပန်ဆန်း၌သင်တန်းတက်ရောက်နေကြသူများအနက် ဆေးနှံဦးဆောင်သော ရှမ်းသောင်းကျန်းအင်အား(၁၇၀)ခန့်သည် သံလွင်မြစ်ကို ပြန်လည်ဖြတ်ကူး၍

၁။ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၁-၇၅မှ ၃၀-၄-၇၅အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၃၂-၃၄

၂။ ခဲအော်သစ်ဟောင် "ကေအိုင်အေသောင်းကျန်းသူ သို့မဟုတ် ကချင်ပြည်နယ်၏အလုံကို ဖျက်ဆီးနေကြ သူများ ၃" ဆောင်းပါးပေါင်းချုပ်အတွဲ ၂ မျက် ၂၃၃

၃။ (က) ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၉-၇၅ မှ ၃၁-၁၂-၇၅ အတွင်းအရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၅၀

(ခ) အရှေ့မြောက်တိုင်း၏ စစ်ဆင်ရေးမှတ်တမ်း

၄။ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၁-၇၅ မှ ၃၀-၄-၇၅အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၅၂

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၅။ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၅-၇၅မှ ၃၁-၁၂-၇၅အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၄၉

မိုင်းလားသို့ရောက်ကာ တိုင်း(၁)အဖွဲ့နှင့် ပူးပေါင်းခဲ့သည်။[၁] အထက်ပါ သောင်းကျန်းသူအဖွဲ့များအပြင် ကျန်ဆူးရှင်ဦးဆောင်သော လွယ်မော်သောင်းကျန်းသူအင်အား (၂၀၀)ခန့်သည်လည်းကောင်း၊ ဝူရှိုရှန်၏ကေအမ်တီ တရုတ်ဖြူအင်အား(၈၀၀)ခန့်သည်လည်းကောင်း လှုပ်ရှားလျက်ရှိနေကြသည်။[၂]

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သည်၁၉၇၅ခုနှစ်၊မေလ(၁)ရက်နေ့မှအစပြု၍ **အောင်ကျော်မိုး** စစ်ဆင်ရေးကိုဆင်နွှဲလျက်ရှိရာ အောက်ပါတပ်ဖွဲ့များပါဝင်ခဲ့သည်-

(က) အမှတ်(၁)စစ်ဗျူဟာအဖွဲ့

(၁) အမှတ်(၂၂)ခြေလျင်တပ်ရင်း

(၂) အမှတ်(၂၃)ခြေလျင်တပ်ရင်း

(၃) အမှတ်(၄၁)ခြေလျင်တပ်ရင်း

(၄) အမှတ်(၃၆)ခြေလျင်တပ်ရင်း

(၅) အမှတ်(၇၃)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၁)ခွဲ

(ခ) အမှတ်(၂)စစ်ဗျူဟာအဖွဲ့

(၁) အမှတ်(၃၃)ခြေလျင်တပ်ရင်း

(၂) အမှတ်(၆၇)ခြေလျင်တပ်ရင်း

(၃) အမှတ်(၄၈)ခြေလျင်တပ်ရင်း

အဆိုပါစစ်ဆင်ရေးတွင် တပ်မတော်မှ (၁၀၉)ဦးကျဆုံး၍ (၁၈၅)ဦးဒဏ်ရာရရှိခဲ့ပြီး၊ ရန်သူဘက်မှ (၅၇)ဦးကျ၍ (၃၇)ဦးလက်နက်ချကာ (၅၄)ဦးကို လက်ရဖမ်းဆီးနိုင်ခဲ့သည်။[၃]

၁၉၇၅ခုနှစ်အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၌ သောင်းကျန်းသူများနှင့် တပ်မတော်စစ်ဆင်ရေး

ဗကပအရှေ့မြောက်စစ်ဒေသဌာနချုပ်ကို ပန်ဆန်း၌ဖွင့်လှစ်ထားပြီး၊ စစ်ရေးတာဝန်ခံကျောက်မြင့်ခေါ်ဇော်မိုင်ကဦးစီးလျက်ရှိပြီး၊ နိုင်ငံရေးမှူးရန်ကွမ်းခေါ်နေဝင်းသည်မိုင်းမောင်၌ အင်အား(၂၀၀)ခန့်ဖြင့်ရှိနေသည်။ တပ်မဟာ(၅)ဌာနချုပ်သည်မိုင်းပေါက်၌လည်းကောင်း၊ တပ်မဟာ(၈)သည်မိုင်းလား၌လည်းကောင်းရှိသည်။ ကော်ကာကွယ်ရေးအဖွဲ့များကိုစုရုံးဖွဲ့စည်းထားသောစစ်ဒေသ(၈၁၅)သည် မိုင်းယောင်း၊ မိုင်းယုဒေသ၌ရှိသည်။ ဗကပတို့၏အင်အားသည် စုစုပေါင်း(၄၃၀၀) ခန့်ရှိသည်။ ၁၉၇၅ခုနှစ်၊ ဇန်နဝါရီလ(၂၁)ရက်နေ့မှစတင်၍ ဗကပတို့သည် တပ်မတော်၏ မိုင်းညှင်းစခန်း၊

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၇၅မှ ၃၁-၁၂-၇၅အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၅၀

၂ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၅မှ ၃၁-၁၂-၇၅အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်မှတ်တမ်းများ မျက် ၅၃-၅၆၊ ၅၂-၅၆၊ ၆၆-၆၈

မိုင်းကိုင်-ခမ်းတောင်ကြောရှိ ချင်းသေနတ်ကိုင်တပ်ရင်း(၃)စခန်း၊ နမ့်အုပ်ရှိ ကချင်သေနတ်ကိုင်တပ်ရင်း(၅)စစ်ကြောင်းစသည်တို့ကိုတိုက်ခိုက်သည်။ မိုင်းညှင်း-ကျိုင်းတုံကားလမ်းကို ဖြတ်တောက်ရန် ကြံရွယ်ကြသော်လည်းအမှတ်(၁)သေနတ်ကိုင်တပ်ရင်း(၁)မှတိုက်ခိုက်၍အကြိုအစည်ပျက်ပြားခဲ့သည်။[၁]

ရှမ်းသောင်းကျန်းအက်စ်အက်စ်အေအဖွဲ့ တိုင်း(၁)ကို စိုင်းလှအောင်က ဦးဆောင်လျက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်စပ် မုံးစမ်း၊ မိုင်းရူးနယ်မြေတွင် လှုပ်ရှားလျက်ရှိသည်။ ဥက္ကဋ္ဌခွန်ကြာနုအဖွဲ့သည် စိုင်းလှအောင်တို့အဖွဲ့မှ ခွဲထွက်၍ မိုင်းတုံ၊ မိုင်းလားဒေသမှ တောင်ဘက်သို့ဆင်းလာသည်။ ကိုးကန့်လူမျိုး စိုင်းဝဏ္ဏ ဦးဆောင်သော အက်စ်အက်စ်အေတိုင်း(၂)အဖွဲ့သည်လည်း စိုင်းလှအောင်အဖွဲ့မှ ခွဲထွက်ကာ ကိုးကန့် အဖွဲ့အား အုပ်ချုပ်လျက် မဟာဆန်းအဖွဲ့နှင့် တိုက်ပွဲများဖြစ်ပွားနေသည်။ ဥက္ကဋ္ဌမိုးဟိန်း ဦးဆောင်သော ရှမ်းသောင်းကျန်း အက်စ်ယူအာရ်အေအဖွဲ့သည် နမ့်ဆန်မြို့နယ်အရှေ့ဘက် ကျိုင်းတောင်း၊ မိုင်းကိုင်မြို့နယ်အရှေ့ဘက်တပ်မောက်တို့တွင်အခြေပြုကာ တရုတ်ဖြူအဖွဲ့နှင့်ပူးပေါင်းခြင်း၊ ရိက္ခာ ဆက်ကြေးတောင်းခံခြင်း၊ အက်စ်အက်စ်အေအဖွဲ့အား အခွင့်ရတိုင်းတိုက်ခိုက်ခြင်း၊ ယိုးဒယားသို့ အသွားအပြန် ကေအိုင်အေတောခို လွယ်မော်အဖွဲ့တို့ကို ကြိုပို့လုပ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။ အခြားရှမ်းသောင်းကျန်းသူအဖွဲ့များဖြစ်သော အွန်ကျမ်းအဖွဲ့၊ ဆန်ရှန်အဖွဲ့၊ စိုင်းနော်မိန်း အဖွဲ့နှင့် လားဟူဆိုးပူကျောင်းလုံအဖွဲ့များသည် စစ်ရေးအရ ထူးခြားသော လှုပ်ရှားမှုများ မပြုလုပ်နိုင်ကြချေ။ ရှမ်းပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့(ရလလဖ)သည် တာကလယ်ဦးဆောင်သောအဖွဲ့နှင့် ဦးလှဖေဦးဆောင်သောအဖွဲ့ နှစ်ဖွဲ့ကွဲပြီး၊ တာကလယ်အဖွဲ့သည် ရှမ်းပြည်နယ်ဒေသခံ ဗကပများနှင့် လည်းကောင်း၊ ကေအင်န်ယူပီနှင့်လည်းကောင်းပူးပေါင်း၍ နမ့်ပွန်ချောင်းအရှေ့ဘက်၌ လှုပ်ရှားလျက်ရှိသည်။ ဦးလှဖေအဖွဲ့ကမူ နမ့်ပွန်ချောင်းအနောက်ဘက် တောင်ကြီးမြို့နယ်၊ ဟိုပုန်းမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ပင်လောင်းမြို့နယ်တို့တွင်လှုပ်ရှားလျက်ရှိပြီး၊ကွန်မြူနစ်ဆန့်ကျင်ရေးဝါဒစွဲကိုင်ကာတာကလယ်အဖွဲ့ကို တိုက်ခိုက်သည်။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၏တောင်ပိုင်း ကယားပြည်နယ်အတွင်း၌လည်း ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည်မော်ချီး-ဖါးဆောင်းဒေသ၊ ဖရူးဆိုး၊ ဒီမောဆိုးဒေသများ၌လှုပ်ရှားလျက်ရှိပြီး၊ ကယမ်းပြည်သစ်ပါတီကမူ ဖယ်ခုံမြို့နယ်နှင့် ဒီမောဆိုးမြို့နယ်အနောက်ခြမ်းတွင် ဆက်ကြေးများ ကောက်ခံလျက်ရှိသည်။ တရုတ်ဖြူတပ်မနှင့် ထိုင်ဝမ်ထောက်လှမ်းရေးအဖွဲ့သည် မြန်မာ-ထိုင်းနယ်စပ် ပိန်းလုံ၊ မိုင်းပန်၊ ပန်ပိဒေသများ၌ အခြေချ၍ ဘိန်းချက်လုပ်ငန်း လုပ်ဆောင်နေရာ တပ်မတော်က ၁၉၇၅ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်နေ့တွင်မိုးဟိန်းစစ်ဆင်ရေးဖြင့် ရှင်းလင်း

(က) အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

(ခ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၅မှ ၃၀-၄-၇၅နှင့် ၁-၉-၇၅မှ ၃၁-၁၂-၇၅အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၄၈-၅၀၊ ယူက် ၆၅

တိုက်ခိုက်၍ တရုတ်ဖြူတို့ ထိုင်းနယ်စပ်သို့ဆုတ်ခွာပြေးသည်။[၁]

ပန်ဆန်းမှသင်တန်းတက်ရောက်ပြီး ပြန်ရောက်လာခဲ့သည့် ရှမ်းပြည်နယ်ဗကပအဖွဲ့သည် နောင်လုံ၊ နောင်ဝိုးဒေသနှင့်မိုင်းကိုင်အနောက်ခြမ်းနယ်မြေတို့အား အမာခံနယ်မြေတည်ဆောက်ရေး ဆောင်ရွက်လာသည့်အတွက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်များနှင့် ညှိနှိုင်းကာ **နေမင်းရောင်စစ်ဆင်ရေး**ကို ၂၇-၁-၇၅ရက် နေ့မှစတင်ဆင်နွှဲခဲ့သည်။ ရန်သူအင်အားစုအနည်းငယ်ဖြင့်သာ(၃)ကြိမ်ထိတွေ့မှုရှိခဲ့သည်။ အဆိုပါ စစ်ဆင်ရေးမှာအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဗျူဟာအဖွဲ့(၂)မှဆင်နွှဲခဲ့ခြင်းဖြစ်၍ အောက်ပါတပ်ရင်း (၇)ရင်းပါဝင်ခဲ့သည်-

(၁) အမှတ်(၅၄)ခြေလျင်တပ်ရင်း
(၂) အမှတ်(၆၄)ခြေလျင်တပ်ရင်း
(၃) အမှတ်(၆၆)ခြေလျင်တပ်ရင်း
(၄) အမှတ်(၇၂)ခြေလျင်တပ်ရင်း
(၅) အမှတ်(၇၃)ခြေလျင်တပ်ရင်း
(၆) အမှတ်(၉၄)ခြေလျင်တပ်ရင်း
(၇) အမှတ်(၉၉)ခြေလျင်တပ်ရင်း

စစ်ဆင်ရေးဆင်နွှဲရာဒေသများမှာ တောင်ကြီး၊ ရွှေညောင်၊ ပင်လောင်း၊ ပင်းဒယ၊ ဆီဆိုင်၊ မိုင်းရှူး၊ လဲချား၊ မိုးနဲမောက်မယ်၊ လင်းခေး၊ လွိုင်ကော်၊ ရှားတော၊ ဘော်လခဲ၊ ဖါးဆောင်း၊ နောင်လုံ၊ နောင်ဝိုး၊ဖရူးဆိုး၊ ဒီမောဆိုးမြို့နယ်များအတွင်းဖြစ်သည်။ ဗကပများသည်တပ်မတော်နှင့် ရင်ဆိုင်ခြင်း မပြုဘဲလှည့်ပတ်ရှောင်တိမ်းလျက်ရှိ၍ အရှေ့မြောက်တိုင်းမှ စစ်ကြောင်းများကို ၈-၂-၇၅ ရက်နေ့တွင် ရုပ်သိမ်းပြီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်ခွဲ(၃)ခွဲ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်ခွဲ(၁) ခွဲတို့သာဆက်လက်လှုပ်ရှား၍ စိုးမိုးထားခဲ့သည်။ အဆိုပါစစ်ဆင်ရေးတွင် တပ်မတော်မှ ၁၉ ဦးကျဆုံး ၍ ၂၇ ဦးဒဏ်ရာရရှိပြီး၊ ရန်သူဘက်မှ ၃၅ ဦးကျဆုံးကာ ၅၆ ဦး လက်နက် ချ၍ ၆၅ ဦးဖမ်းဆီးရမိသည်။[၂]

(က) အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း
(ခ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၅မှ ၃၀-၄-၇၅၊ ၁-၄-၇၅မှ ၃၁-၈-၇၅နှင့် ၁-၉-၇၅မှ ၃၁-၁၂-၇၅အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်

(က) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၅မှ ၃၀-၄-၇၅နှင့် ၁-၉-၇၅မှ ၃၁-၁၂-၇၅အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မှတ် ၅၁-၆၄၊ ၇၀-၇၃၊ ၇၇-၇၈ မှတ် ၅၁-၅၂၊ ၆၆-၆၈၊ ၉၀
(ခ) အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

အမှတ်(၂)စစ်ဗျူဟာအဖွဲ့မှပင်ကွပ်ကဲ၍ ၁၄-၉-၇၅မှ ၃၁-၁၂-၇၅အထိ မိုင်းပန်၊ လင်းခေး တောင်ဘက်ခြမ်းနယ်မြေများတွင် တရုတ်ဖြူနှင့် ကေအိုင်အေများကို **မိုးဟိန်းစစ်ဆင်ရေး** ဆင်နွှဲခဲ့ရာ အောက်ပါတပ်ရင်းများ ပါဝင်ခဲ့သည်-

(၁) အမှတ်(၆၆)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၂)ခွဲ

(၂) အမှတ်(၃)တဇကမှ တပ်ခွဲ(၂)ခွဲ

(၃) တိုင်းကွန်မန်ဒိုတပ်ခွဲ (၁)ခွဲ[၁]

ထို့ပြင် အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်သည် အမှတ်(၃)စစ်ဗျူဟာအဖွဲ့အနေဖြင့် အမှတ် (၇၄)၊(၇၅)၊(၇၈)ခြေလျင်တပ်ရင်း(၃)ရင်းဖြင့်မိုင်းရူး၊ မုံးစမ်း၊ ဟိုပုန်း၊ မိုင်းအော့နှင့် အရှေ့မြောက်တိုင်း နယ်မြေ မန်ကျောင်းနားခါတို့တွင် ၁-၁-၇၅မှ နှစ်ကုန်အထိ **တိုင်းရန်ပြုစစ်ဆင်ရေး** ကို ဆင်နွှဲခဲ့လေသည်။[၂]

၁၉၇၅ခုနှစ်အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေ၌ သောင်းကျန်းသူများနှင့် စစ်ဆင်ရေး

၁၉၆၉ခုနှစ်၊ ဩဂုတ်လအတွင်းက ဖွဲ့စည်းခဲ့သော ပြည်ပြေးအုပ်စု၏ ပါလီမန်ဒီမိုကရေစီ ပါတီ[၃]တွင် ဦးနု ဥက္ကဋ္ဌအဖြစ်မှနှုတ်ထွက်ခဲ့ချိန်မှ အစပြု၍ ပီဒီပီ၏ဥက္ကဋ္ဌနှင့် စစ်ကောင်စီသဘာပတိ ဖြစ်လာသော ဝိုလ်လက်ျာ[၄]သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် အခြေပြုနေထိုင်လျက်ရှိသည်။ ဝိုလ်လက်ျာသည် ပီဒီပီအတွင်းရေးမှူးဦးသွင်နှင့်အတူ အောင်လက်ျာကွပ်ကဲလျက်ရှိသော ပြည်ပြေး အထူးတိုင်းအောင်ရတနာစခန်းသို့ ၁၉၇၅ခုနှစ်၊ အောက်တိုဘာလ ဒုတိယပတ်အတွင်းက လာရောက် စစ်ဆေး၍ အားပေးခဲ့သည်။[၅] အဆိုပါတိုင်းမှာ ထိုင်းနိုင်ငံအနောက်တောင်ပိုင်း ရနောင်းအနီး၌ ဖွင့်လှစ်ခဲ့သောအထူးတိုင်းဖြစ်၍တပ်မှူးအဖြစ်အောင်လက်ျာဦးစီး[၆] ခဲ့ရာမှ၁၉၇၄ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့တွင်တင်မောင်ဝင်းကထိုတပ်ဖွဲ့ကိုခေါ်ယူပြီး၊သီးခြားခွဲထွက်ခဲ့သည်။[၇] တင်မောင်ဝင်းသည် ယင်းတပ်ဖွဲ့ကိုပြည်ထောင်စုလွတ်မြောက်ရေးတပ်မတော်အမည်နှင့်ဦးဆောင်လျက်ရှိရာမှ ၁၉၇၅ခုနှစ်၊

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၇၅မှ ၃၁-၁၂-၇၅အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၉၀

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

မောင်ပြည်သူ- "စီ၊ အာ၊ ဒီ၊ ဘီ သို့မဟုတ် ပြည်ပြေးတစ်ကျော့ပြန်" မျက် ၁၇

မောင်ရင်မန်း- ကျွန်တော်ပြည်ပြေး မျက် ၂၈၁-၂၈၁

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၇၅မှ ၃၁-၁၂-၇၅အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၀၃

ကျွန်တော်ပြည်ပြေး မျက် ၁၈၁၊ ၃၁၃

(က) ကျွန်တော်ပြည်ပြေး မျက် ၁၈၁

(ခ) စီအာဒီဘီ သို့မဟုတ် ပြည်ပြေးတစ်ကျော့ပြန် မျက် ၂၆

ဖေဖော်ဝါရီလအတွင်းက ဘန်ကောက်မြို့တွင်ရောက်ရှိနေသည်။ ထိုကာလတွင် တပ်စခန်းဌာနချုပ်ဖြစ်သော ကြယ်ဝါစခန်း၌ မောင်ယုံ(ခေါ်)ဇော်ဝင်းနှင့် စစ်ကြောင်းမှူးအေးနိုင် တို့က ပြောက်ကျား တပ်ရင်း(၂)ရင်းကို ဦးစီးလျက်ရှိနေခဲ့သည်။ တပ်ရင်း(၁)ကို မောင်ယုံဦးစီးလျက် ကြယ်ဝါစခန်း၌ အခြေပြုပြီး တပ်ရင်း(၂)ကို မင်းစိုးအောင်က ဦးစီးလျက် မြိတ်အနောက်ခြမ်းနယ်မြေ မိုင်းသွေး၊ ရွှေဂဲညီတစ်ဝိုက်၌ လှုပ်ရှားလျက်ရှိသည်။ သို့ရာတွင် တပ်မတော်စစ်ကြောင်းများကတိုက်ခိုက်၍ ၁၂-၅-၇၅ ရက်နေ့တွင် ထိုင်းနိုင်ငံသို့ထွက်ခွါလာသည်။ ထိုအချိန်တွင် ပြည်ပြေးဗဟိုစစ်ကောင်စီမှ မူလတပ်မှူးအောင်လက်ျာနှင့်အဖွဲ့ကို စေလွှတ်ခဲ့ရာ အောင်လက်ျာကတပ်ကို ပြန်လည်စိုးမိုးနိုင်ခဲ့၍ တင်မောင်ဝင်းလည်း ကြယ်ဝါစခန်းသို့ ပြန်လည်ရောက်မလာတော့ဘဲ တိမ်းရှောင်နေခဲ့သည်။ ၂၀-၁၀-၇၅ ရက်နေ့တွင် အောင်လက်ျာဦးစီးသော အင်အား(၆၀)ခန့်သည် တနင်္သာရီအရှေ့ခြမ်းသို့ ဝင်ရောက်လာပြီး၊ ၂၈-၁၀-၇၅ရက်နေ့တွင်သဘော်လိပ်ကြီး၌ ခေတ္တစခန်းချလျက်ရှိသော အမှတ်(၁၇) ခြေလျင်တပ်ရင်းမှ တပ်စုအား တစ်နာရီ ကြာခန့် ဝင်ရောက်တိုက်ခိုက်ပြီး ဆုတ်ခွါသွားသည်။[၁]

ပြည်ပြေးတောင်ပိုင်းတိုင်း၊ တိုင်းမှူး ဗိုလ်ရန်နိုင်သည် ၁၉၇၅ခုနှစ်ဇန်နဝါရီလ ဒုတိယပတ်တွင်ဝါးခသို့သွားရောက်၍ အစည်းအဝေးတက်ခြင်း၊ အလယ်ပိုင်းတိုင်းမှပေးပို့သော လက်နက်ခဲယမ်းများ လက်ခံယူခြင်း၊ ၁၉၇၄ခုနှစ်၊ နှစ်ကုန်ပိုင်း၌ ထားဝယ်သို့တပ်ဖွဲ့များစေလွှတ်လှုပ်ရှားစေပြီး၊ ၁၉၇၅ခုနှစ်၊ဇန်နဝါရီလကုန်တွင်လည်းကျားနက်တပ်ရင်းအား ပုလောသို့စေလွှတ်ခြင်းများ လုပ်ဆောင်လျက်ရှိရာပြည်ပြေးပီဒီပီအဖွဲ့မှခွဲထွက်ရန်အကြောင်းများဖန်လာခဲ့သည်။ တောင်ပိုင်းတိုင်းယခင်ရန်ှိမ် တပ်ရင်းမှတပ်ခွဲတစ်ခွဲ လက်နက်ချခဲ့၍ ကျန်ရှိသောတပ်ဖွဲ့ဝင်များထံမှ လက်နက်များကို ကေအင်ယူ တပ်ရင်း(၁၀)မှ သိမ်းယူထားခဲ့ရာ ဗိုလ်ရန်နိုင်က ဗိုလ်ကြီးယုဝါအား စေလွှတ်၍ တောင်းခံစေခဲ့သည်။ ၁၉၇၅ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း၌ မြိတ်ခရိုင် ကေအင်ယူတပ်ဖွဲ့မှ ဗိုလ်ကြီးယုဝါကို ဖမ်းဆီးခဲ့ပြီး၊ အေပြီလအတွင်း၌ သတ်ဖြတ်ခဲ့သည်။ သို့ဖြစ်၍ ဗိုလ်ရန်နိုင်တပ်များနှင့် ကေအင်ယူတပ်ဖွဲ့များ အဆင်မပြေဖြစ်ပြီး ဗိုလ်ရန်နိုင်၏တပ်ဖွဲ့များက ၂၈-၄-၇၅ ရက်နေ့မှစ၍ နတ်အိမ်ထောင်အနီးရှိ အိသိတောင်၊ တိုင်ပင်တောင်နှင့် ကျောက်ပုံဂိတ်များဖြန့်ခွဲပြီး ပိတ်ဆို့ထားသည်။[၂] ၁၁-၅-၇၅ ရက်နေ့တွင် ပြည်ပြေးတောင်ပိုင်းတိုင်းတပ်များသည် နတ်အိမ်ထောင်ကို ဝင်ရောက်တိုက်ခိုက်၍ တိုက်ပွဲစတင်ဖြစ်ပွားသည်။ ပြည်ပြေးစစ်ကောင်စီမှ ပစ်ခတ်မှုရပ်ဆိုင်း၍ ကေအင်ယူနှင့်တွေ့ဆုံဆွေးနွေးရန် ညွှန်ကြားသော်လည်း လိုက်နာမှုမရှိချေ။ မေလ ၂၂ ရက်နေ့တွင် ပီဒီပီနှင့် စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်လက်ျာသည် ဘင်္ကာရေးမှူးဇာလိမော်နှင့်အတူ တောင်ပိုင်းတိုင်းသို့လာရောက်၍ တပ်များ ရုပ်သိမ်းရန်ညွှန်ကြားသော်လည်း နာခံခြင်းမရှိချေ။ သို့ဖြစ်၍ ဗိုလ်ရန်နိုင်၏ တောင်ပိုင်းတိုင်းကို

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၅မှ ၃၀-၄-၇၅၊ ၁-၅-၇၅မှ ၃၁-၈-၇၅နှင့် ၁-၉-၇၅မှ ၃၁-၁၂-၇၅အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၀၅၊ ၈၄၊ ၉၂

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၅မှ ၃၀-၄-၇၅အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၈၀-၈၂

၁၈-၇-၇၅ရက်နေ့မှစ၍ ဗိဒိဗိနှင့် ပြည်ချစ်လွတ်မြောက်ရေးတပ်မှ ထုတ်ပယ်ခဲ့သည်။[၁] သို့ဖြစ်၍ ဝိုလ်ရန်နိုင်၏ တောင်ပိုင်းတိုင်းသည် ဗိမိုကရေစီပြည်သစ်ပါတီအဖြစ် သီးခြားရပ်တည်လာခဲ့သည်။[၂]

ပြည်ပြေး အလယ်ပိုင်းတိုင်းမှူး ဦးသွင်နှင့် မသင့်မမြတ်ဖြစ်ခဲ့သော ဝိုလ်မှူးအောင်အတွက် ပြည်ပြေးဗဟိုမှ ၁၉၇၃ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ထိုင်းနိုင်ငံ မဲတုန်းဆောင်းပြည်နယ်၊ ခွန်ယွန်းမြို့နယ်အပိုင် ထော်ဖဲကျေးရွာ၌ အနောက်မြောက်တိုင်းဖွင့်လှစ်ပေးခဲ့ရာ တိုင်းတပ်အင်အား မှာ ဝိုလ်ရန်နိုင်နှင့် ဦးသွင်တို့၏ လူရင်းများဖြစ်နေသဖြင့်[၃] အနောက်မြောက်တိုင်းသည် လှုပ်ရှားခြင်း မပြုနိုင်ရှိခဲ့သည်။ သို့ဖြင့် ဝိုလ်မှူးအောင်သည် ပြည်ပြေးဗဟိုအဖွဲ့မှ ၁၉၇၄ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ခွဲထွက်ပြီး၊ ၁၉၇၅ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့၌ ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့ပါတီ ဖွဲ့စည်းပြီး၊ ကေအင်ယူတို့၏ အထောက်အပံ့အကူအညီယူခဲ့သည်။ ယင်းပါတီသည် စစ်ရေးလှုပ်ရှားမှုပြုလုပ်နိုင်ခဲ့ခြင်းမရှိဘဲ၊ မြန်မာနိုင်ငံတော်ရှိ သံယာနှင့် ကျောင်းသားလှုပ်ရှားမှုများတွင် အမှောင်လုပ်ငန်းများ လုပ်ဆောင်ရန်သာ အားထုတ်လျက်ရှိသည်။[၄] ၁၉၇၅ခုနှစ်၊ နိုဝင်ဘာလအတွင်း၌လည်း ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့သွားရောက်၍ ဂျပန်အဖွဲ့အစည်းတစ်ခုကအကူအညီပေးရန်ဆွေးနွေးလျက်ရှိသည်။[၅]

ပြည်ပြေးအလယ်ပိုင်းတိုင်းမှူးအဖြစ် ဦးသွင်က ဝိုလ်ချုပ်အဆင့်ဖြင့် ကွပ်ကဲလျက်ရှိပြီး၊ တိုင်းစစ်ဌာနချုပ်ကို ဟိုဖိုင်တွင်အခြေပြုလျက် ပေါက်ကျိုင်းစခန်းဟု အမည်ပေးထားသည်။ ၁၉၇၅ခုနှစ်၊ ဖေဖော်ဝါရီနောက်ဆုံးပတ်တွင် ဦးသွင်သည် ဘန်ကောက်သို့သွားရောက်၍ ပြည်ပြေးဗဟိုကော်မတီနှင့်ဆွေးနွေးသည်။ ဦးသွင်၏တပ်များမှာ ကွန်မန်ဒိုတပ်ရင်း(၁)နှင့် တပ်ရင်း(၄)ရင်းရှိသည်။ တပ်ရင်း(၁)နှင့်(၂)သည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လှုပ်ရှားသည်။[၆] ဦးသွင်သည် ဖေါက်ခွဲဖျက်ဆီးရေးအဖွဲ့များစေလွှတ်၍ ရန်ကုန်မြို့တွင်း၌ ဖေါက်ခွဲမှုများ ပြုလုပ်စေသည်။[၇] ၁၉၇၄ခုနှစ်၊ ဒီဇင်ဘာလ (၁၇)ရက်နေ့မှစတင်၍ ပြည်သူ့ပြည်ချစ်ပါတီဟု အမည်ပြောင်းလဲခဲ့သော ပြည်ပြေးအဖွဲ့၏ စုစုပေါင်း

၁။ ကကကြည်းစစ်ဆင်ရေးဌာနစုတ်၊ ၁-၅-၇၅မှ ၃၁-၈-၇၅အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မှတ် ၈၈-၉၀

၂။ ကကကြည်းစစ်ဆင်ရေးဌာနစုတ်၊ ၁-၉-၇၅မှ၃၁-၁၂-၇၅အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မှတ် ၁၀၇

၃။ ကွန်တော်ပြည်ပြေး မှတ် ၂၈၅-၂၈၆၊ ၃၁၂

၄။ ကကကြည်းစစ်ဆင်ရေးဌာနစုတ်၊ ၁-၁-၇၅မှ ၃၀-၄-၇၅အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မှတ် ၈၃

၅။ ကကကြည်းစစ်ဆင်ရေးဌာနစုတ်၊ ၁-၉-၇၅မှ၃၁-၁၂-၇၅အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မှတ် ၁၀၇-၁၀၈

၆။ ကကကြည်းစစ်ဆင်ရေးဌာနစုတ်၊ ၁-၁-၇၅မှ ၃၀-၄-၇၅အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မှတ် ၇၈-၈၀

၇။ ကကကြည်းစစ်ဆင်ရေးဌာနစုတ်၊ ၁-၅-၇၅မှ ၃၁-၈-၇၅အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မှတ် ၈၉

လူအင်အားမှာ (၁၂၆၇)ဦးဖြစ်သည်။[၁]

ကေအင်ယူဗဟိုသည် ၁၉၇၄ခုနှစ်ကုန်တွင် မန်းဘဇံက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အဖွဲ့ဝင် (၈)ဦးပါဝင်သော ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် ဗိုလ်မြက ဥက္ကဋ္ဌအဖြစ်နှင့် အဖွဲ့ဝင်(၂၅)ဦး ပါဝင်သော ဗဟိုအမြဲတမ်းကော်မတီတို့ကို ဖွဲ့စည်းခဲ့သည်။[၂] သို့ရာတွင် မန်းဘဇံသည် သောင်ရင်းမြစ် နှင့်မှိုင်းလုံးကြီးချောင်းဆုံအနီးရှိ ဗဟိုဌာနချုပ်၌နေထိုင်လျက်ရှိပြီး၊ ထူးခြားသောလှုပ်ရှားမှုမရှိဘဲ၊ ယင်း၏သမီး(၂)ဦးကို ဝါးခၽွဆေးဆိုင်ဖွင့်ထားစေသည်။[၃] ကေအင်ယူဗဟို၌ တော်လှန်သောလူမျိုး ပေါင်းစုံမဟာမိတ်အဖွဲ့ခေါ် အာရ်အင်အေအစည်းအဝေးကို ၁၅-၅-၇၅ ရက်နေ့မှ ၂၈-၅-၇၅ရက်နေ့ အထိကျင်းပခဲ့ရာရခိုင်ပြည်လွတ်မြောက်ရေးပါတီ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ ရှမ်းပြည်နယ် တိုးတက်ရေးပါတီ၊ မွန်ပြည်သစ်ပါတီနှင့် ကေအင်န်ယူအဖွဲ့ ၅ ဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက် သည်။ ထိုအစည်းအဝေးမှ ပြည်နယ်ပေါင်းစုံ ပြည်ထောင်စုအမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု (ပမဒ)ကို ၂၇-၅-၇၅ ရက်နေ့တွင်ဖွဲ့စည်းသည်။ ယင်းအဖွဲ့တွင် မွန်ပြည်သစ်ပါတီ ပါဝင်ခြင်းမရှိသေး သော်လည်း၊ နောင်တွင်ဖြည့်စွက်ရန် စီစဉ်သည်။[၄]

မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ရွှေကျင်နှင့်အဖွဲ့သည် ဝါရီယူစခန်းတွင် နေထိုင်လျက်ရှိပြီး၊ လက်အောက်ခံတပ်ရင်း(၁)၊ တပ်ရင်း(၃)နှင့်တပ်ရင်း(၉)တို့ရှိရာစက်တင်ဘာလဆန်းတွင်တပ်ရင်း(၉)မှ တပ်ခွဲမှူးနိုင်ရွှေတုတ်နှင့်အဖွဲ့မွန်ပြည်သစ်ပါတီမှခွဲထွက်သည်။ ယင်းခွဲထွက်အဖွဲ့အား နိုင်တင်ဖေနှင့် အဖွဲ့မှလိုက်လံတိုက်ခိုက်ရာ ၈-၉-၇၅ရက်နေ့တွင်ယင်းအဖွဲ့ဖွဲ့သည်တံတားပြတ်အနီး၌တွေ့ဆုံတိုက်ပွဲ ဖြစ်ပွားသည်။ နိုဝင်ဘာလဒုတိယပတ်တွင် မွန်ပြည်သစ်ဗဟိုသည် ဝါရီယူ၌ညီလာခံကျင်းပရာ ပမဒတ အဖွဲ့သို့ဝင်ရေး, မဝင်ရေး ဆုံးဖြတ်ချက်မချနိုင်ဖြစ်ခဲ့သည်။[၅] ထားဝယ်နယ်မြေခံဗကပတပ်များသည် သရက်ချောင်းနှင့်လောင်းလုံနယ်မြေတွင်လှုပ်ရှားရာနယ်မြေဥက္ကဋ္ဌယူစိန်နှင့်အဖွဲ့သည်ဇလွတ်အော် နှင့် ကြယ်ယက်တွင်းတစ်ဝိုက်၌ရှိနေပြီး အတွင်းရေးမှူးတင်ထွန်းနှင့်အဖွဲ့သည် သရက်ချောင်းမြို့နယ် အတွင်း၌ရှိသည်။ မြိတ်နယ်ဗကပများသည် ပုလောနှင့် မြိတ်အနောက်ဖက်ခြမ်း၌ လှုပ်ရှားလျက်ရှိရာ

---

၁ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၅မှ ၃၀-၄-၇၅အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင် ရေးသုံးသပ်ချက် မျက် ၈၅

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၇၅မှ ၃၁-၁၂-၇၅အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင် ရေးသုံးသပ်ချက် မျက် ၁၀၈

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၇၅မှ ၃၁-၈-၇၅အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင် ရေးသုံးသပ်ချက် မျက် ၉၄

၅ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၅မှ ၃၀-၄-၇၅၊ ၁-၅-၇၅မှ ၃၁-၈-၇၅နှင့် ၁-၉-၇၅မှ ၃၁-၁၂-၇၅အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၉၂၊ ၁၀၀နှင့် ၁၁၉-၁၂၀

နယ်မြေဥက္ကဋ္ဌစောဟန်၏သတင်း လုံးဝမရဘဲ အတွင်းရေးမှူးစိုးလွင်သည် ကော့မပြင်တစ်ဝိုက်၌ ခိုအောင်းလျက်ရှိသည်။[၁] ဗကပ အင်အားမှာလည်း စုစုပေါင်း ၂၈၀ ခန့်သာရှိလေသည်။[၂]

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ အမှတ်(၁)စစ်ဗျူဟာအဖွဲ့သည် ၁၉၇၅ခုနှစ်အတွင်း၌ ဖါပွန်၊ လှိုင်းဘွဲ့၊ ဘားအံ၊ ကော့ကရိတ်နှင့် မြဝတီမြို့နယ်များ၌ အမှတ်(၂)ကချင်သေနတ်ကိုင်တပ် ရင်း၊ အမှတ်(၁၉)ခြေလျင်တပ်ရင်း၊ အမှတ်(၂၄)ခြေလျင်တပ်ရင်း၊ အမှတ်(၂၈)ခြေလျင်တပ်ရင်း၊ အမှတ်(၆၂) ခြေလျင်တပ်ရင်း၊ အမှတ်(၆၆)ခြေလျင်တပ်ရင်းများဖြင့် စစ်ဆင်ရေးပြုလုပ်ခဲ့သည်။ တပ်မတော်ဘက်မှ (၆၆)ဦးကျဆုံး၍ (၂၈၅)ဦးဒဏ်ရာရရှိကာ (၂)ဦးအဖမ်းခံရပြီး၊ ရန်သူဘက်မှ (၆၀)ကျဆုံး၍ (၄၉)ဦး ဖမ်းဆီးရမိကာ လက်နက်ချသူ (၁၀၀)ရှိခဲ့သည်။[၃]

အမှတ်(၂)စစ်ဗျူဟာအဖွဲ့မှလည်း ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်၊ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ ကျိုက်မရော၊ ကြာအင်းဆိပ်ကြီးနှင့် ချောင်းဆုံမြို့နယ်များတွင် အမှတ်(၃)ခြေလျင် တပ်ရင်း၊ အမှတ်(၃၂)ခြေလျင်တပ်ရင်း၊ အမှတ်(၆၁)ခြေလျင်တပ်ရင်း၊ အမှတ်(၉၇)ခြေလျင်တပ်ရင်း များဖြင့် စစ်ဆင်ရေးပြုလုပ်ခဲ့သည်။ ရန်သူ (၇၄)ဦးကျဆုံး၍ (၇၄)ဦးဖမ်းဆီးမိပြီး၊ (၈၉)ဦးလက်နက်ချ ခဲ့ကာ တပ်မတော်မှ (၅၀)ဦးကျဆုံး၍ (၅၅)ဦးဒဏ်ရာရရှိပြီး၊ (၁)ဦးအဖမ်းခံရသည်။[၄]

အမှတ်(၃)စစ်ဗျူဟာအဖွဲ့မှလည်း အမှတ်(၁၇)ခြေလျင်တပ်ရင်း၊ အမှတ်(၂၅)ခြေလျင်တပ်ရင်း၊ သတ္တုတိုးခဲ့တပ်ဖွဲ့မှ တပ်ခွဲ(၅)ခွဲတို့ဖြင့် ရေး၊ ရေဖြူ၊ လောင်းလုံ၊ သရက်ချောင်း၊ ပုလော၊ မြိတ်အရှေ့ နှင့် အနောက်၊ တနင်္သာရီ၊ ကော့သောင်နှင့် ဘုတ်ပြင်းမြို့နယ်များတွင် စစ်ဆင်ရေးဆင်နွှဲခဲ့ရာ ရန်သူ (၄၀)ဦးကျဆုံး၍ (၁၄၈)ဦးဖမ်းဆီးရမိပြီး၊ (၈၄)ဦး လက်နက်ချသည်။ တပ်မတော်မှ (၁၈)ဦးကျဆုံး၍ (၈၀)ဦး ဒဏ်ရာရသည်။[၅]

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၅မှ ၃၀-၄-၇၅၊ ၁-၅-၇၅မှ ၃၁-၈-၇၅နှင့် ၁-၉-၇၅မှ ၃၁-၁၂-၇၅အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ
မျက် ၉၂ ၁၀၀နှင့် ၁၁၉-၁၂၀

၂ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၃ (က) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၅မှ ၃၀-၄-၇၅၊ ၁-၅-၇၅မှ ၃၁-၈-၇၅နှင့် ၁-၉-၇၅မှ ၃၁-၁၂-၇၅အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက်များ
မျက် ၉၆-၉၇၊ ၁၀၃-၁၀၄၊ ၁၂၂-၁၂၃

(ခ) အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးမှတ်တမ်း

၄ (က) အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးမှတ်တမ်း

(ခ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၅မှ ၃၀-၄-၇၅၊ ၁-၅-၇၅မှ ၃၁-၈-၇၅၊ ၁-၉-၇၅မှ ၃၁-၁၂-၇၅ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ
မျက် ၁၀၃-၁၀၄၊ ၁၀၉-၁၁၀၊ ၁၃၃-၁၃၄

၅ (က) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၅မှ ၃၀-၄-၇၅၊ ၁-၅-၇၅မှ ၃၁-၈-၇၅၊ ၁-၉-၇၅မှ ၃၁-၁၂-၇၅ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ
မျက် ၁၀၃-၁၀၄၊ ၁၀၉-၁၁၀၊ ၁၃၃-၁၃၄

(ခ) အရှေ့တောင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးမှတ်တမ်း

၁၉၇၅ခုနှစ်အတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေရှိ သောင်းကျန်းသူများနှင့် တပ်မတော် စစ်ဆင်ရေး

ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌ ကေအင်ယူနှင့် ဗကပတို့သည် အခြေချလှုပ်ရှားနိုင်ခြင်းမရှိချေ။ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တပ်မတော်၏ထိုးစစ်ကို ရှောင်တိမ်း၍ လာရောက်မည်ကိုသာ သတိထားနေရာ ကေအင်ယူပြောက်ကျား ဟန်ကြည်နှင့်အဖွဲ့သည် ဖေါင်ကြီးမြောက်ခြမ်းတွင် အခြေခံနေရာမှ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းသို့ ကူးသွားသည်။ တစ်ဖက်နိုင်ငံရှိ ပြည်ပြေးအဖွဲ့မှမူ ဖေါက်ခွဲရေးသမားများစေလွှတ်၍ ဗုံးဖေါက်ခွဲခြင်းများ ပြုလုပ်ခဲ့သည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၁)စစ်ဗျူဟာအဖွဲ့၊ အမှတ်(၉၀)ခြေလျင်တပ်ရင်း၊ အမှတ်(၉၁)ခြေလျင်တပ်ရင်းများဖြင့် ပြည်ပြေးအဖွဲ့၊ ကေအင်ယူအဖွဲ့တို့ကိုဦးတည်၍ **ကျော်နိုင်စိုး** စစ်ဆင်ရေး ဆင်နွှဲခဲ့သည်။ ၁၉၇၅ခုနှစ်၊ မေလတွင်မူ ဖေါင်ကြီးစစ်နယ်မြေ၌ အမှတ်(၁)လေ့ကျင့်ရေးတပ်ရင်းပါဝင်လာခဲ့သည်။ ယင်းတပ်ဖွဲ့များအနက်အမှတ်(၉၀)ခြေလျင်တပ်ရင်းသည်ခရမ်းအရှေ့ခြမ်းသုံးခွ၊ ကျောက်တန်းတောင်ဘက်ခြမ်း၊ ခတ္တိယကျွန်း၊ တွံတေး၊ တောကြီးတန်း၊ မုတ်ကျွန်းနှင့်ဒလတောင်ခြမ်းနယ်မြေများတွင် လှုပ်ရှားသည်။ အမှတ်(၉၁)ခြေလျင်တပ်ရင်းသည်ဥက္ကံအရှေ့ခြမ်း၊ တိုက်ကြီး၊ ဥက္ကံမီးရထားလမ်း၊ အိုင်ကလောင်ကျွန်း၊ ဘောလယ်ကျွန်း၊ တက်သစ်ကျွန်းနှင့် ဖေါင်ကြီးမြောက်ခြမ်းနယ်မြေများ၌ လှုပ်ရှားသည်။ အမှတ်(၁)လေ့ကျင့်ရေးတပ်ရင်းက ဝါးချောင်း၊ ဖေါင်ကြီး၊ စာဘူးတောင်းမှအရှေ့ဘက် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌လှုပ်ရှားသည်။

တစ်ဖန် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တိုက်ရိုက်ကွပ်ကဲလျက် အမှတ်(၃)(၄)(၅)သေနတ်ကိုင်တပ်ရင်းများဖြင့် ရန်ကုန်မြို့တွင်းနှင့် ဆင်ခြေဖုံးများသို့ ထိုးဖောက်ဝင်ရောက်လာသော ပြည်ပြေးအပါအဝင် မြေအောက်အဖွဲ့အစည်များကို စစ်ဆင်ရေးပြုလုပ်ရာ ရန်ကုန်မြို့ကို စစ်နယ်မြေ(၁၂)ခုပိုင်းခြားခဲ့သည်။[၁]

၁၉၇၅ခုနှစ်အတွင်းအနောက်တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်စစ်ဆင်ရေး

အနောက်တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌ ဗကပတို့လှုပ်ရှားမှုမှာ ချုပ်ငြိမ်းသွားခဲ့ပြီဖြစ်၍ကေအင်ယူပီမှတိုင်းရုံးအုပ်စုန်းနောင်အပါအဝင် အင်အား(၃)ဦးသည် အင်္ဂပူမြို့နယ်အနောက်ခြမ်းတွင်လည်းကောင်း၊ အမှတ်(၉၄)ခရိုင်၏ရုံးအုပ်ဝေလာအပါအဝင်အင်အား(၃)ဦးသည်လေးမျက်နှာမြို့နယ်အနောက်ခြမ်းတွင်လည်းကောင်း၊ တပ်စုမှူးအလှအပါအဝင်အင်အား(၂)ဦးသည် အိမ်မဲမြို့နယ်အတွင်း၌လည်းကောင်း ရှိနေသော်လည်း လှုပ်ရှားမှုမရှိချေ။ ပြည်ပြေးအဖွဲ့ဝင်များသည် တစ်ဦးစ

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၁-၇၅ မှ ၃၁-၁၂-၇၅အတွင်း စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၁၂၁-၁၃၁

နှစ်ဦးစစ်မှဝင်လာခဲ့သော်လည်း နယ်မြေခံအဖွဲ့အစည်းများက ထောက်လှမ်းဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့သည်။ ၁၉၇၅ခုနှစ် ဒုတိယ(၄)လပတ်ကာလအတွင်း၌ ပြည်ပြေးဒေါက်တာမြင့်ဆိုင်အဖွဲ့မှ တပ်ကြပ်တင်မြ ခေါ် ဇော်မင်း၊ ပြည်ပြေးမော်စီတို့နှင့်တကွ ယင်းအဖွဲ့နှင့်ဆက်သွယ်၍ တောခိုရန် ကြံစည်သူ(၅)ဦးတို့ကို ဖမ်းဆီးမိခဲ့ပြီး ယင်းတတိယလေးလပတ်တွင် ပြည်ပြေးအဆက်အသွယ်(၁၁)ဦးကို ဖမ်းဆီးမိခဲ့သည်။[၀]

တပ်မတော်မှ အမှတ်(၁)စစ်ဗျူဟာအဖွဲ့၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့၊ အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၃၈)ခြေလျင်တပ်ရင်း၊ အမှတ်(၆၃)ခြေလျင်တပ်ရင်း၊ အမှတ်(၉၈)ခြေလျင်တပ်ရင်း၊ တိုင်းကွန်မန်ဒိုတပ်များဖြင့် ပုသိမ်၊ ဟသ်တ၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံဒေသများ၌ ဒေသန္တရထိုးစစ်ဆင်နွှဲခဲ့ရာ ရန်သူ(၂၇)ဦးလက်နက်ချ၍ (၄)ဦးဖမ်းဆီးရမိခဲ့သည်။[၂]

၁၉၇၅ခုနှစ်အတွင်းအနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများ နှင့် တပ်မတော်၏စစ်ဆင်ရေး

ရခိုင်ပြည်နယ်ဗကပအဖွဲ့မှ ပြည်နယ်အတွင်းရေးမှူးကျော်မြနှင့်အဖွဲ့သည် ၁၉၇၄ခုနှစ် နှစ်ကုန်ပိုင်းတွင် ဘူးသီးတောင်မြို့နယ်အရိုင်ထိုကြီးတွင်မိဇိုနာဂများနှင့်ပူးပေါင်းခိုလှုံခဲ့ပြီး ၁၉၇၅ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဘူးသီးတောင်မြို့နယ်၊ ရိချောင်းဖျားရှိ ချင်းဂါတစ်ဝိုက်သို့ ပြောင်းရွှေ့ခဲ့ကြောင်း သတင်းရရှိ၍ အမှတ်(၂၀)ခြေလျင်တပ်ရင်းမှ တပ်ခွဲတစ်ခွဲက ချင်းဂါတစ်ဝိုက် ရှင်းလင်းခဲ့ရာ ၂၇-၄-၇၅ ရက်နေ့တွင် ဗကပစခန်းကိုတွေ့ရှိ သိမ်းဆည်းခဲ့သော်လည်း ဗကပအဖွဲ့ရောင်တိမ်းသွားခဲ့သဖြင့် ထိတွေ့မှုမရှိခဲ့ချေ။ ၁၉၇၅ခုနှစ်၊ ဇန်နဝါရီလကုန်ပိုင်းတွင် တပ်မတော်အမှတ်(၅၅)ခြေလျင်တပ်ရင်းစစ်ကြောင်းနှင့်ပြည်နယ်စည်းရုံးရေးမှူးထွန်းကျော်ဦးစီးသောအဖွဲ့တို့ ဘူးသီးတောင်မြို့နယ်၊ တုံးချောင်းလေးဌတွေ့ဆုံတိုက်ပွဲဖြစ်ပွားရာခရိုင်စည်းရုံးရေးမှူးနှင့် မောင်တောမြို့နယ်အတွင်းရေးမှူးတို့အပါအဝင် ရန်သူ(၅)ဦးကျဆုံးခဲ့သည်။[၃] ပြည်နယ်အတွင်းရေးမှူးကျော်မြနှင့် အင်အား(၃၈)ဦးခန့်သည် ၁၉၇၅ခုနှစ် ဇူလိုင်လဒုတိယပတ်အတွင်း ဘင်္ဂလားဒေ့ရှ်နယ်စပ်သို့သွားရောက်ခဲ့ပြီး ၃-၁၂-၇၅ ရက်နေ့တွင် ငဖြုန်းသို့ပြန်လည်ရောက်ရှိသည်။[၄] ဗကပအနောက်မြောက်တိုင်း တိုင်းမှူးဗိုလ်သက်ထွန်း နှင့်အဖွဲ့သည် ၁၉၇၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် မင်းတုန်းမြို့နယ် ခလုပ်တဝိုက်တွင် ခိုအောင်းခဲ့ပြီး ၁၉၇၅ ခုနှစ်

---

၀ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၅ မှ ၃၁-၁၂-၇၅ အတွင်း စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၁၃၇၊၁၄၃၊၁၅၉

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၅ မှ ၃၁-၁၂-၇၅ အတွင်း စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၁၃၇၊၁၃၈၊၁၄၃-၁၄၄၊၁၅၉-၁၆၀

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၇၅မှ၃၀-၄-၇၅ အတွင်း အနောက်ပိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၁၄၁

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၇၅မှ၃၀-၄-၇၅ အတွင်း အနောက်ပိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၁၆၄

ဇန္နဝါရီလ ၂၄ ရက်နေ့တွင် အန်းမြို့နယ် လက်ပန်ရွာရှိ အမှတ်(၃၄)ခြေလျင်တပ်ရင်းမှ တပ်စုစခန်းနှင့် ပြည်သူ့ရဲစခန်းတို့ကိုဝင်ရောက်စီးနင်းခဲ့ပြီး၊ မင်းတုန်းမြို့နယ်အတွင်းသို့ ပြန်လည်ခိုဝင်သွားသည်။[၁]

ဗမာပြည်ကွန်မြူနစ်ပါတီ(နစ်နှီ) ကျော်ဇံရွှီးအဖွဲ့သည် အင်အား(၆၆)ဦးဖြင့်လည်းကောင်း၊ နစ်နှီမောင်ဟန်နှင့်အဖွဲ့သည် အင်အား(၈၃)ဦးဖြင့်လည်းကောင်း၊ မြေပုံ၊ မင်းပြား၊ ပေါက်တော၊ ရသေ့တောင်ဒေသများ၌လှုပ်ရှားလျက်ရှိနေပြီး၊ ရခိုင်လွတ်မြောက်ရေးတပ်မတော်(အေအိုင်အေ)အဖွဲ့ ဥက္ကဋ္ဌထွန်းရွှေမောင်ဦးစီးသော သောင်းကျန်းသူ(၄၆)ဦးသည် ကျောက်တော်၊ မြို့ဟောင်းတစ်ဝိုက်၌ ရှိသည်။ ရခိုင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့(ရမလပ)ဥက္ကဋ္ဌ မောင်စိန်ညွန့်အပါအဝင် အဖွဲ့ဝင် (၅၈)ဦးသည် ပလက်ဝမြို့နယ် နှစ်နိုင်ငံနယ်စပ်၌ ရှိနေသည်။ ကုလားဆိုးအဖွဲ့မှ ဥက္ကဋ္ဌဇော်ဖော့သည် တစ်ဖက်နိုင်ငံသို့ရောက်ရှိနေပြီး၊ အဘူဆီဒိတ်အဖွဲ့သည် အင်အား ၁၅ ဦးနှင့်ဘူးသီးတောင်၌ လည်းကောင်း၊ အဘူဟာရှိန်းအဖွဲ့သည်အင်အား(၇)ဦးနှင့် မောင်းတောင်၌လည်းကောင်း၊ အဘူရှောမား အဖွဲ့သည်အင်အား(၁၅)ဦးနှင့် မောင်တောင်၌လည်းကောင်း ရှိနေကြသည်။ မိဇိုအဖွဲ့မှ ခြသေ့တပ်မဟာ ဌာနချုပ်သည် အင်အား ၁၅၀၊ လက်အောက်ခံတပ်ရင်းများသည် အင်အား ၂၅၀ ဖြင့် ပုဏ္ဏားကျွန်း၊ ဘူးသီးတောင်တို့တွင်ရှိသည်။[၂]

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်သည် စစ်ဗျူဟာအဖွဲ့(၁)ဖွဲ့၊ အမှတ်(၂၀)ခြေလျင်တပ်ရင်း၊ အမှတ်(၃၄)ခြေလျင်တပ်ရင်း၊ အမှတ်(၄၄)ခြေလျင်တပ်ရင်း၊ အမှတ်(၅၅)ခြေလျင်တပ်ရင်း၊ အမှတ် (၉၂)ခြေလျင်တပ်ရင်း၊ အမှတ်(၈၈)ခြေလျင်တပ်ရင်း၊ တိုင်းကွန်မန်ဒိုတပ်စု(၅)စုတို့ဖြင့် **ခညဝတီ စစ်ဆင်ရေး** ဆင်နွှဲခဲ့ရာ တပ်မတော်မှ (၁၁)ဦးကျဆုံး၍ (၂၇)ဦးဒဏ်ရာရရှိပြီး၊ ရန်သူဘက်မှ ၈၃ ဦး ကျဆုံး၍ ၂၇ဦး ဖမ်းဆီးရမိကာ (၈၀)ဦး လက်နက်ချသည်။[၃]

၁၉၇၅ခုနှစ်အတွင်းအနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

ဗကပသရက်ခရိုင်ကော်မတီဥက္ကဋ္ဌ ဇံရင်သည် အနောက်မြောက်တိုင်းပိုလ်သက်ထွန်းအဖွဲ့နှင့် ပူးပေါင်းလှုပ်ရှားလျက်ရှိ၍ ပခုက္ကူနယ်မြေအတွင်းသို့ ပြန်လည်ဝင်ရောက်လာခြင်းမရှိချေ။ ဗကပ မင်းဘူးခရိုင်တပ်အားတိုင်းကော်မတီနှင့်အရံဗဟိုကော်မတီဝင်စိုးသိန်းက ဦးဆောင်လှုပ်ရှားလျက်ရှိရာမှ မင်းဘူးခရိုင်အတွင်း တပ်မတော်၏ထိုးစစ်ကြောင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အမ်းမြို့နယ် အတွင်းသို့ ဝင်ရောက်ခိုအောင်းနေသည်။ ဗကပအဖွဲ့သည် စုစုပေါင်းအင်အား (၉၂)ဦးမျှသာ

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၁-၇၅ မှ ၃၀-၄-၇၅ အတွင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၁၄၄

၂ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၁-၇၅ မှ ၃၁-၁၂-၇၅ အတွင်းအနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက်များ မျက် ၁၅၁၊ ၁၆၀၊ ၁၈၀။

ရှိသည်၊ အလံနီကွန်မြူနစ်ပါတီမှ ဗဟိုကော်မတီဝင် သော်တာဦးဆောင်သောအဖွဲ့သည် အင်အား (၂၄)ဦးဖြင့် စလင်းချောင်းဒေသတစ်လျှောက် လှုပ်ရှားလှုပ်ရှိပြီး၊ ဘဖေဦးဆောင်သော အလယ်ပိုင်းတပ်ရင်းသည်အင်အား(၅၈)ဦးဖြင့် ပေါက်မြို့နယ်မြောက်ခြမ်း၊ မြိုင်မြို့နယ်မြောက်ခြမ်းတို့တွင် လှုပ်ရှားနေခဲ့သည်၊ တောင်ပိုင်းနာဂသောင်းကျန်းသူအင်အား(၈)ဦးသည် မြန်မာအိန္ဒိယနယ်စပ်၌ လည်းကောင်း၊ ခပ်ပလန်၏မြောက်ပိုင်းနာဂများသည် အင်အား(၁၁၄)ဦးဖြင့်နမ့်ယွမ်းမြို့နယ်တစ်ဝိုက်တွင်လည်းကောင်း ရှိနေကြသည်၊ ချင်းသောင်းကျန်းသူဗဟိုဌာနချုပ်သည် ဟားခါး၊ ဖလမ်းဒေသတစ်ဝိုက်တွင်ရှိနေသည်၊ ကေအိုင်အေကချင်သောင်းကျန်းသူတို့သည်လည်း အနောက်မြောက်တိုင်းနယ်မြေအတွင်းသို့ဝင်ရောက်တိုက်ခိုက်ခြင်း၊ သတင်းထောက်လှမ်းခြင်းများ ပြုလုပ်လျက်ရှိ၍ အမှတ်(၄၂)ခြေလျင်တပ်ရင်းမှ လိုက်လံရှင်းလင်းရာ ၂၄-၃-၇၅ရက်နေ့တွင် ကေအိုင်အေအင်အား (၇၀)ခန့်နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားပြီး၊ ကေအိုင်အေ(၂)ဦးကျဆုံး၍ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိသည်။[၁]

အနောက်မြောက်တိုင်းစစ်ဌာနချုပ်သည် ၁၉၇၀ပြည့်နှစ်မှစ၍ အစဉ်တစိုက် ဆင်နွှဲခဲ့သော **အောင်သီဟစစ်ဆင်ရေး**ကို ၁၉၇၅ခုနှစ်၊ အေပြီလ ၃၀ ရက်နေ့တွင် အဆုံးသတ်၍ **ရွှေပြည်သာ**စစ်ဆင်ရေးကို ၁၉၇၅ခုနှစ်၊ မေလ ၁ ရက်နေ့မှစတင်ဆင်နွှဲခဲ့သည်။ အဆိုပါစစ်ဆင်ရေးတွင် အမှတ်(၉၅)ခြေလျင်တပ်ရင်းကို တိုင်းစစ်ဌာနချုပ်မှ တိုက်ရိုက်ကိုင်တွယ်၍ မိတ္ထီလာဒေသ၊ ကျောက်ဆည်ဒေသနှင့် မန္တလေးဒေသများတွင် ထိုးစစ်ဆင်ခဲ့ပြီး၊ အမှတ်(၁)စစ်တျူဟာအဖွဲ့မှ အမှတ်(၈၇)ခြေလျင်တပ်ရင်း၊ အမှတ်(၈၈)ခြေလျင်တပ်ရင်း၊ အမှတ်(၅၀)ခြေလျင်တပ်ရင်းများဖြင့် ချင်းပြည်နယ် မတူပီ၊ မင်းတပ်၊ ကန်ပက်လက်၊ မကွေးတိုင်း ရေဝကြို၊ ဆော၊ ဆိပ်ဖြူ စလင်း၊ စေတုတ္တရာ၊ ပွင့်ဖြူ ငဖဲဒေသများတွင် တိုက်ခိုက်သည်။ အမှတ်(၂)စစ်တျူဟာအဖွဲ့သည် အမှတ်(၄၂)ခြေလျင်တပ်ရင်း၊ အမှတ်(၈၉)ခြေလျင်တပ်ရင်းများဖြင့် ချင်းပြည်နယ် ဖလမ်း၊ တီးတိန်၊ ထွန်းဇံ၊ ထန်တလန်၊ ဟားခါး၊ မကွေးတိုင်း၊ ဂန့်ဂေါ၊ မန္တလေးတိုင်း သပိတ်ကျင်း၊ မိုးကုတ်၊ စစ်ကိုင်းတိုင်း မော်လိုက်၊ တမူး၊ ဖေါင်းပြင်၊ ကလေးတို့တွင် ထိုးစစ်ဆင်သည်။ တပ်မတော်မှ ၄ ဦးကျဆုံး၍၊ ၆၁ ဦးဒဏ်ရာရရှိပြီး၊ ရန်သူဘက်မှ (၁၇)ဦးကျဆုံး၍ ၁၂ ဦးဖမ်းမိကာ ၂၉ ဦးလက်နက်ချသည်။[၂]

(က) ကကကြည်း(စစ်ဆင်ရေး)ဌာနစုံ၏ ၁-၁-၇၅ မှ၃၁-၁၂-၇၅ အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ မှက် ၁၅၄၊ ၁၆၅၊ ၁၈၅-၁၈၆

(ခ) အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

ကကကြည်း(စစ်ဆင်ရေး)ဌာနစုံ၏ ၁-၁-၇၅ မှ၃၁-၁၂-၇၅ အတွင်း အနောက်မြောက်တိုင်း စစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ မှက် ၁၅၅-၁၅၆၊ ၁၆၆-၁၇၁၊ ၁၈၆-၁၈၇

၁၉၇၅ခုနှစ်အတွင်းအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

တပ်မတော်မှ **အောင်စိုးမိုး**စစ်ဆင်ရေးဆင်နွှဲလျက်ရှိရာ သခင်ဇင်ဦးဆောင်သော အင်အား (၅၁)ဦးပါ ဗဟိုအဖွဲ့သည် သဲဝါချောင်းသို့ရောက်ရှိ ခိုအောင်းနေစဉ် ၁၈-၁၀-၇၄ ရက်နေ့တွင် အမှတ်(၆)ခြေလျင်တပ်ရင်းနှင့်အမှတ်(၇၀၇)ကွန်မန်ဒိုစစ်ကြောင်းတို့ဝင်ရောက်တိုက်ခိုက်၍ သခင်ဇင်အဖွဲ့နှင့် သခင်ချစ်အဖွဲ့တို့ တကွဲတပြားစီထွက်ပြေးကြသည်။ ၁၉၇၄ခုနှစ်၊ နိုဝင်ဘာလအထိ ထိုအဖွဲ့ ၂ဖွဲ့ ပြန်လည်ပေါင်းစည်းမိခြင်းမရှိဘဲ၊ အင်အား(၃၃)ဦးပါဝင်သည့် သခင်ဇင်အဖွဲ့၊ သခင်ဇင်အဖွဲ့မှ ထပ်မံကွဲပြားသွားသည့်အင်အား(၄)ဦး၊ သခင်ချစ်အဖွဲ့မှအင်အား(၆)ဦးနှင့် သခင်ချစ်အဖွဲ့မှ ကွဲထွက်သွားသည့် မမြင့်ဌေးစသည်တို့ဖြင့် အကွဲကွဲအပြားပြားရှိနေသည်။ သခင်ဇင်အဖွဲ့မှ ဗဟိုစခန်းကော်မတီအောင်မြကြည်နှင့်အဖွဲ့ကို ယောင်ပြလှုပ်ရှားစေရန်စေလွှတ်ခဲ့ရာယင်းအဖွဲ့လည်း လက်နက်ချ အလင်းဝင်ခဲ့သည်။ သခင်ဇင်တို့အဖွဲ့သည် ၁၉၇၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် သခင်ချစ်တို့အဖွဲ့နှင့်ပြန်လည်ပေါင်းစည်းမိသည်။ ဖေဖော်ဝါရီလ(၂၆)ရက်နေ့တွင်အမှတ်(၁၀၂)ခြေမြန်တပ်ရင်းမှတပ်စု ၂ စုနှင့်ဗဟိုအဖွဲ့တို့တိုက်ပွဲဖြစ်ပွားရာ ဗဟိုကော်မတီရဲဘော်တုတ်နှင့် ဗဟိုရုံးအုပ်ရဲဘော်ညီတို့အား ဒဏ်ရာများဖြင့်ဖမ်းဆီးရမိပြီးနောက် ကွယ်လွန်သွားခဲ့သည်။ မတ်လ ၁၅ ရက်နေ့တွင်မူ ရဲနွယ်ချောင်းမကြီး၏ အနောက်တောင်ဘက် ပိန်းချောင်းလက်တက် ညာဘွားချောင်း၏ လက်တက်ငယ်ဖြစ်သည့် ဖွတ်ကျားချောင်း၌ သခင်ဇင်၊ သခင်ချစ် အပါအဝင် (၃)ဦးကို အသေရမိပြီး (၁)ဦးကို အရှင်မိကာ တစ်ဦးလွတ်မြောက်သွားသည်။ သို့ဖြင့် ၁၉၇၅ခုနှစ်၊ အေပြီလနောက်ပိုင်း ပဲခူးရိုးမဒေသ၌ နောက်ပိုင်းတွင် ဗဟိုကော်မတီဖြစ်လာ သည့်စိုးကြည်အပါအဝင် ဗကပ(၅)ဦးသာ ကျန်ရှိရာမှ ၁၉၇၅ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နှင့် ၁၁ ရက်နေ့များတွင် စိုးကြည်နှင့်ဘုန်းကျော်တို့ကျဆုံးခဲ့၍ ပဲခူးရိုးမ၌ ဗကပ(၃)ဦးသာ ကျန်ရှိတော့သည်။

ဥက္ကဋ္ဌစောမြမောင်ခေါင်းဆောင်သော ကေအင်ယူပီဗဟိုအဖွဲ့သည် ၁၉၇၅ခုနှစ်၊ ဇန်နဝါရီလ ဒုတိယပတ်ခန့်အထိ ကန့်ဘလူတောင်၊ ၁၉၇၅ခု မတ်လ ဒုတိယပတ်ခန့်၌ တာမဲလောချောင်းတို့၌ ခိုအောင်းပြီး၊ ၂၀-၄-၇၅ ရက်နေ့တွင် အမှတ်(၁၀၄)ခြေမြန်တပ်ရင်းစစ်ကြောင်းနှင့် တွေ့ထိတိုက်ပွဲဖြစ်ပွားပြီးနောက်စစ်တောင်းမြစ်အား ဖြတ်ကူးရန်ကြိုးပမ်းစဉ် ကြိုတင်ပိတ်ဆို့စောင့်ဆိုင်းလျက်ရှိသော အမှတ်(၅၉)ခြေလျင်တပ်ရင်းမှ တပ်စိတ် ၂ စိတ်နှင့်တိုက်ပွဲဖြစ်ပွားသည်။ တိုက်ပွဲအကြားမှ စစ်တောင်းမြစ်ကို အတင်းဖြတ်ကူးလာသည့် ကေအင်ယူပီအဖွဲ့သည် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းတွင် အမှတ်(၆၀)ခြေလျင်တပ်ရင်းမှ တပ်စိတ် ၁ စိတ်နှင့်ထပ်မံတိုက်ပွဲဖြစ်ပွားသည်။ ကေအင်ယူပီအဖွဲ့သည် ပြိုကွဲလျက်ရှိရာ ကျောက်ကြီးတောင်ခြမ်း၌ ကျော့နှင့်အင်အား(၄၃) ဦးခန့် ပဲခူးရိုးမ၌ အဖွဲ့ငယ်(၈)ဖွဲ့၊ စုစုပေါင်းအင်အား(၄၂)ဦးသာ ကျန်ရှိတော့သည်။ ကေအင်ယူပီ စောမြမောင်တို့သည် မိမိတို့နှင့် ခံယူချက်မတူသည့်ကေအင်ယူတပ်ဦးထံသို့လက်နက်အသိမ်းခံ၍ ပူးပေါင်းခဲ့ရသည်။ ကေအင်ယူတပ်ဦး

မှ တပ်မဟာ(၂)နှင့် တပ်မဟာ(၃)တို့သည် ပြောင်မသို့၊ ထိပ်ပု၊ ဇင်းတိုင်ကြီးတစ်ဝိုက်နှင့် ဇင်းဂါ၊ မူသဲကွင်းတို့၌ လှုပ်ရှားလျက်ရှိသည်။ ပြည်ပြေးအောင်တပ်ရင်း(၁)မှ ထိန်ဝင်းဦးစီးသောအင်အား ၄၀ခန့်နှင့် ရဲဝင်းဦးစီးသောအင်အား(၁၂)ဦးခန့်သည်လည်း အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်နယ်မြေတွင် လှုပ်ရှားလျက်ရှိရာ ကေအင်ယူပီကျေးအဖွဲ့မှ တိုက်ခိုက်၍ ၁၀-၆-၇၅ ရက်နေ့တွင် ပြည်ပြေးထိန်ဝင်းနှင့် ၂ ဦးအား သတ်ဖြတ်ခဲ့သည်။[၁]

အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်သည် အမှတ်(၇၇၁)(၇၇၂)(၇၇၃)စသည်ဖြင့် နည်းဗျူဟာအဖွဲ့များ၊ ရှမ်းသေနတ်ကိုင်တပ်ရင်း(၁)၊ အမှတ်(၂)ခြေလျင်တပ်ရင်း၊ အမှတ်(၆)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၂)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၄)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၅)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၆)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၇)ခြေမြန်တပ်ရင်းများဖြင့် အောင်စိုးမိုးစစ်ဆင်ရေးအဆင့်(၃) (၄) (၅)တို့ကို ဆင်နွှဲလျက်ရှိသည်။

ထိုနှစ်အတွင်းမှာပင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ကျော်နိုင်စစ်ဆင်ရေးများကို ဆင်နွှဲလျက် ရှိရာ တိုင်းမှတိုက်ရိုက်ကွပ်ကဲ၍ အမှတ်(၂၆)ခြေလျင်တပ်ရင်း၊ အမှတ်(၃၀)ခြေလျင်တပ်ရင်း၊ အမှတ်(၃၉)ခြေလျင်တပ်ရင်း၊အမှတ်(၄၈)ခြေလျင်တပ်ရင်း၊အမှတ်(၈၅)ခြေလျင်တပ်ရင်း၊ အမှတ်(၇၁) ခြေလျင်တပ်ရင်း၊ အမှတ်(၇၃)ခြေလျင်တပ်ရင်းများဖြင့် ၁-၁-၇၅မှ ၃၀-၄-၇၅အထိ ကျော်နိုင်(၁) စစ်ဆင်ရေးကို ပြည်၊ သာယာဝတီ၊ ပဲခူးတို့၌ ဆင်နွှဲခဲ့သည်။ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကလည်း အမှတ်(၃၅)ခြေလျင်တပ်ရင်း၊ အမှတ်(၅၃)ခြေလျင်တပ်ရင်း ၂ ရင်းဖြင့် ၁-၁-၇၅မှ ၃၀-၄-၇၅အထိ ကျော်နိုင်(၂)စစ်ဆင်ရေးကို သာယာဝတီ၊ ပြည်၊ သရက်များတွင်ဆင်နွှဲပြီး၊ အမှတ်(၂) စစ်ဗျူဟာအဖွဲ့မှအမှတ်(၅၇)ခြေလျင်တပ်ရင်း၊ အမှတ်(၆၀)ခြေလျင်တပ်ရင်း၊ အမှတ်(၅၉)ခြေလျင်တပ်ရင်းများဖြင့် ကျော်နိုင်(၃)စစ်ဆင်ရေးကို ကျောက်ကြီး၊ ရွှေကျင်မြို့နယ်များ၌ ဆင်နွှဲခဲ့လေသည်။[၂] ဤစစ်ဆင်ရေးများတွင် တပ်မတော်မှ (၅၂)ဦးကျဆုံး၍ (၃၂၁)ဦးဒဏ်ရာရပြီး၊ ရန်သူဘက်မှ (၁၀၇)ဦးကျဆုံးကာ (၁၇၉)ဦးဖမ်းဆီးရမိ၍ လက်နက်ချသူ (၁၅၂)ဦးရှိသည်။[၃]

၁၉၇၆ ခုနှစ်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော် ၏စစ်ဆင်ရေး

ဗကပတပ်ရင်း(၁၀၁)စစ်ဌာနချုပ်သည် တပ်ခွဲတစ်ခွဲဖြင့် တစ်ဘက်နိုင်ငံအနီး စင်ခေါင်၌ ဆက်လက်အခြေပြုပြီး၊ ကျန်တပ်ခွဲ ၄ ခွဲကိုကန်ဘိုက်တီး၌ ဖြန့်ခွဲထားလျက်ရှိသည်။ ၅-၁-၇၆ ရက်နေ့

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၅ မှ၃၁-၁၂-၇၅ အတွင်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၁၆၄-၁၈၀၊ ၁၇၅-၁၈၁၊ ၁၉၇-၂၀၂

၂ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၅ မှ၃၁-၁၂-၇၅ အတွင်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၁၈၁-၁၉၂၊ ၂၀၂-၂၀၄၊ ၁၈၀-၁၉၀

တွင် ဗကပ(၂၅)ဦးခန့်သည် ကျောက်တောင်စခန်းနှင့် အလယ်ကုန်းစခန်းများသို့ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်သည်။ ၁၂-၁-၇၆ ရက်နေ့တွင်မူ ဗကပအင်အား(၂၀၀)ခန့်သည် ၅၇မမ၊ ၈၂မမနှင့် ၆၀မမလက်နက်ကြီးများဖြင့် အမှတ်(၅၈)ခြေလျင်တပ်ရင်းမှ တပ်စိတ်တစ်စိတ် တပ်စွဲထားသော ရွာငေါ်စခန်းကို လာရောက်တိုက်ခိုက်၍ စခန်းကျသွားသည်။ ၁၈-၁-၇၆ ရက်နေ့တွင်ဗကပ အင်အား(၆၀)ခန့်သည် အမှတ်(၅၈)ခြေလျင်တပ်ရင်း တပ်စွဲထားသော ရစ်ကျော်စခန်းကို လာရောက်တိုက်ခိုက်သည်။ ၁၉၇၆ခုနှစ်၊အောက်တိုဘာလ ၁၇ ရက်နေ့တွင်ဗကပတပ်ရင်း(၁၀၁)မှ စစ်ဆင်ရေးမှူးထွန်းမောင်ဦးစီးသော အင်အား(၆၀)ခန့်သည် တစ်ဘက် နိုင်ငံတကာဟိုဝမ်မှကန်ဘိုက်တီးသို့ ရောက်ရှိလာသည်။ တာဟိုဝမ်တွင် ကား(၉)စီးတိုက်စာ လက်နက် ပစ္စည်းများစုပုံထားရှိသည်။[၃] ဗကပတပ်ရင်း(၁၀၁)သည် အင်အား ၆၅၀ ရှိရာမှ ၇၂၅ဦးသို့ တိုးတက်လာသည်။[၄]

ကေအိုင်အေစစ်ဦးစီးဌာနချုပ်ကိုတြိဂံနယ်မြေလက်ကောင်းတွင်အခြေပြုထားပြီး၊ ကေအိုင်အေဗဟိုကော်မတီအစည်းအဝေးကို ၁၂-၁-၇၆ရက်နေ့တွင်တပ်ရင်း(၃)ဌာနချုပ်၊ ပါဂျိုနယ်မြေ ပါဂျိုချောင်းအရှေ့ဘက်ကမ်းခြေရှိ တရုတ်ရွာ ဓါးကောင်းကထောင်၌ပြုလုပ်ခဲ့ပြီး၊ ပါတီဗဟိုကော်မတီနှင့် ကောင်စီဥက္ကဋ္ဌအဖြစ် မရန်ဘရန်ဆိုင်း၊ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌနှင့် ဒုတိယစစ်ဦးစီးချုပ် ဗိုလ်မှူးကြီးဇော်မိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌနှင့်စစ်ဦးစီးချုပ်ဗိုလ်မှူးချုပ်တူးကျိုင်၊ ပါတီအထွေထွေအတွင်းရေးမှူး ဇောင်းဟရားတို့ကို ရွေးချယ်တင်မြှောက်သည်။ ဗဟိုကော်မတီအစည်းအဝေးတွင် ဗကပတို့၏ ညီညွတ်ရေးကမ်းလှမ်းချက်ကိုထည့်သွင်းဆွေးနွေးလျက်ဖေဖော်ဝါရီလဆန်းတွင်ကိုယ်စားလှယ်အဖွဲ့၊ တရုတ်ပြည်သို့ စေလွှတ်ရန် ၂၃-၇-၇၆ရက်နေ့မှစ၍ အပစ်အခတ်ရပ်စဲထားရန် ဆုံးဖြတ်ခဲ့သည်။ ယိုးဒယားရှိ ကေအိုင်အေနိုင်ငံခြားဆက်သွယ်ရေး ထန်ဝိုးစခန်းကို ခွန်ချိုကဦးစီး၍ ကေအိုင်အေခေါင်းဆောင်(၃)ဦးသတ်ဖြတ်မှုကို စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းကာ စစ်ဆေးပြီး၊ ဆိုင်းတူနှင့်နောက်လိုက်(၃)ဦးကို ၅-၃-၇၆ ရက်နေ့တွင် သေဒဏ်ပေးခဲ့သည်။ ၁၉၇၆ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် တပ်မတော်(လေ)မှ လကန်ကောင်းရှိ ကေအိုင်အေစစ်ဦးစီးဌာနချုပ်ကို ဗုံးကြဲ တိုက်ခိုက်၍ ကေအိုင်အေတပ်ကြပ်တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာရရှိပြီး ဆက်သွယ်ရေး စက်ပျက်စီးသည်။ နောက်တစ်နေ့ ဇွန်လ ၃ ရက်နေ့မှစ၍ စခန်းကို ကန်ဘွဲ့သို့ရွှေ့ပြောင်းသည်။ ၁၉၇၆ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် မရန်ဘရန်ဆိုင်း၊ ဗိုလ်မှူးကြီးဇော်မိုင်တို့သည် တစ်ဘက်နိုင်ငံ သို့ထွက်ခွါသွားပြီး၊ စက်တင်ဘာလတွင်မှ ပြန်လည်ရောက်ရှိလာသည်။ တစ်ဘက်နိုင်ငံနှင့် နားလည်မှုရရှိကာ လက်နက်ခဲယမ်းအချို့ အကူအညီရရှိပြီး တပ်တိုးချဲ့ဖွဲ့စည်းရန်တပ်မဟာ(၂)နယ်မြေ၊ တပ်ရင်းအသီးသီးမှတပ်ခွဲ(၃)ခွဲအင်အား ထုတ်နှုတ်ပေးရန် တောင်းဆိုသည်။ ထန်ဝိုးရှိနိုင်ငံခြားဆက်သွယ်ရေး စခန်းကို ခွန်ချိုမှ လဒွဲသို့ ၁၉-၅-၇၆ ရက်နေ့တွင် လွှဲပြောင်းပေးသည်။ ကေအိုင်အေတပ်မဟာ(၁) သည် အင်အား ၆၁၂ ဦးဖြင့် ပူတာအို၊

---

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၁-၇၆ မှ၃၁-၁၂-၇၆ အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၁၊ ၂

၄ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးမှတ်တမ်း

မချမ်းဘော၊ ဆွမ်ပရာဘွမ်၌လည်းကောင်း၊ တပ်မဟာ(၂) သည် အင်အား ၉၁၂၌ဦးဖြင့် မိုးညှင်း၊ မိုးကောင်း၊ တနိုင်းတို့တွင်လည်းကောင်း၊ တပ်မဟာ(၃)သည် အင်အား ၁၀၂၈ဖြင့် ဗန်းမော်၊ မိုးမောက်၊ ဝိုင်းမော်တို့၌လည်းကောင်းရှိနေပြီး၊ ကေအိုင်အေစုစုပေါင်းအင်အားမှာ ၂၇၇၂၌ဦးဖြစ်သည်။[၁]

ပြည်ပမှ မီဆိုနာဂ မီနူးဦးစီးသော အင်အား(၁၂၀)ခန့်သည် ၁၉၇၅ခုနှစ်အတွင်းက ကေအိုင်အေ အကူအညီဖြင့် တစ်ဖက်နိုင်ငံသို့သွားရောက်၍ စစ်ပညာသင်ကြားပြီး၊ ၁၉၇၆ခု၊ ဖေဖော်ဝါရီလကုန်ခန့်တွင် နာဂတောင်တန်းဒေသသို့ပြန်လည်ရောက်ရှိလာရာ အိန္ဒိယနိုင်ငံတပ်များ ကနယ်စပ်ပိတ်ဆို့ထားခြင်းကြောင့် နယ်စပ်တစ်လျောက်လှုပ်ရှား၍ တပ်ရင်း(၂၂)၊ တပ်ရင်း(၂၃)နှင့် တပ်ရင်း(၂၄)ဖွဲ့စည်းထားသည်။ မီဆိုနာဂများသည် ပြည်တွင်းနာဂတို့နှင့်ပူးပေါင်း၍ ဆက်သွယ်ရေးလမ်းကြောင်းများ ဖျက်ဆီးခြင်း၊ ပြည်သူစစ်စခန်းများအား စီးနင်းတိုက်ခိုက်ခြင်း၊ တပ်မတော်စစ်ကြောင်းများအား ခြုံခိုတိုက်ခိုက်ခြင်း၊ ကျောင်းသားလူငယ်များအား ဖမ်းဆီးခေါ်ဆောင်ခြင်းများ ပြုလုပ်လျက်ရှိသည်။ ပြည်ပနာဂတပ်ရင်းများသည် နမ့်စလိန်ချောင်း၊ နမ့်ဖုတ်ချောင်းနှင့် နမ့်ပုတ်ချောင်းဆုံမှ ချင်းတွင်းဖြစ်ကြောင်းအတိုင်း ဝမ်းဘဲရွာ၊ နမ့်စလိန်ချောင်းမြောက်ဘက်၊ နမ့်ပုတ်ချောင်းအနောက်ဘက်ဒေသတို့၌ အခြေပြုလှုပ်ရှားသည်။ ပြည်တွင်းမြောက်ပိုင်းနာဂအဖွဲ့မှ ခပ်ဖလန်နှင့် ဘောနောဦးစီသော အင်အား(၇၀)ခန့်သည် ၁၉၇၄ခုနှစ်ဖေဖော်ဝါရီလခန့်က ကေအိုင်အေဇော်အိမ်အဖွဲ့နှင့်ပေါင်း၍ တစ်ဖက်နိုင်ငံသို့ စစ်ပညာသွားရောက်သင်ကြားခဲ့သည်။[၂]

တပ်မတော် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ **ရန်မျိုးအောင်** စစ်ဆင်ရေးကိုဆက်လက်ဆင်နွှဲခဲ့ရာတိုင်းစစ်ဌာနချုပ်မှတိုက်ရိုက်ဦးစီး၍ အမှတ်(၁၅)ခြေလျင်တပ်ရင်း၊ အမှတ်(၂၁)ခြေလျင်တပ်ရင်း၊ အမှတ်(၂၇)ခြေလျင်တပ်ရင်း၊အမှတ်(၃၇)ခြေလျင်တပ်ရင်း၊ အမှတ်(၄၆)ခြေလျင်တပ်ရင်း၊ အမှတ်(၅၂)ခြေလျင်တပ်ရင်း၊ အမှတ်(၈၆)ခြေလျင်တပ်ရင်းများဖြင့် ချောင်းဝ၊ မိုးညှင်း၊ မိုးကောင်း၊ ကာမိုင်း၊ အင်ဂျင်းယန်၊ မြစ်ကြီးနား၊ ထရန်ဇွတ်၊ ဆွမ်ပရာဘွမ်၊ ပူတာအို၊ မချမ်းဘော၊ ခန္ဓီး၊ ဟုမ္မလင်း၊ တနိုင်း၊ နမ္မတီးနယ်မြေများတွင်လည်းကောင်း၊အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကအမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂၉)ခြေလျင်တပ်ရင်း၊ အမှတ်(၄၇)ခြေလျင်တပ်ရင်းများဖြင့် မြို့သစ်၊ ဒေါ်ဖုန်းယန်၊ နားလုံ၊ ဗန်းမော်၊ မိုးမောက်၊ မန်စီ၊ မဒယ်နယ်မြေများတွင်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကအမှတ်(၄၀)ခြေလျင်တပ်ရင်း၊ အမှတ်(၅၆)ခြေလျင်တပ်ရင်း၊ အမှတ်(၅၈)ခြေလျင်တပ်ရင်းများဖြင့် ချီတွေ၊ ရစ်ကျော်၊ လောခေါင်၊ ဆောလော၊ ဝိုင်းမော်၊ ကန်တော်ယန်၊ ဆဒုံး၊ ဝေါခြုံဒေသများတွင်

---

၁ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၆ မှ၃၁-၁၂-၇၆ အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၁၅-၂၀၊ ၁၀-၁၂ ၂၁-၂၄

လည်းကောင်း တိုက်ခိုက်ခဲ့ကြသည်။ တပ်မတော်မှ ၁၅၅ ဦးကျဆုံး၍၊ ၂၈၁ ဦး ဒဏ်ရာရရှိကာ ရန်သူဘက်မှ ၁၆၂ ဦးကျဆုံး၍ ၃၃၂ ဦးဖမ်းဆီးရမိပြီး၊ ၅၈ ဦးလက်နက်ချသည်။[၁]

၁၉၇၆ခုနှစ်အတွင်းအရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများ နှင့် တပ်မတော်စစ်ဆင်ရေး

နိုင်ငံရေးမှူးယမ်ကွန်း (ခေါ်)နေဝင်းနှင့် စစ်ရေးတာဝန်ခံကျောက်မြင့် (ခေါ်)ဇော်မိုင်တို့ ဦးစီးသော အရှေ့မြောက်စစ်ဒေသဌာနချုပ်သည် ဌာနချုပ်လုံခြုံရေးတပ် အမှတ်(၁၄၄)အပါအဝင် အင်အား(၄၀၀)ခန့်ဖြင့် ပန်ဆန်းတွင် အခြေပြုလျက်ရှိသည်။ ဗဟိုကော်မတီဝင် ရဲဘော်ခင်မောင်ကြီး နှင့်အသားမည်းမျိုးမြင့်တို့သည် ၁၉၇၆ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ပန်ဆန်းမှ မန်မန်ဆိုင်သို့ ရောက်ရှိလာပြီး၊ ဩဂုတ်လတတိယပတ်တွင် ပန်ဆန်းသို့ ပြန်လည်ထွက်ခွါသည်။ ပန်ဆန်း စစ်ဌာနချုပ်တွင် ဇော်မိုင်၊ တိုက်အောင်၊ ခင်မောင်ကြီးနှင့် အသားမည်းမျိုးမြင့်တို့ရှိသည်။[၂]

ဗကပတပ်မဟာ(၂)သည် အင်အား ၁၆၆၀ ဖြင့် မုံးယား၊ မန်မော၊ နမ့်တောင်း၊ မုံးယု၊ စီစီဝမ်၊ တာပန်၊ တိုစွမ်းနမ့်ကျွမ်း၊ ကောင်းဝိုင်ဒေသများတွင်လည်းကောင်း၊ တပ်မဟာ(၅)သည် အင်အား ၁၂၃၀ ဖြင့် ပန်ယန်း၊ ခွန်ပန်၊ ကျိုင်းလွန်း၊ မော်ဖ၊ ပိန်းကောင်း၊ မန်၊ မန်ဆိုင်၊ မန်ဖန့်တို့တွင် လည်းကောင်း၊ တပ်မဟာ(၁၂)သည် အင်အား ၁၄၅၀ဖြင့် ဗင်းဟင်၊ ပန်ကောင်း၊ နားဝီး၊ ကျန်ချန်၊ မိုင်းမောဒေသများတွင်လည်းကောင်း လှုပ်ရှားလျက်ရှိသည်။ ကေအိုင်အေတပ်မဟာ(၄)သည် လူအင်အား (၁၃၈၀)ဖြင့် နမ့်ဆောင်ကြ၊ နမ့်ဟိုင်း၊ မန်လုံ၊ မန်တုံ၊ ကောင်းမူ၊ ဟိုခို၊ မုံးဟောင်၊ တင်ပုတ် ဒေသများတွင် လှုပ်ရှားနေကြပြီး၊ ပိအင်အက်ဖ်မှ ပိအက်စ်အယ်လ်အေဟု အမည်ပြောင်း လဲခဲ့သော ပလောင်သောင်းကျန်းသူအဖွဲ့သည် အင်အား ၂၄၀ ခန့်ဖြင့် လွယ်ယား၊ မြို့သစ်၊ မိုင်းငေါ်ဒေသများ တွင် ရှိနေသည်။ အက်စ်အက်စ်အေခေါ် ရှမ်းသောင်းကျန်းသူများ၏တိုင်း(၁)သည် အင်အား(၁၃၀၀) ဖြင့် ပန်လုံ၊ လေလု၊ ကွန်ဟယ်၊ ကွန်ဟောက်၊ မိုင်းငေါ်၊ ကွန်ကော်၊ ဟူးစွန်ဒေသ များတွင်ရှိနေပြီး၊ အက်စ်ယူအေခေါ် တောခိုလွယ်မော်အဖွဲ့သည် အင်အား(၁၀၀၀)ဖြင့် တန့်ယန်း၊ နောင်လိုင်ဒေသ၌ လှုပ်ရှားလျက်ရှိသည်။ ၁၉၇၄ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် အကျဉ်း ထောင်မှလွတ်မြောက် ခဲ့သော ခွန်ဆာက ၁၉၇၆ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့မှစ၍ ပြန်လည် ဦးဆောင်သည်။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သည် ယင်းသောင်းကျန်းသူများအား **အောင်ကျော်မိုး** စစ် ဆင်ရေးဖြင့် ဆက်လက်နှိမ်နင်းရာ တိုင်းမှတိုက်ရိုက်ဦးစီးသော အမှတ်(၃)ကချင်သေနတ်ကိုင်တပ်ရင်း၊

---

၁ (က) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၇၆မှ၃၁-၁၂-၇၆ အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၂၁-၃၃၊ ၁၂-၂၃၊ ၂၅-၃၃

(ခ) မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၆ မှ၃၁-၁၂-၇၆ အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၃၆

အမှတ်(၄၅)ခြေလျင်တပ်ရင်း၊အမှတ်(၆၈)ခြေလျင်တပ်ရင်း၊ အမှတ်(၆၉)ခြေလျင်တပ်ရင်းများကလားရှိုး၊ သိန်း၊ ကွတ်ခိုင်၊ ကွမ်းလုံ၊ ဟိုပန်၊ပန်လုံဒေသတွင်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့သည် အမှတ် (၃၃)ခြေလျင်တပ်ရင်း၊ အမှတ်(၆၇)ခြေလျင်တပ်ရင်းများဖြင့်တန့်ယန်း၊ မိုင်းရယ်၊ မိုင်းကောင်၊ စိန်ကြော့၊ နောင်လိုင်၊ လွယ်အင်ဒေသများတွင်လည်းကောင်း၊အမှတ်(၂)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၂၂)ခြေလျင် တပ်ရင်း၊ အမှတ်(၂၃)ခြေလျင်တပ်ရင်း၊ အမှတ်(၄၁)ခြေလျင်တပ်ရင်းများဖြင့် ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ နမ့်ဆန်ဒေသများတွင်လည်းကောင်းထိုးစစ်ဆင်နွှဲလျက်ရှိသည့်အပြင် အမှတ်(၉၉)ခြေမြန်တပ်မ ဌာနချုပ်မှ အမှတ်(၁)နှင့်(၅)ခြေလျင်တပ်ရင်းများသည် နမ်းခမ်း၊ နမ့်ဖတ်ကာဒေသတွင် စစ်ဆင်လျက် ရှိသည်။[၁] ယင်းစစ်ဆင်ရေးတွင် တပ်မတော်မှ (၁၅၆) ဦးကျဆုံး၍၊ (၄၆၀)ဒဏ်ရာရရှိကာ ရန်သူဘက်မှ (၁၆၃)ဦးကျဆုံး၍ (၇၁)ဦးလက်ရဖမ်းမိပြီး လက်နက်ချသူ(၇၀) ရှိခဲ့သည်။[၂]

၁၉၇၆ခုနှစ်အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများ နှင့် တပ်မတော်၏စစ်ဆင်ရေး

ဗကပအရှေ့မြောက်စစ်ဒေသဌာနချုပ်သည်ပန်ဆန်း၌ရှိနေပြီး၊ တပ်မ(၈)နှင့်တပ်မ(၅)ဌာနချုပ် များအားဖျက်သိမ်း၍ တပ်မဟာ(၆၈၃)နှင့် တပ်မဟာ(၆၈၅)တို့ဖွဲ့စည်းရာ ယင်းတပ်များသည် အင်အား (၂၈၀၀)ဖြင့် ပန်ယန်းဒေသ၊ မိုင်းပေါက်ဒေသ၊ မိုင်းမဒေသ၊ မိုင်းယန်း-ဝမ်ကျင်းဒေသများ၌ ရှိနေကြသည်။ ရှမ်းပြည်နယ်ဒေသခံဗကပအင်အား(၂၅၀)ကိုလည်းသောင်းတင်၊ လှထွေးတို့ဦးစီး၍ ရပ်စောက်၊ အင်တော၊ ကျောက်ဂူ၊မိုင်းလာ၊ တုံဟုံးဒေသ၌လှုပ်ရှားလျက်ရှိသည်။ ရှမ်းသောင်းကျန်းသူအက်စ်အက်စ်အေ တိုင်း(၁)သည် အင်အား(၉၀၀)ဖြင့် လဲချား၊ မိုင်းကိုင်၊ မိုင်းလာ၊ တုံးဟုံဒေသ၌လည်းကောင်း၊ တိုင်း(၂)သည် အင်အား(၃၀၀)ဖြင့် မိုင်းပန်၊ မိုးနဲဒေသ၌လည်းကောင်း ရှိနေကြပြီး၊ ဗကပဩဇာကို အတိုအလင်းခံယူသော တာကလယ်ဦးစီးသည့် ရလလဖ(အနီ)အဖွဲ့သည်အင်အား(၂၅၀)ဖြင့် ကဒူးကြီး ဒေသ၌လှုပ်ရှားလျက်ရှိသည်။ အောင်ခမ်းထီဦးအောင်သော ရလလဖ(အဖြူ)အဖွဲ့ကမူ အင်အား(၃၀၀) ဖြင့် တောင်ကြီး၊ ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းဒေသ၌ လှုပ်ရှားနေကြသည်။ ကယားပြည်နယ်အတွင်း၌မူ စောမောရယ် ဦးဆောင်သော ကရင်နီအဖွဲ့သည် အင်အား (၄၄၀)ဖြင့် ရှိနေသည်။[၃]

ဗကပတို့သည် "ကျေးလက်ကိုအခြေခံ၍ မြို့ကိုဝိုင်းရေး"နည်းဗျူဟာအရ ဗကပတပ်ရင်း (၄၀၄၆)မှ အင်အား ၂၀၀ ခန့်သည် မိုင်းပုကြီးဒေသအတွင်းသို့ ၁၉၇၅ခုနှစ်မှစ၍ စိမ့်ဝင်လာပြီး၊ ဒေသခံရှမ်းသောင်းကျန်းသူ၊ လားဟူသောင်းကျန်းသူများနှင့်ပူးပေါင်းလျက် အင်အား(၁၀၀)ခန့်သည် မော်ဖဒေသအတွင်း၌ ဖြန့်ခွဲလျက်ရှိသည်။ ဗကပတပ်ရင်း(၄၀၄၇)နှင့် တပ်ရင်း(၁၅)မှတပ်ခွဲ(၂)ခွဲ၊

---

၁ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၆ မှ၃၁-၁၂-၇၆ အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၄၃-၄၇၊ ၃၃-၄၁၊ ၄၈-၅၆

၃ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

လက်နက်ကြီးတပ်ခွဲ ၁ခွဲ၊ စုစုပေါင်းအင်အား(၇၀၀)ခန့်ဖြင့်မိုင်းညှင်းဒေသ၊ လွယ်ပျက်ပုတ်တောင်ကြော တစ်ဝိုက်တွင်လည်းကောင်း၊ တပ်ရင်း(၁၅)မှ တပ်ခွဲတစ်ခွဲသည် မိုက်ကမ်းနှင့် လွယ်လုံကြော်တစ်ဝိုက် တွင်လည်းကောင်း၊ ကျန်တပ်ခွဲ ၂ခွဲမှအင်အား (၂၀၀)ကျော်ခန့်သည် လွယ်ဆီး၊ ငှက်ဥဒေသတစ်ဝိုက် တွင်လည်းကောင်း ဖြန့်ခွဲခြေကုတ်ယူသည်။ ဤသို့တိုးချဲ့ခြေကုတ်ယူပြီး တာကော်၊ မိုင်းပြင်း၊ ကျိုင်းတုံ ဆက်သွယ်ရေးကားလမ်း၊ ကျိုင်းတုံ-မိုင်းဆတ်ဆက်သွယ်ရေးကားလမ်း နှင့် ကျိုင်းတုံချိုင့်ဝှမ်းကို ခြိမ်းချောက်လာနိုင်သဖြင့် ရှေ့တန်းအမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်သည် အမှတ်(၁၀၈)ခြေမြန် တပ်ရင်း၊ အမှတ်(၁)ခြေလျင်တပ်ရင်း၊ အမှတ်(၁၄)ခြေလျင်တပ်ရင်း၊ အမှတ်(၄၃)ခြေလျင်တပ်ရင်း များကို အမြန်စုစည်းကာ လေကြောင်းပစ်ကူတိုက်ခိုက်မှု၊ အမြောက်ပစ်ကူမှုများနှင့်ပေါင်းစပ်လျက် ၁၉၇၆ခု၊ မတ်လ(၂၂)ရက်နေ့မှစ၍ လွယ်ပျက်ပုတ်၊ မိုင်းညှင်း၊ မိုက်ကမ်းနှင့် လွယ်ဆီးဒေသကို **ရဲနိုင်အောင်**စစ်ဆင်ရေးဖြင့် ဆင်နွှဲတိုက်ခိုက်သည်။

အမှတ်(၁၀၈)ခြေမြန်တပ်ရင်းစစ်ကြောင်းသည်၁၉၇၆ခု၊မတ်လ(၂၂)ရက်နေ့တွင်လွယ်ပျက်ပုတ် စခန်းအား လက်နက်ကြီးပစ်ကူဖြင့် ပေါင်းစပ်တိုက်ခိုက်ရာ လှဲစွပ်ထိုးတိုက်ပွဲများ အကြိမ်ကြိမ်ဆင်နွှဲ ရသည်။ မတ်လ(၂၃)ရက်နေ့တွင်လည်း အမှတ်(၁၀၈)ခြေမြန်တပ်ရင်းစစ်ကြောင်းသည် မိုင်းကွင်းကို ထိုးဖောက်၍ အကြိမ်ကြိမ်လှဲစွပ်ထိုးတိုက်ခိုက်ရာ မတ်လ(၂၄)ရက်နေ့တွင် လွယ်ပျက်ပုတ်စခန်းကို သိမ်းဆည်းရမိသည်။ အမှတ်(၁၄)ခြေလျင်တပ်ရင်းစစ်ကြောင်းသည် မတ်လ(၂၁)ရက်နေ့တွင် ဝမ်နမ့်ပေါက်၌ ခြေကုတ်ယူ၍ လွယ်ပျက်ပုတ်အား အနောက်ဘက်မှရှောင်ကွင်းကာ လွယ်တောက်ရှိ ရန်သူစခန်းကို မတ်လ(၂၃)ရက်နေ့တွင် တိုက်ခိုက်သိမ်းပိုက်ပြီး၊ လွယ်ပျက်ပုတ်ရှိရန်သူအား နောက်ကျောမှလက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ ဗကပတို့သည် မိုင်းညှင်း- လွယ်လုံကြော မှတစ်ဆင့် မိုက်ကမ်းသို့ဆုတ်ခွါသွားခဲ့သည်။ အမှတ်(၁၄)ခြေလျင်တပ်ရင်းစစ်ကြောင်းသည် လွယ်တောက်မှ တစ်ဆင့် ရှေ့သို့နယ်မြေတိုးချဲ့ခဲ့ရာ မတ်လ(၂၆)ရက်နေ့တွင် မိုက်ကမ်းအနီး၌ လွယ်ပျက်ပုတ်မှ ဆုတ်ခွါခဲ့သော ရန်သူအင်အား(၆၀၀)ခန့်ဖြင့် ပြင်းထန်စွာတိုက်ပွဲဖြစ်ပွားခဲ့ရာ တပ်မတော်(လေ)မှ ပစ်ကူခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများပြုလုပ်၍ မတ်လ(၂၈)ရက်နေ့တွင် အနီးကပ် လှဲစွပ်ထိုးတိုက်ပွဲ ၃-ကြိမ်ဖြစ်ပွားခဲ့သည်။ ၂၉-၃-၇၆ရက်နေ့တွင် မိုက်ကမ်းနှင့် ပွိုင့်(၆၀၃၅)အခိုင်အမာ စခန်းများကို တပ်မတော်မှသိမ်းဆည်းရမိခဲ့သည်။ အဆိုပါတိုက်ပွဲများတွင် တပ်မတော်မှ (၁၇)ဦးကျဆုံး၍ (၅၆)ဦးဒဏ်ရာရရှိကာ ရန်သူဘက်မှ (၁၂၅)ဦးကျဆုံး၍ ၅၀ ကျော်ဒဏ်ရာရရှိသွားပြီး၊ ရန်သူ၏ လက်နက်ခဲယမ်းများ၊ စစ်ဝတ်ပစ္စည်းများနှင့် စပါးတင်း(၂၀၀၀)ခန့် သိမ်းပိုက်ရရှိခဲ့သည်။

ဤသို့ တပ်မတော်စစ်ကြောင်းများ လွယ်ပျက်ပုတ်နှင့် မိုက်ကမ်းစခန်းများကို တိုက်ခိုက် သိမ်းပိုက်နေချိန်တွင်လွယ်လုံကြော၊မိုင်းညှင်းမှရန်သူများ လာရောက်စစ်ကူပေးခြင်းမပြုလုပ်နိုင်စေရန် အမှတ်(၁)ခြေလျင်တပ်ရင်းသည် မိုင်းညှင်းနှင့်လွယ်လုံကြောအား လက်နက်ကြီးပစ်ကူဖြင့် အားဖြည့် တိုက်ခိုက်ခဲ့ရာ မတ်လ(၂၆)ရက်နေ့မွန်းလွဲပိုင်းမှစ၍ တစ်ညလုံးတိုက်ပွဲများဖြစ်ပွားပြီး၊ မတ်လ(၂၇)

ရက်နေ့တွင် ရန်သူစခန်း(၂)ခုလုံးကိုသိမ်းပိုက်နိုင်ခဲ့သည်။ လွယ်ပျက်ပုတ်နှင့် မိုက်ကမ်းတို့ကို တိုက်ခိုက်နေသော တပ်မတော်တပ်ဖွဲ့များ၏ ဘေးနံလုံခြုံရေးအတွက်လည်း အမှတ်(၄၃)ခြေလျင်တပ်ရင်းနှင့် အမှတ်(၄၉)ခြေလျင်တပ်ရင်းများသည် လွယ်ဆီးဒေသရှိ ဗကပတို့အား ဟန်ချက်ညီစွာ တိုက်ခိုက်ခဲ့ရာ မတ်လ(၂၂)ရက်နေ့မှစ၍ (၂၅)ရက်နေ့အထိ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားပြီး၊ ရန်သူများဆုတ်ခွာသွားကြသည်။ ဤတိုက်ပွဲများအတွင်း၌လည်း တပ်မတော်မှ (၁၇)ဦးကျဆုံး၍ (၆၅)ဦး ဒဏ်ရာရရှိခဲ့ပြီး၊ ရန်သူ(၅၇)ဦးကျဆုံးကာ (၉၀)ခန့်ဒဏ်ရာရရှိလျက် လက်နက်ခဲယမ်းအချို့သိမ်းဆည်းရမိသည်။[၁]

ထိုမျှသာမက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ရှေ့တန်းအမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မှ **အောင်ကျော်မိုးစစ်ဆင်ရေး၊ တိုင်းရန်ပြုစစ်ဆင်ရေးနှင့် နတ်မြင်းပျံစစ်ဆင်ရေးများကို** ဆင်နွှဲခဲ့သည်။ အောင်ကျော်မိုးစစ်ဆင်ရေးကို ၁-၁-၇၆မှ ၃၀-၄-၇၆အထိလည်းကောင်း၊ တိုင်းရန်ပြုစစ်ဆင်ရေးကို ၁-၅-၇၆မှ ၃၁-၁၂-၇၆အထိလည်းကောင်း၊ နတ်မြင်းပျံစစ်ဆင်ရေးကို ၂၅-၃-၇၆မှ ၈-၄-၇၆အထိလည်းကောင်း ဆင်နွှဲခဲ့ရာ အမှတ်(၇၇၂)နှင့် (၇၇၃)နည်းဗျူဟာများလက်အောက်တွင် အမှတ်(၂)ခြေလျင်တပ်ရင်း၊အမှတ်(၆၄)ခြေလျင်တပ်ရင်း၊အမှတ်(၁၀)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၂)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၄)ခြေမြန်တပ်ရင်းနှင့် အမှတ်(၁၀၇)ခြေမြန်တပ်ရင်းများပါဝင်၍ ဒုတိယတိုင်းမှူးဦးစီးသော ယာယီအမှတ်(၃)စစ်ဗျူဟာအဖွဲ့လက်အောက်၌ အမှတ်(၇၄)၊ (၇၅)နှင့် (၇၈)ခြေလျင်တပ်ရင်းများပါဝင်ပြီး လဲချား၊ မိုင်းကိုင်၊ မိုင်းရူး၊ မိုင်းနောင်၊ ဝိန်းကောင်၊ မုန်းစမ်းဒေသများ၌ တိုက်ခိုက်ခြင်းဖြစ်သည်။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ အမှတ်(၂)စစ်ဗျူဟာအဖွဲ့သည် **မိုးဟိန်း** အဆင့်(၁)စစ်ဆင်ရေးကို ၂၆-၄-၇၆မှ ၃-၅-၇၆အထိ တောင်ကြီး၊ ရွှေညောင်၊ ပင်လောင်း၊ ဆီဆိုင်၊ လဲချား၊ မိုင်းကိုင်၊ ကွန်ဟိန်း၊ မိုင်းပန်၊ မိုးနဲ၊ မောက်မယ်၊ ဗထူး၊ အင်းတော်၊ ကျောက်ဂူ၊ ကယားပြည်နယ်များတွင်ဆင်နွှဲခဲ့ရာ အမှတ်(၅၄)၊(၆၆)၊(၇၂)၊(၉၄)၊(၉၉)၊(၇၃)ခြေလျင်တပ်ရင်းများပါဝင်သည်။

ထို့ပြင် ရှေ့တန်းအမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်ကလည်း အမှတ်(၈၈၁)၊ (၈၈၂)၊ (၈၈၃) နည်းဗျူဟာများအောက်တွင် အမှတ်(၁၀၈)ခြေမြန်တပ်ရင်း၊ အမှတ်(၁)ကယားသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁)ချင်းသေနတ်ကိုင်တပ်ရင်း၊အမှတ်(၆)သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁)(၅)နှင့်(၁၁)ခြေလျင်တပ်ရင်းများဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၁)စစ်ဗျူဟာအဖွဲ့လက်အောက်ခံ အမှတ်(၅)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၃)နှင့်(၄)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ် (၃၆)၊ (၄၃)၊ (၄၉)နှင့် (၆၅)ခြေလျင်တပ်ရင်းများဖြင့်လည်းကောင်း၊ ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းယောင်း၊ မိုင်းပျင်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ တာချီလိတ်များ၌ ရဲရန်နိုင်စစ်ဆင်ရေးကို ဆင်နွှဲခဲ့သည်။[၂]

အမှတ်(၂)စစ်ဗျူဟာအဖွဲ့နယ်မြေတွင်လည်း အမှတ်(၉၉)ခြေလျင်တပ်ရင်း၊ အမှတ်(၃)တိုင်းဗဟိုလေ့ကျင့်ရေးတပ်များဖြင့် အင်တော၊ ကျောက်ဂူဒေသ၌ ဗကပသောင်းတင်၊ လှထွေးနှင့်

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၆ မှ၃၁-၁၂-၇၆ အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၅၅-၅၇

၂ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

တာကလယ်တပ်များကို ၁-၁-၇၆ မှ ၃၀-၄-၇၆ နေ့အထိ **နေမင်းရောင်** စစ်ဆင်ရေးဆင်နွှဲခဲ့သည်။[၁]

၁၉၇၆ခုနှစ်အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းသောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေးများ

ကေအင်ယူပီ ဗဟိုဥက္ကဋ္ဌမန်းဘဇံသည် လှိုင်းလုံးကြီးချောင်းဘေးတွင် အခြေပြုလျက်ရှိပြီး၊ ၁၃-၁-၇၆မှ ၂၉-၁-၇၆ရက်နေ့အထိ ကေအင်ယူဗဟိုအလုပ်အမှုဆောင် အစည်းအဝေးကျင်းပခဲ့ရာ အစည်းအဝေးဆုံးဖြတ်ချက်များတွင် ကေအင်ယူပီမှ ကေအင်ယူသို့လာရောက်ခြင်းကို တရားဝင်လက်ခံရေး၊ ကေအင်ယူပီတပ်များကိုဖျက်သိမ်း၍ ကေအင်ယူတပ်များသို့သိမ်းသွင်းရေး၊ ပြည်ပြေးအဖွဲ့နှင့်ပူးတွဲ၍ ပိုမိုလှုပ်ရှားရေးတို့ပါဝင်သည်။ ကေအင်ယူဗဟိုသည် အမြဲတမ်းကော်မတီအဖွဲ့ဝင် (၂၅)ဦးရှိရာမှ စကော၊ စောမြရွှေဖမ်းဆီးခံရပြီး၊ (၂၄)ဦးရှိရာ ယခု(၉)ဦးထပ်မံဝင်လာ၍ (၃၃)ဦးဖြစ်လာကာ(၆)ဦးမှာ ကေအင်ယူပီမှဖြစ်သည်။[၂] ပမဒတအစည်းအဝေးကို ကေအင်ယူဗဟို၌ အပြီလအတွင်း ကျင်းပရန်ဖြစ်သော်လည်း အဖွဲ့ဝင်များ အချိန်မီရောက်မလာ၍ မေလဆန်းတွင် ၃ ရက် ကျင်းပပြီး၊ ပမဒတအမည်မှ မဒတဟုပြောင်းလဲသည်။ ၂၈-၅-၇၆ရက်နေ့တွင် ဝါးခြံ့ နိုင်ငံခြားသတင်းထောက်များအား သတင်းစာရှင်းလင်းပွဲပြုလုပ်ရာ မန်းဘဇံ၊ ဗိုလ်မြနှင့် ဘောယူဖေါတို့တက်ရောက်ပြီး၊ မန်းဘဇံက လက်ရှိအစိုးရကိုဖြုတ်ချရန် (၉)ပါတီဖွဲ့စည်းပြီး၍ စုစုပေါင်းအင်အား (၂၅၀၀၀)ခန့်ရှိရာ တစ်သိန်းအထိတိုးချဲ့မည်ဖြစ်ကြောင်း ပြောဆိုသည်။[၃] ၁၉၇၆ခုနှစ် ဩဂုတ်လ တတိယပတ်တွင် ကေအင်ယူဗဟိုကော်မတီအစည်းအဝေးပြုလုပ်ရာ မန်းဘဇံက ဗကပနှင့်ပူးပေါင်းရေးတင်ပြသဖြင့် ဗိုလ်မြနှင့်သဘောကွဲလွဲပြီး ဗိုလ်မြက မန်းဘဇံ၊ ဂျက်ကော့ဒန်ဟေး၊ ဗိုလ်ချုပ်တာခန်(ခေါ်)တင်ဦး၊ ဗိုလ်မောင်မောင်၊ စကောလယ်တောနှင့် စိုးအောင်အပါအဝင် (၁၀)ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။[၄] ကေအင်ယူတို့သည် မာနယ်ပလောတွင် အင်အား(၁၇၄၈)ဖြင့်ရှိနေသည်။ မွန်ပြည်သစ်ပါတီသည် အင်အား(၂၃၂)နှင့် ဘုရားသုံးဆူတွင်ရှိသည်။

ပြည်သူ့ပြည်ချစ်ပါတီခေါ် ပြည်ပြေးအဖွဲ့ ဗဟိုကော်မတီဥက္ကဋ္ဌဗိုလ်လက်ျာသည် ဘန်ကောက်မြို့တွင်နေထိုင်ကာ အားသစ်စာစောင်ထုတ်ဝေလျက်ရှိပြီး ၁၉၇၆ခုနှစ် ဇန်နဝါရီလ ၆ရက်နေ့တွင် တွဲဘက်အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးဇာလီမော်ကို တောင်ပိုင်းတိုင်း၊ ဗိုလ်ရန်နိုင်အဖွဲ့အား

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၆မှ ၃၀-၄-၇၆အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၇၀

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၇၆မှ၃၀-၄-၇၆အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၈၉

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၅-၇၆မှ၃၁-၈-၇၆အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၇၆-၇၇

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၇၆ မှ၃၁-၁၂-၇၆ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၈၂

တိတ်တဆိတ် အကူအညီပေးမှုဖြင့် အဖွဲ့မှ ထုတ်ပယ်ခဲ့သည်။ ၅-၅-၇၆ရက်နေ့တွင် ပြည်ပြေးအထူးတိုင်းမှူး၊ ဗိုလ်မှူးအောင်လက်ျာကို ဗိုလ်မှူးကြီးအဆင့်သို့တိုးပေးပြီး ၂၀-၇-၇၆ ရက်နေ့တွင် အောင်လက်ျာရှိရာ ပရာဆွတ်ကရိခန်နယ်မြေအနောက်ခြမ်းသို့ သွားရောက်သည်။ ပြည်ပြေးအလယ်ပိုင်းတိုင်းမှူး ဦးသွင်သည် ဟိုဖိုင်စခန်းတွင်နေထိုင်ရာမှ ထိုင်းရဲများဖြင့် မပြေမလည်ဖြစ်၍ ဌာနချုပ်ကို ရဲသီဟစခန်း သို့ရွှေ့ပြောင်းခဲ့သည်။ ရဲသီဟစခန်းတွင် ဦးသွင်နှင့် အင်အား (၆၀)ခန့် ထပ်တိုး၍ စုစုပေါင်း(၁၅၀)ခန့်ရှိသည်။ အောင်လက်ျာ၏အောင်ရတနာစခန်းတွင်မူ စုစုပေါင်းအင်အား (၃၀၀)ခန့်ရှိပြီးရနောင်းသို့လည်း အခြေစိုက်အဖွဲ့တစ်ဖွဲ့ပို့လွှတ်ထားသည်။ ပြည်သူ့ပြည်ချစ်ပါတီမှ ထုတ်ပယ် ခြင်းခံရသော ဗိုလ်ရန်နိုင်၏ ဒီမိုကရေစီပြည်သစ်ပါတီတွင် အင်အား(၃၀၀)ခန့်ရှိသည်။ ပြည်ပြေးအဖွဲ့မှခွဲထွက်ခဲ့သောဗိုလ်မှူးအောင်၏ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့ပါတီသည်အင်အား(၁၅၀) ခန့်ရှိရာမှ ၁၉၇၆ခု နိဝင်ဘာလ ၂၀ ရက်နေ့တွင်ထိုင်းအစိုးရထံလက်နက်ချ၍ မိုင်းလုံးကြီးတွင် စစ်ပြေးဒုက္ခသည်များအဖြစ် နေထိုင်လျက်ရှိသည်။[၁] ဗကပတနသ်ာရီစစ်ဒေသအဖွဲ့သည် မြိတ်နှင့်ထားဝယ် ခရိုင်များတွင် အင်အား (၂၈၀)ခန့်ရှိသော်လည်း စစ်ရေးအရလှုပ်ရှားမှုကင်းမဲ့လျက်ရှိသည်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၁)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၂)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၉) (၂၈) (၉၇)ခြေလျင်တပ်ရင်းများဖြင့် ဖါပွန်၊ လှိုင်းဘွဲ့၊ ဘားအံ၊ ကော့ကရိတ်၊ မြဝတီမြို့နယ်များတွင် စစ်ဆင်ရေးဝင်ရောက်လျက်ရှိပြီး အမှတ်(၂)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၂၄)(၂၆)(၃၁)(၃၂)ခြေလျင်တပ်ရင်းများဖြင့် ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်၊ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ကျိုက်မရော၊ကြာအင်းဆိပ်ကြီးနှင့် ချောင်းဆုံမြို့နယ်များတွင် စစ်ဆင်ရေးဝင်ရောက်လျက်ရှိသည်။ ထိုနည်းအတူပင်အမှတ်(၃)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၁၇)(၂၅)(၆၁)ခြေလျင်တပ်ရင်း ၃ရင်းနှင့် အခြားတပ်ခွဲ ၇ခွဲဖြင့်ရေး၊ ထားဝယ်၊ လောင်းလုံ၊ သရက်ချောင်း၊ ပုလော၊ မြိတ်အရှေ့အနောက်၊ တနသ်ာရီ၊ ကော့သောင်၊ ဘုတ်ပြင်းနယ်များတွင် စစ်ဆင်ရေးပြုလုပ်လျက်ရှိသည်။ ၁၉၇၆ ခုနှစ်ဒုတိယလေးလပတ်ကာလတွင်အနောက်တောင်တိုင်းမှအမှတ်(၁)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၃၈) ခြေလျင်တပ်ရင်း၊ အမှတ်(၂)ချင်းသေနတ်ကိုင်တပ်ရင်းများဖြင့် သထုံမြို့နယ်အရှေ့ခြမ်း၊ ဘားအံမြို့နယ်အနောက်ခြမ်း၊ လှိုင်းဘွဲ့မြို့နယ်မြောက်ခြမ်း၊ အရှေ့ခြမ်းများသို့ စစ်ဆင်ရေးဝင်လာသည်။[၂] ယင်းစစ်ဆင်ရေးတွင် တပ်မတော်မှ (၁၇၀)ဦးကျဆုံး၍ (၆၂၄)ဦးဒဏ်ရာရရှိပြီး၊ ရန်သူ့ဘက်မှ(၂၅၅)ဦးကျဆုံး၍ (၁၅၈)ဦးဖမ်းဆီးရမိကာ (၁၃၂)ဦးလက်နက်ချသည်။[၃]

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၆ မှ၃၁-၁၂-၇၆ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၈၂-၈၆၊ ၇၂-၇၆၊ ၈၀-၈၂

၂ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၆ မှ၃၁-၁၂-၇၆ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၁၀၂-၁၁၈၊ ၉၃-၁၀၈၊ ၉၈-၁၁၆

၁၉၇၆ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများ နှင့် တပ်မတော်၏စစ်ဆင်ရေး

ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်အတွင်း၌ကေအင်ယူအဖွဲ့အစည်းအနေဖြင့် လှုပ်ရှားမှုမရှိသော်လည်းမြေအောက်လှုပ်ဝှက်အဖွဲ့ငယ်များ ရှိနေတတ်သည်။ ရန်ကုန်တိုင်းအတွင်း၌လက်နက်ချလာသောကေအင်ယူအဖွဲ့ဝင်အချို့၏ ထုတ်ဖော်ချက်အရ အင်ယားကန်ဟိုတယ်နှင့် သမ္မတဟိုတယ်မှစားပွဲထိုးများ၊ အင်းစိန်ခါတ်အားစက်ရုံမှ အလုပ်သမားနှင့် ခါတ်ခွဲခန်းလက်ထောက်တစ်ဦးပါဝင်သောကေအင်အယ်လ်အေအဖွဲ့နှင့် ဆက်သွယ်သူများကို ၁၉၇၆ခုနှစ်၊ အေပြီလအတွင်း ဖမ်းဆီးမိသည်။ ဗကပအဖွဲ့သည်လည်း အလားတူပင် ဝင်ရောက်ခိုအောင်းလှုပ်ရှားခြင်းမရှိသော်လည်း မြေအောက်အဆက်အသွယ်များကား ရှိဆဲပင်ဖြစ်သည်။ ၁၉၇၆ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်နေ့မှစတင်၍ ရန်ကုန်ရှိတက္ကသိုလ်ကောလိပ်များ၊ ကျောင်းဆောင်များတွင် ဆန့်ကျင်ရေးပိုစတာစာရွက်စာတမ်းများရေးထားခြင်း၊ ကပ်ထားခြင်းများပြုလုပ်လျက် ပုဂ္ဂိုလ်ရေးခိုက်ရန်ဖြစ်ပွားခြင်းမှအခြေခံ၍ ဆူပူမှုဖန်တီးရန်အားထုတ်ခဲ့သော်လည်း သက်ဆိုင်ရာမှအချိန်မီထိန်းသိမ်းဆောင်ရွက်ခဲ့သဖြင့် အခြေအနေကောင်းမွန်ခဲ့သည်။ ၁၉၇၆ခုနှစ်၊ မတ်လ(၂၃)ရက်နေ့တွင်ကျရောက်မည့် သခင်ကိုယ်တော်မှိုင်းရာပြည့်အထိမ်းအမှတ်မတိုင်မီ တစ်ပတ်ခန့်ကြိုတင်၍ ကျောင်းသားအချို့သည် "ရင်ဖွင့်သံနိဒါန်း"ခေါင်းစဉ်ဖြင့် အစိုးရကိုဆန့်ကျင်သော အရေးအသားများထုတ်ဝေခြင်း၊ မှိုင်းရာပြည့်တွင် ချီတက်ရန်လမ်းကြောင်းများကိုလှုပ်ဝှက်ဖြန့်ဝေခြင်းများပြုလုပ်ခဲ့ကြသည်။ မတ်လ(၂၃)ရက်နေ့တွင် အင်အား ၂ ထောင်ကျော် ခန့်စုရုံး၍ ရွှေတိဂုံဘုရားလမ်းရှိ သခင်ကိုယ်တော်မှိုင်း၏ဂူဝိဓာန်သို့ ချီတက်ကြသည်။ ချီတက်ပွဲမှ အပြန်တွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမသို့ အတင်းအကြပ်ဝင်ရောက်ပြီး၊ သပိတ်စခန်းပြုလုပ်ခြင်း၊ တက္ကသိုလ်ပုံနှိပ်တိုက်အတွင်းသို့ ချိုးဖျက်ဝင်ရောက်၍ စာကူးစက်နှင့် စက္ကူများ ယူဆောင်ခြင်းတို့ကို ပြုကြသည်။ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများကို ၁၉၇၆ခု၊ မတ်လ ၂၄ ရက် နေ့တွင် ပိတ်လိုက်၍ ကျောင်းသားများ နေရပ်သို့ပြန်ချိန်တွင် မော်တော်ယာဉ် ၂ စီးဖြင့် ထွက်ပြေးရန်ကြိုးပမ်းခဲ့သော ကျောင်းသားခေါင်းဆောင်များကိုဖမ်းဆီးရာ စက်မှုတက္ကသိုလ်မှ တင်အေးကြူ၊ ဝင်းမြင့်၊ သန်းလင်း၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ မြရှင်၊ လှိုင်အမှတ်(၂)အထက်တန်း ကျောင်းသူ မလှမြိုင်၊ တာမွေ အမှတ်(၂)အထက်တန်းကျောင်းသား စိန်ဝင်း၊ စာအုပ်ရောင်းသူ မြင့်အောင်နှင့် ပြည်ပြေးတင်မောင်ဦး တို့အားဖမ်းဆီးရမိခဲ့သည်။ ထို့ပြင် ၁၉၇၆ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့၊ စမ်းချောင်းလမ်း၌နေထိုင်သူ ဝိုလ်မှူးချုပ်ဟောင်းကျော်ဇော၊ သမီးဒေါက်တာလှကျော်ဇော၊ သား အောင်ကျော်ဇောတို့နေအိမ်မှပျောက်ကွယ်သွားပြီး၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် အရှေ့မြောက်နယ်စပ်ရှိ ဗကပများထံဝင်ရောက်သွားကြောင်း သတင်းရရှိသည်။ ပြည်ပြေးအဖွဲ့မှလည်း ဖေါက်ခွဲရေးလုပ်ငန်းများကိုလုပ်ဆောင်လျက်ရှိပေသည်။ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တိုင်းတပ်များကိုခေါ်ယူ၍ **ကျော်နိုင်စိုး**

စစ်ဆင်ရေး၊ သူရိယစစ်ဆင်ရေးများ လုပ်ဆောင်ခဲ့သည်။[၁]

၁၉၇၆ခုနှစ်အနောက်တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေးများ

မြစ်ဝကျွန်းပေါ်ရှိ ကေအင်ယူများအနက် တိုင်းရုံးအုပ်စန်းနောင်အပါအဝင် အင်အား(၃)ဦး၊ အမှတ်(၄)ခရိုင်ရုံးအုပ် ဝေလာအပါအဝင် အင်အား(၃)ဦးနှင့် တပ်စုမှူးအလှအပါအဝင် အင်အား(၂)ဦး တို့သာအနောက်တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင်ကျန်ရှိနေသော်လည်းထိုသူတို့၏လှုပ်ရှားမှုသတင်း မရရှိခဲ့ချေ။ ပြည်ပြေးအဖွဲ့မှ အထူးတိုင်းမှူးအောင်လက်ျာခေါင်းဆောင်သောအဖွဲ့ဝင်ရောက်လာမည် ဖြစ်ကြောင်း သတင်းရရှိခဲ့သော်လည်း ဝင်ရောက်နိုင်သည့်အခြေအနေမရှိကြောင်း ကြားသိရသည်။[၂]

အနောက်တောင်တိုင်းစစ်ဌာနချုပ်သည် အမှတ်(၉၃)ခြေလျင်တပ်ရင်းနှင့်အမှတ်(၅၁)ခြေလျင် တပ်ရင်းမှ ၁ ခွဲ စုစုပေါင်း ၁ ရင်း ၁ ခွဲအင်အားဖြင့် ငပုတော၊ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဖျာပုံ၊ လပွတ္တာ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းများတွင် ဒေသန္တရစစ်ဆင်ရေး ဆင်နွှဲလျက် အမှတ်(၁)လှုပ်ရှားစစ်နည်းပျူဟာအဖွဲ့မှလည်း အမှတ်(၃၆)ခြေလျင်တပ်ရင်းနှင့် အမှတ်(၅၁)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၄)ခွဲတို့ဖြင့် ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ ဟင်္သာတ အစရှိသောဒေသများတွင် စစ်ဆင်ရေးပြုလုပ်သည်။[၃]

ပင်လယ်ကမ်းရိုးတန်း ရှောင်တခင်စစ်ဆင်ရေးအနေဖြင့် စစ်ဦးစီးမှူး(ဒုတိယတန်း) ထောက်လှမ်းရေးပါဝင်သော အဖွဲ့(၂)ဖွဲ့နှင့်အမှတ်(၄)ထောက်လှမ်းရေးတပ်မှူးပါဝင်သော အဖွဲ့(၂)ဖွဲ့တို့သည် မြစ်ရေယာဉ်(၁)စီးဖြင့် ၉-၃-၇၆မှ ၁၄-၃-၇၆အတွင်း ချောင်းဝ၊ ကျောက်ကလပ်၊ မကျီးချိုင်ကျေးရွာတစ်ဝိုက်နှင့် ပင်လယ်ကမ်းခြေတစ်ဝိုက် လှည့်လည်ရာ မှောင်ခိုစက် ၅ လုံး၊ ကူဘိုတာစက် ၁ လုံးတို့ကို သိမ်းဆည်းရမိသည်။[၄]

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုတ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ ၁-၁-၇၆ မှ ၃၁-၁၂-၇၆ အတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ မျက် ၁၂၅-၁၃၇၊ ၁၁၃-၁၂၃၊ ၁၂၃-၁၃၀

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစုတ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ ၁-၁-၇၆ မှ ၃၁-၁၂-၇၆ အတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ မျက် ၁၂၆ .

၃ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစုတ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ ၁-၁-၇၆ မှ၃၀-၄-၇၆ အတွင်း အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ မျက် ၁၄၀-၁၄၁

၁၉၇၆ခု အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

၁။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း၌ သောင်းကျန်းသူအဖွဲ့အစည်းအများစုမှာ အရေအတွက်မှတပါး ပြောင်းလဲမှုမရှိချေ။ ဗကပရခိုင်ပြည်နယ်ကော်မတီဝင် ကျော်မြ၊ စစ်တွေခရိုင် ကော်မတီတပ်မှ ထွန်းအောင်ဖြူ၊ ကျောက်ဖြူခရိုင်ကော်မတီသာထွန်းဦး၊ အနောက်မြောက်တိုင်း ကော်မတီသက်ထွန်း၊ အနောက်မြောက်တိုင်းရုံးခွဲစိုးသိန်းတို့သည် ဆက်လက်လှုပ်ရှားဆဲဖြစ်သည်။ စစ်တွေခရိုင်မှ ကျော်လင်းမှာမူ ၁၉၇၆ခုနှစ်၊ စက်တင်ဘာလတွင် တပ်သားတစ်ဦး သေနတ်နှင့် ပစ်ခတ်၍ သေဆုံးပြီဖြစ်သည်။[၁] ဗိုလ်သက်ထွန်းသည် အင်အား ၂၀၀ ခန့်ကိုဦးစီး၍ ၂-၄-၇၆ ရက် နေ့တွင် အမ်းမြို့နယ်ရှိ လက်ပန်ပြည်သူ့ရဲစခန်းအား ဝင်ရောက်တိုက်ခိုက်ရာ ဒုတိယရဲအုပ်တစ်ဦး အပါအဝင် ရဲ ၄ဦးကျဆုံးပြီး၊ (၈)ဦးဒဏ်ရာရရှိ၍လက်နက်မျိုးစုံ(၂၃)လက်ဆုံးရှုံးခဲ့သည်။[၂] ကုလားဆိုး အဖွဲ့မှဘီအေဇော်ဖေါ့သည် တစ်ဘက်နိုင်ငံတွင်ခိုအောင်းနေရာမှ၁၉၇၆ခုနှစ်၊ ဖေဖော်ဝါရီလတွင် အဘူဆီဒိတ်အဖွဲ့အင်အား(၃၀)အား လက်နက်သိမ်းခဲ့၍ အဘူဆီဒိတ် အဖွဲ့ပျက်သည်။[၃]

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ၁၉၇၆ ခုနှစ်တွင် **ခြည်ဝတီ**စစ်ဆင်ရေးအဆင့်(၂)ကို ဆက်လက်ဆင်နွှဲရာ တပ်မတော်မှ အမှတ်(၁)စစ်ဗျူဟာအဖွဲ့၊ အမှတ်(၂၈) (၃၄)(၄၄)(၅၅) ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၄)ခွဲစီ၊ အမှတ်(၉၂)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၅)ခွဲ၊ အမှတ်(၇၁)နှင့် (၈၈)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ ၁ ခွဲစီ၊ တိုင်းကွန်မန်ဒိုတပ်စု ၅ စုတို့ပါဝင်သည်။ ယင်းစစ်ဆင်ရေးတွင် တပ်မတော်မှ(၂၅)ကျဆုံး၍ (၃၂)ဦးဒဏ်ရာရရှိပြီး၊ ရန်သူဘက်မှ (၅၄)ဦးကျဆုံး၍ (၅၇)ဦးဖမ်းဆီးမိကာ (၂၇)ဦးလက်နက်ချသည်။[၄]

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၇၆ မှ ၃၁-၁၂-၇၆ အတွင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၁၅၃

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၆ မှ ၃၀-၄-၇၆ အတွင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၁၅၀

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၆ မှ ၃၀-၄-၇၆ အတွင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၁၅၃

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၆ မှ ၃၁-၁၂-၇၆ အတွင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၁၅၆၊ ၁၄၆၊ ၁၅၂

၁၉၇၆ခုနှစ် အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

ဗကပ ပခုက္ကူခရိုင်မှ ဇရင်ဦးစီးသောအဖွဲ့သည် ဗိုလ်သက်ထွန်းနှင့်ပူးပေါင်းလျက်ရှိ၍ ပခုက္ကူခရိုင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခြင်း မရှိချေ။ ဗကပမင်းဘူးခရိုင်တပ်အား တိုင်းကော်မတီနှင့် အရန်ဗဟိုကော်မတီစိုးသိန်းကဦးဆောင်လျက်ရှိရာ စိုးသိန်းဦးဆောင်သောတပ်ဖွဲ့ဝင်အင်အား(၆၀)ခန့်သည် ၁၇-၃-၇၆ရက်နေ့တွင် စေတုတ္ထရာမြို့နယ်၊ သက်ကယ်ရွာသို့ဝင်ရောက်ပြီး၊ ပစ္စည်းများလုယူကာ ပြည်သူစစ်တစ်ဦးအား ဖမ်းဆီးသွားသည်။ ၅-၈-၇၆ရက်နေ့တွင် မင်းဘူးခရိုင်ဗကပအဖွဲ့မှ ထွန်းရင်ဦးစီးသော အင်အား(၄)ဦးနှင့် အမှတ်(၈၇)ခြေလျင်တပ်ရင်းမှ တပ်စိတ်တစ်စိတ်တို့ စေတုတ္ထရာမြို့နယ်အတွင်းတွေ့ဆုံတိုက်ပွဲဖြစ်ပွားသည်။ မီဇိုသောင်းကျန်းသူအဖွဲ့အင်အား(၁၈၀) ခန့်သည်လည်း အိန္ဒိယနိုင်ငံ၊ လင်မတောင်ရွာ၌ ရှိနေကြသည်။ ယင်းတို့သည် အိန္ဒိယအစိုးရနှင့် ဆွေးနွေးရာ ဆွေးနွေးပွဲမပြီးပြတ်ချေ။ ရှမ်းသောင်းကျန်းသူအက်စ်အက်စ်အေအဖွဲ့မှ တပ်ရင်း(၂၄) အင်အား ၁၄၀ ခန့်သည် မိုးကုတ်မြို့အနီး ညောင်တစ်ဖက်ကမ်း မိုးမြေ၌ အမှတ်(၄၂)ခြေလျင်တပ်ရင်းမှ တပ်စိတ် ၂ စိတ်နှင့် ၁၉-၃-၇၆ရက်နေ့တွင် တိုက်ပွဲဖြစ်ပွားခဲ့သည်။ ၁၂-၁၀-၇၆နေ့မှ ၂၅-၁၀-၇၆နေ့အထိ အက်စ်အက်စ်အေအင်အား (၃၀၀)ခန့်သည် ပန်လင်း၊ မင်းကုန်း၊ တောကွတ်တစ်ဝိုက်၌ အင်အားစုဖွဲ့လျက်ရှိကြောင်း ၂၅-၁၂-၇၆ရက်နေ့တွင် အက်စ်အက်စ်အေ အင်အား ၃၀၀ ခန့် ပြောင်လင်၌ အင်အားစုဖွဲ့နေကြောင်း သတင်းများရရှိသည်။[၁]

အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တိုက်ရိုက်ကွပ်ကဲသော အမှတ်(၉၅)ခြေလျင်တပ်ရင်းသည် မန္တလေး၊ စဉ့်ကူး၊ မေမြို့၊ မိတ္ထီလာ၊ သာစည်၊ မလှိုင်၊ ဝမ်းတွင်းမြို့နယ်များ၊ အရှေ့မြောက်တိုင်းနှင့် အရှေ့ပိုင်းတိုင်းဆက်စပ်နယ်မြေ၊ အင်တောကျောက်ဂူကားလမ်း အနောက်ခြမ်းနယ်မြေများတွင်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့မှဦးစီးသော အမှတ်(၅၀)(၈၇)(၈၈)ခြေလျင်တပ်ရင်းများသည် မတူပီ၊ မင်းတပ်၊ ကန်ပက်လက်၊ ပခုက္ကူ၊ ပေါက်၊ ထီးလင်း၊ ဆော၊ ဆိပ်ဖြူ၊ မင်းဘူး၊ စလင်း၊ စေတုတ္ထရာ၊ ငဖဲ၊ နွားထိုးကြီး၊ တောင်သာမြို့နယ်များတွင်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့မှဦးစီးသော အမှတ်(၄၂)နှင့် (၈၉)ခြေလျင်တပ်ရင်းများသည် ဖလမ်း၊ တီးတိန်၊ တွန်းဇ၊ ထန်တလန်၊ ဟားခါး၊ ဂန့်ဂေါ၊ သပိတ်ကျင်း၊ မိုးကုတ်၊ မော်လိုက်၊ တမူး၊ ဖေါင်းပြင်၊ ကလေး၊ မင်းကင်း၊ ဝက်လက်၊ ဝန်းသို၊ အင်းတော်၊ ဗန်းမောက်၊ ပင်လယ်ဘူးမြို့နယ်များတွင်လည်းကောင်း **ရွှေပြည်သာ** စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲလျက်ရှိသည်။[၂]

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၆ မှ ၃၁-၁၂-၇၆ အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၁၆၃-၁၆၅၊ ၁၅၄-၁၅၅၊ ၁၅၈-၁၆၀

၂ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၁၉၇၆ခုနှစ်အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းသောင်းကျန်းသူများနှင့် တပ်မတော်၏ စစ်ဆင်ရေးများ

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ဗကပပြိုကွဲပြီးနောက် ကျန်ရှိသူလေးမောင်၊ မြင့်ကျော်နှင့် ရဲလွင်တို့သတင်းများ ပျောက်ကွယ်နေသကဲ့သို့ပင် ကေအင်ယူပီမှလက်ကျန်(၁၁)ဦးမှာလည်း သတင်းမရခဲ့။ ရွှေအေးဦးဆောင်သော ကယန်းပြည်သစ်ပါတီလည်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း အခြေခံ၍ အလယ်ပိုင်းတိုင်းနယ်မြေဖြစ်သော ပျဉ်းမနားရှေ့ခြမ်း၊ သံတောင်မြောက်ခြမ်း၌ အင်အား(၈၀)ဖြင့် ဝင်ရောက်လှုပ်ရှားသည်။ ကေအင်ယူတပ်မဟာ(၂)သည် အင်အား(၂၈၀)ဖြင့် တောင်ငူခရိုင်တပ်မဟာ(၃)သည် အင်အား(၄၁၀)ဖြင့် ရွှေကျင်မြို့နယ်၊ ဗျကောပုဒေသ၌လည်း အင်အား(၃၀၀)ခန့်လှုပ်ရှားလျက်ရှိလေသည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်း၏တိုက်ရိုက်ကွပ်ကဲမှုဖြင့် အမှတ်(၃၀)(၅၃)(၅၉)(၇၁)ခြေလျင်တပ်ရင်း ၄ ရင်းဖြင့် တောင်ငူခရိုင်၊ ပဲခူးခရိုင် ရမည်းသင်းခရိုင်၊ အလယ်ပိုင်းတိုင်း၊ အနောက်မြောက်တိုင်းနှင့် အရှေ့ပိုင်းတိုင်းဆုံရာဒေသများတွင်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့မှ အမှတ်(၂၆)(၃၉)(၄၈)(၅၇)(၅၅)(၇၃)ခြေလျင်တပ်ရင်းများဖြင့်ပြည်၊ ပေါက်ခေါင်း၊ သာယာဝတီနယ်များတွင်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့မှ အမှတ်(၆၀)နှင့်(၈၅)ခြေလျင်တပ်ရင်းများဖြင့် ကျောက်ကြီး၊ ရွှေကျင်တို့တွင်လည်းကောင်း **အောင်စိုးမိုး** စစ်ဆင်ရေးအဆင့်(၆)(၇)(၈) တို့ကို ဆက်လက်ဆင်နွှဲလျက်ရှိသည်။[၁] တပ်မတော်မှ (၉၇)ဦးကျဆုံး၍ (၃၅၉)ဦးဒဏ်ရာ ရရှိပြီး ရန်သူဘက်မှ (၁၄၇)ဦးကျဆုံး၍ (၇၅)ဦးဖမ်းဆီးရမိကာ (၂၉)လက်နက်ချသည်။[၂]

၁၉၇၇ ခုနှစ်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေးများ

ဗကပတပ်ရင်း(၁၀၁)ဌာနချုပ်သည် တစ်ဘက်နိုင်ငံအနီး စင်ခေါင်တွင်အခြေပြုထားပြီး ရှေ့တန်းဌာနချုပ်အား ကန်ဘိုက်တီးတွင် အခြေပြုလျက် ကဇွန်းနယ်မြေတွင် တပ်ခွဲ၁ခွဲ၊ လဖိုင်-ဝါးခြုံနယ်မြေတွင် တပ်ခွဲ ၁ခွဲ၊ ကန်ဘိုက်တီးနှင့် ဝါးခြုံဆက်သွယ်ရေးလမ်းကြောင်းတွင် တပ်ခွဲ ၂ ခွဲဖြန့်ခွဲထားရာမှ အင်အားအများစုကို ကန်ဘိုက်တီးတွင် စုစည်းလျက်ခြံဝွေနှင့်မန်ကျီနယ်မြေတွင် မြို့နယ်တပ်များဖြင့် လှုပ်ရှားလျက်ရှိသည်။ တပ်မတော်တပ်စခန်းများ၊ ပြည်သူ့စစ်များကိုတိုက်ခိုက်သည်။[၃] ကေအိုင်အေဗဟိုကော်မတီအရေးပေါ်အစည်းအဝေးကို ၁၉၇၆ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့ပြီး

---

၁ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၆ မှ ၃၁-၁၂-၇၆ အတွင်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၇၈-၁၇၉၊ ၁၈၄-၁၈၅၊ ၁၈၉၊ ၁၇၃-၁၇၄၊ ၁၇၉-၁၈၁၊ ၁၇၉

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၇ မှ ၃၀-၄-၇၇ အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁

ဗဟိုကော်မတီဥက္ကဋ္ဌ ဘရန်ဆိုင်းသည် ၁၉၇၇ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပါဂျီအရှေ့ဘက်ရှိ အရှေ့ပိုင်းနိုင်ငံခြားဆက်သွယ်ရေးစခန်းသို့သွားရောက်သည်။ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌနှင့် ဒုတိယစစ်ဦးစီးချုပ် ဇော်မိုင် သည် ၁၉၇၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်တစ်ဘက်နိုင်ငံသို့ သွားရောက်ဆွေးနွေးပြီး၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် တပ်မဟာ(၃)ဌာနချုပ်သို့ပြန်လည်ရောက်ရှိရာ ကုန်ပစ္စည်း ၅ သိန်းကျော်ဘိုး အထောက်အပံ့ရရှိခဲ့သည်။ ကေအိုင်အေစစ်ဌာနချုပ်ကို ကန်ဘွဲ့တွင် အခြေပြုရာမှ ၁၉၇၇ ခုနှစ်၊ ဧပြီလဆန်းပိုင်းတွင်တောင်ဘက်သို့ပြောင်းရွှေ့ပြီး တပ်မဟာ(၁)ဌာနချုပ်အနီး နင်ရော်ကောင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်သည်။ ကေအိုင်အေများသည် တစ်ဘက်နိုင်ငံသို့နိုင်ငံရေးသင်တန်း တက်ရောက်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး ပထမအသုတ် အဆင့်(၃)ကေဒါသင်တန်းတွင် ပို့ချသည့် မာက္ခစ်၊ လီနင်စာစောင်များကို ကချင်ဘာသာသို့ ပြန်ဆိုရန်အားထုတ်လျက်ရှိသည်။ ဤသို့ကေအိုင်အေအဖွဲ့သည်ဗကပများနှင့် ညီညွတ်ရေးတပ်ဦးဖွဲ့စည်းရေးကို သဘောတူဆောင်ရွက်ခဲ့သော်လည်း ကချင်တို့၏ နိုင်ငံခြားဆက်သွယ်ရေးစခန်းမှာ ထိုင်းနိုင်ငံ၊ ထန်ဝိုးတွင်ပင် ဆက်လက်ရှိနေဆဲဖြစ်သည်။ ထိုင်းနိုင်ငံအစိုးရနှင့် ဆက်ဆံမှုမှာလည်း ပုံမှန်ပင်ရှိနေသည်။ ကေအိုင်အေတပ်မဟာ(၁)ဌာနချုပ်သည် ကတော့မော့နန်းတွင်ရှိနေရာမှ နမ်ဘုံဘွန်သို့ ပြောင်းရွှေ့ပြီး စစ်ဦးစီးချုပ် လမုန်တူးဂျိုင် ရှိနေသော တပ်မဟာ(၂)ဌာနချုပ်သည် မဂျီဘွယ်ဒေသ တွင်ရှိနေရာမှ တပ်မတော်၏ထိုးစစ်ကြောင့် မဂျီဘွယ်တွင် နောက်ချန်အဖွဲ့ငယ်များသာထားရှိပြီး၊ တပ်ရင်း(၆)နယ်မြေနှင့် ကျောက်စိမ်းတပ်ခွဲ နယ်မြေများသို့ ဧပြီလအတွင်းက ဝင်ရောက်လှုပ်ရှား သည်။ တပ်မဟာ(၃)ဌာနချုပ်သည် မိုးမောက်မြို့နယ်အရှေ့ခြမ်းတစ်ဘက်နိုင်ငံနယ်စပ်အနီးရှိ ကဒေါ်ကုန်းတွင်အခြေပြုထားသည်။ တပ်မဟာ(၃)လက်အောက်ခံတပ်ရင်း(၃)ဌာနချုပ်သည် ပါဂျီမှ ဂဂန်းဘွယ်၊ ထိုမှ မဂေါင်ဘွယ်သို့ပြောင်းရွှေ့သည်။ ကေအိုင်အေတပ်များသည် တပ်မတော်ဆက်သွယ်ရေးယာဉ်တန်းများကိုသာ နှောက်ယှက်တိုက်ခိုက်ခြင်း ပြုလုပ်နိုင်ခဲ့သည်။ ပြည်ပနာဂသောင်းကျန်းသူအဖွဲ့မှတပ်ရင်း(၂၂)သည်အင်အား(၁၅၀)ခန့်ဖြင့်နမ့်စလိန်ချောင်း၊ နမ့်ဖုတ်ချောင်းနှင့် နမ့်ဖုတ်ချောင်းဆုံမှ ချင်းတွင်းမြစ်အတိုင်း ဝမ်းဘဲကျေးရွာအထိလည်းကောင်း၊ တပ်ရင်း(၂၃)နှင့် (၂၄)ပူးပေါင်းအင်အား(၂၀၀)ခန့်သည် နမ့်စလိန်ချောင်းမြောက်ဘက်နှင့် နမ့်ဖုတ်ချောင်း အနောက်ဘက်ဒေသတွင်လည်းကောင်း လှုပ်ရှားလျက်ရှိ၍ စစ်ဦးစီးဌာနချုပ်သည် ဆာဖေါ်နှင့် ဝေ့ကွန်အကြား၌စခန်းချကာ ဒုတိယဗိုလ်မှူးကြီးပိကြုံနှင့် အင်အား(၅၀)ခန့်သည် ယမ်းကြိမ်၊ ဟောင်ရပ်နှင့် ရောင်ကွန်ဒေသတစ်ဝိုက်တွင် အခြေပြုလျက်ရှိသော်လည်း လှုပ်ရှားမှုမရှိလှချေ။ ပြည်တွင်းနာဂခပ်ပလန်အဖွဲ့သည် ကေအိုင်အေတပ်မဟာ(၃)ဌာနချုပ်တွင်ရောက်ရှိနေပြီး၊ ပြည်တွင်းပြည်ပပူးပေါင်းနာဂသောင်းကျန်းသူအဖွဲ့ငယ်များသည် လဟယ်မြောက်ခြမ်း ဒုံဟီးတွင် လှုပ်ရှားလျက်ရှိသည်။[၁]

၁။ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၁-၇၇မှ ၃၁-၈-၇၇အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ မှတ် ၁-၁၅၊ ၁-၁၃

တပ်မတော်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုက်ရိုက်ကွပ်ကဲသော အမှတ်(၂)ခြင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂၉) (၃၇) (၄၀) (၄၆) (၅၂) (၆၃) (၈၆)နှင့် (၉၈)ခြေလျင်တပ်ရင်းများသည် ချောင်းဝ၊ မိုးညှင်း၊ ဆားမှော်၊ မိုးကောင်း၊ ကာမိုင်း၊ ဖါးကန့်၊ အင်ဂျန်းယန်၊ ဆင်ဘို၊ မြစ်ကြီးနား၊ ဆွမ်ပရာဘွမ်၊ ပူတာအို၊ မချမ်းဘော၊ ခန္တီး၊ ရှင်ဗွေယန်၊ ဟုမွလင်း၊ တနိုင်း၊ ထရံ၊ နမ္မတီး၊ ဒေ့ဆိုင်ဒေသများတွင်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၅)နှင့် (၄၇)ခြေလျင်တပ်ရင်းများဖြင့် မြို့သစ်၊ ဒေါ်ဖုန်းယန်၊ နားလဲ၊ ဗန်းမော်၊ မိုးမောက်၊ နန့်လင်ပါ၊ မန်စီ၊ မွန်တာပါ၊ မုန်းထိန်ပါ၊ အူလပါ၊ မိုင်းခေါင်ဒေသများတွင်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၂၁) (၅၆) (၅၈)ခြေလျင်တပ်ရင်းများဖြင့် ချီတွေ၊ ရစ်ကျော်၊ တမူး၊ လောခေါင်၊ ဆောလော၊ ဝိုင်းမော်၊ ဆဒုံး၊ ဝေါခြုံဒေသများတွင်လည်းကောင်း၊ ၁၉၇၇ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ မှစ၍ **ရန်လုံးအောင်**စစ်ဆင်ရေးကို ဆင်နွှဲလျက်ရှိသည်။ တပ်မတော်မှ (၁၃၃)ဦးကျဆုံး၍ (၂၅၂)ဦး ဒဏ်ရာရရှိပြီး၊ ရန်သူဘက်မှ (၁၆၈)ဦးကျဆုံး၍ (၅၆)ဦးဖမ်းဆီးရမက (၄၄)ဦးလက်နက်ချသည်။[၁]

၁၉၇၇ခုနှစ် အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

အရှေ့မြောက်စစ်ဒေသဗကပများသည် စစ်ဒေသဌာနချုပ်အား ပန်ဆန်းတွင် ဆက်လက်အခြေပြုပြီး၊ သံလွင်မြစ်အရှေ့ဘက်ခြမ်းတွင် လူသစ်စုဆောင်းရရှိမှု ခက်ခဲလာခြင်း၊ ရိက္ခာရှားပါးခြင်းတို့ကြောင့် သံလွင်မြစ်အနောက်ခြမ်းသို့ နယ်မြေတိုးချဲ့ရန် ပထမအဆင့်အဖြစ် အက်စ်အက်စ်အေရှမ်းသောင်းကျန်းများအား စည်းရုံးသိမ်းသွင်းခဲ့ပြီး၊ ဒုတိယအဆင့်အဖြစ် ကေအိုင်အေသောင်းကျန်းသူများအား ဆက်လက်သိမ်းသွင်းခဲ့ရာ ၁၉၇၇ခုနှစ် ပထမ(၄)လပတ်ကာလအတွင်း အပစ်အခတ် ရပ်စဲ၍ နယ်နိမိတ်သတ်မှတ်ရေး သဘောတူညီချက်ရရှိသည်။ ၁၉၇၇ခုနှစ်၊ မတ်လ(၂၀)ရက်နေ့တွင် ဗကပ အမှတ်(၂၀၂)တပ်ရင်းမှူးကျော့ရင်ခေါင်းဆောင်သော အင်အား(၃၀)ခန့်သည် မန်ဆန်သို့ ရောက်လာပြီး၊ကေအိုင်အေတပ်ရင်း(၉)တပ်ရင်းမှူး ဇော်အွန်နှင့်ဆွေးနွေး၍ လွယ်ယားဒေသကို ဗကပတို့ ရရှိခဲ့သည်။ ဗကပတို့သည် အက်စ်အက်စ်အေရှမ်းသောင်းကျန်းသူများအား ပန်ဆန်းတွင်လည်းကောင်း၊ ကေအိုင်အေတို့အား မန်ဟီးရိုးအနီး ကောင်းကွတ်တွင်လည်းကောင်း ခေါ်ယူ သင်တန်းပေးလက်နက်တပ်ဆင်သည်။ ၁၉၇၇ခုနှစ်၊ မတ်လပထမပတ်တွင် ဗကပတပ်မဟာ(၂) တပ်မှူးထွန်းတင်သည် မုန့်ပေါ်သို့ ရောက်ရှိလာပြီး၊ ၄င်းရောက်ရှိလာခြင်းမရှိမီ ၁၉၇၇ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက ဗကပအင်အား (၃၀၀)ခန့် မုန်းပေါ်သို့ မုန်းကိုးမှရောက်နေခဲ့သည်။ တပ်မဟာ(၂)၏အမာခံတပ်များဟု

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၁-၇၇မှ ၃၁-၈-၇၇အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ မျက် ၁၆-၁၇၊ ၂၁၊ ၂၆၊ ၁၄-၁၅၊ ၂၄၊ ၂၈

ယူဆရသည့် ထိုတပ်ဖွဲ့သည် မန်နားခိုမုန့်ဒေသသို့ဝင်လာပြီး၊ လူသူစုဆောင်းခဲ့သည်။ ထို့နောက် ၁၉၇၇ခုနှစ်၊ အေပြီလ ၁၁ ရက်နေ့တွင် ဗကပအင်အား(၅၀၀)ခန့်သည် မိုးမိတ်သို့ဝင်ရောက် တိုက်ခိုက်သည်။ မိုးမိတ်မြို့တွင် တာဝန်ယူထားသော အမှတ်(၁၂)ခြေလျင်တပ်ရင်း စစ်ကြောင်း(၁)ဌာနချုပ်နှင့် ကွန်မန်ဒိုတပ်ခွဲ(၁)က ရန်သူမှ လက်နက်ကြီးများပစ်ကူမှု ဖြင့် အပြင်းအထန်တိုက်ခိုက်လာသည်ကို ခုခံတိုက်ခိုက်ခဲ့ရာတွင် တပ်မတော်(လေ)မှ လေယာဉ်များကလည်း ဝင်ရောက်ပစ်ကူပေးတိုက်ခိုက်ခဲ့ကြသည်။ ရန်သူဗကပများသည် ထိုညတွင်ပင် အလောင်း (၅၂)လောင်းချန်ရစ်၍ ဆုတ်ခွါသွားခဲ့ကြသော်လည်း တပ်မတော်မှ အမှတ်(၁၂)ခြေလျင်တပ်ရင်းမှူး အပါအဝင် အရာရှိလေးဦးနှင့် စစ်သည်(၁၅)ဦးကျဆုံးခဲ့ပြီး၊ ပြည်သူရဲတပ်ဖွဲ့ဝင်(၂)ဦး ဒဏ်ရာရရှိခဲ့သည်။ ဗကပအမှတ်(၆၀၀)တပ်ဖွဲ့သည် မုန်းပေါ်ဒေသတွင် အခြေပြု၍ လက်အောက်ခံတပ်ရင်းများဖြစ်သော တပ်ရင်း(၆၀၁)အား မုန်းပေါ်ဒေသ၊ တပ်ရင်း(၆၀၃)အား မုန်းလီကောင်းဝိုင်ဒေသ၊ တပ်ရင်း(၆၀၅)အား မုန်းစီတောင်ခြမ်းနှင့် နယ်ကျွမ်းဒေသများ၌ အခြေပြုလှုပ်ရှားစေသည်။ တပ်မတော် တပ်ဖွဲ့များသည် ၁၉၇၇ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စီစီဝမ်၊ တာပန်ဒေသရှိဗကပတို့အား လျှပ်တစ်ပြက်ဝင်ရောက်တိုက်ခိုက်ပြီး၊ ပြန်ထွက်လာခြင်း၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ထပ်မံ တိုက်ခိုက်ပြီး သိမ်းပိုက်ခြင်းများပြုလုပ်သောအခါ တပ်ရင်း(၆၀၁)သည် မုန်းပေါ်-ကောင်းခါဒေသ သို့ဆုတ်ခွါပြီး၊ ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် အမှတ်(၆၀၀)တပ်ဖွဲ့အင်အားစုသည် မုန်းယား၊ မုန်းကိုးဒေသမှ ပြည်သူ့စစ်များပါစုစည်း၍ တပ်မတော်တပ်စွဲလျက်ရှိသော စီစီဝမ်၊ တာပန်စခန်းတို့အား ဝိုင်းပတ်၍ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ အင်အားစု၍ ဝင်ရောက်တိုက်ခိုက်ခြင်း၊ မိုင်း စစ်ဆင်ခြင်းများ ပြုလုပ်ကာ စီစီဝမ်၊ တာပန်စခန်းများ ပြန်သိမ်းရေးကို ကြိုးပမ်းလျက်ရှိသည်။[၁]

ဗကပတပ်မဟာ(၆၈၃)သည် ၁၉၇၇ခုနှစ်၊ ဇန်နဝါရီလတွင် နယ်စပ်ရှိ ပန်ဆန်းဌာနချုပ်မှ ထွက်ခွါပြီး၊ ဖေဖော်ဝါရီလအတွင်း၌ မိုင်းပြင်း-ကျိုင်းတုံကားလမ်းကိုကျော်ဖြတ်လျက် ကားလမ်းတောင်ဘက်ခြမ်းရှိ မိုင်းပုကြိုးသို့ဝင်ရောက်သည်။ မတ်လတွင် သံလွင်မြစ်ကိုကျော်ဖြတ်ကာ တာကော်အနောက်ခြမ်းမှတစ်ဆင့် ကျေးသီးမံစီမြို့နယ်အတွင်းရှိ နောင်လုံ၊ နောင်ဝိုးဒေသသို့ ဝင်ရောက်သည်။ မိုင်းပုကြိုးခွင်သို့ဝင်ရောက်ခဲ့သော ဗကပအင်အား(၂၀၀)ခန့်ကို ရှေ့တန်းအမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်က **ရဲနိုင်အောင်**စစ်ဆင်ရေးဖြင့် ချေမှုန်းတိုက်ခိုက်ရာ[၂] အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်လက်အောက်ခံတပ်များအပြင် အရှေ့ပိုင်းတိုင်းမှ အမှတ်(၁)စစ်ဗျူဟာအဖွဲ့၊ အမှတ်(၅)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄၃) (၄၉)နှင့် (၆၅)ခြေလျင်တပ်ရင်းများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၃၈)

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၁-၇၇မှ ၃၀-၄-၇၇အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၃၁-၃၄

၂ တပ်မတော်သားသုတေသီတစ်ဦး - ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း ဖြတ်သန်းလာသော မြန်မာ့သဘိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ တတိယတွဲ မျက် ၁၅၈

ခြေလျင်တပ်ရင်းတို့ ပါဝင်ခဲ့သည်။ စစ်ဆင်ရေးကာလမှာ ၁-၁-၇၇မှ ၃၀-၄-၇၇အထိဖြစ်ပြီး၊ စစ်ဆင်သောနယ်မြေမှာ ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းပြင်း၊ မိုင်းယောင်း၊ မိုင်းဆတ်၊ မိုင်းတုံနှင့် တာချီလိတ်နယ်မြေများဖြစ်သည်။ တပ်မတော်မှ (၆၆)ဦးကျဆုံး၍[၁] (၁၅၅)ဦးဒဏ်ရာရရှိပြီး ရန်သူဗကပ ခေါင်းဆောင်တစ်ဦးအပါအဝင် (၁၂၄)ဦးကျဆုံးကာ (၄)ဦးဖမ်းမိ၍ (၅၆)ဦးလက်နက်ချခဲ့သည်။[၂]

အလားတူပင် မတ်လအတွင်းကကျေးသီး-မံစီမြို့နယ်နှင့် နောင်လုံနောင်ပိုးဒေသအတွင်းသို့ ဝင်ရောက်လာခဲ့သော ဗကပများကိုလည်း အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မှ နည်းပျူဟာအဖွဲ့ (၂)ဖွဲ့နှင့် လက်အောက်ခံတပ်ရင်း(၅)ရင်း၊ အမှတ်(၂၃)ခြေလျင်တပ်ရင်းမှ တပ်စု ၂စု၊ အမှတ်(၆၄) ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၄)ခွဲနှင့် တပ်စု ၁ စု၊ ထူးအောင်စစ်ကြောင်းတပ်ခွဲ(၁)ခွဲတို့ဖြင့် ၁၉၇၇ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဆက်စပ်နယ်မြေ၊ စိန်ကြော့ဆောင်ကြကားလမ်းတောင်ခြမ်း၊ မိုင်းခေး၊ မန်ဖန်၊ မိုင်းလား၊ ကျေးသီး၊ ကျိုင်းလွန်း၊ မိုင်းရှူး၊ တုံလော၊ မိုင်းကိုင်နှင့်နောင်လုံနောင်ပိုးနယ်မြေအတွင်း **တိုင်းရန်ပြုစစ်ဆင်ရေး** ဆင်နွှဲခဲ့ရာ ရန်သူတို့အထိနာ အကျအဆုံးများစွာနှင့်ဆုတ်ခွါထွက်ပြေးခဲ့ရသည်။[၃] ဤသို့အထိနာလျက်ရှိသော ဗကပတပ်မဟာ(၆၈၃)အင်အားစုများကို အကူအညီပေးရန် ဇွန်လပထမပတ်အတွင်းက သံလွင်မြစ် အနောက်ခြမ်း မိုင်းရှူးမြို့နယ်အတွင်းသို့ဝင်ရောက်လာသော အင်အား ၈၀၀ ခန့်ရှိသည့် ဗကပတပ်မဟာ(၈)အဖွဲ့ကိုလည်း အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မှ **တိမ်တောင်စစ်ဆင်ရေး**ဖြင့် တိုက်ခိုက်၍ ဗကပတို့အထိနာပြီး သံလွင်မြစ်အရှေ့ခြမ်းသို့ ပြန်လည်ဆုတ်ပြေးသည်။ ဤသို့ သံလွင်မြစ်ကိုဖြတ်ကျော်လာသော ဗကပများကိုတိုက်ခိုက်သည့်နည်းတူ တစ်ချိန်တည်းမှာပင် မိုင်းပြင်း၊ ထုံဟာမြောက်ဘက်ခြမ်းရှိ လွယ်စီးတောင်ကြောပေါ်မှ ဗကပအင်အား(၂၀၀)ခန့်ရှိသော စခန်းကို လည်း အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်က **တံခွန်စစ်ဆင်ရေး**ဖြင့် ၁၉၇၇ခုနှစ်၊ ဇွန်လဒုတိယပတ်အတွင်း၌ တိုက်ခိုက်ရာ ဗကပတို့အကျအဆုံးများစွာဖြင့် စခန်းကိုစွန့်ခွါသွားခဲ့သည်။ ယင်းစစ်ဆင်ရေးများအတွင်း ရန်သူနှင့် တိုက်ပွဲပေါင်း(၄၁)ကြိမ်ဖြစ်ပွားခဲ့ပြီး၊ အနီးကပ်လှံစွပ်ထိုးတိုက်ပွဲ(၂၃)ကြိမ်ဆင်နွှဲရကာ၊ ဗကပ (၁၆၃)ဦးကျဆုံးခဲ့သည်။

ဗကပတို့သည် စစ်ဆင်ရေးအချိန်ကိုက် လူပ်ရှားသည့်အနေဖြင့် ဗကပတပ်မဟာ(၁၂) အပါအဝင် အင်အား ၅၀၀ ခန့်သည် ၁၉၇၇ခုနှစ်၊ မေလအတွင်း၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေ တန့်ယန်းမြို့နယ်အတွင်းသို့ သံလွင်မြစ်ကိုဖြတ်ကျော်ဝင်ရောက်လာရာ အရှေ့မြောက်တိုင်း

---

၁ သောင်းကျန်းသူဆန့်ကျင်ရေးအဖွဲ့မှ (၇)ဦးပါဝင်သည်။

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစုမှ အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်နယ်မြေ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၉၂-၁၉၄

(က) ကက(ကြည်း)စစ်ဆင်ရေးဌာနစုမှအမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်နယ်မြေ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၈၄-၁၈၆

(ခ) မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ တတိယတွဲ မျက် ၁၅၈

စစ်ဌာနချုပ်က **ရဲမင်းအောင်**စစ်ဆင်ရေးဖြင့် ချေမှုန်းတိုက်ခိုက်၍ တိုက်ပွဲကြီး(၁၀)ကြိမ်အပါအဝင် တိုက်ပွဲငယ်ပေါင်း(၂၁)ကြိမ်ဖြစ်ပွားခဲ့ပြီး၊ သံလွင်မြစ်အရှေ့ဘက်သို့ ပြန်လည် ဆုတ်ခွာသွားခဲ့သည်။[၁]

ဗကပတို့သည် သံလွင်မြစ်အရှေ့ခြမ်းသိမ်းပိုက်ရေး မဟာဗျူဟာကို မစွန့်လွှတ်နိုင်သေးသည် ဖြစ်၍ ကွမ်းလုံအရှေ့ခြမ်းရှိ ဟိုပန်ဒေသစိုးမိုးရေးကို အဆုံးအဖြတ်ပေးတိုက်ပွဲကြီးအဖြစ် အခြေခံ နယ်မြေတည်ဆောက်ရေးကို အပြင်းအထန်ကြိုးပမ်းလာခဲ့သည်။ ၁၉၇၇ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့မှ ၃၁ ရက်နေ့အထိ ခြေရွှေပန်ကောက်တိုက်ပွဲများအပါအဝင် တိုက်ပွဲများဖြစ်ပွားပြီး အရှေ့ မြောက်တိုင်းစစ်ဌာနချုပ်ကလည်း **ရဲမင်းအောင်** စစ်ဆင်ရေးဖြင့် ဗကပတို့၏ မဟာဗျူဟာရည်မှန်း ချက်ကို ရိုက်ချိုးပစ်ခဲ့ရပေသည်။ ၁၉၇၇ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ဗကပအင်အား (၁၅၀) ခန့်သည် ၈၂မမ ငါးလက်ဖြင့် မန်မိုင်မှ ဗင်းဟင်ဘက်သို့ထွက်သွားသော သတင်း၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် ဗကပအင်အား ၃၀၀ ခန့်သည် မန်ဆိုင်ဘက်မှ ကျင်ချမ်းသို့ ထပ်မံရောက်လာပြီး၊ တပ်ဖြန့်ခွဲ အခြေပြုသောသတင်းများကို တပ်မတော်မှရရှိခဲ့သည့်ပြင် လက်နက်ချ အလင်းဝင်များအား စစ်ကြောချက်အရလည်း ဗကပအရှေ့မြောက်ဒေသမှ တိုက်ရိုက် ကွပ်ကဲလျက် ဗကပတပ်ရင်း(၅၀၁)၊ (၁၀၈)၊ (၀၄၂)၊ (၄၀၄၆)များနှင့် အမှတ်(၁၇၇)လက်နက်ကြီး တပ်များသည် စက်တင်ဘာလ ၃၀ ရက်နေ့မှ စုဖွဲ့လေ့ကျင့်လျက်ရှိကြောင်း သိရပေသည်။[၂]

၁၉၇၇ခု အောက်တိုဘာလ ၃ ရက်နေ့နံနက် ၄ နာရီခန့်တွင် ဗကပအင်အား(၁၅၀)သည် နမ့်တက်ဘက်မှတစ်ဆင့် ညောင်ပင်ကုန်းနှင့် ကူးတို့ဆိပ်စခန်းအကြား လျှိုအတွင်းဝင်လာလျက် အင်အား ၇၀ ခန့်သည် တပ်မတော်စစ်ကူစစ်ကြောင်းများကိုပ်တ်ဆို့ရန် ကားလမ်းတစ်လျောက်နေရာ ယူထားပြီး ကျန်အင်အားစုများက တပ်မတော်နှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင် ပူးပေါင်းအင်အား တပ်စိတ် တစ်စိတ်မျှသာရှိသော ကူးတို့ဆိပ်စခန်းကို ဝင်ရောက်တိုက်ခိုက်သည်။ စခန်းကို အတိုက်ခံရလျှင် ခံရချင်း စခန်းအပြင်ဘက်၌ ကာကင်းထုတ်ထားသောတပ်ဖွဲ့က ရန်သူ့နောက်ကျောမှ ဝိုင်းပတ်၍ လည်းကောင်း၊ ကူးတို့ဆိပ်မြောက်ဘက်စခန်းရှိ တပ်စိပ်က ပစ်ကူပေး၍ တိုက်ပွဲဝင်ခဲ့ပြီး၊ စခန်း အတွင်းရှိတပ်စိပ် ကလည်း ပြင်းပြင်းထန်ထန်ခုခံခဲ့၍ဗကပတို့သည် ထိုနေ့နံနက် ၅ နာရီခွဲတွင် အလောင်း(၈) လောင်းနှင့် ကျည်ဆံ (၈၀၀)တို့ကိုချန်ရစ်ကာ ဆုတ်ခွာသွားကြသည်။

ထိုနေ့က ဟိုပန်မြို့ မြေကျေးရွာင်းစခန်းမှ ကင်းပုန်းထုတ်ထားသောတပ်စိတ် ၂ စိတ်သည် ကူးတို့ဆိပ်စခန်း၌ တိုက်ပွဲဖြစ်ပွားသံကြားလျှင်ကြားချင်း ရန်သူဆုတ်ခွာလာနိုင်သောလမ်းမှ ခြုံခိုတိုက်ခိုက်ရန် စောင့်ဆိုင်းခဲ့ရာ ဗကပအင်အား(၇၀)ခန့်သည် ဒဏ်ရာရသူများကိုသယ်ဆောင်၍ ဆုတ်ခွာ လာသည်ကိုတွေ့ရှိ၍ တပ်မတော်ကင်းပုန်းတပ်စိတ်မှ ဖြတ်တောက်တိုက်ခိုက်ရာ ရန်သူအလောင်း

---

၁ မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ ကတိယတွဲ မျက် ၁၅၈-၁၅၉
၂ မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ တတိယတွဲ မျက် ၁၅၈-၁၅၉

(၇)လောင်း၊ လက်နက် ၄ လက်နှင့် ၄၀မမဗုံးသီးများကိုထားရစ်ထွက်ပြေးကြသည်။ နောက်နေ့တွင် ထိုသူတို့ ဆုတ်ခွါရာလမ်းကြောင်းကို ထပ်မံရှင်းလင်းရာ မြို့ပ်နှံထားသော ဗကပအလောင်း(၁၁)လောင်းနှင့် လက်နက် ၂ လက်၊ ခဲယမ်းပစ္စည်းများ သိမ်းဆည်းရမိသည်။ အလားတူပင် ရွှေဝါစခန်းမှတပ်နှင့် ပြည်သူ့ရဲပူးပေါင်းတပ်စိတ် ၂ စိတ်ကလည်း ဗကပအင်အား ၃၀ ခန့်ကိုတိုက်ခိုက်ခဲ့ရာ ဗကပအလောင်း ၂ လောင်းကျန်ရစ်ခဲ့သည်။

ဗကပတို့သည် ဟိုပန်ဒေသကို အပြီးအပိုင်တိုက်ခိုက်သိမ်းပိုက်ရန် ရည်ရွယ်ထား၍ ၁၉၇၇ခု အောက်တိုဘာလ ၂ ရက်နေ့ညနေ ၆ နာရီတွင် ခြူးရွှေစခန်းအနီး လွယ်လရွာသစ်ရှိ အမှတ်(၃) ကချင်သေနတ်ကိုင်တပ်ရင်းမှ တပ်စု ၁ စုအား အင်အား(၃၀၀)ကျော်ဖြင့် ဝင်ရောက်တိုက်ခိုက်၍ တပ်မတော်မှ ဆုတ်ခွါပေးရသည်။ အလားတူပင် ခြူးရွှေစခန်းမှ ကာကင်းတပ်စိတ်ကိုလည်း အင်အား ၁၀၀ ကျော်ဖြင့်ဝိုင်းပတ်တိုက်ခိုက်၍ ထိုတပ်စိတ်သည် ကောင်းကော်စခန်းသို့ ဆုတ်ခွါပေးရသည်။ ဗကပတို့သည် အောက်တိုဘာလ ၃ ရက်နေ့နံနက် ၆နာရီ ၂၀ မိနစ်တွင် တပ်မတော်မှအင်အား ၂၀ ဖြင့် တပ်စွဲထားသော ခြူးရွှေစခန်းအားအင်အား ၂၀၀ကျော်၊ လက်နက်ကြီးပစ်ကူများဖြင့်တိုက်ခိုက်၍ တပ်မတော်ကအဖွဲ့များခွဲပြီး၊ ဟိုပန်သို့ဆုတ်ခွါသည်။ ထို့အတူပင် တပ်နှင့်ပြည်သူ့ရဲပူးပေါင်းအင်အား (၃၇)ဦးသာရှိသော ပန်ကောက်စခန်းကိုလည်း ဗကပတပ်ရင်း(၅၀၁)နှင့် (၀၁၈)တပ်ရင်း ၂ ရင်းအင်အားဖြင့် လက်နက်ကြီးပစ်ကူမှုများပါဝင်တိုက်ခိုက်၍ တပ်ခွဲမှူးအပါအဝင် အကျအဆုံးများဖြင့် တပ်မတော်မှဆုတ်ခွါပေးရသည်။ အင်အား ၁၂ ယောက်သာရှိသော ပန်ကောက်အောက်စခန်းကိုလည်း ဆက်လက်တိုက်ခိုက်၍ တပ်မတော်က ဆုတ်ခွါပေးရသည်။ လွယ်မလုံမန်းစခန်းတွင်မူ ခြူးရွှေစခန်းမှတိုက်ပွဲဖြစ်သံကြားသည်နှင့်တစ်ပြိုင်နက်စခန်းရှိတပ်မတော်တပ်စိတ် ၁ စိတ်နှင့်သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့ဝင် ၁၃ ယောက်တို့သည် အသင့်ပြင်ထားပြီး၊ ဗကပအင်အား ၁၀၀ခန့် စခန်းသို့ ချဉ်းကပ်လာသည်နှင့် စတင်ပစ်ခတ်၍ တိုက်ပွဲဖြစ်ပွားသည်။ ထို့ပြင် တပ်မတော်မှ တပ်စုတစ်စုစစ်ကူရောက်လာ၍ ဗကပတို့သည် ၂ ရက်တိုင်တိုင် အပြင်းအထန်တိုက်ခိုက်ပြီးမှ လက်လျော့ဆုတ်ခွါသွားသည်။ ဖါလင်စခန်းရှိ တပ်နှင့်ပြည်သူ့ရဲပူးပေါင်းအင်အား ၁၂ ဦးသည် ပန်ကောက်စခန်းတိုက်ပွဲဖြစ်သံကြားသည်နှင့် ပြင်ဆင်ထားသော်လည်း ရန်သူက လူအင်အား၊ လက်နက်အင်အား အဆမတန်များပြား၍ ဆုတ်ခွါခဲ့ရသည်။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သည် တန်ပြန်ထိုးစစ်ဆင်ရန် တပ်များကို ပြန်လည်စုဖွဲ့၍ စစ်မျက်နှာများဖွင့်လှစ်ခဲ့ရာ-

(က) ခြူးရွှေစစ်မျက်နှာတွင် အမှတ်(၃)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၃)ခြေမြန်တပ်ရင်း၊ အမှတ်(၁၂)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၇)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၉)ခြေမြန်တပ်ရင်းများ

(ခ) ရင်ကွဲတောင်စစ်မျက်နှာတွင်အမှတ်(၇)ခြေလျင်တပ်ရင်း၊ အမှတ်(၁၃)ခြေလျင်တပ်ရင်း

(ဂ) ဖါးကျွတ်စစ်မျက်နှာတွင် အမှတ်(၈၀)ခြေလျင်တပ်ရင်း၊ အမှတ်(၈၁)ခြေလျင်တပ်ရင်း

(ဃ) ဗင်းဟင်ဟိုစွန်စစ်မှုက်နှာတွင် အမှတ်(၁၀)ခြေလျှင်တပ်ရင်း၊ အမှတ်(၃၆)ခြေလျှင်တပ်ရင်း၊ အမှတ်(၁)ရှမ်းသေနတ်ကိုင်တပ်ရင်း

တို့မှ စစ်ကြောင်းတပ်ခွဲများပြင်ဆင်ခဲ့ပြီး၊ ထို **ရဲမင်းအောင်စစ်ဆင်ရေးကိုကွပ်ကဲရန်** နယ်လှည့်အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သည် အောက်တိုဘာ(၅)ရက်နေ့တွင်လည်းကောင်း၊ နယ်လှည့်အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်သည် အောက်တိုဘာ(၃)ရက်နေ့တွင်လည်းကောင်း၊ ကွမ်းလုံသို့ရောက်ရှိခဲ့ပြီး အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်သည် အောက်တိုဘာလ(၅)ရက်နေ့တွင် ကွမ်းလုံမှ ဟိုပန်သို့ ပြောင်းရွှေ့၍ စစ်ဆင်ရေးကို အနီးကပ်ကွပ်ကဲသည်။

ထိုးစစ်ကိုစတင်ဆင်နွဲရာခြွေးရွှေစစ်မှုက်နှာတွင် အောက်တိုဘာလ(၃)ရက်နေ့မှ (၂၇)ရက်နေ့အထိ၊ ရင်ကွဲတောင်စစ်မှုက်နှာတွင် အောက်တိုဘာလ(၈)ရက်နေ့မှ (၂၈)ရက်နေ့အထိ၊ ဖဲးကွတ်စစ်မှုက်နှာတွင် အောက်တိုဘာလ(၈)ရက်နေ့မှ (၂၇)ရက်နေ့အထိ၊ ဗင်းဟင်ဟိုစွန်စစ်မှုက်နှာတွင် အောက်တိုဘာလ(၂၉)ရက်နေ့မှ နိုဝင်ဘာလ(၁)ရက်နေ့အထိ တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့ သည်။ ရန်သူဗကပသည် ၇၅မမ၊ ၅၇မမ၊ ၈၂မမ၊ ၆၀မမ၊ ပွိုင့် ၅လောင်ချာများဖြင့် အပြင်းအထန် ခုခံခဲ့သော်လည်း တပ်မတော်မှ အပြင်းအထန်ထိုးစစ်ဆင်ခြင်း၊ ခြေလျှင်လက်နက်ကြီးများ၊ အမြောက်ပစ်ကူများ၊ လေကြောင်းပစ်ကူများကို ဟန်ချက်ညီစွာအသုံးပြုခဲ့ခြင်းကြောင့် တပ်မတော်မှ ခြွေးရွှေပန်ကောက်စခန်းများကို ပြန်လည်သိမ်းပိုက်ခဲ့သည့်အပြင် ဗကပတို့ဆုတ်ခွါရာ လမ်းတစ်လျောက်နှင့် ဗင်းဟင်ဟိုစွန်အထိ တိုးခွဲ့တိုက်ခိုက်၍ ဗကပတို့အထိနာလှသည်။

ထိုစစ်ဆင်ရေးသည် အောက်တိုဘာလ(၃)ရက်နေ့မှ (၂၇)ရက်နေ့အထိ (၂၄)ရက်ကြာမြင့်ပြီး လုံစွပ်တိုးတိုက်ပွဲ(၁၀)ကြိမ်အပါအဝင် တိုက်ပွဲကြီး(၂၅)ကြိမ် ဆက်တိုက်ပြင်းထန်စွာဖြစ်ပွားကာ ဗကပ(၅၀၀)ကျော်ကျဆုံးခဲ့သည်။ ယင်း(၅၀၀)ကျော်အနက် (၃၇၃)လောင်းကျန်ရစ်၍ မြေမြှုပ်ထား သော အလောင်း(၄၂၆)လောင်းကို ဖော်ထုတ်ရရှိပြီး၊ ဗကပတပ်စုမှူး ၁ ဦးနှင့် တပ်သား ၁ ဦးတို့ လက်နက်ချခဲ့သည်။ တပ်မတော်မှလည်း အရာရှိ(၁၃)ဦးနှင့် စစ်သည်(၁၁၃)ဦးကျဆုံး၍ (၂၃၇)ဦး ဒဏ်ရာရရှိကာ တပ်မတော်(လေ)မှ ဗင်ပိုင်ယာလေယာဉ်တစ်စင်း ပျက်ကျဆုံးခဲ့သည်။[၁]

၁၉၇၇ခုနှစ်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းသောင်းကျန်းသူများနှင့် တပ်မတော်၏ စစ်ဆင်ရေးများ

ဗကပအရှေ့မြောက်စစ်ဒေသလက်အောက်ခံ ဗကပတပ်မဟာ(၅)သည် မိုင်းပေါက်ဒေသ၊ တပ်မဟာ(၈)သည် မိုင်းလားဒေသနှင့် ဝမ်ယွန်း၊ ဧ၁၅ စစ်ဒေသသည် နမ့်လွေချောင်းမြောက်ခြမ်း၊ ရှမ်းပြည်နယ်ဗကပများသည် အင်တောကျောက်ဂုဒေသများတွင် ရှိနေဆဲဖြစ်သည်။ တပ်မဟာ(၅)သည် လက်အောက်ခံတပ်ရင်း(၃)ရင်းနှင့် အိုက်မြင့်အဖွဲ့ပူးပေါင်းအင်အား(၆၀၀)ခန့်ဖြင့် မိုင်းယန်းရှိ အမှတ်

---

[၁] မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ တတိယတွဲ မျက် ၁၆၀-၁၆၅

(၁၄)ခြေလျင်တပ်ရင်းမှ တပ်စု ၁ စုအခြေပြုစခန်း အွန်လာကုန်းကို ၁၉၇၇ခု၊ ဇန်နဝါရီလ ၂ ရက်နေ့က တိုက်ခိုက်သိမ်းပိုက်သည်။ တပ်ရင်း(၅၀၁)နှင့် ဖုန်ကြားရှင်၏ အထူးတပ်ဖွဲ့များဖြစ်သော အမှတ်(၆၈၃၅)နှင့် အမှတ်(၁၇၇)တပ်များသည် အင်အား(၂၀၀)ခန့်ဖြင့် မိုင်းယန်းစခန်းကို အနီးကပ်ခြိမ်းခြောက်လာခဲ့၍ ၁၅-၂-၇၇ရက်နေ့မှ ၁၉-၂-၇၇အထိ တပ်မတော်အမှတ်(၁)ဗမာ့သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၄)ခြေလျင်တပ်ရင်း ၂ ရင်းအင်အားဖြင့် **တံခွန်ထိုး**စစ်ဆင်ကာ မောင်းထုတ်ပစ်ခဲ့ရသည်။ ဗကပတို့သည် အခိုက်အတန့်အားဖြင့် မြောက်ဘက်သို့ပြန်လည်ဆုတ်ခွါသွားသော်လည်း မတ်လအတွင်းတွင် တပ်ရင်း(၅၀၁)အင်အားစုများ ပြန်လည်ဝင်လာပြီး၊ မိုင်းယန်းနှင့် မိုင်းလွေစခန်းတို့အား လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်နှောက်ယှက်လာကြသည်။ အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်းမှ တပ်စု ၁ စုသည် ဖျာပူဆန်းရွာအရှေ့ဘက် ၃ မိုင်ခန့်အကွာရှိ ပွိုင့်(၄၉၂၅) စခန်း၌ စခန်းထိန်းနှင့်နယ်မြေစိုးမိုးရေးတာဝန်များ ဆောင်ရွက်လျက်ရှိစဉ် ၁၉၇၇ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဗကပ(၈၁၅)တပ်ဖွဲ့မှ အင်အား(၃၀၀)ခန့်က လက်နက်ကြီးပစ်ကူဖြင့် အပြင်းအထန်စီးနင်းတိုက်ခိုက်ကြသည်။ ထိုစခန်းကိုတာဝန်ယူထားသည့် တပ်စုသည် ဖါကျန်းစခန်းသို့ ပူးပေါင်းခဲ့သော်လည်း တိုက်ပွဲစလျှင်စချင်း ဆားကြိုစခန်းမှတပ်စိတ် ၅ စိတ်သည် လက်နက်ကြီး ၁ လက်ဖြင့် ဗကပများကို ဝိုင်းပတ်တိုက်ခိုက်ခဲ့ကြ၍ ဗကပတို့သည် တပ်မတော်၏ စစ်နည်းဗျူဟာကို မျက်စေ့လည်ကာ ကျဆုံးသောဗကပအလောင်း(၁၉)လောင်းနှင့် လက်နက်များကိုချန်ရစ်၍ ဆုတ်ခွါသွားကြသည်။ ယင်းတိုက်ပွဲတွင် တပ်မတော်သား(၂)ဦးသာ ဒဏ်ရာရရှိခဲ့သည်။ ထို့ပြင် အက်စ်အက်စ်အေ ရှမ်းသောင်းကျန်းသူ တိုင်း ၂ အဖွဲ့၊ အက်စ်ယူအာအေသောင်းကျန်းသူ အဖွဲ့၊ လားဟူသောင်းကျန်းသူ ပူကျောင်းလုံအဖွဲ့၊ ရလလဖပအို့သောင်းကျန်းသူအနီနှင့်အဖြူအဖွဲ့များ၊ ကရင်နီအမျိုးသားတုံးတက်ရေးပါတီ၊ ကယန်းပြည်သစ်ပါတီ၊ တောခိုလွယ်မော်အဖွဲ့၏ ဘိန်းမှောင်ခိုလှုပ်ရှားမှုများ၊ တောခိုကိုးကန့်အဖွဲ့နှင့် တိုင်ဝမ်တရုတ်ဖြူထောက်လှမ်းရေးအဖွဲ့များ လှုပ်ရှားဆဲဖြစ်သည်။[၁]

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၂)စစ်ဗျူဟာအဖွဲ့မှ အမှတ်(၅၄)၊ (၆၄)၊ (၆၆)၊ (၇၂)၊ (၇၃)၊ (၉၄)နှင့် (၉၉)ခြေလျင်တပ်ရင်း(၇)ရင်းဖြင့် တောင်ကြီး၊ ပင်လောင်း၊ ပင်းတယ၊ ဆီဆိုင်၊ လွယ်လင်၊ နမ့်ဆန်၊ မိုင်းပန်၊ မိုးနဲ၊ မောက်မယ်၊ လင်းခေး၊ ကယားပြည်နယ်များတွင် **ရန်လုံးအောင်**စစ်ဆင်ရေး ဆင်နွှဲလျက်ရှိသည်။ ရှေ့တန်းအမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မှလည်း အမှတ်(၇၇၁)(၇၇၂)(၇၇၃) နည်းဗျူဟာများဖြင့် အမှတ်(၁)ရှမ်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၀၁)၊ (၁၀၂)၊ (၁၀၄)၊ (၁၀၅)၊ (၁၀၆)၊ (၁၀၇)ခြေမြန်တပ်ရင်းများ၊ အမှတ်(၂)၊ (၆)၊ (၈)ခြေလျင်တပ်ရင်းများဖြင့် ၁-၅-၇၆မှ ၃၁-၁၂-၇၇အထိ **တိုင်းရန်ပြို**စစ်ဆင်ရေး၊ ၁-၅-၇၇မှ ၃၁-၁၂-၇၇အထိ **တိမ်တောင်** စစ်ဆင်ရေးများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်

---

[၁] ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၇မှ ၃၀-၄-၇၇အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးသုံးသပ်ချက် မျက် ၅၆-၇၇

ဆက်စပ်နယ်မြေ၊ ကျေးသီး၊ မိုင်းရွာတို့တွင် ဆင်နွှဲလျက်ရှိသည်။ ရှေ့တန်းအမှတ်(၈၈)ခြေမြန်တပ်မ ဌာနချုပ်မှလည်း အမှတ်(၈၈၁) (၈၈၂) (၈၈၃)နည်းဗျူဟာများဖြင့် အမှတ်(၁၀၈)ခြေမြန်တပ်ရင်း၊ အမှတ်(၁)ကယားသေနတ်ကိုင် တပ်ရင်း၊ အမှတ်(၁)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁) (၂)နှင့် (၆)သေနတ်ကိုင်တပ်ရင်းများ၊ အမှတ်(၁)(၅)(၁၁)(၁၄)ခြေလျင်တပ်ရင်းများဖြင့် **ရဲရန်နိုင်စစ်ဆင်ရေး၊ မိုးဟိန်း**စစ်ဆင်ရေးအဆင့် (၂)၊ အဆင့်(၃)များကို ကျိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းယန်း၊ မိုင်းယောင်း၊ မိုင်းပျင်း၊ မိုင်းတုံ၊ မိုင်းခတ်၊ တာချီလိတ် ဒေသများတွင် ဆင်နွှဲလျက်ရှိသည်။[၁]

၁၉၇၇ ခုနှစ် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေးများ

၁၉၇၇ခုနှစ်၊ ဇန်နဝါရီလဆန်းတွင် ပြည်ပြေးဖေါက်ခွဲရေးသမား စိန်မြင့်နှင့် အင်အား(၆၀) ခန့်သည်ဖားပြသို့ရောက်ရှိလာပြီး၊ ဌာနေကေအင်ယူများဖြင့်ပူးပေါင်းကာ တောင်ဒီး၊ ခလယ်တန်ခွန်တိုင် တစ်ဝိုက်တွင်လှုပ်ရှားလာ၍ တပ်မတော်ကရှင်းလင်းခြင်းကြောင့် ပြန်လည်ဆုတ်ခွါသွားသည်။ ပြည်ပြေးမောင်မဲ၊ အောင်သန်းဦးစီးသည့် အင်အား(၄၀)ခန့်သည် ကေအင်ယူတေလဂူအဖွဲများနှင့် ပူးပေါင်း၍ ကျီးအုပ်၊ မိကသစ်ရွာများသို့ရောက်ရှိလှုပ်ရှားလျက်ရှိသောကြောင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ အကြပ်သင်တန်းတပ်ခွဲ ၁ ခွဲသွားရောက်ရှင်းလင်းရာ ၆-၁-၇၇ရက်နေ့တွင် တိုက်ပွဲဖြစ်ပွားပြီး၊ ပြည်ပြေး (၂)ဦးကျဆုံး၍ လက်နက်(၃)လက်ရရှိခဲ့သည်။ ဦးသွင်၏ ပြည်သူ့ပြည်ချစ်ပါတီ အလယ်ပိုင်းတိုင်း အဖွဲ့သည် စစ်ရေးအရ လှုပ်ရှားနိုင်ခြင်းမရှိတော့ဘဲ၊ ဖေါက်ခွဲရေးသမားများအား အခါအခွင့်သင့်တိုင်း စေလွှတ်ခဲ့သည်။ ပြည်ပြေးအထူးတိုင်း အောင်လက်ဝဲအဖွဲ့မှ ၁၉၇၇ခု၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ကြေပ်ချောင်းသို့ရောက်ရှိလာပြီး၊ ရေယာဉ် ၁ စီးဖမ်းယူသွားသည်။ ၂၃-၃-၇၇ ရက်နေ့တွင် ပြည်ပြေး တင်သိန်းဦးစီးသောအဖွဲ့(၂၄)ဦး[၂] သည် ဘောင်းတောင်၊ မိုင်းသွေး၊ စက်ပုနယ်မြေသို့ ဝင်ရောက် နေကြောင်းသတင်းအရ အမှတ်(၁၇)ခြေလျင်တပ်ရင်းမှ စစ်ကြောင်း(၁) ဌာနချုပ်နှင့် တပ်စု(၂)စုသည် သွားရောက်ရှင်းလင်းရာ ဧပြီလ(၁)ရက်နေ့မှ (၂)ရက်နေ့အထိ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားပြီး၊ ပြည်ပြေး အဖွဲ့ကိုချေမှုန်းနိုင်ခဲ့ရာ တပ်မတော်မှ (၁၂)ဦးကျဆုံး၍ ပြည်ပြေး(၈)ဦးဖမ်းဆီးရမိကာ အမ်၇၂ လောင်ချာ ၂ လက်၊ အမ်၁၆ ငါးလက်၊ အီပိခ်ျကေဘု၃ လေးလက်နှင့် ဆက်သွယ်ရေးစက်တစ်လုံး သိမ်းဆည်းရမိပြီး၊ တပ်မတော်သား ၁ ဦးနှင့် အရပ်သား ၁ ဦးဒဏ်ရာရရှိခဲ့သည်။[၃]

---

၁ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၂ မြန်မာနိုင်ငံသမိုင်းနှင့် တပ်မတော်ကဏ္ဍ တတိယတွဲ စာမျက်နှာ ၁၇၅တွင် အင်အား(၂၈)ဦးဟု ဖော်ပြထားသည်။

၃ (က) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၇မှ ၃၀-၄-၇၇အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် ၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၈၄-၈၅

(ခ) မြန်မာနိုင်ငံသမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ တတိယတွဲ မျက် ၁၇၅-၁၇၆

ကေအင်ယူဗဟိုဌာနချုပ်တွင် ၅-၁-၇၇ ရက်နေ့မှ ၇-၁-၇၇ ရက်နေ့အထိ အမျိုးသားဒီမို ကရေစီတပ်ပေါင်းစု(မဒတ)အစည်းအဝေးကျင်းပခဲ့ရာ ရှမ်း၊ ကချင်၊ ကယား၊ မွန်၊ ပအို့နှင့် လားဟူ လူမျိုးစုများတက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးတွင် မန်းဘဇံကဥက္ကဋ္ဌရာထူးမှနုတ်ထွက်၍ ဥက္ကဋ္ဌ နေရာကို ဗိုလ်မြကယူကာ ဒုတိယဥက္ကဋ္ဌအဖြစ် ဖဒိုသာပြည့်၊ အတွင်းရေးမှူးအဖြစ် ဗိုလ်မောင်မောင် တို့အားတာဝန်ပေးခြင်းဖြင့် ကေအင်ယူဗဟိုအတွင်း လက်ဝဲလက်ျာအယူအဆများကွဲလွဲခဲ့သည်။ ဗိုလ်မြ သည် ဇင်းမယ်မြို့တွင် တိုက်ဝယ်ယူ၍ မိသားစုများအား ရွှေ့ပြောင်းထားရှိပြီး၊ ဘန်ကောက်မြို့ရှိ ကုမ္ပဏီတစ်ခုအား ဘတ်သန်း(၂၀၀)ဖြင့်ဝယ်ယူခဲ့သည်။ တပ်မဟာ(၁)သည် လေးခေ၊ မဲသနု၊ ဂေးလောင်း နှင့် တဂေးလောင်ဒေသများတွင်လှုပ်ရှားခဲ့ပြီး၊ တပ်မဟာ(၆)သည် ပန်ရပ်၊ ထားဝယ်၊ မြိတ်တို့တွင်လှုပ်ရှားသည်။ တပ်မဟာ(၇)သည် နဘူးတံခွန်တိုင်၊ ကွီလေ၊ ပိုင်ကျဲ၊ သာမိုတို့တွင် လှုပ်ရှားခဲ့သည်။ ထားဝယ်နယ်မြေရှိ ဗကပအဖွဲ့သည်ကျောက်ကာသို့ရောက်ရှိပြီး လောင်းလုံဒေသတွင် လှုပ်ရှားကြသည်။[၁]

အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၁)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၂)ကချင်သေနတ် ကိုင်တပ်ရင်း၊ အမှတ်(၁၉)(၂၈)(၉၇)ခြေလျင်တပ်ရင်းများဖြင့် ဒေသန္တရစစ်ဆင်ရေးများ ပြုလုပ်ခဲ့ရာ စစ်ဆင်ရေးနယ်မြေများမှာ ဖါပွန်၊ လှိုင်းဘွဲ့၊ ဘားအံ၊ ကော့ကရိတ်နှင့် မြဝတီမြို့နယ်များတွင်ဖြစ်ပြီး **ဝါးခစခန်း**တိုက်ပွဲလည်း ပြင်းထန်စွာဖြစ်ပွားခဲ့သည်။ ၂၄-၃-၇၇ ရက်နေ့နံနက် ၄ နာရီ ၃၅ မိနစ်တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၂)စစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီးစိန်ဝင်း ဦးဆောင်သော အမှတ်(၁၈)ခြေလျင်တပ်ရင်းမှ တပ်ခွဲ ၅ ခွဲ၊ အမှတ်(၃၆)ခြေလျင်တပ်ရင်းမှ တပ်ခွဲ ၅ ခွဲ ပူးပေါင်း စစ်ကြောင်းသည် ကေအင်ယူသောင်းကျန်းသူအင်အား (၄၀၀)ခန့် ခြေကုတ်ယူအခြေပြုထားသော ဝါးခစခန်းအား ၇၆မမအမြောက်၊ ၁၂၀မမစိန်ပြောင်း၊ ၇၅မမနောက်ပွင့်ရိုင်ဖယ်များဖြင့် ပစ်ကူတိုက်ပွဲ ဆင်နွှဲရာ ကေအင်ယူတို့က ဝါးခစခန်း၊ တစ်ဘက်နိုင်ငံသောင်ရင်းမြစ်ဘေးတစ်လျှောက် နှင့် ဘုရားတောင်ကုန်းတို့၌ ဖြန့်ခွဲနေရာယူ၍ ၆၀မမ၊ ၈၁မမ၊ အမ် ၇၉လောင်ချာပစ်ကူများဖြင့် ခုခံသည်။ ဝါးခစခန်းပတ်လည်တွင်မိုင်းများထူထပ်စွာမြုပ်ထားပြီး၊ တပ်မတော်မှ ထိုးဖောက်တိုက်ခိုက်ရန် ခက်ခဲ၍ ၁၉၇၇ခု၊ မတ်လ(၂၄)ရက်မှ (၂၉)ရက်နေ့များတွင်လည်းကောင်း၊ ဧပြီလ(၁)ရက်မှ (၁၂) ရက်နေ့များ တွင်လည်းကောင်း ပြင်းထန်စွာတိုက်ပွဲဖြစ်ပွားပြီး၊ ရန်သူသည် တစ်ဘက်နိုင်ငံအတွင်း ခြေကုတ်ယူထား ခြင်းကြောင့်တပ်မတော်စစ်ကြောင်းသည်ပြောင်းရွှေ့နေရာယူရသည်။ ဤတိုက်ပွဲတွင် တပ်မတော်မှ

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၁-၇၇မှ ၃၀-၄-၇၇အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ မျက် ၈၆-၁၀၀

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၁-၇၇မှ ၃၀-၄-၇၇အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ မျက် ၁၀၀-၁၀၂

အထမ်းသမား(၂)ဦးအပါအဝင် (၁၀)ဦးကျဆုံး၍ (၉၂)ဦးဒဏ်ရာရရှိခဲ့သည်။[၁]

အမှတ်(၂)စစ်ဗျူဟာအဖွဲ့သည်လည်း အမှတ်(၂၄)(၂၆)(၃၁)(၃၂)ခြေလျင်တပ်ရင်းများဖြင့် ကျိုက်ထို၊ ဘီးလင်း၊ သထုံစသည့် နယ်မြေများတွင်လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၁၇) (၂၅) (၆၁)ခြေလျင်တပ်ရင်းများနှင့် အမှတ်(၇၁)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၁)ခွဲ၊ အမှတ် (၇၉)ခြေလျင်တပ်ရင်းမှ(၁)ခွဲ၊ သတ္တုတိုးချဲ့တပ်မှ တပ်ခွဲ(၅)ခွဲတို့ဖြင့် ရေး၊ ရေဖြူစသည့်မြို့နယ်များတွင်လည်းကောင်း၊အနောက်တောင်တိုင်းမှအမှတ်(၃၈)ခြေလျင်တပ်ရင်း၊ အမှတ်(၂)ချင်းသေနတ်ကိုင်တပ်ရင်းများဖြင့် သထုံ၊ ဘားအံမြို့နယ်များတွင်လည်းကောင်း စစ်ဆင်ရေးဆင်နွှဲခဲ့သည်။[၂]

၁၉၇၇ ခုနှစ် ရန်ကုန်တိုင်း၊ အနောက်တောင်တိုင်း နှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေ များအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်စစ်ဆင်ရေး

ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းတွင် ကေအင်ယူ၏လှုပ်ရှားမှု ထူးထူးခြားခြား မတွေ့ရှိရသော်လည်း ၃-၃-၇၇ ရက်နေ့တွင် ကေအင်ယူပီစည်းရုံးရေးမှူးမောင်ဝင်းနှင့် ဆက်သွယ်သူ တစ်ဦးအား တိုက်ကြီးမြို့တွင် ဖမ်းဆီးရမိသည်။ ပြည်ပြေးအဖွဲ့များသည် ရန်ကုန်မြို့အတွင်း၌ ဖေါက်ခွဲမှုများပြုလုပ်ခဲ့သည်။ ရန်ကုန်တိုင်းစစ်ဌာနချုပ်သည် ဗကပ၊ ကေအင်ယူနှင့် ပြည်ပြေးအနွယ်များကို ရှင်းလင်းရန် **အောင်မိုး**စစ်ဆင်ရေးပြုလုပ်ခဲ့ရာ အမှတ်(၉၀)ခြေလျင်တပ်ရင်းသည် သံလျင်၊ ခရမ်း၊ သုံးခွ၊ ကျောက်တန်း၊ တွံတေး၊ ကွမ်းခြံကုန်းနှင့် ကော့မှူးနယ်မြေအတွင်း၌လည်းကောင်း၊ အမှတ်(၉၁)ခြေလျင်တပ်ရင်းသည် တိုက်ကြီး၊ လှည်းကူး၊ ထန်းတပင်နှင့် မော်ဘီမြို့နယ်အတွင်း၌လည်းကောင်း၊ ဖေါင်ကြီးစစ်နယ်မြေတွင်လည်းကောင်း တာဝန်ယူခဲ့ကြသည်။ ထိုစစ်ဆင်ရေးမှ ကေအင်ယူပီစည်းရုံးရေးမှူးမောင်ဝင်းနှင့် ဆက်သွယ်သူကို ဖမ်းဆီးရမိသည်။ **သူရိယ**စစ်ဆင်ရေးကိုလည်း အမှတ်(၉၁) ခြေလျင်တပ်ရင်းမှ တပ်ခွဲ ၁ ခွဲ၊ ပြည်သူ့ရဲ၊ မြို့နယ်ပါတီကောင်စီ၊ ပြည်သူ့စစ်များဖြင့်မီးရထားသံလမ်းတစ်လျှောက် သံလမ်းခိုးယူသူများကိုနှိမ်နင်းခဲ့သည်။ **တိုက်မောင်း**စစ်ဆင်ရေးဖြင့်လည်း အမှတ်(၇၀)ခြေလျင်တပ်ရင်းဖြင့် ဟံသာဝတီမြို့နယ်အတွင်း၌ ပြည်ပြေးနှိမ်နင်းရေးစစ်ဆင်မှုပြုလုပ်ခဲ့သည်။[၃]

အနောက်တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင်ကေအင်ယူနှင့် ဗကပလက်နက်ကိုင်လှုပ်ရှားမှုများမရှိသော်လည်း ဖျာပုံမြို့နယ်နှင့် ဘိုကလေးမြို့နယ်တောင်ပိုင်းတို့တွင် ကေအင်ယူမှ စည်းရုံးရေးလုပ်ဆောင်နေကြောင်း၊ ကေအင်ယူအမာခံများက မြစ်ဝကျွန်းပေါ်မှ ကရင်အမျိုးသားလူငယ်များကို

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၇၇မှ၃၀-၄-၇၇အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေး သုံးသပ်ချက် မျက် ၁၁၀-၁၁၂

၂ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၇ မှ ၃၀-၄-၇၇ အတွင်းရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက် ၁၃၀-၁၃၄

ဗိုလ်မြအဖွဲ့သို့ ပို့ဆောင်လျက်ရှိကြောင်းများ သတင်းရရှိသည်။ ဖျာပုံမြို့နယ်ကော်မတီဝင်နှင့် စစ်ရေးတာဝန်ခံဗကပသိန်းလွင်အား ဒေးဒရဲပြည်သူ့ရဲစခန်း၌ အချုပ်ဖြင့်ထားရှိရာ ၁-၅-၇၇ ရက်နေ့တွင် သိန်းလွင်သည် ဓါးပြစောအောင်၊ ရဲတပ်သားညွှန့်ဝေတို့နှင့်ပူးပေါင်း၍ ရဲစခန်းအား တိုက်ခိုက်စီးနင်းပြီး၊ ရဲတပ်သားညွှန့်ဝေအပါအဝင်(၆၁)ဦးဖြင့် ထွက်ပြေး၍ လက်နက်မျိုးစုံ(၅၉)လက် နှင့် ကျည်မျိုးစုံကို ရဲစခန်းမှယူဆောင်သွားသည်။ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၁) စစ်ဗျူဟာအဖွဲ့၊ အမှတ်(၉၃)ခြေလျင်တပ်ရင်း၊ အမှတ်(၉၈)ခြေလျင်တပ်ရင်းမှ ကွန်မန်ဒို ၁ စုတို့ဖြင့် စစ်ဆင်ရေးပြုလုပ်ခဲ့ရာ ထွက်ပြေးသူ (၆၁)ဦးအနက် လက်နက်ချသူနှင့် ဖမ်းဆီးရမိသူ (၃၃)ဦးရှိပြီး၊ သိန်းလွင်အပါအဝင် (၂၄)ဦးကို အသေရမိသည်။ (၄)ဦးထွက်ပြေးလွတ်မြောက်၍ စုစုပေါင်း လက်နက်မျိုးစုံ(၅၁)လက် ပြန်လည်ရရှိသည်။[၁]

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ဗကပဗဟိုပျက်သုဉ်းပြီး အင်အား(၃)ဦးသာ ကျန်ရှိ၍ လှုပ်ရှားခြင်းမရှိကြချေ။ ကေအင်ယူပီအဖွဲ့အစည်းမှလည်း လက်ကျန်အဖွဲ့အနေဖြင့် အင်အား(၁၁)ဦးသာကျန်ရှိတော့ရာ ယင်းတို့သည် ဒိုက်ဦးအနောက်ခြမ်းနှင့် ဇောင်းတူချောင်းများ တစ်ဝိုက်တွင် လှည့်လည်ခိုအောင်းလျက်ရှိသည်။ ၁၄-၄-၇၇ ရက်နေ့တွင် သတင်းအရ တပ်မတော်မှ ဝင်ရောက်ရှင်းလင်းရာ တိုက်ပွဲဖြစ်ပွားခဲ့ သောင်းကျန်းသူ(၁)ဦးကျဆုံးပြီး၊ သေနတ်တစ်လက်ရရှိသည်။ ရွှေအေး၊ အိုက်ကဖြူခေါင်းဆောင်သော ကယန်းပြည်သစ်ပါတီအဖွဲ့အင်အား(၈၀)ခန့်သည်လည်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်စပ်တွင် အခြေပြု၍ အဖွဲ့ငယ်များဖြင့် လိပ်သို၊ ယာဒိုမြောက်ခြမ်းတွင် အခါအားလျော်စွာ လှုပ်ရှားလေ့ရှိသည်။ ယင်းအဖွဲ့သည် ကဒူးကြီး၊ ကဒူးလေး၊ ဝမ်စလောင်းနယ်မြေရှိ တာကလယ်အဖွဲ့၊ ဗကပတပ်ရင်း(၄၀၄၆)တို့နှင့်ပူးပေါင်းရန် စီစဉ်လျက်ရှိသည်။ ဗိုလ်မြ၏ကေအင်ယူတပ်မဟာ(၂)သည် လက်အောက်ခံတပ်ရင်း(၄)ရင်း စုစုပေါင်းအင်အား(၂၅၀)ကျော်ဖြင့် ထန်းတပင်မြို့နယ်အရှေ့ခြမ်း၊ သံတောင်အရှေ့ခြမ်းနှင့် မြောက်ခြမ်းတို့တွင် အခြေပြုလှုပ်ရှား၍ ရံဖန်ရံခါ လိပ်သို၊ ယာဒိုမြောက်ဖက်ခြမ်းနှင့် ရေတာရှည်အရှေ့ခြမ်းဒေသတွင် လှုပ်ရှားလေ့ရှိသည်။ တပ်မဟာ(၃)ဌာနချုပ်သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ဆက်စပ်နယ်မြေသို့ ကသီမူဒဲမှ ရွှေ့ပြောင်းခဲ့သည်။ ယင်းတပ်မဟာ၏ လက်အောက်ခံတပ်ရင်း(၇)သည် ယခင်တပ်ခွဲ(၃)ခွဲသာရှိရာမှ တပ်ခွဲတစ်ခွဲထပ်မံ တိုးချဲ့ဖွဲ့စည်းခဲ့၍ တပ်ရင်း(၈)သည်တပ်ရင်း(၁၃)သာစိန်အဖွဲ့နှင့်ပူးပေါင်း၍ ကျောက်ကြီးမြို့နယ်တွင် လှုပ်ရှားပြီး၊ မုန်းစခန်းအား ၂၂-၄-၇၇ရက်နေ့က တိုက်ခိုက်ခဲ့သည်။ တပ်မဟာ(၃)နှင့် ဆက်စပ်လျက် ရှိသောဗျကောပုဒေသတွင် ဒေသခံကာကွယ်ရေးအဲရယ်အဖွဲ့ လှုပ်ရှားလျက်ရှိ၍ နော်တော့၏တပ်ရင်း(၂၀)သည် ယုန်စလင်းချောင်းအရှေ့ဘက်၌

---

[၁] ကာက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၇၇မှ ၃၁-၈-၇၇အတွင်း အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၃၃-၁၃၅

လှုပ်ရှားနေသည်။[၁] အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သည် **အောင်စိုးမိုး**စစ်ဆင်ရေးအဆင့်(၉)(၁၀)(၁၁) တို့ကို ပဲခူးရိုးမနှင့် စစ်တောင်းအရှေ့ခြမ်းဒေသ၌ ဆင်နွှဲလျက်ရှိရာ အမှတ်(၁)စစ်ဗျူဟာအဖွဲ့တွင် အမှတ်(၂၆)(၃၀)(၃၉)(၄၈)(၅၃)ခြေလျင်တပ်ရင်းများ နှင့် အမှတ်(၃၀၁)ကွန်မန်ဒိုတပ်ခွဲ(၁)ခွဲတို့ပါဝင်သည်။ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ဝင် အမှတ်(၃၅)၊ (၅၇)၊ (၅၉)၊ (၆၀)၊ (၈၅)ခြေလျင်တပ်ရင်းများနှင့် အမှတ်(၄၀)ကွန်မန်ဒိုတပ်ခွဲတစ်ခွဲတို့ပါဝင်သည်။ တပ်မတော်မှ (၅၂)ဦးကျဆုံး၍ (၂၆၆)ဦး ဒဏ်ရာ ရရှိကာ ရန်သူဘက်မှ (၅၀)ဦးကျဆုံး၍ (၁၃)ဦး ဖမ်းဆီးမိကာ (၂၁)ဦးလက်နက်ချသည်။[၂]

၁၉၇၇ခုနှစ် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

ရခိုင်ပြည်နယ်ဗကပအဖွဲ့မှ ကျော်မြသည် အင်အား(၇၈)ဦးဖြင့် ပုဏ္ဏားကျွန်း၊ ဘူးသီးတောင်နယ်မြေတွင် လှုပ်ရှားလျက်ရှိပြီး၊ စစ်တွေခရိုင်ရုံးအဖွဲ့သည် အင်အား(၁၁၄)ဦးဖြင့် ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြို့ဟောင်း၊ မင်းပြား၊ စစ်တွေခွဲရုံးသည် အင်အား(၂၁)ဦးဖြင့် မြို့ဟောင်း၊ မင်းပြား၊ ပေါက်တော၊ စစ်တွေလူမျိုးစုံအမျိုးသားအဖွဲ့သည် အင်အား(၁၁)ဦးဖြင့် ပလက်ဝ၊ စစ်တွေခရိုင်လက်အောက်ခံတပ်ဖွဲ့များသည် အင်အား(၂၅၈)ဦးဖြင့်စစ်တွေမြို့နယ်၊ ကျောက်ဖြူခရိုင်ခွဲနှင့် လက်အောက်ခံအဖွဲ့များသည်အင်အား(၅၀)ဖြင့် ကျောက်ဖြူခရိုင်၊ မြေပြန့်အဖွဲ့ဒိုင်နယ်အဖွဲ့များသည် အင်အား(၃၉)ဦးဖြင့် အသီးသီးလှုပ်ရှားလျက်ရှိကြသည်။ ဗကပသက်ထွန်း၏ အနောက်မြောက်တိုင်းမှာမူအင်အား(၂၅၃)ဦးဖြင့်စေတုတ္ထရာ၊ ငဖဲ၊ အမ်းမြို့နယ်များတွင်ရှိနေပြီး အနောက်မြောက်တိုင်းခွဲအဖွဲ့သည် အင်အား(၇၇)ဦးဖြင့် စမ်းလယ်ရွာ၊ မကျီးကုန်းရွာ၊ တန်ပြင်ရွာ၊ မီးလောင်ကုန်းကျေးရွာများတွင် လှည့်လည်လှုပ်ရှားလျက်ရှိသည်။ ဗိုလ်သက်ထွန်းသည် ဗကပရခိုင်ပြည်နယ်အတွင်းရေးမှူးကျော်မြနှင့်ဆက်သွယ်၍ ဗဟိုခွဲဖွင့်လှစ်ရန် ကြံရွယ်ခဲ့သော်လည်း တပ်မတော်မှစစ်ဆင်ရေးပြုလုပ်ချိန်တွင် ကျော်မြသည် တပ်များအာရုံပြောင်းစေရန် လှုပ်ရှားပေးခြင်း၊ တိုက်ကွက်ဖော်ပေးခြင်းများ မပြုလုပ်ခဲ့၍မကျေမနပ်ဖြစ်နေသည့်ပြင်ရခိုင်ပြည်နယ်မှ အနောက်မြောက်တိုင်းသို့ဝင်ရောက်လာသူများသည် လက်နက်ခဲယမ်းများယူ၍ ထွက်ပြေးလေ့ရှိခြင်းကိုလည်း စိတ်ပျက်လျက်ရှိသည်။ ရခိုင်အလံနီကွန်မြူနစ်ပါတီမှ ကျော်ဇံရွှိုးအဖွဲ့သည် အင်အား(၆၇)ဖြင့် မြေပုံ၊ မင်းပြား၊ ပေါက်တောအရပ်၌လည်းကောင်း၊ နစ်နိသော်တာအဖွဲ့သည်အင်အား(၃၃)ဦးဖြင့် မင်းပြား၌လည်းကောင်း၊ နစ်နိမောင်ဟန်အဖွဲ့သည် အင်အား(၇၁)ဦးဖြင့် မင်းပြား၊ မြေပုံတို့၌လည်းကောင်းရှိနေကြပြီး၊ ချင်းအမျိုးသား

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၇၇မှ သုံးသပ်ချက် ၃၁-စ-၇၇အတွင်းအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေး မျက် ၁၆၉-၁၇၀

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၇၇မှ သုံးသပ်ချက် ၃၁-စ-၇၇အတွင်းအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေး မျက် ၁၇၅-၁၇၆၊ ၁၆၅-၁၆၆
(ဤစာရင်းတွင် တတိယလေးလပတ်စစ်ဆင်ရေးမှ အကျအဆုံးအရေအတွက် ပါဝင်ခြင်းမရှိပါ)

လွတ်မြောက်ရေးအလံနီအဖွဲ့သည် အင်အား(၁၅)ဦးဖြင့် မင်းပြား၌ လှုပ်ရှားလျက်ရှိသည်။ ထို့ပြင် ထွန်းရွှေမောင်၏ ကေအိုင်အေအဖွဲ့သည် အင်အား(၄၂)ဦးဖြင့်လည်းကောင်း၊ စိန်ညွန့်၏ရမလပသည် အင်အား(၄၆)ဦးဖြင့်လည်းကောင်းကျောက်တော်၊မြို့ဟောင်းတို့၌ရှိနေကြသည်။မီဇိုနာဂသောင်းကျန်းသူ များမှာမူ အိန္ဒိယနိုင်ငံတွင်းသို့ ဝင်ရောက်သွားပြီး ဘီအေဇော်ဖေါ့ ကုလားဆိုးအဖွဲ့သည် အင်အား(၆၁)၊ အပူဇော်ထီကုလားဆိုးအဖွဲ့သည် အင်အား (၂၀)တို့ဖြင့် အိန္ဒိယနိုင်ငံတွင်း၌ရှိနေကြသည်။[၁]

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်သည် **ခည၀တီ**စစ်ဆင်ရေးကို ပလက်ဝမြို့နယ်၊ မင်းတုန်း မြို့နယ်၊ မင်းလှမြို့နယ်အပါအဝင်ရခိုင်ပြည်နယ်အတွင်း၌ ဆက်လက်ဆင်နွှဲခဲ့ရာ အမှတ်(၁)စစ်ဗျူဟာ အဖွဲ့၊ အမှတ်(၂၀) (၃၄) (၄၄) (၅၅) (၉၂)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၄)ခွဲစီ၊ အလယ်ပိုင်းတိုင်းမှ တွဲဖက်ထားသော အမှတ်(၇၁)ခြေလျင်တပ်ရင်းမှတပ်ခွဲ(၁)ခွဲ၊ အနောက်မြောက်တိုင်းမှ တွဲဖက်ထား သော အမှတ်(၈၈)ခြေလျင်တပ်ရင်းမှတပ်ခွဲ(၁)ခွဲ၊ တိုင်းကွန်မန်ဒိုတပ်စု(၅)စုတို့ဖြင့်ဆင်နွှဲတိုက်ခိုက်လျက် ရှိသည်။ တပ်မတော်မှ (၂၀)ဦးကျဆုံး၍ (၂၆)ဦးဒဏ်ရာရရှိပြီး၊ ရန်သူဘက်မှ (၃၃)ဦးကျဆုံး၍ (၃၄)ဦး လက်ရဖမ်းမိကာ (၄၂)ဦးလက်နက်ချသည်။[၂]

၁၉၇၇ခုနှစ်အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

ဗကပတို့သည် အင်အား(၉၂)ဦးဖြင့် စေတုတ္တရာ၊ ငဖဲမြို့နယ်အနောက်ခြမ်း၊ ရခိုင်ရိုးမ၊ မင်းဘူး၊ သရက်၊ မင်းတုန်း၊ စလင်း၊ ပွင့်ဖြူနယ်မြေများတွင်ရှိနေကြ၍ အလံနီဗဟိုဌာနချုပ်နှင့် အလယ်ပိုင်းဗျူရိုတို့သည် စလင်းချောင်းရိုးတစ်လျှောက်တွင်လည်းကောင်း၊ ပေါက်မြို့နယ်မြောက်ခြမ်း၊ မြိုင်မြို့နယ်အနောက်ခြမ်းတို့တွင်လည်းကောင်း အင်အား(၈၂)ဦးဖြင့် လှုပ်ရှားလျက်ရှိကြသည်။ ပြည်တွင်း တောင်ပိုင်းနာဂသောင်းကျန်းသူအဖွဲ့သည် အင်အား(၈)ဦးဖြင့် အိန္ဒိယမြန်မာနယ်စပ်၊ မြောက်ပိုင်းနာဂတို့သည် အင်အား(၁၁၄)ဦးဖြင့် နန့်ယွန်းမြို့နယ်တစ်ဝိုက်တို့၌ရှိနေကြပြီး ချင်းသောင်း ကျန်းသူဗဟိုဌာနချုပ်သည် အင်အား(၁၇)ဦးဖြင့် ဟားခါး၊ ဖလန်းဒေသ၌ရှိကြသည်။ ကေအိုင်အေ တပ်မဟာ(၂)မှ တပ်ခွဲ(၂)ခွဲသည် အင်အား(၁၀၀)ဖြင့် ဗန်းမော်၊ အင်းတော်၊ ကသာမြို့နယ်များ၌ လှုပ်ရှားနေကြသည်။[၃]

---

၁ (က) အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

(ခ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၇မှ ၃၀-၄-၇၇အတွင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၄၈

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၇မှ ၃၁-၈-၇၇အတွင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၅၁-၁၅၂ ၁၄၀-၁၄၁

၃ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ရွှေပြည်သာစစ်ဆင်ရေးကိုဆောင်ရွက်ရှိရာတိုင်းစစ်ဌာနချုပ်ကိုက်ရိုက်ကွပ်ကဲမှုအောက်တွင် အမှတ်(၉၅)ခြေလျင်တပ်ရင်းသည် မိတ္ထီလာ၊ ကျောက်ဆည် နှင့် မန္တလေးဒေသများတွင်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့လက်အောက်တွင် အမှတ်(၅၀) (၈၇) (၈၈)ခြေလျင်တပ်ရင်း၊ အမှတ်(၂)တိုင်းဗဟိုလေ့ကျင့်ရေးစခန်းတပ်ရင်းများဖြင့် မတူပီ၊ မင်းတပ်၊ ကန်ပက်လက်၊ မင်းဘူး၊ စလင်း၊ စေတုတ္တရာ၊ ပွင့်ဖြူ၊ ငဖဲ၊ ရေနံချောင်း၊ ချောက်၊ မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ မင်းလှမြို့နယ်များတွင်လည်းကောင်း၊ အမှတ်(၂) စစ်ဗျူဟာအဖွဲ့လက်အောက်တွင် အမှတ်(၄၂)(၈၉)ခြေလျင်တပ်ရင်းများ၊ အမှတ်(၅၀)ခြေလျင်တပ်ရင်းမှ စစ်ကြောင်းဌာနချုပ်နှင့် တပ်ခွဲ(၃)ခွဲတို့သည် ချင်းပြည်နယ်၊ ဂန့်ဂေါမြို့နယ်၊ သပိတ်ကျင်း၊ မိုးကုတ်၊ မော်လိုက်၊ တမူး၊ ဖေါင်းပြင် စသောစစ်ကိုင်းတိုင်းမြို့နယ်များတွင်လည်းကောင်း သောင်းကျန်းသူများကို တိုက်ခိုက်လျက်ရှိသည်။ အဆိုပါစစ်ဆင်ရေးတွင် တပ်မတော် မှ (၆)ဦးကျဆုံး၍ (၃၄)ဦးဒဏ်ရာရရှိပြီး၊ ရန်သူဘက်မှ (၅၉)ဦးကျဆုံး၍ (၃၉)ဦးဖမ်းမိပြီး (၁၁၆)ဦး လက်နက်ချခဲ့သည်။[၁]

၁၉၇၇ခုနှစ်အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏ စစ်ဆင်ရေး

ဇကပတို့သည် အင်အား(၉၂)ဦးဖြင့် စေတုတ္တရာ၊ (ငဖဲမြို့နယ်အနောက်ခြမ်း၊ ရခိုင်ရိုးမ၊ မင်းဘူး၊ စလင်းနှင့် ပွင့်ဖြူနယ်မြေများတွင် ရှိနေကြ၍ အလံနီဗဟိုဌာနချုပ်နှင့် အလယ်ပိုင်းဗျူရိုတို့သည် စလင်းချောင်းရိုးတစ်လျှောက်တွင်လည်းကောင်း၊ ပေါက်ပြို့မြို့နယ်မြောက်ခြမ်း၊ မြိုင်မြို့နယ်အနောက်ခြမ်းတို့တွင်လည်းကောင်းအင်အား(၈၂)ဦးဖြင့်လှုပ်ရှားလျက်ရှိကြသည်။ ပြည်တွင်းတော်ပိုင်းနာဂသောင်းကျန်းသူအဖွဲ့သည် အင်အား(၈)ဦးဖြင့် အိန္ဒိယမြန်မာနယ်စပ်၊ မြောက်ပိုင်း နာဂတို့သည် အင်အား(၁၁၄)ဦးဖြင့် နန့်ယွန်းမြို့နယ် တစ်ဝိုက်တို့၌ ရှိနေကြပြီး ချင်းသောင်းကျန်းသူဗဟိုဌာနချုပ်သည် အင်အား(၁၇)ဦးဖြင့် ဟားခါး၊ ဖလန်းဒေသတို့၌ ရှိကြသည်။ ကေအိုင်အေတပ်မဟာ(၂)မှ တပ်ခွဲ(၂)တပ်ခွဲသည်လည်း အင်အား(၁၀၀)ဖြင့် ဗန်းမော်၊ အင်းတော်၊ ကသာမြို့နယ်များ၌ လှုပ်ရှားနေကြသည်။[၂]

အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ရွှေပြည်သာစစ်ဆင်ရေးကို ဆင်နွှဲလျက်ရှိရာ တိုင်းစစ်ဌာနချုပ်တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် အမှတ်(၉၅)ခြေလျင်တပ်ရင်းသည် မိတ္ထီလာ၊ ကျောက်ဆည်နှင့် မန္တလေးဒေသများတွင်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့လက်အောက်တွ အမှတ်၅၀၊ ၈၇၊ ၈၈ ခြေလျင်တပ်ရင်း၊ အမှတ်(၂)တိုင်းဗဟိုလေ့ကျင့်ရေးစခန်းတပ်ရင်းများဖြင့် မတူပီ၊ မင်းတပ်၊

---

၁ ကာကွယ်ရေးဌာနစုဆောင်း ၁-၁-၇၇မှ ၃၁-၈-၇၇အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက်

၂ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးမှတ်တမ်း

ကန်ပက်လက်၊ မင်းဘူး၊ စလင်း၊ စေတုတ္ထရာ၊ ပွင့်ဖြူ ငဖဲ၊ ရေနံချောင်း၊ ချောက်၊ မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ မင်းလှမြို့နယ်များတွင်လည်းကောင်း၊ အမှတ်(၂) စစ်ဗျူဟာအဖွဲ့လက်အောက်တွင်အမှတ်(၄၂)(၈၉)ခြေလျင်တပ်ရင်းများ၊ အမှတ်(၅၀)ခြေလျင်တပ်ရင်းမှ စစ်ကြောင်းဌာနချုပ်နှင့် တပ်ခွဲ(၃)ခွဲတို့သည် ချင်းပြည်နယ်ဂန့်ဂေါမြို့နယ်၊ သပိတ်ကျင်း၊ မိုးကုတ်၊ မော်လိုက်၊ တမူး၊ ဖေါင်းပြင်စသော စစ်ကိုင်းတိုင်းမြို့နယ်များတွင်လည်းကောင်း သောင်းကျန်းသူများကို တိုက်ခိုက်လျှက်ရှိသည်။ အဆိုပါ စစ်ဆင်ရေးတွင် တပ်မတော်မှ(၆)ဦးကျဆုံး၍ (၃၄)ဦးဒါဏ်ရာရရှိပြီး ရန်သူဘက်မှ (၅၉)ဦးကျဆုံး၍ (၃၉)ဦးဖမ်းမိပြီး (၁၁၆)ဦး လက်နက်ချခဲ့သည်။[၁]

၁၉၇၈ခုနှစ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော် စစ်ဆင်ရေး

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေအတွင်း၌ စခုန်တိန့်ယိမ်းဦးစီးသော ဗကပတပ်ရင်း(၁၀၁)တွင် မူလအင်အား(၃၂၅)ဦးမှ (၃၅၀)ဦးသို့ တိုးတက်လာခဲ့သည်။ ကေအိုင်အေဌာနချုပ်ကို ၁၉၇၃ခုနှစ်၊ ဒီဇင်ဘာလပထမပတ်တွင် ပါဂျီ၌ အင်အား(၂၄၀)ဖြင့် ဖွင့်လှစ်ခဲ့ပြီး တပ်မဟာ(၁)သည် တပ်ရင်း(၃)ရင်း၊ အင်အား(၃၅၅)ဦးဖြင့် နင်ရော်ကောင်းနှင့်ဝါလဲချက်အကြားတွင် တပ်မဟာဌာနချုပ်ဖွင့်လှစ်ထားသည်။ တပ်မဟာ(၂)သည် တပ်ရင်း(၃)ရင်း၊ အင်အား(၁၂၆၀)ဖြင့် တပ်မဟာဌာနချုပ်ကို မဂျီဘွယ်ဒေသ နောင်မီးချောင်းဖျား၌ထားရှိပြီး တပ်မဟာ(၃)သည် တပ်ရင်း(၂)ရင်းအင်အား (၁၁၃၃) ဦးဖြင့် တပ်မဟာဌာနချုပ်ကို ဂျာထုကောင်း၌ အခြေပြုလျှက်ရှိသည်။ ပြည်တွင်းနာဂသောင်းကျန်းသူအဖွဲ့သည် အင်အား(၁၂၀)၊ ပြည်ပမှ မူဗါးဦးစီးသော နာဂများသည် အင်အား(၂၀၀)တို့ဖြင့် လေရှိုး၊ လဟယ်၊ နန်းယွန်းဒေသတွင် ရှိကြသည်။

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သည်အဆိုပါ သောင်းကျန်းသူအဖွဲ့အစည်းများအား **ဇွဲရဲမာန်** စစ်ဆင်ရေးဖြင့်ဆင်နွှဲတိုက်ခိုက်လျှက်ရှိရာတိုင်းစစ်ဌာနချုပ်တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် အမှတ်(၁) ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်၄၀၊ ၄၆၊ ၅၂ စ၆ခြေလျင်တပ်ရင်းများဖြင့် အင်ဂျန်းယန်၊ မချမ်းဘော၊ ဆွမ်ပရာဘွမ်၊ ခေါ်ဘူဒဲ၊ နောင်မွန်း၊ လေရှိုး၊ လဟယ်၊ တနိုင်း၊ နန်းယွန်းမြို့နယ်များတွင်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့လက်အောက်တွင် အမှတ်(၁၅၊၁၈၊၂၁၊၄၇၊၅၈)ခြေလျင်တပ်ရင်းများဖြင့် ဗန်းမော်၊ မိုးမောက်၊ မံစီ၊ ဒေါ်ဖုန်းယန့်မြို့သစ်ဒေသများတွင်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုအောက်တွင် အမှတ်(၂၉၊ ၃၆၊ ၃၇၊ ၅၆၊ ၆၃)ခြေလျင်တပ်ရင်းများ၊ အမှတ်(၆၆၁)နည်းဗျူဟာအဖွဲ့နှင့် အမှတ် (၇၆၊ ၇၇)ခြေလျင်တပ်ရင်းများဖြင့် ခိုဗွေ၊ ဆောလော၊ ထောဂေါ၊ ဝိုင်းမော်ဒေသများတွင်လည်းကောင်းစစ်ဆင်တိုက်ခိုက်ခဲ့သည့်အပြင်အနောက်တောင်တိုင်းစစ်ဌာနချုပ်

---

[၁] ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၁-၇၇မှ ၃၁-၈-၇၇အတွင်းအနောက်မြောက်တိုင်းစစ်ဌာနချုပ် မှတ် ၁၆၂-၁၆၆၊ ၁၅၀-၁၅၄

မှ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ဖြင့် အမှတ်(၂)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂၇)ခြေလျင်တပ်ရင်း၊ အမှတ်(၃၈)ခြေလျင်တပ်ရင်းများကလည်းမိုးညှင်း၊ ဟိုပင်၊ ကာမိုင်းလုံးခင်းဒေသများတွင် စစ်ဆင်ရေးပြုလုပ်ခဲ့ပေသည်။ အဆိုပါစစ်ဆင်ရေးများတွင် တပ်မတော်မှ (၂၀၂)ဦးကျဆုံး၍ (၄၃၅)ဦး ဒဏ်ရာရရှိပြီး ရန်သူ့ဘက်မှ (၅၁)ဦးကျဆုံးလျက် (၅၅)ဦးဖမ်းမိကာ(၈၉)ဦးလက်နက်ချသည်။[၁]

အမှတ်(၁)စစ်ဗျူဟာအဖွဲ့လက်အောက်ရှိ အမှတ်(၄၇)ခြေလျင်တပ်ရင်းမှ တပ်ခွဲရုံးနှင့် တပ်စုတစ်စုအခြေပြုလျက်ရှိသောကချင်ပြည်နယ်ရွှေကူမြို့တပ်စခန်းအား ကချင်သောင်းကျန်းသူတပ်မဟာ (၃)မှ တပ်မဟာမှူး ပန်းအောင်ဦးစီးသော အင်အား(၁၅၀)ခန့်က ၁၉၇၈ခုနှစ်၊ ဧပြီလ(၁၅)ရက်နေ့တွင် လက်နက်ကြီးပစ်ကူသုံး၍ ဝင်ရောက်စီးနင်းခဲ့သည်။ မြို့တွင်းတွင်ဖြန့်ခွဲ၍ တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်တပ်စိတ်(၂)စိတ်သည်ရန်သူများအားနောက်ကျောမှဝိုင်းပတ်တိုက်ခိုက်သည့်ကြားမှ ပင်ကချင်သောင်းကျန်းသူများသည်ပြည်သူ့ရဲတပ်ဖွဲ့စခန်းအားဝင်ရောက်စီးနင်း၍ မီးရှို့ဖျက်ဆီးခဲ့သည်။ တိုက်ပွဲဖြစ်သည်ကို သိလျှင်သိခြင်းတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးထွန်းကြည်သည် တပ်ခွဲတစ်ခွဲကို ဦးစီး၍စစ်ကူလိုက်သည်။ ရန်သူသည်ရွှေကူစခန်းသိမ်းမိခြင်းသည်ရွှေကူမြို့ကိုသိမ်းမိခြင်းဖြစ်ကြောင်း သဘောပေါက်လျက် တပ်စခန်းအားသဲသဲမဲမဲ တိုက်ခိုက်နေရာမှ မိမိတို့နှစ်ဖက်ညှပ်မိတော့မည့် အခြေအနေကိုသိ၍ မြို့တွင်းမှ မီးစက်၊ အစိုးရအဆောက်အဦများကိုမီးတင်ရှို့ပြီးခိုသာဘက်သို့ ဆုတ်ခွါသွားသည်။ ယင်းတိုက်ပွဲတွင် တပ်မတော်သား(၅)ဦးနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်(၂)ဦး ကျဆုံး၍ စစ်သည်(၁)ဦးနှင့်ပြည်သူ့ရဲတပ်ဖွဲ့ဝင်(၄)ဦးဒဏ်ရာရရှိခဲ့သည့်အပြင်အရပ်သား(၇)ဦးသေဆုံး၍(၁၃)ဦး ဒဏ်ရာရရှိသည်။ သောင်းကျန်းသူတို့သည် ပြည်သူ့ဘက်မှ ငွေသား(၃)သိန်းကျော်ကို လုယူသွားပြီး ဓါတ်အားပေးစက်များနှင့် စပါး (၉၃၀၉)တင်းတို့ကိုလည်းဖျက်ဆီး လုယူခဲ့သည်။[၂] ဤဖြစ်ရပ်မှာ ဗကပ တို့နှင့်ပူးပေါင်း၍ လက်နက်ပစ္စည်းအကူအညီရလာသော ကေအိုင်အေတို့သည် အတင့်ရဲလာကြောင်း ဖော်ပြလျက်ရှိပေသည်။

ထို့ပြင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ထောဂေါဒေသအတွင်း လှုပ်ရှားလျက်ရှိသော စခုန်တိန့်ယိမ်းဦးစီးသည့်ဗကပတပ်ရင်း(၁၀၁)အား အမှတ်(၂)စစ်ဗျူဟာအဖွဲ့မှ ဇွဲရဲမာန်စစ်ဆင်ရေးဖြင့် ၁၉၇၈ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့မှ အောက်တိုဘာလ(၂၄)ရက်နေ့အထိ ဆင်နွှဲတိုက်ခိုက်ရာ အမှတ်(၂)စစ်ဗျူဟာအဖွဲ့နှင့်အတူ အမှတ်(၆၆၁)နည်းဗျူဟာစစ်ဆင်ရေးအဖွဲ့၊ အမှတ်(၅၆)ခြေလျင်တပ်ရင်း၊ အမှတ်(၆၃)ခြေလျင်တပ်ရင်း၊ အမှတ်(၃၆)ခြေလျင်တပ်ရင်း၊ အမှတ်(၃၇)ခြေလျင်တပ်ရင်း၊ စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့များ၊ အမြောက်တပ်ခွဲများ၊ တပ်မတော်(လေ)မှလေယာဉ်၊ ရဟတ်ယာဉ်များပါဝင်ပြီး စစ်ကြောင်း ၂ ကြောင်းခွဲ၍ တိုက်ခိုက်သည်။ တိုက်ပွဲများဖြစ်ပွါးပြီး ပွိုင့်(၃၉၃၀)အား

(က) မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

(ခ) ကက(ကြည်း) စစ်ဆင်ရေးဌာနစု၏ ၁-၅-၇၈မှ ၃၁-၁၂-၇၈အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁-၂၄၊ မျက် ၁-၂၄။

အောက်တိုဘာလ(၆)ရက်နေ့တွင်လည်းကောင်း၊ ထောဂေါအား အောက်တိုဘာလ(၈)ရက်နေ့တွင်လည်းကောင်း သိမ်းပိုက်နိုင်ခဲ့သည်။[၁]

၁၉၇၈ခုနှစ် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်စစ်ဆင်ရေး

ဗကပအရှေ့မြောက်စစ်ဒေသဌာနချုပ်သည် ပန်ဆန်း၌ပင်ရှိနေပြီး ရဲဘော်တင်(ခေါ်) ဝိုလ်မှူးချုပ်ဟောင်းကျော်ဇော သမီးလှကျော်ဇောတို့နှင့် တောခိုတက္ကသိုလ်ကျောင်းသားများဖြစ်သော သက်အောင်၊ သန့်ဇင်၊ ကြည်မင်း၊ ထွန်းသစ်တို့ရှိနေကြသည်။[၂] ဗကပတပ်မဟာ(၂)သည် အင်အား(၁၃၄၀)ဦးဖြင့် ပန်ဆန်း၊ မုံးကိုး၊ မန်နား၊ ခိုမုန်း၊ စီစီဝမ်၊ မန်ဟီးရိုး၊ ကွတ်ခိုင်နယ်မြေများတွင် လည်းကောင်း၊ တပ်မဟာ(၁၂)သည် အင်အား(၁၅၀၀)ဖြင့် ဇင်းဟင်၊ ကျင်ချန်း၊ မန်ထွန်းဒေသတွင် လည်းကောင်းရှိနေကြသည်။ ကေအိုင်အေတပ်မဟာ(၄)သည် တပ်ရင်း(၃)ရင်းအင်အား(၁၆၀၀)ဖြင့် ပန်ဝိုး၊ နမ့်ဖတ်ကာ၊ မန်ကျယ်၊ ဟိုခို၊ မုံးလျန်၊ မုံးရင်၊ မိုင်းလုံ၊ ဘော်တွင်း၊ မန်တုံတို့တွင် လှုပ်ရှားလျက်ရှိပြီးဝီအက်အယ်လ်အေပလောင်သောင်းကျန်းသူတပ်ရင်း(၁)ရင်းသည်လွယ်ယားမြို့သစ်၊ မိုင်းငေါ်ဒေသများတွင်လည်းကောင်း၊ အက်စ်အက်စ်အေတိုင်း(၁)သည် တပ်ရင်း(၅)ရင်းပါတပ်မဟာ ၂ ခုအင်အား(၁၀၂၀)ဖြင့် ကုန်းညောင်၊ လွယ်ငူး၊ တုံလော၊ မန်လီ၊ ဝမ်ဟိုင်း၊ နားမခေါ်၊ နမ့်လန်ဒေသများတွင်လည်းကောင်း၊ အက်စ်ယူအေမြောက်ပိုင်းဗဟိုသည်တပ်ရင်း(၁၃)ရင်းအင်အား(၁၅၀၀)ဖြင့် မန်ဖိုင်၊ မုံးဟင်၊ မုံးဟ၊ မန်မတ်၊ မုံးဟောင်၊ နောင်လိုင်၊ ပါဖန်ဒေသများတွင်လည်းကောင်း၊ အသီးသီး လှုပ်ရှားလျက်ရှိကြသည်။ အက်စ်ယူအေအဖွဲ့အား ခွန်ဆာမှ ခေါင်းဆောင်သော်လည်း မြောက်ပိုင်းတာဝန်ခံအဖြစ်မူထင်ကျူး(ခေါ်)လောဝမ်ကတာဝန်ယူသည်။[၃]

၁၉၇၈ခုနှစ်အတွင်း၌ ယမန်နှစ်က ဟိုပန်ဒေသမှ ဆုတ်ခွါထွက်ပြေးခဲ့ရသော ဗကပတို့သည် မိမိတို့မဟာဗျူဟာကို အလွယ်တကူ စွန့်ပစ်နိုင်ခြင်းမရှိဘဲ ၁၉၇၈ခုနှစ်အတွင်းတွင် ကွမ်းလုံဒေသမြောက်ခြမ်းဖျင်ဟော်မှစ၍ ထိုးဝင်လာပြန်သည်။ ၁-၂-၇၈ရက်နေ့နံနက်၅နာရီ၂၀မိနစ်တွင် အမှတ်(၁၀၇)ခြေမြန်တပ်ရင်း၏အမှတ်(၂)စစ်ကြောင်းမှ ဒုတိယဗိုလ်တင်ဝင်းဦးစီးသော တပ်စုတစ်စုတာဝန်ယူထားသည့် ဖျင်ဟော်ကင်းစခန်းအား ဗကပတပ်မဟာ(၁၂)တပ်ရင်း(၂၂)မှအင်အား၂၀၀ခန့် ဝင်ရောက်တိုက်ခိုက်၍ တိုက်ပွဲပြင်းထန်စွာဖြစ်ပွါးပြီး ၆နာရီ၄၅မိနစ်တွင် တပ်မတော်မှ ဆုတ်ခွါခဲ့ရာ တပ်မတော်သား(၄)ဦးကျဆုံး၍ (၁၀)ဦးပျောက်ဆုံးခဲ့ရာ (၈)ဦးသာ ပြန်လည်ရောက်ရှိခဲ့သည်။ ထိုနေ့တွင်ပင် ညနေ၅နာရီ၃၀မိနစ်၌ အမှတ်(၁၀၇)ခြေမြန်တပ်ရင်းမှ ဗိုလ်ကြီးသိန်းထွန်းဦးစီးသော

---

၁ မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ(တတိယတွဲ) မျက် ၁၈၁

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစုဇင်၏ ၁-၅-၇၈မှ ၃၁-၈-၇၈အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၂၇

၃ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

တပ်ခွဲ(၂)နှင့်(၃)ပူးပေါင်းအင်အား(၆၁)ဦးသည်ဖျင်ဟော်ကြောသို့ထွက်ခွါလာခဲ့ရာဖျင်ဟော်တောင်ထိပ်တွင်နေရာယူထားသော ဗကပတပ်မဟာ(၁၂)လက်အောက်ခံ တပ်ရင်း(၂၂) နှင့် တပ်ရင်း(၁၀၈)မှ အင်အား (၂၀၀)ခန့်က တိုက်ခိုက်၍ တပ်ခွဲမှူးဗိုလ်ကြီးသိန်းထွန်းအပါအဝင် (၁၀)ဦးကျဆုံးပြီး (၂၆)ဦး ဒဏ်ရာရရှိကာ ဆုတ်ခွါခဲ့ရသည်။ နောက်တစ်နေ့ ဖေဖော်ဝါရီလ ၂ရက်နေ့တွင် ဗကပတပ်မဟာ(၈)မှ အင်အား(၂၀၀)ခန့်သည် အမှတ်(၄)ခြေလျင်တပ်ရင်းတပ်ခွဲ(၃)မှ ဒုတိယဗိုလ်မြင့်သောင်းဦးစီးသော အင်အား(၁၆)ဦးရှိ ရှိကလာစခန်းကိုလည်းကောင်း၊ ဗကပတပ်မဟာ(၈)မှ အင်အား(၄၀၀)ခန့်က တပ်ခွဲ(၂)မှဗိုလ်ကြီးလှသောင်းဦးစီးသည့် အင်အား(၃၇)ဦးရှိ အခြေပြုစခန်းကိုလည်းကောင်း၊ ဗကပ တပ်ရင်း(၈)မှ အင်အား(၄၀၀)ခန့်က တပ်ခွဲ(၂)မှ အလုပ်သင်ဗိုလ်ကျော်စိုးဦးစီးသည့်အင်အား(၁၄) ယောက်ရှိအဇွတ်ထိုလှုပ်ရှားအခြေပြုစခန်းအားလည်းကောင်း၊ တိုက်ခိုက်၍စခန်းများ ဗကပလက်တွင်းကျရောက်ခဲ့သည်။ တဖန် ဖေဖော်ဝါရီလ(၅)ရက်နေ့တွင် အမှတ်(၈)ခြေလျင်တပ်ရင်းမှ အမှတ်(၂) စစ်ကြောင်း အင်အား(၁၆၄)ဦးသည် နမ့်ဟူးမှ တာတိလင်သို့ ခရီတက်ရာတွင် ဗကပတပ်မဟာ(၁၀၈)မှ အင်အား(၄၀၀)ခန့်က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်၍ တိုက်ပွဲဖြစ်ပွါးကာ တပ်ရင်းမှူးအပါအဝင်(၃၃)ဦးကျဆုံးသည်။ ဖေဖော်ဝါရီလ(၂၂)ရက်နေ့တွင်လည်း အမှတ်(၄)ခြေလျင်တပ်ရင်းမှ တပ်ကြပ်ထွန်းကျော်ဦးစီးသည့် အင်အား(၇)ဦးခန့်ရှိ တာတိလင်စခန်းအား ဗကပတပ်ရင်း(၅၀၁)မှ အင်အား(၁၀၀)ခန့်ကတိုက်ခိုက်၍ တပ်ကြပ်ကြီးထွန်းကျော်ကျဆုံးပြီး စခန်းရန်သူ့လက်တွင်းကျသည်။[၁]

၁၉၇၈ခုနှစ်ဖေဖော်ဝါရီလ(၁)ရက်နေ့မှ(၁၁)ရက်နေ့အထိ ဗကပတပ်မဟာ(၈)နှင့်တပ်မဟာ(၁၂)ခြေမှုန်းရေးကို အမှတ်(၄)ခြေလျင်တပ်ရင်း၊ အမှတ်(၈)ခြေလျင်တပ်ရင်းနှင့်အမှတ်(၁၀၇)ခြေမြန်တပ်ရင်းတို့သည် ရဲမင်းအောင်စစ်ဆင်ရေးဖြင့်လုပ်ဆောင်ခဲ့ရာ တပ်မတော် (လေ)မှ တိုက်လေယာဉ်များလည်း ပါဝင်တိုက်ခိုက်သည်။ ကွမ်းလုံဒေသအတွင်းရှိ တာတိလင်၊ ရှိကလာနှင့်အဇွတ်ထိုဒေသများမှ ဗကပများသည် (၁၀၀)ကျော်ကျဆုံးပြီး အများအပြားဒဏ်ရာ ရရှိကာ တောင်ဘက်သို့ဆုတ်ခွါပြေး၍ ထိုတိုက်ပွဲများအတွင်း တပ်မတော်မှ(၅၃)ဦးကျဆုံးပြီး (၇၉)ဦး ဒဏ်ရာရရှိကာ (၅၉)ဦး ပျောက်ဆုံးလျက် လက်နက်မျိုးစုံ(၁၂၆)လက် ဆုံးရှုံးခဲ့ရသည်။[၂]

ကွမ်းလုံဒေသမှ အထိနာဆုတ်ခွါလာသော ဗကပများသည် အင်အားပြန်လည်စုစည်းပြီး တန့်ယန်းဒေသကိုမိမိတို့စစ်ရေးအကဲသာနိုင်မည့် နေရာအဖြစ်သတ်မှတ်ကာတန့်ယန်းနယ်မြေအတွင်းရှိ နောင်လိုင်ပါဖန်နှင့် ပွိုင့်(၆၀၄၁)လွယ်စန့်ဒေသများသို့ ထိုးဖောက်ခဲ့ကြပြန်သည်။[၃]

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သမိုင်း — မျက် ၃၈
(က) အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းသမိုင်း — မျက် ၃၈-၃၉
(ခ) မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ တတိယတွဲ — မျက် ၁၆၇
မြန်မာသမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ (တတိယတွဲ) — မျက် ၁၆၇

၁၉၇၇ခုနှစ်၊ မတ်လ(၆)ရက်နေ့နံနက် (၈)နာရီအချိန်တွင် ဗကပတပ်မဟာ(၈)နှင့် တပ်မဟာ (၁၂)တို့မှ အင်အားစုများသည် တာဆိုင်းလျှံကူးတို့ဆိပ်မှဖြတ်ကူး၍ လွယ်ဆန်သို့ရောက်လာ ကြောင်း ကျေးရွာလူထုမှ သတင်းပေးချက်အရ ပွိုင့်-၆၀၄၁ စခန်းမှ တပ်ခွဲမှူးဗိုလ်ကြီးသိန်းထွန်းတင် သည် နယ်မြေစိုးမိုးရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် ဗိုလ်ခင်မောင်အေးဦးစီးသော လှုပ်ရှားတပ်စုကို စခန်းသို့ပြန်လည်ခေါ်ယူပြီး၊ လွယ်ဆန်စခန်းမှ အင်အား(၆)ယောက်ပါ တပ်စိတ် (၁)စိတ် ထုတ်နှုတ်ကာ လက်နက်ကြီးခြေကုတ်စခန်းအဖြစ် ရန်သူများအသုံးပြုနိုင်သည့် ပွိုင့် ၅၀၅၈ တောင်ကုန်း၌ ကင်းပုန်းဝပ်ရန်စေလွှတ်သည်။ လမ်းတွင်စခန်းသို့ပြန်လာသော လှုပ်ရှားတပ်စု နှင့်တွေ့၍ ဗိုလ်ခင်မောင်အေးက ယင်းတပ်စိတ်ကို သူကိုယ်တိုင်ကွပ်ကဲ၍ကင်းပုန်းဝပ်ရန်တပ်ခွဲမှူးထံ ခွင့်ပန်ပြီး ကင်းပုန်းဝပ်ခဲ့သည်။ ထိုနေ့ည ၉ နာရီအချိန်ခန့်တွင် မုံးဟိုင်ဘက်မှ ဗကပအင်အား(၈၀) ခန့်သည် လက်နက်ကြီးအဖွဲ့နှင့်အတူ ကင်းပုန်းဝပ်နေရာ တောင်ကုန်းသို့ ချဉ်းကပ်လာ၍ တပ်မတော်မှကိုက်(၅၀)ခန့်အကွာတွင်စတင်ပစ်ခတ်၍ ပြင်းထန်စွာတိုက်ပွဲဖြစ်ပွားသည်။ ရန်သူသည်တောင်ကုန်း ကိုသိမ်းပိုက်ရန် အကြိမ်ကြိမ်ကြိုးပမ်းသော်လည်း အထိနာစွာပြန်လည် ဆုတ်ခွါသွားခဲ့သည်။ သို့သော် လက်နက်ကြီးများပစ်ကူ၍ တောင်ကုန်းကိုသိမ်းရန်ကြိုးပမ်းရာ ပွိုင့်-၆၀၄၁စခန်းမှ လက်နက်ကြီးဖြင့် ပစ်ကူတိုက်ခိုက်သည်။ ဗကပတို့ ၅ ကြိမ်တိတိ လှံ့စွပ်ထိုးတိုက်ခိုက်သည်ကို တပ်မတော်မှခုခံနိုင်ခဲ့ သော်လည်း ဗကပတို့က ဝိုင်းပတ်တိုက်ခိုက်ရန် ကြိုးပမ်း၍ ကင်းပုန်းဝပ်တပ်စိတ်သည် ပင်မကုန်းသို့ ဆုတ်ခွါလာရာ လမ်းတွင် ရန်သူကထပ်မံတိုက်ခိုက်၍ ဗိုလ်ခင်မောင်အေးကျဆုံးသည်။

ဗကပတို့သည် ထိုပွိုင့်၅၀၅စတောင်ကုန်းအား ခြေကုတ်ယူကာ ယင်းမှတစ်ဆင့်တောင်ကြော အတိုင်း စခန်းသို့ချဉ်းကပ်လာခဲ့ကြပြီး၊ နားလိမ်ရွာဘက်၌တပ်ဖြန့်ရင်ဆိုင်နေကာ ပွိုင့်-၆၀၄၁စခန်း အား ရင်ဆိုင်ထားခဲ့သည်။ နောက်တစ်နေ့ မတ်လ(၇)ရက်နေ့တွင် နံနက် ၆ နာရီမှ စတင်ကာ ဗကပ အင်အား(၆၀)ခန့်သည် လက်နက်ကြီးပစ်ကူ၍နောက်လိုင်နှင့်ပါဖန်စခန်းတို့အားတိုက်ခိုက်ပြီး၊ မွန်းလွဲ (၁)နာရီခန့်တွင်ရန်သူဘက်မှငြိမ်သွားသည်။ ထိုအချိန်တွင် ရန်သူ၏တပ်ဖြန့်ခွဲမှုကိုသိလို၍ ပွိုင့်-၆၀၄၁ စခန်းမှနားလိမ်ရွာသို့ကင်းထောက်စေလွှတ်ရာ ရွာအတွင်း၌ရန်သူ(၃၀)ခန့်နှင့် အနီးကပ်တိုက်ပွဲဖြစ်ပွား သည်။ ထိုအဖွဲ့မှ စစ်သည်(၁)ဦးကျဆုံးခဲ့ပြီး၊ စခန်းသို့ ညနေ(၃)နာရီတွင် ပြန်လည်ရောက်ရှိသည်။ ဗကပ(၂၀၀)ခန့်သည် ပွိုင့်-၆၀၄၁တောင်ကုန်းစခန်း ၂ ခုကြားသို့ ဝင်ရောက်လာပြီး၊ လက်နက်ကြီး၊ လက်နက်ငယ်၊ လောင်ချာတို့ဖြင့်ပစ်ခတ်တိုက်ခိုက်၍စခန်း၂ခု မှ ခုခံပစ်ခတ်သဖြင့် ရန်သူအကျအဆုံး များစွာဖြင့် ဆုတ်ခွါသည်။

မတ်လ(၈)ရက်နေ့နံနက်(၆)နာရီမှစ၍ ဗကပတို့သည် ၈၂-မမစိန်ပြောင်း၊ ၇၅-မမ၊ ပွိုင့်-၅ စက်သေနတ်၊ ၆၀မမစိန်ပြောင်းတို့ဖြင့် ပြင်းထန်စွာပစ်ခတ်သော်လည်း တပ်မတော်မှ ပြန်လည် ပစ်ခတ်ခြင်းမပြုခဲ့ချေ။ ဗကပတို့သည် တောင်ဘက်စခန်းကုန်းအားတောင်ဘက်မျက်နှာစာမှ ချဉ်းကပ် တိုက်ခိုက်ပြန်ရာ တပ်မတော်မှချဉ်းကပ်လာသော ရန်သူများကို လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်၍

ရန်သူများပြန်ဆုတ်သွားသည်။ အလားတူပင် မြောက်ဘက်စခန်းကုန်းကိုလည်း မြောက်ဘက်စောင်းမှ ၄၀မမလောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်၍ စခန်းပေါ်မှ ၂ လက်မစိန် ပြောင်းဖြင့် ပစ်ခတ်သဖြင့် ရန်သူများ ပြန်ဆုတ်သွားသည်။

မတ်လ(၉)ရက်နေ့တွင်ဗိုလ်ကြီးသိန်းထွန်းတင်ဦးစီး၍အင်အား(၅၇)ဦးသာရှိသည့်တောင်ကုန်းစခန်း၏ တောင်ဘက်နှင့် မြောက်ဘက်စခန်းများအား မြောက်ဘက်မျက်နှာစာမှ သိမ်းပိုက်ရန် အားထုတ်ရာ တပ်မတော်မှပစ်ခတ်၍ ရန်သူအကျအဆုံးများစွာဖြင့် ဆုတ်ခွါရသည်။ မတ်လ(၁၀)ရက်နေ့တွင်မူ အထိနာနေသောဗကပတို့သည် ခြံစည်းရိုးနှင့်စခန်းအား မီးလောင်တိုက်သွင်းရန် စခန်းအခြေမှမီးတင်ရှို့၍ မူလကပင် မီးတားအဖွဲ့၊ ငြိမ်းသတ်ရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့များ ဖွဲ့စည်းထားသောတပ်မတော်က မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးငြိမ်းသတ်နေစဉ် ရန်သူက ပွိုင့်-၅ စက် သေနတ်ဖြင့် ပစ်ခတ်၍စစ်သည်အချို့ဒဏ်ရာရသည်။မတ်လ(၁၁)ရက်နေ့တွင်မူဗကပတို့သည်အဝေးမှလက်နက်ကြီးများဖြင့်လည်းကောင်း၊ လက်နက်ငယ်တစ်ကမ်းအကွာမှလည်းကောင်းပစ်ခတ်ခဲ့သော်လည်းထိရောက်မှုမရှိ၍ တပ်မတော်မှပြန်လည်ပစ်ခတ်ခြင်းမပြုဘဲ ငြိမ်သက်စွာစောင့်ဆိုင်းနေကြသည်။ ထိုနေ့မွန်းလွဲ(၁)နာရီအချိန်ခန့်တွင် ပါဖန်ဘက်မှရန်သူအင်အား(၅၀)ခန့်လွယ်ဆန်ရွာသို့ ရောက်ရှိပူးပေါင်းလာသည်။ ထိုအချိန်တွင်ဗကပတို့သည်ပန်ဆင်တွင်ကွပ်ကဲမှုအဖွဲ့ထားရှိပြီး ၈၂-မမနှင့်၇၅-မမတို့အားတောင်ဘက်စခန်းကုန်း၏ တောင်ဘက်ရှိ ပွိုင့်-၅၀၈၁တောင်ကုန်းသို့ ပြောင်းရွှေ့နေသည်။

မတ်လ(၁၂)ရက်နေ့တွင် ဗကပတို့သည် နံနက်(၆)နာရီမှစတင်၍ လက်နက်ကြီးများ စုပုံပစ်ခတ်ကာ အနောက်မြောက်ဘက်နှင့် တောင်ဘက်မျက်နှာစာစခန်း(၂)ခုအကြားမှ ချဉ်းကပ်လာကြပြီး၊ ခြံစည်းရိုးများကို ကြိုးဖြင့်ဆွဲခြင်း၊ မပြိုသောခြံစည်းရိုးများကို ၄၀-မမလောင်ချာဖြင့် ပစ်ခတ်ဖြိုခွဲခြင်းများ ပြုလုပ်သည်။ ထို့နောက် အသုတ်လိုက်တက်လာကြပြီး၊ မြောက်ဘက်တောင်ကုန်းအား အင်အား(၂၀၀)ခန့်ဖြင့်လည်းကောင်း၊ တောင်ဘက်တောင်ကုန်းအား အင်အား(၁၅၀)ခန့်ဖြင့်လည်းကောင်း ချဉ်းကပ်တိုက်ခိုက်၍ တပ်မတော်သားများက ကျည်တစ်တောင့် လူတစ်ယောက်နှုန်းပြန်လည်ပစ်ခတ်သည်။ ရန်သူတို့သည် အထိနာသော်လည်း တပ်မတော်သားများကို လုံးထွေးရစ်ပတ်တိုက်ခိုက်ရန်ကြိုးပမ်း၍ တပ်မတော်မှ ပြန်လည်တွန်းလှန်ခဲ့ရသည်။ တပ်မတော်သားများ၏ပစ်ခတ်မှုဖြင့် ကတုတ်ကျင်းများ၏ နှုတ်ခမ်းဝတွင်ကျဆုံးသွားသော ရန်သူအလောင်းများထဲမှ အမ်၂၃ စက်ကလေး(၁၁)လက်၊ အမ်-၂၂ (၄)လက်၊ ၄၀မမလောင်ချာတစ်လက်တို့ သိမ်းဆည်းယူ၍ ထိုလက်နက်များဖြင့်ပင် ရန်သူကို တုံ့ပြန်ပစ်ခတ်ခဲ့သည်။

ထိုနေ့ နေ့လည်တွင် ရန်သူတို့ လက်နက်ကြီး၊ လက်နက်ငယ်များပစ်ခတ်ကာ စခန်းအား သိမ်းပိုက်ရန်ထပ်မံကြိုးပမ်းသည်။ တပ်ခွဲမှူးဗိုလ်ကြီးသိန်းထွန်းတင်သည် ကိုယ်တိုင် ၂လက်မစိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ပွဲဝင်နေစဉ် ရန်သူ၏လောင်ချာ (၄)လုံးဆက်တိုက်အနီးသို့ ကျရောက်ပေါက်ကွဲ၍ မျက်လုံးတွင်ဒဏ်ရာရရှိခဲ့ရာ ထိုဒဏ်ရာရသောမျက်လုံးကို ပုဆိုးစဖြင့်ချည်နှောင်၍

ဆက်လက်တိုက်ပွဲဝင်ခဲ့သည်။ ထိုတိုက်ပွဲသည်လည်း အနီးကပ်တိုက်ပွဲဖြစ်၍ တိုက်ပွဲမှာပြင်းထန်လှပေသည်။ မြောက်ဘက်စခန်းကုန်းတွင် တပ်မတော်သား(၄)ဦးကျဆုံးကာ (၃)ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိသည်။ တစ်ချိန်တည်းမှာပင် တောင်ဘက်စခန်းကုန်းကိုလည်း ဗကပတို့ အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်၍ လေကြောင်းပစ်ကူ ခေါ်ယူပစ်ခတ်စေရသည်။ ရန်သူတို့သည် ခြံစည်းရိုးအစပ်တွင် အလောင်း(၇၀)ခန့်ပြန့်ကျဲကျန်ပြီး ဆုတ်ခွါသွားကြသည်။ သို့ရာတွင် တောင်ဘက်စခန်းကုန်းတွင် ဒဏ်ရာရသူများပြား၍ ဖေါက်ထွက်ကာ တပ်ခွဲရုံးစခန်းနှင့်ပူးပေါင်းရန် ကြိုးစားရာမှ ရန်သူ၏ဖြတ်တောက်တိုက်ခိုက်ရေးကင်းနှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားပြီး၊ စခန်းမှူးကျဆုံးခဲ့သည်။ မြောက်ဘက်စခန်းကိုမူ ရန်သူများ မသိမ်းနိုင်ဘဲ၊ အကျအဆုံးများစွာဖြင့် ပြန်ဆုတ်သွားသည်။

မတ်လ(၁၃)ရက်နေ့တွင် ပွိုင့် ၆၀၄၁စခန်း၏ တောင်ဘက်ကုန်းတွင် ဗကပ(၅၀)ခန့် တက်ရောက်နေရာယူသည်။ ထို့ကြောင့် လေကြောင်းပစ်ကူတောင်းပြီး၊ တောင်ဘက်စခန်းကုန်းကို ပစ်ခတ်ချေမှုန်းစေသည်။ ထိုနောက်ပိုင်းတွင် ရန်သူသည် ပင်မစခန်းကုန်းအား လက်နက်ကြီးများဖြင့် ဖိပစ်ပြီး၊ စီးနင်းရန်ကြိုးပမ်းသော်လည်း တပ်မတော်မှ အပြင်းအထန်ခုခံခဲ့၍ ရန်သူများ အလောင်းထမ်းပြီး ဆုတ်ခွါရသည်။ ထိုနေ့ညနေ (၃)နာရီခန့်တွင် ဗကပ(၇၀)ခန့်သည် လွယ်ဆန့်ရွာဘက်မှ ပွိုင့်-၆၀၄၁ တောင်ကုန်းပတ်ဝန်းကျင်သို့ အင်အားဖြည့်သည်။ ညနေ(၅)နာရီခန့်တွင်လည်း နောင်လိုင်နှင့်ပေတင်ကရောဘက်မှ လား(၁၄)ကောင်နှင့် ဗကပအင်အား(၃၀၀)ခန့် ထပ်ဖြည့်ရောက်ရှိလာ ပြန်သည်။ တပ်မတော်တပ်ခွဲမှူးသည် အခြေအနေအရပ်ရပ်ကိုသုံးသပ်ကာ နောက်ဆုံးအချိန်အထိတိုက်ပွဲဝင်ရန်ပြင်ဆင်ပြီး၊ အထက်ဌာနသို့လည်း နောက်ဘစ်နေ့နံနက်(၆)နာရီတိတိအချိန်တွင် အဆက်အသွယ်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိမိတို့စခန်းပေါ်သို့ လေကြောင်းပစ်ကူပေးရန် တင်ပြ တောင်းခံသည်။

ဗကပများသည် အမှောင်ထုကို အကာအကွယ်ပြု၍ မြောက်ဘက်တောင်ကုန်းအား စခန်း(၂)ခုအကြားမှ အနီးကပ်ချဉ်းကပ်တိုက်ခိုက်ရန် စီစဉ်သည်။ ရန်သူ၏ကျင်းတူးသံကို စခန်းမှ အတိုင်းသား ကြားနေရသည်။ ထိုအချိန်မှာပင် ရန်သူသည် ဖြန့်ခွဲထားသော လက်နက်ကြီးများဖြင့် စခန်းပေါ်သို့စုပုံပစ်ခတ်၍ စခန်းရှိတဲများ၊ ကျည်ထိမှန်ကာ မီးလောင်သည်။ ထိုမီးရောင်ဖြင့် တပ်ခွဲမှူး၏ လှုပ်ရှားကွပ်ကဲနေပုံကို ဗကပတို့မြင်၍ နောက်ပွင့်ရိုင်ဖယ်ဖြင့် ချိန်တွယ်ပစ်ခတ်သည်။ တပ်ခွဲမှူးကိုမထိသော်လည်း ဆက်သွယ်ရေးစက်မှ ကောင်းကင်ကြိုးများ အပိုင်းပိုင်းပြတ်တောက်သွားသည်။ ယင်းအခြေအနေတွင်တပ်ခွဲမှူးသည် ရန်သူများစွာကို ချေမှုန်းပစ်ရေးကိုသာ အလေးထားခဲ့သော်လည်း မိမိတပ်မတော်သားများတွင် ကျည်ဆံများစွာ နည်းပါးနေသည်။ ပျမ်းမျှတစ်ကိုယ်လျှင် ကျည်အရေအတွက် (၂၀)ခန့်သာကျန်တော့သည်။ သို့ဖြင့် တပ်ခွဲမှူးသည် အခြေအနေအရပ်ရပ်ကိုသုံးသပ်ကာ အလေးအနက်စဉ်းစားပြီး၊ ထိုနေ့ည (၈)နာရီတိတိတွင် အနောက်ဘက်မျက်နှာစာမှ ဖေါက်ထွက်ရန်ဆုံးဖြတ်လိုက်သည်။

တပ်ခွဲမှူးသည် ဖေါက်ထွက်နိုင်ရေးအတွက် အဖွဲ့များကို စနစ်တကျဖွဲ့စည်းသည်။ မသယ်ဆောင်နိုင်သော လက်နက်ခဲယမ်း၊ စာရွက်စာတမ်း၊ ရိက္ခာပစ္စည်းများကို ဖျက်ဆီးသည်။ ထို့နောက် ဒဏ်ရာရလူနာများနှင့်တပ်ခွဲမှူးအဖွဲ့ ရှေးဦးစွာဖေါက်ထွက်သည်။ အလုပ်သင်ဗိုလ်ဝင်းမြင့်နှင့် အင်အား (၅)ဦးနောက်ချန်နေပြီး၊ စခန်းကိုခေတ္တထိန်းသိမ်းကာ နာရီဝက်ခန့်အကြာမှ တပ်ခွဲမှူး ဖေါက်ထွက်ရာ လမ်းအတိုင်း လိုက်သွားသည်။ တပ်ခွဲမှူးနှင့်အဖွဲ့သည် နမ့်လောင်ချောင်းဖျားသို့ မတ်လ(၁၄)ရက်နေ့ နံနက်(၁)နာရီခန့်တွင် ရောက်ရှိသည်။ ထိုနေရာတွင်ပင် ဖြစ်သလိုအိပ်ကြပြီး၊ နံနက်(၃)နာရီတွင်မှ နမ့်လောင်ချောင်းအတိုင်း ဆက်လက်ဆင်းခဲ့ရာ သံလွင်မြစ်ကမ်းသို့ နေ့လည်(၁၂)နာရီခွဲခန့်တွင် ရောက်သည်။ နောက်တစ်နေ့တွင် အထောက်တော်လွှတ်၍ ဖန်မွန်းရွာသားများ နှင့် ဆက်သွယ်နိုင်ခဲ့၍ ရွာသားများက တောင်သာစခန်းမှ ဖေါက်ထွက်လာရာမှ ခြေထောက်ဒဏ်ရာဖြင့် လူစုကွဲလာသော တပ်သားတစ်ဦးကိုတပ်ခွဲမှူးထံအပ်နှံသည်။ ထို့နောက်လမ်းပြ(၂)ယောက်ဖြင့်နန်းကြိမ်ရွာသို့ဆက်လက်ပေးပို့သည်။ နန်းကြိမ်ရွာတောင်ယာတဲတွင် မိမိတို့ထက်အလျင်ရောက်နှင့်နေသော တောင်ဘက်ကုန်းစခန်းမှ ဖေါက်ထွက်လာသူ တပ်ကြပ်ယမားဆင် တပ်စိတ်နှင့် တွေ့သည်။ တဖြည်းဖြည်း နှင့် ပါဖန်မှ ဖေါက်ထွက်လာသော တပ်စိတ် ၁ စိတ်၊ နောက်ချန် အလုပ်သင်ဗိုလ်ဝင်းမြင့်အဖွဲ့တို့ ရောက်လာပြီး မတ်လ(၁၆)ရက်နေ့တွင် အားလုံးပြန်ပေါင်းမိသည်။ ပိန်းလွန်းရွာသို့ တပ်ခွဲမှူးက အထောက်တော်စေလွှတ်ပြီး၊ အမှတ်(၁၄)ခြေလျင်တပ်ရင်းစစ်ကြောင်း နှင့် အဆက်အသွယ်ရ ပူးပေါင်းခဲ့သည်။ ထိုမှ အဆင့်ဆင့်ပို့ဆောင်ပေးခဲ့ရာ မတ်လ(၁၇)ရက်နေ့ မွန်းလွဲ (၂)နာရီအချိန်တွင် တန့်ယန်းသို့ရောက်ရှိသည်။[၁]

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကို လားရှိုးသို့ပြောင်းရွှေ့ပြီး၊ **ရဲမင်းအောင်**စစ်ဆင်ရေးကို အောက်ပါတပ်များဖြင့် ဆက်လက်ဆင်နွှဲခဲ့သည်။ တိုင်းစစ်ဌာနချုပ်မှ တိုက်ရိုက်ကွပ်ကဲမှုဖြင့် အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မှ တပ်ရင်း(၂)ရင်း၊ (၂)ခွဲဖြင့် လားရှိုး၊ မုံးကွန်၊ လွယ်ပန်ကော်တွင်လည်းကောင်း၊ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်မှ တပ်ရင်း(၁)ရင်း၊ (၁)ခွဲဖြင့်ကျောက်မဲသီပေါမြောက်ခြမ်းများတွင်လည်းကောင်း စစ်ဆင်ရေးပြုလုပ်ခဲ့သည်။ အမှတ်(၂) စစ်ဗျူဟာအဖွဲ့သည်လည်း အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်လက်အောက်ခံတပ်ခွဲ(၃)ခွဲဖြင့် တန့်ယန်းတွင် အရန်နေရသည်။ အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်သည် အမှတ်(၉၉၂) (၉၉၃) နည်းဗျူဟာ၊ အမှတ်(၄)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ် (၃) (၄) (၇) (၉) (၁၀) (၁၂) (၁၃)ခြေလျင်တပ်ရင်းများ၊ အမှတ်(၁၀၃)နှင့် (၁၀၉)ခြေမြန်တပ်ရင်းများဖြင့် မူဆယ်၊ နမ့်ခမ်း၊ စီစီဝမ်၊ တာပန်၊ မုံးစီး၊ နားလယ်၊ ကျုံးကျုံးကျက်၊ မိုးမိတ်၊ ပသင့်၊ မြစ်ဆုံ၊ ကွမ်းလုံ၊ ဟိုပန်၊ ပန်လုံတို့တွင် စစ်ဆင်ရေးပြုလုပ်ပြီး အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်မှ တပ်ခွဲ ၃ ခွဲက လားရှိုးမြို့တွင် တပ်မအရန် အဖြစ်နေရသည်။[၂]

---

၁ အရှေ့မြောက်တိုင်း တိုင်းသမိုင်း

၂ အရှေ့မြောက်တိုင်းစစ်ဆင်ရေးမှတ်တမ်း

၁၉၇၈ခုနှစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော် စစ်ဆင်ရေး

သခင်ဗသိန်းတင်ဦးဆောင်သော ဗကပဗဟိုအဖွဲ့သည် ၁၉၇၈ခု၊ စက်တင်ဘာလ ၂၅ရက် နေ့တွင် မိုင်းမောမှ ပန်ဆန်းသို့ ရွှေ့ပြောင်းခဲ့ရာ စုစုပေါင်းအင်အား (၈၀၀)ခန့်ရှိသည်။ တပ်မဟာ (၆၈၃)ဌာနချုပ်သည်အင်အား (၇၁၀)ဖြင့် နောင်လုံ၊ လဲချား၊ မိုင်းကိုင်၊ လွယ်လင်၊ မိုင်းလန်း၊ ဆန်ဟနယ်မြေများတွင်လှုပ်ရှားလျက်ရှိပြီး တပ်မဟာ(၆၈၅)သည် အင်အား(၈၀၀)ဖြင့် မိုင်းပေါက်၊ နယ်ဆော်၊ ပန်မကောက်၊ ရောင်ခေါက်ဒေသများတွင်ရှိနေသည်။ တပ်မဟာ(၈)သည် အင်အား(၇၀၀)ဖြင့် အရှေ့မြောက်စစ်ဒေသဌာနချုပ်အရန်ဖြင့်ရှိပြီး၊ တပ်မဟာ(၇၆၈)သည် အင်အား(၅၀၀)ဖြင့် ဆီလူး၊ ဝမ်ကုန်း၊ လန့်ကောင်ဒေသ၌လည်းကောင်း ကော်-စဘ၅သည် အင်အား(၈၀၀)ဖြင့် ဝမ်ကျင်း၊ ဆန်တောက်၊ မိုင်းမ၊ မိုင်းလား၊ဝမ်ဖြတ်ဒေသတွင်ရှိ၍ ဗကပအင်အားစုစုပေါင်း(၄၃၀၀)ဖြစ်သည်။ အက်စ်အက်စ်အေ တပ်မဟာ(၂)ခုသည် အင်အား(၁၅၀၀)ဖြင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ဆက်စပ်နယ်မြေ၊ မိုင်းတုံ၊ မိုင်းလား၊ မိုင်းပန်၊ ကျိုင်းလွန်း၊ ကျေးသီး၊ မိုင်းနောင်၊ နယ်မြေများတွင် လှုပ်ရှားလျက်ရှိသည်။ ဗကပ အသားမည်းမျိုးမြင့်(ခေါ်) ဦးအောင်၏ (၁၀၈)စစ်ဒေသသည် တောင်ကြီးမြောက်ခြမ်း၊ ကျောက်ဂူ၊ မိုင်းကိုင်နယ်မြေများတွင်အင်အား(၂၀၀)ဖြင့်ရှိသည်။ တာကလယ်၏ ရလလဖ(အနီ)အဖွဲ့သည် အင်အား(၃၈၀)ဖြင့် ကဒူးကြီး၊ ကဒူးလေး၊ ဟိုနမ့်၊ မိုင်းဆစ်၊ မိုင်းပွန်နယ်မြေများတွင်လည်းကောင်း၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် တပ်ရင်း ၂ရင်းပါ အင်အား(၅၀၀)ဖြင့် ဘော်လခဲ၊ ရွာသစ်၊ မဲစဲ၊ မော်ချီး၊ ဖါဆောင်း၊ မံစဲနစ်၊ ဒီမောဆိုးဒေသများတွင်လည်းကောင်း၊ ကယန်းပြည်သစ်ပါတီသည် အင်အား(၁၀၀)ဖြင့် အတည်တကျမရှိပဲ မောင်ပုလော၊ ယာဒို၊ သောင်ရေစပ်နှင့် တိုင်း(၃)တိုင်း ဆက်စက်နယ်မြေတွင်လည်းကောင်း လှုပ်ရှားလျက်ရှိသည်။ ပအို့ဝ်သောင်းကျန်းသူ ပအို့ဝ်အမျိုးသားအဖွဲ့ချုပ်သည် တပ်ရင်း ၂ရင်းအင်အား (၄၅၀)ဖြင့် ဆီဆိုင်၊ တောင်ကြီး ကားလမ်းအနောက်ခြမ်း၊ တောင်ကြီးအရှေ့၊ ပင်လောင်း၊ တောင်ကြီး-လွိုင်ကော်ကားလမ်းအရှေ့ခြမ်းများတွင်လည်းကောင်း၊ အက်စ်ယူအာရ်အေ ရှမ်းတို့သည် တပ်ရင်း(၆)ရင်း အင်အား(၁၉၀၀)ဖြင့် လဲချား၊ မိုင်းကိုင်၊ ကျေးသီးတောင်ခြမ်း၊ လင်းခေး၊ မိုးနဲ၊ မိုင်းပန်၊ ကျိုင်းတောင်း၊ ကျိုင်းခမ်း၊ ထိုင်း-မြန်မာနယ်စပ်ဒေသတို့တွင်လည်းကောင်း လဝသောင်းကျန်းသူ ဗင်းငင်းမဟာစန်းအဖွဲ့သည် မိုးနဲ-လင်းခေး နယ်မြေ၌ ဌာနချုပ်ထားရှိပြီး အင်အား(၂၀၀)ဖြင့် မိုးနဲလင်းခေး၊ ဝမ်ဆစ်၊ ဝမ်ဟတ်နယ်မြေတို့တွင်လည်းကောင်း၊ လားဟူအမျိုးသားလွတ်မြောက်ရေးတပ်မတော်သည်လွယ်လန်း၌ အခြေပြုကာ အင်အား(၁၅၀)ဖြင့် လွယ်လန်း၊ မိုင်းယွန်းနယ်မြေတွင်လည်းကောင်း လှုပ်ရှားလျက်ရှိသည်။[၁]

[၁] အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

၁၉၇၈ခု ဖေဖော်ဝါရီလ ၁၆ရက်နေ့တွင် အမှတ်(၁၀၂) ခြေမြန်တပ်ရင်းနှင့် အမှတ်(၁)ရှမ်းသေနတ်ကိုင်တပ်ရင်းတို့မှ ပူးပေါင်း တပ်ခွဲ ၁ခွဲသည် လူနာများတင်ဆောင်ခေါ်ယူရန် ယာဉ်ကြီး ၃စီး ဖြင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ မိုင်းကိုင်မြို့မှ ထွက်ခွာလာရာ လမ်းတွင် ဗကပအင်အား (၃၀)ခန့်သည် စောင့်ကြိုခြုံခိုတိုက်ခိုက်သည်။ ဗကပတို့သည်ယာဉ်တန်း၏ ဒုတိယနေရာမှလိုက်ပါလာသော တပ်ခွဲမှူးစီးနင်းသည့်ယာဉ်ကို သတ်ကွင်းအတွင်းသွင်း၍ ပစ်ခတ်တိုက်ခိုက်ရာ ယာဉ်မောင်းကို ထိမှန်ခဲ့သည်။ ဗကပတို့သည် မော်တော်ယာဉ်များကို အပြင်းအထန်ပစ်ခတ်ပြီး စီးနင်းရန်ကြိုးပမ်းကြသည်။ သို့ရာတွင် ဒဏ်ရာရရှိထားသောတပ်ခွဲမှူးအပါအဝင် တပ်မတော်သားများက အပြင်းအထန်ခုခံတိုက်ခိုက်ပြီး၊ ရှေ့ပြေးနှင့်နောက်ရံယာဉ်များကလည်းပစ်ခတ်တိုက်ခိုက်ကာရန်သူကို နောက်ကျောမှ ဝိုင်းပတ်ရန်အားထုတ်ကြ၍ ဗကပတို့ ဆုတ်ခွာသွားကြသည်။[၃]

ဗကပအမှတ်(၈၁၅)စစ်ဒေသမှ အင်အားစု(၄၀၀)ခန့်ကလည်း ၁၉၇၈ခုနှစ်၊ ဇွန်လပထမပတ်အတွင်းတွင် နမ့်တောင်းဒေသအားထိုးဖောက်ဝင်ရောက်ကာမိုင်းယု၊ ကော်ဟို၊ လွယ်ခံ စစ်စခန်းများနှင့် မိုင်းယု-မိုင်းယောင်း ဆက်သွယ်ရေးလမ်းကြောင်းအား ခြိမ်းခြောက်လာကြ၍ အမှတ်(၁)ချင်းသေနတ်ကိုင်တပ်ရင်းနှင့် အမှတ်(၁)ခြေလျင်တပ်ရင်းစစ်ကြောင်းများက တန်ပြန်ထိုးနှက် တိုက်ခိုက်ရာ ဗကပတို့ နမ့်လွေချောင်းမြောက်ခြမ်းသို့ ပြန်လည်ဝင်ရောက်သွားခဲ့သည်။ ဩဂုတ်လ ၂၁ ရက်နေ့တွင်လည်း ဗကပ တပ်မဟာ(၆၈၃)မှ အင်အားစုများသည် လဲချားမှ မိုင်းနောင်သို့ ချီတက်သည့် အမှတ်(၈၂)ခြေလျင်တပ်ရင်းမှ တပ်ခွဲ ၅ခွဲပါဃာဉ်တန်းအား မိုင်တိုင်(၁၉)နှင့်(၂၀)အကြားတွင် ခြုံခိုတိုက်ခိုက်ခဲ့သည်။ စက်တင်ဘာလ ၁၉ရက်နေ့တွင်လည်း ဗကပ တပ်ရင်း(၄၀၄၇)မှ အင်အား ၁၀၀ ခန့်သည် **အောင်လင်းထူးစစ်ဆင်ရေး** ကွပ်ကဲမှုအဖွဲ့မှ ထူးအောင်တပ်ခွဲအား (အမ်-၆၉၇၄)နေရာတွင် တိုက်ခိုက်၍ တပ်မတော်မှ တပ်ခွဲမှူးဗိုလ်ကြီးကျော်ဇင် အပါအဝင်(၂၄)ယောက်ကျဆုံးလျက် ခဲယမ်းမီးကျောက်နှင့်လက်နက်များဆုံးရှုံးခဲ့သည်။ မိုင်းလန်းတောင်ခြမ်းနယ်မြေရှိဗကပအင်အား(၃၀၀) ခန့်သည် လွယ်စမြေ-ကျောက်တန်းနယ်သို့ ဝင်ရောက်လာပြန်ပြီး၊ အောက်တိုဘာ(၂၂)ရက်နေ့တွင် ဝမ်ပန်မိုက်၌ အက်စ်ယူအာရ်အေတို့နှင့်လည်းကောင်း၊ အောက်တိုဘာလ(၂၅)(၂၇)(၂၉)ရက်နေ့များတွင် အမှတ်(၁၀၄)(၁၀၇)ခြေမြန်တပ်ရင်း၊ အမှတ်(၉၄)ခြေလျင်တပ်ရင်းများမှ စစ်ကြောင်းများနှင့်လည်းကောင်း တွေ့ထိတိုက်ပွဲဖြစ်ပွားခဲ့သည်။[၄] ၁၉၇၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင်လည်း ဗကပ တပ်မဟာ(၈)မှအင်အားစုများပါဝင်သည့် ဗကပအင်အား(၈၀၀)ခန့်သည် နမ့်လွေချောင်းတောင်ဘက်သို့ ထိုးဖောက်ဝင်ရောက်ကာ အမှတ်(၁၀၈)ခြေမြန်တပ်ရင်းမှ ဗိုလ်ကြီးအောင်ခင်ထွေးဦးစီးသည့် တပ်ခွဲ ၁ ခွဲအင်အားရှိ စမ်းတောင်စခန်းအားလက်နက်ကြီးပစ်ကူများဖြင့်စီးနင်းတိုက်ခိုက်ရာ ကျဆုံး၍

---

၃ မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ တတိယတွဲ မျက် ၁၇၉-၁၈၀

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၇၈မှ ၃၁-၁၂-၇၈အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၅၉

လက်နက်ခဲယမ်းနှင့် ရိက္ခာပစ္စည်းများ ဗကပတို့လက်သို့ရောက်သည်။[၁]

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ အမှတ်(၂)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၅၄) (၆၄) (၆၆) (၇၂) (၉၄)(၉၆)(၇၃)ခြေလျင်တပ်ရင်း(၇)ရင်းဖြင့် **တိမ်တောင်**စစ်ဆင်ရေးကိုလည်းကောင်း၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်သည် အမှတ်(၇၇၂) (၇၇၃)နည်းဗျူဟာများအပြင် အမှတ်(၆၆)ခြေမြန်တပ်မ ဌာနချုပ်မှ နည်းဗျူဟာ ၁ ဖွဲ့နှင့် အမှတ်(၁၀၂) (၁၀၅) (၁၀၁) (၁၀၄)ခြေမြန် တပ်ရင်းများ၊ အမှတ်(၆)(၇၅)(၇၉)(၈၄)ခြေလျင်တပ်ရင်းများကို ကွပ်ကဲလျက် **လေးမာန်အောင်** စစ်ဆင်ရေးကို လည်းကောင်း၊ အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်မှ အမှတ်(၈၈၁)(၈၈၂)နည်းဗျူဟာများဖြင့် အမှတ် (၁၀၈)ခြေမြန်တပ်ရင်း၊ အမှတ်(၁)(၂)နှင့် (၆)သေနတ်ကိုင်တပ်ရင်းများ၊ အမှတ်(၅)(၁၁)(၁၄)(၁၈) ခြေလျင်တပ်ရင်းများကိုကွပ်ကဲ၍ **ရဲရန်နိုင်**စစ်ဆင်ရေးနှင့် **မိုးဟိန်း**အဆင့် (၄)စစ်ဆင်ရေးကို လည်းကောင်း ဆင်နွှဲခဲ့သည်။[၂]

၁၉၇၈ခုနှစ်အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းသောင်းကျန်းသူများနှင့် တပ်မတော် ၏စစ်ဆင်ရေး

ကေအင်ယူဗဟိုကော်မတီဥက္ကဋ္ဌဗိုလ်မြသည် မာနယ်ပလောဒ္ဒ အင်အား(၄၃)ဦးဖြင့်ရှိနေပြီး၊ တပ်မဟာ(၁၁)သည် အင်အား(၅၁၇)ဖြင့် ဘီးလင်း၊ ကျိုက်ထို၊ သထုံ၊ ပေါင်၊ ဘားအံ၊ တပ်မဟာ(၆) သည် အင်အား(၅၀၇)ဦးဖြင့် ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ ထားဝယ်၊ မြိတ်၊ တပ်မဟာ(၇)သည် အင်အား(၉၆၃)ဦးဖြင့် ဘားအံ၊ လှိုင်းဘွဲ့၊ ဖါပွန်၊ ထောလှ၏ တပ်ရင်း(၁၀၁)သည် အင်အား(၃၈၀) ဖြင့် နောင်တိုင်တောင်ခြေ၊ ထီးကလေး၊ နဘူးတံခွန်တိုင်စသည်ဖြင့် လှုပ်ရှားလျက်ရှိသည်။ ပြည်သူ့ ပြည်ချစ်ပါတီအလယ်ပိုင်းတိုင်းမှ ဦးသွင်သည် အင်အား(၄၂၁)ဦးဖြင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့အား ထိုးဖောက်လျက်ရှိရာ[၃] မှ ၁၉၇၈ခုနှစ်၊ ဇွန်လ(၁၇)ရက်နေ့တွင် ထိုင်းရဲတပ်ဖွဲ့မှ ရဲသီဟစခန်းရှိဦးသွင်အား ကန်ဘူရီမြို့တွင်ဖမ်းဆီးပြီး ဘန်ကောက်မြို့၌ ချုပ်နှောင်ထားသည်။ ဇွန်လ (၂၆)ရက်နေ့တွင် ကေအင်ယူတပ်မဟာ(၆)မှ အင်အား(၂၀၀)ခန့်နှင့် ပြည်ပြေးဗိုလ်ညှိအဖွဲ့မှအင်အား (၅၀)ခန့်ပူးပေါင်းအဖွဲ့သည် အစိုးရထံလက်နက်ချရန်စီစဉ်ခဲ့သော ရဲသီဟစခန်းရှိစိန်မြင့်အား ဝိုင်းဝန်း ဖမ်းဆီးပြီးလက်နက်(၅၀)ခန့်သိမ်းဆည်းသွားသည်။[၄] ပြည်ပြေးအောင်လက်ျာ၏အထူးတိုင်းမှ မောင်စိုး အပါအဝင်(၇)ဦးသည်လက်နက်မျိုးစုံ(၁၁)လက်ဖြင့် ၁၉၇၈ခုနှစ်၊ မေလ(၂၇)ရက်နေ့တွင် အမှတ်(၁၇)

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၇၈မှ ၃၁-၁၂-၇၈အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မှတ် ၆၀

၂ **အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း**

၃ **အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း**

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၇၈မှ ၃၁-၈-၇၈အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မှတ် ၉၅

ခြေလျင်တပ်ရင်းသို့ လက်နက်ချခဲ့ရာမှ အထူးတိုင်းမှူး အောင်လက်ျာနှင့် ခေါင်းဆောင်များသည် စစ်ရေးထက်စီးပွားရေးကို ဦစားပေးကာ မှောင်ခိုပစ္စည်းများအပေါ် အခွန်ကောက်ခံခြင်း၊ သစ်စက်များ ထူထောင်ပြီးသစ်ခွဲ၍တစ်ဘက်နိုင်ငံသို့ရောင်းချခြင်း၊ ကောက်ငွေများကို ခေါင်းဆောင်ပိုင်းမှ ကိုယ်ရေးကိုယ်တာသုံးစွဲခြင်းများ ပြုလုပ်လျက်ရှိကြောင်း သတင်းရသည်။[၁] ၁၉၇၈ခုနှစ်၊ ဇူလိုင်လအတွင်းက ဒေါက်တာမြင့်ဆိုင်၏ပြည်ပြေးအောင်ရတနာစခန်းအားအောင်လက်ျာ၏နောက်လိုက်များကဝင်ရောက်တိုက်ခိုက်ရာ ဒေါက်တာမြင့်ဆိုင် ဒဏ်ရာရရှိသွားပြီး အောင်လက်ျာ သည် ၃၁-၇-၇၈ရက်နေ့တွင် ထိုင်းနိုင်ငံမှ နတ်ရှင်နောင်စခန်းသို့အပြန်၌ မြင့်ဆိုင်အဖွဲ့က ခြုံခိုတိုက်ခိုက်၍ အောင်လက်ျာ ကျဆုံးသည်။ နိုဝင်ဘာ ၂၆ ရက်နေ့တွင် မြင့်ဆိုင်နှင့် ကေအင်ယူတို့ ပူးပေါင်း၍ ကြယ်ဝါစခန်းအားတိုက်ခိုက်ရာ ဗိုလ်လက်ျာအပါအဝင် ပြည်ပြေး(၄)ဦးကျဆုံးခဲ့သည်။ အောင်လက်ျာကျဆုံးပြီးနောက် ဒီဇင်ဘာလ ၅ရက်နေ့မှ ၉ရက်နေ့အတွင်း နတ်ရှင်နောင်စခန်းမှူးသာဇင်နှင့်အဖွဲ့အင်အား(၁၃၅)ဦး လက်နက်ချခဲ့ကြသည်။[၂] အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် အထက်ပါသောင်းကျန်းသူများအပြင် အန်အမ်အက်စ်ပီတို့သည်အင်အား(၂၃၂)ဦး၊ တနင်္သာရီစစ်ဒေသဗကပတို့သည်အင်အား(၂၈၀)တို့ဖြင့်ရှိနေရာ[၃] ဗကပသန်းစိန်ဦးစီးသောအင်အား(၁၀)ဦးခန့်သည် ဇွန်လ(၁၆)ရက်နေ့တွင်မြိတ်အရှေ့မြို့နယ်သစ်ရာဝသို့ရောက်ရှိ၍ ဆက်ကြေးများကောက်ခံခြင်း၊ ဇွန်လ ၂၅ ရက်နေ့တွင် ကျဲရွာသို့ရောက်လာပြီး ရာဘာစက်ရုံအားမီးရှို့ကာ ရာဘာ(၃၆)ထုပ်သယ်ဆောင်သွားခြင်းများ သတင်းရသဖြင့် အမှတ်(၁၇)ခြေလျင်တပ်ရင်းမှ တပ်စိတ်တစ်စိတ်က လိုက်လံရှင်းလင်းသည်။ ဇွန်လ ၂၇ရက်နေ့တွင် တွေ့ဆုံတိုက်ပွဲဖြစ်ပွားရာဗကပ(၁)ဦးကျဆုံး၍(၂)ဦးဒဏ်ရာရပြီးလက်နက်မျိုးစုံ(၈)လက်နှင့်ရာဘာထုပ်များ ပြန်လည်ရရှိသည်။[၄]

ကေအင်ယူ တပ်မဟာ(၇)မှ ကျော်နီဦးစီးသော စစ်ကြောင်း(၁)နှင့် ကျော်တုတုဦးစီးသော စစ်ကြောင်း (၂)တို့သည် ကမော့လယ်ရွာမှ ကွမ်ဘီရွာပတ်ဝန်းကျင်သို့ရောက်ပြီး အမှတ်(၂၈)ခြေလျင်တပ်ရင်း၏ ပိန္နဲတောစခန်းအား ပစ်ခတ်ခဲ့၍ အမှတ်(၃၈)ခြေလျင်တပ်ရင်းစစ်ကြောင်းမှ ဝင်ရောက်ရှင်းလင်းရာ ၁၉၇၈ခုနှစ် မေလ ၃ရက်နေ့တွင် အဆိုပါစစ်ကြောင်းမှ တပ်စု (၄)စုသည် ကျော်နီနှင့် ကျော်တုတုခေါင်းဆောင်သော ကေအင်ယူ(၅၀၀)ခန့်ဖြင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားသည်။ တပ်မတော်မှကျန်စစ်ကြောင်းများပါဝင်ကူညီလာ၍ ရန်သူများမေလ(၄)ရက်နေ့တွင်ဆုတ်ခွာသည်။ အဆိုပါတိုက်ပွဲတွင် တပ်မတော်သား (၂၉)ဦးကျဆုံး၍ (၄၅)ဦး ဒဏ်ရာရရှိကာ လက်နက်အချို့ ဆုံးရှုံးသည်။ ရန်သူ့

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၇၈ မှ ၃၁-၈-၇၈ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၉၅-၉၆

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၇၈ မှ ၃၁-၁၂-၇၈ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၉၅

၃ အရှေ့တောင်တိုင်းစစ်ဌာချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၇၈ မှ ၃၁-၈-၇၈ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၉၆

ဘက်မှ(၃)ဦးကျဆုံးသည်။ မေလ ၈ရက်နေ့တွင်လည်း အမှတ်(၂)ချင်းသေနတ်ကိုင်တပ်ရင်းမှ တပ်စု(၄)စုသည် ဝင်းဒရယ်၌ ဖြန့်ခွဲအခြေပြုနေစဉ် ကေအင်ယူတပ်မဟာ(၁)မှ ကွန်မန်ဒိုတပ်ဖွဲ့မှူး ကမ္ဘာကျော်ခေါင်းဆောင်သော အင်အား(၃၀၀)ခန့်က လက်နက်ကြီးပစ်ကူများဖြင့် လာရောက်တိုက်ခိုက်ရာ မေလ(၉)ရက်နေ့တွင် ကမ္ဘာကျော်ကျပြီး ရန်သူများဆုတ်ခွာသွားသည်။ ရန်သူများဆုတ်ခွာသွားပြီးနောက် တပ်မတော်စစ်ကူများရောက်ရှိလာ၍ အမှတ်(၂)ကချင်သေနတ်ကိုင်တပ်ရင်းမှ တပ်စု ၁ စု၊ အမှတ်(၆၁)ခြေလျင်တပ်ရင်းမှ တပ်စု ၄စု၊ အမှတ်(၁၀၁)ကွန်မန်ဒိုတပ်ဖွဲ့မှ တပ်စု ၂စု ပေါင်း(၇)စုဖြင့် ရန်သူ့နောက်သို့လိုက်ရာ ရန်သူအင်အား ၁၀၀ခန့်ဖြင့် တွေ့ဆုံ၍ထပ်မံတိုက်ပွဲဖြစ်ပွားပြီး ရန်သူများ မြောက်ဘက်သို့ ဆုတ်သွားသည်။ တိုက်ပွဲတွင် တပ်မတော်မှ (၇)ဦးကျဆုံး၍ (၂၄)ဦး ဒဏ်ရာရကာ ရန်သူဘက်မှ ကမ္ဘာကျော်အပါအဝင် (၁၆)ဦးကျဆုံးသည်။

၁၉၇၈ခုနှစ်၊ ဇူလိုင်လ(၁၂)ရက်နေ့တွင် ကျော်တုတုဦးစီးသော အင်အား ၂၀၀ သည် နောင်ကိုင်းတောင်ခြေတွင် ကေအင်ယူတပ်ရင်း(၁၀၁)မှ အင်အား ၁၀၀ ခန့်ဖြင့် ပူးပေါင်းကြောင်းသတင်းရ၍ အမှတ်(၁)စစ်ဗျူဟာမှကွပ်ကဲ၍ အမှတ်(၃၈)ခြေလျင်တပ်ရင်းမှတပ်ရင်းမှူး ခေါင်းဆောင်သော် စစ်ကြောင်းဌာနချုပ်နှင့် တပ်ခွဲ(၅)ခွဲသွားရောက်ရှင်းလင်းသည်။ ၁၉၇၈ခုနှစ်၊ ဇူလိုင်လ ၁၇ရက်နေ့တွင် ကျော်တုတု ခေါင်းဆောင်သောအင်အား ၂၅၀ ခန့်နှင့်တွေ့ဆုံတိုက်ခိုက်ရာ ရန်သူက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး ဆုတ်ခွာသည်။ ယင်းတိုက်ပွဲတွင် တပ်မတော်မှ(၂)ဦး ကျဆုံး၍ (၃၂)ဦး ဒဏ်ရာရပြီး အရပ်သားအထမ်းသမား ၁ဦးကျဆုံးသည်။ ရန်သူဘက်မှ (၁၀)ဦးအား အမ်-၇၉ (၁)လက်ဖြင့် အသေရမိသည်။[၁]

အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တိုက်ရိုက်ကွပ်ကဲလှုပ်တပ်ရင်း(၁၂)ရင်းဖြင့်လည်းကောင်း၊ အမှတ်(၁) (၂)နှင့် (၃) စစ်ဗျူဟာအဖွဲ့များမှ ကွပ်ကဲလှုပ် တပ်ခွဲ (၈)ခွဲဖြင့်လည်းကောင်း ဒေသန္တရစစ်ဆင်ရေးများ ဆက်လက်ဆင်နွှဲလှုပ်ရှိသည့်အပြင် အနောက်တောင်တိုင်းစစ်ဌာနချုပ် အမှတ်(၁) စစ်ဗျူဟာအဖွဲ့မှ အမှတ်(၂၇)(၅၁)(၉၈)ခြေလျင်တပ်ရင်းများဖြင့်လည်းကောင်း၊ အမှတ်(၆၆၂) နည်းဗျူဟာအဖွဲ့မှ အမှတ်(၇၅)(၇၆) (၈၁)ခြေလျင်တပ်ရင်းများဖြင့်လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အမှတ်(၁)စစ်ဗျူဟာအဖွဲ့က အမှတ်(၄၈) (၈၅)ခြေလျင်တပ်ရင်းများဖြင့်လည်းကောင်း ဖါပွန်ဒေသတွင် စစ်ဆင်ရေးများ ဝင်ခဲ့ပါသည်။[၂]

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၇၈ မှ ၃၁-၈-၇၈ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၉၈--၁၀၁

၂ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၁၉၇၈ခုနှစ်အတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေများအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေးများ

ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းသို့ ဗကပများသည် စစ်ရေးအရ ထိုးဖောက်နိုင်ခြင်း မရှိသော်လည်း ဗကပအနွယ်ဝင်တို့၏ မြေအောက်လှုပ်ရှားမှုများကား ရှိနေပေသေးသည်။ ၁၉၇၈ ခုနှစ်၊ ဇူလိုင်လ(၁၂)ရက်နေ့တွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်အတွင်းရှိ သမိုင်းချည်မှင်စက်ရုံအနီးတွင် အုတ်ကျင်းဝှေ့နီစက်ရုံမှ အလုပ်သမားသိန်းမောင်နှင့်ထွန်းနုတို့အား "ပြည်သူ့အသံမှဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောကိုယ်တိုင် ပြည်သူသို့အသံလွှင့်တင်ပြချက်" ခေါင်းစဉ်ပါစာစောင်များ၊ ပြည်သူ့ဒီမိုကရေစီ ခေါင်းစဉ်ပါစာစောင်များနှင့်အတူဖမ်းဆီးမိခဲ့သည်။[၁] ကေအင်ယူအဖွဲ့မှလည်းအလားတူပင်စစ်ရေးအရ ထိုးဖောက်ခြင်းမပြုနိုင်သော်လည်း ၁၉၇၈ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် တိုက်ကြီးမြို့နယ်၊ တာဝကျေးရွာမှ ကားအမှတ် စျ/၂၄၂၁ မင်းလှသစ်ထုတ်လုပ်ရေးသစ်တင်ဟီးနိုးကားပေါ်တွင် ပါလာသော ကေအင်ယူနှစ်ဦးက ခြောက်လုံးပြူးဖြင့်ချိန်၍ကားကိုရပ်တန့်စေပြီး၊ လူများဖယ်စေကာကားအားမိုင်းဗုံးဖြင့်ဖောက်ခွဲပစ်ခဲ့သည်။[၂]

ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ **အောင်မိုး**စစ်ဆင်ရေးကိုဆင်နွှဲခဲ့ရာ ရန်ကုန်တိုင်းမှ တိုက်ရိုက်ကွပ်ကဲလျက် အမှတ်(၃)သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄)သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၅)သေနတ်ကိုင်တပ်ရင်းများဖြင့်လည်းကောင်း၊ အမှတ်(၉၀)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၃)ခွဲဖြင့်လည်းကောင်း၊ အမှတ်(၉၁)ခြေလျင်တပ်ရင်းမှ တပ်ခွဲ ၂ ခွဲနှင့် ၁ စုတို့ဖြင့်လည်းကောင်း ရန်ကုန်မြို့ပေါ် လုံခြုံရေးလုပ်ဆောင်ပြီးအမှတ်(၁)စစ်ဗျူဟာအဖွဲ့ကအမှတ်(၉၀)ခြေလျင်တပ်ရင်းမှတပ်ခွဲ(၂)ခွဲဖြင့်လည်းကောင်း၊ အမှတ်(၉၁)ခြေလျင်တပ်ရင်းမှတပ်ခွဲ ၂ ခွဲနှင့် ၁ စုတို့ဖြင့်လည်းကောင်း ရန်ကုန်ပြင်ပ(၁၁)မြို့နယ်၏ လုံခြုံရေးဆောင်ရွက်ခဲ့သည်။[၃]

အနောက်တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင်လည်း သောင်းကျန်းသူများကင်းရှင်းနေပြီဖြစ်၍ နယ်မြေစိုးမိုးရေးကိုသာ ဆောင်ရွက်လျက်ရှိရာတိုင်းစစ်ဌာနချုပ်မှတိုက်ရိုက်ကွပ်ကဲမှုဖြင့် အမှတ်(၂) ခြင်းသေနတ်ကိုင်တပ်ရင်းသည်(၂၆)မြို့နယ်၊ အမှတ်(၁)လှုပ်ရှားစစ်ဗျူဟာအဖွဲ့မှအမှတ် (၅၁)ခြေလျင်တပ်ရင်း၊ အမှတ်(၉၃)ခြေလျင်တပ်ရင်းများဖြင့်အင်္ဂပူ၊ကျိုက်မြို့နယ်အမာခံနယ်မြေတည်ဆောက်ရေးတို့ လုပ်ဆောင်နေကြပြီး တပ်များကို အခြားတိုင်းစစ်ဆင်ရေးများတွင် တွဲဖက်ခဲ့သည်။[၄]

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၇၈ မှ ၃၁-၈-၇၈ အတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၁၁

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၇၈ မှ ၃၁-၁၂-၇၈ အတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၁၁-၁၁၂

၃ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၄ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌မူ သောင်းကျန်းသူများ ကျန်ရှိနေပေသည်။ ကေအင်ယူပီမှ ပဲခူးရိုးမတွင် လက်ကျန်အဖွဲ့ဖြစ်သော မောဓေါ၊ ထွန်းမောင်တို့ဦးဆောင်သည့် အင်အား(၈)ဦးသည် ဒိုက်ဦးအနောက်ခြမ်း ရဲနွယ်ချောင်းဖျား၊ ဖွတ်ကြားချောင်းနှင့် ပိန်းချောင်းတို့တွင် လှုပ်ရှက်စွာ ခိုအောင်းလျှက်ရှိသည်။ ရွှေအေး၊ အိုက်ကဖြူတို့၏ ကယန်းပြည်သစ်ပါတီမှာလည်း အင်အား(၈၀)ခန့်ဖြင့်ဌာနချုပ်ကိုအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ဖယ်ခုံအနောက်ခြမ်းတွင်ထားရှိပြီး ရံဖန်ရံခါ အလယ်ပိုင်းတိုင်းနယ်မြေလိပ်သို၊ ယာဒိုမြောက်ခြမ်းနန်ချိုချောင်း အရှေ့ဘက်ဒေသသို့ ဝင်ရောက်လာတတ်သည်။ကေအင်ယူတပ်မဟာဌာနချုပ်နှင့်လက်အောက်ခံတပ်ရင်း(၄)ရင်းအပါအဝင် စုစုပေါင်းအင်အား(၃၀၀)ကျော်ခန့်သည်တောင်ငူအရှေ့ခြမ်း၊ထန်းတစ်ပင်မြို့နယ်၊ သံတောင်မြို့နယ်နှင့် လိပ်သိုယာဒိုကားလမ်းမြောက်ခြမ်း နယ်မြေများတွင် လှုပ်ရှားလျှက်ရှိသည်။ တပ်မဟာ(၃)ဌာနချုပ်နှင့် လက်အောက်ခံတပ်ရင်း(၂)ရင်းမှ စုစုပေါင်းအင်အား(၄၀၀)ကျော်ခန့်သည် မုံး၊ ကျောက်ကြီး၊ ရွှေကျင် ဒေသများတွင်ရှိနေသည်။ တပ်မဟာ(၃)လက်အောက်ခံ အဲရယ်ခေါင်းဆောင်သော ဗျကောပုဒေသခံ အဖွဲ့၊ တပ်ရင်း(၂၀)နော်တော့အဖွဲ့နှင့် တပ်ရင်း(၁၀၁)မှအင်အားအချို့သည် ဗျကောပု၊ စောမူပလော ဒေသ၊ ယုံစလင်းချောင်းအနောက်ဖက်တွင် ဖြန့်ခွဲလှုပ်ရှိနေ၍ ယုံစလင်းချောင်းအနောက်ကမ်းသို့ တပ်မတော်အမှတ်(၃၅)ခြေလျင်တပ်ရင်းမှ တပ်ရင်းမှူးဦးစီးသောတပ်ခွဲ(၃)ခွဲသည် ၁၉၇၈ခုနှစ်၊ မေလတွင် ဝင်ရောက်ရှင်းလင်းစေရာ မေလ(၁၀)ရက်မှ (၁၇)ရက်အတွင်း ထိတွေ့မှု(၉)ကြိမ်ဖြစ်ပွါးသည်။ တပ်မတော်မှ(၁၁)ဦးဒဏ်ရာရရှိပြီးရန်သူ(၉)ဦးကျဆုံးကာ လက်နက်များရရှိခဲ့သည်။ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အောင်စိုးမိုးစစ်ဆင်ရေးအဆင့်(၁၂ ၁၃၊ ၁၄)တို့ကို အမှတ်(၁)စစ်ဗျူဟာလက်အောက်တွင် အမှတ်(၃၀၊ ၃၅၊ ၃၉၊ ၈၅)ခြေလျင်တပ်ခွဲများမှ ၄ခွဲစီ အမှတ်(၇၁)ခြေလျင်တပ်ရင်းမှ ၁ခွဲ၁စု၊ သူရကွန်မန်ဒိုတပ်ခွဲတစ်ခွဲ တို့ဖြင့်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုအောက်တွင် အမှတ်(၂၆၊ ၄၈၊ ၅၃၊ ၅၇၊ ၅၉၊ ၆၀)ခြေလျင်တပ်ရင်းများမှ ၄ခွဲစီ၊ တေဇကွန်မန်ဒို တပ်ခွဲ၁ခွဲ၊ ဗလကွန်မန်ဒိုတပ်ခွဲ၁ခွဲတို့ဖြင့်လည်းကောင်း ပဲခူးရိုးမနယ်မြေစစ်တောင်း အရှေ့ခြမ်းဒေသများတွင်ဆင်နွှဲခဲ့သည်။ ဤစစ်ဆင်ရေးတွင် တပ်မတော်မှ (၃၄)ဦးကျဆုံး၍(၁၃၃)ဦးဒဏ်ရာရရှိကာ ရန်သူဘက်မှ (၁၁၅)ဦးကျဆုံး၍ (၂၃)ဦး ဖမ်းမိပြီး (၂၁)ဦးလက်နက်ချသည်။[၁]

၁၉၇၈ ခုနှစ် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

အနောက်ပိုင်းတိုင်းရှိ သောင်းကျန်းသူများမှာ ယမန်နှစ်ကအတိုင်းပင် ရှိနေကြသည်။ ဗကပ ကျော်မြဦးစီးသော ပြည်နယ်ရုံးအဖွဲ့သည် နောင်ယောင်းရွာအထက် တနာရီခရီးခန့်တွင် စခန်းချ

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၅-၇၈မှ ၃၁-၁၂-၇၈အတွင်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၃၉-၁၄၅၊ ၁၄၀-၁၄၇

နေထိုင်ရာမှ ၁၉၇၈ခုနှစ်၊ ဩဂုတ်လတွင် ထိုစခန်းမှရွှေ့ပြောင်းလျက် နောင်လောင်းရွာကို အခြေခံကာ ခမွေးချောင်းဖျားတစ်ဝိုက်တွင် စခန်းချခိုအောင်းနေသည်။[၁] ၁၉၇၇ခုနှစ်၊ စက်တင်ဘာလခန့်တွင် ပြုလုပ်ခဲ့သော ပြည်နယ်တပ်အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်နယ်လုံခြုံရေးတပ်စုတစ်စုနှင့် သာဒိုးအောင်ဦးစီးသော စစ်တွေခရိုင်တပ်မတပ်ခွဲ(၂)တို့ပူးပေါင်း၍ တပ်စု(၃)စုပါတပ်ခွဲအဖြစ် ဖွဲ့စည်းပြီးဇေယျတပ်ဖွဲ့ဟုအမည်ပေးကာ ပြည်နယ်တပ်နိုင်ငံရေးမှူးအဖြစ် ကျော်မြ၊ ပြည်နယ်တပ်မှူးအဖြစ် ထွန်းလှအောင်၊ ပြည်နယ်တပ် တပ်ခွဲနိုင်ငံရေးမှူးအဖြစ် သာဒိုးအောင်တို့ တာဝန်ယူသည်။ ၁၉၇၈ခုနှစ်၊ မတ်လခန့်တွင် ဗကပအနောက်မြောက်တိုင်း တိုင်းခွဲတာဝန်ခံစိုးသိန်းနှင့် တပ်စိတ်တစ်စိတ်သည် တိုင်းတာဝန်ခံဗိုလ်သက်ထွန်း၏ စေလွှတ်ချက်အရ တောဖျားချောင်းဒေသသို့ရောက်လာပြီး ကျော်မြနှင့်ဆွေးနွေး၍ အေပြီလခန့်တွင် ပြန်သွားသည်။

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်သည် **ခည၀တီ**စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲပြီး ၁-၁-၇၈ တွင် **ရဲသီဟ**စစ်ဆင်ရေးကိုစတင်ခဲ့ရာ ခည၀တီစစ်ဆင်ရေးကို အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကဦးစီး၍ ရခိုင်ပြည်နယ်ဗကပ၊ ရခိုင်ပြည်နယ်အလံနီ၊ ကုလားဆိုးအဖွဲ့ စသည့်အဖွဲ့အစည်းအားလုံးကို ဦးတည်လျက် အမှတ်(၂၀) (၃၄) (၄၄) (၅၅) (၉၂)ခြေလျင်တပ်ရင်းများမှ (၄)ခွဲစီ၊ တိုင်းကွန်မန်ဒိုတပ်စု(၅)စု၊ အမှတ်(၇၁)ခြေလျင်တပ်ရင်းမှ တပ်ခွဲတစ်ခွဲတို့ဖြင့် ပလက်ဝ၊ မင်းတုံး၊ မင်းလှမြို့နယ်များအပါအဝင် ရခိုင်ပြည်နယ်တွင်း၌ စစ်ဆင်ခဲ့ခြင်းဖြစ်သည်။ ရဲသီဟစစ်ဆင်ရေးမှာမူ တိုင်းစစ်ဌာနချုပ်မှကွပ်ကဲ၍ဗိုလ်သက်ထွန်း၏အနောက်မြောက်တိုင်းအားဦးတည် စစ်ဆင်ခဲ့ခြင်းဖြစ်ပြီး၊ အမှတ်(၄၄) ခြေလျင်တပ်ရင်းမှ (၂)ခွဲ၊ အမှတ်(၈၈)ခြေလျင်တပ်ရင်းမှ(၂)ခွဲနှင့် အမှတ်(၇၀)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၅)ခွဲတို့ပါဝင်ကာ မင်းတုံး၊ မင်းလှမြို့နယ်အနောက်ခြမ်း၊ မြင်းကတေတောင်၊ ကသန်းတောင်၊ ကျဲဒူးတောင်နှင့် မထုံးချောင်းဝန်းကျင်ဒေသတို့တွင် တိုက်ခိုက်သည်။ တပ်မတော်မှ (၁၀)ဦးကျဆုံး၍ (၁၅)ဦးဒဏ်ရာရပြီး၊ ရန်သူဘက်မှ (၅၂)ဦးကျဆုံး၍ (၇၃)ဦးဖမ်းမိပြီး (၃၅၈)ဦးလက်နက်ချသည်။[၂]

၁၉၇၈ခုနှစ်အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းသောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ သောင်းကျန်းသူများမှာ ယမန်နှစ်က အတိုင်းပင်ရှိနေပြီး၊ တိုင်းစစ်ဌာနချုပ်မှ ယင်းသောင်းကျန်းသူများအား နှိမ်နင်းရေးအတွက် မြရတနာစစ်ဆင်ရေးကိုဆင်နွှဲခဲ့သည်။ တိုင်းစစ်ဌာနချုပ်မှ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် အမှတ်(၄၂)ခြေလျင်တပ်ရင်းဖြင့် မိတ္ထိလာ၊ ကျောက်ဆည်၊ မန္တလေးဒေသ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့်

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၇၈မှ၃၁-၁၂-၇၈အတွင်းအနောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၁၈

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၇၈မှ၃၁-၁၂-၇၈အတွင်းအနောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၁၈-၁၃၀၊ ၁၂၄-၁၂၈

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ဆက်စပ်နယ်မြေ၊ အင်တောကျောက်ဂူကားလမ်း အနောက်ခြမ်းနယ်မြေ၊ လုံတောင်းဒေသနှင့် အရှေ့မြောက်တိုင်း- အရှေ့ပိုင်းတိုင်း- အနောက်မြောက်တိုင်းဆက်စပ်နယ်မြေများတွင် ဝင်ရောက်တိုက်ခိုက်သည်။ အမှတ်(၁)စစ်ဗျူဟာအဖွဲ့၏ကွပ်ကဲမှုအောက်တွင်မူ အမှတ်(၅၀) ခြေလျင်တပ်ရင်း၊ အမှတ်(၈၉)ခြေလျင်တပ်ရင်း၊ အမှတ်(၉၅)ခြေလျင် တပ်ရင်းများမှ တပ်ခွဲ(၅)ခွဲစီဖြင့် ချင်းပြည်နယ် ဖလမ်း၊ တီးတိန်၊ တွန်းဇ၊ ထန်တလန်၊ ဟားခါးမြို့နယ်များ၊ မကွေးတိုင်းမှ ဂန့်ဂေါမြို့နယ်၊ မန္တလေးတိုင်းမှ သပိတ်ကျင်း၊ မိုးကုတ်မြို့နယ်၊ စစ်ကိုင်းမှ မော်လိုက်၊ တမူး၊ ဖေါင်းပြင်၊ ကလေးဝ၊ ကလေး၊ မင်းကင်း၊ ရွှေဘို၊ ရေဦး၊ ခင်ဦး၊ တန့်ဆည်၊ ကျွန်းလှ၊ ကန့်ဘလူ၊ ဒီပဲယင်း၊ ဝက်လက်၊ မုံရွာ၊ ကန္နီ၊ ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီး၊ ဘုတလင်၊ အရာတော်၊ ချောင်းဦး၊ စစ်ကိုင်း၊ မြင်းမူ၊ မြောင်၊ ငန်းလွန်၊ ကသာ၊ ဝန်းသို၊ ကောလင်း၊ အင်းတော်၊ ထီးချိုင့်၊ ဗန်းမောက်၊ ပင်လယ်ဘူး တို့တွင် စစ်ဆင်ရေးပြုလုပ်သည်။

အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့်အမှတ်(၈၇)ခြေလျင်တပ်ရင်းနှင့် အမှတ်(၈၈)ခြေလျင် တပ်ရင်းမှ တပ်ခွဲ(၅)ခွဲစီ၊ အမှတ်(၂)တိုင်းဗဟိုလေ့ကျင့်ရေးတပ်တို့ဖြင့် မတူပီ၊ မင်းတပ်၊ ကန်ပက်လက်၊ ဆိပ်ဖြူ၊ မင်းဘူး၊ စလင်း၊ စေတုတ္တရာ၊ ပွင့်ဖြူ၊ ငဖဲ၊ ရေနံချောင်း၊ ချောက်၊ မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ မင်းလှ၊ မင်းဘူးမြို့နယ်ရှိ အနောက်ပိုင်းတိုင်း-အနောက်မြောက်တိုင်းဆက်စပ်နယ်မြေမျဉ်း၊ ဂရစ်မျဉ်း(မိုင်-၉၀)အထိ နယ်မြေများတွင် စစ်ဆင်ရေးဆင်နွှဲခဲ့သည်။ ယင်းစစ်ဆင်ရေးတွင် တပ်မတော်မှ(၉)ဦးကျဆုံး၍ (၁၈)ဦးဒဏ်ရာရရှိပြီး၊ ရန်သူဘက်မှ (၉)ဦးကျဆုံး၍ (၉၉)ဦးလက်ရဖမ်းဓိကာ (၂၈)ဦးလက်နက်ချသည်။[၁]

၁၉၇၉ခုနှစ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းသောင်းကျန်းသူများ နှင့် တပ်မတော်စစ်ဆင်ရေး

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ ဗကပတပ်ရင်း(၁၀၁)သည် အင်အား(၇၅၀)ဦး မှ (၉၄၃)ဦးသို့ တိုးတက်လာပြီး ကေအိုင်အေတို့သည်လည်း အင်အား(၃၃၈၈)ဦးမှ (၅၂၆၆)ဦးသို့ တိုးတက်လာသည်။ ၁၉၇၉ခုနှစ်၊ ဖေဖော်ဝါရီလ(၁၅)ရက်နေ့တွင် တပ်မတော်အမှတ်(၂၉)ခြေလျင် တပ်ရင်းမှ တပ်ခွဲ ၁ ခွဲအင်အားရှိသော စစ်ကြောင်းသည် လန်းကော်ဒေသသို့ဝင်ရောက်ရှင်းလင်းစဉ် ဗကပအင်အား(၅၀)ခန့်နှင့်တွေ့ထိခဲ့ပြီး ရှင်ေတောင်ဘက်တစ်ဝိုက်တွင်လည်း တပ်မတော်စစ်ကြောင်းနှင့် ဗကပအင်အား(၂၀)ခန့်သည် ဖေဖော်ဝါရီလ(၁၄)ရက်နေ့က တိုက်ခိုက်ခဲ့ကြသည်။ ယင်းနှစ် အောက်တိုဘာလ(၂၆)ရက်နေ့တွင် ဗကပအင်အား(၁၀၀)ခန့်သည် တပ်မတော် အမှတ်(၅၈)ခြေလျင် တပ်ရင်းရှိရာ တမူးစခန်းသို့ လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် လာရောက်ပစ်ခတ်၍ ရန်သူ

၁။ ကက(ကြည်း)စစ်ဆင်ရေးဌာနစုဴ၊ ၁-၅-၇၈မှ ၃၁-၁၂-၇၈အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၃၄-၁၃၇၊ ၁၃၅-၁၃၈

ဗကပတို့ကို ပိတ်ဆို့ရန် အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်းမှ တပ်စိတ်(၄)စိတ်သည် ရှမ်းကျော်သို့ ထွက်ခွါလာခဲ့ရာ တန်ပရိုင်ရွာပျက်သို့အရောက်တွင် ဗကပအင်အား(၁၅၀)ခန့်နှင့် တွေ့ဆုံတိုက်ပွဲဖြစ်သည်။ ရန်သူမှ ပစ်အားသုံး၍ ဝိုင်းပတ်တိုက်ခိုက်လာသဖြင့် တပ်မတော်မှဆုတ်ခွါခဲ့ရာ တပ်မတော် မှ (၁)ဦးကျဆုံး၍(၂)ဦးဒဏ်ရာရရှိကာ (၁)ဦးပျောက်ဆုံးပြီး လက်နက်(၁)လက်ဆုံးရှုံးခဲ့သည်။[၁]

ကေအိုင်အေသောင်းကျန်းသူအဖွဲ့မှလည်း ဒုတိယစစ်ဦးစီးချုပ်ဇော်မိုင်ဦးစီးသော အင်အား (၄၀၀)ခန့်က ၁၉၇၉ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့တွင် တပ်မတော်အမှတ်(၃၈)ခြေလျင်တပ်ရင်းမှ တပ်စု(၄)စုပါ စစ်ကြောင်းအား စောင့်ကြိုတိုက်ခိုက်သဖြင့် တပ်နှင့်ပါလာသော ယာယီတပ်ရင်းမှူး အပါအဝင်(၆၃)ဦးကျဆုံး၍(၅၆)ဦးဒဏ်ရာရရှိကာလက်နက်(၁၄၃)လက်ဆုံးရှုံးခဲ့ရသည်။ ရန်သူဘက်မှ (၃၀)ခန့်ကျဆုံးပြီးအလောင်း(၅)လောင်းသာရသည်။ ယင်းတိုက်ပွဲမှာ တပ်မတော်အထိနာသောတိုက်ပွဲ ဖြစ်သည်။[၂] တစ်ဖန် နွယ်လန်း၊ ဒေါ်ဖုန်းယန်နယ်မြေအတွင်း ကေအိုင်အေလှုပ်ရှားမှုသတင်းများ ရရှိ၍ စ-၃-၇၉ရက်နေ့တွင် အမှတ်(၁၅)ခြေလျင်တပ်ရင်းမှ စစ်ကြောင်း(၂)မှူးဦးဆောင်သော စစ်ကြောင်းဌာနချုပ်နှင့်တပ်ခွဲ(၂)ခွဲသည် ရှင်းလင်းရန်ထွက်ခွါလာခဲ့ရာ ဒလန်တွင် ကေအိုင်အေ(၇)ဦး နှင့်တွေ့ဆုံပစ်ခတ်သဖြင့် ရန်သူများဆုတ်ခွါသည်။ ထိုမှ ပတ်ဝန်းကျင်ရှင်းလင်းပြီး တပ်စုလိုက်ဖြန့်ခဲ့ အခြေပြုရာ ကေအိုင်အေတပ်မဟာ(၃)မှ ပန်းအောင်ဦးဆောင်သော အင်အား(၃၀၀)တို့က ဝိုင်းဝန်း တိုက်ခိုက်ကြပြီး စစ်သည်(၃၄)ဦးအားပြန်လွှတ်၍ စစ်ကြောင်းမှူးနှင့်အရာရှိ(၄)ဦးအပါအဝင် စစ်သည် (၆၀)ဦးကိုဖမ်းဆီးခေါ်ဆောင်သွားသည်။[၃] ၁၃-၄-၇၉ရက်နေ့တွင်လည်း အမှတ်(၅၁)ခြေလျင်တပ်ရင်း တပ်ခွဲ(၂)မှ တပ်ခွဲမှူးဦးစီးသော တပ်စု(၂)စုသည် မိုးမောက်မြောက်ဘက်(၁၅)မိုင်ရွာတွင် စခန်းချ နေစဉ်ကေအိုင်အေ(၄၀၀)ခန့်ကဝိုင်းဝန်းတိုက်ခိုက်ပြီးတပ်မတော်စစ်သည်များအား ဖမ်းဆီးခေါ်ဆောင် သွားကြသည်။[၄]

ပြည်ပနာဂသောင်းကျန်းသူများ၏ စစ်ဦးစီးဌာနကို ဗိတိုင်ကဦးဆောင်ပြီး စင်ခေါင်နယ်မြေ တွင် လှည့်လည် လှုပ်ရှားလျက်စစ်နယ်မြေ(၅)ခုကို သတ်မှတ်ဖွဲ့စည်းထားပြီး ခပ်ပလန်နှင့် ဘောနော ဦးစီးသည့် ပြည်တွင်းနာဂသောင်းကျန်းသူများကလည်း နမ့်ယွန်းမြို့နယ်အနောက်ခြမ်းရာမန်၊ လုံကောင်းနယ်မြေတစ်ဝိုက်တွင် လှုပ်ရှားလျက်ရှိသည်။ ယင်းသောင်းကျန်းသူများနှင့် တပ်မတော် တပ်ဖွဲ့များထိတွေ့မှုများရှိခဲ့၍ ၁၉၇၉ခုနှစ်၊ ဖေဖော်ဝါရီလ(၁၈)ရက်နေ့တွင်ပြည်တွင်းနာဂအဖွဲ့၏ ဗဟို ဌာနချုပ်ကို ဝင်ရောက်ရှင်းလင်း ဓိုးရှို့ဖျက်ဆီးခဲ့သည်။[၅]

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၉မှ၃၀-၄-၇၉နှင့်၁-၇-၇၉မှ၃၁-၁၂-၇၉အတွင်းမြောက်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၊ ၁၁၊ ၂၀

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၇၉မှ ၃၀-၄-၇၉အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၄၊ ၂၅

၃ ယင်း မျက် ၈၊ ၁၇၊ ၁၈

၄ ယင်း မျက် ၉၊၁၉

၅ ယင်း မျက် ၁၃

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သည် ဇွဲရဲမာန်စစ်ဆင်ရေးဖြင့် ဖေါ်ပြပါသောင်းကျန်းသူများ ကို တိုက်ခိုက်နှိမ်နင်းရာ တိုင်းစစ်ဌာနချုပ်မှ တိုက်ရိုက်ဦးစီးသည့် အမှတ်(၃၇၊ ၄၆၊ ၅၂၊ ၇၄၊ ၈၆)ခြေလျင်တပ်ရင်းများက ပူတာအို၊ မြစ်ကြီးနား၊ အင်ဂျမ်းယန်၊ ဆွန်ပရာဘွမ်၊ မချမ်းဘော၊ ခေါ်ဘူဒဲ၊ နောင်မွန်း၊ လုံးဝမ်း၊ ဖါးကန့်၊ လေရှီး၊ လဟယ်၊ တနိုင်း၊ နန်းယွန်းတို့အားလည်းကောင်း၊ အမှတ်(၁) စစ်ဗျူဟာအဖွဲ့ မှ ဦးစီးသောအမှတ်(၁၅၊ ၂၉၊ ၄၀၊ ၄၇၊ ၅၆)ခြေလျင်တပ်ရင်းများက ဗန်းမော်၊ မံစီ၊ မိုးမောက်၊ ကိုက်ထိပ်၊ မြို့သစ်၊ ဒေါ်ဖုန်းယန်၊ ရွှေကူဒေသကိုလည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့မှ ဦးစီးသော အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂၁၊ ၃၆၊ ၅၈) ခြေလျင်တပ်ရင်းများက စတီးကြော၊ ထောဂေါ၊ ခြီဗွေ၊ ဝိုင်းမော်၊ ဆိုင်လော်၊ ဆဒုံး၊ တမူး၊ တငါ၊ ရှင်ဝေါဒေသများကိုလည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကဦးစီးသော အမှတ်(၂) ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂၇)(၃၈)(၆၃)(၉၃)ခြေလျင်တပ်ရင်းများက နမ္မတီး၊ မြို့သစ်ကြီး၊ မာရာကထောင်၊ လွယ်လော၊ မိုးကောင်းချောင်းဘေး၊ မိုးညှင်း၊ ဟိုပင်၊ လုံးတုံ၊ လုံးစန့်၊ ကောက်ကွေ့ချောင်းဖျာ၊ ကာမိုင်း၊ နံ့လားဆိပ်များတွင်လည်းကောင်း တိုက်ခိုက်ခဲ့ကြသည်။[၁] ယင်းစစ်ဆင်ရေးတွင် တပ်မတော်မှ (၂၈၇)ဦးကျဆုံး၍ (၄၃၁)ဦးဒဏ်ရာရရှိပြီး (၁၄၉)ဦးပျောက်ဆုံးသည်။ ရန်သူဘက်မှ(၁၁၀)ဦးကျဆုံးပြီး(၇၇)ဦး ဖမ်းဆီးရမိကာ (၅၅)ဦးလက်နက်ချခဲ့သည်။[၂]

၁၉၇၉ခုနှစ်အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းသောင်းကျန်းသူများနှင့် တပ်မတော်၏ စစ်ဆင်ရေး

ဗကပ အရှေ့မြောက်စစ်ဒေသအင်အားသည် ၁၉၇၈ခုနှစ်တွင် အင်အား(၂၈၄၀)ရှိရာမှ ၁၉၇၉ခုနှစ်တွင် အင်အား(၄၀၅၀)သို့တိုးတက်လာသည်။[၃] ထိုကာလတွင် တစ်ဘက်နိုင်ငံမှ အထောက်အပံ့လျှော့ချ၍ တပ်ရင်းတပ်ခွဲအလိုက်သီးခြားလုပ်ဆောင်နေသော ဘိန်းလုပ်ငန်းကို ဗဟိုကချုပ်ကိုင်၍ ဝင်ငွေရှာလာသည်။[၄] ၁၉၇၈ခုနှစ်၊ အောက်တိုဘာလမှစ၍ ဗကပတပ်မဟာ(၂)နှင့် လက်အောက်ခံတပ်ရင်းများမှ ခေါင်းဆောင်များ၏ မိသားစုများသည် တစ်ဖက်နိုင်ငံတွင် အခြေပြုရာမှ မုံးကိုး၊ ဖေါင်းဆိုင်ဒေသသို့ အပြီးအစီးပြောင်းရွှေ့၍ တစ်ဖက်နိုင်ငံနှင့် သာမန်ဆက်ဆံမှုသာရှိပြီး တရုတ်ကွန်မြူနစ်များသည် တရုတ်နိုင်ငံတွင်သာလှုပ်ရှားလျက် ဗကပတို့သည် မြန်မာနိုင်ငံတွင်း၌သာ

---

၁ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၉မှ ၃၁-၁၂-၇၉အတွင်းမြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၃-၂၄၊ ၁၂-၂၄၊ ၁၃-၂၆

၃ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၄ ရဲဘော်သစ်မောင်"ဗမာပြည်ကွန်မြူနစ်ပါတီ၏သွေးစွန်းသောသမိုင်းကြောင်း၆"ဆောင်းပါးပေါင်းချုပ် အတွဲ ၂ မျက် ၁၅၄

လှုပ်ရှားရန် သတ်မှတ်ခဲ့သည်။[၁] ၁၉၇၈ခုနှစ်၊ ဩဂုတ်လကပင် ဗကပအရှေ့မြောက်ဒေသဌာနခွဲအား မြောက်ပိုင်းဗဟိုဌာနခွဲ(၁)သို့မဟုတ် မြောက်ပိုင်းဗျူရိုအဖြစ် မုံးကိုးအနီး နောင်ခမ်းရွာတွင် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ၁၉၇၈ခုနှစ်၊ စက်တင်ဘာလ(၂၅)ရက်နေ့တွင် ဗကပဗဟိုဌာနချုပ်သည် ပန်ဆန်းသို့ အပြီးအပိုင် ပြောင်းရွှေ့လာခဲ့သည်။[၂] ထိုအရှေ့မြောက်ဌာနခွဲအား လင်းထင်(ခေါ်)စိုးသိန်းမှဦးစီးဖွင့်လှစ်ပြီးတပ်မဟာ(၂)နှင့် လက်အောက်ခံတပ်ရင်းများကို အနီးကပ်ကွပ်ကဲသည်။ တပ်မဟာ(၂)ကို မန်ကျန်းတွင်အခြေပြုထားခဲ့သည်။[၃] သို့ရာတွင်ဗဟိုမှကိုယ်စားလှယ်များဖြစ်ကြသောပါတီဗဟိုကော်မတီအတွင်းရေးမှူးခင်မောင်ကြီး၊ နိုင်ငံရေးဌာနမှူးစိုးသိန်း၊ စစ်ဆင်ရေးဌာနမှူးကျော်ဇော်တို့ပါဝင်တက်ရောက်သည့် ၁၉၇၈ ခုနှစ် နိုင်ငံရေး နှင့် စစ်ရေးသုံးသပ်ချက်။ ၁၉၇၉ ခုနှစ် လုပ်ငန်းစီမံကိန်းချမှတ်ခြင်းအစည်းအဝေးအား ပန်ဆန်းအနီးတွင် ၁၉၇၈ခုနှစ်၊ ဒီဇင်ဘာလ(၂၁)နှင့် (၂၂)ရက်နေ့များ၌ကျင်းပရာ "နိုင်ငံရေးအနေဖြင့် မာ့က်စ်လီနင်ဝါဒ၊ တရုတ်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ ဟွာကိုဖုန်း၏ဦးဆောင်မှုအား ဆက်လက်ခံယူရေး" ဟု ကြွေးကြော်လျက် ရှိဆဲပင်ဖြစ်သည်။ ပန်ဆန်းမှပန်ယန်းသို့ ကားလမ်းအား ၁၉၇၉ ခုနှစ် အတွင်းအပြီး ဖေါက်လုပ်လျက်ရှိရာ ထိုလမ်းပြီးစီးပါက အရှေ့မြောက်စစ်ဒေသသည် ပန်ဆန်းမှ ပန်ယန်းသို့ ရွှေ့ပြောင်းမည်ဖြစ်သည်။[၄] မုန်းကိုးအနီးကောင်းတပ်တွင် ကွတ်ခိုင်ခရိုင်အုပ်ချုပ်ရေးမှူးလှဖေမှ ဦးစီးဖွင့်လှစ်သည့် တပ်နိုလူငယ်လေ့ကျင့်ရေးကျောင်းကို ဇန်နဝါရီလဒုတိယပတ်မှစ၍မုံးယားအနီး မန်ပေါ်သို့ပြောင်းရွှေ့ဖွင့်လှစ်ထားပြီး သင်တန်းသား(၂၀၀)ခန့်ရှိသည်။[၅] ဗကပတပ်ရင်း(၂၀၂)သည် မန်နားခိုမုန်းဒေသတွင် အဖွဲ့ငယ်များဖြင့် ဖြန့်ခွဲလှုပ်ရှားလျက်ရှိရာ တပ်ခွဲ(၁)မှ နိုင်ငံရေးမှူး ဦးဆောင် သောအင်အား(၅၀)ပါအဖွဲ့သည် မန်ဟီးရိုး၊ တွန်ပုတ်၊ ဆိုင်းလိန် ထိုမှ တာပုံသို့ ၁၃-၁-၇၉ ရက်နေ့တွင် ရောက်ရှိအခြေပြုနေစဉ် တပ်မတော်မှ အမှတ်(၁၂)ခြေလျင်တပ်ရင်းနှင့်တိုက်ပွဲဖြစ်ပွါးပြီး ချန်ကာသို့တိမ်းရှောင်ခဲ့ရာ ၁၈-၁-၇၉ရက်နေ့တွင် တပ်မတော်မှ အမှတ်(၁၀)ခြေလျင်တပ်ရင်းစစ်ကြောင်းနှင့် ထပ်မံတိုက်ပွဲဖြစ်၍ ဗကပ(၂)ဦးကျပြီး အမ်၂၂ (၂)လက်ဆုံးရှုံးခဲ့ရသည်။ ထိုမှ တစ်ဖန် မန်နားခိုမုန်း ဒေသသို့ ရှောင်တိမ်းနေစဉ် ၂၈-၁-၇၉ရက်နေ့တွင် တပ်မတော်မှအမှတ်(၁၀၉)ခြေမြန်တပ်ရင်းစစ်ကြောင်းနှင့် ထိတွေ့ပြီး မန်ပိန်းရွာပျက်သို့ဆုတ်ခွါသွားကြသည်။ ဗကပတပ်ရင်း(၂၀၂)တပ်ရင်းမှူး ဘရန်ရှောင်ဦးဆောင်သော အင်အား(၂၀)ခန့်သည်လည်း ၁၇-၁-၇၉ ရက်နေ့တွင် ယောင်ဘန်ရွာ၌ တပ်မတော်အမှတ်(၇)ခြေလျင်တပ်ရင်းစစ်ကြောင်း နှင့်

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၉မှ၃၀-၄-၇၉အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၂၈

၂ "ဗမာပြည်ကွန်မြူနစ်ပါတီ၏ သွေးစွန်းသော သမိုင်းကြောင်း၆" ဆောင်းပါးပေါင်းချုပ်အတွဲ ၂ မျက် ၁၅၄

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၉မှ ၃၀-၄-၇၉အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၂၈

၄ ယင်း မျက် ၂၇

၅ ယင်း မျက် ၂၉

တွေ့ဆုံတိုက်ပွဲဖြစ်ပွါးပြီး လွယ်ယားသို့ ဆုတ်ခွါသည်။[၁] ဗကပတပ်ရင်း(၃၀၃၃)မှအင်အား(၁၅၀)ခန့်သည် ၁၂-၁-၇၉ရက်နေ့တွင် တပ်မတော် အမှတ် (၄၅)ခြေလျင်တပ်ရင်း၏ လွယ်လုံကျန်စခန်းအားတိုက်ခိုက်ခဲ့သည်။[၂] ဗကပတပ်ရင်း(၆၀၁)သည်လည်း စီစီဝမ်၊ တာပန်ဒေသတွင်ပင် ဆက်လက်အခြေပြုပြီး စီစီဝမ်၊ တာပန်ရှိ တပ်မတော်စခန်းအား လက်နက်ကြီး လက်နက်ငယ်တို့ဖြင့် ပစ်ခတ်နှောက်ယှက်လျက်ရှိသည်။[၃]

၁၉၇၉ ခုနှစ်၊ မေလအတွင်း၌ တစ်ဖက်နိုင်ငံမှ ဆန်နှင့် ပစ္စည်းများကို ထိုရက်ပိုင်းအတွင်း နေ့စဉ် ကား(၂)စီးဖြင့် ပန်ဆန်းသို့ သယ်ယူစုပုံလျှက်ရှိပြီး ဗကပပိုင်လားနှင့်နွား အကောင်(၅၀)ဖြင့် လက်နက်ကြီးကျည်များတင်ဆောင်ကာ ၂၉-၅-၇၉ ရက်နေ့တွင် ပန်ဆန်းနှင့် မိုင်းပေါက်သို့ သယ်ယူခဲ့သည်။ အသံလွှင့်ရုံအဆောက်အဦမှာလည်း ဒုတိယထပ်ပြီးစီး၍ တတိယထပ်သို့ ဆက်လက်ဆောက်လုပ်ရန်ပြင်ဆင်နေပြီး ပန်ဆန်း၊ ပန်ယန်းလမ်းသည် ပန်ပွဲအထိလည်းကောင်း၊ ပန်ဆန်း၊ ပိန်းကောင်လမ်းသည် ရောင်တိန်းအထိလည်းကောင်း၊ ဖေါက်လုပ်ပြီးစီးသည်။ ဗကပဗဟိုမှ ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောသည် တစ်ဘက်နိုင်ငံမှ မုံးကိုးသို့ မေလနောက်ဆုံးပတ်တွင် ရောက်ရှိလာပြီး မုံးကိုး၌ စစ်ဒေသ ခွဲမှူး လင်းထင်၊ တပ်မဟာ(၂)မှူး ထွန်းတင်၊ ကွတ်ခိုင်ခရိုင်အုပ်ချုပ်ရေးမှူး လှဖေတို့နှင့် အစည်းအဝေးပြုလုပ်သည်။ ၄-၆-၇၉ရက်နေ့တွင် သခင်ဖေတင့်နှင့် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောသည် ကေအိုင်အေဗဟို ဒုတိယဥက္ကဋ္ဌ ဇော်မိုင်၊ တပ်မဟာ(၄)မှူး ဆိုင်းဖုံးတို့အဖွဲ့နှင့် မန်ဟီးရိုး၌ တွေ့ဆုံပြီး ဗကပနှင့်ကေအိုင်အေလက်အောက်ခံအင်အားစုချင်း အဆင်မပြေသောကိစ္စများ၊ ရွှေလီချိုင့်ဝှမ်းစိုးမိုးရေး၊ နယ်မြေသတ်မှတ်ရန်ကိစ္စများ၊ ဗကပမှကေအိုင်အေသို့ လက်နက်ခဲယမ်းအကူအညီပေး၍ ဗကပတို့ စစ်ရေးအရ လိုအပ်လျှင် ကေအိုင်အေနယ်မြေအတွင်းဖြတ်ကျော် ခွင့်ပေးရေးကိစ္စများဆွေးနွေးကြသည်။[၄] ၁၉၇၈ခုနှစ်၊ နိုဝင်ဘာလ(၈)ရက်နေ့မှစ၍ ဗကပတပ်မဟာ(၁၂)လက်အောက်ခံတပ်ရင်းများမှတပ်စုတစ်စုစီထုတ်နုတ်ပြီး ဗကပတပ်ရင်း(၁)ဖွဲ့စည်းလျက်တစ်ဖက်နိုင်ငံအတွင်းလေ့ကျင့်ပေးကာ ၁၉၇၉ခုနှစ်၊ ဇွန်လအတွင်း တပ်မဟာ(၁၂)နယ်မြေသို့ ပြန်လည်ဝင်ရောက်ပြီး ပန်ဟင်နှင့် နောက်ပိုင်းတွင် ဝေါခြုံတို့၌ အခြေပြုလျှက်ရှိသည်။ တပ်ရင်းမှူးနှင့် ဒုတိယတပ်ရင်းမှူးတို့သည် လွယ်လူမျိုးလောထားဆိုင်နှင့် လီဝေဆင်တို့ဖြစ်ပြီး နိုင်ငံရေးမှူးမှာ ယခင်မိုင်းမောခရိုင်မှ

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၁-၇၉မှ ၃၀-၄-၇၉အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် မှတ် ၃၀

၂ ယင်း မှတ် ၃၁

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၁-၇၉မှ ၃၀-၄-၇၉အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် မှတ် ၃၄

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၅-၇၉မှ ၃၁-၈-၇၉အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် မှတ် ၂၆၊ ၂၇

အာထန်ဖြစ်သည်။[၁] တပ်မတော်စစ်ကြောင်းများသည်ဗကပတပ်ရင်း(၉)ဌာနချုပ်ရှိရာ နမ့်ကျမ်းဝေါခြုံ ဒေသတွင် စစ်ဆင်ရေးပြုလုပ်ခဲ့ရာ ၁၀-၅-၇၉ ရက်နေ့တွင် အမှတ်(၁၃)ခြေလျင်တပ်ရင်းစစ်ကြောင်းနှင့် တွေ့ထိခဲ့ပြီးကာလုံထန်ကူးတို့နှင့်အိုက်ကျော်ဘက်သို့ ဗကပများ(၂)ဖွဲ့ခွဲ၍ဆုတ်ခွါလျက် တပ်မဟာ(၁၂)အင်အားစုများနှင့် ပူးပေါင်းသည်။ တူပါကြိုင်းမှ ဗကပအင်အား(၂၀၀)ခန့်သည် ၁၂-၅-၇၉ ရက်နေ့တွင်နမ့်ကျမ်းဝေါခြုံဒေသသို့စစ်ကူဝင်ပြီး ကိုကိုက်ထန်အနီးရှိနေကြသော ဗကပတို့ကလက်နက်ကြီးများဖြင့်ပစ်ခတ်သည်။ ၁၅-၅-၇၉ ရက်နေ့တွင် အမှတ်(၄)ကချင်သေနတ်ကိုင်တပ်ရင်းမှတပ်စု(၂)စုအခြေပြုရာတောင်ကုန်းစခန်းကို ဗကပတို့တိုက်ခိုက်၍ တပ်မတော်မှဆုတ်ခွါပေးရသည်။ တပ်မတော်မှ တန်ပြန်တိုက်စစ်ဆင်သောအခါတွင် ဗကပတို့သည် တာပေါဘက်သို့ ဆုတ်ခွါသည်။[၂] စီစီဝမ်တာပန်ရှိ တပ်မတော်တပ်စခန်းနှင့် ရင်ဆိုင်ရှိသည့်ကုန်းများတွင်ဖြန့်ခွဲတပ်စွဲထားသောဗကပတပ်ရင်း(၃၀၃၇) သည်လက်နက်ကြီးများဖြင့်တပ်မတော်စခန်းအား စက်တင်ဘာလအတွင်း(၁၂)ကြိမ်၊ အောက်တိုဘာလအတွင်း(၈)ကြိမ်နှင့် နိုဝင်ဘာလအတွင်း(၄)ကြိမ်နှောက်ယှက်ပစ်ခတ်သည်။ စက်တင်ဘာလနောက်ဆုံးပတ်တွင် ဗကပ တပ်ရင်း(၆၀၁)နှင့် တာဝန်လဲလှယ်သည်။[၃]

ကေအိုင်အေတပ်မဟာ(၄)သည်လည်း ၁၉၇၈ခုနှစ်တွင် အင်အား(၁၆၀၀)ရှိလာရာမှ ယခုနှစ်တွင်(၁၈၈၀)သို့တိုးတက်လာသည်။ ထိုင်းနိုင်ငံ ထန်ပိုးစခန်းရှိ ဗိုလ်မှူးလဒွဲ ဦးဆောင်သောနိုင်ငံခြားဆက်သွယ်ရေးအဖွဲ့ကို ပြန်လည်ရုပ်သိမ်းခဲ့ရာ ထန်ပိုးမှ ၂-၅-၇၉ ရက်နေ့တွင် စတင်ထွက်ခွါသည်။[၄] ကေအိုင်အေတပ်မဟာ(၄)ကို တပ်မဟာမှူးဆိုင်ဖုံး၊ တပ်မဟာ ဗိုလ်မှူးဇော်ဘွန်းတို့ ဦးစီး၍ တပ်မဟာဌာနချုပ်နှင့် တောင်ပိုင်းတိုင်းအုပ်ချုပ်ရေးရုံးတို့သည် နမ့်ပန်ချောင်းကနောက်ဘက်ကမ်းလွယ်ကန်ဒေသတွင် အခြေပြုနေရာမှ ၁၇-၈-၇၉ ရက်နေ့မှအစပြု၍ တပ်မတော်စစ်ကြောင်းများဝင်ရောက်ရှင်းလင်းခဲ့သဖြင့် ကေအိုင်အေတို့သည် ၁၈-၈-၇၉ ရက်နေ့မှစကာ ဟိုဖျက်မန်ပိန်းဘက်သို့လည်းကောင်း၊ နယ့်ဆောင်ကြဘက်သို့လည်းကောင်း ဆုတ်ခွါသွားကြသည်။

၂၉-၁၀-၇၉ ရက်နေ့တွင်တပ်မတော် အမှတ်(၇)ခြေလျင်တပ်ရင်းစစ်ကြောင်းနှင့်တွေ့ထိသောတိုက်ပွဲတွင် ကေအိုင်အေတပ်မဟာ(၄)မှ တပ်ခွဲ(၂)တပ်ခွဲမှူးထူးဂျာ ကျဆုံးခဲ့သည်။[၅] ကေအိုင်အေ

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၅-၇၉မှ ၃၁-၈-၇၉အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် မှတ် ၃၅၊ ၃၆

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၅-၇၉မှ ၃၁-၈-၇၉အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် မှတ် ၃၆၊ ၃၇

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၅-၇၉မှ ၃၁-၈-၇၉အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် မှတ် ၃၄

၄ "ကေအိုင်အေသောင်းကျန်းသူ သို့မဟုတ် ကချင်ပြည်နယ်အလှကို ဖျက်ဆီးနေကြသူများ ၃" ဆောင်းပါး ပေါင်းချုပ် အတွဲ ၂ မှတ် ၂၃၅

၅ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၉-၇၉မှ ၃၁-၁၂-၇၉အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် မှတ် ၃၉၊ ၄၁

တပ်ရင်း(၂)ကို တပ်ရင်းမှူးလွန်းဒေါင်ဦးစီး၍ မန်ဟုံမော်၊ နားရိုင်ဒေသတွင်လည်းကောင်း၊ တပ်ရင်း(၈)ကို တပ်ရင်းမှူးမထုနော် ဦးစီး၍ မိုင်းလွယ်တောက်နှင့် မုံးကျက်မုံးယော်ဒေသတွင်လည်းကောင်း၊ လှုပ်ရှားနေကြပြီးပိအက်စ်အယ်လ်အေပလောင်သောင်းကျန်းသူအင်အား(၂၀၀)ခန့်သည် ကေအိုင်အေနှင့် ပူးတွဲလှုပ်ရှားလျက်ရှိသည်။[၁]

အက်စ်အက်စ်အေသောင်းကျန်းသူအဖွဲ့တိုင်း(၁)ကိုစိုင်းလှအောင်ဦးစီးလျက် တပ်ရင်း(၃)ရင်းအင်အား(၇၅၀)ဦးစီးဖြင့် မိုင်းငေါ်၊ မြို့သစ်၊ တောင်စံ၊ မိုင်းလုံ၊ ကုန်းညောင်၊ လွယ်ငူး၊ စိန်ကြော့၊ တုံလော၊ မန်လီ၊ နမ့်လန်၊ ဖန်လော့ဒေသများတွင် လှုပ်ရှားနေကြပြီး အက်စ်ယူအေ(ခေါ်)တောခို လွယ်မော်အဖွဲ့မြောက်ပိုင်းဗဟိုသည်လည်း အင်အား(၂၀၀၀)ခန့်ဖြင့် မြောက်ပိုင်းရှမ်းပြည်တွင် လှုပ်ရှားလျက်ရှိသည်။[၂]

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သည် **ရဲမင်းအောင်** စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှတိုက်ရိုက်ကွပ်ကဲလျက် အမှတ်(၆၈၊၆၉)ခြေလျင်တပ်ရင်းများ၊ အမှတ်(၆၆၂)နည်းဗျူဟာအဖွဲ့၊ အမှတ်(၆၆၃)နည်းဗျူဟာအဖွဲ့နှင့် အမှတ်(၈၀) ခြေလျင်တပ်ရင်းများဖြင့် မုံးယော်၊ မုံးကျက်၊ ပုံးတွန်၊ လွယ်ပန်ကော်ဒေသများတွင်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့မှကွပ်ကဲလျက် အမှတ်(၂၂၊ ၂၃၊ ၄၁)ခြေလျင်တပ်ရင်းများဖြင့်ကျောက်မဲ၊ သီပေါ၊ နမ္မတူ၊ နမ့်ဆန်ဒေသ နှင့် မန်လီ၊ မိုင်းခေး၊ မန်ပန်ဒေသများတွင်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့မှ ကွပ်ကဲလျက် အမှတ်(၃၃၊၆၇)ခြေလျင်တပ်ရင်းများဖြင့်တန့်ယန်း၊ နောင်လိုင်၊ မိုင်းရယ်၊ မိုင်းကောင်းဒေသများတွင်လည်းကောင်း စစ်ဆင်လျက်ရှိရာ တပ်မတော်မှ (၄၅)ဦးကျဆုံး၍ (၁၄၄)ဦးဒဏ်ရာရကာ (၂)ဦး ပျောက်ဆုံးခဲ့ပြီး ရန်သူ့ဘက်မှ (၂၈၃)ဦးကျဆုံး၍ (၁၉၁)ဦးဖမ်းဆီးမိကာ (၇၅)ဦးလက်နက်ချသည်။[၃]

၁၉၇၉ခုနှစ်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းသောင်းကျန်းသူများနှင့် တပ်မတော် စစ်ဆင်ရေး

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းတွင်ဗကပတပ်မဟာ(၆)ခုသည်အင်အား(၄၈၀၀)ဖြင့် လှုပ်ရှားလျက်ရှိသည်။[၄] ဒေသခံရှမ်းပြည်နယ်(၁၀၈)စစ်ဒေသမှ နိုင်ငံရေးမှူးသောင်းတင်။ စစ်ရေး

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုစီ၁-၇-၇၉မှ၃၁-၁၂-၇၉အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၄၁၊ ၄၂

၂ (က) ကက(ကြည်း)စစ်ဆင်ရေးဌာနစုစီ၊ ၁-၉-၇၉မှ ၃၁-၁၂-၇၉ အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၄၆

(ခ) အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၃ (က) အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

(ခ) ကက(ကြည်း)စစ်ဆင်ရေးဌာနစုစီ၁-၁-၇၉မှ ၃၁-၁၂-၇၉အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၄၄-၅၃၊ ၅၀-၅၆၊ ၄၈-၅၅။

၄ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

တာဝန်ခံလှထွေးတို့သည် အင်အား(၂၀၀)ခန့်ဖြင့် နောင်လုံ၊ နောင်ဝိုးနယ်မြေ။ အင်တော၊ ကျောက်ဂူနယ်မြေတို့နှင့် ကျောက်ဂူအရှေ့ခြမ်းနယ်မြေတို့တွင် ၁၉၇၉ခုနှစ်တပ်မဟာ(၆၈၃) ဝင်ရောက်ချိန်မှစ၍ (၆၈၃)မှ ခေါင်းဆောင်များနှင့် ပူးပေါင်းလှုပ်ရှားလျက်နေသည်။ နိုင်ငံရေးမှူး လီကျုံချန်း၊ တပ်မဟာမှူး ရန်ကျုံးဝေတို့ဦးဆောင်သော ဗကပတပ်မဟာ(၆၈၃)သည် လက်အောက်ခံတပ်ရင်း (၅၀၂)၊ (၄၀၄၅)နှင့်(၄၀၄၇)တို့ကို ကွပ်ကဲလျက် သံလွင်အနောက်ခြမ်း လဲချား၊ မိုင်းကိုင်နယ်မြေနှင့် နောင်လုံ၊ နောင်ဝိုး၊ ကျောက်ဂူနယ်မြေတွင် (၁၀၈)စစ်ဒေသနှင့်ပူးပေါင်းလှုပ်ရှားနေသည်။ ပန်ဆန်းရှိ အရှေ့မြောက်စစ်ဒေသဌာနချုပ်သည် ၁၉၇၈ခုနှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလ အတွင်းက ဗကပတပ်မဟာ(၆၈၅)မှ ထုတ်နုတ်အင်အားများဖြင့် (၉၂၇)အလုပ်အဖွဲ့ ဖွဲ့စည်းပေးပြီး ၁၉၇၉ခုနှစ်၊ မတ်လစတုထ္ထပတ်က တာကော်-ကျိုင်းတုံကားလမ်းတောင်ခြမ်းသို့ ဝင်ရောက်စေရာ တပ်မတော်စစ်ဆင်ရေးကြောင့် ၁၉၇၉ခုနှစ်၊ ဧပြီလ (၁၂)ရက်မှ (၂၈)ရက်အထိ (၆)သုတ်ခွဲကာ ကားလမ်းမြောက်ခြမ်းသို့ ပြန်ထွက်ခဲ့ကြသော်လည်း အရှေ့မြောက်စစ်ဒေသမှ ဖိအားပေးမှုကြောင့် မိုင်းပုကြီးနယ်မြေအတွင်း လှုပ်ရှားစိုးမိုးရန် မေလ၊ ဇူလိုင်လများတွင် အင်အား(၂၀၀)ခန့်ပြန်လည်ဝင်လာခဲ့သည်။ နိုင်ငံရေးမှူးဝမ်ဖူးမြင့်နှင့် တပ်မဟာမှူးဖုံကြာဖူးတို့ ဦးစီးသော ဗကပတပ်မဟာ(စ)သည် တပ်မဟာဌာနချုပ်ကို မိုင်းလားတွင်ထားကာ လက်အောက်ခံတပ်ရင်း (၅၀၁)၊ (၃၀၃၅)၊ (၄၀၄၈) နှင့် (၇၀၁)တို့အား ကွပ်ကဲနေသည်။ လီတက်ခိုင်ဦးစီးသော တပ်မဟာ(၆၈၅)ဌာနချုပ်ကို မိုင်းပေါက်တွင်ထားရှိပြီး လက်အောက်ခံတပ်ရင်း (၀၄၂)၊ (၆၈၅၅)၊ (၆၈၅၈)နှင့် (၀၇၂)တို့အား ကွပ်ကဲလျက်ရှိသည်။ နိုင်ငံရေးမှူး အေးလွင်ခေါ်သာန၊ တပ်မဟာမှူး အိုက်မြင့်တို့၏ တပ်မဟာ(၇၆၈)ဌာနချုပ်သည် နမ့်လစ်တွင်ရှိပြီး လက်အောက်ခံတပ်ရင်း(၃၊၆၊၉)တို့အား ကွပ်ကဲလျက်ရှိသည်။ နိုင်ငံရေးမှူး ဘသန်း၊ စစ်ဒေသမှူး ဇော်တန်တို့၏ (၈၁၅) စစ်ဒေသဌာနချုပ်အား ဝမ်ဆော၊ ဝမ်ဖိုင်တွင်ထားရှိ၍ လက်အောက်ခံတပ်ရင်း(၁၂၊ ၁၄၊ ၁၆၊ ၁၈)တို့ကို ကွပ်ကဲလျက်ရှိသည်။[၁]

ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည်ဌာနချုပ်ကို ဟွေပုံလောင်းတွင်ထားရှိ၍ကော်လံ(၃)ခု၊ အင်အား(၅၀၀)ဖြင့် ကယားပြည်နယ်တွင်ရှိနေရာ ယင်းအဖွဲ့သည် တပ်ရင်း(၂)ရင်း ဖွဲ့စည်းရာမှ ကော်လံ(၃)ခုအဖြစ်ပြင်ဆင်ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။

ကယန်းပြည်သစ်ပါတီသည် နေရာအတည်တကျမရှိဘဲ သစ်ကြိုတ်နယ်မြေတွင် အင်အား(၁၆၀)ဖြင့် လှုပ်ရှားနေရာ ၆-၄-၇၉ရက်နေ့မှစ၍ ဗကပဩဇာခံအဖြစ်ခံယူခဲ့သည်။ ၁၉၇၉ခုနှစ်မေလတွင်မှစတင်ပေါ်ပေါက်လာသော ခေတ်သစ်ရှမ်းအဖွဲ့သည် အင်အား(၁၉)ဦးဖြင့် နေရာအတည်တကျမရှိဘဲ ဆီဆိုင်၊ ထီးစခါးကားလမ်းနှင့် ပင်လောင်း၊ ဖယ်ခုံ၊ မိုးပြဲအကြားလွယ်ပေါ်၊ လွယ်စေတီ၊ နမ့်တုတ်ဒေသများတွင် လှုပ်ရှားနေသော စီးပွါးရေးသောင်းကျန်းသူအဖွဲ့ဖြစ်သည်။ တောခိုလွယ်မော်

၁။ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၁-၇၉မှ ၃၀-၄-၇၉အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက်
မျက် ၅၈၊ ၆၆

အဖွဲ့သည် တပ်ရင်း(၄)ရင်းအင်အား(၁၅၀၀)ဖြင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေလွယ်မော် ဒေသနှင့် ထိုင်းမြန်မာနယ်စပ်သို့ အဆင်းအတက်လုပ်၍ ဘိန်းကုန်ကူးသည်။ တောခိုဗင်ငင်းမဟာစန်း၏ 'ဝ'အမျိုးသားတပ်မတော်အဖွဲ့သည် အင်အား(၈၀)ဖြင့် ထိုင်းမြန်မာနယ်စပ် လွယ်လန်း၊ ဓညဝတီ၊ ဆန်စု ဒေသတွင် လှုပ်ရှားနေသည်။[၁]

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ ရှမ်းပြည်နယ်မိုင်းခတ်မြို့နယ်အတွင်းရှိဗကပတပ်မဟာ(၈)အင်အားစုများ အခြေစိုက်ရာ လွယ်ယုတ်စခန်းအား အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်မှ အမှတ်(၈၈၃)နည်းဗျူဟာကွပ်ကဲရေးအဖွဲ့၊ အမှတ်(၁)ကယားသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁)ခြေလျင်တပ်ရင်းများဖြင့် ၁၉၇၉ခုနှစ်၊ ဖေဖော်ဝါရီလ(၉)ရက်နေ့မှ (၁၈)ရက်နေ့များအတွင်း **နေမင်းရောင်** စစ်ဆင်ရေးဖြင့် တိုက်ခိုက်သည်။ အမှတ်(၁)ကယားသေနတ်ကိုင်တပ်ရင်းစစ်ကြောင်း (၁/၂)ဌာနချုပ်နှင့်တပ်ခွဲ(၅)ခွဲသည် မိုင်းလွေအနောက်တောင်ဘက်(၃)မိုင်ကွာရှိ ပွိုင့်-၃၈၇၆မှ ဖေဖော်ဝါရီလ(၉)ရက်နေ့တွင် စတင်ထွက်ခွါသည်။ လွယ်ယုတ်စခန်းအား တိုက်ခိုက်နေစဉ် အန်ထွက်လာမည့် ရန်သူများ၊ စစ်ကူများကို ဆီးကြိုပိတ်ဆို့ တိုက်ခိုက်ရန် အမှတ်(၁)ခြေလျင်တပ်ရင်းသည်လည်း မိုင်းလွေ၏တောင်ဘက်(၂)မိုင်ခန့်အကွာတွင် အခြေပြုနေရာမှ ထိုနေ့တွင်ပင် စတင်ထွက်ခွါသည်။[၂]

အမှတ်(၁)ကယားသေနတ်ကိုင်တပ်ရင်းသည်ဖေဖော်ဝါရီလ(၁၀)ရက်နေ့တွင် ဗကပအင်အား(၂၀)ကျော်ခန့်နှင့် ရင်ဆိုင်တိုက်ပွဲဖြစ်ပွါး၍ ရန်သူများသည် မွေနောင်စခန်းသို့ ဆုတ်ခွါပြေးပေါင်းသည်။ စစ်ကြောင်း(၂)ဌာနချုပ်နှင့် တပ်ခွဲ(၂)ခွဲသည် ဆုတ်ခွါလာသော ရန်သူနောက်သို့ ထပ်ချပ်လိုက်ပါတိုက်ခဲ့ရာ မွေနောင်စခန်းရှိ ဗကပအင်အား(၁၅၀)ခန့်နှင့် တိုက်ပွဲဖြစ်ပွါးသည်။ ဗကပတို့သည် လွယ်ယုတ်ရှိ လက်နက်ကြီးများ ပစ်ကူပေး၍ တပ်မတော်၏တိုက်စစ်အဟုန်ကို ထိန်းချုပ်ဟန့်တားရန် ကြိုးပမ်းသော်လည်း တပ်မတော်မှစစ်ကြောင်း(၁)ဌာနချုပ်နှင့် တပ်ခွဲ(၃)ခွဲက စစ်ကူပေးကာ ဝိုင်းပတ်တိုက်ခိုက်၍ မွေနောင်စခန်းအား သိမ်းပိုက်ရရှိပြီး ရန်သူများလွယ်ယုတ်စခန်းသို့ ဆုတ်ပြေးသည်။

အမှတ်(၁)ကယားသေနတ်ကိုင်တပ်ရင်းသည်လွယ်ယုတ်စခန်းအား ဆက်လက်ထိုးစစ်ဆင်ရာ ဗကပတပ်ရင်း(၄၀၄၈)နှင့် တပ်ရင်း(၅၀၁) ပူးပေါင်းအင်အား(၃၀၀)ကျော်ခန့်ဖြင့် အပြင်းအထန်ခုခံသည်။ တပ်မတော်မှ ရန်သူ့စခန်းအား (၄)ကြိမ်တိတိ အနီးကပ်တက်ရောက်တိုက်ခိုက်၍ တိုက်ပွဲပြင်းထန်စွာဖြစ်ပွါးခဲ့သည်။ တပ်မတော်မှ ရန်သူ့စခန်းအောက်ခြေသို့ ရွှေ့ပြောင်းခြေကုပ်ယူထားစဉ် ရန်သူ(၁၆)ဦးခန့်က နှစ်ဖွဲ့ခွဲကာ ညအမှောင်ထုကို အကာအကွယ်ယူယူ၍ လက်နက်ကြီးပစ်ကူဖြင့်တန် ပြန်ဝိုင်းပတ်တိုက်ခိုက်သည်။ စစ်ကြောင်းနေရာအနှံ့တွင် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွါးသည်။ တပ်မတော်စစ်ကြောင်းနှစ်ခုလုံးသည် ဖါပွန်ကြောသို့ ပြန်လည်ခြေကုပ်ယူ၍ မိမိတပ်များ ပြန်လည်ဖွဲ့စည်းပြီး ညတိုက်ပွဲဖြင့် ထပ်မံတိုက်ခိုက်သည်။ ရန်သူဗကပများနှင့် အနီးကပ်လုံးထွေးရစ်ပတ်

---

၁ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၂ (က) အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ် သမိုင်း — မျက် ၆၊ ၁၄

(ခ) မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ တတိယတွဲ — မျက် ၁၈၂

တိုက်ပွဲများ ဖြစ်ပွါးခဲ့သည်။ နောက်တစ်နေ့ နံနက်တွင်လည်း ထပ်မံတိုက်ခိုက်ခဲ့ရာ ဗကပတို့စခန်းကို စွန့်ခွါပြေးကြသည်။ ထိုတိုက်ပွဲအတွင်း တပ်မတော်(လေ)မှ ပစ်ကူများ၊ အမြောက်ပစ်ကူများ ပေါင်းစပ်ပါဝင်ခဲ့သည်။ ယင်းတိုက်ပွဲများတွင် တပ်မတော်မှ (၂၀)ဦးကျဆုံးပြီး(၈၀)ဦးဒါဏ်ရာရကာ ဗကပအလောင်း(၄၉)လောင်းကျန်၍ (၉၀)ခန့် ဒါဏ်ရာရရှိသွားသည်။

ပိတ်ဆို့ရေးတာဝန်ယူထားသည့် အမှတ်(၁)ခြေလျင်တပ်ရင်းသည်လည်း နေရာနှစ်ခုခွဲ၍ ပိတ်ဆို့ထားစဉ် ယင်းကောင်ဘက်မှ ဗကပ(၂၀၀)ခန့်က တပ်မတော်နှင့် ရင်ဆိုင်နေရာယူ၍ လက်နက်ကြီးပစ်ကူများဖြင့် စတင်တိုက်ခိုက်သည်။ ဗကပတို့သည် တပ်မတော် ခြေကုပ်နေရာများသို့ အနီးကပ်လှုံ့စွပ်ထိုးတိုက်ပွဲ(၃)ကြိမ် ဆင်နွှဲခဲ့သည်။ တပ်မတော်မှ ကြံ့ကြံ့ခံခဲ့၍ ဗကပတို့သည် အင်အားထပ်မံဖြည့်တင်းကာ အင်အား(၄၅၀)ကျော်ခန့်ဖြင့် လက်နက်ကြီးပစ်ကူသုံး၍ တိုက်ခိုက်သည်။ တပ်မတော်သည် ထိခိုက်ဒါဏ်ရာရသူများလာ၍ နောက်ခြေကုပ်နေရာပြောင်းကာ ခုခံတိုက်ခိုက်သည်။ ထိုစဉ် လွယ်ယုတ်စခန်းမှ ဆုတ်ခွါလာသော ရန်သူ(၅၀)ကျော်ရောက်လာပြီး တပ်မတော်သားများကို နှစ်ဖက်ညှပ်၍တိုက်သည်။ ရန်သူသည် တပ်မတော်ခြေကုပ်နေရာအား (၃)ကြိမ်တိုင်လှုံ့စွပ်ထိုးတိုက်ပွဲဆင်သည်။ တပ်မတော်သည် နောက်တစ်ဆင့်ခြေကုပ်သို့ ပြောင်းရွှေ့ကာခုခံသည်။ သို့ရာတွင် ရန်သူသည် အငြိုးကြီးစွာ ထပ်မံတိုက်ခိုက်ရာ ထွေးလုံးရစ်ပတ်အနီးကပ် တိုက်ပွဲများဖြစ်ပွါးသည်။ ထို့နောက် အမှတ်(၁)ခြေလျင်တပ်ရင်းသည် အမှတ်(၁)ကယားသေနတ်ကိုင်တပ်ရင်းမှ သိမ်းပိုက်ရရှိထားသော လွယ်ယုတ်စခန်းသို့ ချီတက်ပူးပေါင်းသည်။ ယင်းတိုက်ပွဲတွင် တပ်မတော်မှ (၄၀)ဦးကျဆုံး၍ (၈၄)ဦး ဒါဏ်ရာရသည်။ ရန်သူဘက်မှ အလောင်း(၉၃)လောင်းထားရှိခဲ့သည်။ (၇၂)ဦးဒါဏ်ရာရကာ (၅)ဦး လက်နက်ချသည်။[၁]

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သည် အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် အမှတ်(၂)ခြေလျင်တပ်ရင်း၊ အမှတ်(၅၄)ခြေလျင်တပ်ရင်း၊ အမှတ်(၆၄)ခြေလျင်တပ်ရင်း၊ အမှတ်(၆၆)ခြေလျင်တပ်ရင်း၊ အမှတ်(၇၂)ခြေလျင်တပ်ရင်း၊အမှတ်(၇၃)ခြေလျင်တပ်ရင်း၊အမှတ်(၉၄)ခြေလျင်တပ်ရင်း၊ အမှတ်(၉၉)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၄)ခြေမြန်တပ်ရင်းများသည် တံခွန်စစ်ဆင်ရေးကိုဆင်နွှဲခဲ့ပြီး အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မှ အမှတ်(၇၇၂)နှင့်(၇၇၃)နည်းဗျူဟာကွပ်ကဲမှုများဖြင့် အမှတ်(၁)ရှမ်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၀၁)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၅)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၆)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၇)ခြေမြန်တပ်ရင်း၊ အမှတ်(၆)ခြေလျင်တပ်ရင်းနှင့် အမှတ်(၈)ခြေလျင်တပ်ရင်းများသည် **လေးမာရ်အောင်**စစ်ဆင်ရေးကို ၁-၅-၇ရက်နေ့မှစ၍ ဆင်နွှဲခဲ့သည်။ ထိုစစ်ဆင်ရေးများတွင် တပ်မတော်မှ (၇၄)ဦးကျဆုံး၍ (၁၃၉)ဦး ဒါဏ်ရာရပြီး ရန်သူ(၁၇၅)ဦးကျ၍ (၇၀)ဦးဖမ်းမိကာ

---

၁ မြန်မာသမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ(တတိယတွဲ) မျက် ၁၈၂၊ ၁၈၄

(၇၄)ဦးလက်နက်ချသည်။[၁]

ထိုစစ်ဆင်ရေးများအပြင် အဇွတ်ထိုဒေသမန်ဖန့်မန်၊ မန်ဆိုင်ဒေသ၊ မော်ဖဒေသ၊ ရောင်ခေါက်ဒေသ၊ပန်မကောက်ဒေသ၊ ပွိုင့်-၅၆၅၂ဒေသနှင့်ဝမ်နောင်ကြီးဒေသများတွင် လှုပ်ရှားကြိုးစိုးလျက်ရှိသော ဗကပတပ်မဟာ (၆၈၃)နှင့် တပ်ရင်း(၃)ရင်း၊ (၁၀၈)စစ်ဒေသ၊ တပ်မဟာ(၈)၊ တပ်မဟာ(၁၂)၊ တပ်မဟာ(၆၈၅)နှင့်တပ်မဟာ(၇၆၈)တို့အား **မင်းရန်အောင်**စစ်ဆင်ရေးဖြင့် ၁၉၇၉ ခုနှစ် နိုဝင်ဘာလ(၁၉)ရက်နေ့မှ ၁၉၈၀ပြည့်နှစ် ဇန်နဝါရီလ(၆)ရက်နေ့အထိ ဆင်နွှဲတိုက်ခိုက်သည်။ ၁၉၇၉ခုနှစ်က ဗကပတပ်မဟာ(၆၈၃)နှင့် တပ်ရင်း(၃)ရင်းသည် သံလွင်မြစ်အနောက်ခြမ်းသို့ ကူးဝင်ပြီး ဒေသခံဗကပ (၁၀၈)စစ်ဒေသမှ လှုထွေး၊ သောင်းတင်တို့အင်အားစုများ၏ အကူအညီဖြင့် နောင်လုံ၊ နောင်ဝိုး၊ မိုင်းလူး၊ မိုင်းနောင်နှင့် ဝမ်ဆင်ဒေသ၌ လှုပ်ရှားကြပြီး ပြည်မထိုးဖောက်ရေး တွင်လက်နက်ခဲ့ယမ်းများ ပံ့ပိုးပေးရန် သံလွင်မြစ်နှင့် နမ့်စချောင်းအကြားရှိ မော်ဖဒေသ၌ ရှေ့တန်းထောက်ပံ့ရေးစခန်းများ တည်ဆောက်သည်။ သို့ဖြစ်၍ မော်ဖဒေသရှိ **ရန်သူ၏** အချက်အခြာစခန်းများသိမ်းပိုက်ရေး၊ တပ်မဟာ(၆၈၃)နှင့် ပန်ဆန်းဗဟိုဌာနချုပ်ကို အဆက်အသွယ်ပြုကာ တပ်မဟာ(၈)၊ တပ်မဟာ(၁၂)၊ တပ်မဟာ(၆၈၅)နှင့် တပ်မဟာ(၇၆၈)အင်အားစုများကို ချေမှုန်းရေးဦးတည်ချက်များဖြင့် တပ်မတော်သည် မင်းရန်အောင်စစ်ဆင်ရေးကို ဆင်နွှဲခြင်းဖြစ်သည်။

ယင်းစစ်ဆင်ရေးတွင် အရှေ့ပိုင်းတိုင်းနယ်မြေ၌အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်မှ အမှတ်(၈၈၁)နှင့်(၈၈၂)နည်းဗျူဟာများကွပ်ကဲမှုဖြင့်အမှတ်(၁)ကယားသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂)ဗမာ့သေနတ် ကိုင်တပ်ရင်း၊ အမှတ်(၆)ဗမာ့သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁)ခြေလျင်တပ်ရင်း၊ အမှတ်(၅)ခြေလျင် တပ်ရင်းများသည်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှအမှတ်(၁)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် အမှတ်(၅)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄၃)ခြေလျင်တပ်ရင်း၊ အမှတ်(၄၉)ခြေလျင်တပ်ရင်း၊ အမှတ်(၆၅)ခြေလျင်တပ်ရင်းများသည်လည်းကောင်းပါဝင်ဆင်နွှဲသည်။[၂]

ထို့ပြင် အရှေ့ပိုင်းတိုင်းနယ်မြေ၌ မော်ဖဒေသ၊ ပန်မကောက်ဒေသ၊ ရောင်ခေါက်ဒေသများကို အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်တပ်ဖွဲ့များက ထိုးစစ်ဆင်နေချိန်တွင် ဗကပတပ်မဟာ(၁၂)အင်အားစုများအား ထိမ်းချုပ်ထားရသည့်တာဝန်ကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၂)စစ်ဗျူဟာကွပ်ကဲမှုအဖွဲ့ကအမှတ်(၂၃)ခြေလျင်တပ်ရင်း၊ အမှတ်(၃၃)ခြေလျင်တပ်ရင်းများဖြင့် ယူခဲ့ရ

၁ (က) အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း
(ခ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၉မှ ၃၀-၁၂-၇၉အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၈-၈၂၊ ၈၅-၈၆၊ ၈၇-၈၈

၂ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

လေသည်။[၁]

ယင်းစစ်ဆင်ရေးကြီးတွင် အထက်ဖော်ပြပါတပ်ရင်းများကအဇွတ်ထိုဒေသမှ ဗကပတပ်မဟာ (၁၂)အင်အားစုများအား ၁၉၇၉ခုနှစ် နိုဝင်ဘာလ(၁၉)ရက်နေ့မှ ဒီဇင်ဘာလ(၂၁)ရက်နေ့အထိလည်းကောင်း၊ မန်ဖ၊ မန်မန်ဆိုင်ဒေသရှိ တပ်မဟာ(၁၂)အင်အားစုများကို နိုဝင်ဘာလ(၁၉)ရက်နေ့မှ ၁၉၈၀ပြည့်နှစ်၊ ဇန်နဝါရီလ(၆)ရက်နေ့အထိလည်းကောင်း၊ တပ်မဟာ(၆၈၃)အင်အားစုများကို နိုဝင်ဘာလ(၂၃)ရက်နေ့မှ ၁၉၈၀ပြည့်နှစ် ဇန်နဝါရီလ(၆)ရက်နေ့အထိလည်းကောင်း ထိန်းချုပ်တိုက်ခိုက်ခဲ့သည်။ မော်ဖဒေသအတွင်းရှိ ဗကပစခန်းများဖြစ်သော မွန်ဒိုး၊ လွယ်ဆိုက်ခေါင်၊ ဝင်းဆိုင်၊ ဝမ်ဆလောင်း၊ နမ့်ဟမ်စု၊ ပန်စ ပွိုင့်-၆၀၂၈၊ ပွိုင့်-၆၀၀၀နှင့် ဝမ်ပါလောင်းစခန်းများကို တပ်မတော်က သိမ်းပိုက်ရရှိသည်။ ဗကပတပ်မဟာ (၆၈၅)အင်အားစုများကိုလည်း တပ်မတော်က ၁၉၇၉ ခုနှစ် နိုဝင်ဘာလ(၂၃)ရက်နေ့မှ ၁၉၈၀ပြည့်နှစ် ဇန်နဝါရီလ(၆)ရက်နေ့အထိ ထိန်းချုပ်တိုက်ခိုက်ပြီး ရောင်ခေါက်၊ နောက်ဆန်ခါး၊ ပန်မကောက်နှင့် ပန်ယောင်စခန်းများကို သိမ်းပိုက်ရရှိခဲ့သည်။ ပွိုင့်-၅၆၅၂ဒေသရှိ တပ်မဟာ(၆၈၅)အင်အားစုများကိုလည်း ထိမ်းချုပ်တိုက်ခိုက်ပြီး တပ်မတော်စစ်ကြောင်းများသည် ပန်မတ်ကြော၊ ပွိုင့်-၅၄၄၆၊ လွယ်ပန်တွန်းတို့ကို သိမ်းပိုက်ခြေကုတ်ယူနိုင်ခဲ့သည်။

ထိုမင်းရန်အောင်စစ်ဆင်ရေးကြီးတွင် ရန်သူနှင့် ရင်ဆိုင်တိုက်ပွဲကြီးပေါင်း (၆၉)ကြိမ် ပြင်းပြင်းထန်ထန် အနီးကပ်ဖြစ်ပွားပြီး တိုက်ပွဲငယ်ပေါင်း(၈၅)ကြိမ်ဖြစ်ပွားသည်။ တပ်မတော်မှ အရာရှိစစ်သည် (၂၁၇)ဦးကျဆုံးပြီး (၆၄၅)ဦးဒါဏ်ရာရရှိ၍ ရန်သူအလောင်း(၄၁၁)လောင်းရကာ (၁၂)ဦးဖမ်းမိလျက် လက်နက်ချသူ(၅)ဦးရှိသည်။ ဤစစ်ဆင်ရေးတွင် လက်နက်မျိုးစုံ(၇၇)လက်နှင့် ခဲယမ်းအမြောက်အများဖမ်းဆီးရမိသည်။[၂]

၁၉၇၉ခုနှစ်အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းသောင်းကျန်းသူများနှင့် တပ်မတော်၏ စစ်ဆင်ရေး

ပြည်ပြေးအဖွဲ့သည် ချုပ်ငြိမ်းလျက်ရှိနေပြီဖြစ်သည်။ ပြည်ပြေးအထူးတိုင်းမှာ ပြိုကွဲသွားပြီး ထိုတိုင်းမှ ဂျင်မီ(ခေါ်) မင်းနိုင်ဦးစီးသည့် အင်အား(၃၀)ခန့်သည် ၁၉၇၆ခုနှစ် ဩဂုတ်လ၌ ပြည်ပြေးအဖွဲ့မှ ခွဲထွက်ပြီး ရွှေလမ္ဘော်စခန်း၌ သီးခြားနေထိုင်ကာ သစ်နှင့်မိုင်းလုပ်ငန်းကို ထိုင်းကုန်သည်များနှင့် ပူးပေါင်းလုပ်ကိုင်ခဲ့သည်။ ဗိုလ်ရန်နိုင်သည် ၁၉၇၈ခုနှစ်၊ မေလမှစ၍ ရွှေလမ္ဘော်စခန်းသို့

---

[၁] ကက(ကြည်း) စစ်ဆင်ရေးဌာနစု၏ ၁-၉-၇၈မှ ၃၁-၁၂-၇၈အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၅၈

[၂] (က) မြန်မာသမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ (တတိယတွဲ) မျက် ၁၈၆-၁၈၇

(ခ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၇၈မှ ၃၁-၁၂-၇၈အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၅၈

ရောက်ရှိပြီး ထိုမှဘန်ကောက်သို့ ထွက်ခွါသွားသည်။ ပြည်ပြေးဦးသွင်သည် ဘန်ကောက်မြို့၌ အကျယ်ချုပ်ဖြင့်လည်းကောင်း၊ ရန်ကုန်ဘဆွေသည် ဘန်ကောက်တွင်လည်းကောင်း ရောက်ရှိနေသည်။ မန်းမြင့်ဆိုင်သည် ကေအင်ယူ အစည်းအဝေးတက်ရန် ထွက်ခွါသွားပြီး ကြယ်ဝါစခန်းရှိ မန်းမြင့်ဆိုင်အဖွဲ့အား ကေအင်ယူတပ်ရင်း(၁၀)မှ အော်လီဗာ နှင့်အဖွဲ့က ၁၉၇၉ခုနှစ်၊ ဧပြီလအတွင်း ဖမ်းဆီး၍ (၃)ရက်အကျယ်ချုပ်ထားရှိပြီး ပြည်ပြေးအဖွဲ့ချုပ်ငြိမ်းသွားပြီးဖြစ်ကြောင်း ပြောဆို၍ ငွေ(၄၀၀)ကျပ်စီပေးကာ ထိုင်းနိုင်ငံ ပကျွတ်မြို့သို့ ပို့ပေးခဲ့သည်။[၁] မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌ နိုင်ရွှေကျင်သည် ဝါရီရှုတွင် အခြေပြုလျက် အင်အား(၂၀)ခန့်ရှိပြီး တပ်ရင်း(၉)တွင် အင်အား(၈၀) ခန့်နှင့်မြို့နယ်အင်အားတွင်(၁၀၀)ခန့်ရှိ၍ စုစုပေါင်း(၂၀၀)ခန့်ရှိသည်။[၂] တနင်္သာရီစစ်ဒေသဗကပ တို့မှာ အင်အား(၂၈၀)ရှိပြီး ကေအင်ယူအဖွဲ့မှာမူ (၁၇၄၈)ဦးရှိသည်။[၃] ကေအင်ယူဗဟိုဌာနချုပ် သည် မာနယ်ပလောဌ အင်အား(၈၀)ခန့်ဖြင့်ရှိ၍ ဝိုလ်မြ၏ တပ်မ(၁)ဌာနချုပ်သည် သာဆောင်ရမ်း၌ အင်အား(၈၀)ခန့်ဖြင့်ရှိသည်။ တပ်မဟာ(၁)တွင် တပ်ရင်း(၁)နှင့် တပ်ရင်း(၂)စုစုပေါင်းအင်အား (၄၀၀)ကျော်ရှိသည်။ တပ်မဟာ(၆)တွင်တပ်ရင်း(၁၀)နှင့် တပ်ရင်း(၁၆)စုစုပေါင်းအင်အား(၅၅၀)ခန့် ရှိ၍ တပ်မဟာ(၇)တွင် တပ်ရင်း(၁၉) (၂၀) (၂၁) (၂၂)နှင့် (၁၀၁) ၅ရင်းရှိပြီး အင်အား (၁၄၅၀) ရှိ၍ တပ်ရင်းများမှ ထုတ်နုတ်ကာ စစ်ကြောင်း(၄)ကြောင်းဖွဲ့စည်းထားသည်။[၄]

တပ်ရင်း(၁၉)မှ ဖါးကလိဦးစီးသောအင်အား (၆၀)ခန့်သည် ထားဝယ်၊ မြိတ်၊ နယ်မြေတွင် လှုပ်ရှားလျက်ရှိရာ ၄-၁-၇၉ရက်နေ့တွင် အမှတ်(၂၅)ခြေလျင်တပ်ရင်းမှ တပ်စု၄စုသည် ဖါးကလို၏ ခမောင်းသွယ်ချောင်းအရှေ့ဖက်ရှိယာယီစခန်းအား ဝင်ရောက်တိုက်ခိုက်ပြီး မီးရှို့ဖျက်ဆီးသည်။ ၁၆-၁-၇၉ရက်နေ့တွင် ယာကူးစခန်းအား အမှတ်(၂၅)ခြေလျင်တပ်ရင်းမှတိုက်ခိုက်ခဲ့ရာ ရန်သူထံမှ အမ်-၁၆ (၁)လက်ရရှိသည်။ ၂၁-၁-၇၉ရက်နေ့တွင် အမတ်(၂၅)ခြေလျင်တပ်ရင်းမှ တပ်စု၄စုသည် ဖါးကလိဦးစီးသော အင်အား(၈၀)ခန့်နှင့် တိုက်ပွဲဖြစ်ပွါးခဲ့သည်။ ၂၄-၄-၇၉ရက်နေ့တွင် ဖါးကလိဦးစီးသော အင်အား(၆၀)ခန့်သည် မြင်းခံဘော်ကို (၅၇)မမအပါအဝင်လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်၍ အမှတ်(၂၅)ခြေလျင်တပ်ရင်းမှူးဦးစီးသောတပ်ခွဲ(၃)ခွဲဖြင့်ဝင်ရောက်ရှင်းလင်းတိုက်ခိုက်ရာ ၂၉-၄-၇၉ရက်နေ့နှင့် ၃၀-၄-၇၉ရက်နေ့များတွင်ထိတွေ့တိုက်ပွဲဖြစ်ပြီး ဖါးကလိအဖွဲ့ ခေါင်းဆောင်ကျန်းများသို့ ဆုတ်ခွါသွားသည်။ ၁၄-၁-၇၉ရက်နေ့တွင် ကိုလေဘုန်းကြီးကျောင်း၌ အမှတ်(၂၈)ခြေလျင်တပ်ရင်းမှူးဦးစီးသော တပ်ခွဲ ၄ခွဲနှင့် စစ်ကြောင်း ၁/၂ ကျော်နှီ၊ ကျော်တုတုတို့ဦးစီးသော အင်အား

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၉မှ ၃၀-၄-၇၉အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၉၉

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၇၉မှ၃၁-၁၂-၇၉အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၁၀၆

၃ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၇၉မှ၃၁-၁၂-၇၉အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၉၄-၁၀၁

(၃၀၀)ကျော်ခန့် တိုက်ပွဲဖြစ်ပွားသည်။ ၁၉-၁-၇၉ ရက်နေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၁)စစ်ဗျူဟာအဖွဲ့၊ အမှတ်(၂၈)ခြေလျင်တပ်ရင်း၊ အမှတ်(၄၈)ခြေလျင်တပ်ရင်းများနှင့် ကျော်နီ၊ ကျော်တုတု၊ ခင်စိုးဦးစီးသော အင်အား(၅၀၀)ခန့်တောင်စွန်းဘုရားကုန်းနှင့် ရေတွင်းအကြားတွင် ပြင်းထန်စွာတိုက်ပွဲဖြစ်ရာ ယင်းတိုက်ပွဲတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် ကျော်နီဒဏ်ရာရရှိပြီး အဖွဲ့များခွဲ၍ ဆုတ်ခွာသည်။[၁]

အရှေ့တောင်တိုင်းစစ်ဌာနချုပ်သည် **ဇွဲအောင်**စစ်ဆင်ရေးနှင့် **နေမင်းအောင်**စစ်ဆင်ရေးများကို အမှတ်(၁)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၂)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၉)ခြေလျင်တပ်ရင်း၊ အမှတ်(၂၈)ခြေလျင်တပ်ရင်းအမှတ်(၉၇)ခြေလျင်တပ်ရင်းများဖြင့်လည်းကောင်း အမှတ်(၂)စစ်ဗျူဟာအဖွဲ့သည်အမှတ်(၂၄)ခြေလျင်တပ်ရင်း၊အမှတ်(၃၁)ခြေလျင်တပ်ရင်း၊ အမှတ်(၃၂)ခြေလျင်တပ်ရင်း၊အမှတ်(၆၂)ခြေလျင်တပ်ရင်း၊အမှတ်(၉၆)ခြေလျင်တပ်ရင်းများဖြင့်လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာအဖွဲ့သည်အမှတ်(၁၇)ခြေလျင်တပ်ရင်း၊အမှတ်(၂၅)ခြေလျင်တပ်ရင်း၊ အမှတ်(၆၁)ခြေလျင်တပ်ရင်း၊သတ္တုတိုးချဲ့တပ်ခွဲ ၅ခွဲ၊ အမှတ်(၇၁)ခြေလျင်တပ်ရင်းမှ တပ်ခွဲ ၁ခွဲတို့ဖြင့်လည်းကောင်း တိုင်းစစ်ဌာနချုပ်တိုက်ရိုက်ကွပ်ကဲမှုဖြင့် တိုင်းအရန်ကွန်မန်ဒိုတပ်ခွဲ ၃ခွဲဖြင့်လည်းကောင်း၊ အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်မှ အမှတ်(၁)နှင့်(၂)နည်းဗျူဟာများနှင့် အမှတ်(၁)ခြေမြန်တပ်ရင်း၊ အမှတ်(၂)ခြေမြန်တပ်ရင်း၊ အမှတ်(၃)ခြေမြန်တပ်ရင်း၊ အမှတ်(၄)ခြေမြန်တပ်ရင်း၊ အမှတ်(၅)ခြေမြန်တပ်ရင်း၊ အမှတ်(၆)ခြေမြန်တပ်ရင်းများဖြင့်လည်းကောင်းအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အမှတ်(၂၆)ခြေလျင်တပ်ရင်း၊ အမှတ်(၃၀)ခြေလျင်တပ်ရင်း၊ အမှတ်(၅၁)ခြေလျင်တပ်ရင်း၊ အမှတ်(၆၃)ခြေလျင်တပ်ရင်း၊ အမှတ်(၉၈)ခြေလျင်တပ်ရင်းများဖြင့်လည်းကောင်းဆင်နွှဲခဲ့သည်။[၂] ယင်းစစ်ဆင်ရေးတွင်တပ်မတော်မှ (၁၆၇)ဦးကျဆုံး၍(၄၆၇)ဦးဒဏ်ရာရကာရန်သူဘက်မှ (၂၀၁)ဦးကျဆုံးပြီး(၄၆)ဦးဖမ်းဆီးမိ၍ (၉၀)ဦးလက်နက်ချခဲ့သည်။[၃]

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၉မှ ၃၀-၄-၇၉အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၉၁၊၉၃၊၉၄

၂ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၉မှ၃၁-၁၂-၇၉အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၁၀၀-၁၀၄၊ ၁၁၂-၁၂၃၊၁၁၈၊၁၁၉

၁၉၇၉ခုနှစ်အတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် နှင့် အလယ် ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေများအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေးများ

ရန်ကုန်တိုင်းအတွင်း ဗကပတို့၏မြေအောက်လှုပ်ရှားမှုများ မတွေ့ရှိရဘဲ ပြည်ပြေးအဖွဲ့မှလည်း အလင်းဝင်ရောက်သူ ၂ ဦးနှင့် ဖမ်းဆီးရမိသူ(၁)ဦးသာရှိခဲ့သည်။ ကေအင်ယူများသည်မူ မိုင်းဖောက်ဖျက်ဆီးခြင်းလုပ်ရပ်တစ်ခု လုပ်ဆောင်၍ ရန်ကုန်မြို့နယ်၊ အင်းစိန်၊ တောင်သူကုန်းမှ လူငယ်(၁၁)ဦးတောခိုသွားသည်။ အောင်မိုးစစ်ဆင်ရေးကို ဆက်လက်လုပ်ဆောင်သည်။ အနောက်တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင်လည်း သောင်းကျန်းသူလှုပ်ရှားမှုများမရှိ၍ နယ်မြေစိုးမိုးရေးကိုပင် ဆက်လက်ဆောင်ရွက်ခဲ့သည်။[၁]

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းတွင်မူ သောင်းကျန်းဆူပူမှုများ အတန်အသင့်ရှိနေခဲ့ရာ ကေအင်ယူတပ်မဟာ(၂)သည် အင်အား(၂၇၀)ဖြင့် ကျောက်ကြီးမြို့နယ်တွင်လည်းကောင်း၊ ကေအင်ယူတပ်မဟာ(၃)သည် အင်အား(၄၄၀)ခန့်ဖြင့် ရွှေကျင်မြို့နယ်တွင်လည်းကောင်း ရှိနေကြပြီး၊ ကယန်းပြည်သစ်ပါတီမှအင်အား(၈၀)ခန့်မှာမူ ၃၁-၅-၇၉ရက်နေ့မှစ၍ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌လှုပ်ရှားမှုမရှိတော့ဘဲ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ ကင်းလိုက်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ကန့်ဌေးတို့သို့ရောက်သွားကြသည်။ ကေအင်ယူဗျကောပုဒေသသောင်းကျန်းသူအဖွဲ့မှ အင်အား(၁၃၀)၊ ကေအင်ယူတပ်မဟာ(၃)နယ်မြေ စစ်ဆင်ရေးအကူအဖွဲ့မှ အင်အား(၁၅၀)တို့သာရှိနေကြပြီး၊ ပဲခူးရိုးမလက်ကျန် ကေအင်ယူပီအဖွဲ့မှ အင်အား(၆)ဦးသည် ပဲခူးရိုးမအရှေ့ခြမ်း၊ အနောက် ခြမ်းများ၌ရှိနေရာမှ ၁၃-၁၂-၇၉ ရက်နေ့တွင် အလင်းဝင်ခဲ့သည်။[၂]

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ **အောင်စိုးမိုး**စစ်ဆင်ရေးအဆင့်(၁၅)ကို ဆက်လက်ဆင်နွှဲခဲ့ရာ တိုင်းစစ်ဌာနချုပ်နှင့် အမှတ်(၁)စစ်ဗျူဟာအဖွဲ့၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့တို့မှ ကွပ်ကဲလျက် အမှတ်(၂၆)ခြေလျင်တပ်ရင်း၊အမှတ်(၃၀)ခြေလျင်တပ်ရင်း၊အမှတ်(၃၅)ခြေလျင်တပ်ရင်း၊ အမှတ်(၃၉)ခြေလျင်တပ်ရင်း၊ အမှတ်(၄၀)ခြေလျင်တပ်ရင်း၊ အမှတ်(၅၃)ခြေလျင်တပ်ရင်း၊ အမှတ်(၅၇)ခြေလျင်တပ်ရင်း၊ အမှတ်(၅၉)ခြေလျင်တပ်ရင်း၊ အမှတ်(၆၁)ခြေလျင်တပ်ရင်း၊ အမှတ်(၆၃)ခြေလျင်တပ်ရင်း၊ အမှတ်(၈၅)ခြေလျင်တပ်ရင်း၊ အမှတ်(၆၀)ခြေလျင်တပ်ရင်းများပါဝင်သည်။ ၁-၉-၇၉ ရက်နေ့တွင် အမှတ်(၈၅)ခြေလျင်တပ်ရင်းကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်သို့ လွှဲပြောင်းပေးသည်။[၃] ယင်းစစ်ဆင်ရေးတွင် တပ်မတော်မှ(၃၆)ဦးကျဆုံး၍ (၁၃၆)ဦးဒဏ်ရာရရှိကာ သောင်းကျန်းသူများဘက်မှ

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၁-၇၉မှ ၃၀-၄-၇၉အတွင်း ရန်ကုန်တိုင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက်များ မျက် ၁၁၉-၁၂၅

၂ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၃ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

(၁၁၈)ဦးကျဆုံး၍ (၁၂)ဦးကိုဖမ်းမိကာ (၆)ဦးလက်နက်ချခဲ့သည်။[၁]

၁၉၇၉ခုနှစ်အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းသောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

ရခိုင်ပြည်နယ်ဗကပအဖွဲ့မှကျော်မြနှင့်အဖွဲ့ဝင်အင်အား(၄၈)ဦးသည်ဘူးသီးတောင်၊ ပြည်နယ်ဒေသတပ်မတော်သည် အင်အား(၁၅၉)ဦးဖြင့် ပုဏ္ဏားကျွန်း၊ မြောက်ဦး၊ မင်းပြား၊ ကျောက်တော်၊ ဗကပစစ်တွေခရိုင်အဖွဲ့နှင့် ဆေးရုံတို့သည် အင်အား(၃၄)ဦးဖြင့် ပုဏ္ဏားကျွန်း၊ စစ်တွေခရိုင်လက်အောက်ခံမြို့နယ်အဖွဲ့များသည် အင်အား(၂၇၈)ဦးဖြင့် မြောက်ဦး၊ မင်းပြား၊ ပေါက်တော၊ ဘူးသီးတောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်ဖြူ မြေပုံ၊ အမ်း၊ ကျောက်ဖြူခရိုင်ရုံးနှင့် လက်အောက်ခံမြို့နယ် အဖွဲ့များသည် အင်အား(၄၉)ဦးဖြင့် ပလက်ဝ၊ ဗိုလ်သက်ထွန်း၏အနောက်မြောက်တိုင်းတပ်သည် သံချောင်း၊ ဝက်ချောင်း၊ မိုးချောင်းဒေသနှင့် အနောက်မြောက်တိုင်းအဖွဲ့သည် အင်အား(၉၅)ဦးဖြင့် မြေပုံ၊ အမ်း၊ စေတုတ္တရာ၊ ငဖဲ၊ ပွင့်ဖြူ မင်းဘူးဒေသ၊ လုံကျန်အဖွဲ့သည် အင်အား(၇)ဦးဖြင့် အမ်း စသည်တို့တွင် အသီးသီးရှိနေကြသည်။[၂] ရခိုင်ပြည်နယ်ဗကပအဖွဲ့နှင့် ဗကပဗဟို အဖွဲ့တို့သည် အဆက်အသွယ်ရနေကြပြီဖြစ်သည်။ ရခိုင်ပြည်နယ် ဗကပအဖွဲ့မှကျော်မြသည် ၁၉၇၅ ခုနှစ်မှစ၍ ဗဟိုနှင့်အဆက်အသွယ်ရရှိရေးအတွက် ပြည်နယ်နိုင်ငံရေးဌာနမှ လှထွန်းအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စေလွှတ်ထားခဲ့ရာ ထိုနိုင်ငံရှိတရုပ်သံရုံးမှတစ်ဆင့် အဆက်အသွယ်ရရှိခဲ့သည်။ ဗကပဗဟိုမှလည်း ရခိုင်ပြည်နယ်ရှိကျော်မြနှင့် အဆက်အသွယ်ရရှိရေးအတွက် တနင်္သာရီတိုင်း၊ မြိတ်ခရိုင်ရှိ ဗကပဗဟို ကော်မတီဝင် စောဟန်အား တာဝန်ပေး၍ စောဟန်ထံမှစာကို ကျော်မြသည် ၁၉၇၇ခုနှစ်တွင် ရရှိခဲ့သည်။ ဗကပဗဟိုဥက္ကဋ္ဌသခင်ဗသိန်းတင်မှ ကျော်မြထံပေးစာတွင် ဗဟိုသို့မလာမဖြစ် လာရောက်စေလိုကြောင်း၊ ဖြုတ်-ထုတ်-သတ်လမ်းစဉ်ကို အမြန်ဆုံးရပ်စဲပစ်ရန်နှင့် သံတွဲခရိုင်သို့ စစ်ရေးအရ ထိုးဖောက်စည်းရုံးရန်လိုကြောင်း၊ ချေမှုန်းရေးစစ်ပွဲကို အနားချေစစ်နှင့်ပေါင်းစပ်လုပ်ကိုင်ရန်လိုကြောင်းများဖော်ပြထားသည်။[၃] အနောက်မြောက်တိုင်းမှဗိုလ်သက်ထွန်းသည် ကျော်မြနှင့် အဆက်အသွယ်ရှိနေပြီး၊ ကျော်မြကလည်း အနောက်မြောက်တိုင်းနှင့်ဆက်သွယ်လုပ်ကိုင်ရန်

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၁-၇၉မှ ၃၁-၁၂-၇၉အတွင်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၅၄၊ ၁၇၀၊ ၁၅၅

၂ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၁-၇၉မှ၃၀-၄-၇၉အတွင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၂၆

ပြည်နယ်ကော်မတီ သာထွန်းဦးအား စစ်တွေခရိုင်သို့လွှဲအပ်ထားသည်။[၁]

အနောက်ပိုင်းတိုင်းနယ်မြေအတွင်း၌ ဗကပများအပြင် အလံနီကွန်မြူနစ်ပါတီမှလည်း ကျော်ဇံရွှေးသည် အင်အား(၅၃)ဦးဖြင့် မင်းပြား၊ မြေပုံနယ်မြေတွင်လည်းကောင်း၊ ချင်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့သည် အင်အား(၁၇)ဦးဖြင့် မင်းပြားတွင်လည်းကောင်း၊ အလံနီမောင်ဟန်အဖွဲ့သည် အင်အား(၆၆)ဦးဖြင့် မင်းပြား၊ မြေပုံ၊ ပေါက်တော်၊ ကျောက်တော်တွင်လည်းကောင်း၊ အလံနီဗဟိုလက်ကျန်သော်တာအဖွဲ့သည် အင်အား(၂၉)ဦးဖြင့် မင်းလှတွင်လည်းကောင်းရှိနေကြသည်။ ထို့ပြင် အေအိုင်အေအဖွဲ့သည် အင်အား(၃၂)ဦးဖြင့် ကျောက်တော်၌ရှိနေပြီး၊ ရမလပအဖွဲ့သည် အင်အား(၄၀)ဦးဖြင့် တစ်ဘက်နိုင်ငံနယ်စပ်တွင်ရှိနေကြသည်။ ကုလားဆိုးအဖွဲ့မှ ဘီအေဇော်ဖေါ့အဖွဲ့သည် အင်အား(၆၃)ဦးဖြင့်လည်းကောင်း၊ အဒူဇော်လီအဖွဲ့သည် အင်အား(၂၀)ဦးဖြင့်လည်းကောင်း၊ မောင်းတောင်၌ လှုပ်ရှားလျက်ရှိသည်။[၂] ရိုဟင်ဂျာမျိုးချစ်တပ်ဦး (အာပီအက်ဖ်)အဖွဲ့မှ ဥက္ကဋ္ဌဘီအေဇော်ဖေါ့သည် ဆော်ဒီအာရေဗျနိုင်ငံမှ လျှို့ဝှက်ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ယင်းနိုင်ငံအကူအညီဖြင့် ၁၉၇၉ခုနှစ်၊ ဇန်နဝါရီလပထမပတ်တွင် ထွက်ခွါခဲ့ကြောင်း သတင်းရရှိသော်လည်း[၃] နောက်ဆုံးအတည်ပြုထောက်လှမ်းချက်အရဇော်ဖေါ့သည် ဆော်ဒီအာရေဗျနိုင်ငံသို့ ထွက်ခွါသွားခြင်းမဟုတ်ဘဲ ဒက္ကားမြို့တွင်တစ်ပတ်ခန့်နေထိုင်ပြီး၊ ဇန်နဝါရီလတတိယပတ်ခန့်တွင် နယ်မြေသို့ပြန်လည်ရောက်ရှိကြောင်းသိရသည်။[၄] ထို့ပြင်၁၉၇၉ခုနှစ်၊ ဇူလိုင်လတွင် အိန္ဒိယနိုင်ငံတွင် မိဇိုသောင်းကျန်းသူများအား မတရားအသင်းကြေငြာပြီး၊ အစိုးရတပ်များမှ လိုက်လံတိုက်ခိုက်၍ မိဇိုသောင်းကျန်းသူများသည်ပလက်ဝမြောက်ခြမ်းသို့အဖွဲ့ငယ်များဖြင့်ဝင်ရောက်လာသဖြင့် တပ်မတော်မှလိုက်လံရှင်းလင်းရာ ဩဂုတ်လတွင် (၄)ကြိမ်၊ စက်တင်ဘာလတွင်(၁)ကြိမ် ထိတွေ့မှုများရှိပြီး၊ မိဇိုသောင်းကျန်းသူများတစ်ဘက်နိုင်ငံသို့ ပြည်လည်ဝင်ရောက်သည်။[၅]

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အမှတ်(၁)စစ်ဗျူဟာအဖွဲ့၏ ကွပ်ကဲမှုဖြင့် အမှတ်(၂၀) ခြေလျင်တပ်ရင်း၊ အမှတ်(၃၄)ခြေလျင်တပ်ရင်း၊ အမှတ်(၄၄)ခြေလျင်တပ်ရင်း၊ အမှတ်(၅၅)ခြေလျင်တပ်ရင်း၊ အမှတ်(၉၂)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၄)ခွဲစီ တိုင်းကွန်မန်ဒိုတပ်စု(၅)စု၊ အမှတ်(၇၁) ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၁)ခွဲတို့ဖြင့် ပလက်ဝမြို့နယ်၊ မင်းတုံးမြို့နယ်၊ မင်းလှမြို့နယ်များ အပါအဝင်

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ သုံးသပ်ချက် ၁-၁-၇၉မှ ၃၀-၄-၇၉အတွင်းအနောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး မှတ် ၁၂၉

၂ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ သုံးသပ်ချက် ၁-၁-၇၉မှ၃၀-၄-၇၉အတွင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး မှတ် ၁၃၂

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ သုံးသပ်ချက် ၁-၅-၇၉မှ၃၁-၈-၇၉အတွင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး မှတ် ၁၄၁

၅ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ သုံးသပ်ချက် ၁-၉-၇၉မှ၃၁-၁၂-၇၉အတွင်းအနောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး မှတ် ၁၃၅

ရခိုင်ပြည်နယ်အတွင်း၌ **ဓညဝတီ**စစ်ဆင်ရေးဆင်နွှဲခဲ့သည်။ တစ်ဖန် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှု အောက်တွင် အမှတ်(၃၄)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၂)ခွဲ၊ အမှတ်(၄၄)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၃)ခွဲ၊ အမှတ်(၇၀)ခြေလျင်တပ်ရင်းမှ (၅)ခွဲ၊ အမှတ်(၈၈)ခြေလျင်တပ်ရင်းမှ (၂)ခွဲတို့ဖြင့် ဗကပအနောက်မြောက်တိုင်းတပ်ကို ဦးတည်၍ မင်းတုံး၊ မင်းလှမြို့နယ်အနောက်ခြမ်း၊ မြင်းကတေတောင်၊ ကသန်းတောင်၊ ကျွဲဥးတောင်နှင့် မထုံးချောင်းပတ်ဝန်းကျင်ဒေသ၌ **ရဲသီဟ**စစ်ဆင်ရေးလုပ်ဆောင်သည်။ ယင်းစစ်ဆင်ရေးများတွင် တပ်မတော်မှ (၄)ဦးကျဆုံး၍ (၉)ဦးဒဏ်ရာရရှိပြီး၊ သောင်းကျန်းသူဘက်မှ(၆၇)ဦးကျဆုံး၍ (၅၆)ဦးလက်ရဖမ်းမိကာ (၁၅၃)ဦးလက်နက်ချသည်။[၁]

၁၉၇၉ခုနှစ်အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းသောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေရှိ ဗန်းမော်၊ အင်းတော်၊ ကသာဒေသ၌ကေအိုင်အေတပ်မဟာ(၂)မှ တပ်ခွဲ(၂)ခွဲသည် အင်အား(၁၀၀)ခန့်ဖြင့်ရှိနေရာ ယင်းသောင်းကျန်းသူတို့သည် လူဖမ်းဆီးပြန်ပေးဆွဲခြင်း၊ ပစ်ခတ်ခြင်းများပြုလုပ်လျက်ရှိသည်။ ၂-၂-၇၉ ရက်နေ့မှ ၆-၂-၇၉ရက်နေ့အထိမြေနီတောင်တွင်ပြုလုပ်သောအရှေ့မြို့နယ်အစည်းအဝေးနှင့် (၁၉)ကြိမ်မြောက်ကချင် လွတ်လပ်ရေးနေ့သို့ လူ(၃၅၀)ခန့်တက်ရောက်ပြီး၊ ကေအိုင်အေတပ်ရင်း(၅)တပ်ရင်းမှူး တိန်ဘောင်းကမိန့်ခွန်း ပြောကြားခဲ့သည်။[၂] ၂၈-၅-၇၉ရက်နေ့တွင် အက်စ်အက်စ်အေ ရှမ်းသောင်းကျန်းသူတပ်ရင်း (၂၀၂၅)မှတပ်ရင်းမှူးဆိုင်းလျံဦးစီးသော အင်အား(၈၀)ခန့်သည် တုံစေးသို့ရောက်ရှိစခန်းချစဉ် ကေအိုင်အေတပ်ရင်း(၉)မှ ဂရင်နော်ဦးစီးသော အင်အား(၁၀)ဦးခန့်က လာရောက်ပစ်ခတ်၍ တိုက်ပွဲဖြစ်ခဲ့သည်။ ၁၁-၆-၇၉ ရက်နေ့တွင် အက်စ်အက်စ်အေတပ်ရင်း(စ၁၆)မှ နိုင်ငံရေးမှူး ဘိုလူ၊ ဒုတိယတပ်ရင်းမှူး ဆိုင်းခန်း၊ တပ်ခွဲ(၁)တပ်ခွဲမှူး စိုင်းခုံး၊ တပ်ခွဲ(၂)မှနိုင်ငံရေးမှူး ဟိန်းလူတို့ဦးစီးသော အင်အား (၂၀၀)ခန့်သည် ပန်ကွဲမှ ကွန်ခါသို့ရောက်ရှိပြီး ညအိပ်ခဲ့သည်။ ၂၂-၇-၇၉ရက်နေ့တွင်လည်း အက်စ်အက်စ်အေတပ်ရင်း(၂၀၂၄)မှ ငွေလင်းဦးစီးသောအင်အား (၅၀)ခန့်သည် အနောက်မြောက်တိုင်းနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဆက်စပ်နယ်မြေပဇိမှ မိုင်းဟုန်းသို့ရောက်ရှိပြီး နန့်ဟောချောင်းဘက်သို့ ထွက်ခွါသွားသည်။[၃] ကယန်းပြည်သစ်အဖွဲ့မှ သောင်းကျန်းသူတို့သည် ကင်းလိုက်တွင် စခန်း ချလျက်ရှိရာ အင်အား(၃၀)ခန့်သည် ယင်းဒေသတွင်

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၉ မှ ၃၁-၁၂-၇၉အတွင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၃၃-၁၃၈၊ ၁၄၃-၁၅၁

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၇၉ မှ ၃၀-၄-၇၉အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၄၀

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၄-၇၉မှ ၃၁-၈-၇၉အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၅၅

စပါးဝယ်ယူခြင်း၊ ရွှေအေးနှင့်အိုက်ကဖြူဦးစီးသော အင်အား(၈၀)ခန့်သည် ကင်းလိုက်တောင်ကြောဌ်လှုပ်ရှားခြင်းများတွေ့ရသည်။[၁] တမူးမြို့နယ်နှင့်ဆက်စပ်လျက်ရှိသောအိန္ဒိယနိုင်ငံ၊ မဏိပူရပြည်နယ်ရှိကူကီးချင်းအမျိုးသားတို့သည် ကူကီး ပြည်နယ်ရရှိရေးအတွက် တိုက်ပွဲဝင်ရန် ကေအင်အေအဖွဲ့ဖွဲ့စည်းလျက်ရှိရာ မြန်မာနိုင်ငံ၊ ဟုမွလင်းနှင့် လေရှီးမြို့နယ်များရှိ တာဒိုချင်း၊ ခေါင်ဆိုင်ချင်းများထံ စာရွက်စာတမ်းများ ဖြန့်ဝေလျက်ရှိသည်။[၂]

အနောက်မြောက်တိုင်းစစ်ဌာနချုပ်သည်**မြရတနာ**စစ်ဆင်ရေးဆင်နွှဲလျက်ရှိရာ တိုင်းစစ်ဌာနချုပ်တိုက်ရိုက်ကွပ်ကဲမှုနယ်မြေတွင် အမှတ်(၄၂)ခြေလျင်တပ်ရင်းဖြင့် မိတ္ထီလာ၊ ကျောက်ဆည်၊ မန္တလေးဒေသ၊ အနောက်မြောက်တိုင်းနှင့် အရှေ့ပိုင်းတိုင်းဆက်စပ်နယ်မြေ၊ အင်တော-ကျောက်ဂူကားလမ်းအနောက်ခြမ်းနယ်မြေ၊လုံဟောင်းဒေသနှင့် အရှေ့မြောက်တိုင်း၊ အရှေ့ပိုင်းတိုင်း၊ အနောက်မြောက်တိုင်းဆက်စပ်နယ်မြေများတွင်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့နယ်မြေတွင် အမှတ်(၅၀)ခြေလျင်တပ်ရင်း၊ အမှတ်(၈၉)ခြေလျင်တပ်ရင်း၊ အမှတ်(၉၅)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၄)ခွဲစီဖြင့် ချင်းပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနယ်မြေများတွင်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာနယ်မြေတွင် အမှတ်(၈၇)ခြေလျင်တပ်ရင်း၊ အမှတ်(၈၈)ခြေလျင်တပ်ရင်းတို့မှ တပ်ခွဲ(၅)ခွဲစီနှင့် အမှတ်(၂)တိုင်းဗဟိုလေ့ကျင့်ရေးစခန်းတို့ဖြင့် မတူပီ၊ မင်းတပ်၊ ကန်ပက်လက်၊ ဆိပ်ဖြူ၊ မင်းဘူး၊ စလင်း၊ စေတုတ္တရာ၊ ပွင့်ဖြူ၊ ငဖဲ၊ ရေနံချောင်း၊ ချောက်၊ မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ မင်းလှစသည်တို့တွင်လည်းကောင်း တိုက်ခိုက်လျက်ရှိကြသည်။ အဆိုပါစစ်ဆင်ရေးတွင် တပ်မတော်မှ (၂)ဦးကျဆုံး၍ (၄)ဦးဒဏ်ရာရခဲ့ပြီး သောင်းကျန်းသူများဘက်မှ(၃၂)ဦးကျ၍ (၅၃)ဦးဖမ်းဆီးမိကာ (၅၈)ဦးလက်နက်ချသည်။ ထို့ပြင် **သူရိန်**စစ်ဆင်ရေးကိုလည်းအမှတ်(၄၂)ခြေလျင်တပ်ရင်းဖြင့်ပင်၁၉၇၉ခုနှစ်၊အောက်တိုဘာလ(၂၆)ရက်နေ့မှ ဒီဇင်ဘာလ(၃၁)ရက်အထိ မိတ္ထီလာ၊ ကျောက်ဆည်၊ မန္တလေး အနောက်မြောက်တိုင်းနှင့် အရှေ့ပိုင်းတိုင်းဆက်စပ်နယ်မြေ၊ အင်တောကျောက်ဂူကားလမ်း အနောက် ခြမ်း၊ လုံတောင်းနှင့် အရှေ့မြောက်တိုင်း၊ အရှေ့ပိုင်းတိုင်းနှင့် အနောက်မြောက်တိုင်းဆက်စပ်နယ်မြေ များတွင် ဆင်နွှဲသည်။[၃]

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၉-၇၉မှ ၃၁-၁၂-၇၉အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် မှတ် ၁၄၄

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၁-၇၉မှ ၃၀-၄-၇၉အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် မှတ် ၁၄၁

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၁-၇၉မှ ၃၁-၁၂-၇၉အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် မှတ် ၁၄၂-၁၄၆၊ ၁၅၆-၁၆၁၊ ၁၄၆

၁၉၈၀ပြည့်နှစ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

ဗကပတပ်ရင်း(၁၀၁)ကို ၁၉၇၉ခုနှစ်၊ ဩဂုတ်လမှအစပြု၍ စစ်ဒေသအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းကာ စစ်ဒေသမှူးအဖြစ် မူလတပ်ရင်းမှူးစခုန်တိန်ယိမ်းက ဆက်လက်တာဝန်ယူကာ တပ်ရင်း(၂)ရင်းနှင့် လက်နက်ကြီးတပ်ဖွဲ့ ဖွဲ့စည်းသည်။ ဆောလော၊ ထောဂေါ၊ စုဝွန်ဘော်နှင့် ခိုဗွေဒေသတို့၌ မူလအတိုင်း မြို့နယ်တပ်များဖြင့် လှုပ်ရှားလျက်ရှိသည်။ စစ်ဒေသဌာနချုပ်ကို ကန်ဘိုက်တီးတွင် ဆက်လက်အခြေပြု၍[၁] ဗကပတို့အင်အားသည် (၉၄၃)ဦးမှ (၁၁၃၉)ဦးသို့တိုးတက်လာသည်။[၂] ကေအိုင်အေဗဟိုဌာနချုပ်ကို ပါဂျီ၌အင်အား(၇၀၀)ဖြင့်ထားရှိရာမှ ပါဂျီသည် ရာသီဥတုပြင်းထန်၍ ဆောင်းအခါ၌ အအေးလွန်ကဲခြင်းကြောင့် ၁၉၈၀ပြည့်နှစ်၊ အေပြီလအတွင်း၌ ဖလမ်းသို့ပြောင်းရွှေ့သည်။ ကေအိုင်အိုဗဟိုဥက္ကဋ္ဌဘရန်ဆိုင်းနှင့် အင်အားအချို့က ပါဂျီတွင်ကျန်ရစ်သည်။ ဇွန်လ(၁၇)ရက်နေ့မှ(၃၀)ရက်နေ့အထိဗဟိုကော်မတီအစည်းအဝေးကို စစ်ဦးစီးဌာနချုပ်၌ပြုလုပ်ခဲ့ပြီး၊ ထိုအစည်းအဝေးဆုံးဖြတ်ချက်အရ ၂၃-၆-၈၀ ရက်နေ့မှစ၍ စစ်ဦးစီးချုပ်လမုန်တူးဂျိုင်အား အထွေထွေအုပ်ချုပ်ရေးဌာနတာဝန်ခံနှင့်ဘဏ္ဍာရေးဌာနတာဝန်ခံအဖြင့်လွှဲပြောင်းခန့်အပ်ပြီး၊ စစ်ဦးစီးချုပ်တာဝန်ကို ဒုတိယစစ်ဦးစီးချုပ်ဇော်မိုင်ကတာဝန်ယူကာ တပ်မဟာ(၃)မှ တပ်မဟာဗိုလ်မှူးပန်းအောင် အား တပ်မဟာ(၂)သို့လည်းကောင်း၊ တပ်ရင်း(၁)မှ ခေါင်ဇောင်းအား တပ်ရင်း(၃)သို့လည်းကောင်း၊ တပ်မဟာ(၄)မှ လွန်းဒေါင်အားတပ်မဟာ(၃)တပ်မဟာဗိုလ်မှူးအဖြစ်လည်းကောင်း ပြောင်းရွှေ့ခန့်အပ်သည်။ လှုပ်ရှားတပ်ရင်း(၁၀၁)၊ (၁၀၂)နှင့် (၁၀၃)တို့အား တပ်ရင်း(၂၅၁) (၂၀၅) (၂၅၃)ဟု ပြောင်းလဲစေသည်။ ဝါဒအပြောင်းအလဲပိုင်းတွင်လည်း ကေအိုင်အိုမှ ကချင်ကွန်မြူနစ်ပါတီဟု အဓိပ္ပါယ်ရသည့် ကေစီပီဖွဲ့စည်းပြီး၊ Sut Kata Masa ခေါ် ပစ္စည်းမဲ့လမ်းစဉ်ကို ကျင့်သုံးရန် ဆုံးဖြတ်သည်။ ၁၉၈၀ပြည့်နှစ်၊ ဇန်နဝါရီအတွင်းက အဆင့်(၃)ကေဒါသင်တန်းတက် ရောက်ရန် ထွက်ခွါသွားသည့် ကေအိုင်အေအဖွဲ့များသည် ၂၇-၅-၈၀ရက်နေ့တွင် ဖလပ်သို့ပြန်လည် ရောက်ရှိသည်။[၃] ကေအိုင်အေတပ်မဟာ(၁)သည် နင်ရော်ကောင်းတွင်အခြေပြုလျက် တပ်ရင်း(၃)ရင်းအင်အား(၉၅၀)ဖြင့်လည်းကောင်း၊ တပ်မဟာ(၂)သည် မဂျီဘွမ်တွင်အခြေပြုလျက် တပ်ရင်း(၃)ရင်းအင်အား(၂၁၉၀)ဖြင့်လည်းကောင်း၊ တပ်မဟာ(၃)သည် ဂျာထုကောင်း၌အခြေပြု၍ တပ်ရင်း(၂)ရင်းအင်အား(၁၅၉၀)ဖြင့်လည်းကောင်း ရှိနေကြသည်။[၄] ပြည်တွင်းနာဂသောင်းကျန်းသူစစ်ဦးစီးဌာနချုပ်

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၅-၈၀မှ ၃၁-၈-၈၀အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၇-၈

၂ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၅-၈၀မှ ၃၁-၈-၈၀အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁-၂

၄ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

အား ခပ်ပလန်နှင့် ဘောနောဦးစီး၍ ကြူယန်းပတ်ဝန်းကျင်တွင်လည်းကောင်း၊ တပ်ရင်း(၁)ကို နိမ်ဝမ်ဦးစီး၍ ဒုံဟီး၊ နမ်ယွန်းဒေသတွင်လည်းကောင်း၊ တပ်ရင်း(၂)ကို အရှိုဟိုဦးစီး၍ ဆောလောဒေသတွင်လည်းကောင်း၊ တပ်ရင်း(၃)ကိုစိန်ညာဦးစီး၍ တာမောင်းဒေသတွင်လည်းကောင်း လှည့်လည် လှုပ်ရှားလျက်ရှိပြီး၊ စုစုပေါင်းအင်အား(၂၀၀)ခန့်ရှိသည်။ ခပ်ပလန်သည်၁၉၇၆ခုနှစ်တွင် အေဇက်ဖီဆိုဦးဆောင်ဖွဲ့စည်းသည့် အမျိုးသားအဖွဲ့အား ပြင်းထန်စွာရှုံ့ချ၍ ၂-၂-၈၀ရက်နေ့မှစပြီး အမျိုးသားဆိုရှယ်လစ်ကောင်စီနှင့် ပြည်သူ့သမ္မတနာဂအစိုးရအဖွဲ့ကို ဖွဲ့စည်းပြီး၊ သမ္မတအဖြစ် ခပ်ပလန်ကလည်းကောင်း၊ အမျိုးသားဆိုရှယ်လစ်ကောင်စီဥက္ကဋ္ဌအဖြစ် အိုက်ဇက်ခ်ီစီယိုကလည်းကောင်း တာဝန်ယူသည်။[၁] ၁၉၈၀ပြည့်နှစ်၊ စက်တင်ဘာလအတွင်း အမျိုးသားဆိုရှယ်လစ်ကောင်စီဥက္ကဋ္ဌ အိုက်ဇက်ခ်ီစီယိုနှင့် ကောင်စီဝင်(၂)ဦးအပါအဝင် နာဂသောင်းကျန်းသူ(၁၄)ဦးသည် ကေအိုင်အေနှင့် ဆက်သွယ်ရန် ကေအိုင်အေတပ်ရင်း(၆)မှတစ်ဆင့် တပ်မဟာ(၂)သို့ ရောက်ရှိလာသည်။[၂]

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သည် **ဇွဲရဲမာန်**စစ်ဆင်ရေးကို ဆင်နွှဲလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တိုက်ရိုက်ကွပ်ကဲလျက် အမှတ်(၃၇)ခြေလျင်တပ်ရင်း၊ အမှတ်(၄၆)ခြေလျင်တပ်ရင်း၊ အမှတ် (၅၂)ခြေလျင်တပ်ရင်း၊ အမှတ်(၇၄)ခြေလျင်တပ်ရင်း၊ အမှတ်(၈၆)ခြေလျင်တပ်ရင်းများဖြင့် အင်ဂျန်းယန်၊ ဆင်ဘို၊ မြစ်ကြီးနား၊ ထရန်ဇွတ်၊ ဆွမ်ပရာဘွမ်၊ ဖေါ်ဝမ်ဒရူး၊ ပူတာအို၊ မချမ်းဘော၊ ခန္တီး၊ ရှင်ဗွေယန်း၊ လေရှီး၊ ဟုမွလင်း၊ တနိုင်း၊ တဂုံ၊ ပရာဇွတ်၊ နောင်မီးဒေသများတွင် တိုက်ခိုက်ရှင်းလင်းသည်။ ထိုစစ်ဆင်ရေးတွင် ၅-၁-၈၀ရက်နေ့၌ အမှတ်(၃၇)ခြေလျင်တပ်ရင်းမှ တပ်စု(၂)စုသည် နမ့်ကျင်စခန်းသို့ထွက်ခွါလာရာလမ်းတွင် ကချင်သောင်းကျန်းသူ(၁၀၀)ခန့်နှင့်တွေ့ဆုံ၍ တစ်နာရီခန့်တိုက်ပွဲဖြစ်ပွားပြီး၊ ရန်သူများဆုတ်ခွါသွားသည်။ တပ်မတော်မှ (၃)ဦးကျဆုံး၍ (၂)ဦး ဒဏ်ရာရရှိကာ ဂျီ-၃သေနတ်(၁)လက်ဆုံးရှုံးသည်။ ရန်သူ(၁)ဦးကျဆုံးပြီး၊ ပွိုင့်-၂၅ပစ္စတို(၁)လက်ရသည်။[၃]

အမှတ်(၁)စစ်ဗျူဟာအဖွဲ့က ကွပ်ကဲလျက် အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၅)ခြေလျင်တပ်ရင်း၊ အမှတ်(၂၁)ခြေလျင်တပ်ရင်း၊ အမှတ်(၄၇)ခြေလျင်တပ်ရင်း၊ အမှတ်(၅၆)ခြေလျင်တပ်ရင်းများဖြင့် မြို့သစ်၊ ဒေါ်ဖုန်းယန်၊ နားလုံ၊ လဲလုံ၊ ဗန်းမော်၊ မိုးမောက်၊ လိုက်ထိပ်၊ စိန်လုံ၊ လွယ်ကျယ်၊ နန့်လင်ပါ၊ စီခမ်းကြီး၊ စီအူး၊ မန်စီ၊ မဒယန်၊ မွန်ဘာပါ၊ တင်စိန်းပါ၊ အူလဲပါ၊ မိုင်းခေါင်ဒေသများတွင်တိုက်ခိုက်သည်။[၄] ထိုစစ်ဆင်ရေးတွင်ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၈၀မှ ၃၁-၈-၈၀အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၉

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၈၀မှ ၃၁-၁၂-၈၀အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၁၀

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၀မှ ၃၀-၄-၈၀အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၁၁

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၈၀မှ ၃၁-၈-၈၀အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၁၄-၁၅

အတွင်းရှိ ကချင်တပ်မဟာ(၃)စခန်းဌာနချုပ် ဂျာထူကောင်းစခန်းအား ၁၉၈၀ပြည့်နှစ်၊ မေလ (၂)ရက်နေ့မှမေလ(၆)ရက်နေ့အထိထိုးဖောက်တိုက်ခိုက်ခဲ့သည့်တိုက်ပွဲလည်းပါဝင်ခဲ့သည်။ မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် အမှတ်(၁)စစ်ဗျူဟာအဖွဲ့က အနီးကပ်ကွပ်ကဲလိုက်ပါ၍ အမှတ်(၁)ကချင်သေနတ် ကိုင်တပ်ရင်းနှင့် အမှတ်(၁၅)ခြေလျင်တပ်ရင်းပူးပေါင်းစစ်ကြောင်းသည် မိမိတို့အခြေပြုရာ ဖွန်ပြင်မှ ၁၉၈၀ပြည့်နှစ်၊ မေလ(၂)ရက်နေ့တွင် စတင်ထွက်ခွါသည်။ ယင်းသို့ခွါတက်စဉ် လမ်း၌ ရန်သူကင်း အဖွဲ့(၁၀)ဦးနှင့် အမှတ်(၁)ကချင်သေနတ်ကိုင်ရှေ့ပြေးအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ (၁၀)မိနစ်ခန့် အကြာတွင် ရန်သူတို့ ဆုတ်ခွါသည်။

နောက်တစ်နေ့ မေလ(၃)ရက်နေ့မွန်းလွဲ(၁)နာရီမှစ၍ တပ်မတော်စစ်ကြောင်း(၁)နှင့် တပ်ခွဲ (၃)ခွဲက ယာယီခြေကုတ်ယူလျက် စစ်ကြောင်း(၂)နှင့် တပ်ခွဲ(၂)ခွဲက ချဉ်းကပ်တိုက်ခိုက်သည်။ ရန်သူ (၁၅၀)ခန့်နှင့် ပြင်းပြင်းထန်ထန်အနီးကပ်တိုက်ပွဲဖြစ်ပွားပြီး၊ ရန်သူသည် ပတ်ဝန်းကျင်ရှိ အင်အား (၃၀၀)ခန့် ထပ်မံအင်အားဖြည့်တင်း၍ လက်နက်ကြီးပစ်ကူဖြင့် တပ်မတော်စစ်ကြောင်းကို တန်ပြန် တိုက်ခိုက်သည်။ သို့ဖြစ်၍ ကချင်(၁)စစ်ကြောင်း(၁)နှင့် အမှတ်(၁)စစ်ဗျူဟာအဖွဲ့နှင့် ခလရ(၁၅) စစ်ကြောင်းတို့ နေရာပြောင်းရွှေ့ခြေကုတ်ယူတိုက်ခိုက်သည်။ ရန်သူသည် အင်အား(၅၀၀)ခန့် ထပ်မံ ဖြည့်တင်းပြီး၊ စုစုပေါင်းအင်အား(၁၀၀၀)နီးပါးခန့်ဖြင့် လက်နက်ကြီးများပစ်ကူ၍တိုက်ခိုက်သည်။ တပ်မတော်စစ်ကြောင်းက စနစ်တကျခုခံတွန်းလှန်၍ ရန်သူများဆုတ်ခွါသည်။ ရန်သူသည် လက်နက်ကြီးများပစ်ကူလျက် တပ်မတော်စစ်ကြောင်းကိုအကြိမ်ကြိမ် ထပ်မံတိုက်ခိုက်သည်။ အမှတ် (၁၅)ခြေလျင်တပ်ရင်းတပ်ခွဲ(၁)ခွဲမှ ရန်သူနောက်ပိုင်းကိုဝိုင်းပတ်တိုက်ခိုက်ပြီး၊ စစ်ဗျူဟာအဖွဲ့နှင့် အမှတ်(၁၅)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၂)ခွဲကလက်နက်ကြီးဖြင့် ပစ်ကူသည်။ တပ်မတော်စစ်ကြောင်း များ၏ ဤသို့စနစ်တကျ တိုက်ခိုက်မှုကြောင့် ကချင်သောင်းကျန်းသူများသည် (၂)နာရီအချိန်တွင် ပြန်လည်ဆုတ်ခွါသွားခဲ့သည်။ ရန်သူတို့သည် စခန်းပေါ်တွင် အလောင်း(၆၀)ထားခဲ့၍ တပ်မတော် က လက်နက်စုံ လေးလက်သိမ်းပိုက်ရရှိပြီး၊ စခန်းကို မီးရှို့ဖျက်ဆီးခဲ့သည်။ တပ်မတော်မှ (၁၂)ဦး ကျဆုံးပြီး၊ (၃၇)ဦးဒဏ်ရာရရှိ၍ လက်နက် (၂)လက်ဆုံးရှုံးခဲ့သည်။[၁]

အမှတ်(၂)စစ်ဗျူဟာနယ်မြေတွင်အမှတ်(၂၉)ခြေလျင်တပ်ရင်း၊ အမှတ်(၂၇)ခြေလျင်တပ်ရင်း၊ အမှတ်(၄၀)ခြေလျင်တပ်ရင်း၊ အမှတ်(၅၁)ခြေလျင်တပ်ရင်း၊ အမှတ်(၅၈)ခြေလျင်တပ်ရင်းများဖြင့် ချီတွေ၊ ရစ်ကျော်၊ မဂေါင်၊ မန်ဆန်း၊ လိုင်မာခ၊ တံငါ၊ ရှင်ငေါ်၊ လောခေါင်၊ ထောဂေါ၊ လောင်ဖန်၊ ဆောလော၊ ဝိုင်းမော်၊ ဆိုင်လော်၊ မန်တောင်၊ ဆဒုံး၊ ဝေါခြုံဒေသများ၌ တိုက်ရိုက်ရှင်းလင်းခဲ့သည်။ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၂)စစ်ဗျူဟာအဖွဲ့နယ်မြေတွင် အမှတ်(၂)ချင်းသေနတ် ကိုင်တပ်ရင်း၊ အမှတ်(၁၈)ခြေလျင်တပ်ရင်း၊ အမှတ်(၆၃)ခြေလျင်တပ်ရင်း၊ အမှတ်(၉၃)ခြေလျင်

---

၁ (က) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၈၀မှ ၃၁-၈-၈၀အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၃-၁၆

(ခ) မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ တတိယတွဲ မျက် ၁၉၀

တပ်ရင်းများဖြင့် ချောင်းဝ၊ လုံးတုံ၊ လုံးစန့်၊ မိုင်းသိမ်ကြီး၊ တောင်နီ၊ မိုးညှင်း၊ ဆားမှော်၊ မော်ဟန်၊ နန့်စီအောင်၊ မိုးကောင်း၊ ကာမိုင်း၊ လုံးခင်း၊ ဖားကန့်၊ တောမှော်၊ ခိုင်ကျင်မှော်၊ ဟောင်ဝါး၊ ၇၀၄ မိုင်၊ ပီတောင်း၊ အကျဲများတွင် စစ်ဆင်နွှဲသည်။ ယင်းစစ်ဆင်ရေးများတွင် တပ်မတော်မှ (၁၅၇)ဦး ကျဆုံး၍(၃၃၃)ဦးဒဏ်ရာရရှိပြီး၊(၆)ယောက်ပျောက်ဆုံးခဲ့သည်။ သောင်းကျန်းသူများဘက်မှ(၃၀၁)ဦး ကျဆုံး၍ (၆၀)ဦးဖမ်းမိကာ (၇၀)ဦးလက်နက်ချသည်။[၁]

၁၉စဝပြည့်နှစ်အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေးများ

ဗကပဗဟိုသည် ပန်ဆန်းတွင်ပင်ရှိနေပြီး၊ ဗကပတပ်မဟာ(၁၂)သည် အင်အား(၁၄၄၀)၊ တပ်မဟာ(၂)သည် အင်အား(၁၁၃၀)တို့ဖြင့် မုံးပေါ်၊ နမ့်တောင်ဒေသများ၌ လှုပ်ရှားလျက်ရှိသည်။[၂] တပ်မဟာ(၂)ကို နိုင်ငံရေးမှူး ဟုန်လောက်စေး၊ တပ်မဟာမှူးထွန်းတင်တို့ဦးစီး၍ မတ်ကျန်းတွင် ဌာနချုပ်ဖွင့်ထားသည်။ ဒုတပ်မဟာမှူးကျန်စီမြင့်ဦးစီးသော တပ်ရင်း(၃၀၃၁)နှင့် တပ်ရင်း(၃၀၃၇) တို့မှပူးပေါင်းအင်အား(၂၅၀)ခန့်သည်မုံးပေါ်ဒေသမှ ၅-၁၂-၇၉ရက်နေ့တွင်ထွက်ခွါ၍ ဟိုပျက်မန်ပိန်းဒေသအထိလှုပ်ရှားခဲ့ပြီး၊ ၁-၁-၈၀တွင် မုံးပေါ်သို့ပြန်လည်ဝင်ရောက်သည်။ တပ်မတော်တပ်ဖွဲ့များသည် ၁၂-၁-၈၀ရက်နေ့တွင်ပင်းဟွိုင်-ဝင်းဖိုင်သို့ထိုးဖောက်တိုက်ခိုက်ခဲ့၍မုံးယား၊ မုံးဟောင်ဒေသတွင်ရှိနေသော တပ်ရင်း(၃၀၃၁)မှတပ်ခွဲ(၂)ခွဲသည် ၁၂-၁-၈၀ရက်နေ့တွင် မုံးပေါ်ဒေသသို့ ပြန်လည်ရောက်ရှိပြီးတပ်မတော်တပ်ဖွဲ့များမုံးပေါ်ဒေသသို့ထိုးဖောက်လိမ့်မည်ဟုတွက်ဆကာ မုံးကိုး-ဖေါင်ဆိုင်ဒေသမှပြည်သူစစ်များကိုမုံးပေါ်အနီးသို့အင်အားဖြည့်ထားပြီးတပ်မဟာ(၂)ဌာနချုပ်အား နောင်ဟန်သို့ခေတ္တရွှေ့ပြောင်းသည်။[၃] နိုင်ငံရေးမှူးကျောက်ယွင်၊ တပ်မဟာမှူးဝင်းဆွေတို့ဦးစီးသော တပ်မဟာ(၁၂)စစ်ဌာနချုပ်ကို ပန်ခွန်ကြီးတွင် ထားရှိသည်။[၄]

၃၀-၁-၈၀ရက်နေ့တွင် အမှတ်(၃၃)ခြေလျင်တပ်ရင်းမှ တပ်ရင်းမှူးခေါင်းဆောင်သော စစ်ကြောင်း(၁)(၂)ဌာနချုပ်နှင့် တပ်ခွဲ(၄)ခွဲသည် မန်ခူး၊ ဆွတ်ကွေ့တို့တွင် အခြေပြုလျက်ရှိရာ နံနက်

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၀မှ ၃၁-၁၂-၈၀အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၉-၂၁၊ ၁၀-၂၀၊ ၁၂-၂၀

၂ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၀မှ၃၀-၄-၈၀အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၂၄-၂၅

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၀မှ၃၀-၄-၈၀အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၂၈

(၆)နာရီ(၃၀)မိနစ်အချိန်တွင် ဗကပအင်အား(၁၀၀၀)[၁] ခန့်က လက်နက်ကြီးများပစ်ကူယူလျက် ဝင်ရောက်တိုက်ခိုက်ရာ နာရီပိုင်းအတွင်း တပ်မတော်မှ(၃၃)ဦးကျဆုံးပြီး၊ (၃၉)ဦးဒဏ်ရာရရှိကာ (၁၄၉)ဦးပျောက်ဆုံးခဲ့သည့်ပြင် လက်နက်မျိုးစုံ(၁၈၇)လက်၊ ခဲယမ်းအချို့၊ ၆၂ဆက်သွယ်ရေးစက်တစ်လုံး၊ ၁၅၆ဆက်သွယ်ရေးစက်(၄)လုံး၊ အားသွင်းစက်(၂)လုံး၊လ-၂စက်ဝိုင်းဝှက်စာအပြည့်အစုံ(၁)စုံ၊ လ-၃ စက်ဝိုင်းဝှက်စာအပြည့်အစုံ(၃)စုံ ဆုံးရှုံးခဲ့ပြီး၊ ရန်သူဘက်မှ (၁၀၀)ကျော်ကျဆုံးသည်။[၂]

ဤသို့ မန်ခူးဒေသ၌ မိမိတပ်ရင်းအတိုက်ခံရခြင်းကို လက်တုန့်ပြန်သောအနေဖြင့် မိုင်းရယ်ဒေသ၌ကေအိုင်အေချေမှုန်းရေးဆောင်ရွက်လျက်ရှိသော အရှေ့မြောက်တိုင်း ဒုတိယတိုင်းမှူးအဖွဲ့နှင့် အမှတ်(၂၃)ခြေလျင်တပ်ရင်း၊စစ်ကြောင်း(၁)မှတပ်ခွဲ(၃)ခွဲ၊ အမှတ်(၆၉)ခြေလျင်တပ်ရင်း၊ စစ်ကြောင်း(၁) (၂)နှင့် တပ်ခွဲ(၄)ခွဲကို လွယ်အင်၊ မန်ကန်၊ မန်ခူးဒေသသို့ စေလွှတ်ပြီး၊ အမှတ်(၂)နယ်လှည့်စစ်ဗျူဟာအဖွဲ့က လွယ်အင်သို့ပြောင်းရွှေ့ကွပ်ကဲစေသည်။ ထို့ပြင် အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်မှ အမှတ်(၆၆၂)နည်းဗျူဟာတပ်ခွဲ(၁)ခွဲ၊ အမှတ်(၃၅)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၅)ခွဲ၊ အမှတ်(၈၀)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၅)ခွဲ၊ အမှတ်(၈၁)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၃)ခွဲထပ်ဖြည့်ကာ ၃၀-၁-၈၀ မှ ၅-၂-၈၀ ရက်နေ့အထိ လေကြောင်းပစ်ကူ၊ အမြောက်ပစ်ကူတို့ဖြင့် ဗကပများအား ချေမှုန်းခဲ့သည်။[၃]

ဗကပတပ်မဟာ(၂)မှ တပ်မဟာမှူးထွန်းတင်၊ ဒုတိယတပ်မဟာမှူးကျန်စိမြင့်တို့ဦးစီးသော ဗကပအင်အား(၁၀၀၀)ခန့်သည် ၂-၄-၈၀ ရက်နေ့ညဦးပိုင်းတွင် မူဆယ်မြို့သို့ချဉ်းကပ်၍ မူဆယ်၊ ပန်ခန်း၊ ပွိုင့်-၃၁၂၇စခန်းများအားနံနက်(၃)နာရီ(၃၀)မိနစ်တွင်ဝင်ရောက်တိုက်ခိုက်၍ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ အောက်ပါအတိုင်းကွပ်ကဲစီမံသည်-

- အမှတ်(၉၉)ခြေမြန်တပ်မအား မိုးမိတ်မှကွတ်ခိုင်သို့ ရွှေ့ပြောင်းကွပ်ကဲစေသည်။
- အမှတ်(၉၉၁)နည်းဗျူဟာအား ပွိုင့်-၄၅၆၁သို့စေလွှတ်၍ အနီးကပ်ကွပ်ကဲစေသည်။
- အမှတ်(၁၀၃)ခြေမြန်တပ်ရင်းအား ပန်ဝိန်း၊ ရွှေလီမှတစ်ဆင့်နမ့်ခမ်းသို့စေလွှတ်သည်။
- အမှတ်(၁၀၉)ခြေမြန်တပ်ရင်းအား နမ့်ခမ်းသို့စေလွှတ်သည်။

---

၁ ဗကပတပ်မဟာ(၈)တပ်မဟာမှူးဖုံကြာဖူးနှင့် တပ်ရင်း(၅၀၁)(၅၀၃)(၃၀၃၅)(၄၀၄၈)တို့သည်တပ်မဟာ(၁၂) တပ်ရင်းများနှင့်အတူ ၃၀-၁-၈၀ ရက်နေ့က ခလရ(၃၃)၏ မန်ခါးစခန်းကို တိုက်ခိုက်ခဲ့သည်။ ကက(ကြည်း) စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၀မှ ၃၀-၄-၈၀အတွင်းအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၄၈

၂ (က) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၀မှ ၃၀-၄-၈၀အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၃၉

(ခ) အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းသမိုင်း မျက် ၅၅

(ယင်းစာအုပ်တွင် တပ်မတော်ကျဆုံး(၃၀)၊ ဒဏ်ရာရ(၄၂)၊ အဖမ်းခံ(၁၁)ဟု ဖော်ပြထားသည်)

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၀မှ ၃၀-၄-၈၀အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၅၅

- အမှတ်(၄)ခြေလျင်တပ်ရင်းအား နမ့်ခမ်းသို့စေလွှတ်သည်။
- အမှတ်(၉၉၃)နည်းဗျူဟာအဖွဲ့နှင့် အမှတ်(၃)ခြေလျင်တပ်ရင်းအား နမ့်ခမ်းသို့ စေလွှတ်သည်။
- လာရှိုးစစ်ဆင်ရေးအရန်အမှတ်(၈၁)ခြေလျင်တပ်ရင်းမှတပ်ခွဲ(၁)ခွဲအား ကွတ်ခိုင်သို့ စေလွှတ်သည်။
- တန့်ယန်းရှိ အမှတ်(၈၁)ခြေလျင်တပ်ရင်းစစ်ကြောင်း(၁)မှတပ်ခွဲ(၂)ခွဲအား လားရှိုး သို့ ခေါ်ယူ၍ အရန်စုဖွဲ့ထားသည်။

ဤသို့ခေါ်ယူစုဖွဲ့ပြီး ဖွင့်-၄၅၆၁ရှိ အမြောက်(၅)လက်ဖြင့်ပစ်ကူ၍ တိုက်ခိုက်စေရာ မူဆယ်မြို့အား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည်။ တပ်မတော်မှ(၂၈)ဦးကျဆုံး၍ (၇)ဦးဒဏ်ရာရရှိပြီး၊ လက်နက်(၂၄)လက်ဆုံးရှုံးခဲ့သည်။ ထို့ပြင် ပြည်သူ့ရဲတပ်ဖွဲ့မှ(၂၃)ဦးပျောက်ဆုံးပြီး၊ လက်နက်မျိုးစုံ (၄၆)လက်ဆုံးရှုံးခဲ့သည်။ ထို့ပြင် ဌာနဆိုင်ရာငွေသား(၁၇၈၈၆၈၀)နှင့် ဌာနဆိုင်ရာပစ္စည်းတန်ဖိုး (၁၄၁၇၃၈၉၉/-)ဘိုးဆုံးရှုံးခဲ့သည်။[၁]

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌ ဗကပမျှားအပြင် ကေအိုင်အေတပ်မဟာ (၄)သည် တပ်ရင်း(၃)ရင်းအင်အား(၁၃၁၀)ဖြင့် ဂါလံ၊ ပန်ကဒိုက်၊ လွယ်ကန်၊ မန်ယုံမော်၊ နမ့်ဟိုင်း၊ မုံးရင်၊ မန်လင်၊ လွယ်တောက်၊ ဟိုပျက်၊ မန်ပိန်း၊ မန်ဂျယ်ဒေသများတွင်လည်းကောင်း၊ ပီအက်စ်အယ်အေဗျူဟာ(၁)တပ်ပေါင်းစု(၁)သည် ပလောင်၊ ကေအိုင်အေပူးပေါင်းအင်အား (၁၆၀)ဖြင့် ကွန်ခါ၊ မိုင်းလုံဒေသတွင်လည်းကောင်း၊ ဗျူဟာ(၂)တပ်ပေါင်းစု(၂)သည် ပူးပေါင်းအင်အား(၁၇၀)၊ အထူး တိုက်ခိုက်ရေးစစ်ကြောင်း (၆) (၈)နှင့် (၁၁)သည် အင်အား(၅၀)စီဖြင့် ငေါ့ငါး၊ တာပန်ကုန်း၊ ရှောက် ပန်းကုန်း၊ မန်ပန်း၊ နမ့်ခမ်း၊ နမ့်ဖတ်ကာတို့၌လည်းကောင်း ရှိနေကြသည်။ ထို့ပြင် အက်စ်အက်စ်အေ ရှမ်းသောင်းကျန်းစစ်ဌာနချုပ်မှ တပ်မဟာ(၁)သည် အင်အား(၄၀၀)ဖြင့် စဉ့်အင်၊ ဆောင်ကြဲ၊ ကမ်းနား၊ စိန်ကြော့၊ မန်ကျောင်း၊ နားခါ၊ ခွန်မန်၊ ကျိုင်းလွန်း၊ နားဝါ၊ တောင်ဟီးရိုး ဒေသတွင်လည်းကောင်း၊ တပ်မဟာ(၃)သည် အင်အား(၆၂၀)ဖြင့် ကျောက်မဲ၊ နမ့်ဆန်ဒေသ၌ လည်းကောင်းရှိနေကြပြီး၊ အက်စ်ယူအေတောခိုလွယ်မော်အဖွဲ့ မြောက်ပိုင်းဗဟိုသည် တပ်ရင်း(၁၃) ရင်းအင်အား (၁၅၀၀)ဖြင့်မန်ပိုင်၊ မုံးဟင်၊ မုံးဟ၊ မန်မတ်၊ မုံးတောင်း၊ နောင်လိုင်၊ ပါဖန်ဒေသ၌ ဘိန်းကုန်ကူးလျက်ရှိသည်။[၂]

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သည် ထိုရန်သူများကိုချေမှုန်းရန်ရဲမင်းအောင်စစ်ဆင်ရေးကို ဆင်နွှဲလျက်ရှိရာတိုင်းစစ်ဌာနချုပ်မှ တိုက်ရိုက်ကွပ်ကဲမှုဖြင့် အမှတ်(၃)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄၅)ခြေလျင်တပ်ရင်း၊ အမှတ်(၆၈)ခြေလျင်တပ်ရင်း၊ အမှတ်(၆၉)ခြေလျင်တပ်ရင်းများဖြင့်

---

၁ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သမိုင်း မျက် ၅၅-၅၆

၂ အရှေ့မြောက်တိုင်း၏ စစ်ဆင်ရေးမှတ်တမ်း

မန်လင်၊ လွယ်တောက်၊ လာရှိုး၊ မုံးယန်း၊ မုံးယော်၊ မုံးကျက်၊ နားတီး၊ နမ့်ဆလင်၊ နမ့်ပေါင်၊ နမ်းမ များတွင်လည်းကောင်း၊ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်မှနည်းဗျူဟာ(၁)ခုနှင့် တပ်ရင်း(၁)ရင်းဖြင့် မန်လင်၊လွယ်တောက်ဒေသ၌လည်းကောင်းစစ်ဆင်ခဲ့သည်။အမှတ်(၁)စစ်ဗျူဟာအဖွဲ့သည်အမှတ်(၂၂) ခြေလျင်တပ်ရင်း၊ အမှတ်(၂၃)ခြေလျင်တပ်ရင်း၊ အမှတ်(၄၁)ခြေလျင်တပ်ရင်းများဖြင့် ကျောက်မဲ၊ ရတနာသိဒ္ဓိ၊ ဂုတ်ထိပ်၊ ပုံရှိုး၊ နမ္မတူ၊ ဘော်တွင်း၊ မုံးရန်၊ မန်ဆန်၊ စဉ့်အင်ဒေသတွင်လည်းကောင်း၊ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်လက်အောက်ခံ တပ်ရင်း(၁)ရင်းနှင့် (၂)ခွဲဖြင့် ကျောက်မဲ၊ သီပေါ မြောက်ခြမ်း၊ မိုင်းခေး၊ မန်ပန်း၊ မိုင်းလားတို့တွင်လည်းကောင်း စစ်ဆင်ခဲ့သည်။ အမှတ်(၂)စစ်ဗျူဟာ အဖွဲ့သည် အမှတ်(၃၃)ခြေလျင်တပ်ရင်း၊ အမှတ်(၆၇)ခြေလျင်တပ်ရင်းများဖြင့် တန့်ယန်း၊ လွယ်အင်၊ မန်ကန်၊ တာကော်အက်တို့တွင်လည်းကောင်း၊ အမှတ်(၇၅)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၃)ခွဲဖြင့် တန့်ယန်းမြောက်ခြမ်းတွင်လည်းကောင်းတိုက်ခိုက်လျက်ရှိသည်။[၁] ယင်းစစ်ဆင်ရေးတွင် တပ်မတော်မှ (၁၇)ဦးကျဆုံး၍ (၃၈)ဦးဒဏ်ရာရကာ ရန်သူဘက်မှ (၉၃)ဦးကျဆုံး၍ (၇၀)ဦးဖမ်းမိပြီး (၅)ဦး လက်နက်ချသည်။[၂]

၁၉၈၀ပြည့်နှစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

ဗကပအရှေ့မြောက်စစ်ဒေသမှ ဗကပတပ်မဟာ(၆)ခုသည် အင်အား(၄၈၀၀)ခန့်ဖြင့် အရှေ့ပိုင်းတိုင်းနယ်မြေတွင် ရှိနေဆဲဖြစ်သည်။ ကျန်သောင်းကျန်းသူများ ယမန်နှစ်ကအတိုင်းဖြစ်ပြီး၊ သောင်းကျန်းသူအဖွဲ့သစ်တစ်ခု တိုးလာသည်။ ထိုအဖွဲ့မှာ စပ်မွန်ဂျာလဟုန်းခေါ် စပ်ရွက်ဖဦးဆောင်သည့် တိအိုင်အခေါ် ရှမ်းပြည်လွတ်မြောက်ရေးတပ်မတော်ဖြစ်ပြီး၊ ၁၉၇၉ခုနှစ်၊ ဇွန်လခန့်တွင် ထိုင်း-မြန်မာနယ်စပ်၌ ရှမ်းသောင်းကျန်းသူအဖွဲ့များမှ အကြွင်းအကျန်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်၍ ဟွေနမ့်ခွန်တွင်အခြေခံထားပြီးအင်အား(၆၀၀)ဖြင့် မိုင်းဆတ်အရှေ့တောင်ဘက် ထိုင်း-မြန်မာနယ်စပ်၌ လှုပ်ရှားလျက်ရှိသည်။ မဟာစန်း၏ ဝအမျိုးသားတပ်မတော်သည် အင်အား(၈၀) ရှိရာမှ ယခုနှစ်(၅၀)ဦးဖြင့် ထိုင်းမြန်မာနယ်စပ် လွယ်လန့်၌ရှိနေပြီး၊ အက်စ်ယူအာရ်အေနှင့် ပူးပေါင်းထားသည်။[၃]

ဗကပတပ်မဟာ(၆၈၅)နှင့် တပ်မဟာ(၇၆၈)တို့မှထုတ်နှုတ်အင်အား(၁၀၀၀)ခန့်ဖြင့် ရှေ့တန်းအမှတ်(၁၀၈)ခြေမြန်တပ်ရင်း စစ်ကြောင်း(၁)ဌာနချုပ်နှင့်တပ်စု(၁၁)စုသာရှိသော မိုင်းယန်းစခန်းအား ၁၉၈၀ပြည့်နှစ်၊ အေပြီလ(၁၉)ရက်နေ့တွင် ဝင်ရောက်တိုက်ခိုက်ကြပြန်သည်။ ထိုစဉ်က အမှတ်(၁၀၈)

---

၁ အရှေ့မြောက်တိုင်း၏ စစ်ဆင်ရေးမှတ်တမ်း

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၀မှ၃၁-၁၂-၈၀အတွင်းအရှေ့မြောက်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၄၁၊ ၃၁၊ ၃၄-၃၅၊ ၃၇၊ ၃၂-၃၃

၃ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

ခြေမြန်တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးအောင်ဖုန်းခေါင်းဆောင်သော စစ်ကြောင်း(၁)ဌာနချုပ်နှင့် တပ်စု(၁၁)စုတို့သည် အာရှစီအမ်ကုန်း၊ ဘုရားတောင်ကုန်း၊ လောထန်ကုန်း၊ မိုင်းယန်း ရဲစခန်းကုန်း၊ နီမွန်အယ်တို့တွင် ဖြန့်ခွဲခြေကုတ်ယူထားကြသည်။ ဗကပတို့သည် အထက်ပါတောင်ကုန်းများကို အေပြိုလ(၁၉)ရက်နေ့နံနက်(၄)နာရီခွဲအချိန်မှစ၍ ပြင်းထန်စွာပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ ဗကပတို့သည် မြို့တွင်းသို့ဝင်ရောက်၍ အစိုးရလုံးနှင့် အဆောက်အအုံအချို့အား မိုင်းခွဲဖျက်ဆီးနိုင်ခဲ့ကြသော်လည်း တစ်မြို့လုံးအား သိမ်းပိုက်နိုင်စွမ်းမရှိခဲ့ချေ။ တပ်မတော်သားများက ခုခံတိုက်ခိုက်ကြ၍ နံနက်(၄)နာရီမှစခဲ့သော တိုက်ပွဲသည် (၁၀)နာရီမိနစ်(၃၀)တွင်ပြီးဆုံးခဲ့ရာ စုစုပေါင်း(၆)နာရီခွဲခန့်ကြာသည်။ ထိုတိုက်ပွဲတွင် ရန်သူ(၈၁)လောင်းနှင့် လက်နက်မျိုးစုံ(၇)လက် သိမ်းပိုက်ရရှိခဲ့သည်။[၁]

၁၉၈၀ပြည့်နှစ်၊ ဇူလိုင်လအတွင်း၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ မိုင်းယောင်းဒေသအတွင်းသို့ ဗကပအရှေ့မြောက်စစ်ဒေသမှ စစ်ဦးစီးမှူးရဲဒင်၊ ဖုန်ကြားရှင်တို့ဦးစီးကွပ်ကဲ၍ ဗကပတပ်မဟာ(၈)၊ တပ်မဟာ(၆၈၅)နှင့် (၇၆၈)မှ အင်အားစုများကို ကော်(၈၁၅)စစ်ဒေသမှ အင်အားစုများနှင့်ပူးပေါင်း၍[၂] စုစုပေါင်းအင်အား (၁၀၀၀)ခန့်ဖြင့် ထိုးဖောက်ဝင်ရောက်တိုက်ခိုက်သည်။ ဤသို့ထိုးဖောက်ဝင်ရောက်တိုက်ခိုက်မှုကိုဗမာ့တပ်မတော်မှ လေးမာန်အောင်စစ်ဆင်ရေးဆင်နွှဲလျက်ရှိသော တပ်များက ခုခံတိုက်ဖျက်ခဲ့ရသည်။ ဗကပ(၁၀၀၀)ခန့်သည် တပ်မတော်တပ်ဖွဲ့များ ရှေ့တန်း၌ စစ်ဆင်ရေးများဆင်နွှဲနေစဉ်အတွင်း ထိုးဖောက်ဝင်ရောက်၍ မိုင်းယောင်းမြို့ကိုတိုက်ခိုက်သည်။

ဗကပတို့သည် ၁၉၈၀ပြည့်နှစ်၊ ဇူလိုင်လ(၄)ရက်နေ့ နံနက်(၅)နာရီခန့်တွင် မိုင်းယောင်းရှိ အမှတ်(၈၈၂)နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့ စခန်းကုန်း၊ အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်းတပ်ရင်းဌာနချုပ်နှင့် အမြောက်စခန်းကို လက်နက်ကြီးပစ်ကူများဖြင့် အင်အားဖြန့်ခွဲကာ စတင်တိုက်ခိုက်သည်။ တစ်ချိန်တည်းတွင် ဗကပအင်အား(၅၀၀)ခန့်သည် ကော်ဘိုကြားစခန်းရှိ တပ်ခွဲအားထိန်းချုပ်တိုက်ခိုက်သည်။ ရန်သူသည် တပ်ရင်းဌာနချုပ်ရှိ ခုံးအဆောက်အအုံများ၊ ရိက္ခာများ၊ မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီးကာ ပြန်လည်ထိုးစစ်ဆင်လာသော တပ်မတော် စစ်ကြောင်းများကို တိုက်ခိုက်ကြသည်။ အမှတ်(၅)ခြေလျင်တပ်ရင်း စစ်ကြောင်းသည် ဇူလိုင်လ(၆)ရက်နေ့တွင် အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်း၊ ဗဟိုကင်း၊ နံနက်(၁၁)နာရီတွင် နမ့်လွေကုန်း၊ (၁၂)နာရီအချိန်တွင် ရေစင်ကုန်းနှင့် ထောက်ပံ့ရေးကုန်းများအား အသီးသီးပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ရှေ့တန်း အမှတ်(၁)ဗမာ့သေနတ်ကိုင်တပ်ရင်း စစ်ကြောင်းသည် ထိုနေ့နံနက်(၁၁)နာရီ(၂၅) မိနစ်အချိန်တွင် အမြောက်ကုန်း၊ ညနေ(၅)နာရီ(၁၀)မိနစ်တွင် ကြောင်စလီကုန်း၊ ညနေ(၆)နာရီ(၁၀)မိနစ်တွင်

---

၁ ပြန်မာ့နိုင်ငံရေးသိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ တတိယတွဲ မျက် ၁၈၉-၁၉၀

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၈၀မှ ၃၁-၈-၈၀အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၄၁-၅၀

ကော်ဘိုကြားစခန်းများကို အသီးသီးသိမ်းပိုက်နိုင်ခဲ့သည်။ ဗကပတို့ဘက်မှ (၉၁)ဦး ကျဆုံးကာ (၁၁၅)ဦးဒဏ်ရာရရှိခဲ့ပြီး တပ်မတော်မှလည်း (၆၈)ဦးကျဆုံး၍ (၇၂)ဦးဒဏ်ရာရရှိသည်။[၁]

၁၉၈၀ပြည့်နှစ်၊ ဇူလိုင်လ(၁၂)ရက်နေ့တွင်လည်း ကော်(၈၁၅)စစ်ဒေသနှင့် တပ်မဟာ(၈) တပ်ရင်းများပူးပေါင်း[၂]အင်အား(၇၀၀)ခန့်သည်ရှမ်းပြည်မြောက်ပိုင်းမိုင်းယောင်းမြို့နယ်၊ကော်ဟိုလွယ် စခန်းအား တိုက်ခိုက်ပြန်သည်။ ထိုစဉ်က ရှေ့တန်းအမှတ်(၅)ခြေလျင်တပ်ရင်းသည် ကော်ဟိုလွယ် စခန်း(က)တောင်ကုန်း၊ (ခ)တောင်ကုန်း၊ အမြောက်ကုန်း၊ ပွိုင့်ကုန်း၊ မိုင်းယုဘုရားကုန်းစခန်းတို့၌ ဖြန့်ခွဲ နေရာယူထားသည်။ ဇူလိုင်လ(၁၂)ရက်နေ့နံနက်(၆)နာရီခန့်တွင် ဗကပအင်အား(၃၀)ခန့်သည် အမြောက်တောင်ကုန်းခြေကုတ်စခန်းမှ ကင်းပုန်းတပ်စိပ်အား စတင်တိုက်ခိုက်သည်။ ဆက်လက်၍ ဗကပအင်အား(၇၀၀)ခန့်သည် ၁၂၀မမစိန်ပြောင်းကြီးများအပါအဝင် လက်နက်ကြီးများပစ်ခတ်၍ တပ်မတော်ခြေကုတ်စခန်း(၃)ခုအား ဆက်လက်တိုက်ခိုက်ကြသည်။ နံနက်(၉)နာရီအချိန်ခန့်တွင် ဗကပတို့သည် တပ်မတော်ခြေကုတ်စခန်း(၂)ခုကိုသိမ်းပိုက်ရရှိသွားပြီး၊ တပ်မတော်မှ တပ်ရင်းမှူးဦးစီးသောအဖွဲ့သည် (ခ)တောင်ကုန်းခြေကုတ်စခန်းမှ ပြင်းပြင်းထန်ထန်ခုခံသည်။

ထိုသို့တိုက်ပွဲပြင်းထန်စွာဖြစ်ပွားနေချိန်တွင်တပ်မတော်(လေ)မှ တိုက်လေယာဉ်များကလည်း ရန်သူ့နေရာများကို မျက်မြင်ပစ်ကူပေးတိုက်ခိုက်သည်။ တပ်မတော်မှရောက်ရှိလာသော စစ်ကူအဖွဲ့များနှင့် တပ်ရင်းမှူးအဖွဲ့သည်(က)တောင်ကုန်းရှိရန်သူကို တန်ပြန်တိုက်ခိုက်ရာ နံနက်(၁၁)နာရီ(၃၅) မိနစ်တွင် (က)တောင်ကုန်းနှင့် မွန်းလွဲ(၂)နာရီ(၂၀)မိနစ်တွင် အမြောက်ကုန်းစခန်းကို ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်။ ရန်သူသည် ထိုနေ့နံနက်(၆)နာရီ(၄၅)မိနစ်အချိန်မှ ညနေ(၅)နာရီအချိန်ထိ ပြင်းထန်စွာပစ်ခတ်တိုက်ခိုက်သော်လည်း အောင်မြင်မှုမရဘဲ၊ အထိအခိုက်များစွာဖြင့် ဆုတ်ခွါပြေးရသည်။ တိုက်ပွဲတွင် ရန်သူအလောင်း(၂၇)လောင်းရရှိခဲ့ပြီး၊ တပ်မတော်မှလည်း (၁၆)ဦးကျဆုံးခဲ့သည်။[၃]

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သည် တိုင်းတိုက်ရိုက်ကွပ်ကဲမှုအောက်တွင် အမှတ်(၆၆)ခြေလျင်တပ်ရင်း၊ အမှတ်(၉၄)ခြေလျင်တပ်ရင်း၊ အမှတ်(၉၉)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၄)ခြေမြန်တပ်ရင်းများဖြင့်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၅၄)ခြေလျင်တပ်ရင်း၊ အမှတ်(၇၂)ခြေလျင်တပ်ရင်း၊ အမှတ်(၇၃)ခြေလျင်တပ်ရင်းများဖြင့်လည်းကောင်း လင်းခေး၊ နမ့်စန်၊ တောင်ကြီး၊ ပင်လောင်း၊ လွိုင်ကော်၊ ဖါဆောင်း၊ မော်ခိုးဒေသများတွင် **လေးမာန်အောင်**စစ်ဆင်ရေးကို ဆင်နွှဲခဲ့သည်။[၄] တပ်မတော်မှ (၄၉)ဦးကျဆုံး၍ (၁၅၈)ဦးဒဏ်ရာရပြီး၊ သောင်းကျန်းသူများဘက်မှ (၁၃၀)ဦး

---

၁ မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ တတိယတွဲ မျက် ၁၉၁-၁၉၂

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၈၀မှ၃၁-၈-၈၀အတွင်း သုံးသပ်ချက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး မျက် ၄၃

၃ မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ တတိယတွဲ မျက် ၁၈၉

၄ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

ကျဆုံး၍ (၃၃)ဦးကိုလက်ရဖမ်းမိကာ (၁၂၃)ဦးလက်နက်ချသည်။[၁]

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သည် **မင်းရန်အောင်**စစ်ဆင်ရေးနှင့် **မိုးဟိန်း**စစ်ဆင်ရေးတို့ကိုလည်း ဆက်လက်ဆင်နွှဲခဲ့ရာ အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်၏ အမှတ်(၈၈၁)နည်းဗျူဟာကွပ်ကဲမှုဖြင့်တပ်ရင်း(၅)ရင်း၊ အမှတ်(၈၈၂)နည်းဗျူဟာ၊ အမှတ်(၈၈၃)နည်းဗျူဟာကွပ်ကဲမှုဖြင့်တပ်ရင်း(၇)ရင်း၊ အမှတ်(၁)စစ်ဗျူဟာကွပ်ကဲမှုဖြင့် တပ်ရင်း(၆)ရင်း၊ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်၏ အမှတ်(၆၆၂)နည်းဗျူဟာကွပ်ကဲမှုဖြင့် တပ်ရင်း(၃)ရင်းတို့ပါဝင်ခဲ့ပြီး၊ နယ်မြေများမှာ သံလွင်အရှေ့ခြမ်း၊ မိုင်းပျင်း၊ မော်ဖ၊ မိုင်းခတ်၊ မိုင်းယန်း၊ ကျိုင်းတုံ၊ မိုင်းယောင်း၊ တာချီလိတ်၊ မိုင်းဆတ်၊ မိုင်းတုံဒေသများနှင့် လဲချား၊ ကျေးသီး၊ မိုင်းနောင်ဒေသတို့ဖြစ်သည်။[၂]

၁၉၈၀ပြည့်နှစ်အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေးများ

ဤတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ကေအင်ယူသောင်းကျန်းသူအင်အား (၁၇၄၈)ဦး[၃] ရှိ၍ ကေအင်ယူဥက္ကဋ္ဌဗိုလ်မြဦးစီးသော ဗဟိုနှင့် တပ်မ(၁)တွင်အင်အား(၁၆၀)ခန့်[၄] ရှိသည်။ ဗဟိုဌာနချုပ်သည် မာနယ်ပလောတွင်ရှိ၍ တပ်မဌာနချုပ်သည် မဲသဝေါ၌အခြေပြုလျက်ရှိသည် ၁၉၇၉ခုနှစ်၊ ဒီဇင်ဘာလအတွင်း၌ ဗိုလ်မြသည် တစ်ဖက်နိုင်ငံမှ လက်နက်ခဲယမ်း(၁၀)သိန်းဘိုးခန့်ဝယ်ယူခဲ့ရာ စဝမမစိန်ပြောင်း၊ ပွိုင့်-၅စက်သေနတ်များ၊ လက်နက်ငယ်များနှင့် ခဲယမ်းများပါဝင်သည်။ ၁၄-၂-၈၀ ရက်နေ့တွင် ဗိုလ်မြဦးစီးသည့်ဗဟိုအဖွဲ့တစ်ဖွဲ့သည် မော်တော်ယာဉ်(၁)စီးဖြင့် လက်နက်ကြီး၊ လက်နက်ငယ်များ၊ မိုင်းများကို နယ်စပ်မှ မဲပဝပ်၊ မဲပလီဒေသသို့ပို့၍ ထိုမှတစ်ဆင့် တပ်မဟာ(၁)နှင့် တပ်မဟာ(၇)သို့ဆက်လက်ပေးပို့သည်။ ၂၂-၃-၈၀ရက်နေ့မှ ၂၅-၃-၈၀ရက်နေ့အတွင်း တပ်မတော်မှ တပ်ဖွဲ့များသည် ဗိုလ်မြနှင့် ထိုင်းလူမျိုးအယုံတို့ပိုင်ဆိုင်သည့် ဘတ်သိန်း(၅၀)ခန့်တန်သော သစ်စက်နှင့် အခြားသစ်စက်(၂)လုံး၊ မော်တော်ယာဉ်(၁၄)စီးနှင့် အဆောက်အဦးများကို မီးရှို့ဖျက်ဆီးခဲ့၍ ဗိုလ်မြသည် အကြီးအကျယ်မခံမရပ်နိုင်ဖြစ်နေသည်။ ကေအင်ယူတပ်မဟာ(၁)တွင် မူလတပ်မဟာမှူးကျော့လေဖြစ်ပြီး၊ နောက်ပိုင်းတွင် ဒုတိယတပ်မဟာမှူး မောင်မောင်အား တပ်မဟာမှူးခန့်အပ်၍ လက်အောက်ခံတပ်ရင်း(၂)ရင်းဖြင့်အင်အား(၃၆၀)ကျော်ရှိသည်။ တပ်မဟာမှူးဟောင်းကျော်ဟိုးသည် တပ်မဟာ(၁)နယ်မြေတွင် စစ်ဆင်ရေးမှူးတာဝန်ယူလျက်ရှိရာမှ ၁၉၈၀ပြည့်နှစ်၊ ဩဂုတ်လတွင်

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၀မှ ၃၁-၁၂-၈၀အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၃၄၊ ၃၅၊ ၃၇

၂ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၃ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၀ မှ ၃၀-၄-၈၀ အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၈၃

ကျဆုံး[၁] ခဲ့သည်။ ၁၉၈၀ပြည့်နှစ်၊ အောက်တိုဘာလတွင် တပ်မဟာ(၁)မှူးမောင်မောင်ကို ဗိုလ်မြင့်၏ အကြံပေး အရာရှိအဖြစ်ခန့်အပ်၍ တပ်မဟာ(၁)တပ်မှူးအဖြစ် ဒယ်နီရယ်ခေါ် ဗိုလ်မှူးဗိုင်းကိုခန့်ကာ စစ်ဆင်ရေးမှူးအဖြစ် ဆာတူးဝေါကိုထားရှိသည်။[၂] ရွှေဆိုင်းဦးစီးသည့် တပ်မဟာ(၆)စစ်ဌာနချုပ်သည် ဖလူးတွင်ရှိပြီး၊ လက်အောက်ခံတပ်ရင်း(၁၀)နှင့်တပ်ရင်း(၁၆)အပြင် တပ်ရင်း(၉)မှ ဖါးကလိုတပ်ခွဲနှင့် တပ်ရင်း(၁၀၁)မှချာတိတ်တပ်ခွဲများဖြင့်အားဖြည့်ပေးထား၍ အင်အား(၆၀၀)ခန့်ရှိသည်။ ထိန်မောင်၏ တပ်မဟာ(၇)ဌာနချုပ်မှာ ဝါးခစခန်းသစ်တွင်ရှိ၍ ယင်းတပ်မဟာလက်အောက်တွင် တပ်ရင်း(၁၉)၊ တပ်ရင်း(၂၀)၊ တပ်ရင်း(၂၁)၊ တပ်ရင်း(၂၂)နှင့် တပ်ရင်း(၁၀၁) စုစုပေါင်း(၅)ရင်းရှိပြီး၊ အင်အား(၁၅၀၀)ခန့်ရှိသည်။ ယင်းတပ်ရင်းများကို စစ်ကြောင်း(၁)(၂)(၄)(၅)ဟူ၍ စစ်ကြောင်း(၄)ကြောင်းခွဲထားရာ စစ်ကြောင်း(၁)မှူးကျော်နီ၊ စစ်ကြောင်း(၂)မှူး ကျော်တုတု၊ စစ်ကြောင်း(၄)မှူး ကျော်ဟဲ နှင့် စစ်ကြောင်း(၅)မှူးလှဖေတို့ဖြစ်ကြသည်။ မူလက စစ်ကြောင်း(၃)ရှိ၍ စစ်ကြောင်းမှူးမှာ အဲဒို ဖြစ်သော်လည်း ၃၀-၁၂-၇၉ရက်နေ့က ဒေါ်ကြီးတိုက်ပွဲတွင် အဲဒိုကျဆုံးခဲ့၍ စစ်ကြောင်း(၃)ကို (၅)ဟူ၍သတ်မှတ်ပြီး၊ လှဖေအား စစ်ကြောင်းမှူးခန့်အပ်ခဲ့ခြင်းဖြစ်သည်။[၃]

ကေအင်ယူဗဟိုဌာနချုပ်သည် အမ်-၇၉ဗုံးသီးများထုတ်လုပ်ရန် မဲသဝေါနှင့် စောထုအနီး၌ စက်ရုံ(၂)ခုတည်ဆောက်ထားပြီး၊ နေ့စဉ်အမ်-၇၉ဗုံးသီးအလုံး(၅၀)ထုတ်လုပ်ရာ ကိုက်(၃၀၀)အကွာ အဝေးထိပစ်နိုင်သောတာဝေးပစ်ရော့ကတ်(၁၀)လုံးထုတ်လုပ်ပြီးသော်လည်း ကုန်ကျစရိတ်ကြီးလေး၍ ရပ်ဆိုင်းထားသည်။ ၂လက်မခွဲမော်တာသီး စမ်းသပ်ထုတ်လုပ်ဆဲဖြစ်ပြီး၊ အမ်နိုင်းအေဝမ်းစမ်းသပ်ထုတ်လုပ်မှုမှာအောင်မြင်ကာ ပေါက်ကွဲမှုပြင်းထန်၍ ကိုက်(၇၀၀)အကွာအဝေးထိ ထိရောက်ခဲ့သည်။ အမ်-၇၂ဗုံးကျည်ထုတ်လုပ်မှုမှာလည်း အောင်မြင်ပြီး လောင်ချာတစ်ခုတည်းဖြင့် ဒုံးကျည်(၃)လုံးထိပစ်ခတ်နိုင်သော်လည်း ကုန်ကျစားရိတ်ကြီးမား၍ ထုတ်လုပ်မှုရပ်ဆိုင်းထားခဲ့သည်။ မာနယ်ပလောစခန်း၌ အသံလွှင့်ရုံစတင်တည်ဆောက်လျက်ရှိရာ ၁၉၈၀ပြည့်နှစ်၊ မေလမှ စက်တင်ဘာလအတွင်း အမ်-၁၆လက်နက်(၂၀၀)နှင့် ကျည်(၈)သိန်း၊ အသံထိမ်းကိရိယာတပ်ဆင်ထားသော အိပ်ချ်ကေမောင်းပြန်ရိုင်ဖယ်(၅၀)လက်နှင့် ကျည်(၁)သိန်း၊ ၇၅မမနောက်ပွင့်ရိုင်ဖယ်(၁၀)လက်နှင့် ကျည်(၁)ထောင်တို့ကို တစ်ဖက်နိုင်ငံမှဝယ်ယူရရှိခဲ့သည်။[၄]

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းတွင် ကေအင်ယူများအပြင် အင်နှအမ်အက်စ်ပီမွန်သောင်းကျန်းသူ(၂၃၂)ဦးနှင့် ဗကပတနသ်ာရီစစ်ဒေသမှ အင်အား(၂၈၀)ဦးတို့လည်းရှိနေ

---

၁ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၈၀မှ၃၁-၁၂-၈၀အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၈၄-၈၅

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၀မှ ၃၀-၄-၈၀အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၈၃-၉၄

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၈၀မှ၃၁-၁၂-၈၀အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၈၅

ကြသည်။[၁] အင်နန်အမ်အက်စ်ပီခေါ် မွန်ပြည်သစ်ပါတီဥက္ကဋ္ဌနိုင်ရွှေကျင်နှင့် ဌာနချုပ်မှာ အင်အား (၂၀၀)ခန့်ဖြင့် ဝါရီရွာတွင်ရှိပြီး၊ လက်အောက်ခံတပ်ရင်း(၉)တစ်ရင်းသာရှိကာ တပ်ရင်းမှူးမှာ နိုင်သီဟ ဖြစ်၍ အင်အား(၈၀) ခန့်ရှိသည်။ ထိုအဖွဲ့သည် အင်အားနည်းပါးသဖြင့် ကေအင်ယူနှင့် ပူးပေါင်း လှုပ်ရှားလေ့ရှိသည်။[၂] စောဟန်က အတွင်းရေးမှူးအဖြစ်ဆောင်ရွက်လျက်ရှိစေ ဗကပတနသ်ာရီတိုင်း စစ်ဒေသကော်မတီသည် အဖွဲ့ဝင်(၉)ဦးဖြင့် ကော့မပြင်းမြောက်ခြမ်းဆရဝါချောင်းများတွင် ခိုအောင်း လျက်ရှိသည်။[၃] ပြည်သူ့ပြည်ချစ်ပါတီခေါ် ပြည်ပြေးအဖွဲ့သည် နိုင်ငံရေး၊ စစ်ရေးလှုပ်ရှားမှုများ ရပ်ဆိုင်းသွားပြီး၊ ထိုင်းနိုင်ငံတွင်နေထိုင်လျက်ရှိရာမှ နိုင်ငံတော်အစိုးရသည် ၁၉၈၀ပြည့်နှစ်၊ မေလ တွင် လွတ်ငြိမ်းချမ်းသာခွင့်ကျေညာ၍ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။[၄]

အရှေ့တောင်တိုင်းစစ်ဌာနချုပ်သည် နယ်မြေအတွင်းရှိ သောင်းကျန်းမှုများကို **ဇွဲအောင်** စစ်ဆင်ရေးဖြင့် တိုက်ခိုက်နှိမ်နင်းခဲ့ရာ တိုင်းစစ်ဌာနချုပ်မှ တိုက်ရိုက်ကွပ်ကဲသောနယ်မြေတွင် အမှတ်(၃၀)ခြေလျင်တပ်ရင်း၊ အမှတ်(၃၁)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၅)ခွဲစီ၊ အမှတ်(၃၂)ခြေလျင် တပ်ရင်းမှ တပ်ခွဲ(၃)ခွဲ၊ အမှတ်(၆၁)ခြေလျင်တပ်ရင်းမှ(၁)ခွဲနှင့် အမှတ်(၂)စစ်ဗျူဟာကွပ်ကဲမှုအဖွဲ့ လက်အောက်ခံ အမှတ်(၂၆)နှင့် (၅၉)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၅)ခွဲစီ၊ အမှတ်(၁၀၁)ကွန်မန်ဒို တပ်ဖွဲ့မှ တပ်ခွဲ(၁)ခွဲများဖြင့် မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ ကျိုက်မရော၊ ကြာအင်းဆိပ်ကြီးနှင့် ချောင်းဆုံမြို့နယ်များတွင်လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာကွပ်ကဲမှုနယ်မြေတွင် အမှတ်(၁၇) ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၇)ခွဲ၊ အမှတ်(၂၅)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၈)ခွဲ၊ အမှတ်(၇၁)ခြေလျင် တပ်ရင်းမှတပ်ခွဲ(၁)ခွဲတို့ဖြင့် ဗကပတနသ်ာရီစစ်ဒေသနှင့် ကေအင်ယူတပ်ရင်း(၁၀)တို့ကိုဦးတည်၍ ရေဖြူ၊ ထားဝယ်၊ လောင်းလုံ၊ သရက်ချောင်း၊ ပုလော၊ မြိတ်အရှေ့အနောက်၊ တနသ်ာရီ၊ ဘုတ်ပြင်းနှင့် ကော့သောင်နယ်မြေများတွင်လည်းကောင်း စစ်ဆင်ရေးများပြုလုပ်သည်။

ထိုစစ်ဆင်ရေးအပြင် **နေမင်းအောင်**စစ်ဆင်ရေးကိုလည်း ဆင်နွှဲလျက်ရှိရာ ရှေ့တန်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုနယ်မြေတွင် အမှတ်(၂)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ် (၁၉)ခြေလျင်တပ်ရင်း၊ အမှတ်(၂၈)ခြေလျင်တပ်ရင်း၊ အမှတ်(၉၇)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၄) ခွဲစီ၊ အမှတ်(၃၂)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၂)ခွဲ၊ အမှတ်(၂၀၂)ကွန်မန်ဒိုတပ်ဖွဲ့နှင့် အမှတ်(၃၀၃) ကွန်မန်ဒို တပ်ဖွဲ့များမှတပ်ခွဲ(၁)ခွဲစီတို့ဖြင့် ကေအင်ယူတပ်မဟာ(၇)နှင့် လက်အောက်ခံစစ်ကြောင်း များအား ဦးတည်၍ ဖါပွန်၊ လှိုင်းဘွဲ၊ ဖါးအံ၊ ကော့ကရိတ်၊ မြဝတီမြို့နယ်များတွင်လည်းကောင်း၊

၁ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၀မှ ၃၀-၄-၈၀အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၉၄-၉၅

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၈၀မှ၃၁-၁၂-၈၀အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၉၅-၉၆

၄ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

အမှတ်(၁) စစ်ဗျူဟာကွပ်ကဲမှုနယ်မြေတွင် အမှတ်(၆၁)ခြေလျင်တပ်ရင်း၊ အမှတ်(၅)ခြေလျင်တပ်ရင်း တို့မှ တပ်ခွဲ(၄)ခွဲစီ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အမှတ်(၁)နှင့်(၂)စစ်ဗျူဟာအဖွဲ့များနှင့် အမှတ်(၂၆)ခြေလျင် တပ်ရင်း၊ အမှတ်(၅၃)ခြေလျင်တပ်ရင်း၊ အမှတ်(၅၉)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၅)ခွဲစီတို့ဖြင့် ဖါပွန်၊ လှိုင်းဘွဲ့၊ ဖါးအံ၊ ကော့ကရိတ်စသောနယ်မြေများတွင်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာကွပ်ကဲမှုနယ်မြေတွင်အမှတ်(၂၄)ခြေလျင်တပ်ရင်း၊ အမှတ်(၉၆)ခြေလျင်တပ်ရင်း၊ အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်လက်အောက်ခံတပ်ရင်း(၁၀)ရင်းတို့မှတပ်ခွဲ(၅)ခွဲစီနှင့်အမှတ်(၁၂၃) ကွန်မန်ဒိုတပ်ဖွဲ့နှင့် အမှတ်(၄၅၆)ကွန်မန်ဒိုတပ်ဖွဲ့များမှ တပ်ခွဲ(၁)ခွဲစီများဖြင့် သထုံ၊ ဘီးလင်း၊ ကျိုက်ထို၊ ဖါပွန်မြို့နယ် များတွင်လည်းကောင်း စစ်ပွဲဝင်ခဲ့ကြသည်။[၁]

နေမင်းအောင်စစ်ဆင်ရေးသည် ရန်သူ၏စီးပွားရေးလုပ်ငန်းအခြေခံများကိုလည်း တိုက်ဖျက်ချေမှုန်းလျက်ရှိရာ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ကေအင်ယူတို့၏ သတ္တုတူးဖော်မှုလုပ်ငန်းများကိုလည်း ၁၉၈၀ပြည့်နှစ်၊ အေပြီလ(၁၀)ရက်နေ့မှ (၂၀)ရက်နေ့အထိကာလအတွင်း၌ တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၁)စစ်ဗျူဟာအဖွဲ့သည် အနီးကပ်ကွပ်ကဲလိုက်ပါလျက် ပူးပေါင်းစစ်ကြောင်းသည် ထိုစစ်ဆင်ရေးကိုဆင်နွှဲရန် ရွှေပိုးဟပ်ရွာသစ်မှ အေပြီလ(၁၀)ရက်နေ့တွင် စတင်ချီတက်သည်။ အေပြီလ(၁၂)ရက်နေ့တွင် ကေအင်ယူက လျှို့ဝှက်တူးဖော်ထုတ်လုပ်လျက်ရှိသော အမှတ်(၇)နှင့် အမှတ်(၈)မိုင်းလုပ်ငန်းများကို တိုက်ခိုက်သိမ်းပိုက်သည်။ ဆက်လက်၍ (၁၃)ရက်နေ့တွင် အမှတ်(၅)နှင့် အမှတ်(၆)မိုင်းလုပ်ငန်းများ၊ (၁၄)ရက်နေ့တွင် အမှတ်(၃)နှင့် (၄)မိုင်းလုပ်ငန်းများ၊ (၁၆)ရက်နေ့တွင် အမှတ်(၂)မိုင်းလုပ်ငန်းနှင့် (၁၇)ရက်နေ့တွင် အမှတ်(၁)မိုင်းလုပ်ငန်းများကို ဆက်တိုက်သိမ်းဆည်းရမိသည်။ ထို့အပြင် (၁၉)ရက်နေ့တွင် ကေအင်ယူအလုပ်ရုံစခန်း၊ (၂၀)ရက်နေ့တွင် သတ္တုသန့်စင်ရေးစက်ရုံစခန်းတို့အား သိမ်းပိုက်ရရှိသည်။ ယင်းစစ်ဆင်ရေးကာလအတွင်း သတ္တုတူးဖော်ရေးစခန်းများမှ စတင်း(၁)လက်၊ အမေရိကန်ရိုင်ဖယ်(၂)လက်၊ ကျည်မျိုးစုံ(၂၄)တောင့်၊ ယမ်းကြိုး(၁၀)ပေ၊ စနက်ကြိုး(၅၀၀)ပေ၊ ဒီတိုနေတာ(၁၇၀)ခု၊ ယမ်းပျော့(၁၆)တောင့်၊ နင်းမိုင်း(၁၁)လုံး၊ လက်နှိပ်စက်(၁)လုံး၊ ခနောက်စိမ်းသတ္တုရိုင်းတန်(၁၂၀၀) ကျော်၊ ၁၅-ဟန္ဒြီတ်ယာဉ်(၃)စီး၊ ၆တန်ယာဉ်(၁)စီး၊ မြေညှိစက်(၁)စီး၊ ဒီ-၈မြေထိုးစက်(၂)စီး၊ စပါး တင်းပေါင်း(၁၆၀၀)ကျော်၊ ဆန်(၂၀၂)တင်း၊ နွားကောင်ရေ(၇၀)၊ ရိက္ခာခြောက်ပစ္စည်းများ၊ သတ္တုတူးဖော်မှုလက်သုံးပစ္စည်းများ၊ စာရွက်စာတမ်း၊ ဆေးဝါးပစ္စည်းများနှင့် အဆောက်အအုံ(၄၅၉)လုံး၊ သတ္တုသန့်စင်စက်(၂)လုံး၊ သံဂေါစက်(၁)လုံး၊ လေမှုတ်စက်(၁)လုံးတို့ကို သိမ်းပိုက်ရရှိခဲ့သည်။[၂]

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၀မှ၃၁-၁၂-၈၀အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၉၆-၁၀၈

၂ မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ တတိယတွဲ မျက် ၁၈၈-၁၈၉

၁၉၈၀ပြည့်နှစ်၏ တတိယလေးလပတ်စတင်ရာဖြစ်သော ၁၉၈၀ပြည့်နှစ်၊ စက်တင်ဘာလ (၁)ရက်နေ့တွင် ကေအင်ယူတပ်မ(၁)ဌာနချုပ် မဲသဝေါစခန်းနှင့် ကေအင်ယူတပ်မဟာ(၇)၊ ကေအင်ယူ တပ်ရင်း(၁၀)များကို ဦးတည်ထိုးနှက်သော **တိုက်ခွဲဟုန်**စစ်ဆင်ရေးကို စတင်ခဲ့သည်။ ယင်းစစ်ဆင်ရေး၌ ရှေ့တန်းအရှေ့တောင်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုနယ်မြေတွင် အမှတ်(၂)ကချင် သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၉)ခြေလျင်တပ်ရင်း၊ အမှတ်(၂၈)ခြေလျင်တပ်ရင်း၊ အမှတ်(၉၇) ခြေလျင်တပ်ရင်းများမှတပ်ခွဲ(၅)ခွဲစီ၊ အမှတ်(၃၁)ခြေလျင်တပ်ရင်း၊ အမှတ်(၃၂)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၁)ခွဲစီဖြင့် ဖါပွန်၊ လှိုင်းဘွဲ့၊ ဖါးအံ၊ ကော့ကရိတ်၊ မြဝတီမြို့နယ်များတွင်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ ကွပ်ကဲမှုနယ်မြေတွင် အမှတ်(၆၁)ခြေလျင်တပ်ရင်း၊ အမှတ်(၆၂)ခြေလျင် တပ်ရင်းများမှ တပ်ခွဲ(၄)ခွဲစီဖြင့် လှိုင်းဘွဲ့၊ ကော့ကရိတ်၊ မြဝတီမြို့နယ်များတွင်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာကွပ်ကဲမှုနယ်မြေတွင်အမှတ်(၂၄)ခြေလျင်တပ်ရင်း၊ အမှတ်(၉၆)ခြေလျင်တပ်ရင်း၊ အမှတ်(၁၄)ခြေမြန်တပ်ရင်း များမှ တပ်ခွဲ(၅)ခွဲစီ၊ အမှတ်(၂၀၂)တိုင်းအရန်တပ်ခွဲ(၁)ခွဲတို့ဖြင့် သထုံ၊ ဘီးလင်း၊ ကျိုက်ထိုမြို့နယ်များတွင်လည်းကောင်း ရှင်းလင်းပိတ်ဆို့ရေးစစ်ပွဲများဆင်နွှဲခဲ့ပြီး၊ အဓိက ထိုးစစ်အဖွဲ့မှာ ရှေ့တန်း အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်မှ နည်းဗျူဟာ(၂)ခုဖြင့်ဦးဆောင်သော ခြေမြန်တပ်ရင်း(၁၀)ရင်းနှင့် ကွန်မန်ဒိုတပ်ခွဲ(၃)ခွဲတို့ဖြစ်၍[၁] ထိုတပ်ဖွဲ့များသည် ၁၉၈၀ပြည့်နှစ်၊ စက်တင်ဘာ(၂၈)ရက်နေ့တွင် စတင်တိုက်ခိုက်ပြီး၊ အောက်တိုဘာလ(၄)ရက်နေ့တွင် မဲသဝေါစခန်း၊ တပ်မတော်လက်တွင်းသို့ ကျရောက်ခဲ့သည်။ မဲသဝေါစခန်းအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်သောအခါ မဲထလေး၊ ဂိတ်မှူး ဗိုလ်ကြီးဖေဖေနှင့်အဖွဲ့သည် ထိုင်းနိုင်ငံသို့တိမ်းရှောင်သွားကြသည်။ အောက်တိုဘာ(၄)ရက်နေ့ မဲသဝေါစခန်းကျခြိန်အထိ မဲဆောက်ဆေးရုံ၌ မဲသဝေါတွင်ဒဏ်ရာရသောလူနာ(၂၀)ကျော် တက်ရောက်ကုသခဲ့သည်။ တပ်မလုံခြုံရေးတပ်ခွဲမှ ဗိုလ်မြ၏ တူတော်သူ ဒုတိယတပ်ခွဲမှူး ခိုဒဲဝါး အပါအဝင် (၅၀)ခန့်ကျဆုံးသည်။[၂]

မဲသဝေါတွင် တပ်မ(၄၄)တပ်ဖွဲ့များမှ တိုက်ခိုက်လျက်ရှိစဉ် ကေအင်ယူတပ်ဖွဲ့များကလည်း နှောက်ယှက်တိုက်ခိုက်ကြသည်။ ၁၉-၉-၈၀ရက်နေ့တွင် ကေအင်ယူတပ်မဟာ(၇)မှ စစ်ကြောင်း (၂) စစ်ကြောင်းမှူးကျော်တုတုနှင့်အဖွဲ့သည် တပ်မတော်စစ်ကြောင်းမှ အမှတ်(၄၄၁)နည်းဗျူဟာအဖွဲ့ကို တိုက်ခိုက်ရန် တောင်စွန်းတောင်ကြောမှ စောင့်ဆိုင်းနေသော်လည်း တိုက်ပွဲမဖြစ်၍ မဲသဝေါစခန်းအား တိုက်ခိုက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းများကို နောက်ကျောမှ နှောက်ယှက်တိုက်ခိုက်သည်။ ၉-၁၀-၈၀ရက်နေ့တွင် ကျော်တုတုနှင့် တပ်မဟာ(၇)မှစစ်ကြောင်း(၄)၊ စစ်ကြောင်း(၅)၊ တပ်ရင်း(၁၀)တို့ပူးပေါင်းအင်အား(၃၀၀)ခန့်ဖြင့် ရှမ်းရွာသစ်မြောက်ဘက်တောင်ကုန်း၌ ကျင်းတူး၍

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၈၀မှ၃၁-၁၂-၈၀အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၉၈-၁၀၇

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၈၀မှ၃၁-၁၂-၈၀အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၈၂-၈၃

စောင့်ဆိုင်းပြီး၊ တပ်မတော်စစ်ကြောင်းမှ အမှတ်(၄၄၁)နည်းဗျူဟာအဖွဲ့၊ အမှတ်(၂)ခြေမြန်တပ်ရင်း၊ အမှတ်(၃)ခြေမြန်တပ်ရင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အမှတ်(၂)စစ်ဗျူဟာအဖွဲ့၊ အမှတ်(၃၀)ခြေလျင်တပ်ရင်း၊ အမှတ်(၃၅)ခြေလျင်တပ်ရင်းစစ်ကြောင်းအား တိုက်ခိုက်ရာ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားပြီး၊ ကေအင်ယူအဖွဲ့သည် အရှေ့တောင်ဘက်သို့ဆုတ်ခွါသွားသည်။[၁]

၁၀-၁၀-၈၀ရက်နေ့တွင်လည်း ကေအင်ယူတပ်မဟာ(၇)မှ စစ်ကြောင်း(၂)မှူး ကျော်နိုဦးစီးသော တပ်ဖွဲ့သည် အမှတ်(၄၄၃)နည်းဗျူဟာ၊ အမှတ်(၉)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀)ခြေမြန်တပ်ရင်းစစ်ကြောင်းနှင့် ပိုင်ကျဲ၊ မိုးနိုင်းဒေသ ပွိုင့်-၂၁၉တောင်ကုန်း၊ ပွိုင့်-၁၈၇တောင်ကုန်း၊ အလီမူလာတို့၌ ပြင်းထန်စွာတိုက်ပွဲဖြစ်ပွား၍ တပ်မတော်စစ်ကြောင်းမှ ၁၂၀-မမလက်နက်ကြီးဖြင့် ပစ်ခတ်သဖြင့် ကေအင်ယူ(၆)ဦးကျဆုံးကာ (၁၂)ဦးဒဏ်ရာရရှိပြီး၊ သာမိုးမိကြောင်သို့ ဆုတ်ခွါသည်။ အမှတ်(၄၄၃)နည်းဗျူဟာ၊အမှတ်(၉)နှင့်(၁၀)ခြေမြန်တပ်ရင်းစစ်ကြောင်းသည် သတင်းအရ နယ်မြေရှင်းလင်းရာကျော်နိုနှင့်ကေအင်ယူတပ်ရင်း(၁၀၁)ပူးပေါင်းအင်အား (၄၀၀)ခန့်နှင့် ၂၈-၁၀-၈၀ရက်နေ့မှ ၂၉-၁၀-၈၀ ရက်နေ့အထိ ဝေါလယ်ဘုရားဂုတ်တို၊ ထီးစကောတို့၌ တိုက်ပွဲပြင်းထန်စွာဖြစ်ပြီး၊ ကျော်နိုတို့မြောက်ဘက်သို့ ဆုတ်ခွာသွားသည်။[၂] ၃၁-၁၀-၈၀ရက်နေ့တွင်လည်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့၊ အမှတ်(၃၀)ခြေလျင်တပ်ရင်း၊ အမှတ်(၃၅)ခြေလျင်တပ်ရင်းစစ်ကြောင်းအားကေအင်ယူစစ်ကြောင်း၂ မှကျော်တုတုဦးစီးသောစစ်ကြောင်း ၄နှင့်၅ပါ အင်အားစုများက နတ်စင်ချောင်းတွင် တိုက်ခိုက်ရာ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားပြီး ကေအင်ယူ(၆)ဦးကျဆုံးကာ ပန်တော်မိမှတဆင့် မြောက်ဘက်သို့ဆုတ်ခွာသွားသည်။[၃]ယင်းစစ်ဆင်ရေးများအားလုံးတွင်တပ်မတော်မှ (၁၃၆)ဦးကျဆုံး၍ (၃၉၉)ဦးဒဏ်ရာရရှိပြီး ရန်သူ့ဘက်မှ (၁၆၂)ဦးကျဆုံး၍ (၆၄)ဦးဖမ်းဆီးမိကာ (၁၁၂)ဦးလက်နက်ချသည်။[၄]

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၉-၈၀မှ ၃၁-၁၂-၈၀အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် မှက် ၉၁

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၉-၈၀မှ ၃၁-၁၂-၈၀အတွင်းအရှေ့တောင်တိုင်း စစ်ဌာနချုပ် မှက် ၈၉-၉၀

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၉-၈၀မှ ၃၁-၁၂-၈၀အတွင်းအရှေ့တောင်တိုင်း စစ်ဌာနချုပ် မှက် ၉၂

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၁-၈၀မှ ၃၁-၁၂-၈၀အတွင်းအရှေ့တောင်တိုင်း စစ်ဌာနချုပ် မှက် ၉၆-၁၀၇

၁၉၈၀ပြည့်နှစ်အတွင်း ရန်ကုန်တိုင်း၊ အနောက်တောင်တိုင်း၊ အနောက်ပိုင်းတိုင်း၊ အနောက်မြောက်တိုင်း နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေများအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

၁၉၈၀ပြည့်နှစ် မေလ၂၈ရက်နေ့တွင် နိုင်ငံရေးပြစ်မှုကျူးလွန်ခဲ့သူများကို လွတ်ငြိမ်းချမ်းသာခွင့်ပေး၍ နိုင်ငံတော်ကို ဆန့်ကျင်သောင်းကျန်းသူများသည် ရက်ပေါင်း (၉၀)အတွင်း တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ပါက အရေးယူခြင်းမပြုဟု နိုင်ငံတော်ကောင်စီကလွတ်ငြိမ်းချမ်းသာခွင့် အမိန့်အမှတ် ၂/၈၀ ကိုထုတ်ပြန်ကျေညာပြီး[၁] နိုင်ငံတစ်ဝှမ်းလုံးရှိ အကျဉ်းထောင် အသီးသီးနှင့် ရဲဘက်စခန်းများမှ အကျဉ်းသားအမျိုးသား (၃၆၀၁)ဦးနှင့် အမျိုးသမီး (၃၄၃)ဦးတို့ကိုလွှတ်ပေးသည်။[၂] ဤတွင် ထိုင်းနိုင်ငံရှိ ပြည်သူ့ပြည်ခွစ်ပါတီမှ ဦးသက်တင်နှင့်အဖွဲ့ဝင် (၃၉)ဦးသည် ဇွန်လ ၁၉ရက်နေ့၊ ဦးမောင်ကလေးနှင့် ဦးတင်မြင့်တို့သည် ဇွန်လ ၁၂ရက်နေ့၊ ယင်းပါတီမှ အလယ်ပိုင်းတိုင်းဒုံး တိုင်းမှူး၊ ဗိုလ်အောင်မြင့်နှင့် အဖွဲ့ဝင် (၈)ဦးသည် ဇွန်လ ၁၈ရက်၊[၃] ဗိုလ်မှူးအောင်နှင့် (၂)ဦးသည် ဇွန်လ ၂၁ရက်၊[၄] ဗကပဗဟိုကော်မတီဝင် အနောက်မြောက်တိုင်းမှူး ဗိုလ်သက်ထွန်းနှင့်အဖွဲ့ဝင်(၆၄)ဦးသည် ဇူလိုင်လ၁ရက်[၅] ရခိုင်ပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ ကျော်ဇံခိုးနှင့်အဖွဲ့ဝင် (၅)ဦးသည် ဇူလိုင်လ ၁၉ရက်၊[၆] ဦးနုနှင့်ဇနီးဒေါ်မြရိတို့သည် ဇူလိုင်လ ၂၉ရက်၊[၇] ပြည်သူ့ပြည်ခွစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အငြိမ်းစားဗိုလ်မှူးချုပ် စောကြာဦးသည် ဇူလိုင်လ၃၀ရက်၊[၈] ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြပြီး ဆက်လက်၍လည်း ပြည်သူ့ပြည်ခွစ်ပါတီဝင်များ၊ ရခိုင်ကွန်မြူနစ်ပါတီဝင်များ၊ ဗကပတပ်မဟာ(၇၆၈)မှ ဒုတိယတပ်မဟာမှူးအပါအဝင် ဗကပများ၊ အက်စ်အက်စ်အေအဖွဲ့ဝင်များ၊ အက်စ်ယူအာအေအဖွဲ့ဝင်များ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီဝင်များ၊ ကယန်းပြည်သစ်ပါတီဝင်များ၊ ရှမ်းပြည်တော်လှန်ရေးတပ်မတော်(ကိုးကန့်)မှ လော်စစ်မင်းအပါအဝင်အဖွဲ့ဝင်များသည် တဖွဲဖွဲအလင်းဝင်လာကြပြီး မေလ၂၈ရက်နေ့မှရက်ပေါင်း(၉၀)အတွင်းတွင် ပြည်တွင်းပြည်ပမှ အလင်းဝင်စုစုပေါင်း(၂၁၈၉)ဦး ရှိခဲ့သည်။[၉]

---

၁ မြန်မာ့အလင်း (၂၈-၅-၈၀)
၂ မြန်မာ့အလင်း (၁-၆-၈၀)
၃ မြန်မာ့အလင်း (၂၀-၆-၈၀)
၄ မြန်မာ့အလင်း (၂၂-၆-၈၀)
၅ မြန်မာ့အလင်း (၁၈-၇-၈၀)
၆ မြန်မာ့အလင်း (၂၁-၇-၈၀)
၇ မြန်မာ့အလင်း (၃၀-၇-၈၀)
၈ မြန်မာ့အလင်း (၃၁-၇-၈၀)
၉ မြန်မာ့အလင်း (၅-၉-၈၀)

ဤတွင် ပြည်တွင်းသောင်းကျန်းမှုသည် များစွာအရှိန်အဟုန်လျော့ပါးသွားခဲ့သည်။ ရန်ကုန်တိုင်းနယ်မြေအတွင်း၌ ရန်သူလှုပ်ရှားမှုများ လုံးဝမရှိတော့၍ မြေအောက်လှုပ်ရှားမှုများကိုသာ ဆက်လက်၍ ဦးနှိမ်ချိုးဖျက်ရန် အောင်မိုးစစ်ဆင်ရေးကိုသာ သံလျင်၊ ခရမ်း၊ သုံးခွ၊ ကျောက်တန်း၊ တွံတေး၊ကွမ်းခြံကုန်း၊ ကော့မှူးနယ်များတွင်လည်းကောင်း တိုက်ကြီး၊ လှိုင်းကူး၊ ထန်းတပင်၊ မှော်ဘီ မြို့နယ်များတွင်လည်းကောင်း၊ ဖေါင်ကြီးနယ်မြေ ဝါးခြောင်း၊ စာပူးတောင်းများတွင်လည်းကောင်း ဆက်လက်ဆင်နွှဲသည်။[၁] အနောက်တောင်တိုင်းစစ်ဌာနချုပ်အတွင်းရှိ မြို့နယ်ပေါင်း(၂၆)မြို့နယ်တွင်လည်း နယ်မြေစိုးမိုးရေးဒေသန္တရ စစ်ဆင်ရေးများကိုသာ လုပ်ဆောင်ခဲ့သည်။[၂]

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌မူ ပြည်နယ်အတွင်းရေးမှူး ကျော်မြနှင့် မိသားစုအပါအဝင်အင်အား(၂၀)ခန့်သည် ၁၉၇၉ခုနှစ်ဇန်နဝါရီလ ပထမပတ်၌ ဘင်္ဂလားဒေရှ်နိုင်ငံမှ ချက်ကမာသောင်းကျန်းသူများရှိရာ ကွင်းချောင်းစခန်းသို့ ရောက်ရှိနေရာ ၁၉၈၀ပြည့်နှစ်၊ ဇွန်လတွင် ရခိုင်ပြည်နယ်စစ်ဒေသကော်မတီဖွဲ့စည်း၍ နိုင်ငံရေးမှူးကျော်မြ၊ ဒုတိယနိုင်ငံရေးမှူးရဲထွန်း(ခေါ်)ထွန်းအောင်ဖြူ တပ်မှူးစောထွန်းဦးတို့တာဝန်ယူကာ ပြည်နယ်တပ်နှင့် စစ်တွေခရိုင်တပ်ပူးပေါင်းပြီး တိုက်ခိုက်ရေးတပ်ခွဲ၃ခွဲဖွဲ့စည်းကာ ကျောက်တော်၊ ရသေ့တောင်၊ မြောက်ဦးမြို့နယ်များတွင် လှုပ်ရှားခဲ့သည်။[၃] ယင်းလအတွင်းတွင်ပင် ကျော်မြသည် ဗကပဗဟိုသို့ထွက်ခွာ၍ ကျော်မြ၏ တာဝန်ကို ဗကပဗဟိုကော်မတီဝင်ရဲထွန်းကယူထားသည်။ ပြည်နယ်တပ်စစ်ရေးတာဝန်ခံ စောထွန်းဦးသည် တိုက်ခိုက်ရေးတပ်ခွဲ ၁နှင့်၂ အပါအဝင် အင်အား(၁၅၀)ခန့်ဖြင့် ၇-ဧ-၈၀ရက်နေ့တွင် ဘင်္ဂလားဒေရှ်နိုင်ငံအတွင်းသို့ဝင်ရောက်သွားသည်။[၄] ဗကပရခိုင်ပြည်နယ်တပ်နှင့် လက်အောက်ခံအဖွဲ့အစည်းများသည် အင်အား ၃၀၀ ကျော်ခန့်ဖြင့် ဘင်္ဂလားဒေရှ်နိုင်ငံအတွင်း စပါးချောင်းတစ်ဝိုက်၌ ဖြန့်ခွဲခိုအောင်းသည်။ ကျော်မြ၏နေရာတွင်တာဝန်ယူထားသည့် ဗဟိုကော်မတီဝင် ရဲထွန်းသည် လူမှုရေးဖေါက်ပြန်မှု များရှိ၍ ရဲထွန်းအား ရာထူးမှချပြီး ပြည်နယ်တပ်မှူး စောထွန်းဦးကတာဝန်ယူထားသည်။ ပြည်နယ်တိုက်ခိုက်ရေး တပ်ခွဲ ၁နှင့်၃ကိုပေါင်း၍ တပ်ရင်း ၁ အဖြစ်ဖွဲ့စည်းကာ တပ်ရင်းမှူးအဖြစ် ကျော်မောင်အားလည်းကောင်း၊ မြို့နယ်တပ်များပေါင်း၍ တပ်ရင်း ၂ ဖွဲ့စည်းကာ တပ်ရင်းမှူးအဖြစ် အုံမောင်အားလည်းကောင်း တာဝန်ပေးထားသည်။ ဗကပတို့သည် ချက်ကမာသောင်းကျန်းသူများနှင့် ပူးပေါင်းခြင်းမရှိသော်လည်း မဟာမိတ်ပြုလုပ်ထား၍ ဗကပတို့

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၀မှ ၃၀-၄-၈၀အတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက်၁၁၂

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၀မှ ၃၀-၄-၈၀အတွင်း အနောက်တောင်တိုင်း စစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၁၆

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၀မှ ၃၀-၄-၈၀အတွင်း အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၁၈

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၈၀မှ ၃၁-၈-၈၀အတွင်း အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၁၂-၁၁၄

ရောက်ရှိလာချိန်တွင် ချက်ကမာသောင်းကျန်းသူများသည်မြောက်ဘက်သို့ပြောင်းရွှေ့သွားရာ၊ယင်းတို့လုပ် ကိုင်ထားသည့် တောင်ယာစပါးများကို ဗကပတို့က ရိတ်သိမ်းစားသောက်နေကြသည်။[၁] ရခိုင်ပြည်နယ်အလံနီကွန်မြူနစ်ပါတီမှ မောင်ဟန်၊ ချင်းဘမောင်နှင့် ဗဟိုလက်ကျန်အဖွဲ့မှ အင်အား(၈၀) ကျော်ခန့်သည် ၁၉၈၀ပြည့်နှစ် ဇွန်လအတွင်း ပလက်ဝမြို့နယ်မြောက်ခြမ်းမှ တစ်ဖက်နိုင်ငံ အတွင်းသို့ ဝင်သွားသည်။[၂]

အနောက်ပိုင်းတိုင်းမှ **ခညဝတီ** စစ်ဆင်ရေးကို တိုင်းစစ်ဌာနချုပ်က တိုက်ရိုက်ကွပ်ကဲသော နယ်မြေတွင် အမှတ်(၂၀)ခြေလျင်တပ်ရင်း၊ အမှတ်(၅၅)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ ၄ခွဲနှင့် တပ်စု ၁စု၏ အမှတ်(၉၀)ခြေလျင်တပ်ရင်းမှ တပ်ခွဲ ၅ခွဲ၊ လုံထိန်း(၂)မှ တပ်ခွဲ ၅ခွဲတို့ဖြင့်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့လက်အောက်တွင် အမှတ်(၉၂)ခြေလျင်တပ်ရင်းမှ တပ်ခွဲ၂ခွဲနှင့် တပ်စု ၂ စု ဖြင့်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာကွပ်ကဲမှုအဖွဲ့လက်အောက်တွင် အမှတ်(၃၄)ခြေလျင်တပ်ရင်း၊ အမှတ်(၄၄)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ၄ခွဲနှင့် တပ်စု ၁စု၏ဖြင့်လည်းကောင်း ဆင်နွှဲလျက်ရှိသည်။ ထို့ပြင်**ရဲသီဟ** စစ်ဆင်ရေးကိုလည်း အမှတ်(၂)စစ်ဗျူဟာအဖွဲ့မှကွပ်ကဲလျက် အမှတ်(၃၄)ခြေလျင်တပ်ရင်းမှ တပ်ခွဲ ၂ခွဲနှင့် တပ်စု ၂စု၊ အမှတ်(၈၇)ခြေလျင်တပ်ရင်းမှ တပ်ခွဲ ၄ခွဲ၊ အမှတ်(၉၁)နှင့် (၉၂)ခြေလျင်တပ်ရင်းများမှတပ်ခွဲ၅ခွဲစီတို့ဖြင့် အမ်း၊ မြေပုံမြို့နယ်မြောက်ခြမ်း၊ မင်းပြား၊ မြောက်ဦးမြို့နယ်အရှေ့ခြမ်း၊ ဒါးလက်ချောင်းဖျား၊ သံချောင်းဖျား၊ ဝက်ချောင်းဖျား၊ ရွှေးချောင်းဖျားနှင့် ရမ်းချောင်းဖျားများတွင် ဆင်နွှဲခဲ့သည်။ ယင်းစစ်ဆင်ရေးများတွင် တပ်မတော်မှ (၈)ဦးကျဆုံး၍ (၃)ဦးဒဏ်ရာရပြီး၊ ရန်သူဘက်မှ (၄၂)ဦးကျဆုံး၍ (၉)ဦးဖမ်းမိကာ (၅၈၃)ဦးလက်နက်ချသည်။[၃]

အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင်လည်း **သူရိန်**စစ်ဆင်ရေးကိုဆင်နွှဲလျက်ရှိရာ တိုင်းစစ်ဌာနချုပ်တိုက်ရိုက်ကွပ်ကဲမှုနယ်မြေတွင် အမှတ်(၄၂)ခြေလျင်တပ်ရင်း၊ အမှတ်(၈၅)ခြေလျင်တပ်ရင်းတို့မှ တပ်ခွဲ ၄ခွဲစီဖြင့် မိတ္ထီလာ၊ ကျောက်ဆည်၊ မန္တလေးဒေသ၊ အနောက်မြောက်တိုင်းနှင့် အရှေ့ပိုင်းတိုင်းဆက်စပ်နယ်မြေ၊ အင်တော၊ ကျောက်ဝူကားလမ်းအနောက်ခြမ်း၊ ပုံတောင်ဒေသ၊ အရှေ့မြောက်တိုင်း၊ အရှေ့ပိုင်းတိုင်းနှင့် အနောက်မြောက်တိုင်းဆက်စပ်နယ်မြေ၊ ဖက်ရင်းကုန်းဒေသ၊ ပျဉ်းမနား၊ တပ်ကုန်း၊လယ်ဝေး၊ ပျော်ဘွယ်၊ ရမည်းသင်းမြို့နယ်များတွင်လည်းကောင်း၊ အမှတ်(၁) စစ်ဗျူဟာအဖွဲ့နယ်မြေတွင် အမှတ်(၅၀)ခြေလျင်တပ်ရင်း၊ အမှတ်(၈၉)ခြေလျင်တပ်ရင်း၊ အမှတ်(၉၅) ခြေလျင်တပ်ရင်းများမှ တပ်ခွဲ ၄ခွဲစီဖြင့် ချင်းပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၉-၈၀မှ ၃၁-၁၂-၈၀အတွင်း အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် မျက် ၁၁၅

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၉-၈၀မှ ၃၁-၁၂-၈၀အတွင်း အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် မျက် ၁၁၆-၁၁၇

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၁-၈၀မှ ၃၁-၁၂-၈၀အတွင်း အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် မျက် ၁၁၈-၁၂၈

နယ်မြေများတွင်လည်းကောင်း၊ အမှတ်(၂) စစ်ဗျူဟာအဖွဲ့.နယ်မြေတွင် အမှတ်(၈၈)ခြေလျင်တပ်ရင်းမှ တပ်ခွဲ ၄ခွဲ အမှတ်(၂) တိုင်းပတိုလေ့ကျင့်ရေးစခန်းတို့ဖြင့် မတူပီ၊ မင်းတပ်၊ ကန်ပက်လက်၊ ဆိပ်ဖြူ၊ ရေနံချောင်း၊ ချောက်၊ မြင်းခြံ၊ နွားထိုးကြီး စသောနယ်မြေများတွင်လည်းကောင်း တိုက်ခိုက်ခဲ့ကြသည်။ ဤစစ်ဆင်ရေးများတွင် တပ်မတော်မှ (၂)ဦးကျဆုံး၍(၈)ဦးဒဏ်ရာရရှိပြီး၊ ရန်သူဘက်မှ (၂၁)ဦး ကျဆုံး၍ (၁)ဦးဖမ်းမိကာ (၃၇)ဦးလက်နက်ချသည်။[၁]

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင်လည်း ကေအင်ယူ တပ်မဟာ(၂)သည် ဘူဆာကြီး၊ ခဲကဲဒိုးဒေသတွင် အင်အား (၂၈၀)ဖြင့်ရှိနေပြီး တပ်မဟာ(၃)သည် လေကော်ဒိုး၊ လော်ခူးခိုဒေသတွင် အင်အား(၄၈၀)ဖြင့်ရှိကာ ဗျကောပုဒေသအဖွဲ့.အစည်းသည်လည်း ဗျကောပုဒေသ၌ အင်အား(၁၅၀) ဖြင့်ရှိနေရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ **အောင်စိုးမိုး** စစ်ဆင်ရေးအဆင့်(၁၆)ကို ဆက်လက်ဆင်နွှဲသည်။ ယင်းစစ်ဆင်ရေးတွင် တိုင်းတိုက်ရိုက်ကွပ်ကဲမှု၊ အမှတ်(၁)နှင့် (၂)စစ်ဗျူဟာများကွပ်ကဲမှုတို့ဖြင့် အမှတ်(၁၆)ခြေလျင်တပ်ရင်း၊ အမှတ်(၃၀)ခြေလျင်တပ်ရင်း၊ အမှတ်(၃၅)ခြေလျင်တပ်ရင်း၊ အမှတ်(၃၆)ခြေလျင်တပ်ရင်း၊ အမှတ်(၄၈)ခြေလျင်တပ်ရင်း၊ အမှတ်(၅၃)ခြေလျင်တပ်ရင်း၊ အမှတ်(၅၉)ခြေလျင်တပ်ရင်း၊ အမှတ်(၆၀)ခြေလျင်တပ်ရင်း၊ အမှတ်(၇၀)ခြေလျင်တပ်ရင်းများနှင့် အတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၇၁)ခြေလျင်တပ်ရင်းတို့ဖြင့် စစ်တောင်းမြစ်အနောက်ခြမ်း၊ ပျဉ်းမနားအရှေ့ခြမ်း၊ သံတောင်၊ကျောက်ကြီး၊ မူသဲ၊ ဗျကောပု၊ ဆေးဒေးဒေသများတွင် တိုက်ရိုက်စစ်ဆင်သည်။[၂]

၁၉၈၁ခုနှစ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်စစ်ဆင်ရေး

ဗကပ(၁၀၁)စစ်ဒေသဌာနချုပ်ကို ကန်ဘိုက်တီးတွင်ထားရှိပြီး တပ်ရင်း ၂ရင်းအင်အား (၉၈၇)ဦးဖြင့် ခီဗွေ၊ ဆောလောဒေသများတွင် လှုပ်ရှားလျက်ရှိသည်။ [၃] ကန်ဘိုက်တီးဌာနချုပ်တွင် နိုင်ငံရေးမှူး သန်းလွင်ထွန်းနှင့် စစ်ဒေသမှူးစခုန်တိန်ယိန်းတို့ရှိ၍ လက်နက်ကြီးတပ်လည်းရှိသည်။ လက်အောက်ခံတပ်ရင်း(၁)သည် ကန်ဘိုက်တီးနယ်မြေ စင်ကြိုင်နှင့် ကွန်မွိုင်တွင်လည်းကောင်း၊ တပ်ရင်း(၂)သည် နဝွန်ဘော်နှင့် လမ်းကျော်နယ်မြေတွင်လည်းကောင်း၊ ဒေသတပ်ခွဲ ၅ခွဲသည် နဝွန်ဘော်၊ ဆောလော၊ မန်ကျီ၊ ခီဗွေ၊ မန်ဆန်တို့တွင်လည်းကောင်း လှုပ်ရှားလျက်ရှိသည်။ ၂၁-၉-၈၁ရက်နေ့တွင် ရှေ့တန်း အမှတ်(၄၀)ခြေလျင်တပ်ရင်း၏ ရစ်ကျော်စခန်းနှင့် ကာကင်းကို ဗကပ(၁၅)ဦးခန့်က ၈၂မမ စိန်ပြောင်းလက်နက်ငယ်တို့ဖြင့် ပစ်ခတ်သည်။ ကေအိုင်အေ

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၀မှ ၃၁-၁၂-၈၀အတွင်း အနောက်မြောက်တိုင်း စစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၃၃-၁၄၃

၂ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

၃ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

သောင်းကျန်းသူဗဟိုသည် ပါဂျိုတွင် လည်းကောင်း၊ စစ်ဦးစီးဌာနချုပ်သည် ဖလပ်တွင်လည်းကောင်း အခြေပြုထားပြီး၊ တပ်ရင်း ၂၅၃သည် အင်အား(၇၈၀)ဖြင့် ဝိုင်းမော်ဒေသတွင်ရှိသည်။ ၁၉၈၁ခုနှစ် ဇန်နဝါရီလအတွင်းတွင် ကေအိုင်အိုဥက္ကဋ္ဌ မရန်ဘရန်ဆိုင်းသည် တစ်ဖက်နိုင်ငံသို့ ဆေးကုရန် သွားရောက်ခဲ့သည်။ ၁၉၈၁ခုနှစ်၊ အောက်တိုဘာလအတွင်း၌ စစ်ဦးစီးချုပ်ဇော်မိုင်သည် လွယ်ကျယ်သို့ ရောက်ရှိနေပြီး ထိုမှ မန်ဟီးရိုးသို့ ၂ကြိမ်သွားရောက်ပြီး ကေအိုင်အေတပ်ရင်းအသစ်ဖွဲ့စည်းရန် လိုအပ်သော လက်နက်ခဲယမ်းများ ရရှိရေးကို ဆွေးနွေးသည်။ အဆိုပါတပ်ရင်းအသစ်ကို ဗန်းမော်၊ ရွှေကူနယ်မြေတွင်ဖွင့်လှစ်မည်ဖြစ်ပြီး၊ တပ်ရင်းမှူးအဖြစ်တပ်ရင်း(၁)မှဒုတိယတပ်ရင်းမှူးလဇိန်ဘောက်ကိုလျာထားကာ လဇိန်ဘောက်နှင့် လက်ရွေးစဉ် အင်အား(၆၀)ကို နယ်မြေလေ့လာရန်စေလွှတ် ခဲ့သည်။ ပါဂျိုရှိကုန်သွယ်ရေးဌာနသည် စက်တင်ဘာလအတွင်း၌ဖေါက်ထွင်းခံရပြီး ငွေ(၁၀)သိန်းကျော် ပျောက်ဆုံးခဲ့၍ ဘဏ္ဍာရေးတာဝန်ခံ လမာလရိန်းအပါအဝင် (၈)ဦးကို သေဒဏ်ချမှတ်ပြီး ပစ်သတ်ခဲ့သည်။ ကေအိုင်အေတပ်မဟာ(၁)ကို ဇော်ဖန်ခေါင်းဆောင်၍တပ်မဟာဌာနချုပ်သည် နင်ရော်ကောင်းအနီး လကောင်ဘွန်၌ အခြေပြုထားပြီး၊ တပ်ရင်း(၄)၊ တပ်ရင်း(၇)နှင့်တပ်ရင်း(၁၀)တို့သည် အင်အား(၁၁၁၀)ဖြင့် ရှခရီဘွမ်၊ ရန်ဖန်၊ ရှရဲတို့တွင် အခြေပြုကာ ဖေါင်းကျာဆွမ်ပရာဘွန်၊ အင်ကျန်းယန် ဒေသများ၌ လှုပ်ရှားသည်။ ကန်တွဲဦးဆောင်သည့် တပ်မဟာ(၂)ဌာနချုပ်သည် ဂေါ်ရီခါးတွင် အခြေပြုထားပြီး လှုပ်ရှားတပ်ရင်း(၂၅၂)အား အနီးကပ်ကွပ်ကဲလျက်ရှိသည်။ ထို့ပြင်လက်အောက်ခံ တပ်ရင်း(၅)(၆)(၁၁)တို့လည်းရှိ၍ အင်အား(၁၅၅၀)ဖြင့် မိုးကောင်း၊ မိုးညှင်း၊ တနိုင်း၊ ကာမိုင်းဒေသ တွင် လှုပ်ရှားလျက်ရှိသည်။ တပ်မဟာမှူး မကျိဇော်အိမ်အား ဖယ်ရှားပြီး၊ ဇော်ဘွမ်က တပ်မဟာမှူး တာဝန်ယူသည့်တပ်မဟာ(၃)ဌာနချုပ်သည်ကျာတုကောင်းတွင်ရှိနေပြီး၊ တပ်ရင်း(၁)(၃)(၂၅၁)တပ်ရင်း(၃)ရင်း၊ အင်အား (၁၄၃၀)ဖြင့် ဝိုင်းမော်၊ မိုးမောက်မံစီဒေသများတွင် လှုပ်ရှားလျက်ရှိသည်။ သို့ဖြစ်၍ ကေအိုင်အေ တို့သည်စုစုပေါင်းတပ်ရင်း ၁၁ ရင်း အင်အား(၁၈၇၀)ဖြင့်လှုပ်ရှား နေကြပေသည်။ နာဂသောင်းကျန်းသူ အိုစက်ဆူနှင့် ကပ်ပလန်တို့ဦးစီးသည့် နာဂစစ်ဦးစီးဌာနချုပ်သည် ကျူယမ်းပတ်ဝန်းကျင်နှင့် ဟာရှိတ်တော်နုတဝိုက်၌ လှုပ်လှည့်နေပြီး တပ်ရင်း(၃)ရင်းပါသော တပ်မဟာ(၁)ခု ဖွဲ့စည်း၍ တပ်ရင်း(၁)သည် လုံခိုင်ရှာမီးနယ်မြေ၊ တပ်ရင်း(၂)သည် လောဒေသ၊ တပ်ရင်း(၃)သည် ပါရိုးတာမောင်းဒေသတို့၌ လှုပ်ရှားလျက်ရှိသည်။ [၀]

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သည် **ဇွဲရဲမာန်** စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲလျက်ရှိရာ တိုင်းစစ်ဌာနချုပ်တိုက်ရိုက်ကွပ်ကဲမှုနယ်မြေ အင်ကျန်းယန်၊ မြစ်ကြီးနား၊ ဆွမ်ပရာဘွမ်၊ ဖေါ်ဝမ်ဒရူး၊ မချမ်းဘော၊ ပူတာအို၊ ခန္တီး၊ နမ့်ယွန်း၊ ရှင်ဗွေယန်၊ လေရှိုး၊ ဟူမွလင်း၊ တနိုင်း၊ တရုံဒေသများတွင် အမှတ်(၃၇)ခြေလျင်တပ်ရင်း၊အမှတ်(၄၆)ခြေလျင်တပ်ရင်း၊ အမှတ်(၅၂)ခြေလျင်တပ်ရင်း၊ အမှတ်(၃၄)

---

[၀] ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၈၁မှ ၃၁-၁၂-၈၁အတွင်း မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၉-၁၀

ခြေလျင်တပ်ရင်း၊ အမှတ်(၈၆)ခြေလျင်တပ်ရင်းများမှ တပ်ခွဲငွေခွဲစီဖြင့်လည်းကောင်း၊ အမှတ်(၁) စစ်ဗျူဟာအဖွဲ့ ကွပ်ကဲသောနယ်မြေ မြို့သစ်၊ ဒေါ်ဖုန်းယန်၊ နားလုံ၊ ဗန်းမော်၊ စိန်လုံ၊ လွယ်ကျယ်၊ စီခမ်းကြီး၊ မန်စီးမွန်ဘာပါ၊ အူလံပါ၊ မိုင်းခေါင်ဒေသတွင် အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂၁)ခြေလျင်တပ်ရင်း၊ အမှတ်(၄၇)ခြေလျင်တပ်ရင်း၊ အမှတ်(၅၆)ခြေလျင်တပ်ရင်းများဖြင့် လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာနယ်မြေ ခိုဗွေ၊ ရစ်ကော်၊ မဂေါင်၊ လောင်ဖန်၊ တံငါ၊ ရှငေါ်၊ ထောဂေါ၊ ဆောလော၊ ဝိုင်းမော်၊ ဆိုင်လော်၊ ဆဒုံး၊ ဝေါခြုံဒေသများတွင် အမှတ်(၂၇)ခြေလျင်တပ်ရင်း၊ အမှတ်(၂၉)ခြေလျင်တပ်ရင်း၊ အမှတ်(၄၀)ခြေလျင်တပ်ရင်း၊ အမှတ်(၅၈)ခြေလျင်တပ်ရင်းများဖြင့်လည်းကောင်း တိုက်ခိုက်ကြပြီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် အမှတ်(၂)စစ်ဗျူဟာအဖွဲ့ နယ်မြေ ချောင်းဝ၊ လုံးတုံ၊ လုံးစန့်၊ မုံးညှင်း၊ ဆားမှော်၊ မိုးကောင်း၊ ကာမိုင်း၊ ဖါးကန့်၊ နမ့ဖီး၊ ၇၀၄မိုင်၊ ပိတောင်၊ အကျဲဒေသများတွင် အမှတ်(၁၈)ခြေလျင်တပ်ရင်း၊ အမှတ်(၃၆)ခြေလျင်တပ်ရင်း၊ အမှတ်(၃၈)ခြေလျင်တပ်ရင်း၊ အမှတ်(၅၁)ခြေလျင်တပ်ရင်း၊ အမှတ်(၆၃)ခြေလျင်တပ်ရင်း၊ အမှတ်(၉၈)ခြေလျင်တပ်ရင်းများဖြင့် စစ်ဆင်နွှဲလျက်ရှိသည်။ အဆိုပါစစ်ဆင်ရေးများတွင် တပ်မတော် မှ (၈၆)ဦးကျဆုံး၍ (၁၈၁)ဦး ဒဏ်ရာရရှိပြီး၊ ရန်သူဘက်မှ (၉၉)ဦးကျဆုံး၍ (၄၅)ဦး ဖမ်းဆီးရမိကာ (၇၈)ဦး လက်နက်ချသည်။[၁]

၁၉၈၁ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်စစ်ဆင်ရေး

ဗကပဗဟို နှင့် အရှေ့မြောက်စစ်ဒေသတို့သည် ပန်ဆန်းတွင် ဆက်လက်အခြေပြုလျက် ၁၀-၁၂-၈၀ ရက်နေ့တွင် အရှေ့မြောက်စစ်ဒေသအစည်းအဝေးကျင်းပပြီး ၁၉၈၁ ခုနှစ် လုပ်ငန်း စီမံချက်များချမှတ်ခဲ့ရာ စစ်ရေးအပိုင်းတွင် ၁၉၈၁-ခုနှစ် အတွင်း စစ်ဆင်ရေးများ များစွာဖော်ဆောင်ရေး၊ မူဆယ်တိုက်ပွဲကဲ့သို့သော တိုက်ပွဲများဖော်ဆောင်ရေး၊ ဗန်းမော်၊ မိုးမိတ်၊ မဘိန်း၊ မိုးလင်းဒိန်ကာ နယ်များတွင် တပ်မဟာ(၂)နှင့်(၂၀၂)စစ်ဒေသတို့ ပူးပေါင်းထိုးဖောက်အခြေစိုက်ရေး၊ ကေအိုင်အေ တပ်ရင်း(၃)၊ တပ်ရင်း(၉)၊ ပလောင်သောင်းကျန်းသူ တပ်ရင်း(၆)တို့နှင့်လက်တွဲကာ နယ်မြေများ လွတ်မြောက်ပြီး အမာခံနယ်မြေများအဖြစ်ထိန်းသိမ်းရေး၊ မြစ်အရှေ့ ညွှန်ကြားရေးဌာန တပ်ဖွဲ့များသည် ရှမ်း၊ ပအို့ဝ်သောင်းကျန်းသူများနှင့် မဟာမိတ်ဖွဲ့ကာ တပ်မတော်နှင့်တရုတ်ဖြူ အကြွင်းအကျန်များကိုတိုက်ခိုက်ရေး၊ (၈၁)ပြောက်ကျားစစ်ဒေသသည် ကျိုင်းတုံ၊ မိုင်းကိုင်၊ လဲချားနယ်မြေများအထိ

---

၁ (က) မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း
(ခ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၁မှ ၃၀-၄-၈၁အတွင်း မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁-၂၁
(ဂ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၈၁မှ ၃၁-၁၂-၈၁အတွင်း မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁-၂၅

ထိုးဖေါက်ရေးစသည်ဖြင့်ပါဝင်ပြီး ၁-၂-၈၁ ရက်နေ့မှစ၍ ပန်ဆန်းတွင် လက်နက်ကြီးများ ပစ်ခတ်လေ့ကျင့်နေပြီး ရောင်တိမ်းတွင် လူသစ် (၃၀၀)ခန့်အား သင်တန်းပေး လျက်ရှိသည်။ ပန်ဆန်းမှ ပန်ယန်းသို့ ကားလမ်းဖေါက်လုပ်မှုမှာလည်း (၁၅)မိုင်ခန့်ပြီးစီးသည်။ ဗကပနှင့်ကေအိုင်အို ပူးတွဲကြေညာချက်ကို ၇-၇-၈၁ရက်နေ့တွင် လက်မှတ်ရေးထိုးပြီး၊ ၈-၈-၈၁ရက် နေ့တွင်အသံလွှင့်သည်။ ဗကပဗဟိုခွဲကိုလည်း မုံးကိုးတွင် ဖွင့်လှစ်၍ တပ်မဟာ(၂)ကိုအနီးကပ် ကွပ်ကဲသည်။ ယင်းဗဟိုခွဲတွင် အင်အား(၇၀)ခန့်ရှိသော လုံခြုံရေးတပ်ခွဲ ၁ခွဲနှင့် တပ်ရင်း(၁၈၀)မှ အင်အား(၁၀၀)ခန့်ရှိ၍ ကားကြီး ၆စီးနှင့် ဆက်သွယ်ရေးစက် ၂လုံးရှိသည်။ ဗကပတပ်မဟာ(၂) သည် နိုင်ငံရေးမှူး ဟုံလောက်စေ၊ တပ်မဟာမှူး ထွန်းတင်တို့ ဦးစီးလျက်ရှိရာမှ ၁၉၈၁ခုနှစ်၊ ဇူလိုင်လတွင် ဟုံလောက်စေသည် တစ်ဖက်နိုင်ငံသို့ အပြီးအပိုင်ထွက်ခွာခဲ့၍ ထွန်းတင်သည် တပ်မဟာနိုင်ငံရေးမှူး၊ ကျန်စိမြင့်သည် တပ်မဟာမှူး တာဝန်များယူသည်။ ထွန်းတင်သည် တပ်ရင်း(၁၈၀)၊ တပ်ရင်း(၃၀၃၇)နှင့်ဌာနချုပ်မှ အင်အား(၄၀၀)ခန့် ထုတ်နှုတ်၍ မုံးပေါ်မှထွက်ခွာပြီး ကွတ်ခိုင်နမ်ဖတ်ကာကားလမ်းအား ၄-၃-၈၁ ရက်နေ့တွင်ဖြတ်ကျော်ကာ နမ့်ခိုင်ချောင်းအားဖြတ်ကျော်၍ ကေအိုင်အေတပ်မဟာ(၄)နယ်မြေဖြစ်သော နမ့်ဆောင်ကျဲ၊ ပန်ကွတ်မှ တစ်ဆင့် နမ့်ဟိုင်းဒေသသို့ရောက်ရှိ၍ ထွန်းတင်ဦးစီးသော အင်အား(၁၅၀)ခန့်သည် ၁၈-၃-၈၁ရက် နေ့တွင် ကေအိုင်အေတပ်မဟာ(၄)ခေါင်းဆောင်များနှင့် နမ့်ပန်စျေးတွင်ဆွေးနွေးသည်။ ထိုမှ အင်အား(၄၀၀)ခန့်ကို ၂ဖွဲ့ခွဲ၍ အင်အား(၂၀၀)ခန့်သည် ၂၁-၄-၈၁ရက်နေ့တွင် ငေါ့စဗစ်သို့ ရောက်ရှိရာ တပ်မတော်က ပိတ်ဆို့ချေမှုန်း၍ (၈)ဦးကျဆုံးပြီး မြောက်ဖက်သို့ ထွက်သွားသည်။ ကျန်အင်အား(၂၀၀)ခန့်သည် နန့်ဆောင်ကျဲ၊ နန့်လစ်ဖက်သို့ ထွက်ခွာရာ တပ်မတော်ကလိုက်လံတိုက်ခိုက်၍ ၂၆-၄-၈၁ရက်နေ့တွင် နန့်လစ်၌ ပြင်းထန်စွာတိုက်ပွဲဖြစ်ပွားပြီး၊ ဗကပတို့သည် အို့ငိုလောဘက်သို့ ဆုတ်ခွာသည်။ ငေါ့စဗစ်မှမြောက်ဘက်သို့ ထွက်လာသော ဗကပတပ်များနှင့် တပ်မတော်တပ်ဖွဲ့များသည် မန်ယွန်းတွင် ၂၈-၄-၈၁နှင့် ၂၉-၄-၈၁ရက်နေ့များ၌ အပြင်းအထန်တိုက်ပွဲဖြစ်ပွားပြီး ရန်သူသည် ၂ဖွဲ့ခွဲ၍ တောင်ဖက်နှင့် အရှေ့ဖက်သို့ထွက်ခွာသည်။ တပ်မဟာ(၂) လက်အောက်ခံတပ်ရင်း (၁၀၇)သည် နမ့်တောင်းဒေသတွင်ရှိရာမှ ၁၉၈၁ခုနှစ် မတ်လတွင် မုံးပေါ်ဒေသသို့ပြောင်းရွှေ့သည်။ တပ်ရင်း(၃၀၃၁)သည် မုံးပေါ်ဒေသမန်ဖိုင်နှင့်မန်ပုံတွင် ဖြန့်ခွဲအခြေပြုရာမှ မတ်လဆန်းမှစ၍ လွယ်လန်း၊ နမ့်တောင်း၊ ဟော်ဝါး၊ မုံးယားဒေသတွင် တပ်ဖြန့်ခွဲသည်။ တပ်ရင်း(၃၀၃၃)သည် ကောင်းခါ၊ ဟိုတောင်း၊ ဟိုနား၊ ဝင်းဆာတစ်ဝိုက်တွင် ဖြန့်ခွဲထားပြီး၊ တပ်ရင်း(၆၀၁)သည် မုံးကိုး၊ စီစီဝမ်၊ တာပန်ရင်ဆိုင်ကုန်းများတွင် တပ်ဖြန့်ခွဲ၍ မုံးပေါ်မြို့နယ်တပ်သည် တပ်ရင်း(၆၀၁)မှ လက်နက်ကြီးတပ်ဖွဲ့နှင့်အတူ စီစီဝမ်၊ တာပန်ရင်ဆိုင်ကုန်းတွင်ရှိကာ မုံးစီးမြို့နယ်တပ်သည် မုံးစီး၊ နားလယ်အရှေ့ခြမ်း၊ နမ့်တောင်းဟိုစီး၊ ဟိုလာဒေသတွင် ဖြန့်ခွဲရှိနေကြသည်။ တပ်ရင်း(၈၀၁)သည် မန်ဟီးရိုးဒေသတွင်လည်းကောင်း၊ တပ်ရင်း(၂၀၂)မှ အင်အားစုများသည်မန်နား၊ စိုမုန်း၊ ရွှေလီချိုင့်ဝှမ်းတွင်ရှိရာမှရွှေလီချိုင့်ဝှမ်းအရှေ့ခြမ်းမှ အနောက်ခြမ်း

ဒေသသို့တိုးချဲ့သည်။ ဗကပတပ်မဟာ(၁၂)ဌာနချုပ်ကို ကျင်ခြမ်းတွင်အခြေပြုပြီး တပ်ရင်း(၁)၊ တပ်ရင်း(၉)၊ တပ်ရင်း(၀၁၆)၊ တပ်ရင်း(၀၁၈)တို့ကို အသစ်ဖွဲ့စည်းသော တပ်မ(၄၈)နှင့် တပ်မ(၆၈) လက်အောက်တွင် ထည့်သွင်းဖွဲ့စည်းသည်။ တပ်ရင်း(၂၂)သည် တာအိုက်တွင် ဌာနချုပ်ရှိပြီး တပ်ခွဲ(၄)အား တာအိုက်၊ ဖါးကွတ်၊ ဖျင်ဟော်နှင့် ဟိုစွမ်ဒေသ တွင် ဖြန့်ခွဲထားသည်။ တပ်ရင်း(၂၂) အင်အားစုများသည် ဟိုပန်နှင့် ပန်လုံဆက်သွယ်ရေးလမ်းကြောင်း တစ်လျှောက်လှုပ်ရှားခဲ့ရာ ဇန်နဝါရီလ ၂၈ ရက်မှ ၃၁ ရက်နေ့အတွင်း တပ်မတော်နှင့် ထိတွေ့မှုများရှိပြီး ရန်သူ(၂)ဦးကျ၍ လက်နက်ငယ်(၂)လက် တပ်မတော်မှရသည်။ ကေအိုင်အေ တပ်မဟာ(၄)သည် အင်အား(၁၅၀)ဖြင့် လွယ်လန်းဒေသတွင် အခြေပြုနေရာ ၂၂-၉-၈၁ရက်နေ့တွင် တပ်မတော်စစ်ကြောင်းက ဝင်ရောက် ရှင်းလင်း၍ ငေါင်းပလောင်တောင်ကျောဘက်သို့ တိမ်းရှောင်သည်။ ပလောင်သောင်းကျန်းသူ ပီအက်စ်အယ်အေအဖွဲ့မှ သန်းဝင်း ၂၅-၁၁-၈၁ ရက်နေ့တွင်နုတ်ထွက်၍ အုံးခိုင်မှ ဆက်လက်တာဝန် ယူကာ ဟိုမိန်း၊ ဟူးမန်းတွင် ဆက်လက်လှုပ်ရှားပြီး အက်စ်အက်စ်အေရှမ်းသောင်းကျန်းသူ တပ်မဟာ(၁)သည် ခွန်ပန်ကျိုင်းလင်းဒေသတွင်အခြေခံလှုပ်ရှားလျက် တပ်မဟာ(၃)သည် ကွန်ဟယ်၊ ကွန်ဟောက်တွင်အခြေခံလျက်ရှိသည်။ အက်ယူအေ တောခိုလွယ်မော်မြောက်ပိုင်း စစ်ဌာနချုပ်သည် တပ်ရင်း ၄ရင်း အင်အား(၃၀၀)ဖြင့် မန်ဖိုင်၊ မုံးဟင်း၊ မုံးဟ၊ မုံးတောင်း၊ မန်ပတ်၊ နောင်လိုင်၊ ပါဖန်၊ တန့်ယန်း၊ ဂဂီ၊ လွယ်မော်ဒေသများတွင် လှုပ်ရှားလျက်ရှိသည်။[၁]

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သည် **ရဲမင်းအောင်** စစ်ဆင်ရေးကိုဆင်နွှဲလျက်ရှိရာ တိုင်း စစ်ဌာနချုပ်တိုက်ကွပ်ကဲမှုနယ်မြေ လားရှိး၊ နမ္မတူ၊ ဘော်တွင်း၊ မုံးယန်း၊ မုံးဟော်၊ မုံးကျက်၊ နားတီး၊ နမ့်ဆလပ်ဒေသများတွင် အမှတ်(၄၁)ခြေလျင်တပ်ရင်း၊ အမှတ်(၆၈)ခြေလျင်တပ်ရင်း၊ အမှတ်(၆၉) ခြေလျင်တပ်ရင်းများဖြင့်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၃၃)ခြေလျင်တပ်ရင်း၊ အမှတ်(၆၇)ခြေလျင်တပ်ရင်းများဖြင့် တန့်ယန်း၊ မိုင်းရယ်၊ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်မှ တပ်ရင်း ၁ရင်း နှင့်တပ်ခွဲ၂ခွဲဖြင့် နောင်လိုင်၊ ပါဖန်၊ မိုင်းကောင်၊ တန့်ယန်းဒေသများတွင် လည်းကောင်း၊ အမှတ်(၂) စစ်ဗျူဟာအဖွဲ့သည် အမှတ်(၂၂)ခြေလျင်တပ်ရင်း၊ အမှတ်(၂၃)ခြေလျင် တပ်ရင်းများဖြင့် ကျောက်မဲ၊ နမ့်ဆန်၊ ရတနာသီဂီ၊ မိုင်းခေးတို့တွင်လည်းကောင်း၊ အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ်သည် နည်းဗျူဟာ(၃)ခုနှင့် လက်အောက်ခံတပ်ရင်းစရင်းဖြင့် ကွတ်ခိုင်၊ မုံးစီး၊ နားလယ်၊ တာမိုးညဲ၊ နမ့်ခမ်း၊ နမ့်ဖတ်ကာ၊ မိုးမိတ်၊ မူဆယ်၊ နမ့်ပေါ်၊ နမ့်ခိုင်၊ ကွမ်းလုံ၊ မန်နား၊ ခိုမုံး၊ မုံးယုတို့တွင်လည်းကောင်းတိုက်ပွဲဝင်လျက်ရှိသည်။ ယင်းစစ်ဆင်ရေးတွင် တပ်မတော်မှ(၂၁)ဦး

---

၁ (က) အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း
(ခ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၀မှ ၃၀-၄-၈၀အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၂၄-၃၅
(ဂ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၈၁မှ ၃၁-၁၂-၈၁အတွင်း မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၂၈-၃၉

ကျဆုံးပြီး၊ (၄၅)ဦးဒဏ်ရာရကာ ရန်သူဘက်မှ(၁၀၉)ဦး ကျဆုံး၍(၅၈)ဦးကို ဖမ်းဆီးမိပြီး(၂၂)ဦး လက်နက်ချသည်။[၁]

၁၉၈၁ ခုနှစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများ နှင့် တပ်မတော်၏စစ်ဆင်ရေး

ယခင်က ဗကပတပ်မဟာ(၆၈၃)မှ ပြောင်းလဲဖွဲ့စည်းခဲ့သော အလယ်ပိုင်းဗျူရို (ခေါ်) အမှတ် (၈၀၅)တပ်ဖွဲ့သည် အင်အား(၉၀၀)ဖြင့်နောင်လုံ၊ နောင်ဝိုး၊ လဲချား၊ မိုင်းကိုင်၊ လွယ်လင်၊ မိုင်းလန်း၊ ဆန်ဟ၊ တုန်ဟုန်း၊ ခိုလန်၊ ကျိုင်းကောင်း၊ ကျိုင်းခမ်း၊ လင်းခေး၊ မိုင်းပန်တောင်ခြမ်း၊ ကောင်းတန်နယ်မြေ၊ မိုင်းပျင်း၊ လက်သဲ့ဒေသများတွင်ရှိနေပြီး၊ တပ်မဟာ(၈)မှ ပြင်ဆင်ဖွဲ့စည်းလိုက်သော တပ်မ(၄၈)သည် အင်အား(၁၃၀၀)ဖြင့် မော်ဖဒေသ၊ ရောင်အော်၊ လွယ်ဟိုလာ၊ လွယ်နောက်၊ ပန်ပွဲတို့တွင်ရှိလျက်ယခင်တပ်မဟာ(၆၈၅)အား တပ်မ(၆၈)အဖြစ်ပြင်ဆင်ဖွဲ့စည်းသောတပ်ဖွဲ့သည်အင်အား(၁၇၀၀)ဖြင့် ယန်းကောင်၊ ဟိုတောင်း၊ မိုင်းပျန်၊ မိုင်းပေါက်၊ မိုင်းဝတို့တွင်ရှိနေကာ အမှတ်(၈၁၅)စစ်ဒေသကော်တပ်ဖွဲ့သည် မိုင်းယောင်း၊ မိုင်းတင်း၊ လန်းဆတ်၊ ကော်နမ့်တောင်း၊ ခမ်းထောင်၊ မိုင်းကိုင်၊ ဝမ့်မိုင်-ကျိုင်းကုန်းဒေသများတွင် လှုပ်ရှားနေသည်။ တပ်မဟာ(၇၆၈)သည် အင်အား(၇၅၀)ဖြင့် ဝမ်ပုံ၊ ဝမ်ကုန်း၊ ဆီလူး၊ ယန်းကောင်ဒေသ၌ဖြန့်ခွဲလျက်ရှိသည်။ ကျန်သောင်းကျန်းသူအဖွဲ့များမှာ ယခင်အတိုင်းပင်ရှိနေကြသည်။[၂]

ဗကပတို့သည် ယင်းတို့၏ မဟာဗျူဟာရည်မှန်းချက်များကို မဖြစ်မနေ အကောင်အထည်ဖော်လျက်ရှိရာ ယင်းတို့၏တိုက်ကွက်ဖော်သွေးတိုးစမ်းကိုက်ပွဲများအနက် ကော်ဟိုလွယ်နှင့် ထင်းရှူးတောင်စခန်းအနီးဌာဖြစ်ပွားခဲ့သော တိုက်ပွဲတွင်ပါဝင်ခဲ့သည်။ ဗိုလ်မှူးအုန်းမောင်ဦးစီးသော ရှေ့တန်းအမှတ်(၇၆)ခြေလျင်တပ်ရင်း၊ စစ်ကြောင်း(၂)ဌာနချုပ်နှင့် တပ်ခွဲ(၂)ခွဲသည် ကော်ဟိုလွယ်နှင့် ထင်းရှူးတောင်စခန်းအနီးဌာခေတ္တအခြေပြုနေရာ ဒုတိယဗိုလ်ဌေးလွင် ဦးစီးသောတပ်စုတပ်စုကို အခြေပြုစခန်း၏ အနောက်ဘက်ကိုက်၅၀၀ခန့်အကွာတွင် ကင်းပုန်းထုတ်ထားခဲ့သည်။ ကျန်တပ်ခွဲများမှာမူကတုတ်ကျင်းများတူး၍ အသင့်နေရာယူထားကြသည်။ ၁၉၈၁ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့နံနက်၆နာရီခွဲအချိန်တွင် ဗကပတို့အလစ်ဝင်လာခဲ့ရာ တပ်မတော်ကင်းပုန်းအဖွဲ့နှင့် စတင်ထိတွေ့တိုက်ပွဲဖြစ်ပွားသည်။ သို့နှင့် ကျန်စစ်ကြောင်းနေရာယူထားသည်တို့ကိုပါ ရန်သူသည်အရှေ့ဘက်၊

---

၁ (က) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-စ၁မှ၃၀-၄-စ၁အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက်-၃၅-၄၀

(ခ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၉-စ၁မှ၃၀-၁၂-စ၁အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက်-၄၁-၄၈

၂ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

အနောက်ဘက်နှင့်မြောက်ဘက်မျက်နှာစာတို့မှ အင်အား ၈၀၀ ခန့်ဖြင့် ဝိုင်းပတ်တိုက်ခိုက်ရာ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားသည်။ကင်းပုန်းတစ်စုသည်လည်း စစ်ကြောင်းရံုးနှင့်ပြန်လည်ပူးပေါင်း၍ ရန်သူအားပြင်းထန်စွာ ခုခံတိုက်ခိုက်သည်။

ရန်သူသည် နံနက်၆နာရီခွဲမှ ၇နာရီ၄၅မိနစ်အထိ လက်နက်ကြီးများ စုပြုံပစ်ခတ်ပြီး ကျန်အင်အား(၆၀၀)ခန့်သည် အဖွဲ့(၃)ဖွဲ့ခွဲကာ မြူနှင်းများကို အကာအကွယ်ယူလျက် လောင်ချာ၊ လက်နက်ငယ်များဖြင့် အနီးကပ်ပစ်ခတ်တိုက်ခိုက်ရာ ထွေးလုံးရစ်ပတ်တိုက်ပွဲဆင်ရသည့်အခြေသို့ပင် ရောက်သည်။ တပ်မတော်စစ်ကြောင်းကလည်း ရန်သူကိုကြဲကြဲ.ခံတွန်းလှန်လျက် ကော်ဟိုလွယ်နှင့် ထင်းရှူးတောင်စခန်းတို့.မှ တပ်မတော်တပ်ဖွဲ့.များကလည်း လက်နက်ကြီးပစ်ကူပြီး တပ်စု၂စုဖြင့် စစ်ကူပေးသည်။ ဤသို့ပြင်းထန်စွာတိုက်ခိုက်နေစဉ် နံနက်၉နာရီ၃၀မိနစ်တွင် စစ်ကြောင်းမှူး ဗိုလ်မှူးအုန်းမောင်သည် လက်နက်ကြီး၂ကြိမ်ထိမှန်ကာကျဆုံးသည်။ သို့သော်တပ်မတော်စစ်ကြောင်းအား တပ်ခွဲမှူး ဗိုလ်ကြီးမောင်လေးက ဆက်လက်ကွပ်ကဲကာ တိုက်ခိုက်သည်။ ရန်သူသည်နံနက်၁၀နာရီ ၅၀မိနစ်တွင် လက်နက်ကြီးများအပစ်ရပ်ကာ အလောင်း ၄၄ လောင်းထားရစ်ပြီးဆုတ်ခွာသွားသည်။ တပ်မတော်မှ စစ်ကြောင်းမှူးအပါအဝင်၁၀ဦးကျဆုံးခဲ့သည်။[၁]

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သည် တိုင်းစစ်ဌာနချုပ်၏တိုက်ရိုက်ကွပ်ကဲမှုဖြင့် အမှတ်(၆၆) ခြေလျင်တပ်ရင်း၊ အမှတ်(၉၄)ခြေလျင်တပ်ရင်း၊ အမှတ်(၉၉)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၄)ခြေမြန်တပ်ရင်းများဖြင့် လင်းခေးနမ့်စန်၊ တောင်ကြီး၊ ပင်လောင်း၊ လွိုင်ကော်၊ ဖားဆောင်း၊ မော်ခိုးဒေသတွင်လည်းကောင်း အမှတ်(၂)စစ်ဗျူဟာအဖွဲ့.ကွပ်ကဲမှုဖြင့် အမှတ်(၅၄)ခြေလျင်တပ်ရင်း၊ အမှတ်(၇၂)ခြေလျင်တပ်ရင်း၊ အမှတ်(၇၃)ခြေလျင်တပ်ရင်းများဖြင့် ယင်းနယ်မြေများတွင်ပင်လည်းကောင်း **လေးမာန်အောင်** စစ်ဆင်ရေး ဆင်နွှဲသည်။ ထို့ပြင် ရှေ့တန်းအမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် သည်လည်း နည်းဗျူဟာ(၃)ခုဖြင့် အမှတ်(၆)ခြေလျင်တပ်ရင်း၊ အမှတ်(၈)ခြေလျင်တပ်ရင်း၊ အမှတ်(၄၂) ခြေလျင်တပ်ရင်း၊ အမှတ်(၆၄)ခြေလျင်တပ်ရင်း၊ အမှတ်(၇၆)ခြေလျင်တပ်ရင်း၊ အမှတ်(၇၈)ခြေလျင်တပ်ရင်း၊ အမှတ်(၈၄)ခြေလျင်တပ်ရင်း၊ အမှတ်(၁)ရှမ်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၀၁)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၅)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၆)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၇)ခြေမြန် တပ်ရင်းများဖြင့် မိုင်းရှူး၊ မုံးစမ်း၊ မိုင်းအော့၊ ပိန်းနောင်၊ မိုင်းကိုင်နယ်မြေတွင် **မင်းရန်အောင်** စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲခဲ့သည်။ ယင်းစစ်ဆင်ရေးတွင် တပ်မတော်မှ(၅၇)ဦး ကျဆုံး၍ (၇၈)ဦးဒဏ်ရာရပြီး ရန်သူဘက်မှ(၇၅)ဦးကျပြီး (၄၈)ဦးဖမ်းဆီးခံ၍ (၁၆၇)ဦးလက်နက်ချသည်။[၂]

---

၁ မြန်မာသမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍတတိယတွဲ မျက်-၁၉၄

၂ (က) ကက(ကြည်း)စစ်ဆင်ရေးဌာနစုဒီ၁-၁-စဝမှ၃၀-၄-စဝအတွင်း စစ်ဆင်ရေးသုံးသပ်ချက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် မျက်-၇၇-၇၉

(ခ) ကက(ကြည်း)စစ်ဆင်ရေးဌာနစုဒီ၁-၉-စဝမှ ၃၁-၁၂-စဝ အတွင်း စစ်ဆင်ရေးသုံးသပ်ချက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် မျက်-၈၆-၈၈

၁၉စ၁ခုနှစ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

ကေအင်ယူဗဟိုဌာနချုပ်သည် မာနယ်ပလောတွင်လည်းကောင်း၊ တပ်မဌာနချုပ်သည် မဲသဝေါစခန်းတွင်လည်းကောင်း ဆက်လက်ရှိနေပြီး စုစုပေါင်းအင်အား၁၇၄၈ဦးရှိသည်။ ၆-၁-၈၁ ရက်နေ့တွင် တပ်မဌာနချုပ်မဲသဝေါ၌ ကရင်နှစ်သစ်ကူးပွဲတော်ကိုစည်ကားသိုက်မြိုက်စွာကျင်းပပြီး တပ်မမှူးပိုလ်မြတက်ရောက်၍ နှစ်သစ်ကူးမိန့်ခွန်းပြောကြားသည်။ ကေအင်ယူဗဟိုနှင့်တပ်မဌာနချုပ် လုံခြုံရေးအတွက် တပ်ခွဲ(၃)ခွဲဖွဲ့စည်းထားရာ တပ်ခွဲ(၁)သည်အင်အား(၇၀)ဖြင့် ရင်းဘိုင်တစ်ဝိုက်တွင်လည်းကောင်း၊ တပ်ခွဲ(၂)သည် အင်အား(၈၀)ခန့်ဖြင့် မဲသဝေါတွင်လည်းကောင်း၊ တပ်ခွဲ(၃)သည် အင်အား(၁၅၀)ဖြင့် ထီးဝါလူးစခန်းတွင်လည်းကောင်း လုံခြုံရေးတာဝန်ပေးထားပြီး မဲသဝေါစခန်းကို သံဆူးကြိုး(၃)ထပ်ကာရံ၍မိုင်းများထောင်ထားပြီး ခံစစ်ကိုပိုမိုမွမ်းမံထားသည်။

၁၉စ၁ခုနှစ်ဇန်နဝါရီလ(၁၃)ရက်နေ့တွင် တပ်မဟာ(၁)တပ်မဟာမှူး ဒယ်နီရယ်သည် တပ်ရင်း(၁)တပ်ရင်းမှူးရဲဒင် တို့ဦးစီးသော အင်အား(၁၅၀)ခန့်သည် တလိုင်းကရင်ရွာရှိ အမှတ်(၁၅)ခြေမြန်တပ်ရင်းမှ တပ်စိတ်၁စိတ်နှင့် မဲသနမှ စစ်ကူလိုက်သောတပ်စိတ်၁စိတ်တို့ကို အမြတ်ထုတ်တိုက်ကွက်ဖော်ပြီးမြောက်ဘက်သို့ဆုတ်ခွာသည်။ တပ်မတော်စစ်ကြောင်းများက လိုက်လံပိတ်ဆို့၍ ရှင်းလင်းရာ ဇန်နဝါရီလ၃၀ရက်နေ့တွင် အမှတ်(၂၄)ခြေလျင်တပ်ရင်းမှ တပ်စု(၂)စုနှင့် ဒယ်နီရယ်၊ ရဲဒင်တို့ဦးစီး သော အင်အား(၁၀၀)ခန့်သည် ရွှေလူတွင်လည်းကောင်း၊ အမှတ်(၁၅)ခြေမြန်တပ်ရင်းမှ စစ်ကြောင်း(၂)သည် အဆိုပါအင်အားစုများနှင့် ကွီးသခေါအနီးတွင်လည်းကောင်း၊ အမှတ်(၁၄)ခြေမြန်တပ်ရင်းမှ တပ်စု(၂)စုသည် ဆာတူးဝေါ၊ ကျော်လင်းတို့ဦးစီးသော အင်အား(၅၀)ခန့်အဖွဲ့နှင့်လည်းကောင်း တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွား၍စစ်ဆင်ရေးမှူး ဆာတူးဝေါ(ခ)ဒူဝံကြယ် အပါအဝင် (၆)ဦး ဒဏ်ရာရပြီး ဆုတ်ခွာသွားကြသည်။[၁]

တပ်မတော်သည်ကရင်သောင်းကျန်းသူများအား ဆက်လက်ချေမှုန်းတိုက်ခိုက်ရာ ထီးစကော၊ ကြက်ဥတောင်စခန်း ချေမှုန်းရေးတိုက်ပွဲသည် သမိုင်းဝင်တိုက်ပွဲ တစ်ပွဲဖြစ်ပေသည်။ ကေအင်ယူတပ်မဟာ(၇)မှ စစ်ကြောင်း(၁)၊(၂)၊(၄)၊(၅)နှင့် တပ်ရင်း(၁၉)တပ်ရင်း(၁၀၁)တို့မှ ပူးပေါင်းအင်အား(၈၅၀)ဖြင့် လှုပ်ရှားလျက်ရှိသော ကရင်ပြည်နယ်လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ထီးစကောနှင့်ကြက်ဥတောင်တစ်ဝိုက်အား အရှေ့တောင်တိုင်းစစ်ဌာနချုပ် အမှတ်(၁)စစ်ဗျူဟာအဖွဲ့၊ အမှတ်(၆၁)ခြေလျင်တပ်ရင်း၊ အမှတ်(၆၂)ခြေလျင်တပ်ရင်း၊ အမှတ်(၄၄၃)နည်းဗျူဟာ စစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့နှင့် အမှတ်(၁)ခြေမြန်တပ်ရင်း၊ အမှတ်(၉)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀)ခြေမြန်တပ်ရင်းတို့မှ

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၁မှ၃၀-၄-၈၁အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက်-၈၈-၈၉

စစ်ကြောင်းများသည် ၁၉၈၁ခုနှစ်၊ မတ်လ၅ရက်နေ့မှ ရရက်နေ့အထိ ရှင်းလင်းချေမှုန်းတိုက်ခိုက်ခဲ့သည်။ ထိုအချိန်က အမှတ်(၁)နည်းဗျူဟာအဖွဲ့ကိုဦးစီးသည့် ဒုတိယဗိုလ်မှူးကြီးကျော်ရင် အဖွဲ့နှင့်အမှတ်(၆၁)ခြေလျင်တပ်ရင်းတို့သည် မတ်လ(၅)ရက်နေ့တွင် ဝေါလယ်မှထွက်ခွာခဲ့ပြီး အမှတ်(၆၁)ခြေလျင်တပ်ရင်းသည် ထီးစကောရွာအား ရှင်းလင်းရန်ချီတက်စဉ်ရွာအနောက်ဘက်၌ အသင့်နေရာယူထားသော ကရင်သောင်းကျန်းသူများနှင့် စတင်တိုက်ပွဲဖြစ်ပွားသည်။ သောင်းကျန်းသူတို့သည် ထီးစကောရွာနှင့် ကြက်ဥတောင်စခန်းများတွင် အခိုင်အမာခြေကုပ်ယူ၍ ခုခံခဲ့သဖြင့် တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့သော်လည်း မတ်လ၇ရက်နေ့တွင်အမှတ်(၆၁)ခြေလျင်တပ်ရင်းက ထီးစကောရွာအား သိမ်းပိုက်ရရှိခဲ့သည်။

ထို့အတူပင် အမှတ်(၁)ခြေမြန်တပ်ရင်းသည် စစ်ကူပေးရန်နှင့် ခဲယမ်းများပို့ဆောင်ရန်ဘားအံမှ မတ်လ၆ရက်နေ့တွင် ထွက်ခွာလာပြီး အမှတ်(၆၂)ခြေလျင်တပ်ရင်းစစ်ကြောင်းနှင့် ဆက်စပ်လျက် မတ်လစရက်နေ့နံနက်ဒနာရီတွင် ကြက်ဥတောင်စခန်းအား ပြင်းထန်စွာတိုက်ခိုက်ရာ ရန်သူသည် နံနက်၅နာရီခန့်တွင် ဆုတ်ခွာထွက်ပြေးသည်။ အလားတူပင် ဗိုလ်မှူးကြီးတင်အေး ဦးစီးသော အမှတ်(၄၄၃)နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့သည် အမှတ်(၉)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀)ခြေမြန်တပ်ရင်းများနှင့်အတူ အထောက်အကူပေး ရှင်းလင်းရန် ကြက်တူရွေးမှ မတ်လ ၅ရက်နေ့တွင် ထွက်ခွာခဲ့ရာ ကေအင်ယူတို့က ထီးဖိုးတာနှင့်ပွိုင့်-၃၇၂တို့မှ ဖြန့်ခွဲနေရာယူ၍ တိုက်ခိုက်ခဲ့သဖြင့် အမှတ်(၁၀)ခြေမြန်တပ်ရင်းစစ်ကြောင်းသည် ထီးဖိုးတာအား ပြင်းထန်စွာ တိုက်ခိုက်ခဲ့ရာ ရန်သူသည် ၁နာရီခန့် ခုခံပြီး ဆုတ်ခွာသွားသည်။ ထို့နောက် အမှတ်(၉)ခြေမြန် တပ်ရင်း နှင့် အမှတ်(၁၀)ခြေမြန်တပ်ရင်းတို့သည် ပွိုင့်-၃၇၂၅ရှိ ရန်သူအခိုင်အမာနေရာယူထားသည့် နေရာအား မတ်လ(၇)ရက်နေ့တွင် ဆက်လက်တိုက်ခိုက်ရာ ရန်သူသည် ၂နာရီခွဲခန့်သာခုခံပြီး စခန်းမှထွက်ပြေးသွားသည်။ ယင်းတိုက်ပွဲတစ်ခုလုံးတွင် တပ်မတော်သား (၁၃)ဦး ကျဆုံး၍ သောင်းကျန်းသူများဘက်မှ အလောင်း၄၀နှင့် လောင်ချာ၂လက် အပါအဝင် လက်နက်မျိုးစုံ၃လက်နှင့်ခဲယမ်းများ၊ စပါးတင်း ၁၀၀၀ခန့်တို့ကို သိမ်းဆည်း ရမိသည်။[၃] ထိုကြက်ဥတောင်၊ ထီးစကော စခန်းတိုက်ပွဲများတွင် ကေအင်ယူများဘက်မှ တပ်မမှူးဗိုလ်မြသည် ဝါးခစခန်းသစ်မှ ကိုယ်တိုင် ကွပ်ကဲပြီး မတ်လ၁၀ရက်နေ့တွင် ကေအင်ယူတပ်ရင်း(၁၉)တပ်ရင်းမှူး၊ တပ်ရင်း(၁၀)တပ်ရင်းမှူး များနှင့်တွေ့ဆုံ၍ တိုက်ပွဲသတင်းကို အသေးစိတ်မေးမြန်းကာ မတ်လ၁၁ရက်နေ့တွင် ဗဟိုသို့ ပြန်သွားသည်။[၄]

အင်နှအမ်အက်စ်ပီ မွန်ပြည်သစ်ပါတီသည် ၁၉၈၁ခုနှစ်၊ ဧပြီလ၂၁ရက်တွင် နိုင်ရွှေကျင်အုပ်စုနှင့်နိုင်ဆိတ်နို့အုပ်စုတို့ အတိအလင်းကွဲပြားသွားပြီး နိုင်ရွှေကျင်၏ဗဟိုသည် ဘုရားသုံးဆူ၌ အင်အား၃၄ဦးဖြင့်လည်းကောင်း၊ ကျိုက်ဒုံလူပ်ရှားအဖွဲ့သည် အင်အား၃၀၊ ရေးတောင်ပိုင်း(၁) ဖွဲ့သည်

---

၃ မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍတတိယတွဲ မျက်-၁၉၃-၁၉၄

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-စ၁မှ၃၀-၄-၈၁အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက်-၈၈-၈၉

အင်အား၃၀၊ ရေးတောင်ပိုင်း(၂)အဖွဲ့သည် အင်အား၃၀၊ ရေးမြောက်ပိုင်း(၁)အဖွဲ့သည် အင်အား ၁၀၊ ရေးမြောက်ပိုင်း(၂)အဖွဲ့သည် အင်အား၂၀၊ ရေးချောင်းဖျားအဖွဲ့သည် အင်အား ၂၀ တို့ဖြင့် ကျိုက်မရော၊ ကျိုက်ဒုံ၊မိကသစ်၊ အနံကောင်၊ တရိတကောင်း၊ ရေးဒေသများတွင်လည်းကောင်း လှုပ်ရှားသည်။ နိုင်ဆိတ်နို့၏ဗဟိုအဖွဲ့သည် အင်အား၅၀၊ တပ်ရင်း၃သည် အင်အား၅၀၊ တပ်ရင်း၉ သည် အင်အား၁၂၀၊ မော်လမြိုင်ခရိုင်အဖွဲ့သည်အင်အား၁၈၅ဦးတို့ဖြင့် မော်လမြိုင်၊ ကျိုက်မရော၊ ကြာအင်း၊ ဆိပ်ကြီး၊ မုဒုံ၊ သံဖြူဇရပ်၊ ရေးတို့တွင် လှုပ်ရှားလျက်ရှိသည်။ ဗကပ တနင်္သာရီ စစ်ဒေသသည်လည်း အင်အား၁၁၅ဦးဖြင့် တနင်္သာရီတိုင်းဆရဝါချောင်းဖျားတွင် လှုပ်ရှားနေသည်။[၁]

အရှေ့တောင်တိုင်းစစ်ဌာနချုပ်သည် **ဇွဲအောင်**စစ်ဆင်ရေးနှင့် **တိုက်ဇွဲဟုန်**စစ်ဆင်ရေးများကို အမှတ်(၁)စစ်ဗျူဟာအဖွဲ့မှ အမှတ်(၂)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၉)ခြေလျင်တပ်ရင်း၊ အမှတ်(၂၈)ခြေလျင်တပ်ရင်း၊ အမှတ်(၉၇)ခြေလျင်တပ်ရင်းများဖြင့်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၂၄)ခြေလျင်တပ်ရင်း၊ အမှတ်(၃၁)ခြေလျင်တပ်ရင်း၊ အမှတ်(၃၂)ခြေလျင်တပ်ရင်း၊ အမှတ်(၆၂)ခြေလျင်တပ်ရင်း၊ အမှတ်(၉၆)ခြေလျင် တပ်ရင်းများဖြင့်လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၁၇)ခြေလျင်တပ်ရင်း၊ အမှတ်(၂၅)ခြေလျင်တပ်ရင်း၊ အမှတ်(၆၁)ခြေလျင်တပ်ရင်း၊ ၁၈-၆-၈၁နေ့တွင်ဖွဲ့စည်းသည့် အမှတ်(၁၀၁)ခြေလျင်တပ်ရင်း၊ သတ္တု တိုးချဲ့တပ်ခွဲ ၅ခွဲ၊ အမှတ်(၇၁)ခြေလျင်တပ်ရင်းမှ တပ်ခွဲ ၁ခွဲတို့ဖြင့်လည်းကောင်း၊ အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ် သည် တိုင်းအရံကွန်မန်ဒိုတပ်ခွဲ၃ခွဲ၊ အမှတ်(၁)၊ (၂)၊ (၃)၊ (၄)၊ (၆)၊ (၉)၊ (၁၀)ခြေမြန်တပ်ရင်းများ၊ တပ်မကွန်မန်ဒိုတပ်ခွဲ၃ခွဲတို့ဖြင့်လည်းကောင်း ပါဝင်ဆင်နွှဲကြသည်။[၂] ယင်းစစ်ဆင်ရေးများတွင် တပ်မတော်မှ(၆၀)ဦးကျဆုံး၍ (၃၄၂)ဦးဒဏ်ရာရပြီး သောင်းကျန်းသူများဘက်မှ(၁၄၁)ဦးကျဆုံး၍(၂၅)ဦး ဖမ်းဆီးမိပြီး(၂၂)ဦးလက်နက်ချသည်။[၃]

၁၉၈၁ခုနှစ်အတွင်း ရန်ကုန်တိုင်း၊ အနောက်တောင်တိုင်း၊ အနောက်ပိုင်းတိုင်း၊ အနောက်မြောက်တိုင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေများအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေးများ

ရန်ကုန်တိုင်းတွင် အောင်မိုးစစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲခဲ့ရာ ၁၉၈၁ခုနှစ်မတ်လ၁၈ရက်နေ့တွင် ဒဂုံမြို့နယ်စတီးဝပ်(ယခုမော်ကွန်းတိုက်)လမ်းရှိ သတ္တမနေဥပုဒ်အသင်းအဆောက်အအုံတွင် တည်းခိုလျက်ရှိသောကေအင်ယူအမာခံစောနီသန်းနှင့်အဖွဲ့ဝင်(၇)ဦးကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

---

၁ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

၂ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏၁-၁-၈၁မှ၃၁-၄-၈၁၊ ၁-၉-၈၁မှ၃၁-၁၂-၈၁အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မှတ်-၁၀၄-၁၁၆၊၁၁၄-၁၂၃

အနောက်တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင်လည်း နယ်မြေစိုးမိုးရေး ဒေသန္တရစစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲရာ ၁၉၈၁ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၇ဦး အပါအဝင် မှောင်ခိုစက်လှေ ၂စီးနှင့် ပစ္စည်းများ၊ လူ ၁၇ဦးတို့ကို ဖမ်းဆီးရမိသည်။[၁]

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင်လည်း သောင်းကျန်းသူအများစုသည် ဘင်္ဂလားဒေ့ရှ်နယ်အတွင်းသို့ ဝင်ရောက်ခိုအောင်းလျက်ရှိရာ ဗကပရခိုင်ပြည်နယ် ယာယီ အတွင်းရေးမှူး စောထွန်းဦး ဦးစီးသောပြည်နယ်တိုက်ခိုက်ရေးတပ်ရင်း(၁)သည် အင်အား ၁၂၀ခန့်၊ တပ်ရင်း(၂)သည် အင်အား၁၃၀ခန့်ဖြင့် စုစုပေါင်းအင်အား(၃၀၀)ခန့် တစ်ဘက်နိုင်ငံအတွင်း စပါးခြောင်းတစ်ဝိုက်၌ အခြေပြုနေပြီး ဗကပပုဏ္ဏားကျွန်းမြို့နယ် နှင့် ကျောက်တော်မြို့နယ် အတွင်းရေးမှူး သာဟန်နှင့် ၅ဦးသည် မင်းမခြောင်း၊ ဂန့်ဂေါနှင့် တောဖျားခြောင်း၊ ပြိုင်းတောင်း ဒေသတွင်လည်းကောင်း၊ မြို့နယ်ဘဏ္ဍာရေးမှူးအထွန်းမောင်နှင့်(၁၃)ဦးသည် ကျောက်တော်မြို့နယ် အတွင်း၌လည်းကောင်း၊ မြို့နယ်ကော်မတီဝင် ဦးထွန်းသာနှင့်၅ဦးသည် ပန်းနီလာဒေသတွင် လည်းကောင်း၊ စစ်တွေခရိုင်ခွဲ လက်အောက်ခံကြယ်နီတပ်ဖွဲ့မှူး ခင်မောင်နှင့်၅ဦးသည် မြောက်ဦး မြို့နယ် အရှေ့ခြမ်းတွင်လည်းကောင်း လှုပ်ရှားလျက်ရှိသည်။ ဗကပ၉၀တို့သည် လက်နက် ၂၄ လက်ဖြင့် အလင်းဝင်ပြီး (၁၀)ဦးကို လက်နက်၄လက်နှင့် ဖမ်းဆီးရမိသည်။ အလံနီကွန်မြူနစ်ပါတီ မှ(၇)ဦးသည် မင်းပြားမြို့နယ်အရှေ့ခြမ်း၊ တောချောင်းဖျားရွာ လှုပ်ရှားနေကြောင်းသတင်းရရှိသည်။[၂]

အနောက်ပိုင်းတိုင်းမှ **မည၀တီ**စစ်ဆင်ရေးအဆင့်(၃)ကို တိုင်းစစ်ဌာနချုပ် တိုက်ရိုက်ကွပ်ကဲမှုနယ်မြေ တွင် အမှတ်(၂၀)ခြေလျင်တပ်ရင်း၊ အမှတ်(၃၄)ခြေလျင် တပ်ရင်း၊ အမှတ်(၉၂)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၄)ခွဲစီ၊ အမှတ်(၄၄)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၁)ခွဲ၊ အမှတ်(၂)လုံထိန်းတပ်ရင်းမှ တပ်ခွဲ(၅)ခွဲ ဖြင့်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ သည် အမှတ်(၄၄)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၁)ခွဲနှင့်၁စု၊ အမှတ်(၉၂)ခြေလျင်တပ်ရင်းမှ တပ်ခွဲ၁ခွဲ၊ တိုင်းကွန်မန်ဒိုတပ်ခွဲ၁ခွဲဖြင့်လည်းကောင်း၊ အမှတ်(၂) စစ်ဗျူဟာအဖွဲ့သည် အမှတ်(၄၄)ခြေလျင်တပ်ရင်းမှ တပ်ခွဲ၂ခွဲ၊ အမှတ်(၅၅)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၅)ခွဲ၊ အမှတ်(၉၀)ခြေလျင်တပ်ရင်းမှတပ်ခွဲ ၁ခွဲတို့ဖြင့်လည်းကောင်း စစ်ဆင်ခဲ့ရာ တပ်မတော် မှ(၅)ဦးကျဆုံး၍ သောင်းကျန်းသူများဘက်မှ (၄)ဦးကျဆုံးပြီး (၃၀)ဦးဖမ်းမိကာ (၉၅)ဦးလက်နက်ချ သည်။[၃]

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-စာမှ၃၀-၄-စာအတွင်း ရန်ကုန်တိုင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မှက်-၁၂၁-၁၂၃၊၁၂၅-၁၂၆

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-စာမှ၃၀-၄-စာအတွင်း ၁-၉-စာမှ ၃၁-၁၂-စာအတွင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မှက်-၁၂၇-၁၂၈၊၁၃၂

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-စာမှ၃၀-၄-စာအတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မှက်-၁၂၉-၁၃၀၊၁၃၄-၁၃၅

အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းသို့ ဗကပနိုင်ငံရေးမှူးပုမောင်၊ တပ်ရင်းမှူး ဘရန်ရှောင်တို့ ဦးဆောင်သော (၂၀၂)စစ်ဒေသမှ အင်အားစုများသည် အရှေ့မြောက်တိုင်းနှင့် အနောက်မြောက်တိုင်း ဆက်စပ်နယ်မြေ မိုးကုတ်၊ မိုင်းလုံအရှေ့ခြမ်းနှင့် ဗကပ(၁၀၈)စစ်ဒေသမှ အင်အားစုများသည် အရှေ့ပိုင်းတိုင်းနှင့် အနောက်မြောက်တိုင်းဆက်စပ်နယ်မြေ ရဲရမန်းဒေသ အတွင်းတို့သို့ ရိက္ခာရယူရေး၊ ဆက်ကြေးကောက်ခံရေးတို့အတွက် တစ်ခါတစ်ရံဝင်ရောက် လှုပ်ရှားလေ့ရှိသည်။ အက်စ်အက်စ်အေတပ်မဟာ(၃) လက်အောက်ခံတပ်ရင်း(စ၁၆)နှင့် တပ်ရင်း(၂၀၂၄)မှ အင်အားစုများသည်လည်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လှုပ်ရှားနေရာမှ တစ်ခါတစ်ရံ အရှေ့မြောက်တိုင်းနှင့်အနောက်မြောက်တိုင်းဆက်စပ်နယ်မြေ မိုးကုတ်၊ မိုင်းလုံ အရှေ့ခြမ်းနှင့်တောင်ခြမ်းသို့ ဝင်ရောက်လှုပ်ရှားလေ့ရှိသည်။ ကယန်းပြည်သစ်ပါတီမှ ရွှေအေး ဦးစီးသော အင်အား(၁၀၀)ခန့်သည် သစ်ကြိတ်၊ လထိန်လအိနယ်မြေတွင် ခိုအောင်းလှုပ်ရှားလျက်အိုက်ကဖြူ ဦးစီးသော အင်အား(၄၀)ခန့်သည် အနောက်မြောက်တိုင်းနှင့် အလယ်ပိုင်းတိုင်းဆက်စပ်နယ်မြေ ကိုးဒစ်အထက်အလည်ချောင်း၊ ကင်းလိုက်၊ သာအောက်၊ မောင်းပလော၊ ကျေးကတောဒေသများတွင် ခိုအောင်းလှုပ်ရှားလျက် ရှိကြသည်။[၁] အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ **သူရိန်**စစ်ဆင်ရေးကို ၁၉၈၁ခုနှစ်၊ ဧပြီလ၃၀ရက်နေ့အထိ ဆင်နွှဲပြီး မေလ၁ရက်နေ့တွင် **နဂါးပျံ**စစ်ဆင်ရေးကိုဆင်နွှဲရာ တိုင်းစစ်ဌာနချုပ်တိုက်ရိုက်ကွပ်ကဲမှုနယ်မြေတွင် အမှတ်(၄၂)ခြေလျင်တပ်ရင်း၊ အမှတ်(၅၀)ခြေလျင် တပ်ရင်းမှတပ်ခွဲ၁ခွဲတို့ဖြင့် ကုန်းသာ၊ ရဲရမန်းနယ်မြေတွင်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ ကွပ်ကဲမှုနယ်မြေတွင် အမှတ်(၈၉)ခြေလျင်တပ်ရင်း၊ အမှတ်(၉၅)ခြေလျင်တပ်ရင်းနှင့် အမှတ်(၅၀) ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၄)ခွဲစီတို့ဖြင့် မော်လူး၊ နမီး၊ မိုးဒါး၊ မိုးကုတ်၊ မိုင်းလုံနယ်မြေ၊ တမူး၊ ခမ်းဘတ်၊ ထွန်းဇံ၊ ဖလမ်း၊ ဟားခါး၊ လုံလဲ၊ ရိဒ်၊ ကျိုးခါးနယ်မြေများတွင်လည်းကောင်း၊ အမှတ်(၂) စစ်ဗျူဟာကွပ်ကဲမှုနယ်မြေတွင် အမှတ်(၇၁)ခြေလျင်တပ်ရင်း၊ အမှတ်(၈၅)ခြေလျင်တပ်ရင်း၊ အမှတ်(၈၇)ခြေလျင်တပ်ရင်းများဖြင့် မတူပီ၊ မင်းတပ်၊ ဆော၊ စေတုတ္တရာ၊ ငဖဲ၊ လက်ပံတခါး၊ အလုံ၊ ကာဘိုးဆည်၊ ပုလင်းဒေသများတွင်လည်းကောင်း တိုက်ခိုက်ခဲ့ကြသည်။[၂] ယင်းစစ်ဆင်ရေးများတွင် တပ်မတော်မှ (၉)ဦးကျဆုံး၍ (၂၄)ဦးဒဏ်ရာရရှိပြီး၊ ရန်သူဘက်မှ(၄၇)ဦးကျပြီး(၁၅)ဦးဖမ်းမိကာ(၅) ဦးလက်နက်ချခဲ့သည်။[၃]

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ဘူဆာချီး၊ ပူခီးဒေသတွင် ကေအင်ယူတပ်မဟာ(၂) သည် အင်အား(၂၄၈)ဖြင့်လှုပ်ရှားလျက်ရှိရာ တပ်မဟာမှူးဘောနီသည် ၁၉၈၀ပြည့်နှစ်၊ နိုဝင်ဘာ

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုဌ၁-၁-စ၁မှ၃၀-၄-စ၁၊ ၁-၉-စ၁မှ၃၁-၁၂-စ၁အတွင်းအရှေ့တောင်တိုင်း စစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက်-၁ ၊၃၆-၁၃၇၊၁၄၀

၂ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစုဌ၁-၁-စ၁မှ၃၀-၄-စ၁၊၁-၉-စ၁မှ၃၁-၁၂-စ၁အတွင်းအနောက်မြောက် တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးသုံးသပ်ချက် မျက်-၁၄၀၊၁၄၃

လကုန်တွင် ကေအင်ယူဗဟိုသို့ ထွက်ခွာသွားပြီး ဒီဇင်ဘာလဆန်းပိုင်းတွင် စစ်ဝတ်ပစ္စည်း၊ လက်နက်ခဲယမ်း၊ ဆက်သွယ်ရေးစက်များယူဆောင်ကာ ပြန်လည်ရောက်ရှိလာသည်။ ဒုတိယ တပ်မဟာမှူး ဦးစီးသော အင်အား(၃၀)ခန့်သည် စက်တင်ဘာလနောက်ဆုံးပတ်မှစ၍ သောက် ရေဝတ်ချောင်းအနီး မဲကတုန်း နှင့် စပါးကျီသွားလမ်းပတ်ဝန်းကျင်တွင် စခန်းတည်ဆောက်နေသည်။ ၁၉၈၁ခုနှစ်၊ ဇွန်လအတွင်း၌ တပ်ရင်း(၄)တပ်ရင်းမှူးချစ်စိန်အား ဖမ်းဆီးရမိပြီး ဒီဇင်ဘာလ၁၁ရက် နေ့တွင် အမှတ်(၃၉)ခြေလျင် တပ်ရင်းမှ တပ်စု(၄)စုပါ စစ်ကြောင်းသည် တဲ(၈)လုံး၊ အဆောင်၂ခုရှိ တပ်မဟာ(၂)စခန်းအားဖော်ထုတ် တိုက်ခိုက်နိုင်သည်။[၁] တပ်မဟာ(၃)ကိုလေကော်ဒိုးဦးစီး၍ တပ်ရင်း(၇)၊ တပ်ရင်း(၈)တပ်ရင်း(၁၃) စုစုပေါင်းအင်အား(၅၃၀)ဖြင့်လိပ်ကော်ဒိုး၊ နွားလေးခို၊ မူသဲ၊ ဗျကောပု တောင်ခြမ်းများ၌ လှုပ်ရှားလျက်ရှိပြီး ကေအင်ယူဗျကောပုဒေသ အဖွဲ့အစည်းများသည် အင်အား(၁၆၀)ဖြင့် ဗျကောပု၊ ထီးမူခီး ဒေသများ၌ရှိနေကြသည်။ အလယ်ပိုင်တိုင်းစစ်ဌာနချုပ်သည် **အောင်စိုးမိုး**စစ်ဆင်ရေး အဆင့် ၁၉၊၂၀၊၂၁ များနှင့် **ရွှေအေးဖြို**စစ်ဆင်ရေးအဆင့်(၁)တို့ဖြင့် မောင်ကျော်၊ မောင်ပုလောဒေသများသို့ ဝင်ရောက်လှုပ်ရှားလေ့ရှိသော ကယန်းပြည်သစ်ပါတီအား တိုက်ခိုက်လျက်ရှိရာ အမှတ်(၂၆)ခြေလျင်တပ်ရင်း၊အမှတ်(၃၀)ခြေလျင်တပ်ရင်း၊အမှတ်(၃၅)ခြေလျင် တပ်ရင်း၊ အမှတ်(၃၉)ခြေလျင် တပ်ရင်း၊ အမှတ်(၄၈)ခြေလျင်တပ်ရင်း၊အမှတ်(၅၃)ခြေလျင်တပ်ရင်း၊ အမှတ်(၅၇)ခြေလျင်တပ်ရင်း၊ အမှတ်(၅၉)ခြေလျင်တပ်ရင်း၊ အမှတ်(၆၀)ခြေလျင်တပ်ရင်း များဖြင့် သံတောင်မြို့နယ် လိပ်သိုဃာဒို နယ်မြေ၊ ရေတာရှည်မြို့နယ်အရှေ့ခြမ်း၊ စစ်တောင်းမြစ်အရှေ့ခြမ်း၊ သံတောင်၊ ထန်းတပင်၊ ကျောက်ကြီးမြို့နယ်၊ ဗျကောပု၊ဆေးဒေးဒေသ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ၊ ဖာပွန်၊ မဲဝိုင်ဒေသများ၌ ရန်သူကိုချေမှုန်းခဲ့ပါသည်။[၂] ဤစစ်ဆင်မှုများတွင် တပ်မတော်မှ (၂၀)ဦးကျဆုံး၍ (၁၁၇)ဦး ဒဏ်ရာရရှိပြီး ရန်သူဘက်မှ (၁၂၀)ဦးကျ၍ (၈)ဦးလက်ရ ဖမ်းမိကာ (၆)ဦးလက်နက်ချခဲ့သည်။[၃]

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုစီ၁-၁-စ၁မှ၃၀-၄-စ၁မှ၁-၉-စ၁မှ၃၁-၁၂-စ၁အတွင်းအရှေ့တောင်တိုင်း စစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မှတ်-၁၄၆

၂ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစုစီ၁-၁-စ၁မှ၃၀-၄-စ၁မှ၁-၉-စ၁မှ၃၁-၁၂-စ၁အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မှတ်-၁၅၁-၁၅၂ ၁၄၉

၁၉၈၂ခုနှစ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏ စစ်ဆင်ရေး

နိုင်ငံရေးမှူးသန်းလွင်ထွန်း၊ စစ်ဒေသမှူးစခုန်တိန်ယိန်းတို့ ခေါင်းဆောင်သော ဗကပ(၁၀၁) စစ်ဒေသဌာနချုပ်သည် လက်နက်ကြီးတပ်ခွဲနှင့်အတူ ကန်ဘိုက်တီးတွင် ဆက်လက်အခြေပြုပြီး လက်အောက်ခံတပ်ရင်း(၁)သည် ကန်ဘိုက်တီးနယ်မြေ၊ စင်ကြိုင်နှင့်ကွန်မွိုင်တွင်လည်းကောင်း၊ တပ်ရင်း(၂)သည် နဂ္ဂန်ဘော်နှင့်လမ်းကျော်နယ်မြေတွင်လည်းကောင်း၊ ဒေသတပ်ခွဲ(၅)ခွဲသည် နဂ္ဂန်ဘော်၊ ဆောလော၊ မန်ကျီ၊ချီတွေ၊ မန်ဆန်နယ်မြေတို့တွင်လည်းကောင်း လှုပ်ရှားနေကြပြီး[၁] စုစုပေါင်းအင်အား (၉၇၆)ဦးရှိသည်။ ၁၉၈၂ခုနှစ်၊ ဇွန်လ(၂၅)ရက်နေ့မှစ၍ ကျောက်တိုင် အမှတ်(၃) အနီး ကောလဲဒေသရှိ ဗကပဂိုဒေါင်အား ကန်ဘိုက်တီးသို့ ပြောင်းရွှေ့ဆောက်လုပ်ရာ ဩဂုတ် လဆန်းပိုင်းတွင်ပြီးစီးပြီး၊ အလျား၅၀ပေ၊အနံ၃၀ပေရှိ၊ ပျဉ်ခင်း၊ ထရံကာအုတ်ကျွတ်မိုး ဂိုဒေါင်(၃)လုံး ဆောက်လုပ်လျက် ခဲယမ်း၊ စစ်ဝတ်ပစ္စည်းနှင့် ဂိုဒေါင်များ သိုလှောင်ထားရှိသည်။ တဘက်နိုင်ငံမှ ထောက်ပံ့သည့် ရိက္ခာနှင့်ခဲယမ်းများအား ယခင်က တာဟော့အထိ ကားဖြင့်ပို့ဆောင်ပြီး၊ ကော့လဲသို့ လားဖြင့် ဆက်လက်သယ်ဆောင်ရာမှ ယခုခဲနိတန်အထိ ကားဖြင့်ပို့ဆောင်ပြီး ကန်ဘိုက်တီးသို့ လားဖြင့်သယ်ဆောင်သည်။ တစ်ဘက်နိုင်ငံမှ ဗကပ(၁၀၁)စစ်ဒေသသို့ (၃)လတစ်ကြိမ် ဆန် ထောက်ပံ့လျက်ရှိရာ ၁၉၈၂ခုနှစ်ဩဂုတ်လဆန်းပိုင်းအထိ ကန်ဘိုက်တီးရိက္ခာဂိုဒေါင်တွင် ဆန်တင်း ၂ထောင် ခန့်ရှိနေသည်။[၂]

ကေအိုင်အိုဗဟိုဌာနချုပ်နှင့် စစ်ဦးစီးဌာနချုပ်သည် ဖလပ်၌ရှိ၍ ၁၉၈၁ခုနှစ်၊ ဒီဇင်ဘာ လဆန်းတွင် တပ်ရင်းအသစ်(၂၅၄)ကို အင်အား(၈၀)ဖြင့် ဖလပ်၌ဖွဲ့စည်းခဲ့ပြီး ခေတ္တတပ်ရင်းမှူး အဖြစ် ဗိုလ်ကြီးလဇိန်ဘောက်ကတာဝန်ယူကာ ဗဟိုဌာနချုပ်၏လုံခြုံရေးတာဝန်ယူသည်။ ဖလပ်တွင် ၇၅မမ(၄)လက်၊ ပွိုင့်၅လေယာဉ်ပစ်သေနတ်(၄)လက်နှင့် ၈၂မမ(၃)လက်တို့လည်း ရှိနေသည်။ ထိုင်းနိုင်ငံထန်ဝိုးတွင်ဖွင့်လှစ်ထားသော နိုင်ငံခြားဆက်သွယ်ရေးစခန်းသည် ကေအိုင်အေဌာနချုပ်သို့ ထွက်ခွာလာရာစက်တင်ဘာလနောက်ဆုံးပတ်တွင် မိုင်းမောရှိ အက်စ်အက်စ်အေဌာနချုပ်သို့ရောက်ရှိ ပြီး၁၉၈၂ခုနှစ် မတ်လ(၃၀)ရက်နေ့တွင် ကေအိုင်အေဌာနချုပ်သို့ဆက်လက်ထွက်ခွာသည်။ ဗဟို ဌာနချုပ်တွင် အင်အားစုစုပေါင်း(၇၅၀)ရှိသည်။ ကေအိုင်အေတပ်မဟာ(၁)သည် နင်ရော်ကောင်း အနီးရှိ လကောင်ဘွန်တွင်အခြေပြုနေပြီး တပ်ရင်း(၇)သည် ရန်ဖန်ဒေသ ဝရင်လျှိုစခန်း၌ အင်အား ၁၀၀ခန့်ဖြင့်လည်းကောင်း၊ တပ်ရင်း၄ဌာနချုပ်သည် ရှကရီဘွမ်ဒေသ၌လည်းကောင်း၊ တပ်ရင်း(၁၀) သည် ဂေါ်မော့နယ်မြေတွင်လည်းကောင်းရှိနေပြီး စုစုပေါင်းအင်အား(၁၁၀၀)ရှိသည်။ တပ်မဟာ(၁)

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၂မှ၃၀-၄-၈၂မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၈

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၂မှ၃၀-၄-၈၂မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၁၀

လက်အောက်တွင် ဆေးမှူးတူးကျာဦးစီးသော အင်အား(၁၃)ဦးခန့်သည် နင်ရော်ကောင်းတွင် အခြေပြုပြီး တပ်ရင်းများသို့ ဆေးအဖွဲ့များ စေလွှတ်ပေးသည်။ တပ်မဟာ(၁)ဆေးရုံအတွက် နှစ်စဉ် ငွေ ၈၀၀၀/- ချပေးပြီး ဆေးဝါးများကို တစ်ဖက်နိုင်ငံမှ ဝယ်ယူသည်။ ၁၉၈၂ခုနှစ် အောက်တိုဘာလ ၁၉ရက်နေ့တွင် တပ်မဟာ(၁)တပ်ခွဲ(၂)မှ အင်အား(၅၀)ခန့်သည် တစ်ဖက်နိုင်ငံသို့ လက်နက် ခဲယမ်းများ သယ်ဆောင်ရန် ထွက်ခွာပြီး၊ နိုဝင်ဘာလအတွင်းတွင် ဝထောင်ရန်ရွာသို့ စစ်ဝတ်ပစ္စည်း၊ ဘိနပ်များနှင့် ပြန်ရောက်လာသည်။ ၁၉၈၁ခုနှစ်ဒီဇင်ဘာလတတိယပတ်ခန့်တွင် ကေအိုင်အို ဗဟိုကုန်သွယ်ရေးဌာန ဒုတိယတာဝန်ခံ ခွန်လတ်ဦးစီးသောအဖွဲ့သည် လွယ်ကျယ်၌ တစ်ဖက်နိုင်ငံ ကုန်သွယ်ရေးအဖွဲ့မှ လိကျူးရင်နှင့်တွေ့ဆုံဆွေးနွေးပြီး လွယ်ကျယ်၌ ရွှေငါးညီနောင် ကုန်သွယ်ရေး ဂိုဒေါင် ဖွင့်လှစ်၍ ခွန်ဆာအဖွဲ့နှင့် ပူးပေါင်းကာ ဘိန်းဖြူ၊ ဘိန်းမဲ အရောင်းအဝယ် ပြုလုပ်နေရာ ရွှေငါးညီနောင်သည် ခွန်ဆာထံမှ ဘိန်းဖြူ တစ်ကီလိုကို (၆၈၀၀၀/-)ဖြင့် ဝယ်ယူပြီးကုန်သည်များကို (၈၈၉၀၀/-)ဖြင့် ပြန်လည်ရောင်းချသည်။ တပ်မဟာ(၂)ဌာနချုပ်သည် ဂေါ်ရီခါးတွင် အခြေပြုပြီး လှုပ်ရှားတပ်ရင်း(၂၅၂)ကို အနီးကပ်ကွပ်ကဲသည်။ ၁၉၈၂ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ရက်နေ့တွင် တပ်ရင်းအသစ်(၁၃)အား ဂေါ်ရီခါးစခန်းတွင် ဖွင့်လှစ်ပြီး စုစုပေါင်း အင်အား(၁၉၆)ဦးပါဝင်ကာ လက်နက်ခဲယမ်းများကို ကေအိုင်အိုဗဟိုမှရရှိပြီး စစ်ဝတ်များကို တပ်မဟာ(၂)မှရရှိခဲ့၍ တပ်ရင်း(၁၃)၏တာဝန်မှာ ဥရုချောင်းဖျားနှင့် ချင်းတွင်းမြစ်အကြား နယ်မြေ စိုးမိုးရေးဖြစ်ပြီး၊ တပ်ခွဲ(၁)ခွဲလျှင် (၉၀)စီအင်အားရှိသည်။ တပ်မဟာ(၃)ဌာနချုပ်သည်ကျာတူးကောင်းတွင်အခြေပြုလျက် တပ်ရင်း(၂၅၁)ကို အနီးကပ်ကွပ်ကဲလျက်ရှိပြီး၊ ၁၉၈၁ခုနှစ်၊ ဒီဇင်ဘာလ ၁ရက်နေ့ က ကေအိုင်အေတပ်ရင်း (၁၂)ကို ရွှေကူခရိုင်တွင် ဖွင့်လှစ်၍ ရွှေကူခရိုင်ဒေသခံတပ်ဟု သတ်မှတ်ကာ တပ်ရင်းဌာနချုပ်ကို တန်ဒဲတောင် ပတ်ဝန်းကျင်၌ထားရှိသည်။

၁၉၈၂ခုနှစ်ဇန်နဝါရီလ၁၆ရက်နေ့တွင် အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်းမှ တပ်ရင်းမှူး ခေါင်းဆောင်သောစစ်ကြောင်း(၁)နှင့်(၂)ဌာနချုပ်သည် တပ်ခွဲ(၄)ခွဲနှင့် ကုန်းခါမှထွက်ပြီး ပရန်လွိုးရွာ အနီးသို့ အရောက်တွင် ဗကပတပ်ရင်း(၈၀၁)၊ တပ်ရင်း(၃၀၃၃)နှင့် ကေအိုင်အေတပ်မဟာ (၃)တို့မှ ပူးပေါင်းအင်အား(၄၀၀)ခန့်နှင့်တွေ့ဆုံတိုက်ပွဲဖြစ်ရာ တပ်မတော်မှအရာရှိဒဉီးအပါအဝင် (၈)ယောက် ကျဆုံး၍(၅၃)ဦးဒဏ်ရာရရှိပြီးခွာစစ်ဆင်ခဲ့ရာရန်သူဘက်မှ(၁၂)ဦးကျသည်။ ဖေဖော်ဝါရီလ၁၂ရက်နေ့ တွင်လည်း ဗကပ၊ ကေအိုင်အေ ပူးပေါင်းအင်အား(၁၀၀)ခန့်သည် မန်သာရဲကင်းအား ဝင်ရောက် တိုက်ခိုက်သည်။ ဖေဖော်ဝါရီ၂၃ရက်နေ့တွင် အမှတ်(၄၇)ခြေလျင်တပ်ရင်းမှ စစ်ကြောင်း(၂)ဌာနချုပ် နှင့် တပ်ခွဲ၁ခွဲ တပ်စွဲထားသော ကချင်ပြည်နယ် မိုးမောက်မြို့နယ် နားလုံစခန်းကို ကေအိုင်အေ တပ်ရင်း(၂၅၁)မှ အင်အား(၁၀၀)ခန့်က လက်နက်ကြီးဖြင့် လာရောက်ပစ်ခတ် နှောက်ယှက်၍ တပ်မတော်မှ လိုက်လံရှင်းလင်းရာ မန်ကတောင်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် တိုက်ပွဲများဖြစ်ပွားပြီး

ရန်သူ(၆)ဦးကျ၍ ဆုတ်ခွာသွားသည်။[၁] ၁၉၈၂ခုနှစ်၊ ဩဂုတ်လ ၂၇ရက်နေ့မှ ၂၈ရက်နေ့အထိကာလ တွင်မူ ကေအိုင်အေတပ်ရင်း(၂၅၁)နှင့်(၂၅၃) ပူးပေါင်းအင်အား(၃၀၀)ကျော်ခန့်သည် နားလုံစခန်း အား ဝင်ရောက်တိုက်ခိုက်ကြပြန်သည်။ ဩဂုတ်လ ၂၇ရက်နေ့ နံနက်၆နာရီခန့်တွင် ကချင် သောင်းကျန်းသူတို့သည် ၅၇မမ၂လက်၊ ၈၂မမ ၁လက်၊ ၆၀မမ၃လက်နှင့်ပွိုင်-၅ စက်သေနတ်ကြီး ၂လက်တို့ဖြင့် စတင်ပစ်ခတ်တိုက်ခိုက်သည်။ ထိုတိုက်ပွဲတွင် ကေအိုင်အေစစ်ဦးစီးချုပ်ဇော်မိုင်သည် တပ်မဟာ(၃)တပ်မှူးဇော်ဘွမ်နှင့်အတူ လိုက်ပါကွပ်ကဲသည်။ တပ်မတော်မှရွတ်ရွတ်ခွဲခွဲ ပြန်လည်ခုခံ တိုက်ခိုက်ရာ နံနက်၈နာရီ၄၀မိနစ်တွင် ကေအိုင်အေတို့ပြန်လည်ဆုတ်ခွာသည်။ သို့သော် နံနက် ၁၀နာရီတွင် လက်နက်ကြီးများပစ်ကူ၍ လေးကြိမ်တိတိ အနီးကပ်တိုက်ခိုက်သည်။ ညခနာရီ၄၅မိနစ် တွင်မှ ပြန်လည်ဆုတ်ခွာပြီး၊ တဖန် ဩဂုတ်လ ၂၈ရက်နေ့နံနက်တွင် ကေအိုင်အေများသည် အမှောင်ထုကို အကာအကွယ်ယူ၍ ခြံစည်းရိုးအနီးသို့ ချဉ်းကပ်ကာ မိုင်းဖြင့်ဖောက်ခွဲခြင်း၊ လက်ပစ်ဗုံး များ၊ မီးတုတ်များ ပစ်ခတ်ခြင်းတို့ ပြုလုပ်၍ တိုက်ခိုက်ပြန်သည်။ တပ်မတော်က ရှေ့ထွက်မိုင်းများ၊ လက်ပစ်ဗုံးများ အသုံးပြုကာ ပြန်လည် တိုက်ခိုက်သည်။ တစ်ညလုံးအပြင်းအထန် တိုက်ပွဲဖြစ်ပွားပြီး ရန်သူတို့ပြန်လည်ဆုတ်ခွာသွားရာ တပ်မတော်မှ(၁)ဦးသာကျဆုံး၍ ရန်သူ့အလောင်း(၂၄)လောင်းကို ရရှိခဲ့သည့်အပြင် စက်လတ် ၁လက်အပါအဝင် လက်နက်မျိုးစုံ၅လက်ကိုလည်း တပ်မတော်က သိမ်းပိုက်နိုင်ခဲ့သည်။[၂]

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သည် **ဇွဲရဲမာန်**စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲရာ တိုင်းစစ်ဌာနချုပ် တိုက်ရိုက်ကွပ်ကဲမှုနယ်မြေတွင် အမှတ်(၃၇)ခြေလျင်တပ်ရင်း၊ အမှတ်(၄၀)ခြေလျင် တပ်ရင်း၊ အမှတ်(၄၆)ခြေလျင်တပ်ရင်း၊ အမှတ်(၅၂)ခြေလျင်တပ်ရင်း၊ အမှတ်(၈၆)ခြေလျင်တပ်ရင်း များဖြင့် အင်ဂျန်းယန်၊ ချိန်မာယန်၊ မြစ်ကြီးနားတီရန်ဇွတ်၊ ဆွမ်ပရာဘွမ်၊ ဖေါ်ဝမ်ဒရူး၊ မချမ်းဘော၊ ပူတာအို၊ ခန္တီး၊ လေရှီး၊ ဟုမ္မလင်း၊ ထမံသီ၊ တနိုင်း၊ တင်ကောက်၊ ရှင်ပွေယန်၊ နမ့်ယွန်း ဒေသများတွင်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာကွပ်ကဲမှုနယ်မြေတွင် အမှတ်(၁)ကချင်သေနတ် ကိုင်တပ်ရင်း၊ အမှတ်(၁၈)ခြေလျင်တပ်ရင်း၊ အမှတ်(၂၉)ခြေလျင်တပ်ရင်း၊ အမှတ်(၄၇)ခြေလျင်တပ် ရင်း၊ အမှတ်(၅၆)ခြေလျင်တပ်ရင်း၊ အမှတ်(၆၃)ခြေလျင်တပ်ရင်းများဖြင့် မြို့သစ်၊ ဒေါ်ဖုန်းယန်၊ နားလုံ၊ လဲလုံ၊ ဗန်းမော်၊ စိန်လုံ၊ လွယ်ကူယ်၊ မွန်ဘာပါ၊ မန်စီ၊ တင်စိန်းပါ၊ ရွှေကူဒေသများတွင်လည်း ကောင်း၊ အမှတ်(၂)စစ်ဗျူဟာကွပ်ကဲမှုနယ်မြေတွင် အမှတ်(၁၅)ခြေလျင်တပ်ရင်း၊ အမှတ်(၂၁) ခြေ လျင်တပ်ရင်း၊ အမှတ်(၃၈)ခြေလျင်တပ်ရင်း၊ အမှတ်(၅၈)ခြေလျင်တပ်ရင်း၊ အမှတ်(၇၄)ခြေလျင်တပ် ရင်းများဖြင့် ချီတွေ၊ ရစ်ကျော်၊ လောင်ဖန်၊ တံငါ၊ ရှင်ငေါ၊ လောခေါင်၊ ထောဂေါ၊ ဆောလော၊

---

၁ (က) မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း
(ခ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၂မှ၃၀-၄-၈၂မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၁-၇

၂ မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍတတိယတွဲ မျက်-၁၉၅-၁၉၆

ဝိုင်းမော်၊ ဆိုင်လော်၊ မန်တောင်၊ ဆဒုံးဒေသများတွင်လည်းကောင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုနယ်မြေတွင် အမှတ်(၂)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂၇)ခြေလျင်တပ်ရင်း၊အမှတ်(၃၆)ခြေလျင်တပ်ရင်း၊အမှတ်(၅၁)ခြေလျင်တပ်ရင်း၊ အမှတ်(၉၈) ခြေလျင်တပ်ရင်းများဖြင့် လုံးတုံ၊ လုံးစန့်၊ ချောင်းဝ၊ ဆားမှော်၊ ဟိုပင်၊ မိုးညှင်း၊ နမွတီး၊ ဂုဝင္ဂမိုင်၊ မိုးကောင်း၊ ကာမိုင်း၊ ဖားကန့်၊ မော်လူး၊ အင်းတော်၊ မိုးဒါး၊ ဗန်းမောက်ဒေသ များတွင်လည်းကောင်း၊ တိုက်ပွဲဝင်ကြသည်။ ယင်းစစ်ဆင်ရေးများတွင် တပ်မတော်မှ (၂၀၁)ဦး ကျဆုံး၍၊ (၅၁၀)ဦး ဒဏ်ရာ ရပြီး သောင်းကျန်းသူများမှ (၃၂၃)ဦးကျ၍ (၁၄၂)ဦးဖမ်းမိကာ၊ (၃၁၀)ဦးလက်နက်ချသည်။[၁]

၁၉၈၂ခုနှစ် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

ဗကပ ဗဟိုကော်မတီနှင့် အရှေ့မြောက်စစ်ဒေသတို့သည် ပန်ဆန်းတွင်ပင် ဆက်လက် အခြေပြုလျက်ရှိပြီး ၁၉၈၁ခုနှစ်၊ ဒီဇင်ဘာလပထမပတ်၌ ပန်ဆန်းတွင် ပထမပတ်ဆရာဝန်သင်တန်း ကျောင်းဆင်းပွဲပြုလုပ်ရာ သခင်ဗသိန်းတင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားခဲ့သည်။ ၁၉၈၂ခုနှစ်၊ ဇန်နဝါရီလ ဒုတိယပတ်တွင် ဗကပ ဗဟိုဒုတိယဥက္ကဋ္ဌ သခင်ဖေတင့်သည် ပီကင်းသို့ သွားရောက်၍ တစ်ဖက်နိုင်ငံ ခေါင်းဆောင်အချို့နှင့်တွေ့ဆုံပြီး လက်နက်ခဲ့ယမ်းရိက္ခာများအထောက်အပံ့ရရေး ဆွေးနွေးလျက် ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ပန်ဆန်းသို့ပြန်ရောက်သည်။ ဖေဖော်ဝါရီလ ဒုတိယပတ်နှင့်တတိယပတ်အတွင်း တစ်ဘက်နိုင်ငံမှ ပန်ဆန်းသို့ ကားများဖြင့် ပစ္စည်းများ ပေးပို့သည်။[၂] ယခင်က တစ်ဘက်နိုင်ငံမှ ဗကပတို့အား နှစ်စဉ်ကျပ်ငွေသိန်း(၃၀) ထောက်ပံ့နေရာမှ ယခုသိန်း(၇၀)တိုးမြှင့် ထောက်ပံ့လျက်ရှိပြီး လက်နက်ခဲယမ်းထောက်ပံ့မှုကိုမူ ယခင်ကထက် လျှော့ချ၍ သုံးပုံတစ်ပုံသာ ထောက်ပံ့သည်။ ပန်ဆန်းအနီးတွင် ဗကပပိုင်ဘိန်းချက်စက်ရုံ တစ်ခုရှိပြီး၊ ဘိန်းများ ဝယ်ယူရင်းနှီး၍ ဘိန်းမဲမှ ဘိန်းညှိအထိ ချက်လုပ်ပြီး တပ်မ(၆၈)မှ တာဝန်ယူကာ လွယ်မော်အဖွဲ့နှင့် ဆက်သွယ်ရောင်းချသည်။[၃]

ဗကပအင်အား(၂၀၀)ခန့်သည် ၁၉-၁၂-၈၁ရက်နေ့တွင် သံလွင်မြစ်အရှေ့ဘက်ကမ်းမှ အနောက်ဘက်ကမ်းသို့တာဆိုင်းလျှံကူးတို့မှလည်းကောင်း၊ အင်အား(၁၀၀)ခန့်သည် ၂၇-၁-၈၂ရက်နေ့

---

၁ (က) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၂မှ၃၁-၁၂-၈၂အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၁၂-၂၇၉-၂၂၁၂-၂၅

(ခ) မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၂မှ၃၀-၄-၈၂အတွင်း အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၃၂

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၅-၈၂မှ၃၁-၈-၈၂အတွင်းအရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၂၈

တွင် သံလွင်မြစ်အရှေ့ဘက်ကမ်းမှ တန့်ယန်းတောင်ခြမ်းသို့လည်းကောင်း[၁]၊ အင်အား(၂၀၀)ခန့် သည် ၂၃-၅-စ၂ရက်နေ့တွင် ဆွတ်မားကူးတို့မှလည်းကောင်း၊ အင်အား(၈၀)ခန့်သည် ထိုနေ့တွင်ပင် ပိန်တောင်းမှ လည်းကောင်း ကူးဝင်လာခဲ့ကြသည်။[၂] ဇန်နဝါရီလနောက်ဆုံးပတ်တွင် မိုင်းရွန်ဒေသမှ ဗကပ(၅၀၀)ခန့်သည်ပန်ဆန်းသို့ရောက်လာပြီး ပိန်းကောင်ခရိုင်တပ်နှင့်ပူးပေါင်းကာ အင်အား(၈၀၀) ခန့်ဖြင့် ဖေဖော်ဝါရီလဒုတိယပတ်အတွင်း မန်မန်ဆိုင်ဒေသ၊ သံလွင်၊ မန့်ဖန့်၊ မန်ခူး၊ မန်ခါး၊ လွယ်ပန်လုံ၊ ပန်ဖိန်းတစ်ဝိုက်တွင် အခြေပြုလျှက်ရှိသည်။ ၂၅-၂-စ၂ရက်နေ့တွင် အင်အား(၅၀)ခန့် သည် ယောင်လုံကမ်းခြေပိတ်ဆို့ရေးတပ်မတော်တပ်ဖွဲ့ကို ဝင်ရောက်တိုက်ခိုက်သည်။ ဖေဖော်ဝါရီလ ၂၅၊၂၆ရက်နေ့များတွင် မန်ကန်ဒေသမှ တပ်မတော်စခန်းများကို လက်နက်ကြီးများဖြင့်ပစ်ခတ်သည်။ ဗကပတပ်မ(၄၈)ဌာနချုပ်ကို ပန်ဆန်းအနီးဟတ်ကျီးတွင် ဖွင့်လှစ်၍ တပ်ရင်း(၅၀၁)၊ (၅၀၃)၊ (၇၀၁)၊ (၀၁၈)၊ သယ်ယူပို့ဆောင်ရေးတပ်ရင်း၊ လက်နက်ကြီးတပ်ရင်းမှ တပ်ခွဲ၂ခွဲ၊ လုံခြုံရေးတပ်ရင်း မှ တပ်ခွဲ ၁ ခွဲတို့သည် ပန်ဆန်း၊ ပန်ပွဲ ဒေသ၊ တွယ်နောက်၊ ကောင်းလိန်၊ ရောင်အော်၊ ဆွတ်ရ၊ နန့်ပန့်၊ ပန်ပွဲ၊ ဟတ်ကျီးတစ်ဝိုက်တွင် ဖြန့်ခွဲလျှက်ရှိသည်။ တပ်ရင်း(၀၁၆)၊ တပ်ရင်း(၃၀၃၅)၊ တပ်ရင်း(၄၀၄၈)၊ လုံခြုံရေးတပ်ရင်းဌာနချုပ်နှင့်တပ်ခွဲ(၂)ခွဲ၊ လက်နက်ကြီးတပ်ရင်းမှ တပ်ခွဲ(၂)ခွဲတို့ကို တပ်မနိုင်ငံရေးမှူးလင်းထင်(ခ)စိုးသိန်းနှင့် ဇော်လီ ဦးဆောင်လျက် ၁၉၈၁ခုနှစ်၊ စက်တင်ဘာလအတွင်းက မုံးကိုးဒေသသို့ ထွက်ခွာပြီး ဇော်လီနှင့်ဗကပ(၂၀၀)ခန့်သည် ၁၉၈၁ခုနှစ် နိုဝင်ဘာလတွင် ကွတ်ခိုင်နမ့်ဖတ်ကာကားလမ်းအနောက်ခြမ်းသို့ဝင်၍ ဒေသခံအဖွဲ့လူသစ်အဖွဲ့များ နှင့် ပေါင်းစပ်လှုပ်ရှားသည်။ ထိုအဖွဲ့မှ ဇော်လီဦးစီးသော အင်အား(၁၀၀)ခန့်သည် ၁၉၈၁ခုနှစ်၊ ဒီဇင်ဘာလအတွင်း မန်းနား၊ ခိုမုံး၊ လွယ်ခမ်း၊ ဟိုမုံး၊ ဟူလင်ဒေသများတွင် တပ်မတော်စစ်ကြောင်း များကို ရှောင်တိမ်းလှည့်လည်နေရာမှ အင်အား(၄၀)ခန့်သည် ၂-၁-စ၂ရက်နေ့တွင် အမှတ်(၁၀၃) ခြေမြန်တပ်ရင်းနှင့် လွယ်ယားတွင် တိုက်ပွဲဖြစ်ပွားသည်။ ဇော်လီဦးစီးသည့် အင်အားစုနှင့် တပ်ရင်း(၂၀၂)၊ တပ်ရင်း(၃၀၃၇) ပူးပေါင်း အင်အား(၂၅၀)ခန့်သည် ၂၁-၁-စ၂ရက်နေ့တွင်တိုက်စေးတောနေကုန်းဆာတစ်ဝိုက်၌ အမှတ်(၁၀၉) ခြေမြန်တပ်ရင်းနှင့် တိုက်ပွဲဖြစ်ပွားပြီး ဗကပ(၁၉) လောင်းကျန်ရစ်ကာ နမ့်ဟိုင်းဒေသသို့ ပြောင်းရွှေ့သည်။[၃] ဗကပတပ်မဟာ(၂)ဌာနချုပ်ကို မန်ကျန်းတွင် ထားရှိပြီး လက်အောက်တပ်ရင်း(၂၀၂)နှင့် တပ်ရင်း(၃၀၃၇)တို့သည် တပ်မ(၄၈)မှ အင်အားစုများနှင့် ပူးပေါင်း၍ ရွှေလီချိုင့်ဝှမ်းအတွင်း လှုပ်ရှားလျက်ရှိပြီး တပ်ရင်း(၆၀၁)သည် မုံးကိုး၊ စီစီဝမ်၊ တာပန်စခန်းများနှင့် ရင်ဆိုင်ကုန်းများတွင် ဖြန့်ခွဲ

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-စ၂မှ၃၀-၄-စ၂အတွင်းအရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၃၁

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၅-စ၂မှ၃၁-၈-စ၂အတွင်းအရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၃၀

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-စ၂မှ၃၀-၄-စ၂အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၃၄-၃၅

ထားရှိသည်။ တပ်မဟာမှူး ကျန်စီးမြင့် ဦးစီးသော တပ်ရင်း(၃၀၃၁)နှင့် တပ်ရင်း(၈၀၁)မှ အင်အား (၂၀၀)ခန့်သည် ကေအိုင်အေတပ်မဟာ (၃)မှ အင်အား(၁၀၀)ခန့်ဖြင့် ပူးပေါင်း၍ တပ်မတော် အမှတ်(၄)ခြေလျင်တပ်ရင်းနှင့်ရွှေလီစခန်းများကို ၁၉၈၂ခုနှစ်၊ ဇန်နဝါရီလဆန်းတွင် တိုက်ခိုက်ရာ သောင်းကျန်းသူ(၃၈)ဦး ကျဆုံး၍ အထိနာသွားသည်။ ဗကပတပ်ရင်း(၁၀၇)သည် နမ့်တောင်း နှင့် ကောင်းခါဒေသတွင် ဖြန့်ခွဲထားရာမှ ၁၂-၃-၈၂ရက်နေ့တွင် တပ်ရင်း(၃၀၃၃)အား တာဝန်လွှဲပြောင်း ပေးပြီး ပန်ဆိုင်းဘက်သို့ ထွက်ခွာ သည်။ ဗကပတပ်မဟာ(၁၂)ဌာနချုပ်ကို ဗင်းဟင်၊ ကျင်ချမ်း ဒေသတွင် အခြေပြုထားပြီး တပ်ရင်း(၂၂)တပ်ရင်းဌာနချုပ်နှင့် တပ်ခွဲ(၁)ခွဲကို တာအိုက်ဒေသ၌ အခြေပြုထားကာ ကျန်တပ်ခွဲ(၃)ခွဲ သည် ၁၉၈၂ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက မိုင်းမောဒေသသို့ ထွက်ခွာသည်။ တပ်ရင်း(၆၀၂)သည် ပန်လုံတောင်ခြမ်း၊ မြောင်ဇူရှမ်း ဟယ်ရီကုန်း၊ ကောင်းပျက်များ တွင် တပ်ရင်းဌာနချုပ်နှင့် တပ်ခွဲ(၃)ခွဲ အခြေပြုထားပြီး ကျန်တပ်ခွဲ(၁)ခွဲအား ဖားကွတ်တွင် အင်အား ဖြည့်ထားသည်။[၁] တပ်ရင်း(၆၀၄)သည် မန်နောင်၊ ကောင်းပျက်၊ လီရှောဒေသတွင်ဖြန့်ခွဲထားရှိပြီး၊ မိုင်းမောခရိုင်တပ်သည် မိုင်းမောနှင့် ဗင်းဟင်တွင်လည်ကောင်း[၂] ကိုးကန့်ခရိုင်တပ်သည် တာလန်တီး၊ ရာမရှမ်း၊ ရွှေလုံထန်ဒေသတွင် လည်းကောင်းရှိနေကြသည်။[၃]

ကေအိုင်အေတပ်မဟာ(၄)ဌာနချုပ်အား နမ့်ဆောင်ကြဲ၊ ပန်ကွတ်ဒေသ၊ တီးမားအရှေ့ခြမ်း၊ ပန်ကန်ရွာပျက်တွင် ထားရှိရာမှ[၄] ၂၉-၉-၈၂ရက်နေ့တွင် တပ်မတော်က ဝင်ရောက်တိုက်ခိုက်၍ ၂-၁၀-၈၂ရက်နေ့မှစပြီး မုန်းဟောင်ဒေသသို့ အဖွဲ့လိုက်ရောက်ရှိလာသည်။ ထိုမှတစ်ဆင့် ဟိုမွေအနီး တောင်ကြောပေါ်တွင် စခန်းချအခြေပြုသည်။[၅] တပ်မဟာမှူးစိုင်းဖုံသည် ဗကပရွှေလီချိုင့်ဝှမ်း စစ်ဆင်ရေးမှူး ဇော်လီနှင့် ၁၉၈၁ခုနှစ်၊ ဒီဇင်ဘာလအတွင်း၌ နမ့်ဟိုင်းဒေသတွင်ဆွေးနွေးကာ ဗကပ နှင့် ပူးပေါင်းလှုပ်ရှားရန် တပ်မဟာမှူးဦးစီး၍ တပ်မဟာ(၄)အင်အား(၁၀၀)၊ ကေအိုင်အေတပ်ရင်း (၈)မှ (၁၀၀)။ တပ်ရင်း(၉)မှ၁၀၀ စုစုပေါင်း၃၀၀ခန့်သည် စိုင်းခေါင်ဒေသတွင် စုဖွဲ့လျက်ရှိသည်။ ထိုသတင်းအရ မုံးတပ်မှ ချီတက်ရှင်းလင်းသော အမှတ်(၇၇)ခြေလျင်တပ်ရင်းနှင့် ခန့်မှန်း အင်္ကစ်တီ ၃၃၈၉ တောင်ကြောတစ်ဝိုက်တွင် ၃-၁-၈၂မှ၇-၁-၈၂နေ့အထိ ထိတွေ့မှုများရှိပြီး ဆုတ်ခွာသွားသော

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၂မှ၃၀-၄-၈၂အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၃၇-၃၉

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၅-၈၂မှ၃၁-၈-၈၂အတွင်းအရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၃၅

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၂မှ၃၀-၄-၈၂အတွင်းအရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၃၈

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၅-၈၂မှ၃၁-၈-၈၂အတွင်းအရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၃၆

၅ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၉-၈၂မှ၃၁-၁၂-၈၂အတွင်းအရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၃၂

ရန်သူ(၂၀၀)ခန့်သည် အနောက်ဖက်မှဝင်ရှင်းသော အမှတ်(၁၂)ခြေလျင်တပ်ရင်းနှင့်၉-၁-၈၂ ရက်နေ့တွင် ဝါလိုင်၌လည်းကောင်း၊ ကေအိုင်အေ၁၀၀နှင့် အမှတ်(၇၇)ခြေလျင်တပ်ရင်းတို့သည် ၉-၁-၈၂ ရက်နေ့တွင် မန်ဖိုး၌လည်းကောင်းတိုက်ပွဲဖြစ်ပွားသည်။ ၃၁-၁-၈၂မှ ၁-၂-၈၂ရက်နေ့အထိ မန်မနားတွင်လည်း ဗကပ၊ ကေအိုင်အေပူးပေါင်းအင်အား၂၅၀ခန့်သည် အမှတ်(၇၇)ခြေလျင် တပ်ရင်းနှင့်တွေ့ထိတိုက်ခိုက်ခဲ့သည်။[၁] ကေအိုင်အေတပ်ရင်း(၂)ဌာနချုပ်သည်လည်း ပင်းကာတွင် ပြန်လည်အခြေချလျက်ရှိသည်။ ပလောင်သောင်းကျန်းသူ အင်အား(၃၀၀)ခန့်သည် ကေအိုင်အေတပ်ရင်း(၉)မှ အင်အားစုအချို့နှင့်ပူးပေါင်းလျက် ဟိုမိန်း၊ ဟိုမန်းဒေသတွင်လှုပ်ရှားလျက်ရှိရာ ဥက္ကဋ္ဌ ဟောင်းသန်းဝင်းသည် ၈-၁-၈၂ရက်နေ့တွင် လက်နက်ချအလင်းဝင်သည်။ အက်စ်အက်စ်အေရှမ်းသောင်းကျန်းသူအဖွဲ့၏ တပ်မဟာ(၁)ဌာနချုပ်အား ခွန်ပန်၊ ကျိုင်းလင်းဒေသတွင် ထားရှိပြီး၊ လက်အောက်ခံတပ်ရင်း (၁၀၁၁)၊ (၂၀၂၁)၊ (၈၀၁)နှင့် (၁)တို့ကိုကွပ်ကဲကာ တပ်ရင်း(၈၀၁)သည် မုံးဟင်း၊ မုံးဟ၊ နားလုံဒေသတွင်လည်းကောင်း၊ တပ်ရင်း(၁)သည် ဆောင်ကျဲ၊ စိန်ကျော့၊ နမ့်လန်၊ မန်လီဒေသတွင် လည်းကောင်းဖြန့်ခွဲလှုပ်ရှားနေသည်။ အက်စ်အက်စ်အေတပ်မဟာ(၃)ဌာနချုပ်ကို ကွန်ဟယ်၊ ကွန်ဟောက်၊ အုံးပစွန်၊ အုံးမတက်ဒေသများတွင်အခြေခံကာ တပ်ရင်း(၈၁၆)၊ တပ်ရင်း(၂၀၂၄)တို့ကိုဦးစီးလျက်ရှိသည်။[၂] ခွန်ဆာ၏အက်စ်ယူအေ(ခေါ်)တောခိုလွယ်မော်အဖွဲ့တွင် ဗကပ နယ်မြေ လုံထန်ဒေသ၌ ဘိန်းချက်ရန်ဗကပတို့နှင့် ဆွေးနွေးလျက်ရှိသည်။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သည် **ရဲမင်းအောင်**စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲလျက်ရှိရာ တိုင်းစစ်ဌာနချုပ်တိုက်ရိုက်ကွပ်ကဲမှုနယ်မြေ နမ့်တူ၊ သိန္နီ၊ မုံးယော်၊ မုံးကျက်၊ မုံးတွန်၊ လွယ်ပန်ကော်ဒေသများတွင် အမှတ်(၄၁)ခြေလျင်တပ်ရင်း၊ အမှတ်(၆၈)ခြေလျင်တပ်ရင်း၊ အမှတ်(၆၉)ခြေလျင်တပ်ရင်း၊ အမှတ်(၈၃)ခြေလျင်တပ်ရင်းမှတပ်ခွဲ၂ခွဲ၊ အမှတ်(၈၂)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၂)ခွဲတို့ဖြင့်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာနယ်မြေ တန့်ယန်း၊ မန်ကန်၊ နောင်လိုင်၊ မိုင်းရယ်၊ မိုင်းကောင်တို့တွင် အမှတ်(၃၃)ခြေလျင်တပ်ရင်း၊ အမှတ်(၆၇)ခြေလျင်တပ်ရင်း၊ အမှတ်(၆၈)ခြေလျင်တပ်ရင်းမှတပ်ခွဲ၂ခွဲ၊ အမှတ်(၈၂)ခြေလျင်တပ်ရင်းမှတပ်ခွဲ(၃)ခွဲ၊ အမှတ်(၈၃)ခြေလျင်တပ်ရင်းမှတပ်ခွဲ(၃)ခွဲ၊ အမှတ်(၆၉)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၂)ခွဲတို့ဖြင့်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာနယ်မြေ ကျောက်မဲ၊ သီပေါ၊ နမ့်ဆန်ဒေသနှင့် မန်လီ၊ မိုင်းခေးဒေသတွင် အမှတ်(၂၂)ခြေလျင်တပ်ရင်း၊ အမှတ်(၂၃)ခြေလျင်တပ်ရင်းတို့ဖြင့်လည်းကောင်း ချေမှုန်းတိုက်ခိုက်ခဲ့သည်။ ထို့ပြင်ရှေ့တန်းအမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်၊ နည်းဗျူဟာကွပ်ကဲမှုအဖွဲ့(၃)ဖွဲ့နှင့် လက်အောက်ခံတပ်ရင်းများကလည်း မိုးမိတ်၊ နမ့်ခမ်း၊ မူဆယ်၊ မုံးယု၊ ကွတ်ခိုင်၊ မုံးစီး၊ နားလယ်၊ ကွမ်းလုံ၊ ဟိုပန်၊ ပန်လုံဒေသများတွင်

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၂မှ၃၀-၄-၈၂အတွင်းအရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၃၉-၄၀

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၂မှ၃၀-၄-၈၂အတွင်းအရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၃၆-၄၀

ပါဝင်တိုက်ခိုက်ခဲ့သည်။ ဤစစ်ဆင်ရေးတွင် တပ်မတော်မှ (၅၁)ဦးကျဆုံး၍ (၉၆)ဦးဒဏ်ရာရပြီး၊ သောင်းကျန်းသူများဘက်မှ (၃၁၆)ဦးကျ၍ (၉၈)ဦး လက်ရ ဖမ်းမိကာ (၃၈)ဦး လက်နက်ချသည်။[၁]

၁၉၈၂ခုနှစ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏ စစ်ဆင်ရေး

ဗကပ(စာ၅၅)စစ်ဒေသကို နိုင်ငံရေးမှူးဝူမိတ္ထော့(ခေါ်)အေးငွေနှင့် စစ်ဒေသမှူးဇော်ထန်တို့ ဦးစီးလျက်စစ်ဒေသကိုဝမ်ဖိုင်တွင် ဆက်လက်ထားရှိသည်။ ၁၉၈၂ခုနှစ်တွင် မိုင်းယောင်းနယ်မြေမှ စုစည်းရရှိသည့် လူသစ်များဖြင့် တပ်ရင်း(၁)နှင့်(၃)ကိုတိုးချဲ့ဖွဲ့စည်းရာ တပ်ရင်း(၈)ရင်း၊ အင်အားစုစုပေါင်း(၁၄၀၀)ရှိပြီးဖြစ်သည်။ တပ်ရင်း(၁)နှင့် (၃)ကိုဝမ်ကျိုင်းခမ်းတွင်လည်းကောင်း၊ တပ်ရင်း(၅)အားကော်နမ့်တောင်းတွင်လည်းကောင်း အခြေပြုထားပြီး ဝမ်ဟိုရမ်း၊ ဝမ်ဆော၊ ဝမ်ဖိုင်ဒေသများ၌ လှုပ်ရှားစေသည်။ တပ်ရင်း(၇)သည် မိုင်းကိုင်နယ်မြေတွင်ခြေကုတ်ယူထားပြီး ၈-၁-၈၂ရက်နေ့တွင် တပ်ရင်း(၇)နှင့် ဝမ်းကျင်းဆန်တောက်နယ်မြေ ဗကပပြည်သူ့စစ်ပူးပေါင်းအင်အား(၃၀၀)ခန့်သည် မိုင်းငွန်းသို့ရောက်ရှိလာပြီး ၁၂-၁-၈၂ရက်နေ့တွင် ကပ်တောင်ရဲစခန်းကဖရွာရှိ အမှတ်(၄)ချင်းသေနတ်ကိုင်တပ်ရင်းမှ တပ်စုတစ်စုနှင့် ပြည်သူ့စစ်အဖွဲ့တို့အားလည်းကောင်း၊ ၂၀-၁-၈၂ရက်နေ့တွင် ယမ်းခရှိအမှတ်(၄)ချင်းသေနတ်ကိုင်တပ်ရင်းတပ်စုတစ်စုနှင့် တာကျောက်စခန်းရှိအမှတ်(၈၁)ခြေလျင်တပ်ရင်းမှ တပ်စုတစ်စုအားလည်းကောင်းအထိနာအောင်တိုက်ခိုက်ခဲ့သည်။ ပြီးလျှင်မိုင်းကိုင်နယ်မြေ၌ပြန်လည်ခြေကုတ်ယူထား၍ ဇန်နဝါရီလနောက်ဆုံးပတ်တွင် တပ်မတော်မှတပ်ရင်း(၃)ရင်းဖြင့် ဝင်ရောက်ရှင်းလင်းရာ ဗကပများသည် မိုင်းခမ်း၊ ကျိုင်းဝနယ်မြေသို့ဝင်ရောက်သွားသည်။ တပ်ရင်း(၁၂)မှ တပ်ခွဲခွဲစ်ခွဲသည် ဆာကြိုကြောဝမ်ဒေသမှ ဝမ်မိုင်းကျိုင်းကုန်းဒေသသို့ထွက်ခွာ၍ မိုင်းဝဲ၌စုဖွဲ့ပြီး ကျန်တပ်ခွဲတစ်ခွဲသည် ဟွေစွန်းတစ်ဝိုက်တွင် လှုပ်ရှားလျက်ရှိသည်။ တပ်ရင်း(၁၄)နှင့် တပ်ရင်း(၁၆)အင်အားစုများသည်ဇန်နဝါရီလအတွင်း၌ကော်ဖန်လဲ၊ ဝမ်ဖြတ်တစ်ဝိုက်တွင်စုဖွဲ့၍ တပ်ရင်း(၁၄)သည် ဆာကြိုကြောဝမ်ဒေသသို့ထွက်ခဲ့သည်။ တပ်ရင်း(၁၄)သည် လောနိုင်ငံမှ လောဖြူတပ်ဖွဲ့ဝင်များပါရှိလာပြီး ယင်းတို့သည် ဗကပသင်တန်းတက်ရန်လိုက်ပါလာခြင်းဖြစ်သည်။ တပ်ရင်း(၁၆)မှ တပ်ခွဲတစ်ခွဲသည် မိုင်းကိုင်ဒေသတွင် လှုပ်ရှားလျက်ရှိပြီး တပ်ခွဲ(၂)မှ အင်အား(၁၀၀)ခန့်သည် တာလေ၊ မိုင်းဖုန်းဒေသ၌ လှုပ်ရှားနေသည်။ တပ်ရင်း(၁၈)သည် ဧပြီလပထမပတ်တွင် မိုင်းယောင်းမြေပြန့်တွင်

၁ (က) ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏၁-၁-၈၂မှ၃၀-၄-၈၂အတွင်းအရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၄၅-၅၂

(ခ) ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏၁-၅-၈၂မှ၃၁-၈-၈၂အတွင်းအရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၄၁-၄၆

(ဂ) ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏၁-၉-၈၂မှ၃၁-၁၂-၈၂အတွင်းအရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၃၈-၄၇

ဝင်ရောက်လှုပ်ရှားခဲ့ရာမှဖြေလ ၁၀ရက်နေ့တွင် ဝမ်ဖိုင်ဒေသသို့ပြန်လည်ထွက်ခွာပြီး (၈၁၅)စစ်ဒေသ၏အရံတပ်အဖြစ်စုဖွဲ့လျက်ရှိသည်။ ဖြေလဆန်းတွင်မူ ဗကပတပ်ရင်း(၁)၊ (၃)၊ (၅)၊ (၁၂)၊ (၁၄)၊ (၁၆) တို့မှ ပူးပေါင်းအင်အား (၁၀၀၀)ခန့်အား ဒုတိယစစ်ဒေသမှူးက ဦးစီးလျက် မိုင်းယောင်းမြေပြန့်သို့ ဝင်ရောက်ကာ ၂-၄-၈၂နေ့ တွင် ဝမ်ပိုးရှိ အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်းမှ လှုပ်ရှားတပ်စုများနှင့် ကြောင်စလီကုန်းကိုလည်းကောင်း၊ ၄-၄-၈၂ ရက်နေ့တွင်ဝမ်ပိုးနှင့်ဝမ်ဟိုရန်ရှိ အမှတ်(၁၄)ခြေလျင်တပ်ရင်းစစ်ကြောင်းများကိုလည်းကောင်း၊ ၅-၄-၈၂ ရက်နေ့တွင် ပုံချိုရှိ အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်းတပ်ခွဲ ၁ ခွဲနှင့် ပြည်သူ့စစ်များကိုလည်းကောင်း တိုက်ခိုက်ခဲ့သည်။[၁] ဗကပတပ်မ(၄၈)ဌာနချုပ်သည် ဟတ်ကျိုးတွင်ရှိကာ တပ်ရင်း(၄)ရင်းသည် မုံးကိုး၊ မုံးပေါ်၊ ရွှေလီချိုင့်ဝှမ်းဒေသသို့ ရောက်ရှိနေပြီး ကျန်တပ်ရင်းများသည်မော်ဖဒေသအတွင်းပန်ဆန်းဌာနချုပ်၏ရှေ့ကာအဖြစ် ခယ်ခမ်း၊ ကပ်လွယ်၊ လွယ်ဟိုလာ၊ ကောင်းလင်း၊ တွယ်နောက်နယ်မြေများတွင် ဖြန့်ခွဲလျက်ရှိသည်။ တပ်မ(၆၈)ဌာနချုပ်ကို မိုင်းပေါက်နယ်မြေတွင်အခြေပြု၍ လက်အောက်ခံတပ်ရင်းအချို့ကို မိုင်းပေါက်၊ ဟိုကာနယ်မြေတွင် အခြေပြုထားသည်။ ဗကပအလယ်ပိုင်းဗျူရိုနှင့် (၈၀၅)တပ်ဖွဲ့သည် သံလွင်အနောက်ခြမ်း တုံလော၊ နောင်လုံ၊ နောင်ပိုးနယ်မြေတွင် အခြေခံခိုအောင်းနေသည်။ တပ်မဟာ(၇၆၈)ဌာနချုပ်ကို နမ့်လစ်၊ ဆီလူးတွင် အခြေပြုထားသည်။[၂]

၁၉၈၁ခုနှစ်တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ ခွဲထွက်လာခဲ့သော ဗကပဩဇာခံကရင်နီလူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ (ကလလတ) သည်ဥက္ကဋ္ဌသန်းညွန့်ဦးဆောင်လျက်ရှိရာမှ သန်းညွန့်ကို ၂-၄-၈၂ ရက်နေ့တွင် ကရင်နီအဖွဲ့မှသတ်ခဲ့၍ စစ်ရေးတာဝန်ခံမောင်မဲသည် ကလလတအဖွဲ့ခေါင်းဆောင်ဖြစ်လာပြီး အင်အား(၄၅)ဦးဖြင့်ကယားပြည်နယ်၊ ဖရူးဆိုးအနောက်ခြမ်း၊ ဘော်လခဲ၊ ဖါးဆောင်းအရှေ့ခြမ်းနယ်မြေများတွင် လှုပ်ရှားလျက်ရှိသည်။[၃] ဥက္ကဋ္ဌ စောမောရယ်အတွင်းရေးမှူး အောင်သန်းလေးတို့ ဦးဆောင်သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(ခေါ်)ကေအင်ပီပီဗဟိုဌာနချုပ်သည် ထိုင်း-မြန်မာနယ်စပ်အနီး ပွေပုံလောင်းတွင် ရှိပြီးဘိန်းချက်မှောင်ခိုလုပ်ငန်းများလုပ်ကိုင်လျက်ရှိရာ စစ်ကြောင်း(၁)သည် ထီးထ၊ စစ်ကြောင်း(၂)သည် ဆွတ်ပိုင် နှင့်

---

၁ (က) ကက(ကြည်း) စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၂ မှ ၃၀-၄-၈၂တွင်းအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ရေးသုံးသပ်ချက် မျက်- ၆၁-၆၃

(ခ) ကက(ကြည်း) စစ်ဆင်ရေးဌာနစု၏ ၁-၅-၈၂ မှ ၃၁-၈-၈၂တွင်းအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ရေးသုံးသပ်ချက် မျက်- ၆၅

(ဂ) အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၂ ကက(ကြည်း) စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၂ မှ ၃၀-၄-၈၂တွင်းအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ရေးသုံး သပ်ချက် မျက်- ၅၈-၆၈

၃ (က) အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

(ခ) ကက(ကြည်း) စစ်ဆင်ရေးဌာနစု၏ ၁-၅-၈၂ မှ ၃၁-၈-၈၂တွင်းအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက်- ၃၉

စစ်ကြောင်း(၃)သည် တာတမော့နယ်မြေအတွင်း၌လှုပ်ရှားနေကြသည်။ ရွှေအေးခေါင်းဆောင်သော ကယန်းပြည်သစ်ပါတီသည် အင်အား(၁၅၀)ခန့်ဖြင့် ဗကပဩဇာခံအဖြစ်ရလလဖ(အနီ)အဖွဲ့ နှင့် ပူးပေါင်းကာ အရှေ့ပိုင်းတိုင်း၊ အနောက်မြောက်တိုင်း နှင့် အလယ်ပိုင်းတိုင်းဆက်စပ်နယ်မြေများတွင် အခြေခံခိုအောင်း လှုပ်ရှားနေသည်။ ရှမ်းသောင်းကျန်းသူများအနက် အက်စ်အက်စ်ပီပီနှင့် အက်စ်အက်စ်အေဗဟိုဌာနချုပ်သည် ထိုင်း-မြန်မာနယ်စပ် မိုင်းမောတွင်ဆက်လက်အခြေပြုပြီး ၁၉၈၂ ခုနှစ်၊ မတ်လနောက်ဆုံးပတ်တွင် တပ်မဟာ(၁)နှင့် တပ်မဟာ(၃)တို့ကိုပူးပေါင်း၍ တပ်မ(၁)ဖွဲ့စည်းပြီး နိုင်ငံရေးမှူးအဖြစ် ဆေးနွံ၊ တပ်မမှူးအဖြစ် စိုင်းလိတ်တို့က တာဝန်ယူသည်။ ယင်းအဖွဲ့သည်ဗကပ တို့နှင့်ပူးပေါင်းရေးဆွေးနွေးလျက်ရှိပြီး ဆွေးနွေးဆဲကာလမှာပင် ဗကပတို့ထံမှ လက်နက်ခဲယမ်းအကူ အညီရခဲ့သည်။ မိုးဟိန်းနှင့်ကံစစ်တို့ ခေါင်းဆောင်သော အက်စ်ယူအာရ်အေအဖွဲ့ကမူ ဗကပတို့ကို ဆန့်ကျင်တိုက်ခိုက်လျက်ရှိပြီး ဌာနချုပ်ကို တစ်ဘက်နိုင်ငံပိန်းလုံတွင်ထားရှိကာ လက်အောက်ခံ တပ်ရင်းများကို လဲချား၊ မိုင်းကိုင်နယ်မြေ ၊ မိုးနဲ၊ မိုင်းပန်နယ်မြေတို့တွင် ဖြန့်ခွဲထားရှိသည်။ နန္ဒာလှိုင် ခေါင်းဆောင်သောရှမ်းသစ်အဖွဲ့(ခေါ်) အက်စ်အင်ပီပီသည် ဆီဆိုင်- ထီးစဲခါး ကားလမ်း နှင့် ပင်လောင်း၊ ဖယ်ခုံ၊ မိုးပြဲအကြားဒေသတွင် အခြေခံလှုပ်ရှားလျက်ရှိသည်။ ဗကပဩဇာခံ အဲဒို ခေါင်းဆောင်သောလားဟူအင်အား(၃၀၀)ခန့်သည် လွယ်လန်းနယ်မြေမြောက်ခြမ်းတွင် ခိုအောင်းကာ မိုင်းအင်နယ်မြေအထိ အဖွဲ့ငယ်များဖြင့် လှုပ်ရှားလျက်ရှိသည်။ ပအို့ဝ်သောင်းကျန်းသူ ရလလဖ (အနီ) သည်မောက်မယ်တောင်ခြမ်း ဟိုနမ့်၊ ကဒူးကြီး၊ ကဒူးလေးဒေသ၌ အခြေပြုခိုအောင်းကာ လက်အောက်ခံတပ်များသည် ရှမ်းပြည်နယ်၊ ကယားပြည်နယ် နယ်စပ်ဒေသနှင့် ဆီဆိုင်၊ ဘန်းယဉ်၊ မဲနယ်၊တောင်အင်းဒေသများတွင် ဗကပများနှင့်ပူးပေါင်းလှုပ်ရှားလျက်ရှိသည်။ ရလလဖ(အဖြူ)ဗဟို ဌာနချုပ်နှင့်တပ်ရင်း(၁)သည် အင်းဒေသ၊ တပ်ရင်း(၂)သည် တောင်ကြီး၊ လွယ်လင်မြောက်ခြမ်းတို့၌ လှုပ်ရှားလျက်ရှိကြသည်။ ခွန်ဆာခေါင်းဆောင်သောလွယ်မော်သောင်းကျန်းသူများသည် ထိုင်း-မြန်မာ နယ်စပ်၊ လွယ်လန်း၊ လွယ်ဆန်ဆော၊ လွယ်မခက်နယ်မြေများတွင် အခြေခံစခန်းများဆောက်ကာ ဘိန်းကူးသန်းရောင်းဝယ်မှုပြုနေကြသည်။ ခွန်ဆာသည် ထိုင်းနိုင်ငံအစိုးရနှင့် ပြေလည်မှုရရေး အားထုတ်ကြိုးပမ်းခဲ့သော်လည်း ၁၉၈၂ခုနှစ်၊ အောက်တိုဘာလအတွင်းတွင် ထိုင်းအစိုရက လွယ်မော် စခန်းများအား ဂရိတ်စတားစစ်ဆင်ရေးဖြင့် တိုက်ခိုက်ခဲ့သည်။ "ဝ" သောင်းကျန်းသူ မဟာစန်းအဖွဲ့ သည် အင်အား(၆၀)ခန့်နှင့် တစ်ဘက်နိုင်ငံနယ်စပ်ဒေသတွင်အခြေပြုပြီး မဟာစိုင်းခေါင်းဆောင်သော အဖွဲ့အင်အား(၄၀)ခန့်သည်မိုးနဲအရှေ့ခြမ်းတွင် ရှမ်းသောင်းကျန်းသူတို့နှင့် နားလည်မှုယူကာခိုအောင်း လျက်ရှိသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သည် အင်အားအလုံးအရင်းဖြင့် လေးမာရ်အောင်စစ်ဆင်ရေးကို ဆင်နွှဲလျက်ရှိရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၂)စစ်ဗျူဟာကပ်ကဲရေးအဖွဲ့မှ အမှတ်(၅၄) ခြေလျင်တပ်ရင်း၊ အမှတ်(၇၂)ခြေလျင်တပ်ရင်း၊ အမှတ်(၇၃)ခြေလျင်တပ်ရင်းများဖြင့် လွိုင်ကော်၊

ဖားဆောင်း၊ မော်ချီး၊ ရှားတော၊ လောပိတ၊ ဗထူး၊ အင်တော၊ ကျောက်ဂူဒေသများတွင်လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် အမှတ်(၁)စစ်ဗျူဟာကွပ်ကဲမှုအဖွဲ့မှ အမှတ်(၇၁)ခြေလျင်တပ်ရင်း၊ အမှတ်(၈၈)ခြေလျင်တပ်ရင်း၊ အမှတ်(၉၀)ခြေလျင်တပ်ရင်း၊ အမှတ်(၉၄)ခြေလျင်တပ်ရင်းများဖြင့် ပင်လောင်း၊ မိုးပြဲ၊ နောင်တရား၊ဖယ်ခုံအနောက်ခြမ်းဒေသများတွင်လည်းကောင်း တိုက်ခိုက်ချေမှုန်းလျက်ရှိပြီး ရှေ့တန်းအမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်မှ တိုက်ရိုက်ကွပ်ကဲလျက် အမှတ်(၁၇)ခြေလျင်တပ်ရင်းဖြင့် ဆီဆိုင်အရှေ့ခြမ်း၊ အနောက်ခြမ်းဒေသများတွင်လည်းကောင်း၊ အမှတ်(၅၅၁)နည်းဗျူဟာကွပ်ကဲရေးအဖွဲ့မှ အမှတ်(၁၄)ခြေမြန်တပ်ရင်း၊ အမှတ်(၆၄)ခြေမြန်တပ်ရင်းများဖြင့် မိုင်းကိုင်၊ ပန်ကေတု၊ တုံလော၊ မိုင်းပြင်း၊ လက်သဲ့ဒေသများတွင်လည်းကောင်း၊ အမှတ်(၅၅၂)နည်းဗျူဟာကွပ်ကဲရေးအဖွဲ့မှအမှတ်(၁၃)ခြေမြန်တပ်ရင်း၊ အမှတ်(၁၉)ခြေမြန်တပ်ရင်း၊ အမှတ်(၆၆)ခြေလျင်တပ်ရင်း၊ အမှတ်(၉၉)ခြေလျင်တပ်ရင်းများဖြင့် မောက်မယ်၊ မိုးနဲ၊ ကဒူးကြီး၊ ကဒူးလေး၊ ဝမ်မတ်၊ ခူဝိန်း၊ ကွန်ဟိန်း၊ ခိုလမ်၊ ကျိုင်းခမ်းဒေသများတွင်လည်းကောင်း စစ်ဆင်လျက်ရှိသည်။

ထို့ပြင် ရှေ့တန်းအမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မှလည်း အမှတ်(၇၇၁)နည်းဗျူဟာကွပ်ကဲမှုအောက်တွင် အမှတ်(၆)ခြေလျင်တပ်ရင်း၊ အမှတ်(၁)ရှမ်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၀၁)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၅)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၇)ခြေမြန်တပ်ရင်းများဖြင့် မိုင်းရူး၊ မော်ဖဒေသ၊ ပန်ခူး၊ ဟန်စု၊ ဆွတ်ဝိုး၊ လွယ်ပါ၊ ရောင်ဟစ်ဒေသများတွင်လည်းကောင်း၊ အမှတ်(၇၇၂)နည်းဗျူဟာကွပ်ကဲမှုလက်အောက်၌ အမှတ်(၂)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၄)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၆)ခြေမြန်တပ်ရင်းများဖြင့် ကျေးသီး၊ မုံဆန်း၊ မိုင်းနှံး၊ ကျိုင်းလွန်း၊ ဝမ်ဆင်း၊ ကောင်းတလက်ဒေသများတွင်လည်းကောင်း၊ သောင်းကျန်းသူများကို ထိုးနှက်လျက်ရှိသည်။

တစ်ဖန် မင်းရန်အောင်အဆင့်(၂)စစ်ဆင်ရေးကိုလည်း ၁၉၈၂ခုနှစ်၊ ဖေဖော်ဝါရီလ(၁၇)ရက်နေ့က စတင်ဆင်နွှဲလျက်ရှိရာ အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်၏ တိုက်ရိုက်ကွပ်ကဲမှုဖြင့် အမှတ်(၁)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁)ကယားသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၄)ခြေလျင်တပ်ရင်းများဖြင့် ကျိုင်းတုံနယ်မြေတွင်လည်းကောင်း၊ အမှတ်(၈၈၂)နည်းဗျူဟာကွပ်ကဲမှုဖြင့် အမှတ်(၆)သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၅)ခြေလျင်တပ်ရင်း၊ အမှတ်(၈၀)ခြေလျင်တပ်ရင်းများဖြင့် မိုင်းခတ်၊ ပန်မကောက်၊ ရောင်ခေါက်၊ မိုင်းနံး၊ ကြက်ဥတောင်၊ လွယ်ဟုတ်၊ လွယ်မီး၊ ဝမ်တာပုံတို့တွင်လည်းကောင်း၊ အမှတ်(၈၈၃)နည်းဗျူဟာကွပ်ကဲမှုဖြင့် အမှတ်(၁၀၈)ခြေမြန်တပ်ရင်း၊ အမှတ်(၁)သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၇၅)ခြေလျင်တပ်ရင်း တို့က မိုင်းယောင်း၊ ကောဟိုလွယ်၊ မိုင်းယု၊ ဖျာကျင်း၊ ဝမ်ဟိုရမ်ဒေသများတွင်လည်းကောင်း၊ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်မှအမှတ်(၆၆၃)နည်းဗျူဟာကွပ်ကဲမှုဖြင့်အမှတ်(၇၇)ခြေလျင်တပ်ရင်း၊ အမှတ်(၅)ကချင်သေနတ်ကိုင်တပ်ရင်းများက မိုင်းဖြတ်၊ ပါလျှိုး၊ ကျိုင်းလတ်၊ မိုင်းတင်း၊ လမ်းဆတ်၊ မိုင်းဖုံးဒေသများတွင်လည်းကောင်းစစ်ဆင်ရေးဝင်ခဲ့သည်။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၁)စစ်ဗျူဟာ

အဖွဲ့ကွပ်ကဲမှုဖြင့် အမှတ်(၄)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄၃)ခြေလျင်တပ်ရင်း၊ အမှတ်(၄၉) ခြေလျင်တပ်ရင်း၊ အမှတ်(၆၅)ခြေလျင်တပ်ရင်းများက ကျိုင်းတုံ၊ ဝမ်တာပင်း၊ တုံတာ၊ မိုင်းပုအွန်၊ မိုင်းနင်း၊ တာကော်၊ ကုန်းဆာ၊ မိုင်းပုကြီး၊ မိုင်းဟန်၊ ပုံပါကျင်ဒေသများ နှင့် အမှတ်(၆၆၁) နည်းဗျူဟာကွပ်ကဲမှုဖြင့် အမှတ်(၇၆)ခြေလျင်တပ်ရင်း၊ အမှတ်(၇၉)ခြေလျင်တပ်ရင်းများကမော်ဖ ဒေသတွင် သောင်းကျန်းသူများကို ချေမှုန်းခဲ့သည်။ ယင်းစစ်ဆင်ရေးများတွင်တပ်မတော်မှ(၃၈၇)ဦး ကျဆုံး၍၊ (၉၅၈)ဦးဒဏ်ရာရရှိကာ သောင်းကျန်းသူများဘက်မှ(၈၅၈)ဦးကျပြီး၊(၂၄၃)ဦးလက်ရ ဖမ်းမိ ကာ(၅၂၂)ဦး လက်နက်ချခဲ့သည်။[၁]

၁၉၈၂ခုနှစ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများ နှင့် တပ်မတော်၏စစ်ဆင်ရေး

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် အဓိကသောင်းကျန်းသူအင်အားစု ဖြစ်သော ကေအင်ယူဗဟိုဌာနချုပ်သည် ထီးဝါလူး၊ တပ်မ(၁)ဌာနချုပ်သည် မဲသဝေါဒေသများ၌ အခြေပြုလျက် ရှိပြီး ၁၉၈၂ ခုနှစ်၊ မတ်လ(၁၀)ရက်နေ့တွင် တပ်ရင်း(၁၀၁)၏ဝါးခစခန်းသစ်၌ ကရင်၊ ကယား၊ ကချင်၊ ပအိုဝ်၊ ရှမ်းနှင့်လားဟူသောင်းကျန်းသူများ အစည်းအဝေးပြုလုပ်ရာ ထိုအစည်းအဝေးသို့ နိုင်ငံခြားသတင်းထောက်(၁၈)ဦးတက်ရောက်ခဲ့ပြီး၊ ယင်းအစည်းအဝေးမှ (၆)ပါတီတပ်ပေါင်းစု အမျိုးသားဒီမိုကရေစီတပ်ဦး(မဒတ)ကို ဖွဲ့စည်း၍ ဗိုလ်မြအားဥက္ကဋ္ဌတင်မြှောက်သည်။[၂] ကရင် သောင်းကျန်းသူဗဟိုနာယကမန်းဘဇံသည်၁၉၈၂ခုနှစ်၊ မေလ(၃၁)ရက်နေ့တွင်ဖလူးစခန်း၌ သွေးအန် ရောဂါဖြင့်သေဆုံး၍ ဇွန်လ(၂)ရက်နေ့တွင် ကရင်သောင်းကျန်းသူဗဟိုဌာနချုပ်၌ သင်္ကြိုဟ်ခဲ့သည်။ ဇွန်လ(၁၈)ရက်နေ့တွင်လည်း ဗဟိုကော်မတီဝင် ညောင်လေးပင်ခရိုင်ဥက္ကဋ္ဌ ဖဒိုကလိုပါ(ခေါ်) ဦးထွန်းဖေသည် ဝါးခစခန်းသစ်၌ ကွယ်လွန်သည်။[၃] ၁၉၈၂ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဗိုလ်မြ သည် ကော့ကရိတ်မြောက် ခြမ်း၊ ကမော့လယ်၊ ဝါးခ၊ ဖလူး၊ ဘုရားသုံးဆူတို့မှ သံဃာတော်များ အား

---

၁ (က) အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း
(ခ) ကက(ကြည်း) စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၂ မှ ၃၀-၄-၈၂တွင်းအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက်- ၈၂ ၁၆၅၊ ၁၇၀- ၁၇၁၊ ၁၇၆-၁၇၇
(ဂ) ကက(ကြည်း) စစ်ဆင်ရေးဌာနစု၏ ၁-၅-၈၂ မှ ၃၁-၈-၈၂တွင်းအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက်- ၈၄-၈၅၊ ၁၆၁၊၁၇၄-၁၇၅၊ ၁၈၅
(ဃ) ကက(ကြည်း) စစ်ဆင်ရေးဌာနစု၏ ၁-၉-၈၂ မှ ၃၁-၁၂-၈၂တွင်းအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက်- ၈၄၊ ၁၇၅၊ ၁၈၄-၁၈၅၊ ၁၉၂
၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၂ မှ ၃၀-၄-၈၂တွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေး သုံးသပ်ချက် မျက်- ၉၃
၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၅-၈၂မှ၃၁-၈-၈၂အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေး သုံးသပ်ချက် မျက်- ၉၂

မဲသဝေါသို့ပင့်ဖိတ်၍ ဆွမ်းကပ်လှူပြီး ဒီဇင်ဘာလ(၁၃)ရက်နေ့အထိ သံဃာ့အစည်းအဝေးတစ်ရပ် ပြုလုပ်သည်။ ဝါးခစခန်းသစ်၌ တပ်ရင်း(၁၀၁)တပ်ရင်းမှူးထောလှ၊ ဒုတိယတပ်ရင်းမှူး သန်းမောင်တို့က နယ်စပ်ဒေသရှိရခိုင်မူဆလင်များ၊ မြန်မာမူဆလင်များ၊ ပြည်ပြေးအဖွဲ့မှလက်ကျန် မူဆလင်များ စသည့်တို့ကို စုစည်းလျက် အင်အား ၂၀၀ ခန့်အား စက်တင်ဘာလမှစ၍ သင်တန်းပေးပြီး ကရင်သောင်းကျန်းသူများနှင့် ပူးပေါင်းတိုက်ပွဲဝင်စေရန် စီစဉ်သည်။ ၁၉၈၂ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် မဲပုလဲ၊ ထီးချယားတို့၌ အမှတ်(၄)ခြေမြန်တပ်ရင်းနှင့် ဖြစ်ပွားသောတိုက်ပွဲတွင် ကေအင်ယူတပ်မဟာ(၆)၊ တပ်ရင်း(၁၀၁)မှ အင်အားစုများနှင့်အတူ မူဆလင်လွတ်မြောက်ရေးတပ်ဦးမှ အီဗရာဟင်ဦးစီးသောအင်အား(၈၀)ခန့်ပါဝင်ခဲ့သည်။[၁] ကေအင်ယူတပ်မဟာ(၁)သည် ပျဉ်းမပင်ဆိပ်၊ ကျသောင်းဆိပ်၊ မြောက်ဘက်နယ်မြေတွင် လှည့်လည်လှုပ်ရှား၍ တပ်မဟာ(၁)မှ အင်အား(၁၀၀)ခန့်သည် နိုဖဒိုရွာကိုဝင်ရောက်ပစ်ခတ်ပြီး တံတားဦးမှ စစ်ကူလာသည့် အမှတ်(၂၄)ခြေလျင်တပ်ရင်းမှတပ်စုတစ်စုကို လမ်းမှဖြတ်တောက် တိုက်ခိုက်သည်။ တပ်ရင်း(၂)တပ်ရင်းမှူးဦးစီးသောအဖွဲ့နှင့် တပ်ရင်း(၂၀)မှပူးပေါင်းအင်အား(၂၀၀) ခန့်သည်၁၉၈၂ခုနှစ်၊ မတ်လအတွင်းနိတာကော၊ ဖားဆောင်း၊ မဲသန၊ ဖလန်တောင်၊ ထီးဖိုးနဲကြိုးဝိုင်း၊ ကျံစိန်ကြိုးဝိုင်း၊ တဂေးလောင်ချောင်းဖျားတို့တွင် လှုပ်ရှားပြီး မတ်လ(၁၂)ရက်နေ့တွင် အမှတ်(၁)ခြေမြန်တပ်ရင်းစစ်ကြောင်း နှင့် တွေ့ထိခဲ့သည်။ ကေအင်ယူတပ်မဟာ(၆)ဌာနချုပ်သည်ဖလူးစခန်း၌အခြေပြုကာတပ်ရင်း(၁၆)သည်ကော့ကရိတ်၊ကြာအင်းဆိပ်ကြီးနှင့်ရေးနယ်မြေတွင် လှုပ်ရှားသည်။ တပ်ရင်း(၁၀)နှင့်တပ်ရင်း(၁၉)မှ တပ်ခွဲ ၁ ခွဲ၊ တပ်ရင်း(၁၀၁)မှ တပ်ခွဲ ၁ ခွဲတို့သည် မြိတ်၊ ထားဝယ်နယ်မြေတွင်လှုပ်ရှားနေသည့် တပ်မဟာ(၇)သည် မဲလတွင် ဆက်လက်အခြေပြုကာ ကေအင်ယူစစ်ကြောင်း(၁)သည် မဲစမိတ်၊ ထိန်ကလိန်၊ နတ်စင်ချောင်း၊ တောင်စွန်း၊ ရင်းဘိုင်ဒေသများတွင်လည်းကောင်း၊ စစ်ကြောင်း(၂)သည် ကာအင်း၊ ဝမ်လောင်ထွေတို့တွင်လည်းကောင်းလှုပ်ရှားပြီး၊ နောက်ပိုင်းစစ်ကြောင်း(၁)နှင့်ပူးပေါင်းသည်။ စစ်ကြောင်း(၄)နှင့်(၅)သည် မဲပလီ၊ ပျဉ်းမပင်၊ ဒေါ်မွဲဒေသတွင်လှုပ်ရှားသည်။[၂] မွန်ပြည်သစ်ပါတီမှ နိုင်ဆိတ်နို့အုပ်စုသည် ဝါရီယူတွင်လည်းကောင်း၊ နိုင်ရွှေကျင်အုပ်စုသည်တစ်ဖက်နိုင်ငံ ဝင်းကတွင်လည်းကောင်း ရှိသည်။ တနင်္သာရီစစ်ဒေသဗကပအဖွဲ့သည် ကော့မပြင်၊ မြောက်ခြမ်းဆရဝါချောင်းဖျား၌ပုန်းအောင်း နေကြ၍ ၁၉၈၂ခုနှစ်၊ ဇန္နဝါရီလ၁၇ရက်နေ့တွင် ဗကပအင်အား(၃၀) နှင့် ကေအင်ယူတပ်ရင်း(၁၀)မှ အင်အားစုများသည် သရက်ချောင်းမြို့နယ်၊ ဝင်းဝစခန်းကို တိုက်ခိုက်ခဲ့သည်။ နိုဝင်ဘာ(၂၀)ရက်နေ့တွင် တပ်မတော်စစ်ကြောင်းတစ်ကြောင်းမှ တပ်စိတ် ၄စိတ်သည် ဗကပယူစိန်စခန်းကို ဝင်ရောက်ရှင်းလင်းရာ ယူစိန်၏ဇနီးသားသမီး ၃ ဦးအားအသေမိ၍ အမျိုးသမီး ၃ ဦးနှင့် ကလေး၂ဦးတို့အား

---

၁ ကက(ကြည်း) စစ်ဆင်ရေးဌာနစု၏ ၁-၉-၈၂ မှ ၃၁-၁၂-၈၂အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက်- ၈၉-၉၀

၂ ကက(ကြည်း) စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၂ မှ ၃၀-၄-၈၂အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက်- ၉၄-၁၀၂

လက်နက်ဝှေလက်နှင့်ဖမ်းဆီးရမိသည်။ [၁]

အရှေ့တောင်တိုင်းစစ်ဌာနချုပ်သည် ဇွဲအောင်နှင့် တိုက်ဇွဲဟုန်စစ်ဆင်ရေးများကို ဆက်လက်ဆင်နွှဲရာအမှတ်(၁)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၂)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၉)ခြေလျင်တပ်ရင်း၊ အမှတ်(၂၈)ခြေလျင်တပ်ရင်း၊ အမှတ်(၉၇)ခြေလျင်တပ်ရင်းများဖြင့် ဖါပွန်၊ ဘီးလင်း၊ သထုံ၊ ဘားအံမြို့နယ်အနောက်ခြမ်းတို့တွင်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၂၄)ခြေလျင်တပ်ရင်း၊ အမှတ်(၃၁)ခြေလျင်တပ်ရင်း၊ အမှတ်(၃၂)ခြေလျင်တပ်ရင်း၊ အမှတ် (၆၂)ခြေလျင်တပ်ရင်း၊ အမှတ်(၉၆)ခြေလျင်တပ်ရင်းများဖြင့် ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ပေါင်၊ ဘားအံဒေသတွင်လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၁၇)ခြေလျင်တပ်ရင်း၊ အမှတ်(၂၅)ခြေလျင်တပ်ရင်း၊ အမှတ်(၆၁)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၁)ခြေလျင်တပ်ရင်း၊ သတ္တုတိုးချဲ့ခွဲ(၅)ခွဲ၊ တိုင်းအရန်ကွန်မန်ဒိုတပ်ခွဲ(၄)ခွဲတို့ဖြင့် ရေဖြူ ထားဝယ်၊ လောင်းလုံ၊ သရက်ချောင်း၊ ပုလော၊ မြိတ်၊ တနင်္သာရီ၊ ဘုတ်ပြင်း၊ ကော့သောင်းတို့တွင်လည်းကောင်း စစ်ဆင်ရေးဝင်ခဲ့ကြပြီး အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်သည်လည်း အမှတ်(၄၄၁)နှင့်(၄၄၂)နည်းဗျူဟာများဖြင့်လက်အောက်ခံတပ်များအနက်တပ်ရင်း(၈)ရင်းကို ကွပ်ကဲကာ ဖါပွန်၊ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်၊ ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ မြဝတီနယ်မြေများတွင် သောင်းကျန်းသူများကို ချေမှုန်းခဲ့သည်။ ယင်းစစ်ဆင်ရေးများတွင်တပ်မတော်မှ(၂၀၆)ဦးကျဆုံး၍၊ (၆၉၈)ဦးဒဏ်ရာရခဲ့ပြီးသောင်းကျန်းသူများဘက်မှ(၂၉၂)ဦးကျ၍(၁၄၈)ဦးလက်ရဖမ်းမိကာ(၆၄)ဦး လက်နက်ချသည်။ [၂]

၁၉၈၂ခုနှစ်အတွင်း ရန်ကုန်တိုင်း၊ အနောက်တောင်တိုင်း၊ အနောက်ပိုင်းတိုင်း၊ အနောက်မြောက်တိုင်း နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေများအတွင်း သောင်းကျန်းသူများ နှင့်စစ်ဆင်ရေးများ

ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေ၌ အောင်မိုးစစ်ဆင်ရေးကို ဆင်နွှဲနေစဉ် ၁၉၈၂ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့ ည ၉ နာရီခွဲတွင် ကေအင်ယူတပ်မဟာ(၇)၊ တပ်ရင်း၂၀မှ ဗိုလ်မှူးသောသီ(ခေါ်)မန်းငွေအောင်ဦးစီးသည့် သောင်းကျန်းသူ ၅ ဦးသည် အင်းစိန်ကားဂိတ်မှ လုယူ

---

[၁] ကက(ကြည်း) စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၂ မှ ၃၀-၄-၈၂အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မှတ်- ၁၀၃-၁-၄၊၁၀၇

[၂] (က) အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

(ခ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၂မှ ၃၀-၄-၈၂အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မှတ်-၁၀၄-၁၁၈၊၁၅၈

(ဂ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၅-၈၂မှ ၃၁-၈-၈၂အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မှတ်-၁၀၄-၁၁၈၊၁၅၀

(ဃ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၉-၈၂မှ၃၁-၁၂-၈၂အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မှတ်- ၁၀၈-၁၂၂၊၁၆၃

လာသောမော်တော်ယာဉ်တစ်စီးဖြင့် ပြည်လမ်းအသံလွှင့်ရုံနှင့် ကမာရွတ်ပြည်သူ့ရဲစခန်းသို့လာရောက်ပြီး အမ်-၇၂လောင်ချာ၊ အမ်-၇၉လောင်ချာ၊ အေကေ-၄၇မောင်းပြန်သေနတ်များဖြင့် ပစ်ခတ်ထွက်ပြေးကြသည်။ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ စစ်ဦးစီးမှူး(ပထမတန်း)၊ အမှီုးသားထောက်လှမ်းရေးအဖွဲ့နှင့် ပြည်သူ့ရဲတို့မှ ပူးပေါင်းပါတ်ဆီ့ရေးအဖွဲ့သည် ရှာဖွေစုံစမ်းခဲ့ကြရာ ထိုနေ့ည(၁၀)နာရီခန့်တွင် သောင်းကျန်းသူတို့စီးနင်းသော မော်တော်ယာဉ်ကို ပညာရေးတက္ကသိုလ်နဝဒေးဆောင်အနီး၌ တွေ့ရှိ၍ ပတ်ဝန်းကျင်အားဆက်လက်ရှာဖွေရာ ကေအင်ယူ ၂ ဦးနှင့် တွေ့ဆုံပစ်ခတ်ကြပြီး ကေအင်ယူတပ်ကြပ်ကြီးရစ်ချတ်နှင့် ဒုတပ်ကြပ်ခင်မောင်(ခေါ်) ရက်ကီတို့ကိုလက်နက်များနှင့် ဖမ်းဆီးရမိသည်။ ထို ၂ ဦး၏ အစစ်ခံချက်အရ မန်းငွေအောင်နှင့်အဖွဲ့သည် အင်းယားလမ်းရှိ ပြင်သစ်သံရုံးမှ ကူးသန်းရောင်းဝယ်ရေးဒုတိယသံမှူး မစွတာပက်ထရစ်မစ်ဂျယ်မင်နွန်၏ ခြံဝင်းအတွင်း နေ့ည်စောင့်အလုပ်သမားစောတူးမူဦး၏ နေအိမ်နှင့် ပြည်လမ်းရှိ ဘစ်ရှော့ပ်ဟုမ်းတို့တွင် ပုန်းအောင်းလျက်ရှိကြောင်းသိရ၍ ဆက်လက်ရှာဖွေရာ စက်တင်ဘာလ ၂၉ရက်နေ့နံနက်၅နာရီခန့်တွင် ခင်မောင်လင်း(ခေါ်)တူးကီကို ဘစ်ရှော့ပ်ဟုမ်း၌ လက်နက်မဲ့ဖမ်းဆီးရမိပြီး တစ်ချိန်တည်းမှာပင် ပြင်သစ်သံရုံးမှ ကူးသန်းရောင်းဝယ်ရေးဒုတိယသံမှူး၏နေအိမ်ခြံဝင်းအတွင်း၌ ဝိုလ်မှူးသောသီ(ခေါ်)မန်းငွေအောင်နှင့် တပ်ကြပ်ကြီးမျိုးမြင့်တို့ ဦးနှင့် အနီးကပ်တွေ့ဆုံပစ်ခတ်မှုဖြစ်ပွားပြီး ယင်းတို့ ဦးအား လက်နက်ခဲယမ်းများ၊ ချိန်ကိုက်မိုင်းများနှင့်အတူအသေဖမ်းဆီးမိသည်။ တပ်မတော်မှစစ်သည်တစ်ဦးကျဆုံး၍ ပြည်သူ့ရဲတပ်ဖွဲ့ဝင်(၁၀)ဦးနှင့် လုပ်သားပြည်သူ(၈)ဦးဒဏ်ရာရရှိခဲ့ရာ ရဲတပ်ဖွဲ့ဝင်(၂)ဦးထပ်မံသေဆုံးခဲ့သည်။ ကေအင်ယူဝိုလ်မှူးသောသီ(ခေါ်) မန်းငွေအောင်သည် ၁၉၇၇ ခုနှစ်တွင် နိုင်ငံတော်ခေါင်းဆောင်ကြီးများအား လုပ်ကြံရန်ကြံစည်မှုဖြင့်သေဒဏ်အပြစ်ပေးခံရပြီး၊ နိုင်ငံတော်ကောင်စီ၏ လွှတ်ငြိမ်းချမ်းသာခွင့်အမိန့် ၂/၈၀အရ လွှတ်မြောက်လာသူဖြစ်သည်။ သမဝါယမငွေအလွဲသုံးစားမှုဖြင့် ပြည်သူ့ရဲမှအမှုဖွင့်ထားစဉ် ကရင်သောင်းကျန်းသူများထံသို့ ထွက်ပြေးတောခိုသွားခြင်းဖြစ်သည်။[၁] အနောက်တောင်တိုင်းစစ်ဌာနချုပ်မှလည်း နယ်မြေစိုးမိုးရေး၊ ဒေသန္တရစစ်ဆင်ရေးများလုပ်ဆောင်လျက်ရှိရာ ကေအင်ယူအန္တယ်များဖမ်းဆီးရမိခြင်းများရှိခဲ့သည်။[၂]

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ သောင်းကျန်းသူများသည် တစ်ဖက်နိုင်ငံတွင် ခိုအောင်းနေရာ နယ်စပ်ကျေးရွာများက တစ်ဖက်နိုင်ငံအစိုးရသို့တိုင်ကြားခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးဆောင်ရွက်ထားခြင်းတို့ကြောင့် ထိုနိုင်ငံအစိုးရက ၎င်းတို့နိုင်ငံအတွင်းမှ ထွက်ခွာလိုက ထွက်ခွာ သို့မဟုတ်၊ လက်နက်ချရန်အကြောင်းကြားသည်။ သို့ဖြစ်၍ ပကပရခိုင်နယ်တပ်ရင်း(၁)မှ

---

၁ (က) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၈၂ မှ ၃၁-၁၂-၈၂ အတွင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက်- ၁၃၂

(ခ) ကြေးမုံ (၃၀-၉-၈၂)

၂ ကက(ကြည်း) စစ်ဆင်ရေးဌာနစု၏ ၁-၉-၈၂ မှ ၃၁-၁၂-၈၂အတွင်း အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက်- ၁၃၄-၁၃၇

တပ်ခွဲ(၂)ခွဲ အင်အား(၆၀)ကျော်ခန့်သည် ၁၉၈၂ခုနှစ်၊ မေလ နောက်ဆုံးပတ်တွင် ရေကိုင်မှ အင်းသုံးဆယ်ဘက်သို့ ရွှေ့ပြောင်းသည်။[၁] ရခိုင်ပြည်နယ်ဌာနချုပ်သည် အင်အား(၁၁၄)ဦးဖြင့် လည်းကောင်း၊ရခိုင်ပြည်နယ်တိုက်ခိုက်ရေးတပ်သည်အင်အား(၁၀၇)ဦးဖြင့်လည်းကောင်းဘူးသီးတောင်သို့ရောက်နေကြပြီး စစ်တွေခရိုင်ခွဲအဖွဲ့သည်အင်အား(၁၄)ဦးဖြင့် မင်းပြား၊ စစ်တွေခရိုင်မြို့နယ်အဖွဲ့များ မှ အင်အား(၁၇၆)ဦးသည် ပလက်ဝ၊ မြောက်ဦး ၊ ကျောက်တော်၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်းနှင့် တစ်ဖက်နိုင်ငံများတွင် ဖြန့်ခွဲရှိနေကြပြီး လက်နက်ချသူများလည်းရှိလာသည်။ အေအိုင်အေနှင့် ရမလပပူးပေါင်းအဖွဲ့သည်အင်အား(၆၄)ဦးဖြင့်ပလက်ဝ၊ ကျောက်တော်၊ အလံနီချင်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့သည် အင်အား(၁၁)ဦးဖြင့်၊ မင်းပြား၊ ပလက်ဝ၊ အလံနီမောင်ဟန်အဖွဲ့သည် အင်အား(၅၆)ဦး၊ အလံနီဗဟိုလက်ကျန်သော်တာအဖွဲ့သည် အင်အား(၁၂)ဦးဖြင့် တစ်ဖက်နိုင်ငံနယ်စပ်တို့တွင် ရှိနေကြသည်။[၂] အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်သည် ခည၀တီစစ်ဆင်ရေးအဆင့်(၃)ကို စစ်ဌာနချုပ်ကွပ်ကဲမှု၊ အမှတ်(၁)နှင့် (၂)စစ်ဗျူဟာကွပ်ကဲမှုအဖွဲ့များဖြင့် ဆင်နွှဲခဲ့ရာ တပ်မတော်မှ (၄)ဦးကျဆုံးပြီး၊ (၈)ဦးဒဏ်ရာရရှိကာ သောင်းကျန်းသူအဖွဲ့မှ (၄)ဦးကျပြီး၊ (၄)ဦး လက်ရဖမ်းမိလျက်(၇၂)ဦးလက်နက်ချခဲ့သည်။[၃]

အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေတွင်လည်း ဒေသခံသောင်းကျန်းသူများ မရှိဘဲ အခြားတိုင်းစစ်ဌာနချုပ်နယ်မြေများမှ သောင်းကျန်းသူများက ဝင်ရောက်ဆက်ကြေးကောက်ခြင်းတွေ့ရလေ့ရှိသည်။ ဗကပတပ်ရင်း(၂၀၂) သည်အရှေ့မြောက်တိုင်းနယ်မြေတွင်လှုပ်ရှားပြီး၊ ရံဖန်ရံခါမှ အနောက်မြောက်တိုင်းနယ်မြေသို့ ဝင်ရောက်ရာ ဤသို့မြစ်ဆုံနယ်မြေသို့ လေ့လာရန်ဝင်ရောက်လာသော ဗကပတပ်သား၂ဦးကို ၁၉၈၂ခုနှစ်၊ မေလ၂၄ရက်နေ့တွင် မြစ်ဆုံရွာ၌ အမှတ်(၄၂)ခြေလျင်တပ်ရင်းမှ ဖမ်းဆီးရမိခဲ့သည်။ တပ်ရင်း(၂၀၂)မှဗကပအဖွဲ့များသည် မိုးမိတ်အရှေ့ခြမ်း၊ မန်တုံ၊ မန်နား၊ ခိုမုံးဒေသရှိကျေးရွာမှ လူငယ်များကို ဗကပသို့ဝင်ရောက်ရန် စည်းရုံးလျက်ရှိသည်။ အက်စ်အက်စ်အေရှမ်းသောင်းကျန်းသူတပ်ရင်း(၂၀၂၄)မှ အင်အား(၁၅)ဦးခန့်သည် အနောက်မြောက်တိုင်းနယ်မြေအတွင်းသို့ ဆက်ကြေးကောက်ခံရန် ဝင်ရောက်လာစဉ် အမှတ်(၅၀)ခြေလျင်တပ်ရင်း၊ ကြပ်ပြင်စခန်းမှ တပ်စိတ်၁စိတ်နှင့် ၁၉၈၂ခုနှစ်၊ ဇန္နဝါရီလ၂ရက်နေ့တွင် တွေ့ဆုံ၍ပစ်ခတ်ကြရာ ဗကပ(၆)ဦးကိုတူးမီးသေနတ်(၄)လက်နှင့်အသေရမိသည်။ ကယန်းပြည်သစ်ပါတီမှ ရွှေအေးဦးစီးသော အင်အား(၁၀၀)ခန့်သည် သစ်ကြိတ်၊ လတိန်၊ လအိနယ်မြေတွင်ရှိပြီး အိုက်ကဖြူဦးစီးသော အင်အား(၄၀)ခန့်သည် အနောက်မြောက်တိုင်း နှင့်အလယ်ပိုင်းတိုင်းဆက်စပ်နယ်မြေ ကိုးဒစ်အထက်၊

---

၁ ကက(ကြည်း) စစ်ဆင်ရေးဌာနစု၏ ၁-၅-၈၂ မှ ၃၁-၈-၈၂အတွင်းအနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက်- ၁၂၇

၂ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၃ ကက(ကြည်း) စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၂ မှ ၃၁-၁၂-၈၂အတွင်းအနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက်- ၁၃၃၊၁၃၀၊၁၄၀

အလယ်ချောင်း၊ ကင်းလိုက်၊ သာအောက်၊ မောင်ပုလောနှင့် ကျေးကတောဒေသတွင်ရှိနေကြသည်။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နဂါးပျံစစ်ဆင်ရေးကို တိုင်းတိုက်ရိုက်ကွပ်ကဲမှု၊ အမှတ်(၁) စစ်ဗျူဟာကွပ်ကဲမှု၊ အမှတ်(၂)စစ်ဗျူဟာကွပ်ကဲမှုများဖြင့် ချင်းပြည်နယ်မြောက်ခြမ်း၊ စစ်ကိုင်းတိုင်း မြောက်ခြမ်း၊ ထီးချိုင့်၊ မဘိန်းနယ်မြေ၊ မိုးကုတ်၊ မိုင်းလုံ နယ်မြေ၊ စေတုတ္တရာ၊ ငဖဲအနောက်ခြမ်း ကုန်းသာ၊ ရဲရမန်းနယ်မြေ၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနားနယ်မြေများတွင် ဆင်နွှဲခဲ့ရာ တပ်မတော်မှ(၂)ဦးကျဆုံး၍ (၉)ဦးဒဏ်ရာရပြီး သောင်းကျန်းသူများဘက်မှ (၁၃)ဦးကျ၍ (၈)ဦးဖမ်းမိကာ(၁၀)ဦး လက်နက်ချသည်။[၁]

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်ယူတပ်မဟာ(၂)နှင့် တပ်မဟာ(၃)တို့သည်လှုပ်ရှားလျက်ရှိရာ တပ်မဟာ(၂)ဌာနချုပ်သအဲခီးအနီးစခန်းကို တပ်မတော်အမှတ်(၃၉)ခြေလျင်တပ်ရင်းစစ်ကြောင်းက ၁၉၈၁ခုနှစ်၊ ဒီဇင်ဘာလတွင်ဝင်ရောက်တိုက်ခိုက်ပြီးသောအခါ[၂] တပ်မဟာ(၂)ဌာနချုပ်သည် စီကဲဒိုးတွင် ခိုအောင်းပြီး ဒုတိယတပ်မဟာမှူး အားစိန့်ဒ် အင်အား(၈၀)ခန့်သည် ခိုးလူဒေသ၌ လှုပ်ရှားလျက်ရှိသည်။[၃] ကေအင်ယူ တပ်မဟာ(၃)ဌာနချုပ်နှင့် လက်အောက်ခံတပ်များကို ခေတ္တတပ်မဟာမှူးရှားမင်းကဦးစီး၍ စစ်တောင်းမြစ်အရှေ့ဘက်ကမ်း ကျောက်ကြီး၊ ရွှေကျင်အရှေ့ခြမ်းနှင့် အလယ်ပိုင်းတိုင်း၊ အရှေ့တောင် တိုင်း ဆက်စပ်နယ်မြေလိပ်ကော်ဒို၊ မဲဝိုင်း၊ ဝင်းမောင်းဒေသတွင် အခြေခံခိုအောင်းလျက်ရှိသည်။ ကယန်းပြည်သစ်ပါတီသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၌ အခြေခံခိုအောင်းပြီး သန်းချ၊ အိုက်ကဖြူဦးစီးသော အင်အားစုများသည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ မောင်ကျော်၊ မောင်ပုလောဒေသများသို့ အဖွဲ့ငယ်များဖြင့် ဝင်ရောက်လှုပ်ရှားလေ့ရှိရာ ၁၉၈၂ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် အမှတ်(၅၉)ခြေလျင်တပ်ရင်းမှ တပ်စိတ်၁စိတ်နှင့် အိုက်ကဖြူဦးစီးသော အင်အား(၁၅)ဦးခန့်တို့ထိတွေ့တိုက်ခိုက်ရာ ကယန်းပြည်သစ်ပါတီအတွင်းရေးမှူးအိုက်ကဖြူကိုအသေရမိခဲ့သည်။[၄] အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သည် အောင်စိုးမိုးစစ်ဆင်ရေး အဆင့် ၂၂၊ ၂၃၊ ၂၄ နှင့်ရွှေအေးဖြို့ အဆင့် ၂၊ ၃၊ ၄ တို့ကိုဆက်လက်ဆင်နွှဲခဲ့ရာ တိုင်းတိုက်ရိုက်ကွပ်ကဲမှုဖြင့် အမှတ်(၂၆)ခြေလျင်တပ်ရင်း၊ အမှတ်(၃၀)ခြေလျင်တပ်ရင်း၊ အမှတ်(၃၅)ခြေလျင်တပ်ရင်း၊ အမှတ်(၃၉)ခြေလျင်တပ်ရင်း၊ အမှတ်(၄၈)ခြေလျင်တပ်ရင်း၊ အမှတ်(၅၃)ခြေလျင်တပ်ရင်း၊ အမှတ်(၅၇)ခြေလျင်တပ်ရင်း၊ အမှတ်(၅၉)ခြေလျင်တပ်ရင်း၊ အမှတ်(၆၀)ခြေလျင်တပ်ရင်း

---

၁ ကက(ကြည်း) စစ်ဆင်ရေးဌာနစုံ၏ ၁-၁-၈၂ မှ ၃၁-၁၂-၈၂အတွင်းအနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက်- ၁၃၇-၁၄၂၊၁၃၃-၁၃၆၊၁၄၃-၁၄၆

၂ ကက(ကြည်း) စစ်ဆင်ရေးဌာနစုံ၏ ၁-၁-၈၂ မှ ၃၁-၁၂-၈၂အတွင်းအနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက်- ၁၄၆

၃ ကက(ကြည်း) စစ်ဆင်ရေးဌာနစုံ၏ ၁-၅-၈၂ မှ ၃၁-၁၂-၈၂အတွင်းအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက်- ၁၄၀

၄ ကက(ကြည်း) စစ်ဆင်ရေးဌာနစုံ၏ ၁-၅-၈၂ မှ ၃၁-၈-၈၂အတွင်းအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက်- ၁၄၂

များကလည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၇၁)ခြေလျင်တပ်ရင်းမှ တပ်ခွဲ ၁ခွဲ ကလည်းကောင်း တိုက်ခိုက်ခဲ့သည်။ ဤစစ်ဆင်ရေးများ တွင်တပ်မတော်မှ (၃၁)ဦးကျဆုံး၍(၁၃၁)ဦး ဒဏ်ရာရကာ၊ သောင်းကျန်းသူဘက်မှ (၇၉)ဦးကျ၍(၃၄)ဦး ဖမ်းမိကာ(၂၂)ဦးလက်နက်ချသည်။[၁]

၁၉၈၃ခုနှစ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းသောင်းကျန်းသူများ နှင့် တပ်မတော်စစ်ဆင်ရေး

ဗကပတပ်ရင်း(၂)မှ အင်အား(၇၀)၊ တပ်ရင်း(၁)မှ အင်အား(၅၀)တို့ဖြင့် ဗကပတပ်ရင်း(၈၂) ကို ၁၉၈၂ ခုနှစ်၊ နိုဝင်ဘာလမှစ၍ ဖွင့်လှစ်ဖွဲ့စည်းပြီး၊ တပ်ရင်းမှူးအဖြစ် ထွန်းရှင်ခေါဘီ၊ ဒုတိယ တပ်ရင်းမှူးအဖြစ်ဇန်ကျန်းခွန်ဘောကိုတာဝန်ပေးကာလုတောင်၌လေ့ကျင့်ပေးသည်။[၂] နောက်ပိုင်းတွင် တပ်ရင်းမှူးသည် မဒိန်ခေါက်ဖြစ်လာပြီး ၁၉၈၃ ခုနှစ်၊ မတ်လဆန်း၌ ဗကပ (၁၀၂)စစ်ဒေသအဖြစ် ပြောင်းလဲဖွဲ့စည်းကာ ကေအိုင်အေဖားကန့်နယ်မြေသို့ လူသစ်စုဆောင်း နယ်မြေတိုးချဲ့ရန်ထွက်ခွာ သည်။[၃]

၁၉၈၃ ခုနှစ်၊ ဇွန်လ(၁၂)ရက်နေ့တွင် အမှတ်(၄၆)ခြေလျင်တပ်ရင်းဌာနချုပ်တပ်ခွဲမှ တပ်စု တစ်စုသည် ပြည်သူ့ရဲတပ်ဖွဲ့ဝင် ၂ဦးနှင့်အတူ တပ်ရင်းဌာနချုပ်မှထွက်ခွာပြီး၊ ဇွန်လ(၂၁)ရက်နေ့တွင် လက္ခာကျေးရွာမှ ပြည်သူ့စစ် ၁၀ ဦး ထပ်မံအားဖြည့်သည်။ စုစုပေါင်းအင်အား(၃၇)ယောက်ဖြင့် ကေအိုင်အေတပ်ရင်း(၇)မှ တပ်ရင်းမှူးတူးခွန်ဦးစီးသည့် အင်အား(၆၀)ခန့်ရှိသော တပ်ရင်း(၇) ဌာနချုပ်ထိန်နန်းစခန်းသို့ ချီတက်၍ဇွန်လ၃၀ရက်နေ့နံနက်၄နာရီအချိန်မှ စတင်ကာတိုက်ခိုက်ခဲ့သည်။ ကေအိုင်အေတို့သည် မိနစ်(၃၀)ခန့်သာခုခံနိုင်ပြီး ဆုတ်ခွာထွက်ပြေးရသည်။ ယင်းတိုက်ပွဲတွင်ရန်သူ အလောင်း(၁၅)လောင်းနှင့် ဘရောင်နိစက်လတ် ၁လက်အပါအဝင်လက်နက်မျိုးစုံ(၇)လက်၊ ကျည်မျိုး စုံ(၁၀၀၀၀)ခန့်၊ လက်လှည့်အားသွင်းစက်၁လုံး၊ ဖဝမမဗုံးသီး၄လုံး၊ ဌာနချုပ်အဆောက်အအုံ၊ ရိက္ခာ ဂိုဒေါင်(၂၂)လုံးနှင့် ဆေးပစ္စည်းများသိမ်းဆည်းရခဲ့သည်။

၁၉၈၃ခုနှစ်၊ ဩဂုတ်လ၁၀ရက်နေ့မှ ၁၅ရက်နေ့အတွင်းတွင် ရှီးဆွယ်စခန်းတိုက်ပွဲဖြစ်ပွား ခဲ့ပြန်သည်။ ထိုတိုက်ပွဲမှာ အမှတ်(၂၉)ခြေလျင်တပ်ရင်းစစ်ကြောင်း(၂) ဌာနချုပ်နှင့်တပ်စု(၅)စု ဆောလောပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များပါဝင်သောစစ်ကြောင်းသည် ကေအိုင်အေ

---

၁ (က) အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း
(ခ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၂ မှ ၃၁-၁၂-၈၂အတွင်းအလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၏စစ်ဆင်ရေး သုံးသပ်ချက် မျက်- ၁၅၀၊၁၄၁-၁၄၅၊၁၅၅-၁၅၆

၂ ကက(ကြည်း) စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၃ မှ ၃၀-၄-၈၃အတွင်းမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက်- ၁၁

၃ ကက(ကြည်း) စစ်ဆင်ရေးဌာနစု၏ ၁-၅-၈၃ မှ ၃၁-၈-၈၃အတွင်းမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက်- ၁၁

တပ်ရင်း(၁၀)မှတပ်ခွဲ ၂ခွဲမှူးလရောင်ဦးစီးလျက် အင်အား(၆၀)ခန့်အခြေပြုထားသောတပ်ရင်းဌာနချုပ် နောက်ချန်ရိက္ခာထုတ်လုပ်ရေးရှိုးဆွယ်စခန်းအား တိုက်ခိုက်ခြင်းဖြစ်သည်။ ယင်းတိုက်ပွဲတွင်လည်း ရန်သူတို့ဆုတ်ခွာထွက်ပြေး၍ အလောင်း(၂၃)လောင်း၊လက်နက်မျိုးစုံ(၂၃)လက်၊ ခဲယမ်းများ၊ မိုင်းများ၊ လက်နှိပ်စက်ဒလုံးနှင့် တဲ ၂၇လုံးတို့ကို တပ်မတော်က သိမ်းပိုက်ရရှိပြီး တပ်မတော်မှ စစ်သည်(၂)ဦး ကျဆုံးခဲ့သည်။[၁]

တပ်မတော်သည် ထိုနှစ်တွင်လည်း ဇွဲရဲမာန်စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲရာ တိုင်းစစ်ဌာနချုပ်တိုက်ရိုက်ကွပ်ကဲမှုဖြင့် အမှတ်(၁၅)ခြေလျင်တပ်ရင်း၊ အမှတ်(၃၇)ခြေလျင်တပ်ရင်း၊ အမှတ်(၃၈)ခြေလျင်တပ်ရင်း၊ အမှတ်(၄၀)ခြေလျင်တပ်ရင်း၊ အမှတ်(၄၆)ခြေလျင်တပ်ရင်း၊ အမှတ်(၅၆)ခြေလျင်တပ်ရင်း၊ အမှတ်(၈၆)ခြေလျင်တပ်ရင်းများသည် အင်ကျန်းယန်၊ မြစ်ကြီးနား၊ မချမ်းဘော၊ ပူတာအို၊ ခန္တီး၊ ဟုမ္မလင်း၊ တနိုင်း၊ ပန်ဆောက်ဒေသများတွင်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာကွပ်ကဲမှုဖြင့် အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄၇)ခြေလျင်တပ်ရင်း၊ အမှတ်(၅၆)ခြေလျင်တပ်ရင်း၊ အမှတ်(၇၄)ခြေလျင်တပ်ရင်းများက မြို့သစ်၊ ဗန်းမော်၊လွယ်ကူယ်၊ မန်စီ၊ တင်စိမ်းပါဒေသများတွင်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် အမှတ်(၂)ခြေလျင်တပ်ရင်း၊ အမှတ်(၂၉)ခြေလျင်တပ်ရင်း၊ အမှတ်(၅၈)ခြေလျင်တပ်ရင်းများသည် ခိုင်ဝွေ၊ ရှင်ငေါ်၊ ဆောလော၊ ဝိုင်းမော်၊ တာလောကြီးဒေသများတွင်လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အမှတ်(၂) စစ်ဗျူဟာအဖွဲ့၏ကွပ်ကဲမှုဖြင့် အမှတ်(၂)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၈)ခြေလျင်တပ်ရင်း၊ အမှတ်(၂၇)ခြေလျင်တပ်ရင်း၊ အမှတ်(၃၆)ခြေလျင်တပ်ရင်း၊ အမှတ်(၅၁)ခြေလျင်တပ်ရင်း၊ အမှတ်(၉၃)ခြေလျင်တပ်ရင်း၊ အမှတ်(၉၈)ခြေလျင်တပ်ရင်းများသည် လုံးတုံချောင်းဝ၊ မိုးညှင်း၊ နမ္မတီး၊ မိုးကောင်း၊ ဖားကန့်၊ မော်လူး၊ မန်စီဒေသများတွင်လည်းကောင်း တိုက်ခိုက်ချေမှုန်းခဲ့ကြသည်။ ယင်းစစ်ဆင်ရေးတွင် တပ်မတော်မှ (၁၆၉)ဦးကျဆုံး၍ (၄၁၅)ဦးဒဏ်ရာရရှိပြီးသောင်းကျန်းသူများဘက်မှ (၃၀၄)ဦးကျ၍(၁၂၉)ဦး လက်ရဖမ်းမိပြီး(၄၃၆)ဦးလက်နက်ချသည်။[၂]

၁၉၈၃ခုနှစ် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေရှိ ဗကပအရှေ့မြောက်စစ်ဒေသ နှင့် ကေအိုင်အေ တပ်မဟာ(၄)တို့သည် ယမန်နှစ်ကအတိုင်းပင်ရှိကြသည်။ ဗကပအချို့သည် ၁၉၈၃ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ဝန်တင်လားများ၊ မြင်းများ၊ နွားလှည်းများနှင့် အပေါ့စားထရပ်ကားဒီးတို့ဖြင့် မုံးကိုးမှ

---

၁ မြန်မာ့သမိုင်းအကျဉ်းနှင့်တပ်မတော်ကဏ္ဍ တတိယတွဲ မျက်- ၁၉၈-၁၉၉

၂ (က) မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

(ခ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၃ မှ ၃၀-၄-၈၃အတွင်းမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက်-၁၆-၂၈၊ ၁၃-၁၉၊ ၁၁-၂၀

ထွက်ခွာပြီး တစ်ဘက်နိုင်ငံအတွင်းဝင်ရောက်၍ မန်ဟရွာ၏မြောက်ဘက် ၂မိုင်ခန့်အကွာရှိ တပ်ကုန်လှောင်ရုံသို့သွားရောက်ပြီးအပေါ့စားမောင်းပြန်လက်နက်များ၊ မော်တာ ၈ လက်၊ လေယာဉ်ပစ်စက်သေနတ် ၄လက်၊ ပခုံးတင်ပစ်ရသော ဒုံးပစ်လောင်ချာနှင့် ခဲယမ်းများ၊ ဆေးပစ္စည်းနှင့် စစ်ဝတ်ပစ္စည်းများလက်ခံယူခဲ့သည်။ ဗကပများမုံးကိုးမှ မထွက်ခွာမီကပင် စစ်ကား(၆)စီးတိုက်စာခန့် ပစ္စည်းများကို မန်ဟကုန်လှောင်ရုံတွင်သိုလှောင်ထားပြီးဖြစ်သည်။ ဗကပတို့သည် ထိုပစ္စည်းများကို မုံးကိုးသို့သယ်ဆောင်လာခဲ့ရာ ဧပြီလ၁ရက်နေ့တွင် သယ်ယူပြီးစီး၍ဗကပအင်အား(၃၀၀၀)အတွက် (၆)လခန့်အထိလုံလောက်စွာရှိနေပြီးဖြစ်သည်။[၁] ဗကပနှင့်ကေအိုင်အေတို့အပြင် ပီအက်စ်အယ်လ်အေ ပလောင်တပ်ရင်း(၃)ရင်းသည် အင်အား(၅၀၀)ဖြင့် ဟိုမိန်း၊ ပန်ဆွေ၊ ထားချက်၊ မန်ကောင်း၊ ဟူးမန်း၊ ဟူးခင်၊ ငွေ့ငါး၊ ပန်ကနိုက်၊ အိုရ်ကလော၊ နားအော်၊ နမ့်ဆန်၊ မြို့သစ်၊ မိုင်းလုံ၊ ကျောက်မဲတို့တွင် လည်းကောင်း၊ ရှမ်းသောင်းကျန်းအက်စ်အက်စ်အေ တပ်မဟာ(၁)သည် တပ်ရင်း၂ရင်း၊ အင်အား(၃၀၀)ဖြင့် မန်လီ၊နမ့်လန်၊ မိုင်းတုံ၊ ခွန်ပန်၊ ကျိုင်းလွန်းဒေသများတွင်လည်းကောင်း၊ တပ်မဟာ(၃)သည် တပ်ရင်း(၃)ရင်းအင်အား(၇၀၀)ဖြင့်ချိုးသစ်၊ ချိုးဟောင်း၊ ကျောက်မဲ-နမ့်ဆန်ကားလမ်း အရှေ့ခြမ်း၊ ဆိတ်ဖူးလော်ပေါင်းဒေသများတွင်လည်းကောင်း လှုပ်ရှားနေကြသည်။ အက်စ်အက်စ်အေ ဗဟိုဌာနချုပ်ဥက္ကဋ္ဌ စိုင်းလှအောင်သည် ၁၉၈၃ခုနှစ်လွန်လ၂၁ရက်နေ့ကလက်နက်ချခဲ့၍ ဆေးနွံကဥက္ကဋ္ဌတာဝန်ယူခဲ့သော်လည်း ဆေးနွံသည် မန်ရှိုး၊ မန်နောင်ဒေသတွင် လှည့်လည်လှုပ်ရှားနေရာမှ နိုဝင်ဘာ၁၂ရက်နေ့တွင် မကျန်းမမာဖြစ်၍ သေဆုံးသည်။[၂] အက်စ်ယူအေ ခေါ် လွယ်မော်အဖွဲ့ မြောက်ပိုင်းဒေသသည် တပ်ရင်း ၇ရင်း၊ အင်အား(၆၄၀)ဖြင့်မုံးဟင်၊ မုံးဟ၊ မုံးတောင်း၊ မုံးမ၊ ဂဂီတောင်၊ လွယ်မော်၊ တန့်ယန်းတို့၌ လှုပ်ရှားလျက်ရှိသည်။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ရဲမင်းအောင်စစ်ဆင်ရေးကို ဆင်နွှဲလျက်ရှိရာ တိုင်းစစ်ဌာနချုပ်၏ တိုက်ရိုက်ကွပ်ကဲမှုဖြင့် အမှတ်(၄၁)ခြေလျင်တပ်ရင်း၊ အမှတ်(၆၈)ခြေလျင်တပ်ရင်း၊ အမှတ်(၆၉)ခြေလျင်တပ်ရင်း၊ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်၏ လက်အောက်ခံတပ်ရင်း(၁)ရင်းတို့သည် လားရှိုး၊ နမ့တူ၊ဘော်တွင်း၊ မုံးကျက်၊ တာဘိုင်းလှဲ၊ မုံးယန်း၊ နားတီး၊ နမ့်ဆလပ်၊ မန်လင်ဒေသ တွင်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာကွပ်ကဲမှုဖြင့် အမှတ်(၃၃)ခြေလျင်တပ်ရင်း၊ အမှတ်(၆၇)ခြေ လျင်တပ်ရင်းတို့သည် တန့်ယန်း၊ နောင်လိုင်၊ လွယ်အင်၊ မိုင်းကောင်၊ နောင်ဖါ၊ မန်ကန်၊ ကံ့ကော်ဒေသတွင်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာကွပ်ကဲမှုဖြင့် အမှတ်(၂၂)ခြေလျင်တပ်ရင်း၊ အမှတ်(၂၃)ခြေလျင်တပ်ရင်းတို့သည် ကျောက်မဲ၊ သီပေါ၌လည်းကောင်း၊ ရှေ့တန်း အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်မှနည်းဗျူဟာ၂ခုနှင့် လက်အောက်ခံ တပ်များ၊ တိုင်းစစ်ဌာနချုပ်မှ

---

၁ ကက(ကြည်း) စစ်ဆင်ရေးဌာနစု၏ ၁-၅-၈၃ မှ ၃၁-၈-၈၃အတွင်းအရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက်- ၂၈-၂၉

၂ ကက(ကြည်း) စစ်ဆင်ရေးဌာနစု၏ ၁-၉-၈၃မှ ၃၁-၁၂-၈၃အတွင်းအရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက်- ၃၄-၃၅

တပ်ရင်း၂ရင်း၊ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်မှ တပ်ရင်း၁ရင်းတို့ သည် ကွတ်ခိုင်၊ ကွမ်းလုံ၊ မူဆယ်၊ ဟိုပန်၊ ပန်လုံ၊ မုံးစီး၊နားလယ်၊ တာမိုးညှဲ၊ စီစီဝမ်၊ တာပန်၊ နမ်းခမ်း၊ မုံးဝီး၊ မိုးမိတ်၊မိုးလို့၊ နမ့်ပေါ်၊ ရွှေလီအိုင့်ဝှမ်း တို့တွင်လည်းကောင်း သောင်းကျန်းသူများကို ချေမှုန်းတိုက်ခိုက်သည်။[၁]

၁၉၈၃ခုနှစ် ဇန်နဝါရီ၂၉ရက်မှ ဧပြီလ၂၅ရက်နေ့အတွင်း အမှတ်(၁)စစ်ဗျူဟာအဖွဲ့က အနီးကပ်ကွပ်ကဲသော အမှတ်(၃၃)ခြေလျင်တပ်ရင်းမှ စစ်ကြောင်း(၁)၊ (၂)ဌာနချုပ်များနှင့်တပ်ခွဲငှခွဲ၊ အမှတ်(၆၇) ခြေလျင်တပ်ရင်းမှ တပ်ခွဲငှခွဲ၊ အမှတ်(၇၆)ခြေလျင်တပ်ရင်းမှ တပ်ခွဲ၅ခွဲ၊ အမှတ်(၈၃) ခြေလျင် တပ်ရင်းမှတပ်ခွဲ၅ခွဲတို့ဖြင့် ဗကပတို့၏လွယ်ပန်လုံစခန်းကို တိုက်ခိုက်သည်။ လွယ်ပန်လုံတွင် ဗကပ ဝိန်းကောင်ခရိုင်တပ်နှင့် မန်မန်ဆိုင်မြို့နယ်တပ်မှ ပူးပေါင်းအင်အား(၅၀)သည် အခြေပြုနေပြီး မန်မန်ဆိုင်တွင်အင်အား၇၀ခန့်၊ မန်ခူးမန်ခါးဒေသတွင်အင်အား(၅၀)ခန့်၊ ငှက်ကာပန်ဖိန်းတစ်ဝိုက်တွင် အင်အား၆၀ခန့်၊မန်မိုင်ဟိုနမ့် မစွန့်လွှတ်ကုန်းတွင် အင်အား၅၀ခန့် အသီးသီးဖြန့်ခွဲထားသည်။ အမှတ်(၆၇) ခြေလျင်တပ်ရင်းမှဦးဆောင်သောစစ်ကြောင်း(၁၂) ဌာနချုပ်နှင့် တပ်ခွဲ ၅ ခွဲ၊ အမှတ်(၈၃)ခြေလျင်တပ်ရင်းမှ စစ်ကြောင်း(၂)ဌာနချုပ်နှင့် တပ်ခွဲ၂ခွဲတို့ ပူးပေါင်း၍ လွယ်ပန်လုံကို တိုက်မည်ဖြစ်ပြီး အမှတ်(၈၃)ခြေလျင်တပ်ရင်းမှ တပ်ရင်းမှူးဦးဆောင်သော စစ်ကြောင်းဌာနချုပ်နှင့် တပ်ခွဲငှခွဲ၊ အမှတ်(၃၃)ခြေလျင်တပ်ရင်းမှ တပ်ခွဲ ၁ခွဲတို့က လွယ်ပန်လုံ နှင့်မန်မန်ဆိုင်ဆက်သွယ်ရေးလမ်းကြောင်းအား မိုင်းပတ်တစ်ဝိုက်မှပိတ်ဆို့ ဖြတ်တောက်ရမည်ဖြစ်သည်။ အမှတ်(၃၃)ခြေလျင်တပ်ရင်းမှ တပ်ခွဲ ၂ ခွဲက ရန်သူ၏ငှက်ကာနှင့် ပန်ဖိန့်စခန်းတို့ကိုရောင်ပြ တိုက်ခိုက်ရမည်ဖြစ်သည်။ သို့ဖြင့်ဇန်နဝါရီလ ၂၉ရက်နှင့်၃၀ရက်များတွင် လွယ်ပန်လုံ၊ ပန်ဖိန့်တောင်ကြောတို့တွင် တိုက်ပွဲများဖြစ်ပွားပြီး၊ ၃၀-၁-၈၃ရက်နေ့တွင် လွယ်ပန်လုံကိုသိမ်းပိုက်နိုင်ခဲ့သည်။[၂]

အထက်ပါတိုက်ပွဲ အပါအဝင် စစ်ဆင်ရေးအရပ်ရပ်တွင် တပ်မတော်မှ (၁၂၄)ဦးကျဆုံး၍ (၄၄၇)ဦး ဒဏ်ရာရရှိကာ သောင်းကျန်းသူများဘက်မှ (၃၁၇)ဦးကျ၍ (၉၅)ဦးလက်ရဖမ်းမိလျက် (၄၆)ဦးလက်နက်ချသည်။[၃]

၁၉၈၃ခုနှစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

၁၉၈၃ခုနှစ်အတွင်း၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ ဗကပဗဟိုနှင့် အရှေ့မြောက်စစ်ဒေသဌာနချုပ်၊ တပ်မ(၄၈)နှင့် တပ်မ(၆၈)၊ (၈၀၅) တပ်ဖွဲ့၊ တပ်မဟာ(၇၆၈)၊

---

၁ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၂ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ဝါဒဖိုင်း

၃ ကက(ကြည်း) စစ်ဆင်ရေးဌာနစုံ၏ ၁-၁-၈၃မှ ၃၁-၁၂-၈၃အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၅၃-၆၆

(စ၁၅)စစ်ဒေသ၊ ရှမ်းသောင်းကျန်းသူများ၊ လားဟူသောင်းကျန်းသူများ၊ ပအိုဝ်သောင်းကျန်းသူ အနီနှင့် အဖြူအုပ်စုများ၊ ကရင်နီသောင်းကျန်းသူများ၊ ကယန်းသောင်းကျန်းသူများ၊ တောခို လွယ်မော်အဖွဲ့နှင့် ဝ သောင်းကျန်းသူများသည် ယမန်နှစ်ကအတိုင်းပင်ရှိနေပြီးဆက်လက်လှုပ်ရှား သောင်းကျန်းနေသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ရှေ့တန်းအမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မှနည်းဗျူဟာ(၂)ခု ကွပ်ကဲမှုဖြင့်တပ်ရင်း(၄)ရင်းသည် ၁၉၈၃ခုနှစ် ဇန်နဝါရီလ၂၉ရက်နေ့မှ ဖေဖော်ဝါရီလ၈ရက်နေ့ အတွင်း ဗကပလွယ်ဟိုလာစခန်းနှင့် အနီးတစ်ဝိုက်ကို စစ်ဆင်ရေးပြုလုပ်သိမ်းပိုက်ခဲ့သည်။ လွယ်ဟို လာစခန်းနှင့် ပွိုင့်- ၄၂၉၁တို့တွင် ဗကပတပ်ရင်း(၀၁၈)မှ အင်အား၃၀၀ခန့်က သိမ်းပိုက်ထားခဲ့၍ အမှတ်၇၇၃နည်းဗျူဟာမှကွပ်ကဲလျက် အမှတ်(၂)ခြေလျင်တပ်ရင်းမှ တပ်ခွဲ၅ခွဲပါစစ်ကြောင်းသည် ဇန်နဝါရီလ ၂၇ရက်နေ့တွင် စခန်းမှထွက်ခွာ၍ ပွိုင့်-၆၁၇၀တွင် နည်းဗျူဟာအဖွဲ့က ခြေကုတ်ယူ ထားပြီး တပ်ခွဲ၅ခွဲဆက်လက်ထွက်ခွာသည်။ ၂၉ရက်နေ့တွင် ရန်သူ့ရှေ့ကာစခန်းသို့ရောက်ပြီး ဗကပ အင်အား၃၀ခန့်နှင့် တိုက်ပွဲဖြစ်ပွားကာမိနစ်၂၀ခန့်အကြာတွင်ဗကပများသည် အရှေ့မြောက်ရှိ ပင်မ စခန်းကုန်းသို့ဆုတ်ခွာသည်။ တပ်မတော်နည်းဗျူဟာအဖွဲ့က ၇၆မမအမြောက်၂လက်၊ ၁၂၀မမ စိန်ပြောင်း ၂လက်တို့ဖြင့်ပစ်ကူ၍ လွယ်ဟိုလာစခန်းကို ဆက်လက်တိုက်ခိုက်ရာ ရန်သူ ၅၀ခန့်နှင့် တိုက်ပွဲဖြစ်ပွားပြီး ၃၅မိနစ်အကြာတွင် စခန်းကိုသိမ်းပိုက်ရရှိသည်။

ထိုအချိန်အတွင်းမှာပင် နည်းဗျူဟာ(၇၇၁)ကကွပ်ကဲလျက် အမှတ်(၁၀၅)ခြေမြန်တပ်ရင်းမှ တပ်ခွဲ၅ခွဲ၊ အမှတ်(၁၀၆)ခြေမြန်တပ်ရင်းမှ တပ်ခွဲ၁ခွဲတို့သည် ဇန္နဝါရီလ၂၈ရက်နေ့တွင်စခန်းမှ ထွက်ခွာပြီး အယ်ကျေ-(စ၂၅၈)သို့အရောက်တွင် နည်းဗျူဟာအဖွဲ့ တပ်ခွဲ၁ ခွဲနှင့် တပ်စု၁စုတို့ ခြေကုတ်ယူထားပြီး၊ ကျန်စစ်ကြောင်းသည် ဆက်လက်ထွက်ခွာခဲ့ရာ ရည်မှန်းချက်ဖြစ်သော ပွိုင့်-၄၂၉၁ သို့ရောက်သည်။ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ဗကပမှအချို့လက်နက်ချသည်။

အမှတ်(၁၀၇)ခြေမြန်တပ်ရင်းစစ်ကြောင်း ၁၊ ၂ ဌာနချုပ် နှင့် တပ်ခွဲ၅ခွဲတို့ပါဝင်သော ပိတ်ဆို့ရေးစစ်ကြောင်းသည်စခန်းမှ ဇန်ဝါရီလ၂၉ရက်နေ့တွင် ထွက်ခွာပြီး ဝမ်ပါလောင်းတွင် တပ်ခွဲ ၃ခွဲနှင့် စစ်ကြောင်း၁ဌာနချုပ်တို့ခြေကုတ်ယူပြီး စစ်ကြောင်း၂ဌာနချုပ်နှင့် တပ်ခွဲ၂ခွဲ ဆက်လက် ထွက်ခွာရာ (အယ်လ်ကျေ-စ၈၆၁)သို့ရောက်ရှိပြီး ခြေကုပ်ယူသည်။ တပ်ခွဲ၁ခွဲက ပတ်ဝန်းကျင်ကို ရှင်းလင်းရာ ရန်သူ(၁၅)ဦးနှင့် တွေ့ဆုံပြီးတိုက်ပွဲဖြစ်ကာ ရန်သူများမြောက်ဘက်သို့ဆုတ်ခွာသည်။

အမှတ်(၁၀၁)ခြေမြန်တပ်ရင်းမှ တပ်ခွဲ(၅)ခွဲသည်လည်း ဇန်နဝါရီလ၂၉ရက်နေ့တွင် စခန်းမှ ထွက်ခွာ၍ ရောင်ဟစ်တွင် ဗကပ၃၀ခန့်နှင့်တွေ့ဆုံတိုက်ပွဲဖြစ်ပြီး ရန်သူများမြောက်ဘက်သို့ဆုတ်ခွာ သည်။ ဤစစ်ဆင်ရေးတွင် တပ်မတော်မှ (၂)ဦးကျဆုံးပြီး(၁၁)ဦးဒဏ်ရာရ၍ ဗကပတို့ဘက်မှ (၂)ဦး

ကျပြီး(၂၂)ဦးလက်နက်ချကာ လက်နက်မျိုးစုံ(၁၆)လက်ရသည်။ [၁]

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်၊ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်၊ အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်များသည် **မိုးဟိန်း**အဆင့်(၇)၊ **မင်းရန်အောင်** အဆင့်(၃)နှင့် **လေးမာရ်အောင်** စစ်ဆင်ရေးများကိုဆက်လက်ဆင်နွှဲခဲ့သည်။ မိုးဟိန်း အဆင့်(၇)ကို ရှေ့တန်းအမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်က တပ်မဌာနချုပ်၏တိုက်ရိုက်ကွပ်ကဲမှုဖြင့် အမှတ်(၁၀၈) ခြေမြန်တပ်ရင်း၊ အမှတ်(၆)ဗမာ့သေနတ်ကိုင်တပ်ရင်းတို့သည်ကျိုင်းတုံ ပွိုင့်-၅၉၉၃၊ လွယ်ပန်လုံ၊ လွယ်မွေတို့တွင်လည်းကောင်း၊ အမှတ်(၈၈၁)နည်းဗျူဟာကွပ်ကဲမှုဖြင့် အမှတ်(၂)ဗမာ့သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၁)ခြေလျင်တပ်ရင်း၊ အမှတ်(၁၄)ခြေလျင်တပ်ရင်းတို့သည် မိုင်းခတ်၊ ပန်မကောက်၊ မိုင်းပျင်း၊ မိုင်းယန်း၊ မိုင်းလွေများတွင်လည်းကောင်း၊ အမှတ်(၈၈၃) နည်းဗျူဟာကွပ်ကဲမှုဖြင့် အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁)ကယားသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁)ခြေလျင်တပ်ရင်းတို့သည် မိုင်းယောင်း၊ ကော်ဟိုလွယ်၊ ထင်းရှူးတောင်၊ မိုင်းယုတို့တွင်လည်းကောင်း၊ အမှတ်(၆၆၂)နည်းဗျူဟာကွပ်ကဲမှုဖြင့် အမှတ်(၅)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၈၄)ခြေလျင်တပ်ရင်း၊ အမှတ်(၈၃)ခြေလျင်တပ်ရင်းတို့သည် မိုင်းဖြတ်၊ တာလေ၊ မိုင်းဖုန်း၊ ပါလျှူး၊ ကျိုင်းလတ်၊ မိုင်းကိုင်၊ မိုင်းငေါ့တို့တွင်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းမှ အမှတ်(၁)စစ်ဗျူဟာ အဖွဲ့ကွပ်ကဲမှုဖြင့် အမှတ်(၄)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄၃)ခြေလျင်တပ်ရင်း၊ အမှတ်(၄၉) ခြေလျင်တပ်ရင်း၊ အမှတ်(၆၅)ခြေလျင်တပ်ရင်းများက ကျိုင်းတုံ၊ ဝမ်တာပင်း၊ တုံဟာ၊ လွယ်ဆီး၊ မိုင်းတွန်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းပုကြီး၊ ပုံပါကျင်တို့တွင်လည်းကောင်းဆင်နွှဲခဲ့ကြသည်။

မင်းရန်အောင် စစ်ဆင်ရေးအဆင့်(၃)ကို ရှေ့တန်းအမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မှ အမှတ်(၇၇၁)နည်းဗျူဟာကွပ်ကဲမှုဖြင့် အမှတ်(၁)ရှမ်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၀၁)ခြေမြန်တပ်ရင်း၊ အမှတ်(၈)ခြေလျင်တပ်ရင်းတို့သည် မိုင်းရှူး၊ ပွိုင့်-၃၆၆၀ ၊ ပန်ခါး၊ ပွိုင့်-၅၇၁၀၊ လွယ်ဟိုလာ၊ ဆွတ်ဝိုး၊ ဝိန်းနောင်ဒေသများတွင်လည်းကောင်း၊ အမှတ်(၇၇၂)နည်းဗျူဟာကွပ်ကဲမှုဖြင့် အမှတ်(၆) ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၄)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၅)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၇) ခြေမြန်တပ်ရင်းတို့သည် ကျေးညီး၊ မိုင်းလင်း၊ နောင်တောက်၊ မုံးစမ်း၊ ကျိုင်းလွန်း၊ တင်မောက်၊ မုံးခွန် ဒေသများတွင်လည်းကောင်းသောင်းကျန်းသူများကိုတိုက်ခိုက်ချေမှုန်းသည်။

လေးမာရ်အောင်စစ်ဆင်ရေးကို ရှေ့တန်းအမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်မှ အမှတ်(၅၅၂) နည်းဗျူဟာကွပ်ကဲမှုဖြင့် အမှတ်(၁၁)ခြေမြန်တပ်ရင်း၊ အမှတ်(၁၈)ခြေမြန်တပ်ရင်း၊ အမှတ်(၂၀) ခြေမြန်တပ်ရင်း၊ အမှတ်(၆၆)ခြေလျင်တပ်ရင်း၊ အမှတ်(၉၉)ခြေလျင်တပ်ရင်းများသည် မိုးနဲ၊ မောက်မယ်၊ မိုင်းပွန်၊ဆီဆိုင်၊ မဲနယ်တောင်၊ ဟိုပုံး၊ ခိုလန်၊ ကွန်ဟိန်း၊ လင်းခေး၊ မိုင်းပန်ဒေသတွင်

---

[၁] (က) အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်သမိုင်း မျက် ၃၉
(ခ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၃ မှ ၃၁-၁၂-၈၃အတွင်းအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက်- ၂၁၁-၂၁၃

လည်းကောင်း၊ အမှတ်(၅၅၃)နည်းဗျူဟာကွပ်ကဲမှုဖြင့် အမှတ်(၁၄)ခြေမြန်တပ်ရင်း၊ အမှတ်(၆၄) ခြေလျင်တပ်ရင်းတို့သည် လဲချား၊ မိုင်းကိုင်၊ ဆနင်း၊ တုံလောဒေသတွင်လည်းကောင်း၊ အနောက် မြောက်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် အမှတ်(၉၅)ခြေလျင်တပ်ရင်း၊ အမှတ်(၈၅)ခြေလျင်တပ်ရင်းတို့သည် ပင်လောင်း၊ ရွှေချောင်း၊ သစ်ကြိတ်၊ ဖယ်ခုံ၊ မိုးပြဒေသများတွင် လည်းကောင်း၊ အမှတ်(၂)နယ်လှည့်စစ်ဗျူဟာကပ်ကဲမှုဖြင့် အမှတ်(၅၄)ခြေလျင်တပ်ရင်း၊ အမှတ်(၇၂) ခြေလျင်တပ်ရင်း၊ အမှတ်(၇၃)ခြေလျင်တပ်ရင်း၊ အမှတ်(၉၄)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၂) ခြေလျင်တပ်ရင်းတို့သည် လွိုင်ကော်၊ လောပီတ၊ ဘော်လခဲ၊ ဖါးဆောင်း၊ မော်ခိုး၊ အင်းဒေသတို့တွင် လည်းကောင်း၊ စစ်ဆင်ခဲ့ကြသည်။[၁] ယင်းစစ်ဆင်ရေးတွင် တပ်မတော်မှ (၃၁၆)ဦး ကျဆုံးပြီး၊ (၉၁၅)ဦးဒဏ်ရာရ၍ သောင်းကျန်းသူများဘက်မှ (၁၁၂၁)ဦးကျဆုံး၍ (၂၉၇)ဦး ဖမ်းဆီးမိပြီး(၆၉၆)ဦး လက်နက်ချသည်။[၂]

၁၉၈၃ခုနှစ် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

ကေအင်ယူဗဟိုမှ ပဲခူးရိုးမအထူးတပ်ဖွဲ့ဝကို ဗဟိုတပ်၊ တပ်ရင်း(၁၀၁)၊ တပ်မဟာ(၆)၊ တပ်မဟာ(၇)တို့မှ လိုက်ပါလိုသူများစုဆောင်းပြီးမာနယ်ပလောတွင် သင်တန်းပေးကာ ၁၉၈၂ခု၊ ဒီဇင်ဘာလတွင် သင်တန်းဆင်းပြီး ၁၉၈၃ခုနှစ်၊ ဇန်နဝါရီလအတွင်း၌ ပဲခူးရိုးမကိုထိုးဖောက်ရန်စေလွှတ်လိုက်သည်။ ၁၉၈၂ခုနှစ်မှစ၍ ဂျပန်ပညာရှင်များဖြင့် မော်ဖိုးကေစခန်း၌ တည်ဆောက်ထားသော ကေအင်ယူအသံလွှင့်ရုံသည် ၁၉၈၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁ရက်နေ့မှစ၍ စမ်းသပ်အသံလွှင့်နိုင်သည်။[၃] အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု၏ ဒုတိယအကြိမ်အစည်းအဝေးကို ကေအင်ယူဗဟိုဌာနချုပ်မာနယ်ပလောတွင် ၁၉၈၃ခုနှစ်၊ စက်တင်ဘာ၁၂ရက်မှ ၂၀ရက်နေ့အထိကျင်းပခဲ့ရာ ထိုအစည်းအဝေးသို့ ကေအင်ယူမှဗိုလ်မြနှင့် ၃ဦး၊ ကေအိုင်အေမှ ဇော်ဆိုင်းနှင့် ၂ဦး၊ ရလလဖ(အဖြူ)မှစိုးလာစန်းနှင့် ၁ဦး၊ မွန်ပြည်သစ်မှ နိုင်ထင်နှင့်၃ဦး၊ ကရင်နီမှ စောပလျားရယ်နှင့် ၂ဦး၊ ရခိုင်သောင်းကျန်းသူမှ ခိုင်စိုးနိုင်အောင်နှင့် ၂ဦး၊ ပလောင်သောင်းကျန်းသူမှ အောင်ရွှေနှင့် ၁ဦး တက်ရောက်ပြီး ရှမ်းသောင်းကျန်းသူမိုးဟိန်းအဖွဲ့မှ ချစ်ဆွေနှင့် ၁ ဦးကဧည့်သည်တော်အဖြစ်

---

၁ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးမှတ်တမ်း

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၃ မှ ၃၁-၁၂-၈၃အတွင်းအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက်- ၁၀၇၊၁၀၈၊၈၁

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၃ မှ ၃၀-၄-၈၃အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက်- ၁၁၂-၁၁၃

တက်ရောက်သည်။ [၁] ကရင်သောင်းကျန်းသူ ကွန်မန်ဒို(၇၇၇)အဖွဲ့မှ အင်အား(၇၀)ခန့်သည် ၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ၁၈ရက်နေ့တွင်လှာကာဘီလပ်မြေစက်ရုံသို့ လာရောက်၍အရေးပေါ်လျှပ်စစ်ဓါတ်အားပေးရုံကို ဖောက်ခွဲဖျက်ဆီးပြီးပြင်သစ်နိုင်ငံသားပညာရှင် မစ္စတာဘိုဇိန့်ဇင်နီးကို ဖမ်းဆီးသွားသည်။ ဗိုလ်မြသည် နိုဝင်ဘာလ ၂ ရက်နေ့တွင်ခလယ်ဒေးဂိတ်၌ ထိုင်းနိုင်ငံအတွင်းရှိ နိုင်ငံခြားသတင်းထောက်များအား ဖိတ်ကြားပြီးသတင်းစာရှင်းလင်းပွဲလုပ်ရာ ပြင်သစ်နိုင်ငံကမြန်မာနိုင်ငံသို့ပေးအပ်သည့်စီးပွားရေးအကူအညီများကို ရပ်ဆိုင်းရန်၊ မြန်မာနိုင်ငံမှ ကရင်သောင်းကျန်းသူများအား အသိအမှတ်ပြုရန် တောင်းဆိုပြီး၊ တောင်းဆိုချက်ကိုလက်မခံပါက ပြင်သစ်နိုင်ငံသားဇနီးမောင်နှံကို ခုံရုံးတင်စစ်ဆေးပြီးအရေးယူမည်ဟုခြိမ်းခြောက်ခဲ့သည်။ နိုဝင်ဘာလ၂၄ရက်နေ့တွင်မူ ဗိုလ်မြသည် မဲသဝေါစခန်း၌ နိုင်ငံခြားသတင်းထောက်များ၊ သတင်းစာဆရာများ၊ ကမ္ဘာ့ကြက်ခြေနီအဖွဲ့များ၊ ထိုင်းအရာရှိများနှင့် တွေ့ဆုံကာပြင်သစ်ပါရဂူဇနီးမောင်နှံအား ဖမ်းဆီးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ထိုမောင်နှံကို ကြက်ခြေနီအဖွဲ့သို့လွှဲအပ်ပေးသည်။ [၂]

အရှေ့တောင်တိုင်းစစ်ဌာနချုပ်သည် **ဒွဲအောင်** စစ်ဆင်ရေးကိုဆင်နွှဲလျက်ရှိရာ တိုင်းစစ်ဌာနချုပ်တိုက်ရိုက်ကွပ်ကဲသောနယ်မြေ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ ကျိုက်မရော၊ ကြာအင်းဆိပ်ကြီးနှင့် ချောင်းဆုံမြို့နယ်များတွင် အမှတ်(၃၁)ခြေလျင်တပ်ရင်း၊ အမှတ်(၃၂)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ၁ခွဲစီ၊ အမှတ်(၆၁)ခြေလျင်တပ်ရင်း၊ အမှတ်(၆၂)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ၅ခွဲစီ၊ အမှတ်(၁၀၁)တိုင်းအရန်တပ်ခွဲ၊ အမှတ်(၂၀၂)တိုင်းအရန်တပ်ခွဲ၂ခွဲ၊ အမှတ်(၃၀၃)တိုင်းအရန် တပ်ခွဲ ၁ခွဲ တို့ဖြင့်လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာကွပ်ကဲမှုနယ်မြေ ဖာပွန်၊ ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ မြဝတီတို့တွင်အမှတ်(၁၇)ခြေလျင်တပ်ရင်း၊ အမှတ်(၂၅)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၁)ခြေလျင်တပ်ရင်း၊ အမှတ်(၄၀၄)တိုင်းအရန် တပ်ခွဲ၁ခွဲတို့ဖြင့်လည်းကောင်း တိုက်ခိုက်ခဲ့သည်။

ထို့ပြင် **တိုက်ဒွဲဟုန်**စစ်ဆင်ရေးကိုလည်းဆင်နွှဲခဲ့ရာ အမှတ်(၁)စစ်ဗျူဟာကွပ်ကဲမှုနယ်မြေ ဖာပွန်၊ ဘားအံ၊ လှိုင်းဘွဲ့၊ ကောကရိတ်၊ မြဝတီနယ်တို့တွင် အမှတ်(၁၉)ခြေလျင်တပ်ရင်းမှ တပ်ခွဲ၅ခွဲ၊ အမှတ်(၃၂)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၄)ခွဲ၊ အမှတ်(၁)ခြေမြန်တပ်ရင်းမှ တပ်ခွဲ၅ခွဲ၊အမှတ်(၈)ခြေမြန်တပ်ရင်းမှ တပ်ခွဲ၅ခွဲတို့ဖြင့်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာကွပ်ကဲမှုနယ်မြေတွင် အမှတ်(၂၄)ခြေလျင်တပ်ရင်းမှတပ်ခွဲ၅ခွဲ၊ အမှတ်(၉၆)ခြေလျင်တပ်ရင်းမှတပ်ခွဲ၅ခွဲ၊ အမှတ်(၃၁)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၄)ခွဲတို့ဖြင့်လည်းကောင်းတိုက်ခိုက်ခဲ့သည်။ ရှေ့တန်းအမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်မှလည်း လက်အောက်ခံတပ်ရင်းများ၊ အမှတ်(၂)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂၈)ခြေလျင်တပ်ရင်း၊ အမှတ်(၉၇)ခြေလျင်တပ်ရင်းများဖြင့် လှိုင်းဘွဲ့၊ ကောကရိတ်၊ မြဝတီစစ်မျက်နှာများတွင် ဝင်ရောက်

---

[၁] ကက(ကြည်း)စစ်ဆင်ရေးဌာနစုဒီ၁-၉-၈၃ မှ ၃၁-၁၂-၈၃အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက်- ၈၈

[၂] ကက(ကြည်း)စစ်ဆင်ရေးဌာနစုဒီ၁-၉-၈၃ မှ ၃၁-၁၂-၈၃အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက်- ၈၈-၈၉

တိုက်ခိုက်သည်။ အဆိုပါစစ်ဆင်ရေး၂ခုတွင် တပ်မတော်မှ (၂၃၅)ဦးကျဆုံးပြီး၊ (၅၁၅)ဦးဒဏ်ရာ ရကာ သောင်းကျန်းသူများဘက်မှ (၃၇၄)ဦးကျပြီး၊ (၁၁၉)ဦး ဖမ်းမိကာ(၇၆)ဦးလက်နက်ချသည်။[၁]

၁၉၈၃ခုနှစ်အတွင်း ရန်ကုန်တိုင်း၊ အနောက်တောင်တိုင်း၊ အနောက်ပိုင်းတိုင်း၊ အနောက်မြောက်တိုင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေများ အတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေးများ

ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌ လုံခြုံရေးအတွက် အောင်မိုးစစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲခဲ့ရာ ပထမဗဟလပတ်နှင့် ဒုတိယဗဟလပတ်အတွင်း၌ ထူးခြားမှုမရှိခဲ့သော်လည်း တတိယဗဟလပတ်အတွင်း၌ ပြည်ပမှဝင်ရောက်ပုံးဖောက်ခွဲမှုရှိခဲ့သည်။ ၁၉၈၃ ခုနှစ်၊ အောက်တိုဘာလ ၉ရက်နေ့တွင် ရန်ကုန်မြို့သို့ရောက်ရှိနေသော တောင်ကိုးရီးယားသမ္မတကြီးနှင့်အဖွဲ့သည် အာဇာနည်ဒိမာန်၌ လွမ်းသူပန်းခွေချရန်အစီအစဉ်ရှိ၍ ကိုးရီးယားရှေ့ပြေးအဖွဲ့များ အာဇာနည်ဒိမာန်သို့ ဝင်ရောက်လာစဉ် ပုံးပေါက်ကွဲခဲ့သည်။ တောင်ကိုးရီးယားလူမျိုး ၁၇ဦးသေဆုံး၍ ၁၄ဦးဒဏ်ရာရရှိကာ မြန်မာလူမျိုး၄ ဦးသေဆုံးပြီး ၃၂ဦးဒဏ်ရာရခဲ့သည်။ နောက်တစ်နေ့၁၀ရက်နေ့တွင် ရန်ကုန်မြို့ပုလွန်တောင်ညောင်တန်းဆိပ်ကမ်းမှ မြောက်ကိုးရီးယားလူမျိုးတစ်ဦးသည် ရေထဲသို့ခုန်ချ၍ ရေယာဉ် အမှတ်(၀၁၀)ဇာရေယာဉ်သို့ ကူးသွားပြီးတက်ရန်ကြိုးစားရာ ရေယာဉ်မှလူများဆွဲတင်စဉ် ပုံးဟုယူဆရသော ပစ္စည်းကိုကိုင်ထားသည့်လက်ကို မြောက်လိုက်သည်။ သို့ဖြင့် ရေယာဉ်မှလူများက ရိုက်ချရာ ရေထဲကျ၍ ပုံးပေါက်ကွဲပြီး ထိုကိုးရီးယားအမျိုးသားဒဏ်ရာရသည်။ ထိုမှနောက်တစ်နေ့ အောက်တိုဘာလ ၁၁ ရက်နေ့တွင်လည်း နန်းတော်ဥရွာအနီး၌ ငါးရှာသောလှေကို နိုင်ငံခြားသားဟုယူဆရသောသူ ၂ဦးက ရန်ကုန်သို့ပို့ပေးရန် ပြော၍သခွပ်ပင်ရဲစခန်းသို့ ခေါ်ယူစစ်ဆေးစဉ် ပုံးဖြင့်ပေါက်၍ ရဲတပ်သား ၃ ဦးဒဏ်ရာရသည်။ ရဲတပ်သားတစ်ဦးကသေနတ်ဖြင့်ပစ်၍ မြောက်ကိုးရီးယား ၁ ဦးကို အသေရမိသည်။ အောက်တိုဘာလ ၁၂ ရက်နေ့တွင် အမှတ်(၉၀)ခြေလျင်တပ်ရင်းမှ တပ်ဖွဲ့တစ်ဖွဲ့က ကွင်းဝိုင်းရွာအနီးတွင် လက်ပစ်ဗုံးကိုင်နိုင်ငံခြားသားတစ်ဦးအား အရှင်ဝင်ရောက်ဖမ်းဆီးရာ ပုံးပေါက်ကွဲ၍ တပ်မတော်သား ၃ဦးကျဆုံးပြီး ၁ဦးဒဏ်ရာရရှိကာ ထိုနိုင်ငံခြားသားကို ဒဏ်ရာဖြင့်ဖမ်းဆီးမိသည်။[၂]

အနောက်တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင်မူ နယ်မြေစိုးမိုးရေးဒေသန္တရစစ်ဆင်ရေးများကိုသာဆင်နွှဲလျက်ရှိသည်။ (အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ရခိုင်ပြည်နယ်ဗကပများသည် အင်အား(၂၂၉)ဦးဖြင့်လည်းကောင်း၊ အလံနီကွန်မြူနစ်ပါတီအဖွဲ့သား အင်အား(၄၉)ဦးသည်လည်း

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၃ မှ ၃၁-၁၂-၈၃အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက်- ၁၁၃-၁၄၆၊၁၃၃-၁၄၄၊၁၀၉-၁၁၄

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၉-၈၃ မှ ၃၁-၁၂-၈၃အတွင်းရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက်- ၁၂၀၊၁၂၂-၁၂၃

ကောင်း၊ ကုလားဆိုးအဖွဲ့နှင့်အခြားအဖွဲ့များသည် အင်အား(၁၀၆)ဦးဖြင့်လည်းကောင်း၊ တစ်ဖက်နိုင်ငံအတွင်း၌ရှိနေကြပြီး၊ ဗကပနိုင်ငံရေးမှူးကျော်မောင်၊ ပြည်နယ်တပ်ရင်း(၁)မှ တပ်ရင်းမှူးသာဒိုးအောင်တို့အဖွဲ့သည် ဘူးသီးတောင်သို့ပြန်ဝင်လာကြပြီး ကျော်မောင်ဦးစီးသော အင်အား(၂၀)ခန့်သည်ဝက်သူကြီးချောင်းဖျား၊သာဒိုးအောင်ဦးစီးသောအင်အား(၁၆)ဦးသည်လင်ရှာကိုင်း၊ မောင်လှဦးစီးသောအင်အား(၂၆)ဦးသည်ရန်တရာချောင်းဖျားစသည်ဖြင့်ခွဲဖြန့်နေကြသည်။[၁] အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်သည် **ဧည်ဝတီ**စစ်ဆင်ရေးအဆင့်(၃)ကို ဆင်နွှဲလျက်ရှိရာ တိုင်းစစ်ဌာနချုပ်တိုက်ရိုက်ကွပ်ကဲမှုဖြင့် အမှတ်(၃၄)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၅)ခွဲ၊ အမှတ်(၉၂)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၃)ခွဲနှင့်(၁)စုတို့သည်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် အမှတ်(၄၄)ခြေလျင်တပ်ရင်း၊ အမှတ်(၅၅)ခြေလျင်တပ်ရင်းတို့မှတပ်ခွဲ(၁)ခွဲစီ၊ အမှတ်(၉၂)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၁)ခွဲနှင့်(၁)စု၊ တိုင်းကွန်မန်ဒိုတပ်ခွဲ(၁)ခွဲတို့သည်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့်အမှတ်(၂၀)ခြေလျင်တပ်ရင်း၊ အမှတ်(၅၅)ခြေလျင်တပ်ရင်းတို့မှ တပ်ခွဲ(၅)ခွဲစီ အမှတ်(၄၄)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၄)ခွဲတို့သည်လည်းကောင်းစစ်ဆင်လျက်ရှိရာ ယင်းစစ်ဆင်ရေးတွင် တပ်မတော်မှအကျအဆုံးနှင့် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိဘဲ၊ သောင်းကျန်းသူများဘက်မှ (၁)ဦးကျပြီး (၁၇)ဦးဖမ်းမိကာ (၁၉)ဦးလက်နက်ချခဲ့သည်။[၂]

ဗကပတပ်ရင်း(၂၀၂)၊ ရှမ်းသောင်းကျန်းသူတပ်ရင်း(၈၁၆)နှင့် (၂၀၂၄)ကေအိုင်အေတပ်ရင်း(၅)၊ ကယန်းပြည်သစ်ပါတီ(ပီအယ်အေ) ကသဲသောင်းကျန်းသူ၊ မီဇိုသောင်းကျန်းသူများသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌ အခြေခံခြင်းမရှိဘဲ တစ်ခါတရံမှသာ ဝင်ရောက်လာပြီးဆက်ကြေးကောက်ခံလေ့ရှိသည်။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်သည် **နဂါးပျံ**စစ်ဆင်ရေးကိုဆင်နွှဲလျက်ရှိရာ တိုင်းစစ်ဌာနချုပ်တိုက်ရိုက်ကွပ်ကဲမှုဖြင့် အမှတ်(၈၇)ခြေလျင်တပ်ရင်းမှတပ်ခွဲ ၂ခွဲ၊ အမှတ်(၉၅)ခြေလျင်တပ်ရင်းမှတပ်ခွဲ(၅)ခွဲသည်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် အမှတ်(၇၁)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၅)ခွဲ၊ အမှတ်(၈၅)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၅)ခွဲ၊ အမှတ်(၈၈)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၅)ခွဲတို့သည်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုအောက်တွင် အမှတ်(၄၂)ခြေလျင်တပ်ရင်း၊ အမှတ်(၅၀)ခြေလျင်တပ်ရင်း၊ အမှတ်(၈၉)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၅)ခွဲစီ၊ အမှတ်(၈၇)ခြေလျင်တပ်ရင်းမှတပ်ခွဲ (၃)ခွဲတို့သည်လည်းကောင်း၊ ချင်းပြည်နယ်မြောက်ခြမ်း၊ စစ်ကိုင်းတိုင်းမြောက်ခြမ်း၊ ထီးချိုင့်-မဘိန်း နယ်မြေ၊ မိုးကုတ်၊ မိုင်းလုံနယ်မြေ၊ ချင်းပြည်နယ်တောင်ခြမ်း၊ စေတုတ္တရာ၊ ငဖဲအနောက်ခြမ်း၊ ကုန်းသာရဲရမန်းနယ်မြေ၊ ရမည်းသင်း၊

---

၁ (က) အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း
(ခ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၃ မှ ၃၀-၄-၈၃အတွင်းအနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ **စစ်ဆင်ရေး** သုံးသပ်ချက် မျက်- ၁၅၆

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၃ မှ ၃၁-၁၂-၈၃အတွင်းအနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ **စစ်ဆင်ရေး** သုံးသပ်ချက် မျက်- ၁၅၈-၁၅၉၊ ၁၂၇-၁၂၈

တပ်ကုန်း၊ ပျဉ်းမနားနယ်မြေများတွင် တိုက်ခိုက်လျက်ရှိသည်။ တပ်မတော်မှ(၂)ဦးဒဏ်ရာရ၍ သောင်းကျန်းသူများဘက်မှ (၉)ဦးကျ၍ (၁၂)ဦးဖမ်းမိပြီး(၁၆)ဦး အလင်းဝင်သည်။[၁]

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း၌ ကေအင်ယူ တပ်မဟာ(၁)တပ်ရင်း၂၀၊ စစ်ကြောင်း(၄)သည် အင်အား(၆၁၀)ဖြင့် ဖါပွန်၊ မဲဝိုင်၊ ဝင်းမောင်ဒေသ၌ လည်းကောင်း၊ တပ်မဟာ(၂)သည် အင်အား(၂၀၀)ဖြင့် ဘူဆာချီး၊ ပူစီးတို့တွင် လည်းကောင်း၊ တပ်မဟာ(၃)သည် အင်အား(၅၇၀)ဖြင့် လေကော်ဒိုး၊ နွားလခို၊ မူသဲ၊ ဗျကောပု၊ တောင်ခြမ်း၌ လည်းကောင်းရှိနေကြသည့်အပြင် ဗျကောပုဒေသအဖွဲ့အစည်းများသည်လည်း ဗျကောပု ထီးမူခီးဒေသ၌ ရှိကြသည်။[၂] ထို့ပြင် ၁၉၈၂ခုနှစ် စက်တင်ဘာလတွင် ကေအင်ယူ ဗဟိုမှ အမည်စာရင်းတောင်းယူပြီး ဗဟိုတပ်၊ တပ်ရင်း(၁၀၁)၊ တပ်မဟာ(၆)၊ တပ်မဟာ(၇)တို့မှ လူများကို ရွေးနုတ်စုဆောင်းကာ ၁၉၈၂ခုနှစ် အောက်တိုဘာလအတွင်း မာနယ်ပလောဒ် သင်တန်းပေးသည်။ ထို့နောက် ပဲခူးရိုးမအထူးတပ်ဖွဲ့(၁)ဟု အမည်ပေးပြီး၊ ၁၉၈၃ခုနှစ်၊ ဇန်နဝါရီလတွင် ပဲခူးရိုးမသို့စေလွှတ်ခဲ့သည်။ အင်အား(၆၆)ဦးပါထိုအဖွဲ့သည် တပ်မတော်မှ ထိုးစစ်ဆင်ရှင်းလင်း၍ ၁၉၈၃ခုနှစ်၊ ဧပြီလ(၇)ရက်နေ့အတွင်း (၆)ဦးကျပြီး (၂၄)ဦးဖမ်းမိကာ (၃၅)ဦးလက်နက်ချခဲ့သည်။[၃] အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သည် အောင်စိုးမိုးစစ်ဆင်ရေးအဆင့်(၂၅၊ ၂၆၊ ၂၇)ရွှေအေးဖြိုအဆင့် (၅၊ ၆၊ ရ) နှင့် အောင်တံခွန်စစ်ဆင်ရေးများဆင်နွှဲခဲ့ရာ အောင်တံခွန်စစ်ဆင်ရေးမှာ ကေအင်ယူ ပဲခူးရိုးမအထူးတပ်ဖွဲ့(၁)အား ချေမှုန်းသောစစ်ဆင်ရေးဖြစ်သည်။ ထိုစစ်ဆင်ရေးတွင် တပ်မတော်မှ (၄၀)ယောက်ကျ၍ (၁၄၅)ဦး ဒဏ်ရာရခဲ့ပြီး သောင်းကျန်းသူများဖက်မှ (၁၀၀)ကျ၍ (၄၂)ဦး ဖမ်းမိပြီး (၁၅)ဦးလက်နက်ချသည်။[၄]

၁၉၈၄ခုနှစ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏ စစ်ဆင်ရေး

ဗကပ(၁၀၁)စစ်ဒေသဌာနချုပ်သည် ကန်ပိုက်တီးတွင်ထားရှိပြီး တပ်ရင်း၃ရင်းအင်အား(၈၅၉)ဦးဖြင့် ကန်ပိုက်တီး၊ နဲ့ဇန်ဘော်၊ စင်ကြိုင်၊ ဆောလော၊ ချီတွေဒေသများတွင်လည်းကောင်း၊ ဗကပ(၁၀၂)စစ်ဒေသသည် တပ်ရင်း(၈၂)အင်အား(၈၀)ဖြင့် ပင်လယ်ဘူး၊ ဗန်းမောက်မြောက်ခြမ်း၊ ဥရုချောင်းဖျားဒေသ၊ နမ့်ချီးမော့ဒေသများတွင်လည်းကောင်းလှုပ်ရှားလျက်ရှိသည်။ ကေအိုင်အေ

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုဝင်၁-၁-၈၃ မှ ၃၁-၁၂-၈၃အတွင်းအနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက် ၁၆၅-၁၆၇၊ ၁၆၂-၁၆၄၊ ၁၃၂-၁၃၄

၂ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစုဝင်၁-၁-၈၃ မှ ၃၀-၄-၈၃အတွင်းအရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက် ၁၁၂ ၁၁၃

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစုဝင်၁-၁-၈၃ မှ ၃၀-၄-၈၃အတွင်းအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေး သုံးသပ်ချက် မျက် ၁၇၄-၁၇၅

ဥက္ကဋ္ဌဘရန်ဆိုင်းဦးစီးသည့်အုပ်ချုပ်မှုပိုင်းဆိုင်ရာတို့သည် ပါဂျီတွင် အခြေပြုပြီး စစ်ရေးဌာနချုပ်သည် ၁၉၈၄ခုနှစ်၊ မတ်လတွင် နားဖေါ်သို့ပြောင်းရွှေ့ကာ ဖလပ်စခန်းဟောင်းအား ဖျက်စီးခဲ့သည်။ ကေအိုင်အေဗဟိုနှင့် စစ်ဦးစီးဌာနချုပ်သည် တပ်ရင်း(၃)ရင်းအင်အား ၁၂၇၀ ဖြင့်လည်းကောင်း၊ တပ်မဟာ(၁)သည် တပ်ရင်း(၃)ရင်းအင်အား၁၁၅၀ဖြင့်လည်းကောင်း၊ တပ်မဟာ(၂)သည် တပ်ရင်း(၅)ရင်း အင်အား(၁၉၇၀)ဖြင့်လည်းကောင်း၊ တပ်မဟာ(၃)သည် တပ်ရင်း၃ရင်း အင်အား(၁၅၀၀)ဖြင့်လည်းကောင်းလှုပ်ရှားလျက်ရှိသည်။ တန်ခွန်နာဂတို့၏ ဗဟိုဌာနချုပ်သည် အင်အား(၁၃၇)ဦးဖြင့် အာရှိတ်ဒေသ၊ တပ်မဟာဌာနချုပ်သည် တပ်ရင်း(၂)ရင်းအင်အား(၄၇၂)ဦးဖြင့် လဟယ်ဒေသများတွင်ရှိပြီး နောက်အော်နာဂအင်အား(၁၀၀)သည် ကျွန်းခေါင်နန့်စလိန်ချောင်းဒေသ၌ လှုပ်ရှားနေကြသည်။[၁] ၁၉၈၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကေအိုင်အေ(၂၅၀)ခန့်သည် အောင်မြေသို့ ရောက်ရှိ လာပြီးပြည်သူစစ်အဖွဲ့မှ လက်နက်(၈)လက်အားသိမ်းဆည်းကာ အင်အား(၂၀၀)ခန့်သည် ခန္ဓီးမြို့ တွင်းသို့အဖွဲ့ခွဲဝင်ရောက်သည်။ အင်အား(၁၅၀)ခန့်သည် တပ်မတော်အယောင်ဆောင်၍ မြို့နယ်ပြည်သူရဲစခန်းကိုစီး၍ စခန်းမှူးအပါအဝင်ပြည်သူ့ရဲ ၃၀ကိုအချုပ်ခန်းတွင်ထည့်ပြီး၊ လက်နက် ၁၄၅ လက်နှင့် ခဲယမ်းအချို့ကိုယူဆောင်လျက်အချုပ်သား ၁၂၄ ယောက်ကိုလွှတ်ပေးသည်။ အချုပ်ခန်းတွင်းရှိသော နာဂသောင်းကျန်းသူ ၅၈ ဦးအပါအဝင်အချုပ်သား ၁၁၆ ဦးကို ယင်းတို့နှင့် အတူခေါ်ဆောင်သွားသည်။ ကေအိုင်အေအင်အား ၅၀ ခန့်သည် ငွေတိုက်ရဲကင်းကိုဝင်စီး၍ တိုက်ပွဲ၁၅မိနစ်ခန့်ဖြစ်ပြီး၊ ပြည်သူရဲ၁၇ဦးဆုတ်ခွာခဲ့ရသည်။ ကေအိုင်အေတို့သည် ငွေတိုက်ကို မိုင်းခွဲဖောက်ပြီး ငွေ ၁၂၉၀၅၀၀/-နှင့် အဋ္ဌမတန်းမေးခွန်းများယူဆောင်သွားခဲ့သည်။ တိုက်ပွဲဖြစ်သံကြားလျှင်ကြားချင်း အမှတ်(၅၂)ခြေလျင်တပ်ရင်းမှ တပ်စုတစ်စုကတပ်ရင်းမှ ထွက်ခွာလာရာ မေတ္တာကုန်းတွင် ကေအိုင်အေ ဖြတ်တောက်ရေးအဖွဲ့ အင်အား(၄၀)ခန့်နှင့်တိုက်ပွဲဖြစ်သည်။ ဤတွင် တပ်ရင်းမှ တပ်စု၁စုက စစ်ကူလိုက်ပြီး တိုက်ခိုက်ရာ ၂၀မိနစ်ခန့်အကြာတွင် ရန်သူများဆုတ်ခွာသွားသည်။ တိုက်ပွဲတွင် တပ်မတော် သား(၂)ဦး၊ ပြည်သူ့ရဲ(၇)ဦးကျဆုံးပြီး၊ တပ်မတော်သား(၂)ဦးဒဏ်ရာရကာ၊ ရန်သူ၂၅ဦးကျသည်။[၂]

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သည် **ဇွဲရဲမာန်**စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲရာ တိုင်းစစ်ဌာနချုပ်တိုက်ရိုက်ကွပ်ကဲမှုသောနယ်မြေ အင်ဂျန်းယန်၊ ဆွမ်ပရာဘွမ်၊ မချမ်းဘော၊ ပူတာအို၊ ခန္ဓီး၊ ဟုမ္မလင်း၊ ထမံသီဒေသများတွင် အမှတ်(၁၅)ခြေလျင်တပ်ရင်း၊ အမှတ်(၃၇)ခြေလျင်တပ်ရင်း၊ အမှတ်(၄၆)ခြေလျင်တပ်ရင်း၊ အမှတ်(၈၆)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၄)ခွဲစီ၊ အမှတ်(၃၈)ခြေလျင်တပ်ရင်း၊ အမှတ်(၅၂)ခြေလျင်တပ်ရင်း၊ အမှတ်(၉၈)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၅)ခွဲစီ၊ အမှတ်(၂) ချင်းသေနတ်ကိုင်တပ်ရင်းမှ တပ်ခွဲ(၂)ခွဲတို့ဖြင့်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကွပ်ကဲသော

---

၁ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၄ မှ ၃၀-၄-၈၄အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၄-၁၅

နယ်မြေမြို့သစ်၊ နားလုံ၊ ဗန်းမော်၊ လွယ်ကူယ်၊ မွန်ဘာပါ၊မန်စီ၊ စီခမ်းကြီး၊ ရွှေကူဒေသများတွင် အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄၇)ခြေလျင်တပ်ရင်း၊ အမှတ်(၅၆)ခြေလျင်တပ်ရင်း များမှတပ်ခွဲ(၄)ခွဲစီ၊ အမှတ်(၄၀)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၅)ခွဲတို့ဖြင့်လည်းကောင်း၊ အမှတ်(၂) စစ်ဗျူဟာအဖွဲ့ကွပ်ကဲသောနယ်မြေ ခိုဗွေ၊ တမူး၊ ရှင်ေါ်၊ လောခေါင်၊ ဆောလော၊ ဆိုင်လော၊ မန်တောင်၊ ဆဒုံးဒေသများ၌ အမှတ်(၂)ခြေလျင်တပ်ရင်း၊ အမှတ်(၂၉)ခြေလျင်တပ်ရင်း၊ အမှတ်(၃၄) ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၅)ခွဲစီ ၊ အမှတ်(၅၁)ခြေလျင်တပ်ရင်းမှ တပ်ခွဲ၂ခွဲ၊ အမှတ်(၅၈)ခြေလျင် တပ်ရင်းမှ တပ်ခွဲ(၄)ခွဲတို့ဖြင့်လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် အမှတ်(၁)စစ်ဗျူဟာ အဖွဲ့ကွပ်ကဲသောနယ်မြေလုံးတုံ၊ တောင်နီ၊ ဆားမော်၊ မော်ဟန်၊ နမွတီး၊ ၇၀၄မိုင်၊ အကျဲ၊ မိုးကောင်း၊ ဖားကန့်၊ ဟောင်ပါး၊ မော်လူး၊ အင်းတော်၊ မန်စီဒေသများ၌ အမှတ်(၂) ခြင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၈)ခြေလျင်တပ်ရင်း၊ အမှတ်(၂၇)ခြေလျင်တပ်ရင်း၊ အမှတ်(၃၆)ခြေလျင်တပ်ရင်း၊ အမှတ် (၃၇)ခြေလျင်တပ်ရင်း၊ အမှတ်(၉၃)ခြေလျင်တပ်ရင်း၊ အမှတ်(၉၈)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ၅ခွဲစီ၊ အမှတ်(၅၁)ခြေလျင်တပ်ရင်းမှ တပ်ခွဲ၃ခွဲတို့ဖြင့်လည်းကောင်း ရန်သူများ ကိုတိုက်ခိုက်ချေမှုန်းခဲ့သည်။ ထိုစစ်ဆင်ရေးတွင် တပ်မတော်မှ(၁၈၃)ဦးကျဆုံး၍၊ (၃၉၀)ဦးဒဏ်ရာရပြီး သောင်းကျန်းသူများဘက်မှ (၂၁၇)ဦးကျ၍ (၁၃၆)ဦးလက်ရဖမ်းမိကာ (၄၀၀)ဦးလက်နက်ချသည်။[၁]

၁၉၈၄ခုနှစ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏ စစ်ဆင်ရေး

ဗကပအရှေ့မြောက်စစ်ဒေသနှင့် ကေအိုင်အေတပ်မဟာ(၄)တို့သည် ယမန်နှစ်ကအတိုင်း ရှိနေကြပြီး၊ ပီအက်အယ်အေ ပလောင်သောင်းကျန်းသူတို့သည် တပ်ရင်း(၃)ရင်း အင်အား(၅၀၀)ဖြင့် ဟိုမိန်း၊ ပန်ဆွဲ၊ ထားချက်၊ မန်ကောင်း၊ ဟူးမန်း၊ ဟူးခင်၊ ငေါငါး၊ ယန်ကနိုက်၊အွိုက်လော၊ နားအော်၊ နမ့်ဆန်၊မြို့သစ်၊မိုင်းလုံ၊ကျောက်မဲဒေသများတွင် လှည့်လည်လှုပ်ရှားလျက်ရှိသည်။ အက်စ်အက်စ်အေ ရှမ်းသောင်းကျန်းသူစစ်ဒေသဌာနချုပ်တွင် အလင်းဝင်သွားသော စိုင်းလှအောင်၊ ကွယ်လွန်သူ ဆေးနွံတို့၏နေရာတွင် စိုင်းလိတ်(ကုလား) ကတာဝန်ယူလျက်ရှိပြီး ကောလိန္ဒဦးစီးသော တပ်မဟာ (၁)သည် တပ်ရင်း(၂)ရင်း အင်အား(၃၀၀)ဖြင့် မန်လီ၊ နမ့်လန်၊ မိုင်းတုံ၊ ခွန်ပန်၊ ကျိုင်းလွန်းဒေသ များတွင်လည်းကောင်း၊ စိုင်းနောင့်ဦးစီးသော တပ်မဟာ(၃)သည် တပ်ရင်း(၃)ရင်း အင်အား(၇၀၀)ဖြင့် ချုံသစ်၊ ချုံဟောင်း၊ ကျောက်မဲ၊ နမ့်ဆန်ကားလမ်းအရှေ့ခြမ်း၊ ဆိတ်ဖူး၊ လော်ပေါင်း၊ ဒေသတွင် လည်းကောင်း လှုပ်ရှားလျက်ရှိသည်။ အက်ယူအေ တောခိုလွယ်မော်အဖွဲ့၏ မြောက်ပိုင်းရှမ်းပြည်

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏၁-၁-၈၄ မှ ၃၁-၁၂-၈၄အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၂-၂၁၊ ၁၅-၂၄၊ ၁၇-၂၅

အုပ်စုသည် တပ်ရင်း(၈)ရင်း အင်အား(၆၄၀)ဖြင့် မုံးဟင်၊ မုံးဟ၊ မုံးတောင်း၊ မုံးမ၊ ဂင်္ဂါတောင်၊ လွယ်မော်၊ တန်ယန်းဒေသများတွင်ရှိနေကြသည်။[၁]

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သည် **ရဲမင်းအောင်**စစ်ဆင်ရေး ဆင်နွှဲလျက်ရှိရာ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ ကွပ်ကဲသောနယ်မြေ ကျောက်မဲ၊ သီပေါ်၊ မိုင်းခေး တောင်ကြောဒေသတွင် အမှတ်(၂၂)ခြေလျင်တပ်ရင်း၊ အမှတ်(၂၃)ခြေလျင်တပ်ရင်းသည်လည်းကောင်း အမှတ်(၂)စစ်ဗျူဟာအဖွဲ့ ကွပ်ကဲသောနယ်မြေ တန့်ယန်း၊ လွယ်ပန်လုံ၊ မန်ဖိန်း၊ ငှက်ကာ၊ မန်ကန်၊ ကန့်ကော်၊ မိုင်းရယ်၊ လွယ်အင်၊ နောင်ဖာ၊ နောင်လိုင်၊ မိုင်းကောင်၊ ကျူတန်ဆေး၊ ရန်အောင်ကုန်း၊ ပွိုင့်-၄၆၉၅ ညောင်ပင်ကုန်းဒေသများတွင် အမှတ်(၁၅)ခြေလျင်တပ်ရင်း၊ အမှတ်(၃၃)ခြေလျင်တပ်ရင်း၊ အမှတ်(၆၇)ခြေလျင်တပ်ရင်း၊အမှတ်(၇၉)ခြေလျင်တပ်ရင်းများသည်လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာအဖွဲ့ ကွပ်ကဲသောနယ်မြေ၊ လားရှိုး၊ နမ့စူး၊ ဘော်တွင်း၊ မုံးရင်၊ မန်ဆန်ရေကျ၊ မုံ့ကျပ်၊ မန်မတ်၊ မုံးယန်း၊ မုံးယော်၊ မုံးကျပ်၊ နားတီး၊ နမ်းဆလပ်၊ မန်းလင်၊ လွယ်တောက်ဒေသများတွင် အမှတ်(၄၁) ခြေလျင်တပ်ရင်း၊ အမှတ်(၆၈)ခြေလျင်တပ်ရင်း၊ အမှတ်(၆၉)ခြေလျင်တပ်ရင်းများသည်လည်းကောင်း အသီးသီး တိုက်ခိုက်လျက်ရှိသည့်အပြင်[၂] ရှေ့တန်းအမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်သည်လည်း မိုးမိတ်၊ နမ်ခန်း၊ မူဆယ်၊ မုံးယု၊ ကွတ်ခိုင်၊ မုံစီး၊ နားလယ်၊ကွမ်လုံ၊ ဟိုပန်၊ ပန်လုံဒေသတွင် နည်းဗျူဟာကွပ်ကဲမှုအဖွဲ့(၃)ဖွဲ့က ကွပ်ကဲလျက် တပ်ရင်း(၁၆)ရင်းဖြင့် စစ်ဆင်ရေးဝင်လျက်ရှိသည်။[၃] ဤစစ်ဆင်ရေးများတွင် တပ်မတော်မှ (၁၃၇)ဦးကျဆုံး၍ (၂၆၆)ဦးဒဏ်ရာရပြီး၊ သောင်းကျန်းသူများဘက်မှ (၄၀၅)ဦး ကျဆုံး၍ (၁၃၅)ဦးလက်ရဖမ်းမိကာ၊ (၁၀၅)ဦး လက်နက်ချခဲ့သည်။[၄]

၁၉၈၄ခုနှစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများ နှင့် တပ်မတော်၏စစ်ဆင်ရေး

ဗကပဗဟိုကော်မတီဌာနချုပ်သည် ပန်ဆန်းတွင်ပင် ဆက်လက်အခြေပြုလျက်ရှိရာ ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလခန့်တွင် အရှေ့တောင်အာရှကွန်မြူနစ်ဗျူရိုမှ ကြယ်ဝါစည်းရုံးရေးနှင့် နိုင်ငံရေးမှူး (၆)ဦးသည်၊ ဝမ်ဆော၊ ဝမ်ဖိုင်မှတစ်ဆင့် ပန်ဆန်းသို့ ရောက်ရှိလာပြီး၊ ထိုအဖွဲ့အပြန်တွင် ဗကပ တပ်မဟာ(၇၆၈)မှ ခွန်ရီငန်း၊ စစ်ဒေသ(၈၁၅)မှ လီရီချိုတို့အပါအဝင် ဗကပ(၃)ဦး လိုက်ပါသွားပြီး မေလ(၃၁)ရက်နေ့တွင် ဇင်းမယ်ခရိုင် ချိန်ဒေါင်းမြို့နယ်သို့ရောက်ရှိသည်။ အဆိုပါ ဗကပ(၃)ဦးသည်

၁ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၂ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ စစ်ဆင်ရေး သုံးသပ်ချက် ၁-၁-၈၄ မှ ၃၀-၄-၈၄အတွင်း အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ် မျက် ၂၀၀-၂၀၂

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ စစ်ဆင်ရေး သုံးသပ်ချက် ၁-၁-၈၄ မှ ၃၁-၁၂-၈၄အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် မျက် ၄၁-၄၉၊ ၂၀၂ ၅၁-၅၈၊ ၂၀၅၊ ၅၀-၅၅

လောနိုင်ငံ ဆာဝါနာခေးတွင် ရုရှားမှဦးစီးဖွင့်လှစ်မည့် အရှေ့တောင်အာရှကွန်မြူနစ်ဗျူရို ကေဒါ သင်တန်းသို့တက်ရောက်မည်ဖြစ်သည်။[၁] ဗကပဥက္ကဋ္ဌ ဗသိန်းတင်နှင့် ယမ်ကွမ်း (ခေါ်) တင်ရီတို့သည် တစ်ဖက်နိုင်ငံသို့ရောက်ရှိနေရာမှ ဗသိန်းတင်သည် ၁၉၈၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ရက်နေ့တွင် ပန်ဆန်းသို့လာရောက်ခဲ့ပြီး ၂၅ ရက်နေ့တွင် တစ်ဖက်နိုင်ငံသို့ပြန်သွားသည်၊ အက်စ်အက်စ်အေ ရှမ်းသောင်းကျန်းသူ စိုင်းလိတ် နှင့် လောင်ဖ တို့ဦးစီးသောအင်အား(၂၃)ဦးခန့်သည် ၁၉၈၃ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ပန်ဆန်းသို့ရောက်လာပြီး ဗကပနှင့် နှစ်ပါတီ ချစ်ကြည်မှုခိုင်မာရေး၊ နယ်မြေပိုင်းခြားသတ်မှတ်ရေး လက်နက်ခဲယမ်း၊ စစ်ဝတ်ပစ္စည်းထောက်ပံ့ရေး တို့ကိုဆွေးနွေးရာ ဗကပတို့က နှစ်ပါတီချစ်ကြည်မှုကို လက်ခံသော်လည်း လက်နက်ခဲယမ်း စစ်ဝတ်ထောက်ပံ့ရေးနှင့် ပတ်သက်၍မူ ဗကပတို့ကထောက်ပံ့ခြင်းမပြုနိုင်ဘဲ ရှမ်းသောင်းကျန်းသူနယ်မြေတွင်ဖြစ်ပွားသော တိုက်ပွဲများ၌ရရှိသည့် လက်နက်ခဲယမ်းများကိုသာ ရှမ်းသောင်းကျန်းသူအဖွဲ့သို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ဆွေးနွေးသဘောတူသည်။[၂] အမှန်မှာဗကပတို့အား တဖက်နိုင်ငံမှ ထောက်ပံ့မှုမှာ တစ်စတစ်စ လျော့နည်းလျက်ရှိလာပြီး လွန်ခဲ့သော တစ်နှစ်မှစ၍ လက်နက်များ မရတော့ဘဲ စစ်ဝတ်နှင့်ရိက္ခာများကို တစ်ဖက်နိုင်ငံမှ ဝယ်ယူခဲ့ရသည်။ ၁၉၈၃ခုနှစ် နောက်ပိုင်းတွင် တစ်ဖက်နိုင်ငံမှ စစ်ဝတ်ပစ္စည်းများ ထောက်ပံ့ခြင်းမပြုတော့ဘဲ ပန်ဆန်းအနီးတွင် သစ်ထုတ်လုပ်ပြီး တစ်ဘက်နိုင်ငံသို့ပို့ပေး၍ တစ်ဖက်နိုင်ငံမှ စစ်ဝတ်စုံချုပ်ရန် ပိတ်စများပြန်ပေးသည်။ ၁၉၈၂ခုနှစ် နောက်ပိုင်းတွင် တစ်ဖက်နိုင်ငံမှ ရိက္ခာဆန်ပို့ပေးမှုမှာ လျော့နည်းလာပြီး ပတ်ဝန်းကျင်ရှိရွာများမှ ဆန်များစုဆောင်းထုတ်ဝေပေးခဲ့ရသည်။ လက်နက်ငယ်ကျည်များကို ပန်ဆန်း၏အရှေ့ဘက်ဘမိုင်ခန့်အကွာရှိ စက်ရုံမှထုတ်လုပ်ပေးပြီး ပန်ဆန်းနှင့်ကျည်ဆံစက်ရုံ အကြားတွင် အသံလွှင့်ရုံရှိသည်။ ၁၉၈၅ ခုနှစ်တွင် တစ်ဖက်နိုင်ငံနှင့် ချုပ်ဆိုသော စာချုပ်သက်တမ်းပြည့်တော့မည်ဖြစ်သည်။ သို့ဖြစ်၍ ဗကပပြည်လုံးကျွတ်အစည်းအဝေးကို ပန်ဆန်း၌ ၁၉၇၄ခုနှစ် နိုဝင်ဘာလ ၅ရက်မှ ၂၅ရက်နေ့အထိကျင်းပရာအဆိုပါအစည်းအဝေးတွင် ၁၉၈၅ ခုနှစ်အကုန်၌ တစ်ဖက်နိုင်ငံမှ အကူအညီရတော့မည်မဟုတ်၍ မိမိဘာသာမိမိရပ်တည်နိုင်အောင်ကြိုးပမ်းရန်၊ တစ်ဖက်နိုင်ငံမှ လက်နက်ပစ္စည်း၊ စစ်ဝတ်တန်ဆာတို့ကို ဝယ်ရမည်ဖြစ်၍ ငွေကြေးလုံလောက်အောင်ရှာဖွေရန်၊ ဗကပတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်ခြင်းကို ခွင့်မပြုဘဲ အဖွဲ့အစည်းအနေဖြင့်သာ စီးပွားရှာဖွေရန်တို့ကို ဆွေးနွေးပြီး အောက်ခြေသို့ချပြသည်။ ၁၉၈၀ပြည့်နှစ်၊ ဗကပတပ်မဟာ(၈)ကို ဖျက်သိမ်းစဉ်က ထွက်ခွင့်ပေးထားသူများကို ပြန်ခေါ်၍လည်း တပ်ရင်းအသစ်(၆၀၆)အားဖွဲ့စည်းရာ စတင်ဖွဲ့စည်းချိန်က အင်အား(၁၂၀)ခန့်ရှိသော်လည်း ထွက်ပြေးသူများ

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၅-၈၄ မှ ၃၀-၈-၈၄အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၆၁

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၁-၈၄ မှ ၃၀-၄-၈၄အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၅၄

ရှိ၍ အင်အား(၈၀)ခန့်သာကျန်တော့သည်။[၁] ဗကပတို့၏အင်အားမှာ ဗဟိုတွင်(၅၇၀)ရှိပြီး၊ တပ်မ(၄၈) သည်တပ်ရင်း(၇)ရင်းအင်အား(၁၈၁၀)ဖြင့်မော်ဖတွင်လည်းကောင်း၊ တပ်မ(၆၈)သည်တပ်ရင်း(၆)ရင်း အင်အား(၁၂၃၀)ဖြင့် မိုင်းပေါက် သံလွင်အနောက်ခြမ်း၊ မိုးနဲ၊ မောက်မယ်၊ ပြည်ထောင်စုကားလမ်း၊ တောင်ခြမ်းတွင်လည်းကောင်း၊ တပ်မဟာ(၇၆၈)သည် တပ်ရင်း(၃)ရင်း အင်အား(၉၂၀)ဖြင့်ဆီလူးတွင် လည်းကောင်း၊ (၈၀၅)တပ်ဖွဲ့(ခေါ်)အလယ်ပိုင်းဗျူရိုသည် တပ်ရင်း(၅)ရင်းအင်အား(၉၂၅)ဖြင့်သံလွင် အနောက်ခြမ်း၊ ပြည်ထောင်စုကားလမ်းတောင်ခြမ်း၊ မြောက်ခြမ်းတွင်လည်းကောင်း အသီးသီး လှုပ်ရှားလျက်ရှိသည်။ ရလဖ(အနီ)ပအို့ဝ်အဖွဲ့သည်တပ်ရင်း(၇၆၁၀)အင်အား(၃၀၅)ဦးဖြင့် ဆီဆိုင်၊ မောက်မယ်၊ ကဒူးကြီး၊ ကဒူးလေး၊ ရှမ်း၊ ကယားပြည်နယ်အစပ်တွင်ရှိနေကြပြီး အက်စ်အက်စ်အေ ရှမ်းသောင်းကျန်းသူတို့၏ တပ်မဟာ(၂)သည် တပ်ရင်း(၅)ရင်း အင်အား(၉၄၀)ဖြင့် မန်လီ၊ မိုင်းတုံ၊ ကျိုင်းလွန်း၊ ကျေးသီး၊ ကွန်ဟိန်း၊ ကျိုင်းတောင်း၊ကျိုင်းခမ်းဒေသများတွင်ရှိကြပြီး ကျန်သောင်းကျန်းသူ အဖွဲ့များမှာ ယခင်အတိုင်းပင်ရှိသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် **လေးမာရဲအောင်** စစ်ဆင်ရေးနှင့် **မိုးဟိန်း**အဆင့် (၈)စစ်ဆင်ရေးများဆင်နွှဲလျက်ရှိရာ ရှေ့တန်းအမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်မှ တိုက်ရိုက်ကွပ်ကဲ လျှက် ကျိုင်းတုံ၊ ဝမ်ကျင်း၊ ဆန်တောက်၊ မိုင်းဖြတ်၊ ဝမ်တာပင်း၊ မိုင်းပေါင်း၊ မိုင်းတင်း၊ လန်းဆက်၊ ပါလျှိုး၊ ကျိုင်းလတ်နယ်မြေများတွင် အမှတ်(၅)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁)ကယား သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၁)ခြေလျင်တပ်ရင်း၊ အမှတ်(၁၂)ခြေမြန်တပ်ရင်း၊ အမှတ်(၁၃)ခြေမြန်တပ်ရင်း၊ အမှတ်(၂၀)ခြေမြန်တပ်ရင်းတို့သည်လည်းကောင်း၊ အမှတ်(၈၈၁)နည်းဗျူဟာအဖွဲ့က ကွပ်ကဲလျက် မိုင်းယောင်း၊ ဝမ်ဟိုရမ်း၊ ကော်ဟိုလွယ်၊ ထင်းရှူးတောင်၊ မိုင်းယုနယ်မြေများတွင် အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁)ဗမာ့သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၄)ခြေလျင် တပ်ရင်းတို့သည်လည်းကောင်း၊ အမှတ်(၈၈၃)နည်းဗျူဟာအဖွဲ့ကကွပ်ကဲလျက်မိုင်းခတ်၊ လွယ်မွေ၊ ပန်မကောက်၊ မိုင်းနှဲ့၊ မိုင်းယန်း၊ မိုင်းလွေ၊ မိုင်းညှင်းနယ်မြေတွင် အမှတ်(၁)ချင်းသေနတ်ကိုင် တပ်ရင်း၊ အမှတ်(၆) ဗမာ့သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၅)ခြေလျင်တပ်ရင်းတို့သည်လည်းကောင်း ရန်သူများကိုတိုက်ခိုက် ချေမှုန်းလျက်ရှိ၍ အမှတ်(၁)စစ်ဗျူဟာအဖွဲ့မှကွပ်ကဲလျက် အမှတ်(၄)ချင်း သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄၃)ခြေလျင်တပ်ရင်း၊ အမှတ်(၄၉)ခြေလျင်တပ်ရင်း၊ အမှတ်(၆၅) ခြေလျင်တပ်ရင်းများသည်မိုင်းဆတ်၊ မိုင်းတွန်း၊ မိုင်းပုကြီး၊ မိုင်းတုံ၊ ပုံပါကျင်ဒေသများတွင် တိုက်ခိုက်လျက်ရှိသည်။

ရှေ့တန်းအမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်သည်လည်း အမှတ်(၇၇၁)နည်းဗျူဟာအဖွဲ့ကကွပ်ကဲလျက် ပွိုင့်-၅၇၁၀၊ မက်မမ်း၊ ပန်းခူး၊ ဌက်ယောင်းဒေသများတွင် အမှတ်(၁၀၅)ခြေမြန်တပ်ရင်း၊

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၄ မှ ၃၁-၁၂-၈၄အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၅၄၊၅၉-၆၀

အမှတ်(၁၀၇)ခြေမြန်တပ်ရင်းများဖြင့်လည်းကောင်း၊ အမှတ်(၇၇၃)နည်းဗျူဟာက ကွပ်ကဲလျက် ကျေးသီး၊ ခမ်းဖုံ၊ ကောင်းတလက်၊ မိုင်းလင်း၊ နောင်တောက်၊ ကျိုင်းလွန်း၊ တင်မောက်၊ မုန်းခွန်၊ လွယ်ခေး၊ နောင်လုံ၊ နောင်ဝိုး၊ မိုင်းရှူး၊ လဲချား၊ အင်တော၊ ကျောက်ဂူဒေသများတွင် အမှတ်(၁)ရှမ်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂)ခြေလျင်တပ်ရင်း၊ အမှတ်(၈)ခြေလျင်တပ်ရင်း၊ အမှတ်(၆၄)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၁)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၂)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၆)ခြေမြန်တပ်ရင်းများဖြင့်လည်းကောင်း စစ်ဆင်ရေးဆင်နွှဲလျက်ရှိသည်။

ရှေ့တန်းအမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်ကလည်း တစ်ချိန်တည်းမှာပင် အမှတ်(၅၅၂)နည်းဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် မိုးနဲ၊ မိုင်းစစ်၊ ကုန်းယောင်း၊ ဟိုပုန်း၊ မဲနယ်တောင်၊ ကဒူးကြီး၊ ကဒူးလေး၊ မိုင်းပြင်း၊ လက်သဲဒေသများတွင် အမှတ်(၅၅)ခြေလျင်တပ်ရင်း၊ အမှတ်(၁၁)ခြေမြန်တပ်ရင်း၊ အမှတ်(၁၆)ခြေမြန်တပ်ရင်း၊ အမှတ်(၁၇)ခြေမြန်တပ်ရင်းများသည်လည်းကောင်း၊ အမှတ်(၅၅၁)နည်းဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် ပင်လောင်း၊ အင်းနီ၊ အင်းဒေသ၊ မိုးပြဲ၊ ဖယ်ခုံ၊ ရွှေချောင်း၊ ကီတင်းဒေသများတွင် အမှတ်(၉၄)ခြေလျင်တပ်ရင်း၊ အမှတ်(၁၄)ခြေမြန်တပ်ရင်း၊ အမှတ်(၁၈)ခြေမြန်တပ်ရင်းတို့သည်လည်းကောင်း တိုက်ပွဲဝင်လျက်ရှိကြသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ကွပ်ကဲမှုဖြင့် အမှတ်(၅၄)ခြေလျင်တပ်ရင်း၊ အမှတ်(၇၂)ခြေလျင်တပ်ရင်း၊ အမှတ်(၇၃)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၂)ခြေလျင်တပ်ရင်းတို့သည် လွိုင်ကော်၊ ဖရူးဆိုး၊ ဒီမောဆိုး၊ လောပိတ၊ ဘော်လခဲ၊ ဖါးဆောင်း၊ မဲစဲနယ်၊ မော်ချိုး၊ထီးထဒေသများ၌ စစ်ဆင်လျှက်ရှိသည်။[၃] ယင်းစစ်ဆင်ရေးများအတွင်း တပ်မတော်မှ(၂၈၄)ဦးကျဆုံး၍(၇၃၆)ဦးဒဏ်ရာရကာ သောင်းကျန်းသူများဘက်မှ (၉၁၈)ဦးကျပြီး(၁၅၄)ဦးဖမ်းမိကာ(၃၉၆)ဦး လက်နက်ချသည်။[၂]

၁၉၈၄ခုနှစ်အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

ကေအင်ယူဗဟိုသည် မာနယ်ပလောတွင်ရှိ၍ တပ်မ(၁)စစ်ဌာနချုပ်သည် မဲသဝေါစခန်းတွင်ရှိရာ ၁၉၈၄ခုနှစ်၊ ဇန်နဝါရီလ၁၀ရက်နေ့တွင် ဗိုလ်မြသည် မဲပလီဘက်မှ ဆင်များအား မဲသဝေါသို့ခေါ်ယူ၍ သစ်များဆွဲကာ မဲသဝေါစခန်းကိုသစ်လုံးများဖြင့်ခံစစ်ပြင်ခဲ့သည်။ ဇန်နဝါရီလ၂၁ရက်နေ့တွင်တပ်မတော်စစ်ကြောင်းများက မဲသဝေါကိုတိုက်ခိုက်သည်။ ရှေ့တန်းအမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီးတင်အေး ခေါင်းဆောင်သော အမှတ်(၄၄၃)နည်းဗျူဟာကွပ်ကဲမှုအဖွဲ့၊ အမှတ်(၄)ခြေမြန်တပ်ရင်းမှ စစ်ကြောင်း(၁)ဌာနချုပ်နှင့် တပ်ခွဲ(၃)ခွဲ၊ အမြောက်တပ်စုဝစု၊ အမှတ်(၃)ခြေမြန်

---

၃ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၄ မှ၃၁-၁၂-၈၄အတွင်း အရှေ့ပိုင်းတိုင်းစစ်ဆင်ရေး သုံးသပ်ချက် မျက် ၈၆၊ ၁၀၂ နှင့် ၉၇

တပ်ရင်း၊ အမှတ်(၇)ခြေမြန်တပ်ရင်း၊ အမှတ်(၈)ခြေမြန်တပ်ရင်း၊ အမှတ်(၉)ခြေမြန်တပ်ရင်းများသည် ကေအင်ယူတပ်မ(၁)ဌာနချုပ် မဲသဝေါစခန်းကို ဇန်နဝါရီလ ၂၂ရက်နေ့မှစတင်၍ ခြိုတက်တိုက်ခိုက်သည်။ လက်နက်ကြီးပစ်ကူဖြင့် ဝိုင်းပတ်တိုက်ခိုက်ရာ ဇန်နဝါရီ ၂၈ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် မဲသဝေါစခန်းကို သိမ်းပိုက်ရခဲ့သည်။ ထိုတိုက်ပွဲတွင် တပ်မတော်မှ(၁၁)ဦးကျဆုံးကာ(၆၂)ယောက် ဒဏ်ရာရပြီးရန်သူအလောင်း(၃၄)လောင်း၊ ပြိုင့်၂၂ပစ္စတို၁၊ ခြောက်လုံးပြူး၁လက်၊ အမ်(၁၆)(၈)လက်၊ အမ်(၂၂)(၁)လက်၊ ဘီအေ(၆၃)(၁)လက်၊ ရိုင်ဖယ်(၃)လက်၊ တစ်လုံးထိုးသေနတ်(၁)လက်၊ အမ်(၇၉)လောင်ချာ(၂)လက်၊ အမ်(၇၂)လောင်ချာ(၁၅)လက်၊ ဘရောင်နီစက်လတ်(၁)လက်၊ ၄၀မမ ဒုံးပစ်လောင်ချာ(၁)လက်၊ ၃. ၅လောင်ချာ၁လက်၊ ကျည်မှိုးစုံ(၇၁၄၁၆)တောင့်၊ မိုင်း၁၄၈လုံး၊ ဗုံးသီးမှိုးစုံ ၄၁၅လုံး၊ ဆက်သွယ်ရေးစက်၅လုံး၊ ဆိုင်ကယ်၄စီး၊ ကား၃၉စီး၊ မီးစက်၂လုံး၊ ၅၇မမ(၁)လက်တို့ သိမ်းဆည်းရမိသည်။[၁] ဝိုလ်မြသည် မဲသဝေါစခန်းအားတိုက်ခိုက်ချိန်တွင် တပ်မဟာ(၇)မှ စစ်ကြောင်း(၂)တပ်မှူးကျော်တုတုအားစစ်ကြောင်းများ၏အရှေ့ဘက် စစ်မျက်နှာမှတိုက်ခိုက်ပေးရန် လှိုင်းဘွဲ့၊ ဖားအံမြို့များကို မီးရှို့ရန် အကြိမ်ကြိမ် တိုက်တွန်းခဲ့သော်လည်း ကျော်တုတုသည် မစွမ်းနိုင်ခဲ့ချေ။ မဲသဝေါတိုက်ပွဲတွင် လက်နက်ကြီးကျည်လျှောနည်းနေ၍ ချွေတာပစ်ရန်ဗဟိုမှညွှန်ကြားသည်။ ဖေဖော်ဝါရီ ၁၁ ရက် နှင့် ၁၂ ရက်နေ့များတွင် မဲထရီစခန်းကို တပ်မတော်က ပစ်ခတ်တိုက်ခိုက်ပြီး[၂] ၁၈ ရက်နေ့တွင် အမှတ်(၁၉)ခြေလျင်တပ်ရင်းမှ တပ်ရင်းမှူးဦးစီးသောစစ်ကြောင်း ၁ ဌာနချုပ် နှင့် တပ်ခွဲ၃ခွဲသည် ကေအင်ယူ တပ်ရင်း(၂၀)ဌာနချုပ်ခိုကြာခိုစခန်းကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။[၃]

ကေအင်ယူများ၏ အင်အားမှာ ဖာပွန်ခရိုင်အုပ်ချုပ်ရေးအဖွဲ့သည် အင်အား(၆၀)ဦး၊ သထုံခရိုင်အုပ်ချုပ်ရေးအဖွဲ့သည်အင်အား(၁၅၆)ဦး၊ ဘားအံခရိုင်အုပ်ချုပ်ရေးအဖွဲ့သည်အင်အား(၁၁၂)ဦး၊ ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးအဖွဲ့သည်အင်အား(၈၀)ဦး၊ မြိတ်-ထားဝယ်ခရိုင်အုပ်ချုပ်ရေးအဖွဲ့သည် အင်အား(၈၅)ဦး၊ တပ်မ(၁)ဌာနချုပ်သည်အင်အား(၈၀)ဦး၊ တပ်ရင်း(၁၀၁)သည် အင်အား(၄၁၅)ဦး၊ ဗဟိုလုံခြုံရေးတပ်ခွဲသည် အင်အား(၃၀၀)ဦးစသည်ဖြင့်ရှိကြပြီး တပ်မဟာ(၁)သည်အင်အား(၄၁၂)ဦးဖြင့် ဘီးလင်း၊ ကျိုက်ထို၊ သထုံ၊ ပေါင်၊ ဘားအံတို့တွင်လည်းကောင်း၊ တပ်မဟာ(၆)သည် အင်အား(၈၂၆)ဦးဖြင့် ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မြိတ်၊ တနင်္သာရီဘုတ်ပြင်းတို့တွင်လည်းကောင်း၊ တပ်မဟာ(၇)သည် အင်အား(၁၅၄၁)ဦးဖြင့် ဘားအံ၊ လှိုင်ဘွဲ့၊ ဖာပွန်တို့တွင်လည်းကောင်း လှုပ်ရှားလျက်ရှိသည်။

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၄ မှ ၃၀-၄-၈၄အတွင်း အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၁၆၅-၁၆၆

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၄ မှ ၃၀-၄-၈၄အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၉၃

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၄ မှ ၃၀-၄-၈၄အတွင်း အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၁၆၅

မွန်ပြည်သစ်အဖွဲ့၏ဗဟိုသည် ဘုရားသုံးဆူတွင်ရှိပြီး၊ နိုင်ရွှေကျင်အုပ်စုသည် အင်အား (၁၇၄)ဦးဖြင့်လည်းကောင်း၊ နိုင်ဆိတ်နို့အုပ်စုသည် အင်အား(၄၀၅)ဦးဖြင့် လည်းကောင်း၊ ကြာအင်းဆိပ်ကြီး၊ ရေတို့တွင်ရှိနေကာဗကပတနသ်ာရီစစ်ဒေသဌာနချုပ်သည်အင်အား(၈)ဦးဖြင့် ဆာရဝါ ချောင်းဖျား၌ရှိနေပြီး၊ ခရိုင်အုပ်စုများသည် အင်အား(၁၀၇)ဦးဖြင့် ထားဝယ်၊ သရက်ချောင်း၊ လောင်းလုံဒေသများ၌ရှိကြသည်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ်သည် ၁၉၈၄ခုနှစ်၊ တစ်နှစ်ပေါက်လုံး **ဇွဲအောင်စစ်ဆင်ရေး** ကိုဆင်နွှဲလျက်ရှိပြီး၁၉၈၄ခုနှစ်၊ဩဂုတ်လအထိ**ရန်ငြိမ်းအောင်စစ်ဆင်ရေးကိုဆင်နွှဲပြီး**စက်တင်ဘာလ မှ နှစ်ကုန်သည့်အထိ **ရန်တိုင်းအောင်စစ်ဆင်ရေးကိုဆင်နွှဲခဲ့သည်။** ဤသို့ဆင်နွှဲရာတွင် တိုင်းစစ်ဌာနချုပ်တိုက်ရိုက်ကွပ်ကဲသော မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ ကျိုက်မရော၊ ကြာအင်းဆိပ်ကြီးနှင့်ချောင်းဆုံမြို့နယ်များတွင်အမှတ်(၃၁)ခြေလျင်တပ်ရင်း၊အမှတ်(၃၂)ခြေလျင်တပ်ရင်း၊ အမှတ်(၆၁) ခြေလျင်တပ်ရင်း၊ အမှတ်(၆၂)ခြေလျင်တပ်ရင်း၊ အမှတ်(၂၀၂)တိုင်းအရန်တပ်ခွဲ၊ အမှတ်(၃၀၃)တိုင်းအရန်တပ်ခွဲတို့သည်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုနယ်မြေ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်မြို့နယ်များတွင် အမှတ်(၂၄)ခြေလျင်တပ်ရင်း၊ အမှတ်(၃၂)ခြေလျင်တပ်ရင်း၊ အမှတ်(၆၁)ခြေလျင်တပ်ရင်း၊ အမှတ်(၉၆)ခြေလျင်တပ်ရင်းတို့သည်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုနယ်မြေ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်မြို့နယ်များတွင် အမှတ်(၂၄)ခြေလျင်တပ်ရင်း၊ အမှတ်(၆၂)ခြေလျင်တပ်ရင်း၊ အမှတ်(၉၆)ခြေလျင်တပ်ရင်း၊ အမှတ်(၇၀)ခြေလျင်တပ်ရင်း၊ အမှတ်(၇၆)ခြေလျင်တပ်ရင်းများသည်လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာအဖွဲ့ ကွပ်ကဲမှုနယ်မြေ ထားဝယ်၊ သရက်ချောင်း၊ လောင်းလုံ၊မြိတ်အရှေ့ အနောက်၊ တနသ်ာရီ၊ ကော့သောင်မြို့နယ်များတွင် အမှတ်(၁၇)ခြေလျင်တပ်ရင်း၊ အမှတ်(၂၅)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၁)ခြေလျင် တပ်ရင်း၊ အမှတ်(၄၀၄)တိုင်းအရန်တပ်ခွဲတို့သည်လည်းကောင်း ပါဝင်တိုက်ခိုက်ခဲ့ကြသည်။

ထို့ပြင်ရှေ့တန်းအမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်မှ နည်းဗျူဟာ၂ခုနှင့်တပ်ရင်းစရင်းတို့သည်လည်းပါဝင်တိုက်ခိုက်ခဲ့သည့်ပြင် ၁၉၈၄ခုနှစ်၊ အောက်တိုဘာလတွင် ရွှေဝွန်း၌ ရှေ့တန်းဌာနချုပ်ဖွင့်လှစ်ခဲ့သော အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်မှ တပ်ရင်း(၈)ရင်းသည်လည်း သံလွင်အနောက်ခြမ်း၊ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်နှင့် ဖာပွန်အနောက်ခြမ်းနယ်မြေများတွင် ထိုးစစ်ဆင်ခဲ့ကြသည်။ အဆိုပါစစ်ဆင်ရေးတွင် တပ်မတော်မှ (၆၆၁)ဦးကျဆုံး၍(၂၂၈၆)ဦးဒဏ်ရာရကာ သောင်းကျန်းသူများဘက်မှ (၃၆၉)ဦးကျ၍(၆၉)ဦးလက်ရဖမ်းမိကာ(၁၀၈)ဦးလက်နက်ချသည်။[၃]

---

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၄ မှ ၃၁-၁၂-၈၄အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၁၁၀-၁၁၈၊၁၂၅-၁၃၄၊၁၂၇-၁၂၉

၁၉၈၄ခုနှစ်အတွင်း၊ ရန်ကုန်တိုင်း၊ အနောက်တောင်တိုင်း၊ အနောက်ပိုင်းတိုင်း၊ အနောက်မြောက်တိုင်း နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေများအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏ စစ်ဆင်ရေးများ

ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌ နယ်မြေလုံခြုံရေးအတွက် **အောင်မိုး**စစ်ဆင်ရေးကိုဆက်လက်ဆင်နွှဲရာ ပထမ(၄)လပတ်အတွင်း၌ ကေအင်ယူသောင်းကျန်းသူအဆက်အနွယ်များကို ဖမ်းဆီးရမိခြင်းမှတစ်ပါးအခြားထူးခြားသော လှုပ်ရှားမှုမရှိခဲ့ချေ။ အနောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင်လည်း နယ်မြေစိုးမိုးရေးဒေသန္တရစစ်ဆင်ရေးကိုသာ ဆက်လက်ဆင်နွှဲခဲ့သည်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်း၌ သောင်းကျန်းသူများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ ပြေးဝင်ခိုအောင်းလျက်ရှိနေကြ၍ **မည်ဝတီ**စစ်ဆင်ရေးကိုပင်ဆက်လက်ဆင်နွှဲခဲ့ရာ တပ်မတော်မှထိခိုက်ဆုံးရှုံးမှုလုံးဝမရှိဘဲသောင်းကျန်းသူ(၁)ဦးကို လက်ရဖမ်းဆီးမိပြီး၊ (၁၆)ဦးအလင်းဝင်ခဲ့သည်။[၁] အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင်လည်း ဒေသခံသောင်းကျန်းသူများမရှိဘဲ၊ တစ်ခါတစ်ရံကျူးကျော်ဝင်ရောက်လာလေ့ရှိသော သောင်းကျန်းသူများကို **နဂါးမင်း**စစ်ဆင်ရေးဖြင့် တိုက်ခိုက်နှိမ်နင်းရာ တပ်မတော်မှ (၆)ဦးကျဆုံး၍ (၄)ဦးဒဏ်ရာရရှိကာ သောင်းကျန်းသူ(၁၉)ဦးကျဆုံး၍၊ (၅)ဦးဖမ်းဆီးမိပြီး၊ (၉)ဦးလက်နက်ချခဲ့သည်။[၂]

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင်မူ ကေအင်ယူသောင်းကျန်းသူများ ပြန်လည်ခေါင်းထောင်ပြီး အရှိန်အဟုန်ရလာကြောင်းတွေ့ရသည်။ ကေအင်ယူတပ်မဟာ(၁)သည် ခိုကြာခိုတွင်ဌာနချုပ်ထားရှိပြီးအင်အား(၆၁၀)ဖြင့်ဖာပွန်၊ မဲဝိုင်၊ ဝင်းမောင်းဒေသတွင်လည်းကောင်း၊ တပ်မဟာ(၂)သည် အင်အား(၂၁၅)ဦးဖြင့် ဘူဆာခြီး၊ ဖူးခီးဒေသတွင်လည်းကောင်း၊ တပ်မဟာ(၃)သည် လေကော်ဒိုးတွင်အခြေစိုက်ပြီး အင်အား(၅၇၅)ဦးဖြင့် လေကော်ဒိုး၊ နွားလေခို၊ မူသဲ၊ ဗျက်ကောပု၊ တောင်ခြမ်းတွင်လည်းကောင်း၊ တပ်ရင်း(၂၀)မှ တပ်ခွဲ(၂)သည် အင်အား(၃၇၀)ဦးဖြင့် ဗျက်ကောပု၊ ထီးမူခီးတို့တွင်လည်းကောင်းရှိနေရာ[၃] လှရွှေဦးစီးသော ဗျက်ကောပု ဒေသခံကာကွယ်ရေးတပ်ရင်း(၂၀)မှ တပ်ခွဲ(၂)၊ ကာကွယ်ရေးတပ်ရင်း(၁) အသေခံတပ်ဖွဲ့တို့သည် ဗျက်ကောပု၊ ဆေးဒေး၊ ပလတ်ခိုတောင်တန်း၊ လွယ်မူပလော၊ စောမူပလောတစ်ဝိုက်၌ လှုပ်ရှားလျက်ရှိသည်။ ကေအင်ယူတို့သည်ထီးမူခီး၊ စောမူပလောနှင့် ပွိုင့်-၄၆၂၉တို့တွင် အခြေခံအခိုင်အမာစခန်းများချထားရာပွိုင့်-၄၆၂၉တွင်အင်အား(၆၀)ခန့်နှင့် ၅၇မမ(၁)လက်၊ ထီးမူခီးတွင် အင်အား(၇၀)ခန့်နှင့် ၅၇မမ တစ်လက်၊

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၄ မှ ၃၁-၁၂-၈၄အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက်-၁၃၂၁၁၄၈၊၁၄၀

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၄ မှ ၃၁-၁၂-၈၄အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက်

၃ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

စာမမ(၁)လက်ရှိရာမှ ထီးမူခီးစခန်းတွင် အင်အား(၁၅၀)ခန့်အထိ ထပ်ဖြည့်ထားကြောင်းသိရသည်။[၁]

၁၉၈၄ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ဒုတိယဗိုလ်မှူးကြီးအေးကိုဦးစီးသော အမှတ်(၅၃) ခြေလျင်တပ်ရင်း၊ အမှတ်(၅၉)ခြေလျင်တပ်ရင်းတို့မှ ပူးပေါင်းတပ်ခွဲ(၄)ခွဲသည် အင်အား(၇၀)ခန့် ရှိသောကေအင်ယူ ပွိုင့်-၄၆၂၉ စခန်းအား တိုက်ခိုက်သည်။ ဒုတိယဗိုလ်မှူးကြီး အေးကိုဦးစီးသည့် အမှတ်(၅၉)ခြေလျင်တပ်ရင်း၊ စစ်ကြောင်း(၁)ဌာနချုပ်နှင့် ပူးပေါင်းတပ်ခွဲ ၁ ခွဲသည်(ကြူဘီ-၆၄၃၁) တွင် ခြေကုပ်ယူထားပြီး ပစ်ကူပေးကာ တပ်ခွဲမှူးဦးစီးသော တပ်စု ၄ စုက စခန်းအားအနီးကပ် တိုက်ခိုက်သည်။ စခန်းရှိရန်သူတို့ကလည်း အပြင်းအထန် ခုခံသည်။ ပွိုင့်-၄၆၂၉ကို စစ်ကူပေးရန် စောမူ ပလောဘက်မှ ကေအင်ယူကာကွယ်ရေးအင်အား ၂၀ခန့်သည် ပွိုင့်-၄၃၄၄တွင် ခြေကုပ်ယူထားသော ဗိုလ်မှူးကြီးရွှေဦးစီးသည့် စစ်ကြောင်း ၂ တပ်စု ၅စုနှင့်တွေ့ဆုံ၍ နာရီဝက်ခန့်တိုက်ပွဲဖြစ်ပြီး၊ ကေအင်ယူတို့ဆုတ်ခွာသည်။ ပွိုင့်-၄၆၂၉စခန်းသည် ခြံစည်းရိုး ၂ ထပ်ပတ်လည်တွင် မိုင်းကွင်းချထားပြီး ခေါင်ကတုတ်ဘန်ကာများမှ ၅၇မမ နှင့် အပြင်းအထန်ခုခံ၍ တပ်မတော်တပ်ဖွဲ့ နောက်သို့ဆုတ်ခွာပြီး၊ ရန်သူကိုရင်ဆိုင်ထားသည်။ တပ်မတော်မှ ၁ ဦးကျဆုံးပြီး၊ အရာရှိ ၁ ဦး အပါအဝင်(၁၄)ဦးနှင့် အရပ်သားဝန်ထမ်း(၄)ဦးဒဏ်ရာရပြီး ရန်သူ့ဘက်မှ ၁၀ဦးကျသည်။

တစ်ဖန် မတ်လ ၂၅ ရက်နေ့တွင် အမှတ်(၅၃)ခြေလျင်တပ်ရင်းမှ စစ်ကြောင်း(၂)မှူး ဗိုလ်မှူးကြီးရွှေ ဦးစီးသော တပ်စု(၅)စုသည် ထီးမူခီးစခန်းအား စာမမ၊ ၆၀မမပစ်ကူများဖြင့် အနောက်မျက်နှာစာမှချဉ်းကပ်တိုက်ခိုက်ပြန်သည်။ ရန်သူအင်အား(၁၀၀)ခန့်က အပြင်းအထန်ခုခံပြီး၊ စခန်းပတ်လည်တွင် မိုင်းကွင်းများခင်းကျင်းထား၍ တပ်မတော်မှ အထိအခိုက်များလာကာ မူလ အခြေပြုနေရာသို့ ဆုတ်ခွာလာပြီး ရန်သူကိုရင်ဆိုင်ထားသည်။ တိုက်ပွဲတွင်တပ်မတော်မှ (၁၇)ဦးနှင့် ဝန်ထမ်း(၂)ဦး ဒဏ်ရာရသည်။ တဖန်၈ပြီ၉ရက်နေ့တွင် ဗိုလ်မှူးကြီးရွှေဦးစီးသော စစ်ကြောင်း(၂) ဌာနချုပ်နှင့် တပ်စုငစုသည် ထီးမူခီးစခန်းကို အနောက်ဘက် နှင့် မြောက်ဘက်မှ ချဉ်းကပ်တိုက်ခိုက်ပြန်ရာရန်သူက ၅၇မမ၊ စာမမ၊ ၇၀မမ၊ ၃.၅လောင်ချာ၊ အမ်-၇၂၊ အမ်၇၉ စသည့်တို့အပါအဝင် လက်နက်ငယ်များဖြင့် အပြင်းအထန်ခုခံပစ်ခတ်ပြီး၊ ပွိုင့်-၄၆၄၆မှ လည်း၅၇မမ၊စာမမတို့ဖြင့်ပစ်ကူ၍ နောက်ဆုတ်ကာ ရန်သူကိုရင်ဆိုင်ထားသည်။ တပ်မတော်မှ ၈ပြီလ၉ရက်၊ ၁၀ရက်၊ ၁၁ရက်၊၁၂ရက် နေ့များတွင်လည်းကောင်း၊ ၈ပြီလ ၂၉၊ ၃၀ရက်နေ့များတွင်လည်းကောင်း အကြိမ်ကြိမ်ထပ်မံတိုက်ခိုက်သော်လည်း ထီးမူခီးစခန်းကို မသိမ်းပိုက်နိုင်ခဲ့။ ၈ပြီလ ၉ ရက်နေ့တွင်မူ ထီးမူခီးအောက်စခန်းအား သိမ်းပိုက်ရရှိသည်။[၂] ဇူလိုင်လ၁၂ရက်နေ့တွင် **အောင်ကေတု**စစ်ဆင်ရေးအဆင့်(၈)ဖြင့် ထီးမူခီးစခန်းအားဝင်ရောက်သိမ်းပိုက်ရှင်းလင်းနိုင်ခဲ့သည်။ ကေအင်ယူတို့သည် စခန်း၏မြောက်ဘက်တံခါးပေါက်မှ

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၄ မှ ၃၀-၄-၈၄အတွင်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက် ၁၄၇-၁၄၈

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၄ မှ ၃၀-၄-၈၄အတွင်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မျက်-၁၅၄၊၁၅၇၊၁၅၈

ပို့ရင့်-၄၆၂၉ နှင့် ပို့ရင့်-၄၆၄၆ ဘက်သို့ ဆုတ်ခွာသွားသည်။ ထီးမူဒီးစခန်းသည် အလျားကိုက်၃၀၀၊ အနံ ကိုက် ၁၀၀ ရှိပြီး ခြံစည်းရိုး၂ထပ်၊ ပတ်လည်ဆက်သွယ်ရေးမြောင်းများဖြင့် ခေါင်းတုတ် ၆၆ခု၊ လူ ၇ ဦးခန့်နေနိုင်သည့်တဲကြီး၂၈လုံးရှိသည်။[၁]

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကယန်းပြည်သစ်ပါတီသည်လည်း အင်အား (၁၈၀)ဖြင့် သစ်ကြိတ်ခွင်တွင်အခြေပြုကာ ရှမ်းလယ်ပြင်၊ အောင်ကျော်ဒေသတို့၌ လှုပ်ရှားလျက် ရှိသည်။[၂] သို့ဖြစ်၍ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သည် **အောင်စိုးမိုးစစ်ဆင်ရေးအဆင့် ၂၈၊၂၉** တို့ကို ၁၉၈၄ခုနှစ်၊ ဩဂုတ်လကုန်အထိလည်းကောင်း၊ **အောင်ကေတုနှင့် ရွှေအေးဖြို့စစ်ဆင်ရေး**ကို တစ်နှစ်ပတ်လုံးတွင်လည်းကောင်း၊ ၁၉၈၄ခုနှစ်၊ စက်တင်ဘာလ၁ရက်နေ့မှစ၍ **ရန်တိုင်းအောင်စစ်ဆင်ရေး**ကိုလည်းကောင်း ဆင်နွှဲခဲ့သည်။ တိုင်းစစ်ဌာနချုပ်တိုက်ရိုက်ကွပ်ကဲမှု၊ အမှတ်(၁)စစ်ဗျူဟာကွပ်ကဲမှု၊ အမှတ်(၂)စစ်ဗျူဟာကွပ်ကဲမှုများခွဲခြားပြီး အမှတ်(၂၆)ခြေလျင်တပ်ရင်း၊ အမှတ်(၃၀)ခြေလျင်တပ်ရင်း၊ အမှတ်(၃၅)ခြေလျင်တပ်ရင်း၊ အမှတ်(၃၉)ခြေလျင်တပ်ရင်း၊ အမှတ်(၄၈)ခြေလျင်တပ်ရင်း၊ အမှတ်(၅၃)ခြေလျင်တပ်ရင်း၊ အမှတ်(၅၇)ခြေလျင်တပ်ရင်း၊ အမှတ်(၆၀)ခြေလျင်တပ်ရင်း၊ သီဟကွန်မန်ဒို၊ ဗလကွန်မန်ဒို၊ သူရကွန်မန်ဒိုများအပြင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၁၉)ခြေလျင်တပ်ရင်းများဖြင့် သံတောင်မြို့နယ်၊ လိပ်သိုယာဝိုနယ်မြေ၊ ရေတာရှည်မြို့နယ်အရှေ့ခြမ်း၊ စစ်တောင်းမြစ်အရှေ့ခြမ်း၊ သံတောင်၊ ထန်းတပင်၊ ကျောက်ကြီးမြို့နယ်၊ ဗျကောပု၊ ဆေးဒေးဒေသ၊ ဖာပွန်၊ မဲဝိုင်၊ ကျောက်တောင်၊ ဝင်းကလေး၊ ဝင်းမောင်းဒေသများ၌ စစ်ဆင်ရေးများပြုလုပ်ခဲ့သည်။[၃] အဆိုပါစစ်ဆင်ရေးများတွင် တပ်မတော်မှ (၆၇)ဦးကျဆုံး၍(၃၂၈)ဦးဒဏ်ရာရပြီး ကေအင်ယူများဘက်မှ(၁၁၈)ဦးကျပြီး (၁၆)ဦးဖမ်းမိကာ(၁၅)ဦး လက်နက်ချသည်။

၁၉၈၅ ခုနှစ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

ဗကပ(၁၀၁)စစ်ဒေသသည် အင်အား(၈၅၉)ဦးမှ(၈၇၈)ဦးသို့တိုးတက်လာပြီး(၁၀၂)စစ်ဒေသတွင် အင်အား(၈၀)ဦးမှ(၁၀၀)ဦးသို့တိုးတက်လာသည်။[၄] (၁၀၁)စစ်ဒေသတွင် နိုင်ငံရေးမှူးနှင့် စစ်ဒေသမှူး တူးစိန်ကဦးစီး၍ စခုန်တိန်ယိမ်းသည် လုထောင်၌ မိသားစုနှင့် တောင်ယာလုပ်ကိုင်စားသောက်နေသည်။ စခုန်တိန်ယိမ်းသည် ထွက်ခွင့်တင်ထားသော်လည်း ခွင့်မပြုသေး၍

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၈၄ မှ ၃၁-၈-၈၄အတွင်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက်-၆၀

၂ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

၃ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

၄ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

ကျန်းမာရေးအကြောင်းပြကာ ဤသို့အနားယူနေခြင်းဖြစ်သည်။ [၁] (၁၀၂)စစ်ဒေသကို စစ်ဒေသမှူး လယောက်ဇေလွန်းနှင့် နိုင်ငံရေးမှူးအောင်နိုင်တို့ကဦးစီး၍ ကေအိုင်အေတပ်ရင်း(၅)နယ်မြေတွင် လှုပ်ရှားလျက်ရှိသည်။ [၂] ပါကျိုနှင့် နားဖော့ရှိကေအိုင်အေဗဟိုဌာနချုပ်နှင့် တပ်ရင်းလေးရင်းသည် အင်အား(၁၈၀၀)၊ တပ်မဟာ(၁)တပ်ရင်း ၃ ရင်းတွင် အင်အား(၁၂၅၀)၊ တပ်မဟာ(၂)တပ်ရင်း ၅ ရင်းတွင် အင်အား(၁၉၈၀)၊ တပ်မဟာ(၃)နှင့်တပ်ရင်း ၂ ရင်းတွင် အင်အား(၁၂၅၀) အသီးသီးရှိနေကြသည်။ တန်ခွန်နာဂဗဟိုဌာနချုပ်သည် တပ်ရင်း ၃ ရင်းနှင့် အင်အား(၈၀၀)၊ နောက်အော်နာဂ တပ်ရင်း(၁)ရင်းတွင် အင်အား(၃၀၀)တို့ရှိနေကြသည်။ [၃]

၁၉၈၄ခုနှစ်အတွင်း ကေအိုင်အေတပ်မဟာ(၂)မှ ဗဟိုသို့ကျောက်စိမ်းတင်ပို့မှုလျော့နည်းလာခဲ့၍ ဗဟိုတွင် ငွေကြေးအခက်အခဲရှိခဲ့သဖြင့် ၁၉၈၅ခုနှစ်၊ နှစ်ဦးပိုင်းမှစ၍ တပ်မဟာ(၂)နယ်မြေတွင်လူအင်အား၊ လက်နက်အင်အားအသုံးချ၍ စစ်ရေးလှုပ်ရှားမှုများ၊ ကျောက်စိမ်းတိုးတက်ထုတ်လုပ်မှုများ ဆောင်ရွက်ရန်ညွှန်ကြားခဲ့သည်။ ကေအိုင်အေတပ်ရင်း(၂၅၃)၏ ကျာပူစခန်းတွင် တပ်ရင်းမှူး ဂမ်ရှောင်ဦးစီးသောအင်အား(၆၀)ခန့်ရှိပြီး စခန်းနှင့် ရွာအတွင်း၌ဖြန့်ခွဲနေထိုင်ကြသည်။ စခန်းအားခြံစည်းရိုးကာရံထားခြင်းမရှိသော်လည်း မိုင်းထောင်ထားသည်။ လူနေရန်တဲအလုံး(၂၀)ကျော်လည်းရှိသည်။ ယင်းကျာပူစခန်းကို တပ်မတော်က ၁၉၈၄ခုနှစ်၊ ဒီဇင်ဘာလတွင် တိုက်ခိုက်ရာထိုအချိန်ကစခန်း၌ လူ(၁၂၀)ခန့်ရှိ၍ ကေအိုင်အေတို့သည် ကျာပူရွာနှင့် ပင်မစခန်းအောက်လက်နက်ကြီးကုန်းများတွင် အင်အားဖြန့်ခွဲ၍ ခုခံတိုက်ခိုက်သည်။ ၁၉၈၅ခုနှစ်၊ ဖေဖော်ဝါရီလ(၂၂)ရက်နေ့တွင် တပ်မတော်မှ လေကြောင်းပစ်ကူဖြင့်တိုက်ခိုက်၍ စခန်းကိုသိမ်းပိုက်ရပြီး မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။ ကေအိုင်အေတို့မှလည်း တပ်မဟာ(၃)အင်အားစုများ စိန်လုံ၊ ယောယုံမြောက်ခြယ်ဒေသတွင်အင်အားစုဖွဲ့ပြီး မတ်လ(၁၁)ရက်နေ့တွင် တပ်ရင်း(၂၅၁)မှ တပ်ရင်းမှူး ဆန်လီဦးစီးသောအင်အား(၂၅၀)ခန့်ဖြင့် မိုးမောက်ပြည်သူ့ရဲစခန်း နှင့် အမှတ်(၅၆)ခြေလျင်တပ်ရင်းတပ်ခွဲရုံးများကို တိုက်ခိုက်ခဲ့သည်။ [၄]

ထို့ပြင် အမှတ်(၄၇)ခြေလျင်တပ်ရင်းမှ တပ်ခွဲ ၁ ခွဲအခြေပြုထားသော မိုးမောက်မြို့နယ်အတွင်းရှိ ယောယုံစခန်းအားဗဟပနှင့် ကေအိုင်အေပူးပေါင်းအင်အား(၅၀၀)ကျော်ခန့်သည် ၁၉၈၅

---

[၁] ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၈၄ မှ ၃၁-၁၂-၈၄အတွင်းမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၈

[၂] ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၄ မှ ၃၀-၄-၈၄အတွင်းမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၄

[၃] မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

[၄] ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၄ မှ ၃၀-၄-၈၄အတွင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၂ - ၁၀

ခုနှစ်၊ မတ်လ(၂၁)ရက်နေ့မှ (၂၃)ရက်နေ့အထိတိုက်ခိုက်ခဲ့ကြပြန်သည်။ ရန်သူတို့သည် ယောယုံစခန်းအား လက်နက်ကြီးများဖြင့် အနီးကပ်ပစ်ခတ်ပြီး မြေပြင်တပ်များကလည်း စခန်းခြံစည်းရိုး(၂)ထပ်ကို ဖြိုလဲ့ကာ အနီးကပ်တိုက်ခိုက်သည်။ တပ်မတော်က ကြံ့ကြံ့ခံတိုက်ခိုက်၍ ရန်သူတို့သည် ညအမှောင်ထုကို အကာအကွယ်ယူကာ ဆုတ်ခွါသွားကြသည်။ ထိုသို့တိုက်ပွဲဖြစ်ပွားနေစဉ် ဘွန်ရောင်မှရွှေတန်းအမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်း၊ စစ်ကြောင်း(၁)ဌာနချုပ်နှင့် တပ်ခွဲ(၂)ခွဲသည် ယောယုံစခန်းအား စစ်ကူပေးရန်ထွက်လာစဉ် လမ်း၌ကချင်သောင်းကျန်းသူ(၁၇၀)ခန့်က ၆၀မမ၊ ၅၇မမ တို့ဖြင့် ပစ်ခတ်တိုက်ခိုက်သည်။ တပ်မတော်စစ်ကြောင်းက ပါရှိသောလက်နက်ကြီးများဖြင့် တုန့်ပြန်ပစ်ခတ်တိုက်ခိုက်၍ ရန်သူတို့ဆုတ်ခွါသွားကြသည်။ ထိုတိုက်ပွဲတွင် ရန်သူအလောင်း(၃၁)လောင်းကျန်ရစ်၍ လက်နက်မျိုးစုံ(၆)လက်ကိုလည်း တပ်မတော်ကသိမ်းဆည်းရမိသည်။ တပ်မတော်မှစစ်သည်(၄)ဦးကျဆုံးခဲ့သည်။

ကေအိုင်အေတို့သည် တပ်မတော်၏အခိုင်အမာခြေကုပ်စခန်းများကို အလွယ်တကူတိုက်ခိုက်နိုင်ခြင်းမရှိ၍ ယာယီခြေကုပ်စခန်းများအား ခြေအကြွကိုစောင့်၍တိုက်ခိုက်ကြပြန်သည်။ အမှတ်(၉၃)ခြေလျင်တပ်ရင်း၊ စစ်ကြောင်း(၂)ဌာနချုပ်နှင့် တပ်ခွဲ(၁)ခွဲအခြေပြုနေသော မိုးမောက်မြို့နယ် အပိုင် မြင်းမူရွာအားကေအိုင်အေတပ်ရင်း(၂၅၁)နှင့် တပ်ရင်း(၂၅၄)တို့မှ ပူးပေါင်းအင်အား(၃၅၀)ကျော်ခန့်ဖြင့် ၁၉၈၅ခုနှစ်၊ ဇွန်လ(၁၁)ရက်နေ့တွင် ဝင်ရောက်တိုက်ခိုက်ကြသည်။ ယင်းတိုက်ပွဲတွင် ကေအိုင်အေတို့သည် နံနက်(၃)နာရီခန့်၌ လက်နက်ကြီးများပစ်ကူဖြင့် တိုက်ခိုက်သည်။ တိုက်ပွဲဖြစ်သံကြားသည်နှင့် အမှတ်(၂၄)ခြေလျင်တပ်ရင်း၊ စစ်ကြောင်း(၂)ဌာနချုပ်နှင့် တပ်ခွဲ(၁)ခွဲသည် စစ်ကူပေးရန် ဖါကေမှထွက်ခဲ့ရာ မိုးလဲချောင်းအား ဖြတ်ကူးစဉ်အသင့်စောင့်နေသော ကေအိုင်အေဖြတ်တောက်ရေးအဖွဲ့နှင့် တွေ့ဆုံတိုက်ပွဲဖြစ်သည်။ သို့ရာတွင် ကေအိုင်အေတို့သည် ထိုစစ်ကြောင်းကို တာရှည်ထိန်းမထားနိုင်ချေ။ မိုင်းမူရွာတွင် ရန်သူတို့သည် လက်နက်ကြီးပစ်အား၊ လူအင်အားဖြင့် အနီးကပ်ကာ ထွေးလုံးရစ်ပတ်တိုက်ခိုက်နေစဉ် စစ်ကူစစ်ကြောင်းရောက်ရှိလာပြီး ရန်သူကို ပူးပေါင်းတိုက်ခိုက်၍ ရန်သူသည် အထိနာစွာ ဆုတ်ခွါသွားသည်။ ထိုတိုက်ပွဲတွင် ရန်သူအလောင်း(၂၆)လောင်းနှင့် ခဲယမ်းအချို့ကျန်ခဲ့ပြီး တပ်မတော်မှ (၁၀)ဦးကျဆုံးခဲ့သည်။[၁]

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သည် ဇွဲရဲမာန်စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲခဲ့ရာ တိုင်းစစ်ဌာနချုပ်တိုက်ရိုက်ကွပ်ကဲသော နယ်မြေ အင်ဂျန်းယန်၊ အင်စွတ်ဇွတ်၊ တီရန်စွတ်၊ ကဝပန်၊ ခန္တီး၊ ယမ်းကြိုး၊ တရုံ၊ တင်ကောက်၊ ပန်ဆောက်တို့တွင်အမှတ်(၂၁)ခြေလျင်တပ်ရင်း၊ အမှတ်(၃၇)ခြေလျင်တပ်ရင်း၊ အမှတ်(၄၆)ခြေလျင်တပ်ရင်း၊ အမှတ်(၅၂)ခြေလျင်တပ်ရင်း၊ အမှတ်(၆၃)ခြေလျင်တပ်ရင်း၊ အမှတ်(၈၆)ခြေလျင်တပ်ရင်း တို့ဖြင့်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့နယ်မြေ မြို့သစ်၊ ဒေါ်ဖုန်းယန်၊ ကိုက်ထိပ်၊ စိန်လုံ၊ မံစီ၊ မဒယန်၊ ရွှေကူဒေသများတွင် အမှတ်(၁)ကချင်သေနတ်ကိုင်

၁ မြန်မာ့သမိုင်းအကျဉ်းနှင့်တပ်မတော်ကဏ္ဍ တတိယတွဲ မျက် ၁၉၉ - ၂၀၀

တပ်ရင်း၊ အမှတ်(၄၀)ခြေလျင်တပ်ရင်း၊ အမှတ်(၄၇)ခြေလျင်တပ်ရင်း၊ အမှတ်(၅၆)ခြေလျင်တပ်ရင်း၊ အမှတ်(၇၄)ခြေလျင်တပ်ရင်း တို့ဖြင့်လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာအဖွဲ့နယ်မြေ ချီတွေ၊ လောင်ဖန်၊ ရှမ်ပေါ်၊ လောခေါင်၊ ထောဂေါ၊ ဆိုင်လော်၊ ဝါရှောင်၊ မန်တောင်ဒေသများတွင် အမှတ်(၁၅)ခြေလျင်တပ်ရင်း၊ အမှတ်(၂၉)ခြေလျင်တပ်ရင်း၊ အမှတ်(၅၈)ခြေလျင်တပ်ရင်းတို့ဖြင့် လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် အမှတ်(၂)စစ်ဗျူဟာအဖွဲ့နယ်မြေ လုံခင်း၊ ဖားကန့်၊ မိုင်းပုတ်၊ မန်စိမ်း၊ ပါမော်ယန်၊ နယ်ခြီးမော့၊ လုံးတုံ၊ မိုးညှင်း၊ မော်ဟန်ဒေသများတွင် အမှတ်(၂) ခြင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၈)ခြေလျင်တပ်ရင်း၊ အမှတ်(၂၇)ခြေလျင်တပ်ရင်း၊ အမှတ်(၃၈)ခြေလျင်တပ်ရင်း၊ အမှတ်(၅၁)ခြေလျင်တပ်ရင်း၊ အမှတ်(၉၃)ခြေလျင်တပ်ရင်း၊ အမှတ်(၉၈)ခြေလျင်တပ်ရင်းများဖြင့်လည်းကောင်း၊ အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ်မှ အမှတ်(၃၃၂)နည်းဗျူဟာကွပ်ကဲမှုအဖွဲ့သည် ဗန်းမောက်ဒေသ၊ နန့်ခြီးမော့ခွင်သို့ အမှတ်(၁၁၁)ခြေမြန်တပ်ရင်း၊ အမှတ်(၁၁၂)ခြေမြန်တပ်ရင်း၊ အမှတ်(၁၁၅)ခြေမြန်တပ်ရင်း၊ အမှတ်(၁၁၆)ခြေမြန်တပ်ရင်းများဖြင့်လည်းကောင်း ဝင်ရောက်တိုက်ခိုက်ကြသည်။[၁] ဤစစ်ဆင်ရေးတွင် တပ်မတော်မှ(၁၀၉)ဦးကျဆုံး၍ (၃၀၂)ဦး ဒဏ်ရာရပြီး သောင်းကျန်းသူ(၃၀၉)ဦးကျ၍ (၁၄၀)ဖမ်းဆီးရမိကာ(၁၆၁)ဦး လက်နက်ချသည်။

၁၉၈၅ခုနှစ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏ စစ်ဆင်ရေး

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌ အရှေ့မြောက်စစ်ဒေသဗကပတပ်မဟာ(၂)သည် တပ်ရင်း(၄)ရင်းအင်အား(၈၀၀)ဦးဖြင့် မုန်းပေါ်၊ နမ့်တောင်ဒေသတွင်လည်းကောင်း၊ တပ်မဟာ(၁၂)သည် တပ်ရင်း(၄)ရင်းအင်အား(၉၀၀)ဦးဖြင့် မန်ခူး၊ မန်ခါး၊ မိုင်းမော၊ မန်မန်ဆိုင်၊ တာအိုက်ဒေသ၌လည်းကောင်း၊ တပ်မ(၄၈)သည် တပ်ရင်း(၃)ရင်းအင်အား(၆၅၀)ဦးဖြင့် ရွှေလီချိုင့်ဝှမ်း၌လည်းကောင်း လူပ်ရှားလျက်ရှိနေကြပြီး ကေအိုင်အေတပ်မဟာ(၄)ဌာနချုပ်သည် တပ်ရင်း(၃)ရင်းအင်အား(၁၂၀၀)ဦးဖြင့် တီးမား၊ ဟိုဖျက်၊ လွယ်ကန်၊ မုံးစီး၊ မန်လင်၊ လွယ်တောက်၊ လွယ်ငွန်း၊ ဟိုမွေ့၊ မူဆယ်၊ နမ့်ဖတ်ကာအနောက်ခြမ်းဒေသများ၌ လှည့်လည်လူပ်ရှားလျက်ရှိသည်။ အက်စ်အက်စ်အေရှမ်းသောင်းကျန်းသူတို့၏ တပ်မ(၁)သည်လည်း တပ်မဟာ(၂)စု၊ တပ်ရင်း ၅ ရင်းအင်အား(၁၀၀၀)ဖြင့် ကျောက်မဲ၊ နမ့်ဆန်၊ မန်လီ၊ နမ့်လန်၊ မိုင်းတုံ၊ ခွန်ပန်၊ ကျိုင်းလွန်းဒေသများတွင် ရှိနေကြပြီး ပီအက်စ်အယ်လ်အေ ပလောင်သောင်းကျန်းသူတို့သည် တပ်ရင်း(၃)ရင်း အင်အား(၃၅၀) ဦးဖြင့် ငေါငါး၊ ဖန်ဝိန်းမြို့သစ်၊ မိုင်းလုံ၊ ဟိုမိန်းတွင်လည်းကောင်း၊ လွယ်မော်သောင်းကျန်းသူတို့၏ မြောက်ပိုင်းဗဟိုသည် တပ်ရင်း(၇)ရင်း အင်အား(၇၀၀)ဦးဖြင့် မုံးဟင်၊ မုံးဟ၊ မုံးတောင်၊ တန့်ယန်း၊ မုံးမ၊ ဂင်္ကာတောင်၊ လွယ်မော်တောင်များ၌လည်းကောင်း ရှိနေကြသည်။

၁ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကလည်း ရဲမင်းအောင်စစ်ဆင်ရေးကို ဆင်နွှဲလျက်ရှိရာ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် အမှတ်(၃၃)ခြေလျင်တပ်ရင်း၊ အမှတ်(၆၇)ခြေလျင်တပ်ရင်း၊ တပ်မ(၆၆)မှ အမှတ်(၇၇)ခြေလျင်တပ်ရင်းများသည် လွယ်ပန်လုံ၊ ပွိုင့် ၄၆၉၅၊ ညောင်ပင်ကုန်း၊ ပန်ဖိန်း၊ ငှက်ကာ၊ တန့်ယန်း၊ မိုင်းရယ်၊ လွယ်အင်၊ နောင်လိုင်၊ နောင်ဖာ၊ မိုင်းကောင်ဒေသများတွင်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့်အမှတ်(၂၂)ခြေလျင်တပ်ရင်း၊ အမှတ်(၂၃)ခြေလျင်တပ်ရင်း၊ အမှတ်(၈၈)ခြေလျင်တပ်ရင်းတို့သည် နမ့်လန်၊ နားမခေါ်၊ ကျောက်မဲ၊ ပုံဝိုး၊ နမ့်ဆန်၊ ကွန်ဟယ်၊ ကွန်ဟောက်၊ ဆောင်ကြဲ၊ မိုင်းငေါ့၊ မြို့သစ်၊ ဂုတ်ထိပ်၊ ဟူးစွန်ဒေသများတွင်လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာအဖွဲ့၏ကွပ်ကဲမှုဖြင့် အမှတ်(၄၁)ခြေလျင်တပ်ရင်း၊ အမှတ်(၆၈)ခြေလျင်တပ်ရင်း၊ အမှတ်(၆၉)ခြေလျင်တပ်ရင်းများသည် လားရှိုး၊ နမ္မတူဘော်တွင်း၊ မုံးရင်၊ မုံးယော်၊ မုံးကျက်၊ နားတီး၊ နမ့်ဆလပ်၊ မန်လင်၊ လွယ်တောက်၊ မန်မတ်၊ တာဆိုင်းလဲ့ ဒေသများတွင်လည်းကောင်း စစ်ဆင်ရေးများဆင်နွှဲလျက်ရှိသည့်အပြင် ရှေ့တန်းအမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်မှ နည်းဗျူဟာကွပ်ကဲမှုအဖွဲ့(၂)ဖွဲ့သည် တပ်ရင်း(၁၁)ရင်းဖြင့် ကွတ်ခိုင်၊ ကွမ်လုံ၊ ဟိုပန်၊ ပန်လုံ၊ တာမိုးညဲ၊ မုံးစီး၊ နားလည်၊ မူဆယ်၊ စီစီဝမ်၊ တာပန်ဒေသများတွင် သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။[၃] ယင်းစစ်ဆင်ရေးများတွင် တပ်မတော်မှ(၆၃)ဦးကျဆုံး၍ (၁၆၅)ဦးဒဏ်ရာရရှိခဲ့သည်။ သောင်းကျန်းသူ(၃၀၈)ဦးကျပြီး(၉၇)ဦးဖမ်းမိကာ (၁၂၈)ဦးလက်နက်ချသည်။[၂]

၁၉၈၅ခုနှစ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများ နှင့် တပ်မတော်၏စစ်ဆင်ရေး

ဤစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများ၏အခြေအနေအင်အားတို့သည် ယမန်နှစ်ကအတိုင်းပင်ဖြစ်သည်။ ၁၉၈၅ခုနှစ်၊ မတ်လ(၁)ရက်နေ့မှ(၁၁)ရက်နေ့အထိ သခင်ဗသိန်းတင်ဦးစီးသော ခေါင်းဆောင်ပိုင်းများဆွေးနွေးမှုကို ပန်ဆိုင်းတွင်လုပ်ဆောင်ခဲ့သည်။ တပ်မတော်မှ ထိုးစစ်ဆင်လာပါက တစ်ဖက်နိုင်ငံသို့ဆုတ်ခွါခွင့်မရှိ၍ မိုင်းပေါက်၊ ပန်ဆန်း၊ ပန်ယန်းတို့ မကျစေရန် ထိန်းသိမ်းရမည်ဖြစ်သည်။ မန်မန်ဆိုင်ဒေသကိုလည်း ထို့အတူထိန်းသိမ်းရန်နှင့် လိုအပ်ပါက မိုင်းပေါက်ဘက်သို့ရောင်ပြပြီး မန်မန်ဆိုင်မှတစ်ဆင့် တပ်မ(၉၉)နယ်မြေသို့ထိုးစစ်ဆင်ရန်စသည်ဖြင့် ဆွေးနွေးကြသည်။ ဖေဖော်ဝါရီလဆန်းမှစ၍ ပန်ဆန်းရှိ လက်နက်ကြီး၊ လက်နက်ငယ်ကျည်မှားအား မန်မန်ဆိုင်သို့သယ်ယူပြီး တပ်အချို့လည်း မန်မန်ဆိုင်သို့ထွက်ခွါသည်။ ၁၉၈၀ပြည့်နှစ်မှစ၍ ဗကပ ပဟိုဏ်အစီအမံဖြင့် နမ့်ခချောင်းဖျားပန်ဖိန်းရွာအနီး တစ်ဖါလုံခန့်တွင် ဘိန်းချက်စက်ရုံထားရှိသည်။

---

၁ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၅မှ၃၁-၁၂-၈၅အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး မှတ်တမ်း မျက် ၄၉-၁၉၉၊ ၄၂-၁၉၁၊ ၅၃-၁၉၂

ကချင်၊ တရုတ်၊ ဝအင်အား(၂၀)ခန့်က ချက်လုပ်၍ ချက်လုပ်ပြီးဘိန်းများအား ပန်ဆန်းဗဟိုကုန်သွယ်ရေးသို့ ပို့ပြီး ထိုမှတစ်ဆင့်လားဟူသောင်းကျန်းသူများဖြင့် နယ်စပ်သို့ပို့ဆောင်ရောင်းချသည်။ ဗကပသို့ တစ်ဘက်နိုင်ငံမှ ထောက်ပံ့မှုလျှော့ချခဲ့၍ ယခင်တစ်ဦးလျှင်လစာ(၁၀၀/-)ရခဲ့ရာမှ ယခု (၆၆/-)သာရရှိပြီး ခဲယမ်းများထုတ်ပေးမှုလည်းလျော့နည်းသွားသည်။[၁]

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သည် လေးမာရ်အောင်နှင့် မိုးဟိန်းအဆင့်(၉)စစ်ဆင်ရေးများကို ဆက်လက်ဆင်နွှဲခဲ့ရာ အမှတ်(၂)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၅၄)ခြေလျင်တပ်ရင်း၊ အမှတ်(၇၂) ခြေလျင်တပ်ရင်း၊ အမှတ်(၄၈)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၂)ခြေလျင်တပ်ရင်းများဖြင့် လွိုင်ကော်၊ လောပီတ၊ ဒီမောဆိုး၊ ဖာဆောင်း၊ မော်ချီး၊ ထီးထ၊ မဲစဲနယ်၊ မဲစဲဒေသများတွင် စစ်ဆင်ရေးဆင်နွှဲခဲ့ပြီးရှေ့တန်းအမှတ်(၅၅)ခြေမြန်တပ်ရင်းသည် တပ်မတိုက်ရိုက်ကွပ်ကဲမှုဖြင့် ဆီဆိုင်၊ မဲနယ်တောင်၊ နောင်ထော်၊ အင်းဒေသနှင့် အရှေ့ခြမ်းဆနင်းဒေသ၊ ကျောက်တန်းတို့တွင် အမှတ်(၁၅)ခြေမြန်တပ်ရင်း၊ အမှတ်(၃၄)ခြေလျင်တပ်ရင်းများသည်လည်းကောင်း၊ အမှတ်(၅၅၁)နည်းဗျူဟာကွပ်ကဲမှုဖြင့် ပင်လောင်း၊ မိုးပြဲ၊ ဖယ်ခုံ၊ သစ်ကြိတ်ဒေသများတွင် အမှတ်(၉၄)ခြေလျင်တပ်ရင်း၊ အမှတ်(၁၄) ခြေမြန်တပ်ရင်း၊ အမှတ်(၁၈)ခြေမြန်တပ်ရင်းများသည်လည်းကောင်း၊ အမှတ်(၅၅၃)နည်းဗျူဟာကွပ်ကဲမှုဖြင့် မိုးနဲ၊ မုံးဆစ်၊ ကုန်းယောင်၊ ကဒူးကြီး၊ ခူဝိန်၊ ကွန်ဟိန်း၊ ကျိုင်းတောင်းဒေသများတွင် အမှတ်(၁၁)ခြေမြန်တပ်ရင်း၊ အမှတ်(၁၂)ခြေမြန်တပ်ရင်း၊ အမှတ်(၆၆)ခြေလျင်တပ်ရင်း၊ အမှတ်(၉၉) ခြေလျင်တပ်ရင်းများသည်လည်းကောင်း သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းလျက်ရှိသည်။

ရှေ့တန်းအမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မှလည်း အမှတ်(၇၇၁)နည်းဗျူဟာ ကွပ်ကဲမှုဖြင့် ပွိုင့်၅၁၀၀၊ မက်မန်း၊ မုလု၊ မန်ဝိန်း၊ ဆွတ်ဝိုး၊ ငှက်ယောင်၊ တောင်စိမ်း၊ မျက်မဲဒေသများတွင် အမှတ်(၁၀၁)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၄)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၅)ခြေမြန်တပ်ရင်းသည်လည်းကောင်း၊ အမှတ်(၇၇၂)နည်းဗျူဟာကွပ်ကဲမှုဖြင့် ကျေးသီး၊ မိုင်းနောင်၊ ကျိုင်းလွန်း၊ အင်တော၊ ကျောက်ဂူ၊ ဖန်ကေတူ၊ လဲချားဒေသများတွင် အမှတ်(၁)ရှမ်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂)ခြေလျင်တပ်ရင်း၊ အမှတ်(၆)ခြေလျင်တပ်ရင်း၊ အမှတ်(၆၄)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၆)ခြေမြန်တပ်ရင်းသည်လည်းကောင်း ထိုးစစ်ဆင်လျက်ရှိသည်။

ရှေ့တန်းအမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်မှ တပ်မတိုက်ရိုက်ကွပ်ကဲမှုဖြင့် ကျိုင်းတုံ၊ မိုင်းဖြတ်၊ ဝမ်တာပင်း၊ မိုင်းငေါင်း၊ ဝမ်းကျင်း၊ ဆန်တောက်၊ မိုင်းကိုင်ဒေသများတွင် အမှတ်(၅) ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁)ခြေလျင်တပ်ရင်း၊ အမှတ်(၁၁)ခြေလျင်တပ်ရင်း၊ အမှတ်(၁၃) ခြေမြန်တပ်ရင်း၊ အမှတ်(၁၇)ခြေမြန်တပ်ရင်းများသည် လည်းကောင်း အရှေ့ပိုင်းတိုင်းမှ အမှတ်(၁) စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် တာလေ၊ ပါလျှိုး၊ ကျိုင်းလတ်၊ ကျိုင်းတုံ၊ လွယ်မွေ၊ မိုင်းပျင်း၊ မိုင်းစွန်၊

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုဒိ၁-၁-၈၅မှ၃၀-၄-၈၅အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်စစ်ဆင် ရေးသုံးသပ်ချက် မျက် ၅၈

မိုင်းတွမ်း၊ မိုင်းတုံ၊ ပုံပါကျင်ဒေသများတွင် အမှတ်(၄)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄၃)ခြေလျင်တပ်ရင်း၊ အမှတ်(၄၉)ခြေလျင်တပ်ရင်း၊ အမှတ်(၆၅)ခြေလျင်တပ်ရင်းများသည်လည်းကောင်း၊ အမှတ်(၈၈၁)နည်းဗျူဟာကွပ်ကဲမှုဖြင့် မိုင်းခတ်၊ ပန်မကောက်၊ ယောင်ခေါက်၊ မိုင်းယန်း၊ မိုင်းလွေ၊ မိုင်းညှင်းဒေသများတွင်အမှတ်(၁)ကယားသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁)ဗမာ့သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၄)ခြေလျင်တပ်ရင်းများ သည်လည်းကောင်း၊ အမှတ်(၈၈၃)နည်းဗျူဟာကွပ်ကဲမှုဖြင့် မိုင်းယောင်း၊ ကော်ဟိုလွယ်၊ ထင်းရူးတောင်၊ မိုင်းတင်း၊ လန်းဆတ်ဒေသများတွင် အမှတ်(၁)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၆)ဗမာ့သေနတ်ကိုင်တပ်ရင်းတို့ သည်လည်းကောင်း စစ်ဆင်ရေးဆင်နွှဲလျက်ရှိပေသည်။[၁] အဆိုပါစစ်ဆင်ရေးများတွင် တပ်မတော်မှ (၂၀၀)ဦးကျဆုံး၍ (၄၂၈)ဦးဒဏ်ရာရပြီး သောင်းကျန်းသူ(၆၉၂) ဦးကျဆုံး၍(၈၈)ဦးလက်ရဖမ်းမိကာ (၃၀၈)ဦးလက်နက်ချသည်။[၂]

၁၉၈၅ခုနှစ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

၁၉၈၅ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ဘန်ကောက်မှ ထွက်ခွါလာသောကုန်တင်ကားတစ်စီးကို ထိုင်းရဲအဖွဲ့က မဲဆောက်အနီးတွင် ဖမ်းဆီးစစ်ဆေးရာ ကေအင်ယူသောင်းကျန်းသူများထံသို့ရောင်းချမည့် ခဲယမ်းမီးကျောက်များပါ၍ ထိုကားအားထိုင်းရဲအဖွဲ့မှ ဖမ်းဆီးထားသည်။[၃] ထိုကိစ္စ၏အခြေခံမှာ ထိုင်းနိုင်ငံတပ်ဖွဲ့များသည် ကမ်ပူးချားရှိ ဗီယက်နမ်တပ်များအား တိုက်ခိုက်ရန် နေတိုးအဖွဲ့မှပေးထားသောလက်နက်ခဲယမ်းတို့ကို ကေအင်ယူများထံမှောင်ခိုရောင်းချနေခြင်းပင်ဖြစ်သည်။ ထိုင်းနိုင်ငံမှ အငြိမ်းစားဗိုလ်မှူးကြီးတစ်ဦးနှင့် အမေရိကန်တပ်မှ အငြိမ်းစားဗိုလ်မှူးတစ်ဦးတို့အား ကေအင်ယူအဖွဲ့မှ ငှားရမ်းပြီး ရော့ကက်၊ မော်တာပစ်ခတ်ခြင်းသင်တန်းများပေးခဲ့သည်။ ဇွန်လကုန်ပိုင်းခန့်ကလည်း ထိုင်းနိုင်ငံအတွင်း၌ ကေအင်ယူ(၂)ဦးနှင့် အမျိုးသမီး(၂)ဦးတို့သည် မိုင်းအလုံး(၃၀၀)အားသယ်ဆောင်လာခဲ့ရာ ထိုင်းရဲအဖွဲ့က ဖမ်းဆီးခဲ့သဖြင့် ကေအင်ယူအဝယ်တော်စိုးစိုးကရဲများကို လာဘ်ထိုးပြီး မိုင်းများပြန်လည်ရရှိသည်။[၄] ထိုအရေးကိစ္စများနှင့် ပတ်သက်၍ ထိုင်းအစိုးရ

---

၁ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးမှတ်တမ်း

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၅ မှ ၃၁-၁၂-၈၅ အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၉၅-၁၉၁၊ ၉၀-၁၈၃၊ ၉၇-၁၉၂

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၅ မှ ၃၀-၄-၈၅ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၀၀

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၈၅ မှ ၃၀-၉-၈၅ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၉၆

နှင့်ကေအင်ယူတို့အကြား လိပ်ခဲတင်းလင်းပြဿနာများဖြစ်ခဲ့ဟန်ရှိသည်။ ကေအင်ယူဗဟိုဥက္ကဋ္ဌ ဝိုလ်မြသည် မိမိလက်အောက်မှ အကြီးအကဲများအားညွှန်ကြားချက်ထုတ်ပြန်ခဲ့ရာ၊ ထိုင်းနိုင်ငံအတွင်း ခွင့်ပြုချက်မရရှိဘဲ စစ်ဝတ်စုံဝတ်ဆင်ခြင်းမပြုရန်၊ ခွင့်ပြုချက်မရရှိဘဲ လက်နက်ကိုင်ဆောင်ခြင်းမပြုရန်၊ ထိုင်းအစိုးရ၏ခွင့်ပြုချက်မရဘဲ အဆောက်အဦးဆောက်လုပ်ခြင်းမပြုရန်ညွှန်ကြားပြီး ထိုင်းနိုင်ငံအတွင်းပြဿနာဖြစ်အောင်လုပ်သူများကို အရေးယူမည်ဟုသတိပေးခဲ့သည်။

၁၉၈၅ခုနှစ်၊ ဖေဖော်ဝါရီလ(၃)ရက်နေ့တွင် မဲဆောက်မှသူဌေးဦးနွဲ့တစ်သည် ဝါးခဗောင်းမှောင်ခိုလမ်းပြန်လည်ဖွင့်လှစ်ရေးအတွက် ကေအင်ယူတို့နှင့်ဆွေးနွေးခဲ့၍ ဖေဖော်ဝါရီလ(၁၄)ရက်နေ့မှစ၍ ဝါးခဗောင်းမှောင်ခိုဂိတ်ကို ပြန်လည်ဖွင့်လှစ်သည်။ ကေအင်ယူတို့သည် မူလရစ်တောင်ပွိုင့် ၆၈၂၃၅ ဆက်သွယ်ရေးစက်ကြီးတစ်လုံးကို (၂၄)နာရီဖွင့်ထားရာ ထိုတောင်ပေါ်ရှိ ရုပ်ပွားဆင်းတု(၃)ဆူအနက်အလယ်မှတစ်ဆူအား ဘေးသို့ရွှေ့ပြီး ထိုနေရာတွင် ၇ပေပတ်လည်၊ အနက်၉ပေရှိ ကျင်းတူးကာ ဆက်သွယ်ရေးစခန်းလုပ်ထားပြီး ကောင်းကင်တိုင်ကိုပိုက်လုံးဖြင့် ထောင်ထားသည်။ စက်သွယ်ရေးစက်ရှိနေသောနေရာသို့ တက်သောလမ်းမှာ ကျောက်တောင်ကြောလမ်းကျဉ်းဖြစ်၍ အတက်ရခက်ခဲသည့်ပြင် မတ်လ ၇ ရက်နေ့မှစ၍တောင်ပေါ်သို့ မည်သူမျှတက်ရောက်ခြင်း ခွင့်မပြုတော့ချေ။[၃] ၁၉၈၅ခုနှစ်၊ မေလ(၂)ရက်နေ့တွင် တပ်မဟာ(၇)စစ်ကြောင်း(၁)မှ တပ်ခွဲမှူးဦးစီးသောအင်အား(၅၀)ခန့်သည် လှိုင်းဘွဲ့မြို့သို့ ၂. ၇၅ရော့ကက်ဖြင့် (၃၇)ချက်ပစ်ခတ်ခဲ့သည်။[၄]

တပ်မတော်ရှေ့တန်းအမှတ်(၂)ခြေမြန်တပ်ရင်း၊ အမှတ်(၇)ခြေမြန်တပ်ရင်းစစ်ကြောင်းများသည်၁၉၈၅ခုနှစ်၊ ဇွန်လ(၁၉)ရက်နေ့မှ (၂၃)ရက်နေ့အထိ ရန်သူ့စခန်းများကို ရှင်းလင်းရာ ကေအင်ယူတပ်ရင်း(၁၉)တပ်ထောက်ဗိုလ်ကြီးသောင်းဖေစခန်း၊ တပ်ရင်း(၁၉)ဆေးရုံစခန်းတို့ကိုသိမ်းပိုက်ရရှိ၍ ရန်သူ့အလောင်း(၁၆)လောင်း၊ လက်နက်ကြီး/ငယ်မျိုးစုံ(၈၁)လက်၊ လက်နက်ကြီးကျည်(၅၀)လုံး ကျည်မျိုးစုံ(၄၄၀၈)တောင့်၊ မိုင်းမျိုးစုံ(၆၅)လုံး၊ ဆက်သွယ်ရေးစက်(၁)လုံး နှင့် စာရွက်စာတမ်းများကိုသိမ်းပိုက်ရရှိသည်။[၅]

ထိုင်းနိုင်ငံ၊ ဇင်းမယ်မြို့ရှိ ထိုင်းဘုရင်မယ်တော် ယာယီနန်းတော်၌ ၁၉၈၅ခုနှစ်၊ အောက်တိုဘာလ(၁၅)ရက်နေ့မှ (၁၆)ရက်နေ့အထိလျှို့ဝှက်အစည်းအဝေးပြုလုပ်ခဲ့ရာ ထိုအစည်းအဝေးသို့ ကေအင်ယူမှ ဝိုလ်မြ၊ သန်းအောင်၊ ဝသောင်းကျန်းသူတစ်ဦး၊ တရုတ်ဖြူအဖွဲ့မှ ခေါင်းဆောင်(၂)ဦး၊ မူဆလင်လွတ်မြောက်ရေးတပ်ဦးမှ ဥက္ကဋ္ဌ ဘရာသာဇိုက် တို့နှင့် ထိုင်းဘုရင့်သားတော်၊ ထိုင်းကြည်း

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၁၀-၈၅ မှ ၃၀-၄-၈၅ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် မှတ် ၁၀၁

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၅-၈၅ မှ ၃၁-၈-၈၅ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် မှတ် ၁၀၆

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက် ၁-၅-၈၅ မှ ၃၁-၈-၈၅ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် မှတ် ၁၀၉

တပ်မတော်မှ ဗိုလ်ချုပ်တစ်ဦး၊ ထိုင်းလေတပ်မှ ဗိုလ်ချုပ်တစ်ဦး၊ ထိုင်းနိုင်ငံ တပ်စ်ပြည်နယ်မှတိုင်းမှူး၊ နိုင်ငံခြားသား(၃)ဦး၊ ထိုင်းသတင်းထောက်(၂)ဦး၊ ပွိဒိယိုရိုက်ကူးသူ(၂)ဦးတို့နှင့်အတူ နယ်စပ်ဒေသမှ ထိုင်းကုန်သည်အချို့တက်ရောက်ပြီး ထိုင်းနိုင်ငံဘက်မှ မြန်မာနိုင်ငံမှထွက်ပြေးတိမ်းရှောင်လာသော ကရင်သောင်းကျန်းသူမိသားစုများ၊ အရပ်သားစစ်ပြေးဒုက္ခသည်များစုစုပေါင်း (၁၈၀၀၀)ခန့်ရှိနေ၍ ရေရှည်တွင် အခက်အခဲရှိကြောင်း၊ ထိုင်းနိုင်ငံတွင် သင်တန်းပေးလျက်ရှိသည့် ကေအင်ယူတပ်သား (၁၅၀၀)အနက်(၅၀၀)ခန့်အား ထိုင်းတပ်မတော်တွင် စစ်မှုထမ်းဆောင်စေမည်ဖြစ်ကြောင်း၊ ထိုင်းကုန်သည်များ၏ရောင်းဝယ်ဖောက်ကားမှုရရှိသည့် အခွန်ငွေ၏(၁၀)ရာခိုင်နှုန်းအား ကေအင်ယူ စစ်ရိတ် အကူအညီပေးမည်ဖြစ်ကြောင်း၊ မြန်မာကုန်သည်များထံမှလည်း အခွန်အကောက်ရရေး အတွက် ကေအင်ယူတို့က ဆောင်ရွက်ပေးရန်ဖြစ်ကြောင်းများ ဆွေးနွေးခဲ့သည်။ ဗိုလ်မြကဗမာ့တပ်မတော်မှ မိမိတို့၏စခန်းများကို ထိုးစစ်ဆင်နေ၍ ထိုင်းနိုင်ငံမှ ကေအင်ယူကို နောက်ထပ် (၅)နှစ် အကူအညီပေးစေလိုကြောင်း၊ ထိုင်းနိုင်ငံသို့ကေအင်ယူသင်တန်းဆင်း (၅၀၀)ပေးရန်မှာ အခက်အခဲရှိကြောင်း တရုတ်ဖြူအဖွဲ့နှင့် ပေါင်းစပ်မှုကြောင့် ဘိန်းကုန်ကူးသန်းရောင်းဝယ်မှုများ ရှိနိုင်၍ ကေအင်ယူဗဟိုကော်မတီမှ ပြန်လည်ညှိနှိုင်းမည်ဖြစ်ကြောင်း၊ မြန်မာကုန်သည်များထံမှ အခွန်အကောက်များကောက်ခံပေးမည်ဖြစ်ကြောင်းများ ပြန်လည်ဆွေးနွေးခဲ့သည်။[၁]

တပ်မဟာ(၁)တပ်မဟာမှူးဒိုင်းသည် ဩဂုတ်လတတိယပတ်မှစ၍ အသဲရောင်ရောဂါဖြင့် ဇင်းမယ်မြို့၌ ဆေးကုသမှုခံယူလျက်ရှိရာမှ နိုဝင်ဘာလ(၃)ရက်နေ့တွင် မဲထရီစခန်း၌သေဆုံးသည်။[၂] ကေအင်ယူတပ်ရင်း(၂၁)မဲထရီစခန်း၌ တပ်မဟာ(၇)မှဒုတိယတပ်မဟာမှူးဦးစီး၍ ခံစစ်ပြင်ဆင်လျက်ရှိပြီးယင်းစခန်း၌ကုတင်(၅၀)ဆန့်ဆေးရုံဆောက်လုပ်၍ ပြင်သစ်ဆရာဝန်အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့လာရောက်ဆေးကုသလျက်ရှိသည်။[၃] ၁၉၈၅ခုနှစ်၊ အောက်တိုဘာလ(၂၂)ရက်နေ့တွင် ဝါးခစခန်းဟောင်းမှ မြဝတီမြို့အား ၂. ၇၅ရော့ကက်ဖြင့်ပစ်ခတ်ရာ ထိုင်းနိုင်ငံအတွင်း ဒုံးကျည်(၁) လုံးကျရောက်ပေါက်ကွဲ၍ မယ်တော်ရွာမှ အမျိုးသမီးတစ်ဦးထိမှန်သေဆုံးခဲ့သဖြင့် လျော်ကြေး ဘတ် (၃၀၀၀၀)ပေးလျော်ခဲ့ရသည်။[၄] မွန်သောင်းကျန်းသူနိုင်ဆိတ်နို့ ဗဟိုဌာနချုပ်ရှိရာ ဘုရားသုံးဆူသို့ တပ်မတော်စစ်ကြောင်းများ ဝင်ရောက်လာသဖြင့် ဘုရားသုံးဆူမှ နိုင်ဆိတ်နို့စခန်းပြောင်းရွှေ့ပြီး ဆန်ကလယ် နှင့် မြန်မာနိုင်ငံအကြား၌ ဗဟိုသစ်တည်ဆောက်ရန်ကြိုးပမ်းသည်။ တစ်ဘက်နိုင်ငံ ဝမ်ကစခန်းရှိ နိုင်ငွေကျင့်အုပ်စုသည်လည်း လက်နက်ဝယ်ယူရန် ငွေကြေးအခက်အခဲရှိနေသည်၊

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၉-၈၅ မှ ၃၁-၁၂-၈၅ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၀၂ - ၁၀၃

၂ ယင်း မျက် ၁၀၆

၃ ယင်း မျက် ၁၁၃

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၉-၈၅ မှ ၃၁-၁၂-၈၅ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၁၄

နိုင်ဆိတ်ရှိအုပ်စုမှ မွန်သောင်းကျန်းသူ အင်အား(၃၀)ခန့်သည် အမှတ်(၆၁)ခြေလျင်တပ်ရင်း၊ လေယာဉ်စခန်းအားပစ်ခတ် တိုက်ခိုက်ခဲ့သည်။[၁]

အရှေ့တောင်တိုင်းစစ်ဌာနချုပ်သည် ရန်တိုင်းအောင်စစ်ဆင်ရေးကို ဆင်နွှဲလျက်ရှိရာ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် သံဖြူဇရပ်၊ ရေမြို့နယ်များတွင် အမှတ်(၃၁)ခြေလျင်တပ်ရင်း၊ အမှတ်(၆၁)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၄)ခွဲစီ အမှတ်(၁၀၁)တိုင်းအရန်တပ်ခွဲတစ်ခွဲတို့သည် လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် အမှတ်(၃၂)ခြေလျင်တပ်ရင်း၊ အမှတ်(၆၂)ခြေလျင်တပ်ရင်းတို့မှ တပ်ခွဲ(၄)ခွဲစီ၊ အမှတ်(၂၀၂)တိုင်းအရန်တပ်ခွဲတစ်ခွဲ၊ အမှတ်(၃၀၃)တိုင်းအရန်တပ်ခွဲတစ်ခွဲတို့သည် မော်လမြိုင်၊ မုဒုံ၊ ကျိုက်မရော၊ ကြာအင်းဆိပ်ကြီး၊ ချောင်းဆုံမြို့နယ်များတွင်လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာကွပ်ကဲမှုဖြင့် ထားဝယ်၊ ရေဖြူ သရက်ချောင်း၊ လောင်းလုံ၊ မြိတ်အရှေ့/အနောက်၊ တနင်္သာရီ၊ ကော့သောင်မြို့နယ်များတွင် အမှတ်(၁၇)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၇)ခွဲ၊ အမှတ်(၂၅)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၈)ခွဲ၊ အမှတ်(၁၀၁)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၅)ခွဲ၊ အမှတ်(၄၀၄)တိုင်းအရန်တပ်ခွဲတစ်ခွဲတို့သည်လည်းကောင်း ထိုးစစ်ဆင်လျက်ရှိကြသည်။ ထို့အပြင်ရှေ့တန်းအမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ်မှ တပ်ရင်းတစ်ရင်း၊ အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်မှ တပ်ရင်း(၈)ရင်း၊ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်မှ တပ်ရင်း(၆)ရင်းတို့သည်လည်း စစ်ဆင်ရေးတွင်ပါဝင်ဆင်နွှဲကြသည်။ ထိုစစ်ဆင်ရေးများတွင် တပ်မတော်မှ(၃၀၄)ဦးကျဆုံး၍ (၁၀၁၈)ဦး ဒဏ်ရာရပြီး သောင်းကျန်းသူ(၅၁၉)ဦးကျ၍(၁၀၈)ဦးဖမ်းမိကာ (၁၂၂)ဦးလက်နက်ချခဲ့သည်။[၂]

၁၉၈၅ခုနှစ်အတွင်း ရန်ကုန်တိုင်း၊ အနောက်တောင်တိုင်း၊ အနောက်ပိုင်းတိုင်း၊ အနောက်မြောက်တိုင်းများ နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေများအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေးများ

ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းသို့ စိမ့်ဝင်ထိုးဖောက်နေသော သောင်းကျန်းသူများနှင့် ယင်းတို့၏အဆက်အနွယ်များ၊ အဖျက်သမားများ နှင့် မြေပေါ်မြေအောက်အဖွဲ့အစည်းများကို ဖော်ထုတ်ပြီး လုံခြုံမှုရရှိရေးအတွက် အောင်မိုးစစ်ဆင်ရေးကိုပင် ဆက်လက်ဆင်နွှဲလျက်ရှိသည်။ အနောက်တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင်လည်း နယ်မြေစိုးမိုးရေး၊ ဒေသန္တရစစ်ဆင်ရေးများကိုပင်ဆက်လက်ဆင်နွှဲသည်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌လည်းသောင်းကျန်းသူအဖွဲ့အစည်းများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းသို့ ခိုဝင်လျက်ရှိကြ၍ ခဏဝတီစစ်ဆင်ရေးကို

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၁-၈၅ မှ ၃၀-၄-၈၅ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၂၀ - ၁၂၃

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၁-၈၅ မှ ၃၁-၁၂-၈၅ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၂၅-၁၇၉၊ ၁၁၂-၁၇၁၊၁၂၂-၁၇၇

ဆက်လက်ဆင်နွှဲရာတွင် ဖမ်းဆီးရမိသူတစ်ဦးနှင့် လက်နက်ချသူ(၁၆)ဦးတို့သာရှိခဲ့သည်။[၁] အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌လည်း ဒေသခံသောင်းကျန်းသူများမရှိဘဲ တစ်ခါတစ်ရံသာ ပြင်ပဒေသမှ သောင်းကျန်းသူများ ဝင်ရောက်လာခြင်းရှိသည်။ ဤသို့လှုပ်ရှားရာတွင်လည်း ယခုနှစ် အတွင်း ကယန်းပြည်သစ်ပါတီနှင့် ပအို့ဝ်(အနီ)သောင်းကျန်းသူများအများဆုံးဝင်ရောက်ခဲ့ရာ ပထမလေးလပတ်ကာလအတွင်း၌ ၁၉၈၅ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅)ရက်နေ့တွင် ကယန်းပြည်သစ်ပါတီမှအင်အား(၁၀)ဦးခန့်သည် ပြထန်းသို့လည်းကောင်း၊ မတ်လ(၁၃)ရက်နေ့တွင် ယင်းပါတီမှ အင်အား(၂၀)ခန့်သည် အလယ်ချောင်းသို့လည်းကောင်း ဝင်ရောက်၍ ဆက်ကြေးကောက်ခံပြီး ဗကပနှင့် ပအို့ဝ်(အနီ)ပူးပေါင်းအင်အား(၃၀)ခန့်သည် ဖေဖော်ဝါရီလ(၂၈)ရက်နေ့တွင် တပ်ကုန်းမြို့နယ်ဆည်တိုကျေးရွာသို့ ဝင်ရောက်ဆက်ကြေးကောက်ခံသည်။[၂] ဒုတိယလေးလပတ်ကာလအတွင်း၌ ကယန်းပြည်သစ်ပါတီမှ အင်အား(၁၀)ဦးခန့်သည် အလယ်ချောင်းရွာသို့ဝင်ရောက် ရိက္ခာတောင်းသွားပြီး တပ်ကုန်းမြို့နယ်အရှေ့ခြမ်းကျောင်းကုန်းရွာအနီးသို့ ပအို့(အနီ) အင်အား(၂၀)ခန့်ရောက်လာ၍ တပ်မတော်စစ်ကြောင်းနှင့်ထိတွေ့ခဲ့ပြီး ရန်သူများပြန်လည်ဆုတ်ခွါသည်။[၃] တတိယလေးလပတ်ကာလအတွင်း၌မူ ၁၉၈၅ခုနှစ်၊ ဒီဇင်ဘာလ(၂၆)ရက်နေ့တွင် ရှမ်းသောင်းကျန်းသူ(၂၀)ခန့်သည် အမှတ်(၅၀)ခြေလျင်တပ်ရင်းမှ တပ်ခွဲရုံးနှင့် တပ်စုတစ်စုအခြေပြုထားသော မင်းကုန်းစခန်းသို့လာရောက်ပစ်ခတ်ပြီးဆုတ်ခွါသွားကာ ထိုနေ့မှာပင် ရှမ်းသောင်းကျန်းသူ(၁၀)ဦးခန့်သည် တပ်မတော်လှုပ်ရှားတပ်စိတ်တစ်စိတ် ခေတ္တအခြေပြုထားရာနေရာသို့ လာရောက်နှောင့်ယှက်ပစ်ခတ်သည်။ ၁၉၈၅ခုနှစ်၊ စက်တင်ဘာလအတွင်းကလည်း ဗကပအင်အား(၂၀)ခန့်သည် ငှက်မီးရွာတွင်လည်းကောင်း၊ ကျောက်အိုးရွာတွင်လည်းကောင်း ဆန် နှင့် ဆက်ကြေးကောက်ခံခဲ့သည်။ ထိန်ကုန်းရွာ၌လည်း သောင်းကျန်းသူ(၂)ဦးဝင်ရောက်၍ ဆန်နှင့် ရိက္ခာများဝယ်ယူသည်။[၄]

အနောက်မြောက်တိုင်းစစ်ဌာချုပ်မှ အမှတ်(၁)စစ်ဗျူဟာကွပ်ကဲမှုအဖွဲ့၊ အမှတ်(၂)စစ်ဗျူဟာကွပ်ကဲမှုအဖွဲ့နှင့် အမှတ်(၃)စစ်ဗျူဟာကွပ်ကဲမှုအဖွဲ့များဖြင့် အမှတ်(၄၂)ခြေလျင်တပ်ရင်း၊ အမှတ်(၅၀)ခြေလျင်တပ်ရင်း၊ အမှတ်(၇၁)ခြေလျင်တပ်ရင်း၊ အမှတ်(၈၅)ခြေလျင်တပ်ရင်း၊ အမှတ်(၈၇)ခြေလျင်တပ်ရင်း၊ အမှတ်(၈၉)ခြေလျင်တပ်ရင်း၊ အမှတ်(၉၅)ခြေလျင်တပ်ရင်းများသည် ချင်းပြည်နယ်မြောက်ခြမ်း၊ စစ်ကိုင်းတိုင်းမြောက်ခြမ်း၊ ထီးချိုင့်၊ မဘိန်း၊ မိုးမိတ်နယ်မြေ၊ မိုးကုတ်-မိုင်းလုံနယ်မြေ၊

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၁-၈၅ မှ ၃၁-၁၂-၈၅ အတွင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၄၁၊ ၁၂၉၊ ၁၄၀

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၁-၈၅ မှ ၃၀-၄-၈၅ အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၄၃- ၁၄၄

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၅-၈၅ မှ ၃၁-၈-၈၅ အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၃၃

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၉-၈၅ မှ ၃၁-၁၂-၈၅ အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၄၂-၁၄၃

ပင်လယ်ဘူး-ဗန်းမောက်-အင်းတော်နယ်မြေ၊ ကုန်းသာ-ရဲရမန်နယ်မြေ၊ ရမည်းသင်း-တပ်ကုန်း၊ ပျဉ်းမနားနယ်မြေများတွင် နဂါးမင်းစစ်ဆင်ရေးဆင်နွှဲခဲ့ရာ တပ်မတော်မှ(၂)ဦးကျဆုံး၍(၂)ဦးဒဏ်ရာရပြီး၊ သောင်းကျန်းသူ(၅)ဦးကျပြီး (၃၁)ဦးလက်နက်ချကာ၊ (၁၁)ဦးလက်ရဖမ်းမိသည်။[၁]

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းတွင်မူ ကေအင်ယူတို့သည် အခြေခံစခန်းများ အခိုင်အမာတည်ဆောက်ရေးကို ဦးတည်၍ လှုပ်ရှားဆူပူလျက်ရှိကြသည်။ တပ်မဟာမှူး ဘောနီဦးစီးသော ကေအင်ယူတပ်မဟာဌာနချုပ်သည် တပ်မဟာအရန်တပ်ခွဲ(၂)ခွဲနှင့်အတူ ဆူဆာခိုး၊ စီကဲဒိုး တိုက်၌အခြေခံကာ သံတောင်၊ မော်ခိုးကားလမ်းတောင်ခြမ်းနှင့် ထန်းတပင်အရှေ့ခြမ်း၌ လှည့်လည် လှုပ်ရှားနေသည်။ တပ်ခွဲ(၁)သည် သံတောင်မြို့နယ်တောင်ခြမ်း၊ မြစ်ငံချောင်း၏ တောင်ဘက် ခိုးလူ၊ ထိပ်ပုဒေသတွင်လည်းကောင်း၊ တပ်ခွဲ(၂)သည် မြစ်ငံချောင်း၏ အရှေ့ဘက် ရေထိုးကြီး၊ စီကဲဒိုးဒေသ အတွင်း တပ်မဟာဌာနချုပ်၏ ရှေ့ကာတပ်အဖြစ်လည်းကောင်း တပ်ခွဲ(၃)သည် ရွှေးခို၊ လေစိုဒိုးခိုဒေသ၌လည်းကောင်း လှုပ်ရှားလျက်ရှိသည်။ တပ်ခွဲ(၁)တပ်ခွဲမှူးဦးစီးသော အင်အား(၅၀)ခန့်သည် အမှတ်(၃၉)ခြေလျင်တပ်ရင်းမှ တပ်စိတ်(၁)စိတ်နှင့် ပြည်သူ့စစ်ပူးပေါင်းအခြေပြုသည့် ခံကြီးစခန်းကို ၁၉၈၅ ခုနှစ်၊ ဇန်နဝါရီလ(၅)ရက်နှင့် (၆)ရက်နေ့များတွင်ဝင်တိုက်သည်။ တပ်မဟာမှူး ဘောနီနှင့် တပ်ခွဲ(၃) တပ်ခွဲမှူးဦးစီးသော အင်အား(၁၂၀)ခန့်မှ အင်အား(၃၀)ခန့်သည် အမှတ်(၃၉)ခြေလျင်တပ်ရင်း ဘောဂလိကြီးစခန်းအား ဖေဖော်ဝါရီလ(၂၇)ရက်နေ့တွင်နှောင့်ယှက်ပစ်ခတ်ပြီးအင်အား(၃၀)ခန့်သည် ပြောင်သိုစခန်းအား ပစ်ကူပေးကာ အင်အား(၄၀)ခန့်က အနီးကပ်တိုက်ခိုက်သည်။ ပလက်ဝစခန်းမှ စစ်ကူလာသည့် တပ်မတော်တပ်စိတ်ကိုလည်း အင်အား(၂၀)ခန့်က ဖြတ်တောက်တိုက်ခိုက်သည်။[၂] တပ်မဟာမှူးဘောနီသည် လူသစ်အပါအဝင် အင်အား(၁၀၀)ခန့်ကို စီကဲဒိုးမြောက်ဘက်၊ စောဝါးဒို ရွာဟောင်း၌လူသစ်သင်တန်းဖွင့်လှစ်ပေးပြီး ဘောနီသည် စီကဲဒိုးအရှေ့ဘက်တွင် တဲငယ်(၁၅)လုံးခန့် တဲကြီး(၆)လုံးခန့်ဖြင့် အင်အား(၇၀)နှင့် နေထိုင်လျက်ရှိသည်။[၃] တပ်မဟာမှူး ရှားမင်းဦးစီးသော တပ်မဟာ(၃)သည် လိပ်ကော်ဒိုး၊ ခဲပါတစ်ဝိုက်တွင် အခြေခံပြီး ဘီးလင်းချောင်းဖျား၊ ရွှေကျင်ချောင်းဖျား၊ ရွှေကျင်နှင့် ကျောက်ကြီးမြို့နယ်အစပ်တွင် လှုပ်ရှားသည်။ ၁၉၈၄ ခုနှစ်အတွင်းက စစ်ဆင်ရေးကာလအတွင်း တပ်မတော်တပ်ဖွဲ့များသည် လိပ်ကော်ဒိုး- ခဲပါဒေသသို့ ဝင်ရောက်ရှင်းလင်းချိန်၌ ခဲပါဒေသ၊ တွန့်စလင်းချောင်း၊ ဘီးလင်းချောင်းဒေသအကြားတွင် အင်အားဖြန့် တိမ်းရှောင်နေသည်။ တပ်မဟာ(၃)လက်အောက်ခံတပ်ရင်း(၈)မှအင်အားစုများသည် တာဒိုးဝါးစစ်ကြောင်းမှ အင်အားစုများ

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၅မှ ၃၁-၁၂-၈၅ အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မှက် ၁၄၅၊ ၁၃၅၊၁၄၅

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၅မှ ၃၀-၄-၈၅ အတွင်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မှက် ၁၄၈။၁၄၉

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၉-၈၅မှ ၃၁-၁၂-၈၅ အတွင်းအလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မှက် ၁၄၈

နှင့်ပူးပေါင်းကာ ၁၉၈၅ခုနှစ်၊ ဇန်နဝါရီ(၉)ရက်နေ့တွင် ကျောက်ကြီးမြို့အား ဧ၂မမ ဖြင့်ပစ်ခတ်နှောင့်ယှက်ပြီး တပ်ရင်း(၈)သည် (၁၇)ရက်နေ့တွင် ရန်ကုန်-မန္တလေး အမှတ်(၅)အဆန် အမြန်ရထားအား ကညွတ်ကွင်းအနီး၌ မိုင်းခွဲခဲ့သည်။[၁] တစ်ဖန် ဇူလိုင်လ(၂၄)ရက်နေ့တွင်လည်း ဗဟိုမှ စိုင်းစောထူးနှင့် တပ်မဟာ(၃)မှ (၃)ဦးတို့ပူးပေါင်း၍ ကျွဲပွဲနှင့်ညောင်ခြေထောက်အကြား မီးရထားမိုင်တိုင်အမှတ်(၂၄၆)နှင့်(၂၄၇)အကြားတွင် ရန်ကုန်-မန္တလေးအမှတ်(၁)စာပို့ရထားအား မိုင်းခွဲခဲ့ရာ အပြစ်မဲ့ပြည်သူ(၆၇)ဦးသေဆုံး၍ (၁၁၂)ဦးဒဏ်ရာရခဲ့သည်။ ကေအင်ယူအကောက်အဖွဲ့သည် တစ်ဘက်နိုင်ငံမှ ၁၀/တန်၊ ၂၅/ကျပ်တန်နှင့် ၁၀၀/ကျပ်တန် ငွေစက္ကူအတုများကို ငွေအစစ် ၂၀၀/ကျပ်လျှင် ငွေစက္ကူအတု ၁၀၀၀/ကျပ်နှုန်းဖြင့် လဲလှယ်၍ငွေ ၅၀၀၀၀ ဘိုးမှာယူထားပြီး ကျွဲနွား ရိက္ခာနှင့် မှောင်ခိုဝယ်ယူရေးတွင် သုံးစွဲမည်ဖြစ်သည်။[၂]

ဗျကောပုဒေသတွင် လှုပ်ရှားဦးစီးသော ဗျကောပုဒေသခံကာကွယ်ရေး တပ်ရင်း(၂၀)တပ်ခွဲ(၂)၊ ကာကွယ်ရေးတပ်ရင်း(၁)၊ တာဒိုးဝါးစစ်ကြောင်း၊ ဒုတိယဗိုလ်မှူးကြီး အဲရယ်ဦးစီးသော ဗဟိုလုံခြုံရေးတပ်ခွဲ(၃)မှ အင်အားစုများပေါင်းဖွဲ့ပြီး ထီးမူခီးမြောက်ခြမ်း၊ ပွိုင့်-၄၆၄၆၊ ပွိုင့်-၄၆၂၉ တို့တွင် ခြေကုတ်စခန်းယူပြီး၊ ဗျကောပု၊ ဆေးဒေး၊ ထီးမူခီးပတ်ဝန်းကျင်၊ လွယ်မူပလော၊ စောမူပလောတစ်ဝိုက်၌ လှုပ်ရှားခိုအောင်းသည်။ အဲရယ်သည် ထီးမူခီးမြောက်ခြမ်း ပွိုင့် ၄၆၄၆၊ ပွိုင့် ၄၆၂၉ အပါအဝင် ကေအင်ယူခြေကုပ်စခန်းများ မကျဆုံးရေးကိုကြိုးကြပ်ကွပ်ကဲလျက်ရှိသည်။ တာဒိုးဝါးစစ်ကြောင်းမှအင်အား(၄၀)ခန့်သည် ၁၉၈၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် ရှေ့တန်းအမှတ်(၆၀)ခြေလျင်တပ်ရင်းစစ်ကြောင်း(၂)ကြောင်းအားတိုက်ကွက်ဖော်ခဲ့ရာ တပ်မတော်မှ စစ်သည် (၃)ဦးကျဉ်းလက်နက်(၃)လက်ဆုံးရှုံးခဲ့သည်။[၃] ၁၉၈၅ ခုနှစ်၊ မေလ(၁၆)ရက်နေ့တွင် အမှတ်(၁၉)ခြေလျင်တပ်ရင်းမှတပ်စု(၂)စုသည် ဖါပွန်မျက်နှာစုံညီအစည်းအဝေး၏အပြင်စည်းလုံခြုံရေး ဆောင်ရွက်လျက်ရှိစဉ် ကေအင်ယူတပ်ရင်း(၂၀)မှအင်အား(၃၀)ခန့်နှင့် တွေ့ဆုံ၍ တပ်မတော်မှစတင်ပစ်ခတ်ရာ ကေအင်ယူတို့က ဧ၁ မမ၊ ၂.၇၅မမ ရော့ကက်လောင်ချာ တို့ဖြင့် ဖါပွန်မြို့တွင်းသို့ပစ်ခတ်သည်။ သို့သော် မြို့တွင်းသို့ ကျရောက်ပေါက်ကွဲခြင်း မရှိခဲ့ချေ။[၄]

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သည် ရန်သူများကို ရန်တိုင်းအောင်စစ်ဆင်ရေး၊ ရွှေအေးဖြို့စစ်ဆင်ရေး အဆင့် (၁၁)၊ (၁၂) ၊ (၁၃)နှင့်အောင်ဇေတုစစ်ဆင်ရေးများဆင်နွှဲ၍တိုက်ခိုက်ချေမှုန်းရာ

၁	ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက်	၁-၁-၈၅မှ	၃၀-၄-၈၅	အတွင်းအလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မှတ် ၁၅၀
၂	ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက်	၁-၅-၈၅မှ	၃၁-၈-၈၅	အတွင်းအလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မှတ် ၁၃၉၊၁၄၀
၃	ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက်	၁-၁-၈၅မှ	၃၀-၄-၈၅	အတွင်းအလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မှတ် ၁၅၄
၄	ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ စစ်ဆင်ရေးသုံးသပ်ချက်	၁-၅-၈၅မှ	၃၁-၈-၈၅	အတွင်းအလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မှတ် ၁၄၁

တိုင်းစစ်ဌာနချုပ်တိုက်ရိုက်ကွပ်ကဲမှုဖြင့် အမှတ်(၄၈)ခြေလျင်တပ်ရင်းမှတပ်ခွဲ(၆)ခွဲ၊ အမှတ်(၅၉) ခြေလျင်တပ်ရင်းမှတပ်ခွဲ(၁)ခွဲတို့သည်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် အမှတ် (၂၆)ခြေလျင်တပ်ရင်း၊ အမှတ်(၃၀)ခြေလျင်တပ်ရင်း၊ အမှတ်(၃၅)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၅) ခွဲစီ၊ အမှတ်(၃၉)ခြေလျင်တပ်ရင်း၊ အမှတ်(၆၀)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ (၄)ခွဲစီ၊ သီဟကွန်မန်ဒို၊ ဗလကွန်မန်ဒို၊ သူရကွန်မန်ဒိုတို့မှ တပ်စု(၂)စုစီတို့သည်လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် အမှတ်(၁၉)ခြေလျင်တပ်ရင်း ၊ အမှတ်(၅၇)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၄)ခွဲစီ၊ အမှတ်(၅၃)ခြေလျင်တပ်ရင်း၊ အမှတ်(၅၉)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၅)ခွဲစီတို့သည် လည်းကောင်း ပါဝင်တိုက်ခိုက်ခဲ့သည့်အပြင်၊ ရှေ့တန်းအမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်မှ နည်းဗျူဟာအဖွဲ့(၂)ဖွဲ့နှင့် တပ်ရင်း(၈)ရင်း၊ အရှေ့တောင်းတိုင်းစစ်ဌာနချုပ်၊ အမှတ်(၄)စစ်ဗျူဟာအဖွဲ့နှင့် တပ်ရင်း(၄)ရင်း တို့လည်းပါဝင်တိုက်ခိုက်ခဲ့သည်။ အဆိုပါစစ်ဆင်ရေးများတွင် တပ်မတော်မှ(၁၆၈)ဦးကျဆုံး၍ (၅၈၅) ဦးဒဏ်ရာရပြီး သောင်းကျန်းသူ (၃၄၈)ဦးကျကာ (၄၇)ဦး ဖမ်းမိပြီး (၅၆)ဦးလက်နက်ချသည်။[၁]

၁၉၈၆ခုနှစ်မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများ နှင့် တပ်မတော်၏စစ်ဆင်ရေး

၁၉၈၆ ခုနှစ် အတွင်း၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း၌ ဗကပမှ(၁၀၁) စစ်ဒေသ၊ (၁၀၂)စစ်ဒေသနှင့်တပ်မဟာ(၃)တို့ရှိနေခဲ့ရာ(၁၀၁)စစ်ဒေသသည်တပ်ရင်း(၂)ရင်းအင်အား (၇၂၄)ဦးဖြင့်ကန်ပိုက်တီး၊ မဆခင်ဒူ၊ နဂ္ဂန်ဘော်၊ ချီဖွေ၊ ဆောလောဒေသတွင်လည်းကောင်း၊ (၁၀၂) စစ်ဒေသတွင်တပ်ရင်း(၁)ရင်း အင်အား(၁၀၀)ဦးဖြင့် ကချင်သောင်းကျန်းသူနယ်မြေ၌လည်းကောင်း၊ တပ်မဟာ(၃)သည်တပ်ရင်း(၃)ရင်းအင်အား(၇၀၀)ဦးဖြင့် တုံဟုန်း၊ နမ့်ဆာ၊ ဆဒုံး၊ မော်ဆွိုးတို့တွင် လည်းကောင်းလှုပ်ရှားလျက်ရှိသည်။[၂] အမှတ်(၁၀၁)စစ်ဒေသကို နိုင်ငံရေးမှူး ဆွန်လွတ်နော်၊ စစ်ဒေသမှူး ဝလာဟောင်းခေါင်တို့ကဦးစီးပြီး (၁၀၂)စစ်ဒေသကို နိုင်ငံရေးမှူးအောင်နိုင်၊ စစ်ဒေသမှူး လယောက်ဇေလွန်တို့ကဦးစီးသည်။ ကေအိုင်အေတပ်မဟာ(၃)နယ်မြေတွင် လှုပ်ရှားလျက်ရှိသည့် ဗကပတပ်မဟာ(၃)ကို နိုင်ငံရေးမှူးမြအောင်၊ တပ်မဟာမှူးရယ်ဝမ်ဝူးတို့က ဦးစီးသည်။ ဗကပတစ်ဦး လျှင် တစ်နှစ်အတွက် ယူနီဖေါင်း(၃)စုံ၊ ဘိနပ်(၃)ရံ၊ အနွေးဘောင်းဘီရှည်(၁)ထည်၊ အတွင်းခံ ဘောင်းဘီတို(၂)ထည်၊ စွပ်ကျယ်(၂)ထည်၊ ဦးထုပ်(၂)လုံးတို့အားလေးလ တစ်ကြိမ်(၃)ကြိမ်ခွဲ၍ ထုတ်ပေးပြီး ရှေ့တန်းရဲဘော်တစ်ဦးအတွက် ရိက္ခာဆန်မတ်ခွက်အလုံး(၅၀)နှင့် နောက်တန်းစစ်သည် တစ်ဦးအတွက် အလုံး(၄၀)ထုတ်ပေး၍ တရုတ်ပြည်ဟဲညီတန်မှ ဆန်ဝယ်ယူရသည်။ မဆခင်ဒူစခန်း

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၅မှ၃၁-၁၂-၈၅ အတွင်းအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေး သုံးသပ်ချက် မှက် ၁၆၀၊ ၁၇၉၊ ၁၄၅၊ ၁၇၁၊ ၁၅၄

၂ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

တွင် အင်အား(၂၀၀)ခန့်နှင့် လေယာဉ်ပစ်စက်သေနတ် ၁ လက်၊ ၇၅မမ ၁ လက်၊ ဘရင်းဂန်း ၂ လက်၊ ၆၀မမ ၁ လက်ရှိပြီး ဘိန်းစိုက်ခင်းဧက ၃၀ ခန့်လည်းရှိသည်။[၁]

ကေအိုင်အေဗဟိုဌာနချုပ်သည် ပါဂျီနားဖေါ်တို့တွင်ရှိပြီး တပ်ရင်း(၄)ရင်းအင်အား(၁၁၉၇) တပ်မဟာ(၁)သည်တပ်ရင်း(၃)ရင်းဖြင့် အင်အား(၈၉၂)ဦး၊ တပ်မဟာ(၂)သည် တပ်ရင်း(၅)ရင်းဖြင့် အင်အား(၁၇၅၀)ဦး၊ တပ်မဟာ(၃)သည် တပ်ရင်း(၂)ရင်းဖြင့် အင်အား(၈၅၀)ဦးတို့ရှိသည်။[၂] မရန်ဘရန်ဆိုင်းအမှုးပြုသော ကေအိုင်အေခေါင်းဆောင်များသည် တစ်ဘက်နိုင်ငံကုန်သည်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီးပွါးရေးလုပ်ငန်းများအောင်မြင်နေ၍ စီးပွားရေးအပိုင်း၌ စိတ်အားသန်လျက်ရှိကြသည်။ နိုင်ငံခြားသို့ ကျောက်စိမ်းနှင့် အခြားသယံဇာတပစ္စည်းများရောင်းဝယ်ရေးအတွက် ကေအိုင်အေဗဟိုကုန်သွယ်ရေးဌာနတွင် ဟိုင်ပလီအမည်ရှိကုမ္ပဏီဖွင့်လှစ်ထားသည်။ ကေအိုင်အေတို့သည် တစ်ဘက်နိုင်ငံသို့ဆင်အရောင်းအဝယ်ပြု၍ တနိုင်းဘက်သို့ဆင်ဖမ်းအဖွဲ့များ စေလွှတ်ထားသည်။ ဧပေခန့်အမြင့်ရှိသည့် ဆင်တစ်ကောင်လျှင်(၁၂၀၀၀၀/-)ဖြင့်ရောင်းချရန်စီစဉ်ထားသည်။ ၁၉၈၆ခုနှစ်၊ ဖေဖော်ဝါရီလ(၂)ရက်နေ့တွင် ခယားလန်ဘက်မှ ကျောက်စိမ်းများတင်ဆောင်လာသည့် ဆင်(၄)ကောင်ရောက်လာရာ ပါရှိသည့်ကျောက်စိမ်းများ၏စုစုပေါင်းတန်ဘိုးမှာ ၁၅ သိန်းခန့်ရှိ၍ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ဟောင်ကောင်မှ ကုန်သည် ၂ ဦးပါဂျီသို့ရောက်ရှိလာသည်။ မဒတအဖွဲ့အနေဖြင့်လည်း သစ်များရောင်းချရန် တစ်ဘက်နိုင်ငံနှင့် စာချုပ်ချုပ်ဆိုထားပြီဖြစ်၍ နားဖေါ်၌သစ်လုပ်ငန်းအခြေစိုက်ရန်စီစဉ်ထားသည်။ ၁၉၈၅ခုနှစ်၊ ဒီဇင်ဘာလမှ ၁၉၈၆ ခုနှစ်၊ ဇန်နဝါရီလ(၁၆)ရက်နေ့အထိ ပါဂျီ၌မဒတအစည်းအဝေးပြုလုပ်ခဲ့ရာ မဒတကိုယ်စားလှယ်များ အပြန်ခရီးတွင် ငွေကြေးအခက်အခဲများရှိ၍ ဖေဖော်ဝါရီလတွင် ကေအိုင်အေကုန်သွယ်ရေးဌာနမှ ငွေ(၂၆၀၀၀၀/-)ကိုမဒတအသုံးစရိတ်အဖြစ်ချေးငှားခဲ့ရသည်။ မဒတအဖွဲ့ဝင်များကေအိုင်အေဌာနချုပ်သို့ရောက်နေစဉ်ကာလအတွင်း ကေအိုင်အေများက ခေါင်းဆောင်များကို အဝတ်အထည်များလက်ဆောင်ပေးခြင်း၊ ကချင်ရဲမေအမျိုးသမီးများကို အနီးကပ်ဆက်ဆံစေပြီး ရင်းနှီးမှုရရှိစေခြင်း၊ လက်အောက်ငယ်သားများကို စစ်ဝတ်စုံများလက်ဆောင်ပေးခြင်း၊ နေ့စဉ်ပွဲဒိယိုပြခြင်း၊ ဈေးတန်းဖွင့်လှစ်ရောင်းချပေးခြင်း၊ အစားအသောက်များကောင်းမွန်စွာကျွေးမွေးဧည့်ခံခြင်းများဖြင့် စည်းရုံးရေးပြုလုပ်ခဲ့သည်။[၃]

သမ္မတဟိုက်ဇက်ဆူး၊ ဒုတိယသမ္မတစပ်ပလန်တို့ဦးစီးသော တန်ကွန်နာဂအဖွဲ့သည် တပ်ရင်း ၂ ရင်းအင်အား ၄၈၀၊ နောက်အော်နာဂများသည် တပ်ရင်း ၁ ရင်း အင်အား ၂၅၀ တို့ဖြင့် ဟာရိုတ်


---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၆မှ၃၀-၄-၈၆ အတွင်းမြောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၂၂ - ၂၄

၂ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၆ မှ ၃၀-၄-၈၆ အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁ - ၆

ကချင်သောင်းကျန်းသူ (ကေအိုင်အေ) နှင့်အခြားသောင်းကျန်းသူများ တပ်စခန်းတည်နေရာပြမြေပုံ (၁၉၈၆ - ၈၇)



ဒေသနှင့်ကျွန်းခေါင်နန့်စလိန်ချောင်းဒေသများတွင် ရှိနေကြသည်။[၁]

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း အခြေခိုင်မာစွာချလာသော ကေအိုင်အေ၊ ဗကပနှင့် နာဂသောင်းကျန်းသူများအား တိုင်းစစ်ဌာနချုပ်သည် ၁၉၈၆ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှ ၁၉၈၇ခုနှစ်၊ မတ်လ ၂၀ ရက်နေ့အထိတစ်နှစ်တာကာလအတွင်း ဇွဲရဲမာန်စစ်ဆင်ရေးနှင့် သူရိန်ထွန်း[၂] စစ်ဆင်ရေးများဖြင့် ချေမှုန်းတိုက်ခိုက်ခဲ့ရာ တိုက်ပွဲကြိမ် ၃ ကြိမ်နှင့် တိုက်ပွဲငယ်(၄၅၁)ကြိမ် ဖြစ်ပွားခဲ့သည်။ တပ်မတော်စစ်ကြောင်းများသည် တနိုင်းမြို့နယ်အတွင်းရှိ အင်အား(၃၀၀)ခန့်ဖြန့်ခွဲ အခြေပြုထားသည့် ကေအိုင်အေတပ်မဟာ(၂)ဌာနချုပ်တနိုင်းယန်စခန်းအား ၁၉၈၆ခုနှစ်၊ ဧပြီလ(၁၆)ရက်နေ့မှစတင်ခြိုတက်တိုက်ခိုက်ရာ တိုက်ပွဲငယ်(၁၆)ကြိမ်ဖြစ်ပွားပြီး၊ ဧပြီလ(၁၈)ရက်နေ့တွင် အောင်မြင်စွာသိမ်းပိုက်နိုင်ခဲ့သည်။ ဤတိုက်ပွဲများတွင် တပ်မတော်မှ(၁)ဦးကျဆုံး၍ (၁၄)ဦးဒဏ်ရာရပြီး သောင်းကျန်းသူ(၇)ဦးကို အသေရကာလက်နက်ငယ်မျိုးစုံ ၁၀ လက်၊ကျည်မျိုးစုံ ၃၆ တောင့် နှင့် မိုင်း ၃ လုံးသိမ်းဆည်းရသည်။

ထို့ပြင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေမှာပင် တပ်မတော်စစ်ကြောင်းများသည် လဟယ်မြို့နယ်အတွင်း၌ အင်အား(၂၀၀)ခန့်ဖြန့်ခွဲ အခြေပြုထားသည့် တန်ကွန်နာဂသောင်းကျန်းသူ ဗဟိုဌာနချုပ် ဟာရှိတ်တောညီစခန်း နှင့် တပ်မဟာဌာနချုပ်ကြူယန်းနောက်ညီစခန်းတို့အား ၁၉၈၆ခုနှစ်၊ ဧပြီလ(၂၃)ရက်နေ့မှ(၂၉)ရက်နေ့အထိတစ်ကြိမ်၊ ၁၉၈၆ခုနှစ်၊ အောက်တိုဘာလ(၂၀) ရက်နေ့မှ နိုဝင်ဘာလ(၈)ရက်နေ့အထိတစ်ကြိမ်၊ စုစုပေါင်းနှစ်ကြိမ်ခြိုတက်တိုက်ခိုက်ရာရန်သူနှင့် ထိတွေ့မှု(၂၉)ကြိမ်ဖြစ်ပွားပြီး ရန်သူ့စခန်းများကို သိမ်းဆည်းရသည်။ ထိုတိုက်ပွဲများတွင် တပ်မတော်မှ(၂)ဦးကျဆုံး၍ (၉)ဦးဒဏ်ရာရပြီး၊ သောင်းကျန်းသူ(၃၅)ဦးကိုအသေမိ၍ လက်နက်ငယ်မျိုးစုံ(၆) လက်နှင့်ခဲယမ်းမီးကျောက် အမြောက်အများသိမ်းပိုက်ရရှိသည်။

အလားတူပင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌ တပ်မတော်စစ်ကြောင်း ၁ ကြောင်းသည် ဝိုင်းမော်မြို့နယ်အတွင်းရှိ ဗကပ(၁၀၁)စစ်ဒေသလက်အောက်ခံတပ်ရင်း(၁)ဌာနချုပ် ၏စင်ကြိုင်စခန်းအားအောက်တိုဘာလ(၁၀)ရက်နေ့က ဝင်ရောက်တိုက်ခိုက်ရာ ရန်သူအင်အား(၃၀) ခန့်နှင့် တိုက်ပွဲဖြစ်ပွါးပြီးရန်သူ့စခန်းအားသိမ်းပိုက်ရရှိသည်။ ထိုတိုက်ပွဲတွင် တပ်မတော်မှ(၁)ဦး ဒဏ်ရာရပြီး သောင်းကျန်းသူ(၉)ဦးကို အသေရမိသည်။ ထို့ပြင်သောင်းကျန်းသူများထံမှ ၆၀မမ စိန်ပြောင်းတစ်လက်၊ အမ် ၂၃ စက်လတ်နှစ်လက်၊ လက်နက်ငယ်မျိုးစုံ ၇ လက်နှင့် ခဲယမ်းမီးကျောက်အမြောက်အများသိမ်းဆည်းရမိသည်။[၃]

---

၁ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

၂ စစ်ဆင်ရေးမှတ်တမ်းများတွင်ဖော်ပြထားခြင်းမရှိသည့်အပြင်တပ်မ(၃၃)သိုင်းမောင်ဝံသာနု၏ "ဓုဝံကြယ် တပ်မတော်" ဆောင်းပါးများတွင် သူရိန်ထွန်းကို ၁၉၈၇ခုနှစ်တွင်ဆင်နွှဲခဲ့ကြောင်း ဖော်ပြထားသည်။

၃ မြန်မာ့သိုင်းအကျဉ်းနှင့်တပ်မတော်ကဏ္ဍ တတိယတွဲ မျက် ၂၀၁ - ၂၀၂

အဆိုပါတိုက်ပွဲများပါဝင်သည့် စစ်ဆင်ရေးကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ တိုက်ရိုက်ကွပ်ကဲမှုနယ်မြေ အင်ဂျင်းယန်၊ အင်စွတ်ဇွတ်၊ တီရန်စွတ်၊ ကဝဖန်၊ တနိုင်၊ တရုံ၊ ပန်ဆောက်၊ လဟယ်၊ ယမ်းကြိုး၊ ဟောင်ခါး၊ လုံးခင်းဒေသများ၌ အမှတ်(၂၁)ခြေလျင်တပ်ရင်း၊ အမှတ်(၃၇)ခြေလျင်တပ်ရင်း၊ အမှတ်(၄၆)ခြေလျင်တပ်ရင်း၊ အမှတ်(၈၆)ခြေလျင်တပ်ရင်း၊ အမှတ်(၉၈)ခြေလျင်တပ်ရင်းတို့မှ တပ်ခွဲ(၅)ခွဲစီ၊ အမှတ်(၅၂)ခြေလျင်တပ်ရင်းမှတပ်ခွဲ(၆)ခွဲတို့ပါဝင်တိုက်ခိုက်ပြီး ထိုစစ်ဆင်ရေး၌ နာဂသောင်းကျန်းသူတို့၏ ဟာရိုတ်တောညီစခန်းနှင့် ကြူယန်းနောက်ညီစခန်းများကို သိမ်းဆည်းနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

အမှတ်(၁)စစ်ဗျူဟာအဖွဲ့၏ကွပ်ကဲမှုနယ်မြေ မြို့သစ်၊ ဒေါ်ဖုန်းယန်၊ နားလုံ၊ လွယ်ကျယ်၊ မွန်ဘာပါ၊ မံစီ၊ တင်စိမ်းပါ၊ စီခမ်းကြိုးဒေသများတွင် အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄၀)ခြေလျင်တပ်ရင်း၊ အမှတ်(၄၇)ခြေလျင်တပ်ရင်း၊ အမှတ်(၅၆)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၄)ခွဲစီဖြင့်ပါဝင်တိုက်ခိုက်သည်။ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုနယ်မြေ တနိုင်းယန်၊ ကျန်ပန်၊ လဒန်ဂါး၊ ဆွမ်ပရာတို့တွင် အမှတ်(၁၅)ခြေလျင်တပ်ရင်း၊ အမှတ်(၂၉)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၅)ခွဲစီ၊ အမှတ်(၁၈)ခြေလျင်တပ်ရင်းမှတပ်ခွဲ(၄)ခွဲ၊ အမှတ်(၈၆)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၁)ခွဲတို့ဖြင့် ပါဝင်တိုက်ခိုက်ရာ အမှတ်(၁၅)ခြေလျင်တပ်ရင်းစစ်ကြောင်းမှ တနိုင်းယန်အပြင်ဆွမ်ပရာစခန်းကိုလည်း သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်သည်။

အမှတ်(၃)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုနယ်မြေ ချီတွေ၊ ရစ်ကျော်၊ ရှုပေါ်၊ လောခေါင်၊ ဆောလော၊ ဝိုင်းမော်၊ ဆိုင်လော်ဒေသများတွင် အမှတ်(၂)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၅)ခြေလျင်တပ်ရင်း၊ အမှတ်(၂၉)ခြေလျင်တပ်ရင်း၊ အမှတ်(၅၈)ခြေလျင်တပ်ရင်း၊ အမှတ်(၇၄)ခြေလျင်တပ်ရင်း၊ အမှတ်(၉၃)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၅)ခွဲစီဖြင့်တိုက်ခိုက်ခြင်းဖြစ်သည်။ ထို့ပြင် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကွပ်ကဲလျက် လုံးတုံး၊ လုံးစန်၊ ဟိုပင်၊ မိုးညှင်း၊ နမ္မတီး၊ မရမ်း၊ ၇၀၄မိုင်၊ မိုးကောင်း၊ ကာမိုင်းဒေသများတွင် ပါဝင်တိုက်ခိုက်ခဲ့သည်။ ဤစစ် ဆင်ရေးများတွင် တပ်မတော်မှ (၉၇)ဦးကျဆုံး၍ (၂၅)ဦးဒဏ်ရာရကာသောင်းကျန်းသူ(၃၀၇)ဦးကျ၍ (၉၁)ဦးဖမ်းမိကာ (၁၀၂)ဦးလက်နက်ချသည်။[၁]


၁၉၈၆ခုနှစ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

ဗကပပန်ဆိုင်းဗဟိုသည် တစ်ဘက်နိုင်ငံမှ ပိုလျှံသောလက်နက်ကြီး၊ လက်နက်ငယ်ခဲယမ်းများ၊ ဆေးပစ္စည်းများကို ၁၉၈၆ခုနှစ်၊ အောက်တိုဘာလတွင်လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူခဲ့သည်။

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁. ၁. ၈၆ မှ ၃၁. ၁၂. ၈၆ အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၂၈-၄၄၊၁၄-၂၅၊၂၁-၃၄

ဗကပ နှင့် အခြားသောင်းကျန်းသူများတပ်စခန်းတည်နေရာပြမြေပုံ
(၁၉၈၆-၈၇)



ပန်ဆိုင်း၊ မိုင်းမောဒေသမှ ၇၅မမ(၅)လက်၊ ၈၂မမ(၅)လက်၊ ပွိုင့်၅စက်သေနတ်များနှင့် ယင်းသေနတ်ကျည်များကို အောက်တိုဘာလအတွင်း၌ ချင်းရွှေဟော်သို့ရောက်သည်။ နိုဝင်ဘာလဆန်းတွင် ကိုးကန့်နယ်မှတစ်ဆင့် မုံးကိုးသို့သယ်ယူ၍ နိုဝင်ဘာလဒုတိယပတ်တွင် မုံးကိုးအနီး ကောင်းကပ်ရှိကွတ်ခိုင်ခရိုင်ရုံးလက်နက်ခဲယမ်းဂိုဒေါင်တွင် ခဲယမ်းသေတ္တာ(၅၀၀)ခန့်စုပုံလျက်ရှိသည်။[၁] မုံးကိုးတွင် ဗဟိုကော်မတီဝင်မျိုးမြင့်ဦးစီးသော ဗကပမြောက်ပိုင်းဗဟိုခွဲအခြေပြုလျက်ရှိသည်။ ၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလကုန်ပိုင်းတွင် မုန်းပေါ်၌ မြောက်ပိုင်းဗဟိုခွဲတာဝန်ခံမျိုးမြင့်၊ စစ်ဆင်ရေးတာဝန်ခံထွန်းတင်၊ ဗကပတပ်မဟာ(၂)ခေါင်းဆောင်များနှင့် ကေအိုင်အေဗဟိုမှ ဘဏ္ဍာရေးတာဝန်ခံ လမုန်းတူးဂျိုင်၊ တပ်မဟာမှူးဆိုင်းဖုံးတို့တွေ့ဆုံ၍ ဗကပနှင့် ကေအိုင်အေပူးပေါင်းစစ်ဆင်ရေးကိစ္စ များကိုဆွေးနွေးခဲ့သည်။[၂] ၁၉၈၅ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် မုံးကိုး၌အခြေပြုထားသော ဗကပတပ်မ(၄၈) ကိုဖျက်သိမ်းပြီး လက်အောက်ခံတပ်ရင်း(၇၀၁) နှင့် လက်နက်ကြီးတပ်ရင်းကို မြောက်ပိုင်းဗဟိုခွဲသို့လွှဲအပ်ပြီး ကျန်တပ်ရင်းများအား တပ်မဟာများအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။[၃] ဗကပတပ်မဟာ(၁)ကို နိုင်ငံရေးမှူး ခွန်နော်၊ တပ်မဟာမှူးနော်လွင်တို့ဦးစီးလျက် လက်အောက်ခံတပ်ရင်း(၈၀၁)၊ တပ်ရင်း(၈၀၄)၊ တပ်ရင်း(၄၀၄၈)တို့သည် မန်ဟီးရိုးနှင့် ရွှေလီချိုင့်ဝှမ်းဒေသတွင်လှုပ်ရှားလျက်ရှိသည်။ ဒုတိယတပ်မဟာနိုင်ငံရေးမှူး ရန်အဲယောင်၊ တပ်မဟာမှူး ကျန်စိမြင့်တို့ဦးစီးသော တပ်မဟာ(၂)သည် လက်အောက်ခံတပ်ရင်း(၃၀၃၃)၊ တပ်ရင်း(၃၀၃၇)၊ တပ်ရင်း(၆၀၁)တို့နှင့်အတူမုန်းပေါ်၊ မန်ကျည်း၊ မန်ခုံးတွင် အခြေပြုလျက်ရှိသည်။ နိုင်ငံရေးမှူးမြအောင်(ခေါ်)မာယုံ၊ တပ်မဟာမှူး ရယ်ဝမ်ဝူး တို့ဦးစီးသော တပ်မဟာ(၃)သည် တပ်မဟာဌာနချုပ်ကို လွယ်ကျယ်ဒေသတွင်အခြေပြုပြီး လက်အောက်ခံတပ်ရင်း(၀၁၆)သည် ကေအိုင်အေတပ်ရင်း(၁၂) နှင့်ပူးပေါင်းပြီး ဘန်တန်၊ ဘာဖန်၊ နမ့်ဆန်ဒေသ၌ လှုပ်ရှားရာမှ ဇန်နဝါရီလပထမပတ်တွင် တပ်ရင်း(၁၀၇)နှင့်တာဝန်လဲလှယ်ပြီး လွယ်ကျယ်ဒေသသို့ ပြန်ရောက်လာသည်။ တပ်ရင်း(၁၀၇)ဌာနချုပ်သည် လွယ်ကျယ်ဒေသ ဆဒုံတွင် အခြေပြုပြီး သိန်းဆွေဦးစီးသော အင်အား(၁၀၀)ခန့်သည် ဘန်တန်၊ ဘာဖန်၊ နမ့်ဆန်ဒေသ၌ လှုပ်ရှားနေခြင်းဖြစ်သည်။ တပ်ရင်း(၅၀၁)သည် ကေအိုင်အေတပ်မဟာ(၃)အင်အားစုများနှင့် ပူးပေါင်းပြီး လွယ်ကျယ်အနောက်ခြမ်းနောင်ဘိုတစ်ဝိုက်တွင် လှုပ်ရှားလျက်ရှိသည်။ နိုင်ငံရေးမှူး ညီလိုင်း၊ တပ်မဟာမှူးပေါ်လိုက်ခမ်းတို့ဦးစီးသော တပ်မဟာ(၁၂)ဌာနချုပ်ကို မိုင်းမောတွင် အခြေပြုပြီး လက်အောက်ခံတပ်ရင်း(၂၂)သည် လွယ်ပန်လုံတောင်ခြမ်းမိုင်းပတ်ကုန်း၊ ရောင်အူဒေသတွင်လည်းကောင်း၊ တပ်ရင်း(၆၀၂)သည်

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁. ၉. ၈၆ မှ ၃၁. ၁၂. ၈၆ အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၄၂

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁. ၁. ၈၆ မှ ၃၀. ၄. ၈၆ အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၄၉

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁. ၉. ၈၆ မှ ၃၁. ၁၂. ၈၆ အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၄၀

လွယ်ပန်လုံမြောက်ခြမ်း မန်ခူး၊ မန်ခါးဒေသတွင် လည်းကောင်း၊ တပ်ရင်း(၆၀၄)သည် ပန်လုံဒေသ တောင်ခြမ်းရှိ ကောင်းပျက်၊ မန်နောင်၊ မြောင်လူရွယ်ဒေသတွင် လည်းကောင်း၊ တပ်ရင်း(၆၀၈)သည် ဟိုစွမ်၊ ဗင်းဟင်၊ ကျင်ချမ်း၊ တာအိုက်ဒေသတွင်လည်းကောင်း ဖြန့်ခွဲလှုပ်ရှားလျက်ရှိသည်။[၁] တပ်ရင်း(၆၀၈)သည် ၁၉၈၆ခုနှစ်၊ အောက်တိုဘာလတွင် ကျင်ချမ်းအထူးမြို့နယ်ကို ဖွဲ့စည်း၍ မြို့နယ်မှူးလင်လီစန်း၊ ဒုတိယမြို့နယ်မှူးတိန်လောတာတို့ဖြင့်လူပန်ဒေသသတ္တုများကိုဖိဖိစီးစီးတူးဖော်ရေးတာဝန်ပေး၍ နိုဝင်ဘာလ(၁၂)ရက်နေ့မှစပြီး လူအင်အား(၁၀၀)ခန့်ဖြင့်တူးဖော်လျက်ရှိသည်။[၂] ကေအိုင်အေ တပ်မဟာ(၄)ကိုလည်းတပ်မဟာမှူးစိုင်ဖုန်းဦးစီးလျက်ဆမားဒဘန်တွင်အခြေပြုထားပြီးလက်အောက်ခံအထူးလှုပ်ရှားတပ်ခွဲ(၁)သည် ဦးမျှားပလောင်တောင်ကြော၊ အထူးလှုပ်ရှားတပ်ခွဲ(၂)သည်တီးမားကိုဖျက်ဒေသတွင် လှုပ်ရှားနေကြသည်။ တပ်မဟာလက်အောက်ခံ တပ်ရင်း(၂)သည်အင်အား(၁၀၀)ဖြင့် ခါဖေါက်စခန်းတွင်လည်းကောင်း၊ တပ်ရင်း(၈)သည် အင်အား(၁၀၀)ဖြင့် နမ်ဆောင်ကျေ၊ ဆိုက်ခေါင်၊ နားချိုင်ဒေသတွင်လည်းကောင်း၊ တပ်ရင်း(၉)သည်ဟိုမွေစခန်းတွင်အခြေပြုကာ တပ်မဟာ၏ရှေ့ကာတပ်အဖြစ် တီးမား၊ မုန်းလီ၊ ကောင်းဝိုင်ဒေသတွင်လည်းကောင်း လှုပ်ရှားလျက်ရှိသည်။

ပလောင်သောင်းကျန်းသူဌာနချုပ်သည် ဥက္ကဋ္ဌကျော်လှ၊ အတွင်းရေးမှူးစံမောင်၊ စစ်ဦးစီးမှူးအိုက်မုံးတို့ဦးစီးလျက် မန်တုံတောင်ခြမ်း၊ ဟူးမန်း၊ ဟိုမိန်းဒေသအတွင်းလှုပ်ရှားလျက်ရှိသည်။ ပလောင်သောင်းကျန်းသူတပ်ရင်း(၁၂၂)သည် အင်အား(၁၀၀)ခန့်ဖြင့် ဟူးမန်း၊ ဟိုမိန်းဒေသတွင်လည်းကောင်း၊ တပ်ရင်း(၁၂၁)သည် အင်အား(၄၀)ဖြင့် မုန်းစီးဒေသတွင်လည်းကောင်း ဖြန့်ခွဲလှုပ်ရှားလျက်ရှိသည်။ ရှမ်းသောင်းကျန်းသူဇဟိုဌာနချုပ်နှင့် တပ်မ(၁)ကို တပ်မမှူးစိုင်းလိတ်ဦးစီးလျက် မိုင်းတုံ၊ မိုင်းလား၊ မန်နောင်ဒေသတွင် လှုပ်ရှားလျက်ရှိပြီး တပ်မဟာ(၁)ကို နိုင်ငံရေးမှူး ကောလိန္ဒ၊ တပ်မဟာမှူး ဆိုင်းဟုန်ဦးစီးလျက် မိုင်းတုံ၊ မိုင်းလားဒေသတွင် ခိုအောင်းလှုပ်ရှားနေကြသည်။ တပ်မဟာလက်အောက်ခံဗျူဟာ(၅၈၅)သည် အင်အား(၃၀)ခန့်ဖြင့် မိုင်းစေး၊ စိန်ကြော့၊ ဆောင်ကျဒေသ တွင်လှုပ်ရှားနေပြီး တပ်ရင်း(၁)သည် နမ်းယန်း၊ နမ့်လန်ကားလမ်းအရှေ့ခြမ်း၊ နားမခေါ်၊ ဆောင်ကျ၊မိုင်းခေးဒေသတွင်လှည့်လည်လှုပ်ရှားနေသည်။ တပ်ရင်း(၄)သည်လားရှိုး၊ စဉ့်အင်ကားလမ်းအရှေ့ဘက်တွင်ခိုအောင်းလှုပ်ရှားနေသည်။ဗျူဟာ(၇၁၈)သည်အင်အား(၃၀)ခန့်ဖြင့်မိုင်းရယ်၊တန့်ယန်းကားလမ်းတောင်ခြမ်းဒေသတွင် လှည့်လည်လှုပ်ရှားနေပြီး တပ်ရင်း(၈၅၁)သည် ကျိုင်းလွန်၊ ကျေးသီးဒေသ၊ တပ်မဟာ(၃)သည် အင်အား(၇၀)ခန့်ဖြင့် ကွယ်ဟယ်၊ ကွန်ဟောက်၊ အုံးမစွန်၊ အုံးမတက်ဒေသ၊ တပ်ရင်း(၈၁၆)သည်လည်းယင်းဒေသ၊ တပ်ရင်း(၂၀၂၄)သည် မိုင်းငေါ်အနောက်ခြမ်း၊ တပ်ရင်း(၂၀၂၅)သည် ဆိတ်ဖူး၊ ကွန်ကော်၊ ကော်ပေါင်၊ တော့ဖယ်ဒေသများတွင် လှုပ်ရှားလျက်ရှိကြသည်။

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁. ၁. ၈၆ မှ ၃၀. ၄. ၈၆ အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၅၃ - ၆၄

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁. ၉. ၈၆ မှ ၃၁. ၁၂. ၈၆ အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၄၅ -၄၆

မြောက်ဝိုင်းလွယ်မော်အင်အား(၃၀၀)ခန့်သည် လွယ်ဝေါ၊ ဖါဖန်၊ မုံးတောင်း၊ မုံးမဒေသတွင် လှုပ်ရှား နေကြသည်။[၈]

တပ်မတော်စစ်ကြောင်းများသည် ရှမ်းသောင်းကျန်းသူတပ်မ(၁)ဌာနချုပ်နောက်ခံနှင့် ၁၉၈၆ခုနှစ်၊ ဖေဖော်ဝါရီလ(၃)ရက်၊ (၅)ရက်နေ့များတွင် တွေ့ဆုံတိုက်ပွဲဖြစ်ပွားလျက် သောင်းကျန်းသူ (၄)ဦးအသေရမိကာ ဆက်သွယ်ရေးစက်(၃)လုံး၊ အသံဖမ်းစက်အမျက်(၁)လုံး၊ တတိယအကြိမ် မဒတ အစည်းအဝေးမှတ်တမ်းနှင့် ပွိဒီယိုတိတ်ခွေ(၂)ခွေ၊ စိုင်းလိတ်မိသားစုဓါတ်ပုံများ၊ ဝှက်စာနှင့် စာရွက် စာတမ်းများသိမ်းဆည်းရခဲ့သည်။[၂] ဖေဖော်ဝါရီလ(၁၉)ရက်နေ့တွင်လည်း လွယ်မော်အင်အားစု(၃၀) ခန့်သည် လုံပုံပတ်ဝန်းကျင်သို့ရောက်ရှိနေကြောင်းသတင်းရ၍ အမှတ်(၃၃)ခြေလျင်တပ်ရင်းမှ တပ်စု (၁)စုသွားရောက်ရှင်းလင်းရာ လုံပုံရွာတောင်ဘက်တွင် တိုက်ပွဲဖြစ်ပြီး သောင်းကျန်းသူများဆုတ်ပြေး သည်။ တစ်ဖန်လွယ်မော်သောင်းကျန်းသူ(၄၀)ခန့်သည် နောင်ခန်းရွာအနီး၌ ခိုအောင်းနေကြောင်း သတင်းရ၍ အမှတ်(၃၃)ခြေလျင်တပ်ရင်းမှ တပ်စု ၂ စုသည် ဖေဖော်ဝါရီလ(၂၁)ရက်နေ့တွင် သွားရောက်ရှင်းလင်းရာရန်သူများနှင့်ထိတွေ့ခဲ့သည်။ ထိုမှဆုတ်ခွါသွားသောရန်သူသည် နောင်ခန်းရွာ နှင့် ဖန်ကပ်ရွာအထွက်လမ်း၌ ပိတ်ဆို့ထားသော အမှတ်(၃၃)ခြေလျင်တပ်ရင်းမှ တပ်စု (၁)စုနှင့် ထပ်မံတိုက်ပွဲဖြစ်ပွားသည်။ တပ်မတော်မှ(၂)ဦးကျဆုံး၍ ရန်သူ(၅)ဦးကျကာ အမ်(၂၁)တစ်လက်၊ အမ်(၃၉)တစ်လက်သိမ်းဆည်းရခဲ့သည်။[၃]

တစ်ဖန် ၁၉၈၆ခုနှစ်၊ ပြေလ(၂၅)ရက်နေ့တွင်လည်း သတင်းအရလိုက်လံရှင်းလင်းသော အမှတ်(၆၇)ခြေလျင်တပ်ရင်းမှ တပ်စု(၂)စုနှင့် ဗကပနှင့်ရှမ်းသောင်းကျန်းသူပူးပေါင်းအင်အား(၁၅၀) ခန့် အယ်လ်အိပ်ချ်-၉၁၇၇ တောင်ကြောတစ်ဝိုက်တွင် ပြင်းထန်စွာတိုက်ပွဲဖြစ်ပွားပြီး တပ်မတော်မှ (၃)ဦးကျ၍ (၈)ဦးဒဏ်ရာရရှိခဲ့သည်။[၄] မေလ(၁၇)ရက်နေ့တွင် တပ်မတော်စစ်ကြောင်းတစ်ကြောင်း သည် နမ့်ခမ်းမြို့နယ်၊ မန်ဝိန်းကျေးရွာတစ်ဝိုက်တွင် ဗကပနှင့် ကေအိုင်အေ ပူးပေါင်းအင်အား(၂၀၀) ခန့်နှင့် တိုက်ပွဲဖြစ်ပွားပြီး တပ်မတော်မှ(၆)ဦးကျဆုံး၍ (၉)ဦးဒဏ်ရာရကာ သောင်းကျန်းသူ(၂၂)ဦးကို အသေရမိပြီး လက်နက်မျိုးစုံ(၁၃)လက်နှင့် ခဲယမ်းများသိမ်းဆည်းရခဲ့သည်။ လွန်လ(၁၀)ရက်နေ့တွင် ကွတ်ခိုင်မြို့နယ်၊ မန်ယုံမော်ကျေးရွာတစ်ဝိုက်တွင် တပ်မတော်စစ်ကြောင်းနှင့် ကေအိုင်အေ(၅၀)ခန့်

---

၈ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁. ၁. ၈၆ မှ ၃၀. ၄. ၈၆ အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၄၉ - ၇၉

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁. ၁. ၈၆ မှ ၃၀. ၄. ၈၆ အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၇၀

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁. ၁. ၈၆ မှ ၃၀. ၄. ၈၆ အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၈၀

၄ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁. ၁. ၈၆ မှ ၃၀. ၄. ၈၆ အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၇၅

သည် တွေ့ဆုံတိုက်ပွဲဖြစ်ပွါးပြီး တပ်မတော်ဘက်မှ ထိခိုက်ကျဆုံးမှုမရှိဘဲ သောင်းကျန်းသူ(၁၅)ဦးကို အသေရပြီး လက်နက်မျိုးစုံ(၇)လက်နှင့် ခဲယမ်းမှုံး သိမ်းပိုက်ရခဲ့သည်။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ မူဆယ်မြို့နယ်အတွင်းရှိ စီစီဝမ်တာပန်ဒေသ၊ ဘိန်းမုန့်ကုန်း၊ ဇော်ဝင်းကုန်း၊ ရင်ဆိုင်ကုန်း၊ မိကျောင်းကုန်း နှင့် ရင်ကွဲတောင်စခန်းများတွင်အခြေပြု တပ်စွဲထားသော အမှတ်(၃)ခြေလျင်တပ်ရင်းစစ်ကြောင်း(၂)ဌာနချုပ်နှင့် တပ်စု(၄)စုအား ၁၉၈၆ခုနှစ်၊ နိုဝင်ဘာလ(၁၆)ရက်နေ့တွင် ဗကပတပ်မဟာ(၁)၊ တပ်မဟာ(၂)၊ တပ်မဟာ(၃)၊ ကေအိုင်အေ သောင်းကျန်းသူ၊ ရှမ်းသောင်းကျန်းသူ၊ ပလောင်သောင်းကျန်းသူများ၏ ပူးပေါင်းမဒတအင်အား (၈၀၀၀)ခန့်ကလက်နက်ကြီးပစ်ကူများဖြင့် ဝင်တိုက်၍တိုက်ပွဲပြင်းထန်စွာဖြစ်ပွားပြီး စခန်းမှ ခေတ္တ ဆုတ်ခွါပေးရသည်။[၁] ထိုနေ့မှာပင် ဗကပများသည် အမှတ်(၇၆)ခြေလျင်တပ်ရင်း ပွိုင့် ၄၆၉၅ စခန်းကို ၈၂မမ(၆)လုံး၊ ၆၀မမ(၉)လုံး၊ ပွိုင့်၅ အချက်(၃၀)ခန့်ဖြင့်လည်းကောင်း၊ ရန်အောင်ကုန်းစခန်းသို့ ၆၀မမ(၉)လုံး၊ ပွိုင့်၅ (၁၅)ချက်ခန့်ဖြင့်လည်းကောင်း နှောင့်ယှက်ပစ်ခတ်သည်။ တပ်မတော် စခန်းပွိုင့် ၄၆၉၅ မှ၆၀မမ(၄)လုံး၊ ၈၁မမ(၃)လုံး၊ ၂လက်မစိန်ပြောင်း(၃)လုံး၊ ၄၀မမ(၃)လုံး၊ လက်နက်ငယ် တို့ဖြင့်လည်းကောင်း၊ ရန်အောင်ကုန်းစခန်းမှ၆၀မမ(၄)လုံး၊ ၂လက်မစိန်ပြောင်း(၃)လုံး၊ ဘီအေ၆၄ဖြင့် အချက်(၂၅၀)ခန့်ဖြင့်လည်းကောင်း ပြန်လည်ပစ်ခတ်သည်။[၂]

တပ်မတော်သည် စွန့်လွှတ်ခဲ့ရသော စခန်းများအားအရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ် နှင့် အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ် လက်အောက်ခံတပ်ရင်းများ၊ လေကြောင်းပစ်ကူ၊ အမြောက်ပစ်ကူများဖြင့် ပြန်လည်တိုက်ခိုက်၍ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားပြီး သိမ်းပိုက်ထားသည့်တပ်မတော်စခန်းကိုလည်းကောင်း၊ မိမိတို့၏စခန်းများကိုလည်းကောင်းလက်လွှတ် စွန့်ခွါသွားကြသည်။ ၁၉၈၆ခုနှစ်၊ ဒီဇင်ဘာလ(၂)ရက်နေ့တွင် ပွိုင့် ၄၀၄၄စခန်း၊ ဒီဇင်ဘာလ(၄)ရက် နေ့တွင် ကျောက်ချွန်တောင်စခန်း၊ ဒီဇင်ဘာလ(၆)ရက်နေ့တွင် ပွိုင့်၄၆၆၉နှင့် လွယ်ဝိန်းစခန်း၊ ဒီဇင်ဘာလ(၈)ရက်နေ့တွင် မိကျောင်းစခန်း၊ ဇော်ဝင်းကုန်းနှင့် ရင်ဆိုင်ကုန်းစခန်းများ၊ ဒီဇင်ဘာလ(၉) ရက်နေ့တွင် ပွိုင့် ၄၂၀၂ စခန်းများအား သိမ်းပိုက်ရရှိခဲ့သည်။[၃]

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သည် အထက်ဖော်ပြပါတိုက်ပွဲများအပါအဝင် ရဲမင်းအောင် စစ်ဆင်ရေးကို ဆင်နွှဲလျက်ရှိရာ အမှတ်(၁)စစ်ဗျူဟာကွပ်ကဲမှုအဖွဲ့၏ ကွပ်ကဲမှုနယ်မြေ တန့်ယန်း၊ မိုင်းရယ်၊ မိုင်းကောင်း၊ နောင်လိုင်၊ မန်ကန်၊ လွယ်ပန်လုံဒေသများတွင် အမှတ်(၃၃)ခြေလျင်တပ်ရင်း၊ အမှတ် (၆၇)ခြေလျင်တပ်ရင်း၊ အမှတ်(၈၀)ခြေလျင်တပ်ရင်း၊ အမှတ်(၈၂)ခြေလျင်တပ်ရင်းများဖြင့် လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုနယ်မြေ ကျောက်မဲ၊ သီပေါ၊ ဂုတ်ထိပ်၊ ရတနာသီဂူ၊


---

၁ မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍတတိယတွဲ မျက် ၅၀၂

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁. ၉. ၈၆ မှ ၃၁. ၁၂. ၈၆ အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၆၁

၃ မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍတတိယတွဲ မျက် ၂၀၃

စီစီဝမ်-တာပန် တိုက်ပွဲနေရာပြပုံ



တိုက်ပွဲဖြစ်ပွားသည့်နေရာ (၁၆ - ၁၁ - ၁၆) မှ (၁၁ - ၂ - ၁၇)

ဗိုင်းငေါ်၊ ဗိုင်းခေး၊ ဆောင်ကျဲ၊ နမ့်ဆန်ဒေသများတွင် အမှတ်(၂၂)ခြေလျင်တပ်ရင်း၊ အမှတ်(၂၃)ခြေလျင်တပ်ရင်း၊ အမှတ်(၈၅)ခြေလျင်တပ်ရင်း၊ အမှတ်(၆၈)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၁)ခွဲတို့ဖြင့် လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုနယ်မြေ နမ္မတူ၊ သိန်း၊ မုံးယော်၊ မုံးကျက်၊ မုံးထွန်း၊ လွယ်ပန်ကော်ဒေသများတွင် အမှတ်(၄)ခြေလျင်တပ်ရင်း၊ အမှတ်(၆၈)ခြေလျင်တပ်ရင်း၊ အမှတ်(၆၉)ခြေလျင်တပ်ရင်းများဖြင့်လည်းကောင်း တိုက်ခိုက်ခဲ့ကြသည့်အပြင် အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ်နှင့် အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ် လက်အောက်ခံတပ်ရင်းများကလည်း မိုးမိတ်၊ နမ့်ခမ်း၊ မူဆယ်၊ မုံးယု၊ ကွတ်ခိုင်၊ မုံးစီး၊ နားလည်၊ ဟိုပန်၊ ပန်လုံဒေသများတွင် စစ်ဆင်ရေးဝင်ရောက်ဆင်နွှဲခဲ့သည်။ ဤစစ်ဆင်ရေးတွင် တပ်မတော်မှ(၉၅)ဦးကျဆုံး၍(၆၈၉)ဦးဒဏ်ရာရခဲ့ပြီး သောင်းကျန်းသူများဘက်မှ(၆၁၇)ဦးကျ၍(၁၇၂)ဦးဖမ်းမိကာ(၁၅၉)ဦးလက်နက်ချသည်။[၁]

၁၉၈၆ခုနှစ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ ဗကပတို့၏အင်အားသည် (၇၀၀၀)ရှိ၍ ကျောက်တလုံးခွဲဌာနချုပ်ထားရှိသော ပိအင်အိုပအို့ဝ်အဖြူများသည် အင်အား(၄၀၀)ရှိသည်။ ဗကပ(စဝ၅)တပ်ဖွဲ့ကို နိုင်ငံရေးမှူးခင်မောင်ကြီး၊ တပ်မှူးတိုက်အောင်တို့ဦးစီးလျက်နောင်လုံ၊ နောင်ဝိုးဒေသခွဲ လှုပ်ရှားလျက်ရှိရာမှ တပ်မှူးတိုက်အောင်သည် ၁၉၈၄ခုနှစ်၊ နိုဝင်ဘာလမှစ၍ ကိုယ်တစ်ပိုင်းသေသဖြင့် တစ်ဖက်နိုင်ငံတွင် ဆေးကုသလျက်ရှိသည်။ (စဝ၅)တပ်ဖွဲ့၏လက်အောက်ခံတပ်များအနက် နောင်လုံ၊ ကျောက်ဂူမြို့နယ်အဖွဲ့သည်နောင်လုံ၊ ကျောက်ဂူမြို့နယ်၊ဟိုစဲမြို့နယ်များတွင်လည်းကောင်း၊ တပ်ရင်း(၅၀၂)နှင့်တပ်ခွဲ(၄)ခွဲသည် မုံးစွန်၊ မုံဟိုင်း၊ တပ်မောက်၊ လွယ်တိန်း၊ လွယ်ပုဂေါက် ကျေးသီးတောင်ခြမ်းဝမ်းလုံ၊ ဝမ်ညာဒေသများတွင်လည်းကောင်း၊ တပ်ရင်း(၄၀၄၆)သည် မိုင်းပျင်း၊ လက်သဲဒေသတွင်လည်းကောင်းရှိနေကြသည်။ ဗကပတပ်မ(၆၈)ဌာနချုပ်နှင့်တပ်ရင်း(၀၈၁)၊ တပ်ရင်း(၀၈၅)တို့သည် မိုင်းပေါက်တွင်လည်းကောင်း၊ (၀၈၆)သည်တာကူး၊ မိုင်းယွန်းဒေသခွဲလည်းကောင်း၊ တပ်ရင်း(၀၈၇၁)နှင့် တပ်ရင်း(၀၈၈)သည် လွယ်ဟိုကာ၊ လွယ်ရှန်ဖေါင်း၊ ပွိုင့် ၆၂၅၂ ဒေသများတွင်လည်းကောင်း၊ တပ်ရင်း(၀၈၃)၊ (၀၈၄)တို့သည်ဆီဆိုင်အရှေ့ခြမ်းနှင့် ပွန်ချောင်းအနောက်ခြမ်းမောက်မယ်၊ ကဒူးကြီးဒေသတွင်လည်းကောင်း၊ တပ်ရင်း(၀၈၉)သည် ဟိုနမ်၊ ကဒူးကြီးဒေသခွဲလည်းကောင်း လှုပ်ရှားနေကြပြီး တပ်ရင်း(၀၈၂)သည်မူ သဲလွင်မြစ်အနောက်ခြမ်းမုံးဆစ်၊ ကုန်းယောင်နှင့် မိုးနဲအနောက်ခြမ်းနယ်များတွင် ရှိနေသည်။ ဗကပတပ်မဟာ(၇၆၈)နောက်တန်းဌာနချုပ်သည် နမ့်လစ်ရှေ့တန်းဌာနချုပ်သည် ဆီလူးစသည်ဖြင့်ရှိနေပြီး (စ၁၅)စစ်ဒေသဌာနချုပ်သည်ဝမ်ဆော၊ ဝမ်ဖိုင်တွင်

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁. ၁. ၈၆ မှ ၃၁. ၁၂. ၈၆ အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၈၁-၂၇၈၊ ၅၉-၂၇၈၊ ၆၁-၂၅၉

အခြေပြုပြီး ရှေ့တန်းဌာနချုပ်သည် မိုင်းလား၌ရှိသည်။ ရှမ်းသောင်းကျန်းသူဗဟိုဌာနချုပ်နှင့် တပ်မ (၁)နှင့် တပ်မဟာ(၁)သည် မိုင်းတုံ၊ မိုင်းလား၊ မန်ရိုး၊ မန်နောင်နယ်မြေတွင်ရှိနေပြီး တပ်မဟာ(၇) သည် ကွန်ဟိန်းနယ်၌လှုပ်ရှားနေသည်။ ရှမ်းသောင်းကျန်းသူမိုးဟိန်းအဖွဲ့သည် ပန်မိုင်ဆွန်တွင် အခြေပြုနေပြီး မိုးဟိန်းအဖွဲ့သည် ထိုင်းလေယာဉ်တစ်စီး အားပစ်ခတ်မှုကြောင့် ထိုင်းရဲများက ဖမ်းဆီးခြင်းခံရသည်။ ဗကပဩဇာခံလားဟူသောင်းကျန်းသူ (၉၂၇)အဖွဲ့(၁)သည် နယားလုံဒေသသို့ ရောက်နေပြီး(၉၂၇)အဖွဲ့(၂)မှအင်အား(၅၀)ခန့်သည် ပန်ဆန်းတွင်သင်တန်းတက်နေလျက် ကျန်အဖွဲ့ များသည် ဆန်ကန်၊ နောင်လဲဒေသများ၌လှုပ်ရှားနေကြသည်။ ပအို့ဝ်နီအဖွဲ့သည် မဲနယ်တောင်တန်း၊ လွယ်မောဒေသတွင်ရှိနေကြသည်။ ပအို့ဝ်ဖြူတို့သည်မူတောင်ကြီး လွယ်လင်ကားလမ်းမြောက်ခြမ်း၊ တောင်ခြမ်း၊ မိုင်းပျင်း၊ လက်သဲ့၊ ပင်လောင်း၊ ကျောက်တစ်လုံးဒေသများ၌လှုပ်ရှားနေကြသည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီသည် ဟွေပုံလောင်း၌ ဗဟိုဌာနချုပ်ထားရှိပြီး ခရိုင်(၁)အဖွဲ့သည် ဒေါတခက်မြောက်ခြမ်း၊ ခရိုင်(၂)သည် ဘူးခူ၊ ကွာချီ၊ ဂီလိုနယ်မြေတွင်ရှိရာ တပ်မတော်မှ ဝင်ရောက် ရှင်းလင်းခဲ့သည်။ ကရင်နီအဖွဲ့ဗဟိုဟွေပုံလောင်းစခန်းအား ၁၉၈၆ခုနှစ်၊ ဧပြီလ(၁၂)ရက်နေ့တွင် အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကကွပ်ကဲ၍ အမှတ်(၅၄)ခြေလျင်တပ်ရင်းမှ စစ်ကြောင်း(၂)ဌာနချုပ်နှင့် တပ်ခွဲ(၃)ခွဲ၊ အမှတ်(၇၂)ခြေလျင်တပ်ရင်းမှ စစ်ကြောင်း(၁)ဌာနချုပ်နှင့် တပ်ခွဲ(၃)ခွဲ၊ အမှတ်(၁၀၂) ခြေလျင်တပ်ရင်းမှ စစ်ကြောင်း(၁)ဌာနချုပ်နှင့် တပ်ခွဲ(၃)ခွဲတို့က တိုက်ခိုက်ခဲ့ရာ ရန်သူနှင့်(၁၀)ကြိမ် ထိတွေ့ကာစခန်းကိုသိမ်းပိုက်နိုင်ခဲ့သည်။ ဤတိုက်ပွဲတွင် တပ်မတော်မှ(၂)ဦးကျဆုံး၍(၂)ဦး ဒဏ်ရာရ ကာ လက်နက်(၂)လက်ဆုံးရှုံးခဲ့သည်။ သောင်းကျန်းသူ(၄)ဦးကျကာ စက်လေ့၊ ဂျစ်ကားအပါအဝင် ပစ္စည်းများ၊ လက်နက်များနှင့်ခဲယမ်းများ သိမ်းပိုက်နိုင်ခဲ့သည်။ ကယန်းသောင်းကျန်းသူအဖွဲ့သည် သစ်ကြိတ်၊ ပေါင်းလောင်း ဒေသ၌ရှိပြီး လွယ်မော်တို့သည် ထိုင်း-မြန်မာနယ်စပ်၊ မိုင်းကွမ်း၊ မိုင်းယွန်း၊ လွယ်လန်း၊ လွယ်တွေး၊ ထန်ကလန်၊ မုန်းထော၊ မုန်းထဒေသများ၌ရှိကြသည်။ 'ဝ'သောင်းကျန်းသူ ဌာနချုပ်သည် ထန်ဝေါ့အနီးတစ်ဝိုက်၌ အခြေပြုပြီး တပ်ရင်းများသည် မယ်ဟောင်ဆွန်၊ မယ်အောဒေသ၊ လွယ်မတ်လန်း၊ နောင်အုပ်ဒေသ များ၌လှုပ်ရှားလျက်ရှိသည်။[၁]


အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သည် မိုးဟိန်းနှင့်လေးမာရ်အောင်စစ်ဆင်ရေးများကို ဆင်နွှဲလျက် ရှိရာ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကွပ်ကဲသော အမှတ်(၄၈)ခြေလျင်တပ်ရင်း၊ အမှတ်(၅၄)ခြေလျင်တပ် ရင်း၊ အမှတ်(၇၂)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၂)ခြေလျင်တပ်ရင်းများသည် လွိုင်ကော်၊ လောပိတ၊ ဖရူးဆိုး၊ ဖါးဆောင်း၊ မော်ချိုး၊ ထီးထ၊ မဲစဒေသများတွင်လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာအဖွဲ့ ကွပ်ကဲလျက်အမှတ်(၉၄)ခြေလျင်တပ်ရင်း၊ အမှတ်(၁၃)ခြေလျင်တပ်ရင်းတို့သည် ပင်လောင်း၊ မိုးပြဲ၊ ဖယ်ခုံ၊ သစ်ကြိတ်ဒေသများတွင်လည်းကောင်း တိုက်ခိုက်လျက်ရှိသည်။ ရှေ့တန်းအမှတ်(၅၅)ခြေမြန်

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁. ၁. ၈၆ မှ ၃၀. ၄. ၈၆ အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၉၃ - ၁၅၁

ဗကပ နှင့်အခြားသောဒေးကျန်းသူများတပ်စခန်းတည်နေရာပြမြေပုံ

(၁၉၈၆ - ၈၇)



တပ်မဌာနချုပ်မှ အမှတ်(၅၅၁)၊ (၅၅၂)နည်းဗျူဟာကွပ်ကဲမှုအဖွဲ့များဖြင့် အမှတ်(၁၁)ခြေမြန်တပ်ရင်း၊ အမှတ်(၁၅)ခြေမြန်တပ်ရင်း၊ အမှတ်(၂၀)ခြေမြန်တပ်ရင်း၊ အမှတ်(၆၆)ခြေလျင်တပ်ရင်း၊ အမှတ်(၆၂)ခြေလျင်တပ်ရင်း၊ အမှတ်(၉၉)ခြေလျင်တပ်ရင်းများသည် မိုးနဲ၊ ဓူပိန်၊ မောက်မယ်၊ ဆီဆိုင်၊ မိုင်းပျင်း၊ လက်သဲ၊ မိုင်းမွန်၊ ကုန်းယောင်း၊ မဲနယ်တောင်၊ ကွန်ဟိန်း၊ ကျိုင်းတောင်း၊ ဝမ်လော၊ ဆိုက်ခေါင်၊ မိုင်းပန်နယ်မြေများ၌ စစ်ဆင်လျက်ရှိသည်။ ရှေ့တန်းအမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မှလည်း နည်းဗျူဟာ(၃)ဖွဲ့ကွပ်ကဲလျက် အမှတ်(၁)ရှမ်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂)ခြေလျင်တပ်ရင်း၊ အမှတ်(၆)ခြေလျင်တပ်ရင်း၊ အမှတ်(၈)ခြေလျင်တပ်ရင်း၊ အမှတ်(၆၄)ခြေလျင်တပ်ရင်း၊ အမှတ်(၁၉)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၁)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၂)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၅)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၇)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၇)ခြေမြန်တပ်ရင်းများသည် လဲချား၊ လုံနောက်၊ လွယ်ဟိုလာ၊ မုလု၊ မန်ပိန်း၊ ဆွတ်ဝိုး၊ လွယ်ပါ၊ မိုင်းရူး၊ မိုင်းအော့၊ ပန်ယမ်း၊ ကျေးသီး၊ နောင်လုံ၊ နောင်ဝိုး၊ ကျိုင်းလွန်း၊ လဲချား၊ တပ်မောက်ဒေသများ၌ တိုက်ပွဲဝင်လျက်ရှိနေရာ အမှတ်(၈၈)ခြေမြန် တပ်မဌာနချုပ်မှ တိုက်ရိုက်ကွပ်ကဲလျက် အမှတ်(၁)ခြေလျင်တပ်ရင်း၊ အမှတ်(၁၁)ခြေလျင်တပ်ရင်း၊ အမှတ်(၁၈)ခြေလျင်တပ်ရင်းများသည် ကျိုင်းတုံ၊ မိုင်းငေါင်း၊ မိုင်းတင်း၊ လန်းဆတ်ဒေသ၌လည်းကောင်း၊ အမှတ်(၈၈)နည်းဗျူဟာအဖွဲ့ကကွပ်ကဲလျက် အမှတ်(၁)ကယားသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂)ဗမာ့သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၀၈)ခြေမြန်တပ်ရင်းတို့သည် မိုင်းခတ်၊ မိုင်းညှင်း၊ မိုင်းယန်း၊ မိုင်းလွေဒေသများတွင်လည်းကောင်း၊ အမှတ်(၈၈၂)နည်းဗျူဟာအဖွဲ့က ကွပ်ကဲလျက် အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၆)ဗမာ့သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၄)ခြေလျင်တပ်ရင်းတို့သည် မိုင်းယောင်း၊ မိုင်းယု၊ ဝမ်ကျိုင်း၊ ဝမ်ဖဒေသများတွင်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းမှ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကွပ်ကဲလျက် အမှတ်(၅)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄၃)ခြေလျင်တပ်ရင်း၊ အမှတ်(၄၉)ခြေလျင်တပ်ရင်း၊ အမှတ်(၆၅)ခြေလျင်တပ်ရင်း၊ အမှတ်(၁၆)ခြေမြန်တပ်ရင်းတို့သည် ကျိုင်းတုံ၊ မိုင်းဖြတ်၊ တာချီလိတ်၊ ပါလျှိုး၊ ကျိုင်းလတ်၊ ဝမ်တာပုံ၊ မိုင်းရှန်၊ မိုင်းပျင်း၊ မိုင်းဆတ်၊ မိုင်းတွမ်း၊ မိုင်းတုံ၊ မိုင်းပုကြီး၊ ဟိုပန် ဟိုရွက်၊ ပုံပါကျင်ဒေသများတွင်လည်းကောင်း သောင်းကျန်းသူများကိုချေမှုန်းလျက်ရှိသည်။[၁] ယင်းစစ်ဆင်ရေး များတွင် တပ်မတော်မှ (၃၁၅)ဦးကျဆုံး၍ (၇၃၆)ဦးဒဏ်ရာရပြီး သောင်းကျန်းသူ(၇၆၈)ဦးကျကာ (၁၀၂)ဦးဖမ်းမိပြီး(၂၈၂)ဦး လက်နက်ချသည်။[၂]

---

၁ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးမှတ်တမ်း

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁. ၁. ၈၆ မှ ၃၁. ၁၂. ၈၆ အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မှက် ၁၅၂-၂၆၉၊ ၁၂၇-၂၆၆၊ ၁၁၄-၂၄၅

၁၉၈၆ခုနှစ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး


ကေအင်ယူဗဟိုသည် အင်အား(၁၀၅)ဦး၊ တပ်မ(၁)ဌာနချုပ်သည် အင်အား(၇၄)ဦး၊ ဗဟိုလုံခြုံရေးတပ်ခွဲ(၅)ခွဲသည်အင်အား(၃၇၀)၊ တပ်ရင်း(၁၀)သည်အင်အား(၄၀၅)ဦးတို့ဖြင့် မာနယ်ပလောတွင်ရှိနေကြပြီး တပ်မဟာ(၁)သည်အင်အား(၄၆၄)ဦးဖြင့် ဘီးလင်း၊ ကျိုက်ထို၊ သထုံ၊ ပေါင်၊ ဘားအံဒေသများတွင်လည်းကောင်း၊ တပ်မဟာ(၆)သည် အင်အား(၈၄၀)ဦးဖြင့် ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ ထားဝယ်၊ မြိတ်၊ တနင်္သာရီဒေသတွင်လည်းကောင်း၊ တပ်မဟာ(၇)သည် အင်အား(၁၆၁၂)ဦးဖြင့် ဘားအံ၊ လှိုင်းဘွဲ့၊ ဖာပွန်ဒေသများတွင်လည်းကောင်း လှုပ်ရှားနေကြသည့်အပြင် သထုံခရိုင်အုပ်ချုပ်ရေးအဖွဲ့သည် အင်အား(၁၆၅)ဦး၊ ဘားအံခရိုင်အုပ်ချုပ်ရေးအဖွဲ့သည် အင်အား(၁၁၀)ဦး၊ ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးအဖွဲ့သည် အင်အား(၆၇)ဦး၊ မြိတ်၊ ထားဝယ်အုပ်ချုပ်ရေးအဖွဲ့သည် အင်အား(၇၈)ဦးတို့ဖြင့် သက်ဆိုင်ရာခရိုင်ဒေသများတွင်ရှိနေကြသည်။ နိုင်ဆိတ်နို့၏ မွန်ပြည်သစ်ပါတီဗဟိုသည်အင်အား(၃၅)ဦးဖြင့်ဘုရားသုံးဆူ၌ရှိပြီးတပ်ရင်း(၉)သည်အင်အား(၁၂၆)ဦး၊ မော်လမြိုင်ခရိုင်ဌာနချုပ်သည်အင်အား(၂၀)ဦး၊ မြို့နယ်အုပ်ချုပ်ရေးနှင့် ပျောက်ကြားလှုပ်ရှားအဖွဲ့သည် အင်အား(၂၀၄)ဦး၊ နိုင်ရွှေကျင်၏ဗဟိုဌာနချုပ်သည် အင်အား(၃၀)ဦးနှင့် မြို့နယ်အုပ်ချုပ်ရေးနှင့် လှုပ်ရှားတပ်သည်အင်အား(၁၄၀)ဦးတို့ဖြင့် ရှိနေကြသည့်အပြင် ဗကပတနင်္သာရီစစ်ဒေသအဖွဲ့သည်လည်း အင်အား(၁၁၅)ဦးတို့ရှိနေကြသည်။[၁]

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းတွင် တပ်မတော်စစ်ကြောင်း(၁)ကြောင်းသည် ၁၉၈၆ခုနှစ်၊ မတ်လ(၂၁)ရက်နေ့တွင် ကော့ကရိတ်မြို့နယ်၊ ကော့မကျေးရွာအနီး၌ မွန်ပြည်သစ်ပါတီမှ သောင်းကျန်းသူ(၁၃၀)ခန့်နှင့် တိုက်ပွဲ(၂)ကြိမ်ဖြစ်ပွားခဲ့ရာ တပ်မတော်မှ ထိခိုက်ကျဆုံးမှုမရှိဘဲ သောင်းကျန်းသူ(၁၁)ဦးကို အသေရမိပြီး လက်နက်ငယ်မျိုးစုံ(၇)လက်၊ ခဲယမ်းမီးကျောက်များနှင့် လမ်းလျှောက်စကားပြောစက်(၁)လုံးတို့ကို သိမ်းဆည်းရမိသည်။ ထို့နည်းတူပင် တပ်မတော်စစ်ကြောင်းများသည် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ကေအင်ယူတပ်မဟာ(၆)မှ အင်အား(၂၀၀)ခန့်အခြေပြုနေသည့်အဇင်းဒေသကို ၁၉၈၆ခုနှစ်၊ ဇွန်လ(၁၆)ရက်နေ့တွင် ဝင်ရောက်ရှင်းလင်းရာရန်သူနှင့် တိုက်ပွဲကြီး(၂)ကြိမ်၊ တိုက်ပွဲငယ်(၁၅)ကြိမ်ဖြစ်ပွားခဲ့ပြီး တပ်မတော်သား(၁၀)ဦးကျဆုံးလျက် သောင်းကျန်းသူ(၁၇)ဦးကို အသေရမိသည်။ ထို့အပြင်လက်နက်ခဲယမ်းများ၊ မိုင်းများ၊ သစ်စက်(၂)လုံး၊ မော်တော်ယာဉ်(၃)စီးနှင့် ဆန်စက်(၁)လုံးကို သိမ်းပိုက်ရရှိခဲ့သည်။

ယင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌ပင် တပ်မတော်စစ်ကြောင်းများသည် လုပ်သားပြည်သူတို့၏ သတင်းပေးချက်အရ ၁၉၈၆ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်နေ့တွင် ကော့ကရိတ်မြို့နယ် နောင်တိုင်ဒေသအတွင်း ဝင်ရောက်ရှင်းလင်းရာ ကေအင်ယူတပ်မဟာ(၆)မှတပ်ရင်း(၁၀၁)နှင့် တပ်ရင်း(၁၉)

၁ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

ကရင်သောင်းကျန်းသူ (ကေအင်နီယူ) နှင့် အခြားသောင်းကျန်းသူများ တပ်စခန်းတည်နေရာပြမြေပုံ (၁၉၈၆-၈၇)



ပူးပေါင်းအင်အား(၂၀၀)ခန့်နှင့် တိုက်ပွဲ(၄)ကြိမ်ဖြစ်ပွားပြီး တပ်မတော်သား(၃)ဦးကျဆုံး၍(၈)ဦးဒဏ်ရာရပြီး သောင်းကျန်းသူ(၁၆)ဦးအသေရမိကာ တစ်ဦးကိုအရှင်လက်ရဖမ်းဆီးမိလျက် လက်နက်ငယ်မျိုးစုံ(၁၆)လက်၊ ခဲယမ်းများ၊ မိုင်းများကို သိမ်းဆည်းရမိခဲ့သည်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌ပင် တပ်မတော်စစ်ကြောင်းများသည် သံဖြူဇရပ်မြို့နယ်အတွင်းရှိ ကေအင်ယူတပ်မဟာ(၆)၏သတ္တုမှောင်ခိုစီးပွားရေးလုပ်ငန်းများရှိရာ သပြူ၊ မက္ကသာနှင့် မွန်ပြည်သစ်ပါတီစခန်းများကို ၁၉၈၆ခုနှစ်၊ ဒီဇင်ဘာလ(၈)ရက်နေ့မှ (၁၇)ရက်နေ့အထိ တိုက်ခိုက်ခဲ့ရာ တိုက်ပွဲငယ်(၁၆)ကြိမ်ဖြစ်ပွားပြီး မွန်ပြည်သစ်ပါတီဗဟိုဌာနချုပ်၊ ဘုရားသုံးဆူဒေသ၏ ရှေ့ကာစခန်းများကို သိမ်းပိုက်ရရှိသည်။ တိုက်ပွဲများတွင် တပ်မတော်မှ(၃)ဦးကျဆုံး၍ (၂၂)ဦးဒဏ်ရာရပြီး သောင်းကျန်းသူ(၁၈)ဦးကိုအသေရမိခဲ့သည်။ လက်နက်ငယ်မျိုးစုံ(၉)လက်၊ ခဲယမ်းမီးကျောက်များ၊ လယ်ထွန်စက်(၁)စီး၊ မြေထိုးစက်(၁)စီး၊ မော်တော်ယာဉ်(၁)စီး၊ ကျောက်ခွဲစက်(၁)လုံးနှင့် သတ္တုတန်(၁၁၀)ခန့်ကိုပါ သိမ်းပိုက်ရရှိခဲ့သည်။[၁]

ဤတိုက်ပွဲများကို ဆင်နွှဲခဲ့သည်မှာ ရန်တိုင်းအောင်စစ်ဆင်ရေးအတွင်း၌ပင်ဖြစ်၍ ထိုစစ်ဆင်ရေးတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကကွပ်ကဲလျက် အမှတ်(၂)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂၄)ခြေလျင်တပ်ရင်း၊ အမှတ်(၂၈)ခြေလျင်တပ်ရင်း၊ အမှတ်(၆၂)ခြေလျင်တပ်ရင်း၊အမှတ်(၉၁)ခြေလျင်တပ်ရင်း၊အမှတ်(၉၆)ခြေလျင်တပ်ရင်းတို့သည်ကျိုက်ထို၊ဘီးလင်း၊ ဘားအံ၊ လှိုင်းဘွဲ့သံလွင်အနောက်ခြမ်းနယ်မြေတွင်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကကွပ်ကဲလျက်အမှတ်(၃၁)ခြေလျင်တပ်ရင်း၊အမှတ်(၃၂)ခြေလျင်တပ်ရင်း၊အမှတ်(၆၁)ခြေလျင်တပ်ရင်း၊ အမှတ်(၉၇)ခြေလျင်တပ်ရင်းများသည် ကော့ကရိတ်၊ အရှေး၊ နောင်ကိုင်း၊ ကြာအင်းဆိပ်ကြီး၊ ရေးနယ်မြေတွင်လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာအဖွဲ့ကွပ်ကဲလျက် အမှတ်(၁၇)ခြေလျင်တပ်ရင်း၊ အမှတ်(၂၅)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၁)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၃)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၄)ခြေလျင်တပ်ရင်းများသည်ထားဝယ်၊ မြိတ်၊ တနင်္သာရီ၊ ဘုတ်ပြင်း၊ ကော့သောင်းနယ်မြေများတွင်လည်းကောင်း တိုက်ပွဲဝင်လျက်ရှိပြီး ရှေ့တန်းအမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်မှနည်းဗျူဟာကွပ်ကဲမှုအဖွဲ့(၃)ဖွဲ့သည် တပ်ရင်း(၇)ရင်းဖြင့် မော်ဖိုးကော၊ မဲလ၊ တာလေ၊ မြဝတီ၊ ကော့ကရိတ်၊ အရှေး၊ နောင်ကိုင်းနယ်မြေများတွင်လည်းကောင်း၊ ရှေ့တန်းအမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်သည် နည်းဗျူဟာကွပ်ကဲမှုအဖွဲ့(၃)ဖွဲ့၊ တပ်ရင်း(၇)ရင်းဖြင့်ကတိုင်တိ၊ မဲပလီ၊ ကမမောင်း၊ရေကြည်၊ဖလံတောင်၊ ကျုံစိန်၊ ဝါးခုတ်တော်နယ်မြေများတွင်လည်းကောင်း၊ ရန်သူကိုတိုက်ခိုက် ချေမှုန်းလျက်ရှိသည်။[၂] ဤစစ်ဆင်ရေးတွင်တပ်မတော်မှ (၃၀၆)ဦးကျဆုံး၍(၁၀၄၅)ဦးဒဏ်ရာရပြီး သောင်းကျန်းသူ(၅၅၄)ဦးကျ၍(၉၃)ဦး ဖမ်းမိရကာ(၁၁၂)ဦး

---

၁ မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ တတိယတွဲ — မျက် ၂၀၄ - ၂၀၆

၂ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

လက်နက်ချသည်။[၁]

၁၉၈၆ခုနှစ်အတွင်း ရန်ကုန်တိုင်း၊ အနောက်တောင်တိုင်း၊ အနောက်ပိုင်းတိုင်း၊ အနောက်မြောက်တိုင်း နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေများအတွင်း သောင်းကျန်းသူများ နှင့် တပ်မတော်စစ်ဆင်ရေးများ

ရန်ကုန်တိုင်းစစ်ဌာနချုပ် နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေများအတွင်း၌ နယ်မြေလုံခြုံရေး၊ နယ်မြေစိုးမိုးရေးများအတွက် အောင်မိုးစစ်ဆင်ရေးနှင့် ဒေသန္တရစစ်ဆင်ရေးများကို ဆက်လက်ဆင်နွှဲလျက်ရှိသည်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌မူ ရခိုင်အမျိုးသားလွတ်မြောက်ရေးပါတီမှ ဥက္ကဋ္ဌ စိန်ညွန့်ဦးစီးသောအင်အား(၂၆)ဦးသည် သံပုရာရွာတစ်ဝိုက်တွင်လည်းကောင်း၊ ဥက္ကဋ္ဌကျော်လှိုင်ဦးစီးသောအင်အား(၇)ဦးသည် ဝါးခုတ်ချောင်းတွင်လည်းကောင်း ခိုအောင်းနေထိုင်လျက်ရှိသည်။ မင်းပြား၊ မြေပုံဒေသတွင်ခိုအောင်းလှုပ်ရှားနေသော ရခိုင်ပြည်နယ်အလံနီကွန်မြူနစ်ပါတီမှ ခိုင်စိုး၊ ထွန်းအောင်ကျော်တို့ဦးစီးသောအင်အား(၃၅)ဦးသည် ၁၉၈၆ခုနှစ်၊ မေလ(၈)ရက်နေ့တွင် မင်းပြားပြည်သူ့ရဲစခန်းအား စီးနင်းတိုက်ခိုက်ပြီး လက်နက်မျိုးစုံ(၃၆)လက်၊ ကျည်မျိုးစုံ(၂၄၄၄)တောင့်၊ ဘဏ်မှငွေ(၁၆)သိန်းကျော်အား ယူဆောင်သွားသည်။ ထိုသို့စီးနင်းရာတွင်ပါဝင်ခဲ့သောအလံနီသောင်းကျန်းသူများအား ဖော်ထုတ်ရှာဖွေဖမ်းဆီးရာ ခိုင်စိုးအပါအဝင်အလံနီ(၁၅)ဦးအား ဖမ်းဆီးရမိပြီး ငွေ(၁၅)သိန်းကျော်၊ လက်နက်မျိုးစုံ(၂၇)လက်တို့ကိုပါဖော်ထုတ်ရရှိခဲ့သည်။ ထွန်းအောင်ကျော်ကိုမူ အမ်၁၆သေနတ်(၁)လက်ဖြင့် အသေရမိခဲ့သည်။[၂] အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်သည် မည်ဝတီစစ်ဆင်ရေးကိုဆက်လက်ဆင်နွှဲခဲ့ရာ တိုင်းတိုက်ရိုက်ကွပ်ကဲမှုအမှတ်(၁) နှင့် အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုများဖြင့် အမှတ်(၂၀)ခြေလျင်တပ်ရင်း၊ အမှတ်(၃၄)ခြေလျင်တပ်ရင်း၊ အမှတ်(၄၄)ခြေလျင်တပ်ရင်း၊ အမှတ်(၅၅)ခြေလျင်တပ်ရင်းများသည် ရန်သူများကို ရှင်းလင်းလျက်ရှိသည်။[၃] အနောက်မြောက်တိုင်းနယ်မြေတွင်လည်း ရဲဖန်ရဲခါဝင်ရောက်ဆက်ကြေးတောင်းခံသည့် သောင်းကျန်းသူများရှိနေ၍ အမှတ်(၁)စစ်ဗျူဟာ၊ အမှတ်(၂)စစ်ဗျူဟာ၊ အမှတ်(၃)စစ်ဗျူဟာများကွပ်ကဲ၍ အမှတ်(၄၂)ခြေလျင်တပ်ရင်း၊ အမှတ်(၇၁)ခြေလျင်တပ်ရင်း၊ အမှတ်(၈၇)ခြေလျင်တပ်ရင်း၊ အမှတ်(၈၈)ခြေလျင်တပ်ရင်း၊ အမှတ်(၈၉)ခြေလျင်တပ်ရင်း၊ အမှတ်(၉၅)ခြေလျင်တပ်ရင်းများသည် ရှင်းလင်းခဲ့ရာ တပ်မတော်မှ(၃)ဦးကျဆုံး၍ (၄)ဦးဒဏ်ရာရပြီး၊ သောင်းကျန်းသူ

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁. ၁. ၈၆ မှ ၃၁. ၁၂. ၈၆ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၈၆-၂၅၀၊ ၁၁၄-၂၂၃၊ ၁၂၇-၂၅၂

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁. ၅. ၈၆ မှ ၃၁. ၈. ၈၆ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၉၉ - ၂၀၂

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁. ၅. ၈၆ မှ ၃၁. ၈. ၈၆ အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၂၀၅

(၅)ဦးကျ၍ (၉)ဦးဖမ်းမိကာ (၅)ဦးလက်နက်ချခဲ့သည်။[၁]

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌မူ ကေအင်ယူတပ်မဟာ(၁) တပ်ရင်း(၂၀) စစ်ကြောင်း(၄)သည် အင်အား(၆၁၀)ဦးဖြင့်ဖာပွန်၊ မဲဝိုင်း၊ ကျောက်တောင်၊ ဝင်းမောင်းဒေသတွင် လည်းကောင်း၊ တပ်မဟာ(၂)သည်အင်အား(၂၁၅)ဦးဖြင့်စိကဲဒိုး၊ ပြောင်မသို၊ ဘူကာချီဒေသတွင် လည်းကောင်း၊ တပ်မဟာ(၃)မှတပ်ရင်း(၃)ရင်းသည် အင်အား(၅၆၅)ဦးဖြင့်လေကော်ဒဲတွင်လည်း ကောင်းလှုပ်ရှားလျက်ရှိကြသည့်အပြင် ကေအင်ယူဗျကောပု၊ ဆေးဒေး၊ ထီးမူခီးဒေသအဖွဲ့အစည်း များသည် အင်အား(၃၇၀)ဦးဖြင့် ဗျကောပု၊ ထီးမူခီးဒေသ၌ ရှိနေကြသည်။ ကယန်းပြည်သစ်ပါတီမှ ရွှေအေးဦးဆောင်သော အင်အား(၁၈၀)သည် ရှမ်းလယ်ပြင်၊ မော်ကျော်ဒေသတွင်လှုပ်ရှားနေကြ သည်။ ဤသောင်းကျန်းသူများကို တပ်မတော်သည် ရန်တိုင်းအောင်နှင့် ရွှေအေးဖြိုစစ်ဆင်ရေး အဆင့်(၁၄)၊ (၁၅)၊ (၁၆)များဖြင့် ချေမှုန်းခဲ့ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဗျူဟာအဖွဲ့(၃)ဖွဲ့ က ကွပ်ကဲလျက်အမှတ်(၂၆)ခြေလျင်တပ်ရင်း၊ အမှတ်(၃၀)ခြေလျင်တပ်ရင်း၊ အမှတ်(၃၅)ခြေလျင် တပ်ရင်း၊ အမှတ်(၃၉)ခြေလျင်တပ်ရင်း၊ အမှတ်(၅၃)ခြေလျင်တပ်ရင်း၊ အမှတ်(၅၇)ခြေလျင်တပ်ရင်း၊ အမှတ်(၅၉)ခြေလျင်တပ်ရင်း၊ အမှတ်(၆၀)ခြေလျင်တပ်ရင်း၊ အမှတ်(၇၃)ခြေလျင်တပ်ရင်းများအပြင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၁၉)ခြေလျင်တပ်ရင်းတို့က ပါဝင်တိုက်ခိုက်ခဲ့သည်။[၂] ဤစစ် ဆင်ရေးများတွင် တပ်မတော်မှ (၉၉)ဦးကျဆုံး၍(၃၀၃)ဦးဒဏ်ရာရရှိခဲ့ပြီး သောင်းကျန်းသူ(၁၂၂)ဦး ကျကာ(၆)ဦးဖမ်းမိ၍(၁၀)ဦးလက်နက်ချသည်။[၃]

၁၉၈၇ခုနှစ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

ဗကပ(၁၀၁)စစ်ဒေသဌာနချုပ်အား ပန်းဝါတွင်ထားရှိပြီးတပ်ရင်း ၂ ရင်းအင်အား(၈၅၉)ဦး ဖြင့် ပန်းဝါ၊ မဆခင်ဒူ၊ နဲ့ဇန်ဘော်၊ ခိုဗွေ၊ ဆောလော၊ ဆဒုံး၊ မန်ကျီဒေသတွင် လှုပ်ရှားလျက် ရှိသည်။[၄] ၁၉၈၆ခုနှစ်၊ စက်တင်ဘာလတွင်(၁၀၁)စစ်ဒေသကို ဖျက်သိမ်း၍(၁၀၁)တပ်ဖွဲ့အဖြစ် ဖွဲ့စည်းပြီး ဗကပ(၁၀၂)စစ်ဒေသကို ဖျက်သိမ်းကာ တပ်ရင်း(၈၂)အား (၁၀၁)တပ်ဖွဲ့၏ တပ်ခွဲအဖြစ် တစ်စုနှစ်စုနှင့် ဖွဲ့စည်းသည်။ ၁၉၈၇ခုနှစ်၊ ဖေဖော်ဝါရီလကုန်တွင် (၁၀၁)တပ်ဖွဲ့ဌာနချုပ်ကို ပန်းဝါ သို့ရွှေ့ပြောင်းသည်။ ပန်းဝါတွင် သစ်ထုတ်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရာ ယခင်ကတစ်ဘက်နိုင်ငံ

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁. ၁. ၈၆ မှ ၃၁. ၁၂. ၈၆ အတွင်း အနောက်မြောက်တိုင်းစစ်ဌာန ချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၂၁၆၊ ၂၁၈၊ ၁၈၂

၂ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁. ၁. ၈၆ မှ ၃၁. ၁၂. ၈၆ အတွင်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၂၂၅၊ ၂၃၀၊ ၁၉၄

၄ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

သို့သစ်အလုံးလိုက်ရောင်းချခဲ့သော်လည်း ယခုအခါလက်ဆွဲစင်များဖြင့် ခွဲစိတ်ရောင်းချသည်။ ပန်းဝါသစ်ထုတ်လုပ်ရေးအား ၁၉၉၀ပြည့်နှစ်အထိလုပ်ကိုင်ရန် တစ်ဘက်နိုင်ငံနှင့် စာချုပ်ချုပ်ဆိုခဲ့သည်။ ဗကပတို့ထံတွင် သစ်လုပ်ငန်း၌အသုံးပြုရန် တစ်ဘက်နိုင်ငံလုပ်နံပါတ်(၁၀၄)အမျိုးအစားကား ၂ စီး ရှိ၍ ထင်းရူးနှင့် သစ်မာများထုတ်လုပ်ရာတစ်ဘက်နိုင်ငံမှ တစ်ပတ်လျှင် ၂ ကြိမ်ကား(၁၀)စီးဖြင့် နယ်စပ်ဒေသအထိလာရောက်သယ်ယူလေ့ရှိသည်။ တစ်ဘက်နိုင်ငံရှိ ဟဲညီတန်ဆန်ဂိုဒေါင်၌ ဗကပများအတွက် ဆန်ကီလို(၂၀၀၀)ခန့်ရှိရာ ဗကပများက ဝယ်ယူသိုလှောင်ထားခြင်းဖြစ်သည်။[၁]

ကေအိုင်အေဗဟိုဌာနချုပ်သည် ပါဂျိုနားဖေါ့တွင် တပ်ရင်း ၄ ရင်း အင်အား(၁၃၀၀)ဦးဖြင့် ရှိနေပြီး တပ်မဟာ(၁)သည် တပ်ရင်း(၃)ရင်းအင်အား(၉၆၀)ဦး၊ တပ်မဟာ(၂)သည် တပ်ရင်း(၅)ရင်း အင်အား(၁၇၅၀)ဦး၊ တပ်မဟာ(၃)သည် တပ်ရင်း ၂ ရင်း အင်အား(၈၄၀)ဦးတို့ဖြင့်[၂] အသီးသီးရှိနေရာ ၁၉၈၆ခုနှစ်၊ အောက်တိုဘာလက မရန်ဘရန်ဆိုင်းသည် တရုတ်နိုင်ငံ၊ ပီကင်းမြို့အထိ ရောက်ခဲ့ပြီး ၁၉၈၇ခုနှစ်၊ မတ်လတတိယပတ်ခန့်တွင်တရုတ်နိုင်ငံမှတစ်ဆင့် အမေရိကန်ပြည်ထောင်စုသို့ထွက်ခွါသည်။ ၁၉၈၇ခုနှစ်၊ မတ်လတွင်ဘရန်ဆိုင်း၏ကိုယ်ရေးအရာရှိနှင့် မန္တလေးဆေးတက္ကသိုလ်မှ အောင်မြင်ခဲ့ပြီး စစ်စံထွန်းဆေးရုံတွင်အလုပ်သင် ဆရာဝန်ဖြစ်နေသော အင်လန်းအောင်တို့ဦးစီး၍ သေဆုံးသူကေအိုင်အေခေါင်းဆောင် ဇော်ဒန်၏သားနှော်ဆန်းအပါအဝင် တက္ကသိုလ်ကျောင်းသား ၁၀ ဦးသည် ကေအိုင်အေတပ်မဟာ(၃)ဌာနချုပ် လွယ်ယင်းဟိုင်သို့ရောက်လာ၍ တပ်မဟာ(၃)ကကြိုဆိုပွဲပြုလုပ်သည်။[၃] တန်ကွန်နာဂများလည်း တပ်ရင်း(၂)ရင်း အင်အား(၇၇၀)ဦး၊ နောက်အော်နာဂဗဟိုသည်လည်း တပ်ရင်း(၁)ရင်း အင်အား(၃၀၀)ဦးဖြင့် ရှိနေကြသည်။[၄]

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ သူရိန်ထွန်းစစ်ဆင်ရေးကို ဆင်နွှဲခဲ့ရာ တိုင်းစစ်ဌာနချုပ်တိုက်ရိုက်ကွပ်ကဲမှုနယ်မြေအင်ဂျန်းယန်၊ အင်စွတ်ဇွတ်၊ တန်ဖဲ၊ တီရန်စွတ်၊ ဆွမ်ပရာဘွမ်၊ မချမ်းဘော၊ တနိုင်း၊ တရုံ၊ ရှင်ပွေယန်၊ ခန္တီး၊ လဟယ်၊ ယမ်းကြိုးဒေသများတွင် အမှတ်(၃၇)ခြေလျင် တပ်ရင်း၊ အမှတ်(၄၆)ခြေလျင်တပ်ရင်း၊ အမှတ်(၅၂)ခြေလျင်တပ်ရင်း၊ အမှတ်(၇၄)ခြေလျင်တပ်ရင်း၊ အမှတ်(၈၆)ခြေလျင်တပ်ရင်း၊ အမှတ်(၁၈)ခြေလျင်တပ်ရင်း၊ အမှတ်(၁၆)ခြေလျင်တပ်ရင်း၊ အမှတ်(၉၈)ခြေလျင်တပ်ရင်းများသည်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုနယ်မြေမြို့သစ်၊ဒေါ်ဖုန်းယန်၊ နားလုံ၊ ဗန်းမော်၊ လွယ်ကူယ်၊ စိန်လုံ၊ မွန်ဘာပါ၊ မန်စီ၊ မဒယန်၊ တင်စိမ်းပါ၊ စီးခန်းကြီး၊ ရွှေကူဒေသများတွင် အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၃၈)ခြေလျင်တပ်ရင်း၊ အမှတ်(၄၇)ခြေလျင်

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၇ မှ ၃၀-၄-၈၇ အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၆ - ၂၁

၂ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၇ မှ ၃၀-၄-၈၇ အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁ - ၃

၄ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

ပါဂျို - နားဟော့ တိုက်ပွဲနေရာပြပုံ

တိုက်ပွဲဖြစ်ပွားသည့်နေရာ (၂၁ ဒီဇင်ဘာ ၁၉၆၈ မှ ၉-၆-၁၉၆၉)

တပ်ရင်း၊ အမှတ်(၁၁၇)ခြေမြန်တပ်ရင်း၊ အမှတ်(၁၁၈)ခြေမြန်တပ်ရင်းတို့သည်လည်းကောင်း၊ အမှတ်(၂)စစ်ဌာနဟာအဖွဲ့.ကွပ်ကဲမှုနယ်မြေ ဦးတွေ၊ ရစ်ကော်၊ မငေါင်၊ တမူး၊ ရှင်ငေါ်၊ လောခေါင်၊ ဆောလော၊ ဝိုင်းမော်၊ ဆိုင်းလော်၊ ဝါရှောင်၊ ဆဝုံး၊ ဆင်ဘိုဒေသများတွင် အမှတ်(၂)ခြင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၅)ခြေလျင်တပ်ရင်း၊အမှတ်(၂၉)ခြေလျင်တပ်ရင်း၊ အမှတ်(၄၀)ခြေလျင်တပ်ရင်း၊ အမှတ်(၅၈)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၂)ခြေမြန်တပ်ရင်းတို့သည်လည်းကောင်း၊ အမှတ်(၃)စစ်ဌာနဟာအဖွဲ့.ကွပ်ကဲမှုနယ်မြေ ပါကျိ၊ နားဖေါ်၊ ဖလပ်၊ ခယားလန်၊ ကန်တော်ယန်၊ နားလုံဒေသများတွင် အမှတ်(၂)ခြေလျင်တပ်ရင်း၊ အမှတ်(၅၆)ခြေလျင်တပ်ရင်းတို့သည်လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် အမှတ်(၁)စစ်ဌာနဟာအဖွဲ့.ကွပ်ကဲမှုနယ်မြေ လုံးတုံ၊ လုံးစန်း၊ ချောင်းဝ၊ ဆားမော့၊ ဟိုပင်၊ မိုးညှင်း၊ နမ္မတီး၊ မရမ်း၊ ဂဝဂမိုင်၊ ပြည်ထောင်၊ မိုးကောင်း၊ ကာမိုင်းဒေသများတွင် အမှတ်(၂၇)ခြေလျင်တပ်ရင်း၊ အမှတ်(၃၆)ခြေလျင်တပ်ရင်း၊ အမှတ်(၅၁)ခြေလျင်တပ်ရင်း၊ အမှတ်(၆၃)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၅)ခြေလျင်တပ်ရင်းတို့သည်လည်းကောင်း ရန်သူကို ချေမှုန်းကြသည်။[ခ]

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ဆင်နွှဲသော သူရိန်ထွန်းစစ်ဆင်ရေးတွင် ၁၉၈၇ ခုနှစ်၊ မတ်လ(၂၁)ရက်နေ့မှ ၁၉၈၈ခုနှစ်၊ မတ်လ(၂၀)ရက်နေ့အတွင်း တိုက်ပွဲကြီးပေါင်း(၂၉)ကြိမ်နှင့် တိုက်ပွဲငယ်ပေါင်း(၇၀၆)ကြိမ်ဖြစ်ပွားခဲ့ရာ ဝိုင်းမော်မြို့နယ်အတွင်းရှိ ကေအိုင်အေဗဟိုဌာနချုပ် ပါကျိစခန်း၊ စစ်ဦးစီးဌာနချုပ် နားဖေါ်စခန်းတို့ကို ၁၉၈၇ခုနှစ်၊ မေလ(၂၃)ရက်နေ့မှစတင် ခြိတက် တိုက်ခိုက်ခဲ့သောတိုက်ပွဲသည် ထင်ရှားသည်။ ထိုပါကျိနားဖေါ်တိုက်ပွဲတစ်ခုလုံးကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမှတ်(၁)စစ်ဌာနဟာအဖွဲ့နှင့် ရှေ့တန်းအမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်း၊ ရှေ့တန်းအမှတ်(၂၁)ခြေလျင်တပ်ရင်း၊ ရှေ့တန်းအမှတ်(၄၇)ခြေလျင်တပ်ရင်း၊ ရှေ့တန်းအမှတ်(၅၆)ခြေလျင်တပ်ရင်းနှင့် ရှေ့တန်းအမှတ်(၅၈)ခြေလျင် တပ်ရင်းတို့ဖြင့် စုဖွဲ့တိုက်ခိုက်ခြင်းဖြစ်သည်။ ကေအိုင်အေတို့၏ တပ်ဖြန့်စွဲထားပုံမှာ ဘရန်ဆိုင်း၊ ဇောင်းဟရားတို့ဦးစီးသော အင်အား(၁၀၀)ဖြင့် နောက်တန်းဌာနချုပ်သည်ပါကျိစခန်းတွင်လည်းကောင်း၊ ဇော်မိုင်ဦးစီးသော ရှေ့တန်းဗဟိုဌာနချုပ်သည်အင်အား(၃၀၀)ခန့်ဖြင့် နားဖေါ်စခန်းတွင်လည်းကောင်း၊ ကချင်သောင်းကျန်းသူတပ်ရင်း(၂၅၁)တပ်ရင်းဌာနချုပ်နှင့်ဒေသခံတပ်ခွဲ အပါအဝင်အင်အား(၈၀)ခန့်ဖြင့် ကျာဟူကောင်းဌလည်းကောင်း၊ ကျန်တပ်ခွဲ(၄)ခွဲကို ထိုပတ်ဝန်းကျင်တွင်လည်းကောင်း၊ ကေအိုင်အေတပ်ရင်း(၂၅၃)သည် အင်အား(၁၀၀)ခန့်ဖြင့် ကျာဘူနှင့် ကျန်တပ်ခွဲ (၄)ခွဲသည် စံပိုင်၊ ကန်တော်ယန်၊ ကဇူး၊ တဘက်ယန်တို့တွင်လည်းကောင်း၊ ကေအိုင်အေတပ်ရင်း (၂၅၄)ဌာနချုပ်နှင့် တပ်ခွဲ(၃)ခွဲအင်အား(၂၀၀)ကျော်ခန့်ဖြင့် နမ့်ဆန်ယန်(ခေါ်) ခယားယန်တစ်ဝိုက်တွင်လည်းကောင်း၊ ကေအိုင်အေတပ်ရင်း(၃)အင်အား(၅၀)ခန့်သည် လိုင်ဖေါင်

ခ (က) မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း
(ခ) ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁. ၁. ၈၇မှ ၃၀. ၄. ၈၇ အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၂၀ -၃၈

နှင့် ကျန်တပ်ခွဲ(၅)ခွဲသည် လိုင်ဖေါင်၊ ပေဘွန်၊ မလောက်၊ ဝါးတောင်တို့တွင်လည်းကောင်း ရှိနေကြပေသည်။

အထက်ပါအခြေအနေကိုကြည့်ပါက ကေအိုင်အေများသည် မိမိတို့ခံစစ်ဗဟိုဖြစ်သည့် ပါကျိုးဖေါ်ကို တပ်ရင်း(၂၅၃)နှင့် တပ်ရင်း(၂၅၄)တို့သည် ရှေ့ကာတပ်များအဖြစ် တိုက်ရိုက်အကာအကွယ်ပြုနေပြီး တပ်ရင်း(၂၅၁)နှင့် တပ်ရင်း(၃)သည် ဘေးနံကာတပ်များအဖြစ် ဖြန့်ခွဲချထားခြင်းဖြစ်လေသည်။

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့မှ ဗျူဟာမှူး ဗိုလ်မှူးကြီး မျိုးမြင့်ဦးစီးသော အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂၁)ခြေလျင်တပ်ရင်း၊ အမှတ်(၄၇)ခြေလျင်တပ်ရင်း၊ အမှတ်(၅၆)ခြေလျင်တပ်ရင်းတို့သည် ၁၉၈၇ခုနှစ်၊ မေလ(၂၀)ရက်နေ့တွင် ဗန်းမော်မြို့မှစတင်ထွက်ခွဲ၍ မေလ(၂၃)ရက်နေ့မှစတင်ကာ ကဇူးစခန်း၊ ကျာပူစခန်း၊ တဘက်ယန်နှင့် နန့်ယန်ဆန်စခန်းများရှိ ရန်သူ့ကာတပ်များနှင့် စတင်ထိတွေ့တိုက်ပွဲဖြစ်ပွားသည်။ ကေအိုင်အေများသည် တပ်မတော်စစ်ကြောင်း အချိန်ဖင့်နှေးကြန့်ကြာစေရန် ချီတက်မှုဟန်ချက်ပျက်ပြားရန် အပြင်းအထန်ခံစစ်ဆင်ခဲ့သော်လည်းတပ်မတော်ကလျှပ်တပျက်စစ်ဆင်တိုက်ခိုက်ခြင်း၊ ရင်မြေကတုတ်လုပ်ကာ ကျည်ရောက်၊ လူရောက်စနစ်ကျင့်သုံးကာ ကျားထိုးတိုက်ခိုက်ခြင်းများကြောင့် ကစဉ့်ကလျားဖြင့် ဆုတ်ခွါသွားကြရသည်။ တပ်မတော်ကလည်း ဆုတ်ခွါသောရန်သူကို ပြန်လည်စုစည်းခွင့်မပေးဘဲ ထက်ကြပ်လိုက်လံစစ်ဆင်သည်။ ဤသို့ဖြင့် မေလ(၂၅)ရက်နေ့နံနက် (၁၁)နာရီ (၄၅)မိနစ်တွင် ခယားလန်စခန်းကိုလည်းကောင်း၊ မေလ(၂၆)ရက်နေ့နံနက်(၁၁)နာရီ(၄၀)မိနစ်တွင် ကျာပူစခန်းကိုလည်းကောင်း သိမ်းပိုက်နိုင်ခဲ့ပြီး နားဖေါ်စခန်းအား ဆက်လက်တိုက်ခိုက်ရာ အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်းစစ်ကြောင်းသည် မေလ(၂၆)ရက် နားဖေါ် မြို့နယ်မှူးရုံးနှင့် နားဖေါ်စခန်းအားတိုက်ခိုက်နိုင်ခဲ့သည်။ အလားတူပင် ပါကျိုစခန်းကိုလည်း အမှတ်(၂၁)ခြေလျင်တပ်ရင်း စစ်ကြောင်းက သိမ်းပိုက်နိုင်ခဲ့သည်။ တပ်မတော်သည် တိုက်ပွဲ(၁)ပွဲကို မိနစ်(၃၀)မှ တစ်နာရီအတွင်း အပြီးသတ်ချေမှုန်းနိုင်ခဲ့သည်။ ဆက်လက်၍ ကေအိုင်အေတို့၏ ဆက်သွယ်ရေးအချက်အခြာစခန်း ဆမားစခန်း၊ တပ်ရင်း(၂၅၁)ဌာနချုပ်တည်ရာ ကျာဘူတောင်း စခန်းတို့ကို ဇူလိုင်လ(၂၃)ရက်၊ တပ်ရင်း(၁)ဌာနချုပ် ခိုင်ဘန်စခန်းအား ဒီဇင်ဘာလ(၉)ရက်တပ်မဟာ(၁)ဌာနချုပ် လတောင်ဘွယ်စခန်းနှင့် တပ်ရင်း(၂၅၅)ဌာနချုပ်ခရားယန်စခန်းများအား ၁၉၈၈ခုနှစ်၊ ဖေါ်ဝါရီလ(၂၁)ရက်တပ်ရင်း(၄)ဌာနချုပ်နော်ကူးယန်စခန်းအား မတ်လ(၂)ရက်၊ တပ်ရင်း (၇)ဌာနချုပ် ရန်ဖန်နှင့် ထိနန်စခန်းများအား မတ်လ(၄)ရက်နေ့များတွင် အသီးသီးသိမ်းပိုက်ရရှိပြီး ဗကပ(၁၀၁)တပ်ဖွဲ့လက်အောက်ခံ တပ်ရင်း(၂)ဌာနချုပ် နဲ့ဖန်ဘော်စခန်းကိုလည်း ဖေဖော်ဝါရီလ (၁၉)ရက်နေ့က သိမ်းပိုက်နိုင်ခဲ့ပြန်သည်။

ဤသို့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတစ်ခုအတွင်း၌ပင် တပ်မတော်က တိုက်ပွဲကြီး(၂၉)ကြိမ်နှင့် တိုက်ပွဲငယ်(၇၀၆)ကြိမ်တိုက်ခိုက်၍ သောင်းကျန်းသူ(၃၇၆)ဦးအသေရမိကာ(၉၇)ဦးကို

လက်ရဖမ်းဆီးမိပြီး(၁၅၇)ဦး လက်နက်ချခဲ့ကြသည်။ ထို့ပြင် ၈၂မမစိန်ပြောင်း(၁)လက်၊ ၇၅မမနောက်ပွင့်ရိုင်ဖယ်(၃)လက်၊၆၀မမစိန်ပြောင်း(၈)လက်၊ပွိုင့်၅စက်သေနတ်ကြီး(၁)လက်၊ ၃. ၅လောင်ချာ(၁)လက်၊ ၅၇မမနောက်ပွင့်ရိုင်ဖယ်(၁)လက်၊ လေယာဉ်ပစ်စက်သေနတ်ကြီး(၁)လက် အပါအဝင် လက်နက်မျိုးစုံ(၅၅၅)လက်၊ လက်နက်ကြီးကျည်မျိုးစုံ(၇၈၉၈)တောင့်၊ လက်နက်ငယ်ကျည်(၁၀၁၂၄၂)တောင့်၊ မိုင်းမျိုးစုံ(၃၆၃)လုံး၊ ကျည်ကပ်မျိုးစုံ(၃၉၁)ခု၊ လက်ပစ်ဗုံးမျိုးစုံ(၂၀၇၁)လုံး၊ ယမ်းမျိုးစုံ(၂၁၈)ခု၊ စနက်မျိုးစုံ(၁၅၄၀၅)ခု၊ ဆက်သွယ်ရေးစက်မျိုးစုံ(၁၁)လုံး၊ လမ်းလျှောက်စကားပြောစက်(၅)လုံး၊ ရေဒီယိုစက်(၇)လုံး၊ အသံလွှင့်/ဖမ်းစက်(၈)လုံး၊ လက်လှည့်ဂျင်နရေတာ(၄)လုံး၊ အားသွင်းစက်(၅)လုံး၊ အိပ်ချိန်းစက်ခုံ(၂)ခု၊ မော်တော်ယာဉ်(၁)စီး၊ အင်ဂျင်စက်(၃)လုံး၊ မီးစက်(၄)လုံး၊ သစ်ခွဲစက်(၁)လုံး၊ အသံချဲ့စက်(၃)လုံး၊ ကျောက်ဖြတ်စက်(၁)လုံး၊ ရုပ်မြင်သံကြားစက်(၂)လုံး၊ ရေစုပ်စက်(၁)လုံး၊ စာကူးစက်(၈)လုံး၊ လက်နှိပ်စက်(၂၁)လုံး၊ ဆင်(၆)ကောင်၊ မြင်းလား(၈)ကောင်၊ ဘိန်း(၃၂၈. ၇၈)ကီလို၊ ဘိန်းဖြူ(၆. ၀၂၈)ကီလို(အမေရိကန်ဒေါ်လာ ၁. ၂သန်းဖိုးခန့်)၊ ကျောက်စိမ်း(၁၁၉၇၅. ၄၀)ပိဿာ၊ မှောင်ခိုပစ္စည်းကျပ်(၈၄၅၀၆၀)ဖိုးခန့်၊ မြန်မာကျပ်ငွေ(၄၈၈၇၅၉ ကျပ်)၊ အိန္ဒိယငွေ(၁၀၁၉၉၀၀)ရူပီ၊ တရုတ်ငွေ(၂၂၈၀)ယွမ်တို့ကိုလည်း သိမ်းဆည်းရမိသည်။[၁]

၁၉၈၇ခုနှစ် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းသောင်းကျန်းသူများနှင့် တပ်မတော်၏စစ်ဆင်ရေး

ဗကပအရှေ့မြောက်စစ်ဒေသ၏ တပ်မဟာ(၁၂)သည်တပ်ရင်း(၄)ရင်း အင်အား(၈၀၀)ဦးဖြင့် မိုင်းမော၊ မိုင်းပတ်၊ ရောင်အူး၊ လွယ်ပန်လုံ၊ ကောင်းဟျက်၊ မြောင်ဇူရှယ်၊ ဗင်ဟင်ဒေသများတွင် လှုပ်ရှားလျက်ရှိနေကာ တပ်မဟာ(၁)သည်တပ်ရင်း(၃) ရင်းအင်အား(၃၀၀) ဦးဖြင့်မုံးဟောင်၊ မုံးလား၊ မုံးကိုးဒေသတွင်လည်းကောင်း၊ တပ်မဟာ(၂)သည်တပ်ရင်း(၃)ရင်းအင်အား(၁၆၀)ဦးဖြင့် မုံးကိုး၊ နောင်ဟင်၊ ရေပူစမ်း၊ လုံကန်၊ မုံးဟောင်ဒေသတွင်လည်းကောင်း၊ တပ်မဟာ(၃)သည် တပ်ရင်း(၃) ရင်းအင်အား(၂၅)ဦးဖြင့် ဟေမိုးလုံ၊ ဝယ်ကျိုင်း၊ မုံးကိုး၊ ခါလီကူးဒေသတွင်လည်းကောင်း ရှိနေသည့် အပြင် မဒတတပ်ရင်း(၈၆၁)သည် တပ်ခွဲ(၃)ခွဲအင်အား(၃၆၀)ဦးဖြင့် မန်လင်၊ လွယ်တောက်၊ မန်ယုံမော်၊ မန်ပိန်း၊ မန်မတ်၊ မုံးကျက်ဒေသ၌ ရှိနေကြသည်။ ကျန်သောင်းကျန်းသူများမှာ အပြောင်းအလဲမရှိကြချေ။[၂] ဗကပမြောက်ပိုင်းဗဟိုခွဲမှ နိုင်ငံရေးမှူး ရဲဘော်အောင် ခေါ် အသားမည်းမျိုးမြင့်သည် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌမှတတိယအဆင့်သို့ ပြောင်းလဲခြင်းခံရ၍ ၁၉၈၇ ခုနှစ်၊ ဇန္နဝါရီလတွင် ပန်ဆန်းသို့ပြောင်းရွှေ့သွားပြီး ဗဟိုခွဲတွင် ဘသန်း၊ စိုင်းအောင်ဝင်း၊ ထွန်းတင် တို့ဆက်လက်ကွပ်ကဲကျန်ရှိသည်။ ၁၉၈၇ ခုနှစ်၊ မတ်လ ဗကပဗဟိုခွဲ အစည်းအဝေးတွင် ဗဟိုခွဲကို

---

၁ မြန်မာ့သမိုင်း အကျဉ်းနှင့် တပ်မတော်ကဏ္ဍ တတိယတွဲ မျက် ၂၀၉-၂၁၂

၂ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

မြောက်ပိုင်းတိုင်းဟုပြောင်းလဲ၍ နိုင်ငံရေးမှူးဘသန်း၊ စစ်ရေးတာဝန်ခံ ထွန်းတင်တို့ တာဝန်ယူသည်၊ တိုင်းရှေ့တန်းစစ်ဆင်ရေးကွပ်ကဲမှုရုံးအား ဟေမိုးလုံတွင် အခြေပြုထားပြီး ဒုတိယစစ်ရေးတာဝန်ခံ ကျန်စီမြင့်က အနီးကပ်ကွပ်ကဲလျှက်ရှိသည်။ တဖက်နိုင်ငံ ကွန်မြူနစ်ပါတီက ဗကပတို့အား အစိုးရနှင့်ပူးပေါင်းလုပ်ကိုင်ရန်အကြံပြုပြီး ခဲယမ်းမီးကျောက်များလုံးဝ ရောင်းချပေးခြင်းမရှိ၍ ဝ နယ်ဖက်မှ ခဲယမ်းများဖြည့်စွက်ထားရသည်။[၁]

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သည် ၁၉၈၇ခုနှစ်၊ ဇန္နဝါရီလ (၁) ရက်နေ့မှစတင်၍ အောင်ဟိန်းပိုးစစ်ဆင်ရေးကို စတင်ခဲ့ရာ တိုင်းစစ်ဌာနချုပ်တိုက်ရိုက် ကွပ်ကဲမှုနယ်မြေ နမွတူ၊ မုံးရင်၊ မန်ဆန်ရေကျ၊ နမ့်ပေါင်၊ မုံးယန်း၊ မုံးယော၊ မုံးကျက်၊ နားတီး၊ နမ့်ဆလပ်၊ လွယ်တောက် ဒေသများတွင် အမှတ်(၄) ခြေလျင်တပ်ရင်း၊ အမှတ်(၆၉) ခြေလျင်တပ်ရင်းများသည်လည်းကောင်း၊ အမှတ်(၁) စစ်ဗျူဟာအဖွဲ့ ကွပ်ကဲမှုနယ်မြေ တန့်ယန်း၊ မိုင်းကောင်း၊ လွယ်အင်၊ နောင်လိုင်၊ နောင်ဖာ၊ ပါပန်၊ ပွိုင့်-၆၀၄၁၊ လွယ်ပန်လုံ၊ မန်ကန်ဒေသများတွင် အမှတ်(၃၃) ခြေလျင်တပ်ရင်း၊ အမှတ်(၇၆) ခြေလျင်တပ်ရင်းများနှင့် အမှတ်(၆၇)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၂)ခွဲသည်လည်းကောင်း၊ အမှတ်(၂) စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုနယ်မြေ ကျောက်မဲ၊ ကွင်းစလန်း၊ မိုင်းငေါ်၊ မြို့သစ်၊ ရတနာသိဒ္ဓိ၊ ဂုတ်ထိပ်၊ ဟူးကွပ်၊ ပန်ရင်း၊ နယ်ဗွေ၊ အုံးမစွန်၊ ကွမ်ဟယ်၊ တောင်မ၊ နမ့်ဆန်ဒေသများတွင် အမှတ်(၂၂) ခြေလျင်တပ်ရင်း၊ အမှတ်(၂၃)ခြေလျင်တပ်ရင်း နှင့် အနောက်မြောက်တိုင်းမှ အမှတ်(၅၀)ခြေလျင်တပ်ရင်းတို့သည်လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုနယ်မြေ နမ့်လန်၊ စိန်ကြော့၊ မန်ပန်း၊ ဆောင်ကြဲ၊ မိုင်းခေး၊ မိုင်းရယ်၊ မန်လီ၊ မိုင်းတုံ၊ မန်ခို၊ မန်နောင်ဒေသများတွင် အမှတ်(၆၈) ခြေလျင်တပ်ရင်း၊ အမှတ်(၆၇)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၂)ခွဲ၊ အမှတ်(၁၀၇)ခြေမြန်တပ်ရင်းမှ တပ်ခွဲ(၃)ခွဲတို့သည်လည်းကောင်း ရန်သူကိုချေမှုန်းတိုက်ခိုက်ခဲ့သည်။ ထို့ပြင်ရှေ့တန်းအမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်မှနည်းဗျူဟာ(၂)ခု၊ တပ်ရင်း(၇)ရင်းနှင့် အမှတ်(၃)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄၅)ခြေလျင်တပ်ရင်းများသည်လည်း ကွတ်ခိုင်၊ ကွယ်လုံ၊ ဟိုပန်၊ မုံးစီး၊ နားလည်၊ တာမိုးညဲ့ တို့တွင် လှုပ်ရှားစစ်ဆင်လျက်ရှိသည်။[၂]

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ၁၉၈၇ ခုနှစ်၊ မတ်လ(၂၁)ရက်နေ့မှ ၁၉၈၈ ခုနှစ်၊ မတ်လ(၂၀)ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း တိုက်ပွဲကြိမ်(၂)ကြိမ်နှင့် တိုက်ပွဲငယ်(၇၁၁)ကြိမ် ဖြစ်ပွားခဲ့သည်။ ၁၉၈၇ ခုနှစ်၊ ဒီဇင်ဘာလ(၃၀)ရက်နေ့တွင် ဗကပအင်အား(၁၀၀)ခန့် အခြေပြုထားသောနမ့်ချက်စခန်းကိုလည်းကောင်း၊ ဇန္နဝါရီလ(၃၁)ရက်နေ့တွင်ကေအိုင်အေတပ်မဟာ(၄)ဌာနချုပ် ဆမားဒဆန်စခန်းအားလည်းကောင်း၊ ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် ကေအိုင်အေဟိုမွေ

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစုံ၏ ၁-၁-၈၇ မှ ၃၁-၄-၈၇ နှင့် ၁-၉-၈၇ မှ ၃၁-၁၂-၈၇ အတွင်းအရှေ့မြောက်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက် မျက် ၄၀-၄၁၊ ၄၅

၂ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

စခန်းနှင့် လက်နက်တိုက်ကိုလည်းကောင်း ဆက်တိုက်သိမ်းဆည်းရခဲ့ပြီး သောင်းကျန်းသူ(၂၀)ဦးကို အသေရမိကာ(၆)ဦးကို ဖမ်းဆီးရလျက် လက်နက်မျိုးစုံ(၁၄၆)လက်ကိုလည်း သိမ်းပိုက်နိုင်ခဲ့သည်။ ၁၉၈၇ခုနှစ်၊ စက်တင်ဘာလ(၁၆)ရက်နေ့တွင် ပလောင်သောင်းကျန်းသူ(၁၀၀)ခန့် ဖြန့်ခွဲအခြေပြုထားသည့် နမ့်ဆန်ပြို့နယ်အတွင်းဂူဝိုင်းရွာအနီးရှိစခန်းကိုရှင်းလင်းသိမ်းပိုက်ခဲ့ပြီး သောင်းကျန်းသူ(၇)ဦးကို အသေရမိကာလက်နက်မျိုးစုံ(၁၃)လက်၊လမ်းလျှောက်စကားပြောစက်(၂)လုံး၊ခဲယမ်းမိုင်းနှင့်လက်ပစ်ဗုံးများ သိမ်းဆည်းရခဲ့သည်။ ထိုနည်းအတူပင်အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ် လက်အောက်ခံနည်းပြူဟာကွပ်ကဲမှုအဖွဲ့နှင့်စစ်ကြောင်းများသည်လည်း မုံးပေါ်၊ မုံးယား၊ မုံးတောင်ဒေသရှိ ဗကပတပ်မဟာ(၁)၊ တပ်ရင်း(၈၀၁)၊ တပ်ရင်း(၈၀၄)၊ တပ်ရင်း(၃၀၃၇)၊ တပ်ရင်း(၄၀၄၈)၊ ကေအိုင်အေတပ်မဟာ(၄)၊ တပ်ရင်း(၂)တို့ကို ၁၉၈၇ ခုနှစ်၊ မေလ(၃၁)ရက်နေ့မှဇွန်လ(၂၁)ရက်နေ့အထိရှင်းလင်းတိုက်ခိုက်ခဲ့ရာတိုက်ပွဲငယ်(၁၅)ကြိမ်ဖြစ်ပွါးပြီး ကေအိုင်အေတပ်ရင်း(၂)၏ ဝါးဖေါက်စခန်းကိုသိမ်းပိုက်ရရှိသည်။ ဤတိုက်ပွဲများတွင် တပ်မတော်မှ(၂)ဦးကျဆုံး၍ သောင်းကျန်းသူ(၁၂)ဦးကျကာ(၇)ဦးဖမ်းမိပြီး(၆)ဦးလက်နက်ချသည်။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ၁၉၈၇ ခုနှစ်၊ မတ်လ(၂၀)ရက်နေ့မှ ၁၉၈၈ ခုနှစ်၊ မတ်လ(၂၀)ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း တိုက်ပွဲကြီးတိုက်ပွဲငယ်များ၌ သောင်းကျန်းသူ(၂၀၄)ဦးကို အသေရမိကာ(၅၆)ဦးကို ဖမ်းဆီးရမိပြီး(၅၉)ဦးလက်နက်ချသည်။ ၆၀မမစိန်ပြောင်း(၄)လက်၊ ပို့ဒ်-၅ စက်သေနတ်ကြီး (၁)လက်၊ ၃. ၅လောင်ချာ(၁)လက်အပါအဝင် လက်နက်မျိုးစုံ(၃၆၃)လက်၊ လက်နက်ကြီးကျည်(၇၇၅)တောင့်၊ လက်နက်ငယ်ကျည်(၅၂၅၅၄)တောင့်၊ မိုင်းမျိုးစုံ(၃၁၆)လုံး၊ လက်ပစ်ဗုံး(၁၅၂၇)လုံး၊ ယမ်းပြေးနှင့် ယမ်းပြားမျိုးစုံ(၃၅၈၁)ခု၊ စနက်မျိုးစုံ(၇၀၀) ခု၊ ဘိန်း(၆၅)ကီလို၊ ဘိန်းဖြူ (. ၆) ကီလိုတို့ကိုလည်း သိမ်းဆည်းရမိသည်။[၁]

၁၉၈၇ခုနှစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်၏ စစ်ဆင်ရေး

ဗကပဗဟိုဌာနချုပ်အဖွဲ့သည်အင်အား(၁၀၀)၊ အရှေ့မြောက်စစ်ဒေသဌာနချုပ်အဖွဲ့ကင်းတပ်သည် အင်အား(၂၀၀)၊ တပ်ရင်း(၁၄၄)သည် အင်အား(၂၀၀)၊ လက်နက်ကြီးတပ်ရင်း(၁၇၇)သည် အင်အား(၁၃၀)၊ ၈၂မမတပ်ခွဲသည် အင်အား(၁၅၀)၊ ၇၅မမတပ်ခွဲသည်အင်အား(၅၀)၊ လေယာဉ်ပစ်တပ်ဖွဲ့သည်အင်အား(၄၀)တို့ဖြင့် စုစုပေါင်းအင်အား(၇၇၀)သည် ပန်ဆန်းဗဟိုတွင်ရှိနေကြသည်။ ဗကပအလယ်ပိုင်းဗဟိုဌာနချုပ်သည်အင်အား(၁၀၀)ဖြင့် နောင်လုံ၊ နောင်ဝိုး၊ ကျောက်ဂူဒေသတွင်ရှိနေပြီး တပ်ရင်း(၁)သည်အင်အား(၇၀) ဖြင့် နောင်ဝိုး၊ ဟိုခဲ၊ တပ်ရင်း(၅၀၂)သည် အင်အား(၂၆၀) ဖြင့် တုန်ဟုန်း၊ နားပွဲ၊ တပ်မောက်၊ ဝမ်ညူ၊ မိုင်းလင်း၊ နောင်တောက် တပ်ရင်း(၄၀၄၅)သည် အင်အား(၈၅)ဦးဖြင့် ခိုလန်၊ ဝယ်လော၊ ကျိုင်ခမ်း၊ တပ်ရင်း(၄၀၄၆)သည် အင်အား(၇၅)ဦးဖြင့်

[၁] မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍတတိယတွဲ မျက် ၂၀၂-၂၁၃

မိုင်းပျင်း၊ လက်သဲ့၊ ဖေါင်ဆိုး၊ မိုင်းပွန်၊ ဟိုပုန်း၊ ကျောက်တန်း၊ တပ်ရင်း(၄၀၄၇)သည်အင်အား(၅၀)ဦး ဖြင့် မိုင်းလန်၊ ဆန်ဟ၊ လွယ်ပါယန်း စသည်ဖြင့်အသီးသီးရှိနေကြသည်။ ထို့ပြင်မြို့နယ်တပ်များသည် အင်အား(၅၀)ဖြင့် ကျောက်တူ၊ နောင်လုံ၊ နောင်ဝိုးဒေသတွင် လှုပ်ရှားလျက်ရှိကာ တပ်မဟာ(၇) ဌာနချုပ်သည် အင်အား(၅၀)ဖြင့် ကပ်မော်ဌအခြေပြုပြီး တပ်ရင်း(၀၁၈)၊ တပ်ရင်း(၃၀၃၅)၊ တပ်ရင်း(၅၀၃)၊ တပ်ရင်း(၆၀၆)တို့သည် အင်အား(၅၃၀)ဦးဖြင့် ဖခီး၊ ပန်တောင်၊ ခန်းချီ၊ ပန်ဝိုး၊ ရောင်အော်၊ ရောင်အန်၊ ပန်ယမ်းဒေသများ၌ ဖြန့်ခွဲလှုပ်ရှားလျက်ရှိသည်။ တပ်မဟာ(၅)သည် အင်အား(၁၀၀)ဦးဖြင့် ဌာနချုပ်ကိုမိုင်းပေါက်၌ အခြေပြုပြီး တပ်ရင်း(၀၈၁)၊ တပ်ရင်း(၀၈၅)၊ တပ်ရင်း(၀၈၉)တို့သည် အင်အား(၄၇၅)ဦးဖြင့် လွယ်ဟိုကာ၊ လွယ်ရှန်ဖေါင်း၊ ပွိုင့်(၆၂၅၂)၊ သံလွင်အနောက်ခြမ်းကယား နယ်စပ်တို့၌ ဖြန့်ခွဲတပ်စွဲထားသည်။ တပ်မဟာ(၆)ဌာနချုပ်သည် အင်အား(၁၀၀)ဦးဖြင့် ထိုင်း-မြန်မာ နယ်စပ်မည၀တီဆန်ဇုတွင် ရပ်တည်လျက် တပ်ရင်း (၀၈၆)၊ တပ်ရင်း(၀၈၇)တို့သည် အင်အား(၅၅၀) ဖြင့် ယင်းဒေသတွင်ပင်ရှိနေကြသည်။ တပ်မဟာ(၈)ဌာနချုပ်သည် အင်အား(၂၀၀)ဖြင့်လည်းကောင်း၊ တပ်ရင်း(၀၈၂)သည် အင်အား(၅၀)ဖြင့်လည်းကောင်း သံလွင်အနောက်ခြမ်း၊ ပြည်ထောင်စုကားလမ်း တောင်ခြမ်းမိုးနဲဒေသတွင်ရှိနေပြီး တပ်ရင်း(၀၈၃)နှင့် တပ်ရင်း(၀၈၄) တို့သည် အင်အား(၁၁၅)ဦးဖြင့် အင်းအရှေ့ခြမ်း၊ ဆီဆိုင်အနောက်ခြမ်း၊ ပွန်ချောင်းအရှေ့ခြမ်းနှင့် ရှမ်းကယားနယ်စပ်၌ လှုပ်ရှားလျက်ရှိသည်။ တပ်မဟာ(၇၆၈)ဌာနချုပ်သည် အင်အား(၃၅၀)ဖြင့် နမ့်လ၊ ဆီလူး၊ မိုင်းဖြန်ဒေသများ၌ ဖြန့်ခွဲထားပြီး တပ်ရင်း (၃)၊ တပ်ရင်း(၆)နှင့်တပ်ရင်း(၉)တို့သည် အင်အား(၆၃၅)ဦးဖြင့် လွယ်ဟိုကာ၊ ပန်ထယန်း၊ လွယ်ပန်ပုတ်၊ တပ်မိုင်ပုန်၊ ဆီလူး၊ မန်ဝိန်းကြောတို့၌ဖြန့်ခွဲလှုပ်ရှားနေသည်။ ကော်(စ၁၅) စစ်ဒေသဌာနချုပ်သည်အင်အား(၁၈၀)ဖြင့် ဝမ်ဆော၊ ဝမ်မိုင်၊ မိုင်းလားဒေသများ၌ တပ်စွဲထားပြီး တပ်ရင်း(၁)၊ တပ်ရင်း(၃) နှင့် တပ်ဂုင်း(၁၄) တို့သည် အင်အား(၄၂၀)ဖြင့် မိုင်း၀၊ ကော်ပန်ကျင်၊ ကျိုင်းခမ်း၊ ဆွတ်နယ်၊ မိုင်းယောင်းပြန့်၊ ဝယ်ဆော၊ ဝယ်ဖိုင်တို့၌ရှိနေကြသည်။ တပ်မဟာ(၉) ဌာနချုပ်သည် အင်အား(၅၀) ဖြင့်ကျိုင်းခန်း၌ အခြေပြုကာတပ်ရင်း(၅)၊ တပ်ရင်း(၁၈)နှင့် တပ်ရင်း(၁၂၂)တို့သည် အင်အား(၆၀၀)ဖြင့် ဝယ်ဖိုင်၊ နမ့်ဖန်၊ နမ်အစ်ဒေသများ၌ဖြန့်ခွဲအခြေပြုကြသည်။ တပ်မဟာ(၁၁)ဌာချုပ်သည် အင်အား(၁၅၀) ဖြင့် လွယ်ပန်ဟောင်း၌ရှိနေကာ တပ်ရင်း(၇)၊ တပ်ရင်း(၉)နှင့် တပ်ရင်း(၁၆)တို့ကို ဝမ်ကျင်း၊ ဆန်တောက်၌ ဖြန့်ခွဲထားသည်။ ဗကပ(၉၂၇)လားဟူအဖွဲ့သည် အင်အား(၂၀၀)ဖြင့် မည၀တီ ဆန်ဇုဒေသ၌လည်းကောင်း ၀ အမျိုးသားတပ်မတော်သည် အင်အား(၇၀၀)ဖြင့် ထိုင်း-မြန်မာနယ်စပ် မယ်အော၊ လွယ်မအန်း၊ မဟိန်းကောင်း၊ ပါခိုးဒေသများ၌ လည်းကောင်းရှိနေကြသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သည်**ကျော်နိုင်စိုး**စစ်ဆင်ရေးကို ၁၉၈၇ခုနှစ်၊ ဇန်နဝါရီလ(၁)ရက် နေ့မှစတင်ဆင်နွှဲပြီးမိုးဟိန်းအဆင့်(၁၁)ကိုလည်း ဇူလိုင်လ(၇)ရက်နေ့မှစတင်၍ဆက်လက်ဆင်နွှဲသည်။ ထိုစစ်ဆင်ရေးတွင် အမှတ်(၂)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၁၄)ခြေလျင်တပ်ရင်း၊ အမှတ်(၅၄)ခြေလျင်

တပ်ရင်း၊ အမှတ်(၂၆)ခြေလျင်တပ်ရင်း၊ အမှတ်(၇၂)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၂)ခြေလျင်တပ်ရင်း၊ အမှတ်(၁၅)ခြေမြန်တပ်ရင်းများဖြင့်လိုင်ကော်၊ လောပီတ၊ ဖရူးဆိုး၊ ဟားဆောင်း၊ မော်ခိုး၊ ထီးထဒေသ၌လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၉၄)ခြေလျင်တပ်ရင်း၊ အမှတ်(၁၅)ခြေမြန်တပ်ရင်းများဖြင့် ပင်လောင်း၊ ဖယ်ခုံ၊ မိုးပြဲ၊ သစ်ကြိတ်ဒေသ၌လည်းကောင်း စစ်ဆင်ထိုးနှက်သည်။ အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်သည်လည်း တပ်မဌာနချုပ်တိုက်ရိုက်ကွပ်ကဲမှုဖြင့် အမှတ်(၁၄)ခြေမြန်တပ်ရင်း၊ အမှတ်(၂၀)ခြေမြန်တပ်ရင်းများသည် မိုးနဲ၊ ရှမ်း-ကယားနယ်စပ် မုန်းစစ်၊ ကုန်းဟောင်းဒေသ၌လည်းကောင်း၊ အမှတ်(၅၅၂)နည်းဗျူဟာကွပ်ကဲမှုဖြင့် အမှတ်(၁၉)ခြေမြန်တပ်ရင်း၊ အမှတ်(၃၄)ခြေလျင်တပ်ရင်းများသည် ဆီဆိုင်၊ ဟိုပုန်း၊ မိုင်းဖျင်း၊ လက်သဲ့၊ မဲနယ်တောင်ဒေသများ၌လည်းကောင်း၊ အမှတ်(၅၅၃)နည်းဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် အမှတ်(၁၇)ခြေမြန်တပ်ရင်း၊ အမှတ်(၆၆)ခြေလျင်တပ်ရင်း၊ အမှတ်(၉၉)ခြေလျင်တပ်ရင်းများသည် ခိုလန်၊ ကွန်ဟိန်း၊ လွယ်အိုင်၊ ဖါလိုင်၊ ဝမ်လော့၊ ဆိုက်ဂေါင်၊ လင်းခေး၊ ကျိုင်းတောင်ဒေသများ၌လည်းကောင်း တိုက်ခိုက်ချေမှုန်းလျက်ရှိကြသည်။

ထို့ပြင် အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်သည် အမှတ်(၇၇၁)နည်းဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် အမှတ်(၂)ခြေလျင်တပ်ရင်း၊ အမှတ်(၆)ခြေလျင်တပ်ရင်း၊ အမှတ်(၈)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၇)ခြေမြန်တပ်ရင်းတို့သည် ပွိုင့်(၅၃၁၀) လွယ်ဟိုလာ၊ လုံနောက်၊ တွယ်နောက်၊ ဆွတ်ဝိုး၊ တောင်စိမ်း၊ မျက်မဲဒေသများ၌လည်းကောင်း၊ အမှတ်(၇၇၂)နည်းဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် အမှတ်(၁)ရှမ်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၆၄)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၄)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၆)ခြေမြန်တပ်ရင်းများသည် ကျေးသီး၊ မိုင်းခေး၊ ကျိုင်းလွန်၊ မုံးစယ်ဒေသများ၌လည်းကောင်း တိုက်ပွဲဝင်လျက်ရှိကြသည်။ ထိုနည်းတူပင် အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်သည်လည်း တပ်မတိုက်ရိုက်ကွပ်ကဲမှုနယ်မြေ ကျိုင်းတုံ၊ မိုင်းအင်း၊ လိုက်ခါး၊ ဝမ်ကျင်း၊ ဆန်တောက်၊ မိုင်းငေါင်ဒေသများ၌ အမှတ်(၁)ကယားသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၁)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၈)ခြေမြန်တပ်ရင်းတို့သည်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုနယ်မြေ တာချီလိတ်၊ မိုင်းဟဲ၊ တာပင်း၊ ဝမ်တဲ၊ မိုင်းပုကြီး၊ မိုင်းရှန်၊ မိုင်းဆတ်၊ မိုင်းကွယ်၊ မိုင်းတုံ၊ ပုံပါကျင်၊ ဟိုပန်၊ ဟိုရွက်၊ သက်ကယ်တောင်ဒေသများ၌အမှတ်(၅)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄၃)ခြေလျင်တပ်ရင်း၊ အမှတ်(၄၉)ခြေလျင်တပ်ရင်း၊ အမှတ်(၆၅)ခြေလျင်တပ်ရင်း၊ အမှတ်(၁၂)ခြေမြန်တပ်ရင်း တို့သည်လည်းကောင်း၊ အမှတ်(၈၈၃)နည်းဗျူဟာအဖွဲ့ ကွပ်ကဲမှုနယ်မြေ မိုင်းခတ်၊ ပန်မကောက်၊ ရောင်ခေါက်၊ မိုင်းယန်း၊ မိုင်းလွေ၊ မိုင်းညှင်းဒေသတို့၌ အမှတ်(၁)ဗမာ့သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂)ဗမာ့သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁)ခြေလျင်တပ်ရင်း တို့သည်လည်းကောင်း အမှတ်(၈၈၁)နည်းဗျူဟာအဖွဲ့ကွပ်ကဲမှုနယ်မြေ မိုင်းယောင်း၊ ပါလျှိုး၊ ကျိုင်းလပ်၊ ကော်ဟိုးလွယ်၊ ထင်းရှူးတောင်နယ်များ၌ အမှတ်(၁)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၃)ချင်းသေနတ်ကိုင်တပ်ရင်း၊

အမှတ်(၅) ခြေလျင်တပ်ရင်းများသည်လည်းကောင်း အသီးသီး တိုက်ပွဲဝင်လျက်ရှိပေသည်။[၁]

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ၁၉၈၇ ခုနှစ်၊ မတ်လ(၂၁)ရက်နေ့မှ ၁၉၈၈ ခုနှစ်၊ မတ်လ(၂၀)ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း တိုက်ပွဲကြီး(၂)ကြိမ် တိုက်ပွဲငယ်(၆၈၆)ကြိမ် ဖြစ်ပွားခဲ့သည်။ ယင်းတိုက်ပွဲများအနက် အချို့ကို ကောက်နှုတ်ဖော်ပြပါက ၁၉၈၇ ခုနှစ်၊ ဇူလိုင်လ (၁၃)ရက်နေ့တွင် တပ်မတော်စစ်ကြောင်းတစ်ကြောင်းသည် ကယားပြည်နယ်၊ ဘော်လခဲမြို့နယ်ရှိ ကရင်နီသောင်းကျန်းသူ ပုလဲစခန်းနှင့် နားမွန်စခန်းတို့ကို ဝင်ရောက်တိုက်ခိုက်ခဲ့ရာ သောင်းကျန်းသူ (၄၀)ခန့်နှင့် တိုက်ပွဲ(၂) ကြိမ်ဖြစ်ပွါးပြီး တပ်မတော်က စခန်းများကို သိမ်းပိုက်နိုင်ခဲ့သည်။ ထိုတိုက်ပွဲတွင် တပ်မတော်မှ ထိခိုက်ကျဆုံးမှုမရှိဘဲ သောင်းကျန်းသူ(၁၃)ဦးကိုအသေရမိ၍ လက်နက်(၅)လက်နှင့်ခဲယမ်းမျှားကိုပါ သိမ်းပိုက်နိုင်ခဲ့သည်။ တစ်ဖန်ထိုစခန်းများကိုပင် အောက်တိုဘာလ(၂၁)ရက် နေ့၌ တပ်မတော်စစ်ကြောင်းတစ်ကြောင်းက ဒုတိယအကြိမ်ထပ်မံတိုက်ခိုက်ရာ သောင်းကျန်းသူ(၃၅)ဦးဖြင့် တိုက်ပွဲဖြစ်ပွါးပြီးစခန်းကို သိမ်းနိုင်ခဲ့သည်။ ထိုတိုက်ပွဲတွင် တပ်မတော်မှ(၂)ဦး ဒဏ်ရာရပြီး သောင်းကျန်သူအလောင်း(၁၂)လောင်းနှင့် လက်နက်မျိုးစုံ(၈)လက်၊ စကားပြောစက်(၁)လုံးနှင့် ခဲယမ်း မီးကျောက်များ သိမ်းပိုက်ရရှိခဲ့သည်။

ယင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင်အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်ကွပ်ကဲမှုလက်အောက်ခံ စစ်ကြောင်းတစ်ကြောင်းသည် နယ်မြေရှင်းလင်းစဉ် မိုင်းတုံမြို့နယ်၊ မဟိန်တောင်၌ ခြေကုပ်ယူထားသော အက်(စ်)အက်(စ်)အေ ရှမ်းသောင်းကျန်းသူ(၂၀၀)ခန့်နှင့် ဧပြီလ(၁၅)ရက်နေ့မှ(၂၂)ရက်နေ့ အထိ တိုက်ပွဲ(၅)ကြိမ်ဖြစ်ပွါးခဲ့ပြီး ထိုတိုက်ပွဲများတွင် တပ်မတော်မှ(၁)ဦးကျဆုံးပြီး သောင်းကျန်းသူ (၁၀)ဦးကိုအသေရမိကာ လက်နက်(၄)လက်သိမ်းဆည်းရမိသည်။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သည် တစ်နှစ်တာကာလအတွင်း ဖြစ်ပွါးခဲ့သော တိုက်ပွဲကြီး၊ တိုက်ပွဲငယ်များတွင် သောင်းကျန်းသူ(၅၁၃) ဦးကိုအသေရပြီး(၈၉)ဦးကို လက်ရဖမ်းမိကာ (၁၇၇)ဦး လက်နက်ချသည်။ ထို့ပြင်သောင်းကျန်းသူများထံမှ လက်နက်မျိုးစုံ(၄၉၈)လက်၊ ကျည်မျိုးစုံ(၁၂၆၃၃)တောင့်၊ မိုင်းမျိုးစုံ(၆၃)လုံး၊ လက်ပစ်ဗုံး(၇၂)လုံး၊ ဆက်သွယ်ရေးစက်မျိုးစုံ(၃၁)လုံး၊ ငွေ(၄၃၁၈၅၅)ကျပ်၊ ဗင်ဇိုဒိုက်ဟိုက်ဖြိုကာဗွန်(၂၀၀)လီတာ၊ ဟိုက်ဖြိုကလိုရစ်အက်စစ်(၁၄၄)လီတာတို့ကို သိမ်းဆီးရမိသည်။[၂]

၁၉၈၇ခုနှစ် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း သောင်းကျန်းသူများနှင့် တပ်မတော်စစ်ဆင်ရေး

အရှေ့တောင်တိုင်းစစ်ဌာနချုပ်သည် ၁၉၈၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှ စတင်၍ **ဇွဲအောင်လင်း**စစ်ဆင်ရေးကို စတင်ခဲ့ရာ ၁၉၈၇ ခုနှစ်၊ မတ်လ(၂၁) ရက်နေ့မှ ၁၉၈၈ ခုနှစ်၊ မတ်လ

---

၁ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၂ မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ တတိယတွဲ မျက်၂၁၃-၂၁၄

(၂၀)ရက်နေ့အထိ တစ်နှစ်တာ အတွင်း တိုက်ပွဲကြီး(၃၅)ကြိမ်အပါအဝင် တိုက်ပွဲပေါင်း(၃၀၄၆) ကြိမ်ဖြစ်ပွါးခဲ့ရာ သောင်းကျန်းသူ(၄၁၃)ဦးကျဆုံးပြီး (၈၄)ဦးကိုလက်ရဖမ်းမိကာ (၇၇)ဦး လက်နက်ချ သည်။ တပ်မတော်မှလည်းစစ်သည်(၅၉၂)ဦးကျဆုံး၍ (၁၆၆၆)ဦးဒဏ်ရာရခဲ့သည်။ [၁]

ထိုစစ်ဆင်ရေးတွင် အမှတ်(၁)စစ်ဗျူဟာအဖွဲ့ ကွပ်ကဲမှုနယ်မြေ ကြောအင်းဆိပ်ကြီး၊ သံဖြူ ဇရပ်၊ရေတို့တွင် အမှတ်(၃၁)ခြေလျင်တပ်ရင်း၊ အမှတ်(၃၂)ခြေလျင်တပ်ရင်း၊ အမှတ်(၆၁)ခြေလျင် တပ်ရင်း၊အမှတ်(၆၂)ခြေလျင်တပ်ရင်းများတိုက်ပွဲဝင်ခဲ့ပြီး အမှတ်(၂)စစ်ဗျူဟာနှင့်အမှတ်(၄)စစ်ဗျူဟာ အဖွဲ့များ ကွပ်ကဲမှုနယ်မြေ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်တို့တွင် အမှတ်(၂၀)ခြေလျင်တပ်ရင်း၊ အမှတ်(၇၀)ခြေလျင်တပ်ရင်း၊ အမှတ်(၉၆)ခြေလျင်တပ်ရင်းများ ပါဝင်ချမှတ်နှိုးတိုက်ခိုက်သည်။ အမှတ် (၃)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုနယ်မြေဖြစ်သော ထားဝယ်၊ ပုလော၊ မြိတ်၊ ဘုတ်ပြင်း၊ တနင်္သာရီ၊ ကော့သောင်းဒေသများတွင်မူ အမှတ်(၁၇)ခြေလျင်တပ်ရင်း၊ အမှတ်(၂၅)ခြေလျင်တပ်ရင်း၊ အမှတ် (၁၀၁)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၃)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၄)ခြေလျင်တပ်ရင်းများ က စစ်ဆင်တိုက်ခိုက်ခဲ့ သည်။ ထို့အပြင် အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်ကွပ်ကဲမှုဖြင့် အမှတ်(၂) ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂၈)ခြေလျင်တပ်ရင်း၊ အမှတ်(၉၇)ခြေလျင်တပ်ရင်းတို့သည် ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်နယ်မြေများ၌ လှုပ်ရှားတိုက်ခိုက်လျက် နည်းဗျူဟာအဖွဲ့တစ်ဖွဲ့နှင့် တပ်ရင်း(၄)ရင်းသည် မော်ဖိုးကော၊ မဲလ၊ တာလေ၊ နော်တရာဒေသများ၌လည်းကောင်း၊ နည်းဗျူဟာ အဖွဲ့တစ်ဖွဲ့နှင့် တပ်ရင်း(၃)ရင်းသည် ရေး၊ မြဝတီ၊ ကော့ကရိတ်ဒေသများ၌လည်းကောင်း၊ ရန်သူ များကို ချေမှုန်းတိုက်ခိုက်ခဲ့သည်။ [၂]

တပ်မတော်စစ်ကြောင်းတစ်ကြောင်းသည် ရေဖြူမြို့နယ်အတွင်း ခိုအောင်းလှုပ်ရှားလျက်ရှိ သော ကေအင်ယူနတ်အိမ်ထောင်စခန်းကို ၁၉၈၇ခုနှစ်၊ မေလ(၂၆)ရက်နေ့မှ စတင်၍တိုက်ခိုက်ရာ (၂၇)ရက်နေ့တွင် ကေအင်ယူ(၃၀)ခန့်နှင့်အနီးကပ်တိုက်ပွဲဖြစ်ပွါးပြီးစခန်းကို တပ်မတော်ကသိမ်းပိုက် နိုင်ခဲ့သည်။ ထိုတိုက်ပွဲတွင် တပ်မတော်မှ(၁)ဦးကျဆုံး၍(၂)ဦးဒဏ်ရာရကာ သောင်းကျန်းသူ(၁၁)ဦး ကျ၍ ရန်သူထံမှ၇မမနောက်ပွင့်ရိုင်ဖယ်တစ်လက်အပါအဝင်လက်နက်မျိုးစုံ(၂၇)လက်၊ဆက်သွယ်ရေး စက်(၃)လုံး၊ လမ်းလျှောက်စကားပြောစက်(၂)လုံးကို သိမ်းပိုက်ရရှိသည်။

တစ်ဖန် အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်မှ စစ်ကြောင်းတစ်ကြောင်းသည် မြဝတီမြို့နယ် အတွင်း ခိုအောင်းလှုပ်ရှားနေသော ကေအင်ယူတပ်မဟာ(၇)၏ အကောက်စခန်းနှင့် သစ်ခိုးထုတ်ရာ သစ်ကာရစခန်းကို ၁၉၈၇ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် ချီတက်တိုက်ခိုက်ရာ ကေအင်ယူအင်အား (၃၀)ခန့်နှင့် နှစ်ကြိမ်တိုက်ပွဲဖြစ်ပွါးပြီးနောက် စခန်းများကို သိမ်းပိုက်ရရှိသည်။ ထိုတိုက်ပွဲများတွင် တပ်မတော်မှ ကျဆုံးမှုမရှိဘဲ သောင်းကျန်းသူ(၃)ဦးကျ၍ လက်နက်(၂)လက်၊ ဆင်တစ်ကောင်၊

---

၁ မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ တတိယတွဲ မျက် ၂၁၅

၂ အရှေ့တောင်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးမှတ်တမ်း

မော်တော်ကားမျိုးစုံ(၁၄)စီး၊ မြေထိုးစက်(၁)စီး၊ ထွန်စက်(၁)စီး၊မော်တော်ဆိုင်ကယ်(၂)စီး၊ သစ်ခွဲစက်(၃)လုံး၊ မော်တာ(၈)လုံး၊ သစ်ခွဲလွှဲပိုင်း(၁၀)ခု၊ လူနေတဲ(၂၀၀)ကျော်ကို သိမ်းပိုက်ရရှိခဲ့သည်။[၁]

၁၉၈၇ခုနှစ်အတွင်း ရန်ကုန်တိုင်း၊ အနောက်တောင်တိုင်း၊ အနောက်ပိုင်းတိုင်း၊ အနောက်မြောက်တိုင်း နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေများအတွင်း သောင်းကျန်းသူများ နှင့် တပ်မတော်၏စစ်ဆင်ရေးများ

ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နယ်မြေလုံခြုံရေးနှင့် မြေအောက်အဖွဲ့အစည်းများဖေါ်ထုတ်ရေးတို့အတွက်**အောင်စည်ဟိန်းစစ်ဆင်ရေး**ကို ဆင်နွှဲလျက်ရှိနေပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ်နယ်မြေတွင်နယ်မြေစိုးမိုးရေးဒေသန္တရစစ်ဆင်ရေးကို ဆင်နွှဲနေခဲ့သည်။ အနောက်ပိုင်းတိုင်းအတွင်း၌လည်း **မင်းအောင်စစ်ဆင်ရေး** ကိုဆင်နွှဲရာ သောင်းကျန်းသူ(၁)ဦးကျ၍ (၂)ဦးဖမ်းမိကာ လက်နက်(၂)လက်ရခဲ့သည်။[၂] အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းသို့ တစ်ခါတစ်ရံ ဝင်ရောက်လာတတ်သော သောင်းကျန်းသူများကိုစစ်ဗျူဟာအဖွဲ့(၃)ဖွဲ့၊ တပ်ရင်း(၇)ရင်း၊ တပ်ခွဲ(၂)ခွဲတို့ဖြင့် **ရန်ကြီးအောင်စစ်ဆင်ရေး** ဆင်နွှဲခဲ့ရာ တပ်မတော်မှ(၁၈)ဦးကျ၍(၆)ဦး ဒဏ်ရာရခဲ့ပြီး သောင်းကျန်းသူ(၅)ဦးကျ၍ (၂)ဦးဖမ်းဆီးမိပြီး (၁)ဦးလက်နက်ချသည်။[၃]

ဆူပူသောင်းကျန်းမှုများ အတန်ငယ်လှုပ်ရှားနေသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင်မူ စစ်တောင်းမြစ်အရှေ့ခြမ်းဒေသ၊ ရွှေကျင်၊ ကျောက်ကြီး၊ သံတောင်နှင့် ဖာပွန်နယ်များ၌ ၁၉၈၇ခုနှစ်အတွင်း **ပြည်ငြိမ်းကျော်** စစ်ဆင်ရေးဆင်နွှဲခဲ့ရာ တိုင်းစစ်ဌာနချုပ်တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် အမှတ်(၃၉)ခြေလျင်တပ်ရင်း၊ အမှတ်(၇၃)ခြေလျင်တပ်ရင်းမှာမှတပ်ခွဲ(၄)ခွဲစီဖြင့်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုအောက်တွင် အမှတ်(၁၉)ခြေလျင်တပ်ရင်း၊ အမှတ်(၃၅)ခြေလျင်တပ်ရင်း၊ အမှတ်(၆၀)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၅)ခွဲစီဖြင့်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုအောက်တွင် အမှတ်(၃၀)ခြေလျင်တပ်ရင်း၊ အမှတ်(၄၈)ခြေလျင်တပ်ရင်း၊ အမှတ်(၅၃)ခြေလျင်တပ်ရင်း၊ အမှတ်(၅၇)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၅)ခွဲစီနှင့် အမှတ် (၅၉)ခြေလျင်တပ်ရင်းမှတပ်ခွဲ(၄)ခွဲတို့ဖြင့်လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုအောက်တွင် အမှတ်(၂၆)ခြေလျင်တပ်ရင်းမှတပ်ခွဲ(၁)ခွဲ၊ အမှတ်(၃၉)ခြေလျင်တပ်ရင်းနှင့် အမှတ်(၇၃)ခြေလျင်တပ်ရင်းများမှ တပ်ခွဲ(၅)ခွဲစီဖြင့်လည်းကောင်းတိုက်ခိုက်ခဲ့သည်။ ယင်းစစ်ဆင်ရေးတွင် တပ်မတော်မှ (၇၃)ဦးကျဆုံး၍

၁ မြန်မာနိုင်ငံသမိုင်းအကျဉ်းနှင့်တပ်မတော်ကဏ္ဍ၊ တတိယတွဲ မျက် ၂၁၃-၂၁၅

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၇မှ၃၀-၄-၈၇အတွင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက်

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၇ မှ ၃၀-၄-၈၇ အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးသုံးသပ်ချက်

(၂၀၁)ဦးဒဏ်ရာရကာ သောင်းကျန်းသူ(၆၄)ကျပြီး(၈)ဦးဖမ်းမိ၍ (၈)ဦးလက်နက်ချသည်။[၁])

၁၉၈၈ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်နေ့အထိ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေ အခြေ အနေနှင့် တပ်မတော်၏စစ်ဆင်ရေး

ဗကပ(၁၀၁)တပ်ဖွဲ့ဌာနချုပ်သည် ပန်းဝါတွင်ရှိနေပြီး တပ်ရင်း(၂)ရင်းအင်အား(၈၂၅)ဦးဖြင့် ချီဖွေဆောလောတို့၌လှုပ်ရှားလျက်ရှိသည်၊[၂] ထိုတပ်ဖွဲ့တွင် တပ်ရင်း(၂)ရင်းအပြင်လက်နက်ကြီးတပ်ခွဲ (၁)ခွဲမြို့နယ်တပ်(၆)တပ်တို့လည်းရှိသည်။ ၁၉၈၈ခုနှစ်၊ မေလ(၁၆)ရက်နေ့တွင် ဗကပတပ်ရင်း(၁)နှင့် ကေအိုင်အေတပ်ရင်း(၃)မှ ပူးပေါင်းအဖွဲ့(၁)ဖွဲ့သည် အမှတ်(၂၉)ခြေလျင်တပ်ရင်း၏ လဖိုင်စခန်းကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်ပစ်ခတ်နှောင့်ယှက်ပြီး ဩဂုတ်လ(၃)ရက်နေ့တွင်လည်း ဗကပ အင်အား(၂၀)ခန့်ကပ္ပိုင့် ၅တစ်လက်၊ အမ် ၂၃တစ်လက်တို့ဖြင့် ထောင်ပေါစခန်းအားပစ်ခတ်ခဲ့သည်။[၃] ကေအိုင်အေဗဟိုဌာနချုပ်သည် တဖက်နိုင်ငံ နယ်နိမိတ်လမ်းကြောင်းပေါ်ရှိ လိုင်စင်စခန်း၌ အခြေပြု လျက်ရှိပြီးဝိုင်းမော်ဒေသမှတပ်ရင်း(၄)ရင်းနှင့် စုပေါင်းအင်အား(၁၁၂၀)ဦးရှိသည်။ တပ်မဟာ(၁)သည် တပ်ရင်း(၃)ရင်းအင်အား(၉၃၀)ဖြင့် အင်ဂျန်းယန်ဒေသ၌လည်းကောင်း၊ တပ်မဟာ(၂)သည် တပ်ရင်း (၅)ရင်းအင်အား(၁၆၁၀)ဖြင့် တနိုင်းယန်ဒေသ၌လည်းကောင်း၊ တပ်မဟာ(၃)သည် တပ်ရင်း(၃)ရင်း အင်အား(၉၆၀)ဖြင့် မိုးမောက်ဒေသ၌လည်းကောင်း လှုပ်ရှားလျက်ရှိသည်။ တန်ကွန်နာဂဗဟိုသည် တပ်ရင်း(၂)ရင်း အင်အား(၇၇၀)ဖြင့်လည်းကောင်း၊ နောက်အော်နာဂတပ်ရင်း(၁)ရင်းသည် အင်အား (၃၀၀)ဖြင့်လည်းကောင်း နန့်ယွန်း၊ ခန္တီး၊ လဟယ်ဒေသ၌ လှုပ်ရှားလျက်ရှိကြသည်။

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သည် **သူရိန်ထွန်း**စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲခဲ့ရာ တိုင်းတိုက်ရိုက်ကွပ်ကဲမှုဖြင့် အင်ဂျန်းယန်၊ မြစ်ကြီးနား၊ ဆွမ်ပရာဘွမ်၊ မချမ်းဘော၊ ပူတာအို၊ တနိုင်း၊ နန့်ယွမ်းဒေသများ၌ အမှတ်(၃၇)ခြေလျင်တပ်ရင်း၊ အမှတ်(၄၉)ခြေလျင်တပ်ရင်း၊ အမှတ်(၅၂)ခြေလျင် တပ်ရင်း၊ အမှတ်(၇၄)ခြေလျင်တပ်ရင်း၊ အမှတ်(၈၆)ခြေလျင်တပ်ရင်း၊ အမှတ်(၉၁)ခြေလျင်တပ်ရင်း၊ အမှတ်(၁၆)ခြေလျင်တပ်ရင်းများသည်လည်းကောင်း၊ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် မြို့သစ်၊ ဗန်းမော်၊ မန်စီ၊ ရွှေကူဒေသများ၌ အမှတ်(၁)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၈)ခြေလျင်တပ် ရင်း၊ အမှတ်(၄၀)ခြေလျင်တပ်ရင်း၊ အမှတ်(၄၇)ခြေလျင်တပ်ရင်း၊ အမှတ်(၅၆)ခြေလျင်တပ်ရင်းများ သည်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် ပါဂျို၊ နားဖေါ့၊ ခယားယန်၊ ကန်တော်ယန်၊ နားလံဒေသများ၌ အမှတ်(၂၉)ခြေလျင်တပ်ရင်းသည်လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာအဖွဲ့

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၁-၈၇မှ ၃၁-၁၂-၈၇ အတွင်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၂၀၉၊ ၂၁၀၊ ၂၁၁

၂ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၈၈မှ ၃၁-၈-၈၈အတွင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၂

ကွပ်ကဲမှုဖြင့် ချီတွေ၊ ရစ်ကျော်၊ မငေါင်၊ လောင်ပန်၊ တမူး၊ တံငါ၊ ဒူပေါ်ဒေသများ၌ အမှတ်(၁၅) ခြေလျင်တပ်ရင်း၊ အမှတ်(၂၁)ခြေလျင်တပ်ရင်း၊ အမှတ်(၅၈)ခြေလျင်တပ်ရင်း၊ အမှတ်(၆၃)ခြေလျင် တပ်ရင်း၊ အမှတ်(၉၈)ခြေလျင်တပ်ရင်းများသည်လည်းကောင်း လှုပ်ရှားတိုက်ခိုက်လျက်ရှိကြသည့် အပြင် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် ဟိုပင်၊ နမ္မတီး၊ မိုးညှင်း၊ မိုးကောင်း၊ ကာမိုင်းဒေသများ၌လည်း အမှတ်(၂)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂၇) ခြေလျင်တပ်ရင်း၊ အမှတ်(၃၈)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၅)ခြေလျင်တပ်ရင်း၊ အမှတ်(၁၂၀) ခြေမြန်တပ်ရင်းများက စစ်ဆင်ရေးဝင်လျက်ရှိသည်။[၁]

၁၉၈၈ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်နေ့အထိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအခြေအနေနှင့် တပ်မတော်၏စစ်ဆင်ရေး

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သည် **အောင်ဟိန်းမိုး** စစ်ဆင်ရေးကိုဆက်လက်ဆင်နွှဲခဲ့ရာ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကကွပ်ကဲလျက်အမှတ်(၄၈)ခြေလျင်တပ်ရင်းနှင့်အမှတ်(၆၈)ခြေလျင်တပ်ရင်း တို့သည် လားရှိုး၊ နမ်မတူဘော်တွင်း၊ မုန်းရင်ဒေသများ၌ နယ်မြေရှင်းလင်းလျက်ရှိပြီး အမှတ်(၆၉) ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၂)ခွဲသည် မန်ဆန်ရေကျ၊ ဖန်လင်း၊ လွယ်တောက်၊ မုံးယော်၊ မုံးကျက်၊ မုံးလီ၊ မုံးပါး၊ နမ့်ဆလပ်၊ နားတီးနယ်မြေသို့ ဝင်ရောက်လျက်ရှိသည်။ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ ကွပ်ကဲသော ကျောက်မဲ၊ နမ့်ဆန်၊ မိုင်းငေါ်၊ ကွန်ဟယ်၊ သီပေါ်၊ နမ့်လန်၊ စိန်ကြော့၊ ဂုတ်ထိပ်၊ ရတနာသိဏ္ဍီ၊ မြို့သစ်နယ်များတွင် အမှတ်(၂၂)ခြေလျင်တပ်ရင်း၊ အမှတ်(၂၃)ခြေလျင်တပ်ရင်းများနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်ရင်း(၁)ရင်းတို့စစ်ဆင်ရေးဝင်နေကြပြီး အမှတ်(၃)စစ်ဗျူဟာ အဖွဲ့ကွပ်ကဲသော တန့်ယန်း၊ လွယ်အင်၊ မိုးကောင်း၊ နောင်လိုင်၊ လွယ်ငင်း၊ လွယ်ပန်လုံ၊ မန်ကန် ဒေသများတွင်အမှတ်(၃၃)ခြေလျင်တပ်ရင်း၊ အမှတ်(၆၇)ခြေလျင်တပ်ရင်းများနှင့်အမှတ်(၆၆)ခြေမြန် တပ်မဌာနချုပ်မှတပ်ရင်း(၁)ရင်းသည် သောင်းကျန်းသူများကို တိုက်ခိုက် ရှင်းလင်းလျက်ရှိသည်။ ထို့အပြင်အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်မှ နည်းဗျူဟာအဖွဲ့(၂)ဖွဲ့နှင့်တပ်ရင်း(၁၀)ရင်းနှင့်တပ်ခွဲ(၃) ခွဲတို့သည် ကွတ်ခိုင်၊ ကြူကုတ်(ပန်ဆိုင်း)၊ မြင်ထန်၊ မူဆယ်၊ မန်ဟီးရိုး၊ စီစီဝမ်၊ တာပန်၊ မုန်းပေါ်၊ နမ့်ချက်၊ မုံးစီး၊ ချယ်ခေါင်း၊ နမ့်စမ့်၊ တာမိုးညှဲ၊ ကွမ်းလုံ၊ ဟိုပန်ဒေသများ၌ သောင်းကျန်းသူများကို ခြေမှုန်းလျက်ရှိသည်။[၂]

၁၉၈၈ခုနှစ်၊ ဇွန်လ(၁၃)ရက်နေ့တွင် အမှတ်(၆၈)ခြေလျင်တပ်ရင်းမှ တပ်စိတ်(၄)စိတ်သည် သတင်းအရနယ်မြေရှင်းလင်းရန်နမ့်မကျောက်မီးသွေးစခန်းမှထွက်ခွာ၍ ခန့်မှန်း(အက်စီ-၇၅၂၀)တွင် တပ်စိတ်(၁)စိတ်ကထောက်ကူခြေကုပ်ယူထားပြီး တပ်စု(၁)စုက ပန်ကောက်တောင်ရှိ အက်စ်အက်စ်

---

၁ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

၂ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးမှတ်တမ်း

အေ အင်အား(၂၀)ခန့်နှင့်တိုက်ပွဲဖြစ်ပြီး(၁၅)မိနစ်ခန့်အကြာတွင် ရန်သူဆုတ်သွားသည်။ တပ်မတော်မှအထိအခိုက်မရှိဘဲ ရန်သူ(၄)ဦးကျပြီး လက်နက်(၂)လက်ရခဲ့သည်။ ဇွန်လ(၁၈)ရက်နေ့တွင်လည်း အမှတ်(၆၇)ခြေလျင်တပ်ရင်းမှ တပ်ခွဲ(၅)သည် နယ်မြေရှင်းလင်းရန် နားလုံမှထွက်ခဲ့ရာ နမ့်မော်စွန်းတွင် အက်စ်အက်စ်အေ တပ်ရင်း(၈၅၁)မှ ဒုတပ်ရင်းမှူးဦးဆောင်သောအင်အား(၇၀)ခန့်ဖြင့်(၁)နာရီခန့်တိုက်ပွဲဖြစ်ပွါးသည်။ ရန်သူများဆုတ်သွားကြပြီး တပ်မတော်မှ (၂)ဦးကျဆုံး၍ အရာရှိ(၁)ဦး ဒဏ်ရာရရှိသည်။ ရန်သူ(၂)ဦးကျ၍ လက်နက်(၁)လက်ရသည်။ ဩဂုတ်လ(၅)ရက်နေ့တွင်လည်း အမှတ်(၈၈)ခြေလျင်တပ်ရင်းမှတပ်စိတ်(၁)စိတ်သည် နယ်မြေရှင်းလင်းရန် ကောင်းခါးစခန်းမှထွက်လာရာ အင်အား(၂၀)စီ ခွဲဖြန့်နေရာယူထားသော အက်စ်အက်စ်အေသောင်းကျန်းသူ(၆၀)ခန့်ဖြင့် တွေ့ဆုံ၍ တိုက်ပွဲဖြစ်ပွါးပြီး ရန်သူများဆုတ်ခွါသွားခဲ့ရာ ရန်သူ(၆)ဦးကျပြီး လက်နက်(၄)လက် ရမိခဲ့သည်။[၁]

၁၉၈၉ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်နေ့အထိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေ အခြေအနေနှင့် တပ်မတော်၏ စစ်ဆင်ရေး

ဗကပ ဗဟိုကော်မတီဥက္ကဋ္ဌ သခင်ဗသိန်းတင်သည် ၁၉၈၈ခုနှစ် ဧပြီ၊ မေလများတွင် ကျန်းမာရေးမကောင်းသဖြင့် ကူမင်းတွင်နေထိုင်လျက်ရှိသည်။ ဗကပ ဗဟိုဌာနချုပ်ကို ရောင်ပရေ သို့ပြောင်းရွှေ့ရန်ဖြစ်သော်လည်းရောင်ပရေ၌အဆောက်အဦးများဆောက်လုပ်ပြီးစီးခြင်းမရှိ၍ ပြောင်းရွှေ့ခြင်း မပြုနိုင်သေးချေ။ ဗကပတို့သည် ရောင်ပရေရွာအနီးတောင်ကြောတွင် ရောင်ပရေရွာမှ ဝ လူမျိုး အင်အား(၈၀၀)ခန့်ဖြင့် ခဲသတ္ထုတူးဖော်လျက် (၁)ရက်တွင်သတ္တုကီလို(၁၀၀)ခန့် ထွက်ရှိရာ စီမင်းသို့ရောင်းချ၍(၁)ကီလိုလျှင် (၁၂)ယွမ်ရရှိသည်။ နားကွယ်တွင်လယ်ထွန်စက်(၁၀)စီး၊ ကားငယ်(၂)စီး၊ ကားကြီး(၃)စီးနှင့်ဗကပအသံလွှင့်ရုံ၊ လက်နက်ဂိုဒေါင်တစ်လုံး၊ ခဲယမ်းမီးကျောက်ဂိုဒေါင်တစ်လုံး သစ်ဂိုဒေါင်တစ်လုံး၊ လောင်စာဆီဂိုဒေါင်တစ်လုံးတို့ရှိသည်။ နားကွယ်ဗကပ အသံလွှင့်ရုံမှ မီးစက်ဖြင့်တစ်နေ့လျှင်(၃)ကြိမ်အသံလွှင့်သည်။ နားကွယ်စခန်းအနီးရှိ နားကွယ်ချောင်းနှင့် နမ့်ခမ်းချောင်းဆုံရာ၌ ၁၉၈၆ခုနှစ်မှစ၍ဗကပဗဟိုနှင့်တဘက်နိုင်ငံ ရိုးမုန်မြို့မှအဖွဲ့များပူးပေါင်း၍ ရေအားလျှပ်စစ်လုပ်ငန်းတည်ဆောက်လျက်ရှိသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သည် ကော်နိုင်စိုးစစ်ဆင်ရေးနှင့် မိုးဟိန်းအဆင့်(၁၂)စစ်ဆင်ရေးများကို ဆင်နွှဲလျက်ရှိသည်။ မိုးဟိန်းစစ်ဆင်ရေးတွင် ၁၉၈၈ခုနှစ်၊ မတ်လ(၁၉)ရက်မှ ဧပြီလ(၂၀)ရက်အထိကာလအတွင်း ဝ အမျိုးသားသောင်းကျန်းသူများရှိသော လွယ်မန်တောင် ပါခိုးဒေသ ဘိန်းချက်စခန်းများအား သိမ်းပိုက်ခဲ့ရာ ဝ အမျိုးသားအဖွဲ့မှ အင်အား(၇၀)ခန့်ထိခိုက်သေဆုံးခြင်း

---

၁ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၈၈မှ ၃၁-၈-၈၈ အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေး သုံးသပ်ချက် မျက် ၆၉ -၇၀

ဒဏ်ရာရ ခြင်းများရှိခဲ့သည်။ ထိုစစ်ဆင်ရေးများတွင် အမှတ်(၂)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၅၄) ခြေလျင်တပ်ရင်း၊ အမှတ်(၅၉)ခြေလျင်တပ်ရင်း၊ အမှတ်(၇၂)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၂)ခြေလျင် တပ်ရင်းများဖြင့် လွိုင်ကော်၊ လောပိတ၊ ဖရူးဆိုး၊ဖါးဆောင်း၊ မော်ချီး၊ ထီးထ၊ မဲဝဲဒေသများ တွင်လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၉၄)ခြေလျင်တပ်ရင်းဖြင့် ပင်လောင်း၊ မိုးပြဲ၊ ဖယ်ခုံဒေသ များတွင်လည်းကောင်း စစ်ဆင်ရေးပြုလုပ်ခဲ့သည်။

အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်မှ အမှတ်(၅၅၁)နည်းဗျူဟာအဖွဲ့သည် အမှတ်(၆၆) ခြေလျင်တပ်ရင်း၊ အမှတ်(၉၉)ခြေလျင်တပ်ရင်း၊ အမှတ်(၁၆)ခြေမြန်တပ်ရင်း၊ အမှတ်(၂၀)ခြေမြန် တပ်ရင်းများနှင့် နမ့်စန်၊ ဟိုပုန်း၊ မိုင်းပျင်း၊ မိုင်းယောင်း၊ ဆီဆိုင်၊ ထီးစဲခါး၊ ကွန်ဟိန်း၊ ခိုအွတ်၊ နောင်တိတ်၊ လင်းခေး၊ မိုင်းပန်ဒေသများတွင်စစ်ဆင်ရေးဝင်နေရာမှ ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ (၂၇)ရက်နေ့တွင်ရန်ကုန်သို့ပြောင်းရွှေ့ရသည်။ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မှ အမှတ်(၇၇၁)နှင့် (၇၇၂) နည်းဗျူဟာအဖွဲ့များသည်အမှတ်(၁၀၁)ခြေမြန်တပ်ရင်းအမှတ်(၁၀၅)ခြေမြန်တပ်ရင်းများဖြင့် လဲချား ပွိုင့်၅၇၁၀ တွယ်နောက်၊ မုလု၊ မန်ဝိန်းဒေသများတွင်လည်းကောင်း၊ အမှတ်(၁)ရှမ်းသေနတ် ကိုင်တပ်ရင်း၊ အမှတ်(၈)ခြေလျင်တပ်ရင်း၊ အမှတ်(၆၄)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၂)ခြေမြန် တပ်ရင်း၊ အမှတ်(၁၀၄)ခြေမြန်တပ်ရင်း၊ အမှတ်(၁၀၆)ခြေမြန်တပ်ရင်းများဖြင့် ကျေးသီး၊ မိုင်းရှူး၊ ကျိုင်းလွန်း၊ လွယ်ခေး၊ လဲချား၊ မိုင်းကိုင်၊ တုံဟုန်း၊ နားပွဲများတွင်လည်းကောင်း စစ်ဆင်တိုက်ခိုက် လျက်ရှိပြီး အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်မှလည်းတပ်မဌာနချုပ်တိုက်ရိုက်ကွပ်ကဲမှုဖြင့် အမှတ်(၆) သေနတ်ကိုင်တပ်ရင်း၊အမှတ်(၅)ခြေလျင်တပ်ရင်းများသည်ကျိုင်းတုံ၊ဝမ်ဟဲဒေသများတွင်လည်းကောင်း အရှေ့ပိုင်းတိုင်းမှ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကွပ်ကဲမှုဖြင့် အမှတ်(၅)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၄၃)ခြေလျင်တပ်ရင်း၊ အမှတ်(၄၉)ခြေလျင်တပ်ရင်း၊ အမှတ်(၆၅)ခြေလျင်တပ်ရင်း၊ အမှတ်(၁၈)ခြေမြန်တပ်ရင်း၊ အမှတ်(၂၀)ခြေမြန်တပ်ရင်းများသည် ကျိုင်းတုံ၊ ဝမ်တာပင်း၊ တာလေ၊ ပါလျှိုး၊ ကျိုင်းလပ်၊ မိုင်းပျင်း၊ မိုင်းဆတ်၊ မိုင်းတွယ်။ မိုင်းတုံ၊ ပုံပါကျင်၊ ပါချီး၊ လွယ်မန်တောင်များတွင်လည်းကောင်း အမှတ်(၈၈၃)နည်းဗျူဟာကွပ်ကဲမှုဖြင့် အမှတ်(၁)ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁)သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁၄)ခြေလျင်တပ်ရင်း များသည် မိုင်းခတ်၊ မိုင်းယန်း၊ ဖါလန်၊ ပန်မကောက်၊ မိုင်းညှင်းတို့တွင်လည်းကောင်း၊ အမှတ် (၈၈၂)နည်းဗျူဟာအဖွဲ့ ကွပ်ကဲမှုဖြင့် အမှတ်(၃) ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ်(၁)ခြေလျင် တပ်ရင်း၊ အမှတ်(၁၀၈)ခြေမြန်တပ်ရင်းများသည် မိုင်းယောင်း၊ ကော်ဟိုလွယ်၊ ထင်းရှူးတောင်၊ ဝမ်ကျိုင်း၊ ဝမ်ဖတို့တွင်လည်းကောင်း ရန်သူများကို ချေမှုန်းလျက်ရှိကြသည်။[၁]

ထိုအချိန်တွင် မြန်မာနိုင်ငံအရပ်ရပ်၌ အုပ်ချုပ်ရေးပျက်ပြားပြီးအကြမ်းဖက်မှုများ လုယက်မှု များ၊ ခေါင်းဖြတ်လူသတ်မှုများ ထူပြောလာခဲ့၍ ထိုအခြေအနေကို အခွင့်ကောင်းယူကာ ဗကပ

၁ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

များသည် တစ်ဘက်မှ မြေအောက်လှုပ်ရှားစည်းရုံးမှုများပြုလုပ်ပြီး တစ်ဖက်မှလည်း မိုင်းယန်းတိုက်ပွဲကို ၁၉၈၈ခုနှစ် စက်တင်ဘာလ(၂၃)ရက်မှ (၂၉)ရက်နေ့အထိ ပုံအောတိုက်ခိုက်လာခဲ့လေသည်။

၁၉၈၈ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်နေ့အထိ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအခြေအနေနှင့်တပ်မတော်၏စစ်ဆင်ရေး

ကေအင်ယူဗဟိုနှင့်တပ်မ(၁)ဌာနချုပ်မာနယ်ပလောစခန်းတွင်၁၉၈၈ခုနှစ်၊ မေလ(၁၆)ရက်မှ (၂၆)ရက်နေ့အထိ ကေအင်ယူဗဟိုမှ မဒတအဖွဲ့ဝင်အလုပ်အမှုဆောင်များ၏ တောင်းဆိုချက်အရ မဒတဗဟိုသဘာပတိအရေးပေါ်အစည်းအဝေးကျင်းပခဲ့ရာကေအင်ယူများက ကေအိုင်အိုအဖွဲ့အပေါ် မကျေမနပ်ဝေဘန်စကားများပြောကြား၍ ဖိအားပေးခဲ့သည်။ ကေအင်ယူအဖွဲ့တွင် ခရိုင်အင်အားစုများသည် အင်အား(၄၁၅)ဦးရှိ၍ ခရိုင်ကာကွယ်ရေး တပ်ဖွဲ့များသည် အင်အား(၅၉၀)ဦးရှိကာ တပ်မဟာ(၁)၊ တပ်မဟာ(၆)နှင့် တပ်မဟာ(၇)တို့တွင်(၂၇၆၃)ဦး ရှိခဲ့သည်။ နိုင်ငွေကျင်အုပ်စု၏ မွန်ပြည်သစ်အဖွဲ့တွင် အင်အား(၂၁၅)ဦးရှိ၍ နိုင်ဆိတ်နို့အုပ်စုတွင်(၄၄၅)ဦးရှိသည်။ ဗကပတနသ်ာရီတိုင်းစစ်ဒေသ၌မူ အင်အား(၁၀၇)ဦးရှိသည်။[၁]

အရှေ့တောင်တိုင်းစစ်ဌာနချုပ်သည် **ဇွဲအောင်လင်း**စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲလျက်ရှိရာ အမှတ်(၁)စစ်ဗျူဟာအဖွဲ့ကကွပ်ကဲလျက် အမှတ်(၁၇)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၁)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၃)ခြေလျင်တပ်ရင်းများသည် မြိတ်၊ တနသ်ာရီ၊ ဘုတ်ပြင်း၊ ကော့သောင်း၊ ပုလောကျွန်းစုနယ်မြေများတွင်လည်းကောင်း၊ အမှတ်(၂)စစ်ဗျူဟာအဖွဲ့ကကွပ်ကဲလျက် အမှတ်(၃၁)ခြေလျင်တပ်ရင်း၊ အမှတ်(၃၂)ခြေလျင်တပ်ရင်း၊ အမှတ်(၆၁)ခြေလျင်တပ်ရင်း၊ အမှတ်(၆၂)ခြေလျင်တပ်ရင်းများသည် မော်လမြိုင်၊ ကျိုက်မရော၊ ကြာအင်းဆိပ်ကြီး၊ သံဖြူဇရပ်၊ ရေးတို့တွင်လည်းကောင်း၊ အမှတ်(၃)စစ်ဗျူဟာအဖွဲ့ကကွပ်ကဲလျက်အမှတ်(၂၅)ခြေလျင်တပ်ရင်း၊ အမှတ်(၁၀၄)ခြေလျင်တပ်ရင်းများသည် ထားဝယ်၊ ရေဖြူလောင်းလုံ၊ သရက်ချောင်းတို့တွင်လည်းကောင်း၊ အမှတ်(၄)စစ်ဗျူဟာအဖွဲ့ကကွပ်ကဲလျက် အမှတ်(၂၄)ခြေလျင်တပ်ရင်း၊ အမှတ်(၉၆)ခြေလျင်တပ်ရင်းများသည် ကျိုက်ထို၊ဘီးလင်း၊သထုံတို့တွင်လည်းကောင်း သောင်းကျန်းသူများကို တိုက်ခိုက်နှိမ်နင်းလျက်ရှိပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အမှတ်(၃)စစ်ဗျူဟာအဖွဲ့သည် အမှတ်(၁၉)ခြေလျင်တပ်ရင်း၊ အမှတ်(၃၅)ခြေလျင်တပ်ရင်း၊အမှတ်(၄၈)ခြေလျင်တပ်ရင်းများဖြင့် ဖါပွန်၊ လဝွန်းဖြူ ကျောက်တောင်တို့တွင်ပါဝင်တိုက်ခိုက်လျက်ရှိသည်။ အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်သည် အမှတ်(၂)ကချင်သေနတ်ကိုင်တပ်ရင်း၊ အမှတ်(၂၈)ခြေလျင်တပ်ရင်း၊ အမှတ်(၉၇)ခြေလျင်တပ်ရင်းများဖြင့် ဖားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်နယ်မြေများ၌ စစ်ဆင်ရေးဝင်ရောက်နေသကဲ့သို့ပင် အမှတ်(၄၄၁)နှင့် အမှတ်(၄၄၂) စစ်ဗျူဟာအဖွဲ့များကလည်း အမှတ်(၁)မှအမှတ်(၁၀)ခြေမြန်တပ်ရင်းများဖြင့် လှိုင်းဘွဲ့၊ ရေပူ

[၁] အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

နဘူး၊ မော်ဖိုးကော၊ မဲလ၊ တာလေ၊နော်တရာ၊ မြဝတီ၊ ဝမ်ခနယ်မြေများ၌ ထိုးစစ်ဆင်လျက်ရှိလေသည်။ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်သည် အမှတ်(၇၈)ခြေလျင်တပ်ရင်း၊ အမှတ်(၇၉)ခြေလျင်တပ်ရင်း၊ အမှတ်(၈၃)ခြေလျင်တပ်ရင်း၊ အမှတ်(၈၄)ခြေလျင်တပ်ရင်းများဖြင့် သထုံ၊ လေးကော၊ ပျဉ်းမပင်ဆိပ်၊ ကတိုင်တိ၊ ကမမောင်းနယ်များတွင်လည်းကောင်း အမှတ်(၆၆၁)နည်းဗျူဟာအဖွဲ့သည် အမှတ်(၇၅)ခြေလျင်တပ်ရင်း၊ အမှတ်(၇၆)ခြေလျင်တပ်ရင်း၊ အမှတ်(၇၇)ခြေလျင်တပ်ရင်းများဖြင့် လိုင်းဘွဲ့မြောက်ခြမ်းကမော့လယ်၊ ရှမ်းရွာသစ်ဒေသများတွင်လည်းကောင်း အမှတ်(၆၆၂)နည်းဗျူဟာအဖွဲ့သည် အမှတ်(၈၀)ခြေလျင်တပ်ရင်း၊ အမှတ်(၈၁)ခြေလျင်တပ်ရင်း၊ အမှတ်(၈၂)ခြေလျင်တပ်ရင်းများဖြင့် ထိုဒေသတွင်ပင်လည်းကောင်း ထိုးစစ်ဆင်လျက်ရှိသည်။[၁]

၁၉၈၉ခုနှစ်စက်တင်ဘာလ(၁၈)ရက်နေ့အထိရန်ကုန်တိုင်း၊ အနောက်တောင်တိုင်း၊ အနောက်ပိုင်းတိုင်း၊ အနောက်မြောက်တိုင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေများအတွင်းရှိ အခြေအနေများနှင့် တပ်မတော်၏စစ်ဆင်ရေး

ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေတွင် **အောင်စည်ဟိန်း** စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲလျက်ရှိစဉ် ၁၉၈၈ခုနှစ်၊ မတ်လ(၁၂)ရက်နေ့ ကြို့ကုန်း၌ ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားအချို့နှင့် အရပ်သားအချို့ခိုက်ရန်ဖြစ်ပွါးခြင်းမှစ၍ စက်မှုတက္ကသိုလ်ကျောင်းသားများ ဆူပူမှုဖြစ်ပွါးပြီး မတ်လ(၁၃)ရက်နေ့တွင် စက်မှုတက္ကသိုလ်ကျောင်းသား မောင်ဖုန်းမော်သေဆုံးခဲ့သည်။ ထိုအချိန်မှစ၍ အခြေအနေမငြိမ်မသက်ရှိနေရာမှ ဆူပူမှုသည် ရန်ကုန်တက္ကသိုလ်သို့ ကူးစက်ပြီး၊ ၁၉၈၈ခုနှစ် မတ်လ(၁၆)ရက်နေ့တွင်ကျောင်းသားများဆန္ဒပြဆူပူခဲ့သည်။ ဤသို့ဆူပူသော ကျောင်းသားကျောင်းသူအချို့ကို လုံခြုံရေးတပ်ဖွဲ့များက တားဆီးထိန်းသိမ်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရက်စက်စွာအကြမ်းဖက်သည်ဟူသော ကောလာဟလသတင်းများပျံ့နှံ့လာသည်။ ဤဆူပူမှုကြောင့် မတ်လ(၁၈)ရက်နေ့တွင် ကျောင်းများပိတ်ခဲ့သော်လည်း မေလ(၃၀)ရက်နေ့တွင် ကျောင်းများပြန်ဖွင့်သည်။ ထိုမှဆန္ဒပြဆူပူမှုများရှိလာခဲ့ရာ ၁၉၈၈ခုနှစ်၊ ဇူလိုင်လ(၂၃)ရက်နေ့မှ(၂၅)ရက်နေ့အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အရေးပေါ်ညီလာခံကျင်းပပြီး ဗဟိုကော်မတီဥက္ကဋ္ဌ ဦးနေဝင်းနှင့် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတ ဦးစန်းယုတို့နုတ်ထွက်သည်။ ဦးစိန်လွင်က နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့်နိုင်ငံတော်သမ္မတဖြစ်လာပြီး ဝန်ကြီးချုပ်ဦးမောင်မောင်ခအား ရာထူးမှ ထုတ်ပယ်ကာ သူရဦးထွန်းတင်သည် ဝန်ကြီးချုပ်ဖြစ်လာသည်။ ထိုမှဆူပူမှုများ ပိုမိုများပြားလာခဲ့၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေသို့ ဩဂုတ်လ(၈)ရက်နေ့တွင် အမှတ်(၇၇)ခြေမြန်တပ်မ ဝင်ရောက်လာသည်။ အမှတ်(၂၂)ခြေမြန်တပ်မမှာမူ မတ်လ(၁၃)ရက်နေ့ကပင် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေသို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။ ဩဂုတ်လ(၁၂)ရက်နေ့တွင် ဦးစိန်လွင် နုတ်ထွက်ပြီး (၁၉)ရက်နေ့

[၁] အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း

တွင် ဒေါက်တာမောင်မောင်သည် နိုင်ငံတော်သမ္မတဖြစ်လာသည်။ သို့သော်အခြေအနေမှာပိုမိုဆိုးဝါးလာပြီး အကြမ်းဖက်သတ်ဖြတ်မှုများ၊ ပြည်သူပိုင်ပစ္စည်းဖျက်ထွင်းလုယူမှုများဖြင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကင်းမဲ့လာသော အာဏာလေဟာနယ် (Power Vaccum) အနေအထားသို့ ရောက်ရှိလာ၍ ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်နေ့တွင် တပ်မတော်မှ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဖွဲ့စည်းကာ နိုင်ငံတော်အာဏာအရပ်ရပ်ကို ထိန်းသိမ်းခဲ့လေသည်။[၁]

အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေတွင်မူ နယ်မြေစိုးမိုးရေး ဒေသန္တရစစ်ဆင်ရေးများကိုသာ ဆက်လက်ဆင်နွှဲသည်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ဝါးခုတ်ချောင်းတစ်ဝိုက်၌ ခိုအောင်းလျက်ရှိသော အေအိုင်အေအင်အား(၇)ဦးခန့်သည် စိန်ညွန့်အဖွဲ့နှင့်ပူးပေါင်းကာ ဘော်ကလာလုံထိန်းစခန်းအားတိုက်ခိုက်ရန်ကြံစည်၍ ၁၉၈၈ခုနှစ်၊ ဧပြီလ(၂၅)ရက်နေ့တွင် အင်အား(၂၀)ခန့်သည် မိုင်တိုင်(၄၁) အနီးသို့ရောက်၍ လုံထိန်းစခန်းများ အခြေအနေကို ထောက်လှမ်းခဲ့သော်လည်း အချင်းချင်းသဘောကွဲလွဲ၍ မအောင်မြင်ခဲ့ချေ။[၂]

၁၉၈၈ခုနှစ်၊ အောက်တိုဘာလ(၁၀)ရက်နေ့တွင်မူ ကုလားဆိုးသောင်းကျန်းသူအင်အား(၄၀)ခန့်သည် တောင်ပြိုလုံထိန်းစခန်းနှင့် ပြည်သူ့ရဲစခန်းတို့ကို ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်သည် တိုင်းတိုက်ရိုက်ကွပ်ကဲ၍လည်းကောင်း၊ စစ်ဗျူဟာအဖွဲ့(၂)ဖွဲ့က ကွပ်ကဲ၍လည်းကောင်း၊ အမှတ်(၃၄)ခြေလျင်တပ်ရင်း၊ အမှတ်(၄၄)ခြေလျင်တပ်ရင်း၊ အမှတ်(၅၅)ခြေလျင်တပ်ရင်း၊ အမှတ်(၉၂)ခြေလျင်တပ်ရင်းများဖြင့် **မင်းအောင်** စစ်ဆင်ရေးကို ဆင်နွှဲခဲ့သည်။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတွင်လည်း **ရန်ကြီးအောင်** စစ်ဆင်ရေးကို စစ်ဗျူဟာအဖွဲ့(၃)ဖွဲ့၊ အမှတ်(၄၂)ခြေလျင်တပ်ရင်း၊ အမှတ်(၇၁)ခြေလျင်တပ်ရင်း၊ အမှတ်(၈၅)ခြေလျင်တပ်ရင်း၊ အမှတ်(၈၇)ခြေလျင်တပ်ရင်း၊ အမှတ်(၈၈)ခြေလျင်တပ်ရင်း၊ အမှတ်(၈၉)ခြေလျင်တပ်ရင်းများအပြင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်ခွဲ(၁)ခွဲတို့ဖြင့်ဆင်နွှဲခဲ့ရာ တပ်မတော်မှ(၃)ဦး ဒဏ်ရာရရှိကာ သောင်းကျန်းသူ(၄)ဦးကျ၍ (၉)ဦးဖမ်းမိပြီး လက်နက်မျိုးစုံ(၉)လက် ရရှိခဲ့သည်။[၃]

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်ယူတပ်မဟာ(၁)တပ်ရင်း(၂၀)တပ်ခွဲ(၄)သည် အင်အား(၆၆၃)ဦးဖြင့် ဖါပွန်၊ မဲဝိုင်၊ ဝင်မောင်းဒေသများ၌လည်းကောင်း တပ်မဟာ(၂)သည် အင်အား(၂၀၀)ဖြင့် စီကဲဒိုး၊ ပြောင်ဖသို၊ ဆူဆာခိုးဒေသတွင်လည်းကောင်း တပ်မဟာ(၃)သည်

---

၁ (က) ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စစ်ဆင်ရေးမှတ်တမ်း
(ခ) ၁၆-၁၁-၈၉ နေ့တွင်ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပွဲ၌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁)ဗိုလ်မှူးချုပ် ခင်ညွန့်၏တင်ပြချက် မျက် ၆-၇
(ဂ) Keesing's Record of World Events 1988 pp.36221-36223

၂ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၈၈ မှ ၃၁-၈-၈၈ နှင့် ၁-၉-၈၈ မှ ၃၁-၁၂-၈၈ အတွင်း အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၈၅-၁၉၁ ၂၁၂-၂၂၁

၃ ကက(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁-၅-၈၈ မှ ၃၁-၈-၈၈ နှင့် ၁-၉-၈၈ မှ ၃၁-၁၂-၈၈ အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၁၈၃-၁၉၅ ၂၂၃-၂၂၅

တပ်ရင်း(၃)ရင်း အင်အား(၃၈၀)ဖြင့် လေကော်ဗိုးတွင်လည်းကောင်း တပ်ရင်း(၂၀)တပ်ခွဲ(၂)သည် အင်အား(၃၇၀)ဖြင့် ဗျကောပုဒေသ၊ ထီးမူခီးဒေသတို့တွင်လည်းကောင်း အသီးသီးလှုပ်ရှားလျက်ရှိကြသည်။ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သည် စစ်ဗျူဟာအဖွဲ့(၃)ဖွဲ့၊ အမှတ်(၃၀)ခြေလျင်တပ်ရင်း၊ အမှတ်(၃၅)ခြေလျင်တပ်ရင်း၊ အမှတ်(၃၉)ခြေလျင်တပ်ရင်း၊ အမှတ်(၅၃)ခြေလျင်တပ်ရင်း၊ အမှတ်(၅၇)ခြေလျင်တပ်ရင်း၊ အမှတ်(၅၉)ခြေလျင်တပ်ရင်း၊ အမှတ်(၇၃)ခြေလျင်တပ်ရင်းများဖြင့်သံတောင်၊ လိပ်သို၊ ယာဒိုနယ်မြေ၊ ရေတာရှည်မြို့နယ်အရှေ့ခြမ်း စစ်တောင်းမြစ်အရှေ့ခြမ်း သံတောင်၊ ထန်းတပင်၊ ကျောက်ကြီးမြို့နယ် ဗျကောပု၊ ဆေဒေးဒေသများ၌ **ပြည်ကြိမ်းကျော်**စစ်ဆင်ရေးကို ဆက်လက်ဆင်နွှဲခဲ့ရာ တပ်မတော်မှ(၄၆)ဦးကျဆုံး၍ (၉၄)ဦးဒဏ်ရာရကာ သောင်းကျန်းသူ(၂၁)ဦး ကျ၍(၇)ဦးဖမ်းမိပြီး (၇)ဦးလက်နက်ချသည်။[၁])

ဤသို့ဖြင့် တပ်မတော်သည် အနယ်နယ်အရပ်ရပ်၌ ဆူပူသောင်းကျန်းမှုမျိုးစုံကို အသက်သွေးဖြင့်ရင်းလျှက် တိုက်ပွဲဝင်နှိမ်နင်းလျက်ရှိစဉ် မြန်မာနိုင်ငံတဝှန်း၌ ဆူပူဆန္ဒပြမှုများ အရှိန်အဟုန်မြင့်မားလာပြီး လူလူချင်းခေါင်းဖြတ်သတ်ခြင်း အကြမ်းဖက်လုယက်ခြင်းများ အနှံ့အပြားဖြစ်ပေါ်လာသည်။ ထိုအခြေအနေကိုအခွင့်ကောင်းယူကာ ဗကပတို့သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၌ ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ(၂၃)ရက်နေ့မှစ၍ မိုင်းယန်းတိုက်ပွဲကိုလည်းကောင်း ကေအင်ယူတို့သည် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း၌ စက်တင်ဘာလ(၂၆)ရက်နေ့မှ စတင်ကာ မဲသဝေါတိုက်ပွဲကိုလည်းကောင်း ခိုန်ကိုက်ဆင်နွှဲခဲ့၍ တပ်မတော်မှ နှိမ်နင်းချေမှုန်းခဲ့ရလေသည်။

လက်ဝဲ၊ လက်ျာအင်အားစုများ၏ ထိုးနှက်ချက်များ

၁၉၈၈ခုနှစ်အရေးအခင်းကြီးမဖြစ်ပွားမီကပင် နိုင်ငံရေးအင်အားစုများသည်နိုင်ငံ၏စီးပွါးရေးအခြေအနေယိုယွင်းမှုအပေါ် အခွင့်ကောင်းယူကာပြင်ဆင်လှုပ်ရှားနေခဲ့ခြင်းဖြစ်ပေသည်။ ၁၉၈၅ ခုနှစ်၊ ၁၉၈၆ ခုနှစ်နှင့်၁၉၈၇ ခုနှစ်များကပင် ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီး သည် ဦးမြလှိုင်ထုတ်ဝေသော ပေဖူးလွှာမဂ္ဂဇင်းတွင်"ကျွန်တော်အညာသားလေးပါခင်ဗျာ"၊ "သခင်ကြာရီဝါလား"၊ "ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်မျက်စိရောဂါ" စသောဆောင်းပါးများကို သခင်အောင်ကြီး (ပေါင်းတည်)အမည်ခံ၍ ရေးသားခဲ့သည်။ ဦးအောင်ကြီးက မိမိသည် ၁၉၃၇ ခုနှစ်မှစ၍ မန္တလေးကျောင်းသားသမဂ္ဂများ ညီလာခံမှ အပြန်ကာလတွင် နိုင်ငံရေး၌စိတ်ဝင်စားလာခဲ့ပြီး နိုင်ငံရေးစာအုပ်များဖတ်ရှုခြင်းဖြင့် လည်းကောင်း ပေါင်းတည်မြို့ တို့ဗမာအစည်းအရုံးဥက္ကဋ္ဌ သခင်လှစော၏ စည်းရုံးမှုဖြင့်လည်းကောင်း

---

၁ (က) အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်စစ်ဆင်ရေးမှတ်တမ်း
(ခ) ကက(ကြည်း)စစ်ဆင်ရေး ဌာနစုံ၏ ၁-၅-၈၈မှ ၃၁-၈-၈၈ အတွင်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၂၀၄-၂၀၅
(ဂ) ကက(ကြည်း) စစ်ဆင်ရေးဌာနစုံ၏ ၁-၉-၈၈မှ ၃၁-၁၂-၈၈ အတွင်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဆင်ရေးသုံးသပ်ချက် မျက် ၂၃၁-၂၃၃

တို့ဗမာအစည်းအရုံးဝင် ဖြစ်လာခဲ့ကြောင်း၊[၁] ၁၉၃၈ ခုနှစ် ကျောင်းသားသပိတ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂဥက္ကဋ္ဌနှင့် တက္ကသိုလ်ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုအောင်ဆန်း၏ ချီးကျူးခြင်းကိုခံယူခဲ့ရကြောင်း[၂] စသည်ဖြင့်မိမိ၏နိုင်ငံရေးလှုပ်ရှားမှုသမိုင်းကြောင်းကိုဖော်ကျူးခဲ့သည်။ တစ်နည်းဆိုရလျှင် မိမိသည်အစဉ်အလာရှိခဲ့သော နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း ဖော်ပြနေခြင်းပင်ဖြစ်သည်။[၃] တစ်ဖန် စီးပွါးရေးလုပ်ဆောင်ချက်အနေဖြင့်လည်း ရန်ကုန်သို့ငွေ ၁ ထောင်မျှ ဖြင့်ရောက်လာပြီး၊ ဂျပန်ကားကိုယ်စားလှယ်ဦးဇော်ညွန့်၏ မြေနီကုန်းရှိ ကားဆေးအလုပ်ရုံဟောင်းတွင် လှုက်ရည်ဆိုင်တည်၍အောင်မြင်ခဲ့ကြောင်း[၄] ဖော်ပြခဲ့ပြီး လူမှုရေးအပိုင်းတွင် မိမိ၏အားထုတ်မှုဖြင့် ဝိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်၏ မျက်စေ့တိမ်ရောဂါကို နိုင်ငံတော်သမ္မတကြီးက အင်္ဂလန်သို့ပို့၍ ခွဲစိတ်ကုသနိုင်ခဲ့ကြောင်း[၅] များကိုရေးသားခဲ့သည်။

ထိုနည်းတူပင် ဗကပမြေအောက်အဖွဲ့ဝင်များသည် ၁၉၈၅ ခုနှစ်မှစတင်၍ မြေအောက်လှုပ်ရှားမှုများကို ပိုမိုချဲ့ထွင်ထိုးဖောက်စည်းရုံးခဲ့ရာ မြေပေါ်တွင် (၄၈၂၈)ဒေသပါတီကော်မတီဖွဲ့[၆] ၍ ဗကပကျော်မြသည် ကျောင်းသားများအတွင်းကျောင်းသားသမဂ္ဂစိတ်ဓါတ်ရိုက်သွင်းပြီး၊ အစိုးရကို ဆန့်ကျင်တိုက်ခိုက်ရန် ကျောင်သားသမဂ္ဂပို့စကတ်နှင့် ဝါဒဖြန့်လှုံ့ဆော်စာများဖြန့်ဝေခဲ့သည်။ သက်ခိုင်သည်လည်း ၁၉၈၆ခုနှစ်တွင်ပန်ဆန်းမှရန်ကုန်သို့လာရောက်လှုပ်ရှားခဲ့သည်။ သို့ဖြင့်ပညာရေးလောကရှိကျူရှင်ဆရာများ၊ အခြေခံပညာကျောင်းဆရာနှင့် ကျောင်းသားများ၊ စက်မှုစိုက်ပျိုးအသက်မွေးပညာသင်ကျောင်းသားအချို့ကို စည်းရုံးနိုင်ခဲ့သည်။[၇] နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ နိုင်ငံတော်အာဏာကိုတာဝန်ယူချိန်တွင်မူ ဗကပတို့သည် အရေးတကြီး ဖြစ်လာကာ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၃)ရက်နေ့မှ(၃၀)ရက်နေ့အထိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ မိုင်းယန်းဒေသအား အပြင်းအထန်ထိုးစစ်ဆင် တိုက်ခိုက်လာလေသည်။

၁၉၈၆ ခုနှစ်ကာလည်း ဗကပတို့သည် ပြည်တွင်း၌ ဆူပူမှုများဖြစ်လာနိုင်သည့် အခြေအနေကို မျှော်မှန်း၍ စီစဉ်မှု၊ တာပန်တောင်ကြားကို ချုပ်ကိုင်နိုင်ရန် ကြိုးပမ်းခဲ့သည်။ ယင်းကြိုးပမ်းချက်မှာ

---

၁ သခင်အောင်ကြီး(ပေါင်းတည်)-"ကျွန်တော်အညာသားလေးပါခင်ဗျာ" **ပေဖူးလွှာ** ၁၉၈၆ခုနှစ်ဇန္နဝါရီ မျက် ၃၉-၄၁

၂ သခင်အောင်ကြီး(ပေါင်းတည်)- "ကျွန်တော်အညာသားလေးပါခင်ဗျာ" **ပေဖူးလွှာ** ၁၉၈၆ခုနှစ်မတ် မျက် ၃၉

၃ Political Image Building

၄ သခင်အောင်ကြီး(ပေါင်းတည်)- "သခင်ကြာရီဝါလား" **ပေဖူးလွှာ**၊ ၁၉၈၇ ခုနှစ် မေလ မျက် ၃၈-၃၉

၅ သခင်အောင်ကြီး(ပေါင်းတည်)- "ဝိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်မျက်စိရောဂါ" **ပေဖူးလွှာ** ၁၉၈၇ခုနှစ်လွန်လ မျက် ၁၁၇- ၁၇၃

၆ မြန်မာ့သမိုင်းအကျဉ်းချုပ်နှင့်တပ်မတော်ကဏ္ဍ တတိယတွဲ မျက် ၂၁၇

၇ ၁၆-၁၁-၈၉ ရက်နေ့တွင် ပညာရေးဆိုင်ရာဝန်ထမ်းများ နှင့် တွေ့ဆုံပွဲ၌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဝိုလ်မှူးချုပ်ခင်ညွန့်၏တင်ပြချက် မျက် ၁၀-၁၁


အရေးနိမ့်သွားရုံမက ဗကပတို့သည် ကြူကုတ်(ပန်ဆိုင်း)ကိုပါ လက်လွှတ်ခဲ့ရသည်။ ထိုစဉ်က ဗကပတို့၏ အကြံအစည်မှာ ဆူပူမှုများပေါ်ပေါက်လာပါက မူဆယ်၊ နမ်းခမ်း၊ ကြူကုတ်(ပန်ဆိုင်း)ဒေသများကို ဆက်လက်သိမ်းယူလျက် နောက်ဆုံးတွင် ရှမ်းပြည်နယ်တစ်ခုလုံးကို ပြည်ထောင်စုမှ ဖဲ့ထုတ်ကာ ယင်းဒေသများကိုလက်ကိုင်ပြု၍ အစိုးရကိုအကြပ်ကိုင်မည်ဖြစ်သည်။ တစ်ဖန် မိုင်းယန်းအားသိမ်းပိုက်၍ ရှမ်းပြည်အရှေ့ပိုင်းကိုရယူနိုင်ရန် ပန်ဆန်းဗဟိုမှ အနီးကပ်ကွပ်ကဲမှုအဖွဲ့ ဖွဲ့စည်းပေးပြီး ဗကပ အလယ်ပိုင်းဗျူရိုမှ တပ်ရင်း(၄၀၄၈)၊ တပ်မဟာ(၇)မှ တပ်ရင်း(၅၀၃) တပ်မဟာ(၅)မှ တပ်ရင်း(၀၈၁)၊ (၀၈၅)နှင့် (၁၈၇)၊ တပ်မဟာ(၈)နှင့် တပ်ရင်း(၀၈၃)၊ တပ်မဟာ(၇၆၈)နှင့် တပ်ရင်း(၃)။ (၆)၊ (၉)၊ ကော်(၈၁၅)မှ တပ်ရင်း(၇) နှင့် (၁၆)၊ တပ်မဟာ(၁)မှ တပ်ရင်း(၅၀၁) စသည်ဖြင့် တပ်ရင်း(၁၃)ရင်းလူအင်အား(၂၀၀၀)ကျော်ခန့်ကို စုစည်းတိုက်ခိုက်ခဲ့သည်။

ထိုအချိန်က မိုင်းယန်း၊ မိုင်းလွေဒေသတွင် တပ်မတော်မှ အမှတ်(၁၁)ခြေလျင်တပ်ရင်း တစ်ရင်းသာတာဝန်ယူလျက်ရှိရာ ရှေ့တန်းအမှတ်(၁၁)ခြေလျင်တပ်ရင်း စစ်ကြောင်း(၁)ဌာနချုပ်နှင့် တပ်ခွဲ(၁)ခွဲသည် အောင်တံခွန်၊ လမင်းကုန်း၊ ဘုရားကုန်း၊ ရန်ရှင်းကုန်းတို့တွင် နယ်မြေထိန်းစခန်းထိုင်တာဝန်၊ တပ်ခွဲ(၁)ခွဲသည် မိုင်းယန်းအရှေ့ခြမ်း အောင်မြေမြောက်ခြမ်း လှုပ်ရှားတာဝန်၊ စစ်ကြောင်း(၂)ဌာနချုပ်နှင့် တပ်စု (၁)စုသည် အောင်မြေစခန်းထိန်းတာဝန်၊ တပ်ခွဲရုံးနှင့်တပ်စု(၂)စုသည် အောင်သပြေ၊ တပ်စု(၁)စုသည် အောင်မြေတို့၌ လှုပ်ရှားတာဝန်၊ တပ်ခွဲရုံးနှင့်တပ်စု(၂)စုသည် အောင်သပြေတောင်ခြမ်းလှုပ်ရှားတာဝန်နှင့် တပ်ခွဲ(၁)ခွဲသည် မိုင်းလွေဒေသစသည်ဖြင့် ဖြန့်ခွဲတာဝန်ယူလျက်ရှိသည်။

ရန်သူဗကပတပ်များသည် ပန်ဆန်းမှဆီလူးသို့ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၁)ရက်နေ့တွင် ရောက်ရှိလာပြီးမိုင်းယန်းဒေသအား စစ်မျက်နှာ(၃)ခုဖွင့်၍ တိုက်ခိုက်ရန်စီစဉ်သည်။ ထိုအချိန်မှာ မြန်မာနိုင်ငံအတွင်း၌ အရေးအခင်းပြင်းထန်စွာဖြစ်ပွါးနေချိန်ဖြစ်ပေသည်။ သို့ရာတွင် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ(၁၄)ရက်နေ့တွင် တပ်မတော်လှုပ်ရှားတပ်စိတ် နှစ်စိတ်သည်လည်းကောင်း၊ ထိုနေ့ညနေတွင် တပ်ခွဲရုံးနှင့်တပ်စု(၂)စုပါ လှုပ်ရှားစစ်ကြောင်းသည်လည်းကောင်း၊ စက်တင်ဘာလ(၂၂)ရက်နေ့ည လှုပ်ရှားစစ်ကြောင်းတစ်ကြောင်းသည်လည်းကောင်း ဗကပတို့နှင့် ကြိုတင်ထိတွေ့ချေမှုန်းနိုင်ခဲ့၍ ရန်သူတို့ မိုင်းယန်းကို ထို့နေ့များတွင် တိုက်ခိုက်ခြင်းမပြုနိုင်ကြချေ။

သို့ရာတွင် ဗကပတို့သည် မူလရည်ရွယ်ရင်းအတိုင်း စစ်မျက်နှာသုံးခုဖြင့် မိုင်းယန်းဒေသကို ၁၉၈၈ ခုနှစ် စက်တင်ဘာလ(၃)ရက်နေ့တွင် စတင်တိုက်ခိုက်ခဲ့သည်။ ဗကပတို့သည် ထိုနေ့နံနက်(၈)နာရီ မိနစ်(၂၀) အချိန်တွင် ပထမဦးဆုံး လမင်းကုန်းတပ်စခန်းကို လက်နက်ကြီးပစ်ကူဖြင့် စတင်တိုက်ခိုက်သည်။ တပ်မတော်မှတပ်ခွဲရုံးနှင့်တပ်စိတ်(၂)စိတ်က ခုခံတိုက်ခိုက်သည်။ သို့သော် လူအင်အား၊ ကျည်အင်အားချင်းမမျှ၍ နံနက်(၁၀)နာရီမိနစ်(၄၀)တွင် ဘုရားကုန်းစခန်းသို့ခွါစစ်ဆင်ခဲ့သည်။ ဗကပတို့က မိုင်းယန်းဒေသအား စတင်တိုက်ခိုက်သည်နှင့်တစ်ပြိုင်နက် မိုင်းယန်းဒေသတပ်မတော်

မိုင်းယန်းတိုက်ပွဲနေရာပြပုံ



တိုက်ပွဲဖြစ်ပွားသည့်နေရာ (၁၄-၉-၈၈) မှ (၃၀-၉-၈၈)

လူပ်ရှားစစ်ကြောင်းသည် မိုင်းယန်းသို့ပြန်လည်ဝင်ရောက်ပြီး ဘုရားကုန်းနှင့် တပ်ရင်းမှူးရှိရာ အောင်တံခွန်ကုန်းတို့၌ ဖြန့်ခွဲကာ ပါဝင်တိုက်ခိုက်သည်။ ရန်ရှင်းကုန်းရှိ တပ်စိတ်ကိုလည်း ဗကပတို့က သာလွန်အင်အားဖြင့် ဝိုင်းဝန်းတိုက်ခိုက်၍ စစ်နည်းဗျူဟာအရ ထိုနေ့နံနက်(၁၂)နာရီ(၄၅)မိနစ်တွင် စခန်းမှခွါစစ်ဆင်ရသည်။ အလားတူပင် ဘုရားကုန်းရှိတပ်စိတ်(၇)စိတ်ကို ဗကပတို့ ဝိုင်းဝန်းတိုက်ခိုက်၍ ညနေ(၃)နာရီမိနစ်(၃၀)တွင် တပ်မတော်ကစခန်းမှ ဆုတ်ခွါပေးသည်။ ထိုသို့စခန်းများမှ တပ်မတော်သားများခွါစစ်ဆင်ခဲ့ခြင်းသည် ရန်သူကိုစုပြုံချေမှုန်းရေးမဟာဗျူဟာကို ကျင့်သုံးရန်ဖြစ်ပေသည်။

အောင်တံခွန်ကုန်းရှိ တပ်ရင်းမှူးဦးစီးသောတပ်ခွဲ(၂)ခွဲကိုလည်း ဗကပတို့က လမင်းကုန်း၊ ဘုရားကုန်း၊ ရန်ရှင်းကုန်းများပေါ်မှ လက်နက်ကြီးများပစ်ကူလျက် အလုံးအရင်းဖြင့် ဖိအားပေးတိုက်ခိုက်ကြသည်။ ထိုတိုက်ပွဲတွင် အမှတ်(၁၁)ခြေလျင်တပ်ရင်းမှူးသည် ၇၅မမ နောက်ပွင့်ရိုင်ဖယ်ဖြင့်ပါဝင်ပစ်ခတ်တိုက်ခိုက်နေစဉ် ဗကပတို့၏ ၆၀မမ လက်နက်ကြီးကျည်ထိမှန်၍ ကျဆုံးခဲ့သည်။ သို့ဖြစ်၍ စက်တင်ဘာလ(၁၄)ရက်နေ့တိုက်ပွဲတွင် ဒဏ်ရာရရှိထားသော ဒုတိယတပ်ရင်းမှူးက တပ်ကို ဆက်လက်ကွပ်ကဲလျက် တိုက်ပွဲဝင်သည်။ ထိုအချိန်တွင်စစ်ကြောင်း(၂)ဌာနချုပ်နှင့်အတူ ရှိနေသော တပ်ခွဲ(၂)ခွဲအနက် တပ်ခွဲ(၁)ခွဲသည် အောင်တံခွန်ကုန်းရှိ မိမိတပ်များနှင့် ပူးပေါင်းရန် အားထုတ်သည်။ ယင်းတပ်ခွဲသည် လမ်းတွင် ရန်သူ၏ဖြတ်တောက်ရေးအဖွဲ့များနှင့် တိုက်ပွဲပြင်းထန်စွာဖြစ်ပွါးခဲ့သော်လည်း ရန်သူ၏ဖြတ်တောက်ရေးကင်းများကို ကွေ့ရှောင်ခြီတက်၍ စက်တင်ဘာလ(၂၄)ရက်နေ့တွင် အောင်တံခွန်ကုန်းရှိတပ်မတော်တပ်ဖွဲ့များနှင့်ပူးပေါင်းနိုင်ခဲ့သည်။ တပ်မတော်(လေ)မှ လေယာဉ်(၄)စင်းကလည်း ရန်သူတို့နေရာယူထားသော အရပ်များကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

သို့ရာတွင် ရန်သူတို့သည် ဆက်လက်တိုက်ခိုက်ခဲ့ရာ တိုက်ပွဲပေါင်း(၂၅)ကြိမ်ဖြစ်ပွါးပြီး မိုင်းယန်းမြောက်ဖက် အနိမ့်ပိုင်းစခန်းခြံစည်းရိုးကျိုးပေါက်ခဲ့သော်လည်း တပ်မတော်က ရန်သူများကို ပြန်လည်မောင်းနှင်ထုတ်နိုင်ခဲ့သည်။ တပ်မတော်(လေ)မှလည်း ဆက်လက်၍ဗုံးကြဲတိုက်ခိုက်ရာ တစ်ကြိမ်တွင် အောင်တံခွန်စခန်းရိက္ခာဂိုဒေါင်များအနီးသို့ရောက်နေသော ဗကပ (၁၀၀)ခန့်အပေါ် ဗုံးကျ၍ (၈၀)ခန့်အစပျောက်သွားပြီးကျန်အင်အား(၂၀)ခန့်သည် ကြောက်လန့်ပြေးလွှားသွားကြသည်။ ထိုအချိန်တွင် မိုင်းခတ်ရှိရှေ့တန်းအမှတ်(၆) ဗမာ့သေနတ်ကိုင်တပ်ရင်းမှ စစ်ကြောင်းငယ်တစ်ခုကို တပ်ရင်းမှူးဦးစီး၍စစ်ကူလာခဲ့ရာလမ်းတွင်ရန်သူအင်အား(၂၀)ခန့်နှင့်တိုက်ပွဲဖြစ်ပွါးသည်။ အလားတူပင် စက်တင်ဘာလ(၂၄)ရက်နေ့တွင် ကျိုင်းတုံမှမိုင်းခတ်သို့ ရောက်ရှိလာသော ရှေ့တန်းအမှတ်(၁၄) ခြေလျင်တပ်ရင်းမှ တပ်ရင်းမှူးဦးစီးသော တပ်ခွဲ(၂)ခွဲသည် မိုင်းလွှေသို့ စစ်ကူရောက်လာပြီး အမှတ်(၆)သေနတ်ကိုင်တပ်ရင်းတိုက်ပွဲဖြစ်ပွါးရာနေရာသို့ ဆက်လက်ထွက်လာကာ တပ်ဖွဲ့(၂)ဖွဲ့ပူးပေါင်းသည်။ ထိုနောက် မိုင်းလွှေအနီးရှိ ဘုရားကုန်းကို ဝိုင်းပတ်တိုက်ခိုက်ပြီး စက်တင်ဘာလ(၂၅)ရက်နေ့မွန်းတည့်ချိန်တွင်သိမ်းပိုက်ရရှိသည်။ ထိုမှ ရှေ့သို့ဆက်လက်ခြီတက်ကာ စက်တင်ဘာလ(၂၆)ရက်

နေ့နံနက်တွင် မိုင်းယန်းမှ (၃)မိုင်အကွာရှိ ဖါပွန်တောင်ကြောတွင် ခြေကုတ်ယူထားသော ဗကပ အင်အား(၄၅၀)ခန့်နှင့်ပြင်းထန်စွာတိုက်ပွဲဖြစ်ပွါးသည်။ စက်တင်ဘာလ(၂၇)ရက်နေ့တွင် တပ်မတော် (လေ)မှဗုံးကြဲပစ်ခတ်၍စစ်ကူပေးသည်။ စက်တင်ဘာလ(၂၆)ရက်နေ့တွင် မိုင်းခတ်မှဗျူဟာမှူးဦးစီး လိုက်ပါလာသည့် အမှတ်(၁၄)ခြေလျင်တပ်ရင်းတပ်ခွဲ(၂)ခွဲကလည်းအမြောက်ကြီးများဖြင့် ဗကပတို့ကို ပစ်ခတ်ပေးသည်။ နောက်ဆုံးတွင်ဗကပတို့သည် ဖါပွန်တောင် ကြောရှိခြေကုတ်တောင်ကုန်းသုံးကုန်း ကိုစွန့်ခွါထွက်ပြေးသွားကြသည်။ စက်တင်ဘာလ(၂၈)ရက်နေ့တွင် အောင်မြေကုန်းမှ အမှတ်(၁၁) ခြေလျင်တပ်ရင်းတပ်ခွဲတစ်ခွဲသည် မိုင်းယန်း၊အောင်တံခွန်ကုန်းရှိ တပ်များနှင့်ပူးပေါင်းနိုင်ခဲ့၍ ဗကပ များကစင်ကလျားဆုတ်ခွါသွားကြသည်။ တပ်မတော်ကလည်းဗကပများဆုတ်ခွါရာ လမ်းကြောင်းတစ် လျှောက်လိုက်လံတိုက်ခိုက်ခဲ့သည်။ အထက်ပါ မိုင်းယန်းတိုက်ပွဲသည်ရှစ်ရက်ကြာမြင့်ခဲ့ပြီး တိုက်ပွဲကြီး (၁၄)ကြိမ်၊ တိုက်ပွဲငယ်(၂၃)ကြိမ်၊ လှံစွပ်ထိုးတိုက်ပွဲအကြိမ်(၃၀)ဖြစ်ပွါးခဲ့သည်။ တပ်မတော်မှအရာရှိ လေးဦးအပါအဝင်(၅၁)ဦးကျဆုံးခဲ့ပြီး(၁၂၄)ဦးဒဏ်ရာရကာဗကပတို့ဘက်မှ အလောင်း(၂၀၂)လောင်း ချန်ထားခဲ့ပြီး(၁)ဦးကို လက်ရဖမ်းမိသည်။[၁]

၁၉၈၈ ခုနှစ် အရေးအခင်းအပြီး တပ်မတော်ကနိုင်ငံတော်အာဏာကို သိမ်းယူချိန်တွင် နယ်စပ်သို့ထွက်ပြေးတိမ်းရှောင်ခဲ့သော လူငယ်များ၊ ကျောင်းသားများကို နယ်စပ်ဒေသရှိသောင်း ကျန်းသူအဖွဲ့အစည်းအသီးသီးမှ စုစည်းလက်ခံပြီး စစ်ပညာသင်ကြားပေးခြင်း၊ ဖေါက်ခွဲဖျက်ဆီးရေး သင်တန်းများပေးခြင်းများ ပြုလုပ်ခဲ့ရာ ယင်းအဖွဲ့အစည်းများအနက် အဓိက အလှူပ်ရှားဆုံးမှာ မြန်မာနိုင်ငံဒီမိုကရေစီအင်အားစုများ စည်းလုံးညီညွတ်ရေးတပ်ပေါင်းစု(ဒညတ)နှင့် ကေအင်(န်)ယူ တို့ဖြစ်ကြသည်။ ကေအင်(န်)ယူသောင်းကျန်းသူများ၏ သဘောဘိုးစခန်းတွင် ဖေါက်ခွဲရေးသင်တန်း များအား ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ ပထမပတ်မှ (၁၁)ရက်နေ့အတွင်း သင်တန်းသုံးခု၊ စုစုပေါင်း (၄၂)ဦးအား သင်တန်းပေးခဲ့ပြီးဖြစ်သည်။ ယင်းအဖွဲ့မှ စေလွှတ်သူအချို့သည် ၁၀-၇-၈၉ ရက်နေ့တွင် မြို့တော်ခန်းမ၌ ပေါက်ကွဲမှုဖြစ်စေခဲ့ပြီး မြို့တော်ခန်းမရှိ ဝန်ထမ်းအချို့သေဆုံးဒဏ်ရာ ရခဲ့သည်။[၂] ကေအင်(န်)ယူတို့သည် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၆)ရက်နေ့မှစတင်၍ မဲသဝေဒေသတွင် ထိုးစစ်ဆင်ခဲ့ကြသည်။ ယင်းသို့ မဲသဝေဒေသကိုတိုက်ခိုက်ခဲ့ခြင်းမှာ မိမိတို့ထံ ရောက်ရှိလာသော လူငယ်များ၊ ကျောင်းသားများကိုလက်မလွတ်စေရေး၊ အခြားသောင်းကျန်းသူအဖွဲ့အစည်းများအပေါ် သြဇာညောင်းနိုင်စေရေး၊ ပြည်ပအဆက်အသွယ်များထံမှ အကူအညီများရရေး စသောအကြောင်းများ အပြင် မဲသဝေဒေသသည် ကေအင်(န်)ယူတို့အတွက် ငွေတွင်းကြီးတစ်တွင်း ဖြစ်နေခြင်းများကြောင့် ဖြစ်သည်။ မဲသဝေဒေသသည် ၁၉၈၀ ပြည့်နှစ်မတိုင်မီက မှောင်ခိုကုန်သည် အသိုက်အဝန်းများက သာ သိရှိခဲ့သောဒေသဖြစ်ပြီး ထိုမဲသဝေဒေသတွင် ကေအင်(န်)ယူတပ်မ(၁) ဌာနချုပ်ဖွင့်လှစ်ထား

---

၁ မြန်မာနိုင်ငံသမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ တတိယတွဲ မျက် ၂၂၀-၂၂၅

၂ ၁၆-၁၁-၈၉ နေ့တွင် ပညာရေးဝန်ထမ်းများနှင့်တွေ့ဆုံပွဲ၌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဗိုလ်မှူးချုပ်ခင်ညွန့်၏ တင်ပြချက် မျက် ၁၄-၁၆

မဲသဝေါတိုက်ပွဲနေရာပြပုံ

တိုက်ပွဲဖြစ်ပွားသည့်နေရာ (၂၆-၉-၅၈) မှ (၂၄-၁၂-၅၈)

သည့်အပြင် သောင်ရင်းမြစ်တစ်ဖက်ကမ်းထိုင်းနိုင်ငံအတွင်းရှိ သာဆောင်ရမ်းရွာကြီးကို အခြေခံလျက် ဤဘက်ကမ်းတွင်မှောင်ခိုစျေးတန်းကြီးဖွင့်လှစ်ထားသည်။ ကေအင်(န်)ယူတို့သည်ထိုမှောင်ခိုကုန်သည်များထံမှ ငွေကြေးအမြောက်အများဆက်ကြေးရရှိခဲ့၍ အဖျက်လုပ်ငန်းများကို အင်တိုက်အားတိုက်လုပ်ဆောင်နိုင်ခဲ့ပေသည်။

သို့ဖြစ်၍ ၁၉၈၀ ပြည့်နှစ်တွင် တပ်မတော်သည် မဲသဝေဒေသရှိ ကေအင်(န်)ယူစခန်းများကို တိုက်ခိုက်ပြီး မှောင်ခိုစျေးတန်းကြီးကို ဖျက်ဆီးခဲ့သည်။ သို့ရာတွင် ထိုဒေသမှ တပ်မတော်စစ်ကြောင်းများထွက်ခွါသွားသည်နှင့်တစ်ပြိုင်နက် ကေအင်(န်)ယူတို့သည် မဲသဝေဒေသကို ပြန်လည်ခြေကုတ်ယူ၍ မှောင်ခိုလုပ်ငန်းများမှ ငွေကြေးကောက်ခံကာ အဖျက်လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ကြသည်။ ဤတွင် တပ်မတော်သည် ၁၉၈၄ ခုနှစ်၊ ဇန္နဝါရီလအတွင်း၌ မဲသဝေဒေသအား ဒုတိယအကြိမ်တိုက်ခိုက်၍ သောင်းကျန်းသူများကို မောင်းနှင်ထုတ်ခဲ့ပြန်သည်။ ဤအကြိမ်တွင်မူ ကေအင်(န်)ယူများ၏ အဓိကအသက်သွေးကြောဖြစ်သော မှောင်ခိုလုပ်ငန်းကို ပိတ်ပင်တားဆီးရန်နှင့် သောင်ရင်းမြစ်တစ်လျှောက်ဆက်သွယ်ရေးကိုဖြတ်တောက်ရန် တပ်ရင်းတစ်ရင်းကို မဲသဝေဒေသ၌ ဖြန့်ခွဲနေရာယူထားစေသည်။

ကေအင်(န်)ယူတို့သည် ရှိသမျှအင်အားများကို စုစည်းကာ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၆)ရက်နေ့တွင် မဲသဝေဒေသကို တိုက်ခိုက်ခဲ့သည်။ တပ်မတော်ရှေ့တန်းအမှတ်(၇၆)ခြေလျင်တပ်ရင်းမှ တပ်စိတ်နှစ်စိတ်အခြေပြု တပ်စွဲထားသောအုံ့ကျော်ကုန်းစခန်းအား ကေအင်(န်)ယူအင်အား(၆၀၀)ခန့်ဖြင့် အင်အားသုံးတိုက်ခိုက်ခဲ့၍ တပ်မတော်တပ်ဖွဲ့များက ယင်းစခန်းအား ယာယီစွန့်ခွါပေးခဲ့သည်။ ဆက်လက်၍ ကေအင်(န်)ယူတို့သည် အင်အား(၁၀၀၀)ခန့်ဖြင့် တပ်မတော်တပ်စခန်းများကို တိုက်ခိုက်ခဲ့ရာ တပ်မတော်၏ ကဆာနလီစခန်းကုန်းနှင့် မြေနိမ့်ပိုင်းကမ်းပါးရှိပင်မစခန်းကုန်းတို့အား ယာယီစွန့်လွှတ်ခဲ့ရသည်။ ပြီးလျှင်စခန်းသုံးခုမှ စွန့်ခွါလာသော တပ်မတော်သားများသည် ထိုစခန်းများ၏ တောင်ဘက် တစ်မိုင်ခန့်အကွာရှိ မောရလီစခန်း၌ ပူးပေါင်းကာလက်နက်ရိက္ခာများဖြည့်တင်း၍ ကေအင်(န်)ယူများကို ပြန်လည်ထိုးစစ်ဆင်သည်။ တပ်မတော်သည် မဲသဝေဒေသရှိ ပွိုင့်-၈၆၅ အထိ ကားလမ်းများချက်ချင်းဖေါက်လုပ်ပြီး အမြောက်ကြီးများကို သယ်ဆောင်လျက် ကေအင်(န်)ယူတို့ထိန်းသိမ်းထားရာစခန်းများကို ထိရောက်စွာပစ်ခတ်ချေမှုန်းသည်။ တပ်မတော်တန်ပြန်ထိုးစစ်ဆင်ခြိန်မှစ၍ကေအင်(န်)ယူတို့သည် ထိုးစစ်အသွင်မှခံစစ်အသွင်သို့ ရုတ်ချည်းပြောင်းလဲသွားတော့သည်။ တပ်မတော်၏ ထိုးစစ်အရှိန်အဟုန် မြင့်မားလာချိန်တွင် ကေအင်(န်)ယူတို့သည် ယင်းတို့ဩဇာလွှမ်းမိုးထားသော မဒတအဖွဲ့ဝင်သောင်းကျန်းသူများကို စစ်ကူတောင်းခံခဲ့သော်လည်း မဲသဝေဒေသတိုက်ပွဲအတွင်းသို့ဝင်လာမိသော မဒတအဖွဲ့ဝင်များမှာ မရှုမလှဖြစ်ခဲ့ကြသည်။

ဤသို့ဖြင့် တပ်မတော်သည် ပို့ဂို-၁၇၇၈ တောင်ကုန်းအား ဒီဇင်ဘာလ (၁၀)ရက်နေ့တွင် လည်းကောင်း၊ မဲသဝေဒေသ၏အဓိကစခန်းဖြစ်သည့် အံ့ကျော်ကုန်းစခန်းကို ဒီဇင်ဘာလ (၂၀)ရက်နေ့တွင်လည်းကောင်း၊ ကဆာနလီတောင်ကုန်း၊ ရိက္ခာကုန်းစခန်းများအား ဒီဇင်ဘာလ (၂၂)ရက်နေ့တွင်လည်းကောင်း အသီးသီးပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ စက်တင်ဘာလ (၂၆)ရက်နေ့မှ ဒီဇင်ဘာလ (၂၄)ရက်နေ့အထိ ကြာညောင်းခဲ့သော မဲသဝေဒေသတိုက်ပွဲစဉ်တွင် တိုက်ပွဲကြီးပေါင်း (၈၅)ကြိမ်၊ တိုက်ပွဲငယ်ပေါင်း (၁၄၅)ကြိမ်ဖြစ်ပွါးခဲ့ပြီး ရန်သူ့အလောင်း(၂၀၄)လောင်းရရှိခဲ့၍ ကေအင်(န်)ယူဘက်မှ စုစုပေါင်း(၇၀၀)ကျော်ကျဆုံးလျက်(၁၀၀၀)ကျော်ထက်မနည်း ဒဏ်ရာရရှိခဲ့သည်။ ရန်သူ့ဘက်မှလက်နက်မျိုးစုံ ၂၂ လက်၊ ဆက်သွယ်ရေးစက် ၁ လုံး၊ ဗုံးသီးမျိုးစုံ (၁၀၆) လုံး၊ ကျည်မျိုးစုံ (၁၀၈၆၅)တောင့်၊ လက်ပစ်ဗုံး(၁၈)လုံးနှင့် မိုင်းမျိုးစုံ(၄၇)လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ တပ်မတော်ဘက်မှ အရာရှိ (၁၂)ဦးအပါအဝင် စစ်သည် (၂၄၂)ဦးကျဆုံး၍ အရာရှိ (၄၉)ဦး အပါအဝင် (၉၂၂)ဦးဒဏ်ရာရရှိခဲ့သည်။[၁]

အရေးအခင်းကို အခွင့်ကောင်းယူ၍ သောင်းကျန်းသူများက ထိုးစစ်ကြိုး(၂)ခုကို အလုံးအရင်းနှင့်ဆင်နွှဲခဲ့သော်လည်း တပ်မတော်၏တောက်ပြောင်ထက်မြက်သော စစ်ရေးစွမ်းဆောင်မှုဖြင့် အထက်ပါအတိုင်း ချေမှုန်းပစ်နိုင်ခဲ့ပြီး နိုင်ငံတော်၏ ရပ်တည်မှုကို မယိမ်းမယိုင်မြဲခိုင်စွာ ရပ်တည်နိုင်စေခဲ့လေသည်။

၁ မြန်မာသမိုင်းအကျဉ်းနှင့်တပ်မတော်ကဏ္ဍ တတိယတွဲ မျက် ၂၇၃-၂၄၂

အခန်း(၃)

တပ်မတော်အင်အားတိုးချဲ့ဖွဲ့စည်းခြင်း

ကာကွယ်ရေးဝန်ကြီးဌာနတိုးချဲ့ဖွဲ့စည်းခြင်း

၁၉၇၄ခုနှစ် မတ်လ ၁ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစန်းယုသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့်နိုင်ငံတော်ကောင်စီတို့တွင် အချိန်ပြည့်သွားရောက်တာဝန်ထမ်းဆောင်ခဲ့ရသဖြင့် ဗိုလ်ချုပ်ကြီးတင်ဦးသည် ကာကွယ်ရေးဦးစီးချုပ်ဖြစ်လာပြီး၊ ဗိုလ်မှူးချုပ်သူရကျော်ထင်သည် ဒုတိယကာကွယ်ရေးဦးစီးချုပ်ဖြစ်လာခဲ့သည်။[၁] ထို့ပြင် ၁၉၇၄ခုနှစ်၊ ဩဂုတ်လ ၁၂ရက်နေ့မှစ၍ ကာကွယ်ရေးဝန်ကြီးဌာန (ကြည်းတပ်အစိတ်အပိုင်း) ဖွဲ့စည်းပုံအတွင်း နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက်အရာရှိရုံးအား သီးခြားရုံးတစ်ခုအနေဖြင့် ဖွဲ့စည်းခဲ့သည်။[၂] ၁၉၇၆ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးတင်ဦးအား ကာကွယ်ရေးဦးစီးချုပ်အဖြစ်မှ နုတ်ထွက်ခွင့်ပြုကြောင်း ကကထူး[၃] မှ ၂၀ ရာထူး (၆) ၇၆ ဖြင့် အမိန့်ထုတ်ပြန်ခဲ့ရာ ဗိုလ်ချုပ်ကြီးသူရကျော်ထင်သည် ကာကွယ်ရေးဦးစီးချုပ်ဖြစ်လာပြီး၊ ဗိုလ်မှူးချုပ်အေးကိုသည် ဒုတိယကာကွယ်ရေးဦးစီးချုပ် ဖြစ်လာခဲ့သည်။[၄] ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)တွင် ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း)သည် ယင်း၏တာဝန်များအပြင် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတာဝန်ကိုပါ ထမ်းဆောင်ရသဖြင့် အလုပ်တာဝန်များပြားခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်တည်ဆောက်ရေးတွင် အဟန့်အတားဖြစ်နေသော သောင်းကျန်းသူများအား အမြစ်ပြတ်ခြေမှုန်းရာတွင် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)ကိုယ်စားရှေ့တန်းတွင်တပ်များကိုကြပ်မတ်ကွပ်ကဲနိုင်ရန်အတွက် ၂၈-၄-၇၈ရက်နေ့ တွင်ပြင်ဆင်ချက် အမှတ်(၂၁)ဖြင့်စစ်ဆင်ရေးအထူးအဖွဲ့ကိုဖြည့်စွက်ဖွဲ့စည်းခဲ့သည်။ ယင်းစစ်ဆင်ရေးအထူးအဖွဲ့တွင် စစ်ဆင်ရေးအဖွဲ့အဖွဲ့မှူး ဗိုလ်မှူးချုပ် ၁ ဦး၊ စစ်ဦးစီးမှူး(ပထမတန်း) ၁ ဦး၊ (ဒုတိယတန်း) ၁ ဦး၊ (တတိယတန်း) ၁ ဦး၊ စစ်ဆင်ရေးအထူးအဖွဲ့မှူး၏ဦးစီးအရာရှိ ၁ ဦး နှင့် တကက/စရ ၁ ဦးတို့ ပါဝင်သည်။[၅] ၁၉၇၈ခုနှစ်၊ ဒီဇင်ဘာလ ၂၇ရက်နေ့တွင် ပြင်ဆင်ချက် အမှတ်(၂၂)ဖြင့် စစ်ရေးချုပ်၏ ရာထူးအဆင့်ကို ဗိုလ်မှူးချုပ်မှ ဗိုလ်ချုပ်အဆင့်သို့လည်းကောင်း၊ စစ်ရာထူးခန့်ချုပ်၏ ရာထူးအဆင့်ကို ဗိုလ်မှူးကြီးမှ ဗိုလ်မှူးချုပ်အဆင့်သို့လည်းကောင်း၊ စစ်ဥပဒေချုပ်၏ ရာထူးအဆင့်ကို ဗိုလ်မှူးကြီးမှ

---

၁ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သမိုင်းအကျဉ်း(၁၉၄၈-၈၄) မျက် ၃၄
၂ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သမိုင်းအကျဉ်း(၁၉၄၈-၈၄) မျက် ၄၅
၃ ကကထူး - ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရာထူးခန့်ချုပ်ရုံး
၄ (က) မြဝင်း - တပ်မတော်ခေါင်းဆောင်များသမိုင်းအကျဉ်း(၁၉၄၁-၁၉၉၀) မျက် ၅၁
(ခ) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သမိုင်းအကျဉ်း (၁၉၄၈-၈၄) မျက် ၃၅
၅ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သမိုင်းအကျဉ်း(၁၉၄၈-၈၄) မျက် ၄၅

ဝိုလ်မှူးချုပ်အဆင့်သို့လည်းကောင်း ပြောင်းလဲပြင်ဆင်သတ်မှတ်ခဲ့သည်။[၁] ထို့အတူ ၁၉၇၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပြင်ဆင်ချက်အမှတ်(၂၂)ဖြင့် စစ်ထောက်ချုပ်၏ရာထူးအဆင့်ကို ဝိုလ်မှူးချုပ်မှ ဝိုလ်ချုပ်အဆင့်သို့လည်းကောင်း၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ်၏ ရာထူးအဆင့်ကို ဝိုလ်မှူးကြီးမှ ဝိုလ်မှူးချုပ်အဆင့်သို့လည်းကောင်း ပြောင်းလဲ ပြင်ဆင်သတ်မှတ်ခဲ့သည်။[၂] ထို့အပြင် စစ်ရာထူးခန့်ရုံးကိုလည်း စစ်ရာထူးခန့်ချုပ်ရုံးအဖြစ် ၁၉၇၉ခုနှစ်၊ မတ်လ(၂၃)ရက်နေ့တွင် ပြင်ဆင်သတ်မှတ်ခဲ့သည်။[၃] ၁၉၇၉ခုနှစ်၊ ဧပြီလ(၂၃)ရက်နေ့တွင် ပြင်ဆင်ချက်အမှတ်(၂၃)ဖြင့် စစ်ဆင်ရေးအထူးအဖွဲ့မှူးအား ဝိုလ်မှူးချုပ်အဆင့်မှ ဝိုလ်ချုပ် အဆင့်သို့ တိုးမြှင့်သတ်မှတ်ခဲ့သည်။ ၎င်းအပြင် ၁၉၇၉ခုနှစ်၊ ဧပြီလ(၂၈)ရက်နေ့တွင် ပြင်ဆင်ချက် အမှတ်(၂၄)ဖြင့် စစ်ဆင်ရေးအထူးအဖွဲ့အင်အားကို ဝိုလ်ချုပ် ၂ ဦး၊ စစ်ဦးစီးမှူး (ပထမတန်း) ၂ ဦး၊ (ဒုတိယတန်း) ၂ ဦး၊ (တတိယတန်း) ၂ ဦး၊ ဦးစီးအရာရှိဝိုလ်ကြီး ၂ဦးနှင့် တကက/စရ ၂ဦးဟုပြင်ဆင်သတ်မှတ်ခဲ့သည်။ ၁၉၇၉ခုနှစ်၊ ဇွန်လ(၁)ရက်နေ့၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)တွင် စစ်ဆင်ရေးအထူးအဖွဲ့တစ်ခုထပ်မံတိုးချဲ့ဖွဲ့စည်းပြီး၊ အမှတ်(၁)စစ်ဆင်ရေးအထူးအဖွဲ့နှင့် အမှတ်(၂)စစ်ဆင်ရေးအထူးအဖွဲ့ဟု ၂ဖွဲ့ ဖွဲ့စည်း၍ အောက်ပါအတိုင်း နယ်မြေသတ်မှတ်ခွဲခြားပြီး စစ်ဆင်ရေးနှင့်လုံခြုံရေးကိစ္စများကို ကြပ်မတ်ကွပ်ကဲပါသည်-

(က) **အမှတ်(၁)စစ်ဆင်ရေးအထူးအဖွဲ့။** အောက်ပါစစ်တိုင်းများ နယ်မြေများတွင် စစ်ဆင်ရေးနှင့် လုံခြုံရေးကိစ္စများကို ကြပ်မတ်ကွပ်ကဲသည်-

(၁) မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်။

(၂) အရှေ့မြောက်တိုင်းစစ်ဌာနချုပ်။

(၃) အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်။

(၄) အနောက်မြောက်တိုင်းစစ်ဌာနချုပ်။

(ခ) **အမှတ်(၂)စစ်ဆင်ရေးအထူးအဖွဲ့။** အောက်ပါစစ်တိုင်းများ နယ်မြေများတွင် စစ်ဆင်ရေးနှင့် လုံခြုံရေးကိစ္စများကို ကြပ်မတ်ကွပ်ကဲသည်-

(၁) အရှေ့တောင်တိုင်းစစ်ဌာနချုပ်။

(၂) အနောက်တောင်တိုင်းစစ်ဌာနချုပ်။

(၃) အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်။

(၄) အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်။[၄]

---

၁ (က) စစ်ရေးချုပ်ရုံးသမိုင်း မျက် ၂
(ခ) စစ်ရာထူးခန့်ချုပ်ရုံးသမိုင်း မျက် ၃
(ဂ) စစ်ဥပဒေချုပ်ရုံးသမိုင်း မျက် ၇

၂ (က) စစ်ထောက်ချုပ်သမိုင်း မျက် ၆
(ခ) တပ်မတော်စစ်ဆေးရေးအရာရှိချုပ်ရုံးသမိုင်း မျက် ၇

၃ စစ်ရာထူးခန့်ချုပ်ရုံးသမိုင်း မျက် ၄

၄ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သမိုင်းအကျဉ်း(၁၉၄၈-၈၄) မျက် ၃၅-၃၆

၁၉၈၁ခုနှစ်၊ မတ်လ၁၂ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံးရှိ ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ရာထူးအဆင့်ကို ဗိုလ်ချုပ်မှ ဒုတိယဗိုလ်ချုပ်ကြီးအဆင့်သို့ တိုးမြှင့်သတ်မှတ်ခဲ့သည်။[၁] ၁၉၈၁ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ဒုတိယဗိုလ်ချုပ်ကြီးအေးကိုသည် နိုင်ငံတော်ကောင်စီရုံးသို့ လွှဲပြောင်းတာဝန် ထမ်းဆောင်ခဲ့ရသဖြင့် ဗိုလ်ချုပ်ထွန်းရီသည် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဖြစ်လာခဲ့သည်။ ထို့အပြင် ဗိုလ်ချုပ်ထွန်းရီသည် ဒုတိယဗိုလ်ချုပ်ကြီးအဆင့်သို့တိုးမြှင့် ရရှိပြီးနောက် ၁၉၈၃ခုနှစ်၊ ဇူလိုင်လ ၂၂ရက်နေ့တွင် ကျင်းပပြုလုပ်သော တတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမအစည်းအဝေးတွင် နိုင်ငံတော်ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသဖြင့် စစ်ရေးချုပ်ဗိုလ်ချုပ်စောမောင်သည် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)ရာထူးသို့ တိုးမြှင့်ခြင်းခံရသည်။[၂]

၁၉၈၅ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့မှစ၍ ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးရုံးဖွဲ့စည်းပုံတွင် ထောက်လှမ်းရေးညွှန်ကြားရေးမှူး၏ ရာထူးအဆင့်အား ဗိုလ်မှူးကြီးမှ ဗိုလ်မှူးကြီး/ဗိုလ်မှူးချုပ် အဆင့်သို့ ပြင်ဆင်သတ်မှတ်ခဲ့သည်။[၃] ၁၉၈၅ခုနှစ် နိုဝင်ဘာလ(၄)ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးသူရကျော်ထင်သည် ဝန်ကြီးအဖွဲ့ရုံးသို့ ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးတာဝန်များကိုထမ်းဆောင်ရန်လွှဲပြောင်းတာဝန်ပေးအပ်ခြင်းခံရသဖြင့် ဒုတိယဗိုလ်ချုပ်ကြီးစောမောင်သည် ကာကွယ်ရေးဦးစီးချုပ်ဖြစ်လာခဲ့ပြီး ဗိုလ်မှူးချုပ်သန်းရွှေသည် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဖြစ်လာခဲ့သည်။ ၁၉၈၆ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက်နေ့တွင်ဒုတိယဗိုလ်ချုပ်ကြီးစောမောင်သည် ဗိုလ်ချုပ်ကြီးအဆင့်သို့လည်းကောင်း၊ ဗိုလ်မှူးချုပ်သန်းရွှေသည် ၄-၁၁-၈၆ ရက်နေ့တွင် ဗိုလ်ချုပ်အဆင့်သို့ လည်းကောင်း၊ ၄-၁၁-၈၇ ရက်နေ့တွင် ဒုတိယဗိုလ်ချုပ်ကြီးအဆင့်သို့လည်းကောင်း တိုးမြှင့်ခြင်းခံရသည်။ ၁၉၈၈ ခုနှစ်၊ ဇူလိုင်လ (၂၇)ရက်နေ့တွင် ဗိုလ်ချုပ်ကြီးစောမောင်အား ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေအား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ်လည်းကောင်း ခန့်အပ်ခဲ့သည်။[၄]

တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ်နှင့်တပ်ရင်းတပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်း

အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်ကိုဝန်ကြီးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန၏ ၁-စ-၇၆ ရက်စွဲပါ စာအမှတ်၊ ၅၈၀(အဖခ - ၁)၇၆ နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၄-စ-၇၆ နှင့် ၇-စ-၇၆ ရက်စွဲပါစာအမှတ်၊ ၁၂၅၆/၃/ဦး၃ ဖြင့် ဖွဲ့စည်းခွင့်အမိန့်ချမှတ်ပေးခဲ့သည်။ ထို့ကြောင့် ၂၈-စ-၇၆ ရက်နေ့တွင် အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်ကို စစ်ရေးချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန၏

---

၁ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သမိုင်းအကျဉ်း(၁၉၄၈-၈၄) မျက် ၄၆

၂ မြဝင်း- တပ်မတော်ခေါင်းဆောင်များသမိုင်းအကျဉ်း(၁၉၄၁-၁၉၉၀) မျက် ၆၀-၆၃

၃ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သမိုင်းအကျဉ်း(၁၉၄၈-၈၄) မျက် ၄၅-၄၆

၄ မြဝင်း- တပ်မတော် ခေါင်းဆောင်များသမိုင်းအကျဉ်း (၁၉၄၁-၁၉၉၀) မျက် ၁၀၁-၁၀၄

၇-ဧ-၇၆ ရက်စွဲပါစာအမှတ်၊ ၁၉/၁၁၆/ရေး၁(က)ဖြင့် ညွှန်ကြားချက်အရ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ပိုင်းလော့ရိပ်သာ မဂ်လာဒုံတွင် စတင်ဖွဲ့စည်းခဲ့သည်။

ယင်းသို့ဖွဲ့စည်းပြီးနောက် ၁၉၇၆ခုနှစ်၊ ဩဂုတ်လ(၂၈)ရက်နေ့တွင်အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်အား ပြည်မြို့တွင် စတင်ဖွင့်လှစ်ခဲ့ရာ အောက်ပါနည်းဗျူဟာနှင့် တပ်ရင်းများပါဝင်ခဲ့သည်-

(က)	အမှတ်(၆၆၁)နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့	ပြည်မြို့။
(ခ)	အမှတ်(၆၆၂)နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့	ပြည်မြို့။
(ဂ)	အမှတ်(၇၅)ခြေလျင်တပ်ရင်း	ပြည်မြို့။
(ဃ)	အမှတ်(၇၆)ခြေလျင်တပ်ရင်း	မန္တလေးမြို့။
(င)	အမှတ်(၇၇)ခြေလျင်တပ်ရင်း	ပခုက္ကူမြို့။
(စ)	အမှတ်(၇၈)ခြေလျင်တပ်ရင်း	အောင်ဆန်းမြို့။
(ဆ)	အမှတ်(၇၉)ခြေလျင်တပ်ရင်း	မိတ္ထီလာမြို့။[၁]

ဆက်လက်၍ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်ဖွဲ့စည်းရာတွင် လိုအပ်နေသည့် နည်းဗျူဟာနှင့် တပ်ရင်းများအား တိုးခဲ့ဖွဲ့စည်းခဲ့ရာ ၁-၁၂-၇၆ရက်နေ့တွင် အမှတ်(၈၀)ခြေလျင်တပ်ရင်းကို အင်းမဋ္ဌလည်းကောင်း၊ အမှတ်(၈၁)ခြေလျင်တပ်ရင်းကိုကျောက်တလုံးဌလည်းကောင်း ၁-၄-၇၇ရက်နေ့တွင် အမှတ်(၆၆၃)နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့ကို ပြည်မြို့ဌလည်းကောင်း၊ အမှတ်(၈၂)ခြေလျင်တပ်ရင်းကို ထောက်ကြဲဌလည်းကောင်း၊ အမှတ်(၈၃)ခြေလျင်တပ်ရင်းကို မိချောင်းရဲဌလည်းကောင်း၊ အမှတ်(၈၄)ခြေလျင်တပ်ရင်းကို ဆွာဌလည်းကောင်း ဖွဲ့စည်းခဲ့သည်။[၂]

ဤကဲ့သို့ တပ်များ တိုးခဲ့ဖွဲ့စည်းပြီးနောက် ၁၉၇၆ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေများတွင် ဆူပူသောင်းကျန်းနေသော ဗကပ၊ အက်စ်အက်စ်အေ နှင့် ကေအင်နယူသောင်းကျန်းသူများအား ရဲအောင်နိုင်၊ တိမ်တောင်၊ ရဲမင်းအောင်၊ လေးမာရ်အောင်၊ နေမင်းရောင်၊ ဇွဲရဲမာန်၊ နေမင်းအောင်၊ အောင်တံခွန်၊ ရန်တိုင်းအောင်၊ ဇွဲအောင်လင်း၊ ဇွဲအောင်နိုင် စစ်ဆင်ရေးများဖြင့် တိုက်ခိုက်ချေမှုန်းခဲ့သည်။[၃]

၁၉၇၈ခုနှစ်၊ ဇန်နဝါရီလတွင် တိုင်းစစ်ဌာနချုပ်များဌ ဒုတိယတိုင်းမှူး ၁ဦးနှင့် တပ်မဌာနချုပ်များဌ ဒုတိယတပ်မမှူး ၁ဦးစီ တိုးခဲ့ဖွဲ့စည်းခဲ့သည်။[၄] ၁၉၇၈ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေရှိ မြောက်ဦး၊ ကျောက်တော်၊ ပလက်ဝ၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်းတောနယ်မြေ၊ နယ်စပ်ဒေသစစ်ဆင်ရေး နှင့် နယ်မြေစိုးမိုးရေးတာဝန်

---

၁ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်သမိုင်း မျက် ၆
၂ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်သမိုင်း မျက် ၆
၃ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်သမိုင်း မျက် ၂၃-၃၁
၄ တိုင်းစစ်ဌာနချုပ်နှင့်တပ်မဌာနချုပ်သမိုင်းများ

ထမ်းဆောင်ရန်အတွက်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ အမှတ်(၂)စစ်ဗျူဟာကို ဘူးသီးတောင်မြို့တွင် ဖွဲ့စည်းဖွင့်လှစ်ခဲ့သည်။[၁] ထို့အပြင် အက်စ်အင်ပီအယ်လ်အို[၂] သောင်းကျန်းသူ တာကလယ်ပိတ်ဆို့ချေမှုန်းရေးအတွက် ၁၉၇၈ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့မှ ၁၉၈၀ပြည့်နှစ် တတိယ(၄)လပတ်ကာလအတွင်း၌ ဒုတိယတိုင်းမှူးဦးစီးသော လူပ်ရှားအရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကို ဌာနများမှ ထုတ်နုတ်အင်အားဖြင့်ဖွဲ့စည်း၍ တောင်ကြီးမြို့တွင်အခြေပြုကာ ရှမ်းပြည်နယ်တောင်ပိုင်း၊ သံလွင်မြစ်အနောက်ခြမ်း နှင့် ပြည်ထောင်စုကားလမ်း တောင်ခြမ်းဒေသအား လှည့်လည်ကွပ်ကဲခဲ့သည်။ အမှတ်(၂)စစ်ဗျူဟာအဖွဲ့သည် နယ်လှည့်အမှတ်(၂)စစ်ဗျူဟာအဖွဲ့အဖြစ် လွှဲင်ကော်တွင် ယာယီအခြေပြု၍ ကယားပြည်နယ် စစ်ဆင်ရေးနှင့်လုံခြုံရေးတာဝန်ထမ်းဆောင်ခဲ့သည်။[၃]

တိုင်းစစ်ဌာနချုပ်များကို တိုးချဲ့ဖွဲ့စည်းခဲ့သည်နှင့်အညီ တပ်ထိန်းတပ်ခွဲများကိုလည်း လိုအပ်ချက်အရ တိုင်းစစ်ဌာနချုပ်များအလိုက် တိုးချဲ့ဖွဲ့စည်းခဲ့ရာ ၁၉၇၈ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် အမှတ်(၁)တပ်ထိန်းတပ်(ရေ)အား သံလျက်စွန်း၊ ရန်ကုန်၌ပြန်လည်ဖွဲ့စည်းခဲ့သည်။[၄] ယင်းနှစ်အတွင်းမှာပင် တိုင်းစစ်ဌာနချုပ်လက်အောက်များတွင် ထောက်လှမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထောက်လှမ်းရေးတပ်(၃)တပ်ကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ထို့ကြောင့်အမှတ်(၇)နှင့်အမှတ်(၁၁)ထောက်လှမ်းရေးတပ်စိတ်များကိုပူးပေါင်း၍ ထပ်မံအင်အားဖြည့်တင်းပြီးလျှင်အမှတ်(၈)ထောက်လှမ်းရေးတပ်ကို မြစ်ကြီးနားမြို့တွင်လည်းကောင်း၊ လားရှိုးမြို့ရှိ အမှတ်(၂)ထောက်လှမ်းရေးတပ်မှ ထောက်လှမ်းရေးတပ်ဖွဲ့ကိုအမာခံထား၍အမှတ်(၉)ထောက်လှမ်းရေးတပ်ကိုလည်းကောင်း၊ စစ်တွေမြို့ရှိ အမှတ်(၃)ထောက်လှမ်းရေးတပ်မှတပ်ဖွဲ့(၂)ကိုအမာခံထား၍ အမှတ်(၁၀)ထောက်လှမ်းရေးတပ်ကိုလည်းကောင်း တိုးချဲ့ဖွဲ့စည်းခဲ့သည်။[၅] ၁၉၇၉ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ရက်နေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်လက်အောက်ခံ အမှတ်(၇၄)ခြေလျင်တပ်ရင်းကို မိုးကောင်းမြို့၌ ဖွင့်လှစ်ခဲ့သည်။[၆]

ကရင်ပြည်နယ်စိုးမိုးရေးနှင့် ကေအင်န်ယူအကြမ်းဖက်သောင်းကျန်းသူများအား အမြစ်ပြတ်ချေမှုန်းရေး တာဝန်ထမ်းဆောင်ရန်အတွက် အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်ကို ဝန်ကြီးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန၏ ၁၉၇၉ခုနှစ်၊ ဖေဖော်ဝါရီလ ၂ရက်စွဲပါ စာအမှတ်၊ ၁၄၆၀ (အဖက-၁)၇၈ နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၁၉၇၉ခုနှစ်၊ မတ်လ ၁၄ရက်စွဲပါစာအမှတ်၊ ၁၂၅၆/ ၃/ဦး၃ စသည့် အမိန့်အာဏာများအရစတင်ဖွဲ့စည်းခွင့်ပြုခဲ့သည်။ ထို့ကြောင့် ၁၉၇၉ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင်ပထမဆင့်အနေဖြင့်အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်အားကာကွယ်ရေးဝန်ကြီးဌာန၊ကာကွယ်ရေး

---

၁ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်သမိုင်း မျက် ၆
၂ SNPLO
၃ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သမိုင်း မျက် ၄
၄ တပ်မတော်တပ်ထိန်းသမိုင်း မျက် ၈
၅ တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးရုံးသမိုင်းအကျဉ်းချုပ် မျက် ၆
၆ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သမိုင်း မျက် ၅

ဦးစီးချုပ်ရုံး(ကြည်း)တွင် စတင်ဖွင့်လှစ်ခဲ့ရာ အောက်ပါနည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှု အဖွဲ့(၂)ဖွဲ့၊ ခြေမြန်တပ်ရင်း(၆)ရင်း၊ စစ်မြေပြင်တပ်ခွဲ (အင်ဂျင်နီယာ)နှင့် ဆက်သွယ်ရေးတပ်ခွဲတို့ ပါဝင်ခဲ့သည်-

(က) အမှတ်(၄၄၁)နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့။
(ခ) အမှတ်(၄၄၂)နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့။
(ဂ) အမှတ်(၁)ခြေမြန်တပ်ရင်း။
(ဃ) အမှတ်(၂)ခြေမြန်တပ်ရင်း။
(င) အမှတ်(၃)ခြေမြန်တပ်ရင်း။
(စ) အမှတ်(၄)ခြေမြန်တပ်ရင်း။
(ဆ) အမှတ်(၅)ခြေမြန်တပ်ရင်း။
(ဇ) အမှတ်(၆)ခြေမြန်တပ်ရင်း။
(ဈ) အမှတ်(၁၂)စစ်မြေပြင်တပ်ခွဲ(အင်ဂျင်နီယာ)
(ည) ဆက်သွယ်ရေးတပ်ခွဲ၊ အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်[၁]

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်အား ၁၉၇၉ခုနှစ်၊ မေလ ၈ရက်နေ့တွင် ရုပ်သိမ်းပြီး ၁၉၇၉ခုနှစ်၊ မေလ ၉ ရက်နေ့တွင် သထုံမြို့ အမှတ်(၁)ခြေမြန်တပ်ရင်းနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ဆက်လက်၍ ၁၉၇၉ခုနှစ်၊ နိုဝင်ဘာလ ၁ရက်နေ့တွင် သထုံမြို့တွင်းမှ လက်ရှိနေရာတိုင်တရာသို့ ပြောင်းရွှေ့ခဲ့သည်။

၁၉၇၉ခုနှစ်၊ အောက်တိုဘာလ ၁ရက်နေ့တွင် ဒုတိယဆင့်အနေဖြင့်တပ်များကိုတိုးချဲ့ဖွင့်လှစ်ခဲ့ရာအောက်ပါနည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့တစ်ဖွဲ့နှင့်ခြေမြန်တပ်ရင်း(၄)ရင်းတို့ပါဝင်ခဲ့သည်-

(က) အမှတ်(၄၄၃)နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့။
(ခ) အမှတ်(၇)ခြေမြန်တပ်ရင်း။
(ဂ) အမှတ်(၈)ခြေမြန်တပ်ရင်း။
(ဃ) အမှတ်(၉)ခြေမြန်တပ်ရင်း။
(င) အမှတ်(၁၀)ခြေမြန်တပ်ရင်း။[၂]

ယင်းသို့ တပ်ရင်းများတိုးချဲ့ဖွဲ့စည်းပြီးနောက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ၊ ဘီးလင်းမြို့နယ်၊ ဒုံသမိအနောက်ခြမ်း၊ သံလွင်မြစ်အရှေ့ခြမ်းနှင့် ဒေါနအနောက်ခြမ်းဒေသများတွင် ကေအင်န်ယူအကြမ်းဖက်သောင်းကျန်းသူများအား ၁၉၇၉ခုနှစ်မှ ၁၉၈၁ခုနှစ်အထိ နေမင်းအောင် အဆင့်(၁)၊ အဆင့်(၂)၊ အဆင့်(၃)၊ ရန်ငြိမ်းအောင်၊ ရန်တိုင်းအောင်၊ ဇွဲလင်းအောင်စစ်ဆင်ရေးများ

---

[၁] အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ် သမိုင်း — မျက် ၄-၆
[၂] အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်သမိုင်း — မျက် ၆-၇

ဖြင့် တိုက်ခိုက်ချေမှုန်းခဲ့သည်။[၁] ၁၉၇၉ခုနှစ်၊ ဧပြီလ ၁ရက်နေ့တွင် အမှတ်(၉၁၂)စစ်မြေပြင်တပ်ခွဲ (အင်ဂျင်နီယာ)ကို သထုံမြို့တွင် တိုးချဲ့ဖွင့်လှစ်ခဲ့သည်။[၂]

၁၉၈၀ပြည့်နှစ်၊ ဧပြီလ ၄ ရက်နေ့တွင် အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်၊ နည်းဗျူဟာ စစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့(၂)ဖွဲ့နှင့် လက်အောက်ခံတပ်ရင်း(၆)ရင်းတို့အား အောက်ပါနေရာများတွင် တိုးချဲ့ဖွင့်လှစ်ခဲ့သည်-

(က)	အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်	စစ်ကိုင်းမြို့။
(ခ)	အမှတ်(၅၅၁)နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့	စစ်ကိုင်းမြို့။
(ဂ)	အမှတ်(၅၅၂)နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့	စစ်ကိုင်းမြို့။
(ဃ)	အမှတ်(၁၁)ခြေမြန်တပ်ရင်း	ရွှေဘိုမြို့။
(င)	အမှတ်(၁၂)ခြေမြန်တပ်ရင်း	ကျောက်မြောင်း။
(စ)	အမှတ်(၁၃)ခြေမြန်တပ်ရင်း	စစ်ကိုင်းမြို့။
(ဆ)	အမှတ်(၁၄)ခြေမြန်တပ်ရင်း	ကျောက်ဆည်မြို့။
(ဇ)	အမှတ်(၁၅)ခြေမြန်တပ်ရင်း	မြင်းခြံမြို့။
(ဈ)	အမှတ်(၁၆)ခြေမြန်တပ်ရင်း	မုံရွာမြို့။[၃]

၁၉၈၀ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ထပ်မံဖွင့်လှစ်ရန် ကျန်ရှိနေသည့် အမှတ် (၅၅)ခြေမြန်တပ်မဌာနချုပ်လက်အောက်ခံ နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့နှင့် တပ်ရင်း(၄)ရင်း တို့အား အောက်ပါနေရာများတွင် ဖွင့်လှစ်ခဲ့သည်-

(က)	အမှတ်(၅၅၃)နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့	စစ်ကိုင်းမြို့။
(ခ)	အမှတ်(၁၇)ခြေမြန်တပ်ရင်း	နောင်ချိုမြို့။
(ဂ)	အမှတ်(၁၈)ခြေမြန်တပ်ရင်း	ဟဲဟိုးမြို့။
(ဃ)	အမှတ်(၁၉)ခြေမြန်တပ်ရင်း	ဆွာမြို့။
(င)	အမှတ်(၂၀)ခြေမြန်တပ်ရင်း	ညောင်လေးပင်မြို့။

ထို့ပြင် အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်တွင် တွဲဖက်တာဝန်ထမ်းဆောင်မည့် ဆက်သွယ် ရေးတပ်ခွဲအား စစ်ကိုင်းမြို့တွင်လည်းကောင်း၊ အမှတ်(၉၀၃)စစ်မြေပြင်တပ်ခွဲ(အင်ဂျင်နီယာ)အား မြစ်ငယ်တွင်လည်းကောင်း၊ ယာယီအခြေပြုစေပြီး ဖွဲ့စည်းလေ့ကျင့်မှုများ ဆောင်ရွက်ခဲ့သည်။[၄]

ယင်းသို့ တပ်ဖွဲ့စည်းရေးကိစ္စများ ဆောင်ရွက်ပြီးနောက် ၁၉၈၀ပြည့်နှစ်၊ စက်တင်ဘာလမှ ၁၉၈၈ခုနှစ်၊ စက်တင်ဘာလအထိ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊

---

၁ အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်သမိုင်း

၂ တပ်မတော်(ကြည်း)စစ်အင်ဂျင်နီယာတပ်ဖွဲ့ဖွဲ့စည်းဖြစ်ပေါ်တိုးတက်လာပုံသမိုင်းအကျဉ်း မျက် ၁၂

၃ အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်သမိုင်း မျက် ၂

၄ အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်သမိုင်း မျက် ၂

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေများအတွင်းရှိ ကေအင်နယူ၊ ရှမ်းသောင်းကျန်းသူ မိုးဟိန်းအဖွဲ့နှင့် ဗကပသောင်းကျန်းသူများအား တိုက်ခိုက်ခဲ့သည်။[၁] အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်သည် ၁၉၈၆ ခုနှစ်၊ ဧပြီလ ၂၉ရက်နေ့မှစ၍ အဆင့်(၄)ဆင့်ခွဲပြီး စစ်ကိုင်းမှကလောသို့ ပြောင်းရွှေ့ခဲ့ရာ ၅-၅-၈၆ ရက်နေ့တွင် အပြီးပြောင်းရွှေ့နိုင်ခဲ့သည်။[၂]

တပ်ထိန်းတပ်ခွဲများကိုလည်း လိုအပ်ချက်အရ ဆက်လက် တိုးချဲ့ဖွဲ့စည်းခဲ့ရာ အမှတ်(၂) တပ်ထိန်းတပ်(ရေ)အား ၁၉၈၁ခုနှစ်၊ ဇွန်လ ၁ရက်နေ့တွင် သံလျက်စွန်း၊ ရန်ကုန်၌ ဖွင့်လှစ်ခဲ့သည်။[၃] ၁၉၈၁ခုနှစ်၊ ဇွန်လ ၁၈ရက်နေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်လက်အောက်ခံ အမှတ်(၁၀၁) ခြေလျင်တပ်ရင်းကို မြိတ်မြို့နယ် လုံခြုံရေးတာဝန် ထမ်းဆောင်ရန်အတွက် ကျွဲကူးကျေးရွာတွင် တိုးချဲ့ဖွင့်လှစ်ခဲ့သည်။[၄]

ထို့ပြင်ထောက်လှမ်းရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ၁၉၈၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အမှတ်(၁၁)ထောက်လှမ်းရေးတပ်ကို ၇မိုင်ခွဲပြည်လမ်းရှိ ထောက်လှမ်းရေးအကူတပ်တွင်ဖွဲ့စည်းခဲ့ပြီး ၃-၅-၈၃ရက်နေ့၌ပန်းတောင်းမြို့နယ်၊ ဆင်တဲစခန်းရှိကပစ(၃)နေရာသို့ပြောင်းရွှေ့ခဲ့သည်။[၅] ထို့နှစ်မှာပင် ကယားပြည်နယ်လုံခြုံရေးအတွက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက်ခံ အမှတ်(၁၀၂)ခြေလျင်တပ်ရင်းအား ငွေတောင်မြို့တွင်တိုးချဲ့ဖွဲ့စည်းခဲ့သည်။[၆] ၁၉၈၄ ခုနှစ်တွင် တပ်မဌာနချုပ်များ၌ စစ်ဦးစီးမှူး(ပထမတန်း)(ဦး/ရေး/ထောက်)(ဒုတိယဗိုလ်မှူးကြီး)တစ်ဦးအား တိုးချဲ့ဖွဲ့စည်းခဲ့သည်။၁၉၈၄ခုနှစ်၊စက်တင်ဘာလ ၂၆ရက်နေ့တွင်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ဖွဲ့စည်းပုံအတွင်း စစ်ဗျူဟာအဖွဲ့(၁)ဖွဲ့ကိုတိုးချဲ့ဖွဲ့စည်းခွင့်ရခဲ့သဖြင့် အမှတ်(၃)စစ်ဗျူဟာအဖွဲ့ဟူ၍တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ယင်းစစ်ဗျူဟာအဖွဲ့သည်တောင်ကြီးမြို့တွင်အခြေပြုလျက်၁၉၈၆ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ အင်းလေးအနောက်ခြမ်းနှင့်ပင်လောင်းဒေသစစ်ဆင်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည်။[၇]

၁၉၈၄ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၁၉၈၄ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်စွဲပါစာအမှတ်၊ ၁၂၅၆/၃/ဦး၃ နှင့် စစ်ရေးချုပ်ရုံး၏ ၁၉၈၄ခုနှစ်၊ အောက်တိုဘာလ ၁ ရက်စွဲပါစာအမှတ်၊ ၂၂/၁၁၆/ရေး၁(က) ဖွဲ့စည်းမိန့်များအရ စစ်ကိုင်းမြို့၊ အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်နေရာတွင် ဖွင့်လှစ်ခဲ့သည်။

---

၁ အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်သမိုင်း မျက် ၂၆-၃၀
၂ အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်သမိုင်း မျက် ၁၁
၃ တပ်မတော်တပ်ထိန်းသမိုင်း မျက် ၉
၄ အမှတ်(၁၀၁)ခြေလျင်တပ်ရင်းသမိုင်း မျက် ၂
၅ တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးရုံးသမိုင်းအကျဉ်း မျက် ၇
၆ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သမိုင်း မျက် ၂၆
၇ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သမိုင်း မျက် ၅

ယင်းတပ်မဌာနချုပ်နှင့်အတူ ခြေမြန်တပ်ရင်း(၅)ရင်းတို့အား ပထမဆင့်အနေဖြင့် အောက်ပါနေရာများတွင် တိုးချဲ့ဖွဲ့စည်းခဲ့သည်-

(က) အမှတ်(၁၁၁)ခြေမြန်တပ်ရင်း ရွှေဘိုမြို့။
(ခ) အမှတ်(၁၁၂)ခြေမြန်တပ်ရင်း ပျဉ်းမနားမြို့။
(ဂ) အမှတ်(၁၁၃)ခြေမြန်တပ်ရင်း ကျိုက်ထိုမြို့။
(ဃ) အမှတ်(၁၁၄)ခြေမြန်တပ်ရင်း တောင်ငူမြို့။
(င) အမှတ်(၁၁၅)ခြေမြန်တပ်ရင်း တောင်ငူမြို့။

၁၉၈၄ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ်၊ ဆက်သွယ်ရေးတပ်ခွဲအား ရန်ကုန်မြို့တွင်လည်းကောင်း၊ ထိုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် အမှတ်(၉၁၅)စစ်မြေပြင်တပ်ခွဲ(အင်ဂျင်နီယာ)အား ရန်ကုန်မြို့တွင်လည်းကောင်း စတင်ဖွဲ့စည်းခဲ့သည်။

၁၉၈၄ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ခြေမြန်တပ်ရင်း(၅)ရင်းတို့အား ဒုတိယဆင့်အနေဖြင့် အောက်ပါနေရာများတွင် ဆက်လက်ဖွဲ့စည်းဖွင့်လှစ်ခဲ့သည်-

(က) အမှတ်(၁၁၆)ခြေမြန်တပ်ရင်း မြို့ချောင်းမြို့။
(ခ) အမှတ်(၁၁၇)ခြေမြန်တပ်ရင်း အုတ်တွင်းမြို့။
(ဂ) အမှတ်(၁၁၈)ခြေမြန်တပ်ရင်း မုဒုံမြို့။
(ဃ) အမှတ်(၁၁၉)ခြေမြန်တပ်ရင်း မင်းဘူးမြို့။
(င) အမှတ်(၁၂၀)ခြေမြန်တပ်ရင်း မန္တလေးမြို့။[၁]

ဤသို့ အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များအား အထက်ပါ မြို့အသီးသီး၌ ယာယီဖွဲ့စည်း ဖွင့်လှစ်ခဲ့ပြီးနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အတည်ပြု သတ်မှတ်ပေးသော အမြဲတမ်းတပ်တည်နေရာများသို့ အောက်ပါအတိုင်း အဆင့်ဆင့် ပြောင်းရွှေ့ရောက်ရှိခဲ့သည်-

(က) **အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ်**။ ၁၉၈၅ခုနှစ်၊ မတ်လ ၂၀ရက်နေ့တွင်စစ်ကိုင်းမြို့မှ အမြဲတမ်းတပ်တည်နေရာ ကလောမြို့သို့ ပြောင်းရွှေ့ရောက်ရှိခဲ့ သည်။ ၎င်းနောက် ကလောမှအမြဲတမ်းတပ်တည်နေရာ စစ်ကိုင်းမြို့သို့ ၁၉၈၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် စတင်၍ အဆင့်ဆင့်ပြောင်းရွှေ့ခဲ့ရာ ၁၉၈၆ခုနှစ်၊ မေလ ၅ ရက်နေ့တွင် တပ်မတစ်ခုလုံး ပြောင်းရွှေ့ရောက်ရှိခဲ့သည်။

(ခ) **အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ်၊ ဆက်သွယ်ရေးတပ်ခွဲ**။ ၁၉၈၄ခုနှစ် နိုဝင်ဘာလ ၁၆ရက်နေ့တွင် ရန်ကုန်မြို့မှ စစ်ကိုင်းမြို့သို့ ပြောင်းရွှေ့ခဲ့ပြီး၊ ၁၉၈၅ ခုနှစ် မတ်လ

၂၀ ရက်နေ့တွင် စစ်ကိုင်းမြို့မှ အမြဲတမ်းတပ်တည်နေရာ ကလောမြို့သို့ ပြောင်းရွှေ့ ရောက်ရှိခဲ့သည်။

(ဂ) **အမှတ်(၉၁၀)စစ်မြေပြင်တပ်ခွဲ(အင်ဂျင်နီယာ)**။ ၁၉၈၄ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက် နေ့တွင်ရန်ကုန်မှစစ်ကိုင်းသို့ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး၊ ၁၉၈၅ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် စစ်ကိုင်းမှ အမြဲတမ်းတပ်တည်ရာဖြစ်သော အောင်ပန်းမြို့သို့ရောက်ရှိ ခဲ့သည်။

(ဃ) **အမှတ်(၁၁၁)ခြေမြန်တပ်ရင်း**။ ၁၉၈၅ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် စတင် ဖွဲ့စည်းသည့် ရွှေဘိုမြို့မှ အမြဲတမ်းတပ်တည်နေရာဖြစ်သော ဝန်းသိုမြို့သို့ ပြောင်းရွှေ့ ခဲ့သည်။

(င) **အမှတ်(၁၁၂)ခြေမြန်တပ်ရင်း**။ ၁၉၈၅ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် စတင် ဖွဲ့စည်းခဲ့သည့် ပျဉ်းမနားမြို့မှ အမြဲတမ်းတပ်တည်နေရာဖြစ်သော ကလောမြို့နယ် (အင်းပြင်)သို့ ပြောင်းရွှေ့ခဲ့သည်။

(စ) **အမှတ်(၁၁၃)ခြေမြန်တပ်ရင်း**။ ၁၉၈၅ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် စတင် ဖွဲ့စည်းခဲ့သည့် ကျိုက်ထိုမြို့မှ အမြဲတမ်းတပ်တည်နေရာဖြစ်သော သိမ်ဆိပ် (ဝင်းပ) သို့ ပြောင်းရွှေ့ခဲ့သည်။

(ဆ) **အမှတ်(၁၁၄)ခြေမြန်တပ်ရင်း**။ ၁၉၈၅ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် စတင်ဖွဲ့စည်း ခဲ့သည့် တောင်ငူမြို့မှ အမြဲတမ်းတပ်တည်နေရာဖြစ်သော နောင်ချိုမြို့သို့ ပြောင်းရွှေ့ ခဲ့သည်။

(ဇ) **အမှတ်(၁၁၅)ခြေမြန်တပ်ရင်း**။ ၁၉၈၅ခုနှစ်၊ဧပြီလဈရက်နေ့တွင်စတင်ဖွဲ့စည်းခဲ့သည့် တောင်ငူမြို့မှ အမြဲတမ်းတပ်တည်နေရာဖြစ်သော နောင်ချိုမြို့သို့ပြောင်းရွှေ့ခဲ့သည်။

(ဈ) **အမှတ်(၁၁၆)ခြေမြန်တပ်ရင်း**။ ၁၉၈၅ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် စတင်ဖွဲ့ စည်းခဲ့သည့် မြို့ချောင်းမြို့မှ အမြဲတမ်းတပ်တည်နေရာဖြစ်သော ပုသိမ်ကြီးမြို့သို့ ပြောင်းရွှေ့ခဲ့သည်။

(ည) **အမှတ်(၁၁၇)ခြေမြန်တပ်ရင်း**။ ၁၉၈၅ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင်စတင် ဖွဲ့စည်းခဲ့သည့် အုတ်တွင်းမြို့မှ အမြဲတမ်းတပ်တည်နေရာဖြစ်သော ဟဲဟိုးမြို့သို့ ပြောင်းရွှေ့ခဲ့သည်။

(ဋ) **အမှတ်(၁၁၈)ခြေမြန်တပ်ရင်း**။ ၁၉၈၅ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် စတင် ဖွဲ့စည်းခဲ့သည့် မုဒုံမြို့မှ အမြဲတမ်းတပ်တည်နေရာဖြစ်သော သထုံ(တိုင်တရာ)သို့ ပြောင်းရွှေ့ခဲ့သည်။

(၄) **အမှတ်(၁၁၉)ခြေမြန်တပ်ရင်း။** ၁၉၈၅ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည့် မင်းဘူးမြို့မှ အမြဲတမ်းတပ်တည်နေရာဖြစ်သော ပုသိမ်ကြီးမြို့သို့ ပြောင်းရွှေ့ခဲ့သည်။

(၅) **အမှတ်(၁၂၀)ခြေမြန်တပ်ရင်း။** ၁၉၈၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည့်မန္တလေးမြို့မှအမြဲတမ်းတပ်တည်နေရာဖြစ်သောဝန်းသိုမြို့သို့ပြောင်းရွှေ့ခဲ့သည်။[၁]

ဤကဲ့သို့ တပ်မဌာနချုပ်နှင့်တပ်ရင်းများကို အမြဲတမ်းတည်နေရာများသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ၁၉၈၅ ခုနှစ် မှ ၁၉၈၈ ခုနှစ်အထိ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေများတွင် ဆူပူသောင်းကျန်းနေသော ကေအိုင်အေ၊ ဗကပ၊ ကေအင်န်ယူ သောင်းကျန်းသူများအား တိုက်အောင်၊ ရဲမင်းအောင်၊ ရန်တိုင်းအောင်၊ ဇွဲရဲမာန်၊ ရဲမင်းအောင်၊ ဒေသန္တရ၊ အောင်မိုးဟိန်း၊ သူရိန်ထွန်း၊ တောင်ရန်ရှင်း၊ မိုးဟိန်းအဆင့်(၂) စစ်ဆင်ရေးများဖြင့် တိုက်ခိုက်ချေမှုန်းခဲ့သည်။[၂]

၁၉၈၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်လက်အောက်ခံအမှတ်(၁၀၃)ခြေလျင်တပ်ရင်းအား အထူးကျောက်မျက်(စိန်)စမ်းသပ်ထုတ်လုပ်ရေးစီမံကိန်း လုံခြုံရေးအတွက် မြိတ်မြို့တွင်လည်းကောင်း၊ ယင်းနှစ် ဇူလိုင်လ ၉ ရက်နေ့တွင် အမှတ်(၁၀၄)ခြေလျင်တပ်ရင်းအား ထားဝယ်မြို့တွင်လည်းကောင်း တိုးချဲ့ဖွင့်လှစ်ခဲ့သည်။[၃] ထို့ပြင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်လက်အောက်ခံ အမှတ်(၁၀၅)ခြေလျင်တပ်ရင်းကို ၉-၄-၈၇ ရက်နေ့တွင် ဆားမော်မြို့၌လည်းကောင်း တိုးချဲ့ဖွင့်လှစ်ခဲ့သည်။[၄]

၁၉၈၇ခုနှစ် ဇွန်လ ၂၃ရက်နေ့တွင် အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်နှင့် ကွပ်ကဲမှုအောက်နည်းဗျူဟာ၊ တပ်ရင်း/တပ်ဖွဲ့များအား ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ဖွဲ့စည်းခွင့်ပြုမိန့်အရ အဆင့်(၄)ဆင့်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းတည်ထောင်ခဲ့သည်-

(က) **အဆင့်(၁)** - ပထမအဆင့်တွင် တပ်မဌာနချုပ် ၁ခု၊ နည်းဗျူဟာ ၁ခု၊ ခြေမြန်တပ်ရင်း ၃ရင်းတို့နှင့် တပ်မဆက်သွယ်ရေးတပ်ခွဲ ၁ခွဲ၊ တပ်မအင်ဂျင်နီယာတပ်ခွဲ ၁ခွဲတို့ကို အောက်ပါမြို့များ၌ ၁၉၈၇ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် ဖွင့်လှစ် ခဲ့သည်-

(၁) အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် ဘားအံမြို့။

(၂) အမှတ်(၂၂၁)နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့ ဘားအံမြို့။

---

၁ အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ်သမိုင်း မျက် ၈-၁၀

၂ အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ် သမိုင်း မျက် ၃၉-၄၈

၃ (က) အမှတ်(၁၀၃)ခြေလျင်တပ်ရင်းသမိုင်း မျက် ၁

(ခ) အမှတ်(၁၀၄)ခြေလျင်တပ်ရင်းသမိုင်း မျက် ၁

၄ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သမိုင်း မျက် ၅

(၃) အမှတ်(၂၀၁)ခြေမြန်တပ်ရင်း ဘားအံမြို့။
(၄) အမှတ်(၂၀၂)ခြေမြန်တပ်ရင်း တောင်ကလေး။
(၅) အမှတ်(၂၀၃)ခြေမြန်တပ်ရင်း မြိုင်ကလေး။
(၆) ဆက်သွယ်ရေးတပ်ခွဲ၊ အမှတ်(၂၂)ခြေမြန်
တပ်မဌာနချုပ် ဘားအံမြို့။
(၇) အမှတ်(၉၀၄)စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်း၊
အမှတ်(၂)တပ်ခွဲ ဘားအံမြို့။

(ခ) **အဆင့်(၂)** - ဒုတိယအဆင့်တွင် နည်းဗျူဟာ ၁ ခုနှင့် ခြေမြန်တပ်ရင်း ၂ရင်းတို့အား အောက်ပါမြို့များ၌ ၁၉၈၇ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်-

(၁) အမှတ်(၂၂၂)နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့ ဘားအံမြို့။
(၂) အမှတ်(၂၀၄)ခြေမြန်တပ်ရင်း မြိုင်ကလေး။
(၃) အမှတ်(၂၀၅)ခြေမြန်တပ်ရင်း မြိုင်ကလေး။

(ဂ) **အဆင့်(၃)** - တတိယအဆင့်တွင် ခြေမြန်တပ်ရင်း ၂ ရင်းအား အောက်ပါမြို့နယ်များ၌ ၁၉၈၇ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်-

(၁) အမှတ်(၂၀၇)ခြေမြန်တပ်ရင်း သိမ်ဇရပ်။
(၂) အမှတ်(၂၁၀)ခြေမြန်တပ်ရင်း ကျောက်တလုံး။

(ဃ) **အဆင့်(၄)** - စတုတ္ထအဆင့်တွင် နည်းဗျူဟာ ၁ ခုနှင့် ခြေမြန်တပ်ရင်း ၃ ရင်းအား အောက်ပါမြို့နယ်များတွင် ၁၉၈၇ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်-

(၁) အမှတ်(၂၂၃)နည်းဗျူဟာစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့ ဘားအံမြို့။
(၂) အမှတ်(၂၀၆)ခြေမြန်တပ်ရင်း သထုံမြို့။
(၃) အမှတ်(၂၀၈)ခြေမြန်တပ်ရင်း ကျိုက်မရော။
(၄) အမှတ်(၂၀၉)ခြေမြန်တပ်ရင်း ကမာဝက်[၁]

ထိုသို့ တပ်ဖွဲ့စည်းရေးကိစ္စများအား ဆောင်ရွက်ပြီးနောက် ရန်ကုန်မြို့တော်တွင် ၁၉၈၈ခုနှစ်၊ မတ်လမှစ၍ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားလာသဖြင့် ရန်ကုန်မြို့တော် အထူးလုံခြုံရေးတာဝန်ကို ထမ်းဆောင်ခဲ့သည်။

၁၉၈၈ခုနှစ်၊ စက်တင်ဘာလ ၅ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာနက ခြေလျင်တပ်ရင်း ၁၀ရင်း၊ ဆက်သွယ်ရေးတပ်မဌာနချုပ်နှင့်တပ်ခွဲတစ်ခွဲ၊ စစ်မြေပြင်အင်ဂျင်နီယာတပ်ခွဲတို့ပါဝင်သော အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အား တိုးချဲ့ဖွဲ့စည်းဖွင့်လှစ်ရန် သဘောတူညီခဲ့သည်။

[၁] အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်၊သမိုင်း မျက် ၂-၄

ထို့ကြောင့် ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ ၉ရက်နေ့တွင် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်၊ အမှတ်(၄)ဆက်သွယ်ရေးတပ်၊ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်၊ဆက်သွယ်ရေးတပ်ခွဲ၊ အမှတ်(၉၁၇) စစ်မြေပြင်တပ်ခွဲ(အင်ဂျင်နီယာ)နှင့် အမှတ်(၂၁၁)၊(၂၁၂)၊(၂၁၃)ခြေမြန်တပ်ရင်းများကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ ၂၆ရက်နေ့တွင် အမှတ်(၂၁၄)၊(၂၁၅)၊(၂၁၆)၊(၂၁၇)၊(၂၁၈)၊(၂၁၉)၊(၂၂၀)ခြေလျင်တပ်ရင်းများကို ဆက်လက်တိုးချဲ့ ဖွဲ့စည်းခဲ့သည်။[၁]

ထို့နောက် ၁၉၈၈ခုနှစ် ဒီဇင်ဘာလ ၂၁ရက်နေ့တွင် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အား အင်းတိုင်၌လည်းကောင်း၊ ယင်း၏ ကွပ်ကဲမှုလက်အောက်ရှိ တပ်ရင်း/တပ်ဖွဲ့များဖြစ်ကြသော အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်၊ ဆက်သွယ်ရေးတပ်ခွဲ၊ အမှတ်(၉၁၇)စစ်မြေပြင်တပ်ခွဲ(အင်ဂျင်နီယာ)၊ အမှတ်(၂၁၁)ခြေမြန်တပ်ရင်း၊ အမှတ်(၂၁၂)ခြေမြန်တပ်ရင်း၊ အမှတ်(၂၁၃)ခြေမြန်တပ်ရင်းတို့အား အင်းတိုင်၌လည်းကောင်း၊ အမှတ်(၂၁၄)၊(၂၁၅)၊(၂၁၆)၊(၂၁၇)၊(၂၁၈)၊(၂၁၉)နှင့်(၂၂၀)ခြေမြန်တပ်ရင်းတို့အား ရဲမွန်၌လည်းကောင်း တစ်ပြိုင်တည်း ဖွင့်လှစ်နိုင်ခဲ့ပါသည်။[၂]

ထိုကဲ့သို့ တိုးချဲ့ဖွဲ့စည်းဖွင့်လှစ်ပြီးနောက် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်ရင်းများသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့၏ ညွှန်ကြားမှုဖြင့် ရန်ကုန်မြို့တော်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည်။

တပ်မတော်(ကြည်း၊ရေ၊လေ)စစ်မှုထမ်းများ၏လစာနှုန်းများပြောင်းလဲခြင်း

မြန်မာနိုင်ငံလွတ်လပ်ရေးမရမီကာလ ၁၉၄၇ခုနှစ်၊ဩဂုတ်လ(၂၅)ရက်နေ့စွဲပါဗမာ့တပ်မတော်အထူးအမိန့်အမှတ်၊ ၁/အက်စ်/၄၇နှင့် ၂/အက်စ်/၄၇အမိန့်အရ[၃] ၁၉၄၇ခုနှစ်၊ ဩဂုတ်လ(၂၅)ရက်နေ့မှ ၁၉၄၂ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့အထိတပ်မတော်တွင်အမှုထမ်းဆောင်လျက်ရှိကြသော အခြားအဆင့်နှင့် အရာရှိများရရှိသောလစာနှုန်းထားမှာ **ရဲညွှန့်** - ၁၅ကျပ်၊ တစ်နှစ်ကြာသည့်အခါ ၂၀ ကျပ်၊ **တပ်သား** - ၃၀ကျပ်၊ ၅ နှစ်ကြာသည့်အခါ ၃၅ကျပ်၊ **ဒုတပ်ကြပ်** - ၃၅ကျပ်၊ **တပ်ကြပ်** - ၄၀ကျပ်၊ ၄နှစ်ကြာသည့်အခါ ၄၅ကျပ်၊ **တပ်ကြပ်ကြီး** - ၅၅ကျပ်၊ ၄ နှစ် ကြာသည့်အခါ ၆၅ကျပ်၊ ၈ နှစ်ကြာသည့်အခါ ၇၅ကျပ်၊ ၁၂ နှစ်ကြာသည့်အခါ ၈၅ကျပ်၊ ၁၆ နှစ်ကြာသည့်အခါ ၉၅ကျပ်၊ **ခွဲထောက်တပ်ကြပ်ကြီး/အုပ်ခွဲတပ်ကြပ်ကြီး** - ၉၅ကျပ်၊ **ဒုအရာခံဗိုလ်** -၁၂၀ကျပ်၊ ၄ နှစ်ကြာသည့်အခါ ၁၄၀ကျပ်၊ ၈ နှစ်ကြာသည့်အခါ ၁၆၀ကျပ်၊ **အရာခံဗိုလ်** - ၂၀၀ကျပ်၊ ၄ နှစ်ကြာသည့်အခါ ၂၃၀ ကျပ်၊ ၈ နှစ်ကြာသည့်အခါ ၂၆၀ကျပ်၊ **ဒုတိယဗိုလ်** - ၂၅၀ကျပ်၊ **ဗိုလ်** - ၃၅၀ ကျပ်၊ ၂ နှစ်ကြာသည့်အခါ ၄၀၀ကျပ်၊ ၃ နှစ်ကြာသည့်အခါ ၄၂၅ကျပ်၊ **ဗိုလ်ကြီး**- ၅၂၅ကျပ်၊ ၂ နှစ်

---

၁ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်သမိုင်း မျက် ၁-၄

၂ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်သမိုင်း မျက် ၁၈-၁၉

၃ (a) Special Burma Army Order No. 1/S/47, Dated 25 August 1947.

(b) Special Burma Army Order No. 2/S/47, Dated 25 August 1947.

ကြာသည့်အခါ ၅၇၅ကျပ်၊ ၄ နှစ်ကြာသည့်အခါ ၆၂၅ကျပ်၊ ၆ နှစ်ကြာသည့်အခါ ၇၀၀ကျပ်၊ **ဒိုလ်မှူး** - ၈၀၀ကျပ်၊ ၂ နှစ်ကြာသည့်အခါ ၈၅၀ကျပ်၊ ၄ နှစ်ကြာသည့်အခါ ၉၂၅ကျပ်၊ ၆ နှစ်ကြာသည့်အခါ ၁၀၀၀ကျပ်၊ **ဒုတိယဒိုလ်မှူးကြီး** - ၁၁၀၀ကျပ်၊ ၂ နှစ်ကြာသည့်အခါ ၁၁၂၅ကျပ်၊ ၄ နှစ်ကြာသည့်အခါ ၁၁၅၀ကျပ်၊ ၆ နှစ်ကြာသည့်အခါ ၁၁၇၅ကျပ်၊ ၈ နှစ်ကြာသည့်အခါ ၁၂၀၀ကျပ်၊ **ဒိုလ်မှူးကြီး** - ၁၃၀၀ကျပ်၊ **ဒိုလ်မှူးချုပ်** - ၁၄၀၀ကျပ်၊ **ဒိုလ်ချုပ်** - ၁၈၀၀ကျပ်၊ **ဒိုလ်ချုပ်ကြီး** - ၂၅၀၀ကျပ်တို့ဖြစ်သည်။

သို့ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် လစာပြင်ဆင်ရေးကော်မတီ၏အစီရင်ခံစာပါ တပ်မတော်(ကြည်း၊ရေ၊လေ)စစ်မှုထမ်းများ၏လစာများကို ၁၉၇၂ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှစ၍ ပြောင်းလဲပြင်ဆင်ခဲ့သည်။ ယင်းလစာပြင်ဆင်ခြင်းနှင့်ပတ်သက်၍ စိမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၁၉၇၂ခုနှစ်၊ နိုဝင်ဘာလ(၁၄)ရက်နေ့တွင် အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့သည်။ သို့ဖြစ်၍ တပ်မတော်(ကြည်း၊ရေ၊လေ)စစ်မှုထမ်းများရရှိသောလစာမှာ **တပ်သားသစ်** - ၇၅ကျပ်၊ **တပ်သား** - (၁၀၀-၂-၁၁၀)ကျပ်၊ **ဒုတပ်ကြပ်** - (၁၁၀-၃-၁၂၅)ကျပ်၊ **တပ်ကြပ်** - (၁၂၅-၃-၁၄၀)ကျပ်၊ **တပ်ကြပ်ကြီး** - (၁၄၅-၅-၁၇၀)ကျပ်၊ **ခွဲထောတ်တပ်ကြပ်ကြီး/ အုပ်ခွဲတပ်ကြပ်ကြီး** - (၁၈၀-၅-၂၀၅)ကျပ်၊ **ဒုအရာခံဒိုလ်** - (၂၁၀-၁၀-၂၈၀)ကျပ်၊ **အရာခံဒိုလ်** - (၂၈၀-၁၀-၃၅၀)ကျပ်၊ **ဒုတိယဒိုလ်** - (၃၂၀)ကျပ်၊ ဒိုလ် - (၄၁၀-၂၀-၄၇၀)ကျပ်၊ **ဒိုလ်ကြီး** - (၅၄၀-၄၀-၇၀၀)ကျပ်၊ **ဒိုလ်မှူး**- (၈၀၀-၄၀-၁၀၀၀)ကျပ်၊ **ဒုတိယဒိုလ်မှူးကြီး**- (၁၁၀၀-၅၀-၁၂၀၀)ကျပ်၊ **ဒိုလ်မှူးကြီး** - (၁၃၀၀)ကျပ်၊ **ဒိုလ်မှူးချုပ်** - (၁၄၀၀)ကျပ်၊ **ဒိုလ်ချုပ်** - ၁၅၀၀ကျပ်[၁]၊ **ဒုတိယဒိုလ်ချုပ်ကြီး** - (၁၆၀၀)ကျပ်[၂]၊ **ဒိုလ်ချုပ်ကြီး** - (၁၈၀၀)ကျပ်[၃]တို့ဖြစ်ကြသည်။

ထို့အပြင် စိမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၉၇၆ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၆၁)အရ တပ်မတော်(ကြည်း၊ရေ၊လေ)စစ်မှုထမ်းများ၏လစာနှုန်းအလိုက် ယာယီရှားပါးစရိတ်ကို ၁၉၇၆ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့မှစ၍ သတ်မှတ်ခံစားခွင့်ပြုခဲ့သည်။ ထို့ကြောင့် တပ်သားသစ်မှ တပ်ကြပ်အထိရှားပါးစရိတ် ၄ကျပ်၊ တပ်ကြပ်ကြီးမှ တပ်ခွဲတပ်ကြပ်ကြီး/ အုပ်ခွဲတပ်ကြပ်ကြီးအထိ ယာယီရှားပါးစရိတ် ၃၅ကျပ်၊ ဒုအရာခံဒိုလ်မှဒုတိယဒိုလ်အထိ ယာယီရှားပါးစရိတ် ၂၅ကျပ်၊ ဒိုလ်[၄] ယာယီရှားပါးစရိတ် ၁၅ကျပ်တို့ကို ရရှိခံစားခဲ့ကြသည်။[၅]

ထို့အတူ စိမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၉၈၁ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့စွဲပါအမိန့်ကြော်ငြာစာအရ တပ်မတော်(ကြည်း၊ရေ၊လေ)တွင် တာဝန်ထမ်းဆောင်လျက်ရှိကြ

---

၁ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရေးချုပ်ရုံး၊ စာအမှတ်၊ ၁/၅၄၄/ရေး၂(ဂ)

၂ ကာကွယ်ရေးကောင်စီအမိန့်အမှတ်၊ ၁၀/အထူး/၇၄

၃ ကာကွယ်ရေးကောင်စီအမိန့်အမှတ်၊ ၁၀/အထူး/၇၄

၄ ဒိုလ်အဆင့်ဖြင့် ပထမနှစ်တိုးတစ်ကြိမ်အထိသာခံစားခွင့်ရှိသည်။

၅ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရေးချုပ်ရုံး ၏ ၇-၇-၁၉၇၆ ရက်စွဲပါစာအမှတ်၊ ၃၄/၅၃၄/ရေး-၂(ဂ)

သော စစ်မှုထမ်းများအားလစဉ်ဝင်ငွေတိုးမြှင့်သတ်မှတ်ပေးနိုင်ရန်အတွက် သတ်မှတ်ထားသောယာယီရှားပါးစရိတ်များကို ပယ်ဖျက်ပြီး လစာနှုန်းအလိုက် အပိုထောက်ပံ့ကြေးများကို ခံစားခွင့်ပြုခဲ့သည်။ ထို့ကြောင့် အပိုထောက်ပံ့ကြေးများကို တပ်သားသစ်မှ တပ်ကြပ်အထိ ၇၀ကျပ်၊ တပ်ကြပ်ကြီး မှ ဒုအရာခံဗိုလ်အထိ ၇၅ကျပ်၊ အရာခံဗိုလ်မှ ဒုတိယဗိုလ်အထိ ၈၀ကျပ်၊ ဗိုလ်မှဗိုလ်ကြီးအထိ ၉၀ကျပ်၊ ဗိုလ်မှူး ၁၀၀ကျပ်၊ ဒုတိယဗိုလ်မှူးကြီး ၁၁၀ကျပ်၊ ဗိုလ်မှူးကြီး ၁၂၀ကျပ်၊ ဗိုလ်မှူးချုပ် ၁၃၀ကျပ်၊ ဗိုလ်ချုပ်မှ ဒုတိယဗိုလ်ချုပ်ကြီးအထိ ၁၅၀ကျပ်၊ ဗိုလ်ချုပ်ကြီး ၂၀၀ကျပ်တို့ကို ခံစားခွင့်ရရှိခဲ့ကြသည်။[၁]

တပ်မတော်(ကြည်း၊ရေ၊လေ)စစ်မှုထမ်းများ၏ ရာထူးအဆင့်တံဆိပ်များ ပြောင်းလဲတပ်ဆင်ခြင်း

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည့် အချိန်မှစတင်၍ တပ်မတော်(ကြည်း၊ ရေ၊လေ)စစ်မှုထမ်းများသည် မိမိတို့တပ်မတော်အလိုက် သီးခြားရာထူးအဆင့်တံဆိပ်များကို တပ်ဆင်အသုံးပြုခဲ့ကြသည်။

ထို့နောက် ၁၉၅၈ ခုနှစ်တွင် တပ်မတော်(လေ)စစ်မှုထမ်းများသည် မူလတပ်ဆင်ထားသော ရာထူးအဆင့်တံဆိပ်များအစားရာထူးအဆင့်တံဆိပ်ပုံစံသစ်ကို ပြောင်းလဲတပ်ဆင်အသုံးပြုခဲ့ကြသည်။

၁၉၆၉ခုနှစ်တွင် တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)စစ်မှုထမ်းများသည် မိမိတို့တပ်ဆင်ထားသော ရာထူးအဆင့်တံဆိပ်များအစား တပ်မတော်(ကြည်း)စစ်မှုထမ်းများ၏ ရာထူးအဆင့်တံဆိပ်များအတိုင်း ၁၉၇၇ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့အထိ တစ်ပြေးညီပြောင်းလဲတပ်ဆင်အသုံးပြုခဲ့ကြသည်။

၁၉၇၇ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့တွင် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်မှုထမ်းများတစ်ပြေးညီတပ်ဆင်ထားသည့် ရာထူးအဆင့်တံဆိပ်များကို ရာထူးအဆင့်တံဆိပ်ပုံစံသစ်သို့ ပြောင်းလဲပြီး တစ်ပြေးညီတပ်ဆင်ခဲ့ကြသည်။

၁ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရေးချုပ်ရုံး ၏ ၁၉-၂-၁၉၈၁ ရက်စွဲပါစာအမှတ်၊ ၃၄/၅၃၇/ရေး-၂(ဂ)

အခန်း(၄)

တပ်မတော်(ရေ)တိုးချဲ့.ဖွဲ့.စည်းခြင်း

တပ်မတော်(ရေ)ပြင်ဆင်ဖွဲ့.စည်းခြင်း

တပ်မတော်(ရေ)သည် တပ်မတော်(ရေတပ်)၏ လုပ်ငန်းတာဝန်များကို ပိုမိုစနစ်တကျ ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်နိုင်ရေးအတွက် ၁၉၆၆/၆၇ခုနှစ် တပ်မတော်(ရေတပ်) ဖွဲ့.စည်းပုံအား ၁၉၇၇/၇၈ ခုနှစ် တပ်မတော်(ရေ) ဖွဲ့.စည်းပုံဖြင့် ပြောင်းလဲသတ်မှတ်၍ ၁၂-၉-၇၈ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့် ရေတပ်လေ့ကျင့်ရေးဌာနချုပ်တို့ကိုလည်းကောင်း၊ ၁၄-၉-၇၈ ရက်တွင် ရေတပ်စခန်းဌာနချုပ်များကိုလည်းကောင်း ပြင်ဆင်တိုးချဲ့.ဖွဲ့.စည်းခဲ့သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တွင် ယခင်က စစ်ဆင်ရေးနှင့်လေ့ကျင့်ရေးဌာနစု၊ တာဝန်ဌာနစု၊ သုတေသနနှင့်စီမံရေးဌာနစု၊ စက်မှုလက်မှုဌာနစုတို့ဖြင့် ဖွဲ့.စည်းထားရှိရာမှ စစ်ဆင်ရေးဌာနစု၊ လေ့ကျင့်ရေးဌာနစု၊ တာဝန်ဌာနစု၊ စီမံရေးဌာနစု၊ သုတေသနဌာနစု၊ ရေတပ်ဆိုင်ရာ ဆေးပညာဌာနစုတို့ဖြင့် ပြင်ဆင်သတ်မှတ်ဖွဲ့.စည်းခဲ့သည်။

တပ်မတော်(ရေ)သည် ယခင်ရေတပ်လေ့ကျင့်ရေးကျောင်းကို ဆိပ်ကြီး-သန်လျင်တွင်ပင် ရေတပ်လေ့ကျင့်ရေးဌာနချုပ်အဖြစ်ထားရှိပြီး ရေကြောင်းနှင့်အုပ်ချုပ်မှုအတတ်သင်ကျောင်း၊ ရေတပ်လက်နက်နှင့်ဆက်သွယ်ရေးအတတ်သင်ကျောင်း၊ ရေတပ်စက်မှုလက်မှုအတတ်သင်ကျောင်း၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ်-အုပ်ချုပ်ရေးတပ်တို့ဖြင့် တိုးချဲ့.ဖွဲ့.စည်းခဲ့သည်။

ရေတပ်လေ့ကျင့်ရေးဌာနချုပ်သည် တပ်မတော်(ရေ)စီမံခန့်ခွဲရေးအရာရှိငယ်/အင်ဂျင်နီယာ အရာရှိငယ်သင်တန်းများ၊ အရာရှိအုပ်ချုပ်မှုလုပ်ငန်းသင်တန်းများ၊ အရာရှိအရည်အချင်းပြည့် သင်တန်းများ၊ ရေတပ်ဆိုင်ရာ ဘာသာရပ်အထူးပြုသင်တန်းများ၊ စစ်ရေယာဉ်မှူးသင်တန်းများနှင့် တပ်မတော်(ရေ)အခြားအဆင့်ပညာရပ်ဆိုင်ရာ တပ်ဖွဲ့.ခွဲ(၅၄)မျိုး၏ အတန်းအလိုက် သင်တန်းများ၊ ရေတပ်လက်နက်/ပစ္စည်းကိရိယာဆိုင်ရာ အထူးပြုသင်တန်းစသည်များ သင်ကြားပို့ချပေးသည်။

တပ်မတော်(ရေ)သည် ရေတပ်စခန်းဌာနချုပ်များကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၏ တိုက်ရိုက် ကွပ်ကဲ ကြီးကြပ်မှုအောက်တွင် ထားရှိ၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)က သတ်မှတ်ပေး ထားသော စခန်းဌာနချုပ်နယ်နိမိတ်များအတွင်း ရေကြောင်းဆိုင်ရာ စစ်ဆင်ရေးနှင့် လုံခြုံရေးကိစ္စ ရပ်များကို တာဝန်ခံစီမံကွပ်ကဲ ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့သည်။ ရေတပ်စခန်းဌာနချုပ်များကို လည်း တိုးချဲ့.ဖွဲ့.စည်းခဲ့သည်။ ယင်းတို့မှာ-

ရေတပ်စခန်းဌာနချုပ်များ

ရခိုင်ရေတပ်စခန်းဌာနချုပ် စစ်တွေ

ဧရာဝတီရေတပ်စခန်းဌာနချုပ်	ရန်ကုန်
တနင်္သာရီရေတပ်စခန်းဌာနချုပ်	မော်လမြိုင်
ဌာနချုပ်လက်အောက်ခံတပ်များ	
ရေတပ်ဆက်သွယ်ရေးတပ်	
အမှတ်(၁၁)ရေတပ်ဆက်သွယ်ရေးတပ်	စစ်တွေ
အမှတ်(၂၁)ရေတပ်ဆက်သွယ်ရေးတပ်	ရန်ကုန်
အမှတ်(၃၁)ရေတပ်ဆက်သွယ်ရေးတပ်	မော်လမြိုင်
ရေတပ်ပစ္စည်းထိန်းတပ်	
အမှတ်(၁၂)ရေတပ်ပစ္စည်းထိန်းတပ်	စစ်တွေ
အမှတ်(၂၂)ရေတပ်ပစ္စည်းထိန်းတပ်	ရန်ကုန်
အမှတ်(၃၂)ရေတပ်ပစ္စည်းထိန်းတပ်	မော်လမြိုင်
ရေတပ်အုပ်ချုပ်ရေးတပ်	
အမှတ်(၁၃)ရေတပ်အုပ်ချုပ်ရေးတပ်	စစ်တွေ
အမှတ်(၂၃)ရေတပ်အုပ်ချုပ်ရေးတပ်	ရန်ကုန်
အမှတ်(၃၃)ရေတပ်အုပ်ချုပ်ရေးတပ်	မော်လမြိုင်
ရေတပ်လက်နက်ခဲယမ်းတပ်	
အမှတ်(၁၄)ရေတပ်လက်နက်ခဲယမ်းတပ်	စစ်တွေ
အမှတ်(၂၄)ရေတပ်လက်နက်ခဲယမ်းတပ်	ရန်ကုန်
အမှတ်(၃၄)ရေတပ်လက်နက်ခဲယမ်းတပ်	မော်လမြိုင်
ရေတပ်စက်မှုလက်မှုတပ်	
အမှတ်(၁၅)ရေတပ်စက်မှုလက်မှုတပ်	စစ်တွေ
အမှတ်(၂၅)ရေတပ်စက်မှုလက်မှုတပ်	ရန်ကုန်
အမှတ်(၃၅)ရေတပ်စက်မှုလက်မှုတပ်	မော်လမြိုင်
စစ်ရေယာဉ်စု	
အမှတ်(၁၆)စစ်ရေယာဉ်စု	စစ်တွေ
အမှတ်(၂၆)စစ်ရေယာဉ်စု	ရန်ကုန်
အမှတ်(၃၆)စစ်ရေယာဉ်စု	မော်လမြိုင်
ရေတပ်လေ့ကျင့်ရေးတပ်	
အမှတ်(၁၇)ရေတပ်လေ့ကျင့်ရေးတပ်	စစ်တွေ
အမှတ်(၂၇)ရေတပ်လေ့ကျင့်ရေးတပ်	ပုသိမ်

အမှတ်(၃၇)ရေတပ်လေ့ကျင့်ရေးတပ် မော်လမြိုင်

ရေတပ်အခြေစိုက်စခန်း

အမှတ်(၂၈)ရေတပ်အခြေစိုက်စခန်း ပုသိမ်

အမှတ်(၃၈)ရေတပ်အခြေစိုက်စခန်း မြိတ်

ရေတပ်ရှေ့တန်းစခန်း

အမှတ်(၁၉)ရေတပ်ရှေ့တန်းစခန်း ဇာဒက်ကြီးကျွန်း

အမှတ်(၂၉)ရေတပ်ရှေ့တန်းစခန်း ပုလဲကျွန်း

အမှတ်(၃၉)ရေတပ်ရှေ့တန်းစခန်း မလိကျွန်း

တို့ဖြစ်ကြသည်။

ရေတပ်စခန်းဌာနချုပ်များသည်-

- မိမိစခန်းဌာနချုပ်နယ်မြေအတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၏ လိုအပ်ချက်များအတိုင်းရေကြောင်းဆိုင်ရာစစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကိုစီမံဆောင်ရွက်ခြင်း၊
- မိမိစခန်းဌာနချုပ်နယ်မြေအတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ၏သဘောတူခွင့်ပြုချက်နှင့်အညီ ရေကြောင်းဆိုင်ရာမဟုတ်သော အခြားစစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကိုတပ်မတော်(ကြည်း/လေ)တို့နှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊
- မိမိစခန်းဌာနချုပ်နယ်မြေအတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၏ သဘောတူခွင့်ပြုချက်နှင့်အညီမြို့ပြဆိုင်ရာအရေးအခင်းများတွင်ပါဝင်ကူညီခြင်း၊
- မိမိစခန်းဌာနချုပ် နယ်မြေအတွင်း ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊
- မိမိစခန်းဌာနချုပ်နယ်မြေအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အခါအားလျော်စွာသက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍စည်းရုံးလှုပ်ရှားဆောင်ရွက်ခြင်း၊
- မိမိစခန်းဌာနချုပ်နယ်မြေအတွင်း အထက်ပါလုပ်ငန်းများကို မိမိအင်အား အတွင်းမှာပင် ပြည့်စုံစွာ ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပေးထားသော လက်အောက်ခံတပ်/စခန်း/ရေယာဉ်များ၏ လေ့ကျင့်ရေးနှင့်အုပ်ချုပ်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်း
- မိမိစခန်းဌာနချုပ် နယ်မြေအတွင်း စစ်ဆင်ရေးနှင့်လုံခြုံရေး အခြေအနေများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) စစ်ဦးစီးအဖွဲ့နှင့်ညှိနှိုင်း၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)သို့ လိုအပ်သလိုတင်ပြအကြံပေးခြင်း တာဝန်များကို ထမ်းဆောင်သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ဗျူဟာစစ်ရေယာဉ်စု၊ ပင်မတပ်များဖြစ်ကြသော ရေတပ်ပင်မဆက်သွယ်ရေးတပ်၊ ရေတပ်ပင်မစက်မှုလက်မှုတပ်၊ ရေတပ်

ပင်မလက်နက်ခဲယမ်းတပ်၊ ရေတပ်ပင်မပစ္စည်းထိန်းတပ်၊ ရေတပ်ပင်မတိုင်းတာရေးတပ်၊ ရေတပ်ပင်မ ရေငုပ်နှင့်ဆယ်ယူရေးတပ်တို့နှင့် သီးသန့်တပ်များဖြစ်ကြသော အမှတ်(၁/၂)ရေတပ်တပ်ထိန်းတပ်၊ အမှတ်(၁/၂/၃)ရေတပ်ထောက်လှမ်းရေးတပ်၊ ရေတပ်ဆေးရုံ၊ ရေတပ်စစ်တီးဝိုင်းတပ်၊ ရေတပ်ရေဒါတပ်တို့ကိုလည်း တိုးချဲ့ဖွဲ့စည်းခဲ့သည်။

ဗျူဟာစစ်ရေယာဉ်စုသည် ပင်လယ်ပြင်သို့ ရာသီမရွေးသွားလာနိုင်သော စစ်ရေယာဉ်များဖြင့် ဖွဲ့စည်းထားရှိသည်။ ယင်းစစ်ရေယာဉ်များဖြင့် မြန်မာ့ပင်လယ်ပြင်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက် ဗျူဟာမြောက်စစ်ဆင်ရေးတာဝန် ထမ်းဆောင်လျက်ရှိပြီး စခန်းဌာနချုပ်များ၏ လိုအပ်ချက်များအရ အခါအားလျော်စွာ စစ်ရေယာဉ်များ တွဲဖက်တာဝန်ထမ်းဆောင်စေသည်။

ရေတပ်ပင်မဆက်သွယ်ရေးတပ်နှင့် ရေတပ်ဆက်သွယ်ရေးတပ်များသည် တပ်မတော်(ရေ)အတွင်း စစ်ရေယာဉ်များအချင်းချင်း၊ စစ်ရေယာဉ်များနှင့် ကမ်းခြေစိုက်စခန်းများ၊ ကမ်းခြေစိုက်စခန်းများအချင်းချင်း၊ တပ်မတော်(ရေ)နှင့် အခြားဌာနတို့၏ ဆက်သွယ်ရေးတာဝန်အား ကြိုးမဲ့ကြေးနန်း အဝေးအနီးရေဒီယိုတယ်လီဖုန်း၊ စကားပြောဆက်သွယ်ဆောင်ရွက်ခြင်း၊ ရေတပ်ဆက်သွယ်ရေးနှင့် အီလက်ထရွန်းနစ်ပစ္စည်းကိရိယာများ၏ ကြံ့ခိုင်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတာဝန်များ ထမ်းဆောင်ခြင်းတို့ကို ဆောင်ရွက်သည်။ ရေတပ်ပင်မဆက်သွယ်ရေးတပ်နှင့်ရေတပ်ဆက်သွယ်ရေးတပ်များသည် ရေတပ်ဆက်သွယ်ရေးနှင့်အီလက်ထရွန်းနစ်ပညာသည်များ၏ တာဝန်ခံတပ်ဖြစ်သည်။

ရေတပ်ပင်မစက်မှုလက်မှုတပ်နှင့် ရေတပ်စက်မှုလက်မှုတပ်များသည် တပ်မတော်(ရေ)စစ်ရေယာဉ်များ လွန်းတင် ပြင်ဆင်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများ၊ စက်ကိရိယာပစ္စည်းနှင့် လျှပ်စစ်ကိရိယာပစ္စည်းများ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သည်။ ရေတပ်ပင်မစက်မှုလက်မှုတပ်နှင့် ရေတပ်စက်မှုလက်မှုတပ်များသည် ရေတပ်စက်မှုလက်မှုပညာသည်များ၏ တာဝန်ခံတပ်ဖြစ်သည်။

ရေတပ်ပင်မလက်နက်ခဲယမ်းတပ်နှင့် ရေတပ်လက်နက်ခဲယမ်းတပ်များသည် တပ်မတော်(ရေ)ရှိ လက်နက်ခဲယမ်းများ ပြုပြင်ထိန်းသိမ်း ထုတ်ပေးသိမ်းဆည်းခြင်း၊ ရေတပ်လက်နက်ခဲယမ်းဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သည်။ ရေတပ်ပင်မလက်နက်ခဲယမ်းတပ် နှင့် ရေတပ်လက်နက်ခဲယမ်းတပ်များသည် ရေတပ်လက်နက်ခဲယမ်းပညာသည်တို့၏ တာဝန်ခံတပ်ဖြစ်သည်။

ရေတပ်ပင်မပစ္စည်းထိန်းတပ်နှင့် ရေတပ်ပစ္စည်းထိန်းတပ်များသည် တပ်မတော်(ရေ)တွင် အသုံးပြုသော ရေတပ်သီးသန့်သုံးပစ္စည်းများ၊ တပ်မတော်(ကြည်း/ရေ/လေ) အသုံးတူပစ္စည်းများအား ဖြည့်တင်းခြင်း၊ စနစ်တကျထိန်းသိမ်းခြင်း၊ ဒေသန္တရ ဝယ်ယူခြင်း၊ သတ်မှတ်ချက်နှင့်အညီ ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်သည်။ ရေတပ်ပင်မပစ္စည်းထိန်းတပ်နှင့်ရေတပ်ပစ္စည်းထိန်းတပ်များသည် ရေတပ်အထွေထွေစစ်သည်များ၏ တာဝန်ခံတပ်ဖြစ်သည်။

ရေတပ်ပင်မတိုင်းတာရေးတပ်သည် မြန်မာနိုင်ငံ၏ ရေကြောင်းနယ်နိမိတ်တိုင်းတာသတ်မှတ်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆိပ်ကမ်းအဝင် ရေလမ်းကြောင်းများတိုင်းတာခြင်း၊ ရေပုံထုတ်လုပ်ခြင်း၊ မြန်မာနိုင်ငံဆိပ်ကမ်းမြို့များ၏ ဒီရေဇယား နှစ်စဉ်တွက်ချက် ထုတ်ဝေခြင်း၊ ရေကြောင်းဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ခြင်း၊ ရေကြောင်းလမ်းညွှန်ပစ္စည်းကိရိယာများ ပြုပြင်ထိန်းသိမ်းခြင်းတို့ကိုဆောင်ရွက်သည်။ ရေတပ်ပင်မတိုင်းတာရေးတပ်သည် ရေတပ်တိုင်းတာရေးပညာသည်များ၏ တာဝန်ခံတပ်ဖြစ်သည်။

ရေတပ်ပင်မရေငုပ်နှင့်ဆယ်ယူရေးတပ်သည် တပ်မတော်(ရေ)နှင့် နယ်ဘက်မှ နစ်မြုပ်သွားသော ရေယာဉ်များ ပြန်လည်ဆယ်ယူရာတွင် အကူအညီပေးခြင်း၊ ရေအောက်အန္တရာယ်များအား ဖောက်ခွဲရှင်းလင်းခြင်း၊ ရေအောက်အန္တရာယ်များ ကြိုတင်ရှင်းလင်းခြင်း၊ ရေပြင်သက်စောင့်တာဝန်ထမ်းဆောင်ခြင်းတို့ကို ဆောင်ရွက်သည်။ ရေတပ်ပင်မရေငုပ်နှင့်ဆယ်ယူရေးတပ်သည် ရေငုပ်နှင့်ဆယ်ယူရေးပညာသည်တို့၏ တာဝန်ခံတပ်ဖြစ်သည်။

တပ်မတော်(ရေ)သည် ၁၉၇၈-၇၉ ခုနှစ်တွင် အရာရှိ(၅၀၀)နှင့်အခြားအဆင့်(၉၀၀၀)ကျော်အင်အားရှိလာခဲ့သည်။

တပ်မတော်(ရေ)အလံနှင့်အဆင့်တံဆိပ်ပြောင်းလဲသတ်မှတ်ခြင်း

တပ်မတော်(ရေတပ်)သည် ၂၇-၃-၇၄ရက်မှစတင်၍ တပ်မတော်(ရေ)အလံ၏ အထက်ပိုင်းတစ်ဝက် အပြာနုရောင်၊ အောက်ပိုင်းတစ်ဝက် အပြာရင့်ရောင် အောက်ခံပေါ်တွင် အလယ်ဗဟိုဌ အဖြူရောင် ငါးထောင့်ကြယ်ပါရှိသော ရေတပ်အလံကို ပြောင်းလဲသတ်မှတ်အသုံးပြုခဲ့သည်။

တပ်မတော်(ရေတပ်)အရာရှိ၊ စစ်သည်များ၏ ဦးထုပ်တံဆိပ်နှင့် အဆင့်တံဆိပ်များကိုလည်း ၁-၁၀-၇၇ရက်မှစတင်၍ တပ်မတော်(ကြည်း/ရေ/လေ)တူညီစွာပြင်ဆင်သတ်မှတ်အသုံးပြုခဲ့သည်။

ကာကွယ်ရေးဦးစီးချုပ်(ရေ)များ

ဗိုလ်မှူးကြီးချစ်လှိုင်သည် ၈-၃-၇၄ရက်တွင် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ)၏ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်ခဲ့ပြီး၊ ၉-၃-၇၄ရက်တွင် ဗိုလ်မှူးချုပ်အဖြစ်လည်းကောင်း၊ ၁-၁-၇၉ရက်တွင် ဗိုလ်ချုပ်အဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ခန့်အပ်ခြင်း ခံခဲ့ရသည်။

ဗိုလ်မှူးချုပ်မောင်မောင်ဝင်းသည် ၁၆-၁၀-၈၀ရက်တွင် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ)၏ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်ခဲ့ပြီး၊ ၂၄-၁၁-၈၁ရက်တွင် ဗိုလ်ချုပ်အဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံခဲ့ရသည်။

ဗိုလ်မှူးချုပ်မောင်မောင်ခင်သည် ၄-၁၁-၈၅ရက်တွင် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ)၏ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်ခဲ့ပြီး၊ ၄-၁၁-၈၆ရက်တွင် ဗိုလ်ချုပ်အဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံခဲ့ရသည်။

တပ်မတော်(ရေ)မှ ဆောင်ရွက်ခဲ့သော စစ်ဆင်ရေးများ

ရခိုင်ရေတပ်စခန်းဌာနချုပ်နယ်မြေအတွင်း ၁၉၈၂ ခုနှစ်တွင် အောင်ယက္ခစစ်ဆင်ရေး၊ ၁၉၈၄ မှ ၁၉၈၆ ခုနှစ်အထိ အောင်ပင်လယ်စစ်ဆင်ရေး၊ ၈-၅-၈၆ ရက်တွင် မင်းပြားအရေးအခင်း၊ ၁၉၈၇ခုနှစ်တွင် မူဝံစစ်ဆင်ရေးနှင့် ၁၉၈၈ခုနှစ်တွင် မူဝံအဆင့်(၂)စစ်ဆင်ရေးတို့အား ဆောင်ရွက်ခဲ့သည်။

ဧရာဝတီရေတပ်စခန်းဌာနချုပ် နယ်မြေအတွင်း ၁၉၈၄ ခုနှစ်တွင် အောင်ပင်လယ်စစ်ဆင်ရေး၊ ၁၉၈၅ခုနှစ်တွင် ရေနဂါးစစ်ဆင်ရေး၊ ၁၉၈၆ ခုနှစ်တွင် ဟေမာန်ဦးစစ်ဆင်ရေး၊ ၁၉၈၇ ခုနှစ်တွင် ပွင့်လင်းအောင်စစ်ဆင်ရေး၊ ၁၉၈၈ ခုနှစ်တွင် အောင်တံခွန်စစ်ဆင်ရေးများကို ဆောင်ရွက်ခဲ့သည်။

တနင်္သာရီရေတပ်စခန်းဌာနချုပ်နယ်မြေအတွင်း ၁၉၈၂ခုနှစ် မှ ၁၉၈၅ခုနှစ်အထိ ကုလားကောက်စစ်ဆင်ရေး၊ ၁၉၈၅ခုနှစ်တွင် ရွှေပုစွန်စစ်ဆင်ရေး၊ ၁၉၈၅ မှ ၁၉၈၆ခုနှစ်အထိ ရေနဂါးစစ်ဆင်ရေး၊ ၁၉၈၇ခုနှစ်တွင် ရန်ရှင်းစစ်ဆင်ရေးများကို ဆောင်ရွက်ခဲ့သည်။

ထို့အပြင် တပ်မတော်(ရေ)သည် တနင်္သာရီရေတပ်စခန်းဌာနချုပ် နယ်မြေအတွင်း ၂၅-၄-၈၄ ရက်တွင် သောင်းကျန်းသူများသည် ကရင်ပြည်နယ် တကောင်ဘိုးရွာအနီး၌ ရေကြောင်းပို့ဆောင်ရေးရေယာဉ် စည်သူအား ဝိုင်းဝန်းတိုက်ခိုက်ခဲ့ရာ တပ်မတော်(ရေ)က ကင်း(၁၅)ရေယာဉ်နှင့်တကောင်ဘိုးပြည်သူ့ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ပြန်လည်တိုက်ခိုက်ချေမှုန်းခဲ့သည်။

၁၀-၁၁-၈၄ရက်တွင် ဖားအံမြို့နယ်၊ မိဂလုံရွာအနီးတွင် အမှတ်(၉၇)ခြေလျင်တပ်ရင်းမှ တပ်စုနှစ်စုနှင့် သောင်းကျန်းသူများ ရင်ဆိုင်တိုက်ပွဲဖြစ်ခဲ့ရာ တပ်မတော်(ရေ)မှ မြစ်တွင်းတိုက်ရေယာဉ်(၃၀၅)မှ ထိရောက်စွာ ပစ်ကူပေးတိုက်ခိုက်မှုကြောင့် ရန်သူများ အထိနာစွာ ဆုတ်ခွာသွားခဲ့သည်။

၂၃-၄-၈၇ရက်တွင် တပ်မတော်(ရေ)မှ မြစ်ရေယာဉ်-စက်ရဟတ်သည် ရေကြောင်းပို့ဆောင်ရေးရေယာဉ် ဆင်တော်၏ ကြာအင်းဆိပ်ကြီး-ကျိုက်မရော ရေကြောင်းလုံခြုံရေးအစောင့်အရှောက်လိုက်ပါစဉ် ရွှေလင်းကျောက်အနီး၌ သောင်းကျန်းသူ ၆၀ဦးခန့်မှ ပြင်းထန်စွာတိုက်ခိုက်ခဲ့ရာ မိမိစစ်ရေယာဉ်မှ ထိရောက်စွာ တန်ပြန်တိုက်ခိုက်မှုကြောင့် ရန်သူ ၇ဦးကျဆုံးပြီး၊ ၂၉ဦး ဒဏ်ရာရရှိ၍ ဆုတ်ခွါထွက်ပြေးသွားခဲ့သည်။

၁၅-၇-၈၇ရက်တွင် တပ်မတော်(ရေ)မှ မြစ်ရေယာဉ် စက်ြောသည် ရေကြောင်းပို့ဆောင်ရေးရေယာဉ်၏ ကျိုက်မရော-ကြာအင်းဆိပ်ကြီး ရေကြောင်းလုံခြုံရေးအစောင့်အရှောက်လိုက်ပါစဉ် သံပုရာရွာအနီး၌ သောင်းကျန်းသူ ဓဝဦးခန့်နှင့် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့ရာ မိမိစစ်ရေယာဉ်မှ ထိရောက်စွာ တန်ပြန်တိုက်ခိုက်၍ ခရီးသည်တင်ရေယာဉ်နှင့် ခရီးသည်များအား အကာအကွယ် ပေးနိုင်ခဲ့သည်။

တပ်မတော်(ရေ)လေ့ကျင့်ရေး

တပ်မတော်(ရေ)သည် ၁၉၇၄ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း အရာရှိ ၆၀ဦးနှင့် အခြားအဆင့် ၇ဦးတို့အား ပြည်ပနိုင်ငံများသို့ စေလွှတ်ကာ ရေတပ်ဆိုင်ရာ ပညာရပ်များ လေ့လာဆည်းပူးစေပြီး ရေတပ်လေ့ကျင့်ရေးဌာနချုပ်တွင် ဆင့်ပွားသင်တန်းများ ပို့ချပြန့်ပွားစေခဲ့သည်။

တပ်မတော်(ရေ)စစ်ရေယာဉ်များတိုးချဲ့ခြင်း

တပ်မတော်(ရေ)သည် ၁၉၇၈ခုနှစ်တွင် မြစ်တွင်းကင်းလှည့်ရေယာဉ် ခြောက်စီး၊ ၁၉၇၉-၈၀ ခုနှစ်တွင် ကမ်းခြေစောင့်တိုက်ရေယာဉ် သုံးစီး၊ ၁၉၈၀-၈၁ခုနှစ်တွင် တိုက်ရေယာဉ် ခြောက်စီး၊ ၁၉၈၁-၈၂ခုနှစ်တွင် "အင်း" အမျိုးအစားစစ်ရေယာဉ် သုံးစီး၊ ၁၉၈၃ခုနှစ်တွင် သယ်ယူပို့ဆောင်ရေးရေယာဉ် တစ်စီးတို့အား ပြည်ပမှ ဝယ်ယူခဲ့သည်။ ၁၉၈၂ခုနှစ်တွင် ကမ်းခြေစောင့်တိုက်ရေယာဉ် နှစ်စီးနှင့် ၁၉၈၄ခုနှစ်တွင် ပင်လယ်သွားကမ်းထိုးရေယာဉ် တစ်စီးတို့ကို တပ်မတော်(ရေ)တွင် တည်ဆောက်၍ တပ်တော်ဝင်ပြုလုပ်အင်အားတိုးချဲ့ခဲ့သည်။

ထို့ပြင် တပ်မတော်(ရေ)သည် ၁၉၈၆ခုနှစ်တွင် ကမ်းခြေစောင့်တိုက်ရေယာဉ် နှစ်စီးကို တပ်မတော်(ရေ)တွင် တည်ဆောက်၍လည်းကောင်း၊ ၁၉၈၇ခုနှစ်တွင် သယ်ယူပို့ဆောင်ရေးရေယာဉ် တစ်စီးကို ဆင်မလိုက်သင်္ဘောကျင်းတွင် တည်ဆောက်၍လည်းကောင်း၊ ၁၉၈၇ခုနှစ်တွင် ကင်းလှည့် ရေယာဉ်နှစ်စီးအား ဖမ်းဆီးထိန်းသိမ်းရေယာဉ်များဖြင့်လည်းကောင်း အင်အားတိုးချဲ့ခဲ့သည်။

၁၉၇၄မှ ၁၉၈၈ခုနှစ်အတွင်း ပြည်ပနိုင်ငံများမှ မိမိနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာ ရေပြင်များကို ဖြတ်သန်း၍ စစ်ရေယာဉ်များ မောင်းနှင်ယူဆောင်ရာတွင် တပ်မတော်(ရေ)သည် မိမိတပ်ဖွဲ့ဝင် အရာရှိ၊ စစ်သည်များ၏ စွမ်းဆောင်နိုင်ရည်ဖြင့် အကြိမ်ကြိမ်အောင်မြင်စွာ ထမ်းဆောင်ခဲ့သည်။

တပ်မတော်(ရေ)မှ ဆောင်ရွက်ခဲ့သော အခြားလုပ်ငန်းများ

တပ်မတော်(ရေ)သည် ၁၉၈၈ ခုနှစ် အရေးအခင်းကာလအတွင်း ရန်ကုန်၊ စစ်တွေ၊ မော်လမြိုင်၊ ပုသိမ်နှင့် မြိတ်မြို့နယ်များတွင် တပ်မတော်(ကြည်း)နှင့်အတူ မြို့ရွာနယ်မြေလုံခြုံရေး ဆောင်ရွက်ခြင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် မြန်မာ့ပင်လယ်ပြင်အတွင်းနှင့် မြစ်ချောင်းများ

အတွင်း လုံခြုံရေးဆောင်ရွက်ခြင်း၊ ရန်ကုန်မြို့တော်ရေကြောင်းရန်၊ လေကြောင်းရန် ကာကွယ်ရေး တာဝန်ထမ်းဆောင်ခြင်း၊ နိုင်ငံတော်ပိုင်တံတားများ၊ စက်ရုံ၊ အလုပ်ရုံများ၊ အချက်အခြာနေရာများ၏ လုံခြုံရေးတာဝန်ထမ်းဆောင်ခြင်း၊ ကမ်းလွန်ရေနံနှင့်သဘာဝဓါတ်ငွေ့တူးစင်၊ အထောက်အကူပြု ရေယာဉ်၊ တိုင်းတာရေးရေယာဉ်များ၏ လုံခြုံရေးတာဝန်ထမ်းဆောင်ခြင်းတို့အား ဆောင်ရွက်ခဲ့သည်။

တပ်မတော်(ရေ)သည် ၁၉၈၂ခုနှစ်မှစတင်၍ မြန်မာ့ကမ်းလွန်ပင်လယ်ပြင်အတွင်း ရေနံနှင့် သဘာဝဓါတ်ငွေ့စမ်းသပ်ရှာဖွေတိုင်းတာရေးရေယာဉ်များ၊ အစမ်းတွင်းတူးစင်နှင့် အထောက်အကူပြု ရေယာဉ်များ၏ လုံခြုံရေးတာဝန်အား စစ်ရေယာဉ်များဖြင့် စဉ်ဆက်မပြတ် ထမ်းဆောင်ခဲ့သည်။

တပ်မတော်(ရေ)ရေတပ်ပင်မတိုင်းတာရေးတပ်သည် မြန်မာ-ထိုင်း၊ မဲဆိုင်-မဲဟောက်ချောင်း ရေကြောင်းနယ်နိမိတ်တိုင်းတာသတ်မှတ်ရေးလုပ်ငန်းများကို ၂၇-၁၂-၈၇ မှ ၃၁-၃-၈၈ ရက်အထိ တိုင်းတာသတ်မှတ်ခဲ့ပြီး နှစ်နိုင်ငံပုံသေနယ်နိမိတ် တိုင်းတာသတ်မှတ်ခြင်းဆိုင်ရာ အမှာစာတမ်းကို လက်မှတ်ရေးထိုးနိုင်ရေးနှင့် ထိုအမှာစာတမ်းအားအတည်ပြုသော စာချွန်လွှာများလဲလှယ်နိုင်ရေး ကိုလည်း ဆောင်ရွက်ခဲ့သည်။

တပ်မတော်(ရေ)သည် နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒနှင့်အညီ လူငယ်များအား လေ့ကျင့်ပျိုးထောင်ရာတွင် ရေယာဉ်ငယ်များ တည်ဆောက်ရေးနှင့် ရေကြောင်းသွားလာမှု ပညာရပ် များသင်ကြားပေးရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းကာ ရွှေဆောင်လူငယ်(ရေကြောင်း)၊ ထိုမှ လူငယ်(ရေကြောင်း)သင်တန်းများကို စီစဉ်ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ သင်တန်းစခန်းများကို ၁၉၆၅ခုနှစ်မှစတင်၍ ရန်ကုန်-ကန်တော်ကြီးစခန်း၊ အင်းယားလေးစခန်း၊ မော်လမြိုင်စခန်း၊ ပုသိမ် စခန်း၊ မိတ္ထီလာစခန်း၊ ၁၉၇၂ခုနှစ်တွင် အင်းလေးစခန်း၊ ၁၉၇၃ခုနှစ်တွင် မြိတ်စခန်း၊ ၁၉၈၄ခုနှစ်တွင် မန္တလေးစခန်း၊ မအူပင်စခန်းနှင့် ၁၉၈၆ခုနှစ် ဖားအံစခန်းတို့ကို တစ်စတစ်စ တိုးချဲ့ ဖွင့်လှစ်ခဲ့သည်။ သင်တန်းသားများကိုလည်း ပထမနှစ်သင်တန်း၊ ဒုတိယနှစ်သင်တန်း၊ တတိယနှစ် သင်တန်းနှင့် တန်းမြှင့်သင်တန်းများကို အဆင့်ဆင့်တက်ရောက်စေခဲ့ပြီး ရေတပ်သားဘာသာရပ်၊ ရေကြောင်း လမ်းညွှန်ဘာသာရပ်၊ အချက်ပြဆက်သွယ်ရေးဘာသာရပ်၊ အခြေခံစစ်ရေးပြဘာသာရပ်၊ လေ့လော့် ဘာသာရပ်နှင့်ရေကူးဘာသာရပ်များကို ပို့ချသင်ကြားပေးခဲ့သည်။ လူငယ်(ရေကြောင်း) သင်တန်းများ ကို ၁၉၆၄-၆၅ခုနှစ်မှ ၁၉၈၆-၈၇ခုနှစ်အထိ ဖွင့်လှစ်ခဲ့ရာ သင်တန်းသားဦးရေ ၃၅၈၅ဦး တက်ရောက်ခဲ့ကြသည်။

အခန်း(၅)

တပ်မတော်(လေ)တိုးချဲ့ဖွဲ့စည်းခြင်း

လေယာဉ်များဝယ်ယူခြင်း

နိုင်ငံတကာအရေးအခင်းတွင် မူးယစ်ထုံထိုင်းဖြစ်စေတတ်သော မူးယစ်ဆေးဝါးဖြစ်သည့် ဘိန်းဖြူသည် နိုင်ငံအနှံ့အပြားသို့ ပြန့်နှံ့လျက်ရှိသည်။ ထိုမူးယစ်ဆေးဝါးများကို သုံးစွဲသည့်လူငယ်များသည် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး အဘက်ဘက်တွင် ဆုံးရှုံးနစ်နာကြပြီး နောက်ဆုံးတွင် အသက်ဆုံးရှုံးသည်အထိ ဖြစ်ခဲ့ကြရသည်။ မြန်မာနိုင်ငံကလည်း လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု မပြုနိုင်ရန် တားဆီးလျက်ရှိရာ မူးယစ်ဆေးဝါးကို ထိရောက်စွာ ကာကွယ်နှိမ်နင်းရေးအတွက် "၁၉၇၄-ခုနှစ်တွင် မူးယစ်ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေနှင့် နည်းဥပဒေ" ကို ထိုနှစ် ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။

၁၉၇၄-ခုနှစ်အတွင်း အမေရိကန်စစ်သံမှူးနှင့် တပ်မတော်(လေ)မှ ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှိမ်နင်းရေးကို ဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြပြီး (ဘဲလ်၂၀၅အေ-၁) ရဟတ်ယာဉ်များ ဝယ်ယူရေးကို သဘောတူညီခဲ့ကြသည်။ ဤသို့ဖြင့် မူးယစ်ဆေးဝါးအစီအစဉ်အရ ဝယ်ယူခဲ့သော (ဘဲလ်၂၀၅အေ-၁) ရဟတ်ယာဉ်(၄)စင်းသည် ၁၉၇၅ခုနှစ်၊ ဇွန်လ (၂၉)ရက်နေ့နှင့် (၃၀)ရက်နေ့တွင်လည်းကောင်း၊ ဒုတိယသုတ်(ဘဲလ်၂၀၅အေ-၁)ခြောက်စင်းသည် ၁၉၇၆-ခုနှစ်၊ မတ်လ (၁၉)ရက်၊ ဧပြီလ(၁၆)ရက်၊ မေလ(၁၁)ရက်နေ့များတွင် နှစ်စင်းစီလည်းကောင်း၊ တတိယသုတ် ခြောက်စင်းသည် ၁၉၇၇-ခုနှစ်၊ ဇန်နဝါရီလ (၅)ရက်နေ့တွင်လည်းကောင်း မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။

တဖန် ၁၉၇၅-ခုနှစ်၊ မတ်လအတွင်း အီတလီနိုင်ငံ၊ စီအိုင်မာချက်တီကုမ္ပဏီ (Sisai Marchetti)နှင့် ချုပ်ဆိုခဲ့သော စာချုပ်အရ၊ ထိုကုမ္ပဏီမှ ဝယ်ယူခဲ့သော အက်စ်အက်ဖ်-၂၆၀ လေယာဉ် ဆယ်စင်းသည် ၁၉၇၅-ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့အထိ (၄)သုတ်ခွဲကာ မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည်။

ထို့ပြင် ၁၉၇၅-ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်နေ့တွင် မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးအရ အင်တာနေရှင်နယ်အဲယားလိမိတက်၊ ယူအက်စ်အေ (International Air Ltd, USA)နှင့် ပြည်သူ့ရဲတပ်ဖွဲ့တို့ ဝယ်ရန်စာချုပ်ခဲ့သော အက်ဖ်-၂၇ မာ့ခ်-၁၀၀ လေယာဉ်တစ်စင်းသည် ၁၉၇၆ခုနှစ်၊ ဇွန်လ (၄)ရက်နေ့တွင်လည်းကောင်း၊ ၁၉၇၆ခုနှစ် ဇွန်လ(၁၅)ရက်နေ့တွင် မြန်မာနိုင်ငံနှင့်ဆွစ်ဇာလန်နိုင်ငံပိုင် လေဝုဏ်လေယာဉ်ကုမ္ပဏီနှင့် ချုပ်ဆိုခဲ့သော စာချုပ်အရ၊ ပီစီ-၆ လေယာဉ်

နှစ်စင်းသည် ၁၉၇၆ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက်နေ့တွင်လည်းကောင်း၊ ဒုတိယသုတ်နှစ်စင်းသည် ၁၉၇၇ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင်လည်းကောင်း၊ ၁၉၇၈-ခုနှစ်၊ ဧပြီလ(၁၄)ရက်နေ့တွင် ပီစီ-၆လေယာဉ် ထပ်မံဝယ်ယူရန် ချုပ်ဆိုခဲ့သော စာချုပ်အရ၊ ပီစီ-၆ လေယာဉ်သုံးစင်းသည် ၁၉၇၈ ခုနှစ် ဇူလိုင်လ (၃၁)ရက်နေ့များတွင်လည်းကောင်း မြန်မာနိုင်ငံသို့ အသီးသီးရောက်ရှိလာခဲ့သည်။

ထိုမှတပါး အမေရိကန်နိုင်ငံမှ မူးယစ်ဆေးဝါးနှိမ်နင်းရေးအစီအစဉ်အရ အက်ဖ်အိပ်ချ်-၂၂၇ ဘီနှင့်အက်အိပ်ချ်-၂၂၇အီး လေယာဉ်နှစ်စင်း၊ အက်ဖ်အိပ်ချ်၂၂၇အီး လေယာဉ်သုံးစင်းတို့ကို မူးယစ်ဆေးဝါးတားဆီးရေးအစီအစဉ်ဖြင့် ဝယ်ယူခဲ့သည်။ အမေရိကန်နိုင်ငံမှပင် ဘဲလ်၂၀၆-ဘီကျက်ရိန်ကျာ ရဟတ်ယာဉ် ခုနစ်စင်းကိုလည်း ထပ်မံဝယ်ယူခဲ့သည်။

၁၉၇၉ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံမှ ပီစီ-၇ လေယာဉ် ရှစ်စင်းကို ထပ်မံဝယ်ယူခဲ့သည်။ ဖော်ပြပါ ပီစီ-၇ လေယာဉ်များအပြင် နယ်သာလန်နိုင်ငံမှ ဝယ်ယူခဲ့သော ဖော်ကာ အက်ဖ်-၂၇ မာ့ခ်-၅၀၀ လေယာဉ်တစ်စင်း၊ လယ်ယာနှင့်သစ်တောဌာနက ကောင်းကင်မှ ခါတ်ပုံရိုက်လုပ်ငန်းများ ဆောင်ရွက်ရန် အမေရိကန်နိုင်ငံ ဝက်ဓနာကူမွဏီမှ ထုတ်လုပ်သော ဆိုက်ကေးရှင်း-၂ လေယာဉ်တစ်စင်း၊ တပ်မတော်(လေတပ်)အတွက် မူးယစ်ဆေးဝါးအစီအစဉ်ဖြင့် ဝယ်ယူခဲ့သော ဖော်ကာ အက်ဖ်-၂၇ကျေ ဂျက်လေယာဉ်တစ်စင်း၊ ၁၉၈၆-၈၇ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ပီစီ-၉ လေယာဉ်များကိုပါ တိုးချဲ့ဝယ်ယူခဲ့သည်။

တပ်မတော်(လေ)သည် လေယာဉ်များ တိုးချဲ့ဝယ်ယူခဲ့သည့်နည်းတူ ပြည်တွင်းတွင် သင်တန်းများ ဖွင့်လှစ်ခြင်း၊ နိုင်ငံခြားသို့ သင်တန်းသားများ စေလွှတ်၍ သင်တန်းများ တက်ရောက်စေခြင်းများ ပြုလုပ်ခဲ့သည်။ ပြည်တွင်းသင်တန်းများမှာ အခြေခံလေယာဉ်သားလောင်းသင်တန်း၊ အခြေခံလေယာဉ်မောင်းသင်တန်း၊ တန်းမြင့်လေယာဉ်မောင်းသင်တန်း၊ လေယာဉ်မောင်းနည်းပြဆရာသင်တန်း စသည်တို့ဖြစ်ပြီး နိုင်ငံရပ်ခြားသို့လည်း သင်တန်းများ[၁] စေလွှတ်ခဲ့သည်။

---

[၁]
1. No.74 RAF Advanced Staff Course
2. Flight Safety Officer Course
3. Army Aircraft Maintenance Course
4. T.37 Instructor Pilot Course
5. AP(213) Post Graduate Diploma Course in Aerial Photography
6. Aircraft Incident Investigation Course
7. Radar Maintenance Course
8. Advanced Avoinic Course
9. Approach (Terminal) Control Radar Course
10. Helicopter Maintenance Course
11. Advanced Turbine Engine Maintenance Course
12. Helicopter Instructor Pilot Course
13. Air Command & Staff College Course
14. Specialized English Terminology
15. Rotary Wing Instrument UHI Instructor Pilot
16. Aircraft Power Plant Course

အိုင်အမ်အီးတီ[၃] ၏ အစီအစဉ်ဖြင့် ပေးသောသင်တန်းများဖြစ်သည်။ တပ်မတော်(လေ)သည် ထိုသင်တန်းများသို့ ၁၉၈၂-ခုနှစ်၊ ဇန်နဝါရီလတွင် စတင်တက်ရောက်ခွင့်ရရှိခဲ့သည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ စစ်ဆင်ရေးများ

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ကွန်ဟိန်းတာကောကားလမ်း မြောက်ဖက်ခြမ်းရှိ မော်ဖဒေသတွင် နတ်မြင်းပျံစစ်ဆင်ရေးကို ၁၉၇၆ခုနှစ်၊ မတ်လ(၂၁)ရက်နေ့တွင် စတင်ခဲ့သည်။ ယင်းစစ်ဆင်ရေးကို ဆောင်ရွက်ခြင်းမှာ ဗကပတို့ စိုးမိုးထားသည့်နယ်မြေ ကျဉ်းမြောင်းစေရန်နှင့် လွယ်ပျက်ပုတ်နယ်မြေတွင် ပြုလုပ်နေသော တပ်မ(၈၈)၏ ရဲနိုင်အောင်စစ်ဆင်ရေးတွင် ဗကပတို့အား နှောင့်ယှက်ဟန့်တားနိုင်ရန်ဖြစ်သည်။ တပ်မ(၈၈)သည် ယင်းစစ်ဆင်ရေးကို ၁၉၇၄ခုနှစ် ကပင် စတင်ဆင်နွှဲလျက်ရှိသော်လည်း ၁၉၇၅ခုနှစ် မတ်လ(၂၂)ရက်နေ့တွင် အရှိန်အဟုန်မြှင့်တင်ခဲ့ရာ ၁၉၇၆ခုနှစ် မတ်လ(၂၇)ရက်နေ့တွင် လွယ်လုံ၊ မိုင်းညှင်း၊ လွယ်ပျက်ပုတ် နှင့် လွယ်ဆီးတို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ တပ်မတော်(လေ)သည် ရဲနိုင်အောင် စစ်ဆင်ရေးတွင် တီ-၃၁၊ ဒါကိုတာ၊ ဘီ၂၊ အော်တာလေယာဉ်များ၊ ဘဲလ်-၂၀၅အေ-၁ ရဟတ်ယာဉ်များဖြင့်ပါဝင်တိုက်ခိုက်ခဲ့သည်။ နတ်မြင်းပျံစစ်ဆင်ရေးသည် ၁၉၇၆ခုနှစ် ဧပြီလ(၆)ရက်နေ့တွင် ပြီးဆုံးပြီး ရဲနိုင်အောင်စစ်ဆင်ရေး၏ အရှိန်မြှင့်စစ်ဆင်ခဲ့သည်မှာလည်း ၁၉၇၆ခုနှစ် ဧပြီလ(၇)ရက်နေ့တွင် ပြီးဆုံးခဲ့သည်။ ထိုစစ်ဆင်ရေးတွင် တပ်မတော်(လေ)မှ လေယာဉ်တစ်စင်းပျက်စီး၍ လေသူရဲ နှစ်ဦး ကျဆုံးခဲ့ရသည်။

၁၉၇၆ခုနှစ်အတွင်း အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်သည် မူးယစ်ဆေးဝါးဘိန်း စိုက်ပျိုးလျက် စီးပွားရှာနေကြသော သောင်းကျန်းသူများအား ချေမှုန်းရန် မိုးဟိန်းစစ်ဆင်ရေးအဆင့်(၁)ကို စတင်ခဲ့သည်။ ၁၉၇၆ခုနှစ် ဧပြီလ (၂၂)ရက်နေ့တွင် စစ်ဆင်ရေးကို စတင်ခဲ့ရာ တပ်မတော်(လေ)မှ ဘဲလ်-၂၀၅ အေ-၁ ရဟတ်ယာဉ် ရှစ်စင်း၊ ဗုံးကြဲဒါကိုတာလေယာဉ် တစ်စင်း၊ ၂၀မမစက်အမြောက် တပ်ဒါကိုတာလေယာဉ် တစ်စင်းတို့ ပါဝင်ခဲ့သည်။ ယင်းစစ်ဆင်ရေးမှာ ဘိန်းစစ်ဆင်ရေးဖြစ်သည့် အားလျော်စွာ မူးယစ်ဆေးဝါးနှိမ်နင်းရေးအစီအစဉ်အရ ဝယ်ယူထားသော ဘဲလ်-၂၀၅ အေ-၁ ရဟတ်ယာဉ်များကို အဓိကထား၍ အသုံးပြုခဲ့သည်။ တပ်မတော်(လေ)သည် မိုင်းဆတ်တွင်

17. Bell 206 Field Maintence & Overhaul Course
18. Bell 206 Jet Ranger Maintenance & Overhaul Course
19. Bell 212 Field Maintenance & Electrical Maintenance Course
20. Air Traffic Control Officer Course
21. Aviation Safety Officer Course
22. Aircraft Maintenance Officer Course
23. Bell 212 Pilot Transition Training
24. Turbothrush Instructor Pilot Course
25. International Officer Aeromedical Aerospace
26. Aircraft Armament Systems Specialist etc.

[3] International Military Educational Training (IMET)

လေတပ်ဆွယ် ဖွင့်လှစ်၍ အနီးကပ်အကူအညီပေးခဲ့ရာ ဘိန်းချက်စခန်းကို သိမ်းယူရရှိပြီး ၁၉၇၆ခုနှစ် မေလ (၇)ရက်နေ့တွင် စစ်ဆင်ရေးပြီးဆုံးခဲ့သည်။

မိုးဟိန်းစစ်ဆင်ရေးသည် မူးယစ်ဆေးဝါးဘိန်းပင်များ စိုက်ပျိုးခြင်း၊ ဘိန်းဖြူချက်လုပ်ခြင်းများကို တိုက်ခိုက်ဖျက်ဆီးခဲ့သော်လည်း သောင်းကျန်းသူများက နယ်စပ်ဒေသများတွင် ဘိန်းစိုက်ပျိုးချက်လုပ်ခြင်းများ ပြုလုပ်နေသေးသဖြင့် ရှေ့တန်းတပ်မ(၈၈)သည် မိုးဟိန်း စစ်ဆင်ရေးအဆင့်(၂)ကို ၁၉၇၇ခုနှစ် ဇန်နဝါရီလ (၁၄)ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့သည်။ စစ်ဆင်ရေးပြုလုပ်ခဲ့သော နယ်မြေများမှာ မိုင်းဆတ်နယ်မြေရှိ လွိုင်တွမ်းတစ်ဝိုက်တွင် ဖြစ်သည်။ တပ်မတော်(လေ)သည် ယင်းစစ်ဆင်ရေးတွင် ပါဝင်သည့် တပ်ရင်းတပ်ဖွဲ့များအား ရှေ့တန်းစစ်မြေပြင်သို့ ပို့ဆောင်ပေးခြင်း၊ ကင်းထောက်ပံ့သန်းခြင်းများ ပြုလုပ်ခဲ့သည်။ မိုးဟိန်းစစ်ဆင်ရေးအဆင့်(၂)သည် ဘိန်းချက်နယ်မြေများကို သိမ်းပိုက်ရရှိခဲ့ပြီး ၁၉၇၇ခုနှစ် ဇန်နဝါရီလ (၃၀)ရက်နေ့တွင် ပြီးဆုံးခဲ့သည်။

မိုးဟိန်းစစ်ဆင်ရေးအပြီးတွင် တောခိုလွယ်မော်အဖွဲ့သည် မော်ဟောင်းဒေသသို့ ပြောင်းရွှေ့ပြီး ဘိန်းချက်စခန်းများ ထပ်မံဆောက်လုပ်ခဲ့ကြပြန်သည်။ ထို့ကြောင့် တပ်မတော်သည် ၁၉၇၇ခုနှစ် ဇွန်လ (၂၁)ရက်နေ့တွင် လွိုင်ကော်ကို အခြေပြု၍ မိုးဟိန်းစစ်ဆင်ရေးအဆင့်(၃)ကို ပြုလုပ်ခဲ့သည်။ ထိုစစ်ဆင်ရေးတွင် တပ်မတော်(လေ)မှ ဘဲလ်၂၀၅ အေ-၁ ရဟတ်ယာဉ် လေးစင်းပါဝင်ကာ စစ်ဆင်ရေးမှာ ဘိန်းချက်စခန်းရှိရာ ကောင်းမိုက်ဟုန်းကို သိမ်းယူပြီးနောက် ၁၉၇၇ခုနှစ် ဇွန်လ(၂၇)ရက်နေ့တွင် ပြီးဆုံးခဲ့သည်။

ဤသို့ တပ်မတော်သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် မိုးဟိန်းစစ်ဆင်ရေးကို အဆင့်ဆင့်ပြုလုပ်ခဲ့ရာ ၁၉၇၈ခုနှစ် ဧပြီလ (၁၁)ရက်နေ့တွင် လွယ်လန်းဒေသရှိ ဘိန်းချက်စခန်းကို တိုက်ခိုက်သိမ်းပိုက်ခဲ့ခြင်းဖြင့် မိုးဟိန်းစစ်ဆင်ရေးအဆင့်(၄)ကို ဆက်လက်ဆင်နွှဲခဲ့သည်။ ထိုစစ်ဆင်ရေးတွင် ပီစီ-၆လေယာဉ် နှစ်စင်း၊ အက်ဖ်အိပ်ချ်-၂၂၇လေယာဉ် တစ်စင်း၊ ဘဲလ်၂၀၅ အေ-၁ ရဟတ်ယာဉ် ငါးစင်းတို့ဖြင့် မိုင်းဆတ်မြို့တွင် တပ်စွဲ၍ လေကြောင်းအကူပေးခဲ့ရာ ထိုနှစ် ဧပြီလ (၂၆)ရက်နေ့တွင် စစ်ဆင်ရေးပြီးဆုံးခဲ့သည်။

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင်ပင် ဗကပတို့သည် လွယ်ယုတ်နှင့် ဝမ်နောင်လေးဒေသ၌ အခိုင်အမာခြေကုတ်ယူတပ်စွဲထားကြသည်။ ထိုကြောင့် တပ်မ(၈၈) လက်အောက်ခံတပ်ရင်းများသည် ယင်းသောင်းကျန်းသူများအား ခြေမှုန်းတိုက်ခိုက်ရန် ၁၉၇၉ခုနှစ် ဖေဖော်ဝါရီ (၃)ရက်နေ့တွင် နေမင်းရောင်စစ်ဆင်ရေးအဆင့်(၂) ကိုပြုလုပ်ခဲ့သည်။ တပ်မတော်(လေ) သည် ဤစစ်ဆင်ရေးတွင် တီ-၃၃ တိုက်လေယာဉ်၊ ပီစီ-၆ လေယာဉ်၊ ဘဲ၂၀၅ အေ-၁ရဟတ်ယာဉ်၊ ဘဲ၂၀၆ဘီရဟတ်ယာဉ်များဖြင့် ပါဝင်တိုက်ခိုက်ခဲ့သည်။ စစ်ဆင်ရေးတွင် ဗကပတို့အထိနာပြီး တပ်မတော်က ယင်းတို့ခြေကုတ်ယူထားသော လွယ်ယုတ်နှင့် ဝမ်နောင်လေးကို သိမ်းယူရရှိသည်နှင့် စစ်ဆင်ရေးမှာလည်းပြီးဆုံးသွားခဲ့သည်။

ဆက်လက်၍တပ်မတော်သည် ၁၉၇၉ခုနှစ်၊ နိုဝင်ဘာလ(၂၃)ရက်နေ့တွင် သံလွင်မြစ်အရှေ့ဘက်ကမ်း၊ "ဝ"နယ်တောင်ပိုင်း မော်ဖနယ်မြေရှိ ဗကပအခြေစိုက်စခန်းများကို တိုက်ခိုက်သိမ်းပိုက်ရန် မင်းရန်အောင်စစ်ဆင်ရေးကို စတင်ခဲ့သည်။ ယင်းစစ်ဆင်ရေးတွင် တပ်မတော်(လေ)မှ တီ-၃၃၊ ပီစီ-၇၊ ပီစီ-၆၊ ဖော်ကာအက်ဖ်-၂၇လေယာဉ်များနှင့် ဘဲလ်၂၀၅ အေ-၁၊ ဘဲလ်၂၀၆၊ ရဟတ်ယာဉ်များပါဝင်ပြီး မြေပြင်တိုက်ခိုက်ခြင်း၊ ဗုံးကြဲခြင်း၊ ရိက္ခာလက်နက်ပစ္စည်း၊ စစ်သည်လူနာသယ်ယူခြင်း၊ နယ်မြေထောက်လှမ်းခြင်းစသည်တို့ကို ဆောင်ရွက်ခဲ့သည်။ တပ်မတော်က ဗကပတို့၏ စခန်းများကို သိမ်းယူနိုင်ခဲ့သဖြင့် မင်းရန်အောင်စစ်ဆင်ရေးမှာ ၁၉၈၀ပြည့်နှစ်၊ ဇန်နဝါရီလ(၆)ရက်နေ့တွင် ပြီးဆုံးခဲ့သည်။

တပ်မတော်သည် တစ်ဖက်မှ ပြည်တွင်းသောင်းကျန်းမှုများကို ချေမှုန်းတိုက်ခိုက်နေသည့်နည်းတူ နယ်စပ်ဒေသကို အခြေခံ၍ ဘိန်းဖြူ၊ မူးယစ်ဆေးဝါးချက်လုပ်ဖြန့်ဝေရောင်းချနေသော စီးပွားရေးသောင်းကျန်းသူလွယ်မော်အဖွဲ့ကိုလည်း မိုးဟိန်းစစ်ဆင်ရေးများဖြင့် အဆင့်ဆင့်ချေမှုန်းတိုက်ခိုက်ရပြန်သည်။ နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဆန့်ကျင်ဆင်နွှဲလျက်ရှိရာ လွယ်မော်ချေမှုန်းရေးကို ၁၉၈၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ(၂၃)ရက်နေ့တွင် မိုးဟိန်းစစ်ဆင်ရေးအဆင့်(၅)ဖြင့် ပြုလုပ်ခဲ့သည်။ စစ်ဆင်ရေးပြုလုပ်သောဒေသ မှာ ထိုင်းနယ်စပ်ရှိ လေလုံချိုင်းနှင့်မန်ဟာမီဒေသဖြစ်သည်။ ယင်းစစ်ဆင်ရေးတွင် တပ်မတော်(လေ)မှ ပီစီ-၇လေယာဉ် လေးစင်း၊ အက်ဖ်အိခ်-၂၂၇လေယာဉ် နှစ်စင်း၊ ပီစီ-၆လေယာဉ် တစ်စင်း၊ ဘဲလ်၂၀၅ ရဟတ်ယာဉ် လေးစင်းတို့ ပါဝင်ခဲ့သည်။ တပ်မတော်က ဘိန်းချက်စခန်းများကို အောင်မြင်စွာ သိမ်းယူနိုင်ခဲ့သဖြင့် ၁၉၈၀ပြည့်နှစ်၊ မတ်လ (၈)ရက်နေ့တွင် စစ်ဆင်ရေးပြီးဆုံးခဲ့သည်။

ထို့ပြင် ၁၉၈၁ခုနှစ်၊ မတ်လ (၁၉)ရက်နေ့တွင် မိုးဟိန်းစစ်ဆင်ရေးအဆင့်(၆)ကို ဆက်လက်ပြုလုပ်ခဲ့သည်။ စစ်ဆင်ရေးပြုလုပ်သည့်နယ်မြေမှာ လွယ်လမ်းဒေသ ဆူဝင်ဟိုးနှင့်တောင်ခဲလျှန်ဘိန်းချက်စခန်းဖြစ်သည်။ ထိုစစ်ဆင်ရေးတွင် တပ်မတော်(လေ)မှ ပီစီ-၇ လေယာဉ် သုံးစင်း၊ ပီစီ-၆ လေယာဉ် တစ်စင်း၊ ဘဲလ်၂၀၅ အေ-၁ ရဟတ်ယာဉ် သုံးစင်း၊ ဖော်ကာအက်ဖ်-၂၇ နှင့် အက်ဖ်အိခ်-၂၂၇လေယာဉ်များ ပါဝင်ခဲ့ပြီး ၁၉၈၁ခုနှစ်၊ မတ်လ (၂၃)ရက်နေ့တွင် မိုးဟိန်းစစ်ဆင်ရေးအဆင့်(၆) ပြီးဆုံးခဲ့သည်။ တပ်မတော်(လေ)သည် ဖော်ပြပါ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ပါဝင်ခြင်း၊ ဘိန်းခင်းများ ထောက်လှမ်းရှာဖွေခြင်း၊ ဝင်ရောက်ဖျက်ဆီးရာတွင် ပါဝင်ခြင်း၊ နိုင်ငံခြားမှ လေ့လာရေးအဖွဲ့များ၊ စစ်သံမှူးများ သတင်းစာဆရာများအား ဘိန်းချက်စခန်းများသို့ ပို့ဆောင်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင်ပင် ၁၉၈၂ခုနှစ်၊ ဒီဇင်ဘာလ (၁၇)ရက်နေ့တွင် တပ်မတော်က ဝမ်ကျင်းစံတောင် နယ်မြေအတွင်းသို့ ထိုးဖောက်၍ ဗကပ(စ၁၅)၏ အင်အားစုကို ချေမှုန်းရန် မင်းရန်အောင်စစ်ဆင်ရေးအဆင့်(၂)ကို ပြုလုပ်ခဲ့သည်။ ထိုစစ်ဆင်ရေးတွင် တပ်မတော်

(ကြည်း)မှ အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်လက်အောက်ခံတပ်ရင်း/တပ်ဖွဲ့များနှင့် တပ်မတော်(လေ)မှ ပီစီ-၇ လေယာဉ် လေးစင်း၊ ဘဲလ်၂၀၅ ရဟတ်ယာဉ် သုံးစင်း၊ ပီစီ-၆ လေယာဉ် နှစ်စင်းတို့ ပါဝင်ခဲ့သည်။ တပ်မတော်(လေ)သည် ဘဲလ်၂၀၅ ရဟတ်ယာဉ် သုံးစင်းဖြင့် မိုင်းယန်း၊ ဝမ်တာပင်း၊ လွယ်ခို၊ မုံးလိုင်၊ မိုင်းယောင်း၊ လွယ်စီး၊ ဝမ်နောင်ဒေသများတွင် စစ်သည်များပို့ဆောင်ခြင်း၊ ကုန်ပစ္စည်းများပို့ဆောင်ခြင်း၊ လူနာသယ်ခြင်း၊ ခဲယမ်းပို့ဆောင်ခြင်း၊ ရိက္ခာချခြင်းတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ထို့အပြင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ် မိုင်းမ၊ မိုင်းဝ၊ ကျိုင်းခမ်း၊ ပန်ကော်၊ မိုင်းယမ်း၊ ဆီလူး၊ လွယ်မန်ကော်၊ ဝမ်လမ်၊ လွယ်ထပ်၊ နန်ကင်းဒေသများတွင်လည်းကောင်း၊ နန်းလွေချောင်းနှင့်အရှေ့ခြမ်းဒေသများတွင်လည်းကောင်း သောင်းကျန်းသူများအား ဗုံးကြဲခြင်း၊ လက်နက်တပ်ဆင် ကင်းထောက်ခြင်း၊ အနီးကပ်လေကြောင်းပစ်ကူပေးခြင်းများကို ပြုလုပ်ခဲ့သည်။

၁၉၈၃ခုနှစ်၊ ဧပြီလ(၄)ရက်နေ့တွင် နယ်လှည့်အမှတ်(၁)စစ်ဆင်ရေးအထူးအဖွဲ့ နှင့် နယ်လှည့်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တို့၏ ကွပ်ကဲမှုဖြင့် သောင်းကျန်းသူများ၏ ဘိန်းချက်စခန်းများအား ချေမှုန်းရန် မိုးဟိန်းစစ်ဆင်ရေးအဆင့်(၇)ကို ဆင်နွှဲခဲ့သည်။ တပ်မတော်(လေ)သည် တပ်မတော်(ကြည်း)နှင့်အတူ တပ်မတော်(လေ)မှ ပီစီ-၇လေယာဉ် လေးစင်း၊ ဘဲလ်၂၀၅ ရဟတ်ယာဉ် ငါးစင်း၊ ပီစီ-၆လေယာဉ်နှစ်စင်းတို့ဖြင့်လွယ်မော်ဘိန်းခါးပြသောင်းကျန်းသူများ၏ ဘိန်းချက်စခန်းများအား ချေမှုန်းတိုက်ခိုက်ခဲ့သည်။

ထို့ပြင် တပ်မတော်(လေ)သည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ လွယ်ဟာလာဒေသရှိ သောင်းကျန်းသူများအား ချေမှုန်းတိုက်ခိုက်သည့် မင်းရန်အောင်စစ်ဆင်ရေးအဆင့်(၃)၊ ၁၉၈၄ ခုနှစ်တွင် နန့်စန်နှင့်ကျိုင်းတုံဒေသများတွင် သောင်းကျန်းသူများအား အမြစ်ပြတ်ချေမှုန်းရန် ပြုလုပ်သော မိုးဟိန်းစစ်ဆင်ရေးအဆင့်(၈) တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းများအား ဖျက်ဆီးနှိမ်နင်းသည့် အောင်ရန်ရှင်းစစ်ဆင်ရေး၊၁၉၈၅ခုနှစ်အတွင်းကျိုင်းတုံဒေသရှိဘိန်းချက်စခန်းများအားဖျက်ဆီးချေမှုန်းခဲ့သည့် မိုးဟိန်းစစ်ဆင်ရေးအဆင့်(၉) နှင့် ၁၉၈၆ခုနှစ်အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင်ပြုလုပ်ခဲ့သောမိုးဟိန်းစစ်ဆင်ရေးအဆင့်(၁၀)၊ အောင်ရန်ရှင်းစစ်ဆင်ရေးအဆင့်(၂)နှင့်အဆင့်(၃)၊ ၁၉၈၇ခုနှစ် မိုင်းဆတ်မြို့နယ်တွင်ပြုလုပ်ခဲ့သော မိုးဟိန်းစစ်ဆင်ရေးအဆင့်(၁၁)၊ ၁၉၈၈ခုနှစ်အတွင်း မိုင်းဆတ်နှင့် ကျိုင်းတုံဒေသအတွင်းရှိ သောင်းကျန်းသူဘိန်းချက်စခန်းများအား ချေမှုန်းသော မိုးဟိန်းစစ်ဆင်ရေးအဆင့်(၁၂)စသည့် စစ်ဆင်ရေးကြီးများတွင် ပါဝင်ဆင်နွှဲတိုက်ခိုက်ခဲ့သည်။

မိုင်းယန်းဒေသတိုက်ပွဲ

၁၉၈၈ခုနှစ်အတွင်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ဖြစ်ပွားခဲ့သော တိုက်ပွဲများအနက် ထင်ရှားသော တိုက်ပွဲမှာ မိုင်းယန်းဒေသတိုက်ပွဲ ဖြစ်သည်။ ဤတိုက်ပွဲတွင် ၀ကပ သောင်းကျန်းသူများသည် အင်အားနှစ်ထောင်ကျော် အသုံးပြု၍ စစ်မျက်နှာသုံးခု ဖြန့်ခွဲကာ

တိုက်ခိုက်ခဲ့ကြသည်။ ၁၉၈၉ခုနှစ် စက်တင်ဘာလ (၂၃)ရက်နေ့တွင် ဗကပသောင်းကျန်းသူများသည် လက်နက်ကြီးပစ်ကူများ အသုံးပြု၍ လမင်းကုန်း၊ ရန်ရှင်းကုန်း၊ ဘုရားကုန်းတို့ကို ပြင်းထန်စွာ တိုက်ခိုက်သိမ်းပိုက်ကြသည်။ မိမိတပ်များသည် ရန်သူ၏ လူအင်အား၊ လက်နက်ခဲယမ်း၊ လက်နက်ကြီးပစ်ကူအလုံးအရင်းဖြင့် ပြင်းထန်စွာတိုက်ခိုက်မှုကြောင့် ဖော်ပြပါစခန်းကုန်းများမှ ခွါစစ်ဆင်၍ အောင်တံခွန်ကုန်းတွင် ပြန်လည်စုစည်းကာ ပြန်လည်ခုခံတိုက်ခိုက်ခဲ့ကြသည်။

တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားနေသည့် စက်တင်ဘာလ(၂၃)ရက်နေ့တွင် အမှတ်(၅၀၂) လေတပ်စခန်းမှ ပီစီ-၇ လေယာဉ် လေးစီးသည် ကျိုင်းတုံသို့ ရောက်ရှိလာပြီး ထိုမှ အောင်တံခွန်ကုန်းပတ်လည်ရှိ ရန်သူဗကပသောင်းကျန်းသူများအား အနီးကပ်ဗုံးကြဲတိုက်ခိုက်သည်။ တစ်ကြိမ်တွင် ၈၀-ပေါင်ဗုံးတစ်လုံးသည် အောင်တံခွန်ကုန်းရိက္ခာဂိုဒေါင်များအနီး ချဉ်းကပ်ရောက်ရှိနေသော ဗကပ အင်အား ၁၀၀အပေါ်သို့ တည့်မတ်စွာ ကျရောက်ပေါက်ကွဲရာ ရန်သူ ၈၀ခန့် ကျဆုံးသွားကြသည်။

စက်တင်ဘာလ (၂၄)ရက်နေ့တွင် ဗကပအင်အား ၃၀၀ခန့်သည် လမင်းကုန်း၊ ရန်ရှင်းကုန်း၊ ဘုရားကုန်းတို့မှ လက်နက်ကြီးပစ်ကူများ စုပြုံသုံးစွဲ၍ အောင်တံခွန်ကုန်းကို စခန်းသိမ်းတိုက်ပွဲဆင်နွှဲကြသည်။ ထိုအချိန်တွင် ကျိုင်းတုံလေယာဉ်ကွင်းမှ တိုက်လေယာဉ်များသည် ပစ်မှတ်သို့ ထွက်ခွါလာပြီး လမင်းကုန်း၊ ဘုရားကုန်းတို့ကို အနီးကပ်ချမှုန်းတိုက်ခိုက်ခဲ့ရာ ဗကပတို့၏ စခန်းသိမ်းချမှုန်းရေး အစီအစဉ်များမှာလည်း ပျက်သွားခဲ့သည်။

ဤသို့ တပ်မတော်(လေ)သည် နေ့စဉ်ရက်ဆက် လေကြောင်းပစ်ကူပေးခြင်း၊ မြေပြင်တပ်များ၏ စွမ်းစွမ်းတမံတိုက်ခိုက်ခြင်းတို့ကြောင့် စက်တင်ဘာလ (၂၉)ရက်နေ့တွင် ဖာပွန်တောင်ကြောပေါ်ရှိ အဓိကစခန်းကုန်း သုံးကုန်းကို မိမိတပ်များက သိမ်းပိုက်ရရှိခဲ့သည်။ ဗကပသောင်းကျန်းသူများသည် စက်တင်ဘာလ (၃၀)ရက်နေ့တွင် မိုင်းယန်းပတ်ဝန်းကျင်ရှိ လမင်းကုန်း၊ ဘုရားကုန်း၊ ရန်ရှင်းကုန်းတို့မှ စတင်ဆုတ်ခွါရာ လမ်းကြောင်းတစ်လျှောက် တိုက်လေယာဉ်များက တိုက်ခိုက်ချမှုန်းကြသည်။ အောက်တိုဘာလ (၂)ရက်နေ့တွင် ဗကပတို့၏ စခန်းဌာနချုပ်တည်ရှိရာ ဝင်ဆီလူးကို ဆက်လက်တိုက်ခိုက်ခဲ့သည်။ မိုင်းယန်းတိုက်ပွဲသည် (၈)ရက်ကြာမြင့်ခဲ့ပြီး တိုက်ပွဲကြီး(၁၄)ကြိမ်၊ တိုက်ပွဲငယ်(၂၃)ကြိမ်၊ လှံစွပ်ထိုးတိုက်ပွဲ(၃၀)ကြိမ် ဖြစ်ပွားခဲ့သည်။ တပ်မတော်(လေ)မှ ပီစီ-၇ တိုက်လေယာဉ်များကလည်း အခေါက်ရေ (၆၁)ကြိမ် လေကြောင်းမှ ပစ်ကူပေးခဲ့ရသော တိုက်ပွဲဖြစ်သည်။ ထိုတိုက်ပွဲတွင် အသက်ကို ပဓါနမထားဘဲ စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်ခဲ့သည့် ဗိုလ်မှူးမြင့်သိန်းအား နိုင်ငံတော်က သူရဘွဲ့ ချီးမြှင့်ပေးအပ်ခဲ့သည်။

အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း စစ်ဆင်ရေးများ

အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်က ဦးစီးကွပ်ကဲလျက် ရဲမင်းအောင်စစ်ဆင်ရေးကိုဆင်နွှဲခဲ့ရာ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ

လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်နေစဉ် ၁၉၇၇ခုနှစ်၊ အောက်တိုဘာလ(၃)ရက်နေ့တွင်အင်အားနှစ်ထောင်ခန့်ရှိသော ဗကပသောင်းကျန်းသူများသည် အမှတ်(၃)ကချင်သေနတ်ကိုင်တပ်ရင်း စခန်းချနေရာယူထားသည့် ခြင်္ဂေးရွှေပန်ကောက် နှင့် လွယ်မလုံမန်းစခန်းကို တိုက်ခိုက်ခဲ့ကြသည်။ ခြင်္ဂေးရွှေပန်ကောက်၊ ဖာလင်နှင့်ငါးစခန်းတို့လည်း ရန်သူလက်သို့ကျခဲ့ရသည်။ တပ်မတော်သည် ယင်းစခန်းများကို ၁၉၇၇ခုနှစ်၊ အောက်တိုဘာလ(၄)ရက်နေ့မှ စတင်၍ တန်ပြန်တိုက်ခိုက်ခဲ့ရာ တိုက်ပွဲပြင်းထန်သဖြင့် တပ်မတော်(လေ)မှ တီ-၃၃၊ ဗင်ပါရာ၊ ပီစီ-၆၊ အော်တာလေယာဉ်များနှင့် ဘဲလ်၂၀၅ အေ-၁ ရဟတ်ယာဉ်တို့ ပါဝင်တိုက်ခိုက်ခဲ့သည်။ အောက်တိုဘာလ(၂၈)ရက်နေ့တွင် ဗကပသောင်းကျန်းသူများလည်း ထိုစခန်းမှဆုတ်ခွါသွားကြသည်။ ယင်းတိုက်ပွဲတွင် တပ်မတော်(လေ)မှ ဗင်ပါယာလေယာဉ်တစ်စင်းနှင့် လေသူရဲ တစ်ဦးတို့ ကျဆုံးခဲ့ရသည်။

၁၉၇၈ခုနှစ်၊ မတ်လ(၆)ရက်နေ့တွင် ဗကပသောင်းကျန်းသူများသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ နောင်လိုင်စခန်းကို တိုက်ခိုက်သိမ်းပိုက်ကြသည်။ ထို့နောက် မတ်လ(၇)ရက်နေ့တွင် ပါဖန်နှင့်ပွိုင့်(၆၀၄၁)စခန်းများအား တိုက်ခိုက်လာကြပြန်သည်။ သောင်းကျန်းသူများသည် ပါဖန်ကို သိမ်းပိုက်နိုင်ကြသော်လည်း ပွိုင့်(၆၀၄၁)ကို မသိမ်းပိုက်နိုင်ကြဘဲ ဝိုင်းထားခဲ့ကြသည်။ တပ်မတော်သည် ယင်းသို့ ဗကပသောင်းကျန်းသူများ ဝင်ရောက်တိုက်ခိုက်မှုကို တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ပြုလုပ်လျက်ရှိသော ရဲမင်းအောင်စစ်ဆင်ရေးဖြင့်ပင် အရှိန်မြှင့်၍ စစ်ဆင်ရေး ပြုလုပ်ခဲ့ရာ တပ်မတော်(လေ)မှ တီ-၃၃၊ ပီစီ-၆၊ အော်တာလေယာဉ်များ ဘဲလ်၂၀၅ အေ-၁ ရဟတ်ယာဉ်များဖြင့် ပါဝင်တိုက်ခိုက်ခဲ့သည်။ ပွိုင့်(၆၀၄၁)ရှိ မိမိတပ်များသည် ရန်သူအဝိုင်းခံနေရသဖြင့် လက်နက်ရိက္ခာ နည်းပါးလာရာ ပီစီ-၆လေယာဉ်ဖြင့်ပုံးကြဲခြင်း၊ ရိက္ခာချပေးခြင်းများပြုလုပ်ခဲ့သည်။ မတ်လ(၁၃)ရက်နေ့တွင် ပွိုင့်(၆၀၄၁)စခန်းမှ စစ်သည်များသည် လက်နက်ခဲယမ်းနည်းပါးလာသဖြင့် ဆုတ်ခွါပေးခဲ့ရသည်။ သို့ရာတွင် တပ်မတော်က ပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်ပြီး တပ်မတော်(လေ)မှ ပုံးကြပစ်ကူပေးခြင်းကြောင့် မတ်လ(၂၃)ရက်နေ့တွင် ဗကပသောင်းကျန်းသူများ သံလွင်မြစ်အရှေ့ခြမ်းသို့ ဖြတ်ကူးဆုတ်ခွါသွားကြသည်။ ဤသို့ဖြင့် အရှိန်အဟုန်မြှင့်ခဲ့သည့် ရဲမင်းအောင်စစ်ဆင်ရေးမှာလည်း ပြီးဆုံးသွားခဲ့သည်။

၁၉၈၂ခုနှစ်၊ ဖေဖော်ဝါရီလ(၂)ရက်နေ့တွင် တပ်မတော်(လေ)သည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်၊ နမ့်တူဒေသကို အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်လက်အောက်ခံတပ်ရင်းများဖြင့် ပူးပေါင်း၍ ဒေသန္တရစစ်ဆင်ရေးတွင်လည်းကောင်း၊ ၁၉၈၃ခုနှစ် ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလများတွင် မန်းမန်ဆိုင်၊ မိုင်းပတ်၊ မုံးစီ၊ နားလည်၊ လွယ်ပန်လုံတောင်ကြောနှင့် မန်းပန်ဆိုင်ဒေသရှိ သောင်းကျန်းသူများအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်လက်အောက်ခံတပ်များနှင့် အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်၊ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်လက်အောက်ခံတပ်ရင်းများနှင့်အတူ ပူးတွဲ၍ ဒေသန္တရစစ်ဆင်ရေးများတွင်လည်းကောင်း၊ ၁၉၈၄ခုနှစ် ကေအင်န်ယူသောင်းကျန်းသူများအား

အမြစ်ပြတ်ချေမှုန်းနိုင်ရန် အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ လွယ်ပန်လုံဒေသနှင့် ၁၉၈၅ ခုနှစ်၊ ဧပြီလ(၁၀)ရက်နေ့တွင် မန်စီဒေသ၊ ဒေသန္တရစစ်ဆင်ရေးများတွင်လည်းကောင်း အနီးကပ်လေကြောင်းပစ်ကူပေးခြင်း၊ မျက်မြင်ကင်းထောက်ခြင်း၊ ဗုံးကြဲတိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။

၁၉၈၆ခုနှစ်၊ နိုဝင်ဘာလ (၁၆)ရက်နေ့တွင် ဗကပတပ်မဟာ(၂)၊ တပ်မဟာ(၃)၊ ကချင်သောင်းကျန်းသူ၊ ရှမ်းသောင်းကျန်းသူများနှင့် ပလောင်သောင်းကျန်းသူ ရှစ်ထောင်ခန့်သည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ၊ မူဆယ်မြို့နယ်အတွင်းရှိ စီစီဝမ်တာပန်ဒေသ၊ ဘိန်းမုန့်ကုန်း၊ ဇော်ဝင်းကုန်း၊ ရင်ဆိုင်ကုန်း၊ မိကျောင်းကုန်းစခန်းများနှင့် ရင်ကွဲတောင်စခန်းတို့၌ အခြေပြုတပ်စွဲထားသော တပ်မတော်ခြေလျင်တပ်ရင်းမှ စစ်ကြောင်း(၂)ဌာနချုပ်နှင့် တပ်စု(၄)စုအား ဝင်ရောက်တိုက်ခိုက်ရာ မိမိတပ်ဖွဲ့ဝင်များ စခန်းများမှ ဆုတ်ခွါခဲ့ရသည်။ ထို့ကြောင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ်နှင့် အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ် လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များသည် သောင်းကျန်းသူများအား တပ်မတော်(လေ)၏ အနီးကပ်လေကြောင်းပစ်ကူဖြင့် ပြန်လည်တိုက်ခိုက်သည်။

၁၉၈၆ခုနှစ်၊ နိုဝင်ဘာလ (၁၈)ရက်နေ့တွင် တပ်မတော်(လေ)မှ ပီစီ-၇လေယာဉ် လေးစင်းသည် စီစီဝမ်တာပန်ဒေသကို အနီးကပ်လေကြောင်းပစ်ကူပေး၍ တိုက်ခိုက်ခဲ့သည်။ နိုဝင်ဘာလ (၂၁)ရက်နေ့တွင် ပီစီ-၇ လေယာဉ် လေးစင်း၊ ပီစီ-၆ လေယာဉ် တစ်စင်းသည် လွယ်မိန်းဒေသနှင့် နမ့်တောင်ရွာတို့ကိုလည်းကောင်း၊ နိုဝင်ဘာလ(၂၂)ရက်နေ့တွင် ရန်သူ၏ စစ်ဌာနချုပ်ဖြစ်သော မုံးပေါ်ရွာဒေသအား အနီးကပ်ပစ်ကူပေး၍ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ လေသူရဲများသည် ရန်သူ၏ အပြင်းအထန် ပြန်လည်ပစ်ခတ်သည့်ကြားမှ ရဲဝံ့စွန့်စားစွာ ဝင်ရောက်တိုက်ခိုက်ရာ မုန်းပေါ်ရွာလယ်ရှိ ရန်သူအဆောက်အဦ(၃၀)ခန့် မီးလောင်ပျက်စီးသွားသည်။ နိုဝင်ဘာလ(၂၅)ရက်နေ့တွင် ပီစီ-၇ လေယာဉ် လေးစင်းသည် ဗုံး၊ ဒုံး၊ စက်သေနတ်များ တပ်ဆင်၍ တိုက်ပွဲဝင်ရမည့်နေရာဖြစ်သော မိကျောင်းကုန်း၊ ဇော်ဝင်းကုန်း၊ ရင်ဆိုင်ကုန်းနှင့် စီစီဝမ်တာပန်ဒေသများသို့ ရောက်ရှိလာသည်။ တပ်မတော်(လေ) လေယာဉ်များသည် ရန်သူ၏ ဒဿမ(၅)လက်မ စက်သေနတ်များဖြင့် ပစ်ခတ်သည့်ကြားမှဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရန်သူ၏လက်နက်ကြီးကုန်းအား တိုက်ရိုက်ထိမှန်ခဲ့သည်။ ဆက်လက်၍ တပ်မတော်(လေ)သည် ပစ်မှတ်ဒေသများအား ဒုတိယအကြိမ် ပျံသန်းတိုက်ခိုက်ချိန်တွင် စီစီဝမ်တာပန်ဒေသရှိ တောင်ကြော(၁၁)ခုမှ ပြင်းထန်စွာပြန်လည် ပစ်ခတ်သည်။ ယင်းတိုက်ပွဲတွင် တပ်မတော်(လေ)မှ ပီစီ-၇ လေယာဉ် တစ်စီးနှင့်အရာရှိ နှစ်ဦး ပျက်ဆီးကျဆုံးခဲ့သော်လည်း ကျန်လေယာဉ် နှစ်စီးဖြင့် မိချောင်း(၂)ရန်သူစခန်းအား တိုက်ခိုက်ချေမှုန်းခဲ့သည်။ တပ်မတော်(လေ)သည် ၁၉၈၆ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်၊ (၄/၅)ရက်နှင့် (၁၈/၁၉)ရက်နေ့များတွင် နန့်တောင်ရွာ၊ မုန်းထော်ရွာ၊ ပန်ယန်းဒေသများအား အနီးကပ်လေကြောင်း ပစ်ကူပေး၍ တိုက်ခိုက်ခဲ့သည်။ ဤသို့ဖြင့် ၁၉၈၆ခုနှစ်၊ ဒီဇင်ဘာလ(၂)ရက်နေ့မှစ၍ တပ်မတော်သည် တပ်မတော်(လေ)နှင့်

ပူးပေါင်း၍ ရန်သူစခန်းများအား တစ်ခုပြီးတစ်ခု တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ ၁၉၈၇ခုနှစ်၊ ဇန်နဝါရီလ (၆)ရက်နေ့တွင် မြင်ကန်ရွာနှင့် ကြူကုတ်(ပန်ဆိုင်း)တို့ကို သိမ်းပိုက်ရရှိခဲ့သည်။ စီစီဝမ်တာပန်ဒေသတွင် စွန့်လွှတ်စွန့်စားတိုက်ပွဲဝင်ခဲ့ကြသော လေယာဉ်အုပ်ဖွဲ့ခေါင်းဆောင် ဗိုလ်မှူးခင်မောင်ဝင်းနှင့် ဗိုလ်ကြီးတင်ကို(ကျဆုံး)တို့ကို နိုင်ငံတော်က သူရဘွဲ့တံဆိပ် အပ်နှင်းဂုဏ်ပြုခဲ့သည်။

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေစစ်ဆင်ရေးများ

၁၉၇၈ခုနှစ်၊ ဇူလိုင်လ(၇)ရက်နေ့တွင် ဗကပအင်အားနှစ်ရာခန့်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ထောဂေါစခန်းကို တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။ တပ်မတော်သည် ထိုသိမ်းပိုက်ခံရသော နယ်မြေကို ပြန်လည်တိုက်ခိုက်သိမ်းယူရန် ထောဂေါစစ်ဆင်ရေးကို ပြုလုပ်ခဲ့သည်။ ယင်းစစ်ဆင်ရေးတွင် တပ်မတော်(လေ)သည် အမှတ်(၅၀၃)လေတပ်စခန်း မြစ်ကြီးနားကို ရှေ့တန်းအခြေစိုက်စခန်းအဖြစ် အခြေပြု၍ ပီစီ-၆၊ အော်တာ၊ ဘဲလ်၂၀၅ အေ-၁နှင့် အဲလူးဝက်ရဟတ်ယာဉ်များဖြင့် ပါဝင်တိုက်ခိုက်ခဲ့ကြသည်။ ယင်းစစ်ဆင်ရေးမှာ ထောဂေါကို သိမ်းပိုက်နိုင်ခြင်းမရှိဘဲ အင်အားစုစည်းရင်ဆိုင်ထားရုံသာရှိသဖြင့် တိုင်းအစီအစဉ်ဖြင့် ပြုလုပ်နေသော ဇွဲရဲမာန်စစ်ဆင်ရေးကို အရှိန်အဟုန်မြှင့်ပြုလုပ်ခဲ့သည်။

တပ်မတော်သည် ၁၉၈၇ခုနှစ်၊ စက်တင်ဘာလ (၂၆)ရက်နေ့တွင် ဇွဲရဲမာန်စစ်ဆင်ရေးကို ပြုလုပ်ခဲ့သည်။ ဤစစ်ဆင်ရေးတွင်လည်း အမှတ်(၅၀၃)လေတပ်စခန်းကို အခြေပြု၍ တပ်မတော်(လေ)မှ တီ-၃၃ တိုက်လေယာဉ် နှစ်စင်း၊ ပီစီ-၆လေယာဉ် သုံးစင်း၊ ဘဲလ်၂၀၅ အေ-၁ ရဟတ်ယာဉ် ငါးစင်းနှင့် အဲလူးဝက်ရဟတ်ယာဉ် နှစ်စင်းတို့ ပါဝင်တိုက်ခိုက်ခဲ့ရာ ၁၉၇၈ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက်နေ့တွင် ထောဂေါကို ပြန်လည်သိမ်းပိုက်ရရှိခဲ့သည်။

တစ်ဖန် ၁၉၇၉ခုနှစ်၊ ဇွန်လ(၂၈)ရက်နေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၌ကေအိုင်အေ တပ်မဟာ(၂)ချေမှုန်းရေးကို ပြုလုပ်ခဲ့ပြန်သည်။ ထိုစစ်ဆင်ရေးရည်ရွယ်ချက်မှာ ကေအိုင်အေ တပ်မဟာ(၂)နှင့် လက်အောက်ခံ တပ်ရင်းများဖြစ်သော တပ်ရင်း(၁၀၂)၊ တပ်ရင်း(၁၁)တို့ကို တိုက်ခိုက်ချေမှုန်းရန်ဖြစ်သည်။ ယင်းစစ်ဆင်ရေးတွင် တပ်မတော်(လေ)မှ တီ-၃၃တိုက်လေယာဉ် သုံးစင်း၊ ပီစီ-၇ လေယာဉ် သုံးစင်း၊ ပီစီ-၆ လေယာဉ် တစ်စင်း၊ ဘဲလ်၂၀၅ အေ-၁ ရဟတ်ယာဉ် နှစ်စင်း၊ အဲလူးဝက်ရဟတ်ယာဉ် လေးစင်းတို့ဖြင့် လေကြောင်းပစ်ကူပေးခြင်း၊ အမြောက်နှင့်လက်နက်ခဲယမ်းများ သယ်ဆောင်ပေးခြင်း၊ လူနာသယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ တပ်မတော်၏ ထိုးစစ်ကြောင့် ၁၉၇၉ခုနှစ်၊ ဇူလိုင်လ (၉)ရက်နေ့တွင် ရန်သူများ ဆုတ်ခွါသွားသဖြင့် စစ်ဆင်ရေးမှာလည်း ပြီးဆုံးသွားခဲ့သည်။

၁၉၈၃ခုနှစ်အတွင်း တပ်မတော်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ခန္ဓီးဒေသတွင် ကချင်သောင်းကျန်းသူများအား အမြစ်ပြတ်ချေမှုန်းရန် အောင်သူရစစ်တံခွန်လွှင့်စစ်ဆင်ရေးကို

ဆင်နွှဲခဲ့သည်။ ထိုစစ်ဆင်ရေးတွင် တပ်မတော်(လေ)သည် တပ်မတော်(ကြည်း) အမှတ်(၁၆)ခြေလျင်တပ်ရင်း၊ အမှတ်(၅၂)ခြေလျင်တပ်ရင်းတို့နှင့်အတူ ပူးပေါင်း၍ စစ်သည်၊ ခဲယမ်း၊ ရိက္ခာ၊ လူနာသယ်ယူခြင်း၊ အဓိကပုဂ္ဂိုလ်များအား ပို့ဆောင်ခြင်းစသည့် တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ထို့ပြင် တပ်မတော်(လေ)သည် ၁၉၈၄ခုနှစ်၊ ဇွန်လ(၄)ရက်နေ့မှ (၁၈)ရက်နေ့အထိ ကော်ရိုခါး၊ အောင်ဂျပ်၊ တနိုင်းဒေသများရှိ ကချင်သောင်းကျန်းသူများအား ချေမှုန်းသည့် ဇွဲရဲမာန်စစ်ဆင်ရေး၊ ၁၉၈၅ခုနှစ်၊ ဖေဖော်ဝါရီလနှင့်မတ်လအတွင်း ဂျာပူဒေသ၊ မုန်းကွယ်၊ လွယ်ရင်၊ ဖာလင်း၊ နင်းမွေ့ဒေသ၊ လာကမ်း၊ ဘွန်တောင်၊ ကန်ပါဘွန်စသည့်ဒေသတို့တွင် ဆင်နွှဲခဲ့သော ဒေသန္တရစစ်ဆင်ရေးများ၊ ၁၉၈၆ခုနှစ်၊ ဇူလိုင်လ(၂၄)ရက်နေ့မှ ဩဂုတ်လ(၁၀)ရက်နေ့အထိကချင်ပြည်နယ်အတွင်းရှိ နမ္မတီး၊ တနိုင်းနယ်မြေ၊ ရွှေ့လုန်၊ ဝေ့ခ၊ နန့်တိန်ချောင်းဒေသတွင် ပြုလုပ်ခဲ့သော ဇွဲရဲမာန်စစ်ဆင်ရေး(ဒုတိယအဆင့်)၊ ၁၉၈၇ခုနှစ်၊ မေလ(၂၃)ရက်နေ့တွင် ကချင်သောင်းကျန်းသူများ၏ဗဟိုဌာနချုပ်ဖြစ်သော နားဖော့ဒေသစခန်းအား ချေမှုန်းတိုက်ခိုက်ခဲ့သည့် သူရိန်ထွန်းစစ်ဆင်ရေး၊ ၁၉၈၈ခုနှစ်၊ ဒီဇင်ဘာလ(၇)ရက်နေ့မှ (၁၀)ရက်နေ့အထိ မြစ်ကြီးနားမြို့၊ ဆင်ဘိုဒေသတွင် ဒုတိယအကြိမ်ပြုလုပ်ခဲ့သော သူရိန်ထွန်းစစ်ဆင်ရေးများတွင် တပ်မတော်(ကြည်း)တပ်များနှင့်အတူ ပါဝင်ဆင်နွှဲခဲ့သည်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ စစ်ဆင်ရေးများ

တပ်မတော်သည် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ၊ ဖါပွန်၊ လှိုင်းဘွဲ့ဒေသအတွင်း လှုပ်ရှားနေသော ကရင်သောင်းကျန်းသူများအား ၁၉၇၈ခုနှစ်၊ နိုဝင်ဘာလ(၇)ရက်နေ့တွင် နေမင်းရောင်စစ်ဆင်ရေးဖြင့် ထိုးစစ်ဆင်ခဲ့သည်။ ယင်းစစ်ဆင်ရေးတွင် တပ်မတော်(လေ)သည် မော်လမြိုင်၊ ဖါးအံတို့တွင် လေတပ်ဆွယ်ဖွင့်ကာ တီ-၃၂၊ ပီစီ-၆၊ ဘဲလ်၂၀၅ အေ-၁ ရဟတ်ယာဉ်များ ဖြင့် ပါဝင်တိုက်ပွဲဝင်ခဲ့သည်။ ထို့ပြင် တပ်မတော်သည် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ ဝိုလ်မြခေါင်းဆောင်သောကေအမ်ယူဌာနချုပ်ကို ချေမှုန်းရန်နှင့် ယင်းတို့၏လက်အောက်ခံကေအမ်ယူတပ်မဟာ(၁)၊ တပ်မဟာ(၇)စစ်ကြောင်းများကို ဖော်ထုတ်တိုက်ခိုက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် တိုက်ဇွဲဟုန်စစ်ဆင်ရေးကို ၁၉၈၀ပြည့်နှစ် စက်တင်ဘာလ(၂၂)ရက်နေ့တွင် စတင်ခဲ့သည်။ ထိုစစ်ဆင်ရေးတွင်လည်း တပ်မတော်(လေ)သည် ပီစီ-၇လေယာဉ် နှစ်စင်း၊ ပီစီ-၆လေယာဉ် တစ်စင်း၊ ဘဲလ်၂၀၅ အေ-၁ ရဟတ်ယာဉ် သုံးစင်း၊ အက်ဖ်-၂၇ လေယာဉ်နှင့် အက်ဖ်အိတ်ချ်-၂၂၇ လေယာဉ်များဖြင့်လည်းကောင်း၊ တိုက်ဇွဲဟုန်အဆင့်(၂) အရှိန်အဟုန်မြှင့်စစ်ဆင်ရေးတွင် ၁၉၈၁ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့မှစ၍ တီ-၃၃တိုက်လေယာဉ် နှစ်စင်း၊ ပီစီ-၇ လေယာဉ် နှစ်စင်း၊ ပီစီ-၆ လေယာဉ် တစ်စင်း၊ ဘဲလ်၂၀၅ အေ-၁ ရဟတ်ယာဉ် တစ်စင်းတို့ဖြင့်လည်းကောင်း ပါဝင်တိုက်ခိုက်ခဲ့သည်။

ဆက်လက်၍ တပ်မတော်သည် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေရှိ မော်ဖိုးကေနှင့် မိချောင်းဒေသများရှိကရင်သောင်းကျန်းသူများအားအမြစ်ပြတ်ချေမှုန်းရန် ၁၉၈၃ခုနှစ်၊ ဇွန်လ(၅)ရက်နေ့မှ(၆)ရက်နေ့အထိ၊တိုက်ဇွဲဟုန်အဆင့်(၃)ကိုဆင်နွှဲခဲ့သည်။ ထိုစစ်ဆင်ရေးတွင် တပ်မတော်(ကြည်း)မှ အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ လက်အောက်ခံတပ်များ ပါဝင်ပြီး တပ်မတော်(လေ)မှ ပီစီ-၆ လေယာဉ် သုံးစင်း၊ ဘဲလ်၂၀၅ ရဟတ်ယာဉ် သုံးစင်းပါဝင်ကာ ဗုံးကြဲတိုက်ခိုက်ခြင်း၊ လူနာ၊ ခဲယမ်း၊ ရိက္ခာပို့ဆောင်ခြင်းတာဝန်ကို ထမ်းဆောင်ခဲ့သည်။

၁၉၈၃ခုနှစ် ဖေဖော်ဝါရီလတွင် တပ်မတော်(လေ)သည် အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ၊ ကမမောင်းနှင့်ရှမ်းရွာဒေသ ကတိုင်တီးဒေသ၊ အင်းဒယ်ရပ်ဒေသရှိ သောင်းကျန်းသူများအား ချေမှုန်းခဲ့သည့် ဒေသန္တရစစ်ဆင်ရေး၊ ၁၉၈၄ခုနှစ် ဇန်နဝါရီလ (၁၆)ရက်နေ့မှ ဇွန်လ(၅)ရက်နေ့အထိ ဖားအံဒေသတွင် ပြုလုပ်သော ရန်ငြိမ်းအောင်စစ်ဆင်ရေး၊ ၁၉၈၄ခုနှစ်တွင်ပင် မဲသဝေါ၊ မော်ဖိုးကေ၊ တာလေ၊ လှိုင်းဘွဲ့၊ ထီးမူခိနယ်မြေ ဒေသန္တရစစ်ဆင်ရေး၊ ၁၉၈၅ခုနှစ်မှ ၁၉၈၇ခုနှစ်အတွင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းပြုလုပ်သော ဒေသန္တရစစ်ဆင်ရေးများတွင် ကင်းထောက်ခြင်း၊ အနီးကပ်လေကြောင်းပစ်ကူပေးခြင်း၊ ဗုံးကြဲခြင်းများကို ဆောင်ရွက်ခဲ့သည်။

၁၉၈၈ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အကြမ်းဖက်သောင်းကျန်းသူများ၊ မင်းမဲ့စရိုက်များလွှမ်းမိုး၍ အုပ်ချုပ်ရေးယန္တရား ပျက်သုံးပြီး နိုင်ငံရေးမတည်မငြိမ်ဖြစ်နေစဉ် ကွန်မြူနစ်သောင်းကျန်းသူများက မိုင်းယန်းဒေသတွင် စစ်ဆင်တိုက်ခိုက်လာကြသည်။ ထိုအချိန်တွင် ကရင်သောင်းကျန်းသူ ကေအင်န်ယူများကလည်း လူမျိုးစုသောင်းကျန်းသူများနှင့် ဖွဲ့စည်းထားသော အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု(မဒတ)အတွင်း ဩဇာအာဏာ ထက်မြက်လာစေရေး၊ မဟာဗျူဟာမြောက် စစ်ရေး၊ နိုင်ငံရေးရည်မှန်းချက်များဖြင့် မဲသဝေါဒေသကို သိမ်းပိုက်ရန် တပ်မတော်စခန်းများကို တိုက်ခိုက်ခဲ့ကြသည်။ ကေအင်န်ယူတို့၏ ရည်မှန်းချက်မှာ မဲသဝေါဒေသကို သိမ်းပိုက်ပြီးပါက ဖားအံ၊ မော်လမြိုင်စသည့်မြို့ကြီးများအပါအဝင် မြစ်ဝကျွန်းပေါ်ဒေသကိုစိုးမိုးရေး၊ ကရင်ပြည်နယ် သီးခြားထူထောင်ရေးစသည်တို့ပင်ဖြစ်သည်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ(၂၆)ရက်နေ့တွင် ကေအင်ယူအင်အား(၆၀၀)ခန့်သည် အံ့ကျော်ကုန်းကိုလည်းကောင်း၊ အင်အား(၁၀၀၀)ခန့်သည် ကသာနလီစခန်းကုန်းနှင့် မြေနိမ့်ကမ်းပါးရှိ ပင်မစခန်းကုန်းကိုလည်းကောင်း၊ လက်နက်ကြီးပစ်ကူများဖြင့် တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသည်။ စခန်းသုံးခုမှ ဆုတ်ခွါလာသောမိမိတပ်ဖွဲ့များသည် မောရလီစခန်းတွင်ပူးပေါင်းပြီး ရန်သူကိုကြံ့ကြံ့ခိုင်ရင်ဆိုင်ခဲ့ကြသည်။ တိုက်ပွဲပြင်းထန်ပြီးနှစ်ဖက်အကျအဆုံးမှာလည်းများပြားခဲ့သည်။ မဲသဝေါဒေသသည် ထိုင်းနိုင်ငံနယ်စပ်နှင့်နီးကပ်ပြီးနယ်နိမိတ်ကို သောင်ရင်းမြစ်နှင့်ပိုင်းခြားထားသည်။ အောက်တိုဘာ(၆)ရက်နေ့တွင် တပ်မတော်(လေ)မှ ပီစီ-၇ လေယာဉ်လေးစင်းသည် အံ့ကျော်ကုန်းကို အဓိကပစ်မှတ်ထား၍လည်းကောင်း၊အောက်တိုဘာလ(၇)ရက်နေ့တွင်ပို့ဂ်(စ၆၅)တောင်ကုန်းနှင့် ရှမ်းရွာသစ်

အကြား မိမိစစ်ကူစစ်ကြောင်းများကို ဖြတ်တောက်ထားသည့် ရန်သူများကိုလည်းကောင်း၊ ဗုံးကြဲတိုက်ခိုက်ခဲ့ကြသည်။ တိုက်လေယာဉ်များသည် မဲသဝေါဒေသတွင် တိမ်များထူထပ်ပြီး မြူနှင်းများကျဆင်းလျက်ရှိသဖြင့် ခက်ခက်ခဲခဲ တိုက်ပွဲဝင်ကြရသည်။

တပ်မတော်သည် အမြောက်နှင့်ခြေလျင်တပ်ရင်း လက်နက်ကြီးများကိုအသုံးပြုပြီး သောင်းကျန်းသူများအားထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာဒီဇင်ဘာလအတွင်းပွိုင့်(၁၇၄၈)တောင်ကုန်း၊အုံကျော်ကုန်း၊ ကသာနလီတောင်ကုန်းနှင့်ရိက္ခာဆန်များအားပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ဤတိုက်ပွဲတွင်တပ်မတော်(လေ)မှ တိုက်လေယာဉ်များသည် ကင်းထောက်ပျံသန်းခြင်း၊ အနီးကပ်လေကြောင်း ပစ်ကူပေးခြင်း၊ ဘဲလ်၂၀၅ ရဟတ်ယာဉ်များက လူနာသယ်ဆောင်ခြင်းစသည်တို့ကို ဆောင်ရွက်ခဲ့သည်။

ထို့ပြင် တပ်မတော်သည် အထက်ပါအရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေစစ်ဆင်ရေးများအပြင် ၁၉၇၆-ခုနှစ်၊ ဒီဇင်ဘာလ(၁၄)ရက်နေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ ရခိုင်ရိုးမအတွင်း မြင်းကဒေသတောင်၏ အရှေ့ဘက်နှင့် တောင်ဘက်မထုံးချောင်းဝဲယာဂွင်စိမ်းနက်ဂွင်၊ ဂမုံးချောင်းဖျားဂွင်တို့၌ နစ်ဖြူသက်ထွန်းနှင့်အင်အား (၂၀၀)ခန့်တို့ ခိုအောင်းနေသည်ကို သုံးသပ်တွေ့ရှိရသဖြင့် ရှေ့တန်းအမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်ကဦးစီး၍ ရဲအောင်နိုင်စစ်ဆင်ရေးကို ဆင်နွှဲခဲ့သည်။ ယင်းစစ်ဆင်ရေးတွင် မင်းတုန်းမြို့ရှိ လေတပ်စွယ်မှ ဘဲလ်၂၀၅ ရဟတ်ယာဉ်နှစ်စင်းသည် ရှေ့တန်းရိက္ခာပို့တာဝန်များကိုဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ တပ်မတော်(လေ)သည် ၁၉၈၄ခုနှစ်အတွင်း သောင်းကျန်းသူများအားအမြစ်ဖြတ်ချေမှုန်းရန် အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ၊ ဟိုမွေဒေသတွင်ပြုလုပ်ခဲ့သည့် ဒေသန္တရစစ်ဆင်ရေး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ ပွိုင့် (၄၆၄၆) နှင့် (၄၆၂၉) ဒေသတွင် ကရင်သောင်းကျန်းသူများအား ချေမှုန်းခဲ့သည့် ဒေသန္တရစစ်ဆင်ရေးများတွင် လေကြောင်းပစ်ကူပေးခြင်း၊ ဗုံးကြဲတိုက်ခိုက်ခြင်းစသည့်တာဝန်များကို ထမ်းဆောင်ခဲ့သည်။

တပ်မတော်(လေ)၏တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက်များ

၁၉၇၈ခုနှစ်ဦးပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း မတရားခိုးဝင်လာသော ကုလားများ၏ပြဿနာပေါ်ပေါက်ခဲ့သည်။ တပ်မတော်သည် ခိုးဝင်လာသူများ၏ ပြဿနာနှင့် စပ်လျဉ်း၍လူမျိုးရေးပြဿနာမပေါ်ပေါက်ရေး၊ အိမ်နီးချင်းနိုင်ငံနှင့် အထင်အမြင်မလွဲစေရေးအတွက် ကိုင်တွယ်ဖြေရှင်းသောအားဖြင့် နဂါးမင်းစစ်ဆင်ရေးကို ပြုလုပ်ခဲ့သည်။ ထိုစစ်ဆင်ရေးကို ၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံအတွင်းသို့ ခိုးဝင်လာသူများမှာ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသွားကြသည်။ ထို့နောက် မေလတွင် ဟင်္သာစစ်ဆင်ရေးကို ဆက်လက်ပြုလုပ်ခဲ့ပြန်သည်။ ထိုစစ်ဆင်ရေးမှာ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း နှင့် အဓိကသက်ဆိုင်သော

စစ်ဆင်ရေးများဖြစ်သော်လည်း တပ်မတော်(လေ)သည် အဲလူးဝက်ရဟတ်ယာဉ်ဖြင့် စစ်တွေမြို့တွင် တပ်စွယ်ဖွင့်ကာ ၁၉၇၈ခုနှစ် ကုန်သည်အထိ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် တပ်မတော်(လေ)သည် ၁၉၈၀ပြည့်နှစ်၊ ဧပြီလ(၆)ရက်နေ့တွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ အရှေ့ခြမ်းနှင့် ရခိုင်ဓါတ်သတ္တုရှာဖွေရေးလုပ်ငန်းအတွက် ကလေးမြို့ကိုအခြေပြု၍ မွေတောင်၊ ဝေဘူလနှင့် ပူမိဖွန်ဒေသများကို ကောင်းကင်ဓါတ်ပုံရိုက်ကူးပေးခဲ့သည်။ တစ်ဖန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏အကူအညီတောင်းခံချက်အရ ကွင်းအဲယားလေယာဉ်ဖြင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကို ၁၉၈၁-ခုနှစ်၊ ဇန်နဝါရီလ(၂၀)ရက်နေ့မှ (၂၇)ရက်နေ့အထိ ကောင်းကင်ဓါတ်ပုံရိုက်ကူးပေးခဲ့သည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ လျှပ်စစ်ဓါတ်အားကော်ပိုရေးရှင်းသည် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း အသေးစိတ်ဒီဇိုင်းရေးဆွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လျှပ်စစ်ဓါတ်အားကော်ပိုရေးရှင်းနှင့် နော်ဝေးနိုင်ငံမှနော်ကွန်ဆော့ Norconsult အတိုင်ပင်ခံ အင်ဂျင်နီယာကုမ္ပဏီနှင့် ၁၉၈၀ပြည့်နှစ်၊ စက်တင်ဘာလ(၂၉)ရက်နေ့တွင် အတိုင်ပင်ခံစာချုပ် ချုပ်ဆိုခဲ့သည်။ ယင်းစာချုပ်အရ ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်နိုင်ရန် လိုအပ်သော ကောင်းကင်ဓါတ်ပုံများကို တပ်မတော်(လေ)က ရိုက်ကူးပေးခဲ့သည်။

လျှပ်စစ်ဓါတ်အားကော်ပိုရေးရှင်းမှပင် ပြည်ထောင်စုသမ္မတကျာမနီနိုင်ငံ ဟိုက်ဒရိုပလန့်ဒက် ကွန်ဂိုပါ Hydroplant Decon Gopa အတိုင်ပင်ခံ အင်ဂျင်နီယာကုမ္ပဏီနှင့် ဖေါင်းတောအညာပြားရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်ရန် ၁၉၈၂ခုနှစ်၊ ဇန်နဝါရီလ(၁၄)ရက်နေ့တွင် စာချုပ်ချုပ်ဆိုခဲ့သည်။ တပ်မတော်(လေ)သည် ထားဝယ်မြို့ကိုအခြေပြု၍ ကောင်းကင်ဓါတ်ပုံရိုက်ကူးခြင်းလုပ်ငန်းများကို ၁၉၈၂-ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့မှ မေလ(၃)ရက်နေ့အထိ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင်နိုင်ငံတော်အစိုးရသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့၏ အကူအညီဖြင့် မြန်မာနိုင်ငံ၏သစ်တော သယံဇာတစာရင်းကောက်စီမံကိန်းကို ၁၉၈၁-၈၂ ဘဏ္ဍာရေးနှစ်မှစတင်၍ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုစီမံကိန်းအရ၊ တပ်မတော်(လေ)သည် ၁၉၈၁ခုနှစ်၊ ဒီဇင်ဘာလ(၃၀)ရက်နေ့မှ ၁၉၈၂ခုနှစ်၊ ဖေဖော်ဝါရီလ(၂၂)ရက်နေ့ထိ၊ နယ်မြေစတုရန်းမိုင်နှစ်သောင်းကို ကောင်းကင်ဓါတ်ပုံရိုက်ကူးပေးခဲ့သည်။

တပ်မတော်(လေ)သည် မြန်မာနိုင်ငံမှ တိမ်းရှောင်သွားသော ကျောင်းသားများကိုလည်း ၁၉၈၈-ခုနှစ်၊ ဒီဇင်ဘာလ (၂၂)ရက်နေ့မှ (၂၆)ရက်နေ့ထိ ဖော်ကာလေယာဉ်များဖြင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့လေသည်။[၁]

---

၁ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊သုတေသနဌာန-**တပ်မတော်(လေတပ်)သမိုင်း**

အခန်း(၆)

နိုင်ငံတော်တွင် စီးပွားရေးအကျပ်အတည်းဖြစ်ပေါ်လာခြင်း

မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုအဆင့်ဆင့်တွင်ရည်မှန်းချက်များထားရှိခဲ့ရာလွတ်လပ်ရေးကြိုးပမ်းမှု၏ နောက်ဆုံးအဆင့်ဖြစ်သော လွတ်လပ်ရေးရခါနီးအချိန်တွင်ထားရှိသော ရည်မှန်းချက်မှာ လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ရေးသည် တတိယဟူ၍ ဖြစ်ခဲ့သည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ကပင် ၁၉၄၇ခု၊ မတ်လ(၁)ရက်နေ့တွင် မြန်မာပြည် အင်္ဂလိပ်ကုန်သည်ကြီးများအသင်း၌ ဆိုရှယ်လစ်ရေးနှင့် ပတ်သက်၍ -

> "မြန်မာပြည်၌ အရေးကြီးသော စက်မှုလုပ်ငန်းအရပ်ရပ်ကို ပြည်သူပိုင်လုပ်ရန် ကျွန်ုပ်ကြံရွယ်ကြောင်း၊ ထိုသို့ပြုလုပ်မှသာ လူထုစိတ်ကျေနပ်၍ ပျော်ရွှင်စွာ နေနိုင်သော အဆင့်အတန်းကို ရမည်ဟု ကျွန်ုပ် စွဲမြဲစွာယုံကြည်ကြောင်း၊ သို့သော် ပြည်သူပိုင်လုပ်ငန်း လုပ်ကိုင်ခြင်းမှာ စိတ်သဘော ဖြူဖြောင့်စွာနှင့် မှန်ကန်သော အချိန်ရောက်မှသာ လုပ်ရမည်ဆိုချက်ကို သိရှိကြောင်း"

မိန့်ကြားခဲ့ပါသည်။ ထို့ပြင် ၁၉၄၇ခုနှစ်၊ ဇူလိုင်လ(၁၃)ရက်နေ့တွင် မြို့တော်ခန်းမ၌ ပြုလုပ်သော ပြည်သူ့အစည်းအဝေးတွင် -

> "ကျွန်တော်တို့ တိုင်းပြည်ကို ပြန်လည်ထူထောင်ကြမယ်ဆိုလို့ရှိရင်လဲ National Planning ခေါ်တဲ့ အဲဒီစီမံကိန်းမျိုးတွေနဲ့ မလုပ်ဘဲနဲ့ ဘယ်နည်းနဲ့မှ ကျွန်တော်တို့ တိုင်းပြည်ဟာ မကြီးပွားနိုင်ဘူး။ မထူထောင်နိုင်ဘူးဆိုတာ ခင်ဗျားတို့ သတိရှိစေချင်တယ်"

ဟူ၍လည်း မိန့်ကြားခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ မျှော်မှန်းချက်မှာ ဆိုရှယ်လစ်စီးပွားရေးစနစ်နှင့် ဆိုရှယ်လစ်ပန်းတိုင်ကို ရောက်ရှိအောင် ကြိုးပမ်းရေးပင်ဖြစ်ပေသည်။ သို့သော် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် အာဏာရအစိုးရ၏ ဆောင်ရွက်ချက်များမှာ ဗိုလ်ချုပ်အောင်ဆန်းမျှော်မှန်းခဲ့သော လမ်းကြောင်းမှ လုံးဝသွေဖည်သွားခဲ့ကြောင်း တွေ့ရှိရပေသည်။[၁]

မြန်မာ့စီးပွားရေးအခြေအနေများနှင့်ပတ်သက်၍နောက်ကြောင်းပြန်လှန်ကြည့်မည်ဆိုပါလျှင် အခြေအနေဆိုးများကိုတွေ့ကြရမည်သာဖြစ်ပေသည်။မြန်မာ့စီးပွားရေးအခြေအနေများနှင့်ပတ်သက်၍ လွတ်လပ်ရေးရရှိချိန်တွင် စီးပွားရေးလုပ်ငန်းသည် နိုင်ငံခြားအရင်းရှင်များ၏ လက်တွင်ရှိနေရုံမျှမက

---

၁ တပ်မတော်သားသုတေသီတစ်ဦး - ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း ဖြတ်သန်းလာသော မြန်မာသမိုင်းအကျဉ်းနှင့်တပ်မတော်ကဏ္ဍ (ပထမတွဲ) မျက် ၁၁၅-၁၁၆

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံပိုင်ပြုလုပ်လိုသော သယ်ယူပို့ဆောင်ရေး၊ သတ္တုထုတ်လုပ်ရေး၊ သယံဇာတ တူးဖော်ထုတ်လုပ်ရေး အများအပြားကို လျော်ကြေးအမြောက်အမြား ပေးပြီးမှ ရယူခဲ့ရလေသည်။ လွတ်လပ်ရေးရရှိတော့မည့်အချိန်တွင် စီးပွားရေးတိုးတက်မှုကို စစ်ဒဏ်ကြောင့် ဖျက်စီးယိုယွင်း နေသောလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် လယ်ယာကိုင်းကျွန်းထွက်ကုန်ပစ္စည်းများထုတ်လုပ်မှု အပေါ် အခြေခံ၍ စီမံကိန်းများ ချမှတ်ခဲ့ရပေသည်။ ၁၉၄၇ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်ခဲ့သော "စီးပွားရေး၂နှစ်စီမံကိန်း" သည် လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံ၏ ပထမဆုံးသော စီးပွားရေးစီမံကိန်း ဖြစ်ခဲ့သည်။

၁၉၅၀ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စု၏ အကူအညီဖြင့် "ပြည်တော်သာ ၅ နှစ် စီမံကိန်း" ချမှတ်ဖော်ဆောင်ခဲ့သည်။ သို့ရာတွင် နိုင်ငံရေးသမားတို့၏ စီးပွားဖက် မြန်မာအရင်းရှင် များနှင့် နိုင်ငံခြားသားအရင်းရှင်များသာ ကြီးပွားချမ်းသာသွားကြသည်။ ယင်းစီမံကိန်းအရ ဆန်စပါး၊ သတ္တု၊ စက်မှုလက်မှုလုပ်ငန်းများ၊ ဆည်မြောင်း၊ တာတမံများနှင့် လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ ပါဝင်ခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ပေ။

ပထစအစိုးရခေတ်တွင် နိုင်ငံခြားလက်ဝါးကြီးအုပ် ငွေရှင်ကြေးရှင်များ လျော့ပါးသည်ထက် လျော့ပါး၍ တိုင်းရင်းသားအရင်းရှင်များ၏ အခန်းကဏ္ဍတိုးပွားမှု ကြိုးပမ်းချက်မှာလည်း အချည်း နှီးပင် ဖြစ်ခဲ့သည်။ ပထစအစိုးရ၏ နှစ်ရှည်(၁၆)နှစ်စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် အတွက် အစိုးရအနေဖြင့် နှစ်စဉ်မတည်ငွေ ကျပ်၆၅၇သန်း၊ ပုဂ္ဂလိကမှ မတည်ငွေ ၇၉သန်း မြှုပ်နှံ ခဲ့ပါသည်။ သို့ဖြစ်၍လည်း စစ်ပြီးခေတ်ရင်းနှီးမြှုပ်နှံမှုတန်ဘိုးမှာ ဈရာခိုင်နှုန်းမှ ၁၉၆၀-၆၁ခုနှစ်တွင် ၁၇. ၃ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ သို့ရာတွင် ယင်းစီးပွားရေးစီမံကိန်းမှာ အောင်မြင်မှုမရှိ သည့်ပြင် ကြွေးမြီများတစ်စထက်တစ်စ တိုးတက်လာခဲ့သည်သာ အဖတ်တင်ခဲ့သည်။

၁၉၆၀-၆၁ခုနှစ်တွင် တင်ရှိနေသော ကြွေးမြီများကို ကြည့်မည်ဆိုပါက-

(က)	အမေရိကန်ပြည်ထောင်စုမှ	ချေးငွေကျပ်	၁၀၆၄ သိန်း
(ခ)	အိန္ဒိယနိုင်ငံမှ	ချေးငွေကျပ်	၁၅၈၃ သိန်း
(ဂ)	ပါကစ္စတန်နိုင်ငံမှ	ချေးငွေကျပ်	၃၅ သိန်း
(ဃ)	ရုရှနိုင်ငံမှ	ချေးငွေကျပ်	၃၂၁ သိန်း
(င)	ကမ္ဘာ့ဘဏ်မှ	ချေးငွေကျပ်	၈၇၀ သိန်း

တို့ဖြစ်ကြပြီး စုစုပေါင်းငွေကျပ် ၃၈၇၃ သိန်းတင်ရှိခဲ့သည်။ အလားတူ ကြွေးမြီ(ပြည်တွင်း)မှာလည်း ငွေကျပ်သိန်းပေါင်း ၁၆၄၁၉ တင်ရှိနေရာ ထိုစဉ်က မြန်မာနိုင်ငံအဘို့ ပြန်လည်ပေးဆပ်ရန် တင်ရှိနေ သည့် ကြွေးမြီစုစုပေါင်းမှာ ငွေကျပ်သိန်းပေါင်း ၂၀၂၉၂ဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုကြွေးမြီများ သည်ပင် မျက်မှောက်ခေတ်အထိ ပြန်လည်ပေးဆပ်ရင်း ခံစားရလျက်ရှိလေသည်။

ထိုသို့ကြွေးမြီပတ်လည်ဝိုင်းနေသော်လည်း နိုင်ငံတော်အတွက် အကျိုးပြုမည့် ဆည်မြောင်း၊ တာတမံများနှင့် လုပ်ငန်းများကျယ်ပြန့်စွာ လုပ်ကိုင်ပေးနိုင်ခြင်းမရှိခဲ့ပေ။ ထိုခေတ်ကရှိခဲ့သော စက်ရုံအလုပ်ရုံများကို လက်ချိုးရေတွက်လျှင်ပင် ရနိုင်ပေသည်။ ရွာမသဲမကိစက်ရုံ၊ ဂုံနီစက်ရုံ(ရန်ကုန်)၊ သမိုင်းချည်မျှင်နှင့်အထည်စက်ရုံ၊နမ္မတီး၊ ဇေယျဝတီနှင့်ပျဉ်းမနားသကြားစက်များ၊ သရက်ဘိလပ်မြေစက်ရုံ၊ မော်လမြိုင်ပန်းကန်စက်၊ မေမြို့ပိုးချည်စက်ရုံနှင့်အုတ်နှင့်အုတ်ကြွပ်စက်ရုံစသည့် စက်ရုံပေါင်း(၁၀)ခုသာ တည်ဆောက်ပေးနိုင်ခဲ့သည်။[၁]

တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် မြန်မာ့စီးပွားရေးသည် နိုင်ငံခြားသားများလက်တွင်းသို့ကျရောက်နေခဲ့၍ စီးပွားရေးလွတ်မြောက်မှုရရှိစေရန် နိုင်ငံပိုင်ပြုလုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ခဲ့ရသည်။ ယင်းလုပ်ငန်းရပ်များမှာလည်း ဗိုလ်ချုပ်အောင်ဆန်းမကွယ်လွန်မီက ဆိုရန်တိုဗီလာ[၂] ခြံဝင်းအတွင်း ပြုလုပ်ခဲ့သော နိုင်ငံတော်ပြန်လည်ထူထောင်ရေးအစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက လမ်းညွှန်အဖြစ်ပြောကြားခဲ့သည့် လုပ်ငန်းများပင် ဖြစ်ပေသည်။ တစ်နည်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့်မြန်မာနိုင်ငံမှ နိုင်ငံခြားသားအမြောက်အမြား ပြည်တော်ပြန်သွားခဲ့ကြသည်။ ဤသည်မှာ အမျိုးသားစီးပွားရေးကို ဖော်ကျူးပေးမည့် အစိုးရ၏ ပထမခြေလှမ်းသစ်တစ်ရပ်ပင် ဖြစ်ပေသည်။[၃]

ထို့ပြင် တော်လှန်ရေးအစိုးရခေတ်တွင် တစ်ဖက်မှ နိုင်ငံခြားအရင်းရှင်များကို အပြီးအပိုင်ဖယ်ရှားပြီး လယ်ယာမြေကဏ္ဍတွင် စိုက်ပျိုးမြေဧရိယာတိုးချဲ့ရေး၊ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲရေး၊ သီးနှံများကို စီမံကိန်းဖြင့် စိုက်ပျိုးရေးတို့နှင့် ရေပေးရေစီမံကိန်းများ အမြောက်အမြားကို အကောင်အထည်ဖော်ခဲ့ပေသည်။ သာဓကအားဖြင့် မူးမြစ်ဝှမ်း၊ စစ်တောင်းမြစ်ဝှမ်းစီမံကိန်း၊ ကြက်မောက်တောင်ဆည်၊ ကင်းတား၊ ယင်းမလယ်၊ ရေနံ့သာ၊ မုန်တိုင်၊ မိုးဗြဲ၊ ငွေတောင်ဆည် စသည့် စီမံကိန်းများကို အကောင်အထည်ဖော်ပေးခဲ့သည်။ ထို့ပြင် ဧရာဝတီတိုင်းအတွင်းရှိ မြေဧက ၂သန်းကျော်ကိုလည်း စပါးပြန်လည်စိုက်ပျိုးရန် စီမံဆောင်ရွက်ပေးခဲ့သည်။ ယခင်စက်ရုံ၊ အလုပ်ရုံများကိုလည်း ဘုံလုပ်ပိုင်ခွင့်များပေးပြီး ဓါတ်မြေဩဇာစက်ရုံ နှင့် စက္ကူစက်ရုံနှစ်ရုံတို့ကို တည်ဆောက်ပေးခဲ့သည်။

၁၉၆၂ခုနှစ်၊ တော်လှန်ရေးကောင်စီ တက်ရောက်တာဝန်ယူပြီးသည့်နောက်ပိုင်းတွင် ရေတို၊ ရေရှည်စီးပွားရေးစီမံကိန်းများချမှတ်ကာ ကွယ်လွန်သူအမျိုးသားခေါင်းဆောင်ကြီးများ၏ရည်မှန်းချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပေသည်။ ထို့ကြောင့်လည်း ယခင်ခေတ်က လက်တစ်ဆုပ်စာရှိ ပြည်တွင်းပြည်ပမှ အရင်းရှင်ကြီးများသာ ပိုင်ဆိုင်ခဲ့သော စီးပွားရေးလုပ်ငန်းအများစု

---

၁ ဖေကံကောင်း အာဏာသိမ်းသော အာဏာရှင်အစိုးရမဟုတ်ပါ မျက် ၁၉၉-၂၀၀

၂ Sorento Villa

၃ တပ်မတော်သားသုတေသီတစ်ဦး ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း ဖြတ်သန်းလာသော မြန်မာ့သမိုင်း အကျဉ်းနှင့်တပ်မတော်ကဏ္ဍ၊ ပထမတွဲ မျက် ၆၁

သည် နိုင်ငံပိုင်၊ ပြည်သူပိုင် အခန်းကဏ္ဍများဖြင့် မြန်မာ့စီးပွားရေးလောကသစ်ကို ထူထောင်နိုင်ခဲ့ကြသည်။ နိုင်ငံတော်အား ပြန်လည်တည်ဆောက်နေရချိန် ဖြစ်သည့်အတွက်လည်း အချို့အချို့သော လုပ်ငန်းများ၊ ကုန်ပစ္စည်းများကို ကန့်သတ်ခဲ့ရသည်။ ပြည်သူပိုင် ပြုလုပ်ခဲ့သည့် လုပ်ငန်းများကို လေ့လာကြည့်ရှုပါက -

(၁)	စီးပွားရေးဘဏ်ပေါင်း	၃၁	ခု
(၂)	ဘီအီးဒီစီ	၄၀	ခု
(၃)	ဒီအက်စ်အိုင်	၅	ခု
(၄)	စီးကရက်လုပ်ငန်းများ	၉	ခု
(၅)	သတင်းစာတိုက်များ	၃	ခု
(၆)	ဆိုင်ပေါင်း	၁၃၄၆၉	ခု
(၇)	ပုလဲလုပ်ငန်း	၁	ခု
(၈)	ဘားမားကော်ပိုရေးရှင်း	၁	ခု
(၉)	ယူနီလီးဗား	၁	ခု
(၁၀)	ဘီအိုစီကုမ္ပဏီ	၁	ခု
(၁၁)	အင်္ဂလိပ်ဘားမား	၁	ခု
(၁၂)	မော်ချီးမိုင်း	၁	ခု
(၁၃)	ရေနံတွင်းပေါင်း	၂၁၀	တွင်း
(၁၄)	ကျောင်းပေါင်း	၁၂၉	ကျောင်း
(၁၅)	ဆေးရုံပေါင်း	၅	ခု
(၁၆)	စက်မှုလုပ်ငန်းပေါင်း	၈	ခု
(၁၇)	အခြားလုပ်ငန်းပေါင်း	၄	ခု
(၁၈)	ဖက်စပ်လုပ်ငန်းပေါင်း	၉	ခု
(၁၉)	သမဝါယမလုပ်ငန်းပေါင်း	၁၉၂၉	ခု
(၂၀)	ကြက်ပေါင်စေးမြေ	၅	ခု
(၂၁)	အခွန်ကြွေးအတွက်သိမ်းယူသည့်လုပ်ငန်းပေါင်း	၇	ခု
(၂၂)	ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူသည့်လုပ်ငန်းပေါင်း	၉	ခု
(၂၃)	အုပ်ချုပ်မှုပြောင်းယူသည့်လုပ်ငန်းပေါင်း	၉၈	ခု

တို့ဖြစ်ပြီး စုစုပေါင်း ပြည်သူပိုင်သိမ်းယူခဲ့သည့်လုပ်ငန်းပေါင်း (၁၅၉၇၆)ခုဖြစ်လေသည်။[၁] ထိုနိုင်ငံပိုင်ပြည်သူပိုင်လုပ်ငန်းများအပေါ်မှ ရရှိသောငွေကြေးများဖြင့် ပြည်သူ့အကျိုးပြု၊ နိုင်ငံအကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်အကောင်အထည်ဖော်ခဲ့သည်။

တော်လှန်ရေးကောင်စီကာလ ၁၉၆၂မှ ၁၉၇၁ခုနှစ်အထိ ၉နှစ်တာကာလအတွင်း စီးပွားရေးအခြေအနေနှင့်ပတ်သက်၍မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ နှစ်တိုနှစ်ရှည်စီးပွားရေးမူဝါဒများစာအုပ်တွင် အောက်ပါအတိုင်း သုံးသပ်ထားပါသည် -

> "၉နှစ်တာကာလအတွင်း နိုင်ငံ၏စီးပွားရေးနယ်ပယ်မှာ နိုင်ငံခြားအရင်းရှင်များနှင့် တိုင်းရင်းသားအရင်းရှင်မြေရှင်များ၏အခြေခံစီးပွားရေးစခန်းများကိုဖျက်သိမ်းနိုင်ခဲ့သော်လည်း နိုင်ငံ၏စီးပွားရေးအခြေအနေမှာ တည်ငြိမ်ခြင်းမရှိသေးပေ။ အချို့သောစီးပွားရေးကဏ္ဍများမှာတိုးတက်မှုရှိပြီး အချို့သောစီးပွားရေးကဏ္ဍများတွင်မူ ကျဆင်းနေပေသည်။ "

ဟု ဖော်ပြထားသည်။[၂]

၁၉၇၁ခုနှစ်၊ပထမအကြိမ်ပါတီညီလာခံကျင်းပချိန်တွင် ဆိုရှယ်လစ်စီးပွားရေးစနစ်အုတ်မြစ်ချနိုင်ရန်အတွက် အနှစ်(၂၀)နှစ်ရှည်စီးပွားရေးစီမံကိန်းကိုချမှတ်ခဲ့သည်။ ရေတိုစီမံကိန်းအဖြစ်(၄)နှစ်စီမံကိန်းများနှင့် (၄)နှစ်စီမံကိန်းဘောင်အတွင်းမှ နှစ်စဉ်စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့သည်။ ပထမလေးနှစ်စီးပွားရေးစီမံကိန်း၏ ပထမနှစ်(၁၉၇၁-၇၂)နှင့် ဒုတိယနှစ်(၁၉၇၂-၇၃)စီမံကိန်းများကိုအကောင်အထည်ဖော်ခဲ့ပြီးနောက် ၁၉၇၄ခုနှစ်၊ပထမအကြိမ်ပြည်သူ့လွှတ်တော်သက်တမ်းနှင့်ကိုက်ညီစေရန် လေးနှစ်စီမံကိန်းကာလကိုပြန်လည် သတ်မှတ်ခဲ့သောကြောင့် ပထမလေးနှစ်စီးပွားရေးစီမံကိန်းသည်(၂)နှစ်နှင့် ရပ်ဆိုင်းသွားခဲ့ရသည်။ ယင်းအနှစ်(၂၀)နှစ်ရှည် စီးပွားရေးစီမံကိန်း၏အဓိကရည်မှန်းချက်မှာစီမံကိန်း၏နောက်ဆုံးကာလဖြစ်သော ၁၉၉၃-၉၄ ခုနှစ်တွင် နိုင်ငံတော်၌ဆိုရှယ်လစ်စီးပွားရေး၊လူမှုရေးနှင့်နိုင်ငံရေးအခြေခံအဆောက်အအုံများအခြေတည်မိစေရန်ဖြစ်သည်။အထူးသဖြင့် လယ်ယာကဏ္ဍနှင့်စက်မှုကဏ္ဍတို့တွင်တည်ဆောက်တိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်ဖြစ်သည်။ သို့သော်တဖြည်းဖြည်းဆုတ်ယုတ်လာသော ကမ္ဘာ့စီးပွါးရေးအခြေအနေများကြောင့် ယင်းအနှစ်(၂၀)နှစ်ရှည်စီးပွားရေးစီမံကိန်းမှာအောင်မြင်သင့်သလောက်အောင်မြင်မှုမရရှိခဲ့ပေ။[၃]

---

၁ တပ်မတော်သားသုတေသီတစ်ဦး ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း ဖြတ်သန်းလာသော မြန်မာ့သမိုင်းအကျဉ်းနှင့်တပ်မတော်ကဏ္ဍ မျက် ၁၁၃

၂ စည်သူအောင်၊ မောင်မှတ် ရွှေပြည်တော်မျှော်မဝေးပြီမို့ မျက် ၂၄၉

၃ တပ်မတော်သားသုတေသီတစ်ဦး ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း ဖြတ်သန်းလာသော မြန်မာ့သမိုင်းအကျဉ်းနှင့်တပ်မတော်ကဏ္ဍ(ပထမတွဲ) မျက်၁၁၂-၁၁၃

နိုင်ငံတော်အစိုးရသည်နိုင်ငံတွင်းရှိတိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးနှင့်လူမှုရေး အခြေအနေများဖွံ့ဖြိုးတိုးတက်လာစေရန်နှစ်တို့၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲချမှတ်အကောင်အထည် ဖော်ခဲ့ရာ ဒုတိယလေးနှစ်စီမံကိန်းကာလဖြစ်သော ၁၉၇၄-၇၅မှ ၁၉၇၇-၇၈တွင် စီမံကိန်းကာလ၏ ပထမနှစ်အတွင်း အထွေထွေစီးပွားရေးအခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသည်။ သို့ရာတွင် တစ်ဖက်မှ စီးပွားရေးနှင့်ငွေရေးကြေးရေးနည်းလမ်းများဖြင့် တိုးတက်အောင်ဆောင်ရွက်သည့်နည်းတူ အခြား တစ်ဖက်မှာလည်း စည်းရုံးရေးနည်းလမ်းများဖြင့် ကုန်ထုတ်လုပ်ငန်းများအသီးသီးတွင် ပြည်သူများ ပါဝင်လာအောင်ဆောင်ရွက်နိုင်ခဲ့သောကြောင့် စီးပွားရေးအခြေအနေကောင်းများ ရရှိခဲ့ပါသည်။ [၀]

တတိယလေးနှစ်စီမံကိန်းကာလဖြစ်သော ၁၉၇၈-၇၉ မှ ၁၉၈၁-၈၂ တွင် ထိုအခြေအနေကောင်းများ အရှိန်ရလာသဖြင့် စပါးအထူးအထွက်တိုးစိုက်ပျိုးရေးအပါအဝင် လယ်ယာကဏ္ဍ၊ ကုန်ထုတ်လုပ်မှု တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ယင်းအခြေအနေကြောင့် နိုင်ငံတော်စီးပွားရေးအခြေအနေ အထိုက်အလျောက် တိုးတက်ခဲ့ပါသည်။ သို့သော် ပြည်ပချေးငွေ ထောက်ပံ့ငွေများ ရယူဆောင်ရွက်သည့် အချို့လုပ်ငန်းများ၌ လေလွင့်ပြုန်းတီးခြင်း၊ ရင်းနှီးမြှုပ်နှံမှု ခွဲဝေပုံများယွင်းခြင်း၊ ရည်မှန်းထားသည့်ကာလအတွင်းကုန်ပစ္စည်းမထုတ်နိုင်ခြင်းစသည့်အားနည်းချက် များ ဖြစ်ပေါ်ခဲ့သည်။

စတုတ္ထလေးနှစ်စီမံကိန်းကာလဖြစ်သော ၁၉၈၂-၈၃ မှ ၁၉၈၅-၈၆တွင် ယခင်ကာလက ဆောင်ရွက်ခဲ့သည့် စီးပွားရေးအခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်း၍ တိုးတက်အောင် ဆောင်ရွက်မှုတွင်အားနည်းခဲ့သည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန်လည်း နှောင့်နှေးခဲ့သည်။ ပြည်ပစျေးကွက်တွင် အခြေခံကုန်ပစ္စည်းများ၏ စျေးနှုန်းကျဆင်းခြင်း၊ ပြည်ပပို့ကုန် တိုးချဲ့မတင်ပို့နိုင်ခြင်း၊ ကုန်ကြမ်းစက်ရုံ အရန်ပစ္စည်းများ၊ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ စျေးတက်လာခြင်း၊ ပို့ကုန်လျော့နည်းလာခြင်းတို့ကြောင့် သွင်းကုန်များကို စိစစ် တင်သွင်းလာရသည်။ ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို ထိခိုက်လာရသည်။ နိုင်ငံခြားကုန်သွယ် မှုတွင် အခွင့်မသာဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုကဏ္ဍ၌ လိုငွေကြီးမားလာသည်။ ရင်းနှီးမြှုပ်နှံမှုလည်း လျော့နည်းလာသည်။ ဤအခြေအနေများကြောင့် ပဉ္စမလေးနှစ်စီမံကိန်းမှာ တိုးတက်လာခြင်းမရှိဘဲ စီမံကိန်းရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်နိုင်စွမ်းမရှိခဲ့ပေ။

ပဉ္စမလေးနှစ်စီမံကိန်းကာလတွင် နိုင်ငံတော်၌ ပို့ကုန်ဝင်ငွေ ကျဆင်းလာခြင်း၊ ပြည်ပချေးငွေများမှာ အချိန်ကျရောက်လာပြီဖြစ်၍ တစ်နှစ်ထက်တစ်နှစ် ပိုမိုပြီး ကြွေးမြီများ ပေးဆပ်လာရခြင်းတို့ကြောင့် နိုင်ငံခြားငွေများ ရှားပါးမှု ဖြစ်ပေါ်လာခဲ့ရသည်။ ဤတွင် ရင်းနှီးမြှုပ်နှံမှုအမျိုးမျိုးကို လျော့ချခဲ့လျှင် စီးပွားရေးတိုးတက်မှုနှုန်းများပါ ကျဆင်းလာမည့် အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကြွေးမြီပြဿနာများ ဖြေရှင်းရာ၌ ပို့ကုန်မှ နိုင်ငံခြားငွေရရှိမှု၏

---

[၀] မောင်ပြည်သူ စီ၊ အာ၊ ဒီ၊ ဘီ သို့မဟုတ် ပြည်ပြေးတစ်ကျော့ပြန် မျက် ၃၃

ရာခိုင်နှုန်းမည်မျှအားပြန်လည်ပေးဆပ်မည်ဟု တောင်းဆိုသကဲ့သို့အချို့ကလည်း လုံးဝပြန်လည်မပေးဆပ်ဘဲ လျော်ပစ်ရန်သာ တောင်းဆိုခဲ့ကြသည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ကြွေးမြီပေးဆပ်မှု၌ အခက်အခဲနှင့်ရင်ဆိုင်ရသော်လည်း အဆိုးရွားဆုံးအခြေအနေသို့ မရောက်ရှိအောင် ထိန်းသိမ်းနိုင်ခဲ့သည်။ [၁]

စတုတ္ထလေးနှစ်စီမံကိန်းနှင့်ပဉ္စမလေးနှစ်စီမံကိန်းသုံးသပ်ချက်

မြန်မာနိုင်ငံတွင် စီးပွားရေးအကြပ်အတည်းများပေါ်ပေါက်လာရန် စတုတ္ထလေးနှစ်စီမံကိန်းမှ စတင်ခဲ့သည်ဟုဆိုနိုင်ပေသည်။ စတုတ္ထလေးနှစ်စီမံကိန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေကို ကြည့်မည်ဆိုပါက တစ်နှစ်ပျမ်းမျှ၉၈. ၄ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပေသည်။ ကုန်ထုတ်လုပ်မှုမှာလည်းတိုးတက်ခဲ့သည်။ စတုတ္ထလေးနှစ်စီမံကိန်း၏အခြေခံနှစ်ဖြစ်သော ၁၉၈၁-၈၂မှ စီမံကိန်းနောက်ဆုံးနှစ်ဖြစ်သော၁၉၈၅-၈၆ခုနှစ်အတွင်းကဏ္ဍအလိုက်ကုန်ထုတ်လုပ်မှုကိုရွေးထုတ်လေ့လာပါက-

(၁) လယ်ယာကဏ္ဍတွင် စပါးတင်းပေါင်း ၆၇၈၀သိန်း မှ ၆၉၃၃သိန်းသို့လည်းကောင်း။

(၂) သစ်တောကဏ္ဍတွင် သစ်မာကုဗတန် ၁၀. ၇၈သိန်းမှ ၁၂. ၉၈သိန်းသို့လည်းကောင်း။

(၃) သတ္တုကဏ္ဍတွင် ရေနံစိမ်းစည် ၁၀. ၄၅သန်းမှ ၁၁. ၃၀သန်းသို့လည်းကောင်း။

(၄) စက်မှုကဏ္ဍတွင် သကြားတန်ချိန် ၄၂၉၀၀မှ ၆၄၆၁၀သို့လည်းကောင်း။

တိုးတက်ထုတ်လုပ်နိုင်သည်ကို တွေ့ရှိရသည်။

သို့သော် ထိုစတုတ္ထလေးနှစ်စီမံကိန်းကာလသည် ကမ္ဘာ့စီးပွားရေးပျက်ကပ်နှင့် တိုက်ဆိုင်နေသောကြောင့် မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ တင်ပို့သော ပို့ကုန်များသည် ဈေးမရရှိခဲ့ပေ။ ၁၉၇၉-၈၀ ခုနှစ်အတွင်းတွင် ဒုတိယအကြိမ် ရေနံဈေးနှုန်းများ မြင့်တက်သွားရာ ကမ္ဘာ့စက်မှုနိုင်ငံကြီးများမှ အရင်းရှင်ကြီးများသည်ထုတ်လုပ်မှုစရိတ်ကာမိစေရန်အတွက် ကုန်ကြမ်းများကို ဈေးလျှော့ဈေးနှိမ်ပြီး ဝယ်ယူကြသည်။ ယင်းတို့ ထုတ်လုပ်သော ကုန်ချောပစ္စည်းများကိုမူ ဈေးနှုန်းမြှင့်တင်ပြီး ရောင်းချကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင်ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့်နစ်နာခဲ့ရသည်။ စတုတ္ထလေးနှစ်စီမံကိန်းကာလအတွင်း ၁၉၈၁-၈၂ခုနှစ်နှင့် ၁၉၈၅-၈၆ခုနှစ် ပို့ကုန်များကို နှိုင်းယှဉ်ကြည့်လျှင်-

(၁) ဆန်မက်ထရစ်တန် ၅. ၇၅သိန်းမှ ၆. ၄၆သိန်းသို့လည်းကောင်း၊

(၂) အဖြူကိန်သန့်စင်မက်ထရစ်တန် ၁၉၉၄မှ ၉၁၄သို့လည်းကောင်း၊

(၃) ကျွန်းသစ်လုံးကုဗတန် ၇၃၄၆၀မှ ၁၁၀၀၀၀သို့လည်းကောင်း၊

---

[၁] (က) မောင်ပြည်သူ စီ၊ အာ၊ ဒီ၊ ဘီ သို့မဟုတ် ပြည်ပြေးတစ်ကျော့ပြန် မျက် ၃၃-၃၅
(ခ) ဖေကံကောင်း အာဏာသိမ်းသော အာဏာရှင်အစိုးရမဟုတ်ပါ မျက် ၂၄၂-၂၄၃

တိုးတက်တင်ပို့နိုင်ခဲ့သော်လည်း ကမ္ဘာ့စျေးကွက်တွင် ၁၉၈၁-၈၂ စျေးနှုန်းနှင့် ၁၉၈၅-၈၆ စျေးနှုန်းများကို နှိုင်းယှဉ်ကြည့်ပါက-

(၁) ဆန်တစ်တန်လျှင် ကျပ် ၂၃၅၀မှ ၁၃၁၇သို့လည်းကောင်း၊

(၂) အဖြူကိန်းသန့်စင်တစ်တန်လျှင် ကျပ် ၅၂၃၃၂ မှ ၃၇၁၉၈သို့လည်းကောင်း၊

(၃) ကျွန်းသစ်လုံးကုဗတန်တစ်တန်လျှင် ကျပ် ၄၈၅၅ မှ ၄၇၁၅ သို့လည်းကောင်း

စျေးနှုန်းများ ကျဆင်းခဲ့သည်ကို တွေ့ရှိရသည်။ [၁]

ထိုသို့နိုင်ငံခြားပို့ကုန်များ စျေးနှုန်းကျဆင်းသောကြောင့် နိုင်ငံခြားဝင်ငွေမှာလည်း ကျဆင်းခဲ့ရသည်။ နိုင်ငံတော်အနေဖြင့် မရှိမဖြစ်သော ကုန်ကြမ်းများ၊ စက်အပိုပစ္စည်းများ၊ ဆေးဝါးများနှင့် လတ်တလောအရေးကြီးပစ္စည်းများကို ဦးစားပေးပြီး ခြိုးခြုံးခြံခြံ တင်သွင်းရသဖြင့် ရင်းနှီးမှုများမှာ နိုင်ငံပိုင်ငွေကြေး မတတ်နိုင်ခဲ့ပေ။ ထို့ကြောင့်ပြည်ပချေးငွေနှင့် ထောက်ပံ့ငွေကို အားပြုခဲ့ရသည်။ သွင်းကုန်များကိုခြိုးခြံကန့်သတ်၍ တင်သွင်းရခြင်းနှင့် နိုင်ငံခြားငွေလိုအပ်ချက်ကို ပြည်ပချေးငွေများ အပေါ် အားပြုရခြင်းသည် နောက်ဆက်တွဲအကျိုးယုတ်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ သွင်းကုန်ကို ချုပ်တည်းကန့်သတ်မှုကြောင့် စက်ရုံများတွင် ကုန်ကြမ်းပြတ်ခြင်း၊ အပိုပစ္စည်းများ ပြတ်ခြင်းဖြစ်ကာ ကုန်ထုတ်လုပ်မှုကျဆင်းခြင်း၊ စက်ရုံလည်ပတ်မှု ရပ်ထားရခြင်း၊ စက်ရုံပိတ်သော်လည်း အလုပ်သမားများကို လစာပေးထားရသဖြင့် ကုန်ကျစရိတ်တက်ခြင်း၊ နိုင်ငံခြားငွေများလာသည်နှင့်အမျှ ပြန်ဆပ်ရသည့် ဝန်ထုပ်ဝန်ပိုးကြီးမြင့်လာခြင်းစသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေခဲ့သည်။ ယင်းအဖြစ်အပျက်များသည် မြန်မာနိုင်ငံကို ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအဖြစ် ခံယူရစေရန် တွန်းပို့လိုက်သည့် အဓိက အကြောင်းအချက်များပင် ဖြစ်သည်။ [၂]

ထို့ကြောင့် စတုတ္ထလေးနှစ်စီမံကိန်းကို သင်ခန်းစာယူကာ ပဉ္စမလေးနှစ်စီမံကိန်းကို ချင့်ချင့်ချိန်ချိန်နှင့် ဆောင်ရွက်ခဲ့သည်။ ပဉ္စမလေးနှစ်စီမံကိန်း၏ အဓိကရည်မှန်းချက်မှာ "အနှစ် ၂၀စီမံကိန်းရည်မှန်းချက်များကို ဦးတည်လျက်လက်ရှိစီးပွားရေးလုပ်ငန်းဆောင်တာများ ညီညွတ်မှုတမှု ရှိစေရေးအတွက် စီစဉ်မှုများ ပြုလုပ်၍ ကုန်ထုတ်လုပ်မှုကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ရန်" ဟူ၍ ချမှတ်ခဲ့သည်။ ပဉ္စမလေးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၈၆-၈၇ နှစ်စဉ်စီမံကိန်း၏ ရည်မှန်းချက်တွင် ပြည်တွင်းထွက်ကုန် (GDP)[၃] တိုးတက်မှုနှုန်းကို ၃.၆ရာခိုင်နှုန်း တိုးတက်စေရန် သတ်မှတ်ခဲ့သည်။ ပဉ္စမလေးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၈၆-၈၇ခုနှစ်တွင် စီမံကိန်းအကောင်အထည် ဖော်နိုင်မှုကို လေ့လာကြည့်ပါက ၁၉၈၅-၈၆ခုနှစ် ပုံမှန်စျေးနှုန်းအရ နှိုင်းယှဉ်လျှင် တစ်မျိုးသားလုံး၏ ပြည်တွင်း စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုမှာ တိုးတက်မလာသည့်အပြင် ကျဆင်းသွားသည်ကို တွေ့ရှိရသည်။ ယင်းကဲ့သို့ဖြစ်ရခြင်းမှာ ကမ္ဘာ့စီးပွားရေးအခြေအနေအရ

---

၁ စည်သူအောင်၊ မောင်မှတ် ရွှေပြည်တော်မွေ့မဝေးပြီမို့ မျက် ၂၅၆-၂၅၇

၂ စည်သူအောင်၊ မောင်မှတ် ရွှေပြည်တော်မွေ့မဝေးပြီမို့ မျက် ၂၅၆-၂၅၇

၃ Gross Domestic Product (GDP)

မြန်မာနိုင်ငံ၏ပို့ကုန်စျေးနှုန်းမှာကျဆင်းနေဆဲဖြစ်ခြင်း၊ စက်မှုနိုင်ငံကြီးများကပို့ကုန်တားဆီးပိတ်ပင်ရေး မူဝါဒများ ဆက်လက်ကျင့်သုံးနေခြင်း[၁] နိုင်ငံခြားကြွေးမြီဝန်ထုပ်ဝန်ပိုး ပိလာခြင်းများကြောင့်ဖြစ်ပြီး၊ ပို့ကုန်တန်ဘိုးမှာလည်း စီမံကိန်းလျာထားချက်၏ ၆၈. ၃ရာခိုင်နှုန်းသာ တင်ပို့နိုင်ခဲ့သည်။ ထို့ကြောင့် သွင်းကုန်များကိုလည်း လျှော့၍တင်သွင်းခဲ့ရသည်။ ပို့ကုန်စျေးနှုန်း ကျဆင်းသော်လည်း သွင်းကုန်စျေးနှုန်းများမှာ မြင့်တက်လာခဲ့ရာသွင်းကုန်များကို နိုင်ငံတော်အတွက် လိုအပ်ချက်များကာမိအောင် မတင်သွင်း နိုင်ဘဲ အထူး ခြိုးခြံချွေတာစိစစ်ပြီး တင်သွင်းခဲ့ရသည်။

ထို့ကြောင့် ပြည်ပကုန်ကြမ်းနှင့်စက်ကိရိယာအပိုပစ္စည်းများကို မှီခိုအားထားရမှုများသည့် သတ္တုကဏ္ဍ၊ စက်မှုကဏ္ဍနှင့် လျှပ်စစ်ဓါတ်အားကဏ္ဍများမှာ ထုတ်လုပ်မှု လျှော့ကျလာခဲ့သည်ကို တွေ့ရှိရသည်။ ၁၉၈၆-၈၇ခုနှစ်တွင် သတ္တုကဏ္ဍ၌ ၄. ၇ရာခိုင်နှုန်း၊ စက်မှုကဏ္ဍ၌ ၇. ၇ရာခိုင်နှုန်းနှင့် လျှပ်စစ်ဓါတ်အားကဏ္ဍ၌ ၆. ၈ရာခိုင်နှုန်း ထုတ်လုပ်မှုကျဆင်းခဲ့သည်။[၂] ၁၉၈၇-၈၈စီးပွားရေးနှစ်၏ အခြေအနေမှာလည်း ၁၉၈၆-၈၇အခြေအနေနှင့် ကွာခြားမှုမရှိဘဲ GDP တိုးတက်မှုနှုန်း အနှုတ် ၃. ၆ ရာခိုင်နှုန်းရှိခဲ့သည်။ ၁၉၈၇-၈၈ခုနှစ်တွင် စက်မှုလက်မှုကဏ္ဍ ကုန်ထုတ်လုပ်မှုနှုန်းမှာ အနှုတ် ၁၁. ၇ ရာခိုင်နှုန်းအထိ ပိုမိုနိမ့်ကျစွာကျဆင်းလာသည့်အပြင် လယ်ယာကဏ္ဍထုတ်လုပ်မှုသည်လည်း အနှုတ် ၆. ၂ရာခိုင်နှုန်းကျဆင်းကာ စီးပွားရေးအကြပ်အတည်းဖြစ်ပေါ်ခဲ့ရသည်။[၃]

ဤအခြေအနေများနှင့်ပတ်သက်၍ ၁၉၈၈ခုနှစ်၊ ဇူလိုင်လ(၂၂)ရက်နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ဗဟိုကော်မတီ၊ နဝမအကြိမ် အစည်းအဝေး၌ အထွေထွေအတွင်းရေးမှူးဦးအေးကိုကတင်ပြရာတွင် စီးပွားရေးပိုင်းတွင် အနှစ်၂၀နှစ်ရှည်စီမံကိန်း ရည်မှန်းချက်များထားရှိကာ လေးနှစ်စီမံကိန်း၊ နှစ်စဉ်စီမံကိန်းများဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ လက်ရှိအခြေအနေအရ ကုန်ထုတ်လုပ်မှုများ ကျဆင်းလျက်ရှိခြင်း၊ ငွေရေးကြေးရေးပြဿနာများ ပေါ်ပေါက်လျက်ရှိခြင်း၊ နိုင်ငံခြားသုံးငွေကိုမလုံလောက်မှုများဖြစ်ပေါ်နေခြင်း၊ စက်သုံးဆီမလုံလောက်ရာမှအစပြုပြီးပို့ဆောင်ဆက်သွယ်ရေးအခက်အခဲများ၊ ကုန်ထုတ်လုပ်မှုကိုထိခိုက်စေမှုများ၊ကုန်စျေးနှုန်းကြီးမြင့်မှုများဖြစ်ပေါ်စေလျက်ရှိခြင်း စသည်တို့ကြောင့် စီးပွားရေးအခြေအနေများမှာ ကျဆင်းလျက်ရှိကြောင်း၊ လူဦးရေအခြေအနေကိုဆန်းစစ်ကြည့်ပါက မြန်မာနိုင်ငံ၏လူဦးရေသည် ၁၉၆၂ ခုနှစ်တွင် ၂၂. ၆၉ သန်းရှိခဲ့ရာမှ ၁၉၈၆-၈၇ခုနှစ်တွင် ၃၇. ၈၅သန်းအထိတိုးတက်ခဲ့ကြောင်း၊ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဘိုးသည် လေးနှစ်စီမံကိန်းကာလအလိုက်စီမံကိန်းသဘောအရပမာဏအားဖြင့်တိုးတက်လာသော်လည်း လူဦးရေတိုးတက်မှုနှုန်းနှင့် စီးပွားရေးတိုးတက်မှု

---

၁ ၁၉၈၆-၈၇ခုနှစ်တွင် နိုင်ငံခြားပို့ကုန်များမှ ကုန်သွယ်မှုဝင်ငွေ ကုဋေ ၂၁၈ ရရှိခဲ့ပြီး နိုင်ငံခြားကြွေးအရင်းဆပ်ငွေ ၁၀၃. ၉၈ကုဋေနှင့်အတိုးဆပ်ငွေ၆၆. ၆၇ကုဋေ၊ စုစုပေါင်းအရင်းနှင့် အတိုးကြွေးဆပ်ငွေ ၁၇၀. ၆၅ ကုဋေရှိခဲ့ရာ နိုင်ငံခြားသို့ ပို့ကုန်တင်ပို့ရောင်းချ၍ရသော ဝင်ငွေ၏၈၆ပုံလေးပုံခန့်မှာ အကြွေးဆပ်ခဲ့ရသည်။

၂ စည်သူအောင်၊ မောင်မှတ် ရွှေပြည်တော်မျှော်မဝေးပြီမို့ မျက် ၂၅၇

၃ စည်သူအောင်၊ မောင်မှတ် ရွှေပြည်တော်မျှော်မဝေးပြီမို့ မျက် ၂၅၇

နှုန်းတို့ကို နှိုင်းယှဉ်ကြည့်ပါက ညီတူညီမျှနီးပါး ဖြစ်နေသောကြောင့် ဖွံ့ဖြိုးတိုးတက်မှုမရှိသလောက် အခြေအနေသို့ ဆိုက်ရောက်နေကြောင်း၊ ထို့ပြင် ကုန်ပစ္စည်းထုတ်လုပ်မှုအပိုင်း၏ တိုးတက်မှုနှုန်းများနှင့် အဓိကကျသော စီးပွားရေးလုပ်ငန်းများ၏ တိုးတက်မှုနှုန်းများသည်လည်း ကျဆင်းလျက်ရှိပြီး ၁၉၈၆-၈၇ခုနှစ် အကောင်အထည်ဖော်မှုအရ လူဦးရေတိုးတက်မှုနှုန်းထက်ပင် အသီးသီးလျော့နည်းလျက်ရှိနေကြောင်း တင်ပြပါသည်။[၀]

အထွေထွေအတွင်းရေးမှူးမှ ဆက်လက်တင်ပြရာတွင် စီးပွားရေးလုပ်ငန်းများ၌ ထုတ်လုပ်မှုကျဆင်းရခြင်းမှာ နိုင်ငံခြားသုံးငွေရှားပါးမှု၊ ကုန်ကြမ်းရှားပါးမှုနှင့် စက်အရန်ပစ္စည်းများ ရှားပါးမှုများသည်လည်း အဓိကအကြောင်းရင်းများဖြစ်ကြောင်း၊ ရေနံစိမ်းထုတ်လုပ်မှု လျော့နည်းခြင်းကြောင့် စက်သုံးဆီထုတ်လုပ်မှုသည်လည်း လျော့နည်းလာရာ စက်သုံးဆီ ခွဲဝေသုံးစွဲမှုတွင် ပြဿနာကြီးများစွာ ပေါ်ပေါက်ခဲ့ရကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းအသီးသီးတွင် များစွာထိခိုက်စေခဲ့သည့်အပြင် ကုန်စည်သယ်ယူပို့ဆောင်ရေး၊ ဖြန့်ဖြူးရေးအပိုင်းများကိုပါ ထိခိုက်လျက်ရှိခြင်းကြောင့် ကုန်ပစ္စည်း ပြတ်လတ်ရှားပါးခြင်း၊ စျေးနှုန်းအဆမတန်ကြီးမားလာခြင်းတို့ကိုပါ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ယင်းသို့ စီးပွားရေးအခြေအနေများ ဖြစ်ပေါ်နေချိန်တွင် ပုဂ္ဂလိကပိုင် အရင်းအနှီးများသည် မှောင်ခိုစီးပွားရေးလုပ်ငန်းနှင့်အတူ ကုန်သွယ်မှုလုပ်ငန်းများကို ကျယ်ပြန့်စွာ လုပ်ကိုင်လျက်ရှိသဖြင့် ကြီးထွားနေကြောင်း၊ လုပ်သားပြည်သူအများစုသည် မှောင်ခိုကုန်သွယ်ရေးအပေါ်မှာ အားကိုးနေရကြောင်း၊ ထိုသို့ကုန်သွယ်မှုနှင့် မှောင်ခိုလုပ်ငန်းများတွင် လည်ပတ်နေသော ပုဂ္ဂလိကအရင်းအနှီးများကို ကုန်ထုတ်လုပ်မှုလုပ်ငန်းများသို့ ဥပဒေဘောင်အတွင်း စုစည်းရောက်ရှိလာရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်ပပို့ကုန်တန်ဘိုးသည် ၁၉၈၃-၈၄ခုနှစ်တွင် ကျပ်၉၁၈.၉သန်းခန့်ရရှိခဲ့ပြီး ၁၉၈၆-၈၇ခုနှစ်တွင် ကျပ် ၇၆၅.၃သန်းသာ ရရှိခဲ့သဖြင့် တစ်နှစ်ထက်တစ်နှစ်လျော့နည်းလာခဲ့ကြောင်း၊ ပြည်ပပို့ကုန်မှ ဝင်ငွေလျော့နည်းကျဆင်းမှုကြောင့် သွင်းကုန်ပမာဏကိုလည်းလျော့ချခဲ့ရကြောင်း၊ ယင်းသို့လျော့ချခဲ့ရသဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုအတွက် လိုအပ်သောကုန်ကြမ်းပစ္စည်းများ၊ စက်အရန်ပစ္စည်းများကို လျော့နည်းဖြည့်ဆည်းပေးရသောကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုသည်လည်း ကျဆင်းလာခဲ့ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှု ကျဆင်းခြင်းကြောင့် ပြည်တွင်းစားသုံးမှုမလုံလောက်သည်သာမကဘဲ ပြည်ပပို့ကုန်များသည်လည်း လျော့နည်းကျဆင်းလာခဲ့ရကြောင်း၊ အကျိုးဆက်အနေဖြင့် စီးပွားရေးတိုးတက်မှုနှုန်းလည်း ကျဆင်းလာခဲ့ရပြီး စီးပွားရေးအဆိုးသံသရာ လည်ပတ်လျက်ရှိကြောင်း တင်ပြပါသည်။

နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍လည်း နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများတွင် လုပ်ငန်းစွမ်းဆောင်ရန်ကျဆင်းလျက်ရှိခြင်း၊ စည်းကမ်းပျက်မှု၊ လေ့လွင့်ဆုံးရှုံးမှုများပြားနေခြင်း၊

---

[၀] မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီဗဟိုကော်မတီဌာနချုပ် ဗဟိုကော်မတီနဝမအကြိမ်အစည်းအဝေး လုံးချင်းမှတ်တမ်း မျက် ၇-၈

စီးပွားရေးစိမံခန့်ခွဲမှု ချို့ယွင်းအားနည်းခြင်း၊ စီးပွားရေးအခြေအနေမကောင်းသည့် အချိန်မှာပင် ခြိုးခြံချွေတာမှုကိုထိရောက်စွာမလုပ်နိုင်ခြင်း၊ စီးပွားရေးဆန်ဆန်လမ်းညွှန်မှုနှင့်အညီ လိုက်နာဆောင်ရွက်မှုအားနည်းခြင်း၊ စက်ရုံ၊ အလုပ်ရုံ၊ အခြေခံအဆင့်များအထိ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများအလိုက် ခွဲခြားဆောင်ရွက်ကာ လုပ်ငန်းအောင်မြင်မှု၊ ဆုံးရှုံးမှုအတိုင်းအတာအလိုက် ဆုပေး၊ ဒဏ်ပေးစနစ်ကို မှန်ကန်စွာအကဲဖြတ်စိစစ်ဆောင်ရွက်မှုအားနည်းခြင်း၊ စီးပွားရေးလုပ်ငန်းများကို စိမံခန့်ခွဲရေးနည်းလမ်းများဖြင့်သာဆောင်ရွက်နေသဖြင့်နှောင့်နှေးကြံ့ကြာမှုများရှိနေခြင်း၊ စီးပွားရေးအရဆွဲဆောင်မှုများ၊ စီးပွားရေးနည်းလမ်းများအရ တွန်းအားပေးမှုများ အစရှိသည့်နည်းလမ်းများဖြင့်ဆောင်ရွက်ရန် လိုအပ်နေသေးခြင်းတို့ကြောင့် နိုင်ငံပိုင်စီးပွါးရေးအဖွဲ့အစည်းများတွင် ထုတ်လုပ်မှုများကျဆင်းကာ အရှုံးများဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း သုံးသပ်တင်ပြခဲ့သည်။

ထို့ပြင် နိုင်ငံခြားသုံးငွေအရ အသုံးနှုန်းစပ်လျဉ်း၍ ၁၉၈၆-၈၇ ခုနှစ်တွင် လိုအပ်ငွေ ကျပ် ၁၇၇၇. ၂ သန်းဖြစ်ခဲ့ရာ ၁၉၈၁-၈၂ နောက်ပိုင်းနှစ်များထက်ပမာဏလျော့နည်းသွားခဲ့ကြောင်း၊ ထိုသို့လျော့နည်းသွားခြင်းမှာ ပို့ကုန်သွင်းကုန်ပမာဏများ လျော့နည်းလာခဲ့ခြင်းကြောင့်သာဖြစ်ကြောင်း၊ အဓိကအားဖြင့်ကုန်သွယ်မှုလိုငွေများကြောင့် ပင်မစာရင်းလိုငွေအဖြစ် ၁၉၈၆-၈၇ခုနှစ်တွင် ကျပ် ၁၉၄၉. ၆သန်း ဖြစ်ပေါ်ခဲ့ကြောင်း၊ နိုင်ငံခြားသုံးငွေ ပင်မစာရင်းလိုငွေများကို နိုင်ငံခြားမှ ချေးငွေများဖြင့် ရှာဖွေဖြည့်ဆည်းလျက်ရှိရာ ၁၉၇၇-၇၈ခုနှစ်တွင် ကျပ် ၁၂၁၄. ၉သန်းသာ ချေးယူခဲ့ရာမှ ၁၉၈၆-၈၇ခုနှစ်တွင် ကျပ် ၂၈၈၃. ၇သန်းအထိ တိုးမြင့်ချေးယူခဲ့ရကြောင်း၊ ပြည်ပချေးငွေများအတွက် အတိုးအရင်းပေးဆပ်ငွေသည် ၁၉၇၇-၇၈ခုနှစ်က ကျပ် ၂၅၉သန်းသာဖြစ်သော်လည်း ၁၉၈၆-၈၇ခုနှစ်တွင် ကျပ် ၁၇၃၀. ၄သန်းအထိ ဖြစ်လာရာ ကြွေးဆပ်ငွေပမာဏများ များပြားလာကြောင်း၊ ပြည်ပကြွေးဆပ်ငွေကို ပြည်ပပို့ကုန်တန်ဘိုးဖြင့်နှုန်းယှဉ်ပါက ပြည်ပကြွေးဆပ်ငွေအချိုးသည် ၁၉၇၇-၇၈ခုနှစ်က ၁၅. ၁၁ရာခိုင်နှုန်းရှိခဲ့ရာ ၁၉၈၆-၈၇ခုနှစ်တွင် ၅၉. ၁၆ ရာခိုင်နှုန်းဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်ပပို့ကုန်မှ နိုင်ငံခြားငွေရရှိမှုသည်တစ်နှစ်ထက် တစ်နှစ်လျော့နည်းလာသဖြင့် ပြည်ပကြွေးဆပ်ငွေအချိုးသည် ကြီးမားလာကြောင်း တင်ပြခဲ့သည်။[၁]

အထွေထွေအတွင်းရေးမှူး၏ တင်ပြချက်တွင် လယ်ယာလုပ်ငန်းနှင့်ပတ်သက်၍ ၁၉၆၁-၆၂ ခုနှစ်က စုစုပေါင်း သီးနှံဧရိယာ ၁၉. ၀ သန်းရှိပြီး၊ ၁၉၆၉-၇၀ခုနှစ် ပုံမှန်စေ့းနှုန်းများအရ ရင်းနှီးမြှုပ်နှံမှုမှာ ၂၁. ၄သန်းရှိခဲ့ရာ ထိုနှစ်တွင် အသားတင်ထုတ်လုပ်မှုတန်ဘိုးမှာ ကျပ် ၂၀၂၈. ၀သန်းရှိခဲ့ကြောင်း၊ ၁၉၈၇-၈၈ခုနှစ်တွင် ယာယီစာရင်းအရ စုစုပေါင်းသီးနှံဧရိယာဧကမှာ ၂၄. ၈သန်း ရှိပြီး၊ ရင်းနှီးမြှုပ်နှံမှုမှာ ကျပ် ၂၁၆. ၅သန်းရှိလာရာ ထိုနှစ်တွင် အသားတင်ထုတ်လုပ်မှုတန်ဘိုးမှာ ကျပ် ၅၀၇၈. ၉သန်း ရှိလာကြောင်း၊ ၁၉၆၁-၆၂ခုနှစ်မှ ၁၉၈၇-၈၈ခုနှစ်အထိ လယ်ယာလုပ်ငန်းများတွင်စုစုပေါင်းကျပ် ၂၈၁၁. ၉သန်းရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ လယ်ယာလုပ်ငန်းများတွင် ဆည်မြောင်းများ

---

၁ လမ်းစဉ်ပါတီဌာနချုပ် ဗဟိုကော်မတီနဝမအကြိမ်အစည်းအဝေးလုံးချင်းမှတ်တမ်း မျက် ၁၂

တည်ဆောက်ခြင်း၊ ရေဘေးကာကွယ်ရေးအတွက် တာတမံများတည်ဆောက်ခြင်းတို့၌ နိုင်ငံတော်က ငွေကြေးအမြောက်အမြားအကုန်အကျခံကာ ပိုမိုရင်းနှီးမြှုပ်နှံခဲ့၍ သီးထပ်စိုက်ဧရိယာများတိုးတက်လာသဖြင့်စုစုပေါင်းသီးနှံဧရိယာဧကမှာတိုးတက်လာခြင်းဖြစ်ကြောင်း၊ လယ်ယာလုပ်ငန်းတွင်တိုးချဲ့ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခဲ့သဖြင့် ဆည်မြောင်းတာတမံများ တိုးတက်လာကြောင်း၊ ၁၉၆၁-၆၂ ခုနှစ်တွင် ဆည်မြောင်းတာတမံ ၁၈၆ခုရှိခဲ့ရာမှ ၁၉၈၇-၈၈ခုနှစ်တွင် ၂၈၆ခုအထိ တိုးတက်လာခဲ့ပြီး၊ အဓိကကျသည့် ဆည်ကြီးများဖြစ်သည့် ကြက်မောက်တောင်ဆည်၊ မြောက်နဝင်းဆည်၊ ကင်းတားရေလှောင်တမံ၊ ဆည်တော်ကြီး၊ ရေဆင်းဆည်၊ မိုးဗြဲဆည် စသည်တို့ကို တည်ဆောက်နိုင်ခဲ့ကြောင်း၊ သို့ရာတွင် အဓိကသီးနှံဖြစ်သည့် စပါးစိုက်ဧကမှာ မူလက ၈က ၁၂သန်းကျော်ရှိခဲ့ရာမှ တစ်နှစ်ထက် တစ်နှစ် လျော့နည်းလာခဲ့ရာ ၁၉၈၇-၈၈ခုနှစ်တွင် စိုက်ဧကမှာ ၁၁. ၄၆သန်းသာရှိခဲ့သည်။ လယ်ယာလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု နှင့် အသားတင်ထုတ်လုပ်မှု တိုးတက်လာသော်လည်း နှစ်စဉ်တိုးတက်မှုနှုန်းမှာ ၁၉၈၃-၈၄ခုနှစ်မှစ၍ကျဆင်းလာခဲ့ရာ ၁၉၈၇-၈၈ခုနှစ်တွင်လူဦးရေတိုးတက်မှုနှုန်းကိုပင် ပြည့်မီခြင်းမရှိသည့် အခြေအနေသို့ ရောက်ရှိခဲ့ရသည်ဟု ဖော်ပြထားသည်။ [၀] အလားတူပင် သားငါးလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ သတ္တုလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ လျှပ်စစ်ဓါတ်အားလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း၊ ငွေရေးကြေးရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း တိုးတက်မှု၊ ဆုတ်ယုတ်မှုများကို ပကတိအခြေအနေနှင့်အညီ သုံးသပ်တင်ပြခဲ့သည်။

နိုင်ငံတော်၏ စီးပွားရေးအခက်အခဲ၊ အကြပ်အတည်းများနှင့်ပတ်သက်၍ ၁၉၈၈ခုနှစ် ဇူလိုင်လတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ ထုတ်ဝေသော "နိုင်ငံတော်စီးပွားရေးဆိုင်ရာ မူဝါဒနှင့် လမ်းညွှန်မှုများ ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ တင်ပြချက်" တွင် -

> "..... စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ခဲ့ရာ ယခုအချိန်တွင် စီးပွားရေးလုပ်ငန်း တစ်ခုနှင့်တစ်ခု ညီညွတ်စွာ မဆောင်ရွက်နိုင်မှု၊ စီးပွားရေးလုပ်ငန်းတစ်ခုအတွင်းရှိ လုပ်ငန်းအစိတ်အပိုင်း တစ်ခုနှင့်တစ်ခုအကြား မညီညွတ်မှု၊ ကုန်ထုတ်လုပ်မှု ကျဆင်းနေမှု၊ စီးပွားရေးလုပ်ငန်းများမှာ စီးပွားရေးဆန်ဆန် ထိရောက်စွာ စီမံခန့်ခွဲမှု မပြုလုပ်နိုင်မှု၊ လုပ်ငန်းစွမ်းဆောင်ရည် ကျဆင်းမှု၊ လေလွင့်ဆုံးရှုံးမှုများကို ထိရောက်စွာ မထိန်းချုပ်နိုင်မှုစသော ချွတ်ယွင်း အားနည်းချက်များကြောင့် လည်းကောင်း၊ လက်ရှိဖြစ်ပေါ်နေသော ကမ္ဘာ့စီးပွားရေးအခြေအနေများရဲ့ ဂယက်ရိုက်ခတ်မှုကြောင့်လည်းကောင်း၊ နိုင်ငံတော်၏စီးပွားရေးအခြေအနေမှာ ကျဆင်းလျက်ရှိပါသည်။

---

[၀] လမ်းစဉ်ပါတီဌာနချုပ်ဗဟိုကော်မတီနဝမအကြိမ်အစည်းအဝေးလုံးချင်းမှတ်တမ်း မျက် ၂၆-၂၇

၅။ နိုင်ငံတော်တွင် ပကတိဖြစ်ပေါ်နေသည့် စီးပွားရေးအခြေအနေမှာ စီးပွားရေး တိုးတက်မှုနှုန်းဟာ လူဦးရေတိုးတက်မှုနှုန်းထက်ပင် လျော့နည်းလျက်ရှိရာ ထုတ်လုပ်မှုအဝိုင်းထက် စားသုံးမှုအဝိုင်းက ပိုမိုနေသည့်အခြေအနေ ဖြစ်ပါသည်။ ဤသို့ ထုတ်လုပ်မှုအဝိုင်းက လျော့နည်းပြီး စားသုံးမှုအဝိုင်းက ပိုမိုလာသည်နှင့်အမျှ ကုန်ပစ္စည်းများ ရှားပါးကာ ဈေးနှုန်းများလည်း ကြီးမြင့်လျက်ရှိပါသည်။ ထို့ပြင် နိုင်ငံခြားသုံးငွေ ရှားပါးမှု၊ ပို့ကုန်သွင်းကုန်များ လျော့နည်းမှု၊ စက်သုံးဆီ မလုံလောက်မှု၊ ကုန်ထုတ်လုပ်မှုကျဆင်းမှု၊ ကုန်ဈေးနှုန်းများ မြင့်တက်နေပြီး စားဝတ်နေရေးစရိတ်ကြီးမြင့်မှု၊ အလုပ်လက်မဲ့ များပြားမှုစသည့် စီးပွားရေးအခက်အခဲများနှင့်လည်း ရင်ဆိုင်နေရပါသည်။

၆။ စက်ရုံအလုပ်ရုံများမှာ ကုန်ကြမ်းဝယ်ရန် ပစ္စည်းနဲ့ စက်သုံးဆီအပြည့်အဝ မရရှိ၍ ကုန်ထုတ်လုပ်မှု လျော့နည်းခြင်း၊ အချို့လုံးဝ ရပ်ဆိုင်းထားရခြင်းစသည့် အခြေအနေများ ဖြစ်ပေါ်နေပါသည်။ နိုင်ငံပိုင်အဖွဲ့အစည်းများတွင်လည်း အရင်းအနှီးများမြှုပ်နှံထားသလောက် ကုန်ပစ္စည်းထုတ်လုပ်နိုင်ခြင်းမရှိဘဲ ကြွေးမြီ ဝန်ထုပ်ဝန်ပိုး ပိနေသည်များ လည်းရှိပါသည်။ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် တိုတောင်းသည့် အချိန်ကာလအတွင်း ကုန်ထုတ်လုပ်မှု သိသိသာသာ တိုးတက်လာအောင် ဆောင်ရွက်နိုင်မည့်အလားအလာမှာ မှေးမှိန်လျက်ရှိပါသည်။ ယင်းသို့သော အခြေအနေမျိုးမှာ ဆန်နှင့်ဆီအပါအဝင် အခြေခံစားသုံးကုန်ပစ္စည်းများ ဈေးနှုန်း မြင့်တက်နေခြင်း၊ အခြားလူသုံး၊ အိမ်သုံးကုန်ပစ္စည်း ဈေးနှုန်းများ ကြီးမြင့်ခြင်း၊ ပြည်သူများမှာ နေထိုင်စားသောက်မှု ကုန်ကျစရိတ်များ အလွန်ကြီးလေးနေကာ ယင်းအကြပ်အတည်းဒဏ်မှ ကျော်လွှားလွတ်မြောက်လိုသည့်ဆန္ဒများ ပြင်းပြနေခြင်းစသည့် အကြောင်းတရားများကြောင့် စီးပွားရေးနှင့်စပ်လျဉ်း၍ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် လိုအပ်လျက်ရှိနေပါသည်။"

ဟု ဖော်ပြထားသည်။ [၁]

---

၁ စည်သူအောင်၊ မောင်မှတ် ရွှေပြည်တော်မျှော်မဝေးပြီမို့ မျက် ၂၅၈

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ*

နိုင်ငံတော်တွင် စီးပွားရေးအခက်အခဲ အကြပ်အတည်းများ နှင့် ရင်ဆိုင်နေရသောအခါ နိုင်ငံတော်အစိုးရသည် ရေရှည်အကျိုးကိုမျှော်တွေး၍ ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်ဝင်ရောက်ခဲ့သည်။ ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ် ဝင်ရောက်လိုက်ခြင်းမှာလည်း နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက်က တင်ရှိနေသော ကြွေးမြီများအပါအဝင် ထိုခေတ်အဆိုနိုက တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ရှိနေသောကြွေးမြီများကို လျော့ပစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အရှိန်အဟုန် ပိုမိုမြင့်တင်နိုင်ရန် ရည်ရွယ်ရင်းသာဖြစ်သည်။[၂]

ကမ္ဘာပေါ်ရှိ ကြွေးတင်နိုင်ငံများအနက် မြန်မာနိုင်ငံသည် မည်သည့်နိုင်ငံ၏ ဩဇာမှုမခံဘဲ လွတ်လပ်၍တက်ကြွသောနိုင်ငံခြားရေးဝါဒကိုကျင့်သုံးခဲ့သည်။ မူဝါဒနှင့်အညီနိုင်ငံတော်၏စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးတို့ကို ကျင့်သုံးဆောင်ရွက်ခဲ့သောကြောင့်လည်းကောင်း၊ ပြည်ပကြွေးမြီများကို အခက်အခဲအကျပ်အတည်းကြားမှ နှစ်စဉ်မှန်မှန်ပေးဆပ်နေမှုကြောင့်လည်းကောင်း၊ ကြွေးရှင်နိုင်ငံသည် ယင်းအခြေအနေများကိုထောက်ထားပြီး၊ နိုင်ငံတော်အားကူညီပံ့ပိုးပေးလိုကြသည်။ ဤနှိုင်းချက်အရ ဖွံ့ဖြိုးမှုအနည်းဆုံးစာရင်းဝင်နိုင်ငံဖြစ်မှသာ လိုအပ်သောစီမံဆောင်ရွက်မှု ပြုလုပ်နိုင်မည်ဖြစ်ကြောင်းသိရသဖြင့် နိုင်ငံတော်အားဖွံ့ဖြိုးမှုအနည်းဆုံးစာရင်းဝင်ရန် ဆောင်ရွက်ခြင်းဖြစ်သည်။

ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံစာရင်းဝင်ရန် ဆုံးဖြတ်ကြိုးစားခဲ့ခြင်းမှာ ကြွေးမြီဝန်ထုတ်ဝန်ပိုးလျော့ပါးရေးနှင့်နိုင်ငံတော်၏ရေရှည်အကျိုးစီးပွါးအတွက် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ မထိခိုက်စေရေးတို့အတွက် အဓိကဦးတည်စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းဝင်ဖြစ်လာသည်နှင့် အောက်ပါအကျိုးကျေးဇူးများရရှိမည်ဖြစ်သည်-

(က) ကြွေးမြီဝန်ထုတ်ဝန်ပိုးလျော့နည်းသွားနိုင်ပြီး အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဝိုင်းဝန်းကူညီထောက်ပံ့မှုကိုပါ ပိုမိုရရှိနိုင်ခြင်း၊

(ခ) ကုလသမဂ္ဂထောက်ပံ့ကူညီရေးလုပ်ငန်းစဉ်သစ် (SNPA) ဖြင့် ဆောင်ရွက်သွားမည့် အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ကူညီမှုများရရှိနိုင်မည်ဖြစ်ပြီး အောက်ပါအချက်များပါဝင်သည်-

(၁) စီးပွါးရေးအခက်ခဲများကျော်လွှားနိုင်ရန် လိုအပ်သောအခြေခံပြုပြင် ပြောင်းလဲမှုများ ပြုလုပ်နိုင်ရေးအတွက်ကူညီအားပေးရန်၊

(၂) စားဝတ်နေရေးအတွက် နိုင်ငံတကာသတ်မှတ်သော စံနှုန်းထားအတိုင်း ပြည့်ဝစွာအကူအညီပေးရန်၊

---

* Least Developed Country (LDC)

၂ တပ်မတော်သားသုတေသီတစ်ဦး ၁၉၄၈-၃၄၆ မြတ်သန်းလာသည့် မြန်မာ့သိုင်းအကျဉ်းနှင့်တပ်မတော်ကဏ္ဍ၊ပထမတွဲ မျက် ၁၁၆-၁၁၇

(၃) ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းနှင့် ဦးစားပေးအစီအစဉ်များကို တိကျစွာဖော်ထုတ်နိုင်ရေး၊ ပံ့ပိုးကူညီရေးဆောင်ရွက်ရန်၊

(၄) သဘာဝဘေးအန္တရာယ်နှင့် ကြုံသည့်အခါ သက်သာမှုဆောင်ရွက်ပေးရန်၊[၁]

(၄၂)နှစ်မြောက်ကုလသမဂ္ဂအထွေထွေညီလာခံ၏ (၁၁-၁၂-၈၇)ရက်နေ့ (၉၆)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်(၄၂/၄၈)အရ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဖြစ်သွားခြင်းကြောင့် နိုင်ငံတော်ကပြန်လည်ပေးဆပ်ရန်ရှိသော ချေးငွေများမှာ ထောက်ပံ့ငွေများဖြစ်သွားခဲ့သည်။ ပြန်လည်ပေးဆပ်သည့်ငွေများမှ အချို့ကိုထောက်ပံ့ငွေအဖြစ် ပြန်လည်ပေးအပ်ခဲ့သည်။ ကြွေးမြီဝန်ထုတ်ဝန်ပိုးသက်သာသည့်အလျောက် ရင်းနှီးမြှုပ်နှံမှုအပိုင်းကိုလည်း လျော့နည်းမသွားအောင် ဆောင်ရွက်နိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတော်၏လက်ရှိစီးပွါးရေး ဦးမော့လာစေရေးအတွက် စီးပွါးရေးပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်ထားရှိခဲ့သည်။ ရည်ရွယ်ချက်အတိုင်းလည်း ပုဂ္ဂလိကပိုင်အခန်းကဏ္ဍအစွမ်းကုန်အသုံးချခြင်း၊ ပြည်တွင်းပြည်ပဖက်စပ်လုပ်ငန်း အစီအမံပြုလုပ်ခြင်းများဆောင်ရွက်ခဲ့သည်။ စင်စစ်မြန်မာနိုင်ငံသည်အမှန်တကယ်မွဲတေသွားသည့်ဆင်းရဲသောနိုင်ငံဖြစ်သွားခြင်းမဟုတ်ဘဲ နိုင်ငံတော်အကျိုးကိုရှေးရှု၍ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ် စာရင်းဝင်ရန် ကြိုးစားခဲ့ခြင်းသာဖြစ်သည်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဖြစ်ရန် "စံ" သတ်မှတ်ချက်များတွင် နိုင်ငံတော်၏တစ်ဦးချင်းဝင်ငွေသည် တစ်နှစ်အမေရိကန်ဒေါ်လာ (၃၅၅)ဒေါ်လာ (၁၉၈၅ခုနှစ်စာရင်းအရ)ထက် နိမ့်ကျခြင်း၊ စက်မှုလက်မှုကဏ္ဍ အရွယ်အစားသေးငယ်ခြင်း၊ စာတတ်မြောက်မှု နည်းပါးခြင်းတို့ပါဝင်သည်။ မြန်မာနိုင်ငံတွင် တစ်နှစ်တစ်ဦးချင်းဝင်ငွေမှာ ၁၉၆၁-၆၂ တွင် ကျပ်(၃၄၄)ရှိပြီး ၁၉၈၇-၈၈ တွင် (၅၃၄)ကျပ်ရှိခဲ့သော်လည်း သတ်မှတ်စံချိန်(၃၅၅)ဒေါ်လာထက်နိမ့်ကျခဲ့ပါသည်။ ပြည်တွင်းတစ်ဦးချင်းဝင်ငွေနှုန်းတိုးတက်နေသည်မှန်သော်လည်း ကမ္ဘာ့ကုလသမဂ္ဂ "စံ" ထက် ယခင်ကပင်နိမ့်ကျခဲ့သည်။ စာတတ်မြောက်မှုအချိုးမှာ သတ်မှတ်နှုန်းနှင့်မကိုက်ညီ၍ အကျုံးမဝင်ပါ။ သို့သော်ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံဖြစ်ရန် သံတမန်နည်းလမ်းဖြင့် ဆောင်ရွက်ခဲ့ရသည်။

ယင်းသို့ အခက်ခဲမျိုးစုံဖြင့် နိုင်ငံအကျိုးမျှော်ကိုးပြီး ဖွံ့ဖြိုးမှုအနည်းဆုံး စာရင်းဝင်ဖြစ်ရန် ကြိုးစားခဲ့ခြင်းသည် အဖျက်အမှောင့်လုပ်လိုသော အင်အားစုများအတွက် နောင်အခါတွင် အလွန်ကောင်းသော ထောက်ကွက်ကြီးသဖွယ်ဖြစ်ခဲ့သည်။[၂]

---

၁ တပ်မတော်သားတစ်ဦး ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်းဖြတ်သန်းလာသော မြန်မာ့သမိုင်းအကျဉ်း နှင့်တပ်မတော်ကဏ္ဍ၊ ပထမတွဲ မျက် ၁၁၇

၂ မောင်ပြည်သူ၊ စီ၊အာ၊ဒီ၊ဘီ မျက်- ၃၇

နိုင်ငံတော်စီးပွါးရေးနှင့်တပ်မတော်၏အခန်းကဏ္ဍ

တပ်မတော်သည်ဆိုရှယ်လစ်လူ့ဘောင်တည်ဆောက်ရေးတွင် ပြည်သူတို့နှင့်အတူ အကျိုးတူရည်မှန်းချက်ကို ဖေါ်ဆောင်ရန် အင်အားစုကြီးတစ်ရပ်အဖြစ် ရပ်တည်ခဲ့သည်။ တပ်မတော်သားများကလည်း ကျရာအခန်းကဏ္ဍမှ အားကြိုးမာန်တက် တာဝန်ထမ်းဆောင်ခဲ့ကြသည်။ တပ်မတော်စည်းရုံးရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ တပ်မ၊ တပ်ရင်း၊ တပ်ဖွဲ့များသည် တိုင်းစည်းရုံးရေးကော်မတီ၊ တပ်မစည်းရုံးရေးကော်မတီ၊ တပ်ရင်းစည်းရုံးရေးကော်မတီတို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နိုင်ငံတော်၏ကုန်ထုတ်လုပ်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရေးအတွက် တပ်မတော်အဖွဲ့အစည်းအဆင့်ဆင့်တွင် "စားလို့ရတာအကုန်စိုက်၊ စားလို့ရတာအကုန်မွေး"၊ "လေ့ကျင့်ယင်းကုန်ထုတ်၊ ကုန်ထုတ်ယင်းလေ့ကျင့်" ဟူသော ဆောင်ပုဒ်များနှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့သည်။

ယင်းသို့ တပ်မတော်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရခြင်းမှာ ပြည်သူတို့အပေါ် ဝန်ထုတ်ဝန်ပိုး မပိစေရေးအတွက် ရှေးရှုဆောင်ရွက်ခြင်းဖြစ်ပြီး၊ နိုင်ငံတော်၏ကုန်ထုတ်လုပ်ငန်းများတွင် တတ်အားသမျှစွမ်းစွမ်းတမံ ကူညီဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ပြင် ပြည်သူလူထု၏ စားဝတ်နေရေးသက်သာချောင်ချိမှု နှင့် ကုန်စျေးနှုန်းကျဆင်းမှုကို အထောက်အကူပြုရန်ရည်ရွယ်ပြီး တပ်တွင်းမိသားစုသက်သာချောင်ချိရေးကိုလည်း ဖြည့်ဆည်းရာရောက်အောင် မိမိတို့ရောက်ရှိရာ ရေ၊ မြေ၊ သဘာဝကိုအသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်သည်။

မှောင်ခိုလုပ်ငန်းနှင့်ငွေစက္ကူ

နယ်စပ်ကုန်သွယ်မှုလုပ်ငန်းသည် သာမန်အခြေအနေမှ အဓိကမှောင်ခိုစီးပွါးရေးစျေးကွက်ကြီးဖြစ်လာအောင် စီးပွါးရေးသမားများကဖန်တီးခဲ့ကြသည်။ နိုင်ငံတော်အစိုးရသည် စက်ရုံ၊ အလုပ်ရုံများ ပြည်သူပိုင်သိမ်းပြီးနောက် နိုင်ငံခြားမှလူသုံးကုန်ပစ္စည်းများ တင်သွင်းမှုကိုစိစစ်ပြီး ပြည်တွင်းလိုအပ်ချက်အား ပြည်တွင်းထုတ်ကုန်လုပ်ငန်းတိုးမြှင့်မှုဖြင့် ဖြည့်ဆည်းရန်ကြိုးစားခဲ့သည်။ ခြိုးခြံချွေတာမှုဖြင့် ရရှိသောနိုင်ငံခြားငွေကိုအသုံးပြု၍ နိုင်ငံတော်အတွင်း လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်နေချိန်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုမှာ တစ်ပြေးညီတိုးတက်သင့်သော်လည်းထုတ်လုပ်မှုကျဆင်းပြီး ပြည်တွင်းစားသုံးမှုလိုအပ်ချက်ကိုပင် ဖြည့်ဆည်းပေးနိုင်ခြင်းမရှိ၍ ကုန်စည်ရှားပါးမှုဖြစ်ပေါ်ခဲ့ရသည်။ ဤအားနည်းချက်ကို နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများအား ကျောထောက်နောက်ခံပြုသော မှောင်ခိုရောင်းဝယ်ရေးလုပ်ငန်းက ဖြည့်စွက်လာခဲ့သည်။[၁]

---

၁ မောင်ပြည်သူ၊ စီးပွားဒီးဘို သို့မဟုတ် ပြည်ပြေးတစ်ကျော့ပြန် မျက်- ၃၇-၃၈

နယ်စပ်ဒေသတရားမဝင်ကုန်သွယ်မှုလုပ်ငန်းသည် သာမန်အားဖြင့် နိုင်ငံခြားငွေနှင့်ဝယ်ယူရမည့်ကုန်ပစ္စည်းများကိုပြည်တွင်းသုံးငွေနှင့်ဝယ်ယူနိုင်ခြင်းကြောင့်နိုင်ငံခြားငွေသုံးစွဲမှု သက်သာသည်ဟု ယူဆဖွယ်ရှိသည်။ သို့သော် နိုင်ငံခြားစျေးကွက်တွင် မျက်နှာပန်းလှပြီး တရားဝင်ကုန်သွယ်မှုပြုနိုင်သော မိမိနိုင်ငံထွက်ကွန်းသစ်နှင့် အဖိုးတန်ကျောက်မျက်ရတနာများ ခိုးထုတ်ရောင်းဝယ်မှုလည်းရှိနေခဲ့သည်။ ထို့ကြောင့် နိုင်ငံခြားငွေယိုပေါက်သက်သာသကဲ့သို့ နိုင်ငံခြားငွေရရှိမည့် ထွက်ကုန်များ၏ယိုထွက်မှုလည်းဖြစ်ပေါ်စေခဲ့သည်။ ဤအချက်ကိုအခြေခံ၍ နယ်စပ်တရားမဝင်ကုန်သွယ်မှုသည် ကြီးထွားလာခဲ့ရာ ၁၉၇၄ ခုနှစ် မှ ၁၉၈၂ ခုနှစ်အထိ (၉)နှစ်တာကာလအတွင်း နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ၏တစ်နှစ်ပျမ်းမျှတန်ဖိုးမှာ ဘတ်သန်းပေါင်း(၁၆၀၄၃)သန်း (ခန့်မှန်းမြန်မာငွေကျပ်သန်းပေါင်းလေးထောင်ကျော်) ရှိခဲ့သည်။ မြန်မာနိုင်ငံတော်ဘက်မှ ထိုင်းနိုင်ငံဘက်သို့ နှစ်စဉ်တင်သွင်းသောကျောက်မျက်များနှင့်သတ္တုတန်ဖိုးမှာ ဘတ်သန်းပေါင်း(၆၄၀၇)သန်း(ခန့်မှန်းမြန်မာကျပ်သန်းပေါင်းတစ်ထောင့်ခြောက်ရာကျော်)ရှိ၍ ထိုင်းမှမြန်မာနိုင်ငံသို့ တင်သွင်းသော အထည်အလိပ် နှင့် အခြားပစ္စည်းတန်ဖိုးမှာ ဘတ်သန်းပေါင်း (၉၆၃၆)သန်း (ခန့်မှန်းမြန်မာငွေကျပ်သန်းပေါင်းနှစ်ထောင့်လေးရာကျော်)ရှိသည်။ တစ်နှစ်ပျမ်းမျှ ထိုင်းနိုင်ငံ၏ ကုန်သွယ်ရေးလိုငွေမှာ ဘတ်သန်းပေါင်း(၃၂၂၉)သန်း(ခန့်မှန်းမြန်မာငွေကျပ်သန်းပေါင်းရှစ်ရာကျော်)ခန့်ရှိသည်။ သောင်းကျန်းသူများမှ နှစ်ဖက်ကုန်သွယ်မှုအပေါ် ငါးရာခိုင်နှုန်း အခွန်ရရှိသောကြောင့် တစ်နှစ်ရရှိ အခွန်ငွေမှာဘတ်သန်းပေါင်း(၈၀၂ ဒဿမဝ၅)သန်း (ခန့်မှန်းမြန်မာငွေကျပ်သန်းပေါင်းနှစ်ရာကျော်)ခန့်ရှိသည်။

ငွေကြေးကဏ္ဍကိုကြည့်လျှင် ၁၉၈၅ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် လှည့်လည်သုံးစွဲငွေမှာ ကျပ်သန်းပေါင်း(၁၃၀၃၇. ၀)ဖြစ်သည်။ ၁၉၇၅-၇၆ မှ ၁၉၈၄-၈၅ခုနှစ်အထိ ဆယ်နှစ်အတွင်း လှည့်လည်သုံးစွဲနေသော ငွေကြေးပမာဏနှစ်စဉ်တိုးပွါးလာမှုမှာ အနိမ့်ဆုံးကျပ်သန်း(၁၁၀)မှ အမြင့်ဆုံးကျပ်(၁၄၆၀)သန်းအထိရှိခဲ့သည်။ တစ်နှစ်ပျမ်းမျှတိုးပွါးမှုမှာကျပ်သန်း(၈၀၀)ခန့်ရှိသည်။ တရားဝင်ငွေကြေးပမာဏများပြားပြီး နှစ်စဉ်ငွေကြေးတိုးပွါးမှုရှိနေသော်လည်း ငွေကြေးအမြောက်အများမှာ ပြည်သူလက်တွင်းမရှိဘဲ နယ်စပ်ဒေသတရားမဝင်ကုန်သွယ်မှုလုပ်ငန်းကြောင့်သောင်းကျန်းသူများနှင့် မှောင်ခိုကုန်သည်ကြီးများ၏ လက်တွင်ရှိနေခဲ့သည်။ ယင်းငွေများကို နည်းလမ်းတကျ နိုင်ငံတော်အတွင်းသို့ ဝင်ရောက်အောင်ဆောင်ရွက်နိုင်စွမ်းမရှိပေ။ တစ်ချိန်တည်းတွင် ငွေစက္ကူအတုများ ပေါ်ပေါက်ပြီး ငွေကြေးဖောင်းပွမှုကြီးမားလာသည်။[၁]

ဖော်ပြပါအခြေနေအရပ်ရပ်သည် နိုင်ငံတော်က ပြည်သူများအတွက် လုပ်ဆောင်နေသည့် စီးပွါးရေးလုပ်ငန်းများကိုအဟန့်အတားဖြစ်စေခဲ့သည်။ ကုန်စျေးနှုန်းကြီးမြင့်မှုဒဏ်ကိုလည်းပြည်သူများအပေါ် ဖိစီးစေခဲ့သည်။ ပြည်သူများသက်သာချောင်ချိစေရန်လည်းကောင်း၊ ငွေကြေးဖောင်းပွမှုကို ထိန်းသိမ်းရန်လည်းကောင်း၊ ပုဂ္ဂလိကမှောင်ခိုစီးပွါးရေးသမားများနှင့် သောင်းကျန်းသူများလက်ဝယ်ရှိ

---

၁ **မောင်ပြည်သူ၊** စီးအား၊ဒီးဘီ သို့မဟုတ် ပြည်ပြေးတစ်ကျော့ပြန် မျက် ၃၉

ငွေကြေးများကိုကန့်သတ်ရန်လည်းကောင်း လိုအပ်သောကြောင့် ၁၉၈၇ခုနှစ်၊ စက်တင်ဘာလ(၅)ရက် နေ့တွင် (၇၅)ကျပ်တန်၊ (၃၅)ကျပ်တန်နှင့် (၂၅)ကျပ်တန် ငွေစက္ကူများကို တရားမဝင်ငွေအဖြစ်မှ ရပ်စဲခဲ့သည်။ ဤသို့ပြုလုပ်ခြင်းကြောင့် ပြည်တွင်းလှည်လည်သုံးစွဲငွေပမာဏမှာလည်း ၁၉၈၆ ခုနှစ်၊ စက်တင်ဘာလကုန်တွင် ကျပ်(၁၄၉၈၃. ၉)သန်းရှိရာမှ ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလကုန်တွင် (၈၀၈၆. ၄)သန်းရှိခဲ့သည်။

တရားမဝင်ငွေအဖြစ်မှရပ်စဲခဲ့သည့်အတွက်ငွေအမြောက်အများလက်ဝယ်ရှိသူငွေရှင်ကြေးရှင် နှင့် သောင်းကျန်းသူတို့အဓိကနစ်နာခဲ့သည်။ ထိုင်းနိုင်ငံမဲဆောက်မြို့ရှိ ကုန်သည်ကြီးတစ်ဦးတည်းတွင် တရားမဝင်ငွေကျပ်သန်း (၄၀)ခန့်ရှိကြောင်းသိရှိရသည်။ စီးပွါးရေးသမားများနှင့် သောင်းကျန်းသူများ နစ်နာသည့်နည်းတူ သာမန်ပြည်သူလူထုလက်ဝယ်၌ တရားမဝင်ငွေ အထိုက်အလျောက်ရှိသည့် အလျောက် ပြည်သူတို့လည်း အထိုက်အလျောက်နစ်နာခဲ့သည်။ ငွေကြေးကိစ္စရပ်မှာ နိုင်ငံနှင့်ပြည်သူ လူထုအကျိုးစီးပွါးအတွက် အဘက်ဘက်မှ တွက်ချက်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြည်သူအချို့က နားလည်သဘောပေါက်၍ ခွင့်လွှတ်ကြသော်လည်း အချို့မှာ အဓိကနစ်နာသူ ကုန်သည်ပွဲစားနှင့် သောင်းကျန်းသူများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် အစိုးရအပေါ် မကျေမနပ်ဖြစ်ခဲ့ကြသည်။[၁]

ကုန်စျေးနှုန်းနှင့်ပြည်သူ

ပြည်တွင်းလှည့်လည်သုံးစွဲငွေ တိုးပွါးလာချိန်တွင် ယင်းတိုးပွါးလာသည့် အခြေအနေနှင့် လိုက်လျောညီထွေစွာ ကုန်ပစ္စည်းပိုမိုထွက်လာပါက ရောင်းလိုအားနှင့် ဝယ်လိုအားမျှတမှုကြောင့် ကုန်စျေးနှုန်းတည်ငြိမ်မည်ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းတိုးတက်မှုမရှိသောကြောင့် ကုန်ပစ္စည်းရှားပါးခြင်းတွင် လှည်လည်သုံးစွဲသောငွေကြေးပမာဏက များပြားလျက်ရှိသည်။ တစ်ဖန်ငွေစက္ကူအတုများ ပေါ်ထွက်သောကြောင့် ငွေကြေးဖောင်းပွလာခြင်းတွင် ကုန်ပစ္စည်းကနည်းပြီး ငွေကြေးလည်ပတ်မှုက များသောကြောင့် ကုန်စျေးနှုန်းများတရိပ်ရိပ်တက်လာခဲ့သည်။

နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် ကုန်စျေးနှုန်းအခြေအနေကိုလေ့လာလျှင် ၁၉၈၂-၈၃ မှ ၁၉၈၆-၈၇ ခုနှစ်ကာလအတွင်းတစ်နှစ်ပျမ်းမျှ ခုနစ်ရာခိုင်နှုန်းမျှတိုးတက်နေခဲ့ကြောင်းတွေ့ရှိရသည်။ စားသုံးကုန်၊ လူသုံးကုန်ပစ္စည်းများသိုလှောင်စျေးကစား အမြတ်ထုတ်ခြင်း၊ မရွှေ့မပြောင်းနိုင်သော အိမ်၊ မြေ၊ တိုက်ခန်းနှင့် မော်တော်ယာဉ်တို့ကို မတန်တဆစျေးပေးဝယ်၍ စျေးကွက်တည်ငြိမ်မှုကို ဖျက်ဆီးခြင်း၊ နယ်စပ်ဒေသတရားမဝင်ကုန်သွယ်မှုကို ခြယ်လှယ်၍ ကြီးကျယ်စွာဆောင်ရွက်ခြင်းတို့ကြောင့် ပြည်တွင်းတွင် အများပြည်သူအဖို့ငွေကြေးရှာပါးခြင်း၊ ကုန်စျေးနှုန်းကြီးမြင့်ခြင်း၊ စားဝတ်နေရေးကျပ်တည်းပြီး လူနေမှုအဆင့်နိမ့်ကျခြင်းစသည့် ဒဏ်တို့ကို အလူးအလိမ့်ခံကြရသည်။

---

၁ မောင်မြည်သူ၊ စီးအာဒီးဘီ သို့မဟုတ် ပြည်ပြေးတစ်ကျော့ပြန် မျက် ၄၀

ဤသို့ ပြည်သူအများဒုက္ခဆင်းရဲဖြစ်နေချိန်တွင် ပါးနပ်သောကုန်သည်ပွဲစားများနှင့် ငွေရှင်များအပါအဝင် လက်ဝေခံသောင်းကျန်သူများသည် ယင်းတို့၏ လုပ်ရပ်များကိုပြည်သူတို့ ခြေရာမကောက်မိစေရန် လှည့်စားခဲ့သည်။ နိုင်ငံတော်အစိုးရ၏ ရာနှုန်းပြည့်မအောင်မြင်သော စီမံကိန်း၊ စီးပွါးရေးစနစ်များနှင့် အားနည်းချက်များကို ရိုးသားသောပြည်သူများအား မီးမောင်းထိုးပြကာ မျက်ခြည်ဖြတ်နိုင်ခဲ့သည်။ ဤသို့ဖြင့်နိုင်ငံတော်အစိုးရ၏စေတနာအပေါ်ပြည်သူတို့အမြင်မကြည်မလင်ဖြစ်နေစဉ်တွင် သောင်းကျန်းသူများ၏ နှိုးဆွမှု၊ ကုန်သည်ပွဲစားစီးပွါးရေးသမားကြီးများ၏ သွေးထိုးမြှောက်ပင့်မှုတို့ကြောင့် ဝန်ထမ်းအချို့မကောင်းသော ဓလေ့စရိုက်အကျင့်ဆိုး၊ ဥာဏ်ဆိုးများ မွေးမြူကျင့်သုံးလာကြသည်။[၁]

အကျင့်ပျက်ဝန်ထမ်းများ

နိုင်ငံတော်အစိုးရသည် ပြည်သူလူထုခံစားနေရသော အခက်အခဲအကျပ်အနည်း ဒုက္ခမျိုးစုံမှ ကယ်တင်နိုင်ရန်နည်းမျိုးစုံဖြင့် ကြံစည်အားထုတ်ခဲ့သည်။ ပြည်သူလူထုသက်သာချောင်ချိမှုရရှိစေရေး အတွက်လူသုံးကုန်အိမ်သုံးကုန်၊ စားသုံးကုန်ပစ္စည်းများကို တတ်စွမ်းသမျှ ပြည်သူလက်ဝယ်အရောက်ဖြန့်ဖြူးပေးဝေနိုင်ရန် စီစဉ်ကြိုးစားခဲ့သည်။ သို့ရာတွင် အကျင့်ပျက်ဝန်ထမ်းများနှင့် ကိုယ်ကျိုးရှာအဖွဲ့အစည်းတို့၏မသမာမှုကို ကုန်သည်ပွဲစားငွေရှင်ကြီးများ၏ တရားမဝင်ရောင်းဝယ်ဆောင်ရွက်မှုဖြင့် လှုံ့ဆော်အားပေးခဲ့ခြင်းကြောင့် လုပ်သလောက်အောင်မြင်မှုမရရှိခဲ့ပေ။

အကျင့်ပျက်ဝန်ထမ်းများ၏ တာဝန်မဲ့မှု၊ ဘောင်အတွင်းမှညစ်ပတ်မှု၊ လွန်ကဲစွာစီးပွါးရှာမှု၊ သစ္စာမဲ့မှုတို့ကြောင့်ပြည်သူလူထုအတွက် နိုင်ငံတော်မှတရားဝင်ဥပဒေဖြင့် ခွင့်ပြုထားသော နိုင်ငံသားတစ်ဦး၏ ရပိုင်ခွင့်များ၊ အကျိုးစီးပွားခံစားခွင့်များမှာ " ပေးကားပေး၏မရ " ဖြစ်နေခဲ့သည်။

အကျင့်ပျက်ဝန်ထမ်းများ၏သစ္စာမဲ့မှုကြောင့် နိုင်ငံတော်ဘဏ္ဍာများလေလွင့်ဆုံးရှုံးမှုပြုန်းတီးမှု၊ ကုန်ထုတ်စွမ်းအားကျဆင်းမှုတို့ဖြစ်ပေါ်ခဲ့ရသည်။ တစ်ချိန်တည်းမှာပင် အချို့သောပညာရှင်များ၏ တာဝန်မဲ့လုပ်ဆောင်မှု၊ တာဝန်ရှိသူများ၏ အသိမဲ့ဆောင်ရွက်မှုများကြောင့် ရေနံ၊ ရွှေအစရှိသော သယံဇာတပစ္စည်းများ ထုတ်လုပ်နိုင်စွမ်း အခြေအနေကိုမမှန်မကန်သော စာရင်းဇယားများဖြင့် ကမ္ဘာသိကြေညာခဲ့သည်အထိ ဖြစ်ခဲ့ရသည်။[၂]

အကျင့်ပျက်ဝန်ထမ်းများသည် ရရှိသောလစာနှင့် မမျှအောင်ကြီးပွါးချမ်းသာနေချိန်တွင် ထမင်းနပ်မှန်အောင်ကြိုးစားရုန်းကန်နေရသော ပြည်သူလူထုမှာလည်း အနမတဂ္ဂရှိနေခဲ့သည်။ ဝန်ထမ်းအချို့တို့၏ အကျင့်ပျက်သောလုပ်ဆောင်မှုအပေါ် အစိုးရ၏အရေးယူမှုနှေးကွေးခြင်း၊ အကျင့်ပျက်ဝန်ထမ်းတို့ကလည်းပါးနပ်စွာနည်းမျိုးစုံဖြင့်ရှောင်တိမ်းနေခြင်းတို့သည် ရိုးသားသောတိုင်းရင်းသား

---

၁ မောင်ပြည်သူ၊ စီးအာဒီးဘီ မျက်- ၄၂
၂ မောင်ပြည်သူ၊ စီးအာဒီးဘီ မျက်- ၄၃

ပြည်သူတစ်ရပ်လုံးအတွက် အစိုးရအပေါ် မကျေနပ်မှု၊ နာကျည်းမှုများဖြစ်ပေါ်စေသောအကြောင်းရင်း တစ်ရပ်လည်းဖြစ်ခဲ့ရသည်။ ဤသို့သောအခြေအနေတွင် ပြည်တွင်းမသမာသူ နိုင်ငံရေးတောကြောင် အချို့၏ ပယောဂနှင့်သိက္ခာမဲ့သော အုပ်ချုပ်သူအချို့၏ လုပ်ဆောင်မှုကြောင့် ပြည်သူအတွင်းတွင် အထွေထွေမကျေနပ်မှုများ စိုးမိုးခဲ့သည်။

ပြည်သူလူထုသည် ငွေရှင်ကြေးရှင်၊ ကုန်သည်ပွဲစားလူတန်းစား များ၏ လှည့်ကွက်ကြောင့် ခံစားနေရသော စားဝတ်နေရေးကျပ်တည်းမှုဒဏ်၊ ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်၊ အကျင့်ပျက်ဝန်ထမ်း များ၏ နည်းမျိုးစုံနှိပ်စက်မှုကြောင့် ရသင့်သောအခွင့်အရေးများ ဆုံးရှုံးမှုဒဏ်တို့ကို ခံစားနေရသည်။ တစ်ချိန်တည်းမှာပင် လူနေမှုအဆင့်အတန်းနိမ့်ကျမှုဒဏ်၊ လုပ်ပိုင်ခွင့်ကိုအာဏာဟုယူဆပြီးအာဏာပြ နေသောသိက္ခာမဲ့အုပ်ချုပ်သူလူတန်းစားအချို့၏ဒဏ်၊မသမာသူနိုင်ငံရေးတောကြောင်အချို့၏ပယောဂ နှင့် သွေးထိုးလှုံ့ဆော်မှုကြောင့် အမြင်မရှင်းသောသံသယစိတ် ဖိစီးမှုဒဏ်တို့ကို ခံစားနေရပေရာ ပြည်သူလူထု၏အထွေထွေမကျေနပ်မှုများသည် ပေါက်ကွဲလုနီးမီးတောင်ကြီးသဖွယ်ဖြစ်ခဲ့ရသည်။

အခန်း(၇)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ပေါ်ပေါက်လာရခြင်း

ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီး စတင်ခဲ့သည့်သွေးထိုးလှုံ့ဆော်မှုများ

(ပြည်သူလူထုအတွင်းစီးပွါးရေး၊ နိုင်ငံရေးပြဿနာများကြောင့် အထွေထွေ မကျေနပ်မှုများ ဖြစ်ပေါ်နေသည်ကို အခွင့်ကောင်းယူကာ မြေပေါ်မြေအောက်ရှိ အဖွဲ့အစည်းများနှင့် မသမာသူ နိုင်ငံရေးသမားတို့က နိုင်ငံတော်အတွင်း ယာယီဖြစ်ပေါ်နေသော အခြေအနေများကို လက်ညှိုးထိုးကာ ပုံကြီးချဲ့ဝါဒဖြန့်ခဲ့ကြသည်။ အစိုးရ၊ ပြည်သူ နှင့် တပ်မတော်စသည့် အင်အားစုကြီးများအတွင်း အထင်အမြင်လွဲမှားမှု၊ ယုံမှားသံသယဖြစ်မှု၊ နာကျည်းမုန်းတီးမှုများ ဖြစ်ပေါ်လာစေရန်ကိုလည်း နည်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ကြပါသည်။ ထိုကာလများအတွင်း ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီးကလည်း နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်စေပြီး ထင်ယောင်ထင်မှားဖြစ်စေမည့် စာစောင်၊ စာတမ်းများကို ထုတ်ဝေကာ ပြည်သူများ၏ အထွေထွေမကျေနပ်မှုများကို ကြီးထွားမြင့်မားလာစေရန်သွေးထိုးပေးခဲ့သည်။ သို့ဖြစ်၍ ပြည်သူလူထုအတွင်း အစိုးရအား နာကျည်းမုန်းတီးမှုများ တိုးပွါးကာ အရှိန်ယူလှုပ်ရှိနေခဲ့သည်။ ထို့အတူ ဘီဘီစီ၊ ဗွီအိုအေ၊ အောလ်အိန်ဒီယစသည့် ပြည်ပအသံလွှင့်ဌာနများနှင့် ပြည်ပစာနယ်ဇင်းအချို့တို့သည်လည်း မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး အခြေအနေများကို ပုံကြီးချဲ့ ထုတ်လွှင့်ပေးခြင်း၊ ပုံနှိပ်ဖေါ်ပြခြင်းတို့ဖြင့် အမျိုးမျိုးသော နည်းလမ်းများကို အသုံးပြုကာ သွေးထိုးလှုံ့ဆော်မှုများကို ပြုလုပ်လာခဲ့ကြသည်။ အချို့သော ပြည်တွင်းရေးကိစ္စများကိုလည်း ပြောင်ပြောင်တင်းတင်းပင် ဝင်ရောက်စွက်ဖက်လာခဲ့ကြသည်။ ပယောဂအမျိုးမျိုးကြောင့် အထွေထွေမကျေမနပ်ဖြစ်နေကြသော ပြည်သူလူထုသည် သွေးထိုးဝါဒဖြန့်မှု အောက်တွင်နစ်မွန်းကာ စိတ်ဝင်တစားဖြစ်လာခဲ့ကြသည်။ ၎င်းတို့ ဦးတည်ချက်မှာလည်း မြန်မာပြည်သူလူထုအား အထွေထွေပရောဂများကြောင့် မကျေမနပ်ဖြစ်ပေါ်နေခြင်းအဆင့်တွင်သာ ရပ်တန့်မနေစေဘဲ ဆန္ဒပြ၊ ဆူပူ သောင်းကျန်းလာသည်အထိ တွန်းအားပေးရန် ဖြစ်ပေသည်။ ပကတိအခြေအနေအရလည်း အထွေထွေမကျေမနပ် ဖြစ်နေသော ပြည်သူလူထုအများစုသည် ပြည်ပအသံလွှင့်ဌာနများ၏ ဆွဲဆောင်ရာနောက်သို့ အာရုံပြောင်းသွားကာ အခြေအနေပေးလျှင် အုံကြွရန်တာဆူနေသည့် အဆင့်သို့ ရောက်ရှိလာခဲ့သည်။)

ဤကဲ့သို့သော အခြေအနေများ ပြည်သူလူထုအတွင်း ဖြစ်ပေါ်နေစဉ် စက်မူတက္ကသိုလ်ကျောင်းသားအချို့နှင့် အင်းစိန်ကြို့ကုန်းအနောက်ရပ်ကွက်မှလူငယ်အချို့တို့၏ မမျှော်လင့်ဘဲခိုက်ရန်ဖြစ်ပွါးခဲ့ရသည့် သာမန်ရန်ပွဲလေးတစ်ခုကိုအကြောင်းပြု၍ ဆူပူမှုအရေးအခင်းကိုစတင်ခဲ့ပေသည်။)

၁၉၈၈ခုနှစ်၊ မတ်လ(၁၂)ရက်နေ့ ညဉ့်နာရီ၁၅မိနစ်အချိန်ခန့်တွင် အင်းစိန်မြို့နယ် ကြို့ကုန်း ဘူတာအနီး စန္ဒာဝင်းလက်ဘက်ရည်ဆိုင်၌ စက်မှုတက္ကသိုလ်ဒုတိယနှစ်ကျောင်းသားများ ဖြစ်ကြသည့် မောင်ကျော်ဆန်းဝင်း၊ မောင်ဝင်းမြင့်တို့နှစ်ဦးနှင့် အရက်မူးနေသည့် ရပ်ကွက်လူငယ် ဇော်ဇော်(ခေါ်) ညီညီလွင် အပါအဝင်အပေါင်းပါဝါးဦးတို့က ကတ်ဆက်ဖွင့်ခိုင်းရာမှအစ ခိုက်ရန်ဖြစ်ပွါးခဲ့သည်။ ယင်း ရန်ပွဲတွင် စက်မှုတက္ကသိုလ်ကျောင်းသားနှစ်ဦး အရိုက်ခံခဲ့ရသဖြင့် အင်းစိန်ပြည်သူရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကျူးလွန်သည်ဟုယူဆရသော ဇော်ဇော်(ခေါ်)ညီညီလွင်နှင့် အပေါင်းပါဝါးဦးတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၃၂၅/၁၁၄အရ အမှုဖွင့် အရေးယူဖမ်းဆီးခဲ့သည်။[၁]

၁၉၈၈ခုနှစ်၊ မတ်လ(၁၃)ရက်နေ့တွင် အင်းစိန်ပြည်သူရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုနှင့် မသက်ဆိုင်သော ဇော်ဇော် (ခေါ်)ညီညီလွင်အား ပြန်လွှတ်ပေးခဲ့သည်။ ယင်းသတင်းအား စက်မှုတက္ကသိုလ် ကျောင်းသားများသိရှိသွားသဖြင့် ဆူပူမှုကိုလိုလားသောကျောင်းသားတစ်ချို့က မကျေမနပ် ဖြစ်ခဲ့ကြ သည်။ ထို့ကြောင့် ယမန်နေ့ကဖြစ်ခဲ့သော ရန်ပွဲကိုအကြောင်းပြုပြီး စက်မှုတက္ကသိုလ်ကျောင်းသားများ သည် ထိုည စနာရီ၃၀မိနစ်အချိန်ခန့်မှစ၍စန္ဒာဝင်းလက်ဘက်ရည်ဆိုင်နှင့် ကြို့ကုန်းအနောက်ရပ်ကွက် ပြည်သူ့ကောင်စီရုံးတို့အား ခဲများဖြင့် ပစ်ပေါက်ခြင်း၊ အော်ဟစ်ဆဲဆိုခြင်းများ ပြုလုပ်ခဲ့ကြသည်။ ထို့အပြင် ရပ်ကွက်သမဝါသမဆိုင်အား မီးရှို့ခဲ့ကြရာ အနီးပတ်ဝန်းကျင်ရှိ လူနေအိမ်လေးလုံးနှင့် ကားဂိုဒေါင်တစ်လုံးကိုပါ ကူးစက်လောင်ကျွမ်းသွားခဲ့သည်။ ထိုအခါရပ်ကွက်ပြည်သူများမှ မခံမရပ်နိုင် ဖြစ်ကာ စက်မှုတက္ကသိုလ်ကျောင်းသားများနှင့် အပြန်အလှန် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွါးခဲ့ကြ သည်။ ထိုကဲ့သို့ ပြဿနာများကြီးထွားလာခဲ့သဖြင့် လုံခြုံမှုထိန်းသိမ်းရေးတပ်စု(၂)စုဖြင့် လူစုခွဲခဲ့ရာ ရပ်ကွက်ပြည်သူများ လူစုကွဲသွားခဲ့သော်လည်း ကျောင်းသားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ခုခံ ရန်ပြုခဲ့ကြသည်။ သို့ဖြစ်၍ မီးသတ်ကားဖြင့် ရေပက်လူစု ခွဲခြင်း၊ မျက်ရည်ယိုငုံး၊ ရိမင်တန်တစ်လုံးပြူး သေနတ်များဖြင့် ပစ်ခတ်လူစုခွဲခြင်းများကိုအဆင့်ဆင့်ပြုလုပ်ခဲ့ရာ မတ်လ(၁၄)ရက်နေ့ နံနက်(၃)နာရီ အချိန်ခန့်တွင် လူစုကွဲသွားခဲ့သည်။ ထိုသို့ လူစုခွဲရာ၌ ကျောင်းသား(၅)ဦးဒဏ်ရာရရှိခဲ့သည့်အနက် မောင်ဖုန်းမော်နှင့် မောင်စိုးနိုင်တို့ သေဆုံးခဲ့သည်။

ထို့ကြောင့် မတ်လ(၁၄)ရက်နေ့တွင် ဆူပူလိုသော ကျောင်းသားအချို့တို့သည် သေဆုံး ဒဏ်ရာရသူကျောင်းသားများကို အကြောင်းပြု၍ ဆူပူဆန္ဒပြခဲ့ကြသည်။ ထို့အပြင် ကျောင်းသားများ အရေးနှင့် ပတ်သက်သော တောင်းဆိုချက်များကိုလည်း တောင်းဆိုခဲ့ကြသည်-

(က) ကျောင်းမပိတ်ရေး

(ခ) ကျောင်းပတ်ဝန်းကျင် လုံခြုံရေးချထားသော ရဲများကို အမြန်ရုပ်သိမ်းပေးရေး။

(က) တပ်မတော်သား သုတေသီတစ်ဦး - ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း ဖြတ်သန်းလာသော မြန်မာ့သမိုင်း အကျဉ်းနှင့် တပ်မတော်ကဏ္ဍ၊ (ပထမတွဲ) မျက်-၁၂၆

(ခ) တိုင်းကျိုးပြည်ပြု (၁၉၈၈ခုနှစ်မှ ၁၉၉၁) မျက်- ၂၇

(၈) တောင်းဆိုချက်များကို အမြန်ဆုံးဖြေရှင်းပေးနိုင်မည့် တာဝန်ရှိသူတစ်ဦးဦး နှင့် ကျောင်းသားကိုယ်စားလှယ် ခေါင်းဆောင်(၅)ဦးမှ တွေ့ဆုံလက်ခံညှိနှိုင်းပေးရန်နှင့် ဖြေရှင်းမပေးနိုင်ပါက တာဝန်ရှိသူများအနီးသို့ မလာရောက်ရန်။[၁]

၁၉၈၈ခုနှစ် မတ်လ(၁၅)ရက်နေ့တွင် စက်မှုတက္ကသိုလ်ကျောင်းသားများသည် ကျောင်းဝင်းအတွင်း၌ ဆူပူအော်ဟစ်ကြပြီး ကျောင်းသုံးပရိဘောဂများကိုလည်း ဖျက်ဆီးခဲ့ကြသည်။ ထို့ပြင် ကျောင်းအာဏာပိုင်တို့ကို အန္တရာယ်ပြုလာသည့်အတွက် ကျောင်းများခေတ္တပိတ်ခဲ့ရသည်။ မတ်လ (၁၆)ရက်နေ့တွင် ပြင်ပနိုင်ငံရေးပယောဂများ ပါဝင်ပတ်သက်လာမှုကြောင့်ဆူပူမှုမှာ ရန်ကုန်တက္ကသိုလ် (ပင်မ)သို့ ကူးစက်သွားရာကျောင်းသားများသည် ရန်ကုန်တက္ကသိုလ်(ပင်မ)မှ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)သို့ ခွဲတက်ခဲ့ကြသည်။ ကျောင်းသားများတံတားဖြူအနီးသို့အရောက်တွင် ပြည်သူ့ရဲ တပ်ဖွဲ့ဝင်များက လူစုခွဲထိန်းသိမ်းခဲ့ရသည်။ ထို့ပြင် ဆူပူမှုတွင် ပါဝင်သော ကျောင်းသား/ကျောင်းသူ (၁၅၄)ယောက်ကို စိစစ်ထိန်းသိမ်းခဲ့ရပြီး သေဆုံးသူ မရှိကြောင်း တွေ့ရသည်။ သို့သော် ယင်းသို့ ထိန်းသိမ်းတားဆီးခဲ့ရခြင်းများကိုအကြောင်းပြု၍ နိုင်ငံရေးသမားများက ဆူပူမှုအရှိန် တက်အောင် မီးထိုးပေးခဲ့ကြသည်။

မတ်လအတွင်းဆူပူမှုနှင့် အချုပ်မော်တော်ယာဉ်တွင်းသေဆုံးမှုကိစ္စ

နိုင်ငံတော်အစိုးရသည် ကျောင်းသားအရေးနှင့် ပတ်သက်သော တောင်းဆိုချက်များကို အသိအမှတ်ပြုသည့်အနေဖြင့် မတ်လ(၁၇)ရက်နေ့တွင်စုံစမ်းရေးကော်မရှင်ကိုဖွဲ့စည်း၍ နိုင်ငံတော် ကောင်စီက အမိန့်ကြော်ငြာစာအမှတ်(၄၅/၈၈)ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းကော်မရှင်သည် (၁၂-၃-၈၈)ရက်နေ့တွင် ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားအချို့နှင့် ကြို့ကုန်းအနောက်ရပ်ကွက် လူထုအချို့တို့ဖြစ်ပွားခဲ့သော အရေးအခင်းကို စုံစမ်းစစ်ဆေးပြီး နိုင်ငံတော်ကောင်စီသို့ အစီရင်ခံစာကို (၁၇-၄-၈၈)ရက်နေ့နောက်ဆုံးထားတင်ပြရမည်ဖြစ်သည်။ ထိုသို့စုံစမ်းရေးကော်မရှင်ဖွဲ့စည်းပေးခဲ့သော်လည်း ပြင်ပနိုင်ငံရေးပရောဂများကြောင့် ကျောင်းသားများနှင့် ဆူပူလိုသူအရပ်သားများပူးပေါင်းခဲ့မိကြပြီး နိုင်ငံပိုင်၊ ပြည်သူပိုင်အဆောက်အအုံများ၊ မော်တော်ကားများ၊ ပစ္စည်းများကိုဖျက်စီးခြင်း၊ မီးရှို့ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ထို့ကြောင့်အစိုးရက အကြမ်းဖက်ဆူပူဖျက်ဆီးသူများအား ဖမ်းဆီးထိန်းသိမ်းပြီး မတ်လ(၁၈)ရက်နေ့ညအချိန်တွင် အချုပ်မော်တော်ယာဉ်ဖြင့် အင်းစိန်အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့ရာတွင်(၇၁)ဦးအနက်(၄၁)ဦးမှာအချုပ်မော်တော် ယာဉ်အတွင်းအသက်ရှူကျပ်ပြီး သေဆုံးခဲ့ရသည်။ ယင်းသေဆုံးမှုသတင်းကို အချိန်နှင့်တပြေးညီထုတ်ပြန်ရမည်ဖြစ်သော်လည်း တာဝန်ရှိသူများက ဆူပူမှုမကြီးထွားလာစေရန် အခြေအနေအရပ်ရပ်တို့ကိုထောက်ရှုသောအားဖြင့်(၁၉-၇-၈၈)ရက်နေ့မှသာ ထုတ်ပြန်

---

၁ တပ်မတော်သားသုသေသီတစ်ဦး- **၁၉၄၈ခုမှ ၁၉၈၈ခုနှစ်အတွင်း ဖြတ်သန်းလာသော မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ** မျက်-၁၂၇

နိုင်ခဲ့သည်။ ထိုကိစ္စနှင့် ပတ်သက်၍ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးမင်းဂေါင်သည် တာဝန်ရှိသည့်အလျောက်ဝန်ကြီးအဖြစ်မှ နှုတ်ထွက်ခဲ့သည်။ ထို့အတူတာဝန်ရှိသည့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအားလည်း တာဝန်ရှိသည့်အတိုင်းအတာအလျောက် အရေးယူဆောင်ရွက်မှုများပြုလုပ်ခဲ့သည်။ ဤအခြေအနေများသည် အရေးအခင်းကြီးဆက်လက်ဖြစ်ပေါ်လာစေရန်တွန်းပို့ခဲ့သော အကြောင်းချင်းရာများအနက်အချက်တစ်ချက်ဖြစ်သကဲ့သို့နိုင်ငံရေးသမားများအတွက် နိုင်ငံရေး၊ စီးပွါးရေးတိုက်ကွက်များပေါ်ဆောင်ရန် လက်နက်ကောင်းတစ်ခုဖြစ်ခဲ့သည်။[၁] မတ်လ(၁၂)ရက်နေ့မှ (၁၈)ရက်နေ့အတွင်း မီးရှို့မှု(၁၅)မှု၊ မီးရှို့ရန်ကြိုးစားမှု(၂)မှု၊ ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှု(၈၆)မှု၊ သမဝါယမဆိုင်များမီးရှို့လုယက်မှု(၁၆)မှုရှိခဲ့ရာအစိုးရသည် ငွေပေါင်းသုံးဆယ့်ခုနှစ်သိန်းနှင့် ခုနှစ်သောင်းခွဲခန့် ဆုံးရှုံးခဲ့ရသည်။ ထို့ပြင် မတ်လကျောင်းသားများ အရေးအခင်းတစ်ခုလုံးတွင် ထိန်းသိမ်းခံရသူပေါင်း (၁၇၂၃)ဦးရှိသည့်အနက်၊ (၁၂၃၃)ဦးကို အလီလီပြန်လွှတ်ပေးခဲ့ပြီး ကျန်(၄၉၀)ဦးကို (၇-၇-၈၈)ရက်နေ့တွင်တစ်ကြိမ်၊ (၈-၈-၈၈)ရက်နေ့တွင်တစ်ကြိမ်အပြီးပြန်လွှတ်ပေးခဲ့သည်။[၂]

၁၉၈၈ခုနှစ်၊ မတ်လအတွင်း ဆူပူမှုအရှိန်သည် ကျောင်းများပိတ်လိုက်သည့်အတွက် ကျဆင်းသွားခဲ့သည်။ သို့ရာတွင်ယင်းသို့ကျောင်းပိတ်ထားစဉ်ကာလအတွင်း ဆူပူမှုနောက်ထပ်တစ်ဖန်ပြန်လည်ဖြစ်ပေါ်လာစေရန် သွေးထိုးလှုံ့ဆော်ပေးမှုများ ပြုလုပ်လာခဲ့ကြသည်။ ၄င်းတို့အနက် ဦးအောင်ကြီး(ဗိုလ်မှူးချုပ်ဟောင်း)သည် (၄၁)စာမျက်နှာပါ စာတစ်စောင်ကို (၉-၅-၈၈)ရက်စွဲဖြင့် နိုင်ငံတော်ခေါင်းဆောင်ကြီးများထံသို့ လိပ်မူတပ်၍လည်းကောင်း၊ ပြည်သူလူထုနှင့် သံရုံးများအထိလည်းကောင်း၊ ကျယ်ပြန့်စွာဖြန့်ဝေကာ လူထုအားနိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးတို့အရဆူပူထကြွလာစေရန် လှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြောင်းတွေ့ရသည်။ ထိုမှုမက(၁၂-၅-၈၈)ရက်နေ့တွင်လည်း ဦးအောင်ကြီးကပင်စာတစ်စောင်ရေးသား၍ ပါတီဥက္ကဋ္ဌကြီးဦးနေဝင်းထံလိပ်မူလွှဲပေးပို့ခဲ့သည်။ ယင်းစာသည် သက်ဆိုင်ရာလိပ်စာရှင်ထံသို့ပါမက ပြည်သူလူထုအတွင်းသို့ ကျယ်ပြန့်စွာ ဖြန့်ဝေရောက်ရှိသွားခဲ့သည်။ ထိုအချိန်က ဖြန့်ဝေခဲ့သောစာစောင်၊ စာတမ်းများသည်အခြေအနေနှင့် အချိန်အခါကာလအလျောက်ပြည်သူလူထုကို သွေးဆွပေးသကဲ့သို့ ဖြစ်ခဲ့သည်။ ဦးအောင်ကြီး ရေးသားပေးပို့သော စာပါအကြောင်းအရာမှာ "..... တော်လှန်ရေးကောင်စီ အာဏာသိမ်းပြီး(၂၆)နှစ်အကြာ အခြေအနေသည်ယိုယွင်းရုံသာမက ပျက်စီးသွားပြီး နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအားလုံးကျဆုံးခြင်းမကကျဆုံးခဲ့ကြောင်း၊ အထူးသဖြင့် စာရိတ္တမကျိုးပါ အပျက်ကြီးပျက်ရသည်ကို အလွန်ဝမ်းနည်းကြေကွဲဖွယ်ရာ တွေ့ကြုံရကြောင်း၊ လက်အောက်ရှိ တာဝန်ရှိသူများက တာဝန်ယူကြရန် ခေါင်းခံလိုကြောင်း၊ နိုင်ငံရေးသမားလုပ်ဖေါ်ကိုင်ဖက်တွင် ဦးနု၊ ပါတီဥက္ကဋ္ဌကြီးနှင့် ကျွန်တော်သာကျန်ရှိပြီးကျန်လူများကွယ်လွန်ကြပြီဖြစ်ကြောင်း၊

---

၁ တပ်မတော်သားသုတေသီတစ်ဦး - ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်းဖြတ်သန်းလာခဲ့သော မြန်မာ့သမိုင်းအတျဉ်းနှင့် တပ်မတော်ကဏ္ဍ (ပထမတွဲ)မျက် ၁၃၀-၁၃၂

၂ (က) မင်းမောင်မောင်- တပ်မတော်နှင့်အမျိုးသားရိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ မျက်-၂၉၆
(ခ) တိုင်းကျိုးပြည်ပြု(၁၉၈၈ခုနှစ်မှ ၁၉၉၁ခုနှစ်) မျက်-၂၇

တိုင်းပြည်အခြေအနေမှာ စီးပွားရေးအကျပ်အတည်း၊ စားဝတ်နေရေးအကျပ်အတည်းကြုံနေရကြောင်း၊ မကြာမီတိုင်းပြည်တွင် ဆန်ပြဿနာဖြစ်တော့မည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းအားလုံးလိုလို ပိတ်ထားရကြောင်း၊ ဒုက္ခရောက်မည့်အရေးကို သတိပေးရကြောင်း"ဖေါ်ပြထားပါသည်။[၁]

ဤကဲ့သို့ဦးအောင်ကြီး၏ ဖြန့်ဝေစာများပြင်ပလောကသို့ ပျံ့နှံ့နေချိန်အတွင်းမှာပင် ၁၉၈၈ ခုနှစ်၊ မေလ(၁၃)ရက်နေ့၌(၁၇-၃-၈၈)ရက်နေ့တွင်ဖွဲ့စည်းပေးခဲ့သော စုံစမ်းရေးကော်မရှင်က ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားအချို နှင့် ကြို့ကုန်းအနောက်ရပ်ကွက် လူထုအချို့တို့ ဖြစ်ပွါးခဲ့သော အရေးအခင်နှင့် စပ်လျဉ်းသည့် အစီရင်ခံစာတွင် အခန်း(၁၄)ခန်းခွဲ၍ စာမျက်နှာ(၂၉၂)မျက်နှာဖြင့် အသေးစိတ်စုံစမ်းဖေါ်ထုတ်ရရှိချက်များကို တင်ပြထားပေသည်။ ထို့အပြင် ၁၉၈၈ခုနှစ်၊ မေလ(၁၄) ရက်နေ့ထုတ် သတင်းစာများတွင်လည်း ထိုအစီရင်ခံစာကို အခန်းကဏ္ဍငါးခုခွဲခြားလျက် ဖေါ်ပြထားရာ ၄င်းတို့မှာ-

(က) အရေးအခင်းစတင်ဖြစ်ပွါးခြင်း
(ခ) အရေးအခင်းထပ်မံဖြစ်ပွါးခြင်း
(ဂ) လူစုခွဲခြင်း
(ဃ) ရန်ကုန်စက်မှုတက္ကသိုလ်ကို အာဏာပိုင်များကဝင်ရောက်ထိန်းသိမ်းခြင်း
(င) အရေးယူဆောင်ရွက်ခြင်း

စသည့်အခန်းများဖြစ်ကြသည်။ ထိုအစီရင်ခံစာကို လေ့လာကြည့်မည်ဆိုပါက အရေးအခင်းစတင်ဖြစ်ပွါးခြင်းကို တစ်စိတ်တစ်ဒေသအားဖြင့် ရှင်းလင်းစွာတွေ့ရမည်ဖြစ်သည်။ သို့ရာတွင် နိုင်ငံရေးသမားများနှင့် ဆူပူလိုသူများကမူ ယင်းအစီရင်ခံစာမှာ လုပ်ကြံဖန်တီးချက်သာဖြစ်ကြောင်း ပြည်သူလူထုအတွင်း ဝါဒဖြန့်မှုများ ပြုလုပ်ခဲ့ကြသည်။[၂]

ကျောင်းသားသမဂ္ဂနှင့်ပတ်သက်၍ ဦးအောင်ကြီး၏ ထပ်မံလှုံ့ဆော်သွေးထိုးမှု

၁၉၈၈ခုနှစ်မေလ(၃၀)ရက်နေ့တွင် တက္ကသိုလ်၊ ကောလိပ်နှင့်ကျောင်းအသီးသီးကို ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ ထိုသို့ ကျောင်းများပြန်လည်ဖွင့်လှစ်ပေးခဲ့သည့်အတွက် နိုင်ငံရေးသမားများနှင့် နိုင်ငံခြားသံတမန်အချို့တို့သည် ကျောင်းပရဝုဏ်အတွင်းသို့ဝင်ရောက်၍ ကျောင်းသားများအား သွေးထိုးပေးမှုများ ပြုလုပ်လာကြသည်။ ကျောင်းသားများကလည်း နိုင်ငံခြားသံရုံးသို့ ဝင်ရောက်ဆက်သွယ်ခြင်း၊ နိုင်ငံရေးခိုလှုံခွင့် တောင်းခံခြင်းစသည်တို့ ပြုလုပ်ခဲ့ကြသည်။ ထိုအတောအတွင်း ဦးအောင်ကြီးကလည်း ပါတီဥက္ကဋ္ဌကြီးထံသို့ လိပ်မူလျက်(၈-၆-၈၈)နေ့စွဲဖြင့် စာတစ်စောင်ကို ရေးသားပေးပို့ခဲ့သည်။ ယင်းစာတွင် "....ယခင်က ကျောင်းသားသမဂ္ဂအဆောက်အအုံကို ဖြိုဖျက်သူ

---

၁ DR 8795- ဦးအောင်ကြီးမှ ပါတီဥက္ကဋ္ဌကြီးထံအိပ်ဖွင့်ပေးစာ(၁၂-၅-၈၈)

၂ ကြေးမုံ(၁၄-၅-၈၈)

တရားခံမှာ ၄င်းမဟုတ်ကြောင်း၊ ၁၉၈၈ခုနှစ်၊ မတ်လကျောင်းသားအရေးအခင်းနှင့် ပတ်သက်၍ ပါတီဥက္ကဋ္ဌကြီးအနေဖြင့်တာဝန်မယူရန်၊၄င်းကိစ္စ၏တရားခံမှာပါတီဥက္ကဋ္ဌကြီးမဟုတ်ကြောင်း၊၄င်းဖြစ်ရပ်သည်ကမ္ဘာ့အလယ်တွင်နာမည်အဆိုးဆုံးပုဒ်မဖြင့်ပြစ်တင်ဝေဖန်ခံရမည်ဖြစ်ကြောင်း၊ ကြို့ကုန်းရပ်ကွက်သမဝါယမဆိုင်ကို မီးရှို့မှုသည် ကျောင်းသားများမဟုတ်ကြောင်း၊ စာရင်းပိတ်ကာနီး စာရင်းကွာတာတွေ ဖျောက်ချင်လို့မီးရှို့ခြင်းဖြစ်ကြောင်း၊ အင်းလျားကန်ပေါင်ပေါ်၌ဖြစ်သည့်ညက လူများစွာသေဆုံးခဲ့ကြောင်း၊ အလောင်းများကို ညတွင်းချင်း မီးရှို့ခဲ့ကြောင်း၊ သေဆုံးသူများနှင့် ပတ်သက်၍ တစ်လခန့်ကြာမှ မိဘများထံစာဖြင့် အကြောင်းကြားကြောင်း၊ ထောင်ထဲတွင်လည်း လုံထိန်းပုလိပ်များက ဝင်ရိုက်ကြောင်း၊ ကျောင်းသူများကို အဓမ္မကျင့်ကြောင်း၊ ထောင်ထဲတွင်များစွာ ညှဉ်းပမ်းနှိပ်စက်ကြကြောင်း၊ လူပေါင်း(၂၈၃)ယောက်သေဆုံးခဲ့ကြောင်း" များပါရှိရာ လိပ်စာရှင်ထံသို့ပါမက ကျောင်းသားများနှင့် ပြည်သူလူထုအတွင်းသို့ပါ ကျယ်ပြန့်စွာ ဖြန့်ဝေလှုံဆော်ခဲ့ကြောင်း တွေ့ရှိရသည်။[၁]

၁၉၈၈ခုနှစ်၊ ဇွန်လ(၁၄)ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်(ပင်မ)ဝင်းအတွင်း၌ ကျောင်းသားများသည် ၁၉၈၈ခုနှစ်၊ မတ်လအတွင်းဖြစ်ပွါးခဲ့သော အရေးအခင်းနှင့်စပ်လျဉ်း၍ ဝါဒဖြန့်ဆန့်ကျင်စာများကို ကမာရွတ်၊ လှည်းတန်းနှင့် ရန်ကုန်တက္ကသိုလ်(ပင်မ)တို့၌ ကပ်ခြင်း၊ ဖြန့်ဝေခြင်းများပြုလုပ်ခဲ့ကြသည်။ ထိုသို့ရန်ကုန်တက္ကသိုလ်(ပင်မ)အတွင်းဝါဒဖြန့်စာကပ်ခြင်းနှင့်ပတ်သက်၍ကျောင်းသားများနှင့်ဆရာ,ဆရာမများပဋိပက္ခဖြစ်ကြရာ ပါမောက္ခချုပ်မှဝင်ရောက်ထိန်းသိမ်းခဲ့ရသည်။ မတ်လ(၁၅)ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်(ပင်မ)ဝင်းအတွင်းရှိ ဂျဒ်ဆင်ရှေ့၌ ကျောင်းသားအင်အား(၄၀၀)ခန့်မှာတရားဟောခြင်း၊ ကျောင်းသားအင်အား(၁၅၀)ခန့်က အပန်းဖြေရိပ်သာ(Recreation Centre) အားရိုက်ချိုးခြင်း၊ လုံခြုံရေးဝန်ထမ်း(၁)ဦးအားရိုက်နှက်ခြင်းများပြုလုပ်ခဲ့ကြပြီး နောက်ညနေ(၃နာရီ၃၀မိနစ်)အချိန်တွင် လူစုကွဲသွားခဲ့ကြသည်။[၂]

ကျောင်းသားများသည် နိုင်ငံရေးသမားများနှင့် နိုင်ငံခြားသံတမန်အချို့တို့၏ မြှောက်ပင့်ပေးမှုများ၊ ဝါဒဖြန့် လှုံဆော်ပေးမှုများကြောင့် ကျောင်းသားများ အရေးသက်သက်ကိုသာ တောင်းဆိုခဲ့ကြရာမှ "စစ်မှန်သော ဒီမိုကရေစီရရှိရေး ဆောင်ရွက်ပေးရန်" ဟူသည့် နိုင်ငံရေးသဘော သက်ဝင်သော တောင်းဆိုချက်များကို စတင်တောင်းဆိုလာခဲ့ကြသည်။ ကျောင်းဝင်းများအတွင်းတွင်လည်း လက်ဝဲလက်ယာပရောဂမျိုးစုံ ဝင်ရောက်လာမှုတို့ကြောင့် ကျောင်းသားများအတွင်းတွင် နိုင်ငံရေးပိုမိုရှုပ်ထွေးလာခဲ့သည်။ ထို့ပြင် ကျောင်းသားများအရေးထက် "လက်ရှိအစိုးရနှုတ်ထွက်ပေးရေး" နှင့် "ဗိုလ်ချုပ်အောင်ကြီး အစိုးရဖွဲ့ပေးရေး"ဟူသည့် တောင်းဆိုချက်များပင် တောင်းဆိုလာခဲ့ကြသည်။[၃]

---

၁ DR 8795 - ဦးအောင်ကြီးမှ ပါတီဥက္ကဋ္ဌကြီးထံ အိပ်ဖွင့်ပေးစာ(၈-၆-၈၈)

၂ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်တပ်မဟိုင်း(ပထမပိုင်း) မျက် ၁၆-၁၇

၃ တိုင်းကျိုးပြည်ပြု(၁၉၈၈ခုနှစ်မှ ၁၉၉၁ခုနှစ်) မျက် ၂၈

ဂွန်လမြေနီကုန်းအဓိကရုဏ်း

၁၉၈၈ခုနှစ်၊ ဂွန်လ(၂၁)ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်(ပင်မ)ကျောင်းသားများ နှင့် ဆေးတက္ကသိုလ်(၁)ကျောင်းသားများသည် တက္ကသိုလ်ဝင်းအတွင်းမှအပြင်သို့ထွက်လာပြီး အကြမ်းဖက် ဆူပူလိုသူများနှင့်ပူးပေါင်းခဲ့ကြသည်။ ထိုနောက်အုပ်စုဖွဲ့ကာ စမ်းချောင်း၊ ကမာရွတ်၊ လှိုင်၊ မရမ်းကုန်း နှင့်အင်းစိန်မြို့နယ်များတွင် အကြမ်းဖက်တိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ သတ်ဖြတ်ခြင်းများအထိ ကျူးလွန်လာခဲ့ကြသည်။ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းဘက်သို့ ချီတက်လာသော ကျောင်းသားများ နှင့် အကြမ်းဖက်ဆူပူလိုသူအင်အား(၅၀၀၀)ခန့်အား မြို့တွင်းသို့မဝင်ရောက်နိုင်ရေးအတွက် ပြည်သူ့ရဲ တပ်ဖွဲ့ဝင်များက လက်နက်မဲ့ဖြင့် အေးချမ်းစွာ လူစုခွဲခဲ့ပါသည်။ သို့သော်လည်း အကြမ်းဖက်သူများက စမ်းချောင်းပြည်သူ့ရဲတပ်ဖွဲ့စခန်းအား ခဲများဖြင့်ပစ်ပေါက်ခြင်း၊ လူအင်အားဖြင့် ဝင်ရောက်စီးနင်းရန် ကြိုးစားခြင်းပြုလုပ်ခဲ့ရာ အကြမ်းဖက်လိုသူများနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအကြား တုတ်၊ ဓါးများဖြင့် အပြန်အလှန်ထိုးခုတ်၊ တိုက်ခိုက်မှုများဖြစ်ခဲ့ကြသည်။ သို့သော်လည်း ပြည်သူ့ရဲတပ်ဖွဲ့ဝင်များက ပစ်ခတ်ခြင်းမပြုလုပ်သည့်အတွက် အကြမ်းဖက်ဆူပူသူများမှ အခွင့်ကောင်းယူ၍ ရဲစခန်းအတွင်း ဝင်ရောက်ဖျက်ဆီးခြင်း၊ ဖမ်းဆီးမိသူပြည်သူ့ရဲတပ်ဖွဲ့ဝင်များအား တုတ်၊ ဓါးများဖြင့်ထိုးခုတ်၊ သတ်ဖြတ် ခြင်းများကို ဆိုးဝါးစွာပြုလုပ်ခဲ့ကြသည်။ ထို့ကြောင့် ယင်းမြေနီကုန်းအရေးအခင်းတွင် ပြည်သူ့ရဲတပ်ဖွဲ့ ဝင်(၆)ဦးကျဆုံးပြီး (၂၆)ဦးပြင်းထန်စွာ ဒဏ်ရာရရှိကာ အကြမ်းဖက်ဆူပူသူ(၁)ဦးသေဆုံးခဲ့သည်။[၁] ဆက်လက်၍ အကြမ်းဖက်သမားများသည် စမ်းချောင်းပြည်သူ့ရဲတပ်ဖွဲ့စခန်းအား မီးရှို့ဖျက်ဆီးခြင်း၊ မြေနီကုန်းရုပ်ရှင်ရုံများအား ဖျက်ဆီးခြင်း၊ ကမာရွတ်ပြည်သူ့ရဲတပ်ဖွဲ့စခန်း အိမ်ထောင်သည်လိုင်းအား မီးရှို့ဖျက်ဆီးခြင်းနှင့် မီးပွိုင့်များဖျက်ဆီးခြင်းတို့ကို လုပ်ဆောင်ခဲ့ကြသည်။ ထို့ပြင်မြို့နယ်အများအပြား တွင်လည်း နိုင်ငံပိုင်စက်ရုံများ၊ အဆောက်အအုံများ၊ ယာဉ်များနှင့်ပစ္စည်းပစ္စယများကို မီးရှို့ဖျက်ဆီးမှု များ ဆက်တိုက် ပြုလုပ်ခဲ့ကြသည်။[၂]

သို့ဖြစ်၍ တပ်မတော်သည် မိဘပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့် ရှောက်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအား အကူအညီပေးဆောင် ရွက်ခဲ့ရသည်။ ထို့ကြောင့် စမ်းချောင်းမြို့နယ်နှင့် လှိုင်မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့စခန်းများအား စီးနင်း တိုက်ခိုက်လုယက်ဖျက်ဆီးမှုကိုကာကွယ်ရန် တပ်မတော်နှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များက ဖြိုခွဲထိန်းသိမ်း ခဲ့ရသည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့ရသည်။ ထို့ကြောင့် အကြမ်းဖက်ဆူပူသူများထဲမှ(၃)ဦးသေဆုံး ခဲ့ရပြီး အရပ်သားအချို့ဒဏ်ရာရရှိကာ ဆူပူသူ(၇၇)ဦးကိုလည်း ထိန်းသိမ်းခဲ့ရသည်။ ယင်းအခြေအနေ များကြောင့် စီးပွါးရေးတက္ကသိုလ်၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁/၂)နှင့် ရန်ကုန်ရှိဒေသ

---

၁ (က) တပ်မတော်သား - **၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း ဖြတ်သန်းလာသော မြန်မာသမိုင်း သုတေသီတစ်ဦး အကျဉ်းနှင့် တပ်မတော်ကဏ္ဍ(ပထမတွဲ)** မျက် ၁၄၉-၁၅၀
(ခ) အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်၊ တပ်မသမိုင်း(ပထမတွဲ) မျက် ၂၁-၂၂

၂ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်၊ တပ်မသမိုင်း(ပထမတွဲ) မျက် ၂၃

ကောလိပ်များကိုလည်း ပိတ်ကြောင်းကြေညာခဲ့သည်။ ထို့ပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဥပဒေပုဒ်မ(၁၄၄)ထုတ်ပြန်ကြေညာခဲ့သည်။[၁]

အကြမ်းဖက်ဆူပူမှုများတောင်ကြီးနှင့် အခြားနေရာများသို့ကူးစက်ခြင်း

ရန်ကုန်မြို့တွင် ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွါးနေစဉ်အတွင်း မြေပူရာ ကင်းမှောင့်ဆိုသကဲ့သို့ (၁၂-၇-၈၈) ရက်နေ့တွင် တောင်ကြီးမြို့၌လည်း ဆူပူမှုများ ဖြစ်ပွါးခဲ့သည်။ ယင်းဆူပူမှုမှာ ဗုဒ္ဓဘာသာ ကိုရင်တစ်ပါးနှင့် မွတ်ဆလင်ဘာသာဝင်တစ်ဦးတို့ ဘာသာရေးအရခိုက်ရန်ဖြစ်ပွါးမှုကို အကြောင်းပြု၍ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်။ ထိုဆူပူမှုများတွင်ဝင်ရောက်ဖြေရှင်းပေးခဲ့သည့် ရှမ်းပြည်နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးကြီးအပါအဝင် သေဆုံးသူ(၃)ဦး၊ ဒဏ်ရာရသူ(၂၅)ဦးနှင့် ဖမ်းဆီးအရေးယူခဲ့ရသူ(၃၆)ဦးရှိခဲ့သည်။ ထို့ပြင်ပုဒ်မ(၁၄၄)ထုတ်ပြန်ကြေညာခဲ့ရသည်။ အလားတူပင် (၁၆-၇-၈၈)ရက်နေ့တွင်လည်း ပြည်မြို့၌ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အရက်မူးနေသော လက်ရည်ဆိုင်ပိုင်ရှင်တစ်ဦးတို့ အချင်းများကြရာမှအစ ဘာသာရေးနှင့်လူမျိုးရေးအဓိကရုဏ်းဆန်သော တစ်ဖက်နှင့် တစ်ဖက်အုပ်စုဖွဲ့အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွါးခဲ့ကြသည်။ ထို့ကြောင့်ပုဒ်မ(၁၄၄)ကို ထုတ်ပြန် ကြေညာခဲ့ရသည်။ သို့ရာတွင်ဆူပူ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွါးခဲ့သဖြင့် (၂၂-၇-၈၈)ရက်နေ့တွင် စစ်အုပ်ချုပ်ရေးကြေညာကာ တပ်မတော်မှဝင်ရောက် ထိန်းသိမ်းခဲ့ရသည့် အခြေအနေသို့ရောက်ရှိခဲ့ရသည်။[၂] ထိုကဲ့သို့မငြိမ်မသက်ဖြစ်နေစဉ်ကာလအတွင်း ၁၉-၇-၈၈ ရက်နေ့တွင် ဦးအောင်ကြီးသည် လမ်းစဉ်ပါတီဥက္ကဋ္ဌဦးနေဝင်း၊ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌဦးစန်းယု၊ အထွေထွေအတွင်းရေးမှူးဦးအေးကိုနှင့် ဦးအောင်သန်းတို့ထံသို့လိပ်မူလျက် လူအခွင့်အရေးအပြည့်အဝရရှိရေးစာတမ်းတစ်စောင်ကိုကျယ်ပြန့်စွာ ဖြန့်ဝေလှုံ့ဆော်ခဲ့ပြန်သည်။[၃]

ပါတီအရေးပေါ်ညီလာခံ၏ အကျိုးဆက်

၁၉၈၈ခုနှစ်၊ ဇူလိုင်လ(၂၃)ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအရေးပေါ်ပါတီညီလာခံကို ကျိုက္ကဆံကွင်းဆရာစံခန်းမ၌ စတင်ကျင်းပခဲ့သည်။ ထိုညီလာခံတွင် ပါတီဥက္ကဋ္ဌကြီးဦးနေဝင်းက မတ်လနှင့် ဇွန်လအရေးအခင်းဖြစ်ခဲ့ရမှုတွင် သွယ်ဝိုက်သောနည်းဖြင့် တာဝန်မကင်းဟုယူဆသောကြောင့်လည်းကောင်း၊ အသက်အရွယ်ထောက်လာခြင်းကြောင့်လည်းကောင်း ပါတီဥက္ကဋ္ဌတာဝန်နှင့်ပါတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်မေတ္တာရပ်ခံခဲ့သည်။ ၎င်းနှင့်တစ်ပါတည်း နုတ်ထွက်ခွင့်

---

၁ တပ်မတော်သားသုတေသီတစ်ဦး- **၁၉၄၈ခုနှစ်မှ၁၉၈၈ခုနှစ်အတွင်းဖြတ်သန်းခဲ့သောမြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ (ပထမတွဲ)** မျက်-၁၅၀

၂ ယင်း မျက်-၁၅၀

၃ တိုင်းကျိုးပြည်ပြု (၁၉၈၈ခုနှစ်မှ ၁၉၉၁ခုနှစ်) မျက်-၂၉

ပြုနိုင်ရန်အတွက် လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသော ဦးစန်းယု၊ ဦးအေးကို၊ ဦးစိန်လွင်၊ သူရဦးထွန်းတင်နှင့် သူရဦးကျော်ထင်တို့ကလည်း နှုတ်ထွက်လွှာတင်ထားကြောင်း ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် ညီလာခံသို့ တစ်ပါတီစနစ်နှင့် ပါတီစုံစနစ် နှစ်ခုအနက်မှ မည်သည့်စနစ်ကိုရွေးချယ်ကြောင်း၊ တစ်ပြည်လုံးရွေးကောက်ပွဲကျင်းပပြီး အဆုံးအဖြတ်ခံယူရန်၊ ပါတီစုံစနစ်ကို ထောက်ခံလျှင် ထွက်လိုသူများ၏ ဆန္ဒကိုလိုက်လျောခွင့်ပြုပြီး ကျန်ပါတီဝင်များက နိုင်ငံတော်၏ တာဝန်များကို ဆက်လက်ထမ်းဆောင်ရန်၊ မည်သည့်စနစ်ကိုလူထုကထောက်ခံစေကာမူ ပါတီဥက္ကဋ္ဌအနေဖြင့် နိုင်ငံရေးကိုကျောခိုင်းမည်ဖြစ်ကြောင်း၊ နောင်တွင်ဆူပူမှုဖြစ်ပါက တပ်မတော်ကို ထိရောက်စွာအသုံးချရေးတို့ကို မိန့်ကြားသွားခဲ့သည်။[၁]

ထိုအရေးပေါ်ညီလာခံတွင် တွဲဖက်အထွေထွေအတွင်းရေးမှူးဦးစိန်လွင်က ပါတီဥက္ကဋ္ဌမိန့်ခွန်းနှင့်စပ်လျဉ်းသည့် ကိစ္စများကိုတင်ပြ၍ အဆုံးအဖြတ်ရယူခဲ့ပေသည်။ ညီလာခံက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးအား ပယ်ချလိုက်ပြီး ပါတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ပါတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်မပြုဘဲ အနားယူခွင့်ပေးခဲ့သည်။ နုတ်ထွက်ခွင့် တင်ပြထားသော အခြားခေါင်းဆောင်များကိုလည်း နုတ်ထွက်ခွင့်မပြုခဲ့ပေ။ ဇူလိုင်လ(၂၆)ရက်နေ့တွင် ကျင်းပသော ဗဟိုကော်မတီဒဿမအကြိမ်အစည်းအဝေးတွင် ဦးစိန်လွင်အား ပါတီဥက္ကဋ္ဌအဖြစ်တင်မြှောက်ခဲ့သည်။ ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးမောင်မောင်ခနှင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌဦးမြင့်မောင်တို့အား မတ်လအတွင်းဖြစ်ပွားခဲ့သော အရေးအခင်းတွင် ဖြစ်ပေါ်လာသော ကိစ္စများအတွက် တာဝန်မကင်းကြောင်းတွေ့ရှိရသဖြင့် ရာထူးမှနုတ်ပယ်ခဲ့သည်။ ဇူလိုင်လ(၂၇)ရက်နေ့တွင် စတုတ္ထအကြိမ်ပြည်သူ့လွှတ်တော်အရေးပေါ်အစည်းအဝေးကို ဆက်လက်ကျင်းပရာ ယင်းအစည်းအဝေးက ဦးစိန်လွင်အား နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ထို့ပြင် နိုင်ငံတော်ကောင်စီအတွင်းရေးမှူးအဖြစ်သူရဦးကျော်ထင်၊ နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ်သူရဦးထွန်းတင်နှင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ် ဒေါက်တာမောင်မောင်တို့ကို ရွေးချယ် တင်မြှောက်ခဲ့ကြသည်။ ဆက်လက်၍နိုင်ငံတော်၏ စီးပွါးရေးပြုပြင်ပြောင်းလဲမှု မူဝါဒများကိုလည်း ချမှတ် ခဲ့ကြသည်။[၂]

၁၉၈၈ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့တွင် ရွှေတိဂုံဘုရားရင်ပြင်ပေါ်၌ ကျောင်းသား(၃၀၀)ဦးခန့်စုရုံးမိပြီး မျက်နှာအဝတ်စီးထားသည့် ကျောင်းသား(၃)ဦးက အစိုးရကို ဆန့်ကျင်ပုတ်ခတ်သော တရားများကို ဟောကြားပြီး ဆူပူမှုကို ဖန်တီးခဲ့ကြသည်။[၃]

---

၁ ဗိုလ်တစ်ထောင်(၂၄-၈-၈၉)

၂ (က) ဗိုလ်တစ်ထောင်သတင်းစာ (၂၆-၇-၈၈)
(ခ) ယင်း (၂၇-၇-၈၈)
(ဂ) ယင်း (၂၈-၇-၈၈)

၃ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်၊ တပ်မသမိုင်း မျက် ၂၅-၂၆

ဇူလိုင်လ(၂၉)ရက်နေ့တွင် နိုင်ငံတော်အားထိပါးမည့် အန္တရာယ်မှ ကြိုတင်ကာကွယ်သည့် အနေဖြင့် သက်ဆိုင်ရာတို့က ဦးအောင်ကြီး၊ ဦးကြည်ဟန်၊ ဦးစိန်ဝင်း၊ ဦးခင်ညို၊ ဦးကြည်မောင်၊ ဦးဘရွှေ၊ ဦးချစ်ကိုကို၊ ဦးထွန်းရွှေ၊ ဦးအောင်မြင့်နှင့် ဦးဇော်ဝင်းတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။[၁]

၁၉၈၈ခုနှစ်၊ ဇူလိုင်လ(၂၈)ရက် (ဝါဆိုလပြည့်)နေ့မှအစပြု၍ ရွှေတိဂုံဘုရားရင်ပြင်ပေါ်တွင် ဆူပူမှုကိုဖန်တီးသော ကျောင်းသားများသည်ဘုရားဖူးပုဂ္ဂိုလ်များအား လက်ကမ်းစာစောင်များဝေငှခြင်း၊ မမှန်မကန်ဟောပြောခြင်း၊ ရဟန်းများအားတရားဟောရန်စည်းရုံးခြင်း၊ ကမ္ဘာ့လှည့်ခရီးသည်များအား မမှန်ကန်သည့် သတင်းများပြောပြီးခါတ်ပုံရိုက်စေခြင်း၊ ဘုရားဖူးများကို ကိုယ်ထိလက်ရောက်စော်ကားနှောင့်ယှက်ခြင်းများကို စည်းကမ်းမဲ့စွာ ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် အထက်ပစ္စယံပတ္ထာန်းများမှာရှင်ရှေ့၌ ထားရှိသော အလှူခံပုံးကိုရိုက်ခွဲ၍ အလှူငွေများကို ယူဆောင်သွားခဲ့ကြသည်။

ထို့နောက်ဆူပူလိုသော ကျောင်းသားများသည် ဘုရားရင်ပြင်တော်ပေါ်မှဆင်း၍ ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ်အချို့တို့မှ ဆူပူရမ်းကားလိုသူများနှင့် ပူးပေါင်းကာ ရန်ကုန်မြို့တွင်းသို့ လှည့်လည် ဆန္ဒပြခြင်း၊ ဆူပူခြင်း၊ အပြစ်မဲ့ပြည်သူများကို ရန်ပြုခြင်း စသည်တို့ကို ပြုလုပ်လာခဲ့ကြသည်။ ထိုကဲ့သို့ ဆန္ဒပြနေကြသောသူများကို ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် ထိန်းသိမ်းတားမြစ်ရန် မစွမ်းဆောင်နိုင်သည့်အခြေအနေသို့ ရောက်ရှိလာသည့်အတွက် နိုင်ငံတော်ကောင်စီကကြေညာချက် အမှတ်(၅/၈၈)ဖြင့် ရန်ကုန်တိုင်းစစ်အုပ်ချုပ်ရေးဥပဒေကို ထုတ်ပြန်ခဲ့သည်။ ထို့ပြင် နိုင်ငံတော် စိမ်ခန့်ခွဲမှုအာဏာနှင့် တရားစီရင်မှုအာဏာများကို ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းခဲ့သည်။

ယိုယွင်းလာသောအခြေအနေနှင့် စစ်အုပ်ချုပ်ရေးကြေညာချက်

ကာကွယ်ရေးဦးစီးချုပ်သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း နိုင်ငံတော်၏ စိမ်ခန့်ခွဲမှုအာဏာနှင့် တရားစီရင်မှုအာဏာများကို မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိမှတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦးကိုသော်လည်းကောင်း၊ သင့်လျော်သောအဖွဲ့တစ်ဖွဲ့ကိုသော်လည်းကောင်း သုံးစွဲရန်လွှဲအပ်နိုင်ကြောင်း၊ နိုင်ငံတော်ကောင်စီကြေညာချက်အမှတ်(၅/၈၈)ပါ လုပ်ပိုင်ခွင့်အရ ကာကွယ်ရေးဦးစီးချုပ်သည် ၁၉၈၈ခုနှစ်၊ ဩဂုတ်(၃)ရက်နေ့တွင်ပင် ကာကွယ်ရေးဦးစီးချုပ်ရုံး၏စစ်အုပ်ချုပ်ရေးကြေညာချက် အမှတ်(၂)ကိုထုတ်ပြန်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးအား မိမိကိုယ်စားစစ်အုပ်ချုပ်ရေးတာဝန်များကို စနစ်တကျဆောင်ရွက်ရန် အာဏာလွှဲအပ်ပေးခဲ့သည်။[၂]

သို့ဖြစ်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးသည် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ စစ်အုပ်ချုပ်ရေးကြေညာချက်အမှတ်(၂)ဖြင့် အပ်နှင်းခြင်းခံရသော အာဏာအဝဝကို ကျင့်သုံးလျက် ၁၉၈၈ခုနှစ်၊

---

၁ မင်းမောင်မောင်- **တပ်မတော်နှင့်အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ** မျက် ၂၉၈

၂ ဗိုလ်တစ်ထောင် (၄-၈-၈၈)

ဩဂုတ်လ(၃)ရက်နေ့ည(၇)နာရီအချိန်မှစတင်၍ ၁၉၈၈ခုနှစ်၊ဩဂုတ်လ(၂၄)ရက်နေ့အထိ ရန်ကုန်တိုင်း စစ်ဌာနချုပ် စစ်အုပ်ချုပ်ရေးအမိန့်များကို အောက်ပါအတိုင်း ထုတ်ပြန်ဆောင်ရွက်ခဲ့သည်-

(က) ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ စစ်အုပ်ချုပ်ရေးအမိန့်အမှတ်(၁/၈၈)ဖြင့် စစ်အုပ်ချုပ်ရေး ဒေသသတ်မှတ်ခြင်းနှင့် စစ်ဒေသမှူးများ ခန့်အပ်ခြင်း။

(ခ) ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ စစ်အုပ်ချုပ်ရေးအမိန့်အမှတ်(၂/၈၈)ဖြင့် စီမံခန့်ခွဲမှုနှင့် တရားစီရင်မှု တို့နှင့် ပတ်သက်၍ ညွှန်ကြားချက်ထုတ်ပြန်ခြင်း။

(ဂ) ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ စစ်အုပ်ချုပ်ရေးအမိန့်အမှတ်(၃/၈၈)ဖြင့် စစ်အုပ်ချုပ်ရေး ဒေသအတွင်း တရားစီရင်ခြင်း။

(ဃ) ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ စစ်အုပ်ချုပ်ရေးအမိန့်အမှတ်(၄/၈၈)ဖြင့် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့အဆင့်ဆင့်တို့ကို စီမံခန့်ခွဲရေးကိစ္စများဆက်လက်ဆောင်ရွက်စေခြင်း။

(င) ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ စစ်အုပ်ချုပ်ရေးအမိန့်အမှတ်(၆/၈၈)ဖြင့် ညမထွက်ရ၊ လမ်း များပေါ်တွင် လူ(၅)ယောက်နှင့် (၅)ယောက်အထက် သွားလာလှုပ်ရှားခြင်းမပြုလုပ်ရ အမိန့်များထုတ်ပြန်ခြင်း။

(စ) ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ စစ်အုပ်ချုပ်ရေးအမိန့်အမှတ်(၉/၈၈)ဖြင့် စစ်အုပ်ချုပ်ရေး အမိန့်အမှတ်(၆/၈၈)ဖြင့် ထုတ်ပြန်တားမြစ်ချက်များအား ရုပ်သိမ်းခြင်း။

၁၉၈၈ခုနှစ်၊ ဩဂုတ်လ(၅)ရက်နေ့တွင် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့အား တပ်မတော်မှ အရာရှိကြီးတစ်ဦးနှင့်ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့မှတစ်ဦးအပါအဝင်(၇)ဦးဖြင့်ဖွဲ့စည်းဆောင်ရွက် ခဲ့သည်။ ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်သည် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးအား ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ ကြေညာချက်အမှတ်(၂)အရ လွှဲအပ်ထားသော အာဏာအရပ်ရပ်ကို ကျင့်သုံးစေလျက် အောက်ပါပုဂ္ဂိုလ်များပါဝင်သော စစ်အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းစေခဲ့သည်-

(က) ဗိုလ်မှူးချုပ် မျိုးညွှန့် ဥက္ကဋ္ဌ
တိုင်းမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်

(ခ) ဦးရဲဝင်း အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသပါတီကော်မတီ

(ဂ) ဦးကျော်သိန်း အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းပြည်သူ့ကောင်စီ

(ဃ) ဗိုလ်မှူးကြီးအောင်ခင် အဖွဲ့ဝင်
မြို့တော်ဝန်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးအဖွဲ့

(င) ဗိုလ်မှူးကြီးသန့်ဇင် အဖွဲ့ဝင်
ဒုတိယတိုင်းမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်

(စ) ဗိုလ်မှူးကြီးခင်မြင့် အဖွဲ့ဝင်
စစ်ဒေသမှူး၊ အမှတ်(၁)စစ်ဒေသ
(ဆ) ဗိုလ်မှူးကြီးသိန်းထွန်း အဖွဲ့ဝင်
စစ်ဒေသမှူး၊ အမှတ်(၂)စစ်ဒေသ
(ဇ) ဗိုလ်မှူးကြီးသာဌေး အဖွဲ့ဝင်
စစ်ဒေသမှူး၊ အမှတ်(၃)စစ်ဒေသ
(ဈ) ဗိုလ်မှူးကြီးမျိုးဆွေ အဖွဲ့ဝင်
စစ်ဒေသမှူး၊ အမှတ်(၄)စစ်ဒေသ
(ည) ဒုတိယဗိုလ်မှူးကြီးသိန်းမြင့် အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ တိုင်းတရားသူကြီးအဖွဲ့
(ဋ) ဦးမျိုးညွန့် အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ တိုင်းလုပ်ငန်းစစ်ဆေးရေးအဖွဲ့
(ဌ) ဦးဘုန်းမြင့် အဖွဲ့ဝင်
ရဲထောက်ချုပ်၊ ပြည်သူ့ရဲတပ်ဖွဲ့ဌာနချုပ်
(ဍ) ဗိုလ်မှူးကြီးဇော်မင်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန
(ဎ) ဒေါက်တာဦးစိန်ရီ အဖွဲ့ဝင်
ရန်ကုန်တိုင်း၊ ကျန်းမာရေးဦးစီးဌာန
(ဏ) ဒုတိယဗိုလ်မှူးကြီးအောင်သန်း အတွင်းရေးမှူး
စစ်ဦးစီးမှူး (ပထမတန်း)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်
(တ) ဒုတိယဗိုလ်မှူးကြီးတင်ဘုန်း
လက်ထောက်စစ်ဥပဒေချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တွဲဖက်အတွင်းရေးမှူး[၁]

ဤသို့ ဖွဲ့စည်းပြီးနောက် ရန်ကုန်တိုင်းအတွင်းပေါ်ပေါက်နေသော ဆန္ဒပြဆူပူအကြမ်းဖက်မှုများကို ပုံမှန်အခြေအနေသို့ရောက်ရှိလာစေရေး၊ သွေးထွက်သံယိုမှုမဖြစ်စေဘဲ ပြီးစီးအောင်မြင်စေရေးအတွက် စစ်အုပ်ချုပ်ရေးစတင်သည့် ၁၉၈၈ခုနှစ်၊ ဩဂုတ်လ(၃)ရက်နေ့မှ(၈)ရက်နေ့အထိ မေတ္တာရပ်ခံခြင်း၊ သတိပေးတားမြစ်ခြင်းတို့အား အသံချဲ့စက်ဖြင့် နေ့ညမပြတ် သတိပေးပြောကြားပြီး လူစုကွဲသွားစေရန် အကြိမ်ကြိမ်ဆောင်ရွက်ခဲ့သည်။ ထို့ပြင်ဆူပူဆန္ဒပြသူများအား စစ်အုပ်ချုပ်ရေး ကြေညာထားပြီးဖြစ်၍ လူစုခွဲကြရန်နှင့် မခွဲပါကတာဝန်အရ မလွှဲမရှောင်သာ ပစ်ခတ်ရမည် ဖြစ်ကြောင်းကိုလည်း

---

[၁] (က) ဗိုလ်တစ်ထောင် (၄-၈-၈၈)
(ခ) ယင်း (၁၀-၈-၈၈)
(ဂ) ယင်း (၂၈-၈-၈၈)

သတိပေးခဲ့သည်။ သို့ရာတွင် ဆူပူမှုအရှိန်မှာ ရပ်တန့်မသွားဘဲ ရန်ကုန်မြို့တွင်သာမက ရေနံချောင်း၊ သနပ်ပင်၊ ပဲခူးမြို့တို့ကိုပါ ကူးစက်ခဲ့ပြီး သပိတ်စခန်းများဖွင့်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်းများ၊ ဖျက်ဆီးမီးရှို့ခြင်းများအထိ ပြုလုပ်လာခဲ့ကြသည်။ သို့ဖြစ်၍ ဥပဒေအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ရှင်းလင်းခဲ့ရာ သနပ်ပင်တွင် လူ(၂)ဦးသေဆုံးပြီး(၁)ဦး ဒဏ်ရာရရှိခဲ့သည်။ ရေနံချောင်းတွင် ရဲစခန်းအားမီးရှို့သဖြင့် ပစ်ခတ်ရှင်းလင်းခဲ့ရာ (၂)ဦးသေဆုံးပြီး (၄)ဦးဒဏ်ရာရရှိခဲ့သည်။ ထို့ကြောင့် ၄င်းမြို့များ၌ ပုဒ်မ(၁၄၄)ထုတ်ပြန်ခဲ့ရသည်။[၁]

ထိုပြင် ပြည်တွင်း မြေပေါ်မြေအောက်ရှိ လက်ဝဲလက်ယာအဖျက်သမားများကလည်း ဆူပူအုံကြွမှုဖြစ်အောင် သွေးထိုးလှုံ့ဆော်မှုများပိုမိုပြုလုပ်လာခဲ့ကြသည်။ ထို့အတူပြည်ပအသံလွှင့်ဌာနများဖြစ်သည့် ဘီဘီစီ၊ ဗွီအိုအေ၊ အောလ်အိန္ဒိယအသံလွှင့်ဌာနများကလည်းရှစ်လေးလုံးနေ့ဟု ကမ္ဘည်းတပ်ခဲ့သည့် (၈-၈-၈၈)ရက်နေ့တွင် မြန်မာတစ်ပြည်လုံးအထွေထွေသပိတ်ကြီးဆင်နွှဲမည်ဟူသော အသံလွှင့်ချက်ကိုထပ်တလဲလဲလွှင့်ထုတ်ခြင်းဖြင့်တစ်ပြည်လုံးဆူပူအုံကြွမှုဖြစ်စေရန်လှုံ့ဆော်ခဲ့သည်။ အထူးသဖြင့် (၈-၈-၈၈)ရက်နေ့မတိုင်မီ အချိန်ကာလေးအတွင်းလူထုမှ နာကြည်းခံပြင်းမှုများ ပိုမိုပြင်းထန်လာစေရန် (၆-၈-၈၈)ရက်နေ့ညတွင် ခရစ္စတိုဖာဂါးနစ်၏အစိုးရမှ ဖမ်းဆီးနှိပ်စက်မတရား ကျင့်ကြံခဲ့ခဲ့ရသူများနှင့် တွေ့ဆုံခန်း"လွှင့်ထုတ်ချက်"သည်ထိရောက်မှုအထူးရှိသောလုပ်ကြံမှုပင်ဖြစ်သည်။[၂] ထိုမျှမကနိုင်ငံတော်သမ္မတဦးစိန်လွင်အား ပြည်တွင်းအဖျက်အမှောင့်နှင့် ပြည်ပသတင်းစာစောင်များမှ မဟုတ်မမှန်စွပ်စွဲသော နည်းလမ်းများဖြင့် ပြည်သူများအုံကြွလာအောင် သွေးထိုးလှုံ့ဆော်ခဲ့ကြသည်။ သာဓကအားဖြင့် (၈-၈-၈၈)ရက်နေ့ထုတ် တိုင်း(TIME)မဂ္ဂဇင်းတွင် ပါရှိသောဆောင်းပါး၌ သမ္မတဦးစိန်လွင်အား လူသတ်သမား(The Butcher) အဖြစ်ရေးသားစွပ်စွဲခဲ့ကြသည်။

(၈-၈-၈၈)ရက်နေ့ မြို့တော်ခန်းမအရေးအခင်း

ဤကဲ့သို့ နိုင်ငံတော်ခေါင်းဆောင်များကို ပုဂ္ဂိုလ်ရေးမုန်းတီးမှုများဖြစ်ပေါ်လာစေရန် သွေးထိုးခြင်း၊ ပြည်တွင်းပြည်ပမှ ကောလဟာလသတင်းများ၊ လုပ်ကြံသတင်းများထုတ်လွှင့်ဖြန့်ဝေ၍ လှုံ့ဆော်ခြင်း၊စစ်အုပ်ချုပ်ရေးကာလအဖြစ် သတ်မှတ်ထားသော်လည်းတပ်မတော်မှ သွေးထွက်သံယိုမှုများ မဖြစ်ပေါ်စေရန် မေတ္တာရပ်ခံဟန့်တားမှုများသာ ပြုလုပ်နေခဲ့သဖြင့် အတင့်ရဲလာခြင်း၊ လက်ဝဲလက်ယာအင်အားစုများက နောက်ကွယ်မှ ကြိုးကိုင်မြှောက်ပင့်ပေး နေခြင်းများကြောင့် ပြည်သူလူထုအုံကြွမှုဖြစ်ပေါ်ကာ အစိုးရအား ဖြုတ်ချရန် ရည်သန်သော ရှစ်လေးလုံးအရေး အခင်း(၈-၈-၈၈) ရက်နေ့တွင် တစ်ဟုန်ထိုးဖြစ်ပေါ်လာခဲ့ရသည်။

---

၁ တိုင်းကျိုးပြည်ပြု (၁၉၈၈ခုနှစ်မှ ၁၉၉၁ခုနှစ်) မျက် ၂၉

၂ (က) တပ်မတော်သားသုတေသီတစ်ဦး - **၁၉၄၈ခုနှစ်မှ၁၉၈၈ခုနှစ်အတွင်းဖြတ်သန်းလာသောမြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ(ပထမတွဲ)** မျက် ၁၅၄

(ခ) ဖေကံကောင်း - **အာဏာသိမ်းသော အာဏာရှင်အစိုးရမဟုတ်ပါ** မျက် ၂၅၁

သို့ဖြစ်၍ ၁၉၈၈ခုနှစ်၊ ဩဂုတ်လ(၈)ရက်နေ့တွင် ရန်ကုန်မြို့အပါအဝင် မြို့ကြီး(၁၉)မြို့၌ ဆူပူအုံကြွမှုများ ဖြစ်ပွါးခဲ့သည်။ ယင်းနေ့ နံနက်(၈)နာရီအချိန်မှ စတင်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်များမှ ဆန္ဒပြသူများသည် ရန်ကုန်မြို့တွင်းသို့ ခြီတက်၍ လမ်းမကြီးများတစ်လျှောက် လှည့်လည်ဆန္ဒပြခဲ့ကြသည်။

ထိုသို့ ခြီတက်ဆန္ဒပြမှုများအား လုံခြုံရေးတပ်ဖွဲ့များက အသံချဲ့စက်များဖြင့် ကျောက်တံတား၊ ပန်းဘဲတန်းမြို့ နယ်များအတွင်း လှည့်လည်၍ လူစုလူဝေးဖြင့် ဆန္ဒပြခြင်းကို ရပ်တန်းက ရပ်ကြပါရန်နှင့် မရပ်တန့်ပါက တပ်မတော်အနေဖြင့်တာဝန်အရ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း ညနေ(၂)နာရီအချိန်ခန့်မှစ၍ ကြေညာခဲ့သည်။

သို့ရာတွင် ဆန္ဒပြလူစုလူဝေးကြီးအနေဖြင့် အင်အားလျော့သွားခြင်းမရှိပေ။ ညနေ(၅)နာရီခန့်တွင် ရန်ကုန်မြို့တွင်း၌ ဆန္ဒပြခဲ့ကြသူ လူစုလူဝေးများသည် မြို့တော်ခန်းမရှေ့ရှိ မြေကွက်လပ်သို့ လာရောက်စုရုံးကြသည်။ ထို့နောက်မြို့တော်ခန်းမရှေ့တွင် တရားဟောခြင်း၊ တောင်းဆိုမှုများကို တောင်းဆိုခြင်း၊ အစိုးရမကောင်းကြောင်းများကို ပြောဆိုခြင်း၊ လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် စစ်သည်များအားစည်းရုံးခြင်းများပြုလုပ်ခဲ့ကြသည်။ ထိုသို့စည်းရုံးဆန္ဒပြသူများအား လူအချို့မှကားများဖြင့် လာရောက်၍ ငှက်ပျောသီးများ၊ ပေါင်မုန့်များ၊ ဒန်ပေါက်များ၊ ရေအိုးများပေးဝေခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ ည(၈)နာရီအချိန်ခန့်တွင် မြို့နယ်များမှ လာရောက်ပေါင်းဆုံမိကြသည့် ဆန္ဒပြအင်အားစုများသည် မြို့တော်ခန်းမရှေ့ မြေကွက်လပ်၊ ဆူးလေဘုရားလမ်း၊ မဟာဗန္ဓုလလမ်းတို့တွင် လူစုလူဝေးကြီးဖြင့် ပြည့်ကျပ်လျက် ရှိနေခဲ့သည်။

ယင်းအချိန်တွင် ရွှေတိဂုံဘုရားတွင်လည်း ဆန္ဒပြသူ(၅၀၀၀)ခန့် စုဝေးလျက်ရှိနေပြီး မြို့တော်ခန်းမသို့ ခြီတက်စုရုံးနိုင်ရေးအတွက် မြို့နယ်များမှ ကားများကို အသင့်ပြုလုပ်ထားရှိခဲ့ကြသည်။ ည(၁၀)နာရီခန့်တွင် မြို့တော်ခန်းမရှေ့၌ ဆန္ဒပြသူ တစ်သိန်းကျော်ခန့်ရှိလာပြီး ဆူပူအော်ဟစ်ကာ မြို့တော်ခန်းမအား လူအင်အားဖြင့် ဝင်ရောက်စီးနင်း သိမ်းပိုက်မည့် အခြေအနေသို့ ရောက်ရှိလာခဲ့သည်။

ထို့ကြောင့် ဆန္ဒပြသူများအား လူစုခွဲကြရန် တပ်မတော်က အသံချဲ့စက်ဖြင့် အကြိမ်ကြိမ် မေတ္တာရပ်ခံခဲ့သော်လည်း လူစုခွဲခြင်းအလျဉ်းမရှိဘဲ ပြန်လည်အော်ဟစ်ခြင်း၊ စည်းမဲ့ကမ်းမဲ့ဆူပူဆန္ဒပြခြင်း၊ ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုခြင်းများ ပြုလုပ်ခဲ့ကြသည်။ ဤသို့ဖြင့် အခြေအနေမှာ ပိုမိုဆိုးဝါးလာခဲ့သောကြောင့် ယင်းလူစုလူဝေးကြီးအား အင်အားသုံး၍ စနစ်တကျမဖြိုခွဲပါက တိုင်းပြည်အတွက် အန္တရာယ်ဖြစ်ပေါ်လာမည့် အနေအထားသို့ ရောက်ရှိနိုင်သဖြင့် နိုင်ငံတော်အကြီးအကဲများက ညှိနှိုင်းဆွေးနွေးပြီး စနစ်တကျ အမြန်ဆုံးလူစုခွဲရန် ဆုံးဖြတ်ခဲ့ကြသည်။

ထို့ကြောင့်ည(၁၁)နာရီအချိန်ခန့်တွင် နည်းဗျူဟာ(၁)ခုနှင့် ခြေမြန်တပ်ရင်း(၂)ရင်းတို့သည် ကင်းထောက် ယာဉ်(၁၂)စီးဖြင့် အင်အားပြကာ သွေးထွက်သံယိုမှု မဖြစ်စေဘဲ လူစုကွဲစေရန်

ကြိုးပမ်းခဲ့သည်။ထိုပြင်လုံခြုံရေးတပ်ဖွဲ့ဝင်များကစစ်အုပ်ချုပ်ရေးကြေညာထားပြီးဖြစ်သဖြင့်အေးချမ်းစွာ လူစုခွဲကြရန် အသံခွဲစက်ဖြင့် (၃)ကြိမ်မေတ္တာရပ်ခံခဲ့သည်။ အကယ်၍ (၁၅)မိနစ်အတွင်း အေးချမ်းစွာ လူစုခွဲခြင်းမရှိပါက တာဝန်အရ ပစ်ခတ်ရမည်ဖြစ်ကြောင်း အသံခွဲစက်ဖြင့် ထပ်မံသတိပေးခဲ့သည်။

သို့သော် လူစုလူဝေးကြီးမှာလူစုခွဲခြင်းမရှိသောကြောင့် ည(၁၁နာရီ၅၀မိနစ်)အချိန်ခန့်တွင် ခြောက်လှန့်သည့်အနေဖြင့် ကင်းထောက်ယာဉ်မှ ဘီအေ(၇၂)အတွဲရှည်တစ်တွဲ မီးပေါ်ထောင်၍ ပစ်ခတ်ခဲ့သည်။ ထိုအခါဆန္ဒပြသူများအနက်လေးပုံသုံးပုံခန့်မှာ ထွက်ပြေးသွားခဲ့ကြသော်လည်း ခေါင်းဆောင်မှူးပြလိုသူ အမာခံအချို့ ကျန်ရစ်ခဲ့သည်။ ယင်းတို့သည် ဆက်လက်အော်ဟစ် ဆန္ဒပြနေသောကြောင့် ည(၁၁နာရီ၅၅မိနစ်)အချိန်ခန့်တွင် ရိမင်တန်ပြောင်းချောသေနတ်ဖြင့် ရော်ဘာကျည်ဆံ (၈)တောင့်ကိုသုံး၍ ခါးအောက်ပိုင်းအားပစ်ခတ်ခဲ့ရာ(၄)ဦးဒဏ်ရာရရှိခဲ့ပြီး သေဆုံးသူမရှိခဲ့ချေ။ နောက်တစ်နေ့ နံနက် (၃)နာရီခန့်တွင် လူစုကွဲသွားကြပြီး ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။[၁]

ကျယ်ပြန့်သောအကြမ်းဖက်သတ်ဖြတ်မှုများ ဖြစ်ပေါ်လာခြင်း

ယင်း (၈-၈-၈၈)ရက်နေ့ည အဖြစ်အပျက်ကို မဟုတ်မမှန်ပုံကြီးခွဲ့ကာ နိုင်ငံရေးပရောဂမ်များ၏ ဝင်ရောက်နှောက်ယှက်မှု၊ သွေးထိုးလှုံ့ဆော်မှုတို့ကြောင့် (၉-၈-၈၈)ရက်နေ့မှစ၍ လူအုပ်ကြီးများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သတ်ဖြတ်မှုများ၊ တိုက်ခိုက်ရန်ပြုမူမှုများ ပြုလုပ်လာခဲ့ကြသည်။ (ဩဂုတ်လ(၉)ရက်နေ့တွင် စစ်ကိုင်းမြို့၌ပြည်သူ့ရဲတပ်ဖွဲ့စခန်းအား အကြမ်းဖက်သူများက လူအုပ်စုဖြင့် ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သဖြင့် ခုခံပစ်ခတ်ရှင်းလင်းခဲ့ရာ(၃၁)ဦးသေဆုံးခဲ့ရပြီး (၃၇)ဦးဒဏ်ရာရရှိခဲ့သည်။ ထို့အတူ (၁၀-၈-၈၈)ရက်နေ့တွင်လည်း စစ်တွေမြို့၌ တပ်မတော်အရာရှိတစ်ဦးနှင့်အကြပ်တစ်ဦးတို့အားဆူပူအကြမ်းဖက်သူများက ဝိုင်းဝန်းတိုက်ခိုက်သတ်ဖြတ်ခဲ့ကြသည်။ ရန်ကုန်မြို့၌အကြမ်းဖက်သူများ၏ ဝိုင်းဝန်းသတ်ဖြတ်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်(၁၈)ဦးသေဆုံးခဲ့ရပြီး (၁၄)ဦးဒဏ်ရာရရှိကာ လက်နက်(၂၈)လက်ဆုံးရှုံးခဲ့ရသည်။[၂])

(၁၀-၈-၈၈)ရက်နေ့တွင် ရန်ကုန်တိုင်းအတွင်းရှိ မြောက်ဥက္ကလာပမြို့နယ်တွင်လည်း ဆူပူအကြမ်းဖက်မှု အဆိုးဝါးဆုံးဖြစ်ခဲ့ရသည်။ ယင်းနေ့ နံနက်၉နာရီ၄၅မိနစ်အချိန်ခန့်တွင် မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့အိမ်ထောင်သည်တန်းလျားအား ဆူပူအကြမ်းဖက်သူ(၅၀၀)ခန့်က ဝင်ရောက်ဖျက်ဆီး၍ ရဲတပ်ကြပ်ကြီးညွှန့်အောင်နှင့် တပ်သားအောင်ဆွေတို့အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ဆူပူအကြမ်းဖက်သူများသည် ပြည်သူ့ရဲတပ်ဖွဲ့ဝင် နှစ်ဦးအား တုတ်၊ ခဲများဖြင့် ဝိုင်းဝန်းထိုးခုတ်သတ်ဖြတ်ကြပြီး အလောင်းများကို မီးရှို့ခဲ့ကြသည်။ နံနက်၁၀နာရီ၄၅မိနစ် အချိန်ခန့်တွင်လည်း မေခါဝီလမ်းဆုံ၌ ဆိုင်ကယ်စီးလာသော ဦးတင်ငွေအား ထောက်လှမ်းရေးဟု စွပ်စွဲကာ

---

၁ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်၊ တပ်မသမိုင်း မျက် ၂၃၉-၂၄၂

၂ တိုင်းကျိုးပြည်ပြု (၁၉၈၈ခုနှစ်မှ ၁၉၉၁ခုနှစ်) မျက် ၃၀

ယောင်ကြီးဗွေခေါင်းဆောင်သည့် အကြမ်းဖက်သူ(၂၀၀)ခန့်တို့က ဖမ်းဆီးရိုက်နှက် သတ်ဖြတ်ခဲ့ကြပြီး ဆိုင်ကယ်နှင့်လူကိုမီးရှို့ခဲ့ကြသည်။ ထို့အတူ စက်ဘီးစီးလာသော ယာဉ်ထိန်း ရဲတပ်ကြပ် သန်းမောင် (ခေါ်) ဟာရှင်အား (၈)ဈေးလမ်းဆုံ၌ အကြမ်းဖက်လူအုပ်ကြီးက ဝိုင်းဝန်း ဖမ်းဆီး၍ ခဲ၊ လုံး၊ ဝါးခွန်၊ တုတ်တို့ဖြင့် ရိုက်နှက်သတ်ဖြတ်ပြီးအလောင်းနှင့်စက်ဘီးအားမီးရှို့ခဲ့ကြသည်။ ထို့ပြင် ဆူပူအကြမ်းဖက်သူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကားများမဝင်ရောက်နိုင်စေရန် မေဓာဝီလမ်းပေါ်တွင် သစ်ပင်များ၊ ကွန်ကရစ်တုံးများဖြင့်ပိတ်ဆို့ထားပြီး တုတ်၊ ခဲ၊ လေးဂွမ်းများ ကိုင်ဆောင်လျက် ဆူပူဆန္ဒပြခဲ့ကြသည်။[၁]

ဆက်လက်၍ မြောက်ဥက္ကလာပမြို့နယ်တွင် ဆူပူအကြမ်းဖက်သူ(၅၀၀၀)ခန့်က နေ့လည် ၁နာရီ ၃၅ မိနစ်အချိန်ခန့်တွင် မြို့နယ်ပြည်သူ့ကောင်စီရုံးနှင့် ပြည်သူ့ရဲစခန်းတို့အား အကြမ်းဖက်စီးနင်းမည်ဖြစ်ကြောင်း သတင်းရရှိသဖြင့် ခြေမြန်တပ်ရင်း(၁)ရင်း၊ စစ်ကြောင်း(၂)ဌာနချုပ်နှင့် တပ်စု(၄)စုတို့သည် မေဓာဝီလမ်းအတိုင်းချီတက်ရောက်ရှိသွားခဲ့သည်။ ထို့နောက် စစ်ဒေသ(၁)၏ ညွှန်ကြားချက်အရ မြို့နယ်ပြည်သူ့ကောင်စီရုံးနှင့် ပြည်သူ့ရဲစခန်းတစ်ဝိုက်တွင်တပ်ဖွဲ့များအား အခြေပြုထားခဲ့ပါသည်။ ၄င်းအချိန်တွင် ဆူပူအကြမ်းဖက်သူများသည် မြို့နယ်ပြည်သူ့ကောင်စီရုံးအား ဗဟိုပြု၍ ခေမာသီလမ်းတစ်လျှောက် ဝဲယာတစ်ဖက်စီတွင် လူ(၅၀၀၀)ခန့်ဖြင့် အတားအဆီးများ ပြုလုပ်၍ မင်းမူရမ်းကားခဲ့ကြသည်။ အလားတူပြည်သူ့ရဲစခန်းအရှေ့ဘက်နှင့် အမှတ်(၁)အစိုးရအထက်တန်းကျောင်းတစ်ဝိုက်တွင်လည်း ဆူပူအကြမ်းဖက်သူ(၅၀၀၀)ကျော်တို့က ကြွေးကြော်သံများဖြင့် အော်ဟစ်ဆူပူရမ်းကားခဲ့ကြသည်။ ထိုအချိန်တွင် မြောက်ဥက္ကလာပမြို့နယ်တစ်ခုလုံး၌ ဆူပူအကြမ်းဖက်သူ(၅၀၀၀၀)ခန့်အထိ များပြားလာခဲ့သည်။[၂]

ထို့ကြောင့်ဆူပူအကြမ်းဖက်သူများအား လူစုခွဲရန်အတွက် ညနေ၃နာရီ၃၀မိနစ်အချိန်ခန့်တွင် ခြေမြန်တပ်ရင်း(၁)ရင်း၊ စစ်ကြောင်း(၁/၂)ဌာနချုပ်နှင့် တပ်ခွဲ(၅)ခွဲတို့သည် မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနရှေ့လမ်းဆုံမှတစ်ဆင့် မြောက်ဥက္ကလာပသို့ သုဓမ္မာလမ်းအတိုင်းချီတက်ခဲ့သည်။

ထိုသို့ ချီတက်ခဲ့ရာတွင် ဆူပူအကြမ်းဖက်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ကျင်ဂလိများ၊ လေးဂွမ်းဖြင့် ပစ်ခတ်ကြသဖြင့် တပ်မတော်မှ တစ်လုံးထိုးသေနတ်ဖြင့် ပစ်ခတ်လူစုခွဲရသည်။ သို့သော် လူစုမကွဲသည့်အပြင် ပိုမိုဆိုးဝါးစွာ အကြမ်းဖက်လာသဖြင့် ကာဘိုင်သေနတ်ဖြင့်(၂)ချက် ပစ်ခတ်၍လူစုခွဲခဲ့ရသည်။ ထို့ပြင်ဆူပူအကြမ်းဖက်သမားများသည် သုဓမ္မာလမ်းတစ်လျှောက်၌ အချင်း(၂)ပေ၊ အမြင့်(၁၈)ပေရှိသော သစ်ပင်ကြီးများကို ခုတ်လဲ၍ ပိတ်ဆို့ထားခြင်း၊ မီးသတ်ယာဉ်(၁)စီး၊ မာဇဒါကျစ်(၁)စီး၊ တီ-၂၀၀၀ယာဉ်(၁)စီးတို့အားမီးရှို့၍လမ်းပိတ်ထားခြင်းများကိုပြုလုပ် ထားခဲ့ကြသည်။

---

၁ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်၊ တပ်မသိုင်း မျက် ၂၄၄-၂၄၅

၂ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်၊ တပ်မသိုင်း မျက် ၂၄၆

ထိုအချိန်တွင် မြို့နယ်ပြည်သူ့ကောင်စီရုံးနှင့် ပြည်သူ့ရဲစခန်းများအား ဆူပူအကြမ်းဖက်သူ (၂၀၀၀)ကျော်တို့က အကြမ်းဖက်ဝိုင်းဝန်း တိုက်ခိုက်ခဲ့ကြသဖြင့် ပစ်ခတ်ဟန့်တားခြင်းများ ပြုလုပ်ခဲ့ရသည်။ သို့သော်လည်း အခြေအနေမှာ ပိုမိုဆိုးဝါးလာမည့် အနေအထားတွင် ရှိနေသဖြင့် တပ်မတော်(လေ)မှ ပိစီ(၆)နှင့်(၇)အမျိုးအစား လေယာဉ်(၃)စီးဖြင့် မြောက်ဥက္ကလာပမြို့ပေါ် ပျံဝဲလျက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်တို့၏ မိဘပြည်သူသို့တင်ပြချက်များ၊ လူစုခွဲရန် မေတ္တာရပ်ခံချက်စာများအား ကြဲချခြင်းများပြုလုပ်ခဲ့ရသည်။[၁]

ယင်းနေ့မှာပင် ရန်ကုန်မြို့တွင်း၌ ဆူပူအကြမ်းဖက်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲရှင်းလင်းခဲ့ရာတွင် ဒဏ်ရာရရှိသူများရှိခဲ့သည်။ ၄င်းဒဏ်ရာရရှိသူများကို လူနာတင်ယာဉ်တစ်စီးပေါ်တွင် တင်ဆောင်၍ မြို့တော်ခန်းမမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လုံခြုံရေးတပ်ဖွဲ့ဝင်ကားနှစ်စီးခြံရံလျက် ပို့ဆောင်ခဲ့သည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်ကားနှစ်စီးသည် ဆေးရုံဝင်းအတွင်း၌ ရှိနေသော အကြမ်းဖက် လူစုလူဝေးများနှင့် ကင်းဝေးစေရန်အတွက် သွားဖက်ဆိုင်ရာဆေးတက္ကသိုလ်ဖက်သို့ မောင်းနှင်၍လူနာ တင်ယာဉ်ထွက်အလာကို စောင့်ဆိုင်းနေခဲ့သည်။ ထိုအချိန်တွင် ဆူပူအကြမ်းဖက်သူ(၅၀၀)ခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်ကားနှစ်စီးကို ဘေးနှစ်ဖက်မှ တုတ်၊ ခဲများဖြင့် ပစ်ခတ်ခြင်း၊ တပ်ဖွဲ့ဝင်ကားများ ထွက်ခွါခြင်းမပြုနိုင်ရန် သစ်ကိုင်းများဖြင့် ကားလမ်းကို ပိတ်ထားခြင်း၊ အနီးကပ်အကြမ်းဖက်တိုက်ခိုက်လာခြင်းများ ပြုလုပ်လာကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်လူစုခွဲရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သူနာပြုဆရာမ(၃)ဦးနှင့် သင်တန်းသား(၁)ဦးဒဏ် ရာရရှိပြီး အကြမ်းဖက်သူ (၁)ဦးသေဆုံးခဲ့သည်။[၂]

အလားတူပင်တာမွေမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့စခန်းအား ဆူပူအကြမ်းဖက်သူ(၇၀၀)ခန့်က ဝိုင်းဝန်းဖျက်ဆီးရန်အားထုတ်နေသဖြင့် တပ်မတော်ကသွားရောက်ရှင်းလင်းရာ လူစုကွဲသွားသော်လည်း ကျိုက္ကဆံကွင်းအနီးတွင် တီအီး၂၁ယာဉ်(၁)စီးအား မီးရှို့ခဲ့ကြသည်။ ထို့ပြင် တာမွေမြို့နယ်ပြည်သူ့ကောင်စီရုံးမှ ပရိဘောဂများကို ရုံးရှေ့သို့ ထုတ်၍ မီးရှို့ခြင်း၊ မြို့နယ်သမဝါယမဂိုဒေါင်နှင့် နတ်ချောင်းသမဝါယမဂိုဒေါင်တို့ကို ဖောက်ထွင်းလုယက်ခြင်းများပြုလုပ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ရှင်းလင်းခဲ့ရသည်။ ထို့အတူ တောင်ဥက္ကလာပမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့စခန်းကို ဆူပူအကြမ်းဖက်သူ(၁၀၀၀)ခန့်က အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်လူစုခွဲရှင်းလင်းခဲ့ရာပြန်လည်ခုခံသဖြင့်ပစ်ခတ်နှိမ်နင်းခဲ့ရသည်။ အလားတူဆူပူအကြမ်းဖက်သူ(၃၀၀၀)ခန့်သည် သာကေတမြို့နယ်ရှိ ကော်ဇောစက်ရုံကို ဝင်ရောက်စီးနင်းရန် ကြိုးစားခဲ့သဖြင့်

---

၁ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်၊ တပ်မသမိုင်း မျက် ၂၄၆-၂၄၇

၂ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်၊ တပ်မသမိုင်း(ပထမပိုင်း) မျက် ၂၄၂

လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းနှိမ်နင်းခဲ့ရသည်။[၁]

သံဃာ့မဟာနာယကဆရာတော်ကြီးများ၏ မေတ္တာရပ်ခံချက်

ထို့ကြောင့် ရန်ကုန်မြို့တော်အပါအဝင် မြန်မာနိုင်ငံအတွင်း လူစုလူဝေးဖြင့်အင်အားသုံးပြီး ဆူပူအကြမ်းဖက်မှုများမပြုလုပ်ကြရန် နိုင်ငံတော်သံဃာမဟာနာယက ဆရာတော်ကြီးများက ရဟန်းရှင်လူပြည်သူအပေါင်းတို့ထံ မေတ္တာရပ်ခံချက်ကို ဩဂုတ်လ(၁၀)ရက်နေ့တွင်ပင် ထုတ်ပြန်ခဲ့သည်။ ယင်းမေတ္တာရပ်ခံချက်တွင် "--- နိုင်ငံတော်အစိုးရအနေဖြင့်လည်း တရားဥပဒေနှင့်အညီ အုပ်ချုပ်လျက် တိုင်းသူပြည်သားရဟန်းရှင်လူများ ငြိမ်းချမ်းစွာနေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ကြရမည့် တာဝန်ဝတ္တရားများအရ ဆောင်ရွက်ကြရသည်ကိုလည်း ဆရာတော်ကြီးများနားလည်သဘောပေါက်ကြပါသည်။ ယင်းကဲ့သို့ တာဝန်အရဆောင်ရွက်ကြရာ၌ မင်းကျင့်တရားဆယ်ပါးနှင့်အညီကျင့်သုံးလိုက်နာကြရန်နှင့် တိုင်းသူပြည်သား၊ ရဟန်းရှင်လူများကလည်းမိမိတို့၏လိုလားချက်များကို ချက်ချင်းမရနိုင်ကောင်းလောဟု ဆန္ဒမစောကြဘဲတရားဥပဒေဘောင်အတွင်း၌ ငြိမ်းချမ်းကြည်သာစွာ နေထိုင်ကြလျက်တရားဥပဒေနှင့်အညီ သိမ်မွေ့နူးညံ့စွာတင်ပြတောင်းဆိုကြရန် နိုင်ငံတော်သံဃာ့မဟာနာယက ဆရာတော်ကြီးများက မေတ္တာရပ်ခံလိုက်သည်။"[၂] ဟုပါရှိသည်။

သို့ရာတွင် ဆူပူဆန္ဒပြသူများသည် တောင်းဆိုချက်များကို နိုင်ငံတော်သံဃာ့မဟာနာယက ဆရာတော်ကြီးများ၏ မေတ္တာရပ်ခံချက်တွင်ပါရှိသည့် တရားဥပဒေနှင့်အညီ သိမ်မွေ့နူးညံ့စွာတင်ပြတောင်းဆိုရမည့်အစား ဆူပူအကြမ်းဖက်မှုများကိုသာ ဆက်လက်ပြုလုပ်လာခဲ့ကြသည်။

ရန်ကုန်မြို့၏ကြောက်မက်ဖွယ်ရာအခြေအနေ

ဩဂုတ်လ ၁၁ ရက်နေ့တွင် ဆူပူဆန္ဒပြသူအင်အား (၅၀၀)ခန့်သည် မဟာဗန္ဓုလလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းဆုံတွင် လမ်းပိတ်ဆို့ခြင်း၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် အနော်ရထာလမ်းဆုံတွင် ဆူပူဆန္ဒပြသူအင်အား(၃၀၀)ခန့်ကလမ်းပိတ်ဆို့ခြင်း၊ ဆူပူဆန္ဒပြသူအင်အား(၂၀၀)ခန့်က ပါရမီလမ်းနှင့်သံသုမာလမ်းဆုံတွင်အကြမ်းဖက်ဆူပူခြင်း၊ ဆူပူဆန္ဒပြသူအင်အား(၅၀၀)ခန့်က ဗားကရာလမ်းနှင့်ရှမ်းလမ်းဆုံတွင်အကြမ်းဖက်ဆူပူခြင်းနှင့် ဆူပူဆန္ဒပြသူအင်အား(၅၀၀)ခန့်က အင်းစိန်လမ်းဆုံတွင် အကြမ်းဖက်ဆူပူခြင်းများ ပြုလုပ်ခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲနှိမ်နင်းခဲ့ရသည်။

ထို့ပြင် ဆူပူဆန္ဒပြသူအင်အား(၂၀၀)ခန့်က ပုဇွန်တောင်မြို့နယ် စက်ဆန်းဆန်ဂိုဒေါင်မှ ဆန်အိတ်များကို ဖောက်ယူခြင်း၊ ဆူပူဆန္ဒပြသူအင်အား(၂၀၀)ခန့်က မေတ္တာမွန်ဂိုဒေါင်ကို ဖောက်ထွင်း၍

---

၁ (က) တပ်မတော်သား - ၁၉၄၈ခုနှစ်မှ၁၉၈၈ခုနှစ်အတွင်းဖြတ်သန်းလာသောမြန်မာ့သုတေသီတစ်ဦး သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ(ပထမတွဲ) မျက် ၁၆၁
(ခ) အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်၊ တပ်မသမိုင်း(ပထမပိုင်း) မျက် ၅၁

၂ ဗိုလ်တထောင် (၁၁-၈-၈၈)

ပစ္စည်းများသယ်ဆောင်သွားခြင်း၊ ဆန္ဒပြသူအင်အား(၄၀၀)ခန့်ကကမာရွတ်မြို့နယ်၊ ပြည်သူ့ကောင်စီရုံးကို ဖျက်ဆီးခြင်း၊ ဆန္ဒပြသူအင်အား(၂၀၀)ခန့်က လှိုင်မြို့နယ်အတွင်းရှိ မြန်နှုန်းသီဂီရုပ်ရှင်ရုံကို ဖျက်ဆီးခြင်းနှင့် ဆန္ဒပြသူအင်အား(၃၀)ခန့်က သိမ်ဖြူလမ်းရှိ အစိုးရဆေးဆိုင်အမှတ်(၃)မှ ဆေးပစ္စည်းများကို ထုတ်ယူ၍လမ်းပေါ်တွင် မီးရှို့ခြင်းများပြုလုပ်ခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှင်းလင်းနှိမ်နင်းခဲ့ရသည်။

ထို့အတူ ပို၍ဆိုးဝါးသည့်လုပ်ရပ်များမှာ ဆူပူဆန္ဒပြသူများသည် အကြမ်းဖက်တိုက်ခိုက်ရန်နှင့် မီးရှို့ဖျက်ဆီးရန်အတွက် ပုလင်းအလွတ်များအတွင်းဓါတ်ဆီများလောင်းထည့်၍ မီးလောင်ဗုံးများပြုလုပ်ခြင်း၊ ပုလင်းများတွင် အက်စစ်များထည့်၍ အကြမ်းဖက်တိုက်ခိုက်ရန် လုပ်ဆောင်ခြင်းများပင်ဖြစ်သည်။

အထူးသဖြင့် ဆူပူဆန္ဒပြသူများအတွင်း အကြမ်းဖက်လုယက်သတ်ဖြတ် ရမ်းကားမှုများနှင့် ပတ်သက်၍ သဘောထားကွဲလွဲခြင်း၊ ခိုက်ရန်ဖြစ်ပွား ရမ်းကားအနိုင်ကျင့်ခြင်းများ နေရာအနှံ့အပြားတွင်ဖြစ်ပေါ်လာခဲ့သည်။ ဤသို့ဖြင့် မြောက်ဥက္ကလာပမြို့နယ်တွင် အကြမ်းဖက်ဆူပူဆန္ဒပြသူများ အားဌာနေလူထုမှ ဆန့်ကျင်လာခဲ့ကြသည်။[၁]

ကာကွယ်ရေးဦးစီးချုပ်၏မေတ္တာရပ်ခံချက်

ဤကဲ့သို့ ဆူပူဆန္ဒပြသူများက မင်းမဲ့စရိုက်ဆန်သော အကြမ်းဖက်မှုများ ပိုမိုပြုလုပ်လာခဲ့ကြသဖြင့် ဩဂုတ်လ(၁၁)ရက်နေ့၌ပင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဦးစီးချုပ်တို့က မိဘပြည်သူအပေါင်းတို့ထံမေတ္တာရပ်ခံတင်ပြချက်ကို မြန်မာ့ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်လွှင့်ခဲ့သည်။

ကာကွယ်ရေးဦးစီးချုပ်၏တင်ပြချက်တွင် "..... တရားဥပဒေဘောင်အတွင်းမှ အေးချမ်းစွာဆန္ဒပြခဲ့စဉ် ကျွန်တော်တို့တပ်မတော်သားတွေဟာ စစ်စည်းကမ်းနှင့်အညီ တည်ငြိမ်စွာ တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ပြည်သူအများသိရှိပြီးသား ဖြစ်ပါတယ်၊ သို့သော်နောက်ပိုင်းတွင် မသမာသူမြေပေါ်အဖျက်သမားတွေဟာ ဆန္ဒပြသူများအတွင်း ဝင်ရောက်ပူးပေါင်းသွေးထိုးလှုံ့ဆော်လာကြပြီး အကြမ်းဖက် ရမ်းကားလုယက်၍ နိုင်ငံတော်ပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများကို လုယက်မီးရှို့ဖျက်ဆီးလာခြင်း၊ ငြိမ်းချမ်းစွာပညာသင်ကြားလိုတဲ့ ကျောင်းသားလူငယ်များကို အကြမ်းဖက်အနိုင်ကျင့်၍အဓမ္မဆွဲခေါ်ပြီးဆန္ဒပြစေခြင်း၊ အေးချမ်းစွာနေထိုင်လိုသောပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို အန္တရာယ်ပြုလာခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို သတ်ဖြတ်သည်အထိပြုမူလာခြင်းစတဲ့ .. မင်းမဲ့စရိုက်ဆန်တဲ့ပြုမူချက်တွေနဲ့ လူအုပ်စုဖွဲ့ပြီး ရမ်းကားလာတာကို ပြည်သူများကြုံတွေ့နေရပြီဖြစ်ပါတယ်၊ ယခုအခါမှာ ဤကဲ့သို့သော အကြမ်းဖက်

---

၁ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်၊ တပ်မသိုင်း မျက် ၅၂ - ၅၄

သမားတွေရဲ့ မြေမ်းခြောက်အနိုင်ကျင့်လုပ်ဆောင်မှုကြောင့် အခြေအနေများဟာ မတည်မငြိမ်ဖြစ်နေရပါတယ်၊ ဒါ့ကြောင့် အေးချမ်းစွာနေလိုသောပြည်သူများအတွက် ပြည်သူ့တပ်မတော်ဟာ ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရမဲ့တာဝန်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ် " [၁] ဟူ၍တင်ပြခဲ့သည်။

ထိုကာလအတွင်း ဖြစ်ပွားခဲ့သောအရေးအခင်းနှင့် ထိန်းသိမ်းခဲ့ရမှုတို့ကို တာဝန်ယူသောအားဖြင့် ဩဂုတ်လ(၁၂)ရက်နေ့တွင် ဦးစိန်လွင်သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌ အဖြစ်မှ လည်းကောင်း၊ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌအဖြစ်မှလည်းကောင်း နုတ်ထွက်ခဲ့သည်။[၂] ထို့ပြင် ရန်ကုန်မြို့တော်အား စစ်အုပ်ချုပ်ရေးဒေသဖြစ် သတ်မှတ်ထားခဲ့သော်လည်း ဩဂုတ်လ(၁၄)ရက်နေ့မှစ၍ ပစ်ခတ်မှုကို ရပ်ဆိုင်းခဲ့သည်။ ယင်းနေ့တွင် နိုင်ငံတော်အတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အစွမ်းဘာသာရေးခေါင်းဆောင်များက မေတ္တာရပ်ခံချက် ထုတ်ပြန်ခဲ့သည်။[၃]

စစ်အုပ်ချုပ်ရေးကာလအတွင်း ဩဂုတ်လ(၈)ရက်နေ့မှ ဩဂုတ်လ(၁၄)ရက်နေ့အထိ ဆူပူအကြမ်းဖက်သူများနှင့် အဖျက်သမားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နည်းလမ်းတကျ ပစ်ခတ်ရှင်းလင်းဖမ်းဆီးမှုများ ပြုလုပ်ခဲ့ရာ သေဆုံးသူများတွင် အမျိုးသား(၁၀၆)ဦး၊ အမျိုးသမီး(၈)ဦး၊ စုစုပေါင်း(၁၁၄)ဦး၊ ဒဏ်ရာရရှိသူများတွင် သံယာ(၆)ပါး၊ အမျိုးသား(၃၀၄)ဦး၊ အမျိုးသမီး(၂၆)ဦး၊ စုစုပေါင်း(၃၃၆)ဦးနှင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသူများတွင် သံယာ(၂၇)ပါး၊ အမျိုးသား(၂၅၅၇)ဦး၊ အမျိုးသမီး(၃၈၁)ဦး၊ စုစုပေါင်း(၂၉၆၅)တို့ဖြစ်ကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ထိခိုက်၊ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေများမှာ တပ်မတော်မှ သေဆုံးသူ(၂)ဦး၊ ဒဏ်ရာရသူ(၁၀)ဦး၊ လက်နက်(၁)လက်ဆုံးရှုံးပြီး၊ ပြည်သူ့ရဲမှ သေဆုံးသူ(၁၆)ဦး၊ ဒဏ်ရာရသူ(၄)ဦး၊ လက်နက်(၂၇)လက်ဆုံးရှုံးတို့ဖြစ်သည်။ ထိုကာလအတွင်း အကြမ်းဖက်ဖျက်ဆီးမှုများကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပျက်စီးဆုံးရှုံးမှု ခန့်မှန်းတန်ဖိုးမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ၁,၈၂၇,၂၆၀-၀၀ကျပ်၊ ပြန်ကြားရေးဝန်ကြီးဌာန ၈၀၂,၂၅၅-၀၀ကျပ်၊ စွမ်းအင်ဝန်ကြီးဌာန ၂,၈၄၃,၉၈၃. ၃၇ကျပ်၊ လယ်ယာနှင့် သစ်တောရေရာဝန်ကြီးဌာန ၁၄၁,၅၅၀. ၀၀ကျပ်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ၇၂၅,၃၄၆. ၇၂ကျပ် နှင့် သမဝါယမဝန်ကြီးဌာန ၁၀,၃၇၃,၇၇၈. ၀၀ကျပ်တို့ဖြစ်ကြသည်။[၄]

---

၁ ဝိုလ်တထောင်(၁၄-၈-၈၈)

၂ ဝိုလ်တထောင်(၁၄-၈-၈၈)

၃ ဝိုလ်တထောင် (၁၅-၈-၈၈)

၄ တပ်မတော်သားသုတေသီတစ်ဦး- **၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်းဖြတ်သန်းလာသော မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ** မျက် ၁၆၂-၁၆၃

ဩဂုတ်လ(၁၅)ရက်နေ့တွင် ခရစ်ယာန်နှင့် ဟိန္ဒူဘာသာရေးခေါင်းဆောင်များက ဆူပူအကြမ်းဖက်မှုများမပြုလုပ်ကြရန် မိဘပြည်သူများထံသို့ မေတ္တာရပ်ခံချက်များထုတ်ပြန်ခဲ့ကြသည်။[၁] ယင်းနေ့တွင် သာကေတမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်နှင့်သဃ်နိုးကျွန်းမြို့နယ်များမှ မြို့နယ်သံယာ့နာယက ဆရာတော်များနှင့် မြို့မိမြို့ဖတို့သည် သုဝဏ္ဏအားကစားရုံ၌ အမှတ်(၂) စစ်ဒေသမှူးနှင့် တွေ့ဆုံဆွေးနွေးပြီး လုံခြုံရေးအကူအညီများ တောင်းခံခဲ့သည်။[၂]

ပြည်သူ့လွှတ်တော်အရေးပေါ်အစည်းအဝေး

၁၉၈၈ခုနှစ် ဩဂုတ်လ (၁၉) ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီဗဟိုကော်မတီ (၁၁)ကြိမ်မြောက်အစည်းအဝေးကို ရန်ကုန်မြို့၊ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးမှ ဒေါက်တာမောင်မောင်အား မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ထို့နောက် ဆက်လက်ကျင်းပသော စတုတ္ထအကြိမ်ပြည်သူ့လွှတ်တော်အရေးပေါ် အစည်းအဝေးမှ ဒေါက်တာမောင်မောင်အား နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတအဖြစ် တင်မြှောက်ခဲ့သည်။ ထိုစတုတ္ထအကြိမ်ပြည်သူ့လွှတ်တော်အရေးပေါ်အစည်းအဝေးတွင် နိုင်ငံတော်၏ စီးပွါးရေးဆိုင်ရာ မူဝါဒလမ်းညွှန်မှုများ ပြုပြင်ပြောင်းလဲရေး၊ ရေတိုရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ကောင်စီဒုတိယဥက္ကဋ္ဌဦးအေးကိုကတင်ပြခဲ့သည်။[၃]

ထို့ပြင် ပြည်သူ့လွှတ်တော်၏ သဘောတူညီချက်အရ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီ၏ကြေညာချက်အမှတ်(၇/၈၈)ဖြင့် နိုင်ငံတော်တွင် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး အခြေအနေအရပ်ရပ်နှင့်စပ်လျဉ်း၍ ပြည်သူ့ဆန္ဒသဘောထားရယူနိုင်ရန်အတွက် အဖွဲ့ဝင်(၁၁)ဦးပါဝင်သော ပြည်သူ့ဆန္ဒလေ့လာစုံစမ်းရေးကော်မရှင်ကို အောက်ပါအတိုင်းဖွဲ့စည်းခဲ့သည်-

(က)	ဦးတင်အောင်ဟိန်း ဥက္ကဋ္ဌ၊ ပြည်သူ့တရားသူကြီးအဖွဲ့	ဥက္ကဋ္ဌ
(ခ)	ဦးစန်းမောင် နိုင်ငံတော်ကောင်စီဝင်	အဖွဲ့ဝင်
(ဂ)	ဦးစိုင်းအောင်ထွန်း နိုင်ငံတော်ကောင်စီဝင်	အဖွဲ့ဝင်

---

၁ ဗိုလ်တထောင်(၁၆-၈-၈၈)

၂ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်၊တပ်သမိုင်း မျက် ၆၀

၃ ဗိုလ်တထောင် (၂၀-၈-၈၈)

(ဃ) ဒေါက်တာမန်းသက်စံ — အဖွဲ့ဝင်
နိုင်ငံတော်ကောင်စီဝင်

(c) ဦးဘငြိမ်း — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ၊ အလုပ်သမားအစည်းအရုံး
ဗဟိုဦးစီးအဖွဲ့ဌာနချုပ်

(စ) ဦးချစ်ဆွေ — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ၊ တောင်သူလယ်သမားအစည်းအရုံး
ဗဟိုဦးစီးအဖွဲ့ဌာနချုပ်

(ဆ) ဒေါက်တာထွန်းသင် — အဖွဲ့ဝင်
ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်၊ မန္တလေးမြို့

(ဇ) ဦးလှထွန်း — အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
(ကျောက်တန်း-၂)

(ဈ) ဦးစောလှိုင် — အဖွဲ့ဝင်
ကျောင်းအုပ်ကြီး၊ ဟသ်တကောလိပ်

(ည) ဦးအောင်တိုး — အတွင်းရေးမှူး
အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လှေ့ကျင့်ရေးအဖွဲ့

(ဋ) ဦးတင်မောင်အေး — တွဲဖက်အတွင်းရေးမှူး[၁]
ညွှန်ကြားရေးမှူးချုပ်
ဗဟိုတရားရုံး၊ ပြည်သူ့တရားသူကြီးအဖွဲ့

ဆက်လက်၍ ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုပါတစ်ပါတည်း ပြဋ္ဌာန်းသတ်မှတ်ကာလုပ်ငန်းကို စတင်စေခဲ့သည်။ သို့ရာတွင် ပြည်သူ့ဆန္ဒခံယူခြင်းကို ပိုမိုလျင်မြန်ထိရောက်စွာ ဆောင်ရွက်ရန် အစီအစဉ်များပြုလုပ်လျက်ရှိသဖြင့် ပြည်သူ့ဆန္ဒလေ့လာစုံစမ်းရေးကော်မရှင်ကို ဩဂုတ်လ(၂၄)ရက်နေ့တွင် ဖျက်သိမ်းကြောင်းကြေညာခဲ့သည်။ ထို့ပြင် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပပေးရန်အစီအစဉ်များပြုလုပ်လျက်ရှိပြီး အခြေအနေများတိုးတက်လာမှုရှိသဖြင့် ထုတ်ပြန်ထားသော စစ်အုပ်ချုပ်ရေးဥပဒေကို ရုပ်သိမ်းကြောင်းကြေညာခဲ့သည်။[၂]

ထိုအခြေအနေများကို နိုင်ငံတော်သမ္မတဒေါက်တာမောင်မောင်က ဩဂုတ်လ(၂၄)ရက်နေ့ ည(၈)နာရီတွင်တိုင်းပြည်သို့အသံလွှင့်မိန့်ခွန်းပြောကြားခဲ့သည်။နိုင်ငံတော်သမ္မတဒေါက်တာမောင်မောင်

---

[၁] ဗိုလ်တထောင်(၂၀-၈-၈၈)
[၂] ဗိုလ်တထောင်(၂၈-၈-၈၈)

ဧ၏မိန့်ခွန်းတွင် "... နောက်နှစ်ပတ်သုံးပတ်အတွင်းမှာ ပါတီအရေးပေါ်ညီလာခံ ထပ်ခေါ်ပါမယ်၊ တစ်ပါတီစနစ်ကို နှစ်သက်သလား၊ ပါတီစုံစနစ်ကိုနှစ်သက်သလား၊ ပြည်သူ့ဆန္ဒခံယူဖို့ အဆိုပြန်တင်ပါမယ်၊ ညီလာခံက ပြည်သူ့ဆန္ဒခံယူဖို့ ငြင်းပယ်လျှင်ကျွန်တော်အပါအဝင် ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်(၁၄)ဦးအားလုံးပါတီတာဝန်မှ နှုတ်ထွက်ကြပါမယ်၊ ညီလာခံက ပြည်သူ့ဆန္ဒခံယူဖို့ဆုံးဖြတ်ရင် နောက်နေ့မှာ ပြည်သူ့လွှတ်တော်ကစည်းဝေးဆုံးဖြတ်ပြီး အမြန်ဆုံး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပဖို့စီစဉ်ပါမယ်။ ပြည်သူ့ဆန္ဒခံယူပွဲကို ကြီးကြပ်ဖို့ကော်မရှင်တစ်ရပ်ကို ပြည်သူတွေလေးစားယုံကြည်မည့် ပုဂ္ဂိုလ်များဖြင့် ပြည်သူတွေနဲ့ညှိနှိုင်းပြီး ဖွဲ့စည်းပါမယ်၊ ပါတီစုံစနစ်ကို ပြည်သူတွေကလိုလားကြောင်း အဖြေထွက်လာလျှင် အခြေခံဥပဒေကိုလိုအပ်သလိုပြင်ဆင် လက်ရှိလွှတ်တော်သက်တမ်းကို လိုသလိုလျှော့ပေါ့ပြီး အဖြစ်နိုင်ဆုံး အမြန်ဆုံးအထွေထွေရွေးကောက်ပွဲများ ကျင်းပပေးပါ့မယ်၊ ရွေးကောက်ပွဲများကြီးကြပ်ဖို့ကော်မရှင်ကိုလည်း ပြည်သူတွေလေးစားယုံကြည်မည့် ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းပေးပါမယ်၊ အဲဒီရွေးကောက်ပွဲတွေမှာတော့ ကျွန်တော်ရော၊ နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့နဲ့ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့တို့မှ ပုဂ္ဂိုလ်များရောဝင်ရောက်အရွေးခံကြတော့မှာ မဟုတ်ပါဘူး၊ ရွေးချယ်တင်မြှောက်ခံရပြီးတဲ့နောက် ဖွဲ့စည်းမည့်အဖွဲ့အစည်းများကို တာဝန်လွှဲပြောင်းပေးဖို့ကိုသာ အခြေခံဥပဒေကအပ်နှင်းထားသည့် တာဝန်နှင့်အညီ စောင့်ထိန်းဆောင်ရွက်သွားကြမှာဖြစ်ပါတယ်၊ ... နိုင်ငံတော်အစိုးရဘက်ကတော့ နိုင်ငံရေး၊ စီးပွားရေးဖွံ့ဖြိုးမှု၊ ပြည်သူတွေစားဝတ်နေရေး ပြေလည်မှု တို့အတွက် တတ်နိုင်သမျှဆက်လက်ပြီးလုပ်ဆောင်သွားပါမယ်၊ ရပ်ရွာအေးချမ်းသာယာရေးအတွက်လည်း တတ်စွမ်းသမျှကြိုးပမ်းဆောင်ရွက်ပါ့မယ်၊ နောက်ဆုံးတော့ ပြည်သူတွေကိုယ်တိုင် ပူးပေါင်းပါဝင်ကြပြီး ကိုယ့်ရပ်ကိုယ့်ရွာကို ရဟန်း၊ သံဃာတော်များ၊ ဘာသာရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖ ရွာလူကြီးများ၊ ရွာသူရွာသားများ၊ ဝန်ထမ်းများနဲ့ ဝိုင်းဝန်းထိန်းသိမ်းကြဖို့က အရေးကြီးပါတယ်၊ ကျွန်တော်တို့အားလုံးမေတ္တာ၊ သစ္စာတရားနဲ့ပြည်သူတွေရဲ့တရားမျှတစစ်မှန်တဲ့ဆန္ဒတွေကိုဖြည့်ဆည်းဖို့ ယဉ်ကျေးသိမ်မွေ့စွာအတူ ပူးပေါင်းလုပ်ဆောင်ကြပါစို့လို့ မေတ္တာရပ်ခံလိုက်ပါတယ်။" [၁] ဟူ ၍မိန့်ကြားခဲ့သည်။

နိုင်ငံတော်ကောင်စီက စစ်အုပ်ချုပ်ရေးရုပ်သိမ်းကြောင်း ကြေညာခဲ့သဖြင့် ရန်ကုန်မြို့တွင်း၌ လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသော လုံခြုံရေးတပ်ဖွဲ့များကို ရုပ်သိမ်း၍ရန်ကုန်မြို့အစွန်၊ မြို့ပြင်များနှင့်အရေးကြီးသောအဆောက်အဦများ၊ စက်ရုံအလုပ်ရုံများ၊ တက္ကသိုလ်ပရိဝုဏ်များသို့ ပြောင်းရွှေ့အခြေပြုစေပြီး အသင့်ဖွဲ့စည်းထားရှိခဲ့သည်။[၂] ထိုကဲ့သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရန်ကုန်မြို့တွင်းမှ ရုပ်သိမ်းသွားခဲ့သဖြင့် မြို့နယ်၊ ရပ်ကွက်များတွင်ဆူပူဆန္ဒပြခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လုယက်ဖျက်စီးခြင်းများ ဆက်လက်ပြုလုပ်လာခဲ့ကြသည်။ ထို့ကြောင့် ပြည်သူလူထုမှာ မိမိတို့မြို့နယ်အလိုက်၊

---

၁ ဗိုလ်တထောင်(၂၈-၈-၈၈)

၂ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်၊တပ်သမိုင်း မျက် ၆၅

ရပ်ကွက်အလိုက် ကင်းအဖွဲ့များဖွဲ့စည်းခြင်း၊ ဝါးကပ်များ၊ ခြံစည်းရိုးများကာရံခြင်းတို့ကို ပြုလုပ်ခဲ့ကြပြီး၊ ဓါးလှံ၊ ဝါးချွန်များကိုင်ဆောင်လျက် နေ့/ည မပြတ်လှုံခြုံရေးကင်းများချထား စောင့်ကြပ်ခဲ့ကြသည်။

ထို့ပြင် ဩဂုတ်လ(၁၀)ရက်နေ့က ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှေ့တွင် ဖြစ်ပွါးခဲ့သော ပစ်ခတ်မှုကြောင့် သူနာပြုဆရာမသုံးဦးအား မတော်တဆကျည်ဆံထိမှန်ဒဏ်ရာရခဲ့ခြင်းကို အကြောင်းပြု၍ ဆရာဝန်၊ ဆရာမများအရေးအခင်းအတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ၄င်းတို့သည် စာကပ်ခြင်း၊ ကြေညာချက်များထုတ်ဝေခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းများကို ဆောင်ရွက်လာကြသည်။

ထိုအခြေအနေများကို အခွင့်ကောင်းယူကာ ၂၀-၈-၈၈ ရက်နေ့တွင် ဘီဘီစီ၊ အေအိုင်အာရ် အသံလွှင့်ဌာနတို့က မြန်မာနိုင်ငံဒေသအသီးသီးမှဆန္ဒပြသူများသည် မန္တလေးမြို့၌စုရုံးပြီး ရန်ကုန်မြို့တော်သို့ချီတက်ရန် မိုင်(၄၀၀)ခန့်ခရီးထွက်ခဲ့ကြောင်း လွှင့်ထုတ်ခဲ့ခြင်းဖြင့် ရန်ကုန်မြို့တွင်း၌ ဆူပူဆန္ဒပြမှုများ၊ အကြမ်းဖက်လုယက်ဖျက်ဆီးမှုများ ကြီးထွားလာစေရန် ဖန်တီးလှုံ့ဆော်ခဲ့ပြန်သည်။[၁]

၁၉၈၈ခုနှစ်၊ လူလိုင်လ(၂၉)ရက်နေ့မှစတင်၍ နိုင်ငံတော်အားထိပါးလာမည့် အန္တရာယ်မှ ကြိုတင်ကာကွယ်ရေးအတွက် ထိန်းသိမ်းထားခဲ့သော ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးနှင့် အပေါင်းပါ(၉)ဦးတို့ကို ဩဂုတ်လ(၂၅)ရက်နေ့တွင် ပြန်လည်လွှတ်ပေးခဲ့သည်။ ဦးအောင်ကြီးသည် ထိုနေ့ညနေပိုင်းတွင် စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်း၌ လူထု(၅၀၀၀)ခန့်တက်ရောက်သည့် ဟောပြောပွဲတစ်ခုပြုလုပ်ခဲ့သည်။ ထိုဟောပြောပွဲ၌ ဦးအောင်ကြီးက တပ်မတော်ကိုမဖြိုခွဲရေး၊ လက်ရှိခေါင်းဆောင်များနှုတ်ထွက်ပေးရေး၊ ယာယီအစိုးရဖွဲ့စည်းရေးနှင့် ဒီမိုကရေစီရေးတို့ကို ဟောပြောခဲ့သည်။[၂]

ဩဂုတ်လ(၂၆)ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်က ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၌ ဟောပြောပွဲပြုလုပ်ခဲ့သည်။ ထိုဟောပြောပွဲသို့ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်နှင့် ရုပ်ရှင်မင်းသားဦးထွန်းဝေတို့လည်း တက်ရောက်ခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်၏ ဟောပြောချက်များတွင် ပါတီဥက္ကဋ္ဌဒေါက်တာမောင်မောင် ချက်ချင်းနုတ်ထွက်ပေးရန်နှင့်အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် ကြားနေအုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးရန်တို့ပါဝင်သည်။ ဩဂုတ်လ(၂၇)ရက်နေ့တွင် ဦးတင်ဦး(ဗိုလ်ချုပ်ကြီးဟောင်း)က ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အရေးပေါ်ဌာနရှေ့၌ ဟောပြောပွဲပြုလုပ်ခဲ့သည်။ ထိုဟောပြောပွဲတွင် ဦးတင်ဦး(ဗိုလ်ချုပ်ကြီးဟောင်း)က မင်းမဲ့စရိုက်လွှမ်းမိုးခြင်းများလက်မခံနိုင်ကြောင်း၊ တပ်နှင့်ပြည်သူကြည်ဖြူစွာလက်တွဲပြီး တိုင်းပြည်အန္တရာယ်ကို ကာကွယ်စေလိုကြောင်း ပြောကြားသွားခဲ့သည်။ အလားတူဟောပြောပွဲများကိုမြို့နယ်အချို့တို့၌လည်း ပြုလုပ်ခဲ့ကြသည်။[၃]

---

၁ ဖေက်ကောင်း - **အာဏာသိမ်းသောအာဏာရှင်အစိုးရမဟုတ်ပါ** မျက် ၂၅၅

၂ (က) အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်၊တပ်မသိုင်း၊(ပထမပိုင်း) မျက် ၆၆
(ခ) တိုင်းကျိုးပြည်ပြု (၁၉၈၈ခုနှစ်မှ ၁၉၉၁ခုနှစ်) မျက် ၃၁

၃ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်၊တပ်မသိုင်း(ပထမပိုင်း) မျက် ၆၇-၆၉

ရန်ကုန်တိုင်းအတွင်း ဖြစ်ပွါးခဲ့သောအရေးအခင်းများ၌ ဖမ်းဆီးထိန်းသိမ်းထားသူများအနက် ပြစ်မှုကြီးများကျူးလွန်သူမှအပ ဩဂုတ်လ(၃)ရက်နေ့မှ (၂၅)ရက်နေ့အတွင်း ဖမ်းဆီးထားသော သံဃာ (၂၇)ပါး၊ ကျောင်းသား(၅၉၇)ဦး၊ ကျောင်းသူ(၁၄၇)ဦး၊အရပ်သား(၁၅၈)ဦး၊ အရပ်သူ(၂၂၂)ဦး၊ ဝန်ထမ်း အမျိုးသား(၁၆၅)ဦးနှင့် အမျိုးသမီး(၄)ဦး၊ စုစုပေါင်း(၂၇၅၀)ဦးတို့ကို ဩဂုတ်လ(၂၆)ရက်နေ့တွင် ပြန်လည်စေလွှတ်ပေးခဲ့သည်။[၁] ယင်းနေ့တွင်ပင် အင်းစိန်အကျဉ်းထောင်အပါအဝင် အခြားသော အကျဉ်းထောင်အချို့တို့၌ထောင်တွင်းဆူပူအကြမ်းဖက်မှုများ၊ ထောင်ပြင်ပမှလူစုလူဝေးဖြင့်အကြမ်းဖက် တိုက်ခိုက်မှုများကြောင့်အကျဉ်းသားများထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။ သို့ဖြစ်၍ထောင်များအတွင်း အကျဉ်းသားများအုပ်စုဖွဲ့ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မလိုအပ်သောရာဇဝတ်သားများ ပြင်ပသို့ မရောက်သွားစေရေးအတွက်အကျဉ်းထောင်များရှိအကျဉ်းသား၊ အချုပ်သားများအနက်အမှုစစ်ဆေးဆဲ အချုပ်သားများတွင်ယမန်ရက်ကုန်ဆုံးနေသူများနှင့် ယမန်ရက်ကာလကြာရှည်လျက်ရှိသောအချုပ်သား များကို ကိုယ်တိုင်ခံဝန်ချက်ဖြင့် ဥပဒေနှင့်အညီလွှတ်ပေးပြီး၊ ပြစ်ဒဏ်ကျခံဆဲအကျဉ်းသားများအနက် ကျခံရန်ပြစ်ဒဏ်ကာလတစ်နှစ်ထက် လျော့နည်းကျန်ရှိသူ အကျဉ်းသားများကို ဥပဒေနှင့်အညီ လျော့ရက်များပေးပြီး စုစုပေါင်း (၄၈၀၆)ဦးကို တရားဝင်လွှတ်ပေးခဲ့သည်။[၂]

ဤအခွင့်ကောင်းကို စောင့်နေသောမြေပေါ်မြေအောက်အဖျက်သမားတို့သည် ထောင်ပြေး များ၊ ရဲဘက်ပြေးများနှင့်ပူးပေါင်းကာ မိုက်ကြေးခွဲခြင်း၊ ရမ်းကားအနှိုင်ကျင့်ခြင်း၊ ဂိုဒေါင်များဖောက် ခြင်း၊ တိုက်ခိုက်လုယက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် အကြမ်းဖက်ဆူပူဆန္ဒပြခြင်းများကို လုပ်ဆောင် လာခဲ့သည်။

နိုင်ငံတော်အတွင်း ဤကဲ့သို့ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို အခွင့်ကောင်းယူ ကာ ဝန်ကြီးချုပ်ဟောင်း ဦးနုမှ နာယကအဖြစ်အမှုဆောင်ပြုသော "ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ (ယာယီ)" ကို ၁၉၈၈ခုနှစ်၊ ဩဂုတ်လ(၂၉)ရက်နေ့တွင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၌ အောက်ပါအဖွဲ့ဝင် (၂၁)ဦးဖြင့် ဖွဲ့စည်းခဲ့ကြသည်-

(၁)	ဦးနု(ဝန်ကြီးချုပ်ဟောင်း)	နာယက
(၂)	မန်းဝင်းမောင်(နိုင်ငံတော်သမ္မတဟောင်း)	ဥက္ကဋ္ဌ
(၃)	ဗိုလ်မှူးအောင်(လွှတ်တော်ဥက္ကဋ္ဌဟောင်း)	ဒုဥက္ကဋ္ဌ
(၄)	ဦးတင်ဦး(ဗိုလ်ချုပ်ကြီးဟောင်း)	အထွေထွေအတွင်းရေးမှူး
(၅)	ဦးသန်းစိန်(ပါလီမန်အတွင်းဝန်ဟောင်း)	တွဲဖက်အထွေထွေအတွင်းရေးမှူး

၁ တပ်မတော်သားသုတေသီတစ်ဦး **၁၉၄၈ခုနှစ်မှ၁၉၈၈ခုနှစ်အတွင်းဖြတ်သန်းလာသော မြန်မာ့ သမိုင်းအကျဉ်းနှင့်တပ်မတော်ကဏ္ဍ(ပထမတွဲ)** မျက် ၁၇၁

၂ (က) တပ်မတော်သားသုတေသီတစ်ဦး **၁၉၄၈ခုနှစ်မှ၁၉၈၈ခုနှစ်အတွင်းဖြတ်သန်းလာသော မြန်မာ့ သမိုင်းအကျဉ်းနှင့်တပ်မတော်ကဏ္ဍ(ပထမတွဲ)** မျက် ၁၇၁

(ခ) အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်၊ တပ်မသမိုင်း(ပထမပိုင်း) မျက် ၆၉

(၆)	ဦးအောင်(မြင်းခြံ)	ငွေထိန်း
(၇)	သခင်ချစ်မောင်(၀ိမုရ)	အမှုဆောင်
(၈)	သခင်ခင်အောင်(သာယာဝတီ)	အမှုဆောင်
(၉)	သခင်သိန်းဖေ(ဝါခယ်မ)	အမှုဆောင်
(၁၀)	ဦးအောင်ရွှေ(အငြိမ်းစားဗိုလ်မှူးချုပ်)	အမှုဆောင်
(၁၁)	ဦးစောမြင့်(ဗိုလ်မှူးကြီးဟောင်း)	အမှုဆောင်
(၁၂)	ဦးခင်မောင်(ဝန်ကြီးဟောင်း)	အမှုဆောင်
(၁၃)	ဦးထွန်းစိန်(မြိတ်)	အမှုဆောင်
(၁၄)	ဗိုလ်မှူးထွန်းတင်(လျှပ်စစ်အဖွဲ့ဥက္ကဋ္ဌ)	အမှုဆောင်
(၁၅)	ဦးဘဆွေ(ဒုတိယအတွင်းဝန်ဟောင်း)	အမှုဆောင်
(၁၆)	ဦးညွှန့်အောင်(ပါလီမန်အမတ်ဟောင်း)	အမှုဆောင်
(၁၇)	သခင်ချစ်(ဒုဥက္ကဋ္ဌ/ဘားကောင်စီ)	အမှုဆောင်
(၁၈)	ဦးဘထွန်း(ဥက္ကဋ္ဌ၊ ရန်ကုန်ရှေ့နေများအသင်း)	အမှုဆောင်
(၁၉)	ဦးရဲခေါင်ညွှန့်(ပါလီမန်အမတ်ဟောင်း)	အမှုဆောင်
(၂၀)	ဦးသုဝေ(ယခင်ပါလီမန်ဒီမိုကရေစီပါတီဝင်)	အမှုဆောင်
(၂၁)	ဒေါက်တာဝမ်ကိုဟော(အငြိမ်းစားသံအမတ်ကြီး)	အမှုဆောင်

ယင်း ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့(ယာယီ)၏ရည်ရွယ်ချက်များမှာ (၁) လက်ဝင်းပေါ် ပေါက်လျက်ရှိသောပြဿနာများကို အစွမ်းကုန်ဖြေရှင်းရန် (၂) ဒီမိုကရေစီအတွက် ဆန္ဒပြသူများ၏တရားဝင်တောင်းဆိုချက်များ ရရှိရေးကိုဆောင်ရွက်ပေးရန်တို့ဖြစ်သည်။[၁] ဦးနုခေါင်းဆောင်သော အဆိုပါအဖွဲ့အစည်းသည် အရေးအခင်းအတွင်း ပထမဦးဆုံးစတင်ပေါ် ပေါက်ခဲ့သော အဖွဲ့အစည်းဖြစ်သည့်အပြင် စင်ပြိုင်အစိုးရဖွဲ့စည်းနိုင်ရန် ပထမခြေလှမ်းလည်းဖြစ်ခဲ့သည်။

အလားတူဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ၊ တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံ ဆရာ/ဆရာမများသမဂ္ဂ၊ ရန်ကုန်မြို့လုံးဆိုင်ရာရဟန်းပျိုများသမဂ္ဂ၊ ကျန်းမာရေးဝန်ထမ်းများသမဂ္ဂ၊ ဆေးတက္ကသိုလ်နှင့် ကျောင်းသားများသမဂ္ဂနှင့် မြောက်ဥက္ကလာပမြို့နယ်ကျောင်းသားများသမဂ္ဂ စသည်တို့ဖွဲ့စည်းပေါ် ပေါက်လာခဲ့ကြသည်။ ထို့ပြင် ရန်ကင်းအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ တောင်ဥက္ကလာပ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ်ပြည်သူ့ကောင်စီရုံး၊ အလုံမြို့နယ်ပါတီယူနစ်ရုံး၊ လသာမြို့နယ်ပါတီယူနစ်ရုံး၊ လမ်းမတော်မြို့နယ်ပါတီယူနစ်ရုံးနှင့် မြို့နယ်ပြည်သူ့ကောင်စီရုံးစသည်တို့ကို ကျောင်းသားများနှင့် သမဂ္ဂအဖွဲ့အစည်းများက သိမ်းပိုက်၍ သပိတ်စခန်းများဖွင့်လှစ်ပြီး လူပ်ရှားလာခဲ့ကြသည်။ ၎င်းအပြင်ဆူပူအကြမ်းဖက်သူများက အင်းစိန်

---

၁ ကြေးမုံသတင်းစာ(၃၀-၈-၈၈)

မြို့နယ်၊ ကမ်းနားလမ်းအနောက်ရပ်ကွက်၊ ရွှေငြိမ်းကြိုင်ဆန်စက်မှ စက်ပစ္စည်းများနှင့် ရုံးခန်းပစ္စည်းများကို ဖျက်ဆီးခြင်း၊ အင်းစိန် လှိုင်မြစ်ကမ်းဘေးရှိ ဘိလပ်မြေဂိုဒေါင်အားဖောက်ထွင်း၍ ဘိလပ်မြေအိတ်များနှင့် အမိုးအကာများယူဆောင်ခြင်း၊ အင်းစိန်မြို့နယ် ဖဲ့ကန်ရှိဆောက်လုပ်ရေးဂိုဒေါင်မှ ဘိလပ်မြေအိတ်များနှင့် သံချောင်းများယူဆောင်ခြင်း စသည်တို့ကိုပြုလုပ်ခဲ့ကြသည်။[၁]

ထို့ကြောင့် ဩဂုတ်လ(၃၁)ရက်နေ့တွင် ဝန်ကြီးအဖွဲ့ကကြေညာချက်အမှတ်(၁/၈၈)ဖြင့် မြို့နယ်ပြည်သူ့ကောင်စီရုံးများ၊ နိုင်ငံတော်ပိုင်အဆောက်အအုံများကို သိမ်းပိုက်ကာတရားဥပဒေမဲ့ဆောင်ရွက်နေကြသူများအား ဖယ်ရှားကြရန်ထုတ်ပြန်ကြေညာခဲ့ရသည်။[၂]

မြန်မာ့သမိုင်း၏အမှောင်မိုက်ဆုံးနေ့ရက်များ

ထိုကဲ့သို့နိုင်ငံတော်အတွင်းဖြစ်ပေါ်နေသောအခြေအနေအရပ်ရပ်ကြောင့် ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဒေါက်တာမောင်မောင်က တိုင်းပြည်သို့မိန့်ခွန်းပြောကြားခဲ့သည်။ ထိုမိန့်ခွန်းတွင် " မိမိတို့သည် အခြေခံဥပဒေ၊ တရားဥပဒေတို့ကို စောင့်ထိန်းလိုက်နာရမည်ဖြစ်ကြောင်း၊ ဥပဒေများနှင့်အညီ နှစ်သက်ရာစနစ်ကို ပြည်သူများရွေးချယ်နိုင်ရန် မကြာမီကျင်းပတော့မည့် ပါတီညီလာခံနှင့် လွှတ်တော်တို့မှ ဆုံးဖြတ်ကြမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆန္ဒခံယူပွဲနှင့် အထွေထွေရွေးကောက်ပွဲများတွင် လွတ်လပ်သော၊ ပြည်သူတို့လေးစားသော ပုဂ္ဂိုလ်များကကြီးကြပ်၍ကူညီကြရန် မေတ္တာရပ်ခံလိုကြောင်း၊ ကျောင်းသားသမဂ္ဂဖွဲ့စည်းရေးကို စည်းကမ်းတကျဖွဲ့စည်းရန် သဘောတူကြောင်းနှင့် ၁၉၆၂ခုနှစ်က ဖြိုချခြင်းခံရသော ကျောင်းသားသမဂ္ဂအဆောက်အအုံကို ပြန်လည်တည်ဆောက်ပေးမည်ဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းများအားလုံး လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်၍ ပြည်သူ့အကျိုးကို သယ်ပိုးကြစေလိုကြောင်း " [၃] စသည်တို့ ပါဝင်ပေသည်။

ဤကဲ့သို့နိုင်ငံတော်အစိုးရ၏ ပြည်သူလူထုအပေါ်ထားရှိသော မေတ္တာ၊ စေတနာနှင့် သဘောထားကြီးမှုကို နိုင်ငံတော်သမ္မတကိုယ်တိုင်က နိုင်ငံတော်တစ်ဝန်းလုံးသို့တင်ပြခဲ့သော်လည်း ရန်ကုန်မြို့တော်အပါအဝင် အချို့သောမြို့ကြီးများတွင် ရဟန်းတော်များ၊ ကျောင်းသား၊ကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စက်ရုံအလုပ်ရုံဝန်ထမ်းများ၊ အလုပ်သမားများက တစ်ပါတီစနစ်ဖျက်သိမ်းပေးရေး၊ ကြားဖြတ်အစိုးရဖွဲ့စည်းပေးရေး၊ ပါတီစုံစနစ်ရရှိရေး၊ အထွေထွေရွေးကောက်ပွဲကျင်းပပေးရေး စသည်ဖြင့် ကြွေးကြော်ကာလမ်းများပေါ်တွင်ဆန္ဒပြခဲ့ကြသည်။ ထို့ပြင် မသမာသူများက အုပ်ချုပ်ရေးဆိုင်ရာရုံးများကို သိမ်းပိုက်ခြင်း၊ အလုပ်ခွင်သို့တာဝန်သိစွာလာရောက်ကြသော ဝန်ထမ်းများအားခြိမ်းခြောက်ခြင်း၊ စည်းရုံးခြင်း၊ သွေးဆောင်ခြင်းတို့ဖြင့် အစိုးရယန္တရားကြီးတစ်ခုလုံး ရပ်တန့်ပြိုကွဲသွားအောင်လုပ်ဆောင်လာကြသည်။

---

၁ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်၊ တပ်မသမိုင်း(ပထမပိုင်း) မျက် ၃၂ - ၃၄

၂ လုပ်သားပြည်သူ့နေစဉ်(၃၁-၈-၈၈)

၃ လုပ်သားပြည်သူ့နေစဉ်(၂-၉-၈၈)

ထို့ကြောင့် ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ(၂)ရက်နေ့တွင် ဝန်ကြီးအဖွဲ့၏ညွှန်ကြားချက် အမှတ်(၃/၈၈)ကိုထုတ်ပြန်ခဲ့သည်။ ယင်းညွှန်ကြားချက်တွင် " ပြည်သူ့ဝန်ထမ်းများအားလုံး လုပ်ငန်းခွင်သို့ ပြန်ဝင်ကြပြီး ပြည်သူ့အကျိုးကို သယ်ပိုးကြပါ။ ပြည်သူ့ဝန်ထမ်းများအားလုံးသည် နိုင်ငံတော်မှထောက်ပံ့သော လုပ်ခ၊ လစာများကို အပြည့်အဝခံစားကြသည်နှင့်အမျှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်းနိုင်ငံတော်ကပေးအပ်ထားသည့် တာဝန်များကိုကျေပွန်စွာထမ်းဆောင်ကြခြင်းဖြင့် ပြည်သူတို့၏ အကျိုးကို သယ်ပိုးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း " [၁]စသည်တို့ ပါဝင်ပေသည်။

အလားတူ စက်တင်ဘာလ(၃)ရက်နေ့တွင် ပညာရေးဝန်ကြီးနှင့် တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမများတွေ့ဆုံခြင်း အခမ်းအနားကို တက္ကလိုလ်များဗဟိုကောင်စီခန်းမတွင် ပြုလုပ်ခဲ့ပြီး၊ စက်တင်ဘာလ(၂)ရက်နေ့က ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်သမ္မတဒေါက်တာမောင်မောင်၏ မိန့်ခွန်းပါ ကျောင်းသားသမဂ္ဂဖွဲ့စည်းရေး၊ ကျောင်းသားသမဂ္ဂအဆောက်အအုံ ဆောက်လုပ်ပေးရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ကျောင်းသားသမဂ္ဂယာယီ အမှုဆောင်အဖွဲ့နှင့် ဆရာ၊ဆရာမများ ယာယီအမှုဆောင်အဖွဲ့တို့၏သဘောထားများကိုတောင်းခံခဲ့သည်။ ယင်းတို့၏သဘောထားထုတ်ပြန်ချက်တွင်"ကျောင်းသားနှင့်ပြည်သူသည်တစ်သားတည်းဖြစ်၍ ပြည်သူများ၏တောင်းဆိုချက်ဖြစ်သည့် တစ်ပါတီစနစ်ဖျက်သိမ်းရေးနှင့် ကြားဖြတ်အစိုးရချက်ချင်းဖွဲ့စည်းပေးရေး၊ ဒီမိုကရေစီရရှိရေးတို့ကို လိုက်လျောခြင်းမရှိသမျှ ကာလပတ်လုံး ကျွန်ုပ်တို့သည် ကျောင်းသားသမဂ္ဂဖွဲ့စည်းပေးခြင်းကိုလည်း လက်ခံလိမ့်မည်မဟုတ်"[၂] ဟူ၍ပါရှိသည်။ သို့ဖြစ်၍ ယင်းတို့၏ သဘောထားထုတ်ပြန်ချက်သည် နိုင်ငံတော်အစိုးရအား အကြပ်ကိုင်ရာရောက်သကဲ့သို့ ပြည်သူတို့၏ ဆန္ဒပြတောင်းဆိုနေမှုများကိုလည်း ကြိုးထွားလာစေရန် နှိုးဆွပေးရာရောက်ပေသည်။

ထို့ပြင် ၄-၉-၈၈ ရက်နေ့တွင် ဘီဘီစီ၊ အေအိုင်အာရ်တို့မှ မှော်ဘီမြို့စောင့်တပ်(၁၀)ခုနှင့် လေတပ်၊ တပ်ခွဲတစ်ခွဲက ဆန္ဒပြသူများကို ထောက်ခံမည်ဟု ကတိပြုကြောင်း၊ စစ်တပ်ပုန်ကန်မှုသတင်းများရကြောင်း၊ တပ်မတော်အတွင်း မကျေနပ်မှုများ ပျံ့နှံ့နေကြောင်းတို့ကို မမှန်မကန်လွှင့်ထုတ်ခြင်းဖြင့် တပ်မတော်အတွင်း အထင်အမြင်လွဲမှားပြီး တပ်မတော်ပြိုကွဲအောင် ယုတ်မာစွာကြံစည်ခဲ့ကြပြန်သည်။[၃]

ထို့အတူ ယင်းနေ့တွင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့(ယာယီ)၊ ဗဟိုအလုပ်မှုဆောင်အဖွဲ့အစည်းအဝေးကို အမှတ်(၁၀)ဝက်ဘာလမ်း၌ ပြုလုပ်ခဲ့ကြပြီး ကြေညာချက်အမှတ်(၂)ကိုထုတ်

---

၁ လုပ်သားပြည်သူ့နေစဉ်(၃-၉-၈၈)

၂ (က) တပ်မတော်သားသုတေသီတစ်ဦး - **၁၉၄၈ခုနှစ်မှ၁၉၈၈ခုနှစ်အတွင်း ဖြတ်သန်းလာသောမြန်မာ့သမိုင်းအကျဉ်းနှင့်တပ်မတော်ကဏ္ဍ (ပထမတွဲ)** မျက် ၁၇၉

(ခ) အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်သမိုင်း(ပထမပိုင်း) မျက် ၇၈

၃ ဖေကော်ကောင်း - **အာဏာသိမ်းသော အာဏာရှင်အစိုးရမဟုတ်ပါ** မျက် ၂၅၆

ပြန်ခဲ့ကြသည်။ ယင်းကြေညာချက်တွင် "ပြည်တွင်းပါတီစုံဒီမိုကရေစီအမြန်ဆုံးပေါ်ထွန်းလာရေးအတွက် ပြည်သူတို့၏ တစ်ခဲနက်ဆန္ဒပြအထွေထွေသပိတ်ကြီးကို ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ(၈)ရက်နေ့တွင်ဆင်နွှဲမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့(ယာယီ)၏သဘောထားနှင့် လုပ်ငန်းစဉ်ကိုထောက်ခံသော ရဟန်းရှင်လူပြည်သူများသည် အဆိုပါအထွေထွေသပိတ်ကြီးတွင် အလုံးအရင်းဖြင့် အစွမ်းကုန် ပါဝင်ဆင်နွှဲကြရန်နှင့် ထိုသို့ဆင်နွှဲကြရာ၌ လူထုအတွင်းစိတ်ဝမ်းကွဲပြားမှုမရှိ၊ အထူးသွေးစည်းညီညွတ်ကြရန်၊ အဖျက်သမားများက အမျိုးမျိုးဖျက်ဆီးရန် လုပ်ကြံလိမ့်မည်။ ၎င်းကို ရင်ဆိုင်နိုင်ရန်အတွက် အထူးစည်းကမ်းသေဝပ်ကြရန်၊ ဤတိုက်ပွဲကြီးသည် နှလုံးရည်တိုက်ပွဲဖြစ်ရာမည်သို့ပင်ရန်စလှုံ့ဆော်သည်ဖြစ်စေ၊ အကြမ်းမဖက်မိကြရန်" [၁] တို့ပါရှိသည်။ ဤကြေညာချက်သည် နိုင်ငံတော်အစိုးရဖြုတ်ချရန်အတွက် ဆန္ဒပြသူများနှင့် သပိတ်စခန်းများအား လှုံ့ဆော်လိုက်ခြင်းပင်ဖြစ်သည်။

စက်တင်ဘာလ(၅)ရက်နေ့တွင် သမဝါယမအသင်းဝန်ထမ်းများသမဂ္ဂအဖွဲ့(ယာယီ)၊ တာမွေမြို့နယ်ကျူးရှင်ဆရာ၊ဆရာမများသမဂ္ဂအဖွဲ့(ယာယီ)၊ မြောက်ဥက္ကလာပမြို့နယ်ရှေ့နေများသမဂ္ဂအဖွဲ့(ယာယီ)၊ ကျန်းမာရေးဝန်ထမ်းများသမဂ္ဂအဖွဲ့(ယာယီ)၊ မူဆလင်အခမဲ့ဆေးရုံအလုပ်သမားသမဂ္ဂ(ယာယီ)၊ သာကေတမြို့နယ်စာပေလှုပ်ရှားမှုအင်အားစု(ယာယီ)၊ မြန်မာ့အာမခံလုပ်ငန်းကော်ပိုရေးရှင်းအလုပ်သမားများသမဂ္ဂ(ယာယီ)၊ မြန်မာနိုင်ငံလုံးဆိုင်ရာဆေးဆိုးပန်းရိုက်ပညာရှင်များသမဂ္ဂ(ယာယီ)၊ စာနယ်ဇင်းသမဂ္ဂ(ယာယီ)၊ လေယာဉ်အင်ဂျင်နီယာများသမဂ္ဂအဖွဲ့(ယာယီ)နှင့် လူ့အခွင့်အရေးဆိုင်ရာအမျိုးသားကော်မတီအဖွဲ့တို့ကို ဖွဲ့စည်းခဲ့ကြပြီး ယင်းတို့၏သဘောထားများအားထုတ်ပြန်ခဲ့ကြသည်။[၂] ယင်းနေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ စီမံကိန်း(၁)ရပ်ကွက်၌ အကြမ်းဖက်သမားများက ရပ်ကွက်လူထုအား အမျိုးမျိုးသောစွပ်စွဲချက်များဖြင့် ဝင်ရောက်အကြမ်းဖက်တိုက်ခိုက်ခဲ့ကြပြီး အပြစ်မဲ့ပြည်သူ(၂၃)ဦးကို ခေါင်းဖြတ်၍မီးရှို့သတ်ခဲ့ကြသည်။ ထို့ပြင်စီမံကိန်း(၁)ရပ်ကွက်ရှိအိမ်ခြေ(၄၆)လုံးကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြသည်။ အလားတူရန်ကုန်မြို့၊ ကလေးဆေးရုံကြီးသို့ဖြန့်ဖြူးပေးဝေနေသော ရေတိုင်ကီကို အဆိပ်ခတ်သည်ဟူသောစွပ်စွဲချက်ဖြင့် အကြမ်းဖက်သမားများက လူ(၅)ဦးကိုဖမ်းဆီးခဲ့ကြသည်။ ၎င်းတို့အနက်မှ အမျိုးသား(၂)ဦးနှင့် အမျိုးသမီး(၁)ဦးတို့ကို ရက်စက်ကြမ်းကြုတ်စွာခေါင်းဖြတ်သတ်ခဲ့ကြသည်။ ဤသို့ဖြင့် အရေးအခင်းကာလတစ်လျှောက်လုံးတွင်အကြမ်းဖက်သမားများ၏လက်ချက်ကြောင့် တပ်မတော်အရာရှိတစ်ဦးအပါအဝင် စုစုပေါင်းလေးဦး သေဆုံးခဲ့ရပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။ ပြည်သူ့ရဲတပ်ဖွဲ့ဝင်နှစ်ဦးခေါင်းဖြတ်အသတ်ခံရသည်။ ၂၄ ဦးမှာ တုတ်၊ ဓါး၊ ဂျင်ဂလီစသည်တို့ဖြင့် ရိုက်နှက်ထိုးခုတ်အသတ်ခံရပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့သည်။ အပြစ်မဲ့ပြည်သူ(၅၅)ဦးခေါင်းဖြတ်အသတ်ခံရပြီး ၁၈ ဦးသည် ဓါး၊ လှံ၊ ဂျင်ဂလီ စသည့်

---

၁ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်၊ တပ်မသမိုင်း

၂ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်၊ တပ်မသမိုင်း

လက်နက်မျိုးစုံကြောင့် သေဆုံးခဲ့ရသည်။ စက်တင်ဘာလ(၆)ရက်နှင့်(၇)ရက်နေ့များအတွင်း ရန်ကုန်မြို့တွင်းရှိ နေရာပေါင်း(၃၈)နေရာတို့ကို လူစုလူဝေးဖြင့် အကြမ်းဖက်လုယက် ဖျက်ဆီးမှုများပြုလုပ်ခဲ့ကြသည်။ ထို့ကြောင့် ၁၉၈၈ခုနှစ်၊ ဩဂုတ်လဆန်းပိုင်းမှ စက်တင်ဘာလ (၇)ရက်နေ့အတွင်း နိုင်ငံပိုင်ပစ္စည်းများကို လုယက်ဖျက်ဆီးခဲ့ကြသဖြင့်ငွေကျပ်သိန်းပေါင်း ၂၆၀ ကျော်ဆုံးရှုံးနစ်နာခဲ့ရသည်။[၁]

ယင်းကဲ့သို့ နေရာအနှံ့အကြမ်းဖက်၊ လုယက်၊ သတ်ဖြတ်မှုများကျူးလွန်နေကြစဉ်အတွင်း စက်တင်ဘာလ ၉ ရက်နေ့တွင် ရန်ကုန်မြို့ဝက်ဘာလမ်း၊ ခြံအမှတ်(၁၀)၌ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့(ယာယီ)နာယကဦးနုနှင့် ပြည်တွင်းပြည်ပသတင်းစာဆရာများတွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် ဦးနုက "၁၉၄၇ခုနှစ်၊ တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်တော်သာလျှင် တရားဝင်ဝန်ကြီးချုပ်ဖြစ်ကြောင်း"နှင့် စင်ပြိုင်အစိုးရဖွဲ့စည်းကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ၎င်း၏စင်ပြိုင်အစိုးရတွင် သမ္မတမန်းဝင်းမောင်၊ ဝန်ကြီးချုပ်ဦးနု၊ ကာကွယ်ရေးဝန်ကြီးဦးတင်ဦး စသည်တို့ဖြင့် ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။ [၂]

ယင်းကိစ္စနှင့် ပတ်သက်၍စက်တင်ဘာလ(၉)ရက်နေ့ ည ၈ နာရီ ၁၅ မိနစ်အချိန်တွင် ဘီဘီစီအသံလွှင့်ဌာနက ဦးနုသည် အထွေထွေလွှေးကောက်ပွဲများကို တစ်လအကြာတွင် ကျင်းပပေးမည်ဖြစ်ကြောင်း၊ ၎င်းတစ်ဦးတည်းသာ တရားဝင်ဝန်ကြီးချုပ်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများကဝင်းကိုသာ အသိအမှတ်ပြုရန်တောင်းဆိုကြောင်းထုတ်လွှင့်သွားခဲ့သည်။ ဦးအောင်ကြိုးကမူဦးနု၏လုပ်ဆောင်ချက်သည် အလွန်အန္တရာယ်ကြီးကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကလည်း ဦးနု၏လုပ်ဆောင်ချက်မှာ မလျော်ကန်ကြောင်း၊ လူငယ်အများစုကလည်း ၎င်းတို့၏ကြိုးပမ်းထားသောအောင်ပွဲကို လက်ဝါးကြီးအုပ် အမြတ်ထုတ်သွားသည်ဟု ထင်မြင်ကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့ကြသည်။[၃]

စက်တင်ဘာလ(၁၀)ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ အရေးပေါ်ပါတီညီလာခံကိုရန်ကုန်မြို့ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ ထိုညီလာခံက ပါတီစုံစနစ်ဖြင့် အထွေထွေလွှေးကောက်ပွဲကျင်းပရန်ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ထိုညီလာခံတွင် ပါတီဥက္ကဋ္ဌဒေါက်တာမောင်မောင်က "ပါတီညီလာခံမှဆုံးဖြတ်လိုက်သည့်အတိုင်း ပြည်သူ့လွှတ်တော်တွင် ပါတီစုံဒီမိုကရေစီစနစ်လွှဲပြောင်းကျင့်သုံးနိုင်ရန် လွှတ်တော်၏အဆုံးအဖြတ်ခံယူမည်ဖြစ်ကြောင်း၊ ပါတီစုံပါဝင်ယှဉ်ပြိုင်နိုင်ကြမည့် အထွေထွေလွှေးကောက်ပွဲကြီးကို အမြန်ဆုံးနှင့် အမျှတဆုံး၊ အလွတ်လပ်

---

၁ (က) တိုင်းကျိုးပြည်ပြု(၁၉၈၈ခုနှစ်မှ၁၉၉၁ခုနှစ်) မျက် ၉၁
(ခ) ဖေကံကောင်း - အာဏာသိမ်းသောအာဏာရှင်အစိုးရမဟုတ်ပါ မျက် ၂၅၇

၂ ကြေးမုံသတင်းစာ(၁၀-၉-၈၈)

၃ **တပ်မတော်သားသုတေသီတစ်ဦး** ၁၉၄၈ခုမှ ၁၉၈၈ခုနှစ်အတွင်း ဖြတ်သန်းလာသော မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ မျက် ၁၈၁-၁၈၂

ဆုံးဖြစ်အောင်ကျင်းပပေးရန် စီစဉ်ထားကြောင်း " [၁] စသည်ဖြင့် မိန့်ကြားခဲ့သည်။

ထို့အတူ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်စတုတ္ထအကြိမ်ပြည်သူ့လွှတ်တော် အစည်းအဝေးကို ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင်ဆက်လက်ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးက " ပါတီစုံစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲများကျင်းပပေးရန်၊ ပါတီစုံစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲများကျင်းပနိုင်ရေးအတွက် အဟန့်အတားဖြစ်နေသောအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို ပယ်ဖျက်နိုင်ရေးအတွက် နိုင်ငံတော်ကောင်စီသို့လွှဲအပ်ရန်၊ တရားမျှတသောအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ကို တာဝန်ပေးအပ်ရန်၊ အထွေထွေရွေးကောက်ပွဲကို ယနေ့မှစ၍ (၃)လ ပြည့်သောနေ့တွင် ကျင်းပပေးရန် " စသည်တို့ကို ဆုံးဖြတ်ခဲ့ကြသည်။ အစည်းအဝေးတွင် သမ္မတ ဒေါက်တာမောင်မောင်က "ပြည်သူ့လွှတ်တော်က တစ်ပါတီစနစ်မူကိုကျော်ပြီးပါတီစုံဒီမိုကရေစီစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲများအမြန်ဆုံးကျင်းပပေးဖို့ဆုံးဖြတ်ကြောင်း၊ လွတ်လပ်၍တရားမျှတသော အထွေထွေရွေးကောက်ပွဲကြိုးကျင်းပဖို့တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးလိုအပ်ကြောင်း၊စင်ပြိုင်အစိုးရထူထောင်ခြင်းသည်တိုင်းပြည်အတွက်အလွန်အန္တရာယ်ကြီးကြောင်း၊ လွှတ်တော်သက်တမ်းကိုလိုသလိုလျော့ပေါ့ပေးပြီး သုံးလအတွင်း ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပပေးရန် ဆုံးဖြတ်ပြီးဖြစ်ကြောင်း၊ အထွေထွေရွေးချယ်တင်မြှောက်ပွဲတွင် ပြည်သူများသည်တစ်ဦးစီအလိုက် ဆန္ဒအလျောက်မဲပေးနိုင်ကြမည်ဖြစ်ကြောင်း၊ လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲကြိုးဖြစ်မြောက်ရေးကို တတ်နိုင်သမျှ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း " [၂] စသည်ဖြင့် မိန့်ကြားသွားခဲ့သည်။

တိုင်းပြည်ပြိုကွဲတော့မည့်အခြေအနေ

ထိုကဲ့သို့နိုင်ငံတော်မှ တာဝန်ရှိသည့်အဖွဲ့အစည်းများက ပြည်သူတို့လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြိုး ဖြစ်မြောက်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း နိုင်ငံရေးအင်အားစုများကမူ တစ်ဆင့်တိုး၍ ကြားဖြတ်အစိုးရတောင်းဆိုခဲ့ကြပြန်သည်။ ထိုအတောအတွင်း ဗကပတို့ကလည်း ယင်းတို့၏ယူဂျီမှားဖြင့် ကြေညာချက်များ ဖြန့်ဝေလာခဲ့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည်ယခင်ရန်ကုန်ဒေသပါတီကော်မတီအနေဖြင့် လူပ်ရှားကာကြေညာချက်များထုတ်ပြန်ခဲ့သော်လည်း အရေးအခင်းအရှိန်မြှင့်တင်နေချိန်တွင် ပါတီဗဟိုကော်မတီအနေဖြင့် ထုတ်ဝေဝါဒဖြန့်လာကြောင်းတွေ့ရှိခဲ့သည်။ ဗကပဗဟိုကော်မတီ၏ စက်တင်ဘာလ(၁၀)ရက်နေ့စွဲဖြင့် ထုတ်ပြန်သော ကြေညာချက်၌ မဆလတစ်ပါတီစနစ်နှင့် စစ်ဗျူရိုကရေစီယန္တရား လုံးဝအကုန်အစင်ဖျက်သိမ်းပစ်ရေး၊ အထွေထွေရွေးကောက်ပွဲကို တစ်ပေါင်းတစ်စည်းတည်းမလုပ်ဘဲ မဆလ

---

[၁] ကြေးမုံသတင်းစာ(၁၁-၉-၈၈)

[၂] ကြေးမုံသတင်းစာ(၁၂-၉-၈၈)

ဗျူရိုကရေစီ ယန္တရားလုံးဝရပ်ဆိုင်းပြီး ပါတီတိုင်း ဒီမိုကရေစီအခွင့်အရေးအပြည့်အဝရရှိပြီး အခြေအနေတစ်ရပ်ရှိလာမှသာ အထွေထွေရွေးကောက်ပွဲကျင်းပရေးစသည်ဖြင့်ပါရှိခဲ့သည်။ စက်တင်ဘာလ (၁၁)ရက်နေ့ည (၆)နာရီအချိန်တွင် ဗိုအိုအေအသံလွှင့်ဌာနက ပါတီများဖွဲ့စည်းရန် (၂)နှစ်ထိ အချိန်ကြာနိုင်ကြောင်းဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ ပြောကြားချက်ကိုလည်းကောင်း၊ အတိုက်အခံများကကြားဖြတ်အစိုးရတောင်းဆိုနေဆဲဖြစ်ကြောင်းကိုလည်းကောင်း ပုံကြီးချဲ့ထုတ်လွှင့်သွားခဲ့သည်။[၁]

အမေရိကန်လေယာဉ်တင်သင်္ဘော်အုပ်စုရောက်ရှိလာခြင်း

ထို့ပြင်လက်ဝဲ-လက်ယာ အဖျက်သမားများနှင့် နိုင်ငံရေးသမားများသည် တပ်မတော်အတွင်း စိတ်ဝမ်းကွဲပြားစေရန်နှင့် ပြည်သူလူထုအထိတ်တလန့်ဖြစ်စေရန်အတွက် လုပ်ကြံဝါဒဖြန့်ကြောင်းတွေ့ရပြန်သည်။ စက်တင်ဘာလ(၁၂)ရက်နေ့တွင် လက်ဝဲ-လက်ယာအဖျက်သမားများသည် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်(လေ)တို့၏ လက်မှတ်တုများဖြင့် လက်ရှိလွှတ်တော်နှင့်အစိုးရဖျက်သိမ်းကြောင်း၊ ကြားဖြတ်အစိုးရဖွဲ့စည်းပြီးကြောင်း၊ ကြားဖြတ်အစိုးရသို့လက်ရှိအစိုးရမှစနစ်တကျအာဏာလွှဲအပ်ကြောင်းကိုဒဂု-၉-၈၈ ရက်နေ့မွန်းလွဲ (၁)နာရီ(၅)မိနစ်အချိန်နောက်ဆုံးထား၍ ကြေညာပေးရန်တောင်းဆိုထားသည်။ ထိုတောင်းဆိုချက်အတိုင်း ဖြစ်မလာပါက ရေတပ်မှအမြောက်များဖြင့်လည်းကောင်း၊ လေတပ်မှဗုံးကြဲ၍လည်းကောင်း တိုက်ခိုက်မည်ဖြစ်ကြောင်းကို ပြည်သူလူထုအားထင်ယောင်ထင်မှားဖြစ်စေလျက်အစိုးရကို လိမ်ညာခြိမ်းခြောက် ရာဇသံပေးခဲ့သည်။[၂] ထိုနေ့တွင် ရန်ကုန်မြစ်ဝှံ့ အမေရိကန်ရေတပ်သင်္ဘော အုပ်စုတစ်စုရောက်ရှိနေကြောင်း သတင်းဖြစ်ပေါ်ခဲ့သည်။ (အမှန်တကယ်တွင်လည်း လေယာဉ်တင်သင်္ဘောတစ်စင်းအပါအဝင် စစ်သင်္ဘောငါးစင်းသည် ရန်ကုန်မြို့တောင်ဘက် ရေမိုင် ၁၉၀ခန့်အကွာ ၁၄ ဒီဂရီ ၅၇ မိနစ် မြောက်လတ္တီတွဒ်၊ ၉၆ ဒီဂရီ ၃၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် နေရာတွင် ရောက်ရှိနေကြောင်းကို ကြယ်ငါးပွင့်ကော်ပိုရေးရှင်းပိုင်အင်းဝသင်္ဘောက သတင်းပို့ခဲ့သည်။)[၃]

ထိုအခြေအနေများသည် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ဆုံးရှုံးစေနိုင်သည့်အခြေအနေသို့ရောက်ရှိနိုင်သဖြင့်စက်တင်ဘာလ(၁၂)ရက်နေ့တွင်ပင်ကာကွယ်ရေးဦးစီးချုပ်က ရဟန်းရှင်လူပြည်သူအပေါင်း နှင့် တပ်မတော်သားများသို့အသံလွှင့်တင်ပြချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ ယင်းတင်ပြချက်တွင် အပိုင်းသုံးပိုင်းပါဝင်ပြီး ပထမပိုင်းတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသောသံယာတော်အရှင်မြတ်များ၊ အခြားဘာသာဝင်များ၊ ပြည်သူပြည်သားများနှင့် သက်ဆိုင်ပြီး၊

---

၁ တိုင်းကျိုးပြည်ပြု (၁၉၈၈ခုနှစ်မှ၁၉၉၁ခုနှစ်) မျက်-၃၂

၂ တပ်မတော်သားသုတေသီတစ်ဦး- **၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း ဖြတ်သန်းလာသော မြန်မာ့သမိုင်း အကျဉ်းနှင့် တပ်မတော်ကဏ္ဍ(ပထမတွဲ)** မျက် ၂၀၀-၂၀၁

၃ တပ်မတော်သားသုတေသီတစ်ဦး- **၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း ဖြတ်သန်းလာသော မြန်မာ့သမိုင်း အကျဉ်းနှင့် တပ်မတော်ကဏ္ဍ(ပထမတွဲ)** မျက် ၁၉၈-၁၉၉

ဒုတိယပိုင်းတွင် ပြည်သူ့လွှတ်တော်မှပြဋ္ဌါန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက်ပွဲတွင်ပါဝင်ဆင်နွှဲကြမည့် နိုင်ငံရေးပိုင်းဆိုင်ရာအဖွဲ့အစည်းများနှင့် သက်ဆိုင်သောအပိုင်းဖြစ်သည်။ တတိယပိုင်းတွင်မူ တပ်မတော်နှင့်ပတ်သက်သောအပိုင်းဖြစ်သည်။ ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်ကို မြန်မာ့အသံရုပ်မြင်သံကြားအစီအစဉ်မှ အပိုင်း(၃)ပိုင်းခွဲ၍ အသံလွှင့်ခဲ့ရာ ဒုတိယပိုင်းဖြစ်သော ရွေးချယ်တင်မြှောက်ပွဲတွင် ပါဝင်ကြမည့်အဖွဲ့အစည်းများနှင့် ပတ်သက်၍တင်ပြရာတွင်- " အထူးမေတ္တာရပ်ခံလိုတာကတော့ နိုင်ငံတော်ရဲ့လွတ်လပ်ရေးကိုထိန်းသိမ်းကာကွယ်ရန်၊ တိုင်းရင်းသားလူမျိုးများအားလုံးရဲ့သားသမီးများနှင့် ကျစ်လျစ်သိပ်သည်းစွာဖွဲ့စည်းထားတဲ့ ကျွန်တော်တို့တပ်မတော် ကို ပြုကွဲပျက်စီးသွားစေနိုင်တဲ့စည်းရုံးလှုံ့ဆော်မှု၊ သွေးဆောင်ဖြားယောင်းမှု၊ စွပ်စွဲပြောဆိုမှုစသည် များနှင့် ဖြို့ခွဲမှုမလုပ်ကြဘဲ တစ်ပါတီနဲ့တစ်ပါတီ၊ အဖွဲ့အစည်းတစ်ခုနဲ့တစ်ခုအကြား ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံရေးကိစ္စရပ်များကို မိမိတို့အချင်းချင်းအတွင်းသာ ဖြေရှင်းသွားကြရန်" [၁] စသဖြင့်မေတ္တာရပ်ခံခဲ့သည်။

ထို့အတူ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က စက်တင်ဘာလ(၁၂)ရက်နေ့တွင် ကြေညာချက်အမှတ်(၁)ကို ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းကြေညာချက်တွင် "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးများကို မကြာမီကျင်းပရန်အတွက် ပါတီစုံဒီမိုကရေစီကိုတောင်းဆိုနေကြသော ရဟန်းရှင်လူများ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူများအပါအဝင် တာဝန်ရှိသော ခေါင်းဆောင်များသည် ဤကော်မရှင်နှင့် ပူးပေါင်းကူညီဆောင်ရွက်ကြပြီး လိုအပ်သောအကြံဉာဏ်များပေးကြပါရန် ဖိတ်ခေါ်အပ်ပါသည်" [၂] စသည်ဖြင့်ပါဝင်ခဲ့သည်။ သို့ဖြစ်၍ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ(၁၃)ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲကို အမှတ်(၉၄)၊ နတ်မောက်လမ်းရှိ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါညှိနှိုင်းဆွေးနွေးပွဲသို့ ဖိတ်ကြားထားသူများအနက် ဦးအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ရန်ကုန်မြို့လုံးဆိုင်ရာရဟန်းပျိုများသမဂ္ဂ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂအဖွဲ့ချုပ်(ရန်ကုန်)၊ ဥပဒေရုံးများဆိုင်ရာ အလုပ်သမားသမဂ္ဂ (ရန်ကုန်)၊ တက္ကသိုလ်ဘွဲ့ရကျောင်းသားဟောင်းများအဖွဲ့၊ ဒီမိုကရေစီတိုက်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအဖွဲ့စသည်တို့တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် လက်ရှိအနေအထား၌ သုံးလအတွင်းရွေးကောက်ပွဲကျင်းပမည်ဆိုပါက (၂၆) နှစ်တာမျှ ဖွဲ့စည်းထားပြီး နိုင်ငံတော်ဘဏ္ဍာဖြင့် စည်းရုံးလှုပ်ရှားနေသည့် အာဏာရပါတီကို ယခုကဲ့သို့ပါတီမဖွဲ့ရသေးသော ဘဏ္ဍာငွေလည်းမရှာဖွေရသေးသော အဖွဲ့အစည်းများအနေဖြင့် ပါဝင်ယှဉ်

---

[၁] တပ်မတော်သားသုတေသီတစ်ဦး- **၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း ဖြတ်သန်းလာသော မြန်မာ့သမိုင်း အကျဉ်းနှင့် တပ်မတော်ကဏ္ဍ(ပထမတွဲ)** မျက် ၁၉၄-၁၉၆

[၂] ကြေးမုံသတင်းစာ(၁၃-၉-၈၈)

ပြီုင်ရမည်ဆိုပါက တရားမျှတသော ရွေးကောက်ပွဲများမဖြစ်နိုင်ကြောင်း၊ တပ်မတော်သားများနှင့် အစိုးရဝန်ထမ်းများမှာ အာဏာရပါတီ၏ ပါတီဝင်များဖြစ်နေသေးသဖြင့် ညွှန်ကြားချက်များ မည်မျှ ပင်ထုတ်ပြန်စေကာမူ ပြည်သူ့ကယုံကြည်မှုမရှိကြောင်း၊ ယခုအချိန်တွင် အုပ်ချုပ်ရေးယန္တရားလည်းမရှိ၊ လုံခြုံရေးလည်းမရှိသဖြင့်ရွေးကောက်ပွဲများပြုလုပ်ရန် မဖြစ်နိုင်ကြောင်း၊ ပြည်သူ့ကယုံကြည်မှုရှိသော ကြားဖြတ်အစိုးရကိုသာလျှင်ဖွဲ့စည်းပေးသင့်ကြောင်းဖြင့် ပြောဆိုဆွေးနွေးခဲ့ကြသည်။[၁]

ဝန်ထမ်းများလမ်းစဉ်ပါတီဝင်အဖြစ်မှရုပ်သိမ်းစေခြင်း

သို့ဖြစ်၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကော်မရှင်သည် အဆိုပါဆွေးနွေးအကြံပြုချက်များ၊ တွေ့ရှိချက်များအပေါ်မူတည်၍ နိုင်ငံတော်ကောင်စီသို့အကြံပြုခဲ့ရာ နိုင်ငံတော်ကောင်စီကလက်ခံခဲ့ပြီး နိုင်ငံတော်ကောင်စီ၏ စက်တင်ဘာလ(၁၆)ရက်စွဲပါ ကြေညာချက်အမှတ်(၁၄/၈၈)ဖြင့် " ပြည်သူ့ဝန်ထမ်းများသည် နိုင်ငံတော်အပေါ်သစ္စာတရားထား၍ ပြည်သူ့ဝန်ကိုသာ ထမ်းဆောင်ရမည်ဖြစ်သဖြင့် ပါတီစုံစနစ်တွင် ကျင့်သုံးခဲ့သည့် အစဉ်အလာနှင့်အညီ ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့စသော ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၊ နိုင်ငံပိုင်စီးပွားရေးဘုတ်ကော်ပိုရေးရှင်းနှင့်အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများနှင့် နိုင်ငံတော်ဘဏ္ဍာမှ လစာခံစားနေကြသော အခြားဝန်ထမ်းများသည် ယနေ့မှစ၍မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အပါအဝင် မည်သည့်နိုင်ငံရေးပါတီအဖွဲ့အစည်းဝင်မျှမဖြစ်စေရ " ဟုထုတ်ပြန်ကြေညာခဲ့သည်။[၂]

ဆက်လက်၍အဆိုပါကြေညာချက်နှင့်အညီ ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့စသော ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၊ နိုင်ငံပိုင်စီးပွားရေးဘုတ်ကော်ပိုရေးရှင်းအဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများနှင့် နိုင်ငံတော်ဘဏ္ဍာမှ လစာခံစားကြသော အခြားဝန်ထမ်းများအား ယနေ့မှစ၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပါတီဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုကြောင်းထပ်မံကြေညာခဲ့သည်။[၃]

(နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ပြည်သူများစိတ်ချမ်းသာမှုရရှိစေရန် မည်မျှပင်လိုက်လျောဆောင်ရွက်ပေးခဲ့စေကာမူ နိုင်ငံရေးအရ အမြတ်ထုတ်လိုသူများ၊ နိုင်ငံတော်အာဏာကို မျှော်မှန်းနေသူများ၊ အဖျက်အမှောက်သမားများနှင့် မသမာသူများက နိုင်ငံတော်အစိုးရကို ဆန့်ကျင်လာစေရန် အမျိုးမျိုးသော လိမ်ညာဝါဒဖြန့်မှုများကို သာတစိုက်မတ်မတ်ဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့်လည်း နိုင်ငံတော်အတွင်းတွင် စစ်အုပ်ချုပ်ရေးနှင့် ပုဒ်မ ၁၄၄ တို့အားရုပ်သိမ်းခဲ့သည့်အချိန်မှစ၍ ပြည်သူများမှာကိုးလန့်စာစား နေထိုင်စားသောက်ရသည့်အခြေအနေသို့ ရောက်ရှိခဲ့ရပြီး ဆူပူမှုကို ဆက်လက်ဖြစ်ပွားစေလိုသော မသမာသူတို့ကလည်း ထောင်ပြေး၊

---

၁ လုပ်သားပြည်သူ့နေစဉ်သတင်းစာ(၁၄-၉-၈၈)

၂ ကြေးမုံသတင်းစာ(၁၇-၉-၈၈)

၃ ကြေးမုံသတင်းစာ(၁၇-၉-၈၈)

ရဲဘက်ပြေးများနှင့် ပူးပေါင်းကာ အကြမ်းဖက်ခြင်း၊ မိုက်ကြေးခွဲခြင်း၊ လုယက်ခြိမ်းခြောက်ခြင်းများ ပြုလုပ်လာခဲ့ကြသည်။ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့် ပတ်သက်သည့် အဖွဲ့အစည်းများတွင်လည်း၊ ဝန်ထမ်းများ တာဝန်ရှိသူများအချို့ကိုယ်တိုင်ကပင် သပိတ်မှောက်ခြင်း၊ သမဂ္ဂများဖွဲ့စည်းခြင်း၊ ချိတက်ဆန္ဒပြခြင်း၊ အလုပ်မဆင်းနိုင်ခြင်းများကြောင့် အစိုးရယန္တရားများသာမကစီးပွားရေးနှင့်လူမှုရေးလုပ်ငန်းများပါရပ်ဆိုင်းခဲ့ရသည့်အခြေအနေသို့ရောက်ရှိလာခဲ့သည်။

နိုင်ငံတော်အစိုးရမှလည်းကောင်း၊ တပ်မတော်အကြီးအကဲများမှလည်းကောင်း မည်မျှပင် လိုက်လျောသတိပေးနေကြစေကာမူ အဖျက်အမှောင့်နှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများသည် ရပ်တန်းကရပ်မသွားကြဘဲ ပို၍သာဆိုးလာခဲ့ကြသည်။ ဒီမိုကရေစီရေး၊ ကြားဖြတ်အစိုးရရရှိရေးတို့ကိုရှေ့တန်းတင်ကာ အကြမ်းဖက်မှုများ၊ ခြိမ်းခြောက်မှုများကို တိုး၍ကျူးလွန်လာခဲ့ကြသည်။

စက်တင်ဘာလ(၁၆)ရက်နေ့ ၁၂၀၀ နာရီအချိန်ခန့်တွင် ဖဆပလရပ်ကွက်၊ တိရစ္ဆာန်ရုံထောင့်မြေကွက်လပ်၌ " ဒီမိုကရေစီစာပေဟောပြောပွဲ " အမည်ခံကာ စာရေးဆရာမင်းသိခ်၊ ဂုဏ်ထူးဦးသိန်းနိုင်၊ ချန်ပီယံတင်ညွန့်တို့က တပ်မတော်နှင့် ခေါင်းဆောင်များကို မကြားဝံ့မနာသာ အောင် ငြောင်ကျကျဆဲရေးတိုင်းထွာစိမ်ခေါ်မှုများပြုလုပ်ခဲ့ကြသည်။ ယင်းနေရာနှင့် ကပ်လျက်တည်ရှိသော ကာကွယ်ရေးဝန်ကြီးဌာနအတွင်းမှ တားမြစ်သည်ကိုပင် အလေးဂရုမပြုဘဲ ကာကွယ်ရေးဝန်ကြီးဌာနအား တုတ်၊ ခဲကိုင်လူအုပ်ဖြင့် ဝိုင်းဝန်းဆန္ဒပြခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများ အထိ ပြုလုပ်လာခဲ့ကြသည်။ ထို့ပြင် ရန်ကုန်တိုင်းမြို့နယ်ပေါင်းစုံမှ ဆူပူဆန္ဒပြသူများကို စုစည်း၍ ယင်းနေရာ၌အင်အားပြပွဲပြုလုပ်ခဲ့ကြသည်။

၁၇-၉-၈၈ ရက်နေ့အခြေအနေ

ထို့အတူ စက်တင်ဘာလ(၁၇)ရက်နေ့တွင် ဆူပူဆန္ဒပြသူများက ကုန်သွယ်ရေးဝန်ကြီးဌာနအဆောက်အအုံကို လုံခြုံရေးတာဝန်ယူထားသည့် တပ်မတော်တပ်စုမှ စတင်၍သေနတ်ဖြင့် ပစ်သည်ဟုအကြောင်းရှာကာ တုတ်၊ ခဲ၊ လက်နက်များဖြင့် ရုံးပေါ်သို့တက်ရောက်အကြမ်းဖက်တိုက်ခိုက်စီးနင်းခဲ့သည်။ လုံခြုံရေးတာဝန်ယူထားသောတပ်စုသည် ခုခံပစ်ခတ်ခြင်းမပြုသော်လည်း အကြမ်းဖက်သူများက ၎င်းတို့ထံမှ လက်နက်မျိုးစုံ(၂၃)လက်နှင့် ကျည်မျိုးစုံတို့ကို လုယူသွားပြီး ယာဉ်(၃)စီးကိုလည်း ဖျက်ဆီးသွားခဲ့ကြသည်။ [၁]

ဤကဲ့သို့ ဆူပူဆန္ဒပြသူများက နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေသော အဓိကလက်နက်ကိုင်အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် တပ်မတော်ကိုပင် အံတုအကြမ်းဖက်တိုက်ခိုက်လာခြင်းကြောင့် နိုင်ငံတော်၏ရှေ့ရေးမှာ တစ်နေ့တစ်ခြား စိုးရိမ်ဘွယ်ရာဖြစ်ခဲ့ရသည့်အပြင် လက်ဝဲ-လက်ယာ

---

[၁] (က) တပ်မတော်သားသုတေသီတစ်ဦး -**၁၉၄၈ခုနှစ်မှ၁၉၈၈ခုနှစ်အတွင်းဖြတ်သန်းလာသော မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော်ကဏ္ဍ** မျက် ၂၄၆ - ၂၄၇

(ခ) တိုင်းကျိုးပြည်ပြု(၁၉၈၈ခုနှစ်မှ၁၉၉၁ခုနှစ်) မျက် ၃၄

အဖျက်သမားတို့၏ စည်းရုံးလှုံ့ဆော်မှုသည်လည်း ဆူပူဆန္ဒပြသူများနှင့် ဝန်ထမ်းများအတွင်း မည်မျှ အတိုင်းအတာအထိ ထိရောက်အောင်မြင်မှုရရှိလာသည်ကို သိသာနိုင်ပေသည်။ ထို့ပြင် နိုင်ငံတစ် ဝန်းလုံးရှိအလုပ်သမားများနှင့် ဝန်ထမ်းအချို့သည်လည်း သပိတ်မှောက်ရာတွင် ပါဝင်ခဲ့ပြီး တရားဝင် အာဏာပိုင်များ၏အမိန့်ကို မနာခံတော့ဘဲ သပိတ်အဖွဲ့ခေါင်းဆောင်ဆိုသူများနှင့် နိုင်ငံရေးသမား များ၏ ဩဇာကိုသာနာခံခဲ့ကြသဖြင့် အစိုးရယန္တရားများ လုံးဝပျက်ပြားခဲ့ရပြီး သယ်ယူပို့ဆောင်ရေး၊ ကုန်စည်စီးဆင်းရေးလုပ်ငန်းများမှာ လုံးဝပြတ်တောက်ရပ်ဆိုင်းသွားခဲ့သည်။ ပြည်သူလူထုမှာ လည်းစားဝတ်နေရေးကျပ်တည်းခက်ခဲသည့် အခြေအနေဆိုးများ၊ ရာဇဝတ်မှုများ၊ တစ်နေ့တစ်ခြား တိုးပွားကြီးထွားမှုများနှင့် ရင်ဆိုင်လာခဲ့ကြရသည်။ ဤသို့ဖြင့် နိုင်ငံတော်အခြေအနေမှာ စိမ်ခန့်ခွဲရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးယန္တရားအားလုံး ပျက်ပြားလျက် တိုင်းပြည်တစ်ခုလုံးပြိုကွဲပြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုပါ ထိပါးဆုံးရှုံးတော့မည့်အခြေအနေသို့ရောက်ရှိခဲ့ရသည်။ နိုင်ငံတော်အစိုးရမှာလည်းအကြမ်းဖက်တိုက်ခိုက်ခြင်းများကိုခံရလျက်အစိုးရအာဏာနှင့်တာဝန်ဝတ္တရား များကို ထိရောက်စွာကျင့်သုံးနိုင်ခြင်းမရှိတော့သည့်အလျောက် တစ်နိုင်ငံလုံးတွင် ဖယိုဖရဲဖြင့် သူတစ်လူငါတမင်း ထင်ရာစိုင်းနေသည့်အခြေအနေသို့ ရောက်ရှိခဲ့ရသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ နိုင်ငံတော်အာဏာအရပ်ရပ်ကို တာဝန်ယူခြင်း

တပ်မတော်သည် နိုင်ငံတော်လွတ်လပ်ရေး နှင့် အချုပ်အခြာအာဏာဆုံးရှုံးရတော့မည့် ဘေးအန္တရာယ်နှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏အကျိုးစီးပွါးကိုထိန်းသိမ်းကာကွယ်စောင့်ရှောက် ရန်အတွက် ၁၉၈၈ခုနှစ် စက်တင်ဘာလ(၁၈) ရက်နေ့တွင် " နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့"ကိုဖွဲ့စည်း၍ နိုင်ငံတော်၏အာဏာအရပ်ရပ်ကို တာဝန်ယူခဲ့ရသည်။ ယင်းအဖွဲ့တွင်-

(၁)	ဗိုလ်ချုပ်ကြီး စောမောင်	ဥက္ကဋ္ဌ
(၂)	ဒုတိယ ဗိုလ်ချုပ်ကြီး သန်းရွှေ	အဖွဲ့ဝင်
(၃)	ဗိုလ်ချုပ် မောင်မောင်ခင်	အဖွဲ့ဝင်
(၄)	ဗိုလ်ချုပ် တင်ထွန်း	အဖွဲ့ဝင်
(၅)	ဗိုလ်မှူးချုပ် အောင်ရဲကျော်	အဖွဲ့ဝင်
(၆)	ဗိုလ်ချုပ် ဘုန်းမြင့်	အဖွဲ့ဝင်
(၇)	ဗိုလ်ချုပ် စိန်အောင်	အဖွဲ့ဝင်
(၈)	ဗိုလ်ချုပ်ချစ်ဆွေ	အဖွဲ့ဝင်
(၉)	ဗိုလ်မှူးချုပ် ကျော်ဘ	အဖွဲ့ဝင်
(၁၀)	ဗိုလ်မှူးကြီး မောင်သင့်	အဖွဲ့ဝင်

(၁၁) ဗိုလ်မှူးချုပ် မောင်အေး အဖွဲ့ဝင်
(၁၂) ဗိုလ်မှူးချုပ် ဉာဏ်လင်း အဖွဲ့ဝင်
(၁၃) ဗိုလ်မှူးချုပ် မြင့်အောင် အဖွဲ့ဝင်
(၁၄) ဗိုလ်မှူးချုပ် မြသင်း အဖွဲ့ဝင်
(၁၅) ဗိုလ်မှူးချုပ် ထွန်းကြည် အဖွဲ့ဝင်
(၁၆) ဗိုလ်မှူးချုပ် အေးသောင် အဖွဲ့ဝင်
(၁၇) ဗိုလ်မှူးချုပ် မျိုးညွန့် အဖွဲ့ဝင်
(၁၈) ဗိုလ်မှူးချုပ် ခင်ညွန့် အတွင်းရေးမှူး (၁)
(၁၉) ဗိုလ်မှူးကြီး တင်ဦး အတွင်းရေးမှူး (၂)[၁]

တို့ပါဝင်သည်။

တပ်မတော်သည် "နိုင်ငံတော်ဌာနိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့" ကိုဖွဲ့စည်းပြီးနောက် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တန့်ခိုင်မြဲရေး" ကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်အတွင်း လိုအပ်လျက်ရှိသည့် အခြေအနေများအပေါ်မူတည်၍ ကြေညာချက်အမှတ်(၁/၈၈)ဖြင့် တာဝန်ကြီးလေးရပ်ကို ချမှတ်ဖော်ဆောင်ခဲ့ပေသည်။ ယင်းတို့မှာ-

(၁) တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး၊
(၂) လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊
(၃) ပြည်သူများစားဝတ်နေရေးချောင်လည်စေရန် ဤအဖွဲ့မှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးရန်နှင့် ပုဂ္ဂလိက၊ သမဝါယမတို့ ဆောင်ရွက်နိုင်အောင်လည်း တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးနိုင်ရေး၊
(၄) အထက်ပါလုပ်ငန်းရပ်များ ပြည့်စုံပြီးလျှင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး၊[၂]

တို့ပင်ဖြစ်သည်။//

ထို့ပြင် တစ်ပါတီစနစ်မှ ပါတီစုံစနစ်သို့ဖော်ဆောင်နိုင်ရန်အတွက် ကြေညာချက်အမှတ်(၂/၈၈)ဖြင့် ယခင်ဗဟိုအာဏာပိုင်အဖွဲ့အစည်းများဖြစ်သည့် " ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၊ ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာပြည်သူ့ကောင်စီအဆင့်ဆင့်တို့ကိုဖျက်သိမ်း၍ ဒုတိယဝန်ကြီးများကိုပါ တာဝန်မှရပ်စဲခဲ့သည်"။ ဤသို့ဖြင့် ဆိုရှယ်လစ်ဒီမိုကရေစီအုပ်ချုပ်ရေး ယန္တရားကြီးသည်လည်း

---

၁ လုပ်သားပြည်သူ့နေ့စဉ် (၂၁. ၉. ၈၈)
၂ လုပ်သားပြည်သူ့နေ့စဉ် (၂၁. ၉. ၈၈)

လုံးဝရပ်ဆိုင်းသွားခဲ့သည်။ ထို့အတူကြေညာချက်အမှတ်(၃/၈၈)ဖြင့် "ပြည်ထောင်စုမြန်မာနိုင်ငံတော်သည်လွတ်လပ်၍ တက်ကြွသောနိုင်ငံခြားရေးမူဝါဒ" ကို ဆက်လက်၍ကျင့်သုံးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ အလားတူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ်(၃/၈၈)ဖြင့် ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော အရာထမ်း၊ အမှုထမ်းများကို ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့မှစတင်၍ လုပ်ငန်းခွင်များသို့ ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်ကြရန်နှင့် စက်တင်ဘာလ(၂၆)ရက်နေ့နောက်ဆုံးထား၍ လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမရှိပါက တာဝန်မှရပ်စဲမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။[၁] ဤကဲ့သို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကကြေညာချက်များနှင့် အမိန့်များထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်လိုသော တာဝန်သိဝန်ထမ်းများသည် ပြည်နယ်နှင့် တိုင်းအသီးသီးတွင်ခွင့်သွား၊ ခရီးလွန်နေသူများမှအပ ဝန်ထမ်းအားလုံးနီးပါးလုပ်ငန်းခွင်များသို့ ပြန်လည်ဝင်ရောက်၍တာဝန်ထမ်းဆောင်ခဲ့ကြသည်။

ထို့ပြင် အရေးအခင်းကာလအတွင်း ရပ်ဆိုင်းသွားခဲ့ရသည့် အစိုးရယန္တရားကြီးတစ်ခုလုံးအားပြန်လည် လည်ပတ်နိုင်ရန်အတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကြေညာချက်အမှတ်(၄/၈၈)ဖြင့် "အုပ်ချုပ်ရေးအစိုးရအဖွဲ့" ကို ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့တွင်ဖွဲ့စည်းခဲ့သည်။ ယင်းအစိုးရအဖွဲ့တွင်-

(၁) ဗိုလ်ချုပ်ကြီး စောမောင်	-	ကာကွယ်ရေးဝန်ကြီးဌာန
	-	နိုင်ငံခြားရေးဝန်ကြီးဌာန
(၂) ဗိုလ်ချုပ် မောင်မောင်ခင်	-	စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
	-	စွမ်းအင်ဝန်ကြီးဌာန
	-	သတ္တုတွင်းဝန်ကြီးဌာန
(၃) ဗိုလ်ချုပ် တင်ထွန်း	-	ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန
	-	ဆောက်လုပ်ရေးဝန်ကြီးဌာန
(၄) ဗိုလ်ချုပ် ဘုန်းမြင့်	-	ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန
	-	ပြန်ကြားရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
(၅) ဗိုလ်မှူးချုပ် အောင်ရဲကျော်	-	ပညာရေးဝန်ကြီးဌာန
	-	လူမှုဝန်ထမ်းနှင့်အလုပ်သမားဝန်ကြီးဌာန
(၆) ဗိုလ်ချုပ် စိန်အောင်	-	အမှတ်(၁)စက်မှုဝန်ကြီးဌာန
	-	အမှတ်(၂)စက်မှုဝန်ကြီးဌာန

---

၁ လုပ်သားပြည်သူ့နေ့စဉ် (၂၁. ၉. ၈၈)

(၇) ဗိုလ်ချုပ် ချစ်ဆွေ - သမဝါယမဝန်ကြီးဌာန
- မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
- လယ်ယာနှင့်သစ်တောဝန်ကြီးဌာန

(၈) ဗိုလ်မှူးကြီး အောဘယ်လ် - ကုန်သွယ်ရေးဝန်ကြီးဌာန

(၉) ဒေါက်တာ ဖေသိန်း - ကျန်းမာရေးဝန်ကြီးဌာန[၁]

တို့ပါဝင်သည်။

ထို့အတူပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးကို ရှေးရှု၍ ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဥပဒေ"ကိုပြဋ္ဌာန်းခဲ့သည်။ ဆက်လက်၍ ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ(၂၇)ရက်နေ့တွင် ဥပဒေအမှတ်(၄/၈၈)ဖြင့် "နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ" ကိုပြဋ္ဌာန်းပေးခဲ့သည်။ ယင်းပြဋ္ဌာန်းချက်အရ ကော်မရှင်သို့ မှတ်ပုံတင်ခဲ့သော နိုင်ငံရေးပါတီပေါင်းမှာ (၂၃၅)ပါတီရှိခဲ့သည်။[၂]

ပြည်သူများစားဝတ်နေရေးချောင်လည်စေရန်အတွက် ၁၉၈၈ခုနှစ်၊ နိုဝင်ဘာလ(၃၀)ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ်(၁၀/၈၈)ဖြင့် "ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ" ကိုပြဋ္ဌာန်းပေးခဲ့သည်။ ယင်းဥပဒေ၏ရည်မှန်းချက် မှာ " နိုင်ငံတော်၏ကြွယ်ဝသောသယံဇာတပစ္စည်းများကို ဖော်ထုတ်၍ပြည်သူများလောက်ငစွာ သုံးစွဲခံစားနိုင်ကြရန်နှင့်ပိုလျှံလာသည်တို့ကို ပြည်ပသို့တင်ပို့ရောင်းချနိုင်စေရန်၊ လုပ်ငန်းများတိုးတက်ကျယ်ပြန့်လာသည်နှင့်အမျှ ပြည်သူတို့အတွက်လည်းအလုပ်အကိုင်များ ပေါ်ပေါက်ပေါများလာစေရန်၊ အထူးသဖြင့် လူငယ်များအဖို့လည်း အလုပ်အကိုင်ရရှိမည့်အပြင်ကျွမ်းကျင်မှုသင်တန်းများကို ပြည်တွင်း၊ ပြည်ပတို့၌တက်ရောက်ခွင့်ရရှိစေရန်၊ နိုင်ငံတော်ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်စေရန်၊ ယင်းသို့တိုးတက်အောင် ဆောင်ရွက်ရင်း၊ လမ်းပန်းအဆက်အသွယ်များပါ တိုးချဲ့ပေးနိုင်ရန်" စသည်တို့ဖြစ်သည်။ ထို့ပြင် ယင်းဥပဒေသည်နိုင်ငံခြားမှလာရောက် ရင်းနှီးမြှုပ်နှံသူများကိုလည်း အကာအကွယ်ပေးထားကြောင်းတွေ့ရသည်။ ရင်းနှီးမြှုပ်နှံသူများကို ရင်းနှီးမြှုပ်နှံပြီးပါက နိုင်ငံခြားသို့ပြန်လည်ယူဆောင်ခွင့်ပြုထားသည်။ ပြည်သူပိုင်မသိမ်းကြောင်း အာမခံချက် ပေးထားသည်။[၃]

---

၁ လုပ်သားပြည်သူနေ့စဉ် (၂၂. ၉. ၈၈)

၂ (က) လုပ်သားပြည်သူနေ့စဉ် (၂၂. ၉. ၈၈)
(ခ) လုပ်သားပြည်သူနေ့စဉ် (၂၈. ၉. ၈၈)
(ဂ) ဖေကံကောင်း - **အာဏာသိမ်းသောအာဏာရှင်အစိုးရမဟုတ်ပါ** မျက် ၂၆၅

၃ လုပ်သားပြည်သူနေ့စဉ် (၁. ၁၂. ၈၈)

အကြမ်းဖက်ဆူပူမှုများဆက်လက်ဖြစ်ပွားခြင်း

တပ်မတော်က နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်း၍ နိုင်ငံတော်အာဏာအရပ်ရပ်ကို တာဝန်ယူထိန်းသိမ်းလိုက်ကြောင်း ကြေညာခဲ့သော်လည်း ဆူပူအကြမ်းဖက်သူများအနေဖြင့် ရပ်ဆိုင်းသွားခြင်းမရှိဘဲ နိုင်ငံတော်ပိုင်အဆောက်အဦများကို ဖျက်ဆီးခြင်း၊ ဖေါက်ထွင်းခြင်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား သေနတ်၊ လေးခွ၊ ဂျင်ဂလိစသည့်လက်နက်တို့ဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်းများကို မြို့ကြီးများအပါအဝင်တစ်နိုင်ငံလုံး၌အရှိန်အဟုန်မြှင့်၍ လုပ်ဆောင်ခဲ့ကြသည်။ ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၉ရက်နေ့တွင်အကြမ်းဖက်ဆူပူသူများသည် သံလျင်တံတားတည်ဆောက်ရေးစီမံကိန်းဂိုဒေါင်၊ မြောက်ဥက္ကလာပဆောက်လုပ်ရေးဂိုဒေါင်၊ လှိုင်တက္ကသိုလ်နယ်မြေအတွင်းရှိ သိပ္ပံပစ္စည်းစက်ရုံ၊ ကျိုက်ဝိုင်းဘုရားလမ်းရှိရန်ကုန်တိုင်းသမဝါယမဂိုဒေါင်နှင့် ကြည့်မြင်တိုင်နိဗ္ဗာန်ဆန်စက်အသီးသီးတို့အားဖေါက်ထွင်း၍ပစ္စည်းများ၊ အမိုးအကာများအား သယ်ဆောင်သွားကြသဖြင့်လုံခြုံရေးတပ်ဖွဲ့ဝင်များကပစ်ခတ်ရှင်းလင်းခဲ့ရသည်။[၁]

ယင်းနေ့နံနက်တွင် အကြမ်းဖက်ဆူပူသူအင်အား ၁၀၀၀ ခန့်သည် ဒဂုံမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံးနှင့်ရဲစခန်းအား ဝင်ရောက်စီးနင်းတိုက်ခိုက်၍ ဘရင်းတစ်လက်၊ စတင်းတစ်လက်၊ ရိုင်ဖယ်(၁၀)လက်နှင့် ဂရင်နာတစ်လက်တို့ကို သိမ်းယူသွားခဲ့သည်။ အကြမ်းဖက်ဆူပူသူများသည် ယင်းလက်နက်များဖြင့် ရဲစခန်းအားပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဒဂုံရဲစခန်းမှ ပြန်လည်ခုခံတိုက်ခိုက်ခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များရောက်ရှိလာသဖြင့် အကြမ်းဖက်ဆူပူသူများသည် သေဆုံးဒဏ်ရာရရှိသူ များကို သယ်ဆောင်ကာထွက်ပြေးသွားခဲ့ကြသည်။အကြမ်းဖက်ဆူပူသူများအား ပြန်လည်ခုခံ တိုက်ခိုက်ရာတွင် ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်နှစ်ဦးအပါအဝင် ခုနှစ်ဦးကျဆုံး၍ လေးဦးဒဏ်ရာ ရရှိကာမိသားစုထဲမှ ငါးဦးဒဏ်ရာရရှိခဲ့သည်။

အလားတူ ယင်းနေ့ညနေတွင် လှိုင်မြို့နယ်၌ ဆူပူအကြမ်းဖက်သူ(၃၀၀)ခန့်သည် လှိုင်စီးကရက်စက်ရုံရှိ လုံခြုံရေးတာဝန်ထမ်းဆောင်နေသောပြည်သူ့ရဲတပ်ဖွဲ့ဝင်ရှစ်ဦးထံမှ ဘရင်းတစ်လက်၊ အမ်၁၆တစ်လက်၊ ရိုင်ဖယ်(၃)လက်နှင့် စတင်း(၃)လက်တို့အားလုယူသွားခဲ့ကြသည်။ ယင်းအကြမ်းဖက်ဆူပူသူများသည် ကမာရွတ်ရဲစခန်းအတွင်း ရောက်ရှိနေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား လုယူခဲ့သော သေနတ်များ၊ လေးခွ၊ ဂျင်ဂလိစသည့်လက်နက်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ရှင်းလင်းမှုများ ပြုလုပ်ခဲ့ရသည်။[၂]

မုဒုံမြို့နယ်တွင်လည်း စက်တင်ဘာလ(၁၉)ရက်နေ့၌ မြို့နယ် ပြည်သူ့ကောင်စီဝင်းအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လုပ်သေနတ်၊ ဂျင်ဂလိ၊ လေးဝများဖြင့် အကြမ်းဖက်ဆူပူသူများက တိုက်ခိုက်လာသဖြင့်ပြန်လည်ပစ်ခတ်ရှင်းလင်းခဲ့ရသည်။ အလားတူမန္တလေးမြို့တွင်လည်း အကြမ်းဖက်

---

၁ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်တပ်သမိုင်း၊ ဒုတိယပိုင်း မျက်- ၈

၂ တပ်မတော်သားသုတေသီတစ်ဦး-**၁၉၄၈ခုနှစ်မှ ၁၉၈၈အတွင်း ဖြတ်သန်းလာသော မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော် ကဏ္ဍ၊ ဒုတိယတွဲ** မျက်-၁၀

ဆူပူသူများက ကင်းလှည့်လာသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အိမ်များပေါ်မှ လုပ်သေနတ်၊ ဂျင်ဂလိမျာဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းများပေါ်သို့ သစ်ပင်များလဲချပိတ်ဆို့၍ ရန်မူခြင်း၊ ဓါး, လှံ, မြှားတို့ဖြင့် ဝင်ရောက်ထိုးခုတ်ခြင်းများ ပြုလုပ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကပစ်ခတ်ရှင်းလင်းခဲ့ရသည်။ ထို့အတူ မြိတ်မြို့တွင်လည်း လမ်းများပေါ်၌သစ်တုံးများလဲချပိတ်ဆို့နေသဖြင့် လာရောက်ရှင်းလင်းဖယ်ရှားနေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်ဆူပူသူက လက်ပစ်ဗုံးနှင့် ပစ်ပေါက် ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်(၁၅)ဦးဒဏ်ရာရရှိခဲ့သည်။

ထို့ပြင်စက်တင်ဘာလ(၂၀)ရက်နေ့တွင်လည်း အကြမ်းဖက်ဆူပူသူများသည် ဆွေးနွေးစရာရှိသည်ဟုဆိုကာ ကမာရွတ်ရဲစခန်းအတွင်းသို့ ဝင်ရောက်၍ ခြောက်လုံးပြူး(၆)လက်၊ ရိုင်ဖယ်(၁)လက်၊ ကာဘိုင်(၁)လက်၊ ပစ္စတို(၁)လက်၊ နှစ်လုံးပြူး(၁)လက်၊ လေသေနတ်(၅)လက်၊ ပွိုင့်၂၂(၁)လက်၊ ဆက်သွယ်ရေးစက်တစ်လုံးနှင့် တယ်လီဖုန်းတစ်လုံးတို့အား လုယူသွားခဲ့ကြသည့်အပြင် ဖုန်းလိုင်းများကိုလည်း ဖြတ်တောက်သွားခဲ့ကြသည်။ အလားတူ ထို့နေ့နေ့လည်တွင် အကြမ်းဖက်ဆူပူသူ (၅၀၀)ခန့်တို့က ရန်ကင်းမြို့နယ်ရဲစခန်းအားအတင်းဝင်ရောက်၍ ဂရင်နာ(၁၂)လက်၊ စတင်း(၂)လက်၊ နှစ်လုံးပြူး(၁)လက်နှင့် လမ်းလျှောက်စကားပြောစက်(၁)လုံးတို့အား လုယူသွားခဲ့ကြသည်။[၁]

ထိုမျှမကလှည့်ကင်းတာဝန်ထမ်းဆောင်နေသောလုံခြုံရေးတပ်ဖွဲ့ဝင်များအား အိမ်များပေါ်မှ ချောင်းမြောင်းပစ်ခတ်ခြင်း၊ နှောက်ယှက်ပစ်ခတ်ခြင်း၊ လူစုလူဝေးဖြင့် ရန်မူခြင်း၊ စခန်းချရာနေရာများသို့ မီးကွင်းပစ်ခြင်း၊ ဂျင်ဂလိ၊ လေးဂွတို့ဖြင့် ပစ်ခတ်ခြင်း စသည်တို့ကို ပြုလုပ်ခဲ့ကြသည်။

ဤကဲ့သို့ အကြမ်းဖက်မှုများ တစ်နေ့တစ်ခြားပိုမိုဆိုးရွားလာခဲ့သဖြင့် တပ်မတော်ကအဖျက်အမှောင့်လုပ်ရပ်(၃)မျိုးဖြစ်သည့် "လမ်းပိတ်ဆို့မှု၊ မမှန်မကန်ဝါဒဖြန့်သတင်းစာစဉ်တွေ၊ စာစောင်တွေပုံနှိပ်ထုတ်ဝေမှု၊ လက်နက်ပုန်းများ လက်ဝယ်ထားရှိမှု" တို့အား ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာချက်တစ်စောင်ကို ၁၉၈၈ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။[၂] သို့ရာတွင်အကြမ်းဖက်ဆူပူသူများနှင့် မြေပေါ်မြေအောက် အဖျက်သမားများကငှင်းတို့၏ဆူပူအကြမ်းဖက်မှု စီမံကိန်းကြိုးလုံးဝရပ်ဆိုင်းသွားမည့်အရေးကို မလိုလားကြသည့်အလျောက် ကြေညာချက်ကိုဆန့်ကျင်ကာ ဆူပူအကြမ်းဖက်မှုများကို ပိုမိုပြုလုပ်လာခဲ့ကြသည်။ ထို့ကြောင့် တပ်မတော်အနေဖြင့် စည်းမျဉ်းဥပဒေများအရ စနစ်တကျရှင်းလင်း လူစုခွဲမှုများ ပြုလုပ်ခဲ့ရသည်။

သို့ဖြစ်၍ ၁၉၈၈ခုနှစ်၊စက်တင်ဘာလ(၁၈)ရက်နေ့မှ(၂၆)နေ့အထိတစ်နိုင်ငံလုံးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ဆူပူလုယက်သူများအား ပစ်ခတ်ထိန်းသိမ်းခဲ့ရာတွင် သေဆုံးသူအမျိုးသား(၃၃၉)ဦး၊အမျိုးသမီး(၃)ဦးစုစုပေါင်း(၃၄၂)ဦးရှိပြီး ဒဏ်ရာရသူပေါင်းမှာ အမျိုးသား(၂၁၂)ဦး၊ အမျိုးသမီး (၇)ဦး စုစုပေါင်း(၂၁၉)ဦးရှိခဲ့သည်။ ဖမ်းဆီးထားသူပေါင်းမှာ အမျိုးသား(၁၁၀၂)ဦး၊ အမျိုး

---

၁ တပ်မတော်သားသုတေသီတစ်ဦး-**၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်း ဖြတ်သန်းလာသော မြန်မာ့သမိုင်းအကျဉ်းနှင့် တပ်မတော် ကဏ္ဍ၊ ဒုတိယတွဲ** မျက်-၁၀

၂ လုပ်သားပြည်သူနေ့စဉ် (၂၂- ၉- ၈၈)

သမီး(၅)ဦးစုစုပေါင်း (၁၁၀၇)ဦးရှိခဲ့သည်။[၁]

လမ်းများရောက်ကျောင်းသားများအား ပြန်လည်ခေါ်ယူခြင်း

ထိုအတောအတွင်းကောလဟာလသတင်းများဖြစ်သည့်ရပ်ကွက်အတွင်း ကျောင်းသားသမဂ္ဂ အဖွဲ့ဝင်များကို လိုက်လံဖမ်းဆီးနေသည်။ အရေးအခင်းတွင်ပါဝင်သော ကျောင်းသားများကို လိုက်လံဖမ်းဆီးနေသည် စသည့် သတင်းများကြောင့် ကျောင်းသား လှုပ်ရှားမှုများတွင် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ခဲ့ကြသော ရင်သွေးငယ်များအနေဖြင့် အထိတ်တစ်လန့် ဖြစ်ကာ ပြည်တွင်း၌ ပုန်းအောင်းနေသူများ ရှိသကဲ့သို့ သောင်းကျန်းသူများထံ သွားရောက်ခိုလှုံသူများလည်း ရှိခဲ့ကြသည်။ သို့ဖြစ်၍ ထိုင်းမြန်မာနယ်စပ် ရှမ်း၊ ကရင်နီ၊ ပအို(ဝ်)၊ ကေအင်ယူနှင့် မွန်သောင်းကျန်းသူများသို့ ကျောင်းသားကျောင်းသူ (၄၂၀၃)ဦး ရောက်ရှိသွားခဲ့သည်။ တရုတ်မြန်မာနယ်စပ်ရှိ ကေအိုင်အေနှင့် ဗကပများထံသို့ (၁၁၉)ဦးရောက်ရှိသွားခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ရခိုင်သောင်းကျန်းသူများထံသို့(၂၀)ဦး ခန့် ရောက်ရှိသွားခဲ့သည်။ အိန္ဒိယမြန်မာနယ်စပ်သို့ (၂၂၂)ဦးရောက်ရှိသွားခဲ့သည်။ အချို့မှာ ပြည်တွင်းမှာပင် ခိုအောင်းနေကြရာ စုစုပေါင်း (၅၀၀၀)ခန့်ရှိသည်။[၂]

ထို့ကြောင့် ၁၉၈၈ခုနှစ် စက်တင်ဘာလ(၂၆)ရက်နေ့တွင် ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေက ကျောင်းသူကျောင်းသားများနှင့် ပတ်သက်၍ တပ်မတော်၏ သဘောထား ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင်-

"စစ်မှန်သော ဒီမိုကရေစီအခွင့်အရေး ရရှိရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြခဲ့ပြီးနောက် စိုးရိမ်စိတ်ဖြင့် မြို့ပေါ်တွင် ရှောင်တိမ်းပုန်းအောင်းနေသည့် ကျောင်းသားကျောင်းသူများ ရှိနေကြောင်းနှင့် အချို့မှာ သောင်းကျန်းသူအဖွဲ့အစည်းများထံ သွားရောက်ခိုလှုံရန်ကြံစည်လျက် ရှိနေကြောင်းသိရှိရပါသည်။ တပ်မတော်အနေဖြင့် ရာဇဝတ်မှုကျူးလွန်ခဲ့သည့် ပုဂ္ဂိုလ်များမှအပ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော သားငယ်သမီးငယ်အရွယ်များဖြစ်သည့် ကျောင်းသားကျောင်းသူများအပေါ်တွင် မည်သည့်အာဃာတ တရားမျှမထားသည့်အပြင် အတိဒုက္ခရောက်စေလိုသောဆန္ဒ လုံးဝမရှိပါကြောင်း ကြေညာအပ်ပါသည်။ သို့ဖြစ်၍ ကျောင်းသားကျောင်းသူများအနေဖြင့် ရှောင်တိမ်းပုန်းအောင်းခြင်း၊ သောင်းကျန်းသူအဖွဲ့ အစည်းများထံ ခိုလှုံရန်ကြံစည်ကြိုးစားခြင်း မဖြစ်ပေါ်စေရေးအတွက်မိဘဆရာများမှ ထိန်းသိမ်းကြပါရန် တိုက်တွန်းအပ်ပါသည်။"[၃] ဟူ၍ ဖော်ပြထားသည်။

ယင်းကြေညာချက်ထုတ်ပြန်ပြီးနောက်အောက်တိုဘာလ(၁၇)ရက်နေ့မှစတင်၍ နယ်စပ်ဒေသတွင် တပ်မတော်က ကြိုဆိုရေးစခန်းများ(၂၇)ခုဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများအား ကြိုဆိုခဲ့

---

၁ လုပ်သားပြည်သူ့နေ့စဉ် (၂၈- ၉- ၈၈)

၂ မင်းမောင်မောင်- **တပ်မတော်နှင့်အမျိုးသားရိုင်ဇင်ရေးဦးဆောင်မှုအခန်းကဏ္ဍ** မျက်- ၃၁၁

၃ လုပ်သားပြည်သူ့နေ့စဉ် (၂၇- ၉- ၈၈)

သည်။ ထို့အပြင် တပ်မတော်အနေဖြင့် သားသမီးအရွယ်ကျောင်းသားကျောင်းသူများ တပ်မတော်၏ သဘောထားကို အချိန်မီသိရှိနိုင်ရန်ရှေးရှု၍ လည်းကောင်း၊ ကျောင်းသားကျောင်းသူများ ရှိနေသည်ဟု သတင်းရရှိသော စခန်းများရှိရာတစ်ဝိုက်သို့ တပ်မတော်၏ သဘောထားနှင့် ကြိုဆိုရေးစခန်းများတွင် ကြိုဆိုလက်ခံမည့်အစီအစဉ်ပါရှိသော စာရွက်များကို အောက်တိုဘာလ(၂၀)ရက်နေ့တွင် လေယာဉ်ပျံများဖြင့်ကြဲချခဲ့သည်။[၁] ဤကဲ့သို့ တပ်မတော်က သဘောထားကြီးစွာ ဆောင်ရွက်ခဲ့သဖြင့် (၃၀-၁၂-၈၈)ရက်နေ့အထိ ပြန်လည်ရောက်ရှိလာသော ကျောင်းသူကျောင်းသားစုစုပေါင်းမှာ (၁၈၃၅)ဦးရှိပေသည်။[၂] ပြန်လည်ရောက်ရှိလာသော ကျောင်းသူကျောင်းသားများကိုလည်း တပ်မတော်က ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးဝါးကုသပေးခြင်းများ ပြုလုပ်ပေးပြီးနောက် ဆုံးမသွန်သင်မှာကြားကာ မိဘများထံ အိမ်တိုင်ရာ ရောက် လိုက်လံပို့ဆောင်ပေးခဲ့ကြသည်။

ဗကပ၊ ကေအင်ယူ၊ ကေအိုင်အေတို့၏ အခွင့်ကောင်းယူ တိုက်ခိုက်မှုများ

နိုင်ငံတော်တွင်လက်ဝဲလက်ယာအဖျက်သမားများ၏ သွေးထိုးလှုံဆော်မှုကြောင့်အရေးအခင်းကြီးပေါ်ပေါက်ခဲ့သည်ကို အခွင့်ကောင်းယူ၍ ဗကပတို့သည် မိုင်းယန်းကိုလည်းကောင်း၊ ကေအင်ယူတို့သည် မဲသဝေဒေသကိုလည်းကောင်းအလုံးအရင်းနှင့် တိုက်ခိုက်ခဲ့ကြသည်။ သို့သော်တပ်မတော်က ရွပ်ရွပ်ခွဲခွဲ တွန်းလှန်တိုက်ခိုက်မှုကြောင့် ရန်သူ၏ ထိုးစစ်ကို တွန်းလှန်ရိုက်ချိုးနိုင်ခဲ့သည်။

ဗကပနှင့်ကေအင်ယူသောင်းကျန်းသူတို့ ထိုးစစ်များဆင်နွှဲလာချိန်မှာပင် ကေအိုင်အေသောင်းကျန်းသူတို့ကလည်းဟန်ချက်ညီစွာထိုးစစ်ဆင်နွှဲခဲ့ကြသည်။ ၁၉၈၈ခုနှစ်၊ အောက်တိုဘာလ(၁၁)ရက်နေ့တွင် ကေအိုင်အေသောင်းကျန်းသူများက တပ်မတော်စစ်ကြောင်းအား နမ်းပုတ်နှင့်ဆားမှော်အကြားတွင် ခြုံခိုတိုက်ခိုက်ခဲ့ကြသည်။ အောက်တိုဘာလ(၁၈)ရက်နေ့တွင် မြို့သစ်တပ်စခန်းနှင့်ပြည်သူ့ရဲစခန်းတို့ကို တစ်ပြိုင်နက်တည်း ဝင်ရောက်တိုက်ခိုက်ခဲ့ကြသဖြင့် ပြည်သူ့ရဲစခန်းကျဆုံးခဲ့သည်။ တပ်မတော်က ပြည်သူ့ရဲစခန်းကို သိမ်းပိုက်ထားသော ကေအိုင်အေသောင်းကျန်းသူများအား ပြန်လည် တိုက်ခိုက်၍ ပြည်သူ့ရဲစခန်းကို သိမ်းပိုက်ခဲ့သည်။

ထိုတိုက်ပွဲသို့ စစ်ကူပေးရန် ချီတက်လာကြသော တပ်မတော်စစ်ကြောင်းများနှင့်လည်း တိုက်ပွဲများအပြင်းအထန် ဖြစ်ပွါးခဲ့သည်။ တိုက်ပွဲများမှာ အောက်တိုဘာလ (၂၁)ရက်နေ့တွင် ပြီးဆုံးခဲ့သည်။ မြို့သစ်တိုက်ပွဲများတွင် တပ်မတော်သား(၂၈)ဦးနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်(၁)ဦး တိုင်းပြည်အတွက် အသက်စွန့်လွှတ်ခဲ့ရပြီး စစ်သည်(၆၅)ဦးနှင့် ပြည်သူရဲတပ်ဖွဲ့ဝင်(၃)ဦး ဒဏ်ရာရရှိခဲ့သည်။ စစ်သည်(၁၃)ဦးနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်(၁)ဦးတို့ ပျောက်ဆုံးခဲ့သည်။ ကေအိုင်အေ သောင်းကျန်းသူအလောင်း(၆)လောင်းကျန်ခဲ့သည်။ ကေအိုင်အေသောင်းကျန်းသူများအနေဖြင့် ဗန်းမော်လွင်ပြင်ကို

---

၁ လုပ်သားပြည်သူ့နေ့စဉ် (၂၅-၁၀- ၈၈)

၂ လုပ်သားပြည်သူ့နေ့စဉ် (၃၁-၁၂- ၈၈)

သိမ်းပိုက်ရန်အတွက် မြို့သစ်ကိုစတင်၍ထိုးစစ်ဆင်ခဲ့ခြင်းဖြစ်သည်။ တပ်မတော်သားများက ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား အကျအဆုံးများစွာဖြင့် အသက်ကိုစတေး၍ ကာကွယ်ခဲ့ရသည်။ အောက်တိုဘာလ (၁၉)ရက်နေ့တွင် ကေအိုင်အေသောင်းကျန်းသူများက မြို့သစ်နှင့်တစ်ပြိုင်တည်း မန်သာရွာကို တိုက်ခိုက်ခဲ့သည်။ ကေအိုင်အေသောင်းကျန်းသူများသည် အောက်တိုဘာလ(၂၇)ရက်နေ့တွင် မြို့သစ်မြို့ကို ထပ်မံတိုက်ခိုက်ခဲ့ပြီး အောက်တိုဘာလ (၂၈)ရက်နေ့တွင်ဆုတ်ခွါသွားခဲ့ကြသည်။ ၁၉၈၈ ခုနှစ် နိုဝင်ဘာလ(၆)ရက်နေ့မှ(၁၂)ရက်နေ့အထိ အမှတ်(၁၈)၊ (၄၇)၊ (၅၆)ခြေလျင် တပ်ရင်းတို့မှ စစ်ကြောင်းများနှင့် ကေအိုင်အေ သောင်းကျန်းသူအင်အား(၅၀၀)ခန့်တို့ အနီးကပ် ရင်ဆိုင်တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွါးခဲ့သည်။ တပ်မတော်(လေ)မှ လေကြောင်းပစ်ကူပေးတိုက်ခိုက်ခဲ့သဖြင့် တပ်မတော် စစ်ကြောင်းများက နိုဝင်ဘာလ(၁၂)ရက်နေ့တွင် သောင်းကျန်းသူခြေကုပ်စခန်းများကို သိမ်းပိုက်နိုင်ခဲ့သည်။ ယင်းတိုက်ပွဲတွင် ကေအိုင်အေသောင်းကျန်းသူအလောင်း(၂၅)လောင်းကျန်ရစ်ခဲ့ပြီး တပ်မတော်ဘက်မှ အရာရှိ(၂)ဦးအပါအဝင် စစ်သည်(၄၇)ဦးဒဏ်ရာရရှိခဲ့သည်။[၁]

၁၉၈၈ခုနှစ် နိုဝင်ဘာလ(၂၇)ရက်နေ့တွင် ကေအိုင်အေ သောင်းကျန်းသူတပ်ရင်း(၅)နှင့် တပ်ရင်း(၁၁)ပူးပေါင်းအင်အား (၄၀၀)ခန့်သည် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အမှတ်(၁၅) ခြေလျင် တပ်ရင်းဌာနချုပ်နှင့် ပြည်သူ့ရဲတပ်ဖွဲ့စခန်းတို့ကို နှစ်ဖက်ခွဲ၍ တိုက်ခိုက်ခဲ့ပြန်သည်။ အမှတ်(၁၅)ခြေလျင်တပ်ရင်းဌာနချုပ်ကို တိုက်ခိုက်ခဲ့သည့် ကေအိုင်အေ သောင်းကျန်းသူများအား တပ်မတော်ကအပြင်းအထန်ပြန်လည်တိုက်ခိုက်ခဲ့သဖြင့် သောင်းကျန်းသူများ ဆုတ်ခွါသွားခဲ့ကြသည်။ ထို့အတူ ပြည်သူ့ရဲတပ်ဖွဲ့စခန်းကို တိုက်ခိုက်ခဲ့သော ကေအိုင်အေသောင်းကျန်းသူများအား ပြည်သူ့ရဲတပ်ဖွဲ့ဝင်များက ပြန်လည်တိုက်ခိုက်ခဲ့သော်လည်း အင်အားမမျှသဖြင့် ပြည်သူ့ရဲတပ်ဖွဲ့စခန်း ကျဆုံးခဲ့ရသည်။ ကေအိုင်အေသောင်းကျန်းသူများက ပြည်သူ့ရဲတပ်ဖွဲ့စခန်းအတွင်းရှိ လက်နက်တိုက် မှ လက်နက်စုံ(၂၃)လက်၊ ငွေတိုက်အတွင်းမှ ငွေစုစုပေါင်း(၂၂၅၆၆၉)ကျပ်တို့ကို ယူဆောင်သွားခဲ့ပြီး အချုပ်ခန်းတွင်းမှအချုပ်သား(၇၇)ဦးတို့ကို ခေါ်ဆောင်သွားခဲ့သည်။ ယင်းတိုက်ပွဲတွင် စစ်သည်(၃)ဦးနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်(၃)ဦးတိုင်းပြည်အတွက် အသက်စွန့်လွှတ်ခဲ့ရပြီး သောင်းကျန်းသူအလောင်း(၄)လောင်းကျန်ရစ်ခဲ့သည်။[၂]

မိုးညှင်းမြို့အားတိုက်ခိုက်ခဲ့ပြီး ဆုတ်ခွါသွားသည့် ကေအိုင်အေသောင်းကျန်းသူများအနက် အင်အား(၃၀၀)ခန့်သည် ဒီဇင်ဘာလ(၇)ရက်နေ့တွင် မြစ်ကြီးနားမြို့နယ် ဆင်ဘိကျေးရွာ နယ်မြေထိန်းတာဝန်ထမ်းဆောင်နေသည့် အမှတ်(၃၇)ခြေလျင်တပ်ရင်းမှတပ်စု(၂)စုစခန်းနှင့် ပြည်သူ့ရဲကင်းစခန်းတို့အား အလစ်ဝင်ရောက်တိုက်ခိုက်ခဲ့ပြန်သည်။ ပြည်သူ့ရဲကင်းစခန်းကျသွားခဲ့သော်လည်း တပ်မတော်စခန်းက ကြဲကြဲခံတန်ပြန်တိုက်ခိုက်မှုကြောင့် တပ်စခန်းအားထိုးဖောက်နိုင်ခြင်းမရှိခဲ့ပေ၊

---

၀ မင်းမောင်မောင်-**တပ်မတော်နှင့်အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ** မျက် (၃၀၇-၃၀၈)

၂ လုပ်သားပြည်သူ့နေ့စဉ် (၃-၁၂- ၈၈)

တပ်မတော်(လေ) တပ်မှ အနီးကပ်လေကြောင်းပစ်ကူပေးခဲ့သဖြင့် ကေအိုင်အေ သောင်းကျန်းသူများ ဆုတ်ခွါသွားခဲ့ရသည်။ ယင်းတိုက်ပွဲတွင် တပ်မတော်မှ စစ်သည်တစ်ဦးနှင့် ဒုရဲအုပ်တစ်ဦးနိုင်ငံတော် အတွက် အသက်ပေးလှူခဲ့ပြီး စစ်သည်(၃)ဦးနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်(၈)ဦး ဒဏ်ရာရရှိခဲ့သည်။ ကေအိုင်အေ သောင်းကျန်းသူဘက်မှ အလောင်း(၁၅)လောင်းကျန်ရစ်ခဲ့သည်။[၁]

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ပေါ် ပေါက်လာရခြင်းသည် တပ်မတော်က အာဏာမက်မောရှာ နိုင်ငံတော်၏အာဏာအရပ်ရပ်ကို လုယူခဲ့ခြင်းမဟုတ်ပေ။ အကြောင်းတရားများ ပေါင်းစုံလာမှုကြောင့် ပေါ် ပေါက်လာသောအကျိုးတရားရလဒ်ပင်ဖြစ်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့တာဝန်မယူမီ အချိန်အထိ ဖြစ်ပေါ် လျက်ရှိသော နိုင်ငံတော်၏ အခြေအနေ အရပ်ရပ်မှာ လွန်စွာဆိုးဝါးလျက် အထိန်းအကွပ်မဲ့ ဖြစ်ခဲ့သည်။ ယင်းအခြေအနေများကို ထိုစဉ်က မယိမ်းမယိုင်ရှိနေခဲ့သော တစ်ခုတည်းသော အမျိုးသားအဖွဲ့အစည်းကြီးဖြစ်သည့် တပ်မတော်ကသာ မထိန်းသိမ်းခဲ့ပါလျှင် နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်လွတ်ဆုံးရှုံးရတော့ မည်မှာ ဧကန်ဖြစ်ပါသည်။ ထို့ကြောင့်ယနေ့တပ်မတော်သည် အမျိုးသားရေးတာဝန်ကို အစဉ်အလာ ကောင်းများနှင့်အညီသစ္စာရှိစွာ ထမ်းဆောင်လျက်ရှိသည့် အဖွဲ့အစည်းကြီးတစ်ခုဖြစ်ကြောင်း မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပေ။

---

[၁] လုပ်သားပြည်သူ့နေ့စဉ် (၁၁-၁၂- ၈၈)

ကိုးကားသောစာအုပ်စာတမ်းများ

၁။ စည်သူအောင်နှင့်မောင်မှတ် - **ရွှေပြည်တော်မျှော်မဝေးပြီမို့။** ရန်ကုန်၊မြန်မာ့အလင်းပုံနှိပ်တိုက်၊၁၉၉၃။

၂။ - **တိုင်းကျိုးပြည်ပြု (၁၉၈၈ခုနှစ်မှ၁၉၉၁ခုနှစ်ထိ)။** ရန်ကုန်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့။ ၁၉၉၁။

၃။ တပ်မတော်သားသုတေသီတစ်ဦး - **၁၉၄၈ ခုနှစ်မှ ၁၉၈၈ခုနှစ်အတွင်းဖြတ်သန်းလာသော မြန်မာ့သမိုင်းအကျဉ်းနှင့်တပ်မတော်ကဏ္ဍ။** ပထမတွဲ၊ဒုတိယတွဲ၊ တတိယတွဲ။ ရန်ကုန်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊၁၉၉၁။

၄။ ပြည်သူ၊ မောင် - **စီ၊အာ၊ဒီ၊ဘီ(သို့မဟုတ်)ပြည်ပြေးတစ်ကျော့ပြန်။** ရန်ကုန်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၀။

၅။ ဖေကံကောင်း - **အာဏာသိမ်းသောအဏာရှင်အစိုးရမဟုတ်ပါ။** ရန်ကုန်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၆။

၆။ မင်းမောင်မောင် - **တပ်မတော်နှင့်အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ။** ရန်ကုန်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၅။

၇။ မြဝင်း - **တပ်မတော်ခေါင်းဆောင်များသမိုင်းအကျဉ်း** (၁၉၄၁ခုနှစ်မှ၁၉၉၀ပြည့်နှစ်အထိ)။ ရန်ကုန်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၀။

၈။ ရင်မန်း၊ မောင် - **ကျွန်တော်ပြည်ပြေး။** ရန်ကုန်၊ ဟာသစာပေ၊၁၉၇၄။

၉။ သစ်မောင်၊ ရဲဘော် - **ပြည်တွင်းသောင်းကျန်းမှုသမိုင်း၊ အပိုင်း(၄)(၅)။** ရန်ကုန်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ၁၉၉၁။

၁၀။ သစ်မောင်၊ ရဲဘော် - **" ကေအင်နယူသောင်းကျန်းသူဆိုသည်မှာ(၅)"၊ လုပ်ဆားပြည်သူ့နေ့စဉ်ဆောင်းပါးပေါင်းချုပ်၊ အတွဲ(၂)။** ရန်ကုန်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ၁၉၈၉။

၁၁။ သစ်မောင်၊ ရဲဘော် - " ကေအိုင်အေသောင်းကျန်းသူ(သို့မဟုတ်)ကချင်ပြည်နယ်၏အလှကိုဖျက်ဆီးနေကြသူများ(၂)၊(၃) "။ **လုပ်သားပြည်သူနေစဉ်ဆောင်းပါးပေါင်းချုပ်၊ အတွဲ(၂)**။ ရန်ကုန်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ၁၉၈၉။

၁၂။ သစ်မောင်၊ ရဲဘော် - " ဗကပ၊ ကေအင်နယူ၊ ကေအိုင်အေနှင့် မဒတ "၊ **လုပ်သားပြည်သူနေ့စဉ်ဆောင်းပါးပေါင်းချုပ်၊ အတွဲ(၂)**။ ရန်ကုန်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ၁၉၈၉။

၁၃။ သစ်မောင်၊ ရဲဘော် - " ဗမာပြည်ကွန်မြူနစ်ပါတီ၏သွေးစွန်းသောသမိုင်းကြောင်း(၅)၊(၆)၊(၇) " ၊ **လုပ်သားပြည်သူနေစဉ်ဆောင်းပါးပေါင်းချုပ်၊ အတွဲ(၂)**။ ရန်ကုန်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ၁၉၈၉။

စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၊ စစ်မော်ကွန်းဌာနမှ စာအုပ်များ(လက်နှိပ်စက်မူ)၊ မဂ္ဂဇင်းများ၊ သတင်းစာများနှင့် စာရွက်စာတမ်းများ

စာအုပ်များ (လက်နှိပ်စက်မူ)

၁။ ကချင်သောင်းကျန်းသူများ၏သမိုင်းအကျဉ်းချုပ်

၂။ ကရင်သောင်းကျန်းသူများ၏သမိုင်းအကျဉ်းချုပ်

၃။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စစ်ဆင်ရေးဌာနစု၏ ၁၉၇၅ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ တိုင်းစစ်ဌာနချုပ်များ၊ တပ်မဌာနချုပ်များ၏စစ်ဆင်ရေးသုံးသပ်ချက်များ

၄။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သမိုင်းအကျဉ်းချုပ်(၁၉၄၈-၈၄)

၅။ စစ်ထောက်ချုပ်ရုံးသမိုင်း

၆။ စစ်ရာထူးခန့်ချုပ်ရုံးသမိုင်း

၇။ စစ်ရေးချုပ်ရုံးသမိုင်း

၈။ စစ်ဥပဒေချုပ်ရုံးသမိုင်း

၉။ တပ်မတော်စစ်ဆေးရေးအရာရှိချုပ်ရုံးသမိုင်း

၁၀။ တပ်မတော်တပ်ထိန်းသမိုင်း

၁၁။ တပ်မတော်(ကြည်း) စစ်အင်ဂျင်နီယာတပ်ဖွဲ့ ဖွဲ့စည်းဖြစ်ပေါ် တိုးတက်လာပုံ သမိုင်းအကျဉ်း
၁၂။ တပ်မတော်ထောက်လှမ်းရေးညွှန်ကြားရေးမှူးရုံးသမိုင်းအကျဉ်းချုပ်
၁၃။ တပ်မတော်(ရေ)သမိုင်း
၁၄။ တပ်မတော်(လေ)သမိုင်း
၁၅။ ဗမာပြည်ကွန်မြူနစ်ပါတီသမိုင်းအကျဉ်းချုပ်
၁၆။ ဗမာပြည်ကွန်မြူနစ်ပါတီအရှေ့မြောက်စစ်ဒေသသမိုင်းအကျဉ်းနှင့်အလားအလာ သုံးသပ်ချက်
၁၇။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သမိုင်း
၁၈။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း
၁၉။ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း
၂၀။ ရှမ်းသောင်းကျန်းသူများသမိုင်းအကျဉ်းချုပ်
၂၁။ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း
၂၂။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်သမိုင်း
၂၃။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း
၂၄။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း
၂၅။ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်သမိုင်း
၂၆။ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်သမိုင်း
၂၇။ အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ်သမိုင်း
၂၈။ အမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ်သမိုင်း
၂၉။ အမှတ်(၅၅)ခြေမြန်တပ်မဌာနချုပ်သမိုင်း
၃၀။ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်သမိုင်း
၃၁။ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်သမိုင်း
၃၂။ အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်သမိုင်း
၃၃။ အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်သမိုင်း
၃၄။ အမှတ်(၁၀၁)ခြေလျင်တပ်ရင်းသမိုင်း
၃၅။ အမှတ်(၁၀၃)ခြေလျင်တပ်ရင်းသမိုင်း
၃၆။ အမှတ်(၁၀၄)ခြေလျင်တပ်ရင်းသမိုင်း
၃၇။ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း
၃၈။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သမိုင်း
၃၉။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း
၄၀။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်သမိုင်း

၄၁။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း
၄၂။ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏စစ်ဆင်ရေးမှတ်တမ်း

မဂ္ဂဇင်းများ

၁။ ပေဖူးလွှာ(၁၉၈၆ခုနှစ်၊ ဇန်နဝါရီလ)
၂။ ပေဖူးလွှာ(၁၉၈၆ခုနှစ်၊ မတ်လ)
၃။ ပေဖူးလွှာ(၁၉၈၇ခုနှစ်၊ မေလ)
၄။ ပေဖူးလွှာ(၁၉၈၇ခုနှစ်၊ ဇွန်လ)

သတင်းစာများ

၁။ ကြေးမုံသတင်းစာ (၁၄-၅-၈၈)
၂။ ကြေးမုံသတင်းစာ (၃၀-၈-၈၈)
၃။ ကြေးမုံသတင်းစာ (၁၀-၉-၈၈)
၄။ ကြေးမုံသတင်းစာ (၁၁-၉-၈၈)
၅။ ကြေးမုံသတင်းစာ (၁၂-၉-၈၈)
၆။ ကြေးမုံသတင်းစာ (၁၇-၉-၈၈)
၇။ ဗိုလ်တထောင်သတင်းစာ(၂၃-၇-၈၈)
၈။ ဗိုလ်တထောင်သတင်းစာ(၂၆-၇-၈၈)
၉။ ဗိုလ်တထောင်သတင်းစာ(၂၇-၇-၈၈)
၁၀။ ဗိုလ်တထောင်သတင်းစာ(၂၈-၇-၈၈)
၁၁။ ဗိုလ်တထောင်သတင်းစာ(၄-၈-၈၈)
၁၂။ ဗိုလ်တထောင်သတင်းစာ(၁၀-၈-၈၈)
၁၃။ ဗိုလ်တထောင်သတင်းစာ(၁၁-၈-၈၈)
၁၄။ ဗိုလ်တထောင်သတင်းစာ(၁၄-၈-၈၈)
၁၅။ ဗိုလ်တထောင်သတင်းစာ(၁၅-၈-၈၈)
၁၆။ ဗိုလ်တထောင်သတင်းစာ(၁၆-၈-၈၈)
၁၇။ ဗိုလ်တထောင်သတင်းစာ(၂၀-၈-၈၈)
၁၈။ ဗိုလ်တထောင်သတင်းစာ(၂၈-၈-၈၈)
၁၉။ မြန်မာ့အလင်းသတင်းစာ(၂၈-၅-၈၀)
၂၀။ မြန်မာ့အလင်းသတင်းစာ(၁-၆-၈၀)


၂၁။ မြန်မာ့အလင်းသတင်းစာ(၂၀-၆-၈၀)
၂၂။ မြန်မာ့အလင်းသတင်းစာ(၂၂-၆-၈၀)
၂၃။ မြန်မာ့အလင်းသတင်းစာ(၁၈-၇-၈၀)
၂၄။ မြန်မာ့အလင်းသတင်းစာ(၂၁-၇-၈၀)
၂၅။ မြန်မာ့အလင်းသတင်းစာ(၃၀-၇-၈၀)
၂၆။ မြန်မာ့အလင်းသတင်းစာ(၃၁-၇-၈၀)
၂၇။ မြန်မာ့အလင်းသတင်းစာ(၅-၉-၈၀)

စာရွက်စာတမ်းများ

၁။ DR-8795 - ဦးအောင်ကြီးမှပါတီဥက္ကဋ္ဌကြီးထံအိတ်ဖွင့်ပေးစာများ (၁၂-၅-၈၈)၊ (၈-၆-၈၈)
၂။ ကာကွယ်ရေးကောင်စီအမိန့်အမှတ်၊ ၁၀/အထူး/၇၄
၃။ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရေးချုပ်ရုံး၏ ၁၆-၁၁-၁၉၇၂ ရက်စွဲပါစာအမှတ်၊ ၁/၅၄၄/ရေး၂(ဂ)
၄။ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရေးချုပ်ရုံး၏ ၇-၇-၁၉၇၆ ရက်စွဲပါစာအမှတ်၊ ၃၄/၅၃၇/ရေး၂(ဂ)
၅။ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ရေးချုပ်ရုံး၏ ၁၉-၂-၁၉၈၁ ရက်စွဲပါစာအမှတ်၊ ၃၄/၅၃၇/ရေး၂(ဂ)

၁၉၇၄ - ၁၉၈၈ ခုနှစ်အတွင်း


တပ်မတော်သမိုင်းဝင်ဓါတ်ပုံမှတ်တမ်းများ




ပါကျိုး နားဖျေါစင်ဆင်ရေးကာလတွင် ဒုတိယကာကွယ်ရေးဦးစီးအမှုဆိုင်(ကြည်း)
ဒုတိယစိုလ်အမှပ်ကြီးသန်းရွှေနှင့်အဖွဲ့ နားဖျေါစခန်းသို့ရောက်ရှိစဉ်




ပါကျို-နားဖေါ့စစ်ဆင်ရေးကာလအတွင်း နားဖေါ့စခန်းကို တိုက်ခိုက်ရာတွင်
အမှတ်(၁)စစ်ပြေးဟာမှူး ဗိုလ်မှူးကြီးမျိုးမြင့်ကကွပ်ကဲနေစဉ်



စီစီဝမ်-တာပန်ဒေသပျိုင်ဒုကၠဋပဒေသနှင့် နမ့်လင်းချောင်းတွေ့ရစဉ်



စီစီဝမ်-တာပန်ဒေသလွယ်ဝိန်းတိုက်ပွဲတွင် တပ်မတော်က တိုက်ပွဲဝင်နေစဉ်



မိုင်းယန်းတိုက်ပွဲတွင် တပ်မတော်က တိုက်ပွဲဝင်နေစဉ်



မိုင်းယန်းတိုက်ပွဲတွင်ရန်သူမျှားအားတပ်မတော်ကတိုက်ခိုက်ချေမှုန်းနေစဉ်




မိုင်းယန်းမြို့ရှိတပ်မတော်ရှေ့တန်းစခန်းအားတပ်မတော်က
ပြန်လည်သိမ်းပိုက်ရရှိစဉ်



မဲသဝေါဒေသတိုက်ပွဲဝင်ရန် တပ်မတော်သားများခြိုတက်နေစဉ်



မဲသဝေါဒေသတိုက်ပွဲဝင်ရန်တပ်မတော်သားများခြီတက်ခဲ့



မဲသဝေါဒေသစစ်ဆင်ရေးတွင်တပ်မတော်ကဖမ်းဆီးရမိသောလက်နက်အချို့



၁၉၈၈ခုနှစ်အရေးအခင်းကာလတွင် လက်ဝဲလက်ယာအဖျက်သမားများ၏
သွေးထိုးဖြောက်ပင့်ပေးမှုကြောင့်ပေါ် ပေါက်ခဲ့သည့်ဆူပူလှုပ်ရှားမှုများ



၁၉၈၈ခုနှစ်အရေးအခင်းကာလအတွင်း နိုင်ငံတော်ပိုင်ပစ္စည်းများကို
လုယက်ယူငင်သွားကြစဉ်



နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွင့်းရေးမှူး(၁)
ဗိုလ်မှူးချုပ်ခင်ညွန့် နယ်စပ်ရိုးသောင်းကျန်းသူစခန်းများမှ ရဖ်ကာန်မြို့သို့
ပြန်လည်ဆရာက်ရှိလာသောကျောင်းသားများအား
ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်



နယ်စပ်ရောက် ကျောင်းသူကျောင်းသားများထိုင်းနိုင်ငံ၊ တပ်(၉)လေဆိပ်မှ
ရန်ကုန်မြို့သို့ပြန်လာရန်လေယာဉ်ပေါ် သို့တက်နေစဉ်